# မှန်နန်း
# မဟာရာဇဝင်တော်ကြီး

တတိယတွဲ

ပြန်လည်ပုံနှိပ်ခြင်း

အုပ်ရေ ၄၀၀၀

၁၉၉၃-ခုနှစ်၊ ဇန်နဝါရီလ

အုပ်ရေ ၁၅၀၀

၁၉၉၃-ခုနှစ်၊ ဖေဖော်ဝါရီလ

ပန်းချီ စံတိုး

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း အတွက် ဦးတင်ထွေး၊ ကင်းလွတ်ခွင့်အမှတ် (၃၄၉၂)ကထုတ်ဝေ၍ မြန်မာ့အလင်းသတင်းစာတိုက်နှင့် ဂါဒီယန် သတင်းစာတိုက်တို့တွင် ဦးတင်ထွေး ကင်းလွတ်ခွင့်အမှတ် (၀၄၁၀၈)ကပုံနှိပ်သည်။

၀၅၀၆၆

# မြန်မာလူမျိုးတိုင်း၏ အိမ်ပေါက်စေ့တိုင်းတွင်ရှိနေအပ်သော

# အမျိုးသားရေးဇာတိမာန်

# ရာဇဝင်သမိုင်းကျမ်းကြီးတစ်စောင်

ကျွန်တော်တို့သည် နိုင်ငံတော်သစ် တည်ဆောက်ရာ၌ ဒို့တာဝန် အရေးသုံးပါးကို ဦးထိပ်ထား၍ ဆောင်ရွက်လျက်ရှိသည်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး၊ အချုပ်အခြာအာဏာ အစွန့်ရှည်တည်တံ့ခိုင်မြဲရေးတည်းဟူသော အရေးသုံးပါးသည် တိုင်းချစ်ပြည်ချစ်စိတ်ဓာတ် ရှိသူတိုင်း အဖို့ အသက်ဝိညာဉ်အဓိဋ္ဌာန်ဖြစ်သည်။ ပြည်ထောင်စုကြီးကို မပြိုကွဲရလေအောင် သမိုင်းအဆက်ဆက်က တည်တံ့ခဲ့သော နိုင်ငံတော်ကြီးကို အစွန့်ရှည်စွာ တည်တံ့လေအောင် တိုင်းချစ်ပြည်ချစ် ပုဂ္ဂိုလ်များသည် အသက်ပေး၍ ကာကွယ်စောင့်ရှောက်ကြရသည်။ ပြည်ထောင်စု မြန်မာနိုင်ငံတော်သည် နှစ်ပေါင်းထောင်နှင့်ချီ၍ ကိုယ်မင်းကိုယ့်ချင်းဘဝဖြင့် ရပ်တည်နေခဲ့သော သမိုင်းကြောင်း အစဉ်အလာ ကြီးမားသော နိုင်ငံတော်ဖြစ်သည်။ ကိုယ်မင်းကိုယ့်ချင်းဘဝတွင် နေခဲ့စဉ်က မိမိတို့သမိုင်း မိမိတို့ရာဇဝင်ကို မှန်နန်း မဟာရာဇဝင်တော်ကြီးကို ဘကြီးတော် ဘုရားလက်ထက် မြန်မာသက္ကရာဇ် ၁၁၉၁ခုနှစ် ခရစ်နှစ် ၁၈၃၇ခုနှစ်က ရဟန်းပညာရှိ၊ လူပညာရှိ ပုဏ္ဏားပညာရှိများ အဖွဲ့ ဖွဲ့၍ သမိုင်းကျမ်းပြုစုစေခဲ့၍ ယနေ့ ထိုရာဇဝင်တော်ကြီးကို ကျွန်တော်တို့ နောင်လာနောက်သားများ ဖတ်ရှုသိရှိနေရခြင်းဖြစ်သည်။ ဤမှန်နန်း မဟာရာဇဝင်တော်ကြီး ပထမတွဲ၊ ဒုတိယတွဲ၊ တတိယတွဲတို့ကို ထပ်မံပုံနှိပ်၍ ဖြန့်ချိပေးခြင်းအားဖြင့် မြန်မာလူမျိုးတို့အဖို့ ကြီးစွာသော ရာဇဝင်သမိုင်း ဗဟုသုတ ဖြစ်စေသည်သာမက တိုင်းချစ်ပြည်ချစ် စိတ်ဓာတ်များ ထွန်းကား ဖြစ်ပေါ်စေကြောင်းကို တွေ့ရသည်။ ယခုထုတ်ဝေပြီးသော မှန်နန်းမဟာရာဇဝင်တော်ကြီး ပထမတွဲ၊ ဒုတိယတွဲတို့ကို ထပ်မံပြီး အကြိမ်ကြိမ် ပုံနှိပ်ရခြင်း၊ ပုံနှိပ်သမျှ ချက်ချင်းကုန်သွားခြင်းတို့က သက်သေပြလျက်ရှိသည်။ ယနေ့ မြန်မာလူမျိုးတို့သည် မျိုးချစ်စိတ်ဓာတ်နှင့် ပတ်သက်၍ များစွာ မျက်စိပွင့်နေပြီဖြစ်ကြောင်းကို ဤစာအုပ်များ ဝယ်ယူဖတ်ရှုနေကြခြင်းက အထောက်အထားအဖြစ် ဖော်ပြလျက်ရှိကြောင်း ရေးသားလိုပေသည်။

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး ပညာပြန့်ပွားလွှဲဆော်ရေး ကော်မတီတစ်ရပ် ဖွဲ့စည်းလျက် လုပ်ငန်းများကို အဆက်မပြတ် အကောင်အထည်ဖော်စေလျက် ပြည်သူလူထုအတွင်း မျိုးချစ်စိတ်ဓာတ် ပြန့်ပွားရေးကို လုပ်ဆောင်စေလျက်ရှိပါသည်။ မြန်မာနိုင်ငံတော်၏ သမိုင်းကိုကြည့်လျှင် ပျူခေတ်၊ သရေခေတ္တရာခေတ်၊ တကောင်းခေတ်၊ ပုဂံခေတ်၊ အင်းဝခေတ်၊ တောင်ငူခေတ်၊ ကုန်းဘောင်ခေတ်၊ လွတ်လပ်ရေး ခေတ်တို့သည် ထင်ရှားသော နိုင်ငံတော်အဖြစ် ရပ်တည်နိုင်သော ခေတ်ကာလတို့ဖြစ်ကြောင်း တွေ့ရှိရပါမည်။ ဗြိတိသျှကိုလိုနီခေတ်၊ ဂျပန်ခေတ်၊ စစ်ပြီး ဗြိတိသျှ ကိုလိုနီခေတ်တို့သည် သူတစ်ပါးလက်အောက် ကျွန်သပေါက်ဘဝ ရောက်ခဲ့ရသော ခေတ်ကာလများဖြစ်ကြောင်း တွေ့ရှိကြရပါမည်။ လွတ်လပ်သောဘဝဘဝတို့တွင် လွတ်လပ်မှုအရသာကို ကြည်နူးစွာခံစားစံစားကြရလျက် ကျွန်သပေါက်ဘဝ ဘဝတို့တွင် နာကြည်းခံခက်စွာ သွေးအလိမ်းလိမ်း မျက်ရည်အပေါက်ပေါက်ကျရ ခံစားရသည်ကို ကြုံခဲ့ဆုံခဲ့သော မြန်မာလူမျိုးတိုင်း သဘောပေါက်ကြမည် ဖြစ်ပါသည်။ ကျွန်တော်တို့ မြန်မာလူမျိုးများသည် ဗြိတိသျှနယ်ချဲ့ ကိုလိုနီ စနစ်လက်အောက်မှ လွတ်မြောက်ရန်အတွက် လည်းကောင်း၊ ဖက်ဆစ်ဝါဒီ၏ လက်အောက်မှ လွတ်မြောက်ရန်အတွက် လည်းကောင်း အသက်၊ သွေး၊ ချွေး ကိုယ်စနှာ စည်းစိမ်ဥစ္စာဘဝတို့ မြောက်မြားစွာရင်းနှီး၍ တော်လှန်တိုက်ပွဲဝင်ကြရ သည်ကို မမေ့နိုင်ပါ။ မိမိတို့၏ အစဉ်အလာကြီးသော ရာဇဝင်သမိုင်းကို သက်သေပြုလျက် မိမိနိုင်ငံ မိမိလူမျိုး လွတ်လပ်မှုအတွက် ဇာတိသွေး ဇာတိမာန် အစဉ် ရှင်သန်ထက်မြက်နေအောင် နည်းလမ်းမျိုးစုံဖြင့် အချိန်ရှိသရွေ့ စက္ကန့်တိုင်း မိနစ်တိုင်း နာရီတိုင်း၌ပင် ကြိုးပမ်းထမ်းဆောင် နေကြရမည်ဖြစ်ကြောင်း ထိုထိုသော ကျွန်ဘဝအဖြစ်အပျက်များက သတိပေးနှိုးဆော်လျက် ရှိပါသည်။

ဤမှန်နန်းမဟာ ရာဇဝင်တော်ကြီးသည် မြန်မာလူမျိုးတို့၏ သမိုင်းကြောင်း အဖြစ် ရပ်တည်လျက်ရှိသည်သာမက အခြား ကမ္ဘာနိုင်ငံများကလည်း ခေတ်ပြိုင် အဖြစ်အပျက်များကို ကိုးကား အမှီပြုရသော သမိုင်းကျမ်းကြီးအဖြစ်လည်း ရပ်တည်နေကြောင်း နိုင်ငံခြား ရာဇဝင် ဆရာကြီးများက ထုတ်ဖော်ရေးသားခဲ့သည်ကို ဖတ်ရှုရသည်။ ဤအချက်အလက်များသည် မြန်မာလူမျိုးတို့အဖို့ ဂုဏ်ယူဖွယ် ကောင်းလှသော သိက္ခာမြင့်မားသော ရေးသားပြုစုချက်များ ဖြစ်ပေသည်။ ဤရာဇဝင် ကျမ်းကြီးကို ပြုစုခဲ့ကြသော ရဟန်းပညာရှိ၊ လူပညာရှိ၊ ပုဏ္ဏားပညာရှိများကို များစွာချီးကျူး မှတ်တမ်းတင်ဂုဏ်ပြုရမည် ဖြစ်ပေသည်။ မြန်မာနိုင်ငံအတွင်း၌

သာမက ကမ္ဘာ့နိုင်ငံများအလယ်တွင် တင့်တောင်းတင့်တယ်ဖြစ်အောင် သုတေသန ပြုလျက် မြန်မာ့ဂုဏ်ကိုဆောင်ခဲ့သည်မှာ အထင်အရှား ဖြစ်ပေသည်။ ကျွန်တော်တို့သည် မှန်နန်းမဟာရာဇဝင်ကြီးကဲ့သို့သော အခြား ပြုစုထားသည့် မြန်မာရာဇဝင်ကြီးများကိုလည်း အဆက်မပြတ် ပေါ်ထွက်နေအောင် ကြိုးပမ်းနေကြရမည်သာ ဖြစ်ပေသည်။ ယနေ့ မြန်မာလူငယ်များသည် မိမိတို့၏ သမိုင်းကြောင်း၊ ရာဇဝင်ကြောင်းကို အမြဲသိရှိနေအောင် လေ့လာဖတ်ရှု ဆည်းပူးအပ်ပေသည်။ မြန်မာနိုင်ငံတော် ဖြတ်သန်းလာသော အတိတ်ကာလ အဖြစ်အပျက်များကို သိရှိနေမှသာလျှင် မိမိတို့ ဘိုး ဘေး ဘီ ဘင် အစဉ်အဆက် မျိုးရိုးအကြောင်းကို သိမြင်သဘောပေါက်နေမှသာလျှင် မြန်မာလူမျိုး မတိမ်ကော မပပျောက်ရေး အစွန့်ရှည် တည်တံ့ရေးတို့ကို ဆောင်ရွက်နိုင်မည် ဖြစ်သည်။ မိမိနိုင်ငံကို တစ်ပါးသူတို့ ကျူးကျော်ဝင်ရောက်ခဲ့ခြင်းကိစ္စများ သိရှိပြီး မျက်မှောက် ကိုလိုနီနယ်ချဲ့လက်သစ်များ၏ ဝင်ရောက်ပူးကပ် နှောင့်ယှက်ဖျက်ဆီးခြင်း ကိစ္စများကို ထင်လင်းစွာ သိမြင်နိုင်မည်ဖြစ်သည်။

ဤမှန်နန်းမဟာ ရာဇဝင်တော်ကြီးကို ဖတ်ရှုခြင်းအားဖြင့် ခေတ်အသီးသီးတို့တွင် ဖြစ်ပျက်ခဲ့သော တိုင်းရေးပြည်ရာ ကိစ္စရပ်များ၊ ပြည်ပကျူးကျော်မှုများ၊ စစ်ရေးစစ်ရာကိစ္စရပ်များ စသည်တို့ကို ကောင်းစွာသိရှိနိုင်ပါသည်။

သာဓကအားဖြင့် မှန်နန်းမဟာ ရာဇဝင်တော်ကြီး ဒုတိယတွဲတွင် စာမျက်နှာ ၁၉၁၊ ၁၉၂၊ ၁၉၃ ၌ ဖော်ပြသော နောင်ရိုးတိုက်ပွဲအကြောင်းသည် များစွာစိတ်ဝင်စားဖွယ်ကောင်းသည်သာမက မြန်မာသူရဲကောင်းတို့၏ အဆုံးအဖြတ် အယူအဆ ရေးရာတို့သည် အလွန်လေးစားဖွယ် ကောင်းလှသည်ကို တွေ့ရသည်။ ယင်းတိုက်ပွဲအကြောင်းကို ထုတ်နုတ်ဖော်ပြပါမည်။

"ကျော်ထင်နော်ရထာတို့ ချီတော်မူ၍ နောင်ရိုးသို့ရောက်လျှင် သူရင်တကာ ရွတ်ပိအမတ် ဗညားဒလတို့ နောင်ရိုးတစ်ဖက်မှာ တပ်ချ၍နေသည်ကိုတွေ့လျှင် လူတစ်ယောက်ကို သစ်ပင်ထက်သို့ တက်စေ၍ ဆင်မြင်းဗိုလ်ပါတို့ကို ရမ်းရော်စေသော်၊ တိုက်ဆင် နှစ်ရာကျော်၊ မြင်း ရှစ်ရာကျော်၊ ဗိုလ်ရှစ်သောင်းခန့်ရှိမည်ဟူ၍ လျှောက်လျှင် ဖောင်ပန်းအလျင်ဖွဲ့စေ၍ ချောင်းကို ဆင်မြင်း ဗိုလ်ပါတို့ကိုကူးရ၏။ တစ်ဘက်သို့ရောက်လျှင် အမှုထမ်းတို့ကို စိတ်နှစ်ခွမရှိအောင် ဖောင်ကိုဖျက်ရ၏။ တပ်မှူးစစ်ကဲအပေါင်းတို့လည်း ကျွန်တော်တို့မှာ ဆင်မြင်း ဗိုလ်ပါ နည်းလှချေသည်။ သူတို့မှာ ကျွန်တော်တို့ထက် ဆယ်ဆခန့်များလေသည်။ သူ့ကို အောင်မြင်နိုင်သော်ကောင်း၏။ မအောင်၍ ဆုတ်ခဲ့ရသော် ဖောင်ပန်းမရှိက

ကော်ရှေပြီလောဟူ၍ လျှောက်ကုန်၏။ ကျော်ထင်နော်ရထာလည်း ဘုန်းတော်ကြောင့် အောင်မြင်လိမ့်မည်။ အစ်ကိုတို့ မစိုးရိမ်နှင့်ဟု မိန့်တော်မူသည်။ ယင်းသို့စဉ်တွင် မင်းတရားရွှေထီးက သူ့လူကိုတွေ့လျှင် မတိုက်နှင့်၊ ငါရောက်တော်မူမှ တိုက်တော်မူမည်ဟူ၍ ဘုရင့်ရာဇာ မြင်းဆယ်စီးနှင့် စေတော်မူ၍ ရောက်လာ၏။ ကျော်ထင်နော်ရထာလည်း ဘုန်းတော်ကြောင့် အောင်မြင်လေပြီဟူ၍ လျှောက်လိုက်၏။ ယင်းသောအခါ ကျွန်တော် မိုင်းရဲဟူသော အမတ် လျှောက်သည်။ ကျွန်တော်တို့ သူ့ကို မအောင်မြင်ချေသေး၊ သူ့ကို အောင်မြင်တော်မူပြီလျှောက်ရာ အရပ်အနေ မသင့်၍ မအောင်မြင်ခဲ့သော် ကျွန်တော်တို့ အပြစ်တော်တင်ကို မခံရချေလောဟူ၍ လျှောက်၏။ ထိုစကားကို ကြားတော်မူလျှင် ကျော်ထင်နော်ရထာက ဤသို့ဆို၏။ သည်စစ်ကို ငါတို့အောင်မြင်လျှင်လည်း အသက်ရှည်မည်။ မအောင်မြင်ခဲ့လျှင်လည်း ငါတို့သေရမည်။ သေလေပြီးသည်ကိုလည်း ဘယ်သူ့ကို အပြစ်တော်တင်မည်နည်းဟု တပ်မှူးစစ်ကဲအပေါင်းတို့ကို စိတ်နှစ်ခွမရှိအောင် မိန့်တော်မူ၏။ ယင်းသို့မှတော် မိုင်းရဲနှင့် ဆင်စီးအမတ် တစ်ဆယ့်ငါး၊ မြင်း နှစ်ရာ၊ စစ်သည်သူရဲ သုံးထောင်ကို လက်ယာကြောင်းခွဲ၍တိုက် ဟူ၍ မိန့်တော်မူသည်။ ဘယသကြီး ဆင်စီးအမတ် တစ်ဆယ့်ငါး၊ မြင်းနှစ်ရာ၊ စစ်သည်သူရဲသုံးထောင်ကို လက်ယာကြောင်း ဝင်၍တိုက် မိန့်တော်မူသည်။ ကျော်ထင်နော်ရထာမှာ ခွယ်လမန်ဟူသော ဆင်ကိုစီးတော်မူ၍ ဆင်စီးအမတ် နှစ်ဆယ်၊ မြင်း တစ်ရာ၊ စစ်သည်သူရဲ လေးထောင်နှင့် အလယ်ကြောင်းဝင်၍တိုက်မည် စီရင်တော်မူ၏။ ယင်းသောအခါ မိန့်တော်မူသည်ကား၊ စစ်တို့၏ သဘောသည် အင်အားနည်းသည် များသည်ဟူ၍ မရှိ၊ လုပ်ရည်ကြံရည် အရဲစွမ်းသာ အရင်းဖြစ်သည်။ တစ်ကြောင်းမှာလည်း ဘဝရှင် မင်းတရားကြီး ကျေးဇူးတော် သစ္စာတော်နှစ်ပါးကို ဦးထိပ်ရွက်၍ သည်ပွဲတွင် အစ်ကိုတို့ အသက်စွန့်၍ ဆပ်ရမည်ဟူ၍ မိန့်တော်မူပြီးလျှင် စစ်သုံးကြောင်းဖြန့်၍ ချီတော်မူ၏။ သူရှင်တကာ ရွှတ်ပီအမတ်ဗညားဒလနှင့် မင်းရဲအောင်နိုင်တို့လည်း မြန်မာတို့ စစ်အင်အားနည်းသည်ကိုမြင်လျှင် မကြောက်မရွံ့ စစ်မျက်နှာဖြန့်၍ ကြိုလာ၏။ ယင်းသို့စဉ်တွင် ကျော်ထင်နော်ရထာ စီးတော်မူသော ခွယ်လမန်ဟူသော ဆင်ကို ချွန်းဖွင့်၍ လွှတ်တော်မူသည်။ မွန်တို့ ဆင်ပုံ မြင်းပုံသို့ ရောက်တော်မူလျှင် ဗညားဒလစီးသော ဆင်ကို တိုက်တော်မူလေ၏။ ဗညားဒလလည်း ဆင်ကသည် မြင်းသို့ဆင်းသက်၍ အလွတ်ခွာလေ၏။ လက်ဝဲ၊ လက်ယာကြောင်း ချီသည်။ သူ့ဆင် အမတ်တို့လည်း ချွန်းဖွင့်ကာလွှတ်ကြသည်။ မွန်တို့ လေးစုကွဲ၍ ပျက်လေ၏။ မင်းရဲအောင်နိုင်လည်း ဆင်ဦးတွင်ပင် ဆုံးလေ၏။ ရဲမက်

၁၂/၁၂/၀၆

ဗိုလ်ပါလည်း အများပင် သေပျောက်လေ၏။ ဆင်မြင်း သို့ပန်းအများ ရတော်မူ၏။

မွန်မင်းသူရှင်တကာ ရွတ်ပိလည်း နောင်ရိုးတွင်ခံ၍နေစေသောတပ်ပျက်လျှင်၊ ပန်းမထီးဝတွင် မနေဝံ့၍၊ ပြည်ဘုရင် နရပတိသို့ ပေါင်းမည်ဟူ၍ ပြည်သို့ဆန်တော်မူလေ၏။ အဂ်ပူရသို့ရောက်လျှင် အဂ်ပူရတွင် ဆင်မြင်းဗိုလ်ပါထားခဲ့၍ မိဖုရား သားတော် သမီးတော်နှင့်တကွ ပြည်မြို့သို့ အဖူးအမြင်သွားတော်မူ၏။ ပြည်ဘုရင် နရပတိလည်း ခင်ခင်မင်မင် ကြိုဆိုတော်မူနှင့်၏။ စော်ဘွားများကို ချိပင့်ရလေသည်။ စော်ဘွားလည်း ရေအား ကြည်းအား အလုံးအရင်း ဆင်မြင်းဗိုလ်ပါနှင့် ရောက်လာ၏။ ပြည်သို့ အရောက်ညီကြလျှင် ပြည်မင်း၊ အင်းဝမင်း၊ ဟံသာဝတီမင်းတို့ ဟံသာဝတီတိုင်အောင်ချီ၍ သူရှင်တကာ ရွတ်ပိကို နန်းတင်မည် တိုင်ပင်ကြ၍ ရေတပ်၊ ကြည်းတပ် စီရင်ကြ၏။

မင်းတရားရွှေထီးလည်း နောင်ရိုးတွင် စစ်အောင်၍ တစ်နေ့မှ ရောက်တော်မူသည်။ ရောက်တော်မူလျှင် ကျော်ထင်နော်ရထာကို ခေါ်တော်မူ၍ ငါ့ကို မငဲ့ဘဲကို တိုက်နှင့်သည်။ ငါ့ပွဲတော်ကို ဖျက်ရသလောဟု မိန့်တော်မူလေသည်ကို ကျော်ထင်နော်ရထာ လျှောက်သည်။ ဘုန်းတော်ကြီးသည့် အရှင်နှင့် မထိုက်တန်၊ ကျွန်တို့နှင့်သာ ထိုက်တန်သည့်ပွဲဖြစ်၍ လုပ်ကြံရဦးမည်လည်း များသေးသည်နှင့် ထိုက်တန်ပေသည်ဟူ၍ နားတော်လျှောက်သည်။ မင်းတရား ရွှေထီးလည်း ရသည့် ဆင်မြင်း ဗိုလ်ပါ လက်နက်ကိရိယာတို့ကို ဆက်လျှင် အားရတော်မူ၍ လက်တော်နှစ်ဖက်တွင် ဝတ်တော်မူသော လက်စွပ်၊ ပတ္တမြား လက်ကောက်ကို ပေးတော်မူသည်။ ယင်းသို့မှ ဘုရင့်နောင်အမည်ကိုခံဟု အမိန့်တော်ရှိ၍ ခံရသည်"။

မြန်မာ့တပ်မတော်သားတို့သည် စွန့်စားရသော အရေးအရာတို့၌ ပိုင်းပိုင်းပြတ်ပြတ်ဆုံးဖြတ်၍ စွန့်စားကြသည်ကို ဤနောင်ရိုးတိုက်ပွဲ၌ ဦးစီးကွပ်ကဲ တိုက်ပွဲဝင်ခဲ့သော ဘုရင့်နောင်၏ အဆုံးအဖြတ်က သက်သေပြလျက်ရှိသည်။ ယနေ့ မျက်မှောက်လောကတွင် နောင်ရိုးတိုက်ပွဲ အောင်မြင်မှုသည် စံပြုစံထားရသော သမိုင်းဝင်တိုက်ပွဲကြီးတစ်ပွဲအဖြစ် ရပ်တည်နေသည်။ မြန်မာလူမျိုး၏ စိတ်ဓာတ်၊ မြန်မာလူမျိုး၏ သတ္တိသွေး၊ မြန်မာလူမျိုး၏ နှလုံးရည်ကို ဖော်ကျူးထင်ဟပ်သော တိုက်ပွဲကြီး တစ်ပွဲဟုဆိုကလည်း ပြတ်သားစွာဆိုပါသည်။

အနောက်ဘက်လွန် မင်းတရားကြီး မဟာဓမ္မရာဇာသည် တောင်ငူမင်းပျက်သည်ကို ကြားတော်မူ၍ တောင်ငူနှင့် သန်လျင်သို့ ချီတက်ကြောင်းကို

မှန်နန်းရာဇဝင်တော်ကြီး တတိယတွဲ၌ စာမျက်နှာ ၁၆၆၊ ၁၆၇၊ ၁၆၈၊ ၁၆၉ နှင့် ဖော်ပြပါရှိသည်။ မြန်မာနိုင်ငံကို နယ်ချဲ့ကျူးကျော်သူတို့ကို သုတ်သင်ရာတွင် ပထမဆုံးသော မြန်မာမင်းတရားကြီးဟု ဆိုနိုင်သည်။ ကုလား ဇရင်ဂျီဖင်ကာသည် ရခိုင်ဘုရင်ကစေလွှတ်၍ သဘောသုံးစင်း လှန်းကြင်တစ်ရာကျော်နှင့် လူနှစ်ထောင်ကျော်ခန့်ဖြင့် သန်လျင်တွင် အခြေချ အခိုင်အလုံနေသူဖြစ်သည်။ အနောက်ဘက်လွန်မင်းတရားကြီးမဟာဓမ္မရာဇာသည် မြန်မာနိုင်ငံတွင်းသို့ ဝင်ရောက်ကျူးကျော်သူ ပြည်တွင်းရေး ဝင်ရောက်နှောင့်ယှက်သူကို သုတ်သင်သည်သာမက အမျိုးသစ္စာဖောက် ပြည်ပြေးဖြစ်ခဲ့သူကိုလည်း သုသွမ်း၊ ကျေးဇူးတော်မသိသူ၊ ကုလားကျွန်ခံချင်သူဟုဆိုကာ ၎င်းကိုလည်း ကွပ်မျက်သည်ကို တွေ့ရသည်။ ဤဆောင်ရွက်မှုသည် မြန်မာ့သမိုင်းတွင် ထင်ရှားထွန်းပြောင်သည်သာမက တိကျပြတ်သားသော စီရင်မှုဟု ဆိုရမည်သာဖြစ်သည်။ ယနေ့ မျက်မှောက် ပစ္စုပ္ပန်လောကတွင် ဤသို့ နယ်ချဲ့ကျွန်ခံလျှင် သူတိုင်းတစ်ပါးက မြန်မာပြည်တွင်းရေးကို ဝင်ရောက်နှောင့်ယှက်ဖျက်ဆီးသူတို့အဖို့ သင်ခန်းစာယူရန်ဖြစ်သည်။ ကျွန်တော်တို့သည် ရဲရင့်ပြတ်သားသော မဆုတ်မနစ် အရေးယူသော အနောက်ဘက်လွန် မင်းတရားကြီး မဟာဓမ္မရာဇာကဲ့သို့သော မြန်မာခေါင်းဆောင်များကို အစဉ် ဦးညွှတ်အလေးပြုနေကြရမည်သာ ဖြစ်ကြောင်း ရေးသားလိုက်ပါသည်။ ဤသမိုင်းဖြစ်ရပ်ကို မြန်မာလူမျိုးတစ်မျိုးလုံးအဖို့ မမေ့မပျောက်စေဘဲ အစဉ်သတိရနေစေရန် နှလုံးသွင်းထားနေရန် လိုအပ်ကြောင်း ဖော်ပြလိုက်ပါသည်။ ယင်းဖြစ်ရပ်ကို ထုတ်နုတ်တင်ပြလိုက်ပါသည်။

## "တောင်ငူမင်းပျက်ကြောင်း ကြားတော်မူ၍ မင်းတရားကြီး ကိုယ်တော်တိုင် တောင်ငူနှင့် သန်လျင်သို့ ချီတော်မူခြင်းအကြောင်း"

ဘဝရှင်မင်းတရားကြီးဘုရားလည်း သီတင်းကျွတ်လျှင် သန်လျင်သို့ ငါချီတော်မူမည်။ စစ်တော်တန်ဆာမျိုး ရိက္ခာအပြည့်အစုံနှင့် သီတင်းကျွတ်ကို ရောက်လာစေဟူ၍ ရှမ်းပြည်အလုံး မြန်မာပြည်အလုံးကို ဝန့်ရှင်တော်စည်သူ ကျော်ထင်သခ်ယာတို့က နောက်တော်လိုက်ဆော်ဖန်ရသည်။ ပြည်သို့ ချီတော်မူသောအခါ ပါသည့်လှေကြီးများ ဟောင်းနွမ်းကျိုးပျက်သည်များကိုလည်း ပြင်ဆင်လုပ်ဆောင်ရသည်။ အသစ်လည်း အစင်းသုံးရာကျော်ခန့် လုပ်ပြန်ရသည်။

မြို့တက် လေှကားလည်း အများလုပ်ရသည်။ ယင်းသို့လုပ်ဆောင်ပြီးမှ တစ်ဆင့်ခတ်လှေနှစ်ဆင့်ခတ်လှေ စသော သားလှေ ငှက်လှေအပေါင်းတို့ကို လေးထောင့်အရပ်က စ၍ထားသည်။ ကူဖြူသို့ရောက်သည်။ အရှေ့ဘက်ကြောင်း စီရာမှာလည်း စစ်လျှင်အရပ်ကစီသည်။ မင်းသားကျွန်းသို့ရောက်သည်။ သန်လျင်သို့ချီတော်မမူခင် ပြည်မိဖုရား ကျွန်ဘယနန်းသူကိုခေါင်းခန့်၍ အတုလစန္ဒာဒေဝီ မိဖုရားကို ပေးတော်မူသည်။ ပြည် မြင်းသုံးဆယ်ကိုလည်း ပင်းယမြင်းမှာ ဖြည့်တော်မူသည်။ တောင်ငူဘုရင် ဘထွေးတော် သတိုးဓမ္မရာဇာကိုလည်း စလင်းကို ပေးတော်မူသည်။ များမကြာလွန်တော်မူသည်။ တောင်ငူဘုရင် ညီတော်မင်းရဲသီဟသူကို ဇဒုံမြို့ကို ပေးတော်မူသည်။ တောင်ငူမင်းညီ မင်းရဲကျော်ထင်ကိုလည်း တောင်တွင်းကြီးမြို့ကို ပေးတော်မူသည်။ ပြည်ဘုရင် နရပတိအနွယ်ဖြစ်သော ဓေါ်မှူးရှင် မာန်အောင်သားသံရွာစားကိုလည်း လက်ယာရန္တ သူဟူသောအမည်နှင့် ကျပ်လက်ဖက်အိုး ပေးတော်မူသည်။ ဆွေတော်ဖြစ်သော ချောင်းဆုံစားသား ရွှေကူစားကိုလည်း မင်းရွာကို ပေးတော်မူသည်။ ဝန်ရှင်တော် သခံယာကို မြောက်ဘက် မြင်းကိုးသင်းကိုမှူးရသည်။ တောင်ငူ သက်တော်ရှည်ကြီးသား စည်သူခံကိုလည်း လက်ရွေးကြီးကိုမှူးရသည်။ ရှမ်းပြည် ရွှေခွန်၊ ငွေခွန်၊ သိုးခွန်၊ ကတိုးခွန်များကိုလည်း ဆော်ပန်၍ တိုက်သို့သွင်းရသည်။ လက်ရွေးကြီးမှူး ညီဝရသီဟကိုလည်း ရွှေဓားကိုမှူးရသည်။ မုံရွေးရွာကိုလည်း ပေးတော်မူသည်။ ရာဇသင်္ကြံကို ကလေးမြို့ကို ပေးတော်မူသည်။ ထိုမှတစ်ပါး ဘိုးတော်ရှင်ဖြူများရှင် သားတော်၊ ဘကြီးတော်ဘုရား သားတော်၊ ခမည်းတော်ဘုရား သားတော် စသော မင်းညီမင်းသား အပေါင်းတို့ကိုလည်း ငယ်မည်ပျောက်အောင် ကျေးရွာပေးတော်မူသည်။ သည့်ပြင် တောင်ငူ ဟံသာဝတီပါ မှူးကြီးမတ်ကြီးတို့သား တစ်စု တို့ကိုလည်း ငယ်မည်ပျောက်အောင် ဒိုင်းမှူး သင်းမှူး သွေးသောက်ကြီးမြင်းခေါင်း ခန့်တော်မူ၍ ကျေးရွာပေးတော်မူသည်။ သွေးသောက်စု မြင်းစု အပေါင်းတို့တွင်လည်း ရွှေထိတ်ရွှေကုံး မှန်ကင်းဓား ပတ္တမြားစီ မြင်းကြိုးရွှေကနှင့် ခေါင်းခန့်သောအစုကိုလည်း ခန့်တော်မူသည်။ ရွှေထိတ်ရွှေကုံးဓား ပတ္တမြားကြိုးဆစ်နှင့် ခေါင်းခန့်သော အစုကိုလည်း ခေါင်းခန့်တော်မူသည်။ ယင်းသို့မှ ရေတပ်ချီရမည်မှာ တိုက်လှေကြီး၊ တိုးရုပ်၊ စာမရီရုပ်၊ ဆင်ရုပ်၊ မြင်းရုပ်၊ မိကျောင်းရုပ်၊ မကန်းရုပ် စသော သားလှေ ငှက်လှေ အပေါင်းတို့တွင် မြိုဖြို အမြောက်မြိုတက်လှေကား အများတင်ရသည်။ ထိုမှတစ်ပါး စည်ကြီး ခွက်ခွင်း ခရသင်း စသော တံပိုးခရာ တို့ကိုလည်း အစေ့အနှံ့တင်ရသည်။ ယင်းသို့ စီရင် ခန့်ရန်တော်မူပြီးမှ ရေတပ်မှာ

ဘာယကျော်ထင်တစ်တပ်၊ မင်းမဟာတစ်တပ်၊ သီရိဓေယျကျော်ထင် တစ်တပ်၊ ဓေယျကျော်ထင်တစ်တပ်၊ သခ်ယာတစ်တပ်၊ စည်သူ ကျော်ထင်တစ်တပ်၊ မင်းရဲကျော်စွာ တစ်တပ်၊ သီရိဓမ္မာသောကတစ်တပ်သည် ရှစ်တပ်ကို တိုက်လှေကြီးရှစ်ရာ၊ လှော်ကားသံလှေ သုံးရာ၊ စစ်သည်သူရဲ သုံးသောင်းနှင့် ရေကြောင်းချီရသည်။ ကြည်းတပ်မှာ ပုခန်းကြီး သီဟ ပတေ့တစ်တပ်၊ ညောင်ရွှေ ရာသေကြီတစ်တပ်၊ ညနားလောတစ်တပ်၊ ဘာယဂါမဏိတစ်တပ်၊ မိုးကောင်း စော်ဘွား တစ်တပ်၊ သီပေါစော်ဘွားတစ်တပ်၊ မိုးမိတ်စော်ဘွားတစ်တပ်၊ မိုးကောင်း စော်ဘွားတစ်တပ်၊ တောင်ငူ မင်းရဲသီဟသူ တစ်တပ်၊ ညီတော် စကုမင်းတစ်တပ်၊ ညီတော် မင်းရဲသခ်သူတစ်တပ်၊ ယင်းကမှ ဘဝရှင်မင်းတရားကြီး တပ်မပြု၍ စော်ဘွားတစ်တပ်၊ သည်တစ်ဆယ့်သုံးတပ်တွင်ပါသည့် တိုက်ဆင်ခြောက်ရာ၊ ချီတော်မူသည်။ သည်တစ်ဆယ့်သုံးတပ်တွင်ပါသည့် တိုက်ဆင်ခြောက်ရာ၊ မြင်းခုနစ်ထောင်၊ စစ်သည်သူရဲ တစ်သိန်းသုံးသောင်းနှင့် သက္ကရာဇ်(၉၇၄)ခုနှစ် ပြာသိုလဆန်း လေးရက် တနင်္လာနေ့ ည သုံးချက်တီးကျော်တွင် မာန်အောင်တံခါးက ထွက်တော်မူ၍ ရေအား ကြည်းအား သန်လျင်သို့ ချီတော်မူသည်။ တပယ်အရပ်တွင် အောင်တင်သာစည်ဟူသော တပ်တော်တွင် ချတော်မူသည်။ ထိုသည့်အမိန့်တော် အတိုင်း မတည်ဟူ၍ စည်သူကျော်ထင်လည်ကို ဓားတင်သည်။ ငှက်ပျောကိုင်းစား ကိုလည်း သုံးပိုင်းပိုင်းတော်မူသည်။ တပယ်တပ်တော်က အစဉ်အတိုင်းချီတော်မူ၍ သာယာဝတီသို့ ရောက်တော်မူလျှင် သီရိဓမ္မာသောကကို နုတ်တော်မူ၍ တောင်ငူ မင်းရဲကျော်ထင်ကို လှေတပ်မှာ ဗိုလ်ချုပ်ခန့်တော်မူသည်။ သာယာဝတီကချီ၍ မကော်သို့ရောက်တော်မူလျှင် ရေတပ် ကြည်းတပ်ကို နှစ်ရက်တင်၍ စီရင် ခန့်လှန့်တော်မူသည်။ ယင်းသောအခါ ဘာယဂါမဏိ လျှောက်သည်။ ယခုချီရာမှာ အလုံးအရင်း ဆင် မြင်း လှေတက်လည်း များလှသည်။ သည်အကြောင်းများကို သန်လျင်စားကြားလျှင် မြို့တွင်းခံဝံ့မည်မထင်။ ယင်းသို့ ဖြစ်သောကြောင့် ထွက်၍မပြေးသာအောင် လှေတပ်သားတို့က ဆီးတားပိတ်ဆို့သည်ဖြစ်မှ သန်လျင်အရေးတော် ပြီးလွယ်မည်ဟူ၍ နားတော်လျှောက်လျှင် ရှေ့တပ်ဝန် မင်းရဲကျော်ထင်ကို သန်လျင်စား မပြေးမထွက်သာအောင် ပန်းအလွဲက လှေတမပ် ဆီးလေ၊ ရခိုင်ပေါက်သမျှကိုလည်း ပိတ်ဆို့စေဟူ၍ လှေတပ်ဝန်ကို အမိန့်တော် ပြန်ရသည်။ မင်းရဲကျော်ထင်လည်း အမိန့်တော်အတိုင်း တည်အောင်စီရင်သည်။ ဘဝရှင်မင်းတရားကြီးလည်း မကော်သို့ချီတော်မူ၏။ ဝှဲဗွဟူးနံ၏ သိရိအရပ် ဖြစ်သော သန်လျင်အရှေ့တောင်ထောင့် အရပ်သို့ ရောက်တော်မူလျှင် တပ်မချ၍ နေတော်မူသည်။ ငါးရက်ခန့် ရှိမက်တော်တို့ကို ပြည့်တင်းစေပြီးလျှင် ယင်းကာသည်

မွေ့နွန်း တောင်ကိုပတ်၍ တပ်တည်ရသည်။ တပ်မတည်ရအောင် မြို့တွင်းသား ကုလားတို့က စိန်ပြောင်း မြတမ္ဘူနှင့်လွှတ်၍ ဖျက်သည်။ မဖျက်ဆီးနိုင်၊ တည်ရလျှင် မွေ့နွန်းတောင်ကသည် တပ်တော်တိုင်အောင် တစ်စပ်တည်း တည်ပြန်ရသည်။ ယင်းသို့မှ မြို့ကိုတက်ရသည်။ မြို့ထိပ်က မွဲ့လျက်ရည် ရေတ်ရည်လောင်းသည်။ ဖုံးနှင့်ပစ်ခတ်သည်။ ပစ်၍ ရဲမက်တော်တို့ အထိအရ အနာများလျှင် တပ်သို့ဆုတ်၍ နေပြန်ရသည်။ သို့ပင် အကြိမ်ကြိမ် လုပ်ကြံတော်မူသော်လည်း မရနိုင်ချေ။ သန်လျင်စားလည်း အညံ့မခံနေလေသည်။ ယင်းသို့ အညံ့မခံလျှင် ဗိုလ်မှူး တပ်မှူး အပေါင်းတို့လည်း တပ်တွင်းက မြို့ရင်းတိုင်အောင် ဥမင်တူးစေ၍ သစ်ခြေရင်းကိုတွေ့လျှင် တွေ့ကြောင်းကို လျှောက်သည်။ ဘဝရှင်မင်းတရားကြီးဘုရားလည်း ယခု နေ့ညဉ့် မြို့ကိုတက်စေ၊ ဥမင်ကကြိုးနှင့် သစ်တပ် ကိုလည်းငင်စေ တပ်တိုင်းအမိန့်တော်ပြန်ရသည်။ တပ်မှူး စစ်ကဲအပေါင်းတို့လည်း အမိန့်တော်အတိုင်း တည်ဆောင် တန်ခူးလဆန်း ရှစ်ရက် ဗုဒ္ဓဟူးနေ့သို့အဝင် ညဉ့်သန်းယံမ်းအချိန် မြို့ကိုတက်သည်။ မြို့ထိပ်ကလည်း မွဲ့လျက်ရည် မီးအိုးအများကျသည်နှင့် မတက်နိုင်ချေ။ ယင်းသို့စဉ်တွင် ဥမင်သို့ဝင်၍ မြို့သစ်တပ်တိုင်ကို ကြိုးနှင့်ငင်ရသည်။ နှစ်တိုင်သုံးတိုင်လည်း၍ လည်းရာက ဆင်သည်၊ မြင်းသည်၊ ခြေသည် အပေါင်းတို့ဝင်မိ၍ သန်လျင်စားနှင့်တကွ တစ်မြို့လုံးကိုရတော်မူသည်။ ရဲမက်တော် လေ့တပ် ကြည်းတပ်သားတို့လည်း မြို့တွင်းသို့ဝင်၍ လုယက်ဖျက်ဆီးကြသည်။ တစ်ယောက်မျှ လက်ချည်းမရှိ၊ ရွှေငွေ အဝတ်အစားများ ကိုယ်စီပင်ရကြသည်ချည်း။ ဘဝရှင်မင်းတရားကြီး ဘုရားလည်း သန်လျင်မြို့ကို အလိုတော်ပြည့်၍ ငါးရက်ရှိလျှင် သန်လျင်စား ဇေင်ကာကို ရုံးသို့ခေါ်တော်မူ၍ နင် ငါ့နိုင်ငံတော်ဖြစ်သော ကေတုမတီတိုင်အောင် ချီ၍ ဖျက်ဆီးသည်။ နင် ပသို့လျှောက်မည်နည်းဟူ၍ ဝန့်ရှင်တော်စည်သူ ကျော်ထင်နှင့် သခ်ယာကို အမိန့်တော်ရှိ၍ မေးစစ်ရသည်။ သန်လျင်စား ဇေင်ကာလည်း ဘုရားနိုင်ငံတော်ကို ဖျက်ဆီးလိုက်၍ ချီရသည်မဟုတ်။ တောင်ငူ မင်းက ယူလာပါလှည့်စေသောကြောင့် ယူပါသည်။ လျှောက်လျှင် ဘဝရှင် မင်းတရားကြီးဘုရားက တစ်ယောက်ကိုမေးဘိဦး အမိန့်တော်ရှိ၍ တောင်ငူမင်းကို မေးသော ကျွန်ုပ်သည်အတိုင်း မစေလျှောက်သည်။ သန်လျင်စား ဇေင်ကာကိုပြန်၍ မေးစစ်သော် တောင်ငူမင်းက စေသသူ ကြက်ရိုးပင်စားရှိတော့သည်။ စစ်သော်မူတော့ လျှောက်လျှင် ကြက်ရိုးပင်စားကိုခေါ်၍ စစ်မေးသည်။ ကြက်ရိုးပင်စားက ကျွန်ုပ်ကို စေသည်မှန်ပေ၏။ အကြောင်းမှာမူကား စာကို သက္ကလတ်အိတ်တွင်သွတ်၍

တံဆိပ်လက်ရာနှင့် ဖြစ်သောကြောင့် မည်သို့စာတွင်ပါကြောင်းကို မလျှောက်နိုင်ပါ ဟူ၍ လျှောက်လျှင် ပေးသည်မှန်ရေပြီ၊ တောင်ငူကို အလိုတော်ပြည့်လျှင် မြို့ကိုမှ သိမ်းယူတော်မူ၊ မိမိကိုယ်ပင်ပေးတော်မူ၍ ချမ်းသာစွာနေစေသည်။ ငါ့ကျေးဇူး တော်ကိုမသိ ကုလားကျွန်ကိုခံချင်သည်။ မစောင့်မဟုတ်လော၊ လူသွင်းကို မြို့လယ်တွင်ကွပ်စေ၊ ဧဝင်ကာသေယ်ကလည်း နိယတမိစ္ဆာဒိဋ္ဌိဖြစ်၍ ဘုရားပုထိုးကို ဖျက်ဆီးသူဖြစ်သည်။ သင့်အိမ်ရှေ့ မြို့လယ်မှာ တံကျင်တင်စေ၊ သန်လျင်မြို့သူ မြို့သားယောကျ်ား မိန်းမအပေါင်းကိုလည်း ကြည့်စေအမိန့်တော်ရှိ၍ အမိန့်တော် အတိုင်း တန်ခူးလပြည့်ကျော် သုံးရက် စနေနေ့ ကွပ်မျက်တော်မူသည်။ ယင်းသို့ တောင်ငူမင်း ရဲကျော်ထင်ကို သင်္ဂြိုဟ်စေ မိန့်တော်ရှိ၍ သင်္ဂြိုဟ် ရသည်။"

သန်လျင်တိုက်ပွဲတွင် အနောက်ဖက်လွန်မင်းတရားကြီး မဟာဓမ္မရာဇာ၏ တပ်မတော်ကြီးသည် စစ်သည်သူရဲကောင်း တစ်သိန်းသုံးသောင်းဖြင့် ချီတက် တိုက်ပွဲဝင်သည်ကို တွေ့ရသည်။ မြို့တွင်းသား ကုလားတို့က မြန်မာ့တပ်မတော်ကြီး တပ်တည်၍မရအောင် ခုခံတွန်းလှန်သည်ကို တိုက်ခိုက်ချေမှုန်းကြသည်။ ညဉ့်သန်းခေါင်ကျော်ချိန်တွင် မြို့ကိုတက်သုကတက်သည်။ တပ်တွင်းကနေ၍ မြို့ရင်းတိုင်အောင် ဥမင်တူး၍ ချဉ်းကပ်သည်။ ဥမင်ထဲမှနေ၍ သစ်ခြေရင်း ရသောအခါ မြို့သစ် သစ်တိုင်ကို ကြိုးနှင့်ဆွဲငင်ကြပုံမှာ မျက်စိထဲမှာ မြင်ယောင် လာပြီး အသည်းတယားယားရှိလှသည်။ သစ်နှစ်တိုင်သုံးတိုင်လဲသည်နှင့် ဆင်သည်တော် မြင်းသည်တော် ခြေလျင်စစ်သည်တော်တို့ နင်းဝင်ကြပုံတို့မှာလည်း တပ်ဦးဘီလူးပါသကဲ့သို့ ဖြစ်ကြပြီး အောင်ပွဲခံကြပုံကို မြင်ယောင်လာစေသည်။ မြန်မာ့တပ်တော်သားတို့သည် ကျားကုတ်ကျားခဲတက်ကြပုံမှာ ဓာတ်သွေး ဓာတ်မာန် အလျှံတရဲရဲ ဖြစ်စေတော့သည်။ ထိုတိုက်ပွဲကြီးသည် ယနေ့ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အစိုးရလက်ထက်တွင် နယ်စပ်ဒေသတို့၌ ဖြစ်ပွားခဲ့သော မဲသဝေါတိုက်ပွဲကြီး၊ ရှမ်းပြည်နယ်၌ ဖြစ်ပွားခဲ့သော မိုင်းယမ်းတိုက်ပွဲကြီး တို့ကဲ့သို့ပင် ပြင်းထန်ကြီးမားလှကြောင်းကို နှိုင်းယှဉ်၍ ကြည့်နိုင်ပေသည်။ ဤတိုက်ပွဲကြီးများသည် နိုင်ငံတော်အတွက် အဆုံးအဖြတ်ပေးသော တိုက်ပွဲကြီးများဟု ပင်ဆိုနိုင်ပေသည်။

မြန်မာတို့၏ သံမဏိစိတ်ဓာတ်၊ အရှုံးမပေး အနိုင်မခံစိတ်ဓာတ်၊ တိုက်ပွဲ တစ်ရာ အောင်ပွဲတစ်ရာ ရယူခဲ့သော စိတ်ဓာတ်တို့သည် ဘိုးစဉ်ဘောင်ဆက် သား၊ မြေး၊ မြစ်၊ တီ၊ ကျွတ်ဆက်တိုင်အောင် တည်ရှိနေပေသည်။

ဤသို့ နမူနာယူစရာ စံထားစရာ သင်္ခန်းစာယူစရာများသည် မှန်နန်း မဟာရာဇဝင်တော်ကြီးတွင် ပါရှိနေသည်ကို ဖတ်ရှုသိရှိထားပါသည်။ ဤမှန်နန်း ရာဇဝင်တော်ကြီးသည် မြန်မာလူမျိုးတိုင်း၏ အိမ်ပေါက်စေ့တွင် ရှိနေအပ်သော အမျိုးသားရေး စာတိမာန် ရာဇဝင်သမိုင်းကျမ်းကြီးများ ဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။

ဦးစိုးညွန့်

ဥက္ကဋ္ဌ

မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

ပညာပြန့်ပွားလှုံ့ဆော်ရေးကော်မတီ၏

စာနယ်ဇင်းအဖွဲ့။

နေ့စွဲ၊ ၂၉-၁-၉၃

နေ့ရက်၊ သောကြာနေ့

နေရာ၊ ရန်ကုန်မြို့။

# တည်းဖြတ်သူ၏ အမှာစာ

ဤတည်းဖြတ်သူသည် မှန်နန်းမဟာရာဇဝင်တော်ကြီး ပထမတွဲနှင့် ဒုတိယတွဲတို့၌ နိဒါန်းနှင့် အမှာစာ အသီးသီး ရေးခဲ့ပါသည်။ ယခုလည်း ဤရာဇဝင်တော်ကြီး တတိယတွဲ၌ တည်းဖြတ်သူ အမှာစာကို ယခင် ရေးခဲ့ပြီးသည်တို့ထက် ပိုမိုစုံလင်အောင် ဖြည့်စွက်ရေးပါမည်။

> "ဟောင်းသာဟောင်း၍ မကောင်းသည့် အရာလည်းရှိသည်။
> ဟောင်းလည်းဟောင်း၍ ကောင်းလည်း ကောင်းသည့်
> အရာလည်းရှိသည်၊
> သစ်ကားသစ်၏၊ မဖြစ်ရသည့်အရာလည်း ရှိသည်။
> သစ်လည်းသစ်၍ ဖြစ်လည်းဖြစ်ရသည့် အရာလည်း ရှိသည်"

ဟူ၍ ရှေ့ဘုံနိဒါန်းကျမ်းတွင် ဆိုခဲ့၏။ ယင်းအဆိုအနက် "ဟောင်းလည်းဟောင်း၍ ကောင်းလည်းကောင်းသည့် အရာများ" ဟု ဆိုရမည့် ရှေးနှစ်ပေါင်းများစွာက ပုံနှိပ်ထုတ်ဝေခဲ့သည့် အကျိုးပြုစာပေများကို ပြည်ထောင်စု မြန်မာနိုင်ငံတော် မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး ပညာပြန့်ပွားလှုံ့ဆော်ရေးကော်မတီ၏ စာနယ်ဇင်းအဖွဲ့က ပြန်လည်ဖော်ထုတ် ပုံနှိပ်ထုတ်ဝေနေရာ ဤ မှန် နန်း မ ဟာ ရာ ဇ ဝင် တော် ကြီး သည် လည်း တစ် ကျမ်းအပါအဝင် ဖြစ်၏။

မှန်နန်းမဟာရာဇဝင်တော်ကြီးကို ရှေးအဆက်ဆက်ကလည်း တည်းဖြတ်ပုံနှိပ်ခြင်းများ ပြုလုပ်ခဲ့ပြီး ဖြစ်သည်။ သို့သော် ယခင် တည်းဖြတ်ပုံနှိပ်ပြီးသည့် ရာဇဝင်ကျမ်းများအပေါ်တွင် အခြားသော ရာဇဝင်ကျမ်းများ အစောင်စောင်ဖြင့် တိုက်ဆိုင်ညှိနှိုင်း သုတေသနပြုပြီး ထပ်မံ ပြန်လည်တည်းဖြတ်ရန် လိုအပ်ပေသေးသည်ဟု ရာဇဝင်သမိုင်းပညာရှင်တို့က ယူဆလျက်ရှိပေသေး၏။ ဤသို့ ရာဇဝင်သမိုင်းအစောင်စောင်ဖြင့် တိုက်ဆိုင်ညှိနှိုင်း သုတေသနပြုပြီး ထပ်မံ ပြန်လည် တည်းဖြတ်ရန်ကား တည်းဖြတ်သူ တစ်ဦး တစ်ယောက်တည်းဖြင့် ပြည့်စုံပြီးမြောက် အောင်မြင်နိုင်ကောင်းသည့် အလုပ်မျိုး မဟုတ်ပါချေ။ သက်ဆိုင်ရာပညာရှင်အဖွဲ့ကြီးတစ်ခု ဖွဲ့လျက် ဆောင်ရွက်ရမည့်အလုပ် ဖြစ်ပါ၏။

ထို့ကြောင့် ယခုတစ်ကြိမ် တည်းဖြတ်ရာတွင် ဤတည်းဖြတ်သူသည် မှန်နန်း မဟာရာဇဝင်တော်ကြီး တတိယတွဲကို ၁၃၂၉ ခု၊ နယုန်လတွင် ပြည်ကြီးမဏ္ဍိုင် ပိဋကတ်ပုံနှိပ်တိုက်က ပုံနှိပ်သည့်မူကို အရင်းထား၍ အခြားပုံနှိပ်တိုက်မူများဖြင့် တိုက်ဆိုင်ညှိနှိုင်းပါသည်။ ဆရာ ဦးခင်စိုး တည်းဖြတ်သည့် ရန်ကုန်မြို့၊ ဟံသာဝတီ ပိဋကတ်ပုံနှိပ်တိုက် (၁၉၆၁) ထုတ်၊ ဦးကုလား မဟာရာဇဝင်ကြီး တတိယတွဲဖြင့်လည်း လိုအပ်လျှင် လိုအပ်သည့်အလျောက် တိုက်ဆိုင်ညှိနှိုင်းပါသည်။

(၁) အတန်ပင်သန့်ရှင်းပြီးမှဖြစ်သော်လည်း အချို့သော အမှားအယွင်း အကျအပေါက်သည်တို့ကို အမှန်အတိုင်းဖြစ်အောင် ပြင်ဆင် ဖြည့်စွက်ခြင်းစသည်တို့ကို ပြုရပါသေးသည်။ ပြုပုံကို အောက်ပါ အတိုင်း အနည်းငယ်သာဓက ဆောင်ပြပါအံ့။

– ပုံသာဓင် စီရင်တော်မူခန်းများ၌ **နရည်းစရာ၊ နရည်းနရာ** ဟူ၍ သုံးထားသည့်စကားရပ်တို့ကို **နရည်းဆရာ** ဟု အမှန်အတိုင်း ပြင်ရခြင်းမျိုး။ [**နရည်း** ဟူသည် ရှေးက ညအချိန် ကျုံးတွင်းတွင် ရေကင်းလှည့်ရာ၌ ကြေးနှောင်ကြေးနှင်း ကို အသားပေးရိုက်တီးရသော တူရိယာသံဖြစ်၏။ (နရည်းဆရာ= နရည်း (မြန်) + ဆ (ပါဠိ) + ရာသိ (ပါဠိ) = နရည်း + ၆ + အစုဟုအနက်ရ၏။ တူရိယာ ၆ မျိုး အစုအဝေး၏ အသံဟု ဆိုလို၏။ "ပတ်သာ၊ ပုံ၊ မောင်း၊ တစ်ကြောင်းမကျဲ၊ နှဲ နှင့် ကြေးနှင်း၊ လင်းကွင်း၊ ခြောက်ဖော် နရည်းဆော်" ဟူ၍ လင်္ကာတိုဖြင့် မှတ်သားထားလေ့ရှိကြ၏။] နောက်အခါ "နရည်းဆရာ" ကိုပင် "နရည်းစရာ" ဟူ၍ **ဆ နှင့် စ** တစ်သဘောတည်း သုံးလေ့ရှိကြပြန်၏။

– "သာလွန်မင်းတရားကြီး **ရွှေ နန်း စံ သော အ စီ အ ရင်** **အကြောင်း**" အခန်း၌ "**အရှေ့ရှုစုနှံ၌ မယ်ပြူ နှင့် ဆန့်စတောင်း** ထား၏။" (စာမျက်နှာ ၂၃၄ ရှု) ဟု တွေ့ရပြန်သည်။ မယ်ပြူ ကား မဟုတ်နိုင်၊ မယ်ပြူ ဆိုလျှင် လူ၊ လူအမည်သဖွယ် ယူရ မည်ကဲ့သို့ ဖြစ်နေသောကြောင့် ဦးကုလား မဟာရာဇဝင် တော်ကြီးနှင့် တိုက်ဆိုင်ကြည့်ရာ မိမိထင်မြင် ယူဆသည့် အတိုင်း **မီးတိုကောင်း** ဟု အနက်ထွက်သော **မီး မယ် ဖျူး** ဖြစ်ကြောင်း တွေ့ရသည်။

အထက်ပါ ယုတ္တိကင်း၀ါကျမျိုးအပြင် ပုဒ်ချိ၊ ပုဒ်ဖြတ် ၀ါကျအမှားမျိုးကိုလည်း တွေ့ရပြန်သည်။ "သားတော် အကြီးကို မိုးကောင်းမိုးညွှင်းသို့ ချီစေ၍ သားတော် အိမ်ရှေ့မင်း ရမည်းသား းတွင် အရိုင်အလုံနေသည်ကို ချီတက်သိမ်းစေသည့်အကြောင်း" အခန်း၌—

ဗန်းမော် စော်ဘွားသို့ စိန်ထက်တွင် ရှိသော မိုးကောင်းစော်ဘွားကို သစ္စာတော်ပေး၍ မိုးကောင်းသို့ပင် ဘွားစားမြဲ ဘွားစားစေသည်။ (၀ါကျမှား)

ဗန်း မော် စော် ဘွား သို စိန် ထက် တွင် ရှိ သော မိုးကောင်းစော်ဘွားကို သစ္စာတော်ပေး၍ မိုးကောင်းသို့ပင် ဘွားစားမြဲ ဘွားစားစေသည်။ (၀ါကျမှန်)

အထက်ပါ၀ါကျတို့တွင် ပုဒ်ချိ၊ ပုဒ်ဖြတ် အမှားနှင့် "သို" ဖြစ်ရမည့်အစား "သို့" ဟု မလိုအပ်သော အောက်ကမြစ်ကို ထည့်လိုက်မိသဖြင့် ၀ါကျအဓိပ္ပာယ်မရှိ၊ ရှုပ်ထွေးသွားရခြင်း ဖြစ်၏။ ဤ၀ါကျ မျိုးကိုလည်း ညှိနှိုင်းပြင်ဆင်ရပါသည်။

— ချီတက်စေသော စစ်တပ်ပေါင်း အဘယ်မျှ၊ ပေးသနားတော်မူသော ဘွဲ့အမည်အရည် လူပေါင်းမည်မျှဟု ဖော်ပြထားရာ၌လည်း တပ်နှင့် လူအရေအတွက် မကိုက်သဖြင့် ရာဇ၀င်ချင်းတိုက်ဆိုင်ညှိနှိုင်း၍ အမှန်ဖြစ်အောင် ရှာဖွေဖြည့်စွက်ပေးရခြင်းမျိုး စသည်တို့ကိုလည်း ပြုလုပ်ခဲ့ရပါသည်။

— ပုံနှိပ်အမှားသက်သက်မှန်း သိသာသော "ဘုရင်ရာဇာ၊ ဘုရင်ကျော်သူ" ဟူသော ဘွဲ့အမည်မျိုးတို့ကိုလည်း "တုရင်ရာဇာ" "တုရင်ကျော်သူ" ဟု ပြင်ရခြင်းမျိုးကိုလည်းကောင်း၊ ယခုခေတ် ငွေကြေးဖောင်းပွသည့် သဘောမျိုးကိုလည်း "ကြေးပိုးဆွန့်ရှားသည်" "ကြေးပိုး ဆန်စပါးဆုတ်သည်" ဟူ၍လည်းကောင်း စိတ်၀င်စားဖွယ်ကောင်းသော ရှေးစကားသုံးမျိုးစသည်တို့ကိုလည်း တွေ့ရပါသည်။

— နိုင်ငံချုပ်ရသော် ပညာရေးဝန်ကြီးဌာန၊ မြန်မာစာအဖွဲ့က ထုတ်ဝေသော မြန်မာစာလုံးပေါင်းသတ်ပုံကျမ်း (၁၉၈၆) နှင့်အညီ စာလုံးပေါင်းသတ်ပုံများကို ပြင်ထားပါသည်။

ဒေါ်မြင့်သန်း (ကထိက ဒေါ်မြင့်သန်း)၊
အဖွဲ့ဝင်၊
မြန်မာစာအဖွဲ့ ဦးစီးဌာန။

ရန်ကုန်မြို့၊ ၁၃၅၄ ခု၊ နတ်တော်လပြည့်။
၁၉၉၂ ခု၊ ဒီဇင်ဘာလ ၉ ရက်။



သက္ကရာဇ်၁၂၃၁ ခု
မှန်နန်းတော်ဦးတွင်
ပြုစုစီရင်တော်
မူရသော
မှန်နန်း
မဟာရာဇဝင်တော်ကြီး

ရတနာပူရ တော၀ွင်မြို့တည် နန်းတည် ဘကြီးတော်
မင်းတရားကြီးဘုရား—အမိန့်တော်မြတ်ကို
ဦးထိပ်ထက် ဆင်မြှက်ရသည့်အတိုင်း
ရဟန်းပညာရှိ
ပုဏ္ဏားပညာရှိ မှူးမတ်ပညာရှိတို့နှင့် ညှိနှိုင်း
ကိုက်ဆိုင်၍ အသင့်ယုတ္တိ ကျမ်းဂန်အာဂုံများနှင့် အညီ
တည်းဖြတ်သုတ်သင်၍မှန်နန်းတော် အဆောင်တော်ဦးတွင်
စီရင်ရေးသားအပ်သော

# မှန်နန်းမဟာရာဇဝင်တော်ကြီး

## တတိယတွဲ

ပဌမအကြိမ်—ပုံနှိပ်ခြင်း
ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက် အမှတ် (၁၅၁၇)

( စာအုပ်ရှင် )
ဒေါ်ဖွားခင်နှင့် (မောင်) ဦးလှမောင်
ရန်ကုန် · မန္တလေး ပိဋကတ်စာအုပ်တိုက်ဆိုင်
ဈေးချိုတော် (စီရုံ) အမှတ် (၂–၃) မန္တလေးမြို့။

(သာသနာ) ၂၅၁၁ ၁၃၂၉·ခု နယုန်လ

# နိဒါန်း

အထူးထူးသော တိုင်းကြီး ပြည်ကြီး ထီးဆောင်း နန်းနေ ပဒေသရာဇ် ကေရာဇ် မင်းထက်မင်း ဖြစ်သော မင်းတကာ အပေါင်းတို့သခင် ရွှေတွင်း၊ ငွေတွင်း၊ ပယင်းတွင်း၊ ပတ္တမြားဖိုးကဲ၊ ပုလဲသန္တာ၊ နီလာ၊ စိန်၊ ကျောက် စသော အနန္တဥစ္စာ၊ မင်းထိုက် ဘဏ္ဍာ၊ ရတနာ မျိုးများသခင် ပုလဲ ငွေရောင်၊ ငွေတောင် အတူ၊ ကိုယ်လုံးဖွေးဖွေးဖြူသော သဗ္ဗသေတ၊ နာဂရာဇာ၊ ဂဇိန္ဒာဓိပတိ၊ သီရိမြို့တော၊ ကျက်သရေ အပေါင်းတို့ဖြင့် ခြံရံ အပ်သော၊ ဆဒ္ဒန် ဆင်မင်းသခင်၊ စက္ကဝါ လောကဓာတ်၊ ရဟတ်စကြာ၊ ကျွန်းလေးဖြာကို အာဏာ လွှမ်းပတ်၊ တန်ခိုးလွှတ်သော၊ သုဒဿနမန္ဓာတ်၊ စက္ကဝတ် စောဘွားမင်းတရားတို့ကဲ့သို့ ကျင့်ခြင်း ၁၂-ပါး၊ တရား ဗြဟ္မစိုရ်၊ ကိုယ်တော်လုံးစုံ၊ လောကင် ကံလုံ၊ ထုံတော်မူလျက်၊ ကနက်ဖြန့်စိုက်၊ ကျွန်းကျွန်း တိုက်ကို၊ သိမ်းပိုက် စိုးမိုး နိုင်သော၊ သပ္ပုရိသူပနိဿျ၊ ပုဗ္ဗေကတ၊ ပုညမင်္ဂလာ၊ အတ္တသမာပဏိဓိ၊ စက္ကသမ္ပတ္တိ၊ သမ္ဘာတော်ဓိပတိ၊ ဘုန်းကျိုးရှိတော်မူသော ရတနာပူရ၊ ဝေါဟာရဖြင့်၊ အနွတ္ထသုတိ၊ ဩဘာရှိသော၊ ဘုမိဇေယျာ၊ ပဝရ သိဒ္ဓိ၊ သီရိနက်သန်၊ မြေကြန် မင်္ဂလာ၊ ကောင်းမြတ်စွာလျက်၊ အောင်ချာဝရ၊ အောင်ဘုံဒေသ၊ အောင်ကိန်း ရသော၊ ရတနာပူရ စတုတ္ထ မြို့တည် နန်းတည် ဘကြီးတော် မင်းတရားကြီး ဘုရားသည် ဘေးလောင်း ဘိုးဖျား မင်းတရားတို့ လက်ထက်မှ ဆင်းသက်ခဲ့သော ပဝေဏီမူလ၊ ကပ်ဦး မဟာ သမ္မတ၊ ဥက္ကာ မုက္ခ၊ သကျသာကီယ၊ ရာဇဝံသ အဆက်ဆက် တို့ကို ပျောက်ပျက် တိမ်ကော မရှိစေရ၊ သမ္ဘာဆန္ဒ၊ ဝီရိယာရမ္ဘ၊ ပရက္ကမ ရွှေ ပွား၊ အရင်းထား၍ ကြီးမား မြင့်မြတ်သော ရွှေနှလုံးတော်သွင်း၊ ရိုးရင်းတော်မူသည်နှင့် အညီ သာသနာတော်ကျမ်း၊ လောကီကျမ်း အရပ်ရပ်တို့နှင့် ညီညွတ် တိုက်ဆိုင်၍ ရေးသားစီရင်စေ ဘုရား အမိန့်တော်မြတ်ကို ဦးထိပ်ထက် ဆင်ရွက်ရသည့် အတိုင်း (၁၁၇၁) ခုနှစ် နယုန်လဆန်း(၁)ရက်နေ့က စ၍ ရဟန်းပညာရှိ၊ ပုဏ္ဏား ပညာရှိ၊ မှူးမတ် ပညာရှိတို့နှင့် မှန်နန်းတော်ဆောင်တော်ဦး နန်းမစနှဲ့ နိုင်းညှိ တိုက်ဆိုင်၍ အသင့်ယုတ္တိ ကျမ်းဂန်အာဂုံများနှင့် အညီ၊ တည်းဖြတ်သုတ်သင်၊ စီရင်ရေးသား အပ်သော ဤ(မှန်နန်း မဟာ ရာဇဝင်တော်ကြီး) တတိယတွဲသည် ဗဟုသုတ နယပြင်ကျယ် အသွယ်သွယ် တို့ဖြင့် မှတ်သားဖွယ်ကောင်းသည့် တစ်ကြောင်း၊ အမြို့မြို့ အရွာရွာ များစွာ မပျံ့မနှံ့သေးသည့်တစ်ကြောင်း၊ ဗုဒ္ဓဘာသာ မြန်မာ အမျိုးသား တို့မှာ

## နိဒါန်း

လည်း၊ မိမိတို့အမျိုးဘာသာ ရာဇဝင် စာဟောင်းစကားကို သိကျွမ်း နားလည်ထိုက်သည်တစ်ကြောင်းများကြောင့်သာ ရှုမှပါလား၊ ဂုဏ်ထူး ဝိသေသနှင့် ပြည့်စုံသော ကျမ်းစာကြီးတစ်ခု ဖြစ်သည်နှင့် အညီ အမြို့မြို့ အပြည်ပြည် အတည်တည်သော အနိုင်နိုင်ငံများကို ထင်ရှား ပျံ့နှံ့ပါမှု ရှင်လူ အများ အကျိုးများလည်း ဟု နှလုံးပြုပြီးလျှင် ရေးထုံး သတ်ပုံနှင့် တကွ၊ ဝိသဇ္ဇနီပိဋကမှ အရပ်အပေါ်မှ မသစ်ဆယ်စေရ အသုံး ဝါယာမ စိုက်ထုတ်၍ လောကုတ် လောကီနှင့်အသူ သုတေသန သုတဆည်းဆု ပညာရှိကဝိတစ်ဆူ မှုလိုသဖြင့် ပညာရှင် ပွဲလယ်တင်လိုသော ပုဂ္ဂိုလ်တို့အကျိုးငှါ မန္တလေးမြို့ ဈေးချိုတော်(စီ)ရုံ ဆိုင်နံပါတ်(၂-၃) ရန်ကုန် မန္တလေး ပိဋကတ် စာအုပ်တိုက်ဆိုင် ဦးလှမောင် မူပိုင်ရှင်က ဤ (မှန်နန်းရာဇဝင်တော်ကြီး) (တတိယတွဲ) ကို ဆက်လက်၍ ကောင်းသည်ထက် ကောင်းအောင် စာမူများကို စင်ကြယ် သန့်ရှင်းအောင် စီစဉ်ပြီးလျှင် (၁၃၁၇)ခုနှစ် စတုတ္ထ ကြိမ် ပုံနှိပ်ခဲ့သော စာမူကို ရန်ကုန်မြို့ ပြည်ကြီး မဏ္ဍိုင် ပိဋကတ် ပုံနှိပ်တိုက်မှ ထပ်မံ ပြင်ဆင်၍ (၁၃၂၉) ခုနှစ်တွင် ပဉ္စမကြိမ် ပုံနှိပ် လုပ်ဆောင် ပါကြောင်း ကြားသိသမျှ ကလျာဏ မိတ်ဆွေ အပေါင်း သူတော်ကောင်းတို့အား ကောင်းချီးပြုဘာဝ ထောမနာရန် နိမန်ပေ ပြလိုက်ပါသည်။

စာအုပ်ရှင်တို့၏ အာသီသ စေတနာ
အသရေထိုးဖို့ နိမိတ်နှင့် မြန်ဘမ်းစာ မင်္ဂလာ
(ရွှေအိုးတံဆိပ်)နှင့် မှန်နန်းရာဇဝင်ပါ

မှန်နန်းရာဇဝင်ကြီးများကို ဝယ်ယူ ဖတ်ရှုကြ ကုန်သော မိတ်ဆွေအပေါင်း တို့သည် ရာဇဝင် ပညာတစ်တက်ကမ်းခတ် တတ်မြောက် အောင်မြင်နိုင်ကြပါ စေသော်။

မြန်မာပြည် မြန်မာလူမျိုး မြန်မာ ရာဇဝင်တော်ကြီး များလည်း တိုးတက် ထွန်းကားနိုင်ကြပါစေသော်။

စာအုပ်ရှင်
ဦးလှမောင်
ရန်ကုန်၊ မန္တလေး ပိဋကတ် စာအုပ်တိုက်ဆိုင်
ဈေးချိုတော်(စီ)ရုံ အမှတ်(၂-၃)
မန္တလေးမြို့

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ဟံသာဝတီ မင်းတရားကြီး၏ ကုသိုလ်တော်များ | ၁ |
| သိမ်စေတော်မူခန်း | ၂ |
| ဗညားသေင် အမတ်နှင့် တွေ့ခန်း | ၃ |
| သေနာပတိ ဗညားဒလအကြောင်း | ၆ |
| တိဂုံဆံတော်ရှင်ကို ထီးတော်တင်ခန်း | ၈ |
| သားတော်နှင့် သမီးတော်တို့ စုံဖက်တော်မူခန်း | ၉ |
| မင်းတရားကြီး ကိုယ်တော်တိုင် လင်းဇင်းသို့ ချီတက်တော်မူခန်း | ၁၂ |
| မင်းတရားကြီး နေပြည်တော်သို့ ပြန်ခန်း | ၂၀ |
| မင်းတရားကြီး မိုးကောင်း မိုးညှင်းသို့ ချီတော်မူခန်း | ၂၃ |
| လင်းဇင်း ဗညားတို့ အကြံ အစည် ပြုခန်း | ၂၇ |
| မဟာဝိဇယစေတီကို ဌာပနာတိုက်လုပ်တော်မူခန်း | ၃၁ |
| ဗညားဗတ်အကြောင်း | ၃၈ |
| မဟာဝိဇယစေတီ တည်တော်မူခန်း | ၄၀ |
| သားတော် ၂-ပါးကို ဆုံးမ၍ အမိန့်မှတ်တော်မူခန်း | ၄၉ |
| သားတော် မဟာဥပရာဇာ လင်းဇင်းသို့ ချီတော်မူခန်း | ၅၂ |
| မင်းတရားကြီး ပိဋကတ်သုံးပုံ လှူတော်မူခန်း | ၅၆ |
| ဆင်ဖြူရှင် မင်းတရား ပွားတော်မူခြင်းနှင့် နတ်ရွာစံတော်မူခြင်းအကြောင်း | ၆၁ |
| မင်းတရားကြီး၏ လက်အောက်ခံ နိုင်ငံတော်များ | ၆၂ |
| မင်းတရားကြီး မိဖုရားသားတော် သမီးတော်တို့ အကြောင်း | ၆၈ |
| သားတော် အိမ်ရှေ့ ဥပရာဇာ နန်းတက်တော်မူ၍ သားတော် မင်းကြီးစွာကို အိမ်ရှေ့ပေးခန်း | ၇၃ |
| အဝဘုရင် သတိုးမင်းစောနှင့် ဟံသာဝတီ ငါးဆူဒါယကာတို့ စစ်ဖြစ်ခန်း | ၇၄ |
| ယိုးဒယားမင်းပြန်ရာ ပုန်ကန်သဖြင့် ယိုးဒယားသို့ မင်းတရား စစ်ချီတော်မူခန်း | ၇၉ |

စာမျက်နှာ

## အကြောင်းအရာ

ယိုးဒယားကို အကြိမ်ကြိမ် လုပ်ကြံသော်လည်း မရသဖြင့် မင်းတရား ကိုယ်တော်တိုင် ချီခြင်း၊ ကောင်းမှုတော်ဘုရား ငါးဆူကို အနေကာသတင်၍ မဟာစေတီ ဘုရားများကို ထီးတင်တော်မူခန်း .... ၇၃
မိုးကောင်းစော်ဘွား ပုန်စားသည်ကို ချီတက်တိုက်ခိုက်တော်မူခန်း .... ၇၉
မော်လမြိုင်စား မှန်တို့ ပုန်ကန် ခြားနား၍ ယိုးဒယားမင်း ဖြန်ရှင် ဟံသာဝတီသို့ စစ်ချီလာခြင်းအကြောင်း .... ၉၆
ဟံသာဝတီ မြည်ကြီးပျက်၍ ငါးဆူဒါယကာ နတ်ပြည်စံတော်မူခြင်းအကြောင်း .... ၁၀၃
တောင်ငူ ရွှေနန်းရှင် မဟာဓမ္မရာဇာ နတ်ပြည်စံလွန်၍ သားတော် နတ်ရှင်နောင် နန်းတက်တော်မူခန်း .... ၁၁၄
သားတော် အကြီးကို မိုးကောင်း မိုးညှင်းသို့ ချီစေ၍ သားတော် အိမ်ရှေ့မင်း ရမည်းသင်းတွင် အခိုင်အလုံ နေသည်ကို ချီတက် သိမ်းယူစေသည့် အကြောင်း .... ၁၂၁
ညောင်ရွှေသို့ ညောင်ရမ်းမင်းတရားကြီး သားတော် အိမ်ရှေ့မင်းနှင့် တကွ ချီတက် လုပ်ကြံတော်မူခန်း .... ၁၂၆
ကောင်းမှုတော် မဟာမုနိတည်ရာ မြေအရပ်တွင် မြေဖို စေတော်မူခြင်းအကြောင်း .... ၁၂၈
ရွှေနန်းတော် ပြာသာဒ် ဆယ်သွားဖူးကို မီးသင့်ကြောင်းနှင့် ရှမ်းအပြည်ပြည် ထောင်နှင့် မိုးနဲကို အလိုတော် ပြည့်ခြင်းအကြောင်း .... ၁၃၀
ကောင်းမှုတော် မဟာမုနိဋ္ဌာပနာတော်မူခြင်းနှင့်မိုးကောင်းသို့ သားတော် အိမ်ရှေ့မင်း ချီရသည်အကြောင်း .... ၁၃၆
ညောင်ရမ်း မင်းတရားကြီး ဘုန်းလက်ရုံး အာဏာတော်နှင့် သားတော် သမီးတော်တို့ အကြောင်း .... ၁၄၂
သားတော် အနောက်ဘက်လွန် မင်းတရားခေါ် အိမ်ရှေ့မင်း ရွှေနန်းတက်တော်မူ၍ ကောင်းမှုတော် အရပ်ရပ်တို့ကို လုပ်ဆောင်တော် မူခန်း .... ၁၄၅

## အကြောင်းအရာ

စာမျက်နှာ

အဝသား တောင်ငူသားတို့ကို အစုအင်နှင့် ဖွဲ့တော်မူခြင်းများ အကြောင်း
တောင်ငူမင်းကို ကုလားငဇင်ကာ ဖမ်းယူသွားခြင်း အကြောင်း .... ၁၆၂
တောင်ငူမင်း ပျက်ကြောင်း ကြားတော်မူ၍ မင်းတရားကြီး ကိုယ်တော်တိုင် တောင်ငူနှင့် သံလျင်သို့ ချီတော်မူခြင်း အကြောင်း .... ၁၆၅
တောင်ငူဘုရင် သံလျင်တွင် အနိစ္စရောက်ခြင်းနှင့် ဒုင်းဘုရင်၏ သားတော် သမီးတော်တို့ အကြောင်း .... ၁၆၆
ဟံသာဝတီ သတ္တမတဲနန်းတွင် နေတော်မူစဉ် သုံးဆယ့်နှစ်မြို့စား တို့ကို သစ္စာပေးတော်မူခြင်းအကြောင်း .... ၁၆၉
ဟံသာဝတီ အရှေ့ဘက် မုတ္တမသို့ ချီတော်မူခြင်း .... ၁၇၂
တနင်္သာရီသို့ စူးစမ်းတော်မူခြင်း အကြောင်း .... ၁၇၅
မုတ္တမတွင် နေတော်မူခိုက် ဇင်းမယ်တွင်ဖြစ်သော တိုင်းရေး ပြည်မှုအကြောင်း .... ၁၇၆
ယိုးဒယားတပ်ကို နိုင်၍ ဇင်းမယ်သို့ ချီမည့် အကြောင်း .... ၁၇၇
ဇင်းမယ် အရေးအကြောင်းနှင့် မြို့ရွာ ငါးဆယ့်ခုနစ်မြို့နှင့်တကွ ဟရိဘုဉ္စတိုင်းတစ်ခုလုံးကိုရတော်မူခြင်းအကြောင်း .... ၁၇၈
ကျိုက်ကိုဘုရား ထီးတော်တင်၍ တောင်ငူ မင်းရဲကျော်ထင်နှင့် မင်းရဲကျော်စွာတို့ကို မိုးနဲစော်ဘွား ပြေးလေရာ လိုက်တိုက်ရန် အမိန့်တော်ရှိခြင်း အကြောင်း .... ၁၈၀
သားတော် မင်းရဲဒိဗ္ဗ လုပ်ကြံ၍ အနောက်ဘက်လှန် မင်းတရားကြီး နတ်ပြည် စံတော်မူခြင်း အကြောင်း .... ၁၈၄
အနောက်ဘက်လှန် မင်းတရားကြီး သက်တော် စည်းစိမ် မိဖုရား သားတော် သမီးတော်များနှင့် ကောင်းမှုတော်များ အကြောင်း .... ၁၈၇
အဝမြို့က မင်းရဲဥဇနာ ပုန်ကန်ခြင်းအကြောင်း .... ၁၈၈
.... ၁၉၂

စာမျက်နှာ

## အကြောင်းအရာ


မင်းညီမနှောင်နှစ်ပါးတို့ မိုးနဲ့ကမြန်လာ၍ အဝ မင်းရဲ့ဥဇနာကို
ဆောင်မြင့်ခြင်း၊ မင်းရဲသီဟကို ဖမ်း၍ ကြံရာပါ လူတို့ကို ကွပ်
မျက်တော် မူခြင်း၊ သီဝလိ ဒေဝီနှင့် မင်းရဲ နေဘဲရထာ ···· ၁၉၃
စုံမက်ခန်း ···· ၁၉၉
ရခိုင်ဘုရင်က သံစေလွှတ်ခြင်း အကြောင်း
ရခိုင်က ထပ်မံ သံစေရောက်လာခြင်း၊ ကျွန်တော်ဟောင်း
မျာ:ကို သွေးသောက်စု ဖွဲ့၍ အမည် အရည် ပေးတော်
မူခြင်း အကြောင်း ···· ၂၀၂
ငင်းမယ်ကို အလိုတော်ပြည့်၍ မိုင်းခွင်က အညွှံ မခံသော
ကြောင့် ချိတက် လုပ်ကြံရကြောင်း ···· ၂၀၅
ဘီသိက်ခံ အခမ်းအနား အကြောင်း ···· ၂၁၀
ယိုးဒယားသို့ သံစေတော်မူခြင်း၊ ဟံသာဝတီ၌ အရေးအရာ
တို့ကို ခန့်ရုံတော်မူသော အကြောင်း ···· ၂၁၅
သာလွန် မင်းတရားကြီး၊ ရွှေမော်ဓောဘုရားတွင် ကျောင်းရံ
မျာ:ကို ဆောက်လုပ်နေခိုက် ဇာလကန်မေလေတို့ ပုန်ကန်
ခြင်းနှင့် ရခိုင်သံတို့ လာရောက်ခြင်း အကြောင်း ···· ၂၁၆
ရခိုင်သို့ ရဇသံ စာပြန်ခြင်း အကြောင်း ···· ၂၂၂
သာလွန် မင်းတရားကြီး ရွှေနန်းတက်သော အစီအရင်
အကြောင်း ···· ၂၂၉
ယင်းရဲ စေတီတော် တံတိုင်းအတွင်းတွင် ပိဋကတ်ဘောင်ကို စ၍
ရေးပွဲခြင်း၊ နန္ဒယောဓ၁ အမတ်ကြီးတို့ အကြောင်း ···· ၂၃၄
မဟိုရ်စည်ကြက်ခြင်း၊ အဏ္ဏပတ်က သံရောက်ခြင်း၊ ညီတော်
မင်းရဲကျော်စွာနှင့် သားတော် အမြင့်မင်း ရှင်တလုပ်က
လုပ်ကြံတော်မူခြင်း အကြောင်း ···· ၂၃၈
ကောင်းမှုတော် ရာဇမဏိစူဠာ စေတီသို့ ဟွက်တော်မူခြင်း
သာလွန် မင်းတရား နတ်ပြည်စံလွန်တော်မူခြင်းနှင့် သားတော်
သမီးတော်မျာ: အကြောင်း ···· ၂၄၅
တရုတ်ဥတည်မင်းက အရှေ့တစ်ပြင်မြို့မျာ:ကို အခွန်တောင်းခံ
ခြင်း အကြောင်း ···· ၂၅၄

## အကြောင်းအရာ

စာမျက်နှာ

တရုတ်တို့နှင့် စစ်မက် ဖြစ်ပွါးချိန်တွင် ညီတော် ပြည်မင်းက လုပ်ကြံ၍ နောင်တော် မိဖုရားတော်တို့ကို ရေမှာ မျှောက်ခြင်း အကြောင်း ... ၂၆၀
မင်းရဲရန္တမိတ် စည်းစိမ်တော် မိဖုရား သားတော် သမီးတော်တို့ အကြောင်း ... ၂၆၇
အပူဘမ်း အရာဘမ်းတို့ကို ဘွဲ့အမည်အရည် ပေးသနားတော် မူခြင်း အကြောင်း ... ၂၇၆
ပြည်မင်း နတ်ရွာစံတော်မူခြင်း စည်းစိမ် သက်တော် ပွဲတော် မူသော ကောင်းမှုတော် မိဖုရား သားတော် သမီးတော်တို့ အကြောင်းနှင့် အိမ်ရှေ့မင်း နန်းတက်တော်မူခြင်း အကြောင်း ... ၂၈၁
အိမ်ရှေ့မင်း စည်းစိမ်တော် သားတော် သမီးတော်တို့ အကြောင်း၊ ပွဲတော်မူသော ကောင်းမှုတော် များနှင့် မင်းရဲကျော်ထင် မင်းဖြစ်ခြင်း အကြောင်း ... ၂၈၉
ကသည်းက သံရောက်လာခြင်း၊ သိန္နီစော်ဘွား စမဲနန်းကို ကွပ်မျက်၍ သား မယားတို့ကို ထောင်ထားခြင်း၊ မြေလျှင် လှုပ်ခြင်း အကြောင်း ... ၃၁၃
ဥဘင်သ ဖွင့်ရတော်မူခြင်း၊ ဘွဲ့အမည် အရည် ပေးတော် မူခြင်းနှင့် ဘဝရှင် မင်းတရားကြီး နတ်ပြည် စံတော်မူ၍ သားတော် မာန်အောင်ရတနာ ဒါယကာခံ အိမ်ရှေ့မင်း ရွှေနန်းတက်ခြင်း အကြောင်း ... ၃၁၉
မင်းရဲကျော်ထင် စည်းစိမ် နန်းသက် သားတော် သမီးတော် အကြီးနှင့် ဘွဲ့အမည် အရည် ပေးခြင်းအကြောင်း ... ၃၂၀
မုတ္တမသို့ ချီရခြင်းနှင့် ကျိုင်းတုံစော်ဘွားသမီးကို တောင်းရာ မချေမင်သောကြောင့် စစ်ချီရခြင်းနှင့် သားတော်ကို အိမ်ရှေ့ ပေးခန်း ... ၃၃၂
တရုတ်ပြည်က လက်ဆောင် ရောက်လာခြင်းနှင့် မာန်အောင် ရတနာ ဒါယကာ နတ်ပြည် စံလွန်တော်မူ၍ လောကသရုပ ဒါယကာခံ အိမ်ရှေ့မင်း နန်းတက်တော်မူခြင်း အကြောင်း ... ၃၅၀

စာမျက်နှာ

## အကြောင်းအရာ

မာန်အောင်ရတနာ ဒါယကာ မင်းတရားကြီး မိဖုရား
သားတော် သမီးတော်တို့ အကြောင်းနှင့် ကသည်းစော်
ဘွားက ဥပါယ်တံမျဉ်ဖြင့် စေလွှတ်ခြင်း အကြောင်း .... ၃၅၇
မှန်နန်းရှင် မင်းတရားကြီး နတ်ပြည် စံလွန်တော်မူ၍
သားတော် လောကသရဖူ ဒါယကာ ရွှေနန်းတက်
သိမ်းတော်မူခြင်း အကြောင်း .... ၃၆၃
ကသည်းတို့ ချီတက်လာ၍ စစ်ကိုင်းသို့ ရောက်ခြင်းအကြောင်း .... ၃၆၇
ဟံသာဝတီမှာ မင်းလောင်းပေါ်ခြင်း အကြောင်း .... ၃၇၂
ဟံသာဝတီ အရေးအကြောင်း .... ၃၇၇
ဟံသာဝတီမှာ မင်းပြုသော သမိန်ထောအကြောင်း .... ၃၇၈
ဟံသာဝတီ ဗညားဒလကို မင်းမြှောက်သော အကြောင်းနှင့်
အဝမှ စစ်မက်ရေး အကြောင်း .... ၃၈၂
လောကသရဖူ ဒါယကာ အိပ်မက်မြင်တော်မူခြင်းနှင့် အဝကို
ကသည်းစော်ဘွားက အကြံအစည်နှင့် လာခြင်းအကြောင်း .... ၃၈၇
တရုတ်ဥတည်မင်းက သံစေလွှတ်ခြင်း အကြောင်း .... ၃၈၉
မွန်တို့ စစ်ရောက်၍ မြို့တွင်းသားတို့ ဝတ်မှတ်ခြင်းနှင့်
အဝပျက်ခြင်း အကြောင်း .... ၃၉၁
လောကသရဖူ ဒါယကာဖြစ်သော အဝ မင်းတရားကို ရေမှာ
ဖျောက်ခြင်း အကြောင်း .... ၃၉၄

# မှန်နန်း မဟာရာဇဝင်တော်ကြီး

နမော တဿ ဘဂဝတော အရဟတော

သမ္မာသမ္ဗုဒ္ဓဿ။

## ဟံသာဝတီ မင်းတရားကြီး၏ ကုသိုလ်တော်များ

သက္ကရာဇ် (၉၃၄)-ခု ဝါဆိုလတွင် ကောင်းမှုတော် လေးဆူထားသော ဇရပ်သို့ မြန်မာဆရာတော်၊ မွန်ဆရာတော်၊ ယွန်းဆရာတော် အပေါင်းတို့အား ပင့်တော်မူ၍ ဆွမ်းလုပ်ကျွေးတော်မူသည်။ တရားလည်း နာတော်မူသည်။ သင်္ကန်းလျာပိတ်အုပ်၊ ခါသာအုပ်နှင့်တကွ ရဟန်း ပရိက္ခရာလည်း များစွာ လှူတော်မူသည်။ မွန်းယိမ်းသော အခါ၌လည်း ရဟန်း တို့နှင့် လျောက်ပတ်သော အဖျော်ယာဂုတို့ကို စီရင်၍ လှူတော်မူသည်။ ပါဠိ အဋ္ဌကထာ ဋီကာ ကျနတော်မူသော ဆရာတော်တို့အားလည်း ကျောင်းဇရပ်တွင် စာပေ ပို့သ၊ သင်ကြားတော်မူပါဟူ၍ တောင်းပန်တော်မူသဖြင့် ပို့သ၊ သင်ကြားရသည်။ ။ငှင်းထိုနေ့တွင် ကောင်းမှုတော်၊ သံဃာတော်ကို ဥပနာတော်မူသည်။ စားတော်ခေါ်သော မုန့်နောလင်ပန်း၊ သောက်တော်ရေဖလား၊ သောက်ရေ တော်မြူတာနှင့်တကွ ရွှေအင်း၊ရွှေကြုတ်တို့ကို ကိုယ်လေးတော် ဘုရားသွန်းစေ၍ နဝရတ်ကိုးပါး ခြယ်လယ်စီမံပြီးလျှင် ခပ်သိမ်းသော သတ္တဝါ အပေါင်းတို့၏ စီးပွါးအလို့ငှါ ရွှေဇရပ်တွင် အစောင့်အနေနှင့်တကွ ထားတော်မူသည်။ ။ ထို သက္ကရာဇ်တွင် ဟံသာဝတီမြို့တော်မှာ အလျားတစ်ဆယ့်ငါးလံသုံးတောင်၊ အဝလေးလံရှိသော သင်္ဘောခုနစ်စင်း တည်တော်မူသည်။ ပြီးလျှင် အရင်း အနှီးနှင့် ကုန်တော်ဝယ် မဲလပုတ်သို့ လွှတ်ရသည်။ထိုလတွင် ကောင်းမှုတော် မဟာစေတီကိုထီးဖြူတစ်ရာ၊ကုက္ကားတစ်ရာ၊တန်ဆောင်တစ်ရာ၊ရွှေပေါက်ပေါက်၊

ငွေပေါက်ပေါက်၊ ဆီမီးတန်ဆောင်ထွန်း၍ ပူဇော်တော်မူသည်။ ။ကိုယ်တော် ရွှေဘုရားတွင်လည်း သရီရဓာတ်တော် အဆူသုံးရာ ဌာပနာတော်မူသည်။ ဝတ်တော်မူသော ကျောက်နီကောင်းနှစ်ဆေ့ကိုသည်၊ မျက်သုံးတော်တွင် တပ်တော်မူသည်၊ ထိုအခါ မြေကြီးလျှင် ပြင်းစွာ လှုပ်သည်။ ။ဝါခေါင်လပြည့်ကျော် ၆-ရက် အင်္ဂါနေ့ သားတော်အိမ်ရှေ့မင်း မိုးကောင်းက ပြန်၍ ဟံသာဝတီသို့ ရောက်တော်မူသည်။

## သံစေတော်မူခန်း

လင်းဇင်းမြို့မှလည်း လင်းဇင်းမင်း ဖြစ်စစ်သည် ဆင်မြင်း ဗိုလ်ပါ အများနှင့် လတိုက်သို့ချီ၍ လုပ်ကြံလေသည်ကို လတိုက်မင်းက သီးကြံ၍ တိုက်လေသည်။ လင်းဇင်းမင်း ဖြစ်စစ်လည်း ဆုံးလေ၏။ ဆင်၊ မြင်း ဗိုလ်ပါလည်း အများရလေသည်။ ယင်းသို့လျှင် လင်းဇင်းမင်း အမတ် ဗညားသော်မည်သောသူသည် လင်းဇင်းမင်း ဆင်၊ မြင်း ဗိုလ်ပါတို့ကို သိမ်းယူပြီးလျှင် မညီညွတ်သော အမတ်တို့ကို သတ်၍ လင်းဇင်းမြို့ကို မင်းပြုလေ၏။ သားကိုလည်း ဗညားလကျွန်း ဟူသော အမည်နှင့် အိမ်ရှေ့ပေးလေ၏။ ထိုအကြောင်းကို ဆင်ဖြူများသခင် ဘဝရှင် မင်းတရားကြီးဘုရား ကြားတော် မူလျှင် ညီတော်-သားတော်၊ မှူးတော်-မတ်တော် အပေါင်းတို့ကို ခေါ်တော်မူ၍ လင်းဇင်းမင်း မြို့သည် မဟာနဂရတိုင်းဖြစ်၍ ထင်ရှားသော ပြည်ဖြစ်သည်၊ ထိုပြည်ကို အစဉ်မင်းပြုသော ကေရာဇ်တို့သည် အဖမရှိလျှင် သားမင်းပြုသည်။ သားမရှိလျှင် ညီမင်းပြုသည်။ ယခုလည်း လင်းဇင်းမင်း အကြီးသားဖြစ်စစ်၊ ညီ ဥပရာဇ်သည် အပါးတော်တွင် ငါ့သားတော် အရင်းနှင့် အတူ မှတ်တော်မူ၍ အလုံးအရင်း ဆင်၊ မြင်း သနားတော်မူ၍ မပြတ် မြဲစွဲရသည်။ ငါ့သား ဥပရာဇ် မင်းပြုမည့်သူ ရှိလျက်ကို ဗညားသော် လင်းဇင်းမြို့ကို မင်းပြုရာမှာ မင်းပြုသာသည်မဟုတ်သေး။ ဥပရာဇ်သာ အစဉ်အတိုင်း မင်းပြုရမည် ဟူ၍ အမိန့်တော်ရှိသည်။ ထိုအခါ ဗညားဒလလျှောက်သည်။ ဗညားသော် လင်းဇင်းမင်းရိုးမဟုတ်။ သို့ကို လင်းဇင်းကို မင်းပြုသည့်အရာမှာ လင်းဇင်း အမှူး အမတ်တို့သည် ပျပ်ဝပ်ကျိုးနွံမည် မဟုတ်။ ယင်းသို့ ဖြစ်သောကြောင့် ရာဇသံ စေတော်မူသင့်သည်။ သို့စေတော်မူသည်ကို မကျိုးမနွံ ပြန်မှ ချီတော်မူသင့်သည်ဟူ၍ နားတော် လျှောက်သည်။ ဆင်ဖြူများ သခင် ဘဝရှင်

မင်းတရားကြီး ဘုရားလည်း ဗညားဒလ သင့်အောင် စီရင်၍စေ အမိန့်တော်ရှိသည်။ ဗညားဒလလည်း မှူးတော်-မတ်တော်တို့နှင့် တိုင်ပင်၍ စေသည်။ ။ ရာဇသံတွင်မှာသည်ကား။ တိုင်းကြီး ပြည်ကြီးအပေါင်း၊ ထီးဆောင်းမင်းတကာတို့၏ အရှင် ဆင်ဖြူ-ဆင်နီများ သခင် ဘဝရှင် မင်းတရားကြီးဘုရား အမိန့်တော်ရှိသည်။ ဗညားသော့ လင်းဇင်းပြည်သည် မဟာ နဂရတိုင်းဖြစ်သည်။ ထိုတိုင်းကို အစဉ် မင်းပြုသော သူတို့သည်လည်း အဖမရှိလျှင် သားမင်းပြုသည်။ ယခုလည်း ငါ့ အပါးတော်တွင် လင်းဇင်းမင်းအကြီးသား ဖြစ်စစ်သည့် ဥပရာဇ်သည် ငါ့သားတော်ရင်းနှင့် အတူ မှတ်တော်မူ၍ ဆင်လုံး မြင်းရင်း အများနှင့် မင်းပြုမည့်သူ ရှိသည်ကို ဗညားသော့သည် လင်းဇင်းမြို့ကို မင်းပြုရာမှာ ပြုသာသည်မဟုတ် ငါ့သား ဥပရာဇ်သာ အစဉ်အတိုင်းမင်းပြုရမည် ဖြစ်သည်။ ဗညားသော့ကိုလည်း မရွတ်ချ ငါ့သူကောင်းပြုရမည်ဟူ၍ ရွှေပေတွင် ရေးစေပြီးလျှင် သမန္တရတ်နှင့် တုရင်ကျော်သူကို စေတော်မူသည်။ လင်းဇင်းသို့ ရောက်၍ မှာတော်မူသည့်စာကို၊ ဗညားသော့ ကြားလျှင် မကျစ်မလျစ် မချေမငံသော စကားကို ဆို၍ သံတို့ကို သတ်မည်ကြံလေ၏။ ထိုအခါ ဗညားသော့ ဆရာဖြစ်သော မဟာရတ် အမည်ရှိသော ပုဏ္ဏားသည် ဤသို့ဗညားသော့ကို ဆိုလေ၏။ ရှေးမင်းတကာတို့သည် စေသော သံတမန်ကို သတ်ညှစ်သည်ဟူ၍ မကြားဖူးလေ။ သို့သည်သံကိုသတ်မည်ဆိုသည့် အရာမှာ သတ်သင့်သည်မဟုတ်၊ အကြောင်းမှာလည်း ဟံသာဝတီ မင်းတရားကြီးသည် ဖြစ်ဆန်း ကေရာဇ်မဟုတ်ချေ၊ သား၊ သားမက်ညီစသော မှူးကောင်း မတ်ကောင်း ဆင်ကောင်း မြင်းကောင်း သူရဲ သူခက် ကောင်းတို့သည်လည်း မြေကြီးအထုနှင့်အတူများလှသည်။ အကြိမ်ကြိမ် ချီသမျှလည်း ခံ၍မတိုက်ဝံ့ချေ၊ ပြည်ရွာ အပေါင်းသည် ပျက်စီးကြေမွ၍ ရှိချေသည် ဟူ၍ဆိုမှ သံကိုနှင်လိုက်လေသည်။ သံတို့လည်း ညဉ့်နေ့မဆို ပြေးလာ၍ ဟံသာဝတီသို့ ရောက်လျှင် ဗညားသော့ဆိုသောစကားကို အကြွင်းမဲ့နားတော်လျှောက်လေ၏။

## ဗညားသော့ အမတ်နှင့် တွေ့ခန်း

ဆင်ဖြူများသခင် ဘဝရှင် မင်းတရားကြီး ဘုရားလည်း အမျက်တော် ပြင်းစွာ ရှိသော်လည်း၊ အမျက်တော် မရှိသကဲ့သို့ ချုပ်ရုပ်ခတော်မူ၍ ညီတော်

သားတော် မြေးတော် မတ်တော် အပေါင်းတို့ကို ခေါ်တော်မူ၍ ဤသို့ အမိန့်
တော်ရှိသည်။ ယခုသည် လင်းဇင်းကို မင်းပြုသော ဗညားသေဥ်ယေ်သည်
ငါ စေတော်မူသည်ကို မချေမင် အတော့်အတင်းသာဆို၍ နေလေသည်။
မိုးကောင်းစား မိုးညင်းစား ယော်တို့လည်း သောင်းကျန်း ထောင်လွှား
ရလေသည်။ ဤသို့ပြည်ထဲ မငြိမ်မဝပ် ရှိသည်များမှာ ငါ့သိတော် သားတော်
မြေးတော် မတ်တော် အပေါင်းတို့သည် ငါ့ကျေးဇူးတော်ကိုသာ စား၍ အမှု
တော်ကို ကြီးစား အားထုတ် ထမ်းမည်ဟူ၍ 'မလျှောက်ကြကုန်' အမိန့်တော်
ရှိသည်ကို ဗညားဒလ ဤသို့လျှောက်သည်။ လင်းဇင်းကျေးစပ် သောင်ရက်သို့
ကျွန်တော်သွား၍ ဗညားသေဥ်ကို အရေးအရာဆိုမည်။ ယင်းသို့ဆို၍ အရေး
တော်မပြီးမူ ညီတော် သားတော်တို့ကို အလုံးအရင်းများနှင့် ချီစေ၍ လုပ်ကြံ
တော်မူစေသည်ဟူ၍ နားတော်လျှောက်သည်။ ဆင်ဖြူများသခင် ဘဝရှင်
မင်းတရားကြီး ဘုရားလည်း သည်အရေးသည် သင့်လှသည်၊ ဗညားဒလသွား၍
အရေးအရာဆိုချေ အမိန့်တော်ရှိပြီးလျှင် ဗညားဒလတွင်တိုက်ဆင်တစ်ရာ၊ မြင်း
တစ်ထောင်၊ ဗိုလ်တစ်သောင်း၊ တောင်ပို့မြို့ကိုစားသော ဝေလုသုမဏာကို စစ်ကဲ
ခန့်တော်မူသည်။ သမိန်ပိုက်ညဲတပ်တွင် တိုက်ဆင်တစ်ရာ၊ မြင်းတစ်ထောင်၊
ဗိုလ်တစ်သောင်း၊ ဒွယ်ရမြို့ကိုစားသော သရေပူညာကို စစ်ကဲခန့်တော်မူသည်။
သည်နှစ်တပ်ကို သောင်ရက်သို့ အလျှင်ချီရလေသည်။ ဇင်းမယ်က ဗညားသော
သည်နှစ်တပ်ကို သောင်ရက်သို့ အလျှင်ချီရလေသည်။ ဇင်းမယ်က ဗညားသေဥ်၊
လုံတစ်တပ်၊ ဗညားသံလံတစ်တပ် သည်နှစ်တပ်ကို တိုက်ဆင်တစ်ရာ၊ မြင်းတစ်
ထောင်၊ ဗိုလ်တစ်သောင်းနှင့် သောင်ရက်သို့ချီလေဟူ၍ စေတော်မူသည်။ ယို
ဒယားကလည်း ဩယားပိဿလောက်တစ်တပ်၊ ဩယားသဝန္တလောက် တစ်တပ်၊
ဩယားပိတ်စိတစ်တပ် သည်သုံးတပ်ကို တိုက်ဆင်သုံးရာ၊ မြင်းတစ်ထောင့်ငါးရာ၊
ဗိုလ်သုံးသောင်းနှင့် သောင်ရက်သို့ ချီလေစေတော်မူသည်။ ဗညားဒလတို့နှစ်တပ်
သားလည်း၊ ဇင်းမယ်က ကြိုလာမည့်တပ်၊ ယိုးဒယားကချီလာမည့်တပ်ကို မဆုံ
သောင်ရက်သို့ အလျှင်ချီလေ၏။ သောင်ရက်သို့ ရောက်လျှင် လင်းဇင်းမင်းက
အရေးအရာ မဆိုလာသောကြောင့် ဗညားဒလ ဤသို့စေ၏။ ။ရာဇသံတော်
မှာသည်ကား ဘုန်းတော် အလွန် ကြီးမြတ်တော်မူလှသော တိုင်းကြီး ပြည်ကြီး
အပေါင်း ထီးဆောင်းမင်း တကာတို့၏ အရှင်ဖြစ်တော်မူသော ဆင်ဖြူများ
သခင် ဘဝရှင် မင်းတရားကြီးဘုရား အဂ္ဂမဟာသေနာပတိ အကြောင်းကြား
လောက်သည်။ လင်းဇင်းမင်း နိုင်ငံတော် အပေါင်း၌ နေသော ခပ်သိမ်း သော
သတ္တဝါအပေါင်းတို့ကိုရှင်တော်၌ ဖြစ်သော သားတော်ရင်းကဲ့သို့ သုံ့နားတော်

မှု၍ ဆင်းရဲအပေါင်းတို့ကို ပယ်ခတော်မူခြင်းငှါ အလိုတော်ရှိသော ရေမြေသခင် ဘဝရှင် မင်းတရားကြီးဘုရားသည် မြတ်သောရွှေနှလုံးတော်နှင့် ပြည့်စုံတော်မူ၍ အောင်ခြင်းကိုသာ ရတော်မူသည်။ ထိုသို့ ဘုန်း လက်ရုံး အာဏာ ပညာ ဟုံသာဝတီ ရွှေပြည်တော်ဘိုင် လျှောက်လာကောင်းလျက် မလျှောက်သော ကြောင့် သေနာပတိသွား၍ အရေးအရာကို ဆိုချေ။ သို့ ဆိုလျက်ကို အရေး အရာမပြီးလျှင် မြေကြီးအထုနှင့် တူသော ဆင်လုံး မြင်းရင်း အများနှင့်ချီ၍ ငါလုပ်ကြံတော်မူမည် အမိန့်တော်ရှိ၍ လာရသည်။ အရေးတော် ပြီးမည့် အကြောင်းကို ပညာဖြင့် ဆင်ခြင်၍ စီရင်ရလိမ့်မည် ဟူ၍ ရာဇသံတွင် မှာသည်။ ယင်းသို့မှ လင်ပတော့စားနှင့် ဇာပန်စားကို သောင်ရက်ကသည် လင်းဇင်းသို့ ဓသည်။ ရောက်၍ ရာဇသံစာကို လင်းဇင်း ဗုဒ္ဓဘုရားသေဥ္စ ကြားလျှင် သံ နှစ်ယောက်ကို သတ်မည့် အခြင်းအရာပြုလေ၏။ ထိုအကြောင်းကို ဗုဒ္ဓဘုရားသေဥ္စ ဆရာ မဟာရတ်ပုဂ္ဂိုလ် ကြားလျှင် ဤသို့ ဆိုလေ၏။ ရှေး အထက်က မင်းတရားကြီး စေလာသော အခါလည်း မချေမင်း ဆို၍ သံကို သတ်မည် ပြုသောကြောင့် ငါဆို၍ အရေးမပျက် ရှိဖူးလေပြီ။ ယခု သေနာပတိက စေလာ သော သံတို့ကို သတ်မည် ပြုပြန်သည့် အရာသည် မင်းကောင်းတို့၏ အကျင့် မဟုတ် ဟူ၍ မိန့်တော်မူသည်။ ယင်းသို့မှ ဆင်ကောင်း မြင်းကောင်း ရှိသ၍ကို သံတို့ကိုပြုပြီးလျှင် ယခု ငါ့ကို ရန်ပြုမည် ဟူ၍ လာသည်မှာ သေနာပတိ ဗုဒ္ဓဘုရားဒလ လာသည်ကို မဆိုနှင့်ဦး၊ မင်းတရားကြီးပင် လာသော်လည်း ငါ ဆင်အစွယ် အကုန်ကျိုးလေမှ ငါ့ကိုနိုင်မည် ဟူ၍ မှာလိုက်ပြီးလျှင် သံတို့ကို လွှတ်လိုက်၍ ပြန်လာသည်။ သံတို့ရောက်၍ မှာသည့်စကားကို ဗုဒ္ဓဘုရားဒလ ကြားလျှင် ငါသို့သော အဂ္ဂမဟာ သေနာပတိ အရေးစကား စေဆိုသည်ကို ဗုဒ္ဓဘုရားသေဥ္စ မချေမင်သော စကားကို ဆိုရှိလေသည်။ ယခုပင် ငါချီပြီး၍ လင်းဇင်းသားတို့ကို တိုက်မည် ဆိုသည်ကို တပ်မှူးစစ်ကဲတို့က ဤသို့ ဆိုကုန်၏။ ယခု လင်းဇင်းသို့ ချီ၍ လုပ်ကြံမည် မင်းကြီးမိန့်ရာမှာ ကျွန်ုပ်တို့တွင် ပါသည့် အလုံးအရင်းလည်း နည်းလှသည်။ ဆင် မြင်းလည်း ဆင်ငယ် မြင်းငယ်သာ ဖြစ်သည်။ သူ့ဆင်ကို အားမတန်ချေ။ ယိုးဒယားက ဩယားပိဿလောက်၊ ဩယား သုဝဏ္ဏလောက်၊ ဩယားပိတ်စဲတို့လည်း ယခုတိုင်အောင်မှ မရောက်၊ ဇင်းမယ်က ဗုဒ္ဓဘုရားသေဥ္စလုံ ဗုဒ္ဓဘုရားသံလံတို့လည်း ယခုမရောက်၊ ကျွန်ုပ်တို့သည် သောင်ရက်တွင် နှစ်လခန့်နေသည်။ မျိုးရိက္ခာကုန်၍ ရှာကြံသော်လည်း မရ

သောကြောင့် ရဲမက်အပေါင်းတို့လည်း ငတ်မွတ် ညှိုးငယ်ကြကုန်သည်။ ယင်း
သို့ကို ယခု ချီမည် မိန့်တော်မူသည့် အရာသည် သင့်မည်မထင်၊ ယင်းသို့
ဖြစ်သောကြောင့် ယိုးဒယား ကျေးလက်သားတို့ ရေကြောင်း ချီလာမည်
ဆိုသည်ကို မျိုးစေ့ ရိက္ခာ ရှာရမည်နှင့် ဆီးကြို၍ ပေါင်းမိသည် ဖြစ်မှ
တစ်ချက်သည်း ရေကြောင်း ကြည်းကြောင်း လင်းဇင်းသို့ ချီမှ သင့်မည်
ဟူ၍ ဆိုကုန်သည်။ ဗညားဒလလည်း၊ အစားအသောက်မရှိသည် အမှန်ဖြစ်
တော့သည်။ သည်တွင် ရှာစေသော်လည်း၊ စားလောက်အောင်မရ အခက်ပင်
ဖြစ်တော့သည်။ အစ်ကိုတို့ တပ်မှူး စစ်ကဲ စိတ်ညီလျှင် မျိုးစေ့ရိက္ခာ ရှာမည်နှင့်
ရေကြောင်း ချီလာသသူတို့ကို ဆီးကြိုတော့ ဆိုသည်။ တပ်မှူး စစ်ကဲအပေါင်းတို့
တစ်ချက်သည်း စိတ်ညီကြပြီဖြစ်၍ ယိုးဒယား ကျေးလက်သို့ ဆီးကြို မည်ဟူ၍
ရေကြောင်း၊ ချီလာသည်။ ယိုးဒယားသည်လောက်တို့က ကြားလျှင် အရေးပြီး၍
ပြန်၍ ချီကြသည်။ ဗညားဒလတို့ သောင်ရက်က ပြန်လာပြီ ဟူ၍ ပြန်ကြလေသည်။ ဇင်းမယ်က
ပြန်လာသည် အမှတ်ရှိသောကြောင့် မိမိတို့မြို့သို့ ပြန်ကြလေသည်။ ဗညားဒလ ပြန်လာပြီဟု
ချီသော ဗညားသော်လုံ ဗညားသံလတို့သည် ခရီးလတ်ကပြန်၍ ဗညားဒလ
ကြားလျှင် သောင်ရက်သို့ အရောက်မချိပဲ ရွှေဖဝါးတော်အောက်သို့ လျှောက်လာသည်။ ဆင်မြင်းများ
ပြန်လာကြောင်းကို ရွှေဖဝါးတော်အောက်သို့ လျှောက်လာသည်။ ဗညားဒလကို အမျက်တော်ရှိ၍
သခင် ဘဝရှင် မင်းတရားကြီး ဘုရားလည်း ဗညားဒလကို ယိုးဒယားကျေးတွင်
အလုပ်အကျွေး ကျွန်ငါးယောက်နှင့်သာ ဇနက်ဟူသော ယိုးဒယားကျေးတွင်
ထားတော်မူလေ၏။ ပိုက်ညဲ အရှိသော တပ်မှူး စစ်ကဲ အပေါင်းတို့ကိုမူကား
ပင်းသကာနှင့်ချည်း ဟံသာဝတီသို့ ယူတော်မူပြီးလျှင် စစ်မေးတော်မူ၍
ကျေးကျွန် သင်းပင်းတို့ကို ရုပ်တော်မူသည်။ ဗညားဒလကို ထားတော်မူ၍
ငါးလခန့်ရှိလျှင် ဇနက် ဟူသော အရပ်သည် နေသျှားတတ်သည်ဟူ၍ ယိုးဒယား
မင်းက ယူ၍ ကမန်ပိုက်တွင် နေစေသည်။ ဗညားဒလကို ပြောင်း၍ ထား
ကြောင်းကိုလည်း ယိုးဒယားမင်းက ရွှေဖဝါးတော်အောက် လျှောက်လာ
သည်။ မည်သို့မျှ အမိန့်တော်မရှိ၊ ဗညားဒလလည်း ကမန်ပိုက်သို့ ရောက်၍
တစ်လခန့်ရှိလျှင် ကြွမှာကုန်လေ၏။

## သေနာပတိ ဗညားဒလအကြောင်း

သေနာပတိဖြစ်သော ဗညားဒလအကြောင်းကား ဆင်ဖြူများသခင် ဘဝရှင်
မင်းတရားကြီးဘုရား ဟံသာဝတီကို အလိုတော်ပြည့်၍ မြို့လည်တော်မူသော

အခါ ဝေါတော်ထမ်း မွန်တို့နှင့် တိုင်ပင်၍ ဓါးကို မြေတွင် မြှုပ်ထားသည်။ ဘုန်းတော်ကြောင့် ဓါးကိုမြှုပ်ထားသော အရပ်သို့ ရောက်လျှင် ခြေတော်တို့ နင်းမိ၍ ဓါးပေါ်သည်။ ဝေါတော်သားတို့လည်း မရပ် မတည်နိုင် ရှိသည်ကို မြင်တော်မူ၍ စစ်မေးတော်မူသော် ဗညားဒလ အကြံ အစီ ဖြစ်သည် ဟူ၍ အကြောင်းကို လျှောက်လေ၏။ ဆင်ဖြူများသခင် ဘဝရှင် မင်းတရားကြီး ဘုရားလည်း ဗညားဒလကို ခေါ်တော်မူ၍ ဝေါတော်သားတို့ ထွက်ဆိုသည့် အတိုင်း နှုတ်တော်နှင့် စစ်မေးတော်မူသော် မှန်သောကြောင့် မလျှောက်ဝံ့ ဆိတ်ဆိတ် နေလေ၏။ မင်းတရားကြီး ဘုရားလည်း အကြောင်းကို သိတော်မူလျှင် ဗညားဒလသည် ငါ့ကို ကြံဝံ့ မည်မဟုတ်၊ ကြံငြားသော်လည်း ငါ့သို့သော မင်းကို ဖြစ်နိုင်မည်မဟုတ်ဟူ၍ အမိန့်တော်ရှိပြီးလျှင် ဝေါတော်သားတို့ကိုသာ ကွပ်မျက်တော်မူသည်။ ဗညားဒလမှာ အခင်းမရှိ။ တစ်ကြိမ်လည်း ရွှေမော်ဓော ဘုရားသို့ တက်တော်မူရာတွင် ပြီးစီးသော မွန်တစ်ကျိပ်တို့ကို မင်းတရားကြီး ဘုရားသို့ အတက်ကို လုပ်ကြံလေဟု မဟာရာမ် စောင်းတန်းအထက် မုခ်ဦးတွင် နေရသည်။ မင်းတရားကြီး ဘုရားသို့ တက်တော်မူ၍ မဟာရာမ် မုခ်ဦးသို့ ရောက်တော်မူလျှင် ဘုန်းတော်ကြောင့် ထံ့ပါးမုခ်ဦး အထက်က နေနှင့်သော မွန်တို့သည် မရပ်မတည်နိုင်ရှိ၍ မြေသို့ချည်း ကျကုန်၏။ ထို မွန်တို့ကို စစ်ဆေးတော်မူသော် ဗညားဒလ အကြံအစည်ဟူ၍ လျှောက်လေ၏။ ဘဝရှင် မင်းတရားကြီး ဘုရားလည်း ဗညားဒလကို ခေါ်၍ မွန်တို့ ထွက်ဆိုသည့် အတိုင်း စစ်ဆေးတော်မူသော် မှန်သောကြောင့် မည်သို့မျှ မလျှောက်ဝံ့ ဆိတ်ဆိတ်နေလေ၏။ အကြောင်းကိုသိလျှင် ဗညားဒလသည် မကြံဝံ့ရာ၊ ကြံငြားသော်လည်း ငါ့သို့သော မင်းကို မဖြစ်နိုင်ရာ အမိန့်တော်ရှိပြီးလျှင် မွန်တို့ကို ကွပ်မျက်တော်မူပြန်လေသည်။ တစ်ကြိမ်လည်း ထီးဘုရားရှင်သို့ ရွှေဖောင်တော်နှင့် ကြွတော်မူရာတွင် ရေ၌ အရှည်အကြာ ငုပ်၍ နေနိုင်သော မွန် နှစ်ယောက်တို့ကို ရွှေဖောင်တော်သို့ အတက်တွင် လုပ်ကြံလေ ဟူ၍ ဖောင်တော်ရင်း ဝေါတော် ရှည်အောက် ရေတွင် ငုပ်၍ နေရသည်။ ဘဝရှင် မင်းတရားကြီးဘုရား ဝေါတော်က ဖောင်တော်သို့ အတက်တွင် ဘုန်းတော်ကြောင့် ရေပလုံထိုးသည်ကို မြင်တော်မူ၍ ငုပ်၍ ဝပ်နေသော် မွန် နှစ်ယောက် ဓါးကိုကိုင်လျက် နေသည်ကို တွေ့လေ၏။ အကြောင်းကို စစ်မေးတော်မူလေသော် ဗညားဒလ အစီအရင် ဟူ၍ လျှောက်လေ၏။ ဘဝရှင် မင်းတရားကြီး ဘုရားလည်း ဗညားဒလကို ခေါ်၍ မေးတော်မူသော် မှန်သော

ကြောင့် မလျောက်ထုံ ဆိတ်ဆိတ်နေလေ၏။ အကြောင်းကို သိတော်မူလျှင် ဖြစ်ဘူးလေလည်း မကြုံဖူး၊ ကြံဖြူးသော်လည်း ငါသို့သော မင်းကို မဖြစ်နိုင်ရာ ဟူ၍ အမိန့်တော်ရှိပြီးလျှင် ထို မှန်နှစ်ယောက်တို့ကိုသာ ကွပ်မျက်တော်မူသည်။ ဤသို့ ကိုယ်တော်မြတ်ကို သုံးကြိမ်စေ အောင် ကြံဖြူးသော် လည်း ဖြစ်ဘူးလေသည် နတ်ရည် လက်ရည် ဂုဏ်ပျတ္တိနှင့် ပြည့်စုံသောသူဖြစ်၍ နှမြောတော်မူသောကြောင့် ကွပ်မျက်တော်မမူ၊ ထစ်ပါးသော မင်းကောရာဇ်တို့ ခံလေ့ရှိသော သည်းကို ခံတော်မူသည်။ သည်တစ်ကြိမ်မှကား စစ်ရေးဖြစ်သော ကြောင့် သည်းခံတော်မမူသာ၊ ယိုးဒယား ကျေးနေကိုသို့ ပို့တော်မူသည်။ ငါးလခန့်ရှိလျှင် နေ့ကိုဟူသောအရပ်သည်နားဗျားတတ်သောကြောင့် ကမန်ပိုက် စားက လျှောက်၍ ကမန်ပိုက်သို့ ယူ၍ ထားရာတွင် ကြမ္မာကုန်လေသည်။

## တိဂုံဆံတော်ရှင်ကို ထီးတော်တင်ခန်း

သက္ကရာဇ် (၉၃၄) ခုနှစ် သီတင်းကျွတ်လပြည့်ကျော်တစ်ဆယ့်တစ်ရက် တနင်းလာနေ့ တိဂုံဆံတော်ရှင် ဘုရားမြတ်စွာကို ထီးတင်တော်မူသည်။ သဘင်ခံတော်မူ၍ ရက်လည်အောင် ဆွမ်းလုပ် ကျွေးတော်မူသည်။ ပရိက္ခရာရှစ်ပါးလည်း အစုံခုနစ်ရာ လှူတော်မူသည်။ တပို့တွဲလဆန်း လေးရက် တနင်းလာနေ့ မကာရ နေးလဂ်တွင် သားတော် သယံဒတ္တ ဆံချတော်မူသည်။ သက္ကရာဇ် (၉၃၅) ခုနှစ် နယုန်လဆန်း ဆယ်ရက် စနေနေ့ ဥယျာဉ်တော်တွင် သီးသော ဘုန်းသီး၊ ကွမ်းသီး၊ လိမ်မော်၊ ခရမ်းပိမ့် စသော သစ်သီးဖိုး၊ စံပယ်၊ ကြက်ရုံး အစရှိသော ပန်းဖိုးရသော ကြေးစင်တစ်ထောင်ကို ဘုရားကြီး သွန်းတော်မူသည်။ ထိုနေ့၌ ဆင်တော် ဟူသရွေ့ကို အပည် သမုတ်တော်မူသည်။ ။ သီတင်းကျွတ် လပြည့်ကျော် ခုနစ်ရက် ဗုဒ္ဓဟူးနေ့ အနန်က ဆင်ဖြူရောက်လာ၍ နန်းတွင်းသို့ သွင်းတော်မူသည်။ သီတင်းကျွတ်လကွယ် တနင်းလာနေ့ သိန်းလှိုင်ဌက ချစ်မြတ်နိုးလှစွာသော သီးကို အခြွေအရံနှင့်တကွ သဘော်တွင် တင်၍ ဆက်လာသည်။ ပုသိမ် သဘော်ဆိပ်သို့ ရောက်လာသော အကြောင်းကို လျှောက်လာ၍ ကြားလျှင် လှော်ကားနှစ်စင်းတွင် သာယာလှစွာသော ထားဝယ်နှစ်ထပ်လုပ်စေ၍ အမိုးဂုံး ဇရပ်မိုးစေပြီးလျှင် ကတော်ကြီး လေးပါးတို့ကို အဆောင် အယောင် ကျင်းပစေလျက် ဖောင်တွင် စီးစေပြီးလျှင် သဘော်ဆိပ် တိုင်အောင် ကြို၍ သဘော်ကို လှော်ကားနီ လေးစင်းငင်ရသည်။ မူးတော် မတ်တော် အပေါင်းတို့ကို

လည်း၊ မိမိတို့ရသော လေ့မှတ်နှင့် လျှော်ကားကြေ ရေသုံးရာကျော်ဝန်းရံ၍ ပဲ့တင်ထပ်မျှ ဟီးမှတ်လျက် ပုသိမ် သင်္ဘောသိပ်ကသည် ဟံသာဝတီသို့ ဆောင်ယူရသည်။ ရောက်သျှင် မင်းညီမင်းသား မှူးတော် မတ်တော် ရဲမက် ဗိုလ်ပါ အများခြံရံစေ၍ မှတ်လှနှင့် သွင်းတော်မူသည်။ နန်းတွင်းမှာလည်း ကောင်းမွန် သာသာလှစွာသော အိမ်နှင့် အထိန်း အသီ ပေးတော်မူ၍ နေရ သည်။ ။နှစ်တွင်လပြည့်ကျော် ၂-ရက် တနင်္ဂနွေနေ့ ကြေးဘုရားကြီးထား ရာ ထူးဆန်းလှသော ပြာသာဒ်ကို ဆောက်တော်မူသည်။ ။ယင်းသည်နှောင် ငင်းမယ်ပုံ မဟာစေတီဘုရားပြိုပျက်ခဲ့လသည်ကို ငွေသုံးရာသျှုတော်မူ၍ လုပ်ရ လေသည်။ ယင်းသည်နှောင် ကျိုက်ကို ဘုရားပြိုပျက်သည်ကို လုပ်စိမ့်မည်ဟု၍ အုတ်ဖိုးငွေ တစ်ဆယ့်ငါးပိဿာ လှူတော်မူ၍ လုပ်ပြုစေရသည်။

## သားတော်နှင့် သမီးတော်တို့ စုံဖက်တော်မူခန်း

ငှင်း တပို့တွဲလပြည့် ဗုဒ္ဓဟူးနေ့၊ သားတော် ဥတ္တမဆုင်ကို သမီးတော် ခင်ဘုန်းမြတ်နှင့် စုံဖက်တော်မူသည်။ ကွမ်းခွက်ရွှေခမြောင်း လက်ဖက်အိုး တကောင်းဖုံး ပတ္တမြားငါးရစ်စီ ထွေးခံ ရွှေချက်တစ်စင်း မြင်းရွှေကြိုး ရွှေက ဆင်ပေါင်းဝန်း ရွှေရေးစည်ခုနစ်လုံး၊ နှဲသုံးစင်း၊ ခရာနှစ်စင်း၊ အမတ်သား တစ်ကျိပ်၊ ဆင်ဆယ်စီးနှင့်တကွ စစ်ကိုင်းမြို့ကို ပေးတော်မူသည်။ သမီးတော်ကို လည်း ပတ္တမြားမြတ်ရစ်မြိတ်ခံနှင့်တကွ ကွမ်းခွက် လက်ဖက်အိုး တကောင်းဖုံး ပတ္တမြားသုံးရစ်စီထွေးအင်းကျိုင်းကြီး ရွှေချက် ကျိုင်းငယ် ရွှေချက်နှစ်စင်း အပျို စီးဝေါ ပေးတော်မူသည်။ ယင်းသည် ၂-ပါးတွင် မွေးမြင်သည့် သမီးကို ပယ်သု ငယ်စား ဧချင်းဖွဲ့ဆို၍ ခင်ကြီးငေးချင်းဟု တွင်၏။ စစ်ကိုင်းမြောက်ဘက် ဆည် သည့် ကန်ကိုလည်း ဥတ္တမရာဇ်ကန်ဟု တွင်၏။ သားတော် ရှင်နန်းမြင့်ကိုလည်း သမီးတော်သီလဝတီနှင့် စုံဖက်တော်မူ၍ ကွမ်းခွက်ရွှေခမြောင်း လက်ဖက်အိုး၊ တကောင်းဖုံး ပတ္တမြားတစ်ရစ်စီ ထွေးအင်ရွှေချက်တစ်စင်း၊ မြင်းရွှေကြိုး ရွှေက ဆင်ပေါင်းဝန်း ရွှေရေးစည် ခုနစ်လုံး၊ နှဲသုံး၊ ခရာနှစ်၊ အမတ်သားတစ်ကျိပ်၊ ဆင်ဆယ်စီးနှင့်တကွ တောင်တွင်းမြို့ကို ပေးတော်မူသည်။ သမီးတော်ကို လည်း ပတ္တမြားမြိတ်ရစ် မြိတ်ခံနှင့်တကွ ကွမ်းခွက်ရွှေခမြောင်း လက်ဖက်အိုး တကောင်းဖုံး၊ ပတ္တမြားသုံးရစ်စီ ထွေးအင်ကျိုင်းကြီးရွှေချက်၊ ကျိုင်းငယ် ရွှေချက်နှစ်စင်း၊ အပျိုစီးဝေါ ပေးတော်မူသည်။ သားတော် အရှင်ဦးပုတ်ကို

လည်း သမီးတော်နှံ့သီလာနှင့် စုံဖက်တော်မူ၍၊ ကွမ်းခွက်ရှစ်မြွှာ၊ လက်ဖက်
ကိုးတကောင်ဖုံး၊ ပတ္တမြားတစ်ရစ်စီ ထွေးအင်ရွှေချက်တစ်စင်း၊ မြင်းရွှေကြိုး
ရွှေကာအင်ပေါင်းဝန်း ရွှေခရားစည်ခုနစ်လုံး၊ နှဲသုံး၊ ခရာနှစ်၊ အမတ်သား
တစ်ကျိပ်၊ ဆင်ဆယ်စီးနှင့်တကွ သောင်ရမ်းမြို့ကို ပေးတော်မူသည်။ ။သမီး
တော်ကိုလည်း ပတ္တမြားမြိတ်ရစ်မြိတ်ခံနှင့်တကွ၊ ကွမ်းခွက်ရှစ်မြွှာ လက်
ဖက်အိုး တကောင်းဖုံး ပတ္တမြားသုံးရစ်စီ ထွေးအင်ကျိုင်းကြီးရွှေချက် ကျိုင်း
ငယ်ရွှေချက်နှစ်စင်း၊ အမျိုးဝေါ ပေးတော်မူသည်။ ။သားတော်ဝရမ္မကို
သမီးတော် သုခဝတီနှင့် စုံဖက်တော်မူ၍၊ ကွမ်းခွက်ရှစ်မြွှာ လက်ဖက်အိုး
တကောင်းဖုံး ပတ္တမြားတစ်ရစ်စီ ထွေးအင်ရွှေချက်တစ်စင်း၊ မြင်းရွှေကြိုး ရွှေက
ဆင်ပေါင်းဝန်းရွှေခရား၊ အမတ်သား တစ်ကျိပ်၊ ဆင်ဆယ်စီးနှင့်တကွ၊ မော်လ
မြိုင်မြို့ကို ပေးတော်မူသည်။ သမီးတော်ကိုလည်း ပတ္တမြားမြိတ်ရစ် မြိတ်ခံနှင့်
တကွ၊ ကွမ်းခွက် ရှစ်မြွှာ လက်ဖက်အိုး၊ တကောင်းဖုံး ပတ္တမြားသုံးရစ်စီ
ထွေးအင်၊ ကျိုင်းကြီးရွှေချက် ကျိုင်းငယ်ရွှေချက်နှစ်စင်း၊ အမျိုးဝေါ
ပေးတော်မူသည်။

၎င်းတပို့တွဲ လပြည့်ကျော် နှစ်ရက် သောကြာနေ့ ကောင်းမှုတော် မဟာ
စေတီတော်မျက်နှာ၊ ဟံသာဝတီမင်း အဆက်ဆက်တို့ မဆောက်မလုပ်ဖူးသေး
သော ကောင်းမှု လုပ်ရှာသော သုဓမ္မာ ဇရပ်တော်ကို ဆောက်လုပ်တော်
မူ၍၊ အတွင်းမြို့ ရွှေအပြည့်ထည့်တော်မူသည်။ ။တပေါင်းလဆန်းခုနစ်ရက်
ဗုဒ္ဓဟူးနေ့ ရာဇဒေဝီ ရှင်မိဖုရား သားတော်မင်းသားစစ်ကို ညီတော်ပြည်ဘုရင်
သတိုးမဟာရာဇ သမီးတော် ဆင်ဖြူရှင် မယ်တော်နှင့် စုံဖက်တော်မူသည်။ ။
ယင်းသည့်နေ့၌ ရာဇဒေဝီ ရှင်မိဖုရား၊ သမီးတော် ရာဇဓာတုကလျာကို နား
ထွင်းတော်မူသည်။ ။၎င်း တပေါင်းလပြည့်နေ့၊ ရှင်မိဖုရားအစရှိသော သား
တော် သမီးတော် မောင်းမမိဿံ မှူးတော် မတ်တော် ကတော်စုံမင်းခြံရံလျက်၊
ရတနာအတိပြီးသော ဟင်္သာရုပ် ရွှေပေါင်တော်စီး၍၊ လှေရံလှော်ကား သုံးရာ
ကျော် တိုက်လှေ– ကတ္တူလှန်းကြင် တစ်ထောင်၊ မြစ်လုံး ပဲ့တင်ထပ်မျှ၊ ရေ
ကြောင်း တိဂုံဆံတော်ရှင်ဘုရားသို့ ကြွတော်မူသည်။ ။ကြည်းကြောင်းမှာ
လည်း အတပ်နှစ်ဆယ် စီရင်တော်မူ၍ ရှိရသည်။ ထောက်တော်မူလျှင် သဘင်၊
ကြီးစွာ ခံတော်မူသည်။ ထီးကျလေသည်ကို တင်တော်မူသည်။ ရွှေဆည်းလည်း၊
မိုးကြိုးဆည်းလည်း၊ ငွေဆည်းလည်း လှူတော်မူသည်။ ဆင်တော်မူသော မကိုဋ်

တော်နှင့်တကွ၊ ရွှေအချိန် သုံးဆယ်ငါးပိဿာကိုလည်း မျက်ပါးခတ်၍ ထီး ချရားသီးကသည် မြေတိုင်အောင် ရွှေဘည့်တော်မူသည်။ ဆီမီးမြင်းမိုရ်သည်း နှစ်ဆောင်လုပ်စေ၍ ဆီမီးလှူတော်မူသည်။ ဘုရားတွင် ငါးရက်နေတော်မူ၍ ရေအား ကြည်းအား ပြန့်တော်မူသည်။ ရွှေနန်းတော်သို့ ရောက်တော်မူသျှင် ရွှေရုပ်တု မိုးကြိုးရုပ်တု ငွေရုပ်တု ပဉ္စလောဟာရုပ်တုတို့ကို အနေကဇာတင်တော်မူသည်။ ယင်းသောခါ ပင့်သောသံဃာတော်ကား မြန်မာပြည်အလုံး မွန်ပြည်အလုံး ယွန်းပြည်အလုံး ရှမ်းပြည်အလုံးတွင် ရှိသော ကျောင်းနေပုဂ္ဂိုလ် အပေါင်း (၃၅၅၅)ပါးတို့ကို ဘုရားဝန်းကျင်တွင် မဏ္ဍပ်ကနားကြီး အဆောင်ဆောင် ဆောက်၍ ဆွမ်းလုပ် ကျွေးတော်မူသည်။ ပရိက္ခရာ ရှစ်ပါးနှင့်တကွ ခါသာအုပ် ပိတ်အုပ် အုံးမွေ့ရာကော်ဇော ငွေတ် ကွမ်းသီး ဖရ ဆေးများစွာ အစုံ လှူတော်မူသည်။ ဟံသာဝတီရွှေမြို့တော်တွင်ရှိသော မစားရတတ် မဝတ်ရတတ်သော သူတို့အားလည်း ပုဆိုးတစ်ထည် အင်္ကျီတစ်ထည်ကြေးသုံးပိဿာ ဆန်တစ်စိတ်စီ လှူတော်မူသည်။ ပုဆိုးပေါင်း ငါးထောင်လေးရာ၊ ကြေးပေါင်း တစ်သောင်းခြောက်ထောင်နှစ်ရာ၊ ဆန်ပေါင်းသုံးရာငါးဆယ်၊ သည်အလှူတော်များကို တံခါးတွင် မှူးတော်မတ်တော်များတို့ ကြပ်မတ်၍လှူရသည်။ ဗျတ္တိဗလနှင့် ပြည့်စုံသော မြန်မာသာမဏေတို့ကိုလည်း ယင်းသည့်နေ့ပင် ကလျာဏီသိမ်တွင် ပဉ္စင်းခံတော်မူသည်၊ အဋ္ဌကထာဋီကာကျမ်းတစ်ရာတစ်ဆယ့်လေးကျမ်းကိုလည်း အဝေးသံဃာတို့အား တစ်ကျမ်းစီ အပ်တော်မူသည်။ ဆန် ဆား ငါးပိလည်း သုံးဆောင်လောက်အောင် အဝေးသံဃာတို့အား လှူတော်မူ၍ ကောင်းမှန်စွာ ပို့သည်။ ။၎င်းတပေါင်းလပြည့်ကျော်တစ်ဆယ့်နှစ်ရက်တနင်္ဂနွေနေ့ သိမ်းတော်ခင်ဘုန်းမြင့်ကို ဝတ္တကာမင်းကြီးသားတော် နမိန္ဒုတ်နှင့် စုံဖက်တော်မူ၍ ကျုပ်မြင်းမိုရ် လက်ဖက်အိုး ပတ္တမြားတစ်ရစ်စီ ကျိုင်းရိုးကြုံသစ် ပေးတော်မူ၍ နေရာလွှတ်နေရသည်၊ သိမ်းတော်ကိုလည်း ပတ္တမြား မြိတ်ရစ် မြိတ်ခံနှင့်တကွ ကွမ်းခွက် လက်ဖက်အိုး တခကောင်းဖုံး ပတ္တမြားသုံးရစ်စီ သွေးအင်ကျိုင်းကြီးရွှေချက် ကျိုင်းငယ် ရွှေချက်နှစ်စင်း အပျိုစီးဝေါ ပေးတော်မူသည်။ သိမ်းတော် ခင်ဘုန်းသစ်ကိုလည်း ပုခန်းမင်းကြီးသားတော် မင်းစည်သူနှင့် စုံဖက်တော်မူ၍ ကျုပ်မြင်းမိုရ် လက်ဖက်အိုး ပတ္တမြားတစ်ရစ်စီ ကျိုင်းရိုးကြုံသစ် ပေးတော်မူ၍ နေရာလွှတ်နေရသည်။ ။သိမ်းတော်ကိုလည်း ပတ္တမြား မြိတ်ရစ် မြိတ်ခံနှင့်တကွ ကွမ်းခွက် လက်ဖက်အိုး တခကောင်းဖုံး ပတ္တမြားသုံးရစ်စီ သွေးအင်ကျိုင်းကြီး ရွှေချက် ကျိုင်းငယ် ရွှေချက်နှစ်စင်း အပျိုစီးဝေါ ပေးတော်မူသည်။ သိမ်းတော်မင်းအကြီးကို

ပုသိမ်မင်းကြီးသားတော် နန္ဒကျော်ထင်နှင့် စုံဖက်တော်မူ၍ ကျပ်မြင်းမိုရှိ လက်ဖက်အိုး ပတ္တမြားတစ်ရစ်စီ ကျိုင်းခိုးကြိုးဆင်ပေးတော်မူ၍ နေရာလွှတ်ခနေရသည်။ သို့တော်ကိုလည်း ပတ္တမြားမြိတ်ရစ်မြိတ်ခံနှင့်တကွ ကွမ်းခွက်လက်ဖက်အိုး တကောင်းပုံး ပတ္တမြားသုံးရစ်စီ ထေးအင်ကျိုင်းကြိုးရွှေချက် ကျိုင်းငယ်ရွှေချက် နှင်ဝင်း အမျိုးဝေ ပေးတော်မူသည်။ ။သို့တော်သုဂန္ဓဝတီကို သားဝယ်မင်းကြီးသားတော် ရမည်းသင်းနှင့် စုံဖက်တော်မူ၍ ကျပ်မြင်းမိုရှိလက်ဖက်အိုး တကောင်းပုံးပတ္တမြားတစ်ရစ်စီကျိုင်းခိုးကြိုးဆင် ပေးတော်မူ၍ နေရာလွှတ်ခနေရသည်။ သို့တော်ကိုလည်း ပတ္တမြားမြိတ်ရစ်မြိတ်ခံနှင့်တကွ ကွမ်းခွက် လက်ဖက်အိုး တကောင်းပုံး ပတ္တမြားသုံးရစ်စီ ထေးအင် ကျိုင်းကြိုးရွှေချက် ကျိုင်းငယ်ရွှေချက်နှင်ဝင်း အမျိုးဝေ ပေးတော်မူသည်။ ။သို့တော်မြတ် မျိုးဘုန်းဝေကို ပြည်ဘုရင် သတိုးဓမ္မရာဇာ သားတော်နန္ဒယောဓာနှင့် စုံဖက်တော်မူ၍ ကျပ်မြင်းမိုရှိ လက်ဖက်အိုးပတ္တမြားသုံးရစ်စီ ကျိုင်းခိုး ကြိုးဆင် ပေးတော်မူ၍ နေရာလွှတ်နေရသည်။ သို့တော်ကိုလည်း ပတ္တမြားမြိတ်ရစ်မြိတ်ခံနှင့်တကွ ကွမ်းခွက် လက်ဖက်အိုး တကောင်းပုံး ပတ္တမြားသုံးရစ်စီ ထေးအင်ကျိုင်းကြိုးရွှေချက် ကျိုင်းငယ်ရွှေချက်နှင်ဝင်း အမျိုးဝေ ပေးတော်မူသည်။

သက္ကရာဇ်(၉၃၆)ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော်တစ်ရက် ကြာသပတေးနေ့ မိုးကောင်း မိုးညှင်းသို့ ခန်းမော် စော်ဘွားတစ်တပ်၊ မိုးမိတ် စော်ဘွားတစ်တပ်၊ အုန်းဘောင်စော်ဘွားတစ်တပ်၊ သိန္နီစော်ဘွားတစ်တပ်၊ မိုးနဲစော်ဘွားတစ်တပ်၊ ညောင်ရွှေစော်ဘွားတစ်တပ်၊ ယုံစားတစ်တပ်၊ တလုပ်စားတစ်တပ်၊ ပုခန်းကြီးစားတစ်တပ်၊ အမြင့်စားတစ်တပ်၊ ပဒုံစားတစ်တပ်၊ ကန္နီစားတစ်တပ်၊ တပယင်းစားတစ်တပ်၊ မြေဒူးစားတစ်တပ်၊ သမက်တော်အဝဘုရင်သတိုးမင်းစောကိုတပ်မှူး၍ တစ်ဆယ့်ငါးတပ်တွင်ပါသည့်တိုက်ဆင်ရှစ်ရာ၊ မြင်းရှစ်ထောင်၊ စစ်သည်သူရဲခြောက်သောင်းနှင့်ချီရသည်။ ချီရသည်။ သည်တစ်ဆယ့်ငါးတပ်တွင်ပါသည့်တိုက်ဆင်ရှစ်ရာ၊ မြင်းရှစ်ထောင်၊ စစ်သည်သူရဲခြောက်သောင်းနှင့်ချီရသည်။ ထောက်လျှင်မိုးကောင်းစော်ဘွားမိုးညှင်းစော်ဘွားတို့လည်း မြို့တွင်း မခံနိုင်၍ အလုံးအရင်းနှင့်တကွ တောသို့ ပြေးလေ၏။ အဝဘုရင် သတိုးမင်းစောတို့ တစ်ဆယ့်ငါးတပ်သားတို့လည်း မိုးကောင်းတွင်အနေအထား ပြုတော်မူ၍ လိုက်လံ ရှာကြရသည်၊ မတွေ့ချေ။

## မင်းတရားကြီး ကိုယ်တော်တိုင် လင်းငင်းသို့ ချီတော်မူခန်း

ဆင်ဖြူများသခင် တဝရှင်မင်းတရားကြီးဘုရားလည်း ညီတော် သားတော် မှူးတော် မတ်တော် အပေါင်းတို့ကို ခေါ်တော်မူ၍ ဤသို့ အမိန့်တော်ရှိသည်။

မဟာနဂရတိုင်းဖြစ်သော လင်းဇင်းမြို့ကို ငါသား ဥပရာဇ်မင်းပြုမည်ဟုရှိလျက် ယခု ဗညားသေသည် မင်းပြုလေသောကြောင့် ဗညားဒလ တို့ကို စေ၍ အရေး အရာ ဆိုစေသော်လည်း အရေးမပြီးချေ၊ ယင်းသို့ဖြစ်သောကြောင့် ငါကိုယ်တိုင် ချီ၍ ငါသား ဥပရာဇ်ကို နန်းတင်မည်ဟု၍ အမိန့်တော်ရှိပြီးလျှင် လင်းဇင်းသို့ ချီမည်ကိုစီရင်ခန့်ရန်တော်မူသည်မှာ၊ သီရိဇေယျနော်ရထာတစ်တပ်၊ ယိုးကရယ် တစ်တပ်၊ သီရိဓမ္မာတစ်တပ်၊ ဗညားအရိန္ဒမတစ်တပ်၊ ဥတ္တမသီရိဇေယျသူတစ်တပ်၊ သမိန်ပွန်စည်တစ်တပ်၊ မင်းကျော်ထာတစ်တပ်၊ သမိန်ကြုတ်စတစ်တပ်၊ နန္ဒသူရိ ယတစ်တပ်၊ ညီတော်တောင်ငူဘုရင်မင်းခေါင်တပ်မပြု၍ချီသည်။ သည်ဆယ်တပ် တွင် ပါသည့် တိုက်ဆင် (၆၀၀)မြင်း (၆၀၀၀) စစ်သည်သူရဲ (၁၁၀၀၀၀) နှင့် တစ်ကြောင်းချီရသည်။ နေမျိုးကျော်ထင်တစ်တပ်၊ သမိန်သံလိုက်တစ်တပ်၊ ရာဇသင်္ကြံတစ်တပ်၊ သမိန်ရဲသရဲတစ်တပ်၊ မင်းမဟာတစ်တပ်၊ သမိန်ဇော်တရုတ် တစ်တပ်၊ဘယသင်္ကြံကြီးတစ်တပ်၊ သမိန်ဘရမ်းတစ်တပ်၊ ဘယကျော်သူတစ်တပ်၊ ညီတော်ပြည်ဘုရင် သတိုးဓမ္မရာဇာ တပ်မပြု၍ချီရသည်၊သည်တပ်ဆယ်တပ်တွင် ပါသည့် တိုက်ဆင် (၆၀၀)မြင်း(၆၀၀၀)စစ်သည်သူရဲ (၁၁၀၀၀၀) နှင့် တစ်ကြောင်းချီရသည်။ဘယဂါမဏိတပ်တစ်တပ်၊အဲမွန်တရာတစ်တပ်၊ဇေယျသင်္ကြံ တစ်တပ်၊သမိန်လက္ခန်းအိမ်တစ်တပ်၊ဇင်းမယ်ဗညားသေဉ်လုံတစ်တပ်၊ ဗညားသံ လံတစ်တပ်၊ယိုးဒယားကဩယားပိသလောက်တစ်တပ်၊ ဩယားသုဝဏ္ဏလောက် တစ်တပ်၊ ဩရားပိတ်စဲတစ်တပ်၊ သားတော်မဟာဥပရာဇာတပ်မပြု၍ ချီရသည်။ သည်ဆယ်တပ်တွင် ပါသည့် တိုက်ဆင် (၆၀၀) မြင်း (၆၀၀၀) စစ်သည် သူရဲ(၁၁၀၀၀၀) နှင့်တစ်ကြောင်းချီရသည်။ ဆင်ပြူများသခင် ဘဝရှင် မင်း တရားကြီးတပ်တော်တွင်၊ ဝင်းတော် လေးမျက်နှာသား (၄၀၀၀)ကို၊ ရွှေဒိုင်း ရွှေလွှား ရွှေလှံ တွဲစေ၍ လက်ဝဲလက်ယာ ရွှေနောက် တစ်ထောင်စီလိုက်ရသည်။ ရွှေဦးရစ်တွင် ရွှေပန်း ပန်စေသော ကုလားပသီ လေးယောက် တို့ကိုလည်း သေနတ်ကိုင်စေ၍ လက်ဝဲလက်ယာ ရွှေနောက်တစ်ထောင်စီလိုက်ရသည်။ဝမ်းဘဲ နွတ်သီး ဦးထုပ် ဆောင်းစေ၍ ဘောင်းဘီနက် ဝတ်စေသော ကုလားဘုရင်ဂျီ (၄၀၀) တို့ကိုလည်း အမြောက် (၄၀၀) တွဲစေ၍ လက်ဝဲလက်ယာ ရွှေနောက် (၁၀၀) စီလိုက်ရသည်။ ရွှေမောက်တို့တွင် ရွှေပန်း ပန်စေ၍ ရွှေချပ် ဝတ်စေ သော မြင်းသည် လေးထောင်ကိုလည်း လက်ဝဲ လက်ယာ ရွှေနောက် မြင်း တစ်ထောင်စီလိုက်ရသည်။မှူးသား မတ်သား ဆင်စီး လိမ်မာသသူ လူလေးရာကို လည်း၊ တိုက်ဆင်လေးရာနှင့် လက်ဝဲလက်ယာ ရွှေနောက်တစ်ရာစီလိုက်ရသည်။

ရှေ့ဝင်းတော်က သီရိဇေယျကျော်ထင်ကို တပ်မှူး၊ လက်ဝဲ ရန္တမိတ်ကို စစ်ကဲ ခန့်တော်မူသည်။ လက်ယာဝင်းတော်က သက်ရှည်ကျော်ထင်ကိုတပ်မှူး၊ လက်ဝဲ ရန္တသူကို စစ်ကဲခန့်တော်မူသည်။ လက်ဝဲဝင်းတော်က နန္ဒကျော်သူကို တပ်မှူး ဇေယျရန္တမိတ်ကို စစ်ကဲခန့်တော်မူသည်။ နောက်ဝင်းတော်ဘယကျော်ထင်ကို တပ်မှူး၊ မဟာသီရိကို စစ်ကဲခန့်တော်မူသည်။ ဟံသာဝတီတွင် တရပျားနှင့် သမိန်ဗိပ္ပန်ကို မြို့စောင့် ခန့်တော်မူသည်။ ဗညားလောနှင့် မင်းစည်သူကို အနောက်ပုသိမ်တစ်လျှားကို အစောင့်အနေခန့်တော်မူသည်။ ဤသို့ ခန့်ရန်တော်မူပြီးမှ သိကြားမင်း၏ အသရေကဲ့သို့ အလွန်တင့်တယ်စွာ (၉၃၆)ခု၊ သီတင်းကျွတ်လပြည့်ကျော် ၇-ရက် ဗုဒ္ဓဟူးနေ့ လင်းဇင်းမြို့သို့ ချီတော်မူသည်။

လင်းဇင်းမင်း ဗညားသည်လည်း ဘဝရှင်မင်းတရားကြီးဘုရား ဆင် မြင်း ဗိုလ်ပါ အများနှင့်ချီတော်မူလာပြီဟူ၍ ကြားလျှင် ဆင်ကောင်း မြင်းကောင်း ရှိသမျှကို တောင်တောနက်ရာမှာ ဝှက်ခဲ့၍ ထားပြီးလျှင် အလုံးအရင်းနှင့်တကွ ပြေးမည့် အခြင်း အရာကို စီရင်၏။ ထိုအခါ လင်းဇင်း မင်းသား အိမ်ရှေ့ ဥပရာဇာက ခမည်းတော် လင်းဇင်းမင်းကို ဤသို့လျှောက်သည်။ ကျွန်တော်တို့သည် လင်းဇင်းမင်း အမျိုးအစဉ်ဖြစ်ပါ၍ မင်းပြုရသည်မဟုတ်ချေ။ ကျွန်တော်တို့ အရှင်ဖြစ်စစ်မရှိလျှင် အစဉ်အမျိုး သားမင်းပြုမည့်သူ မရှိသောကြောင့် မင်းပြုရချေသည်။ ကျွန်တော်တို့ကို လိုသောသူလည်းရှိသည်၊ မလိုသောသူလည်း ရှိသည်။ အကြောင်းမှာလည်း မင်းတရားကြီးစစ်တော်မူသောအခါ သာယာချောင်သော စကားကိုတား မလျှောက်ချေ။ သောင်းကျန်း ရိုင်းပြသောစကားကို ဆိုချေသည်။ ထိုသို့ပုန်ကန်သော စကားကို ဆိုလေပြီးသည်ကိုလည်း ပြေး၍ သင့်မည် မဟုတ်ပြီ။ သူ့ကို နိုင်အောင် အသက်ကို စွန့်၍ တိုက်လေသည်ဖြစ်မှ သင့်မည်၊ ယင်းသို့ မတိုက်ဝံ့သည်ရှိသော် ကျေးစွန်ရွာလက်အပေါင်းတို့ကို ဖျက်သည်သာ မည်ချိမ့်မည်။ သူ့ကို ပုန်ကန် သောင်းကျန်းလေပြီးသည်ကို သေလိုလည်းသေ၊ ရှင်လိုလည်းရှင်၊ အသက်ကိုစွန့်၍ တိုက်ရသည်ဖြစ်မှ သင့်မည်။ ယင်းသို့ မစွန့်ဝံ့သည်ရှိသော် သူ့ဇက်ကြိုးကို ခံရမည်။ လင်းဇင်းအရပ်လည်း သူ့အရပ်ဖြစ်လိမ့်မည်ဟူ၍ လျှောက်သည်။ လင်းဇင်းလည်း ဤသို့ ဆိုပြန်သည်။ မင်းဆိုသည့်အတိုင်း ဆီးကြို၍ တိုက်ချေသော် မခက်ချေလော၊ အရေးကို ထောက်ရှုသော် အနိုက်အတန့်ကို ရှောင်ရှား၍ နေရမှ သင့်မည်။ ငါတို့ကို ရှာဖွေ၍ သူ့စစ်သည် မင်ပန်း ငတ်မွတ်၍ နာဖျားညှိုးနွမ်းမှ တိုက်ရသော်သာ သင့်မည်။ ယခုတိုက်ချေ

လေမှတ် ဖျားနာလိမ့်မည်။ ယင်းသို့ တော်တို့လိုက်လံ ရှာဖွေ၍ ရှည်ကြာလျှင် လင်းဇင်း ကျေးလက်တွင်ရှိသော အမူး လျှင် မြန်လေတော့မည် အမှတ်ရှိ၍ လင်းဇင်းအပေါင်းတို့ကို ဘဝေးသို့ နှင်လိုက် အမတ် သူခွား သူကြွယ် ပြည်သူ လူရဟန်းအပေါင်းတို့ကို တစ်ချက်တည်းရှိအောင် စုရုံးမြန်ရမည် သွားရလေသည်။ ထိုသူ အပေါင်းတို့ကို အမိန့်တော် ရှိပြီးလျှင် မိုင်းစံမြို့တွင် အရေးသည် အလွန် ခက်လှသည်ဟူ၍ ပေါ်းသည့်ရာ ကျိုကြတ်ကို မျှားစွာဆောက် ကြီးမှာသော တပ်ကို ရွှေ၍ ပေါ်းများကိုယူ၍ ကျိုတွင်းချည်း အပြည့် ပြီးလျှင် ကျေးရွာလက်၌ရှိသော ပေါ်းများကိုယူ၍ ... ဗညားကျန်းတောတစ်တပ် ထည့်ရသည်။ ယင်းသို့မှ နေမျိုးကျော်ထင်တစ်တပ်၊ ဗညားကျန်းတောတစ်တပ်၊ ရာဇသကြီတစ်တပ်၊ ဗညားပရံတစ်တပ်၊ သည်လေးတပ်ကို ဥပရာဇ်နှင့်အတူ ထိုတပ် တွင် ထားတော်မူသည်။ ခရီးဆုံ ခရီးခွ ရှိသမျှတွင်လည်း အမိန့်တော် စာသွင်း သည်။ စာတွင် ပါသည်ကား၊ ဘုန်းတော် အလွန်ကြီးမြတ်တော်မူလှသော ရွှေ တွင်းသခင်၊ ငွေတွင်းသခင်၊ ပတ္တမြားတွင်းသခင်၊ ပယင်းတွင်းသခင်၊ ဆင်ဖြူ ဆင်နီများသခင် ဘဝရှင် မင်းတရားကြီး အမိန့်တော်ရှိသည်။ လင်းဇင်းအရပ်၌ နေသော အမူး အမတ် သူခွား သူကြွယ် ပြည်သူ လူရဟန်း အပေါင်းတို့၊ ယခု လင်းဇင်းသို့ ငါချီ လာခြင်းကား လင်း ဇင်း မြို့ရွာကို ဖျက်ဆီး လိုသော ကြောင့် ငါချီလာသည်မဟုတ်၊ ငါ့သား ဥပရာဇ်သည် လင်းဇင်း မင်းရှိုးသား ဖြစ်သည်။ ဖြစ် စဉ် မရှိလျှင် ငါ့သား ဥပရာဇ်သာ မင်းပြု ရမည်။ ဗညား သည်သည် မင်းပြု လေ၍ အရေးအရာ ငါက စေတော် မူသည်ကို အတော်ငံ့ အမှာ ဆိုသောကြောင့် ဗညားသည်ကို နန်းက ချ၍၊ ငါ့သား ဥပရာဇ်ကို နန်းတင်မည်ဟု ငါချီတော်မူလာသည်။ ဗညား သည်ကို မတွေ့ရပဲ ငါပြန် တော်မူပြီ။ စည်းစိမ်မပျက် အသက် မသေလိုသသူသည် ငါ့သား ဥပရာဇ်ရှိရာ မိုင်းစံသို့ ဝင်လေကုန်ဟူ၍ စာအစောင်စောင် ရေးစေပြီးလျှင် ခရီးဆုံ ခရီးခွ ရှိတိုင်းဆဲရလေသည်။ ဥပရာဇ်သည်း ထိုအမိန့်တော်ကိုကြားလျှင် ဦးသုံးကြိမ်ချ၍ ဤသို့ နားတော်လျှောက်သည်။ ကျွန်တော်ကို သားတော် ဥပရာဇာဘိုချ၍ ရွှေ ဖဝါးတော် အောက်သို့ ရောက်လျှင် မရှုတ်မချ ကျွန်တော်ချင်းကဲ့သို့ မှတ်တော် မူသည်။ ထိုကျေးဇူးတော်ကို နိဗ္ဗာန်သို့ မရောက် သေးသော ကာလပတ်လုံး ဆပ်သော်လည်း မပြီးနိုင်ရာ။ အကြောင်းမှာ ဗညားသည်သည်း ဖြစ်စဉ်မရှိ လျှင် မှူးမိုး မတ်ရိုးတို့ကို သဘ်ညှင်း၍ မိမိဆွေရင်း မျိုးချာ တို့ကို သူကောင်း ပြုလျှင် အမူကို. ထမ်းရသည်။ ထိုသူတို့နှင့် တိုင်ပင်၍ မြေမိုးကျယ်တိုင်းပုန်းလျှိုး ရှောင်လွှဲ၍ နေလေသည်ကို ဘုန်းတော်ကြီးလှသော ဘဝရှင် ကိုယ်တော်မှစ၍

ညီတော်သားတော် မှူးတော်မတ်တော်အပေါင်းတို့ ချမ်းသာစွာ နေတော်မမူရ လိုက်လံရှာဖွေရာတွင် ပင်ပန်းဇတ်၍ နာဖျား ညှိုးနွမ်းမည်ကိုသာ ကျန်တော် စိုးရိမ်သည်ဟူ၍ နားတော် လျှောက်သည်။ ဥပရာဇ် လျှောက်သော စကားကို ကြားတော်မူလျှင် ဤသို့အမိန့်တော် ရှိပြန်သည်။ ဟံသာဝတီ နေပြည်တော်က သည် လင်းဇင်းသို့ ငါချီသာကြောင်းသည် အခြား အကြံတော်ရှိ၍ ချီလာ သည်မဟုတ်။ ငါ့သား ဥပရာဇ်ကို လင်းဇင်းတွင် မင်းပြုစေလို၍ ငါချီတော်မူ လာသည်။ ဗညားသေဥ်ကို မရ၍ ငါ့သား ဥပရာဇ်ကို နန်းမတင်ရပဲ ငါပြန် တော်မမူ။ အမိန့်တော်ရှိပြီးလျှင် ဗိုလ်မှူး တပ်မှူး အပေါင်းကို အကွဲကွဲချီစေ၍ ဗညားသေဥ်ကို ရအောင်ရှာရမည်။ ထိုသို့ လိုက်လံသောအခါ လင်းဇင်း အမှူး အမတ် သေဋ္ဌေး သူကြွယ် အပေါင်းတို့သည် ရဲမက် တော်တို့ အရှေ့ အနောက် တောင်မြောက် မြေပြင်ပြည့်မျှ ရှာ၍ မလွတ်သာလျှင် ဆင်မြင်းနှင့် တကွ ခြေ ရင်းတော်သို့ ဝင်လာကုန်သည်။ အချို့သော မှူးမတ် သေဌေး သူကြွယ်တို့လည်း ဆွဲသည့် အမိန့်တော်စာကို ကြားလျှင် အခြွေအရံနှင့်တကွ ဥပရာဇ်တပ်သို့ ဝင် လာကုန်သည်။ ထိုသူတို့ကို အခြွေအရံ ဥစ္စာပရိက္ခရာတို့ကို သိမ်းယူတော်မမူ၍ချမ်း သာစွာ နေရသည်။ အမိန့်တော်စာကို မကြားသော သူတို့မူကား၊ သေမည်ကို ကြောက်၍ ဆင်မြင်း အခြွေအရံနှင့်တကွ ပုန်းလျှိုး၍ နေလေသည်။ ထိုသူတို့ကို ဗိုလ်မှူးတပ်မှူး အပေါင်းတို့ လိုက်လံရှာဖွေ၍ရလျှင် အခြွေအရံ စည်းစိမ် ဥစ္စာ တို့ကို ဖျက်ဆီးသိမ်းယူ၍ ခြေရင်းတော်သို့ ဆက်လာသည်။ လင်ဇင်းကပြေး၍ လင်းဇင်းသို့ ဝင်လေသော ဗညားလက္ခန်း၊ ဗညားနန်း၊ ဗညားတုနိုင် ဤ အမတ် သုံးယောက်တွင် ဗညားနန်းမူကား အဆက်က နောင်ဟန် ဟူသော အရပ်ဘွင် စလင်းမင်း ကျော်ဆင်နှင့် ဆင်စီးချင်း တိုက်ကြရာတွင် ဆုံးလေ သည်။ ဗညားလက္ခန်းသည် လင်းဇင်းမင်း ပြဲစစ်နှင့် အကူ လဝိုက်သို့ချီ ၍ လုပ်ကြံရာ ဆုံးလေသည်။ ဗညားတုရိုင်မူကား အခြွေ အရံနှင့် တကွ ပုန်းလျှိုး၍ နေသည်ကို ရဲမက်တော်တို့ ဖမ်း၍ ရလျှင် ရွှေဖဝါးတော် အောက်သို့ ဆက်လာသည်။ ဆင်ဖြူများသခင် ဘဝရှင် မင်းတရားကြီး ဘုရား လည်း ဗညားတုရိုင်ကို အနှောင် အဖွဲ့မှ လွှတ်စေ၍ ရေမိုး ချိုးစေပြီးလျှင် အဝတ်အစားလဲစေ၍ မှူးတော်မတ်တော် ဒေါ်ဗညား အပေါင်းနှင့် အတူနေ၍ ခစားရသည်။ဘယ်သို့မှ စိတ်ဝမ်းထားတော်မမူ၊သုခဒုက္ခပြောဟောတော်မူသည်။ ယင်းသောအခါ ဗညားတုနိုင်ထ၍ ဦးသုံးကြိမ် ချပြီးလျှင် ဤသို့ နားတော် လျှောက် သည်။ ဘုန်းတော် ကြီးလှသော ဘဝရှင်ဘုရား သစ္စာတော်ကို နတ်တို့

သည် နှုတ်၌ ရေးမှတ်သားဘိသကဲ့သို့ ရှိသည်။ ကျေးဇူး သစ္စာတော် နှစ်ပါးကို ချေမိသောကြောင့် ဘုန်းတော်ကြီးလှသော ဘဝရှင် ကိုယ်တော်မှစ၍ ညီတော် သားတော် မှူးတော်မတ်တော် အပေါင်းတို့သည် ချမ်းသာစွာ စံနေတော်မမူရ လင်းဇင်းသို့ ကြွတော်မူလာ၍ ပင်ပန်း ဆင်းရဲတော် မူရလေသည်။ ယင်းသော အခါလည်း မင်းကေရာဇ်တကာ အပေါင်းတို့ထက်ကြီးမြတ်တော်မူသော ဘဝရှင်မင်းတရားကြီး ဘုရား အမျက်တော်ကြောင့် အသူထူးသော ဘေးဘယ် ရောက်လတ္တံ့ သည်ကို ကြောက်၍ ခြေရင်းတော်သို့ မဝင်ဝံ့ ရှိသည်။ ယခုခြေရင်းတော်သို့ရောက်၍ ကျွန်တော်မျက်နှာကို မြင်တော်မူလျှင် ကျွန်တော် ရင်းကဲ့သို့ ပုတ်တော်မူ၍ မဟာကရုဏာ တော်ဖြင့် တိုက်တွန်း တော်မူခြင်း သည်ကား၊ သဗ္ဗညုတဘုရားအလောင်းတော်ဖြစ်၍ သနားတော်မူသည် ဖြစ်တော့သည်။ ဘုန်းတော်ကြီးလှသော ဘဝရှင် ဘုရားကို ကျွန်တော်ဖြစ်မှားမိသည်။ ဘုရားသခင်ကို ဒေဝဒတ်ဖြစ်မှားမိသည်နှင့် အတူဖြစ်တော့သည်။ ယခုကပ်မျက်တော်မူ၍ စစေ ရသည်ရှိသော် အပါယ်လေးပါး၌ ခံရမည်အကြောင်း ဖြစ်တော့သည်ဟူ၍ နားတော်လျှောက်သည်။ ဆင်ဖြူများသခင် ဘဝရှင် မင်းတရားကြီး ဘုရားလည်း ဤသို့အမိန့်တော်ရှိသည်။ ဗညား ပြုကျင့်လေသည်ကို ငါ့အမျက်တော် မရှိသည်မဟုတ် အမျက်တော်ရှိသည်ပင်၊ ဗညားမျက်နှာကိုမြင်တော်မူလျှင် လူ၏အဖြစ် ရခဲခြင်းကိုအောက်မေ့တော်မူ၍ ငါ့အမျက်တော်ကိုပြေသည်ဟု အမိန့်တော်ရှိသည်။ ထိုအခါ တောင်ငူသား သေနတ်လုလင်တစ်ယောက်သည် တော၌ ရှာ၍ ရသည့် မိန်းမယောကျ်ား သုံးကျိပ်ကျော် လေးကိုးခန့်ကို ယောကျ်ားမှာ ပင်းသကာ၊ နှင့် မိန်းမမှာ ခါးကြိုးချည်၍ဆက်လာသည်။ ထိုသို့ဆက်လာသော သူတို့တွင် ယောကျ်ားတစ်ယောက်ကို ဆင်ဖြူများသခင် ဘဝရှင် မြင်တော်မူလျှင် သည်သူကား သူရဲကောင်း လက္ခဏာ ရှိသည်ဟူ၍ အမိန့်တော်ရှိပြီးလျှင် ငွေကျပ် အကျပ်တစ်ဆယ်ပေး၍ ရွေးတော်မူသည်။ ထိုသူမှတစ်ပါး လူသူ ကျွဲ နွား တို့ကို ရသသူ ယူရမည်။ ကျပ်ငွေ အကျပ်တစ်ဆယ်ပေး၍ ရွေးသောသူကို ရှေ့တော်သို့ ခေါ်၍မင်းမတ်အမည်ကိုအဘယ်သို့ဆိုသနည်းဟူ၍မေးတော်မူသည်။ ထိုသူလည်း ဦးသုံးကြိမ်ချ၍ ကျွန်တော်အမည်ကို ပိုင်းနံ့ဟူ၍ နားတော်လျှောက်သည်။ မင်းမတ်ကားသူရဲကောင်းလောဟူ၍ မေးတော်မူပြန်သည်။ သူရဲကောင်းဟုတ်ကြောင်းကို နားတော် လျှောက်သည်။ ယင်းသို့မှ မင်းမတ်ဆင်းရဲကို ငါကယ်မတော်မူသည်။ မင်းမတ်ငါ့နှင့်အမှုတော်ကို တော်မှန်စွာထမ်းမည်လောဟူ၍ မေးတော်မူသည်။ မယိုးမယ် အမှုတော်ကိုထမ်းပါမည်ဟူ၍ နားတော်လျှောက်သည်။ ယင်းသို့မှတ်

သူ့ကိုသစ္စာတော်ခံစေပြီးလျှင် ဆုလာဘ်ပေးတော်မူ၍ဤသို့မှာတော်မူသည်။ ယခု ပုန်းလျှိုး၍ နေသောသူအပေါင်းတို့ကို ရအောင် ပြောဖျောင်း သွေးဆောင်၍ မင်းမတ်ရွာတွင် စုရုံး၍ထားလေ။ရဲမက်သော်ဘို့ အတွက်၍ ဖမ်းဆီးလုယူမည်ပြုလျှင် သည်မှတ်စာကို ပြလေဟူ၍ မှာတော်မူသည်။ရဲမက်တော် ငါးယောက်ကိုလည်း ထည့်တော်မူလိုက်သည်။ ထိုသူတို့ကို လွှတ်တော်မူ၍ မိုင်းပိုင်သို့ရောက်လျှင် ထိုသူသည်ထွက်၍ သွားမည့်အခြင်းအရာကိုပြုသည်။ရဲမက်တော် ငါးယောက်တို့လည်း ဆီးတားလေ၏။မိုင်းနံ့ဟူသော အသက်ကြီးလည်းဤသို့ဆို၏။ ငါ့အရပ်သို့ရောက်လေပြီးသည်ကို မင်းမတ်တို့ တားနိုင်မည်လော၊ မင်းမတ်တို့လည်း ဘဝရှင်မင်းတရားကြီးအမှုတော်ကို ထမ်းသည်။ငါလည်း ဘဝရှင်မင်း တရားကြီး ဘုရားအမှုတော်ကိုထမ်းမည်ဖြစ်သည်။ မင်းမတ်တို့ရွာ၌ ရသောသုံ့ လူကိုလည်းသည်အရပ်တွင်ထားရသည်၊ ငါ့ရွာ၌ရသောသုံ့ လူကိုလည်း သည်အရပ်တွင် ထားမည်ဆိုပြီးလျှင် ထိုသူငါးယောက်တို့ မမြစ်နိုင်၍ ထွက်သွားလေ၏။ သုံးရက် လေးရက်ရှိလျှင် မိန်းမယောကျ်ား သုံး ကျိပ်-လေးကျိပ် ခန့်ကိုယူ၍လာသည်။ ထိုသူတို့ကိုမိုင်းပိုင်ဟူသောအရပ်တွင် ချမ်းသာစွာ နေရသည်။ ရဲမက်တော် ငါးယောက်သားလည်း ရခဲ့သော သူတို့ကိုအမှီပြု၍ ရသောသူတို့ကို ထိုအရပ်၌ နေစေသည်။ ယင်းသို့မှ ရသော သုံ့ လူသုံးရာကျော် လေးရာကိုလည်း ခြေရင်းတော်သို့လာ၍ ဆက်လာသည်။ ဆင်ဖြူများသခင် ဘဝရှင်မင်းတရားကြီး ဘုရားလည်း အားရတော်မူ၍ မှူးတော်မတ်တော် အပေါင်းတို့ကို ခေါ်တော်မူ၍ ဤသို့ အမိန့်တော်ရှိသည်။ ကျိပ်စေ့ အကျိပ်တစ်ဆယ်နှင့် ငါ့ရွှေတော်မူသော မိုင်းနံ့ဟူသော အသက်ကြီးသည် ကျေးဇူးသစ္စာတော်ကို သူသိ၍ ငါ့အမှုတော်ကိုထမ်းရွက်ပေသည်။ မိန်းမယောကျ်ား သုံ့ လူသုံးရာကျော် လေးရာခန့်ရသည်။မှူးတော် မတ်တော် တို့သည် ကျေးဇူးကိုသာခံ၍ အမှုတော်ကိုကြိုးစားအားထုတ် မထမ်းသောကြောင့် အရေးတော်ပြီးခဲ့သည်ဟူ၍ အမိန့်တော်ရှိပြီးလျှင် ထိုမိုင်းနံ့ ဟူသော အသက်ကြီးကို ဆုလာဘ်များစွာပေးတော်မူ၍ အမျိုးအဆွေတို့ကိုလည်း ခေါ်ရသည်။ ဝန်းကျင်၌ရှိသော ရွာသူကြီးအပေါင်းတို့ကိုလည်း ခေါ်ရသည်။ ရောက်လျှင်ရွာသူကြီးတို့ကို သစ္စာတော်ခံစေ၍ဆုလာဘ်များစွာပေးပြီးလျှင်ရွာသား ရွာနေတို့ကို ခေါ်ပြန်ရသည်။ ရောက်လျှင် မိန်းမယောကျ်ား လေးထောင်ကျော် ငါးထောင်ကို သစ္စာတော်ပေး၍ မိမိတို့မြို့ရွာတွင် လုပ်ဆောင်၍ ချမ်းသာစွာ နေရသည်။ မိုင်းနံ့ဟူသော အသက်ကြီးကိုလည်း အလွန်အားရတော်မူ၍ အဆောင်အယောင်နှင့်တကွ မိုင်းပေါ်ဟူသောမြို့ကို ပေးတော်မူသည်။

## မင်းတရားကြီးနေပြည်တော်သို့ပြန် လည်ခန်း

ဆင်ဖြူများသခင် အဝရှင် မင်းတရားကြီး ဘုရားလောင်း လင်းဇင်းမြို့တွင် အရှည် အကြာ နေတော်မူသည်။ ဝါကျွတ်လျှင် ဤသို့ အမိန့်တော်ရှိသည်၊ လင်းဇင်းမင်း ညောင်ရမ်းသော် ငါသည်တွင် နေတော်မူသည် ရှိသော် မျက်နှာမပြစ်ပြီ၊ ငါပြန်တော်မူမှ ကိုယ်ကိုပြန် အဆင်အရှားနေဝံ့မည်၊ ယင်းသို့မှ ဖမ်းတော်မူမည်ဟူ၍ အမိန့်တော်ရှိပြီးလျှင် မုခ်ဟန်ကသည် မိုင်းစံသို့ပြန်တော်မူသည်။ ရောက်တော်မူလျှင် မိုင်းစံတွင် နေစေသော ဥပရာဇ်သို့ ဝင်လာသော အမှူးအမတ်တို့ကိုလည်း သစ္စာတော်ခံစေပြီးလျှင် အဆောင်အယောင် အမည်အရည် ကျေးရွာသို့ပြီ ယခုကဲ့ အလျောက် ပေးတော်မူသည်။ ယင်းသို့မှ သားတော် ဥပရာဇ်ကို သားတော်အစဉ် မြေးတော်အဆက် မဖောက်မပြန် မသွေမဖည်ဟူ၍ သစ္စာတော်ခံစေပြီးလျှင် မင်းမြောက် တန်းဆာငါးပါးနှင့် မင်းဆောင် မင်းယောင် မင်းခမ်း မင်းနားနှင့်တကွ လင်းဇင်းမြို့ အလုံးကို ပေးတော်မူ၍ မင်းပြုရသည်။ ဤသို့လည်း အမိန့်တော်ရှိသည်။ ငါ့သား ဥပရာဇ်ကို ငါ့ရင်တော်ဖြစ်သော သားတော်ရင်းကဲ့သို့ မှတ်တော်မူ၍ လင်းဇင်းတိုင် ငါ့ချီတော်မူနိုင်သည်။ ငါ့သား ဥပရာဇ်သည် ငါ့ကိုချစ်လျှင် ပြည်သူကို ချစ်ရလိမ့်မည်။ ငါ့အကျိုးတော်ကိုလိုလျှင် ပြည်သူသူတကာတို့ အကျိုးစီးပွါးကို လိုရလိမ့်မည်ဟူ၍ များစွာသော အဆုံးအမတို့ကို ဆုံးမတော်မူသည်။ တောင်း တင်း စဉ်း ချိန်ခွင်တို့ကိုလည်း ဟံသာဝတီ ရွှေပြည်တော်နှင့် တစ်ချက်တည်း ထားတော်မူသည်။ ဘုရားပုထိုး ဂူကျောင်း ဇရပ် သိမ် ပျက်စီးလေသည်များကိုလည်း လုပ်ဆောင်ပြုပြင်စိမ့်မည်ဟူ၍ ငွေတစ်ရာ ဥပရာဇ်ကို အပ်တော်မူသည်။ ငါ့သား ဥပရာဇ်မင်းပြုသည်မလုံလေဟူ၍၊ ဗညားကျန်းတစ်တပ်၊ ဗညားဗရန်တစ်တပ်၊ ဗညားမြို့တစ်တပ်၊ ဗညားသေဉ်လုံတစ်တပ်သည်လေးတပ်ကို ဥပရာဇ်နှင့် အတူထားတော်မူခဲ့သည်။ ယင်းသောအခါ ရတော်မူသော ဗညားတရိုင်ကို ဤသို့ မေးတော်မူသည်။ ဗညားသေဉ်နောက်တော်လိုက်၍ ခြေရင်းတော်မှာလည်း မြဲမည်လော၊ လင်းဇင်းတွင် ငါ့သား ဥပရာဇ်နှင့်လည်း နေရစ်မည်လော– မေးတော်မူသည်ကို ဗညားတရိုင် မလျှောက်ခင် ဗညားသေဉ်လုံက ဤသို့ နားတော်လျှောက်သည်။ ကျွန်တော်ဗညားတရိုင်ကို ဘုန်းတော်ကြီးလှသော အဝရှင်မင်းတရားအထက်က ဇင်းမယ်တွင် ပြုစုတော်မူသည်။ လွန်လွန်ကဲကဲသော အဆောင်အယောင် အခမ်းအနားနှင့်တကွ ပြုစုတော်မူသည်။ ထိုသို့ ကျေးဇူးတော်ကိုမသိ မပြစ်မှားကောင်း

စာကြည့်တိုက်

သော အရာကို ပြစ်မှား၍ ရွှေနန်းတော်တွင်မျှ ချမ်းသာစွာ နေတော်မူရ၊ ဝေးလံသော အရပ်သို့ ချီတော်မူ၍ လုပ်ကြံတော်မူရသည်။ မှူးကောင်း မတ်ကောင်း ဆင်ကောင်း မြင်းကောင်း သူရဲကောင်း သူခက်ကောင်းတို့သည်း ပင်ပန်းနွမ်းနယ်၍ ယွင်းယို ဖိတ်စင်ရလေသည်။ ယင်းတို့ကို ထောက်ဆပြင့် ချွေတော်တွင် ကျွန်တော်ခံစားရသည်လည်း ကြောက်ရွံ့ ရှိန်သွားလျက် ခံစားရသည် ဖြစ်တော့သည်။ သို့သည် အပြစ်နှင့် ရှိသောသူကို စည်းစိမ်ချမ်းသာ အထက်ကနည်း ပေးတော်မူပြန်ရာမှာ ကျွန်တော်ကို မြင်သောကြောင့်သာ ယုံကြည်ရသည်။ သူတစ်ခြား ပြောဆိုသည်ရှိသော်မယုံပြီ။ ဤသို့ သူသည်းမခံနိုင်သော သည်းခံခြင်းကို ခံတော်မူ၍ ဗညားတုရိုင်အသက်ကို လွတ်တော်မူသော ကောင်းမှုတော်အကျိုးကြောင့် သက်တော်ရာကျော်ပတ်လုံး ရှည်တော်မူ၍ ဇမ္ဗူဒိပ်မြေပြင်အလုံးကို အစိုးရတော်မူမည်။ သားတော်အစဉ် မြေးတော်အဆက် မြစ်တော်အညွန့်တိုင်အောင် ဥဒါန်းမော်ကွန်းထင်ရှားစွာဖြစ်မည်ဟူ၍ နားတော်လျှောက်သည်။

ဆင်ဖြူများသခင် ဘဝရှင်မင်းတရားကြီး ဘုရားလည်း ဗညားတုရိုင်ကို ဇင်းမယ် အမတ်များနှင့်အတူ ဇင်းမယ်သို့ ပြန်ရသည်။ ဤသို့ ဇင်းမယ်မြို့ အလုံးကို စီရင်ခန့်ရန်တော်မူ၍ သက္ကရာဇ် (၉၃၇-ခု) ကဆုန်လဆန်း ခုနစ်ရက်နေ့ မိုင်းစံက ပြန်တော်မူ၍ ဝါဆိုလပြည့်ကျော် တစ်ဆယ့်နှစ်ရက်နေ့ ဟံသာဝတီသို့ရောက်တော်မူသည်။ ယင်းသို့ ရောက်တော်မူလျှင် မိုးကောင်း မိုးညှင်းသို့ ချီရမည်ကို ခန့်ရန်တော်မူသည်ကား ပုသိန်မြောင်းမြ အစရှိသောအနောက်မြို့တစ်လွှားကို ရခိုင်နှင့် နီးသည်ကို အကြောင်းထောက်တော်မူ၍သီရိဇေယျနော်ရထာနှင့်ညီကောင်းသိန် ကိုအစောင့်အနေခန့်တော်မူသည်။ ယင်းသို့မှကြည်းကြောင်းမှာ သမိန်ရဲသေဉ်ရဲ တစ်တပ်၊ သီရိဓမ္မာသောကတစ်တပ်၊ သမိန်သံကျယ်တစ်တပ်၊ နန္ဒသူရိယတစ်တပ်၊ သမိန်ဇေယျရပ်တစ်တပ်၊ညီတော်တောင်ငူဘုရင်မင်းခေါင်တစ်တပ်၊ သည်ခြောက်တပ်တွင်ပါသည့်တိုက်ဆင်ခုနစ်ရာ၊ မြင်းခုနစ်ထောင်၊ စစ်သည်သူရဲခုနစ်သောင်းနှင့် တစ်ကြောင်းချီရသည်။ ။မင်းကျော်ထင်တစ်တပ်၊ သမိန်သံလိုက်တစ်တပ်၊ ဆုဇသကြီးတစ်တပ်၊ အဲမွန်တရားတစ်တပ်၊ ဘယသကြီးတစ်တပ်၊ ညီတော်ပြည်ဘုရင်သတိုးဓမ္မရာဇာတစ်တပ်သည်ခြောက်တပ်တွင်ပါသည့်တိုက်ဆင်ခုနစ်ရာ၊ မြင်းခုနစ်ထောင်၊ စစ်သည်သူရဲခုနစ်သောင်းနှင့်တစ်ကြောင်းချီရသည်။ ။သမိန်လကွန်းအိန်တစ်တပ်၊ မင်းမဟာတစ်တပ်၊ သမိန်ဇော်ကရပ်တစ်တပ်၊ ရက္ခတေးတစ်တပ်၊ ဗညား

ပတ်တစ်ထည်၊ သားတော်မဟာဥပရာဇာတစ်ထည် သည်ခြောက်ထည်တွင်ထိုက်ဆော
နှစ်ဆုမြင်းရုနှစ်ထောင်စစ်သည်သူရဲခုနစ်သောင်းနှင့်တစ်ကြောင်းချီရသည်။
ရေတပ်မှာ ဥပါကောင်းတစ်ထည်၊ နန္ဒကျော်ထင်တစ်ထည်၊ ဗညားစက်တစ်ထ
သိရိဇေယျကျော်ထင်တစ်ထည်၊ သမိန်ဇိပ်ပွန်တစ်ထည်၊ နန္ဒယောဓတစ်ထည်၊ သမိ
ဝေါ ခွင်တစ်ထည်၊ နန္ဒသကြို တစ်ထည်၊ သည်ရှစ်ထည်ကို ရွှေချီစေ၍ ယင်းကာ
ဆင်ဖြူများသခင် ဘဝရှင်မင်းတရားကြီးဘုရားမှာ သုံးဆယ့်တစ်ဆင့်ရှိသောရ
နာအတိပြီးသော ဟင်္သာရုပ် ရွှေဖောင်တော်ကို စီးတော်မူ၍ ရွှေလှော်ကာ
ရှေ့ ရှစ်စင်း၊ နောက်ရှစ်စင်းငင်ရသည်။ ရွှေလှော်ကားတစ်ဆယ့်နှစ်စင်းကိုလည်
မင်းဆောင် မင်းယောင် မင်းခမ်း မင်းနားတင်၍ ရွှေဖောင်တော် ဝန်းကျ
လိုက်ရသည်။ ဝင်းတော်လေးမျက်နှာသား တိုက်လှေကြီး ဇလာကပင် လေး
တွင် ရွှေတိုင်၊ ရွှေလွှား၊ ရွှေကာ ရွှေလုံစီစဉ်၍ ဖောင်တော် လက်ဝဲလက်ယာ ရွှ
နောက်လိုက်ရသည်။ ရွှေစက်ကျွင်းတစ်ရာကိုလည်း ဖောင်တော်လက်ဝဲလက်ယ
ရွှေနောက်လိုက်ရသည်။ တပ်တော်တွင် နေမျိုး ကျော်ထင်ကိုတပ်မှူး၊ ဇေယ
ကျော်ထင်ကို စစ်ကဲခန့်တော်မူသည်။ နောက်တော်က ချီရသော တပ်စဉ်ကာ
ဘယကျော်ထင်တစ်တပ်၊ သမိန်အဲတရဲတစ်တပ်၊ ဇေယျသကြံတစ်တပ်၊ သမိန်ဖြူ
တစ်တပ်၊ ဘယကျော်သူတစ်တပ်၊ သမိန်ပေါက်ကျော်တစ်တပ်၊ ဇေယျဂါမဏိ
တစ်တပ်၊ သမိန်ဖြတ်တစ်တပ်၊ သမက်တော်အငယ် မင်းရဲကျော်ထင်တစ်တပ်၊
တပ်မတော်နှင့် တကွလှေတပ်တစ်ဆယ်တွင်ပါသည့်ဇလာကပင်ကုရုပ်သမ္ဗန်ကတ္တူ
လှန်းကြင်တိုက်လှေပေါင်းနှစ်ရာ၊ လှော်ကားသံလှေငါးရာ၊ ရိက္ခာတင် ကုန်လှေ
တစ်ထောင် စစ်သည်သူရဲနှစ်သိန်းနှစ်သောင်းနှင့် သက္ကရာဇ် (၉၁၇) ခုနှစ်၊ သီတင်း
ကျွတ်လပြည့်ကျော်ခုနစ်ရက် စနေနေ့ ဟံသာဝတီနေပြည်တော်က ချီတော်မူ
သည်။ ဆင်ဖြူကြီးနှစ်စီးကိုလည်း လှေနှစ်စင်းတွဲဖောင်တွင် သဘောလှစွာသော
အာဝယ်နှစ်ထပ်နှင့် ဆောင်ယူတော်မူသည်။ သားတော် မဟာဥပရာဇာ ညီတော်
ပြည်မင်း၊ တောင်ငူမင်းတို့ကိုလည်း ဟံသာဝတီကသည် ရတနာပူရတိုင် ရွှေလှော်
ကားနှင့် နောက်တော်တွင်လိုက်ရသည်။ တပ်ချတိုင်း သဘင်ခံတော်မူသည်။ ထီး
ဆံတော်ရှင်သို့ရောက်လျှင် သံဃာတစ်ရာ့တစ်ပါးပင့်၍ ဆွမ်းလုပ်ကျွေးတော်မူ
သည်။ ပရိက္ခရာရှစ်ပါးလည်း လှူတော်မူသည်။ တံခွန်ကြီးလေးဆူ၊ တန်ဆောင်း
ကြီးလေးတိုင်လှူတော်မူသည်။ ယင်းသို့မှ တိဂုံကချီတော်မူ၍ ပြည်သို့ရောက်တော်
မူလျှင် ပြည်ဆံတော်ရှင်ဘုရားကို ဝေါပြာသာဒ်စီး၍ တက်တော်မူသည်။ စားတော်
လက်ဖက်အိုးကိုလည်း ရွှေမျက်ပါးခတ်၍ စေတီကိုထည့်ရစ်ရသည်။ ပြည်ကာ

တော်မူ၍ ကေသဆိပ်သို့ ရောက်တော်မူလျှင် ရွှေစက်တော်ရာ နှစ်ဆူကို သီးတော်ခွန် နှင့်တကွ တန်ဆောင်ကြီး နှစ်ဆယ့်ခြောက်တိုင် လှူတော်မူ၍ စားတော်ကမ်းလိုက် ကို ရွှေမျက်ပါးခတ်၍ တည်ရလေသည်။ ကေသဆိပ်က ချီတော်မူ၍ ပုဂံသို့ရောက် တော်မူလျှင် ရွှေစည်းခုံသို့ တက်တော်မူ၍ သံထားတစ်ရာ့တစ်ပါးကို ဆွမ်းလုပ် ကျွေးတော်မူသည်။ ပရိက္ခရာရှစ်ပါးနှင့်တကွ လှူဖွယ်လှူခင်းလည်း အများလှူတော် မူသည်။ ဘုရားရှင်ကိုလည်း တံခွန်ကုက္ကားအများ လှူတော်မူသည်။ ပုဂံကချီတော် မူ၍ အဝသို့ရောက်တော်မူလျှင် ဆရာတော် ရှင်ကိုသာသနာ့ဓဇ အစရှိသော သံဃာ တစ်ရာ့တစ်ပါးပင့်တော်မူသည်။ သင်္ကန်းလျာ ၁၀ါ သာအုပ်ပိတ်အုပ်သည်၊ အများ လှူတော်မူသည်။ ရှင်ဖြူ ရှင်လှ နှည ဒေဝီ၊ မြို့ကွင်းရွှေစည်းခုံ၊ ပင်းယ ရွှေစည်းခုံ ဘုရားများကိုလည်း တံခွန်ကုက္ကားမုလေးပွင့်ဆီမီးတန်ဆောင်းများနှင့်လှူတော်မူ သည်။ ယင်းသို့မှ သားတော် မဟာဥပရာဇာ၊ ညီတော် မြည်ခင်း၊ တောင်ငူမင်း တို့တစ်ဆယ့်ရှစ်တပ်သား တို့သည် စစ်ကိုင်းက ကြည်းကြောင်း ချီရလေသည်။ ဆင်ဖြူများသခင် ဘဝရှင် မင်းတရားကြီးဘုရားမှာ ရေကြောင်းတပ်စဉ်အတိုင်း ချီတော် မူသည်။ မိုးထားလက်ပံသို့ ရောက်တော် မူလျှင် မိုးထားတွင် ရေ တက်အပေါင်းတို့ကို ထားတော်မူ၍ ခဲမက်ဗိုလ်ပါတို့ကို ကြည်းဘက် ပြုပြီးလျှင် မိုးကောင်းသို့ချီတော်မူသည်။

## မင်းတရားကြီးမိုးကောင်းမိုးညှင်းသို့ ချီတော်မူခန်း

မိုးကောင်းစော်ဘွား မိုးညှင်းစော်ဘွားတို့လည်း ဆင်ဖြူများသခင် ဘဝရှင် မင်းတရားကြီးဘုရား ရေကြောင်း ကြည်းကြောင်း ခဲမက်ဗိုလ်ပါ ဆင်လုံး မြင်း ရင်းအများနှင့် ချီတော်မူလာရာမှာ ငါတို့တွင်ရှိသော အလုံးအရင်းနှင့် ထောက် ချေသော် သူတို့မှာစကြာဠာတိုက်ဝကဲ့သို့ဖြစ်သည်။ ငါတို့မှာမူကား ပဲယောင်း ကြွတ်ပုံးမျှသာဖြစ်ချေ သည်။ သည့်အခရေးကိုအသို့ ကြံရသော် သင့်မည်နည်းဟု၍ ဆိုသည်။ ထိုစကားကို မိုးကောင်းစော်ဘွားကျွန်ပေါလသိုင်းစားကြားလျှင် ဤသို့ မိုးကောင်းစော်ဘွားကို လျှောက်သည်။ ဆင်ဖြူများသခင် ဘဝရှင်မင်းတရားကြီး ဘုရားတွင် ဆင်လုံးမြင်းရင်း စစ်သည်ဗိုလ်ပါများ၍ ဘုန်းအာဏာကြီးကြောင်း ကို ယခုမှ သိတော်မူသည်လော၊ သူ့ကျွန်ဖြစ်၍ လင်းဇင်းသို့ နောက်တော် လိုက်ခေါ်သည်ကို လိုက်လည်းသူ့ အရပ်မှာသေရမည်၊ မလိုက်လည်း တို့အရပ်မှာ

သေရမည်ဖြစ်သည်၊ သူ့အရပ်မှာသေသည်ထက် တို့အရပ်တွင်သေရသော် မြတ်
ဟူ၍ သူ့ကိုမှန်ကန် သောင်းကျွန်းလေပြီးသည်ကို ယာဉ်ကြီး၍ သူ့ကိုနိုင်အော
တိုက်တော်မူတော့လော၊ အောင်မြင်လျှင်အောင်မြင်စေ မအောင်မြင်လျှင်လည်း
သေစေတော့လော့၊ ယာဉ်ချရောက်လာ၍ အလုံးအရင်းများသည်ကို ကြား
ကြံလာသကို မိန့်တော်မူသည့်အရာမှာ မိန့်တော်မမူသင့်၊အမှူးအမတ် သူ့ရဲ့သူခ
ကြားသော်လည်း နှလုံးဝမ်းပေါ်မည့်အကြောင်း ဖြစ်သည်။ ယာခုမှပြေး၍ လူ
ဘာမည်မဟုတ်ပြီ။ ယင်းသို့ဖြစ် သောကြောင့် မိုးညှင်းစော်ဘွားက သူ့ရဲ့ကော
နှစ်ထောင်ငါးရာနှင့် တစ်တပ်၊ သည့်တပ်တွင် တိုက်ဆင်ငါးဆယ်ခြောက်ဆယ်
နှင့် မိုးညှင်းစော်ဘွားနှင့်ကျွန်တော်ကသာခရီးတောကအောင်း၍မင်းတရားကြီး
အမှတ်မှ ချီတော်မူလာသည်အနိုက်ဘုင် တိုက်တော့မည်။ နိုင်လျှင်လည်းနိုင်စေ
မနိုင်လျှင်လည်း ဆင်ဦးတွင်သေစေ၍ဆိုပြီးလျှင် စော်ဘွားနှစ်ဦးလည်း ပေ
လသိုင်းစားအရေးသို့ လိုက်ကြ၍ မိုးကောင်းစော်ဘွားကို အဝေးသို့နှင်လိုက်ပြ
လျှင် မိုးညှင်းစော်ဘွားနှင့်ပေါလသိုင်းစားတို့ဆင်ခြောက်ဆယ်၊ ဗိုလ်ငါးထော
ခန့်နှင့် ကသာကမိုးကောင်းသို့ ထက်သည့် ခရီးတောတွင် ပုန်း၍ နေလေ၏။

ဆင်ဖြူများသခင် ဘဝရှင် မင်းတရားကြီးလည်း ကသာအထက်မိုးထော
လက်ပံဝိုးက ထက်တော်မူ၍ မိုးကောင်းသို့ ရောက်တော်မူလျှင် မိုးညှင်းစော်
ဘွားနှင့် ပေါလသိုင်းစား အလုံးအရင်းနှင့်တကွ ကသာခရီးတောက ဆီးကြို၍
နေကြောင်းကို ကြားတော်မူလျှင် သမက်တော် အင်းဝဘုရင်သတိုးမင်းစောတစ်
တပ်၊ သမိန်ရဲသေဉ်ရုံတစ်တပ်၊ နန္ဒသူရိယတစ်တပ်၊ သမိန်လက္ခန်းအိမ်တစ်တပ်၊ ရာဇ
သကြံတစ်တပ်၊ အဲမွန်တရာတစ်တပ်၊ မင်းမဟာတစ်တပ်၊ သမိန်ဇောကရပ်တစ်တပ်၊
နန္ဒကျော်ထင်တစ်တပ်၊ ဗညားပတ်တစ်တပ် သည့်ဆယ်တပ်တွင်ပါသည့် တိုက်ဆင်
ငါးရာ၊ မြင်းငါးထောင်၊ စစ်သည်သူရဲတစ်သိန်းနှင့်မိုးညှင်းစားပေါလသိုင်းစားငယ်
တို့ကို ရအောင်ဖမ်းလေ အမိန့်တော်ရှိ၍ မိုးကောင်းက ကသာသို့ ပြန်၍ ချီ
သည်။ ရောက်လျှင် တောအုံကို ဝန်းရံ၍ရှာသည်။ မိုးညှင်းစော်ဘွား ပေါလ
သိုင်းစားတို့လည်း တောကထွက်၍ တိုက်လာသည်ကို သမက်တော် အဝဘုရင်
သတိုးမင်းစောတိုက်သည်။ မိုးညှင်းစော်ဘွားလည်း ဆင်ဦးတွင်ပင်ဆုံးလေသည်။
ပေါလသိုင်းစားနှင့်တကွ အမတ်တစ်ဆယ်၊ ရဲမက်အလုံးကိုလည်း အရှင်ပင်ရတော်
မူသည်။ ယင်းသို့မှ မိုးကောင်းသို့ချီ၍ ရောက်လျှင် ရသည့် ဆင် မြင်း လူသူ
တို့ကို ဆက်လေ၏။ ဆင်ဖြူများသခင် ဘဝရှင် မင်းတရားကြီး ဘုရားလည်း

ပေါလသိုင်းစားကို ခေါ်တော်မူ၍ နှုတ်တော်မြွက် ဤသို့ အမိန့်တော်ရှိသည်။ ငါကျေးငှား သစ္စာတော်ကိုသွေဖည်၍မိုးကောင်းစား၊ မိုးညှင်းစားငယ်တို့သည် သောင်းကျန်း ပုန်ကန်လေသည်။ အဝှာ ဘယ်သူ့စကားကိုနား၍ ပြုကျင့်လေ သနည်းဟူ၍ မေးတော်မူသည်။ ပေါလသိုင်းစားလည်း ဤသို့ နားတော် လျှောက်သည်။ ကျွန်တော်မိုးညှင်းစား မိုးကောင်းစားတို့သည် လင်းဇင်းသို့ ချီတော်မူသောအခါ နောက်တော်လိုက် ခေါ်ချေတော်မူသည်ကို မိုးညှင်းစော်ဘွား၊ မိုးကောင်းစော်ဘွားတာ ဆိုသည်။ ယခု နောက်တော်လိုက်လည်း သူ့အရပ်မှာ သေရမည်။ နောက်တော်မလိုက်လည်း အပြစ်တော်နှင့် တို့အရပ်တွင် သေရမည်။ သို့သေရမည်အတူတူကို တို့အရပ်တွင် သေရသော် မြတ်၏ဟူ၍ ဘုန်းတော်ကြီးလှသော ဘဝရှင်မင်းတရားကို သောင်းကျန်း ပုန်ကန်လေသည် နှင့် ယခု ချီလာရာတွင် စော်ဘွားနှစ်ဦးတို့သည် နှလုံးဝမ်းငယ်သော စကားကို ဆိုသောကြောင့် သူ့ကို ပုန်စားလေပြီးသည်ကို သည်ကဲ့သို့ပြု၍ မသင့်ပြီ၊ သေလို လည်းသေ၊ ရှင်လိုလည်းရှင် အသက်ကိုစွန့်၍ တိုက်မှသင့်မည်ဟူ၍ ကျွန်တော် ဆိုပေသည်။ ယင်းသို့ဆိုပြီးမှ ကျွန်တော် အရှင်မိုးကောင်းစော်ဘွားကို အဝေးမှာ ကျွန်တော်ဝှက်ထား၍ မိုးညှင်းစော်ဘွားနှင့် ကျွန်တော်တိုင်ပင်၍ ဘုန်းတော် ကြီးလှသော ဘဝရှင်ဘုရား၊ ကသာဆိပ်က အဘက်ကို ဆီးကြို၍တိုက်မည်။ ။

ဆင်သုံးမြင်းရင်းနှင့် နေသည်ကို ဘုန်းတော်ဘုန်ခိုးတော်ကြီးသော မင်းဘောဂ ဖြစ်တော်မူ၍ အခြားသမ်းကို တက်တော်မူလေသောကြောင့် မတိုက်ရရှိလေ သည်။ ယခုလည်း ဘုန်းတော် အလွန်ကဲသောကြောင့် မိုးညှင်းစော်ဘွားလည်း ဆုံးလေသည်။ ကျွန်တော်ကိုလည်း ရတော်မူသည်။ ယခုတစ်စုံတစ်ခုသောယောဂ ဖြင့် ကွပ်မျက်တော်မူသော်လည်း ဘုန်းတော်ကြီးလှသော ဘဝရှင်ဘုရား၌ မကောင်းမှုမဖြစ်ပြီဟူ၍ နားတော်လျှောက်သည်။ ဆင်ဖြူများသခင် ဘဝရှင် မင်းတရားကြီးလည်း ပေါလသိုင်းစား လျှောက်သော စကားကို ကြားတော် မူလျှင် မည်သို့မျှ အမိန့်တော်မရှိ ရွှေတိုက်စားတို့ကိုအပ်၍ ထားတော်မူသည်။ ယင်းနောက် ညီတော် သားတော် မှူးတော် မတ်တော်အပေါင်းနှင့်တကွ မိုးကောင်း စော်ဘွားပြေးလေရာ ကျေးစွန်သို့လိုက်တော်မူသည်။ စော်ဘွားနေရပ်ကို အတပ် မသိသောကြောင့် မရချေ၊ ယင်းသို့လျှင် အမျက်တော်ရှိ၍ ညီတော် သားတော် မှူးတော် မတ်တော် အပေါင်းတို့ကို ရအောင်ရှာလေ အမိန့်တော်ရှိ၍ ခဲယဉ်းစွာ သော တောတောင် ချောင်းမြောင်း၊ ကမ်းပါးဘို့ကို တက်သက်၍ရှာရသည်။ ရှည်ထော်သော ဆင်မြင်းဗိုလ်ပါ တော်မှတ်ပင်ပန်း၍ ဖျားနာကြချေသည်။

ထိုအကြောင်းများကို ကြားတော်မူလျှင် ခေါ်တော်မူ၍ ပြန်ရသည်။ သား
တော် မဟာဥပရာဇာတို့ ခုနစ်တပ်နှင့် သမက်တော် အဝဘုရင် သတိုးမင်းစော
တို့ ခုနစ်တပ်ကို ခန်းတီး ခန်းညင်းတိုင်အောင် တိုက်ရသည်။ ဆင်ဖြူများသ
ဘဝရှင် မင်းတရားကြီးဘုရားလည်း လူနာလူဖျားများကို ရုံးစုတော်မူ၍ အတ
တယ်သားနှင့်တကွ မိုးကောင်းသို့ ပြန်၍ နေတော်မူသည်။ ရောက်တော်မူလျှ
ရွှေတိုက်ဝိုး၌ အပ်၍ထားသော ပေါ်လသိုင်းစားကို ခေါ်တော်မူ၍ဆုလာ
ပေးပြီးလျှင် သစ္စာတော် ခံစိမ့်မည်ဟူ၍ သစ္စာတော်စာကို ဖတ်ရသည်။ ပေါ်လ
သိုင်းစားလည်း ယခု ကျွန်တော်ကို သစ္စာပေးသည်။ ဘယ်သို့ အမှုတော်
ထမ်းရမည်နည်းဟူ၍ သစ္စာတော်မခံခင် နားတော်လျှောက်သည်။ ဆင်ဖြူမျာ
သခင် ဘဝရှင်မင်းတရားကြီးဘုရားလည်း ဤသို့ နှုတ်နှင့် အမိန့်တော်ရှိသည်
မင်းမတ်ကို ငါ့ရှေ့မျက်တော်နှင့် မိုးကောင်း စော်ဘွားရှိရာသွား၍ ဖမ်းစေလိ
သောကြောင့် သစ္စာတော်ပေးသည်ဟူ၍ အမိန့်တော်ရှိသည်။ ပေါ်လသိုင်းစား
လည်း ထိုအမိန့်တော်ကို ကြားလျှင် ဦးသုံးကြိမ်ချ၍ ဤသို့ နားတော်လျှောက်
ပြန်သည်။ မိုးကောင်းစော်ဘွားကို သောင်းကျန်း ပုန်ကန်စေသည်လည်း ကျွ
တော် အစီအရင်ပင်ဖြစ်သည်။ ချီတော်မူလာသည်ဟူ၍ ကြားလျှင် မိုးကောင်
စော်ဘွားကို ပြေးစေသည်လည်း ကျွန်တော် အတတ်ပင်ဖြစ်သည်။ သည်ဘုန်
တော်ကြီးလှသော ဘဝရှင်ဘုရား ကသာဆိပ်က တက်တော်မူလျှင် ဆီးကြို၍
တိုက်မည်ကြံသည်လည်း ကျွန်တော် အတတ်ပင် ဖြစ်သည်။ ဘုန်းလက်ရုံး အာ
ဏာကြီးတော်မူလှသော ကေရာဇ်ဖြစ်တော်မူ၍ ခြေရင်းတော်သို့ ကျွန်တော်
ရောက်ရသည်။ ယခု ကျွန်တော်အရှင်ကို ဖမ်း၍ပေး အမိန့်တော်ရှိရာမှာ
ကျွန်တော်မဖြစ်နိုင်ပြီ။ ကျွန်တော်အရှင်ပေးသော သစ္စာသည် စက္ကူတွင်ရေး၍
မီးဖုတ်ပြီးလျှင် ထို အကျွမ်းပြာကို ရေ၌ဖျော်၍ သောက်ရသည်။ ထို
သစ္စာသည် ဝမ်းတွင် မကျေရှိသည်။ မိုးကောင်းစော်ဘွားကိုဖမ်း၍ မပေးကောင်း
လောဟူ၍ ဤဘဝတွင် ထားဘိဦး၊ နောက်ဘဝတိုင်အောင် သင်တော်မူသော်
လည်း အေရလေတော့မည်သာ၊ ကျွန်တော်အရှင်သစ္စာကိုမဖျက်ဟူ၍ နားတော်
လျှောက်သည်။ ။ထိုသို့သောစကားကို ကြားတော်မူလျှင် ရွှေတော်တွင်
ခစား၍နေသော မှူးတော် မတ်တော်အပေါင်းတို့ကို ဤသို့ အမိန့်တော်ရှိသည်။
အို-အမတ်တို့ ပေါ်လသိုင်းစားငယ်သည် ပေါ်လသိုင်းရွာ အိမ်ခြေခုနစ်ဆယ်
ရှစ်ဆယ်ခန့်မျှကို မိုးကောင်းစော်ဘွားပေး၍ စားရသည်။ ဤရွေ့မျှသော
ကျေးဇူးကို အောက်မေ့သဖြင့် သို့စင်စကားကို ကိုယ်ကို အသေခံ၍ လျှောက်

သင့်စည်းစိမ်သည်ကား အမတ်တို့တွင်ရှိသော ကျွန်တယောက်
သည်။ ထိုသို့သော သင်းဆိုသော စကားကို အမတ်တို့ကြားလျှင် မရက်ပါ
ည်းစိမ်ခန့်မျှမရှိ၊ အမိန့်တော်ရှိပြီးလျှင် ပေါလသိုင်းစားကို မိုးကောင်းစားကိုဖမ်း၍
သလောဟု မေးလျှင်နေတော့ နေရပ်နေရာကို ပြုမည်လောဟု၍ မေးတော်မူသည်။ ပေါလ
သိုင်းစားလည်း ပြည့်နှမ်မည်အကြောင်းကို နားတော်လျှောက်သည်။ ယင်းသို့
အစ္စာတော်ကို ခံစေ၍ ရွှေထားမှူးနှင့်တကွ သွားရလေ၏။ မိုးကောင်းကလေး
ခန်းသို့ ရောက်လျှင် ပေါလသိုင်းစားထွက်၍ ပြေးလေ၏။ ထိုအကြောင်းကို
ဆင်ဖြူများသခင် ဘဝရှင်မင်းတရားကြီးဘုရား ကြားတော်မူလျှင် အမျက်တော်
ပြင်းစွာရှိ၍ ရွှေထားမှူးငယ်ကို သတ်လေဟု၍ အမိန့်တော်ရှိသည်။ ယင်းသို့သော
ဝါ ရတော်မူသော မိုးညှင်းစော်ဘွားကျွန် စောရဲဟူသော အမတ်က ဤသို့
နားတော် လျှောက်သည်။ ကျွန်တော် ပေါလသိုင်းစား ထွက်ပြေးလေရာမှာ
မိုးကောင်းစော်ဘွားကို မချွတ်ရတော်မူမည်ဟု၍ နားတော်လျှောက်သည်။ ရမည်
အကြောင်းကို ပသို့ထင်သနည်းဟု၍ မေးတော်မူသည်။ စောရဲလည်း ဤသို့
နားတော် လျှောက်ပြန်သည်။ ပေါလသိုင်းစားငယ်သည် ကြီးသောအပြစ်
ကြောင်းကို ကျွန်တော်တို့ အသိဖြစ်တော့သည်။ သင့် အကြံ အစည်ကြောင့်
သို့သည် အပြုအမူကို စော်ဘွားတို့ ပြုရသည်ဖြစ်တော့သည်။ ထိုသည့် အပြစ်နှင့်
လူကို လက်တော်သို့ရောက်ရာ ကွပ်မျက်တော်မမူ ထားတော်မူသည်။ ယင်းသို့
ထားတော်မူသည်သာမဟုတ်ဆုလာဘ်ပေး၍အမှုတော်ကို ထမ်းပြန်ရသည်။ ထို
အကြောင်းကို မိုးကောင်းစော်ဘွား အစရှိသော အမှူး အမတ် ပြည်သူ လူ
အပေါင်းတို့ ကြားသော် သင့်အပြစ်နှင့် တကွသောသူကို ရတော်မူသော်လည်း
မကွပ်မျက် ထားတော်မူသည်။ ငါတို့မှာ အပြစ်မရှိဟု၍ မိုးကောင်းစော်ဘွားနှင့်
အတူ ပါလေသော ရှမ်းအပေါင်းတို့သည် မိုးကောင်းစားကိုခွါ၍ မြေရင်း
တော်သို့ ရောက်လာမည်မချွတ်၊ ရောက်လာသောသူတို့လည်း မိုးကောင်းစား
နေရာကို ပြုမည်မချွတ်၊ ဤသို့ အကြောင်းများကို မြင်သည်ဟု၍ လျှောက်သည်။
ဆင်ဖြူများသခင် ဘဝရှင်မင်းတရားကြီးဘုရားလည်း စောရဲလျှောက်သော
စကားကို ကြားတော်မူလျှင် ရွှေထားမှူးကို ထွက်သော အမျက်တော်ပြေ၍
စောရဲကိုလည်း ပုဆိုးဝတ်လုံ၊ ရွှေထားငါးပတ်ခံတွင်း ပေးတော်မူသည်။

## လင်းဇင်း ဗညားတို့ အကြံအစည် ပြုခန်း

ယင်းသို့ မိုးကောင်းမြို့တွင် နေတော်မူစဉ် လင်းဇင်းမှာ ဗညားသေဉ်လုံ၊
ဗညားပရန်၊ ဗညားကျွန်၊ ဗညားမြဲ ဤဗညားလေးဦးတို့ ဥပရာဇ်နှင့်မိုင်းစံ

တွင် နေရာမှာ လင်းဇင်းမင်း ဗညားသေဉ်သည် ဆင်ဖြူများသခင်
မင်းတရားကြီးဘုရား ဟံသာဝတီသို့ ပြန်ပြီဟု ကြားလျှင် ဆင်မြင်း
ရုံးစု၍ ဥပရာဇ်နှင့် ဗညားလေးဦးကို တိုက်မည်ဟူ၍ စီရင်လေ၏။ ဥပရာ
ဗညားလေးဦးတို့လည်း ဝင်လာသော လင်းဇင်းအမတ်တို့နှင့် တိုက်ပင်၍
တ်များပြား ဗညားသေဉ်သားအဖကို ဖမ်းလေ၏။ ဗညားသေဉ် သားအ
ရ၍ ဟံသာဝတီသို့ ပြန်တော်မူမည်ဟူ၍ ဗညားလေးဦး စီရင်ခန့်ထား
ဗညားသေဉ်လုံ ဟူသောအမတ် ဤသို့ အကြံရှိသည်။ ဥပရာဇ်သည်
အမျိုးတူဖြစ်၍ အထူးမေတ္တာ ရှိကြသည်ကိုလည်း ဘဝရှင်မင်းတရားကြီး
ဖြစ်တော်မူသည်။ ယခုလည်း လင်းဇင်းမြို့ကို ဥပရာဇ်မင်းပြုသည်။ ငါ
ဇင်းမယ်မြို့တွင်နေ၍ အမှုတော်ကို ထမ်းရသည်။ ဥပရာဇ်နှင့် အဆွေခင်
အချစ်အလေးအမြတ် ဖြစ်ကြသည့် အခြင်းအရာကိုပြု၍ မသင့်ချေဟူ၍ သ
ရှိပြီးလျှင် ဥပရာဇ်သို့စေ၍ ဤသို့ဆိုရလေသည်။ ငါ့နားတော်လျှောက်သ
လင်းဇင်းမင်း၊ သူပုန်ဖြစ်သော ဗညားသေဉ်နှင့်တကွ အမှူး အမတ် သူ
သူကြွယ်တို့ကိုရပြီ။ ထိုသူတို့သည် အလွန်ရက်စရာ ကြမ်းကြုတ်ကုန်သည်။ ထို
တို့ကို လင်းဇင်းမြို့၌ နေစေသည်ရှိသော် နောင်လာ အနာဂတ်၌ အဝ
မင်းတရားကြီးနှလုံးတော် နှောင့်ယှက်မည့် အကြောင်းဖြစ်သည်။ ယင်း
ဖြစ်သောကြောင့် ဗညားသေဉ် သားအဖနှင့်တကွ အမှူး အမတ် တို
ခြေရင်းတော်သို့ ဆက်မည်၊ အလျှင် ယူခဲ့စေဟူ၍ တောင်းလေသည်။ လင်း
မင်း ဥပရာဇ်လည်း ထို အမှူး အမတ်တို့သည် ငါ့အမျိုး ငါ့အဆွေ
ဖြစ်သည်ဟူ၍ မပေးနေလေသည်။ နှစ်ကြိမ် သုံးကြိမ် တောင်း၍ မရ
ဗညားသေဉ်လုံလည်း ဗညားကျန်း၊ ဗညားပရန်၊ ဗညားဖြူတို့ကို ရှေးကခေါ်
လင်းဇင်းဥပရာဇ်နှင့်တကွ စည်းဝေးပြီးလျှင် ဗညားသေဉ်လုံက ဤသို့ဆိုသည်
လင်းဇင်းမင်းသည် ငါက သုံ့လူတို့ကို တောင်းသည်ကို မပေးနေသည်က
ငါတို့သခင် ဆွေတော်မျိုးတော်ဖြစ်၍လည်း နေသည်လော၊ ယင်းသို့မဟုတ်
တို့သခင် ရန်သူတော်နှင့် ဆင်းစီးချင်းတိုက်၍ အောင်မြင်ဖူးသသူ ဖြစ်သည်
ဟူ၍လည်း နေသလော၊ အစ်ကိုလည်း အထက်က ငါတို့ကဲ့သို့ သုံ့လူ
ဖြစ်သည်။ ဘုန်းကော်ကြီးလှသော မင်းတရားကြီးဘုရားသည် သူကောင်း
အမျိုးကို သနားတော်မူတတ်သော မင်းကောင်းဖြစ်တော်မူ၍ ငါတို့ကို ရတော်
မူလျှင် မကွပ်မျက် မဖျက်မဆီးဘဲ သူကောင်းပြုတော်မူသည်။ အစ်ကိုတို့က
လည်း သားတော် မဟာဥပရာဇာတို့ မိုင်းစံတွင် ရ၍ဆက်လျှင် မရှုတ် မ

မွေးကျွေးတော်မူ၍ ယခု လင်းဇင်းမြို့ကို ပေးတော်မူသည်။ သို့သည် ကျေးဇူးတော်ကို ဆပ်မည်ကား မကြံ ပြည်ရွာ၏ အဆူးအငြောင့်ဖြစ်သော လူဆိုး၊ လူပျက်တို့ကို လက်ခံထားသည့် အရာသည် နောင်လာအနာဂတ်၌ ငါတို့ သခင် နှလုံးတော်ကို နှောင့်ယှက်အောင် ကြံသည်မဟုတ်လော၊ နှောင့်ယှက်မည် အကြောင်းကို သိမြင်လျှင် နားတော်မလျှောက်ဘဲ နေခြင်းသည်လည်း အရှင်ကို ဖီဆန်သည် မဟုတ်လော၊ ပြည်ရေး ရွာမှုရှိသောအခါ ငါချည်းသာ မကြံ အပ်ချေဟူ၍ ပညာရှိတို့နှင့် တိုင်ပင်၍ မလျှောက်ရချေလောဟု ဆိုသည်ကို ဥပရာဇ် ကြားလျှင် ဤသို့ ဆိုသည်။ ဗညားဆိုသော လူဟူသမျှသည် ငါ့ အဆွေအမျိုးဖြစ်၍ သိမ်းယူပါသည်။ ထိုသို့ သိမ်းယူခြင်းကို ဗညားအလိုမရှိ သည်လော၊ ဘဝရှင် မင်းတရားကြီး ငါ့ကို သူကောင်းပြုတော်မူသည်လည်း အဆွေအမျိုးနှင့်တကွ အမှုတော် ထမ်းစေလို၍ သူကောင်းပြုတော်မူသည် ဖြစ်သည်။ ယင်းသို့ ဗညားသေဉ်လုံသည် ငါ့အဆွေအမျိုးတို့ကို ပျက်စီးအောင် ဆိုသည် မဟုတ်လော ဟူ၍ဆို၏။ ယင်းသောအခါ လင်းဇင်းမင်း ဥပရာဇ်နှင့် ဗညားသေဉ်လုံ မနည်းကြာပင် တွေ့ဆိုကြသည်။ ထိုသို့ တွေ့ဆိုသောအခါ ဗညားကျန်း၊ ဗညားပရန်၊ ဗညားဖြတို့ သုံးဦးက မင်းနှစ်ပါးဆိုသည့်စကား သည် အရေးရှိကြသည်ချည်း ဖြစ်တော့သည်။ သို့ရာတွင် ငါတို့သခင် ဘဝရှင် မင်းတရားကြီးဘုရား အမိန့်တော်ကိုနာခံ၍ သင့်ရာဖြစ်ကြရလိမ့်မည်။ ဗညား သေဉ် သားအဖကို ယူဦးတော့မည်။ အမှုး အမတ် သူဌေး သူကြွယ်တို့မှာ သင့်ရာဖြစ်ရမည်ဟူ၍ ဆိုပြီးလျှင် ဟံသာဝတီသို့ ပြန်မည် အစီအရင်ကို စီရင် ခန့်ရန်ကြသည်။ ယင်းသောအခါ လင်းဇင်းမင်း ဥပရာဇ်လည်း ဗညားလေးဦး တို့ကို ဆင်ပေါက်တစ်စီး၊ ကြိုးက အစုံ၊ ဝတ်လုံတစ်ဆယ်စီပေးလိုက်သည်။ စစ်ကဲ လေးဦးကိုလည်း မြင်းကြိုးက အစုံ ငွေငါးပိဿာစီ ပေးလိုက်၍ ပြန်ရသည်။ ဇင်းမယ်သို့ ရောက်လျှင် ဗညားသေဉ်လုံလည်း ဇင်းမယ်တွင်နေ၍ အမှုတော် ကို ထမ်းသည်။ ဗညားသုံးဦးတို့လည်း ဗညားသေဉ် သားအဖကို မြဲမြဲ စွာ ဆောင်ယူ၍ ဟံသာဝတီသို့ ရောက်လျှင် ဆင်ဖြူများသခင် ဘဝရှင် မင်းတရားကြီးဘုရား မိုးကောင်းမှာ ရှိတော်မူရာသို့ လုံခြုံအောင် ဆက်ရလေ ၏။ ဆင်ဖြူများသခင် ဘဝရှင်မင်းတရားကြီး ဘုရားလည်း ဗညားသေဉ်ကို အကျဉ်းထားရာက လွှတ်တော်မူ၍ သားအဖနှစ်ယောက်ကိုပင် သာယာစွာ နေရသည်။

သားတော် မဟာဥပရာဇာ၊ သမက်တော် အဝဘုရင် သတိုး မင်းစော
မိုးကောင်းစော်ဘွား ချေဖြးလရာသို့ လိုက်ကြရာမှ ခန်းထီးခန်းညင်းက သ
မိုင်းလုံတိုင်အောင်လိုက်တော်မူလေ၏။ တောင်ကမ်းကြီး၍ ဆင်မစီးသာသလျှင် မြင်း
စီး၍ လိုက်တော်မူသည်။ မြင်းမစီးသာသော ခရီးသို့ ရောက်တော် မူလျှင်
သန့်လျှင်းစီး၍လိုက်တော်မူကြသည်။ သန့်လျှင်းမစီးသာသောခရီးသို့ရောက်တော်
မူလျှင် ခြေလျင်တောင်ဝှေးထောက်၍ လိုက်တော်မူကြသည်။ မိုးကောင်းက
ဆီးနှင်းတို့သည် အိုးစရည်းရှိ အခဲအဆိုင်
ချို၍ တစ်လကျော်၍ ခရီးရောက်လျှင် ဆီးနှင်းခဲတို့သည် မှန်းတည့်မှ အလိုလိုကြေ၍
ခရီးမသွားသာအောင်ရှိသည်။ ထိုဆီးနှင်းခဲတို့သည် ရေရှာ၍ မရလျှင် ထိုဆီးနှင်းခဲကိုပင် ရေပူ၍
ရေဖြစ်လေ၏။ ထမင်းချက်ရာ ရေရှာ၍ ... တဝရှင်မင်းတရားကြီးဘုရား ကြား
ထမင်းချက်ရသည်။ ထိုအကြောင်းများကို သမက်တော်တို့ကို ခေါ်တော်မူ၍ မိုးကောင်းသို့
တော်မူလျှင် သားတော် သမက်တော်တို့ရောက်လျှင် ရသည့်ဆင်မြင်း လူသူ
ပြန်ရသည်။ သားတော် မှူးတော် မတ်တော် အပေါင်းနှင့်
တို့ကို သိမ်းယူတော်မူ၍ ညီတော် သားတော် မှူးတော် မတ်တော်
တကွ သင်္ကရာဇ် (၉၃၈) ခုနှစ် ကဆုန်လပြည့်ကျော် သုံးရက် စနေနေ့ မိုးကောင်း
က ပြန်တော်မူ၍ လပြည့်ကျော်တစ်ဆယ့်သုံးရက် အင်္ဂါနေ့ မိုးထားလက်ပံဆိပ်သို့
ရောက်တော်မူသည်။ ကဆုန်လပြည့်ကျော် တစ်ဆယ့်လေးရက် ဗုဒ္ဓဟူးနေ့ မိုးထား
က ရတနာရွှေဖောင်တော်နှင့် စုန်တော်မူသည်။ နယုန်လဆန်းကိုးရက် စနေနေ့
ရတနာပူရသို့ ရောက်တော်မူသည်။ ရတနာပူရတွင် နှစ်ရက်နေတော်မူ၍ နယုန်
လဆန်းတစ်ဆယ့်တစ်ရက်တနင်္လာနေ့စုန်တော်မူ၍ ဝါဆိုလဆန်း တစ်ဆယ့်နှစ်
ရက် ဗုဒ္ဓဟူးနေ့ နေပြည်တော် ဟံသာဝတီသို့ ရောက်တော်မူသည်။ ဆယ်ရက်
ခန့်ရှိလျှင် လင်းဇင်းမင်း ဗညားသေဥ် သားမယားတို့ကို အဆောင်အယောင်
နှင့်တကွ အကွက်အရပ်ပေးတော်မူ၍ နေရာလွှတ်နေစေ၍ ရွှေလွှတ်တော်တွင်
ပြန်ရသည်။

လင်းဇင်းက ပြန်လာသော ဗညားကျန်း၊ ဗညားပရန်၊ ဗညားဖြူ သုံးဦးကို
လည်း အဆောင်အယောင် ဆုလာဘ်များစွာ ပေးတော်မူသည်။ ဗညားသုံးဦး
လျှောက်သည်။ ကျွန်တော် ဗညားသေဥ်လိုနှင့် လင်းဇင်းမင်း ဥပရာဇ်သည်
အဆွေအမျိုးဖြစ်သော အမှူးအမတ်တို့ကို သိမ်းယူမည်ဆိုရာတွင် မနည်းကြံပင်
တွေးဆိုကြသည်။ ဗညားသေဥ်လိုလည်း အရှင့်သစ္စာတော် တည်မည့်အကြောင်း
ကို ဆိုပေသည်ဟူ၍ နားတော် လျှောက်သည်။ ထိုအကြောင်းများကို ကြား

တော်မူလျှင် ဗုဒ္ဓဘုရားသော်လည်းကို အားရတော်မူ၍ ချီးမွမ်းတော် မူသည်။ မူးတော် မတ်တော် အပေါင်းတို့ကိုလည်း ဤသို့ အမိန့်တော် ရှိသည်။ အမတ်များတို့ ငါဘုန်းတော်ကြောင့် ထီးဆောင်းမင်းတကာတို့၏ အရှင် ဖြစ်တော်မူ၍ တိုင်းကားနိုင်ငံတော်သည် အလွန်ကျယ်ဝန်းသည်။ ထိုသို့သော တိုင်းကား နိုင်ငံတော် အပေါင်းတို့တွင် ထီးဆောင်းမင်း၊ အပေါင်းလည်း အချင်းချင်းတစ်ယောက်ကို တစ်ယောက်ချိန်းချက်သည့် စကားကို ကြားသည် ရှိသော် မကောင်းသောသူသည်လည်း ကောင်းသောအခါ ကျင့်လေရာသည်။ ကောင်းပြီးသော သူသည်လည်း အလွန်မျှပ်ဝပ် ယဉ်မှုန့်လေရာသည်။ အခါ ခပ်သိမ်း မကောင်းသော အကြံကို မကြံရ။ ထိုသို့ မထွေမပြည့်ဝံ့သည်ဖြစ်မှ တိုင်းကားနိုင်ငံ ငြိမ်းချမ်းသာယာသည်ဖြစ်၍ ပြည်သူ-လူ-ရဟန်း အပေါင်းတို့သည် ဒါနသီလ ဇသော ပါရမီကိုဖြည့်၍ နိဗ္ဗာန်မဂ်ဖိုလ် ချမ်းသာကို ရလေ ရာသည်။

## မဟာ ဝိဇယ စေတီကို ဌာပနာတိုက်လုပ်တော်မူခန်း

ငါတို့ မင်းကြီးရှင် အားလည်း ကုသိုလ်ပွဲများရာသည် ဟူ၍ အမိန့်တော် ရှိပြီးလျှင် ဗုဒ္ဓဘုရားသော်လည်းကို အားရတော်မူ၍ ပုဆိုးကောင်း သင်္ကန်း ဇော်က ရပ် မူရိ ရမထိ ခါသာများစွာ ငင်းမယ်သို့သွား၍ ဆုပေးရသည်။ ။သက္ကရာဇ် (၉၃၈) ခု ပဌမဝါဆိုလဆန်း ၅ရက်နေ့ မဟာဝိဇယစေတီကို ဌာပနာတိုက် လုပ်စပြုသည်။ ဒုတိယဝါဆိုလဆန်းတစ်ဆယ့်တစ်ရက် ကြာသပတေးနေ့ ထားဝယ် က ဆင်ဖြူမတစ်စီး ရောက်သည်။ ဒုတိယဝါဆိုလဆန်း ၃ ရက် တနင်္လာနေ့ သိန်းသိုဠ်ကျွန်း အစိုးရသော ဓမ္မပါလမင်းက လက်ဆောင် လက်နက်အများနှင့် ဘုရားသခင်စွယ်တော်မြတ်ကို ရွှေစတီ၌ ဌာပနာ၍ သင်္ဘောနှစ်စင်းတွင်တစ်စင်း မှာ လက်ဆောင်တော်တစ်စင်းမှာစွယ်တော်မြတ်ကိုတင်၍ အမတ်လေးယောက် ကြပ်မတ်စေလျက် ဆက်လာစေ၍ ပုသိမ်သင်္ဘောဆိပ်သို့ ရောက်လာသည်။ ထို အကြောင်းကို ပုသိမ်က လျှောက်လာ၍ ကြားတော်မူလျှင် အားရတော်မူ၍ သင်္ဘောဆိပ်တွင် စွယ်တော်မြတ်ကို တည်ထားစရာ ကောင်းမွန်လှစွာသော မဏ္ဍပ် ကန့်ကို ဆောက်ရသည်။ ထိုမှတစ်ပါး စွယ်တော်မြတ်ကို တည်ထားစရာ စီရင် တော်မူသည်ကား၊ ပတ္တမြားကြုတ် စီရင်တော်မူသည်။ လေးကျွန်းအိမ်ဟူသော အဖိုးအတိုင်းမသိသော ဗုဒ္ဓဘုရားပရိဝတ်သောကျောက်တစ်လုံး၊ မိုးမိတ်စော်ဘွား ကဆက်သော အဖိုးအတိုင်းမသိသော ကျောက်တစ်လုံး၊ ဓမ္မစေတီဝတ်သော

အဖိုးအတိုင်းမသိသော ကျောက်တစ်လုံး၊ ယိုးဒယားမင်းက ဆက်လာသော
အဖိုးအတိုင်းမသိသော စိန်ကျောက်တစ်လုံး၊ သည်ကျောက်ခလေးလုံးကို ရွှေကြုတ်
လေးမျက်နှာတွင်စီ၍ ပတ္တမြားအပြည့် စီခသောကြုတ်တွင် သွတ်သည်။ ထို
ပတ္တမြားကြုတ်ကို စသေတော်ခေါ်သော ပတ္တမြား၊ လက်ဖက်အိုးတွင် သွတ်သည်၊
ပတ္တမြား၊ လက်ဖက်အိုးကို စသေတော်ခေါ်သော ပတ္တမြားကွမ်းခွက်တွင် သွတ်
သည်။ ပတ္တမြားကွမ်းခွက်တော်ကို နဝရတ်ကိုးပါးဖြင့်ပြီးသော ရတနာစေတီ
တော်တွင် ထည့်တော်မူပြန်သည်။ ထိုရတနာ စေတီတော်ကို ရတနာအတိ
ပြီးသော ပြာသာဒ်ဆောင် ထင်ပြီးမှ စီးတော်မူသော ရွှေလှော်ကားတွင်တင်၍
ရွှေတက်ညီမျှ မလှော်ရသည်။ ထိုလှော်သောသူတို့ကိုလည်း ရွှေဦးထုပ် ဆောင်း၊
စေပြီးလျှင် ဘယက်လည်မှာ ဒွါဒရာသက်ကြာကြက် ဆင်ယင်စေ၍ ဖောင်တော်
ရှေ့က ခွင်ရေးလှော်ရသည်။ သည့်နောက် ရွှေလှော်ကား လေးစင်၊
မှာလည်း နတ်သမီးအသွင်ကဲ့သို့ ပုတီး နားတောင်း ဘယက်ဘန်းဆာ ဆင်ယင်
ဝတ်စားစေ၍ ရွှေတက်နှင့်လှော်၍ လိုက်ရသည်။ ယင်းကမှ ဟင်္သာရုပ် ပတ္တမြား
ဖိ၍ ပုံဟန်၊ ရတနာ ရွှေဖောင်တော်ကို စီးတော်မူ၍ ရှေ့တော်က ရွှေလှော်
ကား ရှစ်စင်၊ နောက်တော်က ရွှေလှော်ကား ရှစ်စင်၊ ငင်ရသည်။ ရွှေတက်
ကျင်းလှော်ကား ဆုံးရာတို့ကိုလည်း ပဉ္စင်တုရိယာ ပတ်သာ စည် စောင်းငြင်း၊
တင်၍ မြစ်လုံးပဲ့တင်ထပ်မျှ တီးမှုတ်လျက် ဖောင်တော်ဝန်းကျင် ရွှေတက်နှင့်
ချည်းလှော်၍ လိုက်ရသည်။ ထိုမှတစ်ပါး ရဲမက်ဘော်တို့မှာ အထူးထူးသော
တိုးရုပ်၊ ဇာဆိုးရုပ်၊ မြင်းရုပ်၊ ကျွဲရုပ်၊ ကျားရုပ်၊ မိကျောင်းရုပ်၊ မကန်းရုပ်၊
အဆိတ်ရုပ်၊ ကြိုးကြာရုပ်၊ ဟင်္သာရုပ်၊ ကိန္နရာရုပ် လှေစသော၊ သားလှေ
ငှက်လှေ အပေါင်းတို့တွင် ရွှေဗိုင်း ရွှေကား ရွှေလုံးစီစဉ် ကျင်းပစေလျက် တိုက်
လှေငါးရာတို့ကို ဖောင်တော် လက်ဝဲလက်ယာ ရှေ့နောက်လိုက်ရသည်။ ထိုမှ
တစ်ပါး ဝန်သည်တော်အပေါင်းတို့မှာ ဧသာကပဝ်ကျရုပ်၊ သမ္ဗန်ကတ္တူ လှန်း
ကြင် စသော လှေတစ်စောင်တွင် စိန်ခပြောင်းမြတ္တူတင်၍ လိုက်ရသည်။
ညီတော် သားတော် မှူးတော် မတ်တော် အပေါင်းတို့မှာလည်း မိမိတို့ရသည့်
လှော်ကား လှေမှာ်နှင့် နှရည်း စည် ပတ်သာ စောင်းငြင်း တီးမှုတ်၍
အဆောင်အယောင် ကျင်းပလျက် နောက်တော်ကလိုက်ရသည်။ ယင်းသို့သော
အစီအရင်ဖြင့် မြစ်လုံးပဲ့တင်ထပ်မျှ ဟံသာဝတီ ရွှေမြို့တော်ကသည်၊ ပုသိမ်
သဓော်ဘဆိပ် တိုင်အောင် ကြွတော်မူသည်။ သဓော်ဘဆိပ်သို့ ရောက်တော်မူ
လျှင် ရတနာသယ်ပါးတို့ကို ပန်းပေါက်ပေါက် ပြုတော်မူ၍ စွယ်တော်မြတ်ကို

ပူဇော်တော်မူသည်။ ထိုမှတစ်ပါး ရွှေတန်ဆောင်၊ ငွေတန်ဆောင်၊ ရွှေတံခွန် ငွေတံခွန်တို့နှင့်လည်း မျှားစွာ ပူဇော်တော်မူသည်။ ယင်းသို့ သိန်းသိန်း ရွှေအမတ်လေးယောက်တို့လည်း ပါသည့် လက်ဆောင်တော်နှင့် ရာဇသံစာကို ဆက်သည်။ ။ရာဇသံစာတွင် ပါသည်ကား၊ သာယာချင့်စွာ နှိမ့်ချသော စကားဖြင့် စာခေါင်းတပ်ပြီးလျှင် ဆင်ဖြူများသခင် အရှင်မင်းတရားကြီး ဘုရား ဘုန်းတန်ခိုးတော်ကို ချီးမြှောက်ပြီးမှ ယခု သိန်းလိုင်ကျွန်းကို လေးခု ခွဲ၍ မင်းပြုကြသည်။ (ကူတ်တည်မင်းတစ်ခု)(ခန်တည်မင်းတစ်ခု) (ဓမ္မပါလမင်းတစ်ခု) (ဓမ္မပါလမင်းတစ်ခု) သည်လေးခုသော မင်းတို့တွင် ကူတ်တည်မင်း၊ ခန်တည်မင်း၊ သီတာဝက်မင်းတို့သည်၊ ဘုရားသခင် သာသနာတော်ကို ပျိုး မြှောက်ပါ၊ မိစ္ဆာဒိဋ္ဌိ အယူကိုသာယူ၍ သာသနာတော် ညစ်နွမ်း ရှေ့လျော ရသည်။ ဇမ္ဗူဒိပ် မြေပြင်ဝယ်ရှိသော မင်းတကာတို့ထက် မြတ်တော်မူသော သာသနာတော်မြတ် စီးပွါးကို အလိုရှိတော်မူသော မဟာဓမ္မရာဇ် မင်းမြတ် သည်၊ သိန်းလိုင်ကျွန်းဝယ် လေးခုခွဲ၍ မင်းပြုသော ကူတ်တည်မင်း၊ ခန်တည် မင်း၊ သီတာဝက်မင်းတို့ကို အလုံးအရင်း အာဏာတော်နှင့် ဆုံးမနှိမ်နင်းတော် မူပါသည်ဖြစ်မှ သာသနာတော် အဘိုင်းထက်အလွန် ထွန်းပ စည်ပင်ရာဖြစ် ပါသည်။ မဟာဓမ္မရာဇ်မင်းမြတ်သည် ဇမ္ဗူဒိပ်ဝယ် အပြည်ပြည် ထောင်သော မိစ္ဆာဒိဋ္ဌိတို့ကို သမ္မာဒိဋ္ဌိဖြစ်အောင် ဆုံးမတော်မူလေ့ရှိသော သာသနဒါယကာ မင်းဖြစ်၍ ယခု ဘုရားသခင် စွယ်တော်စစ်ကို ကိုးကွယ်တော်မူစေခြင်းငှါ ဆက်ပါစေသည်ဟူ၍ စာတွင်ပါသည်။ ရာဇသံတွင် ပါသည့်စာကို ကြားတော် မူလျှင် စွယ်တော်စစ်ပေဟူ၍ အကိုင်းထက် အလွန် ပီတိသောမနဿ ရှိတော် မူ၍အဖန်တစ်လဲလဲ ဖူးမျှော်တော်မူသည်။ ယင်းသောခါ သိရိဇေယျ နော်ရထာ လျှော်သည်ကား၊ ဘုရားလောင်းဘေးတော် အနော်ရထာစော လက်ထက်တော်၌ လည်း လက်ဆောင်တော်ပြု၍၊ ရဟန္တာမြတ် ရှင်အရဟံနှင့်တကွ တောင်းသော ခါလည်း စွယ်တော်စစ်ကိုမရ၊ စွယ်တော်ပွါးကိုသာ ရချေသည်။ ဘေးလောင်း တော် အလောင်းစည်သူ လက်ထက်တော်၌လည်း တရုတ်ပြည်မှာ ကိုယ်တော် တိုင်ချီ၍ တောင်းတော်မူသည်။ စွယ်တော်စစ်ကို ထား၍ စွယ်တော်ပွါးကိုမျှ မရချေ၊ ယခုမူကား ဘုန်းတော်ကြီးလှသော အရှင်ဘုရား ဘုန်းတော် တန်ခိုး တော်သည် လွန်ကဲလှသောကြောင့် တောင်းတော်မမူရ စွယ်တော်စစ်ကို ဆက်ရောက်လာပေသည်။ သည်အကြောင်းများသည် သာသနာတော် ငါး ထောင်တိုင်အောင် ဥဒါန်းမော်ကွန်း ဖြစ်ရစ်လေတော့မည် ဟူ၍ နားတော်

လျှောက်သည်။ သီရိပေယျ နေ့ရထား လျှောက်သော စကားကို ကြားတော မူလျှင် ငါသည် ကေတုမတီ ပြည်ကြီးကို အလိုတော်ပြည့်၍ ဘိသိက်ခံသ ကာလ သဗ္ဗညုဘုရားရှင် သာသနာတော်ကို ချီးမြှောက်နိုင်သည် ဖြစ်စေသော မိုးသွန်းတော်မူသည်နှင့်အညီ အပြည့်ပြည့်ဆောင်သော မင်းတို့ကို လုပ်ကြံတော မှ၍ မိစ္ဆာဒိဋ္ဌိ အယူမှသည် သမ္မာဒိဋ္ဌိချည်း၊ ဖြစ်စေ၍ ပရိယတ္တိ ပဋိပ သာသနာတော်ကို တည်စေသည်။ ထိုသို့သော ကုသိုလ်စေတနာ တန်ခိုးကြော မင်းမင်းတကာတို့ မကိုးကွယ်ရဖူးသော စွယ်တော်စစ် ရောက်တော်မူ၍ ငါသ ကိုးကွယ်တော်မူရပေသည် ဟူ၍ အမိန့်တော်ရှိသည်။ ယင်းသို့မှ ဘုရားရှ ထင်ရှား ရှိတော်မူစဉ်ကာလ ကိုယ်တော်တိုင် ကြွလာတော်မူသကဲ့သို့ အလှ ရှိသေ ခမ်းနားစွာ မကျုပ်ကသည် ရွှေလှော်ကား ပြာသာဒ်သို့ တိုင်အော ရတနာဆင်ဖြူထက် တင်ပြီးလျှင် ကိုယ်တော် သားတော် မြေးတော် မတ်တော အပေါင်း ခြံရံလျက် ပင့်ဆောင်တော်မူသည်။ ယင်းသို့မှ စွယ်တော်မြတ်ကို ရွှေတန်ဆောင်၊ ငွေတန်ဆောင်၊ ရွှေတံခွန်၊ ငွေတံခွန်တို့ဖြင့် များစွာ ပူဇေ တော်မူပြန်၍ စွယ်တော်တင်သည့် လှော်ကားကို ရွေ့ပျား လှော်ရသည်။ ယင် ကမှ သားတော် မဟာဥပရာဇာ အစရှိသော ညီတော် သားတော် မြေးတော မတ်တော်တို့ စီးသော လှော်ကားတွင် ထီးဖြူစသော တံခွန် ကုက္ကား မုလေးပွ တို့ကို စိုက်စေ၍ တံပိုး ခရာ ပတ်သာ စည် စောင်း ခြင်း တီးမှုတ်လျက် စွယ်တော တင်သော လှော်ကား ဝန်းကျင်လိုက်ရသည်။ ယင်းကမှ ကတ္တူ လှန်ကြ အစရှိသော တိုက်လှေကြီး အပေါင်းတို့တွင် စိန်ပြောင်း မြတပူကြီးတင်၍ ဝန်းဝ လျက် လိုက်ရသည်။ ယင်းကမှ ဆင်ဖြူများသခင် ဘုရင် မင်းတရားကြီးဘုရ ရတနာ ရွှေဆောင်တော်နှင့် သိကြားမင်း၏ အသရေကဲ့သို့ အလွန်တင့်တယ်စွ မြစ်လုံး ပဲ့တင်ထပ်မျှ ပုသိန် သင်္ဘောဆိပ်ကသည် ဟံသာဝတီ ရွှေမြို့တော်တို အောင် ဆောင်ယူတော်မူသည်။ ဟံသာဝတီသို့ ရောက်တော်မူလျှင် နတ်သသ ကဲ့သို့ ကြီးစွာသော သဘင်ကို ခံတော်မူ၍ ဝပ်သိမ်းသော ပြည်သူ လူ ရဟန် အပေါင်းတို့ကို ပူဇော်စေရသည်။ ပြည်သူအပေါင်းတို့လည်း ဘုရားရှင် ထင် ရှား ရှိတော်မူသည်ကာလ ကိုယ်တော်တိုင် ကြွလာတော်မူသကဲ့သို့ ပီတိ သောမနဿ လွန်စွာရှိကြ၍၊ မိမိတို့ ဝတ်စားသော ရွှေငွေ တန်းဆာတို့ကို ကိုယ်က ချွတ်ပြီးလျှင် လှူဒါန်းကြကုန်၏။ ထီး၊ တံခွန်၊ ကုက္ကား၊ မုလေးပွါးတို့ကို လှူဒါန်း ကုန်သည်ကား မရေတွက်နိုင်၊ ယင်းသို့မှ စွယ်တော်မြတ် ကျိန်းဝပ်ရ ရတနာစေတီကို ခေါင်းရင်းတော်၌ ထား၍ ကိုးကွယ်တော်မူသည်။ မင်းဆ

တကာတို့ မလုပ်ဖူးလေသော ထူးဆန်းကောင်းမွန် လှစွာသော မြသားစီသစ် သစ်ပြောက်တို့ကိုလည်း ထုလုပ်နိုင်ရလေသည်။

ယင်းသို့မှ သိန်းယိုဋ္ဌမင်းက လျှောက်လိုက်သော အရေးကို ညီတော် သားတော် မှူးတော် မတ်တော် အပေါင်းတို့နှင့် တိုင်ပင်တော်မူသည်၊ ယင်း သောအခါ ဗညားဒလအမည် နောက်ခံသော အမတ်လျှောက်သည်ကား၊ သိန်း ယိုဋ္ဌကျွန်းကို အစိုးရသော ဓမ္မပါလမင်းသည် ဘုန်းတော်ကြီးလှသော ဘဝရှင် ဘုရား ဘုန်း လက်ရုံး အာဏာတော်သည် ဇမ္ဗူဒိပ် မြေပြင်အလုံး ကျော်စော သည်ကို ကြားလေသောကြောင့် ရှေ့တော်ရှိပ်ကိုလုံမှ သိန်းယိုဋ္ဌကျွန်း၌ မင်းသုံးပါးတို့ကို နှိမ်နင်းနိုင်၍ သာသနာတော် ပွင့်လင်း စည်ပင်မည်ကို ရည်၍ မင်းဆက်တကာတို့ မကိုးကွယ်ရဖူးသော စွယ်တော်စစ်ကို ပို့ဆက်လာသည်။ ထိုသို့သော အရေးကို ထောက်သဖြင့် ရွှေပဝါးတော်အောက်က မကူမည်၍ မသင့်ချေ၊ ယင်းသို့ ဖြစ်သောကြောင့် သင်္ဘောဝါးစင်းနှင့် သူရဲကောင်း နှစ်ထောင်ကျော် သုံးထောင်ခန့် ရွေးကောက်၍ အလျင်ချီလေစေမှ သင့်မည် ထင်သည် ဟူ၍ နားတော်လျှောက်သည်။ ဗညားဒလ လျှောက်သော စကားကို သီရိဇေယျကျော်ထင် ကြားလျှင် ဤသို့ နားတော်လျှောက်ပြန်သည်။ သိန်း ယိုဋ္ဌကျွန်းသည် သာသနာတော်မြတ် တည်ရာဖြစ်၍ ဇမ္ဗူဒိပ်ကျွန်းအလုံး ကျော်စော ထင်ရှားသော ပြည်ဖြစ်သည်။ ရွှေပဝါးတော် အောက်က အဝန် အဝါရှိအောင် ချီစေ၍ နှိမ်နင်းရသည် ဖြစ်မှ အရေးတော် သင့်မည် ဟူ၍ နားတော် လျှောက်သည်။ ဆင်ဖြူများသခင် ဘဝရှင် မင်းတရားကြီး ဘုရားလည်း အဝန် အဝါရှိအောင် ဘယ်သို့ ချီစေရသော် သင့်မည်နည်း ဟူ၍ အမိန့်တော် ရှိသည်ကို ဗညားဒလ လျှောက်သည်။ ရဲမက်တော် လူမျိုးအပေါင်းတို့တွင် ထား၊ လှံ၊ လေး၊ မြားပြိုးစီး၍ ရက်ရော ကြမ်းကြုတ် သသူတို့ကိုရွေး၍ နှလုံးသွင်းလိမ္မာသော အမတ်တို့ကို တပ်မှူး စစ်ကဲခန့်ထား မူ၍ သင်္ဘောဝါးစင်း လူနှစ်ထောင်ကျော် သုံးထောင်ခန့်နှင့် အလျင် ချီစေ၍ သိန်းယိုဋ္ဌကျွန်း၏ လက္ခဏာကို သိရမှ ညီတော် သားတော် မှူးတော် မတ်တော် အလုံးအရင်း ခန့်ရန်တော်မူ၍ ချီရမည်ဖြစ်သည်ဟု နားတော် လျှောက်သည်။ ဘဝရှင် မင်းတရားကြီး ဘုရားလည်း အမတ်နှစ်ဦး လျှောက် မသာအရေးကို ကြိုက်တော်မူ၍ သည်အတိုင်းစီရင်လေ အမိန့်တော်ရှိသည်။ သီရိဇေယျကျော်ထင်၊ ဗညားဒလတို့ကိုလည်း လူပီးစီး ခက်ထန်သော သူတို့ကို

မြေကောက်၍ ယိုးယားသား(၁၀၀)၊ တနင်္သာရီသား(၁၀၀)၊ လင်းဇင်း
သား(၁၀၀)၊ ကျိုင်းတုံသား(၁၀၀)၊ကသည်းသား·(၁၀၀)၊ ထားဝယ်သား
(၁၀၀)၊ ပိုင်းမသား(၁၀၀)၊ စည်ခွင်သား(၁၀၀)၊ တချွတ်သား(၁၀၀)
ရှမ်းလုံ(၅၀၀)၊ မွန် (၅၀၀)၊ မြန်မာ(၅၀၀) သည် (၂၅၀၀) သော
ရဲမက်တော်တို့ကို အသွားထူးသော ပေါက်တို၊ မောက်ရှည်၊ ပိန်ညို၊ သံချပ်မှု
ချည်း၊ ရှေ့ကိုင်၊ ရှေ့လှူး၊ ရှေ့ကာ၊ ရှေ့ဂျုံ ခွဲစေ၍ စန္ဒသူရိယကို တပ်မှူး ရာဇ
ဗညားကို တပ်စစ်ကဲ ခန့်တော်မူသည်။ ထိုသူတို့မှစရာ ဆင်နှစ်စီးနှင့်တကွ
ဆုလာဘ်ပေးစရာလည်းငွေအများ ပေးတော်မူလိုက်သည်။ သိန်းလိုင်မင်းသို့လည်း
ဆင် အစီးနှစ်ဆယ်နှင့် တကွ မင်းဆောင် မင်းယောင် မင်းခမ်း မင်းနား
အများ ပေးတော်မူလိုက်သည်။ ယင်းသို့ စီရင်ခန့်ရန်တော်မူ၍ စစ်သည်တော်
နှစ်ထောင်ငါးရာတို့ကို သဘောင်္ငါးစင်းတွင် တစ်စင်းငါးရာစီ စီးစေ၍ လှေ
လေသည်။ဘုန်းတော်ကြောင့် လှိုင်းရှလေသည့် သဘောင်္လည်း ထိုလအတွင်းပင်
ရောက်လေသည်။ သိန်းလိုင်ကျွန်းကို အစိုးရသော ဓမ္မပါလမင်းလည်း ရဲမက်
တော်တို့ ဇမ္ဗူဒီပါကျွန်းက ရောက်လာပြီဟု ကြားလျှင် ဝမ်းမြောက်ဝမ်းသာ
ဝါသိကာရာမ သဘောင်္ဆိပ် တိုင်အောင် ကြို၍ များစွာသော ရွှေငွေတို့ကို
သုံးစွဲစားသောက်ရေဆုလာဘ်ပေးနှင့် ရသည်။စန္ဒသူရိယ၊ ရာဇဗညား တို့လည်း
ပါးတော်မူလိုက်သော အဆောင် အယောင်တို့ကို ဆက်သည်။ သိန်းလိုင်မင်း
လည်း ရဲမက်တော်တို့ နေစရာ သာယာ ကောင်းမွန်လှစွာသော မဏ္ဍပ်တို့ကို
ဆောက်စေ၍ နေရသည်။ ရဲမက်တော်အပေါင်းတို့လည်း ခြသေ့် မင်း၏ ရိုရို
ခြင်းနှင့် တူသော နှလုံးဖြင့် ရပ်နေ၊ တည်တံ့စွာ သဘောင်္ဆိပ်၌ တပ်ချ၍
နေကုန်သည်။ ဓမ္မပါလမင်းလည်း မိမိကစေသော အမတ်တို့ကို ခေါ်၍
ဟံသာဝတီမှာ အကြောင်းမျိုးကိုမေးလေ၏။အမတ်တို့လည်း ဟံသာဝတီ၌
အမှူး အမတ် ဆင်မြင်း ဗိုလ်ပါများကြောင်း၊ တိုင်းနိုင်ငံ ကျယ်ဝန်းကြောင်းကို
လျှောက်လေ၏။ ယခုမှကား အစုံအစမ်းမျှသာ ခန့်တော်မူသည်။ အရေးတော်
မပြီးလျှင် မြေကြီးအထုနှင့်တူသော ရဲမက်တော်နှင့် ချီ၍ နှိမ်နင်းတော်မူမည်
ဟူ၍ မှာတော်မူသည့် အကြောင်းမျိုးကို လျှောက်လေ၏။ စန္ဒသူရိယ၊ ရာဇ
ဗညားတို့လည်း ရဲမက်တော်အပေါင်းတို့ကို ရွှေငွေဆုလာဘ်ပေးပြီးလျှင် သောက်
စားစေ၍ ကျဲ·နွား·ဆိတ်·ဝက် တို့ကိုမြင်လျှင် လုံနှင့်ထိုး၍ အချို့ကား အစေ
ဆုတ်သည်။ အချို့ကား အသားကိုလှီး၍ နုပ်နုပ်စင်းပြီးလျှင် ချင်း၊ကြက်သွန်
ထည့်၍ သွေးနှင့်ရောရောပင် ခံတွင်းပြည့်မျှ စားသောက်ကြသည်။ အချို့ကား

ထိုအသားတို့ကို ဖုတ် ကင်၍ မကျက်တဲ့ ဆေးနှင့်မိုရဲကိုယ် စားသောက်ကြ
သည်။ ယင်းသို့ စားသောက်ပြီးလျှင် ခိုင်းဝေ၊ လှားဝေ၊ ကာဝေ၊ လှုဝေ
ကစားကုန်၍ တစ်ယောက်ကိုတစ်ယောက် ထိုးခုတ်ကြကုန်သည်။ ထိုအကြောင်း
များကို သိန်းဆိုင်း ကျွန်းသူ ကျွန်းသားတို့မြင်လျှင် မိမိတို့သည် ကျည်းမိုန်ကျို့
ဖြစ်၍ ကျွဲနွားတို့ကို မိမိတို့သားသားနှင့် အတူမှတ်ကုန်သည်။ ထိုသို့အယူရှိသော
ကျွဲ-နွား တို့ကို သတ်၍ အစိမ်းစားသောက်သည်ကို မြင်လျှင်
လူမဟုတ်၊ ဘီလူးဖြစ်သည်ဟူ၍ အလွန် ကြောက်မှု ဖြင့်၊ ပြင်းစွာဖြစ်၍ သိန်း
ဆိုင်ကျွန်းကို လေးစုခွဲ၍ မင်းပြုသော မင်းတို့ကို ထိုသူတို့၏ အမင်းအသင်
ဖြစ်သောသူတို့သည် ခုန်တမင်သွားကုန်၍ ကြည်သို့လျှောက်ကုန်၏။ ယခု ဇမ္ဗူ
ဒီပါကျွန်းက ရောက်လာသော ဆင်ဖြူများသခင် ရဲမက်တို့သည် လူမဟုတ်၊ ဘီလူး
ချည်းဖြစ်သည်။ ကျွဲ-နွား-ဆိတ်-ဝက် စသော ခပ်သိမ်းသော သတ္တဝါတို့ကို တွေ့
မြင်လျှင် သတ်ညှစ်၍ အသက်မဲ့သခင်အသားကို ကိုင်း၍ အစိမ်းပင်စားသောက်
ကြသည်။ ထိုသို့သာ မဟုတ်သေး၊ သောက်စား ယစ်လျှင် တစ်ယောက်ကို
တစ်ယောက် လှံနှင့် ပစ်ခတ်ကြသည်။ အရှ အနုမရှိ၊ သံတိုင်ကဲ့သို့ဖြစ်ချေသည်၊
အညွှန်ခံတော်မူမှ သင့်မည်ဟူ၍ လျှောက်ကြသည်။ စန္ဒသုရိယ၊ ရာဇဗညား တို့
လည်း ဓမ္မပါလမင်းကိုကြည်သို့လျှောက်ကုန်သည်။ယခုကျွန်ုပ်တို့ ရောက်သည်လည်း
တစ်လကျော်ခန့်ရှိပြီ၊မင်းသုံးပါးတို့ထွက်သံကိုမည်သို့မှမကြားရ၊ကျွန်ုပ်တို့၏အရှင်
ဖြစ်တော်မူသော ဘဝရှင်မင်းတရားကြီးဘုရား အဆုံးအမတော်ကိုခံမည် ဖြစ်လျှင်
လည်း အကြောင်းကိုသိရစေဖို့ အဆုံးအမကို မခံလျှင်လည်း ယခုပင် မင်းသုံးပါး
တို့ကို နှိမ်နင်းမှုတက်၍ ဖမ်းမည်အကြောင်းကို အလျှင်သိရအောင် စေတော်မူဟု၍
လျှောက်လျှင် ဓမ္မပါလမင်းလည်း ဇမ္ဗူဒီပ် မြေအပြင်ဝယ် ရှိသော ထီးဆောင်း
မင်းတကာတို့၏ အရှင်ဖြစ်တော်မူသော ဆင်ဖြူများသခင် ဘဝရှင်မင်းတရားကြီး
ဘုရားက သဗ္ဗညုဘုရားရှင် သာသနာတော် ညစ်နွမ်းလေသည်ကို စည်ပင်
ထွန်းပစေခြင်းငှါ ဆုံးမ၍ သိန်းဆိုင်ကျွန်း အလုံးကို ညီညွတ်စေဟူ၍ အမတ်
နှစ်ယောက်နှင့် နတ်စစ်သည်ကဲ့သို့ ဖြစ်သော ရဲမက်တော်တို့ကို စေတော်မူ၍
ယခုရောက်သည်လည်း တစ်လကျော်ရှိပြီ၊ အဆုံးအမတော်ကိုခံ၍ သာသနာတော်
ကို အညီအညွတ် ရှက်ဆောင်မည် ဖြစ်လျှင်လည်း သိသာအောင် ဆိုရမည်။
ယင်းသို့မဟုတ်၊ မကျိုးမနွံ မပျပ် မဝပ်လျှင်လည်း ယခုပင် တိုက်မည်ဟူ၍
စေသည်။ ကွတ်တည်မင်း၊ ခန့်တည်မင်း၊ သီတာစက်မင်းတို့လည်း ဆင်ဖြူများ
သခင် ဘဝရှင်မင်းတရားကြီး ရဲမက်တော်တို့ကို အန်မတုံ ပြီ၊ အဆုံးအမတော်

ကိုခံ၍ သာသနာတော်ကို ရှက်ဆောင်ပါတော့မည်ဟူ၍ မှာလိုက်သည်။ ယင်းသို့မှ ရဲမက်တော်တို့ကို ဆုလာဘ်ပေးစေရာ ရွှေ-ငွေများစွာယူ၍ ဓမ္မပါလမင်း နန်းသို့ မင်းသုံးပါးလာသည်။ ဓမ္မပါလမင်းလည်း မင်းသုံးပါး ရောက်လျှင် စန္ဒသူရိယ၊ ရာဇဗညားတို့ကို ခေါ်၍ အမှာတော်အတိုင်း ထိုမင်းတို့ကို မြင်ရသည်။ မင်းသုံးပါးတို့သည်လည်း အမိန့်တော်အတိုင်း မဖောက်မပြန် ဓမ္မပါလမင်း သာသနာတော် စီးပွါးကို ရှက်ဆောင်ပါတော့မည် ဟူ၍ နှင့် အညီအညွတ် သာသနာတော် စီးပွါးကို ရှက်ဆောင်ပါတော့မည် အမတ်နှင့် ဆိုပြီးလျှင် များစွာသော ရွှေ-ငွေ၊ အထူးထူးသော အဝတ်တို့ကို မင်းလေးပါး တိုင်ပင်၍ နှင့် ရဲမက်တော်တို့အား ဆုလာဘ်ပေးသည်။ ယင်းသို့မှ မင်းလေးပါး ဝါချည်ဖြင့် သိန်းသိန်းကျွန်းမှ ဖြစ်သော ပုဆိုး၊ ပိုးချည်ဖြင့် ပြီးသော ပုဆိုး၊ ထိုမှတစ်ပါး ပြီးသောပုဆိုး၊ ဤသို့ အထူးထူးသော ပုဆိုးတို့ကိုလည်းကောင်း၊ မင်းလေးပါး အသီး အသီး အထူးထူးသော နံ့သာမျိုးတို့ကိုလည်းကောင်း စန္ဒသူရိယ၊ ရာဇဗညားတို့နှင့် အတူလိုက်၍ သင်္ဘောသလေးစင်းတွင် တင်၍ စန္ဒသူရိယ၊ ရာဇဗညားတို့လည်း များစွာသော ရွှေ-ငွေ၊ အဝတ် ဂါသည်။ စန္ဒသူရိယ၊ ရာဇဗညားတို့လည်း ဆုလာဘ်တို့ကိုခံ၍ ဟံသာဝတီနေပြည်တော်သို့ အစား၊ မင်းလေးပါးကပေးသည့်ဆုလာဘ်တို့ကိုခံ၍ ဟံသာဝတီနေပြည်တော်သို့ ပြန်ရသည်။ ရောက်လာခြင်း၌ အကြောင်းကို လျှောက်လျှင် ဆင်ဖြူများ သခင် ဘဝရှင် မင်းတရားကြီး ဘုရားလည်း အားရတော်မူ၍ စန္ဒသူရိယကို မဟာ ယောဓဟူသော အမည်နှင့် အဆောင် အယောင် စားကျေး စားလက် ပေးတော်မူသည်။ ရာဇဗညား ကိုလည်း ဇေယျ ယောဓ ဟူသော အမည်နှင့် အဆောင် အယောင် စားကျေး စားလက် ပေးတော်မူသည်။ ရဲမက်တော် နှစ်ထောင့်ငါးရာကိုလည်း ရွှေ-ငွေ၊ ဓပါး၊ အဝတ်အစား ပေးတော်မူသည်။

## ဗညားဗတ် အကြောင်း

ထိုသက္ကရာဇ်တွင် (၉၃၇)-ခုနှစ် လင်းဇင်းမင်း ကျွန်ဖြစ်သော ပါဠိလိပုတ်မြို့ ကိုစားသော ဗညားဗတ် မည်သောသူသည် လင်းဇင်းမင်း ဖြစ်စဉ်ရှိသည် ကာလ ကပင် ဖြစ်စစ် ကျွန်မခံပြီဟူ၍ ပါဠိလိပုတ်မြို့ကိုစွန့်၍ ရွှေဖဝါးတော်အောက် ရောက်လာသည်။ ဘဝရှင် မင်းတရားကြီး ဘုရားလည်း ကြီးစွာသော အဆောင် အယောင်နှင့်တကွ ယိုးဒယား အဝင်ဖြစ်သော စကြိုဟ်မြို့ကို ပေးတော်မူသည်။ နောက်လင်းဇင်းမြို့ကို အလိုတော်ပြည့်လျှင် ပါဠိလိပုတ်ကိုပင် ပေးတော်မူပြန် သည်။ ထိုဗညားဗတ်မည်သော သူသည် ပါဠိလိပုတ်မြို့ကို တဖန်စွန့်ပြန်၍ ရွှေ ဖဝါးတော် အောက်သို့ သား၊ မယားကိုယူ၍ အလုံးအရင်းနှင့်တကွ ရောက်လာ

သည်။ ဘဝရှင် မင်းတရားကြီး ဘုရားကြီးလည်း ဗညားဗတ် ရောက်လာလျှင်
အကြောင်းကိုခေါ်၍ မေးတော်မူသည်။ ဗညားဗတ်လည်း ဤသို့နားတော်
လျှောက်သည်။ လင်းဇင်းကျေး ပါရှလိပတ်မြို့ကို ကျွန်တော်စွန့်၍ ရွှေဖဝါး
တော်အောက် ရောက်ကြောင်းကား၊ လင်းဇင်းကျေးနှင့်စပ်သော စည်းစိမ်ကို
ကျွန်တော် အလိုမရှိပါ၊ ဟံသာဝတီ မဟာရာဇဓာနီ မြည်ကြီးသည် သာသနာ
တော်၏ တည်ရာဖြစ်သည်။ ဘုန်းတော် တန်ခိုးတော်ကြီးသော မင်းကောင်း
**ရွှေဖဝါးအောက်** မပြတ်ခစားမြဲရှိ၍၊ ကံအားလျော်စွာ သေရသော်လည်း
နတ်ပြည်သို့သာ ရောက်လေရာသည်။ ကျေးစွန် ရွာနားဝယ် သေရသည်ရှိသော်
မကောင်းသော အာရုံကြောင့် အပါယ်လေးပါးသို့သွားရမည်။ ထိုအကြောင်း
များကို ကျွန်တော်မြင်၍ ရွှေဖဝါးတော်အောက်သို့ ရောက်ပေသည် ဟု၍
နားတော်လျှောက်သည်။ ဆင်ဖြူများသခင် ဘဝရှင်မင်းတရားကြီးဘုရား လည်း
ဗညားဗတ်ကို ဆုလာဘ်ပေးတော်မူပြီးလျှင် အကျက်အရပ်ချ၍ နေရသည်။
မပြတ်လည်း အမတ်တကာတို့ နည်းခစားရသည်။ တစ်ရံရောအခါ ဗညား
ဗတ် အဆွေခင်ပွန်း ဖြစ်သော အမတ်တို့ ဗညားဗတ်ကို ဤသို့ဆိုကုန်သည်။
ဟံသာဝတီတွင်ရှိသော မြို့ကြီးကား ပုသိမ်၊ မြောင်းမြ၊ မုတ္တမ၊ ဒလ၊ တိုက်
သည်မြို့များသည် အလွန်ကြီးကျယ်လှသည်။ တစ်နှစ်ကိုအခွန်ငွေတစ်ဆုကိုးဆယ်
ရသည်။ သည်မြို့များကို စားသော မှူးကြီး မတ်ခိုင်တို့ သည်လည်း အလွန်
ယောကျ်ားကောင်းသည် ဖြစ်၍ ပွဲလမ်းရသည်များသောကြောင့် စားရသည်
ဖြစ်သည်။ လင်းဇင်းဟူသော အရပ်သည် ဗညားသော် အရပ်ဖြစ်သည်။ ဘဝရှင်
မင်းတရားကြီး ဘုရားက ပေးတော်မူသော်လည်း နားတော်လျှောက်၍ စားရ
အောင် ပြုကောင်းသည်။ ထိုသို့စားရသည့်မြို့ကိုပစ်၍ ရွှေဖဝါးတော်အောက်သို့
ရောက်လာသည်ကား အကြောင်းပသို့နည်းဟု မေးကြသည်။ ဗညားဗတ်လည်း
ဤသို့ ဆိုပြန်သည်။ လင်းဇင်းမင်း ဖြစ်စစ်သည် ရှိသောအခါ ငါနှင့် မကြည်
မသာ ရှိကြသည်လည်းမဟုတ်၊ ယင်းတို့ကို ငါစိတ်တွင် ထိုအရပ်၌ နေချေသည်
ရှိသော် စည်းစိမ် အခြွေ အရံ ပျက်အုံ့ သကဲ့သို့ ထင်၍ ရွှေဖဝါးတော်
အောက်သို့ အထက်က ငါရောက်လာသည်။ ထိုသို့ ငါထင်သည်အတိုင်း
ငါမှာ စည်းစိမ် ချမ်းသာ မပျက်ပေ၊ လင်းဇင်း တစ်ပြည်လုံးမှုကား အတိုင်း
မသိ ပျက်စီး ကြေမွလေဘော့သည်။ ယခုလည်း လင်းဇင်းမြို့ကို ဥပရာဇ်ကို
ပေးတော်မူ၍ မင်းပြုရသည်။ ငါနှင့် ဥပရာဇ်လည်း ကြီးဘော်ငယ်ချင်းဖြစ်၍
အစ်ကိုအရည်ကိုလည်း ငါသိရသည်။ ဥပရာဇ်တို့ အမျိုးအနွယ် သည်လည်း

သူ့ကျေးဇူးကို မသိတတ် သသူချည်း ဖြစ်သည်။ ယခုမူကား ဥပရာဇ်သည် သူ့အရှင်ဖြစ်သည်။ သူ့အရှင်မင်းတို့၏ သဘောကား အကျင့်နှင့် ပြည့်စုံမှသာ ထင်ရှားသော ပြည်သူတို့ စီးပွါးကို ဆောင်နိုင်သည်။ ယင်းသို့မဟုတ် အကျင့် ကောင်းမရှိသော် မိမိကိုလည်း ပျက်စီး၊ မိမိနှင့် စပ်လျဉ်း သသူလည်း ငါ့မြင်၍ ရှေ့ပေါ်တော်ဆောက်သို့ ငါရောက်သည်။ ငါဆိုသည် မှာမူညီကို ငါမြင်၍ ရှေ့ပေါ်တော်ဆောက်သို့ ရောက်သောအခါ ထင်လတ်တော့မည် ဟူ၍ အရေးကို ရှေ့နှစ်၍ သံနှစ်သို့ ရောက်သောအခါ ထင်မှန်းသိလျှင် လာသင့်သည် သို့၏။ အမူး အမတ်တို့လည်း သည်ကဲ့သို့ တင်မှန်းသိလျှင် ဝါဆိုလပြည့်ကျော် ဖြစ်တော့သည်ဟု ဆိုကုန်၏။ သက္ကရာဇ် (၉၃၈)-ခု ဝါဆိုလပြည့်ကျော် နှစ်ရက် တနင်္လာနေ့ ပြည်ဆံတော်ဘုရားရှင်ကို ထီး၊ ချယားသီးကသည် မြွတ်ဝိုင်ဆောင် ရှေ့ကညှိတော်မူသည်။ တန်ဆောင်မုန်းလဆန်း ၁၃-ရက်၊ သောကြာနေ့ ကောင်းမှုတော် မဟာဝိဇယစေတီကို ဌာပနာတော်မူသည်။

သက္ကရာဇ် (၉၃၈)-ခု နတ်တော်လဆန်း ၇-ရက်နေ့ သားတော်အငယ် မင်းသားစစ်ကို ဗိုလ်မှူးပြု၍ မိုးကောင်း၊ မိုးညှင်း အရေးတော်မပြီးသည်ကို ချီ၍လုပ်ကြံစေတော်မူသည်။ ချီရသောတပ်စဉ်ကား ကျေစားတစ်တပ်၊ စလင်းစား တစ်တပ်၊ စလေစားတစ်တပ်၊ ပုခန်းငယ်စားတစ်တပ်၊ ပုဂံစားတစ်တပ်၊ တလုပ်စား တစ်တပ်၊ တောင်တွင်းကြီးစားတစ်တပ်၊ ရမည်းသင်းစားတစ်တပ်၊ ညောင်ရမ်း စားတစ်တပ်၊ ပြည်စည်စားတစ်တပ်၊ စစ်ကိုင်းစားတစ်တပ်၊ ပုခန်းကြီးစား တစ် တပ်၊ အမြင့်စားတစ်တပ်၊ ဗဒုံစားတစ်တပ်၊ ကနီစားတစ်တပ်၊ ဒီပယင်းစားတစ် တပ်၊ မိုးနဲစော်ဘွားတစ်တပ်၊ ညောင်ရွှေစော်ဘွားတစ်တပ်၊ သီပေါစော်ဘွားတစ် တပ်၊ အုန်းဘောင်စော်ဘွားတစ်တပ်၊ မိုးမိတ်စော်ဘွားတစ်တပ်၊ ခြေရင်းတော်က ဗညားလာတစ်တပ်၊ ဗညားကျွန်းတစ်တပ်၊ ဗညားပရုံတစ်တပ်၊ ဗညားလောတစ် တပ်၊ မင်းသားစစ်တစ်တပ် သည်နှစ်ဆယ့်ခြောက်တပ်တွင်ပါသည့် တိုက်ဆင် တစ် ထောင့်သုံးရာ၊ မြင်းတစ်သောင်းသုံးထောင်၊ ဗိုလ်တစ်သိန်းခြောက်သောင်းနှင့် မိုး ကောင်းသို့ချီရသည်။ မိုးကောင်းရောက်လျှင် မိုးကောင်းတွင်တပ်မနေ၍ နှစ်တပ် တစ်ကွဲ သုံးတပ်တစ်ကွဲအသွယ်သွယ်လိုက်လံ၍ မိုးကောင်းစော်ဘွားကိုရှာရသည်။

## မဟာဝိဇယစေတီ တည်တော်မူခန်း

ဟံသာဝတီတွင် ဝိဇယစေတီကို တည်တော်မူသည့် အကြောင်းကား အသက် သမိန်သော ရာမနှင့် ဆင်စီးချင်း တိုက်တော်မူသောအခါ ငါမင်း

ဖြစ်တော်မူလျှင် သည်အရပ်၌ ဘုရားတည်တော်မူမည် ဟူ၍ စိတ္တုပ္ပါဒ်တော်မူသောကြောင့် မဟာဝိဇယစေတီကို တည်တော်မူသည်။ ဌာပနာတော်မူသော အခါ စီရင်ခန့်ရန် သည်ကား ဓာတ်တော်တင်ရန် ရတနာအတိ ပြီးသော ပြာသာဒ်ကို ရတနာဆင်မြှုတော်ဆက် တင်ပြီးလျှင် ထိုပြာသာဒ်၌ ရှယ်တော်မြတ်နှင့်တကွ ရွှေအဆင်းနှင့် တူသော သရီရဓာတ်တော်၊ ချယ်သားစေ့အဆင်းနှင့် တူသော သရီရဓာတ်တော်၊ ပုလဲအဆင်းနှင့် တူသော သရီရဓာတ်တော်တို့ကို ပတ္တမြားစေတီတွင် ကျိန်းဝပ်စေ၍ တင်တော်မူသည်။ ဆံတော်ဓာတ်၊ ပင်တင်းဓာတ်၊ ရေပူဓာတ်၊ ပေါ်ကျိုဓာတ် သည်ဓာတ်တော်တို့ကိုသည်း ရွှေစေတီ၊ ငွေစေတီ တို့တွင် ကျိန်းဝပ်စေ၍ တင်တော်မူသည်။ ထိုမှတစ်ပါးလည်း ရွှေဆင်းတု၊ ငွေဆင်းတု၊ ပတ္တမြားဆင်းတု၊ မြဆင်းတု၊ ပယင်းဆင်းတု သည်ဆင်းတုတို့ကိုသည်း ရတနာဆင်မြှုသက် ရတနာပြာသာဒ်၌ဘင်၍ ဆောင်တော်မူသည်၊ ပဉ္စလောဟာ ကျမ်းဦးတို့ကိုသည်း ရွှေပေတွင်ရေး၍ ရွှေစာအုပ်နှင့်တကွ အဘိဓမ္မာကျမ်းဦး။ ဝိနည်း ဆင်မြှုတွင်တင်၍ ရွှေအုန်ဆောင်၊ ငွေအုန်ဆောင်၊ ရွှေဘုံ၊ ငွေဘုံ၊ ထီး၊ ယတြာခရာ ကုက္ကား၊ ယမားများစွာ ပူဇော်တော်မူ၍ ကမ္ဘာစသာတည် ရွှေနန်းတော်က သည် ကောင်းမှုတော်ဆိုင်အောင် လမ်းနှစ်ဆယ်ခမြှင်ကို ငှက်ပျောပင်၊ ကြံပင် စိုက်စေပြီးလျှင် ဒေါင်းခြံ ရမ္မား၊ ရေအိုးဘို့ဖြင့် တန်ဆာဆင်စေ၍ သုဒဿန နတ်လမ်းမကဲ့သို့ အံ့ဘွယ်သရဲသော ခရီးကို မှန် မြန်မာ ရှမ်း ကုလား သူဌေး သူကြွယ် အမှူး အမတ် ဆွေတော်မျိုးတော် မင်းညီ မင်းသား အပေါင်းတို့သည် အထူးထူး အပြားပြားသော တန်ဆာဘို့ကို ဆင်ယင် ဝတ်စားကုန်လျက် ကြီးစွာသော သဘင်တော်ကိုခံ၍ ကောင်းမှုတော်သို့ ပို့ရသည်။ ။ သက္ကရာဇ် (၉၃၈)- ခုနှစ် ပြာသိုလဆန်း ခြောက်ရက် တနင်္လာနေ့ ကောင်းမှုတော် မဟာဝိဇယစေတီ အနောက်တွင် သာယာ လှစွာသော သဘင်တဲတော် ဆောက်စေ၍ သဘင်နန်းတော်၌ နေတော် မူသည့်နေ့ သားတော် မဟာဥပရာဇာ အစရှိသော ညီတော် သားတော် မြေးတော် မတ်တော် သူဌေး သူကြွယ် အပေါင်းတို့ လက်ဆောင်တော် ဆက်သည်။ ထိုလက်ဆောင်တော်ဘို့ကို ကောင်းမှုတော် မဟာဝိဇယစေတီတွင် သုဓမ္မာဇရပ်ကို ရွှေထည့်စရာ လှူတော်မူသည်။ ပြာသိုလပြည့်ကျော် ငါးရက်နေ့ ကောင်းမှုတော်ကို ဒုတိယ ဌာပနာတော်မူသည်။ ။ထိုနှစ် ပြာသိုလပြည့်ကျော် တစ်ဆယ့်နှစ်ရက် တနင်္လာနေ့ တတိယ ဌာပနာတော်မူသည်။ ယင်းသော

အခါ သဘင်ထဲတော်အသည် ကောင်းမှုတော်သို့ ညီတော် သားတော် မှူးတော် မတ်တော် ကိုယ်လုပ် မောင်းမ အပေါင်းနှင့် မယ်တော် ခတ်တော် တို့ကို ကိုယ်တိုင်တော် ပို့သည်။ ယင်းသည့်နေ့ပင် ကောင်းမှုတော် ရွှေထည့် ရာ စားတော်ခေါ်သည့် ကွမ်းခွက် လက်ဖက်အိုး၊ တကောင်းဖုံး သောက်တော် မူသော ဖလားနှင့်တကွ ရွှေတစ်ဆယ်၄၅ ပိဿာသုံးဆယ်ကို မျက်ပါးခတ်၍ ပြီးလျှင် သိမ်ရာဇာ ရွှေညီ ဇရဲတောင်တို့နှင့် ဆရာတော် နန္ဒသာရ သာသန ဂူတို့ကို ကြပ်မျှ ရွှေထည့်ရသည်။

ထိုနှစ် တပေါင်းလဆန်း ကိုးရက် တနင်းလာနေ့ သားတော်မင်းသား ရှင်သစ္စာကို သိမ်းတော် ခင်ဘုန်းမြတ်နှင့် စုံဖက်တော်မူ၍ ကွမ်းခွက် ရှပ်မြောင့် လက်ဖက်အိုး ပတ္တမြား တစ်ရစ်စီ မြင်းရွှေကြိုး ရွှေက ဆင်ပေါင်း ဝန်း ရွှေခရ ပေးတော်မူသည်။ သိမ်းတော်ကိုလည်း ပတ္တမြားမြတ်ရစ် မြိတ်ခံနှင့် တကွ ကွမ်းခွက် လက်ဖက်အိုး ပတ္တမြားစီ ကျိုင်းကြီးရွှေချက် ကျိုင်းငယ် ရွှေချက် အပျိုးငေါ ပေးတော်မူသည်။ ။ကောင်းမှုတော် မဟာဝိဇယ စေတီကို လုပ်ပြီးလျှင် သက္ကရာဇ် (၉၃၉)—ခုနှစ် ကဆုန်လဆန်း တစ်ဆယ့် ငါးရက်နေ့ ထီးတော်တင်တော်မူသည်။ ယင်းသောအခါ ပင့်တော်မူသည်ကား ယိုးယားလင်းဇင်း၊ ဘောက္ကတ်၊ တနင်္သာရီ၊ ပိဿလောက်၊ လကွန်း၊ သိမ်ဘာ၊ ဆကျော်၊ မိုင်းစံ၊ ကျိုင်းတုံ၊ ဇင်းမယ်၊ မိုးနဲ၊ ညောင်ရွှေ၊ သိန္နီ၊ သီပေါ၊ မိုးမိတ်၊ ပန်းမော်၊ စက်ကိုင်း၊ အဝ၊ စလင်း၊ တောင်တွင်း၊ ပြည်၊ တောင်ငူ၊ သာယာဝတီ၊ မှန်သုံးရပ်၊ ထားဝယ် သည်မြို့များတွင် ရှိသော မြန်မာ ပုဂ္ဂိုလ်၊ မွန်ပုဂ္ဂိုလ်၊ ရှမ်းပုဂ္ဂိုလ်တို့ကို ပင့်တော်မူ၍ မဟာဝိဇယစေတီ ဝန်းကျင်ခုနစ်ရက် သုံးခါလည်အောင် ဆွမ်းလုပ်ကျွေးတော်မူသည်။ ယင်းသော အခါ လှူတော်မူသည်ကား သံဃာတော်တစ်ပါးကို ပရိက္ခရာ ရှစ်ပါး နှင့် တကွ ပိတ်အုပ်၊ ဓါသာအုပ်၊ ကော်ဇော၊ ခင်းနီး၊ ထီး၊ တရပတ်၊ သားရေနယ်၊ မွေ့ရာ၊ အုန်း၊ သင်ဖြူး၊ နံ့သာနီ၊ နံ့သာဖြူ၊ ကရမက်၊ အခကျော်၊ စမွှာ၊ ပရုတ်၊ ကွမ်းသီး၊ ပရဆေး အစေ့အန့် လှူတော်မူသည်။ ပိဋကတ်သုံးပုံ ပါဠိ အဋ္ဌကထာ ဋီကာကျမ်းတို့ကိုလည်း အဝေးသံဃာတော်တို့အားတစ်ပါးတစ်ကျမ်း အပ်တော်မူသည်။ ပဉ္စင်း သာမဏေ ပြုလိုသော သူတို့ကိုလည်း စိစစ်၍ သုံးရာ လေးဆယ့်ခုနစ်ပါး ရဟန်းပြုတော်မူသည်။ ပရိက္ခရာရှစ်ပါးလည်း လှူတော် မူသည်။ ကောင်းမှုတော် သာဓုခေါ်ပင့်သော သံဃာတော် အပေါင်းကား

ခုနစ်ထောင်နှစ်ရာငါးဆယ့်ခုနစ်ပါး၊ ထိုအရိယာ သံဃာတော်တို့ကို ခုနစ်ရက် သုံးပတ် လည်အောင် ဆွမ်းလုပ်ကျွေးတော်မူသည်။ သင်္ကန်းလည်း နှစ်ဆယ့် တစ်ရက်တိုင်တိုင် နတ်သင်္ကန်းကဲ့သို့ ခံတော်မူသည်။ သင်္ကန်းလည်း နှစ်ဆယ့် လာသော သံဃာမတ်တို့ကိုလည်း၊ ပူးတော် မတ်တော် အပေါင်းနှင့် အတူ ပွဲလမ်းခံ၍ သာဓုခေါ်ရသည်။ သာဓုခေါ်ပြီးလျှင် သိန်းသိန်းသံတို့ကို လွှတ်တော် မူ၍ ပြန်ရသည်။ ကောင်းမှုတော် မဟာဝိဇယစေတီပထမ ဌာပနာတော်မူစဉ် ကပင် ဟံသာဝတီ ရွှေမြို့တော်ကသည် ကောင်းမှုတော်တိုင်အောင် လှူရဟန်းတို့ အရိပ်ခိုစိမ့်သောငှါ လမ်းနှစ်ဘက်မြောင်းကို ထန်းပင် သရက်ပင်စိုက်၍ စိုက်တော် မူသည်။ ထိုမှတစ်ပါး ကောင်းမှုတော် အရှေ့တစ်ဥယျာဉ်၊ အနောက်တစ်ဥယျာဉ်၊ တောင် တစ်ဥယျာဉ်၊ မြောက်တစ်ဥယျာဉ် လုပ်စေ၍ လှူတော်မူသည်။ ထို ဥယျာဉ်တွင် သီးသော လိမ်မော်၊ ခရမ်းပိန် စသော သစ်သီးတို့ကိုလည်း၊ ကောင်း၊ စံပယ်ကြက်ရှန်း စသော ပန်းအပေါင်းတို့ကိုလည်းကောင်း၊ သင်ပုတ် ဆွမ်းဖြစ်စေ၍ ရွှေသပိတ်၊ ငွေသပိတ်၊ ရွှေဟင်းခွက်၊ ငွေဟင်းခွက် တို့ဖြင့် ပြင်၍ နေ့တိုင်း လှူတော်မူသည်။ ကောင်းမှုတော်တွင် သုတ်သင်စိမ့်သောငှါ လင်းဇင်းသား အိမ်ခြေ ငါးဆယ်၊ မှန်အိမ်ခြေ ငါးဆယ်၊ မြန်မာအိမ်ခြေ ငါးဆယ် လှူတော်မူသည်။ ထိုမှတစ်ပါး ကောင်းမှုတော်တွင် မဆိတ် မညံ တီးမှုတ်စိမ့်သောငှါ ပတ်သည်၊ စည်သည် တို့ကိုလည်း လှူတော်မူသည်။ နှမတော် ဓမ္မဒေဝီ ရှင်မိဖုရား၊ ကေတုမတီက လာတော်မူ၍ ကောင်းမှုတော် သာဓုခေါ်သည်ကို အတူရေစက် ချတော်မူပြီးလျှင် ဓမ္မဒေဝီဟူသော အမည်နှင့် ဘိသိက်ခံတော်မူစေ၍ မိဖုရားကြီးတို့၏ အဆောင်အယောင်နှင့်တကွ ငွေချက် နှစ်စင်း ရွှေဝေါ ပေးတော်မူသည်။ ကေတုမတီသို့ အလုံးအရင်းနှင့် တကွ ပြန်တော်မူ၍ စကြာ သုံးထပ်အိမ်ဖြူနှင့် ချမ်းသာစွာ နေတော်မူရသည်။

သားတော် သာယာဝတီမင်းတို့၊ မိုးကောင်းသို့ ချီလေရာမှာ ပေါလ သိုင်းစား ပြေးလေ၍၊ မိုးကောင်းသို့ရောက်လျှင် မိုးကောင်းစော်ဘွား၊ အမတ် တို့သည် တောအုံ တောင်ကမ်းတွင် အရှည်အကြာ ဆင်းရဲမခံနိုင်၍ သားတော် သာယာဝတီမင်းသို့ ဝင်လာကုန်သည်။ ယင်းသို့မှ မိုးကောင်း စော်ဘွား နေရာ အရပ်ကို ပြ၍ ဖမ်းရလေသည်။ စော်ဘွားကို ရပြီးလျှင် မိုးကောင်းမြို့ကို ယန်း လဲစားကို ပေးတော်မူ၏။ သားတော် သာယာဝတီမင်းတို့ မိုးကောင်း စော်ဘွား နှင့် သားမယားကို ယူ၍ပြန်ရသည်။ သီတင်းကျွတ် လပြည့်ကျော် သုံးရက် အင်္ဂါနေ့ ခြေရင်းတော်သို့ ရောက်လာသည်။ ရောက်၍ ရခဲ့သည့် စော်ဘွားနှင့်

တကွ သားမယား ဆင်မြင်း လူသူတို့ကို ဆက်လျှင်အားရတော်မူ၍ လက်တော်နှစ်ဘက်တွင် ဝတ်တော်မူသော ပတ္တမြားလက်ကောက်၊ ပတ္တမြားလက်စွပ်၊ ဝတ်တော်မူသော ဝတ်လုံတော်များနှင့် စီးတော်မူသော ဆင်သီရိမဟာဝေယ်ကို ဆုပေးတော်မူသည်။ နော်ရသော ငါးစောဟူသော အမည်ကိုလည်း သမုတ်တော်မူသည်။ သားတော်နှင့် မိုးကောင်းသို့ချီရသော စော်ဘွား စော်ခံ မှူးတော်မတ်တော် အပေါင်းတို့ကိုလည်း၊ အဆောင် အယောင် စားကျေး စားလက်အဆိုက်အလျောက် ပေးတော်မူသည်။ ထို နေ့ဝင်မှ ဗိုလ်ရှုသဘင် အလယ်၌မိုးကောင်းစော်ဘွားကို ခေါ်တော်မူ၍ ဤသို့အမိန့်တော်ရှိသည်။ မိုးကောင်း၊စော်ဘွားငယ်သည် မိုးကောင်းကို ငါအထက်က လုပ်ကြံတော်မူ၍ ရတော်မူလျှင် သင့်ဖ မိုးကောင်းစားလည်း၊ သင်ဆယ်နှစ်ရွယ်ကို ငါကိုဆက်၍ အပါးတော်တွင် နေ့ညဉ့်မြဲစေသည်။ စာပေလည်း ငါသင်တော်မူသည်။ ငါစားတော်ခေါ်လျှင် ရွှေခွက်နှင့် ငါ့လက်တော် ထည့်၍ စားစေသည်။ အဝတ်ကိုလည်း ငါ့လက်တော်နှင့် ထုဆား၍ ဝတ်စေသည်။ အင်္ကျီကိုလည်း ငါ့လက်တော်နှင့် ဆုထားပြီးလျှင် သူတခြားကို ချုပ်ခစေ၍ ဝတ်ရသည်။ ဤကဲ့သို့ ငါသနားတော်မူသည်နှင့် အညီ ရွှေနန်းဝိုင်းတွင် ကြီးသည့် သင့်ဖ မိုးကောင်း စော်ဘွားမရှိလျှင်လည်း၊ သင့်အဘထွေးတို့သည် လုပ်ရည် ကြံရည်နှင့်တကွ အမှုတော်ကိုထမ်းစေသည်ဖြစ်၍ မိုးကောင်းနှင့် ထိုက်လျောက်သည့် လူကြီးဖြစ်ပေသည်။ ယင်းသို့ဖြစ်လျက် သင့်အဘထွေး တို့ကို ငါပေးတော်မမူ၊ သင့်ကို ငါသနားတော်မူသောကြောင့် မင်းမြောက် တန်းဆာငါးပါးနှင့်တကွ ငါသူကောင်းပြုတော်မူသည်။ ထိုသို့သော ကျေးဇူးတော်ကို အောက်မေ့သဖြင့် သားတော် အစဉ်မြို့တော်အဆက် တိုင်အောင် မသင့်မတင့်သော အကြံအစည်ကို မကြံအပ်၊ ထိုသို့မကြံအပ်သော အကြံအစည်ကို ကြံလေသောကြောင့် ငါ့ဆင်မြင်းဗိုလ်ပါမှူးကြီးမင်းကြီးတို့ ဆုံးလသည်။ ငါ့သားတော်မောင် အိမ်ရှေ့မင်း၊ စသောမှူးတော် မတ်တော် အပေါင်းတို့လည်း ပင်ပန်း ညိုးနွမ်းစွာချည်း လိုက်ရလေသည်။ ငါလည်း တောကြို တောင်ကြား ဆီးနှင်းခံ၍ ဆင်းရဲစွာ ရှိရလေသည်။ ယခုမှာ ငါ့ဘုန်းတော်ကြောင့် အမျိုးအဆွေနှင့် တကွ ရတော်မူသည်၊ တစ်ပါးသော မင်းကေရာဇ်ဖြစ်သော် မျက်နှာကိုမျှ မြင်ရမည်မဟုတ်ပြီ၊ အထူးထူးသော ဘေးဘယသို့ ရောက်လေတော့မည်ဟူ၍ အမိန့်တော်ရှိသည်။ ထို အမိန့်တော်ကို မိုးကောင်း၊ စော်ဘွား၊ ကြားလျှင် ဦးသုံးကြိမ်ချ၍ ဤသို့နားတော်လျှောက်သည်။ ကျွန်တော်သည် ဤသို့သည် အကြံအစည်ကို ကြံ

မိသည်။ ယခု တစ်စုံတစ်ခုသော ဘေးဘယာတို့ဖြင့် ကွပ်မျက်တော် မူသော်လည်း
မကောင်းမှု ရှိတော်မမူပြီ။ ထိုသို့မှားသော အယူရှိသော သူကို မဟာကရုဏာ
တော်ဖြင့် မိန့်တော်မူသော အမိန့်တော်ခွန်းကို ကြားရလျှင် ကျွန်တော်
ဦးခေါင်း၌ ခုနစ်ချက်သော မိုးကြိုးတို့သည် တစ်ပြိုင်နက် ကျဘိသကဲ့သို့ ထင်
သည်။ကျွန်တော်ကို ကွပ်မျက်တော်မူ၍ သေရသော်လည်း၊ အပါယ်လေးပါး၌
ခံရမည့် အကြောင်းဖြစ်တော့မည်ဟူ၍ နားတော်လျှောက်သည်၊ ဆင်ဖြူများ
သခင် ဘဝရှင် မင်းတရားကြီး ဘုရားလည်း မိုးကောင်း စားငယ် အသက်ကို
ငါလွှတ်တော် မူတော့သည်။ မိုးကောင်း စားငယ်နှင့် တစ်ချက်တည်း အတိုင်
အပင် ပြုသော သူတို့ကိုမူကား စိစစ်၍ သဘော်နှင့် ကုလားပြည်မှာ ရောင်း
လေစေ အမိန့်တော်ရှိသည်။ ဝန်တို့လည်း စစ်ကြား၍ ရသည့် လူတစ်ရာကျော်
ကို သဘော်နှင့် တင်၍ ကလကတ္တားမြို့မှာ ရောင်းရလေသည်။ မိုးကောင်းစား
ကိုလည်း သံခြေကျင်းနှင့် ရွှေမြို့တော်တံခါးတိုင်း ခုနစ်ရက်စီ လည်ကို ညှပ်၍
ထားတော်မူသည်။ရက်စေ့၍ လွှတ်တော်မူလျှင် အလုပ်အကျွေးတစ်ဆယ်ကျော်
ပေး၍ ချမ်းသာစွာ နေရသည်။ သက္ကရာဇ် (၉၃၉) ခုနှစ် တန်ဆောင်မုန်း
လဆန်း ၄ ရက်နေ့ ညီတော်ပြည်ဘုရင် သတိုးဓမ္မရာဇာနှင့် တောင်ငူဘုရင်
မင်းခေါင်ကို ထွက်စည်ဝင်စည် ပေးတော်မူသည်။သမက်တော် အဝဘုရင်သတိုး
မင်းစောကိုလည်း ဝင်စည် ပေးတော်မူသည်။ ယင်းသည့်နေ့ပင် တနင်္သာရီက
ဆင်ဖြူရောက်သည်။ထိုဆင်ဖြူကို ထားဝယ်စားကလည်း ကျွန်တော်တွေ့ရခြင်း
ဖြစ်သည်။ တနင်္သာရီစားကလည်း ကျွန်တော်ဖမ်း၍ ရသည်ဟု အလု အယက်
အငြင်းအခုံ လျှောက်လဲကြသည်။ ဆင်ဖြူများသခင် ဘဝရှင် မင်းတရားကြီး
ဘုရားလည်း အရင်းကို စစ်သော် အမြစ်မြေကြီးမှာဆိုသော ပုံကဲ့သို့ ဖြစ်ချေ
သည်။ သနားတော်မူသည့်ဆုကို သုံးစုခွဲ၍ နှစ်စုကို ထားဝယ်စား ရစေ၊တစ်စုကို
တနင်္သာရီစား ရစေ စီရင်တော်မူသည်။ ။တန်ဆောင်မုန်းလဆန်း ကိုးရက်
သောကြာနေ့ သားတော် သဃ်ဒတ္တကို ဥချောင်ထုံးတော်မူသည်။ တန်ဆောင်
မုန်းလပြည့်ကျော် ဆယ်ရက် တနင်္ဂနွေနေ့ ရဟန္တာတို့ သမုတ်သော သိမ်ကို
သူပုန်တို့ ဖျက်ဆီးလေသည်ကိုလည်း ရွှေဇရပ် အသစ် ဆောက်တော်မူသည်။ ။
နတ်တော်လဆန်း ဆယ်ရက် ကြာသပတေးနေ့ ကျောင်းမှုတော် မဟာဝိဇယ
စေတီတွင် သိမ်သမုတ်တော်မူသည်။ ယင်းသည့်နေ့ပင် ကျောင်းမှုတော် တံတိုင်း
အတွင်းတွင် အရှေ့က တစ်ဆောင်၊ မြောက်က တစ်ဆောင်၊ သုဓမ္မာဇရပ်
ဆောက်တော်မူသည်။ ယင်းသည့်နေ့ပင် ကျောင်းမှုတော် တံတိုင်းအတွင်းတွင်

ကျောင်းကြီးလေးကျောင်း၊ ကျောင်းရံ ရှစ်ဆယ်နှင့် တကွ ဆောက်တော်မူသည်။ ကျောင်းကျွန်လည်း တကျောင်းနှစ်ဆယ်စီဝယ်၍ လှူတော်မူသည်၊ ယင်းသည့်နှစ်ပင် ကျောင်းတော် ရှစ်ဆယ့်လေးကျောင်း မဟာရာမ်တံတိုင်း လုပ်တော်မူသည်။ ပြာသိုလပြည့်ကျော် သုံးရက် စနေနေ့ ဆင်ဖြူမကို ဖမ်းတော်မူသည်။ ဟံသာဝတီ ရွှေမြို့တော်ဝန်းကျင် ဥယျာဉ်တော်တွင် သီးပွင့်သော သစ်သီးဖိုး ပန်းဖိုးတို့ကို ရုံးစုတော်မူ၍ ထိုကြေးကို လှူ၍ ကောင်းမှုတော် မဟာဝိဇယ စေတီတွင် ရေကန်တူးရသည်။ ယင်းသည့်နှစ်ပင် မင်းဆက် တကာတို့ မလုပ်ဖူးလေသော ကြီးလှစွာသော ဥယျာဉ်ကို လုပ်တော်မူ၍ စိတ္တလတာ ဥယျာဉ်ဟူ၍ မှည့်တော်မူသည်။ ထိုဥယျာဉ် ရေကန်တွင် ဝံပျော်တော်မူစရာ ဟင်္သာရုပ်နှစ်စင်း ဖောင်လုပ်စေ၍ ရွှေအပြည့် ချရသည်။ ကောင်းမှုတော် မဟာဝိဇယ စေတီသို့လည်း တစ်လ လေးသီတင်း ကြွတော်မူသည်။ ဆရာတော်လေးပါးကို တစ်ပါး တစ်သီတင်းစီ တရားနာတော်မူသည်၊ သင်္ကန်းကျော ခါသာအုပ် ပိတ်အုပ်၊ လက်ဖက်ချောင်းလည်း လှူတော်မူသည်။ ။ သက္ကရာဇ် (၉၄၀) ခုနှစ်တွင် ဟံသာဝတီ ရွှေမြို့တော်အရှေ့ တောင်ကုန်းများ၌ မြေတလင်းသည် ညီညွတ်စွာမရှိ ဟူ၍ တူးဖို့ရသည်။ ဘုရားသိမ်လည်း လုပ်တော်မူသည်။ အမြဝတ်ကိုလည်း အသစ်တည်တော်မူသည်။ ။သက္ကရာဇ် (၉၄၀) ခုနှစ် ဝါဆိုလပြည့်ကျော် ငါးရက် ဗုဒ္ဓဟူးနေ့ စွယ်တော် ထားစေ ထူးဆန်းလှစွာသော ရတနာပြာသာဒ်ကို ဆောက်တော်မူသည်။ ။(၉၄၀) ခုနှစ် တန်ဆောင်မုန်း လပြည့်ကျော် ငါးရက် ဗုဒ္ဓဟူးနေ့ စွယ်တော်ကို ပြာသာဒ်သို့ တင်တော်မူသည်။ ။သက္ကရာဇ် (၉၄၀) ခုနှစ် ပြာသိုလပြည့် ကျော်ရှစ်ရက် သောကြာနေ့ တောင်ငူဆံတော်ရှင်ဘုရားကို ရွှေထီးတင်တော်မူသည်။ ။(၉၄၀) ခုနှစ် တပို့တွဲလဆန်း ငါးရက် ဗုဒ္ဓဟူးနေ့တွင် ဇင်းမယ်ပြည်ကြီးကို အစိုးရသော မဟာဒေဝီမည်သော မိဖုရားလွန်၍ ထိုမိဖုရား ဆောင်ယောင်သော မင်းခမ်း မင်းနားနှင့်တကွ ဆင်ကောင်းနှစ်စီးကို လက်ဆောင်တော်မူ၍ ဗညားသေဥ်လုံ၊ ဗညားသံလံတို့ ရွှေပဝါးတော်အောက်သို့ လာ၍ ဆက်လာသည်။ ဇင်းမယ်ပြည်ကြီးလပ်လျှင် ဆင်ဖြူများသခင် ဘဝရှင် မင်းတရားကြီး ဘုရားလည်း သားတော် မဟာဥပရာဇာ အစရှိသော မှူးတော် မတ်တော် အပေါင်းတို့ကို ခေါ်တော်မူ၍ ဤသို့ အမိန့်တော်ရှိသည်။ ဟရိဘုဉ္ဇတိုင်း ဖြစ်သော ဇင်းမယ် ပြည်ကြီးသည် ဘုရားရှင် ထင်ရှားရှိသည် ကာလကပင် သာသနာတော်မြတ် တည်ရာ ဖြစ်သည်။ တိုင်းကား နိုင်ငံ

ကျယ်သောကြောင့် ကျေးရွာ မြို့ပြလည်း များသည်။ မူကောင်း မတ်ကောင်း သင်ကောင်း မြင်းကောင်း သူရဲသူခက်ကောင်းသည်း များသည်။ ဘုန်းတော်ကြီးလှသော မင်းကောင်းတို့၏ နေရာလည်းဖြစ်သည်။ ထိုဇင်းမယ်မြို့ လယ်သည်ကို ညီတော် သားတော် အပေါင်းတို့တွင် တယ်သူအား ပေးရတော်သင့်မည်နည်း ဟူ၍ စိုင်းမြင်း၊ ခင်းကျင်းတော်မူသည်။ သားတော် မဟာဥပရာဇ် လျှောက်သည်။ ညီတော်ပြည်ဘုရင် သတိုးဓမ္မရာဇာကို ပေးတော်မူ၍ မင်းပြုရသော် သရေခေတ္တရာပြည်ကြီးသည် ဘုန်းကြီးသော မင်းကောင်းတို့ နေရာဖြစ်သည်။ ယင်းသို့သာမဟုတ် ရခိုင်ဓညဝတီ ပြည်ကြီးနှင့်လည်း အနီးအစပ်ဖြစ်သည်။ ဧရာဝတီမြစ် အနောက်ဘက် ရခိုင်ကျေးစပ်တွင် ရှိသော စကု၊ စလင်း၊ ခေါင်းလင်း၊ လယ်ကိုင်း၊ မင်းတုံး၊ မင်းတပ် စသော မြို့နေ မြို့သားတို့လည်း သရေခေတ္တရာ ပြည်ကြီးကို အားပြု၍ ခံနေရသည်။ ယင်းသို့ဖြစ်၍ သိရိခေတ္တရာမ တိုင်းဖြစ်သော သရေခေတ္တရာပြည်ကြီးသည် ညီတော်ပြည်ဘုရင် သတိုးဓမ္မရာဇာနှင့်သာ ထိုက်တန်သည်။ ညီတော် တောင်ငူဘုရင် မင်းခေါင်ကို ပေးတော်မူ၍ မင်းပြုရသော် ကေတုမတီ ပြည်ကြီးသည်လည်း ဘုန်းကြီးသော မင်းကောင်းတို့၏ နေရာ နန်းမြို့ပင် ဖြစ်သည်။ ယင်းသို့သာ မဟုတ် ရောက်စောက်၊ ညောင်ရွှေ စသော ရှမ်းပြည်ကြီးများလည်း အနီးအစပ် ဖြစ်သည်။ တောင်တွင်းကြီး၊ ရမည်းသင်း၊ ဝတ်း၊ ယင်းတော်၊ လှိုင်းတက်၊ ညောင်ရမ်း စသော မြို့နေ မြို့သားတို့လည်း ကေတုမတီပြည်ကြီးကို အားပြု၍ ခံနေရသည်။ ယင်းသို့ဖြစ်၍ ဇေယျဝဍ္ဍနတိုင်း ဖြစ်သော ကေတုမတီ ပြည်ကြီးသည် ညီတော် တောင်ငူဘုရင် မင်းခေါင်နှင့်သာ ထိုက်တန်သည်။ ။ သမက်တော် အဝဘုရင် သတိုးမင်းစောကို ပေးတော်မူ၍ မင်းပြုရသော် ရတနာပူရပြည်ကြီး သည်လည်း ဘုန်းကြီးသော မင်းကောင်းတို့ နေရာ နန်းတည် မြို့ပင်ဖြစ်သည်။ ယင်းသို့သာ မဟုတ်၊ အုန်းပေါင်၊ သီပေါ၊ မိုးမိတ်၊ မိုးညှင်း စသော ရှမ်းပြည်ကြီးများနှင့်လည်း နီးသည်။ ထိုရှမ်းပြည် ကျေးစပ်တွင်ရှိသော မြေဒူး၊ ရေနံ၊ စည်ပုတ္တရာ၊ စည်သာ၊ ဒီပယင်း စသော မြို့သားတို့သည်လည်း ရတနာပူရ ပြည်ကြီးကို အားပြု၍ ခံနေရပေသည်။ ယင်းတို့ကို ထောက်သဖြင့် တမ္ဗဒီပတိုင်း ဖြစ်သော ရတနာပူရ ပြည်ကြီးသည် သမက်တော် သတိုးမင်းစောနှင့်သာ ထိုက်တန်သည်။ ။ဟရိဘုဉ္ဇတိုင်းဖြစ်သော ဇင်းမယ်ပြည်ကြီးသည်လည်း ယိုးဒယား၊ လင်းဇင်း၊ ကျိုင်းရုံ၊ ကျိုင်းတုံ ရှမ်းပြည်ကြီးများနှင့်လည်း နီးလေသည်။ ဆွေတော် မျိုးတော် မည်မည်ဝါဝါကို သေးတော်

မှုံ၍ မသင့်ချေ။ သားတော် နော်ရထာခေါ်လည်း သာယာဝတီနှင့်သာ မတန်
ပလောဖြစ်သည်။ နော်ရထာခေါ်ကို ပေးတော်မူသည်ဖြစ်မှ ယိုးဒယား၊ လင်းဇင်း၊
အစရှိသော ရှမ်းပြည်ကြီးများသည်း သားတော်အစဉ် မြေးတော်အဆက်
မြစ်တော်အညွန့်ဆိုင်အောင် သစ္စာတော်ကို မဖောက်မပြန် ပျပ်ဝပ် ကျိုးနွံ
မည် ဟူ၍ နားတော်လျှောက်သည်။ ဆင်ဖြူများသခင် ဘဝရှင် မင်းတရားကြီး
ဘုရားလည်း ဤသို့ အမိန့်တော်ရှိသည်၊ နော်ရထာခေါ်ကို ငါသူကောင်းပြု၍
အရှည် သူကောင်းဖြစ်မည်မဟုတ်၊ မောင်အိမ်ရွှေမင်းညီ၍ သူကောင်းပြုသည်
ဖြစ်မှ အရှည် သူကောင်းဖြစ်မည်ဟူ၍ မိန့်တော်မူပြီးလျှင် သက္ကရာဇ် (၉၄၀)
တပေါင်းလဆန်း ၅ ရက် ဗုဒ္ဓဟူးနေ့ လွှတ်တော်သို့ ထွက်တော်မူသည်။
သားတော် မဟာ ဥပရာဇာ အစရှိသော မှူးတော် မတ်တော် အပေါင်းဘို့နှင့်
ဗိုလ်ရွှသတင် ခံတော်မူစဉ် ဇင်းမယ်ပြည်ကြီးကို သားတော် နော်ရထာ
မင်းခေါ်အား ပေးတော်မူသည်။ ယင်းသည့်နေ့ပင် မြို့ကိုက် ရွှေပြာသာဒ်
တော်သို့ နော်ရထာမင်းခေါ်ကို ခေါ်တော်မူ၍ ဤသို့ အမိန့်တော်ရှိသည်။ ဟရိ
ဘုဥ္ဇတိုင်းဖြစ်သော ဇင်းမယ်ပြည်ကြီးကို ငါ့ဘုန်း ငါ့လက်ရုံး ကောင်းသော
ကြောင့် ရတော်မူသည်။ မြန်မာပြည်၊ မွန်ပြည်၊ ရှမ်းပြည်မတန်ပလော၊
မင်တဆွေးပြည်မင်း၊ တောင်ငူမင်း၊ အဝမင်း တို့၏ နိုင်ငံကား အကျဉ်းသာ
ဖြစ်သည်။ ဇင်းမယ်ပြည်ကြီးသည်ကား တိုင်းနိုင်ငံလည်း ကျယ်၏။ မြို့ပြ
ခရိုင်လည်း များသည်။ မှူးကောင်း မတ်ကောင်း သူရဲ သူခက်ကောင်းလည်း
များလှသည်။ နောက်နောင်းသူ နှိပ်စက်နိုင်မည်မဟုတ်၊ သို့သည့်မြို့ကို မောင်အိမ်
ရွှေမင်း လျှောက်၍ ငါပေးတော်မူသည်။ မောင်အိမ်ရွှေမင်းကို အရှင်လည်း
မှတ်၊ အဖလည်းမှတ်၊ အစ်ကိုလည်းမှတ် ယင်းသို့ မမှတ်ဘဲ လူဆိုးလူသွမ်းတို့
စကားနှင့်၍ အတွေ့အရာရှိလျှင် ယိုးဒယား၊ လင်းဇင်းခုံ၊ မျက်နှာမည်းစသော
ဤပြည်ကြီးများသည် အစတော်ရရော်ရှိရာသည်။ ယင်းသို့ မငြိမ်မဝပ်လျှင်
သာသနာတော် အရောင်အဝါလည်း ညှိုးလေသည်။ ပြည်သူ လူ ရဟန်း
အပေါင်းတို့လည်း ပူပန်၍ ပစ္စုပ္ပန်စီးပွါး သံသရာစီးပွါးနှစ်ပါးမှ ယုတ်၍
အပါယ်လေးပါး သွားရလိမ့်မည် အကြောင်း ဖြစ်သည်။ ယင်းသို့ ဖြစ်သော
ကြောင့် ငါ့အမိန့်တော်ကို မင်းမှတ်၊ အမိန့်တော်အတိုင်း တည်သော် မင်းလည်း
ဘုန်းကြီး သက်ရှည်မည်။ သံသရာ၌လည်း အကျိုးများမည်။ ယခု ငါချစ်
သနားတော်မူသော ယောကျ်ား မိန်းမ ကျွန်တော်မျိုးတို့သည် နောက်နောင်
ရောက်ပေါက်လာလျှင် သိမ်းမြန်းမွေးကျွေးပါ၊ မျက်နှာမလွှဲပါနှင့်၊ ယင်းသောခါ

ရွှေတော်တွင် ညီလာခံသည့် ဗညားကျန်းတော၊ ဗညားတော၊ ဗညားပရံ ထံမှ
ကရာ၊ လက်ယာပျံ့ရှိ သည်အမတ်များကို ငါ၊ အမိန့်တော်ကို မှတ်ကြ
အမိန့်တော်ရှိသည်။ ငါးမယ်သို့ ရောက်လျှင် ငါးမယ်မြို့တွင် ရှိသော ဗညား
ဇာပန်၊ ဗညားလောက်၊ ဗညားနန်းတို့ကို ဘကြီးတော်ဟူ၍ ခေါ်၊ ဗညား
သေဉ်လုံကို ဘထွေးတော်ဟူ၍ ခေါ်၊ ဗညားလကျန်း၊ ဗညား
ဗညားခွင်၊ ဗညားတုရိုင်တို့ကို နောင်တော်ဟူ၍ ခေါ်၊ ဗညားကျိုင်းသေဉ်၊
ဆင်ကောင်း မြင်းကောင်းတို့ကိုလည်း မလိုချင်နှင့်၊ သူတို့ဟယ် ရှိသော
တို့ကိုလည်း မြို့ရွာတွင် လုစား ယက်စား မပြုစေနှင့်၊ မင့်ကျေးကျွန် သား မြေး
တစ်ပါးအကောက် အအောင်ပွဲ တည်ဆိပ် တံခါးကင်းသင်း စသည် နိုင်အောင်မြစ်၊ ထိုမှ
ထုံးစံနှင့် အညီသာ ကောက်စား သိမ်းခံစေ၊ သည်သာပြည်ရေး ကိုလည်း ဖြစ်သည်ဟူ၍
အမိန့်တော်ရှိသည်။

## သားတော်-၂-ပါးကို ဆုံးမ၍ အမိန့်မှတ်တော်မူခန်း

သက္ကရာဇ်(၈၄၁) ခုနှစ် ကဆုန်လပြည့်ကျော် ခြောက်ရက် တနင်္လာနေ့ ကောင်းမှုတော် မဟာစေတီသို့ ထွက်တော်မူ၍ အနောက် ရွှေဇရပ်တွင် နေတော်မူ၍ ဆရာတော် ရှင်သဒ္ဓမ္မပါလ၊ ဆရာတော် ဦးမွှေဝေလ၊ ဆရာတော် ဘားနိုက် ဆရာတော် ဘားထန်း၊ ဆရာတော်ဘားကို၊ ဆရာတော်ဘားလော၊ ဆရာတော်ဘားမဲ့၊ ဆရာတော် ဇောတိယာယံ၊ ဆရာတော် မဟာသယ်ရာဇာ၊ ဆရာတော် သဒ္ဓမ္မဒီဝါကရ၊ နေ့်ရထာမင်းစော ဆရာတော် သဒ္ဓမ္မကျွာသမိ ဤဆရာတော် အပေါင်းတို့ကိုပင့်၍ ရွှေတော်တွင် ဤသို့ အမိန့်တော်ရှိသည်။ မောင် ဘိမ်ရွှေမင်းသည် နေ့်ရထာမင်းစောကို ကျွန်ဟူ၍လည်းမှတ်၊ ညီဟူ၍ လည်းမှတ်၊ နေ့်ရထာမင်းစောလည်း၊ မောင်ဘိမ်ရွှေမင်းကို အရှင်ဟူ၍လည်း မှတ်၊ အစ်ကိုဟူ၍လည်းမှတ်၊ အဖဟူ၍လည်းမှတ်၊ မောင်တို့နှစ်ပါးသည် ငါ ဆုံးမတော်မူသည့်အတိုင်းတည်၍ ချစ်ကြည် လေးမြတ်သည် ဖြစ်မှ ငါနှစ်လ များစွာလုံ့လပြုတော်မူ၍ လက်ရုံးတော်အားဖြင့် ရသော တိုင်းနိုင်ငံအပေါင်း တို့သည် မကွဲမပြို အစဉ်ရှည်စွာ မြဲမြံအံ့သည်။ နှစ်လများစွာ ဆည်းပူးတော် မူသော ကောင်းမှုကုသိုလ်သည်လည်း ပွံ့ပွါးအံ့သည်။ သာသနာတော် စီးပွါး လူရဟန်း စီးပွါးလည်း များအံ့သည်။ယင်းသို့ ဆုံးမတော်မူသည်ကိုမတည်၊ရက် နှစ်လ များစွာ လုံ့လပြု၍ ရတော်မူသော နိုင်ငံတော်၊ နှစ်လ များစွာဆည်းပူး

ရှေးတော်မူသော ကောင်းမှုတော် တို့သည် ပျက်စီးလေအံ့သည်။ ယင်းသို့လျှင်
သာသနာတော်စီးပွါး၊ ပြည်သူလူချမ်းသာတို့စီးပွါး ယုတ်လေအံ့သည်။ ထိုသို့သော
မကောင်းမှုကြောင့် အမောင်တို့ နှစ်ဦးသည် အပါယ်လား လေရာသည်။
ယင်းသို့ ဖြစ်သောကြောင့် တစ်မင်းတစ်စိုး အသွေးအမျိုး၊ ကျေးဆိုး ကျွန်ဆိုးတို့
ဖျက်ဆီးသောအခါ ဤသို့ ငါ့လက်ကချွတ်၍ ပေးသော လက်စွပ်နှစ်ခြည်ကို
အမောင်တို့နှစ်ဦးတစ်ယောက်တစ်ခြည်အမြဲဝတ်၍ ရွှေသို့ သည်လက်စွပ်ကို မြင်
လျှင် ငါ့ကိုမြည်းတော် မှာတော်မူခဲ့သော အမိန့်တော်သည် အလွန်ဖြစ်ခဲ
လှသည်ဟု နှောင့်ယှက်သော နှလုံးကိုဖြေ၍ ချစ်ကြည်လေးမြတ် ပါကြကုန်၊
ငါ့သားတော်တို့အား ငါမှာတော် မူသည်ကိုလည်း၊ ငါ့ဆရာတော် အပေါင်း
တို့ မှတ်ပါကုန်၊ တစ်ကြောင်းလည်း အမောင် နော်ရထာစောလည်း ဗညား
သုံးသည် ဘာသာလာကြသည်ဟူ၍ သူ့ရှေ့ သူ့မှောက်တွင် စကားစမြည်
ပြောဟောသည်မများစေနှင့်၊ အပြောအဟောများလျှင် ဗညားသော်လောင်
အရှိသော ဗညားများလည်း ဝမ်းနည်းပေလိမ့်မည်။ အစ်ကိုတမှုကား ဝမ်း
နည်းမည့်သူမဟုတ်၊ ငါ့အမိန့်တော်ကို မှတ်ကုန်ဟူ၍ ဆင့်ပြူ ဆင်နီများသခင်
အဝရှင် မင်းတရားကြီးဘုရားလည်း အမိန့်တော်ရှိသည်။ ထိုအမိန့်တော်ကို
ဆရာတော်အပေါင်းတို့ ကြားတော်မူလျှင် ကောင်းချီး ပေးတော်မူကြသည်။
နော်ရထာစောလည်း သက္ကရာဇ်(၉၄၁)ခုနှစ် ကဆုန်လ ပြည့်ကျော် ကိုးရက်
ကြာသပတေးနေ့ ဇင်းမယ်သို့ အလုံးအရင်း အခြွေအရံ အပေါင်းနှင့်
ချီတော်မူသည်။ ဗညားပရံနှင့် ရဲသေဉ်ရံတို့ ကြပ်မတ်၍ ပို့ရသည်။ ရာဇဝင်ကြီး
ရာဇဝင်လတ်တို့၌ ကဆုန်လပြည့်ကျော် ခြောက်ရက် တနင်္လာနေ့ သား
တော် နော်ရထာမင်းစော ဇင်းမယ်သို့ ချီတော်မူသည်ဟု ဆိုလေသည်။
ဇင်းမယ် စာဆို နဝဒေးသည် ဇင်းမယ်သို့ပါရာ လမ်းခရီးတွင် စပ်ဆိုသည့်
သင်နှစ်ရက် နေ့ချီရတုတွင် "ကဆုန်ပြည့်ထွက် ကျော်ကိုးရက်ဝယ် နန်းဆက်
သိုက်လာ တို့ထွတ်ခြာလျှင် ကြောပြူဝန်း အောင်မြို့ယွန်းသို့ မြန်းမည်ဟူ၍
ချီသည့်နေ့၌"ဟု စပ်ဆိုသည်နှင့် မညီလေ။ ။နော်ရထာ မင်းစော လည်း
တုလောင်းတောင်သို့ ရောက်လျှင် ဇင်းမယ် မိဖုရား သားတော်ကို မျက်နှာ
မြင်၍ ထိုအရပ်တွင် ဆယ်ရက်ကျော် စံနေတော်မူသည်။ တုလောင်းတော်တွင်
ဖွားမြင်တော်မူသည်ကို အကြောင်းပြု၍ မင်းသား တုလောင်းဟု မှည့်တော်
မူသည်။ ။ဒုတိယ ဝါဆိုလဆန်း ဆယ်ရက် ကြာသပတေးနေ့ နော်ရထာ
မင်းစော ဇင်းမယ်သို့ ရောက်၍ နန်းတက်တော်မူသည်။ ထိုဟရိဘုဥ္ဇတိုင်း

ဖြစ်သော ဇင်းမယ်ပြည်ကြီးကိုလည်း အဓောင်စောင်သော ဧးချင်းရာဇဝင်တို့၌ ဟရိပုဉ္စဟူ၍ လည်းကောင်း၊ ဟရိမုဉ္စဟူ၍လည်းကောင်း ပအက္ခရာ၊ မအက္ခရာများနှင့် ရေးသားကြလေသည်။ ။ဤရာဇဝင်တော်၌ကား ဇင်းမယ် ရာဇဝင်တွင် ဘုရားသခင် ဒေသစာရီ ကြွရောက်တော်မူသောအခါ မုဆိုးတစ်ယောက်လှူသော ကြဇုသီးကို ဘုဉ်းပေးတော်မူပြီးလျှင် နောင်အခါ ဤကြဇုသီး ဘုဉ်းပေးရာ အရပ်ကို အစွဲပြု၍ ဟရိဘုဉ္စတိုင်း တွင်လတ္တံ့ဟု ဗျာဒိတ် ထားတော်မူသည် ဆိုသော စကားကိုထောက်၍ ဩဠဇ စတုတ္ထက္ခရာဘနှင့် ဟရိဘုဉ္စတိုင်း ရေး ပေသတည်း။ ။အထူးထူးသော တိုင်းကြီးမင်းများသခင် ရွှေတွင်း၊ ငွေတွင်း၊ ပတ္တမြားတွင်း၊ ပယင်းတွင်း စသော ရတနာအပေါင်းတို့၏ အရှင် စတုတ္ထ ရတနာ ပူရ မြို့တည် နန်းတည် ဆဒ္ဒန်ဆင်မင်းသခင် ဆင်ဖြူများသခင် အသျှင် ဘဝရှင် မင်းတရားကြီးဘုရား လက်ထက်တော် (၁၁၉၁-ခု) နယုန်လဆန်း တစ်ရက်နေ့ကစ၍ ရဟန်းပညာရှိ၊ ပုဏ္ဏား ပညာရှိတို့နှင့် အထူးထူးသော ရတနာ တို့ဖြင့် ဆန်းကြယ်သော မှန်နန်းတော်၊ ဆောင်တော်ဦး၊ နန်းမစနံ့၌ နိုင်းညှိ၍ အသင့် ယုတ္တိ ကျမ်းဂန် အာဂုမ် များနှင့်အညီ၊ သုတ်သင် စီရင်တော်မူသော မဟာ ရာဇဝင်တော်ကြီး ပန္နရသမတွဲပြီး၏။

မှန်နန်း မဟာရာဇဝင်တော်ကြီး (၁၅-တွဲ) ဤတွင်ပြီးပြီ။

နမော တဿ ဘဂဝတော အရဟတော

သမ္မာသမ္ဗုဒ္ဓဿ။

## သားတော် မဟာဥပရာဇာ လင်းဇင်းသို့ ချီတော်မူခန်း

ယင်းသည်တွင် ရဟန်းသံဃာတို့ ဥယျာဉ် ပန်းမန်စေ ပျိုးလုပ်ဆောင်သည်ကို ရဟန်းတရားနှင့်မညီဟူ၍ ဥယျာဉ်ပန်းမန်တို့ကို ဖျက်ဆီးရသည်။ ဆုံးမမြစ်တား၍မနိုင်သော ရဟန်းတို့ကိုလည်း လူပြုရသည်။ လင်းဇင်း၌ ဥပရာဇ်မင်းပြုရာမှာလည်း ဘဝရှင် မင်းတရားကြီးဘုရား ဆုံးမတော် မူသည်ကို မယူ၊ ဥပရာဇ်မင်းသည် မှူးကြီးမတ်ကြီးတို့ကို မပေးမကမ်း မပြုမစု မိမိဆွေမျိုးတို့ကိုသာ ပြုစုသောကြောင့် လင်းဇင်းအမှုးအမတ်၊ သူဌေး-သူကြွယ် အပေါင်းတို့သည် နှလုံးမကြည်ရှိကြ၍ အထက်က ချီလေရာမှာ သေလေသောလင်းဇင်းဖြစ်စစ်သည် မသော ရောက်ပြန်လာသည့် အဟန်၊ ဥပါယ်တံမျဉ် ပရိယာယ်စေ့စပ်ဖြင့် အတွေ့တွေ့ကြုံကြ၍ ဥပရာဇ်ကို စွန့်ပစ်ပြီးလျှင် တောကြီးတစ်ခွင်၌ စည်းရုံးတိုင်ပင်၍ အမှုးအမတ် သူဌေး-သူကြွယ် အပေါင်းတို့ ခြားနားလေကုန်၏။ ဥပရာဇ်မှာမူကား မိမိအဆွေအမျိုးနှင့် အလုံးအရင်း စုံရာသာ ရှိချေသည်။ သည်အကြောင်းများ နားတော်လျှောက်လာ၍ ကြားတော်မူလျှင် သားတော် ဥပရာဇာအစရှိသော မှူးတော်မတ်တော်တို့ကို ခေါ်တော်မူ၍ ယခု လင်းဇင်းမင်းမှာအရေးတော် ပျက်သည်ဟူ၍ကြားသည်။ ပသို့ထင်ကြသနည်းဟု မေးတော်မူသည်။ ယင်းသောအခါ ဗညားလော လျှောက်သည်။ ဥပရာဇ်သည် အဆုံးအမတော်အတိုင်း မတည်ရ၊ မှူးကြီးမတ်ရာတို့ကို နှလုံးမကြည်ရှိအောင် ပြုကျင့်လေ့ရှိသောကြောင့် အရေးတော်ပျက်သည်။ ရွှေဖဝါးတော်အောက် ညီတော် သားတော်တို့ကိုချီစေ၍ လုပ်ကြံတော်မူလျှင် အန်တုဝံ့သည်မဟုတ်၊ တောအုန်းနက်ရာ တောင်ကမ်းကြီးရာကို ပြေးပုန်းရှောင်လွှဲ၍ နေလျှင် အရေးတော်ရှည်ကြာမည်တစ်ချက်ရှိသည်ဟူ၍ နားတော်လျှောက်သည်။ ဆင်ဖြူများသခင် ဘဝရှင် မင်းတရားကြီး ဘုရားလည်း သားတော် မဟာ ဥပရာဇာကို

လင်းဇင်းသို့ မောင်ထိပ်ရွှေမင်းချိမှ အရေးတော်ပြီးလွယ်မည်ဟူ၍ အမိန့်တော်ရှိသည်။ မဟာဥပရာဇာလည်း အမိန့်တော်ရှိသည်ကို လင်းဇင်းမျက်ကို ထားဘိ၍ တရုတ်တို့ ဦးတည်ဘွားတိုင်အောင်ချီ၍ လုပ်ကြံစေ အမိန့်တော် ရှိသော်လည်း ကျွန်တော်မကြောက်ဟူ၍ နားတော်လျှောက်သည်။ ဆင်ဖြူများသခင် ဘဝရှင်မင်းတရားကြီးဘုရားလည်း ငါကား အိုမင်းပြီ၊ အမောင်တို့သာ ဟူ၍ အမိန့်တော်ရှိပြီးလျှင် လင်းဇင်းသို့ချီမည်ကို ခန့်ရန်တော် မူသည်ကား၊ နန္ဒကျော်ထင်တစ်တပ်၊ သမိန်ဇိပ်မွန်တစ်တပ်၊ ဘယကျော်ထင်တစ်တပ်၊ သမိန်သံကျယ်တစ်တပ်၊ ဘယဂါမဏိ တစ်တပ်၊ ဗညားကျန်းတော တစ်တပ်၊ သိရိဓမ္မာသောကတစ်တပ်၊ သမိန်သန်လိုက်တစ်တပ်၊ ရာဇသင်္ကြံတစ်တပ်၊ ဗညားလေ‌ာတစ်တပ်၊ ဩယားသောဘဏ္ဍတဲတစ်တပ်၊ ဩယားပိဿလောက တစ်တပ်၊ ယိုးဒယားကလောက်တစ်တပ်၊ ဩယားပိတ်စိတစ်တပ်၊ဩယားကမန်ပိုက်တစ်တပ်၊ ဩယား သုဝဏ္ဏ ဗညားသေဉ်လုံတစ်တပ်၊ ဗညားသံလံတစ်တပ်၊ ဗညားနန်းတစ်တပ်၊ ဇင်းမယ်က တစ်တပ်၊ ဗညားတုရှိင်တစ်တပ်၊ ဗညားလကွန်းတစ်တပ်၊ ဗညားခွင်တစ်တပ်၊ ဗညားပြည် သားတော် သဃ်ဒတ္တတစ်တပ်၊သားတော် မဟာ ဥပရာဇာတစ်တပ်သည်နှစ်ဆယ့် လေးတပ်တွင်ပါသည့် တိုက်ဆင် (၁၂၀၀)၊မြင်း (၁၂၀၀၀)၊ စစ်သည်သူရဲ (၂၂၀၀၀၀) နှင့် သက္ကရာဇ် (၉၄၁) ခုနှစ် သီတင်းကျွတ် လပြည့်ကျော် တစ်ဆယ့်နှစ်ရက်နေ့ လင်းဇင်းသို့ ချီရသည်။ မိုင်းစံသို့ ရောက်တော်မူလျှင် လင်းဇင်းမင်း ဥပရာဇ်လည်း အလုံးအရင်းနှင့်တကွ ဆီးကြို၍ မဟာဥပရာဇာ ရှိရာသို့ရောက်လာသည်။ အကြောင်းမျိုးကိုလျှောက်၍ ရေ့ဝှစွာသိတော်မူလျှင် ဥပရာဇ်နှင့်တကွ လင်းဇင်းအမတ်တို့ရှိရာ မိုင်းကောင်း မိုင်းပိုင်သို့ ချီတော်မူသည်။ လင်းဇင်းအမတ်တို့လည်း မခံဝံ့၍ အချို့ပြေးလေ၏။ အချို့သော အမှူးအမတ်တို့လည်း မဟာဥပရာဇ်တပ်သို့ဝင်လာသည်။ဝင်လာသသူတို့ကိုလည်း သစ္စာတော်ပေး၍ မိမိတို့ကျေးစည်းစိမ်ကိုပင် စားမြဲစားရသည်။ ပြေးသသူတို့မူကား အစုစုခွဲ၍လိုက်ရသည်။ ဟံသာဝတီမှာလည်း ထိုနှစ် တပေါင်း လပြည့်ကျော်လေးရက် ကြာသပတေးနေ့ ညီတော်ပြည်ဘုရင် သတိုးဓမ္မရာဇာ၊ ညီတော် တောင်ငူဘုရင်မင်းခေါင်၊ သမက်တော် အဝဘုရင် သတိုးမင်းစောတို့ သုံးပါးကို မကိုဋ် ထီးဖြူ၊ ရွှေချက်ရှစ်စင်း၊ ရွှေလောင်း၊ ကေရာင်မင်းတို့၏ အဆောင်အယောင် အစေ့အစုံ ပေးတော်မူသည်။ မဟာဥပရာဇာတို့ ချီလာရာမှာလည်း ရဲမက်တော် တို့ကို အကွဲကွဲ လိုက်လံ ရှာဖွေ လုပ်ကြံ စေသော်လည်း တောတုံ တောင်ကမ်း ကြီးရာသို့ ပြေးပုန်း လေသည်နှင့် အကုန်

အစင် မတွေ့ မရချေ။ ယင်းသို့လျှင် လင်းဇင်းတွင်ရှိသသူ ကျွန်တော်ခံဝင်လာသသူ အမှူး အမတ် သူဌေး သူကြွယ် ကျေးစားအပေါင်းတို့ကို သစ္စာသောက်စေပြီးမှ လိုက်လံ ရှာဖွေ၍ ရသည့် အမတ် ငါးဆယ်ကျော်၊ သုံ့လူ သုံးထောင်ကျော်၊ ဖြဲစစ်သမီး မြကျော်တို့ကို သိမ်းယူတော်မူခဲ့၍ လင်းဇင်းက ပြန်တော်မူသည်။ ။(၉၄၂) ခုနှစ် တန်ခူးလဆန်း ရှစ်ရက် တနင်္ဂနွေနေ့ ဟံသာဝတီသို့ ရောက်တော်မူသည်။ ရောက်လျှင် ရခဲ့သည့် အမှူး အမတ် သုံ့လူတို့ကို ဆက်သည်။ ခမည်းတော်ဘုရား အားရတော်မူ၍ စားတော်ခေါ်သည့် တကောင်းဖုံး ဆုပေးတော်မူသည်။ ကွမ်းခွက် လက်ဖက်အိုး သောက်ရေတော် အဆောင် အယောင် စားကျေး စားလက် တံမူး စက်ကဲအပေါင်းတို့ကိုလည်း အထိုက်အလျောက် ဆုပေးတော်မူသည်။ ။သက္ကရာဇ် (၉၄၂) ခုနှစ် ကဆုန် လဆန်း ငါးရက် တနင်္ဂနွေနေ့ ကောင်းမှုတော် မဟာမုနိ ဘုရားရှင်ကို ဌာပနာတော်မူသည်။ ဌာပနာတော်မူသည်ကား ရွှေဆင်းတု၊ မိုးကြိုးဆင်းတု၊ ပဒ္မလောဟာဆင်းတု၊ ပတ္တမြားဆင်းတု၊ မြဆင်းတု၊ နီလာဆင်းတု၊ ဥဿဖယားဆင်းတု၊ ကျောက်မျက်ရွှဲဆင်းတု၊ သန္တာဆင်းတု၊ ဒက္ခိဏာသာခါဆင်းတု၊ နံ့သာနီဆင်းတု၊ နံ့သာဖြူဆင်းတု၊ ကရမက်ဆင်းတု၊ ဆင်စွယ်ဆင်းတု သည်ဆင်းတုတော် သုံးသောင်းလေးထောင်လေးရာနှစ်ဆယ့်ရှစ်ဆူတို့ကို ဌာပနာတော်မူသည်။ ရဟန္တာရုပ်တုတော် ရွှေမိုးကြိုး ပဒ္မလောဟာရုပ်တုတော် ပေါင်း လေးထောင်ခုနှစ်ရာ နှစ်ဆယ့်ခုနှစ်ဆူတို့ကိုလည်း ဌာပနာတော်မူသည်။ ဓာတ်တော်နှင့် တကွ ရွှေစေတီ၊ မိုးကြိုးစေတီ၊ ငွေစေတီ၊ ပဒ္မလောဟာစေတီ၊ ပယင်းစေတီအပေါင်း တထောင့်သုံးရာရှစ်ဆယ့်ခြောက်ဆူတို့ကိုလည်း ဌာပနာတော်မူသည်။ မွေတော်၊ ဓာတ်တော်၊ ရုပ်တုတော်၊ စေတီတော်တို့ကို ပို့သောအခါ စီရင်တော်မူသည်ကား၊ ရွှေနန်းတော်ကသည် ကောင်းမှုတော် တိုင်အောင် လမ်းနှစ်ဘက်ကို ရာဇမတ်ကာစေပြီးလျှင် ငှက်ပျောပင် ကြံပင်တို့ကို စိုက်စေပြီး၍ ပြည့်သော ရေအိုးတို့ဖြင့် တန်းဆာဆင်စေပြီးမှ မြတ်သော ဆင်ဖြူတော်ထက် တင်၍ မင်းညီ မင်းသား မင်းဆွေ မင်းမျိုး မှူးတော် မတ်တော် သူဌေး သူကြွယ်အပေါင်းတို့ ခြံရံလျက် သဘင်ကြီးစွာခံ၍ ပို့ရသည်။ ယင်းသော အခါ ကောင်းမှုတော် မဟာဝိဇယစေတီ ကျိုက်ကိုဘုရား အံ့ဘွယ်သရဲသော ပြာဋိဟာ ပြတော်မူသည်။ တန်ဆောင်မုန်း လပြည့်ကျော် ခြောက်ရက်နေ့ ကောင်းမှုတော် မဟာဝိဇယစေတီကို ရွှေအပြည့် မွမ်းမံ၍ ပတ္တမြားအတိစီသော ထီးကို တင်တော်မူသည်။ ပတ္တမြား ဆည်းလည်းနှင့် တကွ ရွှေချိန်ပေါင်း

လေးထောင့်ငါးပိဿာရှစ်ဆယ်ကျပ်သည်။ ယင်းသောအခါ အရည်ဝါ သိမ်ပုဂ္ဂိုလ် ခုနစ်ရာ ခုနစ်ဆယ့်ခုနစ်ပါးတို့ကို ပင့်တော်မူ၍ ရဟန်း ပြုအောင် ဆွမ်းလုပ်ကျွေးတော်မူသည်။ ပရိက္ခရာရှစ်ပါးနှင့်တကွ ဝါသကုပ်၊ ပိတ်ကုပ်၊ လက်ဖက်ချောင်း အစေ့အနှံ လှူတော်မူသည်။

ယင်းသည့်နေ့ပင် ကျိုက်ကိုဘုရားရှင်ကိုလည်း ထီးတင်တော်မူသည်။ ယင်းသည့်နေ့ပင် ဆရာတော် ဥရုဝေဠကဿပ ကျောင်းတော်ရှေ့တွင် စေတီကိုလည်း များစွာသော ပတ္တမြားစေတီ၊ ရွှေစေတီ၊ မိုးကြိုးစေတီ၊ ပယင်းစေတီတွင် သရီရ ဓာတ်တော်တို့ကို သီဘင်းသုံးစေ၍ ဌာပနာတော်မူသည်။ ကောင်းမှုတော် မဟာစေတီ၊ ရတနာမှုန်စေတီ၊ ကျိုက်ကိုစေတီ သည်ကောင်းမှုတော်တို့ကို လုပ်ရာတွင် ဆော်ခေါ်၍ စီရင်ရသော အမှူး အမတ် ဗိသုကာ လက်သမား ပန်းရန် ပန်းတော့ တို့ကိုလည်း အထိုက် အလျောက် အမည် အရည် ကျေးရွာ ရွှေ ငွေ ဝတ်လုံ ပုဆိုး အကျီ ဆန်စပါး အစေ့အနှံ ဆုပေးတော်မူသည်။ ။ တန်ဆောင်မုန်း လပြည့်ကျော် တစ်ရက်နေ့ ကောင်းမှုတော် မဟာစေတီ ရောင်တော်ပြသည်ကို ရွှေတန်ဆောင်၊ ငွေတန်ဆောင်၊ ရွှေပေါက်ပေါက်၊ ငွေပေါက်ပေါက်နှင့်ပူဇော်တော်မူသည်။ ဝတ်တော်မူသည့် လက်ကောက်တရန် ရှင်မိဖုရားကြီး စားတော်ခေါ်သည့် ကွမ်းခွက်ထည်များကိုလည်း ရွှေမျက်ပါး ခတ်စေ၍ကျိုက်ကိုဘုရားကို ထီး၊ ချယားသီးကသည် မြေတိုင်အောင် ရွှေထည့် တော်မူသည်။ ။ဟံသာဝတီမြို့ အရှေ့ဘက် ဇလပ်မြို့တွင် ကျင်း၍ရသည့် ရွှေဖလားအချိန် (၅၄-ကျပ်) ကိုလည်း ရွှေမျက်ပါးခတ်စေ၍ ကျိုက်ခေါ် ဘုရားကို ရွှေထည့်တော်မူသည်။ ဆင်ဖြူများသခင် ဘဝရှင် မင်းတရားကြီး ဘုရားလည်း ယင်းသောအခါ ဤသို့ အမိန့်တော်ရှိသည်။ ရခိုင်ဘုရင်သည် ငါနှင့် သစ္စာတော်ရှိလျက် ငါ့ဘိုင်းနိုင်ငံတော် ရပ်စွန်ပြည်နားတို့ကို ထိပါး ဖျက်ဆီး၍ မလုပ်မဆောင်သာအောင် ရှိသည်။ အစ်ကို သစ္စာတော်ကို ဖျက်ပြီး ဖြစ်သောကြောင့် အစ်ကိုတိုင်းနိုင်ငံအလုံးကို ငါသိမ်းယူတော်မူမည်ဟူ၍ အမိန့် တော်ရှိပြီးလျှင် သံတွဲသို့ ရေကြောင်းချီလေဟူ၍ ဗညားပရံတစ်တပ်၊ နန္ဒယောဓ တစ်တပ်၊ ဗညားလောတစ်တပ်၊ သီရိမ္မာသောကတစ်တပ်၊ ဗညားကျန်းတော တစ်တပ်၊ နန္ဒကျော်ထင်တစ်တပ်၊ ဗညားပတ်တစ်တပ်၊ မင်းမဟာ တစ် တပ်၊ သည်ရှစ်တပ်ကို ဇလာကာပင်၊ကူရှပ် သမ္ဗန် ကတ္တူ လှန်းကြင်ရှစ်ရာ၊တံစွက်သုံးလေ့ နှစ်ရာ၊ စစ်သည်သူရဲ ရှစ်သောင်းနှင့် တန်ဆောင်မုန်းလပြည့်ကျော် ငါးရက်နေ့

ပေါ်မြိုင်ရကာ ချောင်းရိုးဝင်ပြီး ကျောက်မြောင်းရိုး ဖြတ်ပြီး စပါးဆန်ရေ အလုံး သိတွဲ့သို့ မော်တင်ကရာဇ်ကြောင်းချိန်၍ မြို့ပြုလုပ်ပြီးလျှင် ။တပို့တွဲလပြည့်ကျော် ၁ ရက် အရင်းသွင်း၍ အခိုင်အလုံ နေရသည်။ ။တပို့တွဲလပြည့်ကျော် ၁ ရက် ဗုဒ္ဓဟူးနေ့ ဆရာတော် အရှင် ဉာဏဝံသကာဿပထေရ်ကို ထီးတင်တော်မူသည်။ ယင်းသည့်နှစ် တိဂုံဆံတော်ရှင် ဘုရားမြတ်စွာမှာ သုဓမ္မာဇရပ် ဆောက်တော် မူသည်။

## မင်းတရားကြီး ပိဋကတ်သုံးပုံ လှူဒါန်းမှုခန်း

တပို့တွဲလပြည့်ကျော် တစ်ဆယ့်တစ်ရက် တနင်္ဂနွေနေ့ အမြဲဝတီမှာ ကျောင်း ကြီး နှစ်ကျောင်း၊ ကျောင်းရံသုံးဆယ်နှင့်တကွ ဆောက်တော်မူ၍ ပိဋကတ် သုံးပုံ ပါဠိ အဋ္ဌကထာ ဋီကာ ကျနတော်မူသော ပုဂ္ဂိုလ်တို့ကို ဖိတ်ခေါ်ပန်တော် မူ၍ သိမ်တင်သုံးရသည်။ သိမ်လည်း သမုတ်တော်မူရသည်။ ယင်းသည့်နှစ်ပင် ပိဋကတ် ကျမ်းဂန်များစွာ ပြုစုတော်မူ၍ ယိုးဒယားသို့တစ်ပုံ၊ သောကတ္တတဲသို့ တစ်ပုံ၊ပြည်သလောကသို့တစ်ပုံ၊တနင်္သာရီသို့တစ်ပုံ၊ထားဝယ်သို့တစ်ပုံ၊အမြဲဝတီသို့ တစ်ပုံ၊လင်းဇင်းသို့တစ်ပုံ၊ အကျော်သို့တစ်ပုံ၊ လပိုက်သို့တစ်ပုံ၊ ဇင်းမယ်သို့ တစ်ပုံကျိုင်းရုံးသို့တစ်ပုံ၊ ကျိုင်းတုံသို့တစ်ပုံ၊ကျိုင်းသေဉ်သို့တစ်ပုံ၊ မိုးနဲသို့တစ်ပုံ၊ ညောင်ရွှေသို့တစ်ပုံ၊ သီပေါသို့တစ်ပုံ၊ အုန်းပေါင်သို့တစ်ပုံ၊ သိန္နီသို့တစ်ပုံ၊ မိုးမိတ်သို့တစ်ပုံ၊ မိုးကောင်းသို့တစ်ပုံ၊ မိုးညှင်းသို့တစ်ပုံ၊ စစ်ကိုင်းသို့တစ်ပုံ၊ ပုဂံသို့တစ်ပုံ၊သရေခေတ္တရာသို့တစ်ပုံ၊ ကေတုမတီသို့တစ်ပုံ၊ သာယာဝတီသို့တစ်ပုံ ပို့၍ သင်ကြားရသည်။ ။သိန်းဆိုင်ကျွန်းသို့လည်း ပိဋကတ်သုံးပုံ ပါဠိ အဋ္ဌကထာ ဋီကာနှင့်တကွ သတော်တင်ဘင်၍ မဟာယောဓကို ပို့လေစေ သည်။ ။တပို့တွဲလပြည့်ကျော် တစ်ဆယ့်နှစ်ရက် ဗုဒ္ဓဟူးနေ့ ကလေးမြို့ကို တည်တော်မူ၍ အလုံးအရင်းနှင့်တကွ ဇိတ်သင်ရုံကို ခန့်၍ နေရလေသည်။ ။ ၎င်း တပို့တွဲလတွင် သားတော် ညောင်ရမ်းမင်းကြီး ရှင်ဦးပုသ် အနိစ္စ ရောက်တော်မူသည်။ ။ဆင်ဖြူများသခင် ဘဝရှင် မင်းတရားကြီးဘုရားလည်း သားတော်အငယ် ရှင်သစ္စာကို ခေါ်တော်မူ၍ ပုသိမ်မြို့၊ ဒလမြို့၊သာယာဝတီမြို့၊ ပုဂံမြို့၊ စလင်းမြို့၊ တောင်တွင်းကြီးမြို့၊ ရမည်းသင်းမြို့၊ ညောင်ရမ်းမြို့ သည် ရှစ်မြို့တွင် ကြိုက်ရာမြို့ကို အမောင်စားလေ မိန့်တော်မူ၍ ပညာရှိတို့နှင့် တိုင်ပင် တော်မူပြီးလျှင် စာရေးကောက်သော် ညောင်ရမ်းမြို့ကိုရ၍ အကြောင်းကို ခမည်းတော်ဘုရားအား လျှောက်သော် ခမည်းတော်ဘုရားလည်း သားတော်

ဇာတာကိုယူ၍ ကြည့်တော်မူသော် ဇာတာစီးလက်ကောင်းလှသည်။ ရွှေဒိုသော် ငါကဲ့သို့ ဖြစ်မည်ဟူ၍ အမိန့်တော်ရှိပြီးလျှင် ကွမ်းခွက်၊ လက်ဖက်အိုး၊ တကောင်းဖုံး၊ ပတ္တမြားစီ ရွှေထွေးခံ၊ ရွှေချက်ဝေ ါပလာ၊ မြင်းရွှေကြိုး၊ ရွှေကတင်ရှမ်းအပြုမြေထီ ရွှေကတောင်နှင့်တကွ အမတ်သားတစ်ဆယ်၊ ဆင်တစ်ဆယ်၊ မြင်းသုံးဆယ် ပေးတော်မူသည်။ လူလတ်လူလွတ်တို့ကို စီစဉ်တော်မူရသည့် လူတစ်ထောင်ကျော်ကိုလည်း ပေး တော် မူ သည်။ ညောင်ရမ်းမိဖုရားကိုလည်း အပျိုစီးဝေ ါပတင်းရွှေထည့်၍ ချင်ပတ်တောင်တန်းရွှေသည့် ရွှေချက်တစ်စင်း၊ ကွမ်းခွက် လက်ဖက်အိုး၊ တကောင်းဖုံး ပတ္တမြားတစ်ရစ်စီ ထွေးခံ ပေးတော်မူသည်။ မြည်ဘုရင် နရပတိအနွယ် ဖြစ်တော်မူသော ရှင်မာန်အောင်ကိုသည်း ဝေ ါမူ၊ ခန့်တော်မူသည်။ ဓံဝ ါထမ်းလည်း မွန်ဝါးကျိုပ်ပေးတော်မူသည်။ ငါ့သားတော် ကျွန်ခံလိုသသူ ခံစေ အမိန့်တော်ရှိ၍ ကျွန်တော်ခံသသူသည်၊ အများခံကြသည်။ ယင်းသို့ စီရင်ခန့်ရန်တော်မူ၍ ၎င်း တပေါင်းလဆန်း ခုနစ်ရက် သောကြာနေ့ သားတော်မင်းသစ္စာကို ညောင်ရမ်းမြို့ကို ပေးတော်မူသည်။ ။သက္ကရာဇ် (၉၄၃) ခု နယုန်လဆန်း သုံးရက် ကြာသပတေးနေ့ မိုးညှင်းစော်ဘွားသည် အဆွေ အမျိုး အမှူး အမတ်နှင့် တကွ ရွှေပဝါးတော်အောက်သို့ လာ၍ လက်ဆောင် လက်နက် တရုတ်ပုဆိုး သိုးကတိုးအောင်းတင်ရမ်း များစွာ လက်ဆောင်တော် ဆက်လာရသည်။ ၎င်း နယုန်လဆန်း ခြောက်ရက် တနင်္ဂနွေနေ့ ဗန်းရုံးစော်ဘွား အမှူး အမတ် အသုံးအဆောင်နှင့် တကွ လာ၍ ထီးဖြူ မကိုဋ် မင်းမြောက်ဘန်းဆာ ရွှေကြိုး ရွှေနွယ် ဆင်မြင်း၊ ရွှေငွေ တရုတ်ပုဆိုးသိုးကတိုးအောင်းတင်ရမ်းများစွာ လက်ဆောင်တော် ဆက်၍ ခြေတော်ဦးခိုက် ရောက်လာသည်။ ဆင်ဖြူများသခင် ဘဝရှင် မင်းတရားကြီး ဘုရားလည်း ဆက်သော လက်ဆောင်တော်ကို သိမ်းယူတော်မူပြီးမှ ထီးဖြူ မကိုဋ် မင်းမြောက် တန်းဆာ ါ ါပါနှင့် ရွှေကြိုး ရွှေနွယ် ဆင် မြင်းကို ပေးတော်မူပြန်သည်။ ဗန်းမော်စော်ဘွား အနိစ္စရောက်ရာမှာလည်း စော်ဘွားကတော်သည် သား သမက် အမှူး အမတ် ဆင် မြင်း ဗိုလ်ပါနှင့် လာ၍ စော်ဘွား အဆောင် အယောင် အစီး အနင်းနှင့် တကွ မင်းခမ်း မင်းနားကို ဆက်လာသည်။ ဘဝရှင် မင်းတရားကြီး ဘုရားလည်း ဗန်းမော်စော်ဘွားသားကိုပင် အဖ အဆောင် အယောင် အစီး အနင်းနှင့် တကွ ဗန်းမော်မြို့ကို ပေးတော်မူ၍ စော်ဘွားပြုရသည်။ ။၎င်းကဆုန်လဆန်း တစ်ဆယ့်သုံးရက် တနင်္ဂနွေနေ့ သာသနာတော်၏ အမြစ်ဖြစ်စေခြင်းငှာ ကျမ်းဂန်

သိမြင်သော သာမဏေတို့ကို ရွေးတော်မူ၍ ခြောက်ဆယ်ငါးပါးကို တော်ကြွပ်မျှ၍ ကလျာဏီသိမ်၌ ပဉ္စင်းခံတော်မူသည်။ ပြီးလျှင် လက်တော်နှ ပြင်၍ ဆွမ်းလည်း ကျွေးတော်မူသည်။ နေလွဲသောအခါ၌လည်း အဖျော် ယမကာ ချီရင်၍ လှူတော်မူသည်။ ဆရာသုံးကျိပ်နှစ်ပါးနှင့် ပဉ္စင်းသစ် ခြောက် ကျိပ် ငါးပါးကိုလည်း ပရိက္ခရာ ရှစ်ပါးနှင့်တကွ ခါးသာတုပ် လက်ဖက်ချောင်း ဆွမ်းပွဲ လှူတော်မူသည်။ ၎င်း နယုန်လပြည့်ကျော် ရှစ်ရက် ဗုဒ္ဓဟူးနေ့ မဟာဝေါသ ကျောင်းတော်ကို တင်လှူတော်မူသည်။ ပိဋကတ် သုံးပုံကိုလည်း အပ်တော်မူသည်။ အလုပ်အကျွေး ကပ္ပိယကာရကလည်း သုံးကျိပ် လှူတော်မူသည်။ ။ရင်းနယုန်လပြည့် မူသည်။ သိမ်စောင့်လည်း ငါးယောက်လှူတော်မူသည်။ တိုက်ပြတ်ရွာဘုရားတွင် ဆောက်သော ကျော် ဆယ်ရက် သောကြာနေ့ စားတော် ကွမ်းခွက် စားတော် လက်ဖက်အိုး သောက်ရေ သုမ္ဘာဇရပ်ကို စားတော်ကွမ်းခွက် မြေကသည် မှန်ကင်းဖျား တိုင်အောင် တကောင်းပုံးတို့ကို မျက်ပါးခတ်စေ၍ ရွှေထည့်တော်မူသည်။ ယင်းသည့်နေ့ပင် သားတော် သယ်ဇတ္တကို သိရိသုဓမ္မ ရာဇာ ဟူသော အမည်ကို မှည့်တော်မူ၍ စားတော်ခေါ်သည့် ကွမ်းခွက် ကွမ်းလိပ်နှင့်တကွ ပေးတော်မူသည်။ မုတ္တမရွှေပန်းနှင့်တကွ မျက်သုတ်ကိုလည်း ပေးတော်မူသည်။ ဝတ်တော်မူသော ဝတ်လုံနှင့်တကွ ဆန်းကြွယ်စွာသော စလွယ်တစ်ဆယ့်တစ်သွယ်ကိုလည်း ပေးတော်မူသည်။ ပတ္တမြားဖလားနှင့် တကွ ရွှေသောက်ရေတင်ကိုလည်း ပေးတော်မူသည်။ ပတ္တမြားလက်ဖက်အိုး ရွှေလက် ကောက်၊ မြလက်စွပ်၊ ဆင်မှာလည်း အပက္ကမ်းဟူသော စီးတော်ဆင်နှင့် တကွ ဆင်ဆယ်စီး၊ အမတ်သားတစ်ကျိပ်ပေးတော်မူသည်။ မုတ္တမမြို့ကိုလည်း ပေးတော် တော်မူသည်။ ယင်းသောအခါ မင်းဆွေ စိုးမျိုးမင်းမှူးမတ် ဒေါဗညား အပေါင်းတို့ကလည်း ဆက်ပွယ် ကပ်ဖွယ် အများ ဆက်သရသည်။ ဇင်းမယ် ဘုရင်နော်ရထာမင်းစောနှင့် ညီတော်သီရိသုဓမ္မရာဇာကိုလည်း တစ်နေ့သာတည်း နေစေ၍ ပေးဖွယ် ကမ်းဖွယ်အများ ပေးတော်မူသည်။ အခါတန်လျှင်လည်း စည် တပိုး နှင့် ခရုနှင့်တကွ ဆွေတော်မျိုးတော် မှူးမတ် မတ်တော် ဒေါ ဗညား အပေါင်းတို့ သီရိသုဓမ္မရာဇာကိုအိမ်တော်သို့ပို့ရသည်။

ဤအရာ၌ ဇင်းမယ် ဘုရင် နော်ရထာ မင်းစောနှင့် ညီတော် သီရိသုဓမ္မရာဇာ ကိုတစ်နေ့ရာတည်း နေစေ၍ ပေး ဖွယ် ကမ်း ဖွယ် ပေးကမ်းတော် မူသည်ဟု ဆိုသော စကားကို နော်ရထာမင်းစောကား (၉၄၁–၃) ကဆုန်လကပင်

ဇင်းမယ်နန်းကို တက်တော်မူသည်။ ညီတော် သတိုးဓမ္မကား၊ (၉၄၃-ခု) မှ မုတ္တမမြို့ကို မင်းပြုရသည်ဖြစ်၍ ယုတ္တိမတန်ဟု တွင်းသင်းဝန် စီရင်သည့်ရာဇဝင် သစ်တွင် ဆိုလေသည်မှာ (၉၄၃-ခု) တွင် တစ်နေရာတည်း၊ နေစေသည် ဆိုသော စကားကိုသာ ယုတ္တိမတန်ဟုဆိုပြီးလျှင် ငါးဆူဒါယကာ မင်းတရား လက်ထက် (၉၄၄-ခု) တွင် စန္ဒား သောင်သွပ်များသို့ ပြည်ဘုရင် သတိုးဓမ္မ ရာဇာနှင့် ဇင်းမယ်ဘုရင် နော်ရထာ မင်းစောတို့ ချီရသည်ဟု ဆိုပြန်သည်။ (၉၄၄-ခု)တွင် စန္ဒားသောင်သွပ် များသို့ ပြည်ဘုရင်နှင့် ဇင်းမယ်ဘုရင်တို့ ချီရသည် ဆိုသော စကားယုတ္တိ တန်ကလည်း၊(၉၄၃-ခု)တွင် ညီတော်သီရိဓမ္မ ရာဇာနှင့် ဇင်းမယ်ဘုရင်တို့ တစ်နေရာတည်း၊ နေစေသည် ဆိုသောစကား ယုတ္တိတန်သည်ပင် ယူသင့်သည်။ ။နော်ရထာမင်းစော (၉၄၁-ခု) ဇင်းမယ် နန်းကို တက်သည်။နောက် (၉၄၃-ခု)တိုင် ခမည်းတော်ရှိရာ ဟံသာဝတီသို့ မလာ မရောက်ပြီဟူ၍လည်း ရာဇဝင်တို့၌မဆို၊ လာရောက် သောကြောင့်သာ (၉၄၃-ခု)တွင် ညီတော်သီရိသုဓမ္မရာဇာနှင့် ဇင်းမယ်ဘုရင်ကိုတစ်နေရာတည်း နေစေ၍ ပေးဖွယ် ကမ်းဖွယ် ပေးကမ်းတော် မူကြောင်းကို ဆိုသည်။ ၎င်းဝါဆိုလဆန်းတစ်ရက် ဗုဒ္ဓဟူးနေ့ ဟံသာဝတီရွှေမြို့တော် လေးထောင့်တွင် စေတီလေးဆူ တည်တော် မူသည်။ ယင်းသည့်နေ့ပင် အမြဲဝတီမြို့မှာ စေတီ တည်ရလေသည်။ ယင်းသည့်နေ့ပင် ဟင်္သာရုပ် ရွှေဖောင်စီးတော်မူ၍ ရွှေ လောင်း၊ရွှေလှေ အစရှိသော တိုးရုပ်၊ စာမရီရုပ်၊ ဆင်ရုပ်၊ မြင်းရုပ်၊ ကျားရုပ်၊ မိကျောင်းရုပ်၊ မကန်းရုပ်၊ ဤသို့အထူးထူးသော ရဲလှေ လှန်ကြင် အစင်း သုံးရာကျော်တွင် မင်းညီ မင်းသား၊ ဆွေတော်မျိုးတော် မှူးတော် မတ်တော် အပေါင်းတို့ကို စီးစေ၍ ပုံခမောင်း ခရာ ပတ်သာ စည် စောင်းငြင်း တီးမှုတ်စေ၍ မြစ်လုံး ပဲ့တင်ထပ်မျှ တိဂုံဆံတော်ရှင်သို့ ဘုရားဖူး ထွက်တော်မူသည်။ ဝါဆို လဆန်း သုံးရက် သောကြာနေ့ ရောက်တော်မူလျှင် တိဂုံ မြတ်စွာဘုရားကို ထီးဖြူဆယ်စင်းနှင့်တကွ ရွှေတန်ဆောင်၊ ရွှေတံခွန်၊ ငွေတံခွန်၊ ရွှေပန်း၊ ငွေပန်း များစွာလှူတော်မူသည်။ဆရာတော် ဆယ်ပါးကိုလည်း ဆွမ်းလုပ် ကျွေးတော်မူ၍ သင်္ကန်းလျာ ခါသာအုပ် ပိတ်အုပ် လက်ဖက်ချောင်း ကွမ်းပဲ့လှူတော်မူသည်။ ဘုရား၌ နှစ်ရက်နေတော်မူသည်။တစ်နေ့တစ်ခေါက်တက်တော်မူသည်။ ဖူးမြင် တော်မူသည်။၎င်းလဆန်းငါးရက်နေ့ တိဂုံကပြန်တော်မူသည်။ ၎င်းလဆန်းခုနစ် ရက်နေ့ ဟံသာဝတီ ရွှေနန်းတော်သို့ ရောက်တော်မူသည်။ ။ဝါဆိုလဆန်း ဆယ်ရက် သောကြာနေ့ ရွှေမြို့တော်လေးထောင့်စေတီတွင် ဓာတ်တော်ထိမ်း

ပတ္တမြားစေတီ၊ ရွှေစေတီ၊ ငွေစေတီ၊ ပတ္တမြားဆင်းတု၊ မြဆင်းတု၊ ပယင်း ဆင်းတု၊ ရွှေဆင်းတု၊ ငွေဆင်းတု၊ ပဉ္စလောဟာဆင်းတုတို့ကို ဌာပနာတော် မူသည်။ ။ဝါဆိုလဆန်းတစ်ဆယ့်နှစ်ရက်တနင်္ဂနွေနေ့ ဝိဇယဝါသကျောင်း တော်ကို တင်လှူတော်မူသည်။ ပိဋကတ်သုံးပုံလည်း အပ်တော်မူသည်။ အလှူ အကျွန် ကပ္ပိယကာရကလည်း သုံးဆယ် လှူတော်မူသည်။ သိမ်စောင့်လည်း ငါးယောက် လှူတော်မူသည်။ ။ဝါခေါင်လဆန်း တစ်ရက် သောကြာနေ့ ရွှေမြို့တော်ထောင့်တွင် စေတီလေးဆူကို ရွှေထီးလောင်း တင်တော်မူသည်။ ယင်းသည့်နေ့ပင် မိုးဝန်းစော်ဘွား လွန်သည်ဟူ၍ နားတော် လျှောက်လာ သည်။ ဝါခေါင်လဆန်း သုံးရက် တနင်္ဂနွေနေ့ ပေမှိုင်းကို စော်ဘွားတိုင် အဆောင် အယောင် ထံဆိပ် လက်ဆောင်နှင့်တကွ ပေးတော်မူ၍ မိုးဝန်းမြို့ကို စော်ဘွားပြုရသည်။ ၎င်း တော်သလင်းလဆန်း ငါးရက် ဗုဒ္ဓဟူးနေ့ လင်းဇင်းမှာ တစ်ဆူ၊ ပမ္မပုံမှာတစ်ဆူ၊ မိုးဝန်းမှာတစ်ဆူ စေတီတည်စိမ့်မည်ဟု သီရိရခေတ်တော် နှင့်တကွ ရွှေစေတီ၊ ငွေစေတီ၊ ရွှေဆင်းတု၊ ငွေဆင်းတု၊ ပဉ္စလောဟာဆင်းတု၊ စ ရကန်ဆင်းတုတို့ကို တစ်နေ့တည်းပို့၍တည်ရလေသည်။ ။၎င်း သီတင်းကျွတ် လဆန်းတစ်ရက် တနင်္လာနေ့ ဗညားဒေါသင်တစ်တပ်၊ ဘယကျော်သူတစ်တပ်၊ သမိန်လက္ခဏ်းအိန်တစ်တပ်၊ ဘယကျော်ထင်တစ်တပ်၊ ဗညားကျန်တစ်တပ်၊ စက္က တေးတစ်တပ်၊ အဲမွန်တရာတစ်တပ်၊ နန္ဒသူရိယတစ်တပ်၊ သမိန်ဗိပ်ပွန်တစ်တပ်၊ သီရိဇေယျကျော်ထင်တစ်တပ်၊ သားတော်မူဥတ္တမမင်း သီရိသုဓမ္မရာဇာတစ်တပ် သည်တစ်ဆယ့်တစ်တပ်တွင်ပါဝင်သည့် တိုက်ဆင် ခြောက်ရာ၊ မြင်းရှစ်ထောင်၊ စစ်သည်သူရဲ တစ်သိန်း နှစ်သောင်းနှင့် သီရိသုဓမ္မရာဇာကို ဗိုလ်မှူး ခန့်တော်မူ၍ လင်းပတေ့ကြောင်း ရနိုင်သို့ ချီရသည်။ ။သမိန်ငဝေါ့ခွင့်တစ်တပ်၊ ရာဇသကြံ တစ်တပ်၊ သမိန်ရဲသင်ရန်တစ်တပ်၊ သက်ရှည်ကျော်သင်တစ်တပ်၊ သမိန်အဲဘယ တစ်တပ်၊ဘယဂါမဏီတစ်တပ်၊ဗညားအရိန္ဒမတစ်တပ်၊စည်သူကျော်ထင်တစ်တပ်၊ သမိန်သံလိုက်တစ်တပ်၊ဥတ္တမသီရိဇေယျကျော်သူတစ်တပ်၊ သမက်တော် မင်းရဲ ကျော်ထင်တစ်တပ်သည် တစ်ဆယ်တစ်တပ်တွင်ပါသည့် တိုက်ဆင်ခြောက်ရာ၊ မြင်း ရှစ်ထောင်၊ စစ်သည်သူရဲ တစ်သိန်းနှစ်သောင်းနှင့် မင်းရဲကျော်ထင်ကို ဗိုလ်မှူး ခန့်တော်မူ၍ ဥယျာဥ်ပုကြောင်း ရနိုင်သို့ ချီရသည်။ သံတွဲသို့ ရောက်လျှင် သံတွဲ တွင်ရှိသော ရဲမက်တော် ရှစ်တပ်သားနှင့် ရုံးစည်း၍ ရေအား ကြည်းအား ရနိုင်မြို့သို့ ချီရမည်ဟူ၍ စီရင်စဉ်တွင် တိုင်းကြီး ပြည်ကြီးအပေါင်း ထီးဆောင်း မင်းတကာတို့၏ အရှင် ဖြစ်တော်မူသော ဆင်ဖြူ ဆင်နီများသခင် ဘဝရှင်

ဆင်ဖြူရှင်မင်းတရား ဖွားတော်မူခြင်းနှင့် နတ်ရွာစံတော်မူခြင်းအကြောင်း

မင်းတရားကြီးဘုရား နတ်ပြည် စံတော်မူ၍ ခေါ်ရသောသည်။ သာသနာ၊ နှင့် သီရိသုဓမ္မရာဇာ သမက်တော် မင်းရဲခေါ်ကျော်ထင်တို့တပ်ပေါင်း သုံးဆယ်သား တို့လည်း ရေအား ကြည်းအား ရုံးစု၍ မြန်လာရသည်။

## ဆင်ဖြူရှင် မင်းတရား ဖွားတော်မူခြင်းနှင့် နတ်ရွာစံတော်မူခြင်းအကြောင်း

သီရိတြိဘဝနာဒိတျာဓိပတိ ပဏ္ဍိတသုဓမ္မရာဇာ မဟာဓိပတိ အမည်တော်ရှိသော ဘဝရှင်မင်းတရားကြီးဘုရား ဖွားတော်မူသော သက္ကရာဇ်ကား- (၈၇၇) ခုနှစ် တပို့တွဲလဆန်းတစ်ဆယ့်နှစ်ရက်ဗုဒ္ဓဟူးနေ့ နေတက် ခုနှစ်ဖဝါး မိဿလက် မေထုန်စန်းတွင်ဖွားတော်မူသည်။ သက်တော်တစ်ဆယ့်ကိုးနှစ် သက္ကရာဇ် (၈၉၆) ခုနှစ်တွင် မင်းတရားရွှေထီး နှမတော် မင်းအကြီးနှင့် စုံဖက်တော်မူ၍ ကျော်ထင်နော်ရထာ ဟူသော အမည်ကို ခံတော်မူသည်။ ရွှေကျုပ် ကွမ်းခွက်လည်း ပေးတော်မူသည်။ သက်တော်နှစ်ဆယ့်သုံးနှစ်သက္ကရာဇ် (၉၀၀) ပြည့်နှစ်တွင် ဘုရင့်နောင် ခံတော်မူသည်။ သက်တော်သုံးဆယ့်လေးနှစ် သက္ကရာဇ် (၉၁၁) ခုနှစ်တွင် ကေတုမတီပြည်ကို အလိုတော်ပြည့်၍ မင်းပြုတော်မူသည်။ သက်တော်သုံးဆယ့်ခြောက်နှစ်သက္ကရာဇ်(၉၁၃)ခုနှစ်တွင် ဟံသာဝတီ ပြည်ကြီးကို အလိုတော်ပြည့်၍ ရွှေနန်းတက်၍ မင်းပြုတော်မူသည်။ မင်းစည်းစိမ် ကေတုမတီတွင် နှစ်နှစ်၊ ဟံသာဝတီမှာ သုံးဆယ်နှစ်ပေါင်း သုံးဆယ့်နှစ်နှစ်ပတ်လုံး သာသနာတော်မြတ် စီးပွား၊ ကိုယ်တော်မြတ် စီးပွား၊ သားတော်အစဉ် မြေးတော်အဆက် မြစ်တော်အညွန့်တို့ စီးပွား၊ ပြည်သူလူ တကာတို့၏ စီးပွားကို ဆောင်တော်မူ၍ သက္ကရာဇ် (၉၄၃) ခုနှစ် တန်ဆောင်မုန်းလပြည့် အင်္ဂါနေ့တွင် ချက်တဖြုတ်နာ၍ နတ်ပြည် စံတော်မူလေသည်။ ။နတ်ပြည် စံတော်မူလိုလျှင် ကောင်းမှုတော် မဟာစေတီနှင့် ကျိုက်ကိုဘုရား ရောင်တော်ပြသည်။ ရေကျိုး၍ ဟံသာဝတီမြို့တွင်း၌ လှေစီးရသည်။ ဒေပသွယ်အရပ်၌ ပတ္တမြားမိုးရွာသည်။ တောင်က အခိုးထွက်သည်။ နှင်းများစွာကျသည်။

## မင်းတရားကြီး၏ လက်အောက်ခံ နိုင်ငံတော်များ

ဘုန်းလက်ရုံး အာဏာနှင့် လုပ်ကြံတော်မူ၍ ရသောတိုင်းကား နိုင်ငံတော် အပေါင်းကား ကေတုမတီပြည်ကြီး၊ သရေခေတ္တရာပြည်ကြီး၊ သာယာဝတီ ပြည်ကြီး၊ လင်းဇင်းပြည်ကြီး၊ တောင်တွင်းပြည်ကြီး၊ ရမည်းသင်းပြည်ကြီး၊ ပေါက္ကံရာမပြည်ကြီး၊ မြင်စိုင်းပြည်ကြီး၊ မက္ကရာပြည်ကြီး၊ ပင်းယ ပြည်ကြီး၊ ရတနာပူရပြည်ကြီး၊ ကလေး ပြည်ကြီး၊ ကသည်း ပြည်ကြီး၊ ဝန္ဒာ ပြည်ကြီး၊ မိုးကောင်းပြည်ကြီး၊ မိုးညှင်းပြည်ကြီး၊ ဗန်းမော် ပြည်ကြီး၊ မိုးမိတ် ပြည်ကြီး၊ မိုးဝန်းပြည်ကြီး၊ မိုင်းမော်ပြည်ကြီး၊ စည်ခွင် ပြည်ကြီး၊ ဟိုသာ ပြည်ကြီး၊ လသာပြည်ကြီး၊ မိုးနားပြည်ကြီး၊ မိုင်းလျှင်းပြည်ကြီး၊ ကိုင်းမာ ပြည်ကြီး၊ သိန္နီပြည်ကြီး၊ ဘုန်းပေါင်ပြည်ကြီး၊ သီပေါ ပြည်ကြီး၊ မိုင်းကိုင် ပြည်ကြီး၊ မိုင်းပတ်ပြည်ကြီး၊ ရောက်စောက်ပြည်ကြီး၊ နောင်မွန် ပြည်ကြီး၊ ညောင်ရွှေ ပြည်ကြီး၊ မိုးနဲပြည်ကြီး၊ ကျိုင်းတုံပြည်ကြီး၊ ကျိုင်းရုံးပြည်ကြီး၊ ကျိုင်းသည့် ပြည်ကြီး၊ ဇင်းမယ်ပြည်ကြီး၊ လင်းဇင်းပြည်ကြီး၊ မိုင်းစံပြည်ကြီး၊ အကျော် ပြည်ကြီး၊ လဂိုက်ပြည်ကြီး၊ မျက်နှာမည်းပြည်ကြီး၊ သောက္ကတ ပြည်ကြီး၊ ပီသလောက်ပြည်ကြီး၊ ဒွါရဝတီပြည်ကြီး၊ တနင်္သာရီပြည်ကြီး၊ ထားဝယ် ပြည်ကြီး၊ မုတ္တမပြည်ကြီး၊ ပုသိမ်ပြည်ကြီး ဤသို့ ရခဲ့ပြီးသော ထီးဆောင်း မင်းတကာတို့၏ နေရာဖြစ်သော တိုင်းကြီး ပြည်ကြီး အပေါင်းတို့ကို ဘုန်း လက်ရုံး အာဏာတော်ဖြင့် နှိမ်နင်းတော်မူ၍ ပျပ်ဝပ် ကျိုးနွံစွာ လက်နက် နိုင်ငံတော်ချည်း နှင့်နှင့် ဖြစ်သည်။ သမုဒ္ဒရာ ခြားလေသော သိင်္ဟိုဠ် ကျွန်းကို အစိုးရသော ဓမ္မပါလ အမည်ရှိသော မင်းသည် ဘုန်း လက်ရုံး အာဏာတော်ကို ကြားလေသော် မိစ္ဆာဒိဋ္ဌိတို့သည် သာသနာတော်ကို ဖျက် ဆီးလေသည်။ ချီးမြှောက်တော်မူပါ ဟူ၍ စွယ်တော် ဓာတ်တော်နှင့် တကွ သမီးကို လက်ဆောင်တော် ဆက်သ၍ ခယမ်းရိုသေစွာသော စကားဖြင့် လျှောက်လာ၍ အမတ် စန္ဒသုရိယထေရ ဗညားတို့နှင့်တကွ နတ်စစ်သည်နှင့် တူသော ရဲမက်တော် (၂၅၀၀) ကို သင်္ဘောနှင့် ကူးစေ၍ နိုင်နင်းဆုံးမ စေလျှင် သမ္မာဒိဋ္ဌိချည်းဖြစ်၍ သာသနာတော် လွန်စွာ ထွန်းပလေ၏။ မိစ္ဆာ ဒိဋ္ဌိတို့ ပျက်စီးလေ၍ မစုံမစေ့သော ပါဠိ အဋ္ဌကထာ ဋီကာကျမ်းတို့ကို ရေကူးစေ၍တစ်ရာ့တစ်ဆယ့်ရှစ်ကျမ်း သင်္ဘောနှင့်ပို့ရသည်။ ထူးထူးသော

အဝတ် ပုဆိုး နံ့သာမျိုးတို့ကိုလည်း နှစ်စဉ် ဆက်ရောက်ရသည်။ အက္ကပတ်
မင်းကလည်း လက်ဆောင် လက်နက် ပဏ္ဏာကာရ အထူးထူးသော ပုဆိုးကောင်း၊
သက္ကလပ်ကောင်း ဇော်ကရက် ရမ်ထီ မှန် ခါသာယင်ကာသားလှ ပတ္တမြားနီ စိန်
မြ ပုလဲတို့ကို များစွာ စီရင်၍ သခေါ်သားတို့တွင် သာယာချောမွေ့သော
စကားဖြင့် လျှောက်ဆက်လာ၏။ အက္ကပတ်သို့ ပညာကျွန်းသော ရှိရာသို့နှင့်
ငါးသယ်စား ခွေးလင်းစားတို့ကို ဆင်ပြရှင် မင်းတရားကြီးက သံတော်
မှုလိုက်၏။ သံတော်ပါသည်ဟူ၍ ကြားလျှင် အက္ကပတ် မင်းသည် အမှု
အမတ် အပေါင်းနှင့် သဘော ကတ္တူ လှန်းကြင် အများနှင့် ကြိုရ၏။ မြို့သို့
ရောက်လျှင် တံကြီး ကချွားဆောင်၍ ပေး၏၊ လက်ဆောင် ပဏ္ဏာများလည်း
ဆက်လာလေ၏။ များမကြာလျှင် အက္ကပတ်မင်းထွက်၍ မင်းသံတော်တို့ကို
ခေါ်ရ၏။ မင်းသံတော်တို့လည်း အဆန်းတကြယ်သော အဝတ်တန်းဆာတို့ကို
ဝတ်၍ ရှဲ့ရာသိလည်း ဦးခေါင်းမထုတ်ပဲ ရမန်ဆံ ဆီးဆက်နှင့် တူဆန်းလှစွာသော
နားတောင်းကို ဝတ်၍ ခွေးလင်းစားလည်း ကောင်းမွန်စွာ အဝတ်တန်းဆာ
ဆင်ဝတ်၍ ပန်းဆိုးခေါင်းထုပ်နှင့် ပန်းမန်ထူးစွာပန်၍ ဆင်မြဝတ်ဘဲ မင်းသော့
ခါးမြက်မြက်နှင့် အမွေး အဆုံ လိမ်း၍ တက်၏၊ ထိုတွင် များစွာသော
ပြည်သူ ပြည်သားတို့သည် မမြင်စဖူး ဖြစ်သောကြောင့် အံ့ဘွယ်သရဲ ဟူ၍
ရှဲ့ရာသိ အဝတ် အစား ဦးဆံ အသွား အလာ ဟန်ပန်ကိုလည်းကောင်း၊
ခွေးလင်းစား အထုံး အမြိတ် မင်းသော့ခါးကိုလည်းကောင်း အံ့သြကြကုန်၏။
အက္ကပတ်မင်း ထွက်တော်မူသောအခါ နီးစွာချည်း နေရ၏၊ ဆံမြိတ်အကြောင်း၊
မင်းသော့ခါးအကြောင်းကို မေးတော်မူ၏။ ဆင်ဖြူများသခင် ကျန်းတော်မူစံ့ဟု
မေးတော်မူ၏။ ဘုန်းတော် အလွန် ကြီးမြတ်တော်မူစံ့ ဟူ၍လည်း မေးတော်
မူ၏။ ဘုန်းတော် အလွန် ကြီးမြတ်တော်မူလှသော မင်းတရားကြီးဘုရားသည်
ရတနာသုံးပါး ဂုဏ်တော်ကြောင့် ကျန်းခံ့သာယာ၏ ဟူ၍ လျှောက်ပေ၏။
ဆင်ဖြူရှင် ရွှေနန်းနှင့် ငါ့နန်းနှင့် တူ၏လော မေး၏။ အက္ကပတ်မင်း နေသော
နန်းကား အုတ်နန်းတွင် ရွှေဗုဒ္ဓနှင့်ခွ ကပ်၍ ရတနာအတိနှင့် ပြီး၏၊ မင်းသံ
တော်တို့လည်း ကျွန်ုပ်တို့ သခင် အသျှင် ဘဝရှင် ဆင်ဖြူ များသခင်
မင်းတရားကြီး ရွှေနန်းတော်သည် သည် နန်းတော်ကဲ့သို့ မဟုတ်၊ များလှ
စွာသော ရွှေပြာသာဒ်တို့သည် ကိုးဆင့်ရှိသော ပြာသာဒ်၊ ခုနစ်ဆင့်ရှိသော
ပြာသာဒ်၊ ငါးဆင့်ရှိသော ပြာသာဒ်တို့၌ မြေကြီးကသည် အထက် ထွတ်ဖျား
တိုင်အောင် ရတနာ ကွန်ရက်တွင် ရတနာ ပုလဲဆိုင်၊ ရတနာ ပတ္တ

ရာဇာနုဘော်ခွန် သောက်လျက် မြားဆိုင် ထိုကို ဆွဲလျက် ရာဇာနုမှန်ကင်း ဖြိုးဖြိုး ဖြက်ရှိ၏။ ထိုသို့ ရောင်ခြည်တစ်ထောင် ဆောင်သော နေမင်းကဲ့သို့ ရောင်ခြည်တစ်ထောင် ဆောင်သော ရွှေအိမ်၊ ရွှေဘိုက် တို့သော ရွှေနန်း ပြာသာဒ်တို့ကို မရေ မတွက်နိုင်သော ရွှေနန်း ပြာသာဒ်တို့သည် နေခြည် ကျောက်ခြင်း သည် ရုံကုန်၏။ ထိုသို့သော ရွှေနန်း ပြာသာဒ်တို့သည် လင်္ကာလေကုန်သော် မိုးရည်သဲခြင်း လေပြင်း ခတ်ခြင်းကြောင့် ရွှေတို့သည် လွင့်လေကုန်သော် တစ်ရာတစ်ပါးသောမင်းတို့သည်တစ်နှစ်ကိုတစ်ကြိမ်လျှင် ရွှေကို ပါးလှအောင် တစ်ကြိမ်မှ ထိုရွှေနန်း ပြာသာဒ်တို့ကို အသစ်ဖြစ်လျှင်းအောင် မွမ်းမံပြန်ရ သည်ဟု လျှောက်၏။ အဂ္ဂပတ်မင်းလည်း ဆင်ဖြူရှင်မှာ ငါထက် ရွှေများ သည်ဟု လျှောက်၏။ အဂ္ဂပတ်မင်းလည်း ဆင်ဖြူရှင်မှာ ငါထက် ရွှေများ

တစ်ရာ့တစ်ပါးသောမင်းတို့ကား ပဇာမင်းတို့နည်း မေးမြန်း၏။ ပလေဟုဆို၏။ တစ်ရာ့တစ်ပါးသောမင်းတို့ကား ပဇာမင်းတို့နည်း မေးမြန်း၏။ ပလေဟုဆို၏။ တောင်ငူမင်း၊ အဝမင်း၊ ဇင်းမယ်မင်း၊ တောင်ငူမင်း၊ အဝမင်း၊ မင်း သံတို့ကလည်း ယိုးဒယားမင်း၊ ဇင်းမယ်မင်း၊ ရောက်စေက်၊ ညောင်ရွှေ၊ ပြည်မင်း၊ ဘုန်းပေါ်မင်း၊ သီပေါမင်း၊ မိုးကောင်း၊ ရောက်စေက်၊ ညောင်ရွှေ၊ မိုးညှင်း၊ မိုးမိတ်၊ ဗန်းမော်၊ မိုးနဲ၊ သိန္နီ၊ ခံ၊ မုတ္တမ၊ မော်လမြိုင်၊ သံလျင်၊ ဒဂုန်၊ မိုးညှင်း၊ မိုးမိတ်၊ ဗန်းမော်၊ နိုင်ငံတော် အလုံးကိုလျှောက်၏။ အဂ္ဂပတ် တနသာရီ၊ ထားဝယ်စသော နိုင်ငံတော် အလုံးကိုလျှောက်၏။ အဂ္ဂပတ် မင်းလည်း မင်းတကာတို့၏ အရှင်ဖြစ်ကြောင်းကိုသော်ကား ငါသိချပြီ၊ ဘုန်း အလွန် ကြီးမြတ်တော်မူ၏ ဟူ၍ မင်းသံတော်တို့ငါ့ကိုလျှောက်သည်။အဘယ် သို့ ဘုန်းကြီးမြတ်သနည်း ဟူ၍ မေးမြန်း၏။ မင်း သံတော်တို့လည်း ဘုန်းတော် အလွန် ကြီးမြတ်တော်မူလှသော ဆင်ဖြူများသခင် ဘဝရှင် မင်းတရားကြီး ထွက်တော်မူသည်ကို ခယ်သိမ်းသော မင်းအပေါင်းတို့ကိုသား၍ ရေနေသတ္တဝါ ဖြစ်သော မိကျောင်း၊ လပိုင်၊ ငါး၊ ဆင်၊ ငါးမန်း၊ လိပ်၊ ငါးတို့ သော်လည်း ထွက်တော်မူသောအခါ စည်တော်သံကို ကြားလျှင် ရေထက်မြူးတူး ခုန်တက် လျက် မြင်လုံးပြည့်မျှ ကျွန်ုပ်တို့သခင် အသျှင်ဘဝရှင် မင်းတရားကြီး ဘုရားကို ခစားကြကုန်၏။ ယင်းသို့ဖြစ်သောကြောင့် ဘုန်းတော် အလွန် ကြီးမြတ်တော် မူ၏ဟု ကျွန်ုပ်တို့ လျှောက်ဝံ့သည်ဟူ၍ဆို၏။ အဂ္ဂပတ်မင်းလည်း သည်အတိုင်း မှန်ပေမူကား အံ့ဘွယ်သရဲဟု ဆို၏။ ယင်းသို့မှ မင်းသံတော်တို့ တဲသို့ပြန်ရ၏။ များမကြာလျှင် သေနာပတိက ခေါ်၍ အဂ္ဂပတ်မင်း နန်းဦးတွင် မရေ မတွက်နိုင်သော အမွှေးအမတ်တို့၏ အလယ်၌ ရွှေသင်ပန်းနှင့် ထမင်းအဖြိုး အပြည့် ထည့်ပြီးလျှင်မှ အထူးထူးသော အဖြိုန် အရသာ စားဖွယ် သောက် ဖွယ် အထပ်ထပ်ဖြင့် ထမင်းကျွေး၏။ မင်းသံတော်နှစ်ယောက်သည်၊ အပေါင်း အကျွစ် အကြော်အကင် စသည်ဘို့ကို နည်းထံများလျှောက် အနံ့စားပြီးမှ ပြောဟော၍ နေ၏။ ထမင်းပွဲကိုယူ၍ ကြည့်သော် အလုံးစုံကို မြင်ပြီးမှ အဂ္ဂ

ပတ်မင်း၊ သေနာပတိလည်း အဘယ့်ကြောင့် မင်းကောင်း ဘိတ်ရန် ဖြစ်လျက်
သိမ်းသော အရသာတို့ကို အနံ့ စားတော်မူသနည်းဟု ပြောလေ၏။ မဟောသဓာ
မင်းသံတော်တို့လည်း အဂ္ဂပတ်မင်း၏ သားကင်သည်တို့သည် သိမ်းသော
အရသာတို့ကို အချက်အပြုတ် ကောင်းမွန်စွာ တတ်သလော၊ မတတ်သလောဟု
ရုံးပေး လိုသောကြောင့် နံ့အောင် စားသည်ဟု၍ ဆို၏။ သေနာပတိလည်း
ငါတို့ အဂ္ဂပတ်ပြည်ကြီး၌ သည်သားကင်သည် ကဲ့သို့ တတ်သောသူ မရှိ။
ဆင်ဖြူရှင်မင်းတရားကြီး သားကင်သည်တို့သည် ငါတို့အရပ်ဝယ် သားကင်
သည်ကဲ့သို့ တတ်သလော၊ မတတ်သလော မေးပြန်၏။ မင်းသံတော်တို့လည်း
ဆင်ဖြူများသခင် ဘဝရှင်မင်းတရားကြီးဘုရား သားကင်သည်တို့သည်
သရဲတတ်လှသည်။ အပေါင်း၊ အကျစ်၊ အကြော်သည်တို့ကို အံ့ဖွယ်
အပေါင်း၊ တစ်ခြမ်းကားအကျစ်၊ တစ်ခြမ်းကားအကြော်၊ တစ်ခြမ်းကား
ငါးတစ်ကောင်လျှင် တစ်ပိုင်းကားအကင်၊ တစ်ပိုင်းကားအဖုတ်၊ တစ်ခြမ်းကားအကင်၊
အပေါင်း၊ တစ်ခြမ်းကားအကျစ်၊ တစ်ခြမ်းကားအကြော်၊ တစ်ပိုင်းကား
သည်ဟု၍ ဆို၏။ အဂ္ဂပတ်မင်းကလည်း သည်အတိုင်း၊ ဤသို့အထူးထူးတတ်
သရဲ ငါကလည်း သံဖက် လိုက်မည်ဟု၍ ဆို၏။ မှန်လေမှာ။ အံ့ဖွယ်
များစွာပေးပြီးမှ ဘဝရှင်မင်းတရားကြီး သံတော်တို့ကို လွှတ်လိုက်၏။ သံတော်
ဖက်လိုက်၏။ များစွာသော လက်ဆောင် ပဏ္ဏာနှင့် ဆက်ဖွယ် ကပ်ဖွယ် ပါ၏။
ရွှေနန်းတော်အောက်သို့ ရောက်လျှင်လည်း တဲကြီး ကနားကြီးဆောက်၍ နေရ၏။
မင်းသံတော်တို့ လွန်ကျူးမိလေသော အကြောင်းမျိုးကို ဗညားဒလ သေနာ
ပတိ သံတော်ဦးတင်၍ ဆင်ဖြူရှင်မင်းတရားကြီးလည်း လွန်သောအကားနှင့်
ညီအောင်ကို ဗညားဒလစီရင်မှ သင့်မည်ဟု၍ မိန့်တော်မူ၏။ သံတော်ဦးတင်ပါပြီ
ဘုရား ဆိုသည်ထက်လွန်အောင်ကို ကျွန်ုပ်ကျွန် စီရင်မည်ဟု၍ လျှောက်၏။
သံတော်ဦးတင်ပြန်၏။ ဘုန်းကြီးသော ဘဝရှင် ထွက်တော်မူလျှင်သော်လည်း
ရွှေနန်းတော်ဝယ် မထွက်ဘဲ သံကို ရွှေနန်းတော်မှာ ထွက်တော်မူသင့်မည်ဟု
သံတော်ဦးတင်၏။ များမကြာလျှင် ဗညားဒလ ထိုမှ တတ်လှစွာသော
သားကင်သည်တို့ကိုခေါ်၍ အထူးထူးသော အမဲပေါင်း၊ အမဲကျစ်၊ အမဲကြော်၊
အကင်၊ အဖုတ်စသည်တို့ တစ်ပိုင်းကားအပေါင်း၊ တစ်ပိုင်းကားအကျစ်၊ တစ်ပိုင်း
ကားအကြော်၊ တစ်ဘက်ကားအကင်၊ တစ်ဘက်ကားအဖုတ်၊ ငါးအရှိသည်
တို့ကိုလည်း ဤဆိုသည့်အတိုင်း စီရင်ပြီးမှ ကြက်ပို ကြက်မကို သန့်စင်အောင်
ဆေးကြော၍ ဖြတ်၊ ကြက်သွန်၊ ချင်းစိမ်း၊ အမွှေးမျိုး သွတ်ပြီးမှ ကျောက်ချိုင့်

## မင်းတရားကြီး မိဖုရား သားတော်
## သမီးတော်တို့ အကြောင်း

ဆင်ဖြူ ဆင်နီများ သခင် ဘဝရှင် မင်းတရားကြီး ဘုရားကား ရတနာ
သုံးပါး၌ မျက်ကြည်တော်မူ၏။ ကုသိုလ် ကောင်းမှု၌ မွေ့လျော်တော်မူ၏။
ကုသိုလ် ကောင်းမှုပြုသော သူတို့အားလည်း နှစ်လိုတော်မူတတ်၏။ ပညာ
ရှိတို့အားလည်း ချစ်မြတ်နိုးတော်မူတတ်၏။ ပညာရှိ လျှောက်သော စကားကို
ယုံတော်မူ၍ အရေးတော်ပြီးသည်များ၏။ သူ့ကျေးဇူးကို သိတော်မူသော
ကြောင့် မှူးတော် မတ်တော် သူရဲ သူခက်ကောင်းများ၏။ သစ္စာတည်မတ်တော်
မူ၏။ ရာဇမာယာ၌ အလွန် လိမ္မာတော်မူသည်ဖြစ်၍ ဆောင်တော်မူသော
အမှုတို့ကိုလည်း အောင်ဖန်များ၏။ ပြုတော်မူသော ကောင်းမှုတော်ကား
မရေတွက်နိုင်တည်း။ ။မိဖုရားကား ဘုရင်ရွှေထီး နှမတော် ခင်ကြီး အတုလ
သိရိမဟာ ရာဇ ဒေဝီခံတစ်ပါး၊ သားတော် သမီးတော်ကား အဝရှင် သတိုးမင်း
စော မိဖုရားတစ်၊ မောင်တော် တောင်ငူရောက် မင်းတရားတစ် ပေါင်း
နှစ်ပါးတည်း၊ အဝရွှေနန်းကြော့ရှင် သမီးတော် သီရိ သုဘာန်းတွင်ရှိကို ရွှေ
ဒေဝီ အမည်နှင့် မိဖုရား မြှောက်သည် တစ်ပါး၊ သားတော် သမီးတော်ကား
တောင်ငူရွှေနန်းတည် မင်းမိဖုရား တစ်ပါးသာတည်း။ ။ဒီပယင်း စတုဂါမ
သမီး ရှင်ထွေးလှကို ရာဇဒေဝီ အမည်နှင့် မိဖုရားမြှောက်သည်တစ်ပါး၊သားတော်
သမီးတော်ကား ငါးမယ် ဘုရင်နော်ရထာ မင်းစောတစ်၊ မြောက်သားတော်
ကား ပြည်ဘုရင် သတိုးဓမ္မရာဇာ သမီးတော် ဆင်ဖြူရှင် မယ်တော်တည်း၊
နှမတော် ရာဇဓာတုကလျာတစ်၊ မြောက်သားတော် တောင်ငူရောက် မင်းတရား
သားတော် ဥပရာဇာဝယ်တည်း။ မောင်တော် သီရိသုဓမ္မရာဇာခံ၍ မုတ္တမ
မင်းပြုသည်တစ်၊ သားတော်နှစ်၊ သမီးတော်တစ် ပေါင်း သုံးပါးတည်း။
ထီးဆောင်းမင်းတို့ သမီးကို နန်းတင်ရာတွင် မြင်သည့် သားတော် သမီးတော်
တို့ကား ခင်ပြည့်စုံတွင် မြင်သည့် သားတော် ညောင်ရမ်းစား ရှင်ဦးပုဒ်
တစ်၊ မြောက်သားတော်ကား မွန်မင်း ဘုရင်ဘကာရွတ်ဘိန္နမကို နန်းတင်
ရာတွင် မြင်သည့် သမီးတော် နဲသီလတည်း၊ ညီတော် ရှင်သစ္စာ နေခင်တော်
မရှိနောက် မင်းရဲနန္ဒမိတ် အမည်နှင့် ညောင်ရမ်းကို စားသည် တစ်၊ မြောက်
သားတော် သမီးတော် ရှင်ထွေးမြတ်ကို နန်းတင်ရာတွင် မြင်သည့် သမီးတော်
ခင်ဘုန်းမြင့်တည်း၊ ပေါင်း သားတော်နှစ်ပါးတည်း။ လက်ဝဲခုနန်းသူ သမီးရှင်

လပ်တွင် သားတော် ရှင်နန်းမြင့် တောင်တွင်းကြီးစား တစ်ပါးသာတည်း။ မြောက်သားတော်ကား တောင် ထောင်မှူး သမီးကို နှံးထင်ရာသည်တွင် မြင်သည့် သမီးတော် သီလဝတီတည်း။ တောင် ထောင်မှူး သမီး ရှင်လပ်တွင် သားယော် ငယ်ကလွန် တစ်၊ နှမတော် တောင်တွင်းမိဖုရား သီလဝတီ တစ်၊ ညီမတော် စန္ဒာဒေဝီ တစ်၊ မောင်တော် ဧဝယျဝတီစား တစ်၊ မြောက် သားတော်ကား သုခတရာ အမခင်ပုတွင် မြင်သည့် သမီးတော် ခင်ကောင်း တည်း။ စကုပျက်ရာတွင် ရခိုင်သို့ ပါလေသည်။ နှမတော် ကဝေရုံပိုး တစ်၊ မြောက် သားတော်ကား တောင်တွင်း မင်းရှင် နန်းမြင့် တစ်၊ ညီမတော် ရှစ်ယဝတ္တ တစ်၊ မြောက် သားတော်ကား ခမည်းတော်သား မင်းသား ရှင်ပြစ်စွန့်တည်း။ ညီတော် သီလဂင်္ဂါ တစ်၊ သားတော် နှစ်၊ သမီးတော် ငါး၊ ပေါင်း ခုနစ်ပါးတည်း။ ။တောင် ထောင်မှူး လက်ကျွဲခုနှစ်သူ သမီး၊ ခင်ထွေးတွင် သမီးတော် ခင်မြတ်လေး အသက်ကိုးနှစ်တွင် လွန်သည် တစ်၊ မောင်တော် ရှင်မြတ်ဘုန် ရမည်းသင်း နောက်ကို စားသည် တစ်၊ ညီတော် ဥက္ကာဝရ တစ်၊ နှမတော် သီရိရတနာ တစ်၊ မောင်တော် နရသီဟ တစ်၊ သားတော် သုံး၊ သမီးတော် နှစ် ပေါင်း ငါးပါးတည်း။ ခင်မောတွင် သမီးတော် မြတ်အင်ဖြိုး တစ်၊ မြောက် သားတော်ကား ခမည်းတော်သား ရမည်းသင်း ရှင်မြတ်လေးတည်း။ မောင်တော် သီဟကျော် တစ်၊ နှမတော် သုဂန္ဓကလျာ တစ်၊ မြောက် သားတော်ကား သိယမာရိ တစ်၊ မောင်တော် သီဟကျော်သူ တစ်၊ ဇင်းမယ်မှာ မင်းရဲနော်ရထာ ခံလေသည်။ နှမတော် ခင်လှ တစ်၊ ညီမတော် နှောင်မြင့်ဘုန်းရှိ တစ်၊ သားတော် နှစ်၊ သမီးတော် လေး ပေါင်း ခြောက်ပါးတည်း။ သုခဆာယာ အမခင်ပုတွင် သမီးတော် ခင်ဘုန်းရှိ တစ်၊ မြောက် သားတော်ကား ကောလာယမင်းတည်း။ ညီမတော် ခင်ကောင်း တစ်၊ မြောက် သားတော်ကား ဧဝယျဝတီမင်းတည်း။ ညီမတော် မဏိသာလာ တစ်၊ မြောက် သားတော်ကား ကျော်ထင် နော်ရထာသား ဘဝမင်းတည်း။ သမီးတော်ပေါင်း သုံးပါးတည်း။ ။စန္ဒာဒေဝီ ရှင်မိဖုရားနှင့် ပြည်က ပါသည့် ခင်မျိုးထွတ်တွင် မြင်သည့် သားတော် ရှင်အောင်ကျော် တစ်၊ ခမည်းတော် လက်ထက် စလေကို စားသည်။ ညောင်ရမ်းမင်းတရားလက် ထက် သီရိဓမ္မာသောက အမည်နှင့် ပုဂံကို စားသည်။ ညီတော် ရှင်ထွေးကျိုင် တစ် ရခိုင်သို့ ပါလေ၍ ရခိုင်မှာ မင်းရဲနန္ဒမိတ်ခံသည်။ ပြည်သို့ ရောက်လျှင် ဘထွေးတော် သတိုးသုဓမ္မရာဇာ သမီးတော်နှင့် သင့်၍ ကွမ်းအုံကို စားသည်။

ဆဝသို့ ရောက်လျှင် နောက် မြေထဲကို စားသည်။ ပေါင်း သားတော်
နှစ်ပါးတည်း။ ။စန္ဒာဒေဝီ မိဖုရားနှင့် ပြည်ကပါသည့် ခင်ချမ်းတွင် သမီးတော်
သိရိစန္ဒာတစ်ပါးသာတည်း။ မျောက် သားတော်ကား ခမည်းတော်သား
စလေစား ရှင်အောင်ကျော်တည်း။ မိုးကောင်းစော်ဘွားသမီး ခင်ထွေးတွင်
သမီးတော် ခင်ဘုန်းစီတစ်ပါးသာတည်း။ မျောက်သားတော်ကား ခမည်း
တော်သား သီဟကျော်ထင်တည်း။ သီဟကျော်ထင် လွန်လျှင် ရခိုင်သို့ ပါလေ
သည်။ ရှင်ထွေးကြိုင်နှင့် သင့်မြန်သည်။ နရသိန်ကို စန္ဒာသုခအမည်နှင့် နန်းတင်
ရာတွင် မြင်သည့် သားတော် လယ်ကိုင်းစား မင်းရဲအောင်နိုင် တစ်၊ နှမတော်
ခင်ကြီး တစ်၊ မျောက် သားတော်ကား ကျောက်မော်မင်းကြီး နန္ဒမိတ်တည်း။
ညီမတော် ခင်လတ်တစ်၊ မျောက် သားတော်ကား နေမျိုးကျော်ထင်ကြီး
သား သယစေယျတည်း။ ညီမတော် မင်းခွေ့ခဲ တစ်၊ မျောက် သားတော်ကား
ပုခန်းကြီး သခံယသား နေမျိုးကျော်ထင်ကြီးတည်း။ သားတော် တစ်၊
သမီးတော် သုံးပါး ပေါင်း လေးပါးတည်း။ ။ရှင်မိမြတ်ကို သိကြားသမီး
အမည်နှင့် နန်းတင်ရာတွင် မြင်သည့် သားတော် စစ်ကိုင်းမင်းကြီး ဥတ္တမရာဇ်
တည်း။ မျောက် သားတော်ကား ခမည်းတော် သမီးတော် ခင်ဘုန်းမြတ်
တည်း။ နှမတော် မနော်ဟ တစ်၊ မျောက် သားတော်ကား စမွယ်နကိုရ်
မင်းကြီးတည်း။ ညီမတော် နှင်နှောင်ထွေးမြတ်တည်း။ မျောက် သားတော်
ကား မင်းရဲကျော်စွာစုံတည်း။ သားတော် တစ်၊ သမီးတော် နှစ် ပေါင်း
သုံးပါးတည်း။ သိကြားစက် ညီမခင်မင်းဖြူတွင် မြင်သည့် သမီးတော် ခင်မင်း
မြတ် တစ်၊ မျောက် သားတော်ကား ခမည်းတော် သားတော် စလင်းမင်းကြီး
ရဲအောင်နိုင်တည်း။ မောင်တော် စမွယ်နကိုရ်မင်းကြီး ရှင်မြတ်လေး တစ်၊
မျောက် သားတော်ကား ခမည်းတော် သမီးတော် မနော်ဟတည်း။ နှမတော်
ခင်ဘုန်းစံ တစ်၊ မျောက် သားတော်ကား မင်းရဲကျော်စွာစုံတည်း။ ညီမတော်
ယော်ကလွန် တစ်၊ သားတော် တစ်၊ သမီးတော် သုံးပါး ပေါင်း လေးပါး
တည်း။ ။ရမည်းသင်း မဟာသမီးခင်ကြီးတွင် သားတော် ရမည်းသင်းစား
ဘိုးတော် အခင် တစ်၊ မျောက် သားတော် ခမည်းတော် သမီးတော်
ကဝေရလှညီတည်း။ ။ဇင်းရုံး မင်းသမီးတွင် သမီးတော်ရတနာ ညွန့်သစ်
တစ်ပါးသာတည်း။ သည် မင်းသမီးကို တောင်ငူရောက် မင်းတရားနန်းတင်လေ
သည်။ မက်သကိုမင်းသမီး အကြီး ခင်နဲ့ကို စန္ဒာရာသီအမည်နှင့် နန်းတင်
သည်တွင် သမီးတော် ခင်မြစ် တစ်၊ မျောက် သားတော်ကား ဝက္ကပုမင်းသား

ပင်းနန္ဒမိတ်တည်း။ ညီမတော် စေဒနဲ့ယျ တစ်၊ မျောက် သားတော်ကား
တောင်တွင်းမင်းကြီးသား မင်းမွန်ဘည်း။ သမီးတော်နှစ်ပါး။ ။မက်သက်
မင်းသမီးအငယ် ခင်နဲ့ယွန်းကို မကိုသာရှိအမည်နှင့် နှိုးတင်သည်တွင် သမီးတော်
နှံသီလတစ်ပါးသာတည်း။ မျောက် သားတော်ကား ခမည်းတော် သားတော်
ညောင်ရမ်းမင်းကြီး ရှင်ဥပုသ်တည်း။ ။မြင်းရည်တက်မှာ ထောင်နိုင် လူကျော်
ဆိုသူ သမီး ခင်ကြီးမင်းကို နှိုးတင်သည်တွင် သားတော် ပိုးယသနိုင်
တစ်ပါးသာတည်း။ ။မြင်းရည်တက်မှာ ဘက်စုံထောကျိုင်ဆိုသူ တောင်ယန်းကြီး
လကျ်ာသူရသမီး ခင်ကြီးစစ်ကို နှိုးတင်သည်တွင် သမီးတော် ခင်ဘုန်းမြတ်
တစ်၊ မျောက် သားတော်ကား ပုခန်းမင်းကြီး မင်းသား မြောင်းမြမင်းကြီး
စည်သူတည်း။ မောင်တော် သီဟကျော် တစ်၊ နှမတော် ပဒ္မကလျာ တစ်၊
မျောက် သားတော်ကား ပုခန်းမင်းကြီး သခံယာသား ရှုမင်းကြီး နှစ်ကျော်သူ
တည်း။ သားတော် တစ်၊ သမီးတော် နှစ် ပေါင်း သုံးပါးတည်း။

လင်းဇင်းသူ ဘုမ္မကို နှိုးတင်ရာတွင် သားတော် မြဲသုံ တစ်၊ နှမတော်
ရာဇကလျာ တစ် ပေါင်း နှစ်ပါး။ ။ခင်လတ်ကို နှိုးတင်ရာတွင် သားတော်
လှိုင်းတက်စားမြတ်စံပေါ် တစ်၊မျောက်သားတော်ကား ခမည်းတော်သမီးတော်
ခင်မိရာတည်း။ နှမတော် ကောကလျာ တစ်၊မျောက် သားတော်ကား၊ ကြက်သာ
မင်းကြီး လကျ်ာဇလသင်္ကြံကည်း။ ညီမတော် ယော်ကသွန် တစ်၊ သားတော်
တစ်၊ သမီးတော် နှစ် ပေါင်း သုံးပါးဘည်း။ ။ကျွဲမြောက်အတော် ခင်မိရာ
တစ်ပါးသာတည်း။ မျောက် သားတော်ကား၊ ခမည်းတော်သား လှိုင်းတက်
မင်းကြီး မြတ်စံပေါ်တည်း။ ခင်နဲ့သောက်ကို နှိုးတင်ရာတွင် မြင်သည့်
သမီးတော် ရတနာသကတစ်ပါးသာတည်း။ ။ရဝေမင်းသမီး ခင်ဘုန်းကြီးကို
နှိုးတင်ရာတွင် မြင်သည့် သားတော် ဝရသီဟဘစ်၊ ညီတော် နရဓမ္မ တစ်၊
ညီတော် အဂ္ဂဒတ္တ တစ်၊ သားတော် ပေါင်း သုံးပါးတည်း။ ။မိုးနဲ့နရပတိ
သမီး ခင်အောင်ခန်းတွင် သမီးတော်ရတနာအင်စုတစ်ပါးသာတည်း။ ။
မိုးကောင်းစော်ဘွား သမီး ခင်မြတ်စံတွင် သမီးတော် ဘရေနဝတီ တစ်၊
ညီမတော် ကဋ္ဌနဝတီ တစ်၊ သမီးတော်နှစ်ပါးတည်း။ လင်းဇင်းသူ ခင်နှင်း
နွယ်တွင် သားတော် ရှင်မြတ်ကျော်ဇင်းမယ်မှာမင်းရဲကျော်ထင်ခံ၍ မိုင်းသက်ကို
စားသည်တစ်ပါးသာတည်း။ ။ဗန်း မော် စော် ဘွား သမီး ခင်ရွှေပန်း တွင်
သားတော် ဥပစန္ဒ တောင်ငူက နေ့်ရထားခံသည်။ အနောက်ဘက်လှန်
မင်းတရားတွင် ပုဂံကိုစားသည်။ မျောက် သားတော်ကား၊ ခမည်းတော် သမီး

ဘုန်းမျိုးမြတ်လှတည်း။ ။ခင်ထွေးညိုတွင် သမီးတော် စိုးမင်းမြတ်လှ တစ်ပါး
သာတည်း။ ။မြောက်သားတော်ကား ပြည်မင်း သတိုးဓမ္မရာဇာ သားတော်ရှတ်
မော်စာ၊ ပဒ္မသီဟတည်း။ ။မင်းမဟာကြီး သမီး ခင်စောတွင် သမီးခင်ချစ်မြတ်
သာတည်း။ မြောက် သားတော်ကား တောင်တွင်း မင်းကြီး သားတော်
မင်းသီဟတည်း။ ရာဇမုန်ရှင်သာ ဒါယကာ လက်ထက် မင်းရဲ ဥဇနာ ခံ၍ မဘဲမြို့ကို
စားသည်။ ညောင်ရွှေစော်ဘွားမြေးတွင် သမီးတော် ဘုန်းမျိုးမြတ်လှ တစ်ပါး
သာတည်း။ မြောက် သားတော်ကား မည်းတော်သား ပုဂံမင်းတည်း။ ။
လင်းဇင်း သုရိအဝုံရွှံတွင် သမီးတော် ဘုန်းမျိုးမြတ် တစ်ပါးသာတည်း။ ။
ဇင်ရုံမင်းသမီး အငယ်တွင် သားတော် ကုမ္ဘကျော်သူ တစ်ပါးသာတည်း။ ။
ခုံမင်းသမီးတွင် သားတော် ငယ်ကလွန်သည် တစ်ပါးသာတည်း။ အကျော်
မင်းသမီးတွင် သားတော်သုဓမ္မ တစ်ပါးသာတည်း။ ။တောင်ငူသို့ ရောက်လျှင်
ရဟန်းပြု၍ အရှေ့ဘက်မှာ နေရာတွင် ကရင်တို့သတ်၍ ဆုံးလေသတည်း။ ။
သုခသာယာကို နန်းတင်ရာတွင် သမီးတော် ခင်ဂင်းစုံ တစ်၊ မောင်တော်
ယက်ကလွန် တစ် ပေါင်း နှစ်ပါးတည်း။ ။မင်းတရားရွှေထီး မယ်တော်
မောင် ရှန်းပိုက် ထောင်မှူးသမီးတွင် မြင်သည်။ သမီးတော် ငယ်ကလွန်သည်
တစ်ပါးသာတည်း။ ပြည်သတိုးသု တူမ ခင်ထွေးလှတွင် မြင်သည်။ ဖိုးဘုန်းဝေ
တစ်မြောက် သားတော်ကား ပဲခူးလေးဆယ်တော်သား သတိုးတမြဲ တောင်ငူသို့
ရောက်လျှင် အယဝေးသူနှင့် သင့်၍ ရှင်ဝရနှင့် မြစ်ဘွင်းကတော်ကို မြင်သည်။
မောင်တော် ကေသုရ တစ် ပေါင်း နှစ်ပါးတည်း။ မင်းတရားရွှေထီး မယ်တော်
မောင် မြင်းရည်တက်မှာ ကြွင်မြတ်စုံဘုဆိုသူ သမီးတွင် သမီးတော် မင်းလှ တစ်၊
မြောက်သားတော်ကား ပြည်ဘုရင်သတိုးဓမ္မရာဇာသား ဇာဗသီဟတရှတ်မော်
စားတည်း။ ညီမတော် မြတ်ဘုန်းဝေ တစ်၊ မြောက် သားတော်ကား ပဲခူးက
နန္ဒကျော်ထင် ခံ၍ တောင်ငူ ရွှေနန်းတည် မင်းတွင် ကျော်ထင် နော်ရထာ
ခံသည်။ ညီမတော် ငယ်ကလွန် တစ် ပေါင်း သုံးပါးတည်း။ ။ရာဇသိဒ္ဓိသည်
သမီး ခင်ထွေးပြုတွင် သမီးတော် ခင်ဘုန်းမြတ်တစ်ပါးသာတည်း။ မြောက်
သားတော်ကား စစ်ကိုင်းမင်း ဥဇ္ဇမရာဇ်တည်း။ ယိုးဒယားမင်း ဖြနရစ် နှမ
အမျိုးခံတွင် မြင်သည်။ သမီးတော် မင်းအထွေး တစ်ပါးသာတည်း။ ခင်စန်း
ပေါ်တွင် မြင်သည်။ သမီးတော် ခေမာဝတီ တစ်ပါးသာတည်း။ ။ဇင်းမယ်သူ
ခင်ကောက်တွင် သမီးတော် ရာဇမိတ္တာတစ်ပါးသာတည်း။ ။မြောက် သားတော်
ကား ပြည်ဘုရင် သတိုး ဓမ္မရာဇာသား တိုင်တားမင်းတည်း။ မင်းတရား

ရွှေထီး လက်ထက် ရာဇသင်္ကြံ ခံသူ သမီး ခင်ဘုန်းထွဋ်တွင် မြင်သည့် သားတော် ရှင်ပြစ်စွန့်တစ်ပါးသာတည်း။ ။ပဲခူးပျက်ရာတွင် ရခိုင်မင်းသို့ ပါလေသည့် ခင်မစာကို နန်းတင်ရာတွင် မြင်သည့် သမီးတော် ခင်ညိုတစ်ပါးသာတည်း။ မျှောက်သားတော်ကား ထားဝယ်ကို နောက်စားရသည့် ရာဇသင်္ကြံတည်း။ ။ဆင်ဖြူများရှင် မင်းတရားကြီး မိဖုရားကြီးသုံးပါးတွင် သားတော် သုံး၊ သမီးတော် သုံး ပေါင်း ခြောက်ပါးတည်း။ ။ကိုယ်လုပ်တော်တို့တွင် မြင်သည့် သားတော်သုံးဆယ့်ငါးပါး၊ သမီးတော်ငါးဆယ့်ခြောက်ပါး ပေါင်းကိုးကျိပ် တစ်ပါးတည်း။

## သားတော် အိမ်ရှေ့ဥပရာဇာ နန်းတက်တော်မူ၍ သားတော် မင်းကြီးစွာကို အိမ်ရှေ့ပေးခန်း

ဘုန်းတော် အလွန် ကြီးမြတ်တော်မူလှသော ရွှေဘုံ၊ ပဿမြားတွင်၊ ပယင်းတွင်း သခင် ဆင်ဖြူ ဆင်နီများသခင် ဘဝရှင် မင်းတရားကြီးဘုရားသည် လူ့ပြည်ငြီး၍ နတ်ပြည်စံတော်မူလျှင် သားတော် အိမ်ရှေ့ ဥပရာဇာသည် ခမည်းတော်ဘုရား အလောင်းတော်ကို ဆရာတော်အပေါင်းနှင့် တိုင်ပင်တော်မူ၍ စကြာဝတေးမင်းကို သင်္ဂြိုဟ်သကဲ့သို့ မင်းညီ မင်းသား မင်းဆွေ မိုးမျိုး မှူးတော် မတ်တော်အပေါင်း ခြံရံလျက် ရွှေနန်းတော်ရှေ့တွင် သင်္ဂြိုဟ်တော်မူသည်။ ။ယင်းသို့ တန်ဆောင်မုန်း လပြည့်ကျော်ငါးရက် တနင်္ဂနွေနေ့ ခမည်းတော်ဘုရားအရာ ရွှေထီး ရွှေနန်းကို သိမ်းအုပ်စိုးတော်မူသည်။ ယင်းသည့် နေ့ပင် သားတော် မင်းကြီးစွာကို မဟာဥပရာဇာဟူသော အမည်နှင့် အိမ်ရှေ့ ပေးတော်မူသည်။ ။အိမ်ရှေ့မိဖုရားကား အဝဘုရင် သတိုးမင်းစော သမီးတော် နတ်ရှင်မယ်တော်တည်း။ ယင်းသည့်နေ့ပင် ဆွေတော် မျိုးတော် မှူးတော် မတ်တော် အပေါင်းတို့ကို အမည် အရည် အဆောင် အယောင် စားကျေးစားလက် အထိုက်အလျောက် ပေးတော်မူသည်။ သက္ကရာဇ်(၉၄၄)ခုနှစ် ကဆုန်လ ဘထွေးတော် တောင်ငူဘုရင်မင်းခေါင် သမီးတော်သုံးပါးကိုယူ၍ မိဖုရားမြှောက်တော်မူသည်။ ။နယုန်လတွင် ဟံသာဝတီသို့ ယိုးဒယားမင်း ဖြနရာဇ် အလုံးအရင်းနှင့် တက္က ရောက်လာ၍ ခြေတော်ဦးတင်လာသည်။ ။သီတင်းကျွတ်လ စန္ဒားစား သောင်သွပ်စားတို့ သောင်းကျန်း ပုန်ကန်လေ၍ ရှိရသော ာတပ်စဉ်ကား သာယာ ဝတီစားတစ်တပ်၊ စကုစားတစ်တပ်၊ စလင်းစားတစ်တပ်၊ ပုခန်းငယ်စားတစ်တပ်၊

လှေတော်စားတစ်တပ်၊ ပုန်းကြီးစားတစ်တပ်၊ အမြှင့်စားတစ်တပ်၊ စနံ့စားတစ်တပ်၊ ကန်စားတစ်တပ်၊ ငါးယင်းစားတစ်တပ်၊ မြေဖွားစားတစ်တပ်၊ ဘဲလွှားတော် မြင်းဘုရင်သတို့မွေ့ရာဘို့ ဖိုလ်မှူးနေ့တော်မှု၍ သည်တစ်ဆယ်တစ်တပ်ကို ထိုက်ဆင်ငါးနား၊ မြင်းခြောက်ဆောင်၊ စစ်သည်သူရဲရှစ်သောင်းနှင့် တစ်ကြောင်း ရှီးသည်း ရှေ့တော်ရင်းက သိုမျှသောကတစ်တပ်၊ သမိန်ရဲသင်ရုံတစ်တပ်၊ အယကျော်တစ်တပ်၊ ရာဇကျန်းတေသတစ်တပ်၊ တောင်တွင်းစားတစ်တပ်၊ ရမည်းသင်းစားတစ်တပ်၊ မိုးနဲ့စော်ဘွားတစ်တပ်၊ ညောင်ရွှေစော်ဘွားတစ်တပ်၊ သိန္နီစော်ဘွားတစ်တပ်၊ ဆုန်းတောင်စော်ဘွားတစ်တပ်၊ မိုးမိတ်စော်ဘွားတစ်တပ်၊ ညီတော်ငင်းမယ်ဘုရင်ကို ဗိုလ်မှူးနေ့တော်မှု၍ သည်တစ်ဆယ့်နှစ်တပ်တွင် တိုက်ဆင်ငါးရာ၊ မြင်းရှစ်သောင်း၊ စစ်သည်သူရဲရှစ်သောင်းနှင့် တစ်ကြောင်း ချီရသည်။ ။ ရှေ့သို့ ရောက်တော်မူလျှင် ရှေ့စားလည်း ဆီးကြို၍ မတိုက်ဝံ့၊ ငမြို့ကို ဝန်းရံ သာသည်မှ၍လာ အမှတ်မှို၍ ကို ခိုင်လုံအောင်ပြု၍ ခံလေ၏။ အစား မြည်ဘုရင် သတို့မွေ့ရာလာ ငင်းမယ်ဘုရင် နောင်ရယာစောတို့လည်း အစား အသောက် မျိုးဆိုက္ခ မသွင်းရအောင် တောင်ခြေရင်းက ဝန်းရံ၍ နေသည်နှင့် ငါးလနှင့်ရှိလျှင် မြို့တွင်းသားတို့ ကျဉ်းမြောင်း၍ ပျက်လေ၏။ မြည်ဘုရင် ငင်းမယ်ဘုရင်တို့လည်း ရှေ့စားနှင့်တကွ သုံ့ပန်း ဆင်မြင်းတို့ကိုယူ၍ ပြန်လာသည်၊ သက္ကရာဇ်မှ ဟံသာဝတီသို့ ရောက်သည်။ ။ရခိုင်ဘုရင်ကလည်း ဖြည်တောင်မင်းနှစ်ပါး မယာမိတ် ဖြစ်ပါရမည် အကြောင်းကို ပဏ္ဏာကာရ များနှင့် သံစေလာသည်။

အဝဘုရင် သတိုးမင်းစောနှင့် ဟံသာဝတီ

ငါးဆူဝါယကာတို့ စစ်ဖြစ်ခန်း

(၉၄၄) ခုနှစ်၊ သက္ကရာဇ်တွင် မဟာ ဥပရာဇာနှင့် အိမ်ရှေ့မိဖုရား နတ်ရှင်မယ်တော် မကြည်နှိုက်ကြ၍ တွန်းပယ်ဘုရင် သလွန်တော်ရှိန်းနှင့် အိမ်ရှေ့မိဖုရား နှုးတော်ကိုထိ၍ သွေးယိုရသည်။ ထိုသွေးကို ဝတ်လဲတော်နှင့် သုတ်ပြီးလျှင် ဘုရားတွင် သွတ်၍ ထံသို လက်ရာနှင့် ခမည်းတော် အဝဘုရင် သတိုးမင်းစောသို့ ဆက်ရလေ၏။ ဤသို့လည်း မှာသည်။ မဟာ ဥပရာဇာသည် ငင်းမယ်ဘုရင် နှမ တော်ကလျာသို့သာ နှလုံးထိမ်းသွတ်၍ မပြတ် အစဉ်အပေါင်း ပြုလေသည်။ ကျွန်ုပ်ကိုကား မရှုဝံ့နိုင်လို့ ဖြစ်ဆန်း ပြုသောကြောင့် စိတ်ဆင်းရဲလှပါသည်

ဟူ၍ လျှောက်ရလေသည်။ ထိုအကြောင်းများ ကြားတော်မူလျှင် အဝမိဖုရား
လည်း ငါသည် မောင်ကောင်းနှမ အဝကောင်းသမီးမှာ ဖြစ်ပါ၏၊
လင်ကောင်းမယား မဖြစ်ပါဟု ဆိုဖန်များသည်နှင့် အားကျတော်မူ၍ ငါ
မရှိလျှင် ငါ့သမီး သူ့ကျွန် ဖြစ်ရလေတော့မည် အကြံရှိ၍ ရှမ်းပြည် ကိုးစော်
ဘွားသို့ ယောက်ဖတော်ကို ငါ ခြားနားတော်မူမည်၊ ငါကတည်း ညီမည်
လော၊ ယောက်ဖတော်ကတည်း ညီမည်လော ဟူ၍ စေးတော်မူသည်။ စော်ဘွား
တို့ကလည်း ဘုန်းကြီးသည့် အရှင်ကသာ ညီမည်၊ ဟံသာဝတီက မညီ ဟူ၍
လျှောက်လိုက်သည့် အကြောင်းများကို ဟံသာဝတီမင်းတရားကြီးက ကြား
တော်မူလျှင် ရှည်သဖြင့် အရေးသည် မသင့်ချေ အကြံတော်ရှိ၍ ကျော စောင်း
ဘောင်းလင်း၊ လယ်ကိုင်း၊ ပုဂံ၊ ပုခန်း၊ တလုပ်၊ တောင်တွင်း၊ ရမည်းသင်း
တွင်ရှိသော လူသူ ဆင် မြင်းတို့ကို ဟံသာဝတီ နေပြည်တော်သို့ချည်း သွင်းရ
သည်။ ညီတော် ညောင်ရမ်းမင်းကိုလည်း ဆင်တစ်ထယ်၊ လူသုတ် လုလင်
စစ်ကြော၍ ရသည့် တစ်ထောင်ကျော် ကိုလည်း၊ အမှုထမ်း၊ နည်းသည့်ကို
အကြောင်းထောက်တော်မူ၍ ပေးတော်မူသည်။ မြို့ပြပျိုခဲ့အောင် နိုင်ခံအောင်
လုပ်၍ ကြံ့ကြံ့ ခံနေလေ ဟူ၍လည်း အမိန့်တော်ရှိသည်။ ထိုသက္ကရာဇ်
ဟံသာဝတီကသည် လဟာတိုင် ချောင်းကြီး တူးရသည်။ မှန်ရောင်းတို့ ပိုနည်း
ကျမ်းနှင့်အညီ မကျင့်သမျှကိုလည်း စစ်ကြော၍ လုပ်ရသည်။ ၎င်း သက္ကရာဇ်
သီတင်းကျွတ်လတွင် လျှင်ကြီးလှုပ်၍ ဘုရားပုထိုး၊ ကျောင်း မြို့ပျက်သည်။
တပေါင်း လပြည့်ကျော် တစ်ရက်အင်္ဂါနေ့ တိမ်တံခွန် ထန်းလုံးခန့် ထွက်သည်။
သက္ကရာဇ် (၉၄၅) ခု ကဆုန်လတွင် တောင်ငူတွင်ရှိသော မင်းသမီးများကို
ဟံသာဝတီသို့ ယူတော်မူသည်။ ။ထိုသက္ကရာဇ် ဝါဆိုလတွင် သတိုးမင်းစော
မင်းတရားကျွန်သီးမှူးကို နောင်တော် တောင်ငူဘုရင် ဟံသာဝတီသို့ လိုက်ကြ
တော်မူမည်၊ အစ်ကို စိတ်တွင် ပသို့ ထင်သည်ဟု စေတော်မူသည်။ နောင်တော်
ပြည်ဘုရင်သို့လည်း မြင်းငှစားကို စေတော်မူသည်။ ၎င်းမယ်ဘုရင်သို့လည်း
တောင်သမန်စားကို စေတော်မူသည်။ ပြည်မင်း၊ တောင်ငူမင်း၊ ၎င်းမယ်မင်း
တို့လည်း အဝဘုရင် သတိုး မင်းစော စေတော်မူသည်ကို စိတ်ညီတော်
မမူကြ၍ လာသည့် သံတို့ကို ဟံသာဝတီသို့ ပို့ရလေသည်။ ထိုသူတို့
ရောက်၍ ယောက်ဖတော် အဝ ဘုရင် သတိုးမင်းစော စိတ်ကွဲကြောင်းကို
အတပ် သိတော်မူလျှင် မှူးတော် မတ်တော် အပေါင်းတို့ကို ခေါ်တော်
မူ၍ တိုင်ပင်တော် မူသည်။ ယင်းသော အခါ နန္ဒကျော်ထင် လျှောက်

သည်။ ယခု ယောက်ဖတော်သာ ဖြားနားသည်မထင်၊ ကိုးစော်ဘွားလည်း အဝမင်းက ကူညီမည် လက္ခဏာ ရှိချေသည်။ မြောက်ဘက်တစ်လွှား မြို့စားတို့သည် အဝမင်းက ကူညီကြချိမ့်မည်။ ယင်းသို့ဖြစ်ခဲ့သောကြောင့် ပြည်မင်း တောင်ငူမင်းတို့ကိုသာ ခန့်၍မသင့်ချေ။ ယိုးဒယား၊ လင်းဇင်း၊ ဇင်းမယ်၊ ပြည်၊ တောင်ငူအားနှင့်တကွ ကိုယ်တိုင်တော်ချီမှ သင့်မည်ထင်သည်ဟူ၍ နားတော်လျှောက်သည်။ ဟံသာဝတီမင်းတရားကြီးလည်း နန္ဒကျော်ထင် လျှောက်သော စကားကို ကြိုက်တော်မူ၍ ယိုးဒယား လင်းဇင်းသို့ ဂါရတနာပူရသို့ ချီတော်မူ၍ ယောက်ဖတော်ကို လုပ်ကြံမည်။ အလုံးအရင်းနှင့်တကွ အလျင်ရောက်စေ ခေါ်ရလေသည်။ ။ငှင်းသက္ကရာဇ် တန်ဆောင်မုန်းလဆန်း တစ်ဆယ့်နှစ်ရက်နေ့ ။ငှင်းနတ်တော်လ စိတ်တော် မယုံမကြည်သော အမတ် ။ဟံသာလ တံခွန်ပြသည်။ ။ငှင်းနတ်တော်လ စပ်လောင်း၍ မီးတိုက်လေသည်။ ယင်းသို့မှ အဝသို့ သုံးကျိပ်ကျော်ကို ကူလီစင်းတွင် ချောင်းကိုတူးရသည်။ ယင်းသို့မှ အဝသို့ တောင်ငူအကြားတွင်လည်း နန္ဒကျော်ထင်တစ်တပ်၊ ဗညားကျန်းတောဝတီနှင့် စီရင်ခန့်ရန်တော်မူသည်ကား နန္ဒကျော်ထင်တစ်တပ်၊ ဗညားကျန်းတော ချီမည်၊ သမိန်ရဲသင်ရဲ တစ်တပ်၊ နေမျိုးကျော်ထင်တစ်တပ်၊ ဘယကျော်ထင်တစ်တပ်၊ အဲမွန်ဇရာတစ်တပ်၊ ဘယတစ်တပ်၊ ဘယဂါမဏိတစ်တပ်၊ သမိန်ဇိပ်ပွန်တစ်တပ်၊ တစ်တပ်၊ ဗညားဗတ်တစ်တပ်၊ ရာဇသင်္ကြံတစ်တပ်၊ သမိန်ဒေါ်ခွင်တစ်တပ်၊ ကျော်သူတစ်တပ်၊ သမိန်လကျွန်းအိန်တစ်တပ်၊ သီရိဓမ္မာသောကတစ်သက်ရှည်ကျော်ထင်တစ်တပ်၊ သမိန်လကျွန်းအိန်တစ်တပ်၊ သီရိဓမ္မာသောကတစ် တပ် ယင်းကမှ ဘဝရှင်မင်းတရားကြီးဘုရားတပ်မပြု၍ ချီတော်မူသည်။ သည်တစ် တပ် ယင်းကမှ ဘဝရှင်မင်းတရားကြီးဘုရားတပ်မပြု၍ ချီတော်မူသည်။ မြင်းတစ်သောင်းငါး ဆယ့်သုံးတပ်တွင်ပါသည့် တိုက်ဆင်တစ်ထောင်ငါးရာ၊ မြင်းတစ်သောင်းငါး ထောင်၊ စစ်သည်သူရဲတစ်သိန်းငါးသောင်းပါသည်။ ပြည်မင်းတောင်ငူမင်းတို့မှာ လည်းပြည်အားတောင်ငူအားနှင့်တစ်ကြောင်းချီရသည်။ ဇင်းမယ်မင်း၊ လင်းဇင်း မင်းတို့မှာလည်း မိုးနဲကြောင်းအဝသို့ချီရသည်။ သားတော် မဟာဥပရာဇာကို မြို့ စောင့်ခန့်တော်မူ၍ သက္ကရာဇ်(၉၄၅)ခု တန်ခူးလပြည့်နေ့ အဝသို့ချီတော်မူသည်။ ရောက်တော်မူလျှင် ပင်းယတွင် တပ်ချ၍ နေတော်မူသည်။ ပြည်မင်း တောင်ငူမင်း ညောင်ရမ်းမင်း တို့လည်း ရောက်လာ၍ တပ်နှင့်ချည်း နေတော်မူသည်။ ။ ယင်းသောအခါ အဝဘုရင် သတိုးမင်းစောကို ပြင်စည်စား လျှောက်သည်။ ယခု ဟံသာဝတီ ရှင်ဘုရင် ချီလာသည်။ ဆင်လုံး မြင်းရင်း များလှသည်။ ကျွန်တော်တို့မှာလည်း ရှမ်းပြည်တစ်လွှားမရောက်လာသေး၊ ယင်းသို့ဖြစ်သော ကြောင့် တံတားဦးကို ပတ်၍ တပ်ခိုင် တပ်လုံး တည်တော်မူမှ အရေးတော်သင့် မည်ဟူ၍ နားတော်လျှောက်သည်။ အဝဘုရင် သတိုးမင်းစောလည်း ပဲခူးတပ်နှင့်

တောင်ငူမင်း ပြည်မင်းတို့တပ်ကိုသာ အမှန်သိစေအောင်မြွေလော။ ငါတိုက်မည် ဒိနိုင်မည်လော၊ ပျက်လေတော့မည်ဟု၍ တပ်မတော်အသင် မြင်းတော်သည်တို့ကို ညှို့ကိုင် မြင်းနှင့် ရှာရလေသည်။ မြို့တော်မြို့လျှင် တို့လည်းညှို့ပိုက်သောကြောင့် သည်းစားချင်ဘုရင်တပ် သည်စားတောင်ငူမင်း ပြည်မင်း တပ်ဟူ၍ အတပ်မသိကြောင်းကို လျှောက်လာ၏။ အဝဘုရင် သတိုးမင်းစောက ငါနှင့် ဆင်စီးချင်းတိုက်မည်။ မိုးသောက်လျှင် တို့ကို ကြည့်၍ နေစေဟူ၍ ယောက်ဖတော် တပ်သို့ စေတော်မူသည်။ အမတ်ရှိလေ၏ တော် ဟံသာဝတီ ရှင်ဘုရင်ကလည်း ဆင့်လျှို ငါစီးချင်း တိုက်မည်ဟူ၍ မှာတော်မူသည်။ ယင်းသောအခါ နံ့ကျော်ထင် လျှောက်သည်။ အဘုရင် ဆင်သန်မြင်စွာကို တစ်ပါးဆင်များအား တူသော်အရေ့အရုံမတူရ၊ ဆင်တော် စောရန်နိုင်းမှသာ အားလည်း တန်သည်၊ အရေ့အရုံလည်း တန်ချိန်မည်ဟူ၍ နားတော်လျှောက်သည်။ ယင်းသို့မှ သက္ကရာဇ်(၉၄၆)-ခု ကဆုန်လပြည့်ကျော် တစ်ရက် အင်္ဂါနေ့ ရဲမက်တော် အတပ် တပ်သား တို့ကို စစ်မျက်နှာဖြန့်စေ၍ ဆင်တော် စောရန်နိုင်းကို ရွှေကွန်ရက် လွှမ်းပြီးလျှင် ဗေယျဗလကို နောက်တော် ထိုင်ရသည်။ ရာဇတမန်ကို ကုန်းလယ်တင်၍ လက်ဝဲတော်က ဆင်ကူသုံးဆယ်၊ လက်ျာတော်က ဆင်ကူသုံးဆယ် နေစေ၍ ပင်းယမြောက် သစ်ပင် အရပ်တွင် စစ်အင်ကျင်း၍ နေတော်မူသည်။ အဝဘုရင် သတိုးမင်းစောလည်း ဆင်တော် သန်မြင်စွာ ရွှေကွန်ရက်လွှမ်းလျှင် ကျောက်ရစ်စားကို နောက်တော် ထိုင်ရသည်။ ဘယရာဇသူကို ကုန်းလယ်တင်၍ လက်ဝဲတော်က ဆင်ကူ သုံးဆယ်၊ လက်ျာတော်က ဆင်ကူသုံးဆယ် စီရင်တော်မူလေ၍ မြို့ကယွက်၍ တံတားဦးသို့ ရောက်တော် မူလျှင် ရဲမက်တော်တို့ကို စစ်မျက်နှာ ဖြန့်စေ၍ မင်းနှစ်ပါးတို့ တိုက်တော်မူမည်ဟု စီရင် ခင်းကျင်းစဉ်တွင် ဟံသာဝတီရှင်ဘုရင် ကျွန်တော် တရုတ်မော်စားရဲမြတ်စွာဟူသော ဆင်ကိုစီး၍ အဝဘုရင်သတိုး မင်းစောရှိရာသို့ လွှတ်လာသည်ကို အဝဘုရင်သတိုးမင်းစော ကျွန်တော် ပြင်စည်စားနာဂဝရဟူသော ဆင်ကိုစီး၍ခံသည်။ တရုတ်မော်စားဆင်နှင့် မနည်းကြာခင့်ကြစဉ်တွင် အဝဘုရင်သတိုးမင်းစော လိုက်၍တိုက်တော်မူသည်။ တရုတ်မော်စားဆင် မျက်နှာသုန်၍ပြေးရာတွင် ကုန်းလယ်စီးဘယရာဇသူသုံနှင့် လွှတ်သည်။ တရုတ်မော်စားနံ့ကို လှံသင့်၍ ဆင်ထက်ကကျ၍ သေလေ၏။ ဆင်ကို လည်း ရတော်မူသည်။ ယင်းသို့စဉ်တွင် ဟံသာဝတီ ရှင်ဘုရင် ဆင်တော် စောရန်နိုင်းနှင့် ပြင်စည်စား စီးသောဆင်ကို တိုက်တော်မူသည်။ ပြင်စည်စား

မှတ်ရအသည့်တွင် ဆင်ကကျ၍ ပြင်စည်စေသော်
စီးစေသောဆင် အာယောက်၍ မှတ်ရအသည့်တွင် မင်းနှစ်ပြီးလျှင်၍ တိုက်တော်မူကြသည်။ ထို့
အရှင်ရှေ့တော်မူသည်။ ယင်းသို့ မင်းနှစ်ပါး တိုက်ပါကြသော် ။ မျောက်ဆီးနိုင်၊ မင်းနှစ်ပါးတွင်
ကြီးသော မင်းသည်ပြိုင်၍ တစ်ပါးကိုတစ်ပါး မတိုက်ခိုက်ကြည့်၍သာ နေကုန်သည်။ ယင်းသို့
ဆင်ကုန်ရှုတွယ်သည်၊ ကျဉ်း၍ ဆင်တော်ကို ထုတ်စေ၍ အားလျော်စေပြီး
တွင် အဝတ္တရင် သတိုးမင်းစောသည် ဆင်တော်ကို တိုက်တော်မူသည်။ ဟံသာဝတီရှင်ဘုရင်
လျှင် ရှုံးလှ၍ ယောက်မတော်ကို တိုက်တော်မူသည်။ ရှုံးလိုက်ကျ၍ နိုက်ဆိုက်တွန်
စီးသော ဆင်တော်စောရန်နိုင်ကို လိုမိသည်။ ဟံသာဝတီရှင်ဘုရင် လက်ဝဲလက်ျာ ဆင်က
ချေသည်။ ယင်းသို့ရာတွင် ဟံသာဝတီရှင်ဘုရင် အဝတ္တရင် သတိုးမင်းစောလည်း၊ ဆင်တော်
အမတ်တို့ ဆင်နှင့် ပြတ်လာလျှင် အဝတ္တရင် သတိုးမင်းစောလည်း၊ ဆင်တော်
ပန်းလှသည်နှင့် ထုတ်တော်မူရချေသည်။ ဟံသာဝတီ ရှင်ဘုရင်လည်း၊ ဆင်
ပန်းလှသည်နှင့် ထုတ်တော်မူရချေသည်။ ယူတော် မူသည်၊
တစ်စီးသို့ ထက်တော်မူ၍ ဆင်တော်ကို ဆင်နှစ်စီးတွဲမိ၍ ယူတော် မူသည်၊
ဆယ်တာခန့် ရောက်လျှင် ဆင်တော် မှားချေ၍ အဝတ္တရင် သတိုး မင်းစော
လည်း ဆင်တော်ပန်းလှသည်ကို ရေစိမ်စေသည်နှင့် ဆင်တော် တလို ရဦးမည်
လေလာ၍ မေးတော်မူသည်ကို ဆင်တော်ပင်ပန်းလှသည်။ ရေကို ဆင်းချေ
သည်။ အလိုတော်မပြည့်၍ နားတော်လျှောက်လျှင် ဟံသာဝတီ ရှင်ဘုရင်
လည်း၊ ဥပေါသထလှသော ဆင်တော်ကို စီးတော်မူပြန်၍ လက်ဝဲဆင်ကူ၊
လက်ျာဆင်ကူနှင့် ထွက်တော် မူသည်။ ရဲမက်တော်တို့လည်း၊ အဝတ္တရင်
သတိုးမင်းစော ထုတ်သည်ကိုမြင်လျှင် လိုက်ထပ်၍ တိုက်သိပ်သည်နှင့် မခံနိုင်
ချေ၍၊ ရှုံးမိသမျှ လက်နက်နှင့် တံတားဦးကသည် အဝမြစ်ကိုကူး၍ မန္တလေး
အရှေ့ ဘုတ်ကန်ကြီး တောင်ခြေရင်းတွင် တပ်နှင့်ခံ၍ နေတော် မူသည်။
ရောက်လျှင် ပေါ့ဘွင်ဆင်ကောင်း၊ မြင်းကောင်းလည်းမရှိချေ။ ရဲမက်ဗိုလ်ပါလည်း၊
နည်းလှသည်။ ငါသည်တွင်ခံ၍ မသင့်ပြီ၊ တရုတ်ပြည်သို့သွား၍ ဥတည့်ဘွား
ကို စစ်ကူတောင်းပြီးလျှင် တရုတ်စစ်သည်နှင့်တကွ ဟံသာဝတီတိုင်အောင်ချီ၍
လုပ်ကြံရမှသင့်မည်၊ အကြံတော်ရှိ၍ မြင်းခုနစ်တပ် ဟူနစ်ထောင်နှင့် တရုတ်
ပြည်သို့ သွားတော်မူသည်။ ခန္တီးသို့ရောက်လျှင် နာ၍ အနိစ္စ ရောက်တော်မူ
သည်။ ။အဝတ္တရင်သတိုးမင်းစောတွင် သမီးတော်အဘိမ်မြေ မိဖုရား၊ နတ်ရှင်
မတ်တော် တစ်ပါးသာမြင်သည်။ ဖခြားသားတော် သမီးတော်မရှိ။ ။

## ယိုးဒယားမင်း ပြန်ရာစ်ပုန်ကန်သဖြင့် ယိုးဒယားသို့ မင်းတရား စစ်ချီတော် မူခန်း

ဟံသာဝတီ မင်းတရားကြီး ဘုရားလည်း၊ အဝကို အလိုတော်ပြည့်စေ၍ နှမတော် အဝမိဖုရားကို လှော်ကားနှစ်စင်းကဲ့ မောင်းတွင် ကိုယ်တိုင်တော် မောင်းမနှင့်တကူ စီးစေ၍ လှေရုံအများနှင့် ဆောင်တော်မူသည်။ ဟံသာဝတီသို့ ရောက်လျှင် သာယာဝတ္ထုသော အဝမှာထိမ်တော်ကဲ့သို့ ကျော့သုံးတော် ဆောက်စေ၍ အခြွေအရံ ကိုယ်လုပ်မောင်းမနှင့် တကွ ငြိမ်းချမ်း သာယာစွာ နေတော်မူရသည်။ ယိုးဒယားမင်းပြန်ရာစ်ကို အဝသို့ နောက်တော်လိုက် သာယာစွာ နေစေတော်မူသည်။ ဖင့်နွဲ့၍နောက်မှ တစ်ဆယ်နှစ်တော်ကိုရိုင်း၍ တိုက်ဆင် သုံးရာ၊ မြင်းသုံးထောင်၊ စစ်သည်သူရဲ ခြောက်သောင်းနှင့် ချီလေသည်။ ဟံသာဝတီ မင်းတရားကြီး အဝသို့ချီတော်မူပြီဟု ကြားလျှင် နောက်တော်ကား မလိုက်၊ စစ်တောင်းလျှာကသည် ဟံသာဝတီသို့ ချီလာသည်။ ဟံသာဝတီမြို့ကိုစောင့်သော သားတော် မဟာဥပရာဇာကြီးကြားလျှင် ထိုအကြောင်းကို ခမည်းတော်ဘုရား အဝသို့ ချီတော်မူပြီ၊ အဝသို့လိုက်လေတော့၊ ဆို၍ ကြံစေသော်လည်း အဝသို့ မချီ၊ ဟံသာဝတီသို့သာ ချီလာကြောင်းကို ကြားသောကြောင့် မဟာဥပရာဇာလည်း ကျုံးမြောင်းပြင်ဆင်၍ အမြောက်-သေနတ် တင်လျက် အထင်းအကြပ် ခံတော်မူချေသည်။ ယိုးဒယား ပြန်ရာစ်သည်လည်း မြို့ရင်းသို့ ချဉ်း၍ တပ်စောင်တာနှင့်နေစဉ် ဟံသာဝတီမင်းတရားဘုရား အဝကို အလိုတော်ပြည့်၍ ပြန်တော်မူလာကြောင်းကို ပြန်ရာစ်ကြားလျှင် ဟံသာဝတီကသည် မှူးမတ်သို့ ပြန်၍ အရှေ့ဘက်တစ်လွှားတွင်ရှိသော လူများကို သိမ်းယူ၍ ယိုးဒယားသို့ပြန်လေ၏။ ။ထိုအကြောင်းများကို ဘဝရှင် မင်းတရားကြီး ဘုရားကြားလျှင် ဗညားကျန်းတောတစ်တပ်၊ သက်ရှည်ကျော်ထင်တစ်တပ်၊ ဗညားယိုတစ်တပ်၊ ဘယဂါမဏိတစ်တပ် သည်လေးတပ်ကို တိုက်ဆင် လေးရာ၊ မြင်းလေးထောင်၊ လူငါးသောင်းနှင့် အဝကအလျင်ချီ၍ လိုက်ရလေသည်။ အဝကို မင်းတရား ရွှေထီးသားတော် မင်းလကျ်ာကို ကွပ်ကဲရက် သက်ပက်ထိုး ပေးတော်မူ၍ မြို့ဝန်ခန့်တော်မူသည်။ အဝနှင့် နီးစပ်သမျှကိုလည်း မျှပ်ဝပ် ကျိုးနွံ မည့်သူတို့ကို ကျေးဇူး ခန့်တော်မူ၍ ပြန်တော်မူသည်။ ဟံသာဝတီသို့ ရောက်တော်မူလျှင် ယိုးဒယားသို့ချီလေသည်။ ထင်ဆာ့ါးနည်းလေသည်ဟူ၍ သမိန် လကျ်ာ်းပိန်တစ်တပ်၊ ရာဇသင်္ကြံတစ်တပ်၊ သမိန်ရဲသင်ရဲတစ်တပ်၊ နန္ဒကျော်ထင်

တစ်တပ်၊ ဗညားလောတစ်တပ်၊ သိရိဓမ္မာသောကတစ်တပ်၊ သားတော်မဟာဥပရာဇာတစ်တပ် သည်ဖွဲ့စစ်တပ်ကို တိုက်ဆင်ငါးရာ၊ မြင်းငါးထောင်၊ စစ်သည်သူရဲ ခုနစ်သောင်းနှင့် နောက် ချီမြန်ရသည်။ ယိုးဒယားသို့ ရောက်လျှင် အလျှင်ချီလေသော ဗညားကျန်းတောတို့ လေးတပ်သားနှင့် ပေါင်း၍ ယိုးဒယားမြို့မြောက် ရုဇ္ဈလ် ဟူသော အရပ်တွင် တပ်တည်၍ နေသည်ကို ယိုးဒယားမင်းဖြန့်ရှာလ်မြို့က ထွက်၍ တိုက်လေသည်။ အရပ်အနေ မသင့်ချေ၍ ရဲမက်ခတာ်တို့ ရှုံ့ချေသည်။ ထို အကြောင်းများကို ဟံသာဝတီ မင်းတရားကြီးဘုရား ကြားတော်မူလျှင် အလုံးအရင်း ဆင် မြင်းလည်း နည်းလေသည်။ ယိုးဒယားမြို့လည်း အလုပ်အကြံ ခဲခက်လှသည်။ ယခုလည်း မိုးလကျတော့မည်၊ နီးပြီ ပြန်ခဲ့တော့ခေါ်တော်မူ၍ သားတော်ဥပရာဇာတို့ တစ်ဆယ့်တစ်တပ်လုံးပြန်ရသည်။ ယိုးဒယားမင်းဖြန့်ရှာလ်လည်း ဥပရာဇာတို့ ပြန်လေပြီဟူ၍ ကြားလျှင် ငါ့အကြံအတိုင်း အပြီးသို့ရောက်လေပြီဟူ၍ ကြုံးဝါးသံပလေသည်။

သက္ကရာဇ် (၉၄၆) ခု ဝါဆိုလ အဘေးတော် တောင်ငူဘုရင် မင်းခေါင်လွန်တော်မူ၍ မင်းခေါင်သားတော် မင်းရဲကျော်သင်ကို မင်းရဲသီဟသူဟူသော အမည်နှင့် တောင်ငူမြို့ကို ပေးတော်မူ၍ မင်းပြုရသည်။ ခမည်းတော် တောင်ငူဘုရင်မင်းခေါင် အဆောင်အယောင် အစီးအနင်းတို့ကိုလည်း ပေးတော်မူသည်။ တောင်ငူဘုရင် မင်းခေါင် မိဖုရားကား ထုပါရုံဒါယိကာ နရပတိ သားတော်သုံးပါး၊ သမီးတော်ငါးပါး ပေါင်း ရှစ်ပါးတွင် ပြည်မြို့ကို မင်းပြုရသည်။ သားတော် အသတ်မင်း ဆင်များ မင်းကြီး စွာစော် သမီးတော် ခင်ဘုန်းထွဋ်နှင့် ထုပါရုံဒါယိကာ သမက်တော်ကလေး မင်းရဲကျော်စွာငယ်နှင့် စုံဘက်ရာတွင် သမီးတော် ဘိုးတော်ချစ်မိကို မြင်သည်။ ဘိုးတော်ချစ်မိကို ပြည်ဆင်ဖြူရှင် သတိုးမင်းစော သားတော် ဘုရင်လေး မိဖုရားမြှောက်ရာတွင် ပြည်မင်းခေါင် တစ်ပါး၊ လေးကျွန်းမိဖုရားတစ်ပါး၊ ငယ်ကလွန်သည်မင်းသမီးတစ်ပါး၊ မင်းသားတစ်ပါး ပေါင်းလေးပါးမြင်သည်။ ပြည်နရပတိ မင်းဖြစ်တော်မူလျှင် နှမတော် တစ်ပါးကို မင်းတရားရွှေထီးသို့ဆက်လေသည်။ မင်းတရားရွှေထီးလည်း တောင်ငူ လေးကျွန်းဥယျာဉ်တွင် သာယာလှစွာသော အိမ်ဆောက်စေ၍ ထားတော်မူသည်ကို အကြောင်းပြု၍ လေးကျွန်းမိဖုရားဟု တွင်သည်။ နောက် ဆင်ဖြူများသခင် အဝရှင်မင်းတရားကြီး ညီတော် ကိုးသိန်းသခင် ဘုရင်မင်းခေါင်နှင့် မင်းတရားရွှေထီး စုံဖက်တော်မူသည်။ သားတော် သမီးတော်ကား၊ သားတော်

တောင်ငူကို မင်းပြုသည့် သီဟသူတစ်ပါး၊ ညီတော် ကောသိယ မင်းရဲကျော်ထင် တစ်ပါး၊ နှမတော် မင်းပြုတစ်ပါး၊ ညီမတော် မင်းခင်ပုတစ်ပါး၊ ညီမတော် အထွေးတစ်ပါး၊ ယောကျ်ား နှစ်၊ မိန်းမသုံး၊ ပေါင်း ငါးပါး၊ ညီအမသုံးပါး သည် ဟံသာဝတီမင်. မိဖုရားချည်း။ ။ကိုယ်လုပ်တော်တွင် မြင်သည့် မင်းသမီး တစ်ပါး၊ ၎င်း သက္ကရာဇ် တပို့တွဲလဆန်း ငါးရက် ကြာသပတေးနေ့ အလျင် သွန်းတော်မူသည်။ ။ယင်း သက္ကရာဇ် တပေါင်းလဆန်း သုံးရက် စနေနေ့ ဘုရားငါးဆူ သွန်းတော်မူသည်။ ကညင်သစ်ကိုလည်း လှုပ်ရသည်။ ။ သက္ကရာဇ် (၉၄၇) ခုနှစ် တန်ခူးလတွင် သက်ရှည်ကျော်ထင် တစ်တပ်၊ ဗညားကျန်းတောတစ်တပ်၊ ဘယကါမဏိတစ်တပ်၊ နန္ဒသူရိယတစ်တပ်၊ သိရိဇေယျကျော်ထင်တစ်တပ်၊ ဗညားဗတိ တစ်တပ်၊ သမိန်သံကျယ် တစ်တပ်၊ ဇင်းမယ်က ဗညားသေဉ်လုံ တစ်တပ်၊ ဗညားသံလဲတစ်တပ်၊ သိရိဓမ္မာသောက တစ်တပ်၊ သမိန်ပြည်တစ်တပ်၊ သမိန်ရဲသင်ရုံတစ်တပ်၊ သမိန်လက္ခဏ်းအိန်တစ်တပ်၊ ဗညားနန်း ဗညားတရိုင်တစ်တပ်၊ မဟာဥပရာဇာတစ်တပ် သည်တစ်ဆယ့်ကိုးတပ်တို့ပါသည့် တိုက်သင်တစ်ထောင်၊ မြင်းတစ်သောင်းနှစ်ထောင်၊ စစ်သည်သူရဲ တစ်သိန်းနှစ်သောင်းနှင့် ယိုးဒယားသို့ချီပြန်ရသည်။ လကွန်းဟူသော အရပ်သို့ရောက်လျှင် ယိုးဒယားမင်း ဖြနရာဇ် တစ်ဆယ့်ငါးတပ်တွင်စီရင်၍ ကြိုလာသည်။ နန္ဒကျော်ထင် ဘယကါမဏိ ဗညားကျန်းတော သက်ရှည်ကျော်ထင်တို့ လေးတပ်ခွဲ၍ တိုက်သည်။ ဖြနရာဇ်ကခံသည်။ တပ်ဦးသားငါးတပ်ပျက်၍ စုက္ကလိဟူသော အရပ်တိုင်အောင်ဆုတ်လေသည်။ ရဲမက်တော် တစ်ဆယ့်ကိုးတပ်သားတို့လည်း ထပ်၍လိုက်သည်။ ဆင်သုံးဆယ်ကျော် လူနှစ်ထောင်ကျော်ခန့် ရတော်မူသည်။ ဖြနရာဇ်လည်း စုက္ကလိဟူသော အရပ်တွင် အထက်ပင် ခံတပ်တည်၍ ထားသောကြောင့် ထိုတပ်၌ ဝင်၍ ခံလေ၏။ ရဲမက်တော်တို့လည်း ထိုတပ်ကိုတစ်ကြိမ် နှစ်ကြိမ် လုပ်ကြသည်၊ စိန်ပြောင်း၊ မြားပူ ထူထပ်လှသောကြောင့် မပျက်ချေ၊ ယင်းသို့လျှင် တပ်ခိုင် တပ်လုံကြည့်၍ နေရချေသည်။ တစ်လခန့်ရှိလျှင် သားတော် မဟာဥပရာဇာလည်း တပ်မှူး၊ စစ်ကဲ အပေါင်းတို့ကို ခေါ်တော်မူ၍ ယခုသည် သူ့တပ်ကိုလည်း ငါတို့ ပျက်စီးအောင် မတိုက်နိုင်ချေ၊ ငါတို့ တပ်ကိုလည်း သူက မတိုက် အရေးကို မြော်ရှု၍သာ နေလေသည်။ ရှည်လျားသော မျိုးရိက္ခာကုန်၍ ငါတို့ ရဲမက်ဘော်တို့ ငတ်ချိမ့်မည်။ ယင်းသို့လျှင် ငါတို့တပ်ကို နှုတ်၍ အဆုတ်ခက်ချိမ့်မည် ဖြစ်သောကြောင့် အချက်ဆို၍ တိုက်ရစေတော့၊ ယင်းသို့မှ အရေးတော် ပြီးလွယ်မည် ဟူ၍ မိန့်တော်မူသည်။ ထိုအမိန့်တော်ကို ဗညား

သော်လုံ ကြားလျှင် ဤသို့ နားတော်လျှောက်သည်။ ယခု သူ့တပ်ကို တိုက်ရ
မည်လည်း သူသာ ခံသည်။ တပ်နိုင်လုံလှသည်။ ကျုံးလည်း ကျယ်လှသည်၊
လက်နက်ကိရိယာလည်း ထူထပ်လှသည်။ သူ့ကျွန် အမတ် အပေါင်းတို့လည်း
အသက်ကို သေမည်မကြောက်၊ သူတို့အရှင် မြန်မာရှင်ကိုသာ ကြောက်သည်၊
ယခု အချက်ဆို၍ တိုက်မည်အမိန့်တော်ရှိရာမှာ သူ့အရပ်ဖြစ်၍ တောင်တက်
ဝါတိုး ကြံရလေသည်ကို သူထွက်၍ တိုက်ဘိမည်လော၊ ယင်းသို့ မတိုက်၍
ရှည်လတ်သော် မျိုးရိက္ခာကုန်၍ ရဲမက်တော်တို့ ဝေလှမည်အမှန်ဖြစ်တော့သည်။
ယင်းသို့ ဖြစ်သောကြောင့် ဆုတ်ယောင်ပြု၍ သူ့ကို အလိုက်ခံမှ တိုက်ရသော်
မသင့်လော ဟု၍ နားတော်လျှောက်သည်။ မဟာဥပရာဇာလည်း သည်အရေး
သည် သင့်လှပြီ ဟု၍ မိန့်တော်မူပြီးလျှင် တပ်ကို နုတ်၍ သွားမည်အဟန်
ပြုသည်ကို ယိုးဒယား မြန်မာလည်း ဆင် မြင်းကစ၍ နောက်ထပ် လိုက်လာ
သည်ကို ဘယဂါမဏိတစ်တပ်၊ နန္ဒကျော်ထင် တစ်တပ်၊ ဗညားကျန်းစော
တစ်တပ်၊ သမိန်ရဲသင်ရဲ တစ်တပ်၊ သမိန်လကွန်းအိန် တစ်တပ်၊ ဗညားသော်လုံ
တစ်တပ်၊ သည်ခြောက်တပ်မှာတိုက်ဆင် သုံးရာ၊ မြင်းလေးထောင်၊ ဗိုလ်ခြောက်
သောင်းနှင့် လက်ယာကြောင်း စစ်မျက်နှာဖြန့်၍ ခံသည်။ ။ဗညားပရံ့တစ်တပ်၊
နန္ဒသူရိယတစ်တပ်၊သမိန်သံကျယ်တစ်တပ်၊သိရိဓမ္မာသောကတစ်တပ်၊ဗညားနန်း
တစ်တပ်၊ ဗညားလော တစ်တပ်၊ သည် ခြောက်တပ်မှာ တိုက်ဆင်သုံးရာ၊ မြင်း
လေးထောင်၊ ဗိုလ်ခြောက်သောင်းနှင့် လက်ဝဲကြောင်း စစ်မျက်နှာဖြန့်၍ခံသည်။
သက်ရှည်ကျော်ထင် တစ်တပ်၊ ဗညားပြည်ထဲ တစ်တပ်၊ သိရိဇေယျကျော်ထင်
တစ်တပ်၊ ဗညားဗတ်တစ်တပ်၊ ဗညားသံလံ တစ်တပ်၊ ဗညားတုရိုင် တစ်တပ်၊ မဟာ
ဥပရာဇာတစ်တပ်၊ သည် ခုနစ်တပ်မှာ တိုက်ဆင် လေးရာ၊ မြင်းငါးထောင်၊
စစ်သည်သူရဲ ခြောက်သောင်းနှင့် အလယ်ကြောင်း စစ်မျက်နှာဖြန့်၍ ခံရသည်။
ယိုးဒယားမင်းလိုက်လာ၍ နီးလျှင်လက်ယာကြောင်း ဘယဂါမဏိ နန္ဒကျော်ထင်
တို့ကိုမြင်လျှင် လက်ယာကြောင်းကိုမတိုက်ဘဲ လက်ဝဲကြောင်းကို လိုက်သိမ်၍
တိုက်လေသည်။ ဗညားပရံ့ နန္ဒသူရိယတို့ ခြောက်တပ်လုံး ပျက်လေ၍ ကရဲ ကသီ
ကစဉ့် ကလျား ရှိချေသည်။ လက်ဝဲကြောင်းပျက်လျှင် အလယ်ကြောင်း မဟာ
ဥပရာဇာတို့ ခုနစ်တပ်ကို တိုက်ပြန်လေသည်။ ပျက်၍ ဆုတ်ရချေသည်။ ယင်း
သို့မှလက်ယာကြောင်း ဘယဂါမဏိ နန္ဒကျော်ထင်တို့ ခြောက်တပ်ကို တိုက်
ပြန်လာသည်။ သံမှိုနှင့်အတူ ခံသည်ကိုမြင်လျှင် မြန်မာမတိုက်ဝံ့၍ ဆုတ်လေ၏။
ပျက်သည့် တပ်များတွင် လူသူဆင်မြင်းတို့ကို သုံ့ပန်းဖမ်း၍ ခံတပ်သို့ ပြန်

လေ၏။ ဘယက ါမဏိတို့ ခြောက်တပ်သားတို့သည်လည်း ပျက်လေသည့် တပ်သားတို့ကို ရှုံးရှု၍ မဟာဥပရာဇာဆုတ်လျှင် သည်တပ်ကြီးကို ခမည်းတော်ဘုရားက ခေါ်တော်မူသော်လည်း ပြန်တော်မူတော့ ဟု၍ လျှောက်ကြလျှင် မဟာဥပရာဇာလည်း ဆင် မြင်း လူသူတို့ကို ရှုံးရှု၍ ပြန်တော်မူသည်။ သက္ကရာဇ် (၉၄၇) ခု ဝါခေါင်လမှ ဟံသာဝတီသို့ ရောက်တော်မူသည်။

သက္ကရာဇ် (၉၄၇) ခုနှစ် သီတင်းကျွတ်လတွင် အဝကို ဝန်ပြုသောမင်း လက်ယာလွန်သည်ဟူ၍ လျှောက်လာလျှင် ဘဝရှင်မင်းတရားကြီး ဘုရားလည်း သားတော် မဟာ ဥပရာဇာ အစရှိသော မှူးတော် မတ်တော် အပေါင်းတို့ကို ခေါ်တော်မူ၍ အဝကို ဘယ်သူ့အား ပေးသော် သင့်မည်နည်း ဟူ၍ တိုင်ပင်တော်မူသည်ကို သိရိဇေယျ နော်ရထာ လျှောက်သည်။ ရတနာပူရ အဝပြည်ကြီးသည် ဘုန်းကြီးသော မင်းတို့၏ နေတော်မူရာ နန်းဘုံလည်းဖြစ်သည်။ အရှေ့ ရှမ်းပြည်၊ မြောက် ရှမ်းပြည်နှင့်လည်း အနီးအစပ်ဖြစ်သည်။ ရှမ်းတို့လည်း ရွှေနန်းကို တက်၍ မင်းပြုရ ဖူးလေသည်။ ဆွေတော် မျိုးတော် မည်မည် ဝါဝါကို ပေးတော်မူ၍ မသင့်ချေ၊ သားတော် အလတ်ကို ပေးတော်မူမှ အရေးတော် အရှည်ကောင်းမည် ဟူ၍ နားတော်လျှောက်သည်။ ဘဝရှင် မင်းတရားကြီး ဘုရားလည်း သားတော် အလတ်ကို မင်းရဲကျော်စွာ ဟူသော အမည်နှင့် အဝဘုရင် သတိုးမင်းစော အဆောင် အယောင် အစီးအနင်းနှင့် တကွ အမတ်သားတစ်ကျိပ်၊ ဆင်တစ်ဆယ် ပေးတော်မူသည်။ ပြည်ရေးရွာမှု ရှိသော အခါ တိုင်ပင်ဘက် ဖြစ်စေဟူ၍လည်း အချီတော် ဘယယောဓာ လက်ရွေးကြီး မြင်းမှူးကို ထည့်တော်မူ၍ ထို သက္ကရာဇ် တပေါင်းလမှ အဝသို့ ဆန်ရသည်။

## ယိုးဒယားကို အကြိမ်ကြိမ်လုပ်ကြံသော်လည်းမရသဖြင့် မင်းတရားကိုယ်တော်တိုင်ချီခြင်း၊ ကောင်းမှုတော် ဘုရားငါးဆူကို အနေကဇာတင်၍ မဟာစေတီ ဘုရားများကို ထီးတင်ခန်း

ဘဝရှင် မင်းတရားကြီး ဘုရားလည်း မှူးတော် မတ်တော် အပေါင်းတို့ကို ခေါ်တော်မူ၍ ယိုးဒယားကို အကြိမ်ကြိမ်ချီ၍ လုပ်ကြံစေသည်။ အရေးတော် မပြီးချေ။ အဘယ်သို့ စီရင် ခန့်ရန်တော်မူ၍ လုပ်ကြံသော် အရေးတော်

လည်း သက်ရှည်ကျော်ထင် လျှောက်သော အရေးကို ကြိုက်တော်မူ၍ ဝမ္ဗ လူများ မစွမ်းမမာသူတို့ကို ဗညားပရံတစ်တပ်ကို အကြပ်အမပြုစေ၍ သဘ္ဘ လွှတ်လိုက်လေသည်။ ။ယင်းသို့ (၉၄၉) ခု ကဆုန်လဆန်း ဆယ်ရက်နေ့ တောင်ငူမင်း သားတော် နတ်ရှင်နောင် ကဆုန်လဆန်း တစ်ဆယ့်လေးရက်နေ့ ယိုးဒယားက ဘဝရှင် မင်းတရားဘုရား တို့ကို နောက်တပ်အုပ် ခန့်တော်မူခဲ့၍ ယိုးဒယားမင်း ဖြနရာဇ်လည်း ဟံသာဝတီ ရှင်ဘုရင် ပြန်လေ ပြန်တော်မူသည်။ ယိုးဒယားမင်း တစ်ဆယ့်ငါးတပ် စီရင်၍ တရေမိုင်းတက် အင်းတော် ကြောင်းကိုသိလျှင် လိုက်လာသည်။ ထိုအခါ နောက်အုပ်ခန့်ခဲ့သော တောင် အရပ်တိုင်အောင် သားတော် နတ်ရှင်နောင်တို့ ခံ၍ တိုက်လေလျှင် ဘုရင်နှင့် တောင်ငူဘုရင် သားတော် ဘဝရှင်မင်းတရားကြီးဘုရားလည်း ဝါဆိုလဆန်း အင်းတော်က ပြန်လေ၏။ ။ဘဝရှင်မင်းတရားကြီးဘုရားလည်း လေးရက် အင်္ဂါနေ့ ဟံသာဝတီ နေပြည်တော်သို့ ရောက်တော်မူသည်။ ရာဇဝင်ကြီး ရာဇဝင်လတ်တို့၌ တောင်ငူဘုရင်နှင့် တောင်ငူဘုရင်သားတော် နတ်ရှင်နောင်တို့ပါကြောင်း ယိုးဒယားမင်း ဖြနရာဇ်လိုက်လာလျှင် အင်းတော် အရပ်တွင် တောင်ငူဘုရင်နှင့် သားတော် နတ်ရှင်နောင်တို့ ခံ၍ တိုက်ကြောင်း များကို မဆို။

ယခု ပြဆိုခဲ့သည်ကား မင်းရဲနရာ ဧချင်းတွင်။ "ထိုနောင်တစ်ခြား ယိုးဒယားသို့ သိကြားတမျှ မယ်တော်ဘလျှင် ချီကြဝန်းရံ စောင့်လုပ်ကြခဲ့ သော် ဂုန်းလျှံကုန်းကြည်း ရေလည်းပြင်ဖြင်၊ မြေပြင်မလပ်၊ နေရပ်မသာ၊ ပြန်ချေရာတွင် ကြော်ငြာကြိုက်ပွက်၊ မြို့သုံးထွက်၍၊ လက်နက်လှံခါး၊ လေးမြားမီးပေါက်၊ အမြောက်မြတပ်၊ ကဏ္ဍူလှန်းကြင်၊ မြင်းဆင်ခြေတပ်၊ ကြည်းရေ ကြပ်လျက်၊ လိုက်ထပ်ဖြဖြ၊ မီးပွင့်ကျသို့၊ ရှုနပျက်ကြေ၊ ဆုံးချေတချို့၊ တောသို့ပြေးဝင်၊ ရေတွင်မျောနစ်၊ သွေးချောင်းဖြစ်မျှ၊ စီစစ်ကြောင်းလမ်း၊ ဖေါက်စမ်းတိုး ဖေါက်၊ အင်းတော်ရောက်လည်း၊ တစ်ယောက်မည်သူ၊ လက်ကူမည့် ထား စကားကိုမျှ၊ မဟာတတ်ချေ၊ မိုးမြေမမြှော်၊ ဘိုးတော်ရှင်ရင်း၊ ယည်ကျော် မြင်းနှင့်၊ မိမင်းမောင်ကြီး၊ ဦးရီးနတ်ရှင်၊ တူပင်နှစ်ပါး၊ နောက်နေထား၍ လှံ့ခါးချတ်ဝင့်၊ တိုက်သတ်လှင့်ကာ၊ ကြေလွင့်ပျောက်ရှ၊ ရန်မျိုးခသည်" ဟူ၍ ဆိုသည်နှင့် အညီတည်း။ ရာဇဝင်သစ်မှာ ဤမင်းရဲနရာ ဧချင်းတွင် မိမင်း မောင်ကြီး ဦးရီးနတ်ရှင်ဟု ဆိုသောစကားကို မဟာ ဥပရာဇာကို ဆိုသည့် အယူနှင့် ခမည်းတော် မင်းတရား ယိုးဒယားသို့ ချီတော်မူရာ မဟာ ဥပရာဇာ

ပါသည်ဟု ဆိုလေသည်။ နေချင်းကိုလည်း "မြင်းမောင်ကြီး ဦးရိုးနှုတ်မွှေး"ဟု ဆိုရာ၌ "မြင်းမောင်ကြီး ဦးရိုးနှစ်ပါး"ဟု ပြင်၍ ထွန်းလေသည်။ နေချင်းမှ အစောင်စောင်ပင် "မြင်းမောင်ကြီး ဦးရိုးနှစ်ပါး"ဟုမရှိ၊ မင်းရဲ့ရာဇဝင်လက်၌ ယိုးဒယားသို့ ချီတော်မူသည့်ကာလ သားတော် မဟာဥပရာဇာကို မြို့စောင့် ခန့်တော်မူခဲ့သည်ကို မဟာဥပရာဇာလည်း၊ ညီတော် မင်းတရား ယိုးဒယားမှာရှိစဉ် ဇင်းမယ်ဘုရင် နော်ရထာမင်းစော နှမတော် ရာဇ ဒေဝီကလျာကိုယူ၍ မိဖုရားမြှောက်နှင့်လေသည် ဆိုသော စကားနှင့်လည်းမညီ။ ဟံသာဝတီမှာလည်း ဘဝရှင်မင်းတရားကြီးဘုရား ယိုးဒယားမှာရှိစဉ် သားတော် မဟာဥပရာဇာသည် ဇင်းမယ်ဘုရင် နော်ရထာမင်းစော နှမတော် ရာဇဒေဝီကလျာကိုယူ၍ မိဖုရားမြှောက်နှင့်လေသည်။ ထိုအကြောင်းများကို သိတော်မူလျှင် ငါ့တူမတော် နတ်ရှင်မယ်တော်ကို မချစ်မကြည်ဖြူသည် ဟူ၍ နှမတော် အမိဖုရားနှင့်အတူ ယူ၍ ထားတော်မူသည်။ ကိုယ်လုပ်မောင်မ အခြွအရံလည်း ပေးတော်မူသည်။ တန်ဆောင်မုန်းလတွင် အင်ယာစား ဆောင်ကျွန်းပုန်ကန်လေသည်ကို ချီသော တပ်ဝင်ကား သက်ရှည်ကျော်ဆင် တစ်တပ်၊ အိမ်ရှေ့တရာတစ်တပ်၊ နန္ဒယောဓာ တစ်တပ်၊ သမိန်ဇိပ်ပွန် တစ်တပ်၊ သည် လေးတပ်တွင် တိုက်ဆင်နှစ်ရာ၊ မြင်းနှစ်ထောင်၊ စစ်သည်သူရဲ လေးသောင်းနှင့် ချီရလေသည်။ နှစ်လကြာမှ အောင်မြင်၍ အင်ယာစား သားမယားနှင့် တကွ ဆင်မြင်း လူသူတို့ကိုယူ၍ ပြန်လာသည်။ ။သက္ကရာဇ် (၉၅၀) ကဆုန်လပြည့်ကျော် ငါးရက်သောကြာနေ့ တောင်ငူမင်း ညီတော် ကောလိယမင်းကို မင်းရဲကျော်ဆင်ဟူသော အမည်နှင့် ကွမ်းခွက် လက်ဖက်အိုး ပေးတော်မူ၍ သမီးတော် မင်းအကြီးနှင့် စုံဖက်တော်မူသည်။ သမီးတော်ကိုလည်း ရတနာ ကနူ ဒွေချက်နှစ်စင်း၊ ပတ္တမြားစီ ကွမ်းခွက် ပတ္တမြားစီ လက်ဖက်အိုး၊ တကောင်းပုံးခွေထူးခံ ပေးတော်မူသည်။ ထိမ်းမြားသော အစီအရင်ကို ကျယ်မည်စိုး၍ မဆိုပြီ။ ၎င်းသက္ကရာဇ် ဝါဆိုလဆန်းတစ်ဆယ့်တစ်ရက်စနေနေ့တွင် ကောင်းမှုတော် ဘုရားငါးဆူကို အနေကဇာတင်၍ သာရေခါ တော်မူသည်။ ၎င်းသောခါ အရှေ့ ဝါသိပုဂ္ဂိုလ် ဂါမဝါသိပုဂ္ဂိုလ် ငါးဆူပင်၍ ဆွမ်း လုပ်ကျွေးတော်မူသည်။ ပရိက္ခရာ ရှစ်ပါးနှင့်တကွ ပိတ်အုပ် ခါသာအုပ် ခင်းနှီးလည်း အစုံအနှံ လှူတော်မူသည်။ သဘင်လည်း ခုနစ်ရက် လည်အောင် ခံတော်မူသည်။ ထိုနေ့ပင် ရွှေမော်ဓောဘုရား မဟာစေတီဘုရားများကို ထီးတင်တော်မူသည်။ ၎င်းသောခါလည်း အရည ဝါသိပုဂ္ဂိုလ် ဂါမဝါသိပုဂ္ဂိုလ်တို့ပင်၍ ဆွမ်းလုပ်ကျွေးတော်

မူသည်။ ရှုဗွယ် လှူခင်းလည်း များစွာ လှူတော်မူသည်။ ယင်းသည့်လပင်
သားတော် အဝမင်းရဲကျော်စွာက ဆင်နှင်းစီးဆက်လာသည်။ အားရတော်မူ၍
လက်တော်နှစ်ဘက်တွင် ဝတ်တော်မူသော လက်ကောက် လက်စွပ် ဝတ်တော်
မူသော ပုဆိုး ပတ်လုံး ဆုပေးတော်မူသည်။ ။ထို သက္ကရာဇ် (၉၂၀) ခုနှစ်
တော်သလင်းလ ငလျင်ကြီးစွာ လှုပ်၍ ဘုရားပုထိုး ဂူကျောင်းများစွာ ပြိုပျက်
လေသည်။ တောင်ငူမှာလည်း ဆံတော်ရှင်ဘုရားပြို၍ ရေပြွန်ထွက်သည်။ ယင်း
သက္ကရာဇ် သီတင်းကျွတ်လ လင်းဇင်းမင်း ဥပရာဇာလွန်၍ သားတော်အငယ်
မင်းကြီးနော်ရထာကို လင်းဇင်းမြို့ကို ပေးတော်မူမည် ဟူ၍ စီရင်ခန့်ရန်တော်မူစဉ်
တွင် နတ်တော်လ အဘေးတော် ပြည်ဘုရင် သတိုးဓမ္မရာဇာ အနိစ္စရောက်တော်
မူ၍ ပြည်မြို့လပ်လျှင် ငါ့သားသည် ပျိုငယ်လှသည်။ လင်းဇင်းဟူသော အရပ်
သည်လည်း ဝေးလံသည် အယူတော်ရှိ၍ သားတော် မင်းကြီးနော်ရထာကို သတိုး
ဓမ္မရာဇာ ဟူသော အမည်နှင့် ပြည်ဘုရင် သတိုးဓမ္မရာဇာ အဆောင် အယောင်
အစီး အနင်း အမတ်သားတစ်ကျိပ် ဆင်တစ်စီး ပေးတော်မူ၍ တပေါင်းလဆန်း
တစ်ဆယ့်လေးရက်ကြာသပတေးနေ့ ပြည်မြို့ကို ပေးတော်မူသည်။ ယင်းသော
အခါ အမိန့်တော်ရှိသည်။ ပြည်မြို့သည် ဘုန်းကြီးသော မင်းတို့၏ နေရာ နန်း
တည်မြို့ ဖြစ်သည်။ ယင်းသို့သာမဟုတ် ရခိုင် ဧဝတီနှင့်လည်း အနီးအစပ်ဖြစ်
သည်။ ဆွေတော် မျိုးတော် မည်မည်ဝါဝါကို ပေး၍ မသင့်လေ အယူတော်
ရှိ၍ အမောင်ကို ငါပေးတော်မူသည်။ ငါ့အကျိုးတော်ကိုသို့လျှင် ပြည်သူ လူ
ရဟန်းတို့ အကျိုးကို ဆောင်ပါ။ ငါ့ကိုချစ်လျှင် ပြည်သူ လူ ရဟန်းတို့ကို ဝမ်းထွက်
သားကဲ့သို့ချစ် ဟူ၍ မှာတော်မူသည်။ ။ပြည်ဘုရင် သတိုးဓမ္မရာဇာကြီး
မိဖုရားကား ထုပါရုံ ဒါယကာ နရပတိသားတော် အလတ် မင်းဆင်မျှား
မင်းကြီးစွာ၏ သမီးတော် မင်းရွှေကုံးကို ထုပါရုံ ဒါယကာ နရပတိသားတော်
အငယ် မင်းစောခံ ဆင်ဖြူရှင် သားတော် ဘုရင်ဆွေး မိဖုရားမြောက်ရာတွင်
ပြည်ဘုရင်နရပတိတစ်ပါး၊ ညီတော်မင်းကြီးစော အသက်နှစ်ဆယ်က လွန်သည်
တစ်ပါး၊ နှမတော်မင်းခေါင် မယ်တော်အသက် နှစ်ဆယ်က လွန်သည်တစ်ပါး၊
ညီတော်နရပတိ မယ်တော် အသက်နှစ်ဆယ်က လွန်သည်တစ်ပါး၊ ညီတော်
နရပတိ မယ်တော်ကို အလျှင် ဦးရီးတော်သား မင်းအစောနှင့် စုံဖက်သည်။
မင်းအစောကို ယောက်ဖတော် နရပတိ လုပ်ကြံ၍ နှမတော်ကို စလင်းစည်သူ
ကျော်ထင်နှင့် စုံဖက်ပြန်သည်။ စလင်းစည်သူ ကျော်ထင်ကို ကိုးရာ့ငါးခု
မင်းတရား ရွှေထီးလုပ်ကြံ၍ စလင်းပျက်လျှင် စလင်း မိဖုရားကို ရ၍ ဆင်ဖြူ

များသခင် ဘဝရှင် မင်းတရားကြီးလည်း ညီတော် ပြည်ဘုရင် သတိုးမင်းစောနှင့် ရုံးက်တော်မူသည်။ သမီးတော်ကား ဆင်ဖြူရှင် မယ်ခင်တော်၊ တစ်ပါး၊ မင်းတရားမယ်ခင်တော် ဧးချင်းတွဲ တောင်ငူဆက် ငွေးမယ်မိဖုရား မိဖုရားတစ်ပါး၊ မိဖုရားတွင် သမီးတော် နှစ်ပါးသာ မြင်သည်၊ မင်းတရားကြီး သတိုးဓမ္မရာဇာ ကိုယ်လုပ်တော်တွင် မြင်သည့် သားတော် ပြည်ဘုရင် ဆင်ဖြူများသခင် ဘဝရှင် မင်းတရားကြီးဘုရား သမီးတော်ကား မှ၍ စလင်းကို ပေးတော်မူသည်။ ငယ်မည် ရှင်ဇင် ရခိုင်သို့ ရောက်သည့် ရုံးက်တော် မင်းရဲသိင်္ခသူ တစ်ပါး၊ ညီတော် ငယ်မည် မင်းချမြတ် တိုင်တားကို စားသည့် တစ်ပါး၊ ညီတော်မင်းရဲဥဇနာကြီး နောက်စလင်းကိုစားသည့်တစ်ပါး၊ နှမတော် တကုမင်းသမီးတစ်ပါး၊ မောင်တော်မလှယ်မင်း ရခိုင်သို့ပါလေသည် တစ်ပါး၊ ညီတော် ရှင်နေမျိုး ပြည်ရန်နိုင်မင်း လုပ်ကြံခံလသည် တစ်ပါး၊ ရှင်နေထွန်း ငင်းလုပ်ကြံခံလသည်တစ်ပါး၊ ညီတော် ရှင်နေဝန်း ငင်းလုပ်ကြံ လေသည် တစ်ပါး၊ ညီတော် ပဥ္စသိဟ မော်လမြိုင်ကို စားသည်၊ နောက်တရုတ် မော်ကို စားသည်။ နောက် ရခိုင်သို့ ပါ၍ ရခိုင်မှာ ကျော်သင်ခေါ်ရထာ ခံလ သည် တစ်ပါး၊ အိမ်နိမ့်သားတော် ရှစ်၊ သမီးတော် တစ်၊ ပေါင်း ကိုးပါး။

## မိုးကောင်းစော်ဘွား ပုန်စားသည်ကို ချီတက်တိုက်ခိုက်စေတော်မူခန်း

သက္ကရာဇ် (၉၅၂) ခုနှစ်တွင် မိုးကောင်းစော်ဘွား ပုန်ကန် သောင်းကျန်း လေသောကြောင့် ဘဝရှင် မင်းတရားကြီး ဘုရားလည်း မှူးတော် မတ်တော် အပေါင်းတို့ကို ခေါ်တော်မူ၍ နိုင်းယှဉ် တိုင်ပင်တော် မူသည်ကို သိရိဇေယျ နော်ရထာ လျှောက်သည်။ ယခုပြည်ထဲ အရေးကို တောက်ရှူးသော် ယိုးဒယား မင်း ဖြုန်ရာဇ်သည် ကျေးဇူးသစ္စာတော်ကို မစောင့်၊ သောင်းကျန်း ဌင်ပြ လေသည်ကို အကြိမ်ကြိမ်ချီ၍ လုပ်ကြံတော်မူသည်၊ အရေးတော် မလေချ။ ယင်းသို့ အရေးမလှလျှင် နိုင်ငံတော် ရှမ်းပြည်၊ ယွန်းပြည် အပေါင်းတို့သည် နှလုံးမပျပ်မဝပ်ရှိချေသည်။ ယင်းသို့ဖြစ်သောကြောင့် ယိုးဒယားသို့တစ်ကြောင်း၊ မိုးကောင်းသို့ တစ်ကြောင်း အလုံးအရင်း အများ စီရင်တော်မူ၍ ချီစေမှ အရေးတော် သင့်မည်ဟူ၍ နားတော်လျှောက်သည်။ ဘဝရှင် မင်းတရားကြီး ဘုရားလည်း သိရိဇေယျ နော်ရထာလျှောက်သော အရေးကို ကြိုက်တော်မူ၍

ဒီပယင်းစား တစ်တပ်၊ မြေဒူးစား တစ်တပ်၊ ပဲ့စား တစ်တပ်၊ ကန္နီစားတစ်တပ်၊ ပုခန်းကြီးစားတစ်တပ်၊ စလေ့ကိုင်းစားတစ်တပ်၊ ငစဉ့်ကူးစားတစ်တပ်၊ တကောင်းစား တစ်တပ်၊ မြတောင်းစား တစ်တပ်၊ ထရုတ်စား တစ်တပ်၊ စည်ပုတ္တရာစားတစ်တပ်၊ တောင်ငူမင်း သားတော် နတ်ရှင်နောင် တောင်ငူအားနှင့်တစ်တပ်၊ သားတော် ပြည်မင်း သတိုးဓမ္မရာဇာ တစ်တပ် သည်တစ်ဆယ့်သုံးတပ်ကို တိုက်ဆင်ငါးရာ မြင်းခြောက်ထောင်၊ စစ်သည် သူရဲ တစ်သိန်းနှင့် မိုးကောင်းသို့ (၉၅၂)ခုနှစ် တန်ဆောင်မုန်းလဆန်း ငါးရက်နေ့တွင် ချီရသည်။ ယိုးဒယားသို့ ချီရာတွင် လည်း သက်ရှည် ကျော်ထင်တစ်တပ်၊ ဗညား ကျွန်းတော တစ်တပ်၊ တလ ကျော်ထင် တစ်တပ်၊ ဗညားလေးတစ်တပ်၊ နန္ဒကျော်ထင်တစ်တပ်၊ သတိုးတစ်တပ်၊ သမိန်ရဲသင်ရံတစ်တပ်၊ ဘယဂ မြဂ္ဂါတစ်တပ်၊ ဗညားပရံတစ်တပ်၊ သိရိဇေယျ ကျော်ထင်တစ်တပ်၊ သမိန်လက္ခုန်းအိန်တစ်တပ်၊ နန္ဒသူရိယတစ်တပ်၊ သမိန်သံကျယ် တစ်တပ်၊ ရာဇသင်္ကြံတစ်တပ်၊ သမိန်ဇိပ်ပွန်တစ်တပ်၊ ဗညားဗတ်တစ်တပ်၊ ဇေယျ သင်္ကြံတစ်တပ်၊ အမ္ဗန်တာရာတစ်တပ်၊ သိရိဓမ္မာသောက တစ်တပ်၊ ဇင်းမယ်က ဗညားသေဉ်လုံ တစ်တပ်၊ ဗညားတရှိုင် တစ်တပ်၊ ဗညားဗျည်း တစ်တပ်၊ သမက်တော် မင်းရဲကျော်ထင် တစ်တပ်၊ သားတော် ဥပရာဇာ တစ်တပ်၊ သည်တစ်ဆယ့်လေးတပ်တွင်ပါသည့် တိုက်ဆင်တစ်ထောင်၊ မြင်းတစ်သောင်း နှစ်ထောင်၊ စစ်သည်သူရဲနှစ်သိန်းနှင့် ရင်းတန်ဆောင်မုန်းလပြည့်ကျော်တစ်ဆယ့် နှစ်ရက်နေ့ ယိုးဒယားသို့ ချီရသည်။ လက္ခုန်းအရပ်သို့ရောက်လျှင် ယိုးဒယား ဖြနရာဇ်လည်း ဆင်သည့်မြင်းသည့်တို့ကို လက္ခုန်းခရိုးတွင် ဖြစ်ရှိနေစေပြီးမှ ဖြနရာဇ်မှုကား အမတ် ခြောက်ကျိပ် ဆင်ကောင်း ခြောက်ဆယ်နှင့် တောထဲက ပုန်း၍ နေသည်။ မဟာဥပရာဇာတို့လည်း ယိုးဒယားစစ်သည်တို့ကိုမြင်လျှင် စစ်မျက်နှာ ဖြန့်၍ အကြောက်အရွံ့မရှိ ရှုပ်ရှုပ်ချွံချွံ လိုက်၍တိုက်သည်။ ယိုးဒယားစစ်သည်တို့ ဆုတ်လေသည်။ ရဲမက်တော်တို့လည်း လိုက်ထပ်၍ တိုက်သိပ်သည်နှင့် ယိုးဒယား ဖြနရာဇ်တောက ထွက်၍တိုက်လေသည်။ မဟာဥပရာဇာတို့ နှစ်ဆယ့်လေးတပ် အားလုံးပျက်ချေသည်။ ပုဂံမင်း၊ ပုသိမ်မင်း တို့ကိုသူရလေသည်။ ရဲမက်တော် တို့လည်း အထိအပါး အရှုံးအနာ အသေအပျောက် များချေသည်။ ယင်းသို့လျှင် မဟာဥပရာဇာတို့ နှစ်ဆယ့်လေးတပ်လည်း၊ ပရမ်းပတာ မရှုံးစုနိုင်ရှိချေ၍ အလျင် အမြန် ပြန်တော်မူရချေသည်။ တန်ခူးလ ဟံသာဝတီသို့ ရောက်တော်မူသည်။ ရောက်လျှင် သားတော်ကို ခမည်းတော်ဘုရား နှုတ်ပြစ် တင်တော်မူသည်။ တပ်မှူး စစ်ကဲ အပေါင်းတို့ကိုလည်း လည်ကိုလိုးဖောက်၍ ထားရလေသည်။

သားတော် ပြည်သတိုးဓမ္မရာဇာတို့ မိုးကောင်းသို့လေထားရှာ မိုးကောင်းသို့ရောက်လျှင် မိုးကောင်းစော်ဘွားသည် မြို့ပြ ကျုံးမြောင်းကို ခိုင်လုံအောင် ပြု၍ ခံနေသည်ကို ရှုပ်ရှပ်ချုံချုံ အဆီးအတားမရှိ လုပ်ကြံတော်မူ၍ မခံနိုင်၍ပျက်လျှင် စော်ဘွားဆင် မြင်း သံ့ပန်းလူသူ တို့ ကို သိမ်းတော်မူသည်။ ပြန်လေသည်။ ဘန်ဒူးလ ဟံသာဝတီသို့ ရောက်သည်။ ခမည်းတော် ဘုရားလည်း သားတော်တို့ကို အားရတော် မူ၍ ရခဲ့သည့် ဆင်သုံးဆယ် မြင်းသုံးရာ ကျော် လူငါးရာကျော်ကို ပေးတော်မူသည်။ လက်တော်နံပါက်တွင် ဝတ်တော် မူသော လက်ကောက် လက်စွပ်၊ ဝတ်တော်မူသောရုံဝတ်လုံကိုလည်း ပေးတော် မူသည်။ တောင်ငူမင်း သားတော်နတ်ရှင်နောင် အစရှိသော တပ်မှူးစစ်ကဲ အပေါင်းတို့ကိုလည်း အဆောင် အယောင် စားကျေး စားလက် ပေးတော် မူသည်။ ယင်းသည် နှစ်တွင် လျှင်ကြီး လှုပ်၍ တောင်ငူတွင် ဘုရားပုထိုး ဂူကျောင်း ပြိုပျက်လေသည်။ အဝမှာလည်း ရွှေစည်းခုံ ဂူအော်သစ် ထီးလှိုင် ရှင် စစ်ကိုင်းပုညရှင် ထူပါရုံဘုရားများ ပြိုပျက်သည်။ ထိုဘုရားများကိုလည်း အဝ မင်းရဲကျော်စွာ ထပ်၍ လုပ်တော်မူသည်။ ဟံသာဝတီ မှာလည်း ရွှေမော်ဓော အစရှိသော ဘုရားပုထိုး ပြိုပျက်သည်ကို ထပ်မံ၍ လုပ်တော် မူသည်။ ။သက္ကရာဇ်(၉၅၃) ခု ဝါဆိုလ ရွှေမော်ဓော အစရှိသော ဘုရား များကို ထီးတင်တော်မူသည်။ အဝမှာလည်း ပုညရှင်ဘုရား ပြိုပျက်သည်ကို ထပ်မံ၍ ထီးတင်တော်မူသည်။ တောင်ငူမှာလည်း သရဖီးညီနောင် အစ ရှိသော ဘုရားပုထိုးတို့ကို လုပ်၍ပြီးလျှင် ထီးတင်လေသည်။ ယင်း သက္ကရာဇ် တန်ဆောင်မုန်းလ မင်းစိတ်အရှေ့ဘက်ချောင်းကြီး တူးရသည်။ ။ထိုသက္ကရာဇ် တွင် မိုးကောင်းစော်ဘွားကြီးသား မိုးစစ်စားသည် မိုးကောင်းမြို့ကို ဝင်၍ ပုန်ကန်သောင်းကျန်းပြန်လေသောကြောင့် မြေဒူးစားတစ်တပ်၊ ဒီပယင်းစား တစ်တပ်၊ စည်ပုတ္တရာစားတစ်တပ်၊ ကန်နီစားတစ်တပ်၊ ဇဒုံစားတစ်တပ်၊ အမြင့် စားတစ်တပ်၊ ပုခန်းကြီးစားတစ်တပ်၊ တလုပ်စားတစ်တပ်၊ ပုဂံစားတစ်တပ်၊ မြင်း စည်စားတစ်တပ်၊ မြင်စိုင်းစားတစ်တပ်၊ စစ်ကိုင်းစားတစ်တပ်၊ ဇေယျကူးစား တစ် တပ်၊ တကောင်းစားတစ်တပ်၊ မြေတောင်စားတစ်တပ်၊ သားတော် မင်းရဲကျော်စွာ ကို ဗိုလ်မှူးခန့်တော်မူသည်။ သည်တစ်ဆယ့်ခြောက်တပ်တွင်ပါသည့် တိုက်ဆင် ခြောက်ရာ၊ မြင်းခြောက်ထောင်၊ စစ်သည်သူရဲ ရှစ်သောင်းနှင့် မိုးကောင်းသို့ ချီရသည်။ မိုးကောင်းသို့ရောက်လျှင်စော်ဘွားမြို့က ခံသည်ကို နွားကို ခြံလှောင် သကဲ့သို့ မြို့ကို ဝန်းရံ၍ နေသည်။ ခုနစ်လခန့်ရှိ၍ မြို့တွင်းသားတို့သည် မျိုးဝိုက်ွာ

ကုန်လျှင် ပြင်တပ်သို့ ဝင်လာသည်။ နောက်လျှင်ဆင်ဘွားနှင့်တကွ တစ်မြို့လုံး ဝင်လာ၍ ရလျှင် ဆင်ဘွားကို မင်းရဲကျော်စွာ ကျွပ်၍ ပြန်တော်မူသည် ဟံသာဝတီသို့ ရောက်လျှင် သားတော် မင်းရဲကျော်စွာကို အားရတော်မူ လက်တော်နှင်းအက်တွင် ဝတ်တော်မူသောလက်စွပ် လက်ကောက် ဝတ်တော် မူသော ပုဆိုးကောင်း ဝတ်လုံပေးတော်မူသည်။ ရွှေလှေ ခင်တုရင် လုပ်၍ ဟူ၍လည်း အမိန့်တော်ရှိသည်။ တပ်မှူးစစ်ကဲ အပေါင်းတို့ကိုလည်း အထိုက် အလျောက် အဆောင် အခယောင် ရွှေငွေအဝတ်ပုဆိုး ဆုပေးတော်မူသည်။

ယိုးဒယား မြို့ရှင်လည်း ဟံသာဝတီက အကြိမ်ကြိမ် ချီလာသည်။ လုပ်ရည် ကြံ့ရည် ငါတို့ကို မတန်သောကြောင့် ချီလာသမျှ ပျက်၍သာ ပြန်ရလေသည် ယခု ဟံသာဝတီတိုင်အောင် ချီ၍ စမ်းမည် ဟူ၍ အမှတ်ရှိသည်။ စစ်သူကြီး ညြယားဝင် တစ်တပ်၊ ညြယား သုဒ္ဓလောက် တစ်တပ်၊ ညြယား ပိတ် တစ်တပ်၊ ညြယား ပိတ်သလောက် တစ်တပ် သည် လေးတပ်ကို တိုက်ဆင် လေးရာ၊ မြင်းလေးထောင်၊ စစ်သည်သုံးရဲ ငါးသောင်းနှင့် ချီလာ၍ ဝင်ယော်သို့ ရောက်လာသည်။ ထိုအကြောင်းကို ကင်းထိုးသူတို့ လျှောက်လာ၍ ကြားတော် မူလျှင် မုတ္တမ သုံးဆယ့်နှစ်မြို့စားတို့ကို ဆီး၍ခံလေ အမိန့်တော်ရှိ၍ သုံးဆယ့် နှစ်မြို့သားတို့သည် ဆင် မြင်း အလုံးအရင်း စုရုံး၍ ဝင်ယော်တွင်နေသော ယိုးဒယားစစ်သည်တို့ အားနည်းသည်ကို သိလျှင် အကြောက် အရှုံ မရှိ၊ ဆင်နှင့် ချည်း မြို့ရင်းသို့ ချဉ်း၍ လုပ်ကြသည်။ မခံနိုင်၍ ယိုးဒယားသားတို့ ဝင်ယော် မြို့သို့ ညဉ့်တွင်ပင် တူးပြို၍ ညဉ့်ကို အပြင်းခွါလေသည်။ ရဲမက်တော်တို့လည်း နှစ်စခန်း သုံးစခန်းတိုင်အောင် လိုက်သည်။ မမှီ၍ ပြန်လာသည်။ ဘဝရှင် မင်းတရား ဘုရားလည်း မြို့စားတို့ကို အားရတော်မူ၍ အထိုက် အလျောက် ဆုပေးတော်မူသည်။

ထို သက္ကရာဇ်တွင် ဟံသာဝတီ ရွှေမြို့တော် ဝန်းကျင်တွင်ရှိသော တံခါး ပြအိုးများကို ဖျက်၍ ယိုးဒယားတန်ဆောင်း ပြအိုးကဲ့သို့ချည်း လုပ်ပြန်ရသည်။ ယင်း သက္ကရာဇ် (၉၅၄) ခု နတ်တော်လတွင် သားတော် မဟာ ဥပရာဇာ အစရှိသော မှူးတော် မတ်တော် အပေါင်းတို့ကို ခေါ်တော်မူ၍ ဤသို့ အမိန့်တော်ရှိသည်။ မင်းညီမင်းသား အပေါင်းတို့သည် ငါ့ကျေးဇူးတော်ကိုသာ မှတ်၍ ငါ့အမှုတော်ကို ကြိုးကြိုး ပမ်းပမ်း မထမ်းသောကြောင့် ယိုးဒယား မြို့ရှင်

ဝယ် သောင်းကျန်း ရိုင်းပြရလေသည်ကို အကြိမ်ကြိမ် ကိုရှု အရေးတော် မပြီးရှိရသည်။ ငါ့ကျေးဇူးသစ္စာတော် ...ပါးကိုသာ တောက်ရှု အမှုတော်ကို ကြိုးစား အားထုတ် ထမ်းတပြီးကား ယိုးဒယား ဖြစ်ဆုံ ငါ့လက်တော်က လုပ်ရမည် သဘောရှိသလော၊ ယင်းသို့ ဖြစ်သောကြောင့်သည်တမ်ကြိမ်အသက် နှင့်ရှိ အမှုတော်ကို ထမ်းကုန်ကြ ဟူ၍ အမိန့်တော် ရှိသည်ကို ဗညားလော ကြားလျှင် ဤသို့ နားတော် လျှောက်သည်။ ယိုးဒယားမှသည် ကျွန်တော် တို့အင်အားနှင့် ထောက်သော် အစိတ်အပြားမျှ မရှိ၊ ထိုသို့ အစိတ်အပြားမျှ မရှိ သော်လည်း မြန်မာစစ်သည် အာဏာကြီးသောကြောင့် သူ့ကျွန် တပ်မှူး စစ်က အပေါင်းတို့သည် ရန်သူကို တွေ့သောအခါ အသက်ကို နှမြောတော့သည်သာ မဆုတ်မခွါပြီ။ ထိုကြောင့် ကျွန်တော်တို့ အလုပ်အကြံ ခံက်လှချေသည်။ စစ်တို့၏ သဘောသည်လည်း အင်အားနည်းသည် များသည်ဟူ၍ မမှတ်ရချေ၊ အရဲ အစွမ်း လုပ်ရည် ကြံရည်သာ အရင်းဖြစ်ချေသည်၊ ယင်းသို့ ဖြစ်သော ကြောင့် သားတော် ဥပရာဇာ၊ သားတော် အငယ်၊ ပြည်ဘုရင် သတိုးဓမ္မရာဇာ၊ တောင်ငူမင်း သားတော် နတ်ရှင်နောင်တို့သည် အရဲ အစွမ်း လုပ်ရည် ကြံရည်နှင့် ပြည့်စုံကြလေသည်။ အလုံး အရင်း အများနှင့် ခန့်ရန်တော်မူမှ အရေးတော် ပြီးလွယ်မည် ဟူ၍ နားတော်လျှောက်သည်၊ ဘဝရှင်မင်းတရားကြီး ဘုရားလည်း ဗညားလော လျှောက်သော အရေးကို ကြိုက်တော်မူ၍ စီရင်ခန့်ရန်တော်မူသည်။ နန္ဒကျော်ထင်တစ်တပ်၊ ဗညားပရံတစ်တပ်၊ သက်ရှည်ကျော်ထင်တစ်တပ်၊ ဗညား ကျန်းတောတစ်တပ်၊ ဘယဂါမဏိတစ်တပ်၊ ဗညားဒတ်တစ်တပ်၊ ဘယကျော်ထင် တစ်တပ်၊ ဗညားလောတစ်တပ်၊ ရာဇသင်္ကြံတစ်တပ်၊ သမိန်လကျွန်းအိမ်တစ်တပ်၊ သခ်ယာတစ်တပ်၊ သမိန်ရဲသင်ရုံတစ်တပ်၊ ဇေယျသင်္ကြံတစ်တပ်၊ ဗညားဒလ တစ် တပ်၊ သီရိဇေယျနော်ရထာတစ်တပ်၊ သမိန်အဲပရဲတစ်တပ်၊ မင်းမဟာတစ်တပ်၊ အဲမွန်တရာတစ်တပ်၊ စက္ကတေးတစ်တပ်၊ သမိန်ဇိပ်ပွန်တစ်တပ်၊ နန္ဒသူရိယတစ်တပ်၊ သမိန်သံကျယ်တစ်တပ်၊ ဇင်းမယ်က ဗညားသော့လုံ၊ ဗညားနန်၊ ဗညားဖြူ၊ ဗညား တုရိုင်တို့နှင့် ဇင်းမယ်ဘုရင်တစ်တပ်၊ တောင်ငူက သားတော်နတ်ရှင်နောင်နှင့် တောင်ငူဘုရင်တစ်တပ်၊ ပြည်အားနှင့် သတိုးဓမ္မရာဇာတစ်တပ်၊ မဟာဥပရာဇာ တစ်တပ်၊ သည့်တစ်ဆယ့်နှစ်တပ်တွင်ပါသည့် တိုက်ဆင်တစ်ထောင့်ငါးရာ၊ မြင်း နှစ်သောင်း၊ စစ်သည်သူရဲနှစ်သိန်းလေးသောင်းနှင့် (၉၃၅)ခု နတ်တော်လဆန်း နှစ်ရက် ဗုဒ္ဓဟူးနေ့ ယိုးဒယားသို့ချီရသည်။ ယိုးဒယားသို့ တပို့တွဲလဆန်း ရှစ်ရက် နေ့ရောက်လျှင် ဆင်ရဲ ဘုန်းစုံကို မဟာ ဥပရာဇာ စီး တော် မူ၍ လက်ယာက

နေရသည်။ လက်ဝဲက နတ်ရှင် ညီတော်သတိုးဓမ္မရာဇာကို အလုံးအရင်းနှင့် နေရသည်။ မှန်ပြည်သော ပေါက်ကျော်ဇေယျကို နောင်ကို အလုံးအရင်းနှင့် နေရသည်။ မှန်ပြည်သော ဆင်တော်လက်ယာကမန်းမဝေးတွင်နေသည်။ ဆင်မှန် ဇာသရိုးစားကိုစီးစေ၍ ဆင်တော်လက်ယာကမန်းမဝေးတွင်နေသည်။ ယိုးဒယားမင်း ပြင်းလှသောကြောင့် မျက်နှာကို ပုဆိုးအုပ်၍ထားရသည်။ ယိုးဒယားမင်း ဖြူရာဇ်လည်း ဖြလုံးပုံလှသောဆင်ကို စီး၍ အမှုးအမတ် အလုံးအရင်း အမျ⁻း နှင့် ပြိုကထွက်လာသည်။ မဟာဥပရာဇာကို မြင်လျှင် ဆင်ကို မဟာဥပရာဇာ ရှိရာသို့ အပြင်းလွှတ်လာသည်။ ဇာသရိုးစားလည်း ဖြူရာဇ် လွှတ်လာသည်ကို တိုက်မည်ဟု မျက်နှာအုပ်၍ ထားသော ပုဆိုးကို ဖွင့်သည်ကို ဖြူရာဇ် စီးသော ဆင်ကိုကား မဝေ့ နောက်သို့ပြန်၍ မဟာဥပရာဇာ စီးသောဆင်ကို အပန်း တကြီး ဝေ့လေ၍ မဟာဥပရာဇာလည်း အပန်းတကြီးပင် တိုက်တော် မူရချေ သည်။ ယင်းသို့စဉ်တွင် ဆင်ကလဲ ချေသည်နှင့် ယိုးဒယားက လွှတ်လိုက် သော စိန်ပြောင်းသင့်၍ ဆင်ဦးတွင်ပင် မဟာဥပရာဇာ ဆုံးချေသည်။ ကုန်းလယ် စီးသော တရုတ်လက အမြောက် သင့်ကြောင်းကို သိလျှင် မဟာဥပရာဇာ ကိုမှ၍ ဆင်ကို ဆောက်ချုံသို့မှီ၍ နေစေသည်။ ဖြူရာဇ်လည်း မဟာဥပရာဇာ ဆုံးကြောင်း မသိသောကြောင့် လိုက်၍ မတိုက် အမ်း၍ နေသည်။ လက်ဝဲက နတ်ရှင်နောင် ဥပေါသထကိုစီး၍ တိုက်သည်။ ယိုးဒယားမင်း၊ ဖြူရာဇ် ရွှေ့ လေ၏။ ရွှေ့ကြောင်းကို ပြည်ဘုရင်၊ တောင်ငူဘုရင်၊ ဇင်းမယ်ဘုရင် စသော တပ်မှူး စစ်ကဲ အပေါင်းတို့မြင်လျှင် ချွန်းဖွင့်ကာ လိုက်သိပ်၍ တိုက်ကြသည်။ ကျုံးနားသို့ရောက်လေ၏။ ဖြူရာဇ်လည်း အလျင်ဆုတ်၍ မြို့ကခံ၍ နေလေ၏။ ထုံးဘိုစားလက်ဝဲထားမှူးနှင့် ဝင်ယော်စားလည်း အလိုက်ကျ၍ သူကရလေ၏။ ယိုးဒယားအမတ် ဩယားတတ်နှင့် ဩယားစက္က တို့ကိုလည်း နတ်ရှင်နောင် တပ်သားတို့ အရှင်ရလိုက်သည်။ ယင်းသို့မှ မဟာဥပရာဇာ ဆုံးချေပြီဖြစ်၍၊ ပြည်ဘုရင်၊ တောင်ငူဘုရင်၊ ဇင်းမယ်ဘုရင် အစရှိသော တပ်မှူး၊ စစ်ကဲ အပေါင်းတို့သည် တစ်တိုင်ကျော်ခန့် ဆုတ်ခဲ့၍ ရုံးစည်းပြီးလျှင် ဥပရာဇာ အလောင်းတော်ကို သည်တွင်သင်္ဂြိုဟ်၍ ယိုးဒယားမြို့ကို လုပ်ကြံရသော် သင့်မည် လောဟူ၍ တိုင်ပင်ကြသည်။ ထိုအခါ ပြည်ဘုရင် သတိုးဓမ္မရာဇာ ဤသို့ မိန့်တော်မူသည်။ ယခုလည်း နောင်တော် ဥပရာဇာမရှိလျှင် အကွပ်မဲ့သည့် ကြမ်းကဲ့သို့ ရှိချေသည်။ ယိုးဒယားကို ပြန်၍လုပ်ကြံမည်ဆိုသည့်အရေး မသင့်ပြီ။ တစ်ကြောင်းမှာလည်း နောင်တော်အလောင်းကို သည်တွင်သင်္ဂြိုလ်မည်ဆိုသည် အရာကို မစည်းမရစ် သင်္ဂြိုဟ်သင့်မည်လော၊ အပြစ်တော်တင်မည်ကိုလည်း မမြင်

နှင့်၊ ယင်းသို့ဖြစ်သောကြောင့် စစ်ရေးလည်း လူသည်နှင့် သည်တစ်ကြိမ်ကို မြန်ပြီးတော့မည်။ နောင်မိုးစဲ လင်းပွင့်ကိုမှ တစ်ကြိမ်တိုက်၍ လုပ်ကြရတော့မည် ဟူ၍ မိန့်တော်မူလျှင် တောင်ငူဘုရင်၊ ငင်းမယ်ဘုရင် စသော တပ်မှူး စစ်ကဲ အပေါင်းတို့ သဘောတူကြ၍ မဟာဥပရာဇာ အလောင်းတော်ကို ဝ သရက်သားကို ဖျဉ်လုပ်ပြီးလျှင် ပြဒါးသွတ်၍ တပ်စဉ်အတိုင်း ကောင်းမွန် ပြန်ရသည်။ တပေါင်းလ ဟံသာဝတီသို့ရောက်သည်။ အဘ ဆင်ဖြူရှင် မင်းတရားကြီး ဘုရားလည်း သားတော် မဟာဥပရာဇာ ဆုံးလေ၍ အလောင်းတော်ကို ဆောင်ယူ၍ ပြန်လာကြောင်းကို ကြားသိတော်မူလျှင် ရှင်မိဖုရားပေါင်းကြီးနှင့် တကွ ဆီးကြို၍ စကြဝတေးမင်းကို သင်္ဂြိုဟ်သကဲ့သို့ ဆင်လုံး၊ မြင်းရင်း၊ မှူးတော်၊ မတ်တော် အများဝန်းရံ၍ သင်္ဂြိုဟ်တော်မူသည်။ ငိုကြွေးကဲ့တော်မူသည်။ ရာဇဝင်ကြီး၊ ရာဇဝင်လတ်တို့၌ အိမ်ရှေ့မင်း ဆုံးသည့် ပွဲတွင် ငင်းမယ်ဘုရင်၊ တောင်ငူဘုရင်တို့ ပါကြောင်းကိုမဆို၊ ယခု ဆိုခဲ့သည့်ကား မင်းရဲနရာဇချင်းတွင် "ထိုနောင် တစ်ဖန်၊ မျက်တော်ပန်၍၊ နန်းရံ မဟာ၊ ဥပရာနှင့်၊ နရာဘုန်းကြွယ်၊ ငင်းမယ်ဘုရင်၊ တုပင်မကောင်း။ ဘိုးတော်ရင်းက၊ မိမင်းချစ်ဘ၊ ချီပြန်ရရှင့်" ဟု ဆိုသော စကားနှင့် အညီတည်း။

ယင်းသော အခါ ရဟန်းများ မင်းတိုင်းကို ကြောက်၍ ရဟန်းပြုသည်၊ ဝိနည်း ကျမ်းဂန်နှင့်အညီ မကျင့်ဟူ၍ နိသျည်းပေးရသည်။ သက္ကရာဇ်(၉၅၅)ခု ဝါဆိုလတွင် နိသျည်းပေး၍ မရသော ရဟန်းများကို လူပြုရသည်။ မွန်ရဟန်း ဗားမဲ့ဘုန်းကြီး ဗားတမော့ဘုန်းကြီး တို့ကိုလည်း ယုံကြည်တော် မမူ၍ ညောင်ရမ်းမှာ သိတင်းသုံးရသည်။ အချို့သော မွန်ရဟန်းတို့ကိုလည်း အဝ စစ်ကိုင်း ရှမ်းပြည်သို့ အသီးသီး ပို့ရသည်။ ဟံသာဝတီတွင် ကိုယ်ရံတော် အပေါင်းတို့ကိုလည်း အရေးရေး မသိမသာ ဟူ၍ လက်မောင်းတွင် မင်းသေ ဆေးနှင့် လက်ဝဲလက်ယာ ရှေ့နောက် အက္ခရာ ထိုးမှတ်ရသည်။ သူကောင်း သားမြေးတို့ကိုလည်း စီစစ်တော်မူ၍ ရှေ့ပြည်မြင်း ဖွဲ့တော်မူသည်။ ထို သက္ကရာဇ် နတ်တော်လတွင် မောင်းပိပုန်စား၍လည်း ခမည်းတော်က အမှူး အမတ်တို့ကိုချီ၍ လုပ်ကြံစေသည်။ အောင်မြင်တော်မူလျှင် မွန်တို့ ထွက် ပြေး၍မူ အချို့လည်း ရခိုင်သို့ ဝင်လေသည်။ အချို့လည်း ပြည် တောင်ငူသို့ ဝင်လေသည်။ ဝင်သောသူတို့ကို မှတ်၍ ထားကြလေသည်။ ရခဲ့သော မွန် တို့ကိုလည်း ဟံသာဝတီသို့ ရောက်လျှင် အကုန်အစင် ကွပ်မျက်လေသည်။ ထိုမှ

တစ်ပါး မှန်ရှိသမျှကိုလည်း ယုံကြည်တော်မမူ၍ ဖမ်း၍ သတ်ရသည်။ ယင်းသို့ သွားသောအခါ မှန်တို့သည် သေမည်ကို ကြောက်၍ ရခိုင်သို့ ရှုံရာ ယိုးဒယားသို့ ရှုံရာ ဝင်းမယ်သို့ ရှုံရာ ပြေးကြလေသည်။ ၎င်း သက္ကရာဇ် ပြာသိုလဆန်း၊ တွင် ဆင်ဖြူကြီး မှာချေသည်။ ယင်း သက္ကရာဇ် တပို့တွဲလဆန်း ၇ ရက် ဗုဒ္ဓဟူးနေ့ သားတော် အဝမင်းရဲကျော်စွာကို အိမ်ရှေ့ ပေးတော်မူမည် ဟူ၍ ခေါ်တော်မူသည်။ မင်းရဲကျော်စွာလည်း မြောက်ဘက်တစ်လွှားမှ စ၍ ရှောဝတီမြစ်လုံး တလျှောက် ကျော်စည် တစ်တန်းတွင်ရှိသော လူအပေါင်းတို့ကို သိမ်းယူတော်မူ၍ ထပေါင်းလဆန်း၊ အသာ ရန်တော်မူသည်။ အဝတွင်မူကားအချိုတော် လက်ရွေးကြီးမှုနှင့် ရဲလှမ်းညီကို လူသုံးထောင်ကျော်နှင့် အစောင့်အနေ နေစေတော်မူသည်။

မော်လမြိုင်စား မှန်တို့ ပုန်ကန် ခြားနား၍
ယိုးဒယားမင်း ဖြန့်ရာင် ဟံသာဝတီသို့
စစ်ချီလာခြင်းအကြောင်း

မင်းရဲကျော်စွာ ဟံသာဝတီသို့ ရောက်လျှင် အိမ်ရှေ့ ပေးတော်မူသည်၊ တန်ခူးလတွင် ဘုရားရုပ်တုတော်များ ရွှေးယိုသည်။ ။(၉၅၆) ခု ဝါဆို လပြည့်ကျော်တစ်ဆယ့်သုံးရက် သောကြာနေ့ နန်းတော်ကို မိုးကြိုးသင့်သည်။ ထို သက္ကရာဇ် (၉၅၆) ခု တန်ဆောင်မုန်းလ မော်လမြိုင် ပုန်စားလေသည်ကို ဘယက မြို့တစ်တပ်၊ ဗညားကျန်းတော တစ်တပ်၊ သီရိဓမ္မာသောကတစ်တပ်၊ ဗညားလောတစ်တပ်၊ ရာဇသင်္ကြံ တစ်တပ်၊ ဘယကျော်ထင် တစ်တပ်၊ သီရိဇေယျကျော်ထင် တစ်တပ်၊ ထောင်ငူမင်း တစ်တပ် သည် ခုစ်တပ်ကို တိုက်ဆင်လေးရာ မြင်းလေးထောင်၊ စစ်သည်သူရဲ ခုစ်သောင်းနှင့် ချီ၍ လုပ်ကြံရလေသည်။ မှန်တို့လည်း ယိုးဒယားသားနှင့် တစ်ချက်တည်း ရုံးစု၍ တိုက်လေသည်၊ ရဲမက်တော်တို့ ပျက်ချေ၍ ပြန်လာသည်။ ရောက်လျှင် တောင်ငူမင်းကို နှုတ်ပြစ် အနာအကျင် တင်တော်မူသည်။ သီရိဓမ္မာသောကကိုလည်း အပြစ်ပေး၍ အနိစ္စရောက်ချေသည်။ ။ထိုနှစ် တပို့တွဲလတွင် နမဘော် အဝ သတို့မင်းစော မိဖုရား အနိစ္စရောက်တော်မူသည်။ ကောင်းမှန်စွာ မိဖုရားကြီးဘွဲ့ အဆိုပြီးခြင်းဖြင့် လိုက်၍ သဂြိုဟ်တော်မူသည်။ ။သားတော် အိမ်ရှေ့ မင်းရဲကျော်စွာလည်း ပြည်သူ ရွာသားနှင့် ဆန့်ကျင်သော အမှုကိုသာ ပြုတော်မူ၍

ညီတော်ပြည်ဘုရင် သတိုးဓမ္မရာဇာနှင့် နှလုံး နေ့ဥ် ယှက်ကြသည်။ မင်းရဲ ကျော်စွာ အရေးတော်မှားသည့်အကြောင်းကား မှန်တို့ကို လယ်မလုပ်စေနှင့် မြင်တော်မူပြီးလျှင် မင်းရဲကျော်စွာက ကျွဲနွားနှင့်တောင်ကျော် သုံးထောင် မြို့ပြင်နှံမျှ လယ်လုပ်စေ၍ ရသည့် စပါးတို့ကို ကျီနှင့် ထားပြီးလျှင် လယ် မလုပ်ရ သည့်သူတို့မှာ ရှားပါးတော်မူတ်၍ ရှိမှ ငါးစပါးကိုသာ ခံ၍ အခြားသူ စပါးကို မခံစေနှင့် မြစ်၍ ကြေးဘိုးကို ယုတ်လျော့၍ ချင့်ရသည်။ မြို့တွင်း နှိုးသော ခွေးဟူသမျှကိုလည်း ရွှေလုံတော်သားတို့ သတ်ရသည်။ သည်ကဲ့သို့သော ပြည်သူ ရွာသားတို့ နှလုံးမကြည်ရှိအောင် ပြုလေ့ရှိသည်နှင့် ခမည်းတော် ဘဝရှင် မင်းတရားကြီး ဘုရားလည်း မြောက်တစ်လား ဆုတေ် မြစ်၍ တးလျှာက် ကျော်စဉ်တစ်တန်းတွင်ရှိသော လူအပေါင်းတို့ကို ဟံသာဝတီသို့ သိမ်းယူခဲ့သည့် အရာသည် သင့်သလော၊ ပြည်ရွာ မငြိမ် မသက် ရှိအောင် ပြုသည်မဟုတ်လော အမိန့်တော်ရှိပြီးလျှင် ယခုပင် လူအပေါင်းတို့ကို မြန်၍ နေပြီနေလော အမိန့်တော်ရှိ၍ ပြန်ရလေသည်။

ထို သက္ကရာဇ် ပြာသိုလ ယိုးဒယားမင်း ဖြနရာဇ်သည် မော်လမြိုင်စား မှန်တို့နှင့် တစ်စိတ်တစ်ဝမ်းတည်း ရှိ၍ ဟံသာဝတီသို့ နှစ်သောင်းလေးထောင် တိုက်ဆင် ခြောက်ရာ၊ မြင်းခြောက်ထောင်၊ စစ်သည်သူရဲတစ်သိန်းနှစ်သောင်း စီးခင်း၍ ချီလာသည်။ ရောက်လျှင် တပ်နိုင် တပ်လုံ တည်၍ နေသည်။ ယင်းသောအခါ အထက်က ယိုးဒယားမင်း ရလေသော လက်ဝဲ ထားမှူးသည် အမှ အလျောက်ကို ကြည့်ရှု၍ ကျွန်တော်တစ်ယောက်နှင့်သာ မြို့တွင်းသို့ ပြေးဝင်လာသည်၊ ဘဝရှင် မင်းတရားကြီး ဘုရားလည်း အားရတော်မူ၍ ဧယျနန္ဒမိတ် ဟူသော အမည်နှင့် ရွှေကျပ် လက်ဖက်အိုး ပေးတော်မူသည်။ ယိုးဒယားမင်းလည်း လေးလခန့်ရှိလျှင် ဇင်းမယ်၊ ပြည်၊ တောင်ငူက စစ်ကူလာ သည်။ အင်အား များလှသည် ဟူ၍ ကြားလေလျှင် တန်ခူးလ သင်္ကြန်နေ့ ဟံသာဝတီကခွာ၍ ပြန်လေ၏။ မုတ္တမသို့ ရောက်လျှင် အခွန်အတ် မှန် ဟူသမျှကို သိမ်းယူ၍ ယိုးဒယားသို့ ပြန်လေသည်။ ။သားတော် အဝ ပြည်မင်း၊ သတိုးဓမ္မရာဇာလည်း ခမည်းတော်ကို စစ်ကူမည်ဟန် အသုံးအခင်း အများနှင့် ချီလာ၍ ခရီးသို့ ရောက်လျှင် တောင်ငူမင်း၊ သီဟသူ တောင်ငူတွင် မရှိ ဟံသာဝတီသို့ စစ်ကူသွားလေသည့် အကြောင်းကို သိလေလျှင် ဟံသာဝတီ သို့ဘား မချီ တောင်ငူသို့ ချီ၍ လုပ်ကြံလေ၏။ တောင်ငူမင်း သားတော် နတ်ရှင်နောင်လည်း ကျုံးမြောင်းပြင်၍ မြို့ထိပ်က အချွတ်သေနတ် စီခင်

မြီးလျှင် အပန်းတကြီးပင် ခံရလေသည်။ တစ်ဆယ့်ငါးရက်ခန့်ရှိလျှင် ယိုးဒယား၊ သားတို့ ဟံသာဝတီကအခွင့်ကြုံ၍ တောင်ငူမင်း ပြန်လာသည်ဟု ကြားလျှင် သို့ပန်း ကျွန်းနားတို့ကို သိမ်းယူ၍ ပြည်သို့ ပြန်လေ၏။ ပြည်သို့ ရောက်လျှင် မင်းတို့၊ တိုင်တား၊ မြေထဲ၊ သရက်၊ စကု၊ စလင်း၊ ပုခန်းကြီး တိုင်အောင် သိမ်းယူ၍ ခယည်းတော်ကို ခြားနားလေ၏။ ။သက္ကရာဇ် (၉၅၈) ခုနှစ် ကဆုန်လဆန်း တောင်ငူမင်း နှမတော် ဟံသာဝတီ မင်းတရားကြီး မိဖုရား ကိုးရက် စနေနေ့ တောင်ငူမင်း နှမတော် ဟံသာဝတီ မင်းတရားကြီး မိဖုရား နတ်ပြည်စံတော်မူသည်ကို မိဖုရားကြီးသို့၏ အဆောင်အယောင်နှင့် နန်းတွင်းပင် သဂြိုဟ်တော်မူသည်။ ။ယင်းသောအခါ ဟံသာဝတီတွင် အနောက်ဘက်က ကူးလာသော ကြက်တို့သည် မရေမတွက်နိုင်၊ အချို့သော ကြက်ကား တစ္ဆေတ်၊ သုံးပြည် ထွက်သည် ဟူ၍ ထိုကြက်တို့ကို မင်းရဲကျော်စွာ ကျွန်တော်များ ဖမ်း လုံးနှင့် ဆီး၍ သတ်ရသည်။ မသတ်နိုင်၍ အရှေ့ဘက်သို့ ရောက်လျှင် ကျီကြွတို့ တွင် ထားသော စပါးဆန်ရေတို့ကို စားသည်။ လချင်းပင် ယွင်းယိုချေ၍ အစား အသောက်ဆွဲရှားသည်။ ဆန်တစ်တင်းလျှင် ကြေးတစ်ရာပြုချေ၏။ ထိုသို့ ရှားတော်လှလျှင် လင်းဇင်းအမှုထမ်း လူတစ်ထောင်ကျော်တို့သည် ဟံသာဝတီက လင်းဇင်းသို့ ပြေးလေ၏။ ထိုအကြောင်း သိတော်မူလျှင် လိုက်၍ ဖမ်းရသည်၊ မိသမျှကို ကွပ်ခတော်မူလေ၏။ ။ထို သက္ကရာဇ်တွင် ပြည်ဘုရင် သတိုးဓမ္မရာဇာက စလင်းကို သတိုးဓမ္မရာဇာကြီး မြေးတော် မင်းတိုးစားကို အလုံး အရင်းနှင့် ခန့်၍ အနိုင် အလုံ နေရသည်။ ပုခန်းကြီးကိုလည်း စစ်ကဲကြီးကို အလုံး အရင်းနှင့် ခန့်၍ အနိုင်အလုံ နေရသည်။ ထိုအကြောင်းများကို ဟံသာဝတီ မင်းတရားကြီး ဘုရား ကြားတော်မူလျှင် ညီတော် ညောင်ရမ်းမင်းသို့ ပုခန်းမှာ နေလေသည်၊ ပြည်စားရမက်တို့ကို နိုင်အောင် တိုက်လေ အမိန့်တော်ရှိသောကြောင့် အလုံး အရင်းနှင့် ပုခန်းကြီးသို့ ချီတော်မူသည်။ ရောက်လျှင် စစ်ကဲကြီး အလုံးအရင်း ဆင် မြင်း အများနှင့် ကြို၍ ခံနှင့်သည်ကို ဆင်တော် ဇမ္ဗူတံဆိပ်ကို စီး၍ သားတော် အကြီးကို ကုန်းလယ်က တင်တော်မူ၍ တိုက်တော်မူသည်။ သူ့ ဆင် သုံး စီး လဲလေ၏။ ယင်းသို့မှ စစ်ကဲကြီးကို တိုက်တော်မူသည်။ မခံနိုင်၍ ပြေးလျှင် ပုခန်းကြီးတစ်မြို့လုံးကို ရတော်မူသည်။ ပြည်မင်း စစ်သည်များကိုလည်း ရတော်မူသည်။ ထိုအကြောင်းများကို နောင်တော် မင်းတရားကြီးဘုရား ကြားလျှင် ညီတော်ကို အားရတော်မူ၍ မင်းရဲနန္ဒမိတ် ဟူသော အမည်နှင့် လက်တော် နှစ်ဘက်တွင် ဝတ်သော လက်ကောက် လက်စွပ်၊ ဝတ်တော်မူသော ပုဆိုးကောင်း မြင်းရွှေသံပရာ ခွ ကြီးက ရွှေချက်နှစ်စင်း ဆုပေးတော်မူသည်။ ။

သားတော်ပြည်ဘုရင် သတိုးဓမ္မရာဇာ အနှောင့်အယှက်များနှင့်
အနှောင့် အယှက် ပြုဖန်များလှသဖြင့် တောင်ငူ ကျေးစေတ ရှေ့ ယိုးဒယား
သား တစ်လွှားတွင် ရှိသော သူများကို ဟံသာဝတီသို့ရည်၊ သွင်းတော်မူသည်၊
တောင်ငူ မင်းမှာလည်း သားတော် နတ်ရှင်နောင်နှင့် ဥပါသာ ဆင်ကို
ဆောင်းတော်မူသည်။ ဇင်းမယ်မင်းမှာလည်း သားတော်မင်းသား ကုသောင်နှင့်
ဗမ္မကျက်သရေ ဆင်ကို တောင်းတော်မူသည်၊ ညောင်ရမ်းမင်းမှာလည်း
သားတော်အကြီး သခင်ကြီးလက်နှင့် ဗမ္မတံဆိပ်ဆင်ကို တောင်းတော်မူသည်၊
ယင်းသို့ တောင်းတော်မူလျှင် တောင်ငူမင်း၊ ဇင်းမယ်မင်းတို့လည်း ငါတို့မှာ
အထွေအရာမရှိ၊ နောင်တော် အမှုကိုသာ ကြီးစား အားထုတ် ထမ်းပါသည်၊
သို့ကို သားသမီး ဆင် မြင်းတို့ကို တောင်းတော်မူသည်၊ နောင်တော်ဘုရား
သားတော် ပြည် သတိုးဓမ္မရာဇာမျှ ခြားနားလေပြီးသည်ကို ငါတို့မှာ မရှိ
သည်၊ အမှတ် ရှိတော်မူကြ၍ တောင်ငူမင်း ဇင်းမယ်မင်းတို့ ခြားနားကြလေ၏၊
ယင်းသို့ တောင်ငူမင်း ဇင်းမယ်မင်းတို့ ခြားနားကြလေလျှင် ညောင်ရမ်း
မင်းတရားလည်း ညောင်ရမ်းမြို့ကို ခိုင်လုံအောင် စီရင်ပြီးလျှင် အလုံးအရင်း
သွင်း၍ အနိုင်အလုံ နေတော်မူသည်၊ မန်ကျည်းရုံအရပ်၊ တောင်တွင်းအသုံ
ပုခန်းကြီးအရပ်၊ ပုဂံအရပ်က သီတင်းသုံးလာသော ပိဋကတ် တောင်တစ်ဆောင်
ဘုန်းကြီးများကိုလည်း ကျောင်းဆောက်၍ ပစ္စည်းလေးပါး ဆောက်ပံ့တော်
မူသည်၊ ဗားမဲ့ဘုန်းကြီးလည်း ကြောင့်ကြတော်မမူနှင့် ထီးဆောင်းမင်းတကာတို့
အရှင် ဖြစ်တော်မူမည် မချွတ်ဟူ၍ လျှောက်သည်၊ ။တောင်ငူ ဘုရင်လည်း
ကြားလျှင် အရေးများချိမ့်မည် အမှတ်ရှိ၍ ရခိုင်သို့ ဟံသာဝတီကို ညီ
လုပ်ကြပါ၊ အရေးပြီးလျှင် ဆင်ကြီး မြင်းကြီး သမီးကညာ ပေးပါမည်ဟု
ရွှေပေတွင် ရေးစေပြီးလျှင် သက္ကလပ်အိတ် တံဆိပ်လက်ဆုနှင့် တကူ ကြည်
တောင်စားနှင့် ကင်းသားစားကို စေတော်မူသည်၊ ရခိုင်ဘုရင်လည်း သံရောက်၍
မှာသည့်စာကို ကြားလျှင် ဟံသာဝတီပြည်ကြီးသည် တိုင်းကား နိုင်ငံကျယ်၍
ဆင် မြင်း ဗိုလ်ပါ များလှသည်။ မှူးကောင်း မတ်ကောင်းလည်း များသည်၊
ယင်းသို့ကိုပင် လုပ်ကြံ၍ ဖြစ်နိုင်ချိမ့်မည်လော မိန့်သည်ကို ကြည်တောင်စား
ကင်းသားစားတို့ ဤသို့ လျှောက်သည်။ ဆင်ပြူ ဆင်နီများသခင် အဝရှင်
မင်းတရားကြီးဘုရား ရှိတော်မူသည်ကာလ တိုင်းနိုင်ငံကျယ်၍ မှူးကောင်း
မတ်ကောင်း ဆင် မြင်း ဗိုလ်ပါများသည် မှန်၏။ ယခု သားတော် ဘုရားတွင်
မင်းညီ မင်းသားမင်းမျိုး မင်းမှူးမတ် သူရဲ သူခက် တို့ကို မသိမ်း မထည်း မပေး

မကာမ်း နည်းဆောင်သော ပြုလှေ့ရှိတော်မူသောကြောင့် နိုင်ငံတော် အလုံးတွင် ရှိသော တိုင်းကြီး ပြည်ကြီး ထီးဆောင်း မင်းတကာတို့သည် ရိုင်းပြ၍ အသီး အသီး ခြားနားကြလေသည်။ သားတော်အငယ် ပြည်ဘုရင် သတိုးဓမ္မရာဇာ လည်း ခမည်းတော် နောင်တော်တို့ အပြုအမူကို ကြိုက်တော်မမူ၊ ဧရာဝတီမြစ် အနောက်ဘက်တွင် ရှိသော စကု၊ စလင်း ပြည်ကြီးများကို သိမ်းယူ၍ ခြားနား လေသည်။ ယခုလည်း ဦးရီးတော် တောင်ငူဘုရင် ရှိသော ဆင်ကြီး မြင်းကြီး သမီးတော်ကို သိမ်းယူမည့် အခြင်းအရာကို ပြုသောကြောင့် ဦးရီးတော်က အကြောင်းကို ကြားလာရသည် ဟူ၍ လျှောက်သည်။ ရခိုင်ဘုရင်လည်း သည် အတိုင်း မှန်လျှင် ကိုယ်မချိသော် အမိသားကို ထားနိုင်မည်လော မိန့်တော်မူ၍ အရေးစကား ပြိုကြလျှင် မည်သည့် နေ့ရက်ကို ချီလာမည် ဟူ၍ ရာဇသံတွင် မှာသည်။ ကြည်းတောင်စားနှင့် ကင်းသားစားလည်း ပြန်လာ၍ အကြောင်း မျိုးကို တောင်ငူ ဘုရင်အား လျှောက်လျှင် အားရတော်မူ၍ ကြည်းတောင် စားကိုဧယျတမန်၊ ကင်းသားစားကို ရာဇတမန်ဟူသော အမည်နှင့် ဆုလာဘ် များစွာ ပေးတော်မူသည်။ ဟံသာဝတီမှာ ထို သက္ကရာဇ် နတ်တော်လဆုတ် သက်ရှည်ကျော်ထင်ကို တကျင်တင်၍ အနိဋ္ဌရောက်ချသည်။ ယင်း သက္ကရာဇ် တပေါင်းလ ရခိုင်ဘုရင် သားတော် မဟာ ဥပရာဇာ ကူရှပ် သမ္ဘန် တိုက်လှေ ငါးရာကျော်ခန့်နှင့် သံလျင်သို့ ရောက်လာ၍ သံလျင်မြို့ကို လုပ်ကြံလေသည်။ မခံနိုင်၍ ပြေးထွက်လျှင် ရခိုင်စစ်သည် မြို့တွင်းသို့ ဝင်ရ၍ အနိုင်အလုံ နေလေ သည်။ သက္ကရာဇ် (၉၅၉) ခု တန်ခူးလ တောင်ငူဘုရင်က မြို့စားကြီးတစ်တပ်၊ မြို့လှစားတစ်တပ်၊ ဘယနန္ဒသူတစ်တပ်၊ အဲပြပိုက်တစ်တပ်၊ ညီတော်မင်းရဲ ကျော်ထင်တစ်တပ်၊ သားတော်နတ်ရှင်နောင်တစ်တပ်၊ တောင်ငူဘုရင်တပ်မပြု၍ သည် ခုနစ်တပ်တွင် ပါသည့် တိုက်ဆင် သုံးရာ၊ မြင်း ငါးထောင်၊ စစ်သည် သူရဲ ငါးသောင်းနှင့် ချီတော်မူ၍ ကောလိယတွင် အနိုင်နေသည်။ ယင်းသို့လျှင် ဟံသာဝတီ သားတို့ ကျဉ်းမြောင်းချေ၏။ ။သက္ကရာဇ် (၉၆၀) တွင် ဟံသာဝတီသို့ ချဉ်း၍ ရခိုင်ဘုရင်သားတော် မြို့တောင်က ရံသည်။ တောင်ငူ ဘုရင်သားတော်နတ်ရှင်နောင် မြို့မြောက်က ရံသည်။ တောင်ငူဘုရင် မြို့ရှေ့က ရံသည်။ ယင်းသို့ ပြည်တောင်မင်းနှစ်ပါး ရံကြသည်။ မြို့တွင်းသားတို့ အစာ အသောက် ဆွတ်ရှား၍ မင်းဆွေ မိုးမျိုး အထင်အရှား အများ၊ တောင်ငူဘုရင် တပ်သို့ ဝင်လေသည်။ ရခိုင်ဘုရင် တပ်သို့လည်း စုံဆုဝင်လေသည်။ ရှည်လတ် သော် မင်းရဲကျော်စွာ ကျွန်တော် အရေးမခင် အဝရေးမသို အရေးမထောက်

အရေးမယူ အင်တာရော်အင်ကျည်ဖိုင်း လေးဆယ်ကိုးစီးသား မိုင်းခေါင်းအမည်ရှိ
တစ်ကျိပ်ထို့သည် ငါတို့ ဟံသာဝတီတွင် အမှုတော်ကို ထမ်း၍ နေရသည်
နှင့်သော် ဝင်မှတ်၍ သားမယားနှင့်တကွ ပျက်စီးခြင်းသို့ ရောက်ရလေအောင်
အဝသို့ သွား၍ နေရမှ အသက်ရှည်မည် ဟူ၍ တိုင်ပင်ပြီးလျှင် တောင်ငူမင်း
ထပ်သို့လည်း မဝင်၊ ရခိုင်မင်း ထပ်သို့လည်း မဝင် တိုက်စည်ထိ၍ [illegible]
ထွက်ပြေးလေ၏။ ဟံသာဝတီ ရှင်ဘုရင် သားတော် မင်းရဲ [illegible]
ဟံသာဝတီတွင် သူရဲ သူခက် အမှုထမ်းနည်းချေပြီ မြို့ကို [illegible]
ခံသော်လည်း အစားအသောက် မရှိက မခံနိုင်ရာ အမှတ်ရှိ၍ [illegible]
စည်းစိမ်မပျက် အသက်မခသ နေရပါလျှင် ဝင်ပါတော့မည် ဟူ၍ [illegible]
မှသည်။ တောင်ငူဘုရင်လည်း ဝင်ခဲ့တော့ ငါသမီးနှင့် စုံဖက်၍ [illegible]
ပွဲတော်မူမည် ဟူ၍ မှာတော်မူသည်။ မင်းရဲကျော်စွာသည် တောင်ငူဘုရင်
မှာတော်မူသည်ကို ကြားလျှင် ခမည်းတော်ကိုမျှ မသိ၍ တောင်ငူသို့ ဝင်လေ
၏။ တောင်ငူဘုရင်လည်း မင်းရဲကျော်စွာကို အလုပ်အကျွေး [illegible]
သုံးကျိပ်ကျော်နှင့် တောင်ငူသို့ ပို့ရလေသည်။ တောင်ငူဘုရင်သားတော် [illegible]
နောင်လည်း သည် သူများကို ထား၍ အရေးပျက်ချေတော့သည် [illegible]
ခမည်းတော် တောင်ငူဘုရင် မသိအောင် မယ်တော် တောင်ငူမိဖုရား [illegible]
မင်းရဲကျော်စွာကို ကွပ်ခလေသည်၊ ဟံသာဝတီ ရှင်ဘုရင်လည်း သားတော်
မင်းရဲကျော်စွာ တောင်ငူမင်းထပ်သို့ ဝင်လေပြီဟူ၍ ကြားတော်မူလျှင် ငါ
ကား ငါ့သားတို့ဟူ၍ ရှုံးစုပါသည်။ ငါ့သားပင်တစ်ယောက်ပြေးချေသော် ငါ့စည်း
စိမ်ကို ငါ့ညီယူပါစေတော့။ ငါမူကား မြတ်စွာဘုရားနှင့် [illegible]
သီတင်းသုံး၍ နေပါတော့မည်ဟူ၍ စေတော်မူလျှင် အမှုခင်းသိမ်းပြီး၍ [illegible]
စားနှင့် မြို့လုစားကို အလုံးအရင်းနှင့်တကွ ဟံသာဝတီမြို့တွင်းသို့ ဝင်စေ [illegible]
လျှင် စီးတော်ဆင်မှစ၍ ဆင်အပေါင်းတို့ကို သိမ်းယူပြီး၍ အမှုထမ်း [illegible]
ထပ်တော်သို့ခေါ်၍ သစ္စာခံတော်ခံရသည်။ ယင်းကမှ သူရဲသူခက် အပေါင်း
တို့ကို ရွှေမော်ဓောဘုရားမှာ သစ္စာတော်ပေးသည်။ [illegible]
ကိုမူကား တောင်ငူရဲ့မက် စည်းဝန်းရံ၍ နေရသည်။ ယင်းသို့မှ ဟံသာဝတီ
မင်း ရှင်မိဖုရားကြီးနှင့်တကွ နန်းတော်ကသည် ရာဇဓာတ် ရှင်မိဖုရားကြီးအိမ်သို့
ပြောင်း၍ နေပြီးမှ တောင်ငူဘုရင်လည်း နမဘော် ဟံသာဝတီမင်း မြောက်
နန်း မိဖုရားတွင်မြင်သော တူမတော် ခင်မရွှေတုံးကို လက်ဆွဲ၍ နန်းတက်တော်
မူသည်။ ရက်လည်လျှင် ဥကင်သ ဖွင့်တော်မူသည်။ ယင်းသောအခါ [illegible]

အထူးထူးသော ပုဆိုးတော်၊ မျိုးတော် မှူးတော် မတ်တော် အပေါင်းတို့က အထူးထူးသော ပုဆိုးတော်၊ ခါသာ၊ ပင်ကာ၊ ဇော်အရက်၊ မုရီ၊ ပဏ္ဍုနီ၊ သဟန်ပဲ့၊ မိုင်းလုံ၊ သက္ကလပ်၊ ... ဆက်ရသည်။ ထိုနေ့ပင် မင်းညီ မင်းသား မင်းဆွေ ... လက်ဆောင်တော် ဆက်ရသည်။ ထိုနေ့ပင် မင်းညီ မင်းသား မင်းဆွေ မျိုး ... အမည်အရည်၊ အဆောင်အယောင်၊ ... မင်းမှူးမတ် အပေါင်းတို့ကို ။ယင်းသို့မှ ရခိုင်တပ်သို့ အထူးထူးသော အလျောက် ပေးတော်မူသည်။ ... သနပ်များစွာ လူသုံးတောင် ... ပုဆိုးကောင်း ခါသာ မိုင်းလုံ ရွှေချင်မုန့်၊ ယို၊ ကြပ်မစေလျက် ရခိုင်ဘုရင့် ... မင်းညီမင်းသား မင်းမှူး မင်းမတ်အပေါင်း ကြပ်မစေလျက် ရခိုင်ဘုရင့် ... စေ၍ မင်းညီမင်းသား မင်းမှူး ဆင်မြင်းတစ်စီးနှင့်တကွ ဟံသာဝတီ ရှင်ဘုရင် ... တပ်သို့ ပို့ရသည်။နောက်မှ ဆင်ဖြူတစ်စီးနှင့်တကွ ဟံသာဝတီ ရှင်ဘုရင် သို့ ... တော် မင်းသမီး ခင်မနှောင်းကို မိဖုရားကြီးတို့ အဆောင်အယောင်နှင့် တကွ ... အထိန်းအရံ ကတော် လေးယောက် ကိုယ်လုပ်သုံးကျိပ် ပေးတော်မူ၍ အမှူး အမတ်အပေါင်း ဝန်းရံစေလျက် ဝေါနှင့် ရခိုင်မင်းတပ်သို့ ပို့ရသည်။ ဟံသာဝတီရှင်ဘုရင်နှင့် မိဖုရားခေါင်ကိုမူကား အလုပ်အကျွေးကိုယ်လုပ်နှစ်ကျိပ် ... ကျော်ခန့်နှင့် အလုံးအရင်း ဝန်းရံစေလျက် ဝေါနှင့်တောင်ငူသို့ပို့တော်မူရသည်။ ဆောက်လျှင် ရေတဲတော်မြောက်တွင် သာယာလှစွာသော တဲတော် နှစ်ဆောင် ဆောက်၍ ကောင်းမွန်စွာ နေတော်မူသည်။ ဥက္ကင်သ ဖွင့်တော်မူ၍ ငါးရက် ရှိသောအခါ ထိုပြည်ကို သူခိုး ခိုးလေသည်။ ပညာရှိတို့သည်လည်း မင်းဆက် အစဉ် မင်းမပြုရကုန်ဟူ၍ ဆိုကုန်၏။

ဟံသာဝတီပျက်သော သက္ကရာဇ်ကား(၉၆၁)ခု ပြာသိုလဆန်း လေးရက် တနင်္ဂနွေနေ့ မင်းနှစ်ပါးအရေးတော်ပြီးကြသည်။ ။သည်အကြောင်းများကို ယိုးဒယားမင်းဖြူရှစ်ကြားလျှင် နှစ်ဆယ့်လေးတပ်စီရင်၍ အပြင်းချီလာသည်။ ယိုးဒယားမင်းချီလာကြောင်းကို တောင်ငူဘုရင်ကြားတော်မူလျှင် မှူးတော်မတ် တော်အပေါင်းတို့ကိုခေါ်တော်မူ၍ ဟံသာဝတီတွင်နေ၍ခံရသော်လည်းသင့်မည် လော၊ ကေတုမတီသို့ ချီ၍ခံရသော်လည်း သင့်မည်လောဟူ၍ တိုင်ပင်တော် မူသည်ကို အချို့သော အမှူးအမတ်တို့က ဟံသာဝတီတွင်နေ၍ ရခိုင်မင်းနှင့်တကွ ခံတော်မူသည်ကို ယိုးဒယားမင်း လှုပ်ရှားနိုင်မည်လောဟုလျှောက်ကြသည်။ နှံ့ ကျော်ထင်လျှောက်သည်ကားဟံသာဝတီတွင်ခံတော်မူသင့်သည် လျှောက်ရာမှာ မှန်အပေါင်းတို့သည် ယိုးဒယားဖြူရှစ်နှင့် နှလုံးဝင်သသူများသည် ဟံသာ ဝတီတွင် ခံ၍ မသင့်ချေ၊ ကေတုမတီသို့ အလျင်ချီတော်မူ၍ မြို့ပြ ကျုံးမြောင်း နိုင်လုံအောင် စီရင်တော်မူ၍ ကေတုမတီက ခံတော်မူသင့်သည်။ အကြောင်း

မှာလည်း ရခိုင်မင်းကို ဟံသာဝတီဘုရင် နေစေ၍ အလစ်အလပ်ကို ကြည့်၍ လုပ်ကြံစေရမည်ဟု နားတော်လျှောက်သည်။ တောင်ငူ ဘုရင်လည်း ကျော်သင် လျှောက်သော အရေးကိုကြိုက်တော်မူ၍ ဟံသာဝတီတွင် ရှိ မွန်၊ မြန်မာ၊ ရှမ်း၊ ကုလား အပေါင်းတို့ကို ကေတုမတီ ရှိသော သို့ချည်းသွင်းတော်မူသည်။ ယင်းသို့မှ ဟံသာဝတီရှိတွင်သော နေပြည်တော် သပိတ်တော် စွယ်တော် ပိဋကတ်ကျမ်း အရိယာ သင်္ဃာတော် မှတ်၊ ဆင်းတု ရွှေဆောင်တော်မူ၍ တပေါင်းလဆန်း နှစ်ရက်နေ့ ဟံသာဝတီက ကေတုမတီသို့ ပြန်တော်မူသည်။

## ဟံသာဝတီပြည်ကြီး ပျက်၍ ငါးဆူဒါယကာ နတ်ပြည် စံတော်မူခြင်းအကြောင်း

ထိုစွယ်တော်မြတ်၏ အကြောင်းကား ဇမ္ဗူဒိပ်ကျွန်း ကလိင်္ဂတိုင်း ရွှေပုရ ပြည် ကုသိဝမင်း၏ သမီးတော် ဟေမမာလာ၊ သမက်တော် ဒန္တမင်းသား တို့ဆောင်ယူ၍ သိန်းဟိုဠ်ကျွန်းသို့ စွယ်တော်မြတ် ရောက်သည်ကို ဓာတု ဓာတုဝင်တွင်ဆိုသည်။ ။သက္ကရာဇ် (၉၃၈)ခုတွင် သိန်းဟိုဠ်ကျွန်းကို အုပ်ချုပ် ရသော ဓမ္မပါလမင်းက ဟံသာဝတီ ဆင်ဖြူများရှင် မင်းတရားကြီးသို့ ဆက် သည်။ ဟံသာဝတီသို့ ရောက်လျှင် ရတနာစေတီနှင့် ခေါင်းရင်း တော်သွင်း ထား၍ ကိုးကွယ်တော်မူသည်။ ဘောင်ငူရောက် မင်းတရားလက်ထက်(၉၆၁)ခု ဟံသာဝတီပျက်လျှင် ရှေ့နန်းဘုရင်မင်း ပင့်ဆောင်၍ တောင်ငူ ကေတုမတီသို့ ရောက်သည်။ သံလျင်ရောက် မင်းတရား လက်ထက် (၉၇၂) ခု တောင်ငူ ကေတုမတီ ပျက်ပြန်လျှင် အနောက်ဘက်လှန် မင်းတရားပင့်ဆောင်၍ ရတနာ ပူရသို့ ရောက်သည်။ ထိုသို့ ရောက်ကြောင်းများ ကိုလည်း ရာဇမဏိစူဠာ ကျောက်စာတွင် ပေါ်တ္တကာရုဠ္ဌ သိန်းဟိုဠ်ပြည်မှ သပိတ်တော် စွယ်တော်ကို သည် ဟံသာဝတီသို့ ရောက်ဟန် ဟံသာဝတီမှ ကေတုမတီ၊ ကေတုမတီမှ ရွှေမြို့တော်သို့ ရောက်ဟန်များကို အတွင်း ဝန်းကျင် သံတိုင်၌ ရေးသား၍ ထိုသို့သော ဒေသ ကထာဖြစ်သော မြန်မာဘာသာ မွန်ဘာသာ ယွန်းဘာသာ ကမ္ပည်းကို ရေးစေ၏ ဟု ဆိုသည်။ ။ထိုနောက် သာလွန်မင်းတရားလက်ထက် သက္ကရာဇ် (၉၉၈) ခုတွင် ရာဇမဏိစူဠာစေတီတော်၌ ဌာပနာတော်မူသည်။ ထိုသို့ ဌာပနာကြောင်းကိုလည်း ရာဇမဏိစူဠာ ကျောက်စာတွင် သက္ကရာဇ်

(၉၉၈) ခု နတ်တော်လပြည့်ကျော်တစ်ရက်သောကြာနေ့ အမြဲကိုးကွယ်တော်မူအပ်သော စွယ်တော်မြတ်ကို အစပြု၍ အပြည်ပြည်သောင်မှ ချီပင့်အပ်သော မရမတွက်နိုင်သော ဓာတ်တော် မွေတော်ဘို့နှင့်တကွ ရာဇမဏိစူဠာစေတီတော်တွင် ဌာပနာတော်မူသည်ဟုဆိုသည်။ ။သာလွန် မင်းတရား ဆရာတော် ပင်းယ ရွှေဥမင် မဟာ ရတနာသာရဘုန်းတော်ကြီး စီရင်သော သင်္ဂဟဒါန် ဝတ်တွင်လည်း ဘိုးတော် ဆင်ဖြူများရှင် လက်ထက် သိန်းဟိုဠ်ကျွန်းမှ ရောက်သော စွယ်တော်မြတ်ကို ရာဇမဏိစူဠာ စေတီတော်တွင် ဌာပနာကြောင်းကိုပင်ဆိုသည်။ ။(၉၉၈) ခု မဟာဝိဇယစေတီတွင်ဌာပနာသည်ဆိုသော စွယ်တော်မှာ သိန်းဟိုဠ်ကျွန်းမှ စွယ်တော် မရောက်မီ (၉၂၂) ခု မဟာစေတီတွင် ဌာပနာသည်ဆိုသောစွယ်တော်ကဲ့သို့ဌာပနာသော စွယ်တော်ပွားသာဖြစ်သည်။ စွယ်တော်ပွား ဖြစ်ကြောင်းကိုလည်း မာန်အောင် ရဘနာဒိ စစ်ကိုင်းမင်း ဥက္ကာမရာဇ်သမီး သခင်ကြီး၊ချောင်းတွင် "မဟာဝိဇယ၊ နာမစေတီ၊ အညီလျှံဝင်း၊ သလင်းဆန်းပြီး၊ စွယ်တော်ပွားအား၊ ဘုရားသာသနာ၊ တည်လာခါဝယ်"ဟု စပ်ဆိုသည်ကို ထောက်၍ သိရသတည်း။

တောင်ငူဘုရင်လည်း တပေါင်းလပြည့်ကျော် ၄ ရက်နေ့ နေပြည်တော်သို့ ရောက်တော်မူသည်။ ရောက်တော်မူလျှင် မြို့ပြ ကျုံး မြောင်း၊ ပစ္စင်ရင်လျှောက် ကတုတ်ရင်တားချပ် တည်သကဲ့သို့ ပြင်ဆင် လုပ်ဆောင်စေ၍ မြို့ထိပ် ဝန်းကျင် စိန်ပြောင်း မြတပ်ဆင်၍ ခံတော်မူသည်။ ယိုးဒယားမင်း ဖြန့်ရာဇ်လည်း တောင်ငူဘုရင်သည် ဟံသာဝတီက ပြန်လေပြီဟူ၍ ကြားလျှင် တောင်ငူသို့ ချီလာ၍ ကျွဲကူး ကျွန်းချောင်းသို့ ရောက်လျှင် တပ်ခိုင် တပ်သုံ တည်၍ နေလေသည်။ ယင်းသို့မှ မြို့တွင်းသို့ သံစေလာသည်။ ဝေဟန်ဘွား တောင်ငူမင်းကို စစ်ပြုမည် ဟူ၍ ကျွန်ုပ်တို့မလာ၊ ဟံသာဝတီရှင်ဘုရင်ကို ဘုရားကဲ့သို့ ကိုးကွယ်ချင်သောကြောင့် တောင်းမည်ဟူ၍သာ လာသည်ဟု မှာသည်။ ရာဇသံရောက်လျှင် မှာသည့်စကားကို တောင်ငူဘုရင် ကြားတော်မူလျှင် ဤကဲ့သို့ မှာစေတော်မူသည်။ နောင်တော် ဟံသာဝတီရှင်ဘုရင်ကို ယိုးဒယားမင်းသာ ဘုရားကဲ့သို့ ကိုးကွယ်ချင်သည်မဟုတ်၊ ငါလည်း ဘုရားကဲ့သို့ ကိုးကွယ်ချင်၍ တောင်ငူသို့ ယူ၍ ထားတော်မူသည်။ မပေးသာဟူ၍ တုံ့တော်မူလိုက်သည်။ ယိုးဒယားမင်းလည်း သို့သော်အား ဟံသာဝတီ ရှင်ဘုရင်ကို မရသင် ငါမနေ၊ ရအောင်ယူမည် ဟူ၍ မြို့သို့ ကြပ်ကြပ် ချဉ်းပြီးလျှင် ကျုံးနံပါးတွင် မြို့နှင့်အမျှ တပ်တည်၍ ကျုံးကို

ပေါ်သည်။ ကျုံးရေများကိုလည်း ပေါင်းလောင်းသို့ ထုတ်သည်။ ထို မြောင်းကို ယိုးဒယားပေါက် ဟူ၍ ယခုတိုင်အောင် ခေါ်သည်။ ထိုအညီ၌ ပြီးလျှင် တပ်ထိပ်တွင် ပြောင်းသေနတ်တင်၍ နေ့စဉ်ရက်ဆက် ပစ်သည်။ မြို့တွင်းက ရဲမက် ဗိုလ်ပါ မြို့စီး ပြစီး ထုထပ်လှသောကြောင့် မတတ်နိုင်၊ ယင်းသို့လျှင် မြို့ကို ဝန်းရံ၍ နေလေသည်။ ရခိုင်မင်းလည်း ယိုးဒယားမင်း ချီလာသည် ဟူ၍ ကြားက ဟံသာဝတီ ရွှေနန်းတော်ကစ၍ ကျောင်းကြီး ဆိပ်ကြီး၊ ကုန်ကြီးရှိသမျှကို မီးတိုက်၍ မီးငြိမ်းလျှင် သံဟူသမျှကိုလည်း ရခိုင်သို့ ပို့ရလေသည်။ ရခိုင်သို့ သွားလိုသော ဘုန်းကြီးများကိုလည်း ဘုရားရုပ်ဆင်းတု ပိဋကတ်ကျမ်းဂန်နှင့် တကွ ရခိုင်သို့ လှေနှင့် ပို့ရလေသည်။ ယင်းသောအခါ ကျမ်းဂန် လိမ္မာတော်မူသော ရှင်ပိဋကတ္တယ ဘုန်းကြီးကိုလည်း ရခိုင်သို့ လှေနှင့် ဆောင်လေသည်။ ရခိုင်မင်းမှကား၊ အလုံးအရင်းနှင့် တောကနေ၍ ယိုးဒယားက ရေကြောင်း ရိက္ခာပို့လာသည့် လှေအက်ကို ဆီးကြို၍ တိုက်သည်။ လာသမျှပျက်လျှင် ယိုးဒယားမင်းသို့ ရိက္ခာမရောက်နိုင်၍ တပ်မှတ်သေ၍တပ်လ ကျော်ခန့်ရှိ၍ ရိက္ခာပြတ်လျှင် မနေနိုင်၍၊ သက္ကရာဇ် (၉၆၂) ခု ကဆုန်လပြည့် ကျော် ဆယ်ရက်စနေနေ့ ယိုးဒယားသားဘို့ တောင်ငူကခွါ၍ ပြန်ကြလေသည်။ ရွှာမဘက်သို့ရောက်လျှင် မွန်ဟူသမျှ ကို ရုံးစု၍ သစ္စာပေးပြီးလျှင် ဝင်ဆော် စားတုကို ဗညားဒလဟူသော အမည်နှင့် မုတ္တမကို အစိုင်နေဟူ၍ ယိုးဒယားမင်း ပေးသည့် ကွမ်းခွက်၊ လက်ဖက်အိုး၊ ရွှေချက်နှစ်ဝင်း၊ စည်ခုနစ်လုံး၊ ဓား သုံးလည်း ပေးသည်။ လေသာမှူးကိုလည်း သံခံခန့်သည်။ ဖြူပိုက်ကိုလည်း ထားဝယ်မြို့ကို ပေးသည်။ ယင်းသို့ မုတ္တမ အရှေ့တစ်လွှားကို စီရင်ခန့်ရှိပြီးမှ ယိုးဒယားသို့ ပြန်လေသည်။ ။ယိုးဒယားမင်း ချီသွားသော အကြောင်းကား ဟံသာဝတီ ရှင်ဘုရင်က ကူညီ၍ တိုက်မည်အကြံရှိ၍ ချီလာသည်၊ မရောက်ခင် ဟံသာဝတီပျက်၍ ရှင်ဘုရင်ကို တောင်ငူသို့ ပို့ပြီကြားလျှင်လည်း တောင်ငူ မင်းမှာ တောင်းမည်၊ မပေးလျှင် အနိုင်တိုက်၍ ယူမည်။ ရလျှင် ဟံသာဝတီ ရွှေနန်းတော်ကို တင်၍ မင်းပြုမြဲအတိုင်း ပြုစိမ့်မည်၊ သောင်းကျန်းပုန်ကန်သော သမျှ မြို့ပြတို့ကို တိုက်၍ပေးမည် အကြံရှိ၍ ချီလာသည် ဆိုသည်။ ။ယိုးဒယား ပြန်ရောင် ပြန်လေလျှင် နတ်ရှင်နောင်လည်း ခမည်းတော် တောင်ငူဘုရင်ကို ဤသို့ နားတော်လျှောက်သည်။ ဟံသာဝတီ ရှင်ဘုရင်ကို အရှည်ထားတော်မူ လျှင် အရေးတော် လစ်လပ်ချိမ့်မည်။ ရန်စကို ဖြတ်ရမှ သင့်မည်ထင်သည် ဟူ၍ လျှောက်သည်။ တောင်ငူဘုရင်သည်၊ ငါ့နောင်တော်ကို ပြည်သဲအရေးကို

ဖြင့်၍သာ ငါလုပ်ကြံတော်မူသည်။ ရန်ငြိုးထား၍ လုပ်ကြံတော်မူသည်မဟုတ်၊ နောင်တော်ကို ဘုရားတစ်ဆူ ဂုဏ်လုံးကဲ့သို့ ငါမှတ်တော်မူသည်။ ယခုနှမ၏ သည်စကားကို မလျှောက်နှင့် ဟူ၍ မြစ်တော်မူသည်။ နတ်ရှင်နောင်လည်း ညီးတော်ကို မည်သို့မျှ မလျှောက်ဝံ့ပြီ။ နောင်လျှင် မယ်တော်မိဖုရားနှင့် တိုင်ပင်၍ သက္ကရာဇ် (၉၆၂) ခု တန်ဆောင်မုန်း လပြည့်ကျော် ဆယ်ရက်နေ့ ညီးတော်မသိရအောင် ဟံသာဝတီ ရှင်မိဖုရား ထံတော်သို့ အကူးတွင် ညဉ့်ကို လုပ်ကြံ၍ အနိစ္စ ရောက်တော်မူချေသည်။ လုပ်ကြံ၍ အနိစ္စ ရောက်တော်မူကြောင်းကို တောင်ငူဘုရင် သိတော်မူလျှင် နှလုံးတော် မသက်မသာ ရှိတော်မူသည်။ နောင်တော် အလောင်းကို ကောင်းမွန်စွာ သဂြိုဟ်တော်မူချင်၍ ပညာရှိတို့နှင့် တိုင်ပင်တော်မူသော် ချက်တဖြုတ် အနိစ္စရောက်တော်မူသည်ကို အကျယ်အဝန်း စီရင်တော်မူ၍ သဂြိုဟ်တော်မူရမည် အကြောင်းမရှိချေ။ သက်တော်မျှော်ရာ မြေတွင်သာ နှံသင့်သည်ဟူ၍ လျှောက်ကြလျှင် နောင်တော် အလောင်းတော်ကို ဆီ၊ နံ့သာဆွတ်၍ ပိတ်ရမထီးသရီသဟာဖြင့် အထပ်များစွာ ထုပ်ပြီးလျှင် အသက်တော် မျှော်ရာ မြေဘွင် ကောင်းမွန်စွာသော ဖျဉ်တလားနှင့် နှံထားတော်မူသည်။ အရိယာ သံဃာတို့အား ပင့်၍ ရက်လည်အောင် ထိုအရပ်ကို ဆွမ်းလုပ်ကျွေးတော်မူသည်။ သင်္ကန်းလျာ ခါသာပိတ်အုပ် လှူဘွယ်လည်း များစွာလှူ၍ အမျှဝေတော်မူသည်။ မရီးတော် ဟံသာဝတီ မိဖုရားကို တောင်ငူဘုရင် ညီတော် သားမက်တော် မင်းရဲကျော်ထင်အိမ်မှာ ကောင်းမွန်စွာ မောင်းမကိုယ်လုပ်နှင့် နေရသည်။ ရခိုင်ဘုရင်လည်း ယိုးဒယားမင်း ပြန်လေကြောင်းကို သိလျှင် ဟံသာဝတီ ရှင်ဘုရင် သမီးတော် ခင်မနှောင်းကို ယူ၍ ရခိုင်သို့ ပြန်လေသည်။ ရောက်လျှင် ဘိသိက်သွန်း၍ မိဖုရားမြှောက်လေသည်။ ဗိုင်းစု သင်းစု မြင်းစုလည်း များစွာ ပေးသည်။

ဟံသာဝတီ ရှင်ဘုရင် နံတော် အင်္ဂါသားတည်း။ သက်တော် လေးဆဲ့ခုနစ်နှစ်တွင် မင်းဖြစ်တော်မူသည်။ နန်းတက် စည်းစိမ် တဆဲ့ခုနစ်နှစ်—နှစ်စုသက်တော် ခြောက်ဆဲ့လေးနှစ်တွင် တောင်ငူဘုရင်ကို နန်းလဲတော်မူသည်။ ခြောက်ဆဲ့ခြောက်နှစ်တွင် တောင်ငူ မိဖုရားနှင့် နတ်ရှင်နောင် လုပ်ကြံ၍ အနိစ္စရောက်တော်မူသည်။ ။ထိုမင်းကား၊ သားတော် မြေးဘောင် ဆွေဘောင် မျိုးတော် မှူးတော် မတ်တော် သူရဲ သူခက် အပေါင်းတို့ကို ဝမ်းနည်းအောင် ပြုတော်မူလေ့ရှိသောကြောင့် စစ်မက် ထိုးတော်မူသော်လည်း၊ ကြီးကြီး ကျယ်ကျယ်

အမှုတော်ကို မထမ်း၍ အရေးတော် မပြီးသည် များ၏။ ခမည်းတော်ဘုရား နိုင်ငံတော်အသုံးတွင် ရှိသော ပြည်ထောင်မင်းများကိုလည်း ထိန်းညှိတော်မူ သာ ပြုတော်မူသောကြောင့် ပုန်ကန်သောင်းကျန်းသည် များ၏၊ ထိုနည်းအောင် သံတော်ကိုလည်း ကြည်ညိုတော်မမူ၊ ပြည်ရွာကိုလည်း တောက်ရှုတော်မမူ၊ အသက်ကိုလည်း မနှမြော၊ ကိုယ်၌ရှိသော ဂုဏ်ကျေးဇူးအရာကို ဆိုသော ပိဋကတ် ပေါင်း အစရှိသော အဋ္ဌာရသကိုလည်း တတ်တော်မူ၏။ ထိုမှတပါး နိုင်လည်း ပြည့်စုံတော်မူ၏။ ထိုသို့ အထူးထူးသော ကျေးဇူး အပေါင်းနှင့် ပြည့်စုံတော်မူသော မင်းသည် အာစာရဝိပ္ပတ္တိ ဖြစ်ချေခြင်းကြောင့် သူ့လက်၌ ကြီးစွာသော ဆင်းရဲသို့ ရောက်ရချေသည်။ အနိစ္စရောက်လိုသော် တောင်ငူ တော် ဘုရားငါးဆူကို လောင်မီးသင့်၍ လောင်ချေသည်၊ ကိုယ်လုပ်တော် တစ်ယောက်လက်မောင်းတွင် နတ်တိုလာ၍ ညဉ့်ကို အက္ခရာ ရေးလာသည်။ သည်အက္ခရာကိုယူ၍ နှစ်ခု၊ ရှစ်ခု၊ ခုနစ်ခုပေါင်းသော် တစ်ဆယ့်ခုနစ်ခုဖြစ်၏။ ထို တစ်ဆယ့်ခုနစ်ခုသည် မင်းတရားကြီးစည်းစိမ်တော်တည်း။ ထိုတစ်ဆယ့်ခုနစ်ခုကို သင်္ချေ၊ သက္ကရာဇ်သည်။ သော၊ နှစ်ခု။ ရ၊ ရှစ်ခု။ နံ၊ ခုနစ်ခု ပြည့်သော အခါ၌။ အဂ်ါနံ၊ အဂ်ါသား မင်းသည်။ သည်၊ သည်းလမည် ဟူ၍ ဆိုလိုသည်။ သည် အက္ခရာကို ယူ၍ နှစ်ခု၊ ရှစ်ခု၊ ခုနစ်ခုပေါင်းသော် တဆ ခုနစ်ခုဖြစ်၏။ ထို တဆဲ့ခုနစ်ခုသည် မင်းတရားကြီး စည်းစိမ်တော်တည်း။ ထို တဆဲ့ခုနစ်ခုကို နန်းတက်တော်မူသော သက္ကရာဇ် (၉၄၃)ခုနှစ် ရောက်တော်မူသော် တောင်ငူ ဘုရင်ကို နန်းလွှဲတော်မူသော သက္ကရာဇ် ဖြစ်သည်။ ။မင်းတရားကြီး ဘုရားကို တောင်ငူသို့ ယူထားရာမှာ လုပ်ကြံ၍၊ အနိစ္စ ရောက်တော်မူသောကြောင့် တောင်ငူရောက် မင်းတရားကြီး ဟူ၍ ရာဇဝင်မှာ ရေးမှတ်ကြသည်။ ။ တောင်ငူရောက် မင်းတရားကြီး မိဖုရားကား မင်းတရားရွှေထီး သမီးတော် မိဖုရားခေါင်ကြီးတစ်ပါး၊ တောင်ငူ ကိုးသိန်းသခင် ဘုရင်မင်းခေါင် သမီးတော် မင်းဖြူ တောင်နန်း မိဖုရား တစ်ပါး၊ သမီးတော်မင်း အတေး အလယ်နန်း မိဖုရားတစ်ပါး၊ ညီမတော် မင်းပု မြောက်နန်း မိဖုရားတစ်ပါး၊ ပြည် သထုံ မွေ့ရာဇာ သမီးတော်မင်းတရား မယ်တော် တစ်ပါး သည် မိဖုရားငါးပါးတွင် မိဖုရားခေါင်ကြီး သားတော် သမီးတော်ကား သမီးတော် မင်းအကြီး တောင်ငူ ရွှေနန်းတည်မင်း ညီတော် မင်းရဲကျော်ထင်နှင့် စုံဖက်တော်မူသည် တစ်ပါး၊ ညီတော်မင်းအငယ် အိမ်ထောင်မကျတစ်ပါး၊ မောင်တော်မင်းကြီးစွာ အဝဘုရင် သတိုးမင်းစော သမီးတော် နတ်ရှင် မယ်တော်နှင့် စုံဖက်သည်

တစ်ပါး၊ ခမည်းတော် မင်းဖြစ်လျှင် မဟာ ဥပရာဇာ အမည်နှင့် အိမ်ရှေ့နေ၍
ယိုးဒယားမှာ ဆုံးလေသည်။ ၊နှမတော် ခင်မနှောင်း ရခိုင်သို့ ဆင်ပြန်
အတွ တောင်ငူဘုရင်က ပေးလေသည်တစ်ပါး။ ညီမတော် ခင်ပု အသက်
တစ်ဆယ့်ကိုးနှစ်တွင် လွန်သည်တစ်ပါး။ မောင်တော် အဝ မင်းရဲကျော်စွာ
တောင်ငူ မိဖုရား လုပ်ကြလေသည်တစ်ပါး။ ညီတော် မင်းကြီးနှောင်း ပြည်ဘုရင်
သတိုးမဟာရာဇာတစ်ပါး။ သားတော် သုံးပါး၊ သမီးတော်လေး ပေါင်း ခုနစ်
ပါးတည်း။ ၊မြောက်နန်း မိဖုရားတွင် မြင်သည့် သမီးတော်မင်း ရှေ့တုံ
တစ်ပါးသာတည်း။ မိဖုရားသုံးပါးတွင် သားတော်သမီးတော်မရှိ၊ ကိုယ်လုပ်
တော်တွင်မြင်သည့် သားတော်သမီးတော်ကား မင်းကြီးမင်းရန်နောင်တစ်ပါး၊
ညီတော် မင်းသား ထင်သီကျော်စံ မြင်စိုင်းမင်း တစ်ပါး။ မြောက် သားတော်
ကား သံလျင်မောက်မင်း သမီးတော် ညီတော် ရှင်စည်သူ အသျှင်မင်းရဲ
ထားခဲ့သည်။ နောက် သီရိဓမ္မာသောကခံ၍ တောင်ငူသို့ ဝန်ပြုသည်တစ်ပါး။
မြောက် သားတော်ကား ညောင်ရမ်းဘုရား အိမ်နိမ့် သမီးတော် မင်းရဲ
နော်ရထာ နှမတည်း။ ညီတော် မင်းရဲအောင်နိုင်တစ်ပါး၊ မြောက် သားတော်
ညောင်ရမ်းဘုရား အိမ်နိမ့်သမီးတော် မင်းခင်လှ စန္ဒာဒေဝီဘွားသမီး ပင့်အုံတွင်
မြင်သည်။ မင်းရဲလှကျော် မြစ်တွင်းကို စားသည်တစ်ပါး၊ နှမတော် ပစ်စွန်
လှသုဒ္ဓာတစ်ပါး၊ မောင်တော် မင်းရဲသီဟ ရာဇာမဏိစူဠာ ဒါယကာတော်
မင်းတရားကြီး ဘုရားတွင် ပြည်မြို့ကို ဝန်ပြုသည်တစ်ပါး၊ ညီတော် နေမျိုး
ပတ္တ ဟံသာဝတီပျက်လျှင် ရဟန်းပြု၍ နေသည်တစ်ပါး၊ ညီတော် မင်းသား
ကောသူတစ်ပါး၊ နှမတော် မင်းသမီး ဝရမြတ်တော်တစ်ပါး၊ ညီမတော်
မင်းသမီး ခင်ရွှေနန်းတစ်ပါး၊ သားတော်ရှစ်၊ သမီးတော်သုံး ပေါင်းတစ်ဆယ့်
တစ်။ ယင်းသောခါ ဆင်ဖြူ ဆင်နီများသခင် ဘဝရှင် မင်းတရားကြီးဘုရား
နိုင်ငံတော်ဖြစ်သော သရေခေတ္တရာပြည်ကြီး၊ ကေတုမတီပြည်ကြီး၊ ရတနာပူရ
ပြည်ကြီး၊ ကလေးပြည်ကြီး၊ သောင်သွပ်ပြည်ကြီး၊ မိုးကောင်းပြည်ကြီး၊
မိုးညှင်းပြည်ကြီး၊ ဗန်းမော်ပြည်ကြီး၊ မိုင်းမောပြည်ကြီး၊ စည်ခွင်ပြည်ကြီး၊
ဟိုသာပြည်ကြီး၊ လသာပြည်ကြီး၊ စန္ဒာပြည်ကြီး၊ မိုးဝန်းပြည်ကြီး၊ မိုင်းလျင်
ပြည်ကြီး၊ ကိုင်းမာပြည်ကြီး၊ သိန္နီပြည်ကြီး၊ မိုးမိတ်ပြည်ကြီး၊ အုန်းပေါင်
ပြည်ကြီး၊ သီပေါပြည်ကြီး၊ ညောင်ရွှေပြည်ကြီး၊ မိုးနဲပြည်ကြီး၊ ကျိုင်းတုံ
ပြည်ကြီး၊ ကျိုင်းယုံပြည်ကြီး၊ ဇင်းမယ်ပြည်ကြီး၊ လင်းဇင်းပြည်ကြီး၊ အကျော်
ပြည်ကြီး၊ လဝိုက်ပြည်ကြီး၊ ယိုးဒယားပြည်ကြီး၊ တသံ့ခရိပြည်ကြီး၊ ထားဝယ်

မြည်ကြီး၊ မုတ္တမပြည်ကြီး သည်တိုင်းကြီး ပြည်ကြီးအပေါင်း ထီးဆောင်း မင်းတကာတို့သည် အသီးသီး သောင်းကျန်း ခြားနားလေကြသည်။ ယင်းသော ဒါတောင်ငူဘုရင်ကလည်း ရခိုင်ဘုရင်သို့ တူတော် ဟူသော အဆေါ် အဝေါ်ဖြင့် မပြတ် စေပါးတော်မူသည်။ ရခိုင်ဘုရင်ကလည်း ဦးရီးတော် ဟူသော အဝေါ် အဝေါ်ဖြင့် မပြတ် စေပါးတော်မူကြသည်။ မင်းနှစ်ပါးတို့က စေပါးသော သံတမန်တို့ကို နေ့ခက် လျှင် ခရီး တွင် နေသော လူပြေး လူပုန်းတို့သည် ဖျက်ဆီး လုယူ၍ ပြုလေသည်။ ထို အကြောင်းများကို ရခိုင်ဘုရင် ကြား လျှင် လူ သုံးရာကျော်ခန့်ကို လက်နက် ကိရိယာနှင့် အလုံ အခြုံ ပြုစေ၍ တောင်ငူ ဘုရင်သို့ စေလာသည်။ စေလာဟန်ကား ကေတုမတီနှင့် ညောင်တ အကြားတွင် လူပြေး လူပုန်းတို့ ဖျက်ဆီး လုယူသောကြောင့် သံတမန် အစေ အပါး မရောက်နိုင် ရှိရသည်။ ကျွန်ုပ်က အလုံး အရင်းနှင့် သံလျင် မြို့တွင် နေရသည်ဖြစ်မှ နှစ်ပြည်ထောင် သံတမန် အရောင်း အဝယ် ရောက် ပေါက်လွယ်၍ ရွှေတစ်ပြားတည်းကဲ့သို့ ဖြစ်မည် ဟူ၍ စေလာသည်။ တောင်ငူ ဘုရင်လည်း ရခိုင်ဘုရင်က စေလာသော စကားကို ကြားတော်မူလျှင် သံလျင် တွင် အခိုင် အလုံ နေမှ သံတမန် အရောင်း အဝယ် သွားလာသာမည် အကြံ တော်ရှိ၍ တူတော်က အလုံး အရင်းနှင့် သံလျင်တွင် နေလေစေ ဟူ၍ မှာတော် မူသည်။ ရခိုင် ဘုရင်လည်း ဇေင်ကာ ဟူသော ကုလား ဖရင်ဂျီကို သင်္ဘောသုံးစင်း လွန်းကြင်တစ်ရာကျော်နှင့် လူနှစ်ထောင်ခန့် သံလျင်တွင် အခိုင်အလုံ နေရသည်။ ကုလားဇေင်ကာလည်း သံလျင်သို့ရောက်၍ မြို့ ကျုံး မြောင်း တို့ကို ခိုင်လုံအောင် လုပ်ဆောင် ပြင်ဆင်ပြီးလျှင် သင်္ဘောသား ကုန်သည်များနှင့် မသင့် သင့်အောင် ဖြားယောင်း ခေါ်ငင်၍ ရောင်းဝယ် သည်။ တောင်ငူဘုရင်သို့လည်း ပဏ္ဏာလက်ဆောင် မပြတ်ဆက်သည်။ ရခိုင် ဘုရင်သို့လည်း ပဏ္ဏာ လက်ဆောင် မပြတ်ဆက်သည်။ အရှေ့ဘက် မုတ္တမကို မင်းပြုသော ဗညားဒလနှင့်လည်း အထပ် သင့်အောင် အရောင်း အဝယ် လက်ဆောင်ပဏ္ဏာ ပို့သ၍ အဆွေခင်ပွန်း ပြုကြသည်။ နောက်လည်း ဗညား ဒလသား ဗညားနွယ်နှင့် ဇေင်ကာသမီးနှင့် ထိမ်းမြား၍ သမီး ခမက် ဖမ်း ကြသည်။

တောင်ငူမှာလည်း သက္ကရာဇ်(၉၆၄)ခုနှစ် နတ်တော်လဆန်း ၇ရက် ကြာသပတေးနေ့ နက္ခတ်နှစ်ဆယ့်သုံးလုံး၊ နှစ်ဆယ့်ခြောက်ဆည့် မကာရစန်း

ထွက်၊ သုံးချက်တီးကျော်တွင် ကောဇာမတိ ရွှေနန်းကို တည်တော်မူသည်။ တန်ခူးလဆန်း ၁၀ ရက် သောကြာနေ့ နက္ခတ် ၆ လုံး၊ ၅၅ ဆင့်၊ ပေဆုန်စင်းကျွန်လက်၊ ညဉ့်သုံးချက်တီးကျော်တွင် ရှင်မိဖုရားခေါင်နှင့် နန်းတက်တော်မူသည်။ နန်းမြို့ကို သာရဝီပအောင်ချာဝတီ၊ အရှေ့တံခါးကို ဥဒေတိဝဍ္ဍန၊ တောင်တံခါးကို ကောင်းမှုမော်ကွန်း၊ အနောက်တံခါးကို ဇေယျဆာသာ၊ မြောက်တံခါးကို သီဟဝိဇယဟု၍ သမုတ်တော်မူသည်။ နန်းတက်တော်မူလျှင် အတုလမဟာဓမ္မရာဇာဟူသော အမည်ကို ခံတော်မူသည်။ ရှင်မိဖုရားမှာ အဂ္ဂမဟာဒေဝီဟူသော အမည်ကို သမုတ်တော်မူသည်။ သားတော်အကြီး နတ်ရှင်နောင်ကို ဥပရာဇာဟူသောအမည်နှင့် အိမ်ရှေ့မိဖုရားဖြစ်ဖူးလေပြီးသော ငင်းမယ်နှင့် စုံဖက်တော်မူသည်။ ဟံသာဝတီဘုရင်နှမတော် ရာဇဓာတုကလျာနှင့်လည်း အိမ်ရှေ့မင်း အဆောင်အယောင်နှင့် ထက္ကူ ဗိုင်းစု၊ သင်းစု၊ မြင်းစုလည်း ပေးတော်မူသည်။ ညီတော် ကောလိယ မင်းရဲကျော်ထင်ကို သတိုးဓမ္မရာဇာဟူသော အမည်နှင့် အကြီးတော် ပြည်ဘုရင် သတိုးဓမ္မရာဇာ အဆောင် အယောင်ကို ပေးတော်မူသည်။ မဟာ ဥပရာဇာ ရွှေလှေစုကိုလည်း ပေးတော်မူသည်။ သားတော်အလတ်နရာဓမ္မကို မင်းရဲကျော်စွာဟူသော အမည်နှင့် မင်းရဲကျော်စွာ စုံ အဆောင်အယောင်ကို ပေးတော်မူသည်။ နှမတော် ဟံသာဝတီ ရှင်ဘုရင် အလယ်နန်း မိဖုရားနှင့်လည်း စုံဖက်တော် မူသည်။ သားတော် အလတ် ရဲစေသီဟကို မင်းရဲ သီဟ ဟူသော အမည်နှင့် ဘေးတော်သီဟသူ အရာကို ပေးတော်မူသည်။ နှမတော်အငယ် ဟံသာဝတီရှင်ဘုရင် မြောက်နန်း မိဖုရား နှင့် စုံဖက်တော်မူသည်။ ။သားတော်အငယ် နေမျိုးဒတ္တကို မင်းရဲကျော်ထင် ဟူသောအမည်နှင့် ညီတော်ကောလိယမင်း၊ မင်းရဲကျော်ထင် အဆောင် အယောင်ကိုလည်း ပေးတော်မူသည်။ နှမတော်ဟံသာဝတီရှင်ဘုရင် မြောက် နန်း မိဖုရားတွင်မြင်သော ဟံသာဝတီ ရှင်ဘုရင် သမီးတော် ခင်ရွှေတုံးနှင့်လည်း စုံဖက်တော်မူသည်။ ယင်းသည့်နေ့ပင် နန္ဒကျော်ထင် နော်ရထာကို သက်ရှည် ကျော်ထင်၊ မဟာပုံချိုကို စည်သူကျော်ထင်၊ ဇေယျကျော်ထင်ကို နော်ရထာ၊ ဇေယျဂါမဏိကို သင်္ခယာ၊ သယကျော်ထင်ကို တရဖျား သည်နည်းချည်၊ ဆွေတော် မျိုးတော် မှူးတော် မတ်တော်တို့ကို အထိုက်အလျောက် အမည် ပေးတော်မူသည်။ နေရာလည်း ပေးတော်မူသည်။ စားကျေး စားလက်လည်း ပေးတော်မူသည်။ အကွက်အရပ်ချ၍ နေရသည်။ မုတ္တမ ကျေးစပ်၊ သံလျင် ကျေးစပ်၊ ပြည်ကျေးစပ်၊ အရှေ့ရှမ်းပြည် ကျေးစပ် များမှာလည်း ကင်းရှည်

ကင်းတို့ အလုံးအရင်းထား၍ အခဆာအချာခနေရသည်။ ဘုရားကိုလည်း ရွှေသုံးတော်ပြည့် တည်၍ ထီးတင်တော်မူသည်။ ချောင်းမှင်စော ဆောက်၍လည်း လှူတော်မူသည်။ ခမည်းတော် အဆု ရှင်ဝိဇ်ဘာဝိကို ရည်၍ မြို့ရွှေချောင်းမရှင်ခစာအပါးတွင် သာယာလှစွာသော ကျောင်းရံ နှစ်ဆည်နှင့် တကျောင်းကြီး ဆောက်တော်မူသည်။ ကျောင်းမပြီးခင် အဆုတော် လှိုင်၍ အရှင်မဟာသီလဝံသဘုန်းကြီးအား လှူတော်မူ၍ အဆုပြုတော်မူသည်မှာသည်။ လေးပါးလည်းမပြတ်ထောက်ပံ့တော်မူသည်။ ပေါင်းလောင်းအနောက်၌လည်း ဆင်ကျုံးတည်တော်မူသည်။ အရှေ့က ရိုးတံခါးထား၍ မြစ်နားက ဆင်ကို သွင်းရသည်။ ဆင်ကြည့်သောအခါ နေတော်မူစရာ ဆင်ကျုံး အနောက် တံတိုင်းနားတွင် ပြာသာဒ် ဆောက်စေ၍ လက်ဝဲမြေနန်း လက်ျာမြေနန်း စမွတ်ထားတော်မူသည်။ မြို့တွင်းရွှေနန်းတော် သအင်တဲသို့ ဆင်သွင်းသော အခါ သားတော် အိမ်ရှေ့မင်း အစရှိသော မင်းညီမင်းသား မင်းမှူးမင်းမတ် အပေါင်းခြံရံလျက် သိကြားမင်း၏ အသရေ ကဲ့သို့ အလွန်တင့်တယ် စမွယ် စွာရှုတော်မူသည်။ ပေါင်းလောင်းအနောက် သာယာလှစွာသော မြေအပြင် တွင်လည်း ဆင်ခင်း မြင်းခင်း ဖြစ်စေဟု၍ နှစ်ဘိုင်း ဆင်ကို စမ်းစေသည်။ ကော်ထား၍ ပြောင်း၊ လှံ၊ သေနတ်ကို စမ်းစေသည်။ နန်းတော်မြောက် သုံးထောင် ဈေးလမ်းမကိုလည်း ညီညွတ်စွာ သတ်သင်စေ၍ မင်းညီမင်းသား မင်းမှူးမတ် အပေါင်းတို့ကို ကူလီကစားရသည်။ နန်းတော် အနောက် တောင်ထောင့် မြို့တည် ရှင်ဘုရင် စီရင်၍ အပြီးထားသော ကြာအင်း၌ ရေနန်းဆောက်စေ၍ လက်ဝဲ မြေနန်း လက်ယာမြေနန်း ထားတော်မူသည်။ ကန်လေးထောင့်ကို စမွယ်ကျွန်း၊ အုန်းကျွန်း၊ ငှက်ပျောကျွန်း၊ လိမ်မော်ကျွန်း ဟူ၍ လေးကျွန်း စီရင်တော်မူသည်။ ထိုလေးကျွန်း၌လည်း သာယာလှစွာသော မင်းတဲဆောက်စေ၍ ရေနန်းသို့ ထွက်စမွယ်တော် မူသောအခါ သားတော် အိမ်ရှေ့မင်း၊ အစရှိသော မင်းညီ မင်းသား မင်းမှူး မင်းမတ် အပေါင်း ဝန်းရံ၍ ထွက်တော်မူသည်။ အင်းယော်သို့ ရောက်တော်မူလျှင် ကရဝိက် ရွှေလှေနှစ် စင်းကို ရှင်ဘုရင်မှာ ကရဝိက်ဖို၊ ရှင်မိဖုရားမှာ ကရဝိက်မရုပ် လှေကို စီးတော် မူသည်။ မင်းညီ မင်းသား မင်းမှူး မင်းမတ် အပေါင်းတို့မှာလည်း မိမိတို့ ရသည့် လှေမှတ်နှင့်ချည်း လိုက်ရသည်။ လေးကျွန်းကို လှည့်တော်မူ၍ ရှင်စံတော် မူပြီးမှ ရေနန်းကို တက်တော်မူသည်။ သည်ကဲ့သို့ ထွက်တော်မူလျှင် အင်းတွင် ရေဟောင်းကို ထုတ်စေ၍ ရေသစ် သွင်းရသည်။ တစ်လကို တစ်ကြိမ် နှစ်လကို

တစ်ကြိမ်ထွက်စံတော်မူသည်။ ထို သက္ကရာဇ် တန်ဆောင်မုန်းလ ထိပ်ရွှေ မိဖုရား ရာဇဒေဝီကလျာ လှူတော်မူသည်။

သက္ကရာဇ် (၉၆၅) ခုနှစ်တွင် သံလျင်ကို နေစေသော ကုလားငဇင်ကာလည်း မုတ္တမစား ဗညားဒလကို အမှီပြုရလျှင် ရခိုင်ဘုရင်ကိုလည်း မကျိုးမနွံ မပျပ်မဝပ်၊ တောင်ငူဘုရင်ကိုလည်း မကျိုးမနွံ မပျပ်မဝပ် လက်ဆောင်ပဏ္ဏာကိုမဆက် အခိုင်နေလေ၏။ ရခိုင်က တောင်ငူသို့—တောင်ငူက ရခိုင်သို့ အစေအပါး အရောင်းအဝယ် သွားသူများကိုလည်း ချုပ်၍ ထားလေသည်။ သည်အကြောင်းများကို ပြည်ထောင်မင်းနှစ်ပါးတို့ သိတော်မူလျှင် ဦးရိုးတော်ကလည်း အလုံးအရင်းအများနှင့် ကြည်းကြောင်း ချီပါစေ၊ ကျွန်ုပ်ကလည်း အလုံးအရင်းအများနှင့် ရေကြောင်းချီလာစိမ့်မည်ဟု ရခိုင်ဘုရင်က တောင်ငူဘုရင်သို့ စေလာသည်။ တောင်ငူဘုရင်ကလည်း သည်အရေးသည် သင့်သည် အယူတော်ရှိ၍ အဘယဂါမဏိ တစ်တပ်၊ သီရိဇေယျကျော်ထင် တစ်တပ်၊ စည်သူကျော်ထင် တစ်တပ်၊ တရဖျားတစ်တပ်၊ သားတော် မင်းရဲကျော်ထင်တစ်တပ်၊ သားတော်မင်းရဲကျော်စွာတစ်တပ်၊ညီတော်သတိုးဓမ္မရာဇာတစ်တပ်၊ သားတော် အိမ်ရှေ့မင်း တစ်တပ် သည် ခြောက်တပ်ကို တိုက်ဆင် သုံးရာ၊ မြင်း သုံးထောင်၊ စစ်သည်သူရဲ ငါးသောင်းနှင့် သံလျင်သို့ ချီရသည်။ ရခိုင်ဘုရင်ကလည်း သားတော် အိမ်ရှေ့ ဥပရာဇာကို ဗိုလ်မင်းပြုစေ၍ ကတ္တူလှေနှုန်းကြင် တိုက်လှေကြီး တစ်ရာ၊ တစ်စုက်လှေငယ် တစ်ရာကျော်ခန့်နှင့် သံလျင်သို့ ချီလာသည်။ ကုလားငဇင်ကာလည်း ပြည်ထောင်မင်းနှစ်ပါး ချီလာချေသော် ခံနိုင်ချိမ့်မည်မဟုတ် အကြံရှိ၍ ကတ္တူလှေနှုန်းကြင် သင်္ဘောတွင် ပြောင်းသေနတ် အပြည့် စီစဉ်၍ ရခိုင် အိမ်ရှေ့မင်းတို့ လှေတပ်ရောက်လျှင် သင်္ဘော ပြည်သို့ ပြေးမည် အကြံရှိ၍ မန်အလုံသို့ ထွက်လာသည်။ ရခိုင် အိမ်ရှေ့မင်းလည်း မပြေးမသက်ရအောင် ဆီး၍ တိုက်နှင့်သည်။ သံလျင်စားလည်း မလွဲသာပြီဖြစ်၍ သင်္ဘောသုံးစင်းကို ကျောက်ဆူးချပြီးလျှင် ပြောင်းသေနတ်ဖြော်ဖြော် တိုက်လေ၏။ ရခိုင် ဥပရာဇာတို့ လှေသည် သင်္ဘောကို မတန်ချေ၍ ကွဲချေပေါက်ချေသည်။ တချို့လည်း ကမ်းနားသို့ ချဉ်း၍ ကြည်းသို့ တက်ပြေးရချေ၏။ တောင်ငူက ချီလာသော စစ်သည် သူရဲတို့မူကား မကော်သို့ ရောက်သည်။ သံလျင်သို့ မရောက်သေးသောကြောင့် ကူညီ၍ မတိုက်ရချေ။ ယင်းသို့လျှင် ကုလား ငဇင်ကာလည်း ထပ်၍ လိုက်ပြန်လေသည်။ ရခိုင် ဘုရင်သား ဥပရာဇာကို သူက ရလေ၏။

တောင်ငူ ဆိပ်ရွှေမင်းတို့လည်း ရခိုင်က ချီလာသည့် ရေဘော် ပျက်ကြောင်းကို ကြားလျှင် ထိုအရပ်၌ တပ်လှုံ တပ်ခိုင် တည်၍ နေတော်မူသည်၊ ရခိုင် ဘုရင်လည်း ပြေးလာသသူတို့ ရောက်၍ သားတော်ကို သူရဲလဲကြောင်းကို ကြားတော်မူလျှင် အလုံးအရင်း တိုက်လှေသုံးရာကျော်နှင့် ကိုယ်တိုင် ချီလာ သည်။ ရောက်လျှင် တောင်ငူ ဆိပ်ရွှေမင်းနှင့် ရုံးစုတိုင်ပင်၍ သံလျင်မြို့ကို ရံတော်မူသည်။ ထိုသို့ ရံသော်လည်း အလျှော့မခံ၊ မြို့ကိုသာ အခိုင် အလုံ ပြု၍ နေလေသည်။ တကာခစသော်လည်း မြို့စီး ပြစီး လက်နက်ကိရိယာ ထူထပ်လှသော ကြောင့် မရနိုင်ချေ၊ ရှည်လတ်သော် မင်းနှစ်ပါးတို့ တိုင်ပင်၍ ရခိုင် ဥပရာဇာကို ပေး တောင်းရလေသည်။ သံလျင်စား ဇေ၀်ကာလည်း မလေးမစား ငါ့တို့ကျွန် ဟူ၍ မဆိုနှင့် ပြည်တောင်ချင်းမင်းဟူ၍ဆို။ ယင်းသို့ဆိုမှ ဥပရာဇာကို ငါပေးမည် ဟူ၍ မှာလိုက်သည်။ ရခိုင်ဘုရင်နှင့် တောင်ငူ ဆိပ်ရွှေမင်းလည်း မဟာ ဗညားဒလ သည် ယိုးဒယားနှင့် တစ်ချက်တည်းဖြစ်သည်။ ဇေ၀်ကာသမီးသည်၊ မဟာ ဗညား ဒလသား ဗညားနွယ် မယားဖြစ်၍ သမီး သမက် ဖြစ်ကြသည် အကြံတော်ရှိ၍ သံလျင်မြို့စား အလိုသို့ လိုက်တော်မူကြသည်။ အရေးစကားပြီးလျှင် နောက် နေ့ သံလျင်မြို့ကို မလုပ်မကြံပြီ ဟူ၍ မင်းနှစ်ပါး ကတိပြုမှ ရခိုင်ဘုရင်သား ဥပရာဇာကို ပို့လာသည်။ ဥပရာဇာ ရောက်လာလျှင် မင်းနှစ်ပါး တစ်ပါးကို တစ်ပါး ပဏ္ဏာကာရ ပေး၍ ပြန်တော်မူကြသည်။ ။ထိုနေ့မှစ၍ တောင်ငူ ဘုရင်နှင့် ရခိုင်ဘုရင် သံတမန် အရောင်း အဝယ် မပေါက် မရောက် နိုင်ချေ၊ ကုလားဇေ၀်ကာလည်း သံလျင်မြို့ကို အခိုင် နေနိုင်လေသောကြောင့် ပုသိမ် သင်္ဘောဆိပ် ဒလ သင်္ဘောဆိပ်တို့ကို တောင်ငူဘုရင်က ပိုင်တော်မမူချေ၊ ယင်းသို့ ပိုင်တော်မမူလျှင် အထူးထူး အပြားပြားသော ပုဆိုးကောင်း၊ ခါသာ၊ ပင်ကာ၊ ဇော်ကရတ်၊ သက္ကလပ်၊ မုရီ တို့ကို တောင်ငူသားများ မဝတ်ရချေ၊ တောင်ငူတွင်ရှိသော ကုလားပန်းသေး သူဌေး သူကြွယ်တို့ လက်တွင် ရှေးက ရှိသော အထည် အလိပ်များကိုသာ ဝတ်ရချေသည်။ တောင်တွင် ဆား အကောင်းမရနိုင်သောကြောင့် ဟံသာဝတီမြို့ရွှေဝန်းကျင်မှာ တပ်ကြီး တပ်ခိုင် တည်စေပြီးလျှင် ဆင်၊ မြင်း၊ အမြောက်၊ သေနတ်ကာ၍ ဆားချက်ရသည်။ သံလျင်စားလည်း ဟံသာဝတီမြို့ဝန်းကျင်တွင်ရှိသော ဘုရားပုထိုးကို တူးပေါက် ၍ ရွှေရုပ်တု၊ ငွေရုပ်တုတို့ကို ရလျှင် စီသော ကျောက်တို့ကို ခွါ၍ ရွှေလျက် ငွေလျက် လုပ်၍ သင်္ဘောသားတို့နှင့် အရောင်းအဝယ်ပြုသည်၊ နောက်လျှင် အလုံးအရင်းများ၍ အခိုင်အမြဲ ဖြစ်လေသည်။

## တောင်ငူရွှေနန်းရှင် မဟာဓမ္မရာဇာ နတ်ပြည်စံလွန်၍ သားတော် နတ်ရှင်နောင် နန်းတက်တော်မူခန်း

တောင်ငူဘုရင် ရွှေနန်းရှင်ကား သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ဟိရီ၊ ဩတ္တပ္ပ၊ ပညာနှင့်ပြည့်စုံတော်မူသည်။ သားတော် အိမ်ရှေ့မင်းကို တိုက်တွန်းတော် မူ၍ ရွှေတန်းဆာ မြတ်စွာဘုရားကို အတိုင်းထက်လွန်အောင် လုပ်တော်မူသည်။ ပြီးလျှင်ရွှေအတိုမှမ်းမံ၍ မြို့မြောက် မာန်အောင်တံခါးတွင် ပြာသာဒ်ဆောက်၍ ကိုးကွယ်တော်မူသည်။ ကိုယ်လုပ်တော်အကြီး သုခဆာယာကိုလည်း အရှေ့မြို့နားအရပ်၌ ဇေတဝန် ရွှေကျောင်းဆောက်စေ၍ အရှင် ဥ ယျမမွှာအား လှူတော်မူ၍ ဆရာပြုတော်မူသည်။ အရှေ့ဘက် သရထော်ရံ ညီနောင် ဘုရား ရှင်ဝယ် မလှုပ်အဆောင်ဆောင် ဆောက်စေ၍ မြို့တည် ရှင်ဘုရင် ဆရာတော်၊ အဘိုးတော် ဆရာတော်၊ ခမည်းတော်ဆရာတော်မှစ၍ တောင်ငူမြို့တွင်း မြို့ပြင် ဝယ် သီတင်းသုံး နေတော်မူသော အရိယာ သံဃာတော် အပေါင်းတို့အားလည်း အလှူ့ အလှည်၊ အလှယ်လှယ် သီတင်းသုံးထိုင်ပင့်၍ ဆွမ်းလုပ်ကျွေးတော် မူသည်။ သက်နှစ်လျှာ ဖျင်၊ ပုဆိုး၊ ဆန်၊ ဆား၊ ငါးပိလည်း မပြတ် လှူတော် မူသည်။ ဤသို့သော ကောင်းမှု ကုသိုလ်တို့ကို ဆည်းပူးတော်မူသည်။ တောင်ငူ ဘုရင်ကား သက်တော် ငါးဆယ်သို့ ငါးလအဝင်တွင် မင်းဖြစ်တော် မူသည်။ သက်တော် ငါးဆဲ ငါးဆဲ့သုံးနှစ်သို့ သုံးလအဝင်တွင် နန်းတက်တော်မူသည်။ ရှစ်နှစ် သက္ကရာဇ်(၉၇၁)ခု ဝါခေါင်လဆန်း တဆဲ့ငါးရက် အင်္ဂါနေ့ နတ်ပြည် စံတော်မူသည်။ နံ့တော်ဗုဒ္ဓဟူးသားတည်း။ တောင်ငူရွှေနန်းတည်မိဖုရားကား ဟံသာဝတီ ဆင်ဖြူများသခင် ဘဝရှင် မင်းတရားကြီး မင်းမိဖုရား စန္ဒာဒေဝီ တွင်မြင်သော သမီးတော် မင်းခင်စောတည်း။ သားတော် သမီးတော်ကား သားတော် အိမ်ရှေ့ နတ်ရှင်နောင်တစ်ပါး၊ ညီတော်မင်းရဲကျော်စွာတစ်ပါး၊ ညီတော် မင်းရဲသီဟသူ တစ်ပါး၊ ညီတော် မင်းရဲကျော်ထင်တစ်ပါး ပေါင်း သားတော်လေးပါး၊ ဒွါရာဝတီ အိမ်ဖြူရှင် မြေးတော် မင်းမဟာ သမီးတော် မျိုးမြတ်ဘုန်းဝေတွင်မြင်သည့် မင်းသမီး ခင်ရွှေနန်းမင်္ဂလာဒေဝီခံ။ ခမည်းတော် ရွှေနန်းသခင် မဟာဓမ္မရာဇာ နတ်ပြည် စံတော်မူလျှင် သားတော် အိမ်ရှေ့ နတ်ရှင်နောင်သည် ဝါခေါင် လပြည့်ကျော် ခြောက်ရက် သောကြာနေ့ နက္ခတ်နှစ်လုံး၊ သုံးဆယ့်ရှစ်ဆဋ္ဌိ၊ မိဿာစန်း၊ မေထုန် လဂ်တွင် နန်းတက်တော် မူသည်။ ဘုရင်သီဟသူရအမည်ကို ခံတော်မူ၍ တော်သလင်း လဆန်းရှစ်ရက်

တနင်္ဂနွေနေ့ မွန်းယိမ်းနှစ်နာရီတွင် ထီးဖြူလေးစင်းနှင့်တကွ ဝေဖြာသာဝ်စီး၍ ဖြိုးလည်တော်မူသည်၊ ညီတော်မင်းရဲကျော်စွာကိုလည်း အိမ်ရှေ့ပေးတော်မူသည်။ ဤတွင်ရှေ့ကား ကေတုမတီကသည် ဟံသာဝတီ၊ ဟံသာဝတီကသည် ကေတုမတီ တိုင်အောင် မင်းဆက်တည်း။

အထူးထူးသော တိုင်းကြီး ပြည်ကြီး ထီးဆောင်းမင်းများသခင် ရွှေတွင်း၊ ငွေတွင်း၊ ပတ္တမြားတွင်း၊ ပယင်းတွင်းစသော ရတနာအပေါင်းတို့၏ အရှင် စတုဿ ရတနာပူရမြို့တည် နန်းတည် ဆဒ္ဒန်ဆင်မင်းသခင် ဆင်ဖြူများရှင် အရှင် ဘဝရှင်မင်းတရားကြီးလက်ထက်တော် သက္ကရာဇ် (၁၁၉၁)ခု နယုန်လဆန်း တစ်ရက်နေ့ကစ၍ရဟန်းပညာရှိ၊ ပုဏ္ဏားပညာရှိ၊ မှူးမတ်ပညာရှိတို့နှင့် အထူးထူး သောရတနာတို့ဖြင့် ဆန်းကြယ်သော မှန်နန်းတော် ဆောင်တော်ဦး နန်းမဆောင်၌ နှိုင်းညှိ၍ အသင့်ယုတ္တိ ကျမ်းဂန်အာဂုံနှင့်အညီ သုတ်သင် စီရင်တော်မူသော မဟာရာဇဝင်တော်ကြီး (၁၆-တွဲ) ပြီး၏။

နမော တဿ ဘဂဝတော အရဟတော

သမ္မာသမ္ဗုဒ္ဓဿ။

## ဟံသာဝတီကို တောင်ငူဘုရင်နှင့် ရခိုင်ဘုရင်တို့ လုပ်ကြံမည်ကြောင့် ရတနာပူရ-အဝရွှေပြည်သို့ ချီတော်မူခန်း

သက္ကရာဇ် (၉၅၉)-ခု ဟံသာဝတီကို တောင်ငူဘုရင်နှင့် ရခိုင်ဘုရင်တို့ ဝန်းရံ၍ လုပ်ကြံတော်မူကြလျှင် ဆင်ဖြူများသခင် မင်းတရားကြီး ဘုရား နိုင်ငံတော်ဖြစ်သော တိုင်းကြီး-ပြည်ကြီး အပေါင်း ထီးဆောင်းမင်း တကာ တို့သည် အသီးအသီး ခြားနားကြလေသည်။ ယင်းသောအခါ ညောင်ရမ်း ဘုရားလည်း ညောင်ရမ်းမြို့ကို နေနိုင်အောင်ပြု၍ နေရမှသင့်မည် အကြံတော် ရှိ၍ မြို့ကိုနိုင်လုံအောင် ကျုံးမြောင်း၊ ကတုတ်ရင်တား စီရင်တော်မူ၍ သက္ကရာဇ် (၉၅၉)-ခု ဝါဆိုလပြည့်ကျော် တစ်ဆယ့်ငါးရက် စနေနေ့ သန်းယိမ်းလျှင် ရမည်းသင်းကို သိမ်းစပြုတော်မူသည်။ ယင်းကမှ ဝတီး၊ ယင်းတော်၊ လှိုင်းတက်၊ ပေါက်မြိုင်၊ သာဂရ၊ ပင်းတလဲ၊ မြင်စည်း သည်မြို့များကို သိမ်းယူတော် မူသည်။ ထိုအခါ ခံသိမ်းသော လူအပေါင်းတို့သည် ကမ္ဘာဦး၌ ကိုးကွယ်ရာ မရှိ၍ မဟာ သမ္မတ မင်းကြီး ဘုရားကို တောင်းပန်ကြသော် မဟာသမ္မတ မင်းကြီးလည်း လူတကာတို့ကို သနားတော်မူသည်ဖြစ်၍ မင်းအဖြစ်ကို ဝန်ခံ တော်မူသကဲ့သို့ သက္ကရာဇ် (၉၅၉)-ခု ဝါခေါင်လဆန်းနှစ်ရက် တနင်းလာနေ့ တွင် ခံသိမ်းသော လူအပေါင်းတို့အား မဟာကရုဏာတော် တည်းဟူသော သနားခြင်းဖြင့် တိုက်တွန်းတော် မူအပ်သည်ဖြစ်၍ မင်းပြုတော် မူအံ့သောငှါ ရတနာပူရ အဝရွှေပြည်တော်ကြီးသို့ ချီတော်မူသည်။ မင်းလုကန်များတွင် တပ်ချတော်မူသည်။ ၎င်းဝါဆိုလဆန်း လေးရက် ဗုဒ္ဓဟူးနေ့ မင်းလုကန်များ က ချီတော်မူ၍ ဆီးတော်အရပ်တွင် ချတော်မူသည်။ ထိုစခန်းတွင် ညဉ့် နှစ်ချက်တီးကျော်တွင် တဲတော်ကို မီးလောင်လေသည်။ သည်အကြောင်းကို ဘားမဲ့ ဆရာတော်ကို လျှောက်သော် စိုးရိမ်တော်မမူနှင့် မီးတောက် မီးလျှံ

ကဲ့သို့ ဘုန်းတော်ကြီးလျက် သက်တော်ရှည်၍ သားတော်အစဉ်၊ မြေးတော် အဆက်၊ မြစ်တော် အညွန့်တို့သည် ငြေရှင်သျှည်ဖြစ်၍ ဘုရားရှင် သာသနာ တော်ကို အတိုင်းထက်အလွန် ကောင်းမွန်စွာ ဆောင်တော် မူကြလိမ့်သည်ဟူ၍ နားတော် လျှောက်စေသည်။ ယင်းကမှ ရတနာပူရသို့ ရောက်တော် မူလျှင် တံတားဦး မင်္ဂလာစေတီအနောက် သာယာလှစွာသော မြေအပြင်၌ သာစည် တပ်တော်ဟူ၍ သမုတ်တော်မူပြီးလျှင် ထိုတပ်တော်တွင် ဆယ်ရက်ခန့် ဒိုး ဝင်စံတော်မူ၍ ငှင်းဝါခေါင်လပြည့်ကျော် ငါးရက် သောကြာနေ့ နေဝင်း ပေါ်ကို ပုဂံသို့ချီတော်မူသည်။ ယင်းသောအခါ ပုဂံမြို့ကို စားသည့် ဆင်မှူးရှင် သားတော် ရှင်မြတ်လှသည် ပုဂံမြို့ကို ကျုံးမြောင်း၊ ကတုတ်ရင်တား ခိုင်လုံ အောင်လုပ်၍ ခံနိုင်သည်ကို ရောက်တော်မူလျှင် ကောသလရာဇာခြင်္သေ့မင်းရှေ့ ယုန်-ဒရယ်တို့သည် သန်း၍ မသွားဝံ့ သကဲ့သို့ ပုဂံစားအညှိခံ၍ အရေးတော် ပြီးလျှင် ပုဂံစားကိုယ်ကစ၍ တစ်မြို့လုံးကို သစ္စာတော်ပေးသည်။ ယင်းသို့မှ ဘယနန်းသူနှင့် ဇေယျကျော်ကို မြို့စောင့်ခန့်တော်မူ၍ သေရောက်၊ တရုတ် တိုင်၊ ကျောက်ပန်းတောင်း၊ စဉ့်ကူး၊ စလေ၊ ပုခန်းငယ်သို့ချီ၍ ဆင်၊ မြင်း လူသူတို့ကို သိမ်းယူတော်မူမည် စီရင်တော် မူစဉ်တွင် ထိုထိုသို့သော မြို့ကို စားသော မြို့စားအပေါင်းတို့သည် လက်ဆောင် လက်နက် အများ ဆက်၍ ကျွန်တော်ခံလာကုန်သည်။ ထိုသူတို့ကို သစ္စာတော်ခံစေ၍ ဆုလာဘ် ပေးပြီး လျှင် ယူကောင်းသော ဆင်၊ မြင်း အလုံးအရင်း တို့ကို သိမ်းယူတော် မူ၍ ရတနာပူရသို့ ရောက်တော်မူလျှင် မင်းရဲကျော်စွာစုံ အချီတော် လက်ရွေးကြီး မှူး၊ ရဲလှမှူးတို့သည် အမှုထမ်းသုံးထောင်ကျော်ခန့်နှင့် စစ်ကိုင်းဘက်က ခံ၍ နေသည်ကို ကြားသိစေတော်မူသည်။ ယခု ဟံသာဝတီကို တောင်ငူမင်းနှင့် ရခိုင် မင်း နှစ်ပြည်ထောင် ဝန်းရံ၍ လုပ်ကြံလေရာမှာ မြို့တွင်းသားတို့လည်း အစား အသောက် ဆွန့်ရှား၍ အမှူး အမတ် သူရဲ သူခက်တို့သည် နောင်တော်ဘုရား အမှုတော်ကို မထမ်းနိုင်၍ တောင်ငူမင်းတပ်၊ ရခိုင်မင်းတပ်သို့ သုံးရာဝင်လေ သောကြောင့် မြို့တွင်းသား အားလျော့ချေပြီ ဟူ၍ ရောက်လာ သသူတို့ လျှောက်၍ ငါကြားတော်မူသည်။ အစ်ကိုတို့လည်း ငါ့အမှုတော်ကိုတည်း ထမ်းမည်လော၊ အလုပ်အကြံကိုတည်း ခံမည်လော ဟူ၍ မေးတော်မူသည်။ လက်ရွေးကြီးမှူး၊ ရဲလှမှူးတို့သည် ဟံသာဝတီမှာ နောင့်ယှက်ကြောင်း ကြားစ ကပင် တူရွင်းခြေအရပ်၌ သီတင်းသုံးသော ပိဋကတ် ဆောင် တတ်တော်မူသော တောနေ ရှင်မဟာရာမ ဘုန်းကြီးအား ပြည်ထဲရေးကို လျှောက်သော် ယခု

မင်းရဲရန္တမိတ်သည် ဇာတာ၊ စန်းလက် ကောင်းလှ ညောင်ရမ်းကို စားသော မင်းတရားလည်း ယုံကြည်တော်မူလှသည်။ သည်ဖြစ်၍ ခမည်းတော် ဆင်ဖြူရှင် မင်းတရားလည်း မိန့်တော် ငါ့သား ငါကဲ့သို့ မင်းတရားတို့၏ အရှင် ဖြစ်တော်မူမည် ဟူ၍လည်း ပြည့်စုံတော်မူသည်။ အပြည် မူးသည်။ နုလုံးရည်၊ လက်ရုံးရည်နှင့်လည်း သားတော်အစဉ်၊ မြေးတော်အဆက်၊ ပြည်ထောင်သော မင်းတို့ကို နှိမ်နင်း၍ သာသနာတော်ကို အစဉ် ရှည်စွာ ချီးမြှောက်နိုင် မြစ်တော်အညွန့်တိုင်အောင် သာသနာတော်ကို အစဉ် ရှည်စွာ ချီးမြှောက်နိုင် သိုက်နိမိတ်ရှိသည်။ ဟံသာဝတီ သော ကေရာင်ချည်း ဖြစ်မည်ဟူ၍လည်း ပြည်ထောင်မင်းကျွန်ကို မခံနိုင်၊ ညောင်ရမ်း ပျက်ခဲ့လျှင်လည်း အခြား ပြည်ထောင်မင်းကျွန်ကို မခံနိုင်၊ ညောင်ရမ်း မင်းရဲရန္တမိတ် ကျွန်ကိုခံ ဟူ၍ မှာရင်းရှိသည်နှင့် ဟံသာဝတီမှာလည်း နှစ်ပြည် ထောင် ဝန်းရံ၍ လုပ်ကြံလေသည်။ မြို့တွင်းသား အားလျော့ချေပြီ ကြားသော ကြောင့် လက်ရွေးကြီးမှူး ရဲလေ့မှူးတို့သည် အလုံးအရင်းနှင့်တကွ ညောင်ရမ်း ဘုရား နေတော်မူရာ တံတားဦး တပ်တော်သို့ ကူး၍ ကျွန်တော်ခံလာသည်။ ညောင်ရမ်းဘုရားလည်း လက်ရွေးကြီးမှူး ရဲလေ့မှူးတို့ကို အားရတော်မူ၍ ဆုလာဘ်ပေးတော်မူပြီးလျှင် သစ္စာတော်ခံစေ၍ အမှုတော်ကို ထမ်းရသည်။ လက်ရွေးကြီးမှူး ရဲလေ့မှူးတို့သည် သစ္စာတော်ခံ၍ အမှုတော်ကိုထမ်းပြီကြားလျှင် မြေဒူးစား၊ ဒီပယင်းစား၊ စည်ပုတ္တရာစား၊ ကနီစား၊ ပဒုံစား၊ အမြင့်စား၊ စဥ့်ကူးစား၊ မြဲတောင်စား၊ ချွန်းတောင်စား၊ ကောင်းတုံစားတို့သည်လည်း ဆင်ကြီး မြင်းကြီး သားသမီးတို့ကို လက်ဆောင်တော်ပြု၍ ကျွန်တော်ခံလာ သည်။ ထိုသူတို့ကိုလည်း သစ္စာတော်ခံစေပြီးလျှင် ဆုလာဘ်ပေး၍ အမှုတော်ကို ထမ်းရသည်။ ဟံသာဝတီကလည်း အရေးမခင် အရေးမထောက် အရေးမယူ အရေးမဆို အင်ဒရော် အင်ချည်ဗိုင် လေးဆယ်ကိုးရိုးသားတို့သည် ဗိုင်ခေါင်း အမည်ရတစ်ကျိပ်ကျော်တို့နှင့်ပြေးထွက်လာ၍ ကျွန်တော်ခံကြသည်။ ထိုသူတို့ကို လည်း သစ္စာတော်ခံစေပြီးလျှင် ဆုလာဘ်ပေးတော်မူ၍ အမှုတော်ကို ထမ်းရ သည်။ ထိုသူတို့ကို အထက်က မင်းရဲကျော်စွာ စုချသော အစုအကွက် တောင် ဘက်တွင်ချည်း နေရသည်။

သရေခေတ္တရာ ပြည်မြို့မှာလည်း သတိုးဓမ္မရာဇာခံ မင်းကြီးနှောင်းသည် တောင်ငူမင်းကို ဤသို့စေသည်။ ရတနာပူရ အဝကို ညောင်ရမ်း မင်းရဲ ရန္တမိတ် သည် တည်တောင်၍ မင်းပြုမည်ကြံသည်။ အဝကို နိုင်ချေက ရှည်လတ်သော် မော်ရှမ်းပြည် ကိုးပြည်ထောင်ကို သူသိမ်းယူ၍ လက်နက်နိုင်ငံ ပြုချိမ့်မည်။

ယင်းသို့လျှင် ရှည်သဖြင့် အလုပ်အကြံများချိန်မည်ဖြစ်သောကြောင့် ဦးဦးတော်ကလည်း အလုံးအရင်းအများနှင့် ကြည်းကြောင်း ချီပါစေ၊ ကျွန်ုပ်ကလည်း ရေကြောင်း၊ ကြည်းကြောင်း အလုံးအရင်း အများနှင့် ချီမည်ဟု၍ လက်ခံကုန်စားနှင့် မြို့တောင်စားကို စေတော်မူသည်။ တောင်ငူဘုရင်လည်း သည်ဟုတ်လှသောအရေးပင် ဖြစ်တော့သည်ဟု၍ မိန့်တော်မူပြီးလျှင် သည်အရေးအလတ် မင်းရဲကျော်စွာကို ဗိုလ်မှူးပြုစေ၍ တိုက်ဆင်လေးဆယ်၊ မြင်းသုံးရာ၊ စစ်သည်သူရဲ ရှစ်သောင်းနှင့် အဝသို့ ချီရသည်။ ပြည်ဘုရင် သတိုးဓမ္မရာဇာကြီးသား စလင်းမင်း— မင်းရဲဉစ္စနာ တစ်တပ်၊ ငွေတစ်ပြားစား တစ်တပ် သည်နှစ်တပ်ကို တိုက်ဆင်ငါးဆယ်၊ မြင်းငါးရာ၊ စစ်သည်သူရဲ ရှစ်သောင်းနှင့် ကြည်းကြောင်း အလျင်ချီစေသည်။ စလင်းမြို့တွင် ခံမက်ဗိုလ်ပါ ရုံးစုရသည်။ ပြည်ဘုရင် သတိုးဓမ္မရာဇာမူကား ကတ္တူ လှေနှစ်ရာ၊ လှော်ကားသုံးလှေတစ်ရာ၊ စစ်သည် သူရဲ နှစ်သောင်းခွဲနှင့် ရတနာရွှေဖောင်စီး၍ သက္ကရာဇ် (၉၅၉) ခုနှစ် သီတင်းကျွတ်လဆန်း ၆ကြိမ်ရက် တနင်းလာနေ့ အဝကို လုပ်ကြံမည်ဟု၍ ဖောင်သို့ တက်တော်မူရာတွင် ထိုမင်းအထိန်းတော် ရန်နိုင်စားသည် မှန် ရှစ်ကျိပ်ကို နှုတ်သည်၍ ငါး—လှူးကိုင်ကာ လုပ်ကြံမည်ဟူ၍ ဖောင်တော်သို့ တက်လာသည်ကို မင်းကြီးနှောင်းမြင်တော်မူလျှင် ကိုနိုင်ကို ခေါ်ပါဟူ၍ မိန့်တော်မူသည်ကို မှန်တို့ကကိုနိုင်အတွက်မဟုတ်တုံလော ဟူ၍ လုပ်ကြံမည်ပြုသည်ကို ကြောက်၍ ရေသို့ပြေးဆင်းသည်။ ရေကူးမတတ်၍ပင် အနိစ္စရောက်လေ၏။ ရန်နိုင်စားသည်၊ မင်းကြီးနှောင်း မရှိလျှင် မင်းညီ မင်းသား မင်းဆွေမျိုးတို့ကို ဖမ်း၍ချည်းသတ်လေ၏။ အလျင်ချီလေသော စလင်းမင်းနှင့် ငွေတစ်ပြားစားကို မင်းကြီးနှောင်းအခေါ် စလင်းသို့စေ၍ အလျင်ခေါ်ရသည်။ စလင်းစား ငွေတစ်ပြားစားတို့လည်း ငါတို့ကို ကြည်းကြောင်း အလျင်ချီလေ အမိန့်တော်ရှိ၍ ချီရသည်ကို ယခု ခေါ်တော်မူပြန်သည်။ အခရေးအကြောင်း ရှိမည်ဟု၍ လာသူတို့ကို မေးသော် အကြောင်းကိုမသိ ဆိုသောကြောင့် ခေါ်လာသသူတို့ကို ချုပ်ထား၍ အလျင် စူးစမ်းရလေသည်။ ပြည်မှာ မင်းကြီးနှောင်းမရှိ၍ ရန်နိုင်စားနန်းတက်ကြောင်းကိုသိမှ ခေါ်လာသသူတို့ကို ချည်နှောင်၍ စစ်မေးပြန်သည်၊ ဟုတ်မှန်တိုင်း ထွက်ဆိုကြသည်။ ယင်းသို့မှ ငွေတစ်ပြားစားတို့လည်း သင်းကျွန်ခံတွက် ရှိသလော၊ ညောင်ရမ်းမင်း ကျွန်ခံတော့မည်ဟု၍ အလုံးအရင်းကိုယူ၍ လာလတ်သည်။ ညောင်ရမ်းဘုရားလည်း လာကြောင်းကိုလျှောက်၍ ကြားတော်

အကြီးကို အသုံးအချင်းနှင့် ဆီးကြို၍ သိမ်းယူရသည်။ နှလျှင် သားတော် အကြီးကို သူလသဘ်ပေးတော်မူသည်။ မင်းတရားကြီး ရောက်လျှင် အသရေတော်မှ၍ သတိုးဓမ္မရာဇာကြီးသား မင်းရဲဉဇနာသတို့ ဝင်ရောက်လေလျှင် ညီတော်ပြည်ဘုရင်သတိုးဓမ္မရာဇာကြီးသားမင်းရဲဉဇနာသတို့ ဝင်ရောက်လေလျှင် စကူ၊ စလင်း၊ တောင်လင်း၊ လယ်ကိုင်းစသော မြို့ရွာကျေးရွာ ဟူသမျှလည်း လက်နက်နိုင်ငံတော်ချည်း ဖြစ်လေသည်။

ရာဇဝင်ကြီး ရာဇဝင်လတ် တို့၌ စလင်းမင်းကို မင်းရဲဉဇနာဟု မဆို။ ။ ရန်နိုင်စား မင်းကြီးနှောင်းကို ယခုဆိုခဲ့သည်သား မဟာမြတ်မုနိကျောက်စာတွင် မင်းတရားကြီး ညီတော် ပြည်ဘုရင် လုပ်ကြံလျှင် အဝသို့ ရွှေချီလေသော မင်းရဲဉဇနာ ဝင်လာ၍ စကူ၊ စလင်း၊ ဘောင်းလင်း၊ သတိုးဓမ္မရာဇာသား မင်းရဲဉဇနာ ဝင်လာ၍ စကူ၊ စလင်း၊ ဘောင်းလင်း၊ လယ်ကိုင်း တောင်စဉ်တစ်လျှောက် လက်နက်နိုင်ငံတော် ဖြစ်သည်ဟု ဆိုသော စကားနှင့် အညီတည်း။

ရန်နိုင်စားလည်း ပြည်မြို့ကို မင်းပြုရလျှင် သတိုး ဓမ္မရာဇာကြီးသား ရှင်နေမျိုး၊ ညီတော် ရှင်နေထွန်း၊ ညီတော် ရှင်နေဝန်းတို့ လုပ်ကြံလေသည်။ ရခိုင်ကို အမျိုပြုရမှ ငါတောင်ထားနိုင်ချိမ့်မည်။ အမှတ်ရှိ၍ မင်းသား မင်းသမီး မင်းဆွေ စိုးမျိုးတို့ကို ရခိုင်သို့ ပို့ရလေသည်။ သည်အကြောင်းများကို တောင်ငူ ဘုရင် ကြားတော်မူလျှင် အဝသို့ ချီလေသော သားတော်ကို အဝသို့ မချီနှင့် ပြည်ကိုသာ ချီလေတော့ဟူ၍ စေတော်မူသည်။ သားတော် မင်းရဲကျော်စွာ တို့လည်း ငါးစခန်း အဝသို့ ချီလာမှ ပြည်သို့ ချီ၍ လုပ်ကြံရသည်၊ မရနိုင်ချေ။ လက်နက်ကိရိယာထူထပ်ကြောင်းကို သိလျှင် မြေထဲသို့ချီ၍ လုပ်ကြံသည်။ မြေထဲ မြို့မှာလည်း ပြည်စစ်သည်ဝင်၍ အခိုင်အဖြိုး နေလေသောကြောင့် မရနိုင်ချေ။ ယင်းသို့လျှင် တောင်ငူဘုရင်လည်း ဟံသာဝတီကို လုပ်ကြံသည့် အခိုက်ဖြစ်၍ သားတော်ခေါ်၍ တောင်ငူသို့ ပြန်ရသည်။ ။ရတနာပူရမှာလည်း ညောင် ရမ်းဘုရား ခြေရင်းတော်သို့ ဝင်ရောက်လာသမျှ မင်းညီ မင်းသား မင်းမှူး မင်းမတ် သူရဲ သူခက်အပေါင်းတို့ကို အနေအထားကျအောင် စီရင်တော်မူ၍ မြို့တည်စရာ အုတ်ကျောက်များစွာ ဖုတ်လုပ်ရသည်။ ဤသို့ ဘုန်း လက်ရုံး အာဏာ ပညာ အမြင်တော်နှင့် ပြည့်စုံတော်မူသော ခမည်းတော် ဆင်ဖြူ ဆင်နီများသခင် ဘဝရှင် မင်းတရားကြီး ဘုရားကဲ့သို့ အစွမ်းသတ္တိ ရှိတော် မူသော ညောင်ရမ်း ဘုရားသည် သုနာပရန္တတိုင်း၊ တမ္ဗဒီပတိုင်း တိုင်းကြီး

နှစ်တိုင်းတို့၏ အချက်အခြာဖြစ်သော ရတနာပူရ အဝပြည်ကြီးသည် လေးနှစ် တိုင်တိုင် လူနှင့်ကင်း၍ ယိုယွင်းပျက်စီးရှိလေသည်ကို သာသနာတော်ငါးထောင် တည်စိမ့်သောငှါ ကျိန်းခန်းကာလသင့် ရွေး၍ သက္ကရာဇ် (၉၃၉) ခု ဝါခေါင် လပြည့်ကျော် ကိုးရက် ကြာသပတေးနေ့ ရွှေနန်းတော် နန်းမြို့ ရွှေစည်းရံ ဂူတော် သစ်တံခါး သည်ငါးပါးကို တစ်ချိန်တစ်ခါတည်း တည်လုပ်ကိုးသည်။

## သွားတော်အကြီးကို မိုးကောင်း၊ မိုးညှင်းသို့ ချီစေ၍ သွားတော် အိမ်ရှေ့မင်း ရမည်းသင်းတွင် အရိုင်အလုံနေသည်ကို ချီတက်သိမ်းယူစေသည့်အကြောင်း

သက္ကရာဇ် (၉၆၁) ခုနှစ် တန်ဆောင်မုန်း လဆန်း တစ်ရက် တနင်္ဂနွေနေ့ သွားတော်အကြီးကို မိုးကောင်းမိုးညှင်းသို့ ချီရသည်။ ငွေတစ်ပြားစားတစ်တပ်၊ မြောက်ဘက်မြင်းတစ်တပ်၊ စလင်းမင်းတစ်တပ်၊ ပုဂံမင်းတစ်တပ်၊ သားတော် အကြီးတစ်တပ် သည်ငါးတပ်ကို တိုက်ဆင်တစ်ရာ၊ မြင်းငါးရာ၊ စစ်သည်အုံ နှစ်သောင်းနှင့် ချီရသည်။ မိုးညှင်းသို့ရောက်လျှင် စော်ဘွားလည်း ဆင်ကောင်း မြင်းကောင်းကို တောတွင် ဝှက်ထားပြီးလျှင် လက်ဆောင် လက်နက် အများနှင့် သစ္စာတော်ကိုခံ၍ အမှုတော်ကို ထမ်းပါမည် လျှောက်လာ၍ အရေးတော်ပြီး လျှင် မိုးကောင်းသို့ ချီတော်မူသည်။ မိုးကောင်းစော်ဘွားလည်း အလုံအရင်းနှင့် နွယ်ပတ်ပုတောင်တွင် ခံနှင့်သည်ကို အကြောက်အရွံ့မရှိ ရှုပ်ရှပ်ချွံချွံ တိုက်တော် မူသည်။ မိုးကောင်းစော်ဘွား တပ်ပျက်လေ၏။ ။ယင်းသို့မှ မြစ်ကို ကူးပြီး လျှင် တပ်ခိုင် တပ်လုံ တည်ပြန်လေ၏။ ရဲမက်တော်တို့လည်း ဝန်းရံ၍ လုပ်ကြ သည်။ တောင်ကမ်းကြီးသည်နှင့် ခဲခက်သောကြောင့် ရှိ၍သာ နေရချေသည်၊ တစ်လခန့်ရှိလျှင် အနီးအစပ်ဘွင် လုပ်ကြံရမည့် များသေးသည်နှင့် ခမည်းတော် ဘုရားက ခေါ်တော်မူ၍ ရသည့် စစ်ကဲ တပ်မင်း ဆင် မြင်း သုံ့ပန်းကို ယူ၍ ပြန်တော်မူသည်။

တွင်းသင်းဝန် စီရင်သည့် ရာဇဝင်သစ်မှာ မိုးကောင်းစော်ဘွား တပ်ပျက် လျှင် မြစ်ကိုကူး၍ ပုန်းလှဲ့ ရှောင်ရှားနေရာ ရဲမက်တော်တို့ လိုက်လံတွေ့မိလျှင် သစ္စာတော်ခံ၍ မိုးကောင်းကိုပင် ဘွားစားစေသည်ဟု မဟာမြတ်မုနိကျောက် စာ "မင်းဝံအောင်ချက် ရွှေနန်းဘက်" ဟူသော မင်းရဲဒိဗ္ဗ ရေချင်းများကိုညွှန်း၍

ဆိုလေသည်။ ။မဟာမြတ်မုနိကျောက်စာ၌ ဤပထမတိုက်ပွဲတွင် မိုးကောင်း၊ စော်ဘွားကို ရသည်ဟု မဆို၊ စစ်ကဲ တပ်မင်းနှင့်တကွ အလုံး အရင်း ဆင်မြင်း၊ သုံ့ပန်းရသည် ဟူ၍သာ ဆိုသည်။ "မင်းဝံအောင်ချက် ရွှေနန်းတက်" ဟူသော မင်းရဲဒိဗ္ဗ ချေချင်းကို သွန်းသည်မှာလည်း၊ ချေချင်းတွင် "စော်ဘွားကွဲပြီ၊ မြစ်ကို ကူးလေ၊ လွတ်ကြောင်းနေလည်း၊ လှေနှင့်လိုက်မြန်၊ မကျန်အခရေး၊ သားမြေး မလွတ်၊ ပတ်ပတ်သုံ့ပန်း။ သိမ်းခဲ့မြန်းသည်" ဟု ဆိုရာ၌ ထွက်ပြေးရာ လိုက်လံ ရှာဖွေ၍ စော်ဘွားကိုပင် မရသော်လည်း မိုးကောင်းမြို့နှင့်တကွ စစ်ကဲတပ်မင်း ဆင်မြင်းသုံ့ပန်းတို့ကို ရပြီဖြစ်၍ အရေးစပ်ဆိုလေသည်ဟု ယူသင့်သည်။ ဤသို့ ယူမှလည်း မဟာမြတ်မုနိ ကျောက်စာ အက္ခရာတွင် စစ်ကဲ တပ်မင်းနှင့်တကွ ဆင်မြင်းသုံ့ပန်းကိုသာ ရသည်ဆိုသော စကား၊ နောက် ဗန်းမော်သို့ ချီသည်တွင်မှ ဗန်းမော်စော်ဘွား သိုစိန်လက်တွင် ရှိချေသော မိုးကောင်းစော်ဘွားကို သစ္စာတော်ခံ၍ မိုးကောင်းသို့ပင် ဘွားစားမြဲ ဘွားစားစေသည် စကားများနှင့် ညီရာသည်။ ။သက္ကရာဇ် (၉၆၁) ခု တပေါင်းလဆန်းတစ်ဆယ့်နှစ်ရက် သောကြာနေ့၊ နက္ခတ် နှစ်ဆယ်၊ လေးဆယ့်ခုနစ်ဆင့်၊ မကာရစန်း၊ ကရကဋ်လဂ်၊ နေ့ နှစ်ချက်တီးကျော် အချိန်တွင် သမီးတော် မင်းတရား မယ်တော်ကို လက်ကိုင်တော်မူ၍ မင်းညီ မင်းသား မှူးတော် မတ်တော် အပေါင်း ခြံရံလျက် ရွှေနန်း တက်တော်မူသည်၊ သီဟသူရ မဟာ ဓမ္မရာဇာ ဟူသော အမည်ကိုလည်း ခံတော်မူသည်။ သားတော် အကြီးကို မဟာ ဥပရာဇာ ဟူသော အမည်နှင့် အိမ်ရှေ့ ပေးတော်မူသည်။ ဒီပယင်းကိုလည်း ကံကျေးခံ ပေးတော်မူသည်။ ။သားတော် အလတ်ကို မင်းရဲသိင်္ခသူ ဟူသော အမည်နှင့် တလုပ်မြို့ကို ကံကျေးခံ ပေးတော်မူသည်၊ ။သားတော်အငယ်ကို စကုမြို့ကို ကံကျေးခံ ပေးတော်မူသည်။ နန်းသက်တွင် အဘူနေတော်မူရသည်။ ကြွတော်မူလေရာ ဝေါတွင်ပါသည့် မင်းသား ရှင်ဖြတ်လှကိုလည်း သီရိဓမ္မာသောက ဟူသော အမည်နှင့် စဉ့်ကူးမြို့ကို ပေးတော်မူသည်။ နောက်လည်း ပုဂံမြို့ကို ပေးတော်မူသည်။ ။အဒေထွေးတော် ပြည်ဘုရင် သတိုးဓမ္မရာဇာကြီးသားတော် မင်းရဲ ဥဇနာကြီးနှင့် နှမတော် စလင်းမိဖုရား စံဖက်တော် မူရာတွင် မြင်သည့် မင်းတုံးမင်း ကိုလည်း၊ စည်သူကျော်ထင် ဟူသော အမည်နှင့် စလင်းမြို့ကို ပေးတော်မူသည်။ ငွေတစ်ပြားစားကို ဘယဂါမဏိ၊ လက်ရွေးကြီးမှူးကို ကော်တော်ရန္တမိတ်၊ သည့်ပြင် မင်းသား မင်းမြေး မင်းဆွေ စိုးမျိုး မင်းမှူး မတ် အပေါင်းတို့ကိုလည်း အမည် အရည် အဆောင် အယောင် စားကျေး စားလက်

အဆိုက်အလျောက်ပေးတော်မူသည်။ သက္ကရာဇ် (၉၆) ခုသီတင်းကျွတ်လ
သုံးရက် သောကြာနေ့ နေရာမှတ်တော်မူသည်။ လက်ဝဲတော် ဦးနေ ...
ပဏ္ဍုကာဘယ၊ နန္ဒသကြီး၊ မဟာသခ်ယာ၊ ဘယကျော်ထင်၊ လက်ယာ ... ကျော်
မဟာတရမျှား၊ လက်ဝဲရန္တမိတ်၊ ရာဇသကြီး၊ နန္ဒယောဓ၊ လက်ယာ ...
သကြီး၊ နန္ဒကျော်သူသည် အမတ်တစ်ဆယ့်သုံးဦးသည် လက်ယာနန်းသူ၊ ဘယ
လက်ယာဦးနေ စည်သူ၊ သီရိဇေယျနော်ရထာ၊ သက်တော်ရှည်၊ လက်ဝဲတော်နေ။
ဉာဏရော၊ ဇေယျသကြီး၊ လက်ယာဇေယျသူရ၊ ဇေယျသင်္ခ၊ ဇေယျကျော်သူ
ဘယဂါမဏိ၊ လက်ဝဲဇလသကြီး၊ ဇေယျနန္ဒ၊ ဇေယျနန္ဒသူ သည်အမတ်တစ်ဆယ့်
သုံးဦးသည် လက်ယာတော်နေ။ ။လက်ဝဲတော်ဒုံးနေ တော်ဦးရဲ ဘယတေဇ
နန္ဒသကြီး၊ နတောင်မျှား၊ ရာဇဘယသိဒ္ဓိ၊ လက်ဝဲစည်သူ၊ လက်ယာပျံချီ၊ ဘယနန္ဒ
မိတ်၊ လက်ဝဲနန္ဒ၊ ကော်တော်ဘယ၊ ဥဒိန္နရာဇာ၊ တုရင်္ဂသူ၊ ဓမ္မသီရိ သည်အမတ်
တစ်ဆယ့်သုံးဦးသည် လက်ဝဲတော်ဒုံးနေ။ ။လက်ယာတော်ဒုံးနေ၊ လက်ဝဲ
ရဲဗိုင်၊ အသဝတ်၊ လက်ယာသိခ်၊ လက်ဝဲပျံ၊ ခဲသပြီးစား၊ ကော်တော်
ရန္တမိတ်၊ လက်ဝဲသိခ်၊ တုရင်ကျော်၊ ဘယယောဓာ၊ ရဲတောင်စား၊
လက်ယာပျံချီ၊ လက်ဝဲရန္တမိတ်၊ ဘယမင်းရဲ သည်အမတ်တစ်ဆယ့်သုံးဦးသည်လက်
ယာတော်ဒုံးနေ။ ။လက်ဝဲတော်စနည်းနေပိုက်သင်ရံ၊ အင်းယားစား၊ ဗညား
အရိန္ဒမ၊ ဗညားအိန်၊ ဓမ္မရဲသူ၊ ဗလယောဓာ၊ ရဲကမ္မာ၊ ဒွတ္တနဝေပိုက်ကမ္မာသတ်
ဇေယျဂါမဏိ၊ နန္ဒသူ၊ ဓမ္မသိခ်၊ လက်ဝဲယောဓာ၊ သည်အမတ်တစ်ဆယ့်သုံးဦး
သည်လက်ဝဲတော်စနည်းနေ။ ။လက်ယာတော်စနည်းနေ ဘယသိခ် လက်ယာ
ဘိနန်းသူ၊ ဦးဒိန်သကြီး၊ မော်နွယ်စား၊ ဘယနန်းသူ၊ ဘုရင်ယောဓာ၊ မနော်ရာဇာ၊
နန္ဒပစ္စည်း၊ ကုဏန္ဒရာဇ်၊ စစ်တုရင်္ဂသူ၊ ရာဇတမန်၊ သိပ္ပကမ္မာ၊ သူရမင်းရဲ၊ နန္ဒသီဟ
သည်အမတ်တစ်ဆယ့်သုံးဦးသည် လက်ယာတော်စနည်းနေ။ ။လက်ဝဲတော်
အတွင်း ဘဝေါနေ၊ ဂါမဏိ၊ လက်ဝဲပျံချီ၊ သရေလက်ယာ၊ ဒေဝယောဓာ၊ ဘယ
ဇေယျလတ်၊ ရာဇဒေဝ၊ လက်ဝဲဘယ၊ တုရင်ပတော၊ ရာဇဂုဏ္ဍ၊ တုရသိမ္မိစား၊
သခ်ယာ၊ ဘုရင်ဘယ သည်အမတ်တစ်ဆယ့်သုံးဦးသည် လက်ဝဲတော်အတွင်း
ဘဝေါနေ။ ။လက်ယာတော်အတွင်း ဘဝေါနေဇေယျရန္တမိတ်၊ နန္ဒမိတ်၊
ရမ္မယောဓာ၊ လပ္ပိစား၊ ကသာစား၊ ကောင်းတုံစား၊ သရေနန်းသူ၊ လက်ဝဲ
ကြံသိုင်း၊ ရာဇသရေ၊ လက်ဝဲပစ်၊ လက်ယာကြံသိုင်း၊ တေဇရာဇာသည်အမတ်တစ်
ဆယ့်သုံးဦးသည်လက်ယာတော်အတွင်းဘဝေါနေ။ ။လက်ဝဲတော်မြင်ဘဝေါ
နေ သခ်သူ၊ နဝဒေး၊ နရတောစား၊ ကျောက်ခံစား၊ ယောဓလတ်၊ လက်ဝဲသီရှည်း၊

လက်ယာသူရ၊ လက်ယာကြံသိုင်းလတ်၊ နန္ဒဘယ၊ စန္ဒပလ၊ ပန်လတ်၊ စားလတ် သည်အမတ်တစ်ဆယ့်သုံးဦးသည် လက်ဝဲတော်မြင်ဘဝေါနေ။ ။လက်ယာ တော်မြင်ဘဝေါနေ ပုံချီ၊ စဏ္ဍယောဓာ၊ ရန္တုမ္ပ၊ နန္ဒဇေယ၊ ဝေလုသမန်၊ လက် ယာရွှေတောင်၊ ကော်တော်၊ ဘယ၊ ရာဇ၊ သူရ၊ မိုညင်းဖြင့်စားနှစ်နေရာလပ်၊ လက်ယာဘယရမ္မရဲသူ သည်အမတ်တစ်ဆယ့်သုံးဦးသည် လက်ယာတော်မြင် ဘ ဝေါနေ၊ သည်ကဲ့သို့မင်းညီမင်းသား မှူးတော်မတ်တော် ကျေးစားသင်း မှူး အမတ်အပေါင်းကို နေရာအမည်အရည်အဆောင်အယောင်စားကျေးစားလက် အခေအန္နပေးတော်မူ၍ အထိုက်လျောက် သူကောင်းပြုတော်မူသည်။ ယင်းသို့မှ ပြည်ထဲအရေးကို စိုင်းပြင်း ခင်းကျင်းတော်မူသည်။ ကေတုမတီက ရမည်းသင်းကို ဝင်၍ အနိုင်အလုံ နေလေသည်ဟု၍ ကြားတော် မူလျှင် မောင်အိမ်ရှေ့မင်း အလုံးအရင်းနှင့် ချီ၍ လုပ်ကြံချေ စေတော် မူသည်။ သားတော်အိမ်ရှေ့မင်းလည်း ကျွန်တော် ချီရသည်ကို ရမည်းသင်း သည် ခံနိုင်မည်လော၊ လျှောက်ပြီးလျှင် ချီရသည်။ တပ်စဉ်ကား ဘယကျော်ထင် တပ်မှူး၊ နန္ဒသင်္ကြံစစ်ကဲ။ သီရိဇေယျ နော်ရထာ တပ်မှူး၊ ကော်မှိုင်းရဲစစ်ကဲ။ ဘယဂါမဏီတပ်မှူး၊ နသောင်မျှားစစ်ကဲ။ သက်တော်ရှည်တပ်မှူး၊ မဟာပုံချီ စစ်ကဲ။ ရာဇသင်္ကြံ တပ်မှူး၊ လကျ်ာဘိနန်းသူ စစ်ကဲ။ သားတော် အိမ်ရှေ့မင်း တပ်တော်တွင် လက်ဝဲစည်သူနှင့် ဘယသင်္ကြံကို စစ်ကဲခန့်တော် မူသည်။ သည်ခြောက်တပ်တွင်ပါသည့် တိုက်ဆင်နှစ်ရာ၊ မြင်းသုံးထောင်၊ စစ်သည်သူရဲ နှစ်သောင်းနှင့် ရမည်းသင်းသို့ သက္ကရာဇ်(၉၆၂)-ခု တန်ဆောင်မုန်း လဆန်း တစ်ရက် သောကြာနေ့ ချီတော်မူသည်။ ရောက်တော်မူလျှင် ဆင်တော် သိရိ နာဂကို စီးတော်မူ၍ ရမည်းသင်းမြို့ကို လှည့်လည်၍ ကြည့်တော်မူသည်။ မြို့၏ လက္ခဏာကို မြင်တော်မူလျှင် တပ်မချနှင့်၊ ယခုပင် ငါတိုက်တော်မူမည် အမိန့် တော်ရှိသည်။ တပ်မှူး စစ်ကဲတို့လည်း အလိုတော်သို့လိုက်၍ ဆင်သည်၊ မြင်း သည်၊ ခြေသည် အပေါင်းတို့သည် မြို့ကိုချဉ်း၍ ရှုပ်ရှုပ် ချွံချွံ လုပ်ကြံရသည်။ တစ်ခဏချင်းပျက်၍ တစ်မြို့လုံးကို ရတော်မူသည်။ ယင်းသို့မှ ဘယနန်းသူကို အလုံး အရင်းနှင့် အစောင့်အနေ ခန့်တော်မူခဲ့၍ ရတော်မူသည့် ဆင်သုံးဆယ်၊ မြင်း ခြောက်ဆယ်၊ ရှမ်းပိုက်ကောင်ဟန် တစ်ထောင်ကျော်၊ မွန်သူရဲ တစ်သောင်း ကျော်ကိုယူ၍ ပြန်တော်မူသည်။ ရောက်လျှင်ရသည့် ဆင် မြင်း သုံ့ပန်းကို

ဆက်သည်။ မေညီးတော်ဘုရား အားရတော်မူ၍ စားတော်ကျော်ရွှေ စားတော်လက်ဖက်အိုး သောက်ရေတင် တကောင်းပုံး ဆင်တော် သိရိနာဂကို ပေး တော်မူသည်။

သက္ကရာဇ်(၉၆၂)-ခုနှစ် တပို့တွဲလဆန်း လေးရက် စနေနေ့ ညောင်ရွှေသို့ ချီတော်မူသည်။ တပ်ဦးကား အယာဂါမဏိတစ်တပ်၊ ရာဇသင်္ကြံတစ်တပ်၊ သီဟပတေ့ တစ်တပ်၊ သီရိဇေယျနန္ဒရထာ တစ်တပ်၊ သိရိမဟာသောကတစ်တပ်၊ သားတော် အိမ်ရှေ့မင်းတစ်တပ်၊ ဘဝရှင်မင်းတရားကြီးဘုရားမှာ နောက်တပ်မ ပြု၍ ချီတော်မူသည်။ ထိုနှစ်တပ်တွင် ပါသည့် တိုက်ဆင်သုံးရာ၊ မြင်း လေးထောင်၊ စစ်သည်သူရဲ သုံးသောင်း ငါးထောင်နှင့် ချီတော်မူသည်။ ညောင်ရွှေသို့ရောက်စဉ် တစ်တိုင်ကျော်ခန့်တွင် ညောင်ရွှေ စော်ဘွား အရင်းမျှားနှင့်ကြို၍ တိုက်လာသည်။ မြင်းလေးထောင်နှင့် ရွှေချီသော နန္ဒပစ္စည်းတို့ တပ်ပျက်၍ သုံးစု တစ်စုသာ ကျန်ချေသည်။ မြင်းတပ် ပျက်လျှင် ပုခန်းကြီး သီဟပတေ့တပ် တိုင်အောင် ပေါက်လာသည်။ သီဟပတေ့လည်း ကြံကြံခံ၍ နေသည်။ အိမ်ရှေ့မင်း တပ်သို့လည်း ရွှေတပ် ပျက်ကြောင်းကို လျောက်လာရသည်။ ကြားတော်မူလျှင် ဆင်တော် ဘုန်းတောက်ပကို စီးတော် မူ၍ ညောင်ရမ်းပါ လက်နက်ကိုင် အင်တရေဝ်စုတစ်စု တက်တူမျှနေသော သေနတ်လုလင်တော် လက်ဝဲရွှေအား၊ လက်ယာရွှေအား သည်ကျွန်တော်အစုစု များနှင့်သာ ဆင်တော်ကို အပြင်းထိုး၍ တိုက်တော်မူသည်။ ညောင်ရွှေစော်ဘွား တပ်ပျက်၍ ဆုတ်လေ၏။ အိမ်ရှေ့မင်းလည်း ထပ်၍ လိုက်တော် မူသည်။ စော်ဘွားမြို့သို့ဝင်၍ ခံမည်ပြုသည်ကို ရှပ်ရှပ်ချုံချုံ လုပ်ကြံတော်မူသည်။ မြို့တံခါး မပိတ်ခင်မီ၍ ချက်ခြင်း အလိုတော်ပြည့်၍ စော်ဘွားနှင့်တကွ သုံးဆယ့်ကိုးလုံး မှိုင်းကို အစီးရသော ညောင်ရွှေမြို့ကို ရတော်မူသည်။ ယင်းသို့မှ ဘဝရှင် မင်းတရားကြီး ဘုရားလည်း စော်ဘွားမှစ၍တစ်မြို့လုံးကို သစ္စာတော် ပေး၍ ဆင်ကောင်း မြင်းကောင်း သူရဲသူခက်ကောင်း တို့ကို သိမ်းတော်မူ၍ ပြန်တော် မူသည်။ နေပြည် တော်သို့ ရောက်တော်မူ၍ သက္ကရာဇ် (၉၆၃)- ခုနှစ် ကဆုန် လွှန်းနှစ်ရက်နေ့ မြို့တွင်း ရွှေစည်းခုံ ဂူတော်သစ်ဘုရားကို ထီးတင်တော်မူသည်။ သက္ကရာဇ်(၉၆၃) ခုနှစ် ပြာသိုလပြည့်ကျော် တစ်ဆယ့်သုံးရက် စနေနေ့ ရွှေဘောင် တော် စီးတော်မူသည်။ ၎င်းတပို့တွဲလဆန်းတစ်ဆယ့်နှစ်ရက်စနေနေ့တောင်ဘက် လယ်တွင်းသို့ ချီတော်မူ၍ ရွှေသာလျောင်းဘုရားကို ဖူးမြင်တော်မူသည်။ ကန်၊

ချောင်း၊ ဆည်၊ မြောင်း အစရှိသော လယ်တာကိုလည်း စီရင် ခန့်ရန်တော်မူပြီ
ပြန်တော်မူသည်။

ညောင်ရွှေသို့ ညောင်ရမ်းမင်းတရားကြီး သားတော်
အိမ်ရှေ့မင်းနှင့်တကွ ချီတက် လုပ်ကြံတော်မူ ခန်း

ဂူးရက္ခဏာ တပေါင်းလဆန်း လေးရက် တနင်္ဂနွေနေ့ ပန်းမော်သို့ ချီတော်မူသည်။ ချီရသော တပ်စဉ်ကား ဘယဂါမဏိ တပ်မှူး၊ အသဝတ် စစ်ကဲ။ ဘယကျော်ထင် တပ်မှူး၊ နားတောင်းမျှား စစ်ကဲ။ ရာဇသင်္ကြံ တပ်မှူး၊ လက်ျာပျံချီ စစ်ကဲ။ သီဟပတေ့ တပ်မှူး၊ သီရိဇေယျ ဘယနန္ဒမိတ် စစ်ကဲ။ သက်တော်ရှည်တပ်မှူး၊ လက်ဝဲစည်သူ နော်ရထာတပ်မှူး၊ နန္ဒယောဓာစစ်ကဲ။ ဇေယျသင်္ကြံစစ်ကဲ။ သီရိမ္ဗောသောကတပ်မှူး၊ စစ်ကဲ။ စည်သူကျော်ထင်တပ်မှူး၊ သားတော် မဟာ ဥပရာဇာတပ်တွင် ဘယကျော်သူကို လက်ဝဲရန္တမိတ်စစ်ကဲ။ ယင်းကမှ ဘဝရှင် မင်းတရားကြီး တပ်တော်တွင် စစ်ကဲ ခန့်တော်မူသည်။ နောက်တပ်မ ပြု၍ ချီတော်မူသည်။ သည် ဆယ် နန္ဒသင်္ကြံကို စစ်ကဲခန့်တော်မူ၍ နောက်တပ်မ ပြု၍ ချီတော်မူသည်။ သည် ဆယ် တပ်တွင်ပါသည့် တိုက်ဆင်လေးရာ၊ မြင်းငါးထောင်၊ စစ်သည်သူရဲ ငါးသောင်း နှင့် ဧရာဝတီမြစ် အနောက်ဘက်ကြောင်း ချီတော်မူ၍ ကသာဆိပ်က ကူးတော် မူသည်။ ပန်းမော် စော်ဘွား သိုစိန်လည်း ဘဝရှင် ညောင်ရမ်းဘုရား ချီတော် မူလာပြီဟု ကြားလျှင် မြို့ပြ ကျုံးမြောင်း ပစ္စင်ရင်လျှောက် ပြင်ဆင်၍ ခံမည် စီရင်သည်။ နောက်အင်အားများလှသည်။ ခံသော်လည်းမခံနိုင်ရာ အယူရှိ၍မြို့ကို ပစ်၍ အလုံးအရင်းနှင့်တကွ တရုတ်မိုင်းဆည်သို့ ပြေးလေ၏။ ဘဝရှင်မင်း တရားကြီးဘုရားလည်း ပန်းမော်ကိုရတော်မူလျှင် တရုတ်ကျေးမိုင်းဆည်သို့ ပန်းမော်စော်ဘွား ထွက်ပြေးခိုမှီးကြောင်းကို သိတော်မူ၍ မိုင်းတိမ်အလွန် မိုင်းဆည်ကျေးစပ်တိုင်အောင် လိုက်တော်မူသည်။ အိမ်ရှေ့မင်းနှင့် ရှစ်တပ်လည်း မိုင်းဆည်မြို့တိုင်အောင် လိုက်ရသည်။ အိမ်ရှေ့မင်းလည်း မိုင်းဆည်သို့ ရောက် တော်မူလျှင် ငါ့ကျွန်ကိုပေး၊ မပေးလျှင် တိုက်မည်ဟု မိုင်းဆည်စားသို့ စေတော် မူလိုက်သည်။ မိုင်းဆည်စားလည်း တရုတ်ဥတည်မင်းသို့အကြောင်းကို လျှောက် လေသည်။ ဥတည်မင်းကလည်း စော်ဘွားသိုစိန်ကို မပေးနေက ငါတို့ပြည်ရွာ မငြိမ်းရာ။ သူ့ကျွန်ကိုပေး၊ လက်ခံ၍ မထားသာချေ မှာလိုက်၍ မိုင်းဆည်စားက ပန်းမော်စော်ဘွားကို သားမယားနှင့်တကွ ပို့မည် ရှိသည်အတွင်း စော်ဘွား၊

သိုစိန့် ဖြင်းဆန် ထွက်သွားမည် ဖြစ်သောကြောင့် စော်ဘွားကို လုပ်ကြံ၍ စော်ဘွားအကောင်နှင့် သားမယားတို့ကို အိမ်ရှေ့မင်း တပ်တော်သို့ ဆက်သ သည်။ အိမ်ရှေ့မင်းလည်း စော်ဘွား အကောင်နှင့် စော်ဘွား သား မယား တို့ကို ခမည်းတော် ဆက်သည်။ ခမည်းတော် ဘုရားလည်း အားရတော်မူ၍ လက်တော်နှစ်ဘက်တွင် ဝတ်သော လက်ကောက် လက်စွပ်နှင့် တကွ နတ်သဘင် ကျော်ဟူသော မြင်းကို ဆုပေးတော်မူသည်။

ရာဇဝင်ကြီး ရာဇဝင်လတ်ဘို့၌ ဗန်းမော်မြို့ကို ရတော်မူလျှင် ခမည်းတော် မင်းတရားမှာ ဗန်းမော်မြို့သို့ နေတော်မူ၍ စော်ဘွား ထွက်ပြေးလေသည်ကို အိမ်ရှေ့မင်းနှင့် ရှစ်တပ်သားဘို့ တရုတ်ကျေးမိုင်းဆည် တိုင်အောင် လိုက်၍ တောင်းလျှင် မိုင်းဆည်စားက စော်ဘွားသိုစိန်ကို ဆက်၍ အိမ်ရှေ့မင်းတပ်သို့ ရောက်မှ စော်ဘွားသိုစိန် ဆေးစား၍ သေသည်ဟု ဆိုလေသည်။ ။တွင်း သင်းဝန်စီရင်သည့် ရာဇဝင်တွင်လည်း မိုင်းဆည်စားက မဆက်မီပင် ဆေးစား၍ သေလေသောကြောင့် သေသည့်အကောင်ကို ဆက်သည်ဟု ဆိုလေသည်။ ။ သိမှိုလိုက်သူတို့ ရေးထားခဲ့သော မဟာမြတ်မုနိကျောက်စာတွင် ဗန်းမော်စော်ဘွားသိုစိန် ခြားနားပုန်ကန်လေသည်ကို လုပ်ကြံ၍ သိတော်အား တော်ဖြေလျှင် ဥတည်ဘွားသို့ ပြေးဝင်လေ၏။ ဘဝရှင် မင်းတရားလည်း မိုးတိမ်ကိုလွှန်၍ လိုက်တော်မူလျှင် ဘေးလောင်းတော်တို့သည် ရန်ဘက်မပြုနိုင် ပူးသော ဥတည်ဘွားလည်း စော်ဘွားသိုစိန်ရှိက ငါတို့ပြည်ရွာ မနေသာပြီဟု စော်ဘွားသိုစိန်ကို လုပ်ကြံ၍ အကောင်ကို ရွှေစက်တော်အောက်သို့ ဆက်လာ ရသည်ဆိုသောစကား၊ မင်းရဲဒိဗ္ဗဧချင်းတွင်လည်း သည်မတ်လည်း ချီးသော အပိုဒ်တွင် "ဗန်းမော်စားသည်၊ စော်ဘွားမခံ၊ ဝေးလံစိမ့်ပြည်၊ ပြေးလေသည်ကို အောင်စည်ကြူးရိုက်၊ ထပ်ပြန်လိုက်၍၊ ကျိုက်ကျိုက်ဝန်ချောင်းပေးလှည့်တောင်း သော်၊ ထားကြောင်းမဲ့ချ၊ သို့ခင်နေမူ၊ ပျက်ကြေတို့ပြည်၊ ဖြစ်ချိမ့်မည်ဟု၊ ဥတည်သနင်း၊ မင်းလည်းကြောက်ထွ၊ သေလည်းမဝှက်၊ အကောင်ဆက်မှ၊ အောင်ချက်မင်းခံ၊ ပြန်၍စံသည်" ဟု စပ်ဆိုသော စကားများနှင့်မညီ၊ ဘဝရှင် မင်းတရားဘုရားကြီးလည်း အရေးတော်ပြီးလျှင် ဗန်းမော်မြို့သို့ ပြန်တော်မူ၍ စဆိုင်လုံကို စော်ဘွားကြီးတို့၏ အဆောင်အယောင်နှင့် ဗန်းမော်မြို့ကို ပေးတော် မူ၍ စော်ဘွားပြုရသည်။ ။အထက်ခိုးကောင်းသို့ အိမ်ရှေ့မင်း ချီသည်တွင် တပ်ပျက်လျှင် ဗန်းမော်သို့ ထွက်ပြေးလေ၍ ဗန်းမော်စော်ဘွား သိုစိန်လက်တွင်

ရှိသော မိုးကောင်းစေတ်ဘုရားကိုလည်း သစ္စာတော်ပေး၍ မိုးကောင်းကိုပင် ဘုရားစားမြေ ဘုရားစားစေသည်။ ယင်းသို့မှ ဆင်ကောင်း မြင်းကောင်း သူရဲသူခက်ကောင်းတို့ကိုသိမ်းယူတော်မူ၍ ပြန်တော်မူသည်။ သက္ကရာဇ်တက်၍ ဝါဆိုလပြည့်ကျော်မှ နေပြည်တော်သို့ ရောက်တော်မူသည်။ ယင်းသောအခါ လူသလယ်တစ်ယောက် နဂါးရုပ်ဖြစ်သည်ဟု ကျော်စေသည်။ ။ရာဇဝင်တို့၌ ဖန်းမေဖ်စေတ်ဘုရားသိုမှိန် လက်တွင်ရှိသော မိုးကောင်းစေတ်ဘုရားကို ရသည်ဟု မဆိုယခု ဆိုခဲ့သည့် စကား မဟာမြတ်မုနိ ကျောက်စာ တွင် ဖန်း မေဖ်ဖြူကို ရတော်မူလျှင် ဖန်းမေဖ် စေတ်ဘုရား သိုမှိန် လက်တွင်ရှိချေသော မိုးကောင်းစေတ်ဘုရားကို သစ္စာတော်တိုက်၍ မိုးကောင်းကိုပင် သူကောင်း ပြုမြန်သည်ဟုဆိုသော စကားနှင့်အညီတည်း။

## ကောင်းမှုတော် မဟာမြတ်မုနိတည်ရာမြေအရပ်တွင် မြေဖို့ စေတော်မူခြင်း အကြောင်း

သက္ကရာဇ် (၉၆၄) ခုနှစ် တော်သလင်းလ ရေသဘင် ခံတော်မူသည်။ ၎င်းသက္ကရာဇ် တန်ခူးလပြည့်ကျော် ခြောက်ရက် သောကြာနေ့ ကောင်းမှုတော် မဟာ မြတ်မုနိ တည်ရာ မြေအရပ်တွင် အရှေ့ အနောက် တောင်မြောက်အလျားတာသွား လေးဆယ်ကျော် အစောက် ခုနစ်တောင်ကို မှူးသား မတ်မြေးတို့ကို ဖို့စေ၍ နှစ်ဆယ့်ကိုးရက်တွင်ပြီးသည်။ ။သက္ကရာဇ် (၉၆၄) ခုနှစ် ဝါဆိုလပြည့် အင်္ဂါနေ့ ဝေပြောသာဝ် စီးတော်မူ၍ အလွန် ကြီးကျယ်စွာသော အစီအစဉ် အခင်းအကျင်းတို့ဖြင့် ခင်းကျင်းလျက် ကောင်းမှုတော်သို့ ထွက်တော်မူသည်။ ၎င်းဝါဆိုလပြည့်ကျော်တစ်ရက်ဗုဒ္ဓဟူးနေ့ နေမွန်းတည့် ကရကဋ်လဂ် ကရကဋ်တရင်း ကရကဋ်နဝင်း ပြည့်လျှင် ရွှေကြိုးနှင့်တံမျဉ်းကြိုးချ၍ ရတနာအတိဝီသော ရွှေတူရွှင်းကို ကိုင်တော်မူ၍ စတော်မူသည်။ သားတော်အကြီး မဟာဥပရာဇာ၊ သားတော်အလတ် မင်းရဲသိခ်သူ၊ သားတော် အငယ် စကုမင်းကြီးတို့လည်း ရွှေတူရွှင်းကို ကိုင်၍စရသည်။ ဆွေတော် မျိုးတော် မှူးတော် မတ်တော်အပေါင်းတို့လည်း ငွေတူရွှင်းကို ကိုင်၍တူးရသည်။ ယင်းသို့မှ နံလျားအစောက် သုံးခုနစ်ဆယ့်ငါးတောင်ရှိသော ကောင်းမှုတော်ကို ရွှေအုတ်ငွေအုတ်စီ၍ တည်တော်မူသည်။ ၎င်းတန်ဆောင်မုန်းလဆန်း တစ်ဆယ့်နှစ်ရက် သောကြာနေ့ ဌာပနာတော်မူသည်။ ညောင်စဉ်လည်းကောင်းမှုတော်ကသည် ငွေစင်ကျအောင်

ယမ်းနှစ်ဘက် မြောင်းကို စိုက်ရသည်။ ။ရာဇဝင်တို့၌ သက္ကရာဇ် (၉၆၄) ခုနှစ်
တန်ခူး လပြည့်ကျော် ခြောက်ရက် သောကြာနေ့ ကောင်းမှုတော် မြတ်
မြတ်မုနိကို ရွှေအုတ် ငွေအုတ်စီ၍ တည်တော်မူသည်ဟု ဆိုလေသည်။ မဟာ
မြတ်မုနိကျောက်စာတွင် သက္ကရာဇ်၏ (၉၆၅) ခုနှစ် ဝါဆိုလပြည့်ကျော်တစ်ရက်
ဗုဒ္ဓဟူးနေ့ တည်သည် ဟူသော စကားနှင့် အညီ၊ ထိုအခါတွင်မှ မိုးနဲ့ဆို
ချီတော်မူသည်။ ချီရမည်တပ်ကို ခန့်ရန်တော်မူသည်။ တပ်စဉ်ကား တရုတ်ရာ
မြင်းတစ်ထောင်နှင့်တစ်တပ်၊ လက်ယာမြို့မြို့ မြင်းတစ်ထောင်နှင့်တစ်တပ်၊ ရှမ်း
သိန္ဓိ မြင်းတစ်ထောင်နှင့်တစ်တပ်၊ တုရင်ပညာ မြင်းတစ်ထောင်နှင့်တစ်တပ်၊ ရှမ်း
သိန်းစည်း မြင်းတစ်ထောင်နှင့်တစ်တပ် သည်မြင်းငါးတပ်ကိုရှေ့ရှိရသည်။ ဆင်
တပ်မှာ ဘယက ါမဏိတစ်တပ်၊ ဘယကျော်ထင်တစ်တပ်၊ ရာဇသင်္ကြံတစ်တပ်၊
သီဟပတေ့တစ်တပ်၊ မဟာတရဖျားတစ်တပ်၊ မဟာသမ်ဃာတစ်တပ်၊ ရာဇကြီးတစ်တပ်၊
နော်ရထာတစ်တပ်၊ စည်သူကျော်ထင်တစ်တပ်၊ သီရိဓမ္မာသောကတစ်တပ်၊ သီရိဇေယျ
တော် မဟာဥပရာဇာတစ်တပ်၊ ယင်းကမှ အဝရှင် မင်းတရားကြီးတပ်တော်တွင်
ဇေယျသင်္ကြံတပ်မှူး၊ ဘယကျော်သူကိုစစ်ကဲခန့်တော်မူသည်။မြင်းတပ်ငါးတပ်နှင့်
တပ်ပေါင်းတစ်ဆယ့်ခြောက်တပ်တွင်ပါသည့် တိုက်ဆင်နှစ်ရာ၊ မြင်းငါးထောင်၊
စစ်သည်သူရဲ ခြောက်သောင်းနှင့် ချီတော်မူသည်။ သားတော်အလက် မင်းရဲ
သမ်သူနှင့် သက်တော်ရှည် ကော်တော်ရန္တမိတ်တို့ ကို မြို့စောင့် ခန့်တော်မူသည်။
ညောင်ရွှေသို့ ရောက်တော် မူလျှင် ညောင်ရွှေစော်ဘွားလည်း လက်ဆောင်
လက်နက် အများ ဆက်နှင့်သည်။ သားတော် အိမ်ရှေ့မင်းကိုလည်း ဆက်သည်။
ညောင်ရွှေ မြို့တွင် သုံးရက် ဆင်မြင်း ဗိုလ်ပါကို ပြည့်တင်းတော်မူပြီးမှ
ချီတော်မူသည်။ မိုးနဲမြို့နီးလျှင် သားတော် အိမ်ရှေ့မင်းလှုံ၍ ချီသည်ကို
ခမည်းတော်ဘုရားက မိုးနဲစော်ဘွားမှာ ဆင်ကောင်း၊ မြင်းကောင်း သူရဲသူခက်
ကောင်း များလှသည်။ငါကိုယ်တိုင်ဦး အရောက်သိမ့ စစ်အင်ကိုကြည့်၍ တိုက်မည်။
အလျှင်မလိုနှင့်ဟူ၍ မြင်းသည်တစ်ယောက်ကို စေတော်မူသည်။ သားတော်
အိမ်ရှေ့မင်းလည်း မိုးနဲစော်ဘွားကြိုလာသည်၊ နီးပြီကြားတော်မူလျှင် ရပ်တော်
မမူဘဲ ဘုန်းတောက်ပဟူသော ဆင်ကိုစီးတော်မူ၍ ညောင်းရမ်းပေါ ကျွန်တော်
မျိုးအစုသား ရဲမက် ငါးထောင်ကျော်နှင့် အလျှင်ချီတော်မူ၍ မိုးနဲစော်ဘွား
ခံနှင့်သည်ကို တွေ့တော်မူလျှင် အပြင်းလွှတ်၍ တိုက်တော်မူသည်။ မိုးနဲ စော်ဘွား
စီးသော ဆင်ဆွယ်ပုံးကိုထိုးမိ၍ စော်ဘွားဆင်မျက်နှာသုန်ခလေ၏ယင်းသို့စဉ်တွင်
ဆင်ခြေပုံးကို လှံနှင့် လွှတ်သည်။ လှံချက် သုံးဆယ်ခန့်ကျ၍ စော်ဘွား စီးသော

ဆင်မဟောင်ဟောင်ကျည်ကျည်မြည်၍ပြေးလေ၏။ အိမ်ရှေ့မင်းလည်း တပ်သား အလုံးအရင်းနှင့် လိုက်ထပ်၍ တိုက်တော်မူသည်။ ဆင်နှင့်တကွ စော်ဘွားကို ရသည်။စော်ဘွားညီနှင့်သားမက်မှကား မြို့တွင်းသို့ ပြေးဝင်၍ခံမည် ပြုသည်ကို ဆင်တော်ဘုန်းတောက်ပနှင့် မြို့တံခါးကို တိုက်တော်မူသည်။ ရက်ဖောက် ကျိုးသဖြင့် ဆင်နှင့်တကွ မြို့တွင်းသို့ဝင်တော်မူသည်။ ရဲမက်အပေါင်းတို့လည်း ဝင်မိလျှင် အိမ်ရာများကို မီးတင် တိုက်၍ သုံးဆယ့်ခုနစ်လုံးမိုင်းကို အစိုးရသော မိုးနဲမြို့ကို ရတော်မူသည်။ခမည်းတော်ဘုရားလည်း သေနတ်အမြောက်သံကြားတော်မူလျှင် သားတော်တိုက်ချေပြီ အမှတ်ရှိ၍ တပ်မှူး စစ်ကဲ အပေါင်းတို့ကို အလျင်ထ ရသည်။မမီခင် မိုးနဲမြို့ကို အောင်မြင်တော်မူနှင့်၍ စော်ဘွားနှင့်တကွ သား သမက် ဆင် မြင်း ရွှေ ငွေတို့ကို သိမ်းယူ၍ ဆက်နှင့်ရသည်။ ခမည်းတော်ဘုရားလည်း အမောင် လူပျို လူရွယ်ပီသည်။အရပ်အနေမသင့်၍ ပြောင်းသေနတ် သင့်ခဲ့သော် မခက်ချေလော ဟူ၍ အပြစ်တင်တော်မူသည်။ အိမ်ရှေ့မင်း ဤသို့ နားတော် လျှောက်သည်။မိုးနဲမြို့မျှကို နှေးနှေးပြည်းပြည်း လုပ်ကြံတော်မူရမည်အကြောင်း မရှိ၊ ယခုလည်း လုပ်ကြံရမည့် ပြည်ရွာ များသေးသည်နှင့် ကျွန်တော် အလျင် လုပ်ကြံပေသည် ဟူ၍ နားတော် လျှောက်သည်။ ဘဝရှင် မင်းတရားကြီး ဘုရားလည်း မိုးနဲမြို့ကို အလိုပြည့်လျှင် ညောင်ရွှေ၊ မိုးဗြဲ၊ စကား၊ ရောက်စောက်၊ နောင်မွန်၊ မိုင်းပတ်၊ မိုင်းကိုင်၊ တီကျစ် သည်မြို့အားလုံးကို စီရင်ခန့်ရှင်တော်မူပြီးမှ မိုးနဲစော်ဘွားကို သမက်နှင့်တကွ အမှူး အမတ် ဆင် မြင်းတို့ကို သိမ်းယူတော်မူ၍ ပြန်တော်မူသည်။ သက္ကရာဇ်တက်မှ နေပြည်တော် ရောက်တော်မူသည်။

## ရွှေနန်းတော်ပြာသာဒ် ဆပ်သွားဖူးကို မီးသင့်ကြောင်းနှင့် ရှမ်းအပြည်ပြည်ထောင်နှင့် မိုးနဲကို အလိုတော်ပြည့်ခြင်း အကြောင်း

သက္ကရာဇ် (၉၆၆) ခု ကဆုန်လပြည့်ကျော် နှစ်ရက် ကြာသပတေးနေ့ ဆင်တော် သိရိနာဂမြေကို ငွေရာတွင် စွယ်သုံးကျ၍ သေသည်။ ။ကဆုန် လပြည့်ကျော် ခုနစ်ရက် အင်္ဂါနေ့ ရွှေနန်းတော် ပြာသာဒ် ဆပ်သွားဖူးကို မီးသင့်သည်။ နေလည်းကြတ်သည်။ ။ဘဝရှင် မင်းတရားကြီး ဘုရားလည်း ရှမ်းအပြည်ပြည်ထောင်နှင့် မိုးနဲမြို့ကို အလိုတော်ပြည့်၍ ပြန်တော်မူလျှင် ကျွန်တော်မျိုး အပေါင်းတို့သည် ခြားခြားနားနားမရှိ အရောရော အထွေးထွေး

ရှိသည်။ ခြားနားသိအောင် အစုအငန်း ဖွဲ့ဖက်တော်မူသည်ဖြစ်၍ သာတော်
အစဉ် မြေးတော်အဆက် မြစ်တော်အညွန့် သိသာမည်။ အမိန့်တော်ရှိပြီးလျှင်
အစုအငန်း ဖွဲ့စည်းတော်မူသည်။ တောင်ငူမှာလည်း နတ်မြင်းတန်ဆောင်မြင်း
ဟူ၍ လက်ဝဲကိုး လက်ယာခုနစ်စု ဖွဲ့တော်မူသည်။ ငါလည်းလျှင် နတ်ရှင်
ကို၍ ဖြစ်တော်မူသည်။ နတ်ရှင်မြင်း ဖွဲ့တော်မူသည် ဟူ၍ ကျေးစား သင်းမှူး
သားမြေး ရှာစား ငါးဆယ်အရည်တူ ငါးဆယ်နှစ်စု လူးပါင်းတစ်ရာကိုနတ်ရှင်
မြင်းဖွဲ့တော်မူ၍ လက်ယာတော် ဆင်ကပ်တွင် နေ၍လည်း စားရသည်။
မောက်ရှနက်၊ ချပ်နက်ပန်းမှတ်၊ လက်ယာရွှေလုံ၊ မြင်းစိုမှတ်၊ အဝံ အနက်
အဖြူလုံ။ ။နောက်တော်ပါ မှူးကြီးတို့ သားမြေး အဝတွင် ကျေးစား သင်းမှူး
သားမြေးအရည်တူ သုံးဆယ်ကို နန်းဦးမြင်းဖွဲ့တော်မူ၍ လက်ဝဲတော် ဆင်ကပ်
တွင် နေ၍လည်း စားရသည်။ မောက်ရှနီမျည်း။ ။နောက်တော် ကျေးစား
ရှာစားတို့ သားမြေးအရည်တူ နှစ်ဆယ့်ခုနစ်ခုကို နန်းတွင်းမြင်း ဖွဲ့တော်မူ၍
လက်ဝဲတော် ဆင်ကပ်တွင် နေ၍လည်း စားရသည်။ မောက်ရှနက်နီမျည်း။ ။
အတွင်းကျေးစား ရှာစားတို့ သားမြေးအရည်တူကို လက်ယာမြင်း ဖွဲ့တော်
မူ၍ မြင်းတစ်စီးကို လယ်ဆယ်ပယ်သနားတော်မူသည်။ လက်ယာတော်ဆင်ကပ်
တွင် နေ၍လည်း စားရသည်၊ မောက်ရှနက်မျည်း။ ။အဝကျေးရှာစားတို့
သားမြေး အရည်တူကို လက်ဝဲမြင်းဖွဲ့တော်မူ၍ မြင်းတစ်စီးကို လယ်ဆယ်ပယ်
သနားတော်မူသည်။ လက်ဝဲဆင်ကပ်တွင် နေ၍လည်း စားရသည်၊ မောက်ရှ
နက်မျည်း။ ။အဝမြင်းရင်းတွင် နောက်တော်ပါ ကျေးစား ရှာစား သား
မြေးတို့ကို ဖြည့်တော်မူ၍ နောက်မြင်းထပ်၍ ဖွဲ့တော်မူသည်။ မြင်းတစ်စီးကို
လယ်ဆယ်ပယ် သနားတော်မူသည်။ လက်ယာတော်ဆင်ကပ်တွင် နေ၍လည်း
စားရသည်။ မောက်ရှနက်မျည်း။ ။နောက်တော်ပါ ခေါင်းရင်းတော်အိမ်
အတွင်း မြင်းကိုးစီး ဖွဲ့တော်မူ၍ စားမြေသနားတော်မူသည်။ မိုးနဲ့စော်ဘွားညီ
သားမြေးတစ်ဆယ်ကို သိုတ်ရှာစားသွေးသောက်ဖွဲ့တော်မူသည်။ လက်ယာတော်
မောင်းမလယ်တွင်နေ၍လည်း စားရသည်။ ရွှေမှတ်မောက်ထိုး၊ ရွှေရေး
ရွှေထိပ်၊ ရွှေကုံး၊ ယကာင်ချပ်နီ၊ ရွှေရေးသနားတော်မူသည်။ မိုးနဲ့စော်ဘွား
ဆွေသားမျိုးသားတို့ကို မိုင်းလာစားကို သွေးသောက်ကြီးခန့်၍ ဖွဲ့တော်မူသည်။
လက်ဝဲတော် မောင်းမလယ်တွင် နေ၍ စားရသည်။ ရွှေမှတ်မောက်ထိုး၊
ရွှေရေး၊ ရွှေထိပ်၊ ရွှေကုံး၊ ယကာင်ချပ်နီ၊ ရွှေရေး သနားတော်မူသည်။ ။
မိုးနဲ့စော်ဘွား ဆွေသားမျိုးသားတို့ကို ဘုရင်မယော်စားကို သွေးသောက်ကြီး

ဖွဲ၍ ခန့်တော်မူသည်။ လက်ဝဲ မောင်းမလယ်တွင် နေ၍လည်း ခစားရသည်၊ အောင်မှတ်မောက်တိုနီ ရွှေရေး၊ ရွှေထိပ်၊ ရွှေကုံး၊ ယကင်ချပ်နက်၊ ရွှေရေး၊ သနားတော်မူသည်။ ။မိုးနဲ့စော်ဘွား ဆွေသား မျိုးသားတို့ကို မုဆိုးခြံစား၊ သူ့ဒိန္နသာကို သွေးသောက်ကြီးခန့်၍ ဖွဲ့တော်မူသည်။ လက်ယာမောင်းမလယ်တွင် နေ၍လည်း ခစားရသည်။ အောင်မှတ် မောက်တိုနီ၊ ရွှေရေး၊ ရွှေထိပ်၊ ရွှေကုံး၊ ယကင်၊ ချပ်နက်၊ရွှေရေး သနားတော်မူသည်။ ။မိုးနဲ့စော်ဘွားတွင် ကျေးစား သင်းမှူး သားမြေး အရည်တူ ဆယ်စီးကို ခွါမူလဲသိုင်းကို ခေါင်းခန့်၍ ဖွဲ့တော်မူသည်။ လက်ယာတော် မောင်းမလယ်တွင်နေ၍လည်း ခစားရသည်၊ မော်တို ချပ်နက် မော်ရွှဆောင်း ကိုယ်ရံတော်မြင်း။ ။ညောင်ရွှေ စော်ဘွားတွင် ကျေးစားသင်းမှူးတို့ သားမြေး အရည်တူ ဆယ်စီးကို သိန္နိစားကို ခေါင်းခန့်၍ ဖွဲ့တော်မူသည်။ လက်ယာတော် မောင်းမလယ်တွင် နေ၍ ခစားရသည်၊ မောက်ရွှနက် ချပ်နက် မောက်ရွှဆောင်း ကိုယ်ရံတော်မြင်း။ ။ညောင်ရွှေ စော်ဘွားတို့သားမြေးအရည်တူတစ်ဆယ်ကို ကြောင်ပြာဆင်ကဲကို ခေါင်းခန့်၍ ဖွဲ့တော်မူသည်။ လက်ယာတော် မောင်းမလယ်တွင် နေ၍ ခစားရသည်၊ မောက်တိုနက် ချပ်နက် မောက်ရွှဆောင်း ကိုယ်ရံတော်မြင်း။ ။ညောင်ရွှေ စော်ဘွားတွင် ကျေးစားသင်းမှူးတို့ သားမြေးအရည်တူတစ်ဆယ်ကို ဆီးတော စားကို ခေါင်းခန့်၍ ဖွဲ့တော်မူသည်။ လက်ယာတော် မောင်းမလယ်တွင်နေ၍ ခစားရသည်။ မောက်ရွှနက် ချပ်နက် မောက်ရွှဆောင်း။ ။ဗန်းမော်စော်ဘွားတွင် ကျေးစား သင်းမှူးတို့သားမြေး အရည်တူတဆယ်ကို ဗန်းမော်စားကို ခေါင်းခန့်၍ ဖွဲ့တော်မူသည်။ လက်ယာမောင်းမလယ်တွင်နေ၍ ခစားရသည်၊ မောက်ရွှနက် ချပ်နက် မောက်ရွှဆောင်း။ ။မိုးနဲ့ပါ ကျေးစား သင်းမှူးတို့ သားမြေး အရည်တူတစ်ကျိပ်ကိုတော်မိုးရွှာစားကို ခေါင်းခန့်၍ ဖွဲ့တော်မူသည်၊ လက်ဝဲတော် မောင်းမလယ်တွင် နေ၍ ခစားရသည်။ မောက်တိုနက် ချပ်နက် မောက်ရွှဆောင်း။ ။မိုးနဲ့ပါ ကျေးစား သင်းမှူးတို့ သားမြေး အရည်တူ တစ်ကျိပ်ကို စော်ရဲကြီးကို ခေါင်းခန့်၍ ဖွဲ့တော်မူသည်။ လက်ယာတော် မောင်းမလယ်တွင်နေ၍ ခစားရသည်။ မောက်ရွှနက်ချပ်နက်မောက်ရွှဆောင်းရသည်၊ မိုးနဲ့ပါ ကျေးစား ရွှာစားတို့ သားမြေးအရည်တူတို့ကို ကတူး မြင်းမှူးကို ခေါင်းခန့်၍ ဖွဲ့တော်မူသည်။ လက်ဝဲ မောင်းမလယ်တွင် နေ၍ ခစားရသည်။ မျည်းမောက်တိုနက် ယစ်မြီး။ ။ညောင်ရွှေပါ ကျေးစားသင်းမှူး သားမြေး အရည်တူကို မာလဲစားကို ခေါင်းခန့်၍ ဖွဲ့တော်မူသည်။ လက်ဝဲတော် ဆင်ကပ်

တွင်နေ၍လည်း ခစားရသည်။ မောက်ရှနက် မျည်းနက် မောက်ရှထောင်း။ ။မိုးနဲ့ပါ ကျေးစားရွာစားတို့ သားမြေးအရည်တူ တစ်ဆယ်ကို မာလူဝယ်စား ပိုက်သင်ရုံကို ခေါင်းခန့်၍ ဖွဲ့တော်မူသည်။ လက်ဝဲတော် မောင်းမလယ်တွင် နေ၍ ခစားရသည်။ မျည်းနက် မောက်ရှနက် အမှတ်မရှိ။ ။မိုးနဲ့ပါ ကျေးစား ရွာစားတို့ သားမြေး အရည်တူ တစ်ဆယ်ကို ရွှေဝဲကို သွေးသောက်ကြီး ခန့်၍ ဖွဲ့တော်မူသည်။ လက်ဝဲတော် မောင်းမလယ်တွင် နေ၍ ခစားရသည်။ မျည်းနက် မောက်ရှနက် အမှတ်မရှိ။ ။သီပေါပါ ကျေးစားရွာစားတို့သားမြေး အရည်တူ တစ်ဆယ်ကို ဟဲလုံစားကို သွေးသောက်ကြီးခန့်၍ ဖွဲ့တော်မူသည်။ လက်ဝဲတော် မောင်းမလယ်တွင် နေ၍ ခစားရသည်။ မျည်းနက် မောက်ရှနက် အမှတ်မရှိ။ ။မိုးဝန်းပါ မိုးညှင်းပါကျေးစား ရွာစားတို့ သားမြေးအရည်တူ တစ်ဆယ်ကို သေဉ်မိုင်းကိုသွေးသောက်ကြီးခန့်၍ ဖွဲ့တော်မူသည်။ လက်ယာတော်မောင်းမလယ်တွင်နေ၍ ခစားရသည်။ မျည်းနက်မောက်ရှနက်အမှတ်မရှိ။ ။မိုးနဲ့ပါမိုးညှင်းပါကျေးစားရွာစားတို့သားမြေးအရည်တူကိုသေကမှာကိုခေါင်းခန့်၍ ဖွဲ့တော်မူသည်။ လက်ယာတော် ဆင်ကပ်တွင်နေ၍လည်း ခစားရသည်။ ချပ်နက်မောက်တိုနက် ရွှေရေးပန်းကော်ငါးပွင့်လက်ယာချပ် လုံရှည် အရိုးနီအဖျားတစ်တောင် ရွှေပိန်းအရင်း ကြုံသစ်မြင်းစို့မှတ် အသိန်အလံ ပြုလည်း လက်ယာတော်ကိုယ်ရံတော်။ ။နောက်တော်ပါ ကျေးစား ရွာစားသား မြေးအရည်တူကို လက်ယာရန္တမိတ်ကို ခေါင်းခန့်၍ ဖွဲ့တော်မူသည်။ လက်ဝဲဆင်ကပ်တွင်နေ၍လည်း ခစားရသည်။ ချပ်နက်မောက်တိုနက်ရွှေပန်းငါးပွင့်စီ လက်ဝဲချပ်လုံရိုးနက် အဖျားတစ်တောင်ကျော်ကို ရွှေပိန်းအရင်းကြုံသစ်မြင်းစို့မှတ် အလံဝါအစိမ်းလည်း လက်ဝဲကိုယ်ရံတော်မြင်း။ ။မိုးနဲ့ပါရှမ်းပိုက် ကျေးစား ရွာစားသားမြေးအရည်တူတို့ကို ပိုက်ကမှာကိုခေါင်းခန့်၍ ဖွဲ့တော်မူသည်။ လက်ဝဲတော် ဆင်ကပ်တွင် နေ၍ ခစားရသည်။ မျည်း မောက်တိုနက်ထိပ်တွင် ရွှေလေးသစ် ယစ်မြီး။ ။ညောင်ရွှေပါ ကျေးစား ရွာစားတို့သားမြေးအရည်တူကို ယောင်ကွယ်စားကိုခေါင်းခန့်၍ ဖွဲ့တော်မူသည်။ လက်ယာတော် ဆင်ကပ်တွင် နေ၍လည်း ခစားရသည်။ မျည်း မောက်တိုနက် အမှတ်မရှိ။ ။မိုးကောင်းပါခန္တီသား မကျေးစားရွာစားတို့ သားမြေးအရည်တူကို ကျောက်တိုင်စားကို ခေါင်းခန့်၍ ဖွဲ့တော်မူသည်။ လက်ယာတော်ဆင်ကပ်တွင် နေ၍လည်း ခစားရသည်။ မျည်း မောက်ဘိုနက်အမှတ်မရှိ။ ။လင်းဇင်းပါ ကျေးစား ရွာစားတို့ သားမြေးကို တောင်ငူရောက် မင်းတရားကြီး ဘုရားတွင်

မြင်းစုဖွဲ့၍ သားတော် ပြည်ဘုရင်မင်းကြီးနှောင်းကို လက်ဖွဲ့တော်မူသည်။ မင်းကြီးနှောင်းကို ရန်နိုင်စားပုန်ကန်၍ ခြေရင်းတော်သို့ကျွန်တော်ခံဝင်လာလျှင် ရမ္မာဝတီကိုခေါင်းခံ၍ ဖွဲ့တော်မူပြီးလျှင် လက်ယာတော်ဆင်ကပ်တွင်နေ၍ လည်းခစားရသည်။မျှည်းမောက်တိုနက်အမှတ်မရှိ။ ။မိုးနဲ့ပါကျေးစားရွာစား တို့သားမြေးအရည်တူကိုစနူပလကိုခေါင်းခံ၍ဖွဲ့တော်မူသည်။ လက်ယာဆင်ကပ် တွင်နေ၍လည်း ခစားရသည်။ မျှည်းမောက်တိုအနက်ယစ်မြီး။ ။ဗန်းမော်ပါ ကျေးစားရွာစားတို့ သားမြေးအရည်တူကို ဒေဝသာရကို ခေါင်းခံ၍ ဖွဲ့တော်မူသည်။ လက်ယာတော် ဆင်ကပ်တွင်နေ၍ ခစားရသည်။ မျှည်းမောက်ရှုနက်ထိပ်တွင်ရွှေရေး လေးသစ်ကွပ်ယစ်မြီး။ ။မိုးနဲ့ပါ ကျေးစား ရွာစားတို့ သားမြေးအရည်တူကို ဝေလုသမန်ကို ခေါင်းခံ၍ ဖွဲ့တော်မူသည်။ လက်ဝဲတော် ဆင်ကပ်တွင်နေ၍ ခစားရသည်။ မျှည်းမောက်ရှုနက် ယစ်မြီး။ ။ မိုးနဲ့ပါ ကျေးစားရွာစားတို့ သား၊မြေး အရည်တူကို ဆုဇယောဓာကို ခေါင်းခံ၍ ဖွဲ့တော်မူသည်။လက်ယာတော်ဆင်ကပ်တွင် နေ၍လည်း ခစားရသည်။ မျှည်းမောက်ရှုနက်ယစ်မြီး။ ။မိုးနဲ့ပါကျေးစား ရွာစားတို့ သား၊ မြေး အရည် တူကို တုရင်ပတေ့ကို ခေါင်းခံ၍ ဖွဲ့တော်မူသည်။ လက်ဝဲဆင်ကပ်တွင် နေ၍ လည်း ခစားရသည်။ မျှည်းမောက်တိုနက် ထိပ်တွင် ရွှေလေးသစ်ယစ်မြီး သည် သေးသောက်မြင်းစုသုံးဆယ့်ခြောက်စု ဖွဲ့တော်မူသည်။ထိုသက္ကရာဇ်သီတင်းကျွတ် လပြည့်ကျော်ငါးရက်စနေနေ့ မိုးနဲ့စော်ဘွားနှင့် တစ်ရာကျော်ခန့်ရှေ့ဖဝါးတော် အောက်က ပြေးတွက်လေသည်ကို သိတော်မူလျှင် တပ်မှူး၊စစ်ကဲ၊ ရဲမက်ခန့်၍ လိုက်ရလေသည်။ ကင်းထားရင်အလွန်တွင် ဖမ်းမိ၍ဆက်လျှင် စော်ဘွားနှင့် တကွ ရှမ်းတို့ကို ကွပ်မျက်တော်မူသည်။

ထိုသက္ကရာဇ် (၉၆၆) ခုနှစ် တန်ဆောင်မုန်းလဆန်း တစ်ဆယ့်နှစ်ရက်အင်္ဂါနေ့ ကောင်းမှုတော်မဟာမြတ်မုနိကို ဒုတိယဌာပနာတော်မူသည်။ ၎င်းတန်ဆောင် မုန်းလတွင် ပြည်မြို့သို့ချီ၍ လုပ်ကြံချေဟု အိမ်ရှေ့မင်းကိုခန့်၍ ပြည်သို့ချီမည် စီရင်ခိုက် မိုးကောင်း စော်ဘွား ခြားနားကြောင်းကို ကြားတော် မူပြန်၍ ပြည်သို့မချီစေဘဲ ၎င်းတန်ဆောင်မုန်း လပြည့်ကျော် တစ်ဆယ့်နှစ်ရက်နေ့ မိုးကောင်းသို့ သားတော်အိမ်ရှေ့မင်း ချီရသည့် တပ်စဉ်ကား ဘယကျော်သူ တစ်တပ်၊ နန္ဒသင်္ကြံတစ်တပ်၊ ပဏ္ဍုကာဘယ တစ်တပ်၊ ဘယကျော်ထင်တစ်တပ်၊ စည်သူကျော်ထင်တစ်တပ်၊ ဘယာဂါမဏိတစ်တပ်၊ သက်တော့်ရှည် တစ်တပ်၊ သီဟ

ပတော့တစ်တပ်၊ သီရိမွှာသောကတစ်တပ်၊ သားတော်အိမ်ရှေ့မင်း တစ်တပ်၊ သည် ဆယ်တပ်ကို တိုက်ဆင်သုံးရာ၊ မြင်းသုံးထောင်၊ စစ်သည်သုံး ငါးသောင်းနှင့် ချီရသည်။ မိုးညှင်းအလွန် နွယ်ပတ်ယူတောသို့ ရောက်တော်မူလျှင် မိုးကောင်း စော်ဘွားလည်း ထိုတောတွင် တပ်နိုင်ဘပ်သုံးတည်၍ ဆင်လုံးမြင်းရင်းအများ နှင့် ခံသည်ကို တွေ့တော်မူလျှင် တပ်မှူး၊ စစ်ကဲအပေါင်းတို့ကို ယခု ငါမင်း တိုက်တော်မူမည်၊ ဆင် မြင်းကစ၍ စစ်မျက်နှာပြုံ့စေ အမိန့်တော်ရှိ၍ ဆင် မြင်းကရသည်။ အိမ်ရှေ့မင်းမှုကား ဆင်တော် ဘုန်းတောက်ပကို စီးတော်မူ၍ မြောင်း သေနတ်တစ်ဘက်တစ်ချက် ပစ်ခတ်ကြလျှင် ဆင်တော်ကို ချွန်းနှင့်၍ လွှတ်တော်မူသည်။ တပ်ရင်းသို့ရောက်၍ တပ်ကို တိုက်တော်မူသည်၊ တပ်တိုင် နှစ်တိုင် သုံးတိုင်လဲ၍ ဆင်နှင့်တကွ ဝင်တော်မူမိလျှင် တပ်မှူး၊ စစ်ကဲ အပေါင်းတို့လည်း အိမ်ရှေ့မင်း ဆင်နှင့် လွှတ်သည်ကိုမြင်လျှင်တစ်ယောက်မျှ မနေဝံ့၊ တပ်ကိုချီ၍ လုပ်ကြံကြသည်နှင့် စော်ဘွား တပ်ပျက်၍ ဆင်ရှစ်စီး၊ မြင်းခြောက်ဆယ်၊ လူနှစ်ရာခန့် ရတော်မူသည်။ လက်တွေ့သမျှ သေလေသည် များ၏။ ။စော်ဘွားမှုကား သား မယားကို ပစ်၍ ကိုယ်တစ်ခု တည်းသာ ဆင်ကသည်မြင်း၊ မြင်းကသည် ခြေသက်၍ ပြေးလေသည်ကို ရဲမက်တော်တို့ လိုက်လံဖမ်းဆီး၍ အသေ သတ်လေသောကြောင့် ကြမ္မာဆေးမြေ၊ ပျက်စီး သေကျေခြင်းသို့ရောက်လျှင် စော်ဘွားအမိ သားမယား၊ ဆင်ကောင်း၊ မြင်း ကောင်း၊ သူရဲ-သူခက်ကောင်းတို့ကို သိမ်းယူတော် မူခဲ့၍ ပြန်တော် မူသည်၊ နေပြည်တော်သို့ရောက်၍ ရခဲ့သည့် စော်ဘွား အမိ၊ သား မယားနှင့်တကွ ဆင် မြင်း၊ အံ့ ပန်းတို့ကို ဆက်လျှင် ခမည်းတော် ဘုရားလည်း အားရတော် မူ၍ စီးတော်မူသောဝေါကို မှန်ကင်းချ၍ ပေးတော်မူသည်၊ မင်းဆောင်မင်းယောင် မင်းဝတ် မင်းစားလည်း များစွာ ဆုပေးတော်မူသည်၊ ဤနောက် ချီသည့် မိုးကောင်းပွဲကို ရာဇဝင်လတ်မှာ ပထမချီသည့်ပွဲထင်မှတ်၍ မင်းဝံအောင်ချက် ရွှေနန်းတက်ဟူသော မင်းရဲဒိဗ္ဗ ဧချင်းကိုဆောင်၍ ညွှန်းလေသည်၊ ရာဇဝင် ကြီး၌လည်း မိုးကောင်းစော်ဘွား သေလေသည်ကိုလျက် စော်ဘွားနှင့်တကွ သား၊ မယားကို ခမည်းတော်သို့ဆက်သည်ဟု ဆိုလေသည်၊ မဟာ မြတ်မုနိ ကျောက်စာတွင် စော်ဘွားအမိ သား၊ မယား၊ ဆင်၊ မြင်း အလုံး အရင်းကို ရတော်မူလျှင် စော်ဘွားကိုယ် တစ်ခုသာ ဆင်ကသည်မြင်း မြင်းကသည်ခြေ သက်၍ပြေးရေလသည်ကို ရဲမက်တော်တို့ သတ်ရသည်ဟူသော စကား၊ မင်းလည်း ထွက်ပြေး၊ ကြမ္မာဆေး၏ ဟူသော မင်းရဲဒိဗ္ဗ ချေင်းနှင့် မညီ။ ။

## ကောင်းမှုတော် မဟာမြတ်မုနိဌာပနာတော်မူခြင်းနှင့်မိုးကောင်းသို့ သားတော်အိမ်ရှေ့မင်း ချီရသည့်အကြောင်း

လိုနှစ် တပေါင်းလပြည့်ကျော် ရှစ်ရက် သောကြာနေ့ ကောင်းမှုတော် မဟာမြတ်မုနိကို တတိယ ဌာပနာတော်မူသည်။ တပေါင်းလပြည့်ကျော်တစ်ဆယ့်သုံးရက် ဗုဒ္ဓဟူးနေ့ ပန်းလည်တိုင် စိုက်သည်။ တန်ခူးလဆန်းတစ်ရက် စနေနေ့ စတုတ္ထ ဌာပနာတော်မူ၍ ကောင်းမှုတော်ပြီးသည်။ သက္ကရာဇ် (၉၆၇)-ခုနှစ် ဝါခေါင်လဆန်း ခုနစ်ရက် ကြာသပတေးနေ့ ရွှေအိမ် ဆောက်တော် မူသည်။ သားတော် မဟာဥပရာဇာ အစ ရှိသော ရွှေအိမ်ပြီး၍ တက်တော်မူသနေ့ သားတော်တို့ကို ညီလာခံရာတွင် ဤသို့ အမိန့်တော်ရှိသည်။ မူးတော် မတ်တော် အပေါင်းတို့ကို ညီလာခံရာတွင် ဤသို့ အမိန့်တော်ရှိသည်။ ယခု မိုးကောင်း၊ မိုးညှင်း၊ ဗန်းမော်၊ မိုးနဲ၊ ညောင်ရွှေ သည့်ရှမ်းပြည် များကို တပ်ပေါင်းမြို့ရုံနှင့်တကွ အလိုတော်ပြည့်ပြီ။ မြန်မာမင်းနိုင်ငံ ပြည်၊ တောင်ငူ နှင့်တကွ ရှမ်းပြည်၊ မိုးမိတ်၊ အုန်းပေါင်၊ သီပေါ၊ သိန္နီ သည့်မြို့များ တို့ကို မူကား လက်နက် နိုင်ငံတော်မဖြစ်ချေသေး။ ပြည်၊ တောင်ငူသို့ ရွှေဦးချီ၍ လုပ်ကြံရသော်လည်း သင့်မည်လော၊ မိုးမိတ်ကိုအလျင်ချီ၍ လုပ်ကြံ ရသော်လည်း သင့်မည်လော၊ အုန်းပေါင်၊ သီပေါ၊ သိန္နီသို့ချီ၍ လုပ်ကြံရသော်လည်း သင့်မည်လောဟု၍ ခင်းကျင်းတော်မူသည်ကို သားတော်အိမ်ရှေ့မင်း လျှောက်သည်။ ပြည်၊ တောင်ငူကို ဝိုင်းနှင့်ဦးစေဦး၊ အရှေ့ရှမ်းပြည်၊ မြောက်ရှမ်းပြည် အလုံးကို အလိုတော်ပြည့်က ပြည်၊ တောင်ငူသည် ငှက်ဖြစ်၍ပျံမည်လော၊ သီပေါ၊ သိန္နီ သည့်မြို့များသို့ အလျင်ချီ၍တစ်နှယ်ငင်တစ်စင်ပေါ် သိမ်းယူဦးမည်။ ယင်းသို့မှ ပြည်၊ တောင်ငူသို့ချီမည်ဟု၍ နားတော်လျှောက်သည်။ ခမည်းတော် ဘုရားလည်း သားတော်လျှောက်သော အခရေးကို ကြိုက်တော်မူ၍ ရှမ်းပြည်သို့ချီမည် စီရင်ခန့်ရုံတော်မူသည်။ နန္ဒယောဓာတစ်တပ်၊ ဘယသကြံတစ်တပ်၊ ထုဇသကြံ တစ်တပ်၊ ဘယကျော်ထင်တစ်တပ်၊ ညီသူကျော်ထင်တစ်တပ်၊ သားတော်အိမ်ရှေ့မင်းတစ်တပ် သည့်မြောက်တပ်ကို တိုက်ဆင်နှစ်ရာ၊ မြင်းနှစ်ထောင်၊ စစ်သည်သုံးသောင်းနှင့် စဉ့်ကူးကြောင်း၊ မိုးမိတ်သို့ချီရသည်။ ဘဝရှင် မင်းတရားကြီးမှုကား အုန်းပေါင်၊ သီပေါသား တို့သည် မိုးမိတ်က ကူညီမည်ကို အောက်မေ့တော်မူ၍ ဘယကျော်သူတစ်တပ်၊ ဘယဂါမဏီတပ်တစ်တပ်၊ သက်တော်ရှည်တစ်တပ်၊ သီရိဇေယ နော်ရထာတစ်တပ်၊ သီဟပတေ့တစ်တပ်၊ သီရိဇေယ သောကတစ်တပ်၊ ဘဝရှင်မင်းတရားကြီးတပ်မတွင် နန္ဒသကြံတပ်မှူး၊ နန္ဒပကြံ

ကို စစ်ကဲခန့်တော်မူသည်။ သည့်ခုနစ်ဘဝ်တွင်ပါသည့် တိုက်ဆင်နှင့်မှာ မြင်း
သုံးထောင်၊ စစ်သည်သူရဲ လေးသောင်းနှင့် ဆင်ခေါင်းကြောင်း သုံးဆယ်
သီပေါကိုတိုက်၍ ချီတော်မူသည်။ သားတော်ထိမ်မြှုပ်မင်း ချီလေသော့ကာ
စစ်ရှုးကသည် ကျောက်လှည်းဘီးကိုတိုက်၍ အပြင်းချီတော်မူသည်။
ထောင်သို့ ရောက်တော်မူလျှင် မိုးမိတ်စော်ဘွားက အဝတ်ရင်သား စော
မင်း လုပသည်ဟုဆိုသည်။ ငါ့သားနှင့် ဘယ်သူက လှမည်နည်း၊ သွားရှိ
ချေဟူ၍ ဓနု ပလောင်တို့ကိုစေ၍ ကြည့်လာရသည်။ ဓနု ပလောင် တို့သည်
သစ်ပင်ကြီးထက် တက်၍ ကြည့်သော် ရွှေရိုင်း၊ ရွှေခါး၊ ရွှေကာ ရွှေငုံ ကုန်း
ဝန်းရံ၍ ပန်းနီဖေါင်းထုပ်၊ ပန်းနီအင်္ကျီ၊ ရွှေခါးစည်း၊ ဆံတော်ရှည် ပတ္တမြား
နားတောင်းနှင့် တင့်တယ်စွာ နေတော်မူသည်ကို မြင်လျှင် စော်ဘွားသို့သွား၍
အဝတ်ရင်သား၊ လူမဟုတ်၊ သိကြားနတ်ကိုကား ရှင် စော်ဘွား သားနှင့်
ပြိုင်သော် သူ့ကျွန်မျှသာ ဖြစ်ချေမည်ဟူ၍ ဆိုၔ်။ အလုံးအရင်းကို မေးမြန်း
သော်လည်း ဆင်၊ မြင်း၊၊ ဗိုလ်ပါ များလှသည်။ တောတွင် သစ်ပင် သစ်ရွက်
ကဲ့သို့ ဖြစ်သည်ဟူ၍ ဆိုၔ်။ ယင်းသို့ဖြစ်က ငါမနေကောင်းချေ၊ အမှုကို
ဓနုပလောင်တို့နှင့်တကွ လက်ဆောင် လက်နက်များနှင့် လက်ဆက်ကိုတော်ဆော
ငါးတင်ဆက်၍ ကျွန်တော်ခံလာသည်။ ယင်းသောအခါ မှူးတော် မတ်တော်
တို့ လျှောက်သည်ကား ဓနုပလောင်တို့ တောကြက် တောငှက်ကဲ့သို့ ဖြစ်သည်။
ယခု စော်ဘွားနှင့် ပါသည့်အခိုက် ခေါင်းအကြီးမှစ၍ ယိုးသားတို့ကို သုတ်
ပေးမှ သင့်မည်ဟူ၍ လျှောက်သည်ကို ဓနုပလောင်တို့ကို သစ္စာတော်ပေးလျှင်
ကျွံပါးတွင် စောင်းတီးသကဲ့သို့ ရှိတော့မည် အမိန့်တော် ရှိသည်။ ကြိုးကြိုး
ပတ္တမြားတွင်းသခင် ဖြစ်သော သုံးဆယ့်ကိုးလုံးမိုင်းကို အစိုးရသော မိုးမိတ်
စော်ဘွား လက်ဝါးပြကာ အောင်မြင်တော်မူလျှင် စော်ဘွားကိုယ်မှစ၍ သား
သမက်၊ အမှူး အမတ်တို့ကို သစ္စာတော်ပေးပြီးလျှင် ဆင်ကောင်း မြင်း
ကောင်း၊ သူရဲ-သူခက် ကောင်းတို့ကို ရွေးတော်မူပြီးမှ တောင်ကို တက်၍
ချီတော်မူသည်။ သိန္နီသို့ မရောက်ခင် တစ်ခေန်းသောက်တွင် နံနက်ကို မိုး
ထန်စွာရွာ၍ ရုမက်တော် အပေါင်းတို့ ချမ်းတောကြကုန်သည်။ နေပေါ်၍ အဝတ်
အစား သွေ့ကြလျှင် ချီတော်မူသည်။ တောင်အဆင်းတွင် သိန္နီစော်ဘွား ငြိမ်၍
ခံလာသည်ကို ရှေ့တပ်သားတို့ တွေ့ကြောင်းနှင့် လျှောက်လာ၍ ကြားတော်မူ
လျှင် ဆင်မတော်ထက်တွင်ပင် ဝတ်လဲတော်အသုကို ဝတ်တော်မူ၍ ဆင်တော်
ဘုန်းတော်ပကို တက်တော်မူပြီးလျှင် ညောင်ရမ်းပါ ရုမက်တော်နှင့်သာ ရှု

ကြည့်၍ တောင်ထက်က ဆင်းတော်မူသည်။ တောင်အောက်သို့ ရောက်တော်မူ
လျှင် သိန္ဓောဘွား ခံနင့်သည်ကို ဆင်တော်ကို ချွန်းပွင့်၍ တိုက်တော်မူသည်။
သိန္ဓောဘွားတို့ အစုစုကွဲ၍ ပျက်လေ၏။ သုံ့ပန်း ဆင်မြင်း ရသည် များ၏။
အိမ်ရှေ့မင်းလည်း သိန္ဓောဘွား ပျက်၍ ပြေးလေလျှင် ရဲမက်တော်တို့ အညီ
အညွတ်မရောက်သေးသည်နှင့် ခမည်းတော်ဘုရား ချီလာသည် နီးပြီ၊ ကြားတော်
မူလျှင် ယင်းတွင်ပင် တပ်ချ၍ နေတော်မူသည်။ စစ်သိမ်းသည်၊ ညဉ့်တစ်ချက်
ကျီးကျော်မှ ပြီးသည်။ မိုးသောက်လျှင် ဆင်မတော်စီး၍ ခမည်းတော်ဘုရားကို
ကြိုတော်မူသည်။ ဘဝရှင်မင်းတရားကြီးဘုရား ကိုယ်တော် မခန့်မသာ ရှိတော်
မူသည်နှင့် လှသုနိုးပြီ အမှတ်ရှိတော်မူ၍ ဘယဂါမဏိကို မင်းဝတ် မင်းစား
မင်းယောင် မင်းဆောင်ကျင်းပစေ၍ ဆင်တော်ဇမ္ဗုတံဆိပ်နှင့် ရှေ့ချီရလေသည်။
သားတော် အိမ်ရှေ့မင်းလည်း မင်းယောင် မင်းဆောင်ကို မြင်တော်မူလျှင်
နှင်းလည်းဝေသည်နှင့် ခမည်းတော်ဘုရား ရှေ့ ချီတော်မူလာသည် အယူတော်
ရှိ၍ သိန္ဓောဘွား ယမန်နေ့ ကြိုလာသည်ကို အောင်မြင်သည့် ကျွန်တော်ပွဲဟု
လျှောက်သည်ကို ဘယဂါမဏိလည်း ဆင်ထက်က ဦးချ၍ ခမည်းတော်ဘုရား
မဟုတ်၊ ကျွန်တော် ဘယဂါမဏိဟူ၍ လျှောက်လျှင် နှလုံးတော် မသက်သာ
ရှိ၍ ကျွန်ကို မင်းယောင် မင်းဆောင်နှင့် သွားရသည်။ ကိုယ်တော် မခန့်မသာ
သော်လည်း ဆင်ဦးတွင်မျှ ထိုင်၍ နေတော်မမူ နိုင်ပါလော ဟူ၍ မိန့်တော်
မူသည်။ တပ်တော်သို့ရောက်၍ သားတော်မိန့်သည့် စကားကို ကြားတော်မူလျှင်
ယခု ကိုယ်တော် မအီမသာ လေးလေးလံလံပင် ရှိချေသည်။ အိပ်မက်တော်
တွင်လည်း ငါ့နန်းတော်ကို မီးလောင်၍ကျွမ်း မက်သည်။ ငါချီတော် မူလာ
စကလည်း တောသမင် တစ်ခုသည် တပ်တော်ဦးကို လက်ဝဲကသည် လက်ျာသို့
သန်း၍ ပြေးလေသည်။ ဆရာတော် ဘားမဲ့ဘုန်းကြီးလည်း သည်အခါတွင်
ချီတော်မူလျှင် သိန္ဓုမြို့ကိုမူကား အလိုတော်ပြည့်လွယ်မည်၊ ကိုယ်တော် အနာတွေ့
ချိမ့်မည်ဟူ၍ လျှောက်စေသည်။ အလျှင် အလိုတော် ပြည့်စေချင်သောကြောင့်
သာ ငါချီတော်မူသည်။ ယခုမူကား နေပြည်တော်သို့ တဖြည်းဖြည်း ပြန်တော်
မည်။ မောင့်မှာမူကား သိန္ဓုကို လုပ်ကြံ၍ အလျှင်ပြန်ခဲ့ဟူ၍ အမိန့်တော်
ရှိသည်။ သားတော် အိမ်ရှေ့မင်းလည်း ကိုယ်တော် ကိုယ်မှစ၍ တပ်တော်
တွင်သာ နေတော်မူပါ၊ ကျွန်တော် အလျှင်တိုက်မည် ခံနိုင်မည်လော ဟူ၍
လျှောက်လျှင် ခမည်းတော်ဘုရားလည်း မောင့်မှာသာ အကြောင်း အမိန့်
တော်ရှိလျှင် သိန္ဓုသို့ အရောက် ချီတော်မူ၍ တပ်မှူး စစ်ကဲ အပေါင်းတို့ကို

ဆင်မြင်းကစ၍ စစ်မျက်နှာဖြန့်စေ၊ ယသုပင်မြို့ကို လုပ်ကြံတော်မူသည်။ ဆင်လည်း မြင်းသည်၊ ခြေသည် အပေါင်းတို့သည် ဆင် မြင်း တူရွင်း လေ့ကားနှင့် မြို့ရင်းသို့ ရောက်စေ၊ အမိန့်တော်အတိုင်း မတည်ကြလျှင် ကြိုးရှာသော [illegible] တော်ခံရလိမ့်မည်ဟူ၍ တပ်ဘိုင်း အမိန့်တော် ပြန်ရသည်။ တပ်မှူးစစ်ကဲအပေါင်း တို့လည်း ချပ်တီးသကဲ့သို့ ဆင်မြင်းကစ၍ စစ်မျက်နှာ ဖြန့်ပြီးလျှင် မြို့ရင်းသို့ ချဉ်းမည် အခြင်းအရာကို စီရင်ကုန်သည်။ အိမ်ရှေ့မင်း မူကား ဘုန်းတော်[illegible] ဟူသော ဆင်ကို စီးတော်မူ၍ ကျောက်ရစ်စားကို [illegible] သံချာစားကို ကုန်းလယ်တင်တော်မူ၍ ဆင်ခြေဖြူ ရွှေလုံကိုင် [illegible] ညောင်ရမ်းပါ အစုစုသား နှစ်ထောင်နှင့် တပ်ကထွက်တော် မူသည်ကို [illegible] စော်ဘွား မြင်လျှင် ညီ စဆိုင်လုံကိုဆင်တင်၍ ရဲမက် ငါးထောင်ကျော်ခန့်နှင့် တံခါးကိုဖွင့်၍ ကြိုစေသည်။ ။အိမ်ရှေ့မင်းလည်း မြို့တွင်းက ဆင်နှင့်ထွက်လာ သည်ကို မြင်လျှင် အဆီးအတားမရှိ ဆင်ကို ချွန်းနှင့်ပွင့်၍ လွတ်သော[illegible] စော်ဘွားညီ စီးသောဆင် အစွယ်မယှက်ဝံ့ မျက်နှာသုန်၍ပြေးလေ၏။ အိမ်ရှေ့ မင်းလည်း လိုက်သိပ်၍ တိုက်ခတော်မူသည်။ ဆင်နှင့်တကွ စော်ဘွားညီကို ရတော်မူသည်။ တပ်မှူး စစ်ကဲ အပေါင်းတို့လည်း အိမ်ရှေ့မင်းဆင်နှင့် လွတ်သည် မြင်လျှင် ဆင်သည်လည်း ဆင်နှင့် မြင်းသည်လည်း မြင်းနှင့် ခြေသည်လည်း တူးရွင်း လေ့ကားနှင့် မြို့ရင်းသို့ ချဉ်း၍ မြို့ကိုတိုက်ကုန်သည်။ အိမ်ရှေ့မင်းလည်း မြို့တံခါးကို တိုက်တော်မူသည်။ ထိုသို့စဉ်တွင် ရဲမက်တော်တို့ မြို့ကိုအောက်မိ၍ တခဏ်တစ်ခဏချင်း သုံးဆဲ့ကိုးလုံးမိုင်းကို အစိုးရသော သိန္နီစော်ဘွားနှင့် တက တစ်မြို့လုံးကို ရတော်မူသည်။ ယင်းသို့မှ စော်ဘွားနှင့်တကွ ညီသားသမက်တို့ကို သိမ်းယူတော်မူ၍ ခမည်းတော်ကိုဆက်သည်။ အားရတော်မူ၍ မင်းတကျင် တကာတို့ ပေးခဲ့ဘူးသော ဆုကို ပေးတော်မူ၏။ ပေးခဲ့ဘူးသော ဆု သည်ကား မောင့်မြို့ မောင့်နန်း ဆိုလိုသည်။ ထိုအမိန့်တော်ကို ယူ[illegible] ကြားလျှင် သက်တော် မရှည်စေချင်ပြီဟူ၍ ဆိုကုန်သည်။ အိမ်ရှေ့မင်းလည်း သိန္နီမြို့တွင် ရှိသော ဆင်ကောင်း မြင်းကောင်း သူရဲ သူခက်ကောင်းတို့ကို သိမ်းယူတော်မူပြီးမှ စော်ဘွားမှ စ၍ တစ်မြို့လုံးကို သစ္စာတော်ပေးရသည်။ ယင်းသို့မှ စော်ဘွားညီ၊ သား၊ သမက်တို့ကို မယားနှင့်တကွ သိမ်းယူတော်မူ၍ ပြန်တော်မူသည်။ သီပေါက အလွန်သို့ ရောက်တော်မူလျှင် ခမည်းတော်ဘုရား ကိုယ်တော် မခန့်မသာ လေးလေးလံလံ ဖွဲ့တော့မူသောကြောင့် သိုက်ထောက် သည် အမှတ်ရှိတော်မူ၍ ကင်းထားရင်ကြောင်း ဆင်းတော်မူသည်။ မှူးသာ

ဆံရည်းကြီးတို့ကို မိတိုက်ရသည်။ ယင်းသို့မှ ဆံတော် အလျင်သေ့ ဆောင် ကိုယ်လုပ် မောင်းမတို့ ယပ်ခပ်ရသည်။ သေ့လျှင် သျှောင်ထုံး၍ ဖောင်းထုပ်ပေါင်းတော်မူသည်။ ယင်းသို့မှ ဝတ်လဲတော်ဝတ်၍ ကိုယ်တော်ကို တန်ဆာဆင်ယင်ပြီးလျှင် အိမ်ရွှေအိမ်တော်တွင်ရှိသည့် ရွှေ ငွေအုပ်မျိုး ထည်မျိုး ခါသာတို့ကို ကျေးတော် ကျွန်တော်တို့ကို အထိုက် အလျောက် ဆုပေးတော်မူသည်။ စီရင်ခွင့် စီရင်ဖွယ် ရှိသမျှကို စီရင်ခန့်ရှန်တော် မူပြီးမှ အိမ်ရွှေအိမ်တော်က မြင်းစီး၍ ထွက်တော်မူသည် ရွှေတော်ပြေးကွက် ရောက်တော်မူလျှင် အရွှေတံခါးက ဝင်တော်မူ၍ ထိုနေ့ပင် နန်းတက်တော်မူသည်။ သီဟပူရမဟာရာဇာ အမည်ရှိသော ညောင်ရမ်း မင်းတရားကြီး ဘုရားသည် သက်တော်လေးဆယ်နှစ်နှစ်သို့ အဝင် သက္ကရာဇ် (၉၆၁) ခုနှစ်တွင် မင်းဖြစ်တော်မူ၍ ရွှေနန်းတော်၌ ရှစ်နှစ်ပတ်လုံး သာသနာတော်မြတ်စီးပွား။ ကိုယ်တော်မြတ် စီးပွား သားတော်အစဉ် မြေးတော်အဆက် ဖြစ်တော် အညွန့်တိုးစီးပွား။ ပြည်သူ လူ ရဟန်းတို့ စီးပွားကို ဆောင်တော်မူ၍ သက်တော် ငါးဆယ်သို့ အဝင်တွင် နတ်ပြည် စံတော်မူသည်။ နံတော် သောကြာသားဘည်း။

## ညောင်ရမ်း မင်းတရားကြီး ဘုန်းလက်ရုံး အာဏာတော်နှင့် သားတော် သမီးတော်တို့ အကြောင်း

ဘုန်းတော် တန်ခိုးတော်ကို ဆိုသော်ကား။ ။သက္ကရာဇ် (၉၇၉) ခုတွင် ပြည်မင်းကြီးနှောင်းသည် အဝသို့ ရေအား ကြည်းအား လုပ်ကြံမည် ဟူ၍ ဖောင်တော်သို့ အတက်တွင် အထိန်း ရန်နိုင်စား လုပ်ကြံ၏။ ရေတွင် အနိုင်ရောက်လျှင် အဝသို့ စစ်မရောက် ဖြစ်လေသည်။ သက္ကရာဇ် (၉၆၆) ခုနှစ်တွင် ယိုးဒယား ဖြူရာဇ်သည် ဇင်းမယ်ကြောင်း အဝသို့ ချီ၍ လုပ်ကြံမည် ဟူ၍ တပ်နှစ်ဆယ် ချီလာသည်။ ဇင်းမယ် ကျေးမိုင်းဟင်းသို့ ရောက်လျှင် ကျည်မနှာရောက်၍ တဒက်တစ်ခဏခြင်း အနိစ္စရောက်လေသည်။ ထို သက္ကရာဇ်တွင် မိုးနဲစော်ဘွားလည်း အဝသို့ တိုက်မည်ဟူ၍ တစ်ဆယ့်နှစ်တပ်စီရင်၍ ချီလာသည်။ ညောင်ရွှေ မြောက် ဘောရိသတ်သို့ ရောက်လျှင်နှလုံးတုန်လှုပ်၍ ပြန်လေသည်။ ဤသို့ ဘုန်း လက်ရုံး အာဏာ ပညာ အမြော် အမြင် တော်နှင့် ပြည့်စုံတော်မူသော ဘဝရှင် မင်းတရားကြီး ဘုရားကား ပညာရှိကို ချစ်တော်မူတတ်၏။ ပညာရှိတို့ လျှောက်သော စကားကို ယူတော်မူသောကြောင့် အရေးတော်

ပြီးသည်များ၏။ မင်းညီ မင်းသား မင်းဆွေ မင်းမျိုး မင်းမှူး မင်းမတ် သူ
ကောင်းတို့အားလည်း ချစ်ကြည် လေးမြတ်တော်မူ၍ သာယာစွာ ဖြစ်စေ
မူလုံ၏။ ပေးကမ်းတော်မူခြင်း၌လည်း ရမ်းရမ်း လေ့လေ့ ပေးကမ်းတော်
မူသော အလေ့ရှိသောကြောင့် ချီးတော်မူလေသမျှ ရန်မာန်ခပ်သိမ်းကို အောင်
မြင်တော်မူသည်များ၏။ အထိုက် အလျောက် သိသော ဌာနန္တရ ကောသလ္လ
ဉာဏ်နှင့် ပြည့်စုံတော်မူသည်ဖြစ်၍ သူရဲ သူခက် အပေါင်းတို့သည် ကြီးစွာ
သော သတ္တိ အမှုတော်ကို ထမ်းသည်များ၏။ ပြုတော်မူသော ကောင်းမှုတော်
တား ရွှေဆံတော်တော် ပဟာမြတ်မုနိကောင်းမှုတော် အနောက်ဘက်၌ နတ်သီမာန်
နှင့် တူသော လေးထပ် ရွှေကျောင်းတော်၊ မြို့တွင်း မြို့ပြင်၌ ရှိသော ရှေး
မင်းတကာတို့ ကောင်းမှုတော် စေတီ ပုထိုး ဆင်းတု ရုပ်တု ပြိုပျက်လေသည်
များကိုလည်း လုပ်တော်မူ၍ ရွှေထီး တင်တော်မူသည်။ ပိဋကတ် ကျမ်းဂန်
ပါဠိ အဋ္ဌကထာ ဋီကာ မစုံမစေ့သမျှကိုလည်း ရေးကူးစေ၍ ဆရာတော်တို့အား
လှူတော်မူ၍ ပို့သ သင်ကြားရသည်။ စစ်ကိုင်း ပင်းယ အဝတွင် သီတင်းသုံး
နေတော်မူသော အရညဝါသီ ပုဂ္ဂိုလ် ဂါမဝါသီ ပုဂ္ဂိုလ်တို့ အားလည်း
အလှည့်လှည့် အလှယ်လှယ် ပင့်၍ ဆွမ်းလုပ်ကျွေးတော်မူသည်။ သင်္ကန်းလျာ
ပါသအုပ် ပိတ်အုပ်လည်း လှူတော်မူသည်။ ကျော်လေးဆူ ဘုရားရှင်၌
လည်း ဇေတဝန်ကျောင်းတော် ဆောက်၍ လှူတော်မူသည်။ တောင်ဘက်
မြောက်ဘက် ဝယ် ရှိသော ကန် ချောင်း ဆည် မြောင်း များ ကို ခိုင်ခံ့
စွာတောင် ဆည်ဖို့စေ၍ လယ်ယာချည်း ဖြစ်စေသည်။ ထိုသို့ စီရင်တော်
မူသောကြောင့် ပြည်ထဲသားယာ ဝပြောသည်များ၏။ အဝရှင် မင်းတရားကြီး
ဘုရား၊ လူ့ပြည်ပြီး၍ နတ်ပြည်စံလိုသော် ကြာသပတေးဂြိုဟ် ဓနုကသည်
မြိထ္ထုန်ရာသီမှ သုံးဆယ့်နှစ်ရက်နေ့၌ သိဟရာ သွားသည်။ ဓနုတွင် ငါးလနှင့်
တစ်ဆယ်လေးရက်နေ့မှ မကာရသို့သွားသည်။ သောကြာဂြိုဟ်သည်လည်း
ကန်ရာသီ၌ နိယထုံပြုသည်။ စနေဂြိုဟ်လည်း ဓနုကသည် မြိထ္ထုန်သို့သည်။
ရွှေနန်းတော်ပြာသာဒ် ဆပ်သွားဖုံးကိုလည်း လောင်မီးကျသည်။ ဆင်တော် သီရိ
နာဂ မြေသို့ ဝှေ့ရာတွင် စွယ်လုံးကျ၍ မှားသည်။ အဝရှင် ညောင်ရမ်း
မင်းတရားကြီးဘုရား ရှင်မိပုံရားတွင် မြင်သည့် သားတော် သမီးတော်အား
သားတော် သခင်လတ် ခမည်းတော် အထွတ်အမြတ်သို့ ရောက်တော်မူလျှင်
မဟာဥပရာဇာအမည်နှင့် အိမ်ရှေ့နေသည်တစ်ပါး၊ ညီတော်သခင်ကြီး ခမည်း
တော်ဘုရားတွင် မင်းရဲသခ်သူအမည်နှင့် တလုပ်မြို့ကိုစားကျွေးခံရသည် တစ်ပါး၊

နှမတော်မင်းတရား မယ်တော် မောင်တော် ဘကုတ်အမြတ်သို့ ရောက်တော်
မူလျှင် အတုလစန္ဒာ ဒေဝီခံသည်တစ်ပါး၊မောင်တော်သခင်ဖြူ စကုကိုက်ကျေး
ခံရသည် တစ်ပါး သားတော်သုံးပါး၊ သမီးတော်တစ် ပေါင်းလေးပါး။
ကိုယ်လုပ်တော်တို့တွင် မြင်သည့် သားတော် သမီးတော်တို့ကား ဝဏ္ဏနကတော်
ရှင်မျိုးမြတ်တွင် မြင်သည့် သားတော် ရှင်စစ်နိုင်၊အနောက်ဘက် မင်းတရားကြီး
ဘုရားတွင် မင်းရဲနော်ရထာခံသည်။ ရာဇမဏိ စူဠာ ဒါယကာတော် မင်းတရား
ကြီး ဘုရားတွင် သမီးတော် သီလဝတီနှင့် စုံဖက်တော်မူ၍ စေဠကူးကို ပေးတော်
မူသည်။ သည်နှစ်ပါးကို ထိမ်းမြားရာတွင် မြင်သည့် သမီးတော် ခင်မင်းပု
တစ်ဆယ့်ခြောက်နှစ်တွင်လွန်သည်တစ်ပါး၊ညီမတော် ခင်မင်းလတ် ပြည်မိဖုရား
တစ်ပါးပေါင်းနှစ်ပါး။ မင်းရဲနော်ရထာညီတော်ရှင်စောဘွားတစ်ဆယ့်ခုနစ်နှစ်
တွင် လွန်သည်တစ်ပါး၊ နှမတော် ခင်မင်းပု တစ်ပါး၊ မြောက်သားတော်ကား
တောင်ငူရောက် မင်းတရား သားတော် ရှင်စည်သူ၊ ရာဇမဏိ စူဠာ ဒါယကာ
တော် မင်းတရားကြီး ဘုရားတွင် မင်းရဲသင်္ခယာခံသည်။ ငါးထပ်ဒါယကာ
တော်တွင် သိရိမဟာသောကခံသည်။ ။ခင်မင်းပု မောင်တော် မင်းရဲသီဟ
ကျော်တစ်ပါး၊ရာဇာမဏိ စူဠာ ဒါယကာတော် မင်းတရားကြီး ဘုရားတွင်
ကြံညှပ်ကိုစားသည်။ငါးထပ်ဒါယကာတော် မင်းတရားကြီးတွင် မင်းရဲကျော်စွာ
သမီးတော် မြတ်လှဘုန်းပြိုးနှင့် စုံဖက်တော်မူ၍ ပုဂံကို ပေးတော်မူသည်၊
ပြည်မင်းတရားတွင် မင်းရဲနော်ရထာခံသည်။ မိုးနဲ့စော်ဘွားသမီး၊ မြင်စိုင်းက
တော်တွင် မြင်သည့်သားတော် ဝရသူတစ်ပါး၊ ရာဇမဏိ စူဠာ ဒါယကာတော်
မင်းတရားကြီးဘုရားတွင် မင်းရဲဒိဗ္ဗက ကူညီသည်ဟူ၍ ကုပ်မျက်တော်မူသည်။ ။
နှမတော် ခင်မျိုးမြတ်တစ်ပါး၊ အနောက်ဘက် မင်းတရားကြီး ဘုရားတွင်
နန်းတင်၍ မင်းရဲဒိဗ္ဗကိုမြင်သည်၊စွန့်ရဲကတော် ရှင်ဖွေလှတွင် မြင်သည့်သားတော်
ဖြိုးပြည့်ကျော်သူတစ်ပါး၊ ရာဇမဏိစူဠာ ဒါယကာတော် မင်းတရားကြီး ဘုရား
တွင် မင်းရဲ ရန္တသူခံသည်။ မြောက်သားတော်ကား ခမည်းတော် သမီးတော်
ရတနာ ရွှေငုံနောက် ထားဝယ်က ဟံသာဝတီကို ဝန်ပြုရ သည်။ သားတော်ကား
နေမျိုးအတ္တ၊ ပြည်မင်းတရားတွင် သမီးတော် အဥ္စနနှင့် စုံဖက်တော်မူ၍
မင်းရဲရန္တသူ ဟူသော အမည်နှင့် စေဠကူးမြို့ကို ပေးတော်မူသည်။ နောက်
ဇင်းမယ်ကို ဝန်ခံရာမှာ လွန်သည် နှမတော် မျိုးမြတ်ပဘာ။ ။မင်းရဲရန္တသူ
နှမတော် ငယ်က လွန်သည်တစ်ပါး၊ ညီမတော် တောင်တွင်းမင်းသမီးတစ်ပါး။
သားတော်တစ် သမီးတော်နှစ် ပေါင်းသုံးပါး။ မြင်းခေါင်း ကတော်တွင်

မြင်သည့် သားတော် မင်းသားညိုတစ်ပါး၊ ရာဇမဏိစူဠာ ဒါယကာတော် မင်းတရားကြီး ဘုရားတွင် မင်းရဲဒိဗ္ဗက ကညီသည်ဟူ၍ ကွယ်လွန်တော်မူသည်၊ နှမတော် သီရိစံဖြိုးတစ်ပါး၊ မြောက်သားတော်ကား သားတော် မြေဒူးမင်း သီဟရာဇ် ညီမတော် ရတနာရွှေ၊ မဟာဥပရာဇာတော်ကား ခမည်းတော် သားတော်ဖြိုးမြည့်ကျော်သူ မင်းရဲရန်သူခံ မောင်တော် သီဟရဲကျော်တစ်ပါး၊ ရာဇမဏိစူဠာ ဒါယကာတော် မင်းတရားကြီး ဘုရားတွင် မင်းရဲနရာအမည်နှင့် မြေထဲကို စားရသည်။ မြောက်သားတော်ကား မိဖုရားတော်ဘွား သမီးတော်၊ သားတော်ကား မောင်ပုမျက်မြင်တစ်ပါး၊ ညီတော် ခင်နှောင်း ပြည်မင်းတရားဘွင် ပန်းတိမ်းကိုစားသည်၊ ငါးထပ်ကျောင်း ဒါယကာတော် မင်းတရားတွင် မင်းရဲ ရန်ခနှောင် ခံသည်၊ နောက် ရမည်းသင်း မင်းတရားကြီးဘုရားတွင် ငင်းမယ်ကို ဝန်ခန့်တော်မူသည်၊ မာန်အောင် ရတနာ ဒါယကာတော် မင်းတရားဘွင် မင်းရဲနော်ရထာအမည်နှင့် ရွှေမျက်ဝေါ ပသာ ပေးတော်မူသည်။ ။မင်းလက်ယာသမီး ခင်မည်တွင်မြင်သည့် သမီးတော် ခင်လှတစ်ပါး၊ မြောက်သားတော်ကား တောင်ငူရောက် မင်းတရား သားတော် တောင်းလင်းမင်း၊ မင်းရဲအောင်နိုင် ညီမတော် ခင်လတ်တစ်ပါး၊ မိဖုရားတော်တွင်မြင်သည့် သားတော် နရာ ရွှေမျက်ခံ တစ်ပါး၊ ညီတော် ရွှေနန်းဝင်တစ်ပါး၊ နှမတော် သီရိကေတစ်ပါး၊ ညီမတော် မင်းပုတစ်ပါး၊ မြောက်သားတော်ကား အဝမင်းရဲကျော်စွာစုံ သားတော် ကျောက်ရုပ်မင်း ငါးထပ် ဒါယကာတော် မင်းတရားတွင် မင်းရဲရန္တမိတ်ခံသည်၊ မင်းရဲရန္တမိတ် လွန်လျှင် မင်းရဲရန်နှောင်း ရာဇမဏိစူဠာ ဒါယကာ မင်းတရားကြီးဘုရား စံပက်တော်မူသည်။ ကိုယ်လုပ်တော်တွင် မြင်သည့် သားတော်ကို၊ သမီးတော် တစ်ဆယ်ပေါင်းတစ်ဆယ့်ကိုးပါး။

## သားတော် အနောက်ဘက်လှန် မင်းတရားခေါ် အိမ်ရှေ့မင်း ရွှေနန်းတက်တော်မူ၍ ကောင်းမှုတော် အရပ်ရပ်တို့ကို လုပ်ဆောင်တော်မူခန်း

သက္ကရာဇ်(၉၆၃) ခုနှစ် တစ်ပေါင်းလပြည့်ကျော်တစ်ဆယ့်သုံးရက် တနင်္ဂနွေနေ့ သားတော်ကြီး မဟာ ဥပရာဇာသည် ခမည်းတော်အမှိုက်အရာဖြစ်သော ရတနာပူရ အဝရွှေနန်းကို တက်တော်မူသည်။ မဟာ ဓမ္မရာဇာဟူသော အမည်ကိုလည်း

ခံတော်မူသည်။ မင်းဖြစ်တော်မူလျှင် ခမည်းတော်ဘုရား ကောင်းမှုတော် အစေ့ မပြီးသေးသည်ကိုလည်း လုပ်တော်မူသည်။ လေးထပ်ကျောင်းကို မဟာ သံဃနာထ ဆရာတော်အား တင်လှူတော်မူသည်။ သက္ကရာဇ် (၉၆၀) ခုနှစ် နယုန်လပြည့် စနေနေ့ မဟာမြတ်မုနိ ဘုရားရှင်ကို ထီးတင်တော်မူသည်။ ကောင်းမှုတော် အရှေ့တောင်ယွန်း၌ သက်ငယ်မိုး သုဓမ္မာဇရပ် ဆောက်တော်မူသည်။လဆန်းတစ်ရက် လပြည့်ကျော်တစ်ရက် ထွက်တော်မူ၍ ဆရာတော်တို့ကို ဖူးတွေ့တော်မူသည်။ ။ထိုသက္ကရာဇ် ပထမ ဝါဆိုလ တောင်ငူမှာ ငါးဆူ ဒါယကာမင်းတရားကြီး မိဖုရားခေါင် စခဆိုပဲခူးမိဖုရား နှတ်ပြည်စံတော်မူသည်။ ကောင်းမှုတော် မဟာမြတ်မုနိ ဝန်းကျင်တော်ကိုလည်း သက်ငယ်မိုး အလျှင် စီရင်တော်မူသည်။ ။ထို သက္ကရာဇ် တပေါင်းလပြည့်ကျော် ခြောက်ရက် စနေနေ့ လယ်ကြီးအရပ်၌ ဆရာတော် ဘားမဲ့ဘုန်းတော်ကြီးကို ရည်၍ ကျောင်း ဆောက်တော်မူသည်။ ။နှောင် သက္ကရာဇ် မိုးစဲလေသာကို ပြည်သို့ ချီတော် မူသည်။ ရှမ်းပြည်တစ်လွှားကို နောက်တော်လိုက် ဆော်ဖန်စေ ဝန့်ရှင်တော် တို့ကို အမိန့်တော်ရှိ၍ ဆော်ဖန်ရသည်။ ။ကျွန်တော်မျိုး အပေါင်းတို့ တွင်လည်း ခမည်းတော်ဘုရား အစုမဖွဲ့ခင် ကျန်လေသသူကို စီစစ်တော်မူ၍ အစု အငန်း ဖွဲ့တော်မူသည်။ ရွှေနန်းကြော့ရှင် နရပတိ ဆွေသား မျိုးသား သူကောင်း သားမြေးတို့ကိုလည်း လက်တောင်းကြီးစားကို ခေါင်းခန့်၍ သရေခေတ္တရာ မြင်းဖွဲ့တော်မူသည်။ လက်ယာတော်ဆင်ကပ်တွင် နေ၍လည်း ခစားရသည်။ မျည်းမောက်တိုနက်။ ။မိုးကောင်းသား မိုးနဲ့သား အိမ်ရှေ့ နောက်တော်ပါ ကျေးစား ရွာစားတို့ သားမြေး အရည်တူကို ပန့်စားဒေဝကမ္မာကို ခေါင်းခန့်၍ အစုဖွဲ့တော်မူသည်။ လက်ယာတော်မောင်းမလယ်တွင်နေ၍လည်း ခစားရသည်။ ရွှေမြို့တော်ပတ်လည်ထွက်တော်မူလျှင် မောက် ရှူ ဆောင်း ၍ ပန်းခက်ချပ်နှင့် လိုက်ရသည်။ မျည်းမောက်တိုနက်။ ။မိုးနဲ့သား အိမ်ရှေ့မင်း နောက်တော်ပါ ကျေးစား ရွာစားတို့ သားမြေးအရည်တူကို မဲအိုးစားကို ခေါင်းခန့်၍ ဖွဲ့တော် မူသည်။ လက်ဝဲတော် မောင်းမလယ်တွင် နေ၍လည်း ခစားရသည်။ မောက်ရှူ ဆောင်း မျည်းမောက်တိုနက်။ ။အိမ်ရှေ့နောက်တော်ပါ ရှမ်းပိုက်ကျေးစား ရွာစားတို့ သားမြေး အရည်တူကို ကျောက်ရစ်စား နိဗ္ဗလဒေယာဓာကို ခေါင်း ခန့်၍ မြင်းစုဖွဲ့တော်မူသည်။ လက်ယာတော် ဆင်ကပ်တွင် နေ၍လည်း ခစား ရသည်။ မျည်းမောက်တိုနက် အမှတ်မရှိ။ ။သိန္နီပါ ကျေးစား ရွာစားတို့ သားမြေး အရည်တူကို ရန္တပ္ဖာစည်းကို ခေါင်းခန့်၍ မြင်းစုဖွဲ့တော်မူသည်။

လက်ဝဲတော် ဆင်ကပ်တွင် နေ၍လည်း ခစားရသည်။ မျည်းမောက်တို့နက် အမှတ်မရှိ။ ။သိန်ပါ ကျေးစား ရွာစားတို့ သားမြေး အရည်တို့ကို မြေခိုင်ကို ခေါင်းခန့်၍ မြင်းစုဖွဲ့တော်မူသည်။ လက်ဝဲတော် ဆင်ကပ်တွင် နေ၍လည်း ခစားရသည်။ မျည်းမောက်တို့နက် အမှတ်မရှိ။ ။သိန်ပါ ကျေးစား ရွာစားတို့ သားမြေး အရည်တို့ကို မြင်းတပ် ကျည်းစားကို ခေါင်းခန့်၍ မြင်းစုဖွဲ့တော်မူသည်။ လက်ဝဲတော် ဆင်ကပ်တွင်နေ၍ ခစားရသည်။ မျည်းမောက်တို့နက် အမှတ်မရှိ။ ။မိုးနဲ့ပါ ကျေးစား ရွာစားတို့ သားမြေး ဘုရားတွင် အစုမဖွဲ့ခင် ကျန်လေသည့် လူစုတို့ကို ယင်းတိုက်စားကို ခေါင်းခန့်၍ မြင်းစုဖွဲ့တော်မူသည်။ လက်ဝဲတော် ဆင်ကပ်တွင် နေ၍လည်း ခစားရသည်။ မျည်းမောက်တို့နက် အမှတ်မရှိ။ ။မိုးညင်းပါ ကျေးစား ရွာစားတို့ သားမြေး အရည်တို့ကို တက်ကွပ်စားကို ခေါင်းခန့်၍ မြင်းစုဖွဲ့တော်မူသည်။ လက်ဝဲတော် ဆင်ကပ်တွင် နေ၍လည်း ခစားရသည်။ မျည်းမောက်တို့နက် အမှတ်မရှိ။ ။မိုးကောင်းပါ ကျေးစား ရွာစားတို့ သားမြေး အရည်တို့ကို တရုတ်သိမ်ကို ခေါင်းခန့်၍ မြင်းစုဖွဲ့တော်မူသည်။ လက်ဝဲတော် ဆင်ကပ်တွင် နေ၍လည်း ခစားရသည်။ မျည်းမောက်တို့နက် အမှတ်မရှိ။ ။မိုးကောင်းသား သိမ်ရှေ့ နောက်တော်ပါ ကျေးစား ရွာစားတို့ သားမြေး အရည်တို့ကို လက်ပံစားကို ခေါင်းခန့်၍ မြင်းစုဖွဲ့တော်မူသည်။ လက်ဝဲတော် ဆင်ကပ်တွင် နေ၍လည်း ခစားရသည်။ မျည်းမောက်တို့နက်အမှတ်မရှိ။ ။သည်တပ်တစ်ဆယ့်တစ်စုကို ဖွဲ့တော်မူပြီးလျှင် ရှမ်း ပြည် တစ် လွား အညီအညွတ်ဆောက်သည်နှင့် မြည်တို့ ချီရမည်ကို စီရင်ခန့်ရန်တော်မူသည်။ ကြည်းကြောင်းမှာ ရာသကြီးတစ်တပ်၊ ဘယကျော်ထင်တစ်တပ်၊ ဘယက မြကီတစ်တပ်၊ သီဟပတေတစ်တပ်၊ စည်သူကျော်ထင်တစ်တပ်၊ သီရိမဟာသေနကတစ်တပ်၊ ညီတော်မင်းရဲသင်္ချာတစ်တပ် သည်ခုနစ်တပ်ကိုတိုက်ဆင် လေးရာ၊ မြင်းခြောက်ထောင်၊ စစ်သည်သူရဲခုနစ်သောင်းနှင့် ကြည်းကြောင်းချီရသည်။ ။ရေကြောင်းမှာ ဘယသကြီးတစ်တပ်၊ နန္ဒယောဓတစ်တပ်၊ မဟာတေဇဖျားတစ်တပ်၊ သီရိဇေယနော်ရထာတစ်တပ်၊ သင်္ချာတစ်တပ်၊ မင်းမဟာတစ်တပ် သည်ကမှာဘဝရှင်မင်းတရားကြီးဘုရားမှာ ရှေ့ဆောင်တော်ကို စီး၍ ချီတော်မူသည်။ တပ်မတော်နှင့်တကွ တပ်ခေါင်း ခုနစ်တပ်တွင် ပါသည့် ကတ္တူ လှန်းကြင် သားလှေ ငှက်လှေ လေးရာ၊ လှော်ကား သံလှေ သုံးရာ၊ မိုက္ခာတင် ကုန်လှေ နှစ်ရာ၊ စစ်သည် သူရဲ ခုနစ်သောင်းနှင့် သက္ကရာဇ်(၉၆၉)ခုနှစ် တန်ဆောင်မုန်းလဆန်း လေးရက် တနင်းလာနေ့ ချီတော်မူသည်။ မြေထဲသို့

ရောက်တော်မူလျှင် မြေထဲမြို့တွင် ခံနေနှင့်သော ပြည်လှေတပ်ကို ချပ်ရှပ် လုပ်ကြံတော်မူသည်။ လှေတပ်ပျက်၍ ဆုတ်လေ၏။ လှေတပ်ပျက်လျှင် မြို့ကို ကြည်းရေဝန်းရံ၍ လုပ်ကြံတော်မူသည်။ တစ်ခေါ်ချင်းပျက်၍ တစ်မြို့လုံးကိုရတော်မူသည်။ ယင်းကမှ ပြည်သို့ ချီတော်မူသည်။ ပြည်ကတိ သော ရွေ့ရှဲ မြင်းတပ်ပျက်၍ ဆုတ်လေသည်ကို ရဲမက်တော်တို့ ထပ် လိုက်သည်။ မြို့ရှင်သို့ ရောက်လျှင် မြို့ကို တိုက်၏၊ မြို့စီး ပြစီး များသည် ပြောင်းသေနတ် ထုသပ်ပုသောကြောင့် အထိအပါ၊ အရှအနမ်များလျှင် ဆုတ် မြို့ကို ကြည်းရေဝန်းရံ၍ နေတော်မူသည်။ ပြည်ဘုရင်လည်း အဝဘုရင် ဓက ရှင်ဘုရင်သို့ စစ်ကူတောင်းရလေသည်။ မရောက်လာခဲ့သောကြောင့် မြို့ နိုင်လုံအောင် လုပ်၍ ခံလေသည်။ ဘဝရှင် မင်းတရားကြီး ဘုရားလည်း ရန်နိုင် ပဏ္ဏာကာရနှင့် အရေးအရာ စေတော်မူသည်။ ပြည်မြို့ကို ဝန်းရံတော်မူ၍ ရှစ်လ ခန့်ရှိလျှင် ဤသို့ အမိန့်တော်ရှိသည်။ တပ်မှူး၊ စစ်ကဲ အပေါင်းတို့သည် ငါ့အ တော်ကို ကြီးစွာအားထုတ်၍ မထမ်းသောကြောင့် အရေးတော် ပြီးခဲ့သည်။ နက်ဖြန်နံနက် ဆင်သည် မြင်းသည် ခြေသည် အပေါင်းတို့သည် ဆင် မြင်း တူးရွင်း၊ လှေကားနှင့် မြို့သို့ချဉ်း၍ မြို့ကိုတက်စေ၊ အမိန့်တော်အတိုင်း မတည် ကြလျှင် ကြီးစွာသော အပြစ်တော်ကို ခံရမည် ဟူ၍ တပ်တိုင်း အမိန့်တော်ကို ပြန်ရသည်။ တပ်မှူး စစ်ကဲ အပေါင်းတို့လည်း မိုးသောက်လျှင် ဆင် မြင်း ကစေ၍ အမိန့်တော်အတိုင်းတည်အောင် မြို့ရှင်သို့ ချဉ်း၍ သူက လွတ်သော အမြောက်သေနတ်ကို ပမာဏ မမှတ်၊ မြို့ကို တက်ကုန်သည်။ ဤသို့ လုပ်ကြံလျှင် ပြည်မြို့ မခံနိုင်၍ သက္ကရာဇ် (၉၇၀) ဝါခေါင်လဆန်း တစ်ရက် အင်္ဂါနေ့ ပျက်သည်။ ပြည်ဘုရင်လည်း မြို့ပျက်သော်လည်း အညံ့မခံ၊ ရာဇပလ္လင်သို့ တက်၍ နန်းမြို့က ခုခံပြန်သောကြောင့် ရဲမက်တော် အပေါင်းတို့ကို နန်းမြို့ တွင်းသို့ ဝင်မိမှ ပြည်သားတို့ ဓါးလက်နက်ချ၍ အညံ့ခံသည်။ ယင်းသော အခါ ဘယဂါမဏီဟု အသက်တစ်ဆယ့်သုံးနှစ်သား ရှိသောသူသည် ကျေးငှား သစ္စာနှင့် ဖြစ်ချေသည်။ အသက်ပင် သေသော်လည်း ငါ့အရှင် ရာဇပလ္လင် ရင်းတွင် သေပစေတော့၊ ငါ့အရှင်ကို ငါသေမှ ထိပါးရမည် ဟူ၍ ဓါးတစ်ဖက် တစ်စင်းနှင့် ရဲမက်တော်တို့ကို ဆီးကာ၍ ဟန့်နှင့်သည်ကို ဦးရီး ဘယဂါမဏီ မြင်လျှင် ဟယ်–ထောင်– လူမျိုးရွယ်ပီသည်။ မြို့ပျက်၍ ပြည်အလုံးကို သူ့ရဲမက် ဖြစ်ပြီးမှ တစ်ယောက်တည်းသာခံ၍ တတ်နိုင်မည်လော၊ ဓါးလက်နက်ကိုချ၍ အညံ့ခံပေတော့ ဟစ်၍ ဆိုဆဲတွင်မှ သူ့ဆန်ကိုစား၍ ရဲရတော့သည် ဆို၍

လက်နက်ကိုချသည်။ ပြည်ဘုရင်လည်း ရာဇပလ္လင်ထက်တွင် သေပဝေဿအား ငါးဆင်းပြီ အမှတ်ရှိ၍ နေသည်ကို ဝန်ရှင်တော်တို့က အကြိမ်ကြိမ် ခေါ်သော်လည်း မလာ နေသည်။ ဝန်တို့ပါအောင် ခေါ်ချေသည်ကို မြင်းတော်သည် တစ်ယောက်က ကျွန်တော် သာယာစွာ ပါအောင် ခေါ်ပါမည် လျှောက်၍ ခေါ်ရလေသည်။ မြင်းသည်တော်လည်း ပြည်မင်း နန်းသို့ ရောက်လျှင် ဘုန်းတော် အလွန်ကြီးမြတ်တော်မူလှသော အကြည်တော် ဘဝရှင် မင်းတရားက ဘုရားကိုယ်တော်ကို ဖူးတွေ့တော်မူလိုသည် လျှောက်မှ သို့သော်ကား ငါ မနေသာချေဆို၍ အတွင်းမြို့ ကွမ်းကိုင် ရောက်ကိုင်တစ်ကျိပ်ကျော်ခန့်နှင့် လိုက်လာသည်။ ဘဝရှင် မင်းတရားကြီး ဘုရားလည်း ခမည်းတော်ဘုရား မှာတော်မူသည်နှင့်အညီ ပြည်မင်းနှင့် မိဖုရားကိုအလုပ်အကျွေးလူတစ်ဆယ်ကျော်ခန့်နှင့် နေပြည်တော် အဝသို့ ပို့၍ တော်သလင်း တဲတော်ဆိပ်တွင် ကောင်းမှုရှာ တဲနှင့် နေရသည်။

ပြည်မြို့ကို အလိုတော်ပြည့်လျှင် မင်းညီ မင်းသား မင်းမူး မင်းမတ် သူရဲ သူခက် အပေါင်းတို့ကို သစ္စာတော်ပေး၍ ပြည်မြို့တွင် နေကောင်းသသူတို့လည်း နေရသည်။ ယူကောင်းသသူတို့ကိုလည်း ဆင် မြင်းနှင့် တကွ သိမ်းယူတော်မူသည်။ အနောက် ရခိုင်ကျေးစပ်၊ တောင်ငူကျေးစပ်၊ သံလျင် ကျေးစပ်မှာလည်း အလုံးအရင်း အစောင့်အနေ ခန့်သည်။ ပြည်မြို့နန်းကိုမူကား ပျက်စေ၍ မြို့တွင်း၊ မြို့ပြင်၊ ဘုရားပုထိုး၊ ဇရပ်၊ တန်ဆောင်း၊ ဆောက်တည်ရသည်။ ကျောင်းဇရပ် ပျက်စီးရှိသည်များကိုလည်း ပြင်ဆင်လုပ်ဆောင်ရသည်။ ဤသို့ ပြည်အလုံးကို စီရင်ခန့်ရန်တော်မူပြီးမှ ညီတော် မင်းရဲသံခ်သူကို အလုံးအရင်းနှင့် အစောင့် အနေ ခန့်တော်မူ၍ သီးတင်းကျွတ် လပြည့်ကျော် နှစ်ရက် ရှူးပုံနေ နေပြည်တော်သို့ ပြန်လည်တော်မူသည်။ ပုဂံသို့ ရောက်တော်မူလျှင် ရွှေစည်းခုံ ဘုရားတွင် အရိယာ သံဃာတော်တို့အား ပင့်၍ ဆွမ်းလုပ်ကျွေးတော်မူသည်။ လှူဖွယ် လှူခင်း အများလှူတော်မူသည်။ ပုဂံကသည် နေပြည်တော်သို့ ရောက် တော်မူလျှင် အစုသားတို့ကို အကွက်အရပ်ချ၍ နေရသည်။ ပြည်ရန်နိုင်မင်း လည်း တော်သလင်း တဲတော်ဆိပ်တွင် တဲနှင့် နေရသည်။ ဘနေ့သ၌ မိမိဆင် ရေချလာသည်ကို မြင်လျှင် ငါ့ဆင်ကို ရပြီတကား၊ သူ့ဆင်ကို ဆင်အစီး ဆုံးဆယ် လေးဆယ် ဝန်းရံသော်လည်း ငါမခြောက်ဆိုသည်ကို အစောင့်အနေ ခန့်သသူတို့ကြား၍ လျှောက်လာလျှင် ရန်နိုင်စားယော်သည် နှလုံးမချမ်းသေး၊

မိုးကောင်းသို့ ပို့လေစေတော့ အမိန့်တော်ရှိ၍ မောင်နှံနှစ်ပါးကိုပင် အလို အကျေးနှင့် မိုးကောင်းသို့ ပို့ရသည်။ စဉ့်ကူးသို့ ရောက်လျှင် ပြည်ကြီး တုသည်ဟူ၍ ဖျင်လက်ဖုံး၍ ပို့သောဟူ၏။ မိုးကောင်းသို့ ရောက်လျှင် ရှည်ကြာ ကံအလျော့ကျ ဖြစ်လေသည်။

ထို သက္ကရာဇ်တွင် ရခိုင်သို့ ရောက်လေသော် မင်းသား မင်းသမီး အလုံး အရွှေးများကို လက်ဆောင် လက်နက်များနှင့် တောင်းတော်မူ၍ နေပြည်တော်သို့ ရောက်လာသည်။ ရခိုင်ဘုရင်ကလည်း အထူးထူးသော အုပ်မျိုး ထည်မျိုး လက်ဆောင် လက်နက်များနှင့် အမျိုးမပြား ဖြစ်ပါစေချင်သည် ဟူ၍ သံ ရောက်လာသည်။

တောင်ငူဘုရင် ရွှေနန်းရှင်ကလည်း သားတော် အိမ်ရှေ့ နတ်ရှင်နောင်နှင့် အမျိုးမပြား ဖြစ်ပါချင်သည်ဟူ၍ လက်ဆောင် လက်နက်အများနှင့် သံရောက် လာသည်။ ဇင်းမယ်ဘုရင် နော်ရထာမင်းစောကလည်း အမျိုးမပြား ဖြစ်ပါ ချင်သည် ဟူ၍ လက်ဆောင်လက်နက် အများနှင့် သံရောက်လာသည်။ ထိုသို့ အပြည်ပြည်ထောင်သော မင်းတို့က လျှောက်လာသည်ကို မည်သို့မျှ အမိန့်တော် မရှိ၊ သကျသာကီဝင် မင်းတို့သည် ဥက္ကာမုခမင်းမှစ၍ ဘုရားလောင်း သိဒ္ဓတ္ထ ကုမာရတိုင်အောင် နှမတော်နှင့်သာ ပြည်ကြီးဝန်ကို ဆောင်တော်မူသည့် အကြောင်းပြုတော်မူ၍ နှမတော် မင်းတရား မယ်တော်ကို အတုလစန္ဒာဒေဝီ ဟူသော အမည်နှင့် အဘိသိက်သွန်းတော်မူ၍ မိဖုရားမြှောက်တော်မူသည်။ ထို သက္ကရာဇ် တပေါင်းလပြည့်ကျော် တစ်ရက် အင်္ဂါနေ့ နေတက်ဆယ်နာရီတွင် အတုလစန္ဒာဒေဝီ ရှင်မိဖုရားနှင့် မြင်းရထား စီးတော်မူ၍ ကောင်းမှုတော် ပြာသာဒ် ကျောင်းကို ဆရာတော် ဘားမဲ့ ဘုန်းကြီးအား လှူတော်မူသည်။ ကျောင်းတော်ကို ရတနာမြတ်ဘုန်း ဟူ၍ သမုတ်တော်မူသည်။ တပေါင်း လပြည့်ကျော် ခုနစ်ရက် တနင်္ဂနွေနေ့ ညဉ့် သုံးချက်တီးကျော်တွင် အတုလ စန္ဒာဒေဝီ ရှင်မိဖုရား စံကျောင်းတော် တည်သည်။ ။သက္ကရာဇ် (၉၇၁) ခုနှစ် သီတင်းကျွတ်လဆန်း ကိုးရက် အင်္ဂါနေ့ စစ်ကိုင်း မင်းဝံလေးထပ်ကျောင်း တော်ကို ဆရာတော် ရှင်အနန္တဓဇအား လှူတော်မူသည်။ ။တောင်ငူသို့ ချီတော်မမူမီ ကော်တော် ရန္တမိတ်ကို ပြည် လေးမယ် ငါးသယ် သားတို့ကို သွေးသောက်ကြီး ခန့်တော်မူ၍ အတုလ စန္ဒာဒေဝီ ရှင်မိဖုရားအား အမို

ပေးတော်မူသည်။ ကော်တော် ရန္တမိတ်ဆင် ယိုးဒယားစိန်ကိုလည်း အိမ်ရှေ့
တော်မှ ဆင်ပေါက်နှစ်စီး၊ ဆင်မနှစ်စီး ပေးတော်မူသည်။ သိမ်ရှေ့
တော်သုံးလည်း ပေးတော်မူသည်။ ။ကော်တော် ရန္တမိတ် ပြည်ကောင်း
ပြည်း စလုံးကြီးသား စလုံးငယ်၊ စလုံးငယ်သား ပေါ်ခန်ကို အကြောင်းကား
မြို့သင်းကို အလိုတော်ပြည့်လျှင် ရွှေဖဝါးတော် အောက်တွင်မြဲ ဆင်ရှုပ်များနှင့်
တွင် ပေါ်ဆ်ပေါ်တော်မူသည်။ ။(၉၂၅) ခု ယိုးဒယားသို့ ချီတော်မူရာတွင်
ဆင်နှင့် ပွဲရသောကြောင့် ရမ္မသူရဲ ဟူသော အမည်နှင့် ကျပ် လက်ဖက်အိုး
ပေးတော်မူသည်။ ဝါဂရုမြို့ကိုလည်း ပေးတော်မူသည်။ နောက် မဟာ ဥပရာဇာ
ကိုလင်းဇင်းသို့ ချီတော်မူရာတွင် ဆင်နှင့်ပွဲရပြန်သောကြောင့် နန္ဒမိတ် ဟူသော
အမည် ပေးပြန်သည်။ နောက် မဟာ ဥပရာဇာ အထွတ်အမြတ်သို့ ရောက်တော်
မူလျှင် ယိုးဒယားတွင် ဆင်နှင့် ပွဲရပြန်သောကြောင့် သင်္ဃာယာဟူသော အမည်နှင့်
ကွမ်းခွက်၊ လက်ဖက်အိုး၊ တခေါင်းပုံး၊ ထွေးခံ၊ ထီးနီဗြောင်ရွက်၊ သုံးဆင့်ကျိုင်း
ချက် အကုန်နှင့် ဇလုပ်မြို့ကို ပေးတော်မူသည်။ ဇလုပ်မင်း သင်္ဃာယာသား
တော်လှကို လက်ရွေးကြီးမှူး အဖြစ်နှင့် သားတော် မင်းရဲကျော်စွာစုကို အချီ
ပေးတော်မူသည်။ ညောင်ရမ်းဘုရား အထွတ်အမြတ်သို့ ရောက်တော်မူလျှင်
လက်ရွေးကြီးမှူးကို ကော်တော်ရန္တမိတ် အမည်နှင့် ကျပ် လက်ဖက်အိုး ပေးတော်
မူသည်။ စလေမြို့ ကို လည်း ပေး တော် မူ သည်။ (၉၆၆) ခု မိုးနဲ့သို့
ချီတော်မူ ရာ တွင် ဆင် နှင့် အ မှု တော် ကို ထမ်းသည်။ ပွဲရသောကြောင့်
ကွမ်းခွက်၊ လက်ဖက်အိုး၊ တကောင်းပုံး၊ ထွေးအင် ပေးတော်မူသည်။
သားတော် အနောက်ဘက်လွန် မင်းတရား အထွတ် အမြတ်သို့ ရောက်တော်
မူလျှင် စလွယ်ကိုးသွယ်၊ ထီးနီဗောင်ရွက်၊ သုံးဆင့်ကျိုင်းချက် အကုန်ပေးတော်
မူသည်။ အာဂုလ စန္ဒာဒေဝီ ရှင်မိဖုရားကို အချီပေးတော်မူသည်။ ကော်တော်
ရန္တမိတ်၊ မြောက်သားကား ဩယားပိဿလောက်၊ စော်ဘွားသမီး ဘုန်းရှိ
ကော်တော် ရန္တမိတ် သမီးကား ဆင်းစံဝတီ အလျှင် နေမျိုးကျော်ထင်နှင့်
သင့်သည်။ နေမျိုးကျော်ထင် လွန်လျှင် ဘယကျော်ထင်သား မြို့သာစားသား
မုံနေဘိုင်းမှူး ကျော်သူနှင့် အာတုလဒေဝီ ရှင်မိဖုရား ဝုံးဖက်တော်မူရာတွင်
အနောက်ထောင်မှူး ရွှေပြည်မြင်းခေါင်း ဝေညီနှင့် စဉ့်ကိုင်ဒေဝ သူငွေးမယား
မင်းကြီးကကိုမြင်သည်။ မင်းကြီးကနှင့် ဒေဝသူဌေးသင့်ရာတွင် ရာဇဝင်ကြီး
ရာဇဝင်လတ် ရာဇဝင်ချုပ်များကို စီကုံးရေးသားသော ကုလားကိုမြင်သည်။ ။
ထိုသက္ကရာဇ်တွင် တောင်ငူသို့ ချီတော်မူမည် ဟု၍ မှူးတော် မတ်တော်

အပေါင်းကို ခေါ်တော်မူ၍ တိုင်ပင်တော်မူသည်ကို ဝန်ရှင်တော် သီရိဇေယ
နော်ရထာ လျှောက်သည်။ တောင်ငူသည် အခြားပြည်ကဲ့သို့ မဟုတ်ချေ။
မှူးကောင်း မတ်ကောင်း ဆင်ကောင်း မြင်းကောင်းလည်း များလှသည်။
မြို့ပြလည်း ခိုင်ခံ့လှပါသည်။ တစ်ပါးမြို့ရွာကို လုပ်ကြံတော်မူသကဲ့သို့ မလေး
မစား ပေါ့ပေါ့ လျှော့လျှော့ လုပ်ကြံတော်မူ၍ မသင့်ချေ။ နိုင်ငံတော်
အလုံးတွင် ရှိသော ဆင်လုံးမြင်းရင်းနှင့် စည်းစည်း ကြပ်ကြပ် ရပ်ရပ် ခဲခဲ
လုပ်ကြံတော်မူသည်ဖြစ်မှ အရေးတော်လှမည်ဟု၍ နားတော်လျှောက်သည်ကို
ရှမ်းပြည်တစ်လွှား ကိုးစော်ဘွားတို့နှင့် တကွ နောက်တော်လိုက် ခေါ်ချေ
ငါလုပ်ကြံတော်မူသည်ကို တောင်ငူမြို့မျှသည် ခံနိုင်မည်လော၊ အမိန့်တော်
ရှိသည်။ ဝန်ရှင်တော် သီရိဇေယ နော်ရထာလည်း အမိန့်တော်အတိုင်း
ဆောင်ဖန်၍ ရှမ်းပြည်တစ်လွှားမြို့စားစော်ဘွားတို့ ရွှေဖဝါးတော်အောက်သို့
ရောက်လျှင် စီရင်ခန့်ရန်တော် မူသည်ကား၊ ဇေယျပူရ မြင်းတစ်ထောင်နှင့်
တစ်တပ်၊ တုရင်ရာဇာမြင်းတစ်ထောင်နှင့် တစ်တပ်၊ ဓမ္မသင်္ခယာမြင်းတစ်ထောင်
နှင့် တစ်တပ်၊ နန္ဒသီဟမြင်းတစ်ထောင်နှင့်တစ်တပ်၊ ဘယစက္ကသူမြင်းတစ်ထောင်
နှင့်တစ်တပ်၊ လက်ယာမြဲမြဲမြင်းတစ်ထောင်နှင့်တစ်တပ် သည်မြင်းတပ်ခြောက်တပ်
ကို ရွှေဖျားသို့ချီရသည်။ ဆင်တပ်မှာ ရာဇသင်္ကြံတစ်တပ်၊ ဘယကျော်ထင်တစ်
တပ်၊ ဘယဂါမဏီတစ်တပ်၊ ဘယကျော်သူတစ်တပ်၊ မဟာသင်္ခယာတစ်တပ်၊ နန္ဒ
သင်္ကြံတစ်တပ်၊ သီရိဇေယနော်ရထာတစ်တပ်၊ သီဟပတေ့တစ်တပ်၊ ညောင်ရွှေ
တစ်တပ်၊ မိုးမိတ်တစ်တပ်၊ မိုးကောင်းတစ်တပ်၊ မိုးညှင်းတစ်တပ်၊ စည်သူကျော်
ထင်တစ်တပ်၊ သီရိဓမ္မာသောကတစ်တပ်၊ ညီတော်စကုမင်းကြီးတစ်တပ် ယင်း
ကမှ အဝရှင် မင်းတရားကြီး တပ်မပြု၍ ချီတော်မူရသည်။ တပ်မတော်တွင်
နန္ဒသူရိယကို စစ်ကဲ၊ သီရိဇေယျ ကျော်ထင်ကို တပ်မှူး ခန့်တော်မူသည်။
မြင်းတပ် ခြောက်တပ်နှင့် တပ်ပေါင်းနှစ်ဆယ်သုံးတပ်တွင် ပါသည့် တိုက်ဆင်
ငါးရာ မြင်းတစ်သောင်း၊ စစ်သည်သူရဲတစ်သိန်းနှစ်သောင်းနှင့် ချီတော်မူသည်။
မြင်းတပ် ခြောက်တပ်နှင့် ကော်တော် ရန္တမိတ်ကို နေပြည်တော်တွင် အနေ
ခန့်တော်မူသည်။ နေပြည်တော်ကချီ၍ ပင်းကြား စကားအင်းတွင် တပ်ချတော်
မူသည်။ ထိုသည်တစ်ချက်တီးကျော်ခန့်တွင် အခြွေအရံနှင့်တကွ ဥက္ကာပျံလာ၍
တဲတော်ဦးတွင် ကျလာသည်။ ၊ထို အကြောင်းကို ဆရာတော် ဘားမဲ့
ဘုန်းကြီးအား လျှောက်သော် ကေတုမတီကို အလျှင် အလိုတော် ပြည့်၍
တောင်ငူမင်းနှင့်တကွ ဆွေတော် မျိုးတော် အပေါင်းတို့ကို သိမ်းယူတော်

ပျော်ကြွ လျှောက်လိုက်သည်။ ။ပင်းကြွားတပ်တော်က ကတ္တည်
မှုသည် ဟု၍ ဆွာချောင်းအရပ်သို့ ရောက်တော်မူလျှင် တပြည်ပြည်း
ရှိတော်မူ၏။ ကုန်းတောင်ပို့ မြင့်ရာအရပ်မှာ နေရသည်။ ရေအလျှံကြီး
ရံမင်းတော်တို့လည်း မြေမြင့်ရာမှာ ထားရသည်။ ရေနီချောင်း။ ကျောက်ချက်ချောင်း
မျှားကိုလည်း တပ်တော်ကသည် နေပြည်တော်၊ နေပြည်တော်က သည်
မြို့ပြည်လျှံ၍ သံတမန် အစေအပါး အလျင်အလျား မရောက်နိုင်ချေ။ မျိုး
တပ်တော်သို့ ချောင်းရေများသောကြောင့် တပ်တော်သို့ မရောက်
ရှိမှာ ပို့သသူတို့လည်း ယင်းသို့လျှင် ရဲမက်တော်တို့ အစားအသောက် ချို့ရှားချေသည်။
နိုင်ချေ။ ယင်းသို့လျှင် ရဲမက်တော်တို့ အစားအသောက် ချို့ရှားချေသည်။
ထိုအကြောင်းများကို ဆရာတော် ဘားမဲ့ဘုန်းကြီးအား လျှောက်ရလေသည်။
ရေကျလျှင် ကေတုမတီပြည်ကို အလိုပြည့်တော်မူမည် ဟု၍သာ လျှောက်လိုက်
လေသည်။ ဘဝရှင်မင်းတရားကြီးဘုရားလည်း ဆွာချောင်းတွင် အရက်နှစ်ဆယ်
ကျော်ခန့် ရပ်တင်းတော်မူ၍ ရေကျလျှင် ချောင်းကိုကူး၍ ချီတော်မူသည်။
တောင်ငူသို့ ရောက်တော်မူလျှင် တနင်းလာနံ၏ သီရိအရပ်ဖြစ်သော မြို့အရှေ့
မြောက်ထောင့်၌ တပ်ကြီး တပ်ခိုင်တည်၍ နေတော်မူသည်။ညီတော်မင်းရဲ့ သင်္ချာ
တစ်တပ်၊ ကျွန်းဆံမင်းတစ်တပ်သည်နှစ်တပ်မှာ တိုက်ဆင်လေးဆယ်၊ မြင်းသုံးရာ
စစ်သည်သူရဲ တစ်သောင်းနှင့် ပြည်က ချီ၍ ရောက်လျှင် မြို့မြောက်တွင်
တပ်နှင့်ရုံသည်။ ဘဝရှင်မင်းတရားကြီး ဘုရားလည်း မြို့အနောက် ကြက်ရိုးသင်
အရပ်၌ တပ်ခိုင်တပ်လုံ တည်၍ နေတော်မူပြန်သည်။ နောက် မဟာဒေဝီ
နှင့်မိဖုရား ကောင်းမှုတော်ကို ပတ်၍ တပ်တည်မည် တပ်ရာ နင်းသည်ကို
တောင်ငူဘုရင်က တပ်မတည်ရအောင် ဆင်မြင်းအများနှင့် ထွက်၍ တိုက်
လာသည်။ ထိုသို့ တိုက်ရာတွင် ဘဝရှင် မင်းတရားကြီး ဘုရား ကျွန်တော် သီရိ
ဇေယ နော်ရထာ မြင်းသုံးရာကျော်နှင့် စွန်းစွန်း တပ်ရာနင်းသည်ကို တောင်ငူ
မြင်းသည်တို့လိုက်၍ တိုက်လာသည်။ သီရိဇေယ နော်ရထာလည်း ခံ၍တိုက်
သည်။ အတွေးတွေး တိုက်ကြရာတွင် ခါးကို လှံနှင့် ထိုးမိ၍ သီရိဇေယ
နော်ရထာ မြင်းက ကျချေသည်။ ရဲမက်တော်တို့သည် ပရမ်းပတာ ကစဉ့်
ကလျား ကွဲပြို၍ ရှိချေသည်။ ယင်းသို့စဉ်တွင် သီရိဇေယနော်ရထာ ဦးခေါင်းကို
သူက ဖြတ်၍ ယူလေသည်။ ရသည့်ဦးခေါင်းကို တောင်ငူဘုရင်ကို ဆက်လေသည်။
အာရေတော်မူ၍ ဒေဝယောဓာဟူသော အမည်နှင့် ကျပ်လက်ပက်ထိုး ပေးတော်
မူသည်။ ရွှေငွေအဝတ်အစားလည်း ဆုပေးတော်မူသည်။ သီရိဇေယ နော်ရထာ
ဦးခေါင်း ဖြတ်ယူလေသည်ကို မြင်လျှင် မြင်းသည်ငါးရာကျော် လိုက်သိမ်း၍

တိုက်သည်။ တောင်ငူမြင်းသည်တို့ ပျက်၍ မြို့တွင်းသို့ ပြေးဝင်လေ၏။ မြင်း
အစီးသုံးဆယ်ခန့် ရတော်မူသည်။ ယင်းသို့လျှင် မြို့တွင်းသား မပျက်ဆီးနိုင်
၍ တပ်တည်ရသည်။ သည့်နေ့ခက်လည်း ကျောင်းရစ်ဆယ် ပန်းဆေးကို ပတ်၍
တပ်တည်မည် တပ်နေရာ နင်းသည်ကို တပ်မတည်ရအောင် တောင်ငူဘုရင်
ကျွန်တော် ဘယဂါမဏီ ဟူသော အမတ်သည် စောရန်နင်းဆင်ကို စီးပြေးလေ
သားကိုကုန်းလယ်တင်၍ ဆင်ပုံသို့ လွှတ်လာသည်။ ယင်းသောအခါ ဆင်ပြူ
သခင် သားတော် ကျွန်းဆုံမင်းကြီးရှိရာ ချွေရှလာသည်ကို မြင်လျှင် ငါ့သို့
မလာနှင့်၊ ငါသို့တိုက်ဖက်မတန်၊ ငါ ဆင်ပြူသခင် သားတော် တမင်းဟူ…
လုလင်တို့ကို ဟစ်၍ဆိုရသည်။ ထိုသို့စေသော်လည်း မရပ်လာသောကြောင့်
ကျွန်းဆုံမင်းလည်း ငါ့ဆင်သည် ဆင်ငယ်သာ ဖြစ်ချေသည်။ တိုက်လည်း
အစကပ်၊ မတိုက်လည်း အစကပ်၊ သို့ရာတွင် တိုက်မှသာ သင့်တော့မည်
အမှတ်ရှိ၍ တိုက်လေ၏။ ထိုသို့တိုက်ရာတွင် ကျွန်းဆုံမင်းဆင်ကို တောင်ငူ
ဘယဂါမဏီ ဆင်ကော်၍ ပစ်လေသည်။ ဆင်လည်း၍ ကျွန်းဆုံမင်းလည်း
ဆင်ကကျလျှင် မြင်းသို့တက်၍ ဆုတ်ရချေသည်။ ဘယဂါမဏီလည်း ဆင်
တစ်စီးကို တိုက်ပြန်ချေသည်လည်း ပျက်ပြန်ချေ၏။ သည်အခိုက်တွင် ရဲမက်
တော်သေနတ်လုလင်တစ်ယောက်သေနတ်နှင့် လွှတ်သည်။ ကျည်ခဲ့သင့်၍ ဘယ
ဂါမဏီဆင်ဦးတွင်ပင် ဆုံးချေသည်။ဆုံးငြားသော်လည်း ဆင်ကမချ၊ ဆင်လည်း
မတိုက်ဘဲပင် ဝှေ့၍ ဆင်တစ်စီး လဲပြန်စေသည်။ ထိုသို့အယူအစား တင်း
တည်းသာ လက်ယာလက်ဝဲဝှေ့သည်ကိုမြင်လျှင် ဘဝရှင်မင်းတရားကြီးဘုရား
ရဲမက်တော်မြင်းသည်တို့ ဝန်းရံ၍ ဆင်ကို ရှည်၍ တက်သည်။ အတက်မခံ
သောကြောင့် မြင်းသည်တစ်ယောက် ချဉ်း၍ ဆင်မြီးကို ဖြတ်ရာတွင်မှ
ဆင်ရပ်၍အဖမ်းခံရသည်။ ရလျှင် ဘဝရှင်မင်းတရားကြီး ဘုရားကိုဆက်သည်။
အားရတော်မူ၍ ဘယဂါမဏီကို ပစ်မိသော သေနတ် လုလင်ကိုလည်း တုရင်
ပုညာဟူသော အမည်နှင့် မြစ်ချေးရွာကို ပေးတော်မူသည်။ သားချင်း မြေ
တော်နှင့် တကွ သေနတ်အစုက နုတ်၍ မြင်းစုမှာ ဖြည့်တော်မူသည်။ ဆင်မြီး
ကို ဖြတ်ရသသူကိုလည်း တုရင်ဗလ ဟူသော အမည်နှင့် ရေနံ့သာရွာကို ပေး
တော်မူသည်။ ဆင်ကိုဖမ်း၍ ဆက်သသူကိုလည်း ဂဇယောဓ ဟူသော
အမည်နှင့် လင်းယင်းရွာကို ပေးတော်မူသည်။ ထိုမှတစ်ပါး ပွဲလမ်း ရသသူတို့
ကိုလည်း ကျေးရွာ ရွှေ ငွေ ကြေး စပါး အဝတ် အစား ပေးတော်မူသည်၊
တောင်ငူဘုရင်လည်း ဘယဂါမဏီကို တိုက်ပွဲတွင် ဆုံးချေသည်။ ဆင်တော်

နှင်းကိုလည်း၊ သူရဲလေသည် ကြားတော်မူလျှင် ဆင်သည် မြင်းသည်
အမတ်အပေါင်းတို့ကို ရုံးသို့ ခေါ်တော်မူ၍ မေးရသည်။ ယင်းသော
သိမြင်သသူတို့လျှောက်သည်။ ညီတော် မင်းရဲသီဟသူ ညီတော်မင်းရဲ
ကျော်ထင်နှင့် ဆင်စီး အမတ် တစ်ကျိပ်ကျော်တို့သည် ဆင်နှင့် မြို့အနောက်
တောင်ထောင့်ကို သွားသူတို့က မြို့ကိုတက်မည် စီရင်သည်ကို မသက်ရောက်အောင်
ပြီး ခံကြသည်။ ကျွန်တော် ဘယဂါမဏိနှင့် နန္ဒသူရိယကား ဆင်မြင်း
နှင့်သာ မြို့မြောက်သို့ သွားကြလေသည်။ နောက်မှ တိုက်လံကြောင်းကို ညီတော်
တို့သောကြောင့် မြို့မြောက်သို့ သွားသည်။ အလျင်နန္ဒကျော်ထင်ရောက်သည်။
နောက်ညီတော်တို့ ထပ်၍ ရောက်ပြန်သည်။ နန္ဒကျော်ထင် စီးသော နာဂရက်
အစစ်သည်တို့မြင်လျှင် သုတ်၍နေလေသည်။ အကြောင်း အရာကို လျှောက်
၍ တောင်ငူဘုရင် ကြားတော်မူလျှင် အမျက်တော် ပြင်းစွာ၍ ကုန်းလည်
နောက်ပုံနှင့်တကွ နန္ဒသူရိယကို ကွပ်မျက်တော်မူသည်။ နန္ဒသူရိယ ဥစ္စာ ကျေး
ရွာနှင့်တကွ သားမယားကို ဘယဂါမဏိ ကတော်ကို ပေးတော်မူသည်။
ညီတော်နှစ်ပါးလွတ်၍ အမှုးအမတ်များကိုလည်း နန်းတော်ရှေ့တွင်စစ်ဆောင်၍
ထားတော်မူသည်။ နန္ဒကျော်ထင်ကို မူကား အားရတော်မူ၍ သီရိဇေယျ
ကျော်ထင်ဟူသော အမည်ကိုပေးတော်မူသည်။ ယင်းသို့မှ ပန်းဆေးကို တပ်
မည်ရအောင် အကြိမ်ကြိမ်ထွက်၍ ဖျက်ဆီး တိုက်လံသော်လည်း မရှုက်
ဆီးနိုင်၊ တပ်တည်တော်မူရလျှင် မြို့တွင်းသားတို့ ကျဉ်းမြောင်းလျှင် တောင်ငူ
ဘုရင် ညီတော်၊ သားတော် အစရှိသော မင်းမှူး မင်းမတ် အပေါင်း
တို့သည် ခန့်ညား ရှိရှားကုန်သည် ဖြစ်၍ ဆရာတော် ပြာသာဒ်ကျောင်း
ဘုန်းကြီးအား ဤသို့ နားတော် လျှောက်ကုန်သည်။ ယခု သည်အရေးခက်ခဲ
လှချေပြီ အညံ့ခံတော်မူမည့် အကြောင်းကို တရားမင်းမြတ်အား ရပ်ခံတော်
မူပါ၊ အညံ့ခံတော်မမူချေက တစ်ပြည်လုံး ပျက်စီးခြင်းသို့ ရောက်ရတော့မည်
ဟူ၍ လျှောက်ကုန်သည်။ ဆရာတော် ပြာသာဒ်ကျောင်း ဘုန်းကြီးလည်း
နန်းတော်သို့သွား၍ ယခု ပြည်ထဲအရေး အရာကို သောက်ပွေသော် ခက်လှချေ
သည်။ အညံ့ခံတော်မူမှ သင့်မည်ထင်သည်။ ဘုရားရှင် ဟောတော် မူသော
တရားတော်မှာလည်း ဇာတိပဋိသန္ဓေနေကုန်သော ခပ်သိမ်းသော သတ္တဝါ
အပေါင်းတို့သည် နာနာဘာဝ တရားမှ မကင်းသာချေ ဟူ၍ ဟောတော်မူ
သည်။ အရေးတော်သာယာစွာ ပြီးမည်အကြောင်းကို စီရင်တော်မူချေင်သည်
ဟူ၍ နားတော်လျှောက်သည်။ တောင်ငူ ဘုရင်လည်း အညံ့ခံဘွက် ရှိသလော

ကျွန်ုပ်တို့ ညီနောင်လေးပါး ယခုထွက်၍တိုက်မည်။ ကျွန်ုပ်တို့ စီးသော ဆင်လေးစီးကို မြင်လျှင် အဝစ်သားတို့ ခံနိုင်မည်လော၊ အမိန့်တော်ရှိ၍ ထွင်း ... ကျွန်ုပ်တို့ ညီနောင်လေးပါး ယခုထွက်၍တိုက်မည်။

ကျွန်ုပ်တို့ ညီနောင်လေးပါး ယခုထွက်၍တိုက်မည်။ ကျွန်ုပ်တို့ စီးသော ဆင်လေးစီးကို မြင်လျှင် အဝစ်သားတို့ ခံနိုင်မည်လော၊ အမိန့်တော်ရှိ၍ ထွင်း ကျောင်းတော်သို့ပြန်သည်။ မိုးသောက်လျှင် ဘထွေးတော် မရသောကြောင့် ကျောင်းတော်သို့ပြန်သည်။ ညီတော် အလတ် မင်းရဲသိဟသူ၊ သတိုးမွေ့ရာဇာ၊ ညီတော် မင်းရဲကျော်စွာ၊ ညီတော် အလတ် မင်းရဲသိဟသူ၊ ညီတော်ငယ် မင်းရဲကျော်ထင်တို့ ကျောင်းသို့သွားတော်မူကြ၍ အရေးတော် ပြီးမည်အကြောင်းကို ရပ်ခံပါဟု လျှောက်ပြန်လျှင် ဆရာတော် ပြောသော ကျောင်း ဘုန်းကြီးလည်း နန်းတော်သို့သွားတော်မူ၍ ဤသို့ လျှောက်သည်။ တရားမင်းကြီး အရေးတော် ခဲခက်ကြောင်းကို ညီတော်၊ သားတော်၊ မှူးတော်၊ မတ်တော်တို့ နှလုံးက ထင်ကုန်၍ အလွန်ခန့်ညားကုန်သည်။ အရေး တော်ပြီးလွယ်မှ ပြည်သူအပေါင်းနှင့်တကွ ကိုယ်တော် ချမ်းသာမည်၊ တရား တော်မှာလည်း ဖြစ်တတ်သော သဘောတရားလည်း ဖြစ်တတ်၏။ ပျက်တတ် သော သဘောတရားလည်း ပျက်တတ်၏။ ထိုသို့ ဖြစ်တတ် ပျက်တတ်သော သဘောတရားတို့၏ ချမ်းငြိမ်းရာ နိဗ္ဗာန်သာလျှင် စင်စစ်အားဖြင့် အမြဲရှိသည်၊ တရားမင်းကြီး အလောင်းတော် တကာတို့သည်လည်း နာနာဘာဝတွေ့သော သတိတရားနှင့် မကင်းကြကုန်။ ထိုတရားတော်ကို အသင့် အခါ ကောင်းသော သတိတရားနှင့် မကင်းကြကုန်။ ထိုတရားတော်ကို အသင့် အားဖြင့် နှလုံးသွင်းတော်မူရာသည် ဟူ၍ မိန့်တော်မူသည်။ တောင်ငူဘုရင်လည်း ညီတော် သားတော် စသော ပြည်သူအလုံး ထိတ်လန့်ကြောင်းကို သိတော် မူလျှင် ပြည်သူနှင့်တကွ ချမ်းသာမည်အကြောင်းကို ဆရာတော်ကိုစုပုံတော် မူသည်။ ခပ်သိမ်းသော သတ္တဝါ အပေါင်းတို့ ဘေးအန္တရာယ် ကင်းမည့် အကြောင်းကို ဆရာတော် မိန့်တော်မူပါလေတော့ဟု မိန့်တော်မူသည်။ ထို အမိန့်တော်ကို ဆရာတော်ကြားလျှင် နန်းတော်ကလာခဲ့၍ တပည့် သံဃာ ရှစ်ပါးနှင့် မြို့တွင်းကထွက်၍ တပ်တော်သို့လာသည်။ လာကြောင်းကို ဘဝရှင် မင်းတရားကြီး ဘုရား ကြားလျှင် ဘယ်အကြောင်းကြောင့် ကြွလာတော်မူ သနည်းဟူ၍ ဝန်တို့က ဆီး၍ မေးလေသော် ဘုန်းတော်ကြီး ကလည်း ပြည်ထောင်မင်းနှစ်ပါး ချစ်ကြည်လေးမြတ်မည် အကြောင်းကို ရပ်ခံပါမည် လာသည်ဟူ၍ မိန့်တော်မူသည်။ ထိုစကားကိုကြားတော်မူလျှင် တပ်တော်သို့ မလာစေနှင့် ဆီး၍မြစ်ရမည်။ ဘုန်းတော်ကြီးလည်း ပြန်တော်မမူဘဲ ညီတော် မင်းရဲသခ်သူ တပ်သို့ သွားတော်မူသည်။ ရောက်ပျင်ဂုံးတွင် နေ၍ မေးမြန်း တော်မူသည်။ ဘုန်းတော်ကြီးလည်း ခပ်သိမ်းသော သတ္တဝါ အပေါင်းတို့ ချမ်းသာမည် အကြောင်းကို ရပ်ခံလာသည်ဟူ၍ မိန့်တော်မူသည်။ ညီတော်

မင်းရဲသိခ်သူလည်း နေ့ခင်းတော်ဘုရားကို ကျွန်ုပ်မလျှောက်ခံ ပါဟူ၍ မိန့်တော် မူသည်။ ပြောဟောတော်မူ၍ တစ်နေ့ရက်နှင့်ရှိလျှင် ဘုန်းတော်ကြီး မြို့တွင်းသို့ ဝင်တော်မူသည်။ မိုးသောက်လျှင် တပ်တော်သို့ သော်မူ ကော်ပြန်သည်။ ရောက်လျှင် ကြွတော်မူလာသော အကြောင်းကို မေးတော်မူသည်ကို ခင်ဗျား သော သတ္တဝါ အပေါင်းကို ချမ်းငြိမ်းမည့် အကြောင်းကို ရှိခိုးပါသည် ဟူ၍ လျှောက်သည်။ ဘဝရှင် မင်းတရားကြီး ဘုရားလည်း သတ္တဝါ အပေါင်းတို့ ဘေးကိုမြင်၍ ရုပ်ခံတော်မူသည်မှာ ကျွန်ုပ် ခွင့်မပြုသာသော စည်သူကျော်ထင် ခံသော အမတ်၊ ဝုဇသကြံ ခံသောအမတ်တို့ကို စီးမြို နင်းမြို အစီး အနင်း အဆောင် အယောင်နှင့်တကွ ထွက်လာစေဟူ၍ အမိန့်တော် ရှိသည်။ ဘုန်းတော်ကြီးလည်း အမိန့်တော် ကြားလျှင် မြန်မြန် တောင်ငူ ဘုရင်အား လျှောက်၍ မှာတော်မူသည့်အတိုင်း စည်သူကျော်ထင်၊ ဝုဇသကြံ တို့ကို ထွက်ရသည်။ တပ်တော်သို့ ရောက်လျှင် အဆောင် အယောင် အစီး အနင်း တို့ကို ရုပ်သိမ်းတော် မူသည်။ ယင်းသို့မှ မင်းရဲကျော်စွာ၊ မင်းရဲ သီဟသူ၊ မင်းရဲကျော်ထင် တို့ကို စီးမြို၊ နင်းမြို၊ ဆောင်မြို၊ ယောင်မြို့နှင့် ထွက်လာစေ အမိန့်တော်ရှိ၍ စည်သူ ကျော်ထင်၊ ဝုဇ သကြံ တို့လည်း ဝင်ပြန်ရသည်။ မြို့တွင်းသို့ ရောက်လျှင် မှာတော်မူသည်ကို လျှောက်သည်။ တောင်ငူဘုရင်လည်း ညီတော်သုံးပါးကို ဆင်တော် ရတနာ ကျော်ခေါင်၊ ရတနာတန်ဆောင်၊ ဇမ္ဗူ့သေဋ္ဌနင်း သည်ဆင်သုံးစီးကို ရွှေကချည်စီး၍ ထွက်ရသည်။ ဘဝရှင် မင်းတရားကြီး ဘုရားကလည်း မြင်းသုံးရာကျော် ဆီးကြိုရသည်။ ရောက်လျှင် ရုံးတော်တွင် နေရသည်။ ညီတော် မင်းရဲသိခ်သူ၊ ညီတော် စကုမင်းကြီးတို့လည်း ပြောဟော၍ နေတော်မူရသည်။ ယင်းသော အခါ တောင်ငူဘုရင် ညီတော် မင်းရဲကျော်စွာက ကျွန်ုပ်လက်စွပ်ကို မောက် မတော်ဝတ်ပါ ဟူ၍ လက်တော်ကချွတ်၍ ပေးသည်။ မင်းရဲသိခ်သူလည်း ကျွန်ုပ်လက်စွပ်ကို ဝတ်တော်မူပါ ဟူ၍ လက်တော်ကချွတ်၍ ပေးသည်။ ယင်းသို့ သုခ ဒုက္ခ ပြောဟောတော်မူပြီးမှ အိမ်ရှေ့ မင်းရဲကျော်စွာကို အိမ်ရှေ့ ဝေါနှင့် ကျိုင်းနှစ်စင်း ရုပ်တော်မူသည်။ ညီတော် မင်းရဲသီဟသူ၊ မင်းရဲ ကျော်ထင်တို့မှာလည်း ဆင်ပေါင်းဝန်း ရွှေထည့်ကို ရုပ်တော်မူ၍ ဆင်က ရွှေထည့်ပေါင်းဝန်းနက် အချက်ရွှေ ပေးတော်မူသည်။ ယင်းသို့မှ တောင်ငူဘုရင် ညီတော်သုံးပါးကို မြို့တွင်းသို့ ဝင်ပြန်ရသည်။ တောင်ငူဘုရင် ဘဏ္ဍာတော် သတိုးမေမွှရာဇာကို ထွက်လာစေဟူ၍လည်း မှာတော်မူသည်။ မှာတော်မူကြောင်း

နှံသည်။ နောင်တော် တောင်ငူမင်းကို ဆင်စီးချင်းတိုက်
မှုသည်။ မတိုက်ရ အမိန့်တော်ရှိသည်ကို တောင်ငူဘုရင်က ဆင်စီးချင်းတိုက်ရမည်သာ မှတ်တော်
မူ၍ အားသန်လျက်ပင် နေပါသည်။ ဘုန်းကြီးသော မင်းတို့ တော်
မူ၍ ဘေးနှင့် မသင့်သော အနာတွေ့သောကြောင့် ဆင်မြင်းမင်းနိုင်၊ ဖြစ်တော်
မူသည်။ တွင်မျှ ငြိမ်သက်အောင် မနေနိုင်ရှိချေသည်။ သည်အကြောင်းများသည်
ဘုန်းတန်ခိုးတော် လွန်ကဲခြင်းကြောင့် ဖြစ်ချေသည် ဟူ၍ မိန့်သည်၊ တစ်နေ
မင်းတရားကြီး ဘုရားလည်း ပွဲတော်မူ၍ နောင်တော် တောင်ငူမင်းကို ခေါ်
စေတော့ အမိန့်တော်ရှိသည်။ တောင်ငူမင်းလည်း မြို့တွင်းသို့ ဝင်ပါ
နှစ်ရက် သုံးရက်ရှိလျှင် တောင်ငူသားတို့ကို သစ္စာပေး အမိန့်တော်ရှိ၍ ဝင်တော်မူသည်။
တော် စစ်ကိုင်းမင်း စီရင်သည်။ တောင်ငူဘုရင် အထွေးတော် သတို့မှူးရှာ
တောင်ငူဘုရင်၊ ညီတော် မင်းရဲကျော်စွာ၊ မင်းရဲသီဟသူ၊ မင်းရဲကျော်ထင်
တို့ကို လွှတ်၍ မင်းဆွေ စိုးမျိုး မင်းမှူး မင်းမတ် ခေါင်းအကြီး အရန်ရှိသမျှကို
သစ္စာတော်ပေးသည်။ သစ္စာတော်ခံစေပြီးလျှင် တောင်ငူနန်းကို မှန်ကင်းချ၍
တောင်ငူမင်းကို မင်းပြုစေ၊ မြို့ကို အပ်ချေ ဟူ၍ ညီတော် စကုမင်းကို စေတော်
မူသည်။ စကုမင်းလည်း အဆောင် အယောင် ကျင်းပလျက် ဆင်စီး၍ မြို့တွင်းသို့
ဝင်တော်မူသည်။ နန်းတော်သို့ ရောက်လျှင် ပရိတ်နာဆောင်တွင် နေတော်
မူနှင့်၍ အတွေ့ခံတော်မူသည်။ စကုမင်းလည်း ဘုန်းတော် အလွန်ကြီးမြတ်တော်
မူလှသော ဘဝရှင် မင်းတရားကြီး ဘုရားက နောင်တော် တောင်ငူမင်းကို
မြို့နှင်းတော်မူသည် ဟူ၍ အမိန့်တော် ပြန်သည်။ တောင်ငူ ဘုရင်လည်း ငါ့
ညီတော်ကို ပေးဖွယ် ကမ်းဖွယ် ပေးပါချင်သည် ဟူ၍ မိန့်တော်မူသည်ကို
စကုမင်းက စောင်းတတ်- ညှင်းတတ်- ပတ်တတ်ပေးတော်မူပါ မိန့်တော်မူလျှင်
ကြိုက်ရာ ရွေးချယ်၍ ယူတော်မူတော့ ဟူ၍ မိန့်တော်မူသည်။ စကုမင်းလည်း
တစ်နာရီခန့် ပြောဟောတော်မူပြီးလျှင် နန်းတော်ကလာ၍ နောင်တော်ဘုရား
ထံတော်သို့ သွားတော်မူသည်။ ရောက်လျှင် နန်းတော်ကို မှန်ကင်းချ၍ အပ်
ကြောင်း၊ စောင်းတတ်- ညှင်းတတ်- ပတ်တတ်- နဲ့တတ်တို့ ပေးကြောင်းကို
လျှောက်လျှင် မည်သို့မှ အမိန့်တော်မရှိ တိတ်တိတ် နေတော်မူသည်။
သက္ကရာဇ် (၉၇၂) ခုနှစ် တော်သလင်း လပြည့်ကျော် နှစ်ရက် သောကြာနေ့
အရေးတော်ပြီးလျှင် ရတနာပူရသို့ ပြန်လာလိုသော် ဘုန်းတော်ကြီးများကို
ပိဋကတ်စာပေတင်စရာ ဝန်ကင်စရာ ဝန်တင် လှည်းနွားအပ်ပေး၊ တောင်ငူမင်း
ကျွန်၊ တောင်ငူသား အနေကျမျှားကို တောင်ငူတွင် သုံးစု၍ တစ်စုနေရစ်စေ၊

ဟံသာဝတီသာ။ သရေခေတ္တရာသာ။ အဝသာ၊ တောင်ငူသို့ ရောက်လေ သညာတို့မှကား၊ နေပြည်တော်သို့ချည်း လာစေ၊ သတိုးဓမ္မရာဇာ၊ မင်းရဲကျော်စွာ၊ မင်းရဲသီဟသူ၊ မင်းရဲကျော်ထင်တို့ကိုလည်း၊ နေပြည်တော်သို့ လာစေ၊ သည်သူတို့ ကျွန်များကိုမူကား၊ သုံးစုရှစ်တစ်စုတောင်ငူတွင် နေရစ်စေဦး၊ နှစ်စုခန့်ကို နေပြည်တော်သို့လာစေ၊ ပြည်မိဖုရား နတ်ရှင်မယ်တော် မိဖုရားဘွေးတို့ကိုလည်း၊ နေပြည်တော်သို့ လာစေ၊ စီးနင်းရာဝေါ်မှာ ဟံသာဝတီ မြောက်နန်းမိဖုရားဝေါ်နှင့် အလယ်နန်း မိဖုရားဝေါ်ကို ပေးစေ ဟူ၍ ဝန့်ရှင်တော် စစ်ကိုင်းမင်းကို အမိန့်တော်ရှိ၍ ပေးရသည်။ ။ပြည်မိဖုရား ဟူသည်ကား ပြည်ဘုရင် သတိုးဓမ္မရာဇာ သမီးတော်အငယ် တောင်ငူရောက် မင်းတရားကြီး မိဖုရား မင်းတရားမယ်တော်ကို ဆိုသည်။ ။ငါးချင်းဘွဲ့ခံ နတ်ရှင်မယ်တော် ဟူသည်ကား အဝဘုရင် သတိုးမင်းစော သမီးတော် နတ်ရှင်မယ်တော်ကို ဆိုသည်။ ။ငါးချင်းဘွဲ့ခံ မိဖုရားဘွေး ဟူသည်ကား တောင်ငူရောက် မင်းတရားကြီး သမီးလတ်ကို ဆိုသည်။ ဤသို့ ကေတုမတီပြည်အလုံးကို စီရင်ခန့်ရန်တော်မူ၍ အနေအထား ချပြီးလျှင် ဗညားပရန်အမတ်ကို တောင်ငူဘုရင်နှင့် မြို့စောင့်ခန့်တော်မူခဲ့၍ သက္ကရာဇ် (၉၇၂) ခုနှစ် ပြာသိုလဆန်း လေးရက် သောကြာနေ့ နေ့တက်တစ်နာရီသုံးပါဒ်တွင် တောင်ငူက နေပြည်တော်သို့ ပြန်တော်မူသည်။ ဘိုးတော် ဟံသာဝတီ ဆင်ဖြူများရှင် မင်းတရားကြီးလက်ထက်တော် သိန်းယိုင်ကျွန်းမှ ရောက်သော သပိတ်တော် စွယ်တော်မြတ်ကို (၉၆၁) ခု ငါးဆူဒါယကာ မင်းတရားနှင့် တောင်ငူဘုရင်တို့ အရေးတော် ပြီးကြလျှင် တောင်ငူ ကေတုမတီသို့ဆောင်ယူ၍ လွှတ်တော်ရှေ့တွင် ပြာသာဒ်နှင့် တင်ထား ကိုးကွယ်လျက် ရှိသည်ကိုလည်း ရတနာပြာသာဒ်တွင် တင်၍ ကောင်းမွန်စွာ နေပြည်တော်သို့ ပင့်ဆောင်တော်မူခဲ့သည်။ ။ရွှေရင်မျှော်သို့ ရောက်တော်မူလျှင် သံလျင်စား ဇေင်ကာကို အကြောင်းပြုတော်မူ၍ တောင်ငူမင်းချည်းသာ မလုံလေပြစ်သည်။ ကျောက်မော်ကို အခိုင်နေလေ ဟူ၍ တောင်ငူဘုရင့်ညီ မင်းရဲကျော်စွာကို အလုံးအရင်းနှင့် ခန့်တော်မူ၍ တောင်ငူသို့ ပြန်ရလေသည်။ ။ ဤသို့ တောင်ငူ ကေတုမတီမြို့ကို အလိုပြည့်တော်မူလျှင် သပိတ်တော် စွယ်တော်များကို နေပြည်တော်သို့ ပင့်ဆောင်တော် မူသည်ဟု ရာဇဝင်တို့၌ မဆို။ ယခု ဆိုခဲ့သည်ကား၊ စွယ်တော်မြတ်အကြောင်းကို အထက်ဆိုရာ၌ ဆောင်ညွှန်းခဲ့သော ရာဇဗူဠာကျောက်စာ ဌာပနာစာတမ်း ဇာတ်ကမ္ပည်းများတွင် ဆိုသော စကားနှင့် အညီတည်း။

ဘဝရှင်မင်းတရားလည်း ရွှေရင်မျှော်ကသည် မြသိုလ်ပြည့် ကျော့ရှုနှစ်ရက် အင်္ဂါနေ့ နေပြည်တော်သို့ ရောက်တော်မူလျှင် အသမဘာ ... ကျော့ရှုနှစ်ရက် တော်သို့ဝင်တော်မူ၊ ဝမ်းဘဲအင်း သာစံတဲတော်တွင် နေတော်မူ၍ ... နတ်ရှင်မယ်တော်၊ မိဖုရားတွေး စသော သတိုးမှူးရာ မင်းရဲသီဟသူ ပြည်မှူးရာ ကျော်ထင်တို့ကို အစုကွက်ချတော်မူသည်။ ။တောင်ငုသား၊ပြည်သား၊အသား သူကောင်းသားမြေးတို့သည် အထွေထွေ၊ အရောရောရှိသည်၊ မသီသား၊ စိုးစံ ရွှေချယ်တော်မူ၍ အစုအခန်း ဖွဲ့တော်မူရသည်ဖြစ်မှ သီသာမည် အမှတ်ရှိတော်မူ၍ တောင်ငု နန္ဒစည်သူသား၊ မျိုးတင်၊ နေရောင်မှူးသား၊ ငရဲဘော်၊ တောင် မှူး ငမိမောင်မုံ၊ နေဘိုင်းမှူးသား ငရဲဘိုင်၊ ဓဝ သမ်းချွတ် တောင်မှူးသား မြတ်ထွေး၊ ရန်မအုပ်မှူးသား ငမြခထွေးတို့ အရည်တူကို ငြိုးထင်ကို သွား သောက်ကြီးခန့်၍ ဖွဲ့တော်မူသည်။ လွှတ်မတော်ရ မောက်ချယ်နီမျှည်။ ဟန် ပြည် ဗိုလ်မှူး ပေါက်ကျိုင်း၊ ငစံ–နီဗလခေယာဓာ ကျောက်မရွေး ခိုင်းမှူး ရန္တာဘယ်တို့ အရည်ဘူကို ဟန်ပြည် ဗိုလ်မှူးကို သွေးသောက်ကြီးခန့်၍ ဖွဲ့တော် မူသည်။ လက်ဝဲတော် ဆင်ကပ်တွင် နေ၍လည်း ခစားရသည်။ မောက်ချွယ်နီ မျှည်။ ဓဝကြီးမှူး နေမျိုးဘုံကျော် ညီဓဝ ပါလာမှူး ရန္တပ ... လင်လွန်ပြည်ဘား ငရန်နောင်ပဲခူးခံ ဘယဂါမဘီ ... သီမှူးသား နေမျိုး ကျော်ထင်သား ဇာပသီဘတို့ အရည်ဘူကို ဓဝကြီးမှူး၊ နေမျိုးဘုံကျော်ကို သွေးသောက်ကြီး ခန့်၍ ဖွဲ့တော်မူသည်၊ လွှတ်မဘက်ရ မျည်းမောက်ချွန်း တောင်ငုလက်ဝဲရဲတိုင်သား ငပု၊ ဖြတေဇသား ငကျော်၊ လက်ဝဲ သိန်းစည်၊ ဇေယျာဘယ သား ငမြစံ၊ ကုသဘထောင်မှူး၊ ကြောင်လေသင်စား သား ရန္တသီသား၊ ငစံဘော်၊ ညောင်စောက်လေးမှူး ဓဝိုင် ရှိန် ခိုင်းမှူး ငလုံးလာပ်ဝဲ ညီရဲဘော်တို့ အရည်တူကို ကံသီရိမှူးကို သွေးသောက်ကြီ ခန့်၍ ဖွဲ့တော် မူသည်။ နောက် ဘယသ ကြံ့ခံ၊ နောက်နန္ဒမိတ်ခံ လက်ယာတော် ဆင်ကပ်တွင် နေ၍ ခစားရသည်။ မောက်ချွယ်နီမျှည်း။ ပြည်ထားစွဲမှူး၊ ငရွှေခုံ၊ ရွှာလဲ စားသား ငပု၊ သောင်ပြင်စား ငကာတို့ရွာ မီးလောင်စား၊ ငကျော်၊ စာတွင်း စား ငခွေးတို့ အရည်တူကို ကျောက်စောင်စားကို သွေးသောက်ကြီး ဖွဲ့၍ ခန့်တော်မူသည်။ နောင်တုရင်သိန်းစည်းခံ လက်ယာတော် ဆင်ကပ်တွင်က နေ၍လည်း ခစားရသည်။ မျက်မောက်ရှုနက်။ ။အဝသား မင်းခင်ကလည်း တလုပ်ကိုစားသည်။ သန်ယာ သားတော် ရန္တမိတ် ဂူ့ရဇာတို့ အရည်တူကို ခက်လုံ၊ မြင်းမှူးကို သွေးသောက်ကြီးခန့်၍ ဖွဲ့တော်မူသည်၊ လွှတ်မတော်ရ၊

သည်မြောက်စု သွေးသောက်သည် ဝမ်းဘဲသင်၊ သာ မေဘက်ရွယ်ပ်နီမျည်။ သည်မြောက်စု စံတော်မူသည်။ တပို့တွဲ လပြည့်ကျော် စံ တဲတော်သို့။ ။သာစံတဲတော်တွင် စံတော်မူသည်။ ကောင်းမှုတော် မဟာမြတ်မုနိသို့ ထွက်တော်မူ၍ တရက် ကြာသပတေးနေ့ တရားတော်လည်း နာတော် မူ၍ ဆရာတော်တို့ကို ဆွမ်းလုပ် ကျွေးတော်မူသည်။ သင်္ကန်းလျာ၊ ဓါတ်ပုပ်ဘုပ်၊ ပိတ်အုပ်၊ လက်ဖက်ချောင်း လှူတော် မူသည်။ ။သာစံတဲတော်တွင် လေးလခန့် နေတော်မူ၍ အသမတာ ကိန်း မူသည်။ ။ဝင်းမယ် လွှတ်မှ နယုန်လ မြို့တွင်၊ ရွှေနန်းတော်သို့ ဝင်တော်မူသည်။ ထိုအကြောင်းကို ကြားတော် ဘုရင်ကလည်း သမီးတော်ကို ပို့လာရသည်။ မူလျှင် လက်ယာရွှေတောင်ကတော်ကို ကြိုရသည်။

သက္ကရာဇ် (၉၇၃) ခုနှစ် နယုန်လဆန်း တစ်ဆယ့်တစ်ရက် သောကြာနေ့ အတုလ ရွှေဘော်ရှင်မိဖုရားက စံကျောင်းတော်ကို တင်တော်မူသည်။ ဝါဆိုလ ဆန်းတစ်ဆယ့်သုံးရက် အင်္ဂါနေ့ မွန်းတည့်အခါတွင် ခမည်းတော်ဘုရား တဲတော် ကိုဖျက်၍ မဟာမြတ်မုနိ အရှေ့လေးကျောင်း ဆောက်တော်မူသည်။ ကျောင်း ပြီးလျှင် တေညင်ရှိန်း ကျောင်းကို သတိုးဓမ္မာရာဇာ ဆရာတော်၊ သည်ခမြောက် ကိုဘားတမော့ ဘုန်းကြီး၊ သည် မြောက်ကျောင်းကိုလက်ယာဘီ နန်းသူ ဆရာတော်၊ မြောက်စွန်း ကျောင်းကို တောင်မိဖုရား ဆရာတော် သည် ဘုန်းကြီးလေးပါးကို လှူတော်မူ၍ ပစ္စည်းလေးပါး ထောက်ပံ့တော်မူသည်။ စာပို့သင်ကြားတော်မူရသည်။ တောင်ငူက ရောက်လာသော သီလဝန် ဂုဏ်ဝန် ပုဂ္ဂိုလ် တို့ကိုလည်း မေးမြန်း စိစစ်တော်မူ၍ ဒကာရင်းမရှိ သသူဘို့ကိုအမတ် တစ်ယောက်စီအပ်၍ ကျွေးတော်နှင့် ကျောင်းဆောက်ရသည်။ ရဟန်းပရိက္ခရာ အသုံး အဆောင် တို့ကိုလည်း လှူတော်မူသည်။ နတ်တော် လပြည့်ကျော် သုံးရက် အင်္ဂါနေ့ ထူပါရုံဘုရား ယွင်းယိုင်လေသည်များကိုလည်း လုပ်စေ တော်မူသည်။

## အဝသား တောင်ငူသားတို့ကို
## အစုအင်၊ ဖွဲ့တော်မူခြင်းများ၊ အကြောင်း

သက္ကရာဇ် (၉၇၄) ခုနှစ် သံလျှင်သို့ ချီတော် မမူခင် အဝသား၊ ပြည်သား၊ တောင်ငူပါ သူကောင်းသားမြေးတို့ကို ရွေးချယ်တော်မူ၍ သွေးသောက်စု

မြင်း၄ ဖွဲ့တော်မူသည်။ အဝသား မိုးကောင်၊ နိုင်မူ၊သားရှမ်း ဆိုက်
ရယ်မူ၊ တရုတ်သာခါ၊ လေးကြိုးမူ၊ တရုတ်ဘယ၊ ချောင်းရှည် သားတို့ အကောင်း
တို့ကို မြောင်တင ါသားကို သွေးသောက်ကြီးခန့်၍ ဖွဲ့တော်မူသည်။ လှ
ထက်၍ မျည်းမောက်ရှယ်နီ။ မြည်သားနိုင်းမူ၊ သေဘက်၊ ရွှေတောင်နိုင်
မူ၊ ရွှေမြတ်၊ ကောင်းတင်းမူ၊ ငခနခထွေ၊ တိုင်အောင်မူ၊ လဲတို့ကျောင်း
ခေါင်မူ၊ ငရဲစေတို့ အရည်တူကို ရာဇာဃကို သွေးသောက်ကြီးခန့်၍
ဖွဲ့တော်မူသည်။ လက်ယာတော်ဆင်ကပ်တွင်နေ၍ စားရသည်။ မျည်းမောက်
ရှယ်နီ။ ညောင်ရမ်းပါ ကျေးစား ရွှာစားတို့ သားမြေကို ရှေ့ရည်
သွေးသောက်ကြီး ခန့်တော်မူ၍ ဖွဲ့တော်မူသည်။ လက်ယာတော် ဆင်ကပ်တွင်
နေ၍လည်း ခစားရသည်။ မျည်းခမောက်တိုနက်။ ။မြည်သား ထီးလင်းစား
လောင်သိုစား၊ အုန်းပွဲစား၊ မြို့လှစား၊ ငအောင်ကာခမြောက်နံစား၊ နိုင်ကူစား
လက်ပံရွာစားတို့ အရည်တူကို ရာဇသူကို သွေးသောက်ကြီးခန့်၍ ဖွဲ့တော်
မူသည်။ လက်ဝဲတော်ဆင်ကပ်ဘွင် နေ၍လည်း ခစားရသည်။ မျည်းမောက်
ရှနက်။ ။တောင်ငူသား အင်းယည်တရုင် သွေးသောက်ရင်းကို အင်းယည်
တရုင် သွေးသောက်ဟု ထပ်၍ ဖွဲ့တော်မူသည်။ လွတ်ခတက်၍ မောက်ရှ
ယပ်နီမျည်း။ ။ဆင်ဖြူရှင်သားတော် စစ်ကိုင်းမင်းကြီး၊ ဥတ္တမရာဇ် ကျွန်တော်
မြေဒူးမင်းကြီး 'ကျွန်တော် အထိန်း အချီ ကွမ်းကိုင် ရေကိုင်တို့ သားမြေ
အင်းတိုင်စား၊ တောင်ရွာစား၊ ပင်လယ်စား၊ မီးပေါက်စား၊ ဆင်ကောင်းစား
တိုင်မြောက်စား၊ အရင်ကောင်စား၊ မတူသာစား၊ ငှက်ကြီးသိုက်စား၊ ထင်းထိန်
ရန်စားတို့ အရည်တူကို ဂါမဏီကို ခေါင်းခန့်၍ မင်းတရား မြင်းဖွဲ့တော်
မူသည်။ လက်ဝဲတော် ဆင်ကပ်တွင် နေ၍လည်း ခစားရသည်။ ချပ်နီချပ်ခြေဆဲ
ရွှေမောက်ရှနီ၊ ပန်းကုံး၊ ပန်းမုတ်၊ လက်ဝဲရွှေလှံ၊ မြင်းစိုးမုတ်၊ အနီ ငိုး၊ အသိမ်း
စစ်ကိုင်းမင်းကြီး ဥတ္တမရာဇ်ကျွန်၊ မြေဒူးမင်းကြီးကျွန်၊ ကျေးစား၊ ရွာစား
တို့ကို စွန်ဒရကို ခေါင်းခန့်၍ မင်းရဲမြင်းဖွဲ့တော်မူသည်။ လက်ယာတော်
ဆင်ကပ်တွင် နေ၍လည်း ခစားရသည်။ မျည်းမောက်ရှနက်။ ။တောင်ငူ
သား ရေကင်းစား သွေးသောက်ကြီး လက်ဝဲ ယောဓာ သွေးသောက်၊ ငဆွေကြီး
သွေးသောက်၊ ကမ်အိမ်စားသွေးသောက် ရွှေမြို့စားသွေးသောက်တို့ကို ရေကင်း
စားကိုပင် ခေါင်းခန့်၍ အခေခံ မြင်းစုဖွဲ့တော်မူသည်။ လွတ်မတက်ရ။ ။
အဝသား မုတ္တရာသား သွေးသောက်ငဆူ၊ ခြေလျင်သွေးသောက်တို့ကို ဘယ
ကျော်ထင်ကို ခေါင်းခန့်၍ အခေခံ မြင်းစုဖွဲ့တော်မူသည်။ လွတ်မတက်ရ။ ။

အဝသာ၊ ရာဇတမန် သွေးသောက် လက်ရွေးကြီးမှူး၊ သွေးသောက်တို့၏ ရာဇတမန်ကို ခေါင်းခံ၍ အစေခံ မြင်းစုပွဲတော်မူသည်။ လွှတ်မတော်ရ၊ အဝသာ၊ လက်ဝဲရွှေတောင် သွေးသောက်၊ တောင်ငူပိုက်သင်စားသွေးသောက်၊ ကာသမာသောင်မှူး သွေးသောက်၊ သက်အိမ်မှူး၊ သွေးသောက်၊ ဆင်ကျုံးမှူး သွေးသောက်၊ ငွေတွင်းစား သွေးသောက်တို့ကို တရင်ကျော်ကို ခေါင်းခံစေတော်မူ၍ အစေခံ မြင်းစုပွဲတော်မူသည်။ လွှတ်မတော်ရ။ ။သံလျင်သို့ ချီတော်မူခင် သွေးသောက်ငါးစု၊ မြင်းနှစ်စု၊ အစေခံလေးစုပေါင်း တစ်ဆယ့်တစ်စု ပွဲတော်မူသည်။

သက္ကရာဇ် (၉၇၄) ခုနှစ် ဝါခေါင်လ တောင်ငူသို့ သံလျင်စား ကုလားဇင်ကာ ရေကြောင်း၊ မုတ္တမစား ဗညားဒလ ကြည်းကြောင်း ချီလာသည်၊ ဆင်ရုံပေါက်သို့ ရောက်မှ ပြောင်းသေနတ်သံ ပေးသောကြောင့် ကျောက်မော်တင်ခံ၍ နေသော မင်းရဲကျော်စွာ သိသည်။ ကုလားချီလာကြောင်းကို တောင်ငူဘုရင်သို့ တစ်ကြောင်း၊ ဘဝရှင် မင်းတရားကြီးသို့ တစ်ကြောင်း လျှောက်လာရသည်။ ယင်းသို့မှ မင်းရဲကျော်စွာလည်း ရုံးမိသမျှသော ရဲမက်နှင့် ဆင်စီး၍ တောင်ငူမြို့ပြင်က ခံသည်။ သူက ရေအား ကြည်းအား ပြိုင်၍ တိုက်လျှင် မခံနိုင်ချေ၍ မြို့တွင်းသို့ဝင်၍ ခံပြန်သည်။ မြို့ကျယ်သည်နှင့် မြို့ပြင်နည်းသောကြောင့်ပြိုပျက်ရာကုလားတို့ဝင်၍ ပစ်ခတ်လေသည်။ ရဲမက်တော်တို့ ပရမ်းပတာ ရှိချေသည်။ တောင်ငူဘုရင် မယ်တော် ရွှေနန်းတည်မင်း မိဖုရားခင်စောလည်း ဝေ ါ်စီး၍ အခြွေအရံနှင့် ပြေးထွက်လာသည်။ ရုံးရမိသမျှ ကိုယ်လုပ်တော်တို့ကိုလည်း ဆင်တွင်တင်၍ ခေါ်တော်မူခဲ့သည်။ မင်းရဲကျော်စွာလည်း မြို့တွင်းသို့ ဝင်လာသည့် ကုလားတို့ကို ဆီးကြို၍တိုက်ရာတွင် သေနတ်သင့်၍ ဆင်ဦးတွင် ဆုံးချေသည်။ ။မဟာခံသော အမတ်လည်း ဆင်ဦးတွင်ပင် ဆုံးချေသည်။ ယင်းသို့လျှင်တစ်စုံတစ်ယောက်မျှခံ၍တိုက်မည့်သူမရှိသောကြောင့် ကုလားတို့ သုံ့ပန်းဖမ်းသည်။ တောင်ငူ သားတို့လည်း မြို့က ပြေးထွက်၍ ရွှေပြည်တော်သို့ ရောက်လာသူကား ရောက်လာသည်။ ကုလားတို့ဖမ်းယူ၍ သံလျင်သို့ ရောက်သူလည်း ရောက်သည်။ ဗညားဒလတို့ စစ်သည်ဖမ်းယူ၍ မုတ္တမသို့ ရောက်သူလည်း ရောက်လေသည်။ ကုလားတို့လည်း တောင်ငူတွင် ထယ်ရက်ခန့်နေ၍ ရွှေနန်းတော်ကို မီးတိုက်သည်။ ကျောင်းကန် အိမ်ရာများကိုလည်း မီးတိုက်လေသည်။ ယင်းသို့မှ ရသည့် ဆင် မြင်း၊ လူသူ ရွှေငွေ

တို့ကိုယူ၍ သံလျင်သို့ ပြန်လေသည်။ ။တောင်ငူဘုရင်ကိုလည်း ကိုယ်လုပ်တော် နှစ်ယောက် အလုပ်အကျွေး၊ အတွင်းစေတစ်ဆယ်ကျော်နှင့် လှေတိုင်တင်၍ ယူလေသည်။ ဘဝရှင် မင်းတရားကြီး ဘုရားလည်း တောင်ငူဘုရင် မင်းတော် ရောက်လျှင် ပင်းယမြို့လယ်၌ စကြောနှစ်ထပ် အိမ်တော်ဆောက်၍ အလုပ်အကျွေး မောင်းမနှင့်တကွ ချမ်းသာစွာ နေရသည်။

## တောင်ငူမင်းကို ကုလားဇေင်ကာ ဖမ်းယူခြင်းအကြောင်း

တောင်ငူမှာ ကုလားတို့ တိုက်ရာတွင် မင်းရဲကျော်စွာ ဆုံးကြောင်း၊ မြို့ပျက်ကြောင်း၊ ကြားတော်မူလျှင် တောင်ငူမင်း ဘုရင့်နောင်တော် သတိုးဓမ္မရာဇာ တစ်တပ်၊ မင်းရဲကျော်ထင် တစ်တပ်၊ စည်သူကျော်ထင် တစ်တပ်၊ ဗညားဒေဝ တစ်တပ်၊ မင်းရဲသီဟသူ တစ်တပ် သည့်ငါးတပ်ကို တိုက်ဆင်တစ်ရာ၊ မြင်းသုံးရာ စစ်သည်သူရဲ နှစ်သောင်းနှင့် အလျင်ချီရလေသည်။ မှည်းသင်းသို့ ရောက်မှ ကုလားတို့ တောင်ငူမင်းကိုယူ၍ သွားလေပြီ ကြားတော်မူလျှင် ချီလေသော သတိုးဓမ္မရာဇာတို့ ငါးတပ်ကို လိုက်၍ ခေါ်ရလေသည်။ သတိုးဓမ္မရာဇာတို့ လည်း ပြန်လေရသည်။ ထိုနှစ်တွင် နေပြည်တော်၌ လူနံလူကဲ ရွေးကြ၍ အောင်ထွန်းတံခါး၊ မာန်အောင်လေသာ တံခါးတို့ကို ရေနှစ်တောင် မြို့၌ မြို့တွင်းသို့ ဥဒဟိုဝင်သည်။ မြို့သူမြို့သားတို့ ထိတ်လန့်၍ ဗေဒင်တတ်သူ နတ်မှန်သသူတို့ကို မေးသော် နက်ဖြန်ကျမည် သံဘက်ကျမည် ဆို၍သာ ဟောတိုင်းမမှန်၊ ဘဝရှင် မင်းတရားကြီး ဘုရားက မေးတော်မူသော်လည်း ဗေဒင်တတ်သူတို့သည် သည်နည်းချည်း လျှောက်ကြသည်။ လျှောက်တိုင်းမမှန်၊ တစ်နေ့တစ်ပါး တဖြည်းဖြည်းသာ ရေတိုးသောကြောင့် ဓားပြရေ ဟူ၍ လက်သုံးတော်ဓားကို ပြရသည်။ ပြသည့်ညဉ့်တွင်ပင် ရေလျော့လေသည်။ ဓားပြသသူကို အားရတော်မူ၍ အဝတ်အစား၊ မျိုးရိက္ခာ ချပေးတော်မူသည်။ ယင်းသို့မှ နတ်မှန်သည်ဆိုသော စကားမဟုတ်၊ လူတို့ကို လှည့်စားသည်ဟူ၍ မြို့တွင်း၊ မြို့ပြင်၌ရှိသော နတ်ရုပ် နတ်ကကောင်းတို့ကို လေးထပ်ကျောင်း အောက်မှာ ထားရသည်။ ယင်းသောအခါ ဘုန်းတန်ခိုး ကြီးမြတ်တော်မူလှ ပေသည်။ ငါတို့တစ်သက်တွင် သည်သာတွေ့ရဖူးသည် ဟူ၍ လူအများအပေါင်း ချီးမွမ်းထောမနာ ပြုကြကုန်သည်။

## တောင်ငူမင်း ပျက်ကြောင်း ကြားတော်မူ၍ မင်းတရားကြီး ကိုယ်တော်တိုင် တောင်ငူနှင့် သံလျင်သို့ ချီတော်မူခြင်းအကြောင်း

ဘဝရှင် မင်းတရားကြီး ဘုရားလည်း သီတင်းကျွတ်လျှင် သံလျင်သို့ ငါ ချီတော်မူမည်။ စစ်တော်တန်ဆာ မျိုးရိက္ခာ အပြည့်အစုံနှင့် သီတင်းကျွတ်ကို ရောက်လာစေ ဟူ၍ ရှမ်းပြည် အလုံး မြန်မာပြည် အလုံးကို ဝန့်ရှင်တော် စည်သူကျော်ထင် သင်္ဃယာတို့က နောက်တော်လိုက် ဆော်ဖန်ရသည်။ ပြည်သို့ ချီတော်မူသောအခါ ပါသည့် လှေကြီးများ ဟောင်းနွမ်း ကျိုးပျက်သည် များကိုလည်း ပြင်ဆင်လုပ်ဆောင်ရသည်။ အသစ်လည်း အစင်းသုံးရာကျော်ခန့် လုပ်ပြန်ရသည်။ မြို့တက်လှေကားလည်း အများလုပ်ရသည်။ ယင်းသို့ လုပ်ဆောင် ပြီးမှ တစ်ဆင့်ခတ်လှေ နှစ်ဆင့်ခတ်လှေ စသော သားလှေ ငှက်လှေအပေါင်း တို့ကို လေးထောင့်အရပ်အစ၍ ထားသည်။ ကျူပြုသို့ရောက်သည်။ အရှေ့ ဘက်ကြောင်း စီရာမှာလည်း စစ်လျှင်အရပ်က စီသည်။ မင်းသား ကျွန်းသို့ ရောက်သည်။ သံလျင်သို့ ချီတော်မမူခင် ပြည်မိဖုရား ကျွန်ဘယနန်းသူ့ကို ခေါင်းခန့်၍ အစာလ ဓမ္မဒေဝီမိဖုရားကို ပေးတော်မူသည်။ ပြည် မြင်းသုံးဆယ် ကိုလည်း ပင်းယမြင်းမှာ ဖြည့်တော်မူသည်။ တောင်ငူဘုရင် ဘထွေးတော် သတိုးဓမ္မရာဇာကိုလည်း စလင်းကို ပေးတော်မူသည်။ များမကြာ လွန်တော် မူသည်။ တောင်ငူဘုရင် ညီတော် မင်းရဲသီဟသူကို ဇဒုံမြို့ကို ပေးတော်မူသည်။ တောင်ငူမင်းညီ မင်းရဲကျော်ထင်ကိုလည်း တောင်တွင်းကြီးမြို့ကို ပေးတော် မူသည်။ ပြည်ဘုရင် နရပတိအနွယ် ဖြစ်သော ဝေါမှူးရှင် မာန်အောင်သား သံရွာ စားကိုလည်း လက်ယာရန္တသူ ဟူသောအမည်နှင့် ကျပ်လက်ဖက်အိုး ပေးတော် မူသည်။ ဆွေတော်ဖြစ်သော ချောင်းဆုံစားသား ရွှေကူစားကိုလည်း မင်းရွာ ကို ပေးတော်မူသည်။ ဝန့်ရှင်တော်သင်္ဃယာကို မြောက်ဘက် မြင်းကိုးသင်းကို မှူးရသည်။ တောင်ငူ သက်တော်ရှည်ကြီး သား စည်သူခံ့ကိုလည်း လက်ရွေး ကြီးကို မှူးရသည်။ ရှမ်းပြည် ရွှေခွန်၊ ငွေခွန်၊ သိုးခွန်၊ ကတိုးခွန်များကိုလည်း ဆော်ဖန်၍ တိုက်သို့ သွင်းရသည်။ လက်ရွေးကြီးမှူးညီ ဝရသီဟကိုလည်း ရွှေစားကို မှူးရသည်။ မုံရွေးရွာကိုလည်း ပေးတော်မူသည်။ ရာဇသင်္ကြံကို ကလေးမြို့ကို ပေးတော်မူသည်။ ထိုမှတစ်ပါးဘိုးတော်ဆင်ဖြူမျှားရှင် သားတော်၊ ဘကြီးတော်ဘုရား သားတော်၊ ခမည်းတော်ဘုရားသားတော် စသော မင်းညီ

မင်းသော၊ အပေါင်းတို့ကိုလည်း ငယ်မည်ပျောက်အောင် ကျေးရွာပေးတော်မူသည်။ သည့်ပြင် တောင်ငူ ဟံသာဝတီပါ မှူးကြီး မတ်ကြီးတို့ သားတော်တို့ကိုလည်း ငယ်မည် ပျောက်အောင် ရိုင်းမှူး သင်းမှူး သွေးသောက်ကြီး မြင်းခေါင်း ခန့်တော်မူ၍ ကျေးရွာ ပေးတော်မူသည်။ သွေးသောက်ကြီး အပေါင်းတို့တွင်လည်း ရွှေထီး ရွှေကုံး မှန်တင်း၊ ဓား၊ ပတ္တမြားစီ မြင်းရ ရွှေကနှင့် ခေါင်းခန့်သော အစုကိုလည်း ခေါင်းခန့်တော်မူသည်။ မြင်းကြီး ရွှေကုံး ဓား၊ ပတ္တမြား ကြံ့ဆစ်နှင့် ခေါင်းခန့်သော အစုကိုလည်း ရွှေထီး တော်မူသည်။ ယင်းသို့မှ ရေတပ်ချီရမည်မှာ တိုက်ခလှေကြီး၊ တိုးရှပ်၊ ခေါင်းခန့် ဆင်ရှပ်၊ မြင်းရှပ်၊ မိကျောင်းရှပ်၊ မကန်းရှပ် စသော အားလှေ စသမီရှပ် အပေါင်းတို့တွင် မြို့ဖြိုအမြောက် မြို့တက်လှေကား အများဆင်ရသည်။ ထို့ တစ်ပါးစည်ကြီး ခွက်ခွင်း ခရုသင်း စသော တံပိုး ခရာတို့ကိုလည်း အစုံ အနှံ့ တင်ရသည်။ ယင်းသို့ စီရင်ခန့်ရန်တော်မူပြီးမှ ရေတပ်မှာ ဘယကျော်ထင် တစ်တပ်၊ မင်းမဟာ တစ်တပ်၊ သီရိဇေယျကျော်ထင် တစ်တပ်၊ ဇေယျ ကျော်ထင်တစ်တပ်၊ သခ်ယာ တစ်တပ်၊ စည်သူကျော်ထင်တစ်တပ်၊ မင်းရဲကျော်စွာ တစ်တပ်၊ သီရိဓမ္မာ သောက တစ်တပ် သည်ရှစ်တပ်ကို တိုက်ခလှေကြီး ရှစ်ရာ၊ လှော်ကား၊ သံလှေ သုံးရာ၊ စစ်သည်သူရဲ သုံးသောင်းနှင့် ရေကြောင်း ချီရသည်။ ကြည်းတပ်မှာ ပုခန်းကြီး သီဟပတေ့တစ်တပ်၊ ရာဇသင်္ကြံတစ်တပ်၊ ညောမော တစ်တပ်၊ ဘယဂါမဏိတစ်တပ်၊ ညောင်ရွှေစော်ဘွားတစ်တပ်၊ သီပေါစော်ဘွား တစ်တပ်၊ မိုးမိတ်စော်ဘွားတစ်တပ်၊ မိုးကောင်းစော်ဘွားတစ်တပ်၊ တောင်ငူမင်း ရဲသီဟသူတစ်တပ်၊ ညီတော် စကုမင်းတစ်တပ်၊ ညီတော် မင်းရဲသင်္ခသူ တစ်တပ်၊ ယင်းကမှ ဘဝရှင်မင်းတရားကြီး တပ်မပြု၍ ချီတော်မူသည်။ သည်တစ်ဆယ် သုံးတပ်တွင်ပါသည့် တိုက်ဆင် ခြောက်ရာ၊ မြင်း ခုနစ်ထောင်၊ စစ်သည်သူရဲ တစ်သိန်းသုံးသောင်းနှင့် သက္ကရာဇ် (၉၇၄) ခုနှစ် ပြာသိုလဆန်းလေးရက်တနင်္လာ နေ့သည် သုံးချက်တီးကျော်တွင် မာန်အောင်တံခါးက ထွက်တော်မူ၍ ရေအား ကြည်းအား သံလျင်သို့ချီတော်မူသည်။ တပယ်အရပ်တွင် အောင်အင်သာစည် ဟူသော တပ်တော်တွင် ချတော်မူသည်။ ထိုသည့်အမိန့်တော်အတိုင်း မတည့်ဟူ၍ စည်သူကျော်ထင်လည်းကို ဓားတင်သည်။ ငှက်ပျောကိုင်းစား ကိုလည်း သုံး ပိုင်း ပိုင်းတော်မူသည်။ တပယ်တပ်တော်က အစဉ်အတိုင်း ချီတော်မူ၍ သာယာဝတီသို့ ရောက်တော်မူလျှင် သီရိဓမ္မာ သောကကို နှုတ်တော်မူ၍ တောင်ငူ မင်းရဲကျော်ထင်ကို လှေတပ်မှာ ဗိုလ်ချုပ် ခန့်တော်မူသည်။ သာယာ

ဝတီက ချီ၍ မကောဘ်သို့ ရောက်တော်မူလျှင် ရေတပ် ကြည်းတပ်ကို နှစ်ရက် တင်၍ စီရင် ခန့်ရန်တော်မူသည်။ ယင်းသောအခါ ဘယဂါမဏိ လျှောက် သည်။ ယခုချီရာမှာ အလုံးအရင်း ဆင်မြင်း လှေ တက်လည်း များလှ သည်အကြောင်းများကို သံလျင်စားကြားလျှင် မြို့တွင်း ခံ၍ မည်မထင်။ ယင်း ဖြစ်သောကြောင့် ထွက်၍မပြေးသာအောင် လှေတပ်သားတို့က ဆီးတားပိတ်ဆို့ သည်ဖြစ်မှ သံလျင်အရေးတော် ပြီးလွယ်မည်ဟူ၍ နားတော်လျှောက်လျှင် ရွှေတပ်ဝန် မင်းရဲကျော်ထင်ကို သံလျင်စား မပြေးမထွက်သာအောင် ပန်းအလို လှေတပ်ဆီးသေ၊ ရဲခိုင် ပေါက်သမျှကိုလည်း ပိတ်ဆို့စေဟူ၍ လှေဘယ်ဝန်ကို အမိန့်တော်ပြန်ရသည်။ မင်းရဲကျော်ထင်လည်း အမိန့်တော် အတိုင်း တည် အောင်စီရင်သည်။ ဘဝရှင် မင်းတရားကြီးလည်း မကောဘ်သို့ ချီတော်မူ၍ ရှုဗ္ဗဟုန်၏ သိဒ္ဓိအရပ်ဖြစ်သော သံလျင် အရှေ့တောင် ထောင့် အရပ်သို့ ရောက်တော်မူလျှင် တပ်မချ၍ နေတော်မူသည်။ ငါးရက်ခန့် ရဲမက်တော်တို့ကို မြည်တင်းစေပြီးလျှင် ယင်းကသည် မွေ့နွန်း တောင်ကိုပတ်၍ တပ်တည်ရသည်။ တပ်မတည်ရအောင် မြို့တွင်းသား ကုလားတို့က စိန်ပြောင်း မြတပူနှင့် လှည့် ဖျက်သည်။ မဖျက်ဆီးနိုင်။ တည်ရလျှင် မွေ့နွန်းတောင်ကသည် တပ်တော်တို့ အောင်တစ်စပ်တည်း တည်ပြန်ရသည်။ ယင်းသို့မှ မြို့ကိုတက်ရသည်။ မြို့ထိပ် ပွဲ့ လျက်ရည် ပြုတ်ရည်လောင်းသည်။ ဗုံးနှင့်ပစ်ခတ်သည်။ ပစ်၍ရဲမက်တော်တို့ အထိအရ အနာများလျှင် တပ်သို့ဆုတ်၍ နေပြန်ရသည်။ သို့ပင် အကြိမ်ကြိမ် လုပ်ကြံတော်မူသော်လည်း မရနိုင်ချေ။ သံလျင်စားလည်း အညွှံ့မခံ နေလေသည်။ ယင်းသို့အညွှံ့မခံလျှင် ဗိုလ်မှူးတပ်မှူး အပေါင်းတို့လည်း တပ်တွင်းက မြို့ရင်း တိုင်အောင် ဥမင်တူးစေ၍ သစ်ခြေရင်းကို တွေ့လျှင် တွေ့ကြောင်းကို လျှောက်သည်။ ဘဝရှင် မင်းတရားကြီး ဘုရားလည်း ယခု နေ့ သည် မြို့ကို တက်စေ၊ ဥမင်ကကြိုးနှင့် သစ်တပ်ကိုလည်း ငင်စေ တပ်ဘိုင်း အမိန့်တော်ပြန်ရ သည်။ တပ်မှူး စစ်ကဲ အပေါင်းတို့လည်း အမိန့်တော်အတိုင်း တည်အောင် တန်ခူးလဆန်း ရှစ်ရက် ဗုဒ္ဓဟူးနေ့သို့ အဝင် ညဉ့်သန်းယိမ်းအချိန် မြို့ကို တက်သည်။ မြို့ထိပ်ကလည်း ပွဲ့ လျက်ရည် မီးအိုးအများ ကျသည်နှင့် မတက် နိုင်ချေ။ ယင်းသို့စဉ်တွင် ဥမင်သို့ဝင်၍ မြို့သစ် တပ်ဘိုင်ကို ကြိုးနှင့် ငင်ရသည်။ နှစ်တိုင် သုံးတိုင်လည်း၍ လည်းရာက ဆင်သည်၊ မြင်းသည်၊ ခြေသည် အပေါင်းတို့ ဝင်မိ၍ သံလျင်စားနှင့် တကွ တစ်မြို့လုံးကို ရတော်မူသည်။ ရဲမက်တော်လှေတပ် ကြည်းတပ်သားတို့လည်း မြို့တွင်းသို့ဝင်၍ လုယက် ဖျက်ဆီး

ကြသည်။ တစ်ယောက်မျှ လက်ချည်းမရှိ၊ ရွှေငွေ အဝတ်အစားများ၊ ကိုယ်စီစီ ချကြသည်ချည်း၊ ဘဝရှင် မင်းတရားကြီးဘုရားလည်း သံလျင်မြို့ကို အလိုတော် ပြည့်၍ ငါးရက် ရှိလျှင် သံလျင်စား ငဇင်ကာကို ရုံးသို့ခေါ် တော်မူ၍ နိုင် ငံနိုင်ငံတော်ဖြစ်သော ကေတုမတီတိုင်အောင် ချီ၍ ဖျက်ဆီးသည်။ နိုင် လျှောက်မည်နည်း ဟူ၍ ဝန့်ရှင်တော် စည်သူကျော်ထင်နှင့် သံပသို့ အမိန့်တော်ရှိ၍ မေးစစ်ရသည်။ သံလျင်စားငဇင်ကာလည်း ဘုရား နိုင်ငံတော်ကို ဖျက်ဆီးလို၍ ချီရသည်မဟုတ်၊ တောင်ငူမင်းက ယူလာပါလျှင် ကြောင့်ယူပါသည် လျှောက်လျှင်ဘဝရှင်မင်းတရားကြီးဘုရားကတစ်ယောက်ကို စေသော မေးဦး အမိန့်တော်ရှိ၍ တောင်ငူမင်းကို မေးသော် ကျွန်ုပ် သည်အတိုင်း မစေ လျှောက်သည်။ သံလျင်စား ငဇင်ကာကို မြင်၍ မေးစစ်သော် တောင်ငူ မင်းက စေသသူ ကြက်ရိုးပင်စား ရှိတော့သည်။ စစ်တော်မူတော့ လျှောက်လျှင် ကြက်ရိုးပင် စား ကို ခေါ်၍ စစ်မေးသည်။ ကြက်ရိုးပင်စားက ကျွန်ုပ်ကို စေသည်မှန်ပေ၏။ အကြောင်းမှာမူကား စာကို သက္ကရာဇ်ထိုးတွင် သူတို့ တံဆိပ်လက်ရာနှင့် ဖြစ်သောကြောင့် မည်သို့ စာတွင်ပါကြောင်းကို မလျှောက် နိုင်ပါဟူ၍ လျှောက်လျှင် စေသည်မှန်ချေပြီ၊ တောင်ငူကို အလိုတော်ပြည့်လျှင် မြို့ကိုမျှသိမ်းယူတော်မမူ၊ မိမိကိုယ်ပင် ပေးတော်မူ၍ ချမ်းသာစွာ နေစေသည်။ ငါ့ကျေးဇူးတော်ကိုမသိ ကုလားကျွန်ကို ခံချင်သည်။ မစောင့် မဟုတ်သော လူသွမ်းကို မြို့လယ်တွင်ကွပ်လေ၊ ငဇင်ကာငယ်လည်း နိယတမိစ္ဆာဒိဋ္ဌိ ဖြစ်၍ ဘုရားပုထိုးကို ဖျက်ဆီးသသူဖြစ်သည်။ သင့်အိမ်ရှေ့မြို့လယ်မှာ တံကျင်တင်လေ၊ သံလျင်မြို့သူမြို့သား ယောကျ်ား မိန်းမအပေါင်းကိုလည်း ကြည့်စေ အမိန့်တော် ရှိ၍ အမိန့်တော်အတိုင်း တန်ခူးလပြည့်ကျော် သုံးရက် နေ့ ကွပ်မျက် တော်မူသည်။ ယင်းသို့ တောင်ငူမင်းရဲကျော်ထင်ကို သဂြိုဟ်စေ မိန့်တော်မူ၍ သဂြိုဟ်ရသည်။

## တောင်ငူဘုရင် သံလျင်တွင် အနိစ္စရောက်ခြင်းနှင့် ရင်းဘုရင်၏ သားတော် သမီးတော်တို့ အကြောင်း

တောင်ငူဘုရင်ကား သံလျင်သို့ရောက်၍ အနိစ္စဖြစ်လေသည်ကို အကြောင်း ပြု၍ သံလျင်ရောက် မင်းတရားဟု ခေါ်ဝေါ် ကုန်သည်။ ။သံလျင်ရောက် မင်းတရား မိဖုရား ရာဇဒေဝီကလျာတွင် သားတော် သမီးတော်မမြင်။

ကိုယ်လုပ်တော်တို့တွင် မြင်သည့် သားတော် သမီးတော်ကား၊ သားတော် မင်းရဲ ဆင်ထိန်းတစ်ပါး၊ မင်းရဲတိုင် သမီးတွင် မြင်သည့် မင်းနရာတစ်ပါး၊ မြောက် သားတော်ကား၊ ခမည်းတော် သမီးတော် ခင်နဲကြီး၊ နေမျိုး ကျော်ထင် ကတော် ညီမ ခင်လတ်တွင် မြင်သည့် သမီးတော် ခင်နဲကြီး တစ်ပါး၊ မြောက် သားတော်ကား၊ ခမည်းတော် သားတော် မင်းရဲနရာခင်နဲကြီး မောင်တော် မင်းရဲသီဟတစ်ပါး၊ ညီတော်မင်းသား ရှင်သက်မှတစ်ပါး၊ သားတော် နှစ်ပါး၊ သမီးတော်တစ်၊ ပေါင်းသုံးပါး။ ။သက်တော်ရှည် သမီးတော်တွင် မြင်သည့် သမီးတော် ခင်မြတ်သက်တစ်ပါး၊ မြောက် သားတော်ကား တောင်ငူရောက် မင်းတရား သားတော် ထင်သီကျော်စံ၊ မြင်စိုင်းမင်း ညီမတော် နှံမျိုးနိုင် တစ်ပါး၊ မောင်တော်မင်းရဲဘုန်းနိုင် တစ်ပါး၊ သားတော် တစ်၊ သမီးတော် နှစ် ပေါင်း သုံးပါး။ ။ခင်မျိုးတော်တွင်မြင်သည့် သားတော်မင်းသားဖြူတစ်ပါး၊ သားတော် ခြောက်ပါး၊ သမီးတော် သုံးပါး ပေါင်းကိုးပါး။ ။သံလျင် ရောက် မင်းတရားကား၊ အိမ်နိမ့်သုံးဆယ်တစ်နှစ်၊ စည်းစိမ်တစ်နှစ်၊ နောက်မြို့စား အဖြစ် နေရသည်နှစ်နှစ်၊ သံလျင်မှာတစ်နှစ် လေးစုပေါင်း သက်တော် သုံးဆဲ ငါးနှစ်တည်း။ ထိုမင်း နေ့နံကို ရာဇဝင်တို့၌မဆို၊ တွင်းသင်းဝန် စီရင်သည့် ရာဇဝင်သစ်တွင် ခမည်းတော်လက်ထက် အိမ်ရှေ့နှင်းစဉ် ကုလိပွဲဆို ညီတော် မင်းရဲကျော်စွာ မယားက ကျေးစေဟန်ဆိုသည်။ ဝေဇယန္တာတွင် ချီသည့် ရတုတွင်။ ။"လေးကျွန်းသေဋ္ဌနှင်း၊ စကြာမင်းဝယ်၊ ရာစင်းဖြူရောင်၊ စိုးစိုး ဆောင်သည်၊ ဆင်ပြောင် ဆဒ္ဒန်၊ နှင်းကျွ ပျံလှား၊ ဦးနှောက် စားသား၊ ခွန်အားမာန်ငွေ၊ ခြသေ့မင်းနံ၊ ရန်နှံ လုစ်ခွင်း၊ အိမ်ရှေ့မင်း"ဟု စပ်ဆိုသည်ကို ထောက်၍ အင်္ဂါသားဖြစ်ကြောင်းကို သိရသည်ဟု ဆိုသောစကားတည်း။ ။ ခမည်းတော်လက်ထက် ကုလိပွဲဆို ရတုဖြစ်သည့် အယူနှင့်သာ ဆိုလေသည်၊ ခမည်းတော်လက်ထက် ကုလိပွဲဆို ရတုမဟုတ်၊ သံလျင်ရောက် မင်းတရား လက်ထက် ကုလိပွဲဆို ရတုဖြစ်ကြောင်းကို မြင်းမိုရ်ကျေးကို မစေမီ ရင်းမာကျေး ကို စေဟန်ဆိုသည်။ ခုနစ်တောင်စွန်ချီ ရတုတွင်"ဘုန်းစည်ကြီးမြဘ်၊ မင်းများ နတ်လျှင်၊ လွှမ်းပတ်မြေပေါ်၊ ပတ်နှံကျော်သည်၊ ညီတော် လေးပါး၊ မှူးမတ် များနှင့်၊ ကစားပျော်မူ၊ ကုလိလုသော်"ဟု စပ်ဆိုသည်ကို ထောက်၍ သိသာ သည်။ ။ညီတော်လေးပါး ဆိုရာ၌လည်း ရင်းမာကျေးကို စေသည်နောက် မြင်းမိုရ်ကျေးစေဟန်ဆိုသည်။ ဝေဇယန္တာချီ ရတုတွင် "ခြသေ့ မင်းနံ၊ ရန်နှံ လုစ်ခွင်း၊ အိမ်ရှေ့မင်းနှင့်၊ သတင်းဝှန်ကဲ၊ ဆင်လိုက်လှဲသည်၊ မင်းရဲခကျော်ထင်၊

ကျွန်ခွင်လက်ချ၊ တစ်ဘက်ကမူ၊ ခေတဇကျော်ဟို၊၊ စက်ရှိန်မိုးသို့ သတိုး ဆုဒေါတမွတ်၊ ဘုန်းထွတ်ညွှန်လူ၊ သီဟသူ” ဟု စပ်ဆိုသဖြင့် သတိုးမော သွင်း၍ ညီတော်လေးပါ၊ ဆိုသည်သာ ယူသင့်သည်။ ကုလားဆိုရာ ရောက် ကျေးသားလှဲ့၍ ကဲ့မခြားကြဖြစ်သည်။ ။ဤသို့နိမ်းယှဉ်သဖြင့် သံလျင်စား မင်းတရားလက်ထက် ကုလပ်ပွဲဆို ရတုဖြစ်ကြောင်းကို သိသာကြောင်းသည် “ခြသေ့်မင်းနန်း၊ ရန်ခွ လှစ်ခွင်း၊ အိမ်ရှေ့မင်း” ဟု ဆိုရာ၌ ညီတော်အိမ်ရှေ့မင်း ကျော်စွာကိုသာ အင်္ဂါသားဖြစ်သည်ဟု သိရသည်။ သံလျင်ရောက် မင်း၏ နေ့နံကို မသိရ။ ။ဝေဇယန္တာတွင် ချီသည့်ရတုကို မင်းရဲကျော်စွာ မင်းတရား စေဟန်ဆိုသည်။ ရတုဖြစ်သည်ဟု ဆိုလေသည်လည်း၊ မင်းရဲကျော်စွာ မဟာဂီတ ကျေးစေဟန်ဆိုသည့် ရတုမဟုတ်၊ သတိုးမေ့ရှာဒေါ မဟာဂီတ ကျေးစေဟန် ဆိုသည်။ ရတုဖြစ်ကြောင်းကို ခုနစ်တောင်စွန်း၍ ရတုတွင် သတိုး” ဘုန်းခုန် နှင့် ပြန်မဲ့နား၊ ယခုကြား၍၊ ကျေးသားတမန်၊ ကြည့်ပြန်ပါရေ” ဆိုသော စကား တတိယပိုဒ်တွင် “တို့ကသတိုး၊ တစ်ဖန်ကျိုးလည်း၊ တန်ခိုးမတော့ ပွဲကျော့ခဲ့” ဆိုသောစကား “သတိုးမေ့၊ ရဲနေကျလျှင်၊ လက်ချမှိုင်တွေ့ မိုးလူချေသည်” ဆိုသော စကားများကို ထောက်၍ သိရသည်။ ။ထိုမင်းကား ရတုဆိုခြင်း၌ သိမ်မွေ့၏။ ဂန္ထိရညာဏ်နှင့် ပြည့်စုံ၏။ အကျင့်နှလုံးသော်ကား ကောက်ကျစ်ဆန်းပြား၏။

## သံလျင်ကို အလိုတော်ပြည့်၍ လူအမျိုးတို့ကို ခရင်းယူပြီးလျှင် သံလျင်စား အမျိုးအနွယ် ယောကျ်ားမိန်းမလေးငါးရာကို အဝသို့ ပို့ခြင်းအကြောင်း

ဘဝရှင် မင်းတရားကြီး ဘုရားလည်း သံလျင်ကို အလိုတော်ပြည့်လျှင် တစ်လခန့်နေတော်မူ၍ မွန်၊ မြန်မာ၊ ရှမ်း၊ ကုလားတို့ကို ခရင်းယူရသည်။ ခရင်းရပြီးလျှင် သံလျင်စား အမျိုးအနွယ် ဓာတ်ထွက်ကုလားဖင်ဂျီ မိန်းမ၊ ယောကျ်ား လေးငါးရာကို နေပြည်တော်သို့ ပို့၍ မြောက်ဘက်အရပ်မှာ အရပ် ခွဲ၍ ထားတော်မူသည်။ တောင်ငူသားရောက်လာသသူတို့ကိုမူကား တောင်ငူသို့ ပြန်၍ နေရသည်။ ဤသို့ စီရင်ခန့်ရန်တော်မူပြီးမှ ဟံသာဝတီသို့ ချီတော်မူသည်။ တစ်စခန်း ရောက်တော်မူလျှင်အထက်က သံလျင်စားဝင်ကာကုလားပြည်သို့ သဘောငါးစင်းနှင့် သွား၍ သူခိုးကောင်းတို့ကို ငှါးရလေသည်။ သဘော ငါးစင်းနှင့် ကုလားပသီ နှစ်ထောင်ကျော် သုံးထောင်ခန့် ရောက်သည်။

ပြောင်းသေနတ် အသံကြားသည်နှင့် သင်္ဘောသား ငါးစင်း ရောက်ကြောင်းကို လှေတပ်ဝန်က လျှောက်လာ၍ ကြားတော်မူလျှင် သာယာစွာ သင်္ဘောကို ဝင်ဆောင်ဆဲလေ မဝင်လိုလျှင် အနိုင်တက်လေ ဟူ၍ အမိန့်တော်ရှိသည်။ လှေတပ်ဝန် မင်းရဲကျော်ထင်လည်း တိုက်လှေအပေါင်းနှင့် ဝန်းရံ၍ မထွက်သာအောင် ဆီးဆို့သည်။ သင်္ဘောသားတို့ အရိပ်သိ၍ စိန်ပြောင်း၊ မြတပူနှင့် ပစ်လေသည်။ တောင်ငူသက်ရှည်ကျော်ထင်စီးသော လှေကိုမှန်၍ ကွဲချေသည်။ သည့်ပြင်လည်း လှေတပ်အများပင် ထိချေသည်။ ခုံမက်တော်အပေါင်းတို့လည်း သူက လှတ်သော အမြောက်သေနတ်စေ့ကို ပမာမခန့် ချဉ်း၍ သင်္ဘောငါးစင်းကို ဝန်းရံ၍ တိုက်သည်။ ထိုသို့ တိုက်စဉ်တွင် နန္ဒသူရိယ ဟူသော အမတ်သည် သင်္ဘောသံကြိုးကို ဆွဲ၍တက်သည်။ မတက်နိုင်ချေ၊ ကျွတ်၍ ကျသည်နှင့် ပြောင်း ရေဆင့်၍ ဆုံးချေသည်။ သင်္ဘောသား ငါးစင်းအနက်တွင်တစ်စင်းထွက်ပြေး လေသည်။ လေးစင်းကိုမူကား ခုံမက်တော်တို့ တက်မိ၍ အားလုံးပင် ရတော်မူသည်။ ရကြောင်းကို လှေတပ်ဝန် မင်းရဲကျော်ထင်က လျှောက်လာ၍ ကြားတော်မူလျှင် အမှုထမ်း ကုလားပသီတို့ကို မသတ်မညှစ်နှင့် အမိန့်တော်ရှိ၍ မသတ်မညှစ်ရ၊ သင်္ဘောတွင် ပါသည့် ရွှေ ငွေ အဝတ် ပုဆိုး တို့ကိုမူကား ခုံမက်တော်တို့ကို ပေးတော်မူသည်။ သံလျင်စား ဇေကာ အထက်က အကြံမှာ တောင်ငူက လုပ်ကြံ၍ တောင်ငူမင်းကို ယူလျှင် အဝဘုရင် ချီလာမည် မချွတ်။ ယင်းသို့ မချီလာသော်လည်း သင်္ဘောပြည်မှာ ငှားလေသော သူရဲကောင်းတို့ ရောက်လျှင် ပြည်မြို့ကို အလျှင် လုပ်ကြံမည်။ ပြည်ကိုရလျှင် အနိုင်အလုံနေစေ၍ မိုးတွင်းကို အဝသို့ ချီ၍ လုပ်ကြံမည် အကြံရှိသည်။

## ဟံသာဝတီ သတ္တမတဲနန်းတွင် နေတော်မူစဉ်သုံးဆယ့်နှစ်မြို့စားတို့ကို သစ္စာခံတော် ပေးတော်မူခြင်းအကြောင်း

ဘဝရှင် မင်းတရားကြီး ဘုရားလည်း ဟံသာဝတီသို့ ရောက်တော်မူလျှင် သတ္တမ တဲတော်တွင် နေတော်မူသည်။ ယင်းသောအခါ မုတ္တမကို မင်းပြုသော ဗညားဒလသည် ဘဝရှင် မင်းတရားကြီးဘုရား သံလျင်ကို အလိုတော် ပြည့်ပြီ ဟူ၍ ကြားလျှင် ငါနေ၍ မသင့်ချေ အယူရှိ၍ မြို့ရုံသုံးဆယ့် နှစ်မြို့စားနှင့်တကွ ဆင်ကြီး မြင်းကြီး၊ သား သမီး၊ ရွှေ ငွေများစွာ လက်ဆောင်တော်ယူ၍ သတ္တမ

ထံတော်တွင် နေတော်မူစဉ် ကျွန်တော်ခံလာသည်။ ဘဝရှင် မင်းတရားကြီးသည်လည်း သက္ကရာဇ်(၉၇၅)ခုနှစ် ကဆုန်လပြည့်ကျော်ဆယ်ရက် ထန်းနေ့ ညအခါလေသော သုံးဆယ့်နှစ်မြို့စားတို့ကို သစ္စာတော် ပေးတော်မူသည်။

ထိုအခိုက်တွင် သံလျင်စားက မိန်းမကို သင်္ဘောသူကြီးမြှင့်၍ အပြည့်မြို့ ပို့ရလေသော် သင်္ဘောရောက်လာသည်ကို လျှောက်သည်၍ ကြားတော်မူလျှင် သင်္ဘောတစ်စင်းလုံးကိုရွှေငွေကုန်သည်နှင့်တကွသိမ်းယူတော်မူသည်။ မုတ္တမစားညားဒလကိုလည်း သစ္စာတော်ခံစေပြီးလျှင် ဆင်ကောင်း မြင်းကောင်း အမှုထမ်းကောင်းတို့ကို စိစစ်၍ ထုတ်ယူတော်မူသည်။ တောင်ငူသား အထက်ကယူလေသည်များကိုလည်း ထုတ်ယူတော်မူ၍ သူကောင်းသားမြေတို့ကို ရွှေနန်းတော်တွင် မြှုရသည်။ တောင်ငူသို့ ပို့ကောင်းသသူ များကိုလည်း ပို့ရသည်။ ညားဒလကိုလည်း ဗညားဓမ္မရာဇာဟူသော အမည်နှင့် မုတ္တမမြို့ကို ပေးတော်မူသည်။ မုတ္တမ ကျေးစွန်ဖြစ်သော ရေးမြို့ကို စားသော ဗညားယန်းကို ရွှေပေါ်တော်အောက်၌ မြဲစေ၍ စစ်ကိုင်းမင်းကို ရေးမြို့ကို အလုံးအရင်းနှင့် အစောင့်အနေ ခန့်တော်မူသည်။ တံတော် ဆင်ဖြူရှင် မင်းတရားကြီးသားတော် နိုင်းသတ်မင်းကိုလည်း တောင်ငူမြို့ဝန် ခန့်တော်မူသည်။ ထိုအခါ ယိုးဒယားမင်းက ရေးမြို့မှာ နေသည့် အဝဘုရင်ညီကို ရအောင် တိုက်၍ ပို့လာလှည့် ထားဝယ်စားကို စေသောကြောင့် ထားဝယ်စား လည်း အလုံးအရင်းနှင့်တကွ ရေးမြို့သို့ ချီသည်။ စစ်ကိုင်းမင်း၊ အယုဒ္ဓယာ ထားဝယ်စားသည် ငါတို့လက်ဝင်ဖြစ်လေပြီးသည်ဟူ၍ အလျော့အမေ့ နေချေသည်နှင့် ထားဝယ်စားသည် ရေးမြို့ အနီးသို့ ရောက်လာ၍ ပစ်ခတ်မှ စိတ်မောင်း ပြန်ကြောင်းကိုသိသည်။ ယင်းသို့မှ ဆင်စီး၍ ရုံးမိသမျှသော စစ်သည်နှင့်ထွက်၍ တံတားဦးကို လျှောက်သည်။ တံတားဦးအဆက်ကို ဖြတ်၍ထားသောကြောင့် ဆင်နှင့်တကွ တံတားက ရေသို့ကျချေသည်။ ထားဝယ်စား စစ်သည်တို့လည်း ရေသို့ကျရာမှ ဖမ်း၍ ထားဝယ်သို့ ယူလေသည်။ ရောက်လျှင် ရေးနှင့်မြို့ညီဟု ယူသည်ကို တောပုန်းလာတို့သိလျှင် အဝဘုရင် ညီတော်ဖြစ်သည်ကို ယိုးဒယားသို့ ပို့ရမည်လောဟူ၍ ခရီးတွင် ဆီး၍ လုသည်။ ရလျှင် စစ်ကိုင်းမင်းကို ထမ်းဆောင်၍ ကောင်းမွန်စွာ ထားပြီးမှ ဘဝရှင် မင်းတရားသို့ဆက်မည် ဟူ၍ လုသူတို့ကို ရုံးရစဉ်တွင် ထားဝယ်စားကိုယ်တိုင်လာ၍ တိုက်ပြန် လေသောကြောင့် စစ်ကိုင်းမင်းကို သူရပြန်လေ၍ ထားဝယ်သို့ ဆောင်ယူ လေသည်။

အထူးထူးသော တိုင်းပြည်ကြီး ထီးဆောင်းမင်းများသခင် ရွှေတွင်း၊ ငွေတွင်း၊ ပတ္တမြားတွင်း၊ ပယင်းတွင်းစသော ရတနာ အပေါင်းတို့၏ အရှင် တော ရတနာပူရ မြို့တည် နန်းတည် ဆဒ္ဒန် ဆင်မင်းသခင် ဆင်ဖြူများရှင် အရှင်ဘုရင် မင်းတရားကြီးဘုရား လက်ထက်တော် ၁၁၉၁-ခု နယုန်လဆန်းတစ်ရက်နေ့က ၌ ရဟန်းပညာရှိ ပုဏ္ဏားပညာရှိ မှူးမတ် ပညာရှိတို့နှင့် အထူးထူးသော ရတနာတို့ဖြင့် ဆန်းကြယ်သော မှန်နန်း တော်ဦး နန်းမ စနှဦ နိုင်ငံညီ အဆင့်ယုတ္တိ ကျမ်းဂန် အာဂုံများနှင့် အညီ သုတ်သင် စီရင်တော် မူသော မှန်နန်းမဟာရာဇဝင်တော်ကြီး(၁၇)တွဲ ဤတွင်ရှိပြီး၏။

•

## နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

---

### ဟံသာဝတီ အရှေ့ဘက် မုတ္တမသို့ ချီတော်မူခြင်း

ဘဝရှင် မင်းတရားကြီး ဘုရားလည်း ဟံသာဝတီ ၊သတ္တမ ထဲတော်တွင် တစ်မိုး နေတော်မူ၍ သက္ကရာဇ် (၉၇၅) ခုနှစ် နတ်တော်လဆန်း၊ ခြောက်ရက် တနင်္ဂနွေနေ့ ဟံသာဝတီကသည် အရှေ့ဘက်သို့ ချီတော်မူ၍ မုတ္တမသို့ ရောက်တော်မူမှ ရေးမြို့မှာ အကြောင်းကို ကြားတော်မူလျှင် ညီတော် မင်းရဲသင်္ချ တစ်တပ်၊ ညီတော်စကုမင်းတစ်တပ်၊ တောင်ငူမင်း ရိုးဟသူတစ်တပ်၊ သီပေါ စော်ဘွား တစ်တပ် သည်လေးတပ်ကို တိုက်ဆင် ရှစ်ဆယ်၊ မြင်းတစ်ထောင်၊ စစ်သည်သူရဲ လေးသောင်းနှင့် နတ်တော်လပြည့်ကျော် လေးရက် သောကြာ နေ့သို့ အဝင် ညဥ့် သုံးချက်တီးကျော်တွင် မုတ္တမက ထားဝယ်သို့ ချီရသည်။ ဘဝရှင် မင်းတရားကြီး ဘုရားမူကား၊ မုတ္တမက ရေးမြို့သို့ ချီတော်မူသည်။ ညီတော်တို့ ချီလာသည်မှာ ထားဝယ်သို့ ရောက်လျှင် ထားဝယ်စားလည်း ဆင်လုံး မြင်းရင်း စီး၍ မြို့ကထွက်၍ ကြိုနှင့်သည်ကို တပ်ဦးချီသော သီပေါ စော်ဘွားတွေ့လျှင် ပြောင်းသေနတ် တစ်ဘက်တစ်ချက်ပစ်ခတ်ကြသည်။ ယင်း သောအခါ ရမက်တော် သေနတ်လုလင် တစ်ယောက်သည် ယခု ငါပဲ့ယူမည် ကြုံပြီးလျှင် ဝါးရုံကြားက သေနတ်နှင့် အသင့်နေစဉ် သီပေါစော်ဘွားနှင့် ထားဝယ်စားဆင်တို့ စီးချင်းတိုက်သည်။ အစွယ်ချင်း ယှက်မိလျှင် ဝါးရုံ ကြားက သေနတ်နှင့် လွှတ်သည်။ ထားဝယ်စား ဆင်ဦးတွင်ပင် ဆုံးလေ၏၊ စီးသောဆင်လည်း ထားဝယ်စားဆုံးလျှင် လည်၍ ပြေးလေ၏၊ နောက် သုံးတပ်လုံး ဖိ၍ တိုက်လျှင် ထားဝယ်သားတို့ ပျက်၍ ပြသိုလ်ပြည့် အင်္ဂါနေ့ စစ်ကိုင်းမင်းနှင့်တကွ ထားဝယ်တစ်မြို့လုံးကို ရတော်မူသည်။ ညီတော် မင်းရဲ သင်္ချာကိုလည်း ထားဝယ်ကို အလိုတော် ပြည့်လျှင် ဆင်ကောင်း မြင်းကောင်း အမှုထမ်းကောင်းတို့ကို သိမ်းယူတော်မူပြီးလျှင် မြို့တွင် အစောင့်အနေ ခန့်တော် မူ၍ နောင်တော် ဘဝရှင် မင်းတရားကြီးရှိရာ ရေးမြို့သို့ ပြန်တော်မူသည်။ ရောက်လျှင် ထားဝယ်စားကို ဘယ်သူ စီးချင်းတိုက်သနည်း၊ ဘယ်သူပင်မိ၍

ဆိုသနည်း၊ စစ်ဘိ၊ အမိန့်တော်ရှိ၍ စစ်ရသော် သီပေါစော်ဘွားက ကျွန်တော်နှင့် ဆင်စီးချင်းတိုက်ရာ ထားဝယ်စား ဆင်လည်၍ ပြေးရာတွင် သေနတ်သင့်၍ ထားဝယ်စား ဆုံးလေသည်။ သေနတ်လုလင်ကလည်း စွယ်ချင်းယှက်ရာတွင် ကျွန်တော်လွှတ်သည့် သေနတ်သင့်၍ ထားဝယ်စား ဆုံးသည်။ ယင်းသို့ ဆင်လည်၍ ပြေးသည်ဟု လျှောက်သည်။ ဘဝရှင်မင်းတရားကြီးလည်း ငါ ဆုပေးတော် မမူသာသေး၊ ထားဝယ်စားကုန်းလယ်စီးကို စစ်ဟူ၍ အမိန့်တော်ရှိ၍ စစ်ရသည်။ ဆင်စွယ်ချင်းယှက်လျှင် သေနတ်သင့်သည်။ သို့လျှင် ဆင်လည်၍ ပြေးလေတော့သည် ဟူ၍ လျှောက်လျှင် နှစ်ယောက်လုံးပင် ဖြစ်ပေသည်။ အမိန့်တော်ရှိပြီးမှ သီပေါစော်ဘွားကို ထီးရွှေရိုး ရွှေတံနှစ်စင်း၊ ရွှေလက်တံရှည် နှစ်စင်း၊ ငွေနှံနှစ်စင်း၊ ငထွား၊ စည်ခုနစ်လုံး ပေးတော်မူသည်။ သေနတ် လုလင်ကိုလည်း ရဲဘော်ဘယ ဟူသော အမည်နှင့် သကျင်ရွာကို ပေးတော် မူသည်။ ထားဝယ်သားတစ်ကျိပ်ကိုလည်း အစေ အပါး ပေးတော်မူသည်။ သားချင်း မြေပေါ် အဆွေ အမျိုးနှင့်တကွ သေနတ်အစုက နုတ်တော်မူ၍ မင်းရဲမြင်းမှာ ထမ်းရသည်။ ထိုမှတစ်ပါး ပွဲလမ်းရသသူ တို့ကိုလည်း အထိုက် အလျောက် ဆုလာဘ်ပေး၍ သူကောင်း ပြုတော်မူသည်။ ထားဝယ်စားနှင့် အတိုင်အပင် ပြုသသူတို့ကိုလည်း မေးမြန်း စိစစ်၍ ကွပ်တော်မူသည်။ ထားဝယ် မြင်းတစ်ရာကိုလည်း ရာစုဖွဲ့၍ ဆင်စာ ရိတ် ခန့်တော်မူသည်။ သည့်ပြင် အမှုထမ်း များကိုလည်း ဗိုင်းစု သင်းစု ဖွဲ့တော်မူ၍ အမှုတော်ကို ထမ်းရသည်။

## တနင်္သာရီသို့ ဦးစမ်းတော်မူခြင်းအကြောင်း

ယင်းသို့ ထားဝယ်ကို အလိုတော်ပြည့်လျှင် သီပေါစော်ဘွား တစ်တပ်၊ တောင်ငူ မင်းရဲကျော်ထင် တစ်တပ်၊ ပုဂံ သီရိမှာသောက တစ်တပ်၊ တောင်ငူ မင်းရဲ သီဟသူ တစ်တပ် သည်လေး တပ်ကို တိုက်ဆင် တစ်ရာ့နှစ်ဆယ်၊ မြင်းတစ်ထောင့်နှစ်ရာ၊ စစ်သည်သူရဲ လေးသောင်းနှင့် တနင်္သာရီသို့ ချီ၍ ဦးစမ်းအမိန့်တော်ရှိသောကြောင့် မြာသိုလပြည့်ကျော်တစ်ဆယ့်တစ်ရက်စနေနေ့ ရေးက ချီရသည်။ တပို့တွဲလဆန်း ခြောက်ရက် အင်္ဂါနေ့ ဟံသာဝတီ မြို့တွင် လူသွင်းစ ပြုရသည်။ ။ငင်း တန်ခူးလဆန်း နှစ်ရက် ဘနင်းလာနေ့ ရေးမြို့က ပြန်တော်မူ၍ မုတ္တမတွင် နေတော်မူသည်။ မင်းရဲ သီဟသူ ချီရာမှာ တနင်္သာရီသို့ ရောက်လျှင် မြစ်ခြားသောကြောင့် ရဲမက်တို့က သည်ဘက်ကသာ နေရချေသည်။ ယိုးဒယား မင်းကလည်း ခရီးမပေါက်

ရှောင် သစ်ကြီး ဝါးကြီး လှဲ၍ ဆို့ပိတ်လေသောကြောင့် မင်းရဲသီဟသူ
တို့ လေးတပ်သားကလည်း ဘဝရှင် မင်းတရားကြီးသို့ ဆက်စာတမန် မရောက်
နိုင်ချေ။ ရေကြောင်းမှာလည်း လှေမရှိသောကြောင့် အဆောတလျင် မရောက်
နိုင်ချေ။ သစ်ကိုခုတ်၍ နှစ်တုံးတစ်ယောက် သုံးတုံးတစ်ယောက်ဖွဲ့၍ ထိုင်စေ
ပြီးလျှင် ထိုပေါင်တွင်လှူစီး၍ ညဉ့်ကိုသွားရသည်။ နေ့ကိုမူကား လှိုင်းပယ်ချုံကို
ကြောက်၍ တောထဲမှာသာ ပုန်း၍နေရသည်။

## မုတ္တမတွင် နေတော်မူနိုက် ဇင်းမယ်တွင် ဖြစ်ခဲ့သော တိုင်းရေး ပြည်မှုအကြောင်း၊

ဘဝရှင် မင်းတရားကြီး မုတ္တမတွင် နေတော်မူနိုက် ဇင်းမယ်မှာ ဖြစ်သော ပြည်ရေးရွာမှုကို ကြားတော်မူသည်။ ဖြစ်ပုံကား ဇင်းမယ်ဘုရင် နော်ရထာ မင်းစော မိဖုရားတွင် ဖွားမြင်သည့် သမီးတော် ချေင်းသွဲ့ ဘုရင်နှမတော် တစ်ပါး၊ မောင်တော်မင်းသား တုလောင်တစ်ပါး၊ ညီတော် မင်းရဲဒိဗ္ဗတစ်ပါး၊ ညီတော် သတိုးကျော်တစ်ပါး၊ သမီးတော်တစ် သားတော်သုံး ပေါင်းလေး ပါးတွင် သမီးတော်အကြီး ဘုရင်နှမတော်ကို ယိုးဒယားမင်းနှင့် စုံဖက်၍ မိဖုရားမြှောက်လေသည်။ သားတော်မင်းသား တုလောင်ကိုလည်း ခမည်းတော် နှိဥ်းကပင် ယိုးဒယားမင်းသမီးနှင့် စုံဖက်၍ ယိုးဒယားမှာ ထိမ်းမြှားစေ သည်။ ဇင်းမယ်ဘုရင် နော်ရထာမင်းစော အနိစ္စရောက်လျှင် ဇင်းမယ်တွင် ရှိသော သေည်လုံ၊ သံလံ အပေါင်း၊ တို့သည် ယိုးဒယားမှာ ရှိသေသော မင်း သားတုလောင်ကို မင်းပြုတော်မူပါဟူ၍ ချီးငင်လေသည်။ မင်းသားတုလောင် လည်း အလုံးအရင်း အများနှင့် ချီလာသည်။ မရောက်ခင်တွင် ဇင်းမယ် သေည်လုံ၊ သံလံတို့ အခြားကြံပြန်၍ မင်းရဲဒိဗ္ဗကိုမင်းမြှောက်ကြသည်။ မင်းသား တုလောင်မူကား ဇင်းမယ်သို့ရောက်လျှင် အခြားကြံကြောင်းကိုသိ၍ ဓါမတ် ဗိုလ်ပါ ရုံးစုလျက် မြို့ပြင်ကနေသည်။ ထိုသို့နေခိုက် လည်ချောင်းဆောကျ၍ ပါးစေ့ ရောင်တော်မူသည် ဆေးနှင့်မသင့်၊ တစ်နေ့တစ်ပါး အနာတိုး၍ အနိစ္စ ရောက်တော်မူချေသည်။ ယင်းသို့လျှင် ယိုးဒယားက ပါသည့် အလုံးအရင်း များလည်း ယိုးဒယားသို့ ပြန်ခဲ့လေသည်။ မြားမကြာခင် ဇင်းမယ် အမတ်တို့ အခြားကြံပြန်၍ မင်းရဲဒိဗ္ဗကို နန်းကချ၍ ရယန်းပြုပြီးလျှင် ညီတော် သတိုး ကျော်ကို မင်းမြှောက် ကြပြန်သည်။ သည်အကြောင်းများကို မြန်မာ

အမတ်တို့ လျှောက်လာ၍ ကြားတော်မူလျှင် ဇင်းမယ်သို့ ချီတော်မူ
မည်ဟု တပ်ပေါင်း နှစ်ဆယ့်လေးတပ်ခန့်ရှိ၍ စီရင်တော်မူသည်။ ဤအရာ
ရာဇဝင်ကြီးတွင် မင်းသား တုလောင်ကို အကြီးဟု ဆိုလေသည်။ မင်းသား
တုလောင်ကား အကြီးမဟုတ် သမီးတော် ဘုရင့်နှမတော် သားအကြီး
ဖြစ်ကြောင်းကို ဇင်းမယ်သို့ ရောက်မှ နဝဒေး စပ်ဆိုသည့် တမှတ်ရတနာသို့
ဘုရင့်နှမတော် ဧချင်းတွင် "ဖွားတော်မူနှစ် သက္ကရာဇ်မှု စစ်စစ် မှန်လှ ကိုး
ရာလေးဆယ် နှစ်လယ်သာဟုန် နယုန်ဆန်းတက် လေးရက် ကြာသပတေး
ချမ်းအေး ငြိမ်းစေ့ နေဝင် နာရီ" ဟု ဆိုသောစကား၊ ရာဇဝင်တို့၌ (၉၄၁)
ခု ဇင်းမယ်သို့ ထက်တော်မူရာ တုလောင်တောင်တွင် ဖွားသည်ကို အကြောင်း
ပြု၍ မင်းသား တုလောင်ဟု မှည့်တော် မူသည် ဆိုသော စကားများကို
ထောက်၍ သိရသည်။

## ယိုးဒယားတပ်ကိုနိုင်၍ ဇင်းမယ်သို့ချီမည် အကြောင်း

ယိုးဒယား မင်းကလည်း တနင်္သာရီမှာ နေသော အဝ စစ်သည်တို့ကို
နိုင်အောင် တိုက်လေဟု၍ ဩယားဝင်ခံသော စစ်သူကြီး၊ ဗညားဦး ခံသော
စစ်သူကြီးနှင့် တကွ ရှစ်တပ် စီရင်၍ ချီလာသည်။ မင်းရဲသီဟသူ၊ မင်းရဲ
ကျော်ထင်တို့လည်း ယိုးဒယားက ချီလာသော စစ်သည်နီးလျှင် စစ်မျက်နှာ
ဖြန့်၍ ဆင်ချန်းဖွင့်ကာ တိုက်သည်။ ဩယားပိတ်စီး၊ ဩယား သုဝဏ္ဏလောက
တပ်ပျက်၍ ဆုတ်လေ၏။ ယင်းသို့ဆုတ်လေသည်ကို မြင်လျှင် လေးတပ်လုံး
ဖိ၍ တိုက်သည်။ ယိုးဒယားသားတို့ ရှစ်တပ်လုံး ပျက်၍ ပြန်လေသည်။
ဆင်မြင်း သုံ့ပန်း ရတော်မူသည် များ၏။ အဝရှင် မင်းတရားကြီး ဘုရားလည်း
ယိုးဒယားတို့ကို နိုင်လိုက် ကြောင်းကို လျှောက်လာ၍ ကြားတော် မူလျှင်
ဇင်းမယ်သို့ ငါချီတော်မူမည်၊ အကိုတို့ လေးတပ်သား ဇင်းမင်းသို့ ချီလေ အမိန့်
တော်ရှိ၍ ချီရသည်၊ အဝရှင်မင်းတရားကြီးဘုရားလည်း သက္ကရာဇ် (၉၇၆) ခုနှစ်
ကဆုန်လပြည့်ကျော် ခြောက်ရက် နေမွန်းတည့် အခါတွင် မုတ္တမက ဇင်းမယ်သို့
ချီတော်မူသည်။ ခရီးသို့ ရောက်တော်မူလျှင် ဇင်းမယ်သားတို့ ခရီးကြောင်း
လမ်းကို သစ်ကြီး ဝါးကြီး လှဲ၍ တုံးတန်းရင်တား ဆို့ပိတ်လေသောကြောင့်
အလျင် ရောက်တော် မမူနိုင်ချေ။ ယင်းသို့လျှင် တောင်ပုန်းလဝတို့ကို ဆုလာဘ်
ပေးတော်မူ၍ခရီးပြုရစေသည်။ သည်က တဖြည်းဖြည်း ချီတော်မူလာ၍ ရောက်

တော်မူသည်။ သည်ကဲ့သို့ မင်းရဲကျော်ထင် ကိုလည်း ရောက်လာသည်။ မင်းတရားကြီးလည်း လပုံသို့ ရောက်တော်မူလျှင် ဝန်းစားလည်း ဟဝရှင် ကိုကြားနှင့်လေသော် အလုံးအရင်း အများနှင့်တကွ မျိုးရိုက္ခာလှိုင်၍ ရှိသောကြောင်း ကိုအလုံနေသည်။ ရဲမက်တော်တို့ ဇင်းမယ် မြို့ရင်းသို့ရောက်လျှင် ဝန်းမြို့ သဝန်းသို့ချီ၍ လုပ်ကြံတော်မူလေ ဟင်၍ဆိုလေသည်။ ထိုအကြောင်းမှာ စစ်မှု၍ ကြားတော်မူလျှင် ဒုတိယဝ ဆိုလပြည့်ကျော် ကိုးရက် နေ့ ဝန်းလျှောက် ချီတော်မူ၍ မြို့နှင့် မနီးမဝေးတွင် တပ်မချ၍ နေတော်မူသည်။ ဝန်းသို့ ရဲမက်တော်အပေါင်းတွင် မျိုးရိက္ခာ နည်းကြောင်းကို မမြင်ရသည်။ ယင်းသို့ မော်လမြိုင် ရေး စာဂရုက တပ်တော်သို့ မျိုးရိက္ခာ ရောက်လွယ်မည်၊ မရောက်မည်ကိုလည်း မေးတော်မူသည်။ မင်းညို မင်းသား မှူးတော် မတ်တော်တို့က လည်း ယခု ချီတော်မူသည့် ရဲမက် ဗိုလ်ပါ များလှသည်၊ ရိက္ခာမျိုးစေ သည်း မပါ နည်းပါးချေသည်။ မုတ္တမ မော်လမြိုင်က ရိက္ခာပို့စေမည်သည်၊ ခရီး ကြောင်း ခက်ခဲလှသောကြောင့် ရတ်ရက် မရောက်နိုင် ရှိချိမ်မည်၊ သည်တွင် ရှာ၍လည်း ရမည်မဟုတ် ဟူ၍ နားတော် လျှောက်ကြသည်။ ထိုစကားကို ကြားတော်မူလျှင် အခရေးတော် ပြီးလွယ်မှသာ သင့်မည်၊ ယင်းသို့ ဖြစ်သော ကြောင့် မြို့သို့ ချီ၍ ရံလေ၊ ကျုံးနှင့်တစ်တာသာ ခြားစေ အမိန့်တော် ရှိတော် မူသောကြောင့် တပ်မတော်နှင့်ချီ၍ တစ်ဆယ့်ခုနစ်တပ်လုံးညည်ကိုချည်း၍သည်။ အမိန့်တော်အတိုင်း ရံတပ်များ ကျုံးနှင့် တစ်တာခြား မခြားကို ကြည့်သော ရသော်တစ်ပါးတပ်များကိုမူကား အမိန့်တော်အတိုင်း ရှိသည်၊ မိုးနဲစော်ဘွား တပ်မူကား ယို၍ရှိသည်။ အကြောင်းများကို လျှောက်သော် မည်သို့မှ အမိန့်တော် မရှိ၊ မိုးနဲစော်ဘွားမူကား အာဏာတော်ကို ကြောက်၍ တစ်ရက်နှစ်ရက်ရှိလျှင် တပ်သားနှင့်တကွ ထွက်၍ ပြေးလေ၏။ ဘဝရှင် မင်းတရားကြီး ဘုရားလည်း မိုးနဲစော်ဘွားကို ရအောင်လိုက်လေ အမိန့်တော်ရှိ၍ ဘယနန်းသူ ပြူကမှာ တို့ကို အလုံးအရင်းနှင့် လိုက်ရသည်။ ဘယနန်းသူတို့လည်း မည်သည့်ခရီးကို ပြေးလေသည် ဟူ၍ အတတ်မသိသောကြောင့် အကြောင်းကို လျှောက်သော် ပြေးလေစေဦး၊ သင်းငှက်မှတ်မှု၍ ပျံနိုင်မည်လော၊ အမိန့်တော်ရှိပြီးလျှင် လိုက်သ သူတို့ခေါ်၍ ပြန်ရသည်။ ယင်းသို့မှ ရံတပ်များကို ခိုင်လုံအောင် စီရင်ရသည်။ စော်ဘွားမူကား မိုးနဲသို့ သွား၍ ဥစ္စာ ရွှေ ငွေ ဆင် မြင်း၊ လူသူတို့ကို သိမ်းယူ ပြီးလျှင် မိုးနဲက ထွက်ပြေး၍ ကျိုင်းတုံ အရှေ့မဲပိန့်မြစ်တစ်ဘက် လင်းဇင်းသို့ ကူးပြ၍ အခိုင်နေလေသည်။

### ဇင်းမယ်အရေးအကြောင်းနှင့် မြို့ရုံ ငါးဆယ့်ခုနစ်မြို့နှင့်တကွ ဟရိဘုဥ္စတိုင်း တစ်ခုလုံးကို ရတော်မူခြင်းအကြောင်း

ဇင်းမယ်ဘုရင် သတိုးကျော်လည်း ဘဝရှင် မင်းတရားကြီးဘုရား ချီလာစကပင် လင်းဇင်းမှာ စစ်ကူခေါ်ရသည်။ လင်းဇင်းသားတို့ ရောက်လျှင် အလုံးအရင်းနှင့် တကွ ဇင်းမယ်မြို့တွင်းသို့ ဝင်၍ အခိုင် အလုံ နေလေသည်။ မင်းရဲဇိဗ္ဗလည်း ရဟန်းပြု၍ ထားရာမှ လွှန်လေသည်။ လဝန်းမြို့ကို ရံတော်မူရာမှာလည်း မျိုးစေ့ ရိက္ခာ ဆွန်းပါးသောကြောင့် စစ်သည်တို့ သုံးစုတစ်စုလောက်တော်ချေသည်။ သည် အကြောင်းများနှင့် ရနိုင်မည်မထင်၊ ပြန်တော်မူရမှ သင့်တော့သည်။ ကျွန်တော်တို့တွင်လည်း စားစရာရိက္ခာသည် သုံးတင်းခန့်သာ စားစရာရှိချေသည်။ အမှုထမ်းများမှာ နည်းလှချေပြီဟူ၍ ညီတော် မင်းရဲသိန်သူ လျှောက်သည်။ တပ်မှူး စစ်ကဲ အပေါင်းတို့ကို ခေါ်တော်မူ၍ အရေးကို ပဿင်ကြသနည်း ဟူ၍ မေးတော်မူပြန်သည်။ တပ်မှူး စစ်ကဲ အပေါင်းတို့လည်း သည်တစ်ကြိမ်ကိုပြန်တော်မူ၍ တစ်နှစ်နှစ်နှစ် ဆင် မြင်း ဗိုလ်ပါ ပြည့်တင်းပြီးမှ တစ်ကြိမ်ချီတော်မူပြန်လျှင် အရေးတော် ပြီးလွယ်သည်ဟူ၍ လျှောက်ကြသည်။ ယင်းသို့သောခါ တောင်ငူ မင်းရဲသီဟသူ လျှောက်သည်။ ကျွန်တော် ရံတပ်က ပျက်လှလေပြီ၊ လခွဲခန့် တင်းတော်မူပါ နာဖျား ငတ်မွတ်၍ မမာသူတို့ကို တဖြည်းဖြည်း သွားနှင့်ပစေဦးတော့၊ ရွှေခုနစ်ရက် ရှစ်ရက်ရောက်လျှင် ဘုန်းတော်ကြောင့် အလိုတော် ပြည့်လိမ့်မည် ဟူ၍ လျှောက်လျှင် ပဒုံစား အခရေးသည် သင့်လှပေသည် ဟူ၍ အမိန့်တော်ရှိသည်။ မင်းရဲ သီဟသူလည်း ရံတပ်မြေတောင်က မြို့နှင့် အမျှရှိအောင် ပို့စေလျှင် မြို့ထိပ်သို့ ဆင်နှင့်ပင် ရောက်၍ မြို့တွင်းသို့ ဝင်နိုင်အောင်ပင် ဝင်မည် ဟူ၍ ရုံးစုသော် မြို့တွင်းက သစ်တပ်အထပ်ထပ် ရှိလေသောကြောင့် မဝင်နိုင်ချေ။ မြို့ထိပ်တွင်ပင် တည်၍ နေရချေသည်။ သည်အကြောင်းများကို ကြားတော်မူလျှင် အလွန် အားရတော်မူ၍ တစ်ရက်နှစ်ရက်ရှိလျှင် ဆန်ဝန်တင် ခြောက်ဆယ်နှင့် အနန်စား ကျွန်တော် ခံလာသည်။ ထိုဆက်လာသော ဆန်ကို ရံမက်ခဘော် အပေါင်းတို့ကို ဝေဖန်တော်မူသည်။ ငါးရက်ခန့်ရှိ၍ နတ်တော်လဆန်း ငါးရက် အင်္ဂါနေ့ ဇင်းမယ်ဘုရင် သတိုးကျော် လွှန်သည် ဟူ၍ ဇမ္ဗူကျက်သရေ ဆင်နှင့် တကွ မင်းဆောင်

...ယောင် မင်းခမ်း မင်းနားကို အမှူး အမတ်တို့ ဆက်လာသည်။ ယင်းသည် ဇင်းမယ်အမတ်ကို သတိုးကျော် လွှန်၍ ဇင်းမယ်မြို့ကို အလိုတော် ပြည့်အောင် ...ကြောင်းကို လဝန်းမြို့သို့ ဝင်၍ ဆိုချေ၊ အမိန့်တော်ရှိသောကြောင့် ဝင်၍ ...ကြောင်းများကို ဆိုရလေသည်။ လဝန်းစားလည်း ဇင်းမယ်မင်း မရှိ ...ကြားလျှင် မနေသာပြီဖြစ်၍ နတ်တော် လပြည့်ကျော် ခြောက်ရက်နေ့ မြို့ ...လာ၍ ကျွန်တော်ခံလာသည်။ ယင်းသို့လျှင် အရေးတော်ဟူသမျှ ကုန်၍ မြို့က ...ဆယ့်ခုနစ်မြို့နှင့်တကွ ဟရိဘုဥ္စတိုင်းဖြစ်သော ဇင်းမယ်ပြည်ကြီးကို ရတော်မူသည်။ လင်းဇင်းက စစ်ကူလာသော ရဲမက်တို့ကိုလည်း အကုန်ပင် ရတော်မူသည်။ အရေးတော်ပြီးလျှင် တောင်ငူ မင်းရဲသီဟသူကို အားရတော်မူ၍ ငြိမ်တော်ဟူ၍ ခေါ်တော်မူသည်။ မင်းရဲသီဟသူဟူသော အမည်ကိုလည်း ...ထ၍ ပေးတော်မူသည်။ ပေါင်းဝန်း ရွှေထည့်ကိုလည်း စီးမြင်းဟူ၍ ပေးတော်မူသည်။ အနန္တမြို့ကိုလည်း ပေးတော်မူသည်။ အနန္တစားကိုလည်း ဇင်းမယ်မြို့ကို ပေးတော်မူသည်။

ဇင်းမယ်ဘုရင် နော်ရထာမင်းစော ကိုယ်လုပ်တော် တို့တွင် မြင်သည့် သားတော် သမီးတော်ကား ခင်ပေမိ တစ်ပါး၊ အဝသို့ ဆက်လာသော ယော်ယာရွှေတောင် ကြီးရသည်၊ ပင်းယမြို့ကို ပေးတော်မူသည်၊ ညီမတော် မင်းအလတ် တစ်ပါး၊ ညီမတော် ခင်အထွေး တစ်ပါး၊ ညီမတော် မင်းအငယ် သာလွန်မင်းတရားတွင် နန်းတင်၍ *သမီးတော် အင္ဂပတ္တ မောင်တော် မင်းရဲ ကုသကို မြင်သည်။ ဤ မင်းတရားတွင် သုမနာဒေဝီ ခံသည် တစ်ပါး၊ ညီမတော် လင်းဇင်းမင်း မိဖုရား ရှင်မည်ကူ တစ်ပါး၊ မောင်တော် ရှင်ထဲ တစ်ပါး၊ သားတော်တစ်၊ သမီးတော်ငါး ပေါင်း ခြောက်ပါး။ ။သတိုးကျော် တွင် မိဖုရားမရှိ ကိုယ်လုပ်တော်တို့တွင် မြင်သည်ကား၊ သားတော် မောင်ပု တစ်ပါး၊ ညီတော် နဲ့ဘုန်း ခိုင် တစ်ပါး၊ ညီတော် နဲ့ကနီ မြစ်တွင်းမင်း တစ်ပါး၊ နှမတော် မင်းအလွဲ တစ်ပါး၊ ညီမတော် မင်းဘုန်းထွဋ် တစ်ပါး၊ ညီမတော် မင်းလှ တစ်ပါး၊ သားတော် သုံး၊ သမီးတော် သုံး ပေါင်း ခြောက်ပါး။ ။ဇင်းမယ်ကို အလိုတော်ပြည့်လျှင် အထက်က ဇင်းမယ်သို့ ပါသော ဟံသာဝတီ သူကောင်း မြေးတို့ကို နော်ရထာမင်းစောကျွန် မင်းလှ ရွှေတောင်ကို သွေးသောက်ကြီးတင်၍ ဖွဲ့တော်မူသည်၊ နောက်ဆက်ကို သွေးသောက်ကြီးတင်၍ ဖွဲ့တော်မူသည်။ သေဉ်ပကို သွေးသောက်ကြီးတင်၍

ဖွဲ့တော်မူသည်။ သော်လုံကို သွေးသောက်ကြီးအင်၍ ဖွဲ့တော်မူသည်။ သည်
တစ်ပါးလည်းသွေးသောက်ရ အများရှိသည်ကို စိစစ်တော်မူ၍ ထုတ်ယူတော်
မူသည်။ ဗမ္မ။ ကျက်သရေဆောင်နှင့်တကွ ဆင်ကောင်း မြင်းကောင်း မှူးကောင်း
မတ်ကောင်း သူရဲ သူခက်တို့ကိုလည်း စိစစ်၍ သိမ်းယူတော်မူသည်။ ဇင်းမယ်တွင်
နေတော်မူခိုက် သက္ကရာဇ် (၉၇၇) ခုနှစ် ကဆုန်လဆန်း လေးရက် ဗုဒ္ဓဟူးနေ့
သားတော်ကို မင်းရဲဒိဗ္ဗ ဟူသော အမည်ကို ပေးတော်မူသည်။ ကဆုန်လပြည့်
ကျော် ရှစ်ရက် တနင်္လာနေ့ ဇင်းမယ်ဘုရင် သားတော် အမှူး အမတ်
ဆင် မြင်း ဗိုလ်ပါတို့ကို ယူတော်မူ၍ ဇင်းမယ်က ပြန်တော်မူသည်။ ဝါခို
လဆန်းတစ်ဆယ့်နှစ်ရက်နေ့ ဟံသာဝတီသို့ ရောက်တော်မူလျှင် သတ္တမ တဲခတ်
တွင် နေတော်မူသည်။ သီတင်းကျွတ်လ ရခိုင်ဘုရင်က ကျွန်းသီးကျွန်း
အုန်းကျွန်းကို တောင်းလာသောကြောင့် အမျက်တော်ရှိ၍ ငါ ရခိုင်ပြည်သို့
ချီတော်မူမည်၊ အလျင်ချီနှင့်လေ ဟူ၍ ရာဇသင်္ကြံတစ်တပ်၊ လဝန်းစားတစ်တပ်၊
ဗညားလောတစ်တပ်၊ ဗညားပရန် တစ်တပ်၊ မင်းရဲသီဟသူ တစ်တပ်၊ သည်ငါး
တပ်ကို တိုက်ဆင်တစ်ရာ့ငါးဆယ်၊ မြင်းတစ်ထောင့်ငါးရာ၊ စစ်သည် သုံး
ငါးသောင်းနှင့် သံတွဲသို့ ဥယျာဉ်ပုကြောင်း ချီရသည်။ ရောက်လျှင် သံတွဲစား
ခံနှင့်သည်ကို ရွပ်ရွပ်ချွံချွံ လုပ်ကြံတော်မူသည်။ သံတွဲစားပျက်၍တစ်မြို့လုံးကို
ရတော်မူသည်။ ရကြောင်းကို လျှောက်လာ၍ ကြားတော်မူလျှင် လူ
သုံ့ပန်းကို ယူ၍ ပြန်ခဲ့ အမိန့်တော်ရှိ၍ ပြန်ရသည်။

တပေါင်းလတွင် ရွှေမော်ဓော မဟာစေတီပြင် နတ် ဘုရားရှင်တို့ကို ထီး
တင်တော်မူသည်။ ။သက္ကရာဇ် (၉၇၈) ခုနှစ် နယုန်လဆန်း သုံးရက်
တနင်္လာနေ့ ဘုံစည်ရပ်သာဟူသော တပ်တော်ကို တည်တော်မူ၍ ပြောင်းတော်
မူသည်။ ။ဝါခိုလဆန်းတစ်ဆယ့်လေးရက် စနေနေ့ ပဉ္စင်းလေးဆယ့်တစ်ပါး
ခံတော်မူသည်။ ဟံသာဝတီဝန်းကျင်တွင်ရှိသော ဘုရားပုထိုးဟောင်းနွမ်း
ပြိုပျက်လေသည် များကိုလည်း လုပ်ရသည်။ ။သက္ကရာဇ် (၉၇၉) ခုနှစ်
နတ်တော်လပြည့် တနင်္လာနေ့ နေဝင်ကျော် နှစ်နာရီတွင် ဟံသာဝတီ
မြို့တွင်းသို့ ဝင်တော်မူသည်။ ကုဋ္ဌပ်ခလှုလည်း အများလုပ်ရသည်။ ပုညစေတီ
ဘုရားရှင်ကိုလည်း ရွှေလုံးတော်ပြည့် လှူတော်မူသည်။ ။နတ်တော် လပြည့်
ကျော် ဆယ်ရက် ကြာသပတေးနေ့ သံလျင်သို့ အဂ္ဂပတ်သံ--ဇောရခံရောက်
သည်။ လှော်ကားတွင် အိမ်ဆောင်သုံး ဆက်လုပ်၍ ပုံ-လင်းခွင်းနှင့် ဘုန်းတော်

နိုင်ငံမှူး ငှယ်ယမ္မကို ကြပ်မဆောင်ယူရသည်။ နောက် ကာလကျွာမင်းက ရာဇသံရောက်ပြန်သည်။ အကြောင်းကို သံလျင်က လျှောက်လာ၍ ကြားတော်မူလျှင် သိဒ်တော်စားနှင့် သိခ်နိတ်တို့နှစ်ယောက် လှော်ကားနီတွင် အိမ်ဆောင်နှစ်ဆက်နှင့် သံလျင်မှာ တင်ရသည်။ ထိုအခါ ကဝိတ် စည်းမင်းက ရာဇသံရောက်လာသည် ဟူ၍ သံလျင်က လျှောက်လာ၍ ကြားတော်မူလျှင် လှော်ကား နှင့် ငှက် ကြီး သိုက် စား နှင့် ဇင်း မယ်ကုလား၊ ဟာ မ ဟာ မတ်နှစ်ယောက်တို့ တင်ရလေသည်။ ဟံသာဝတီသို့ရောက်လျှင် သဖန်းဗညားအရပ်၌ သံတဲနှင့် နေရသည်။ တပို့တွဲလပြည့် ကြာသပတေးနေ့ ဝေါင်းလောင်းကြီးကို သွန်းရသည်။

သက္ကရာဇ် (၉၇၀)ခုနှစ် တပို့တွဲလ အစည်မင်းက ရာဇသံရောက်သည် ဟူ၍ သံလျင်က လျှောက်လာ၍ ကြားတော်မူလျှင် လှော်ကားနီတွင် ခေါက်လုပ်၍ ဖြသပိုက်တစ်၊ငှက်ကြီးသိုက်စားတစ်၊ သခြေလုစားတစ်၊ စကြာရတစ်၊ သိခ်နိတ်တစ် ငါးယောက် ကြပ်မ၍ သံလျင်မှာ တင်ရလေသည်။ နဂါးမိတ်မှ ဆိပ်သို့ ရောက်လျှင် အစည်မင်းသံကို ဆင်သီပေါ်လျှင်တစ်စီး၊ ဆင်ရန်စလွတ်တစ်စီးနှစ်စီးကို ကမတင်ကြိုးနီတပ်၍ စီးရသည်။ မြင်းနှစ်ဆယ့်ငါးစီး၊ လုလင်သုံးဆယ့်နှစ်လိုက်၍ သဖန်းဗညား၌ ဆောက်၍ထားသည့် သံတဲသို့ရသည်။ တပေါင်း လပြည့်ကျော် နှစ်ရက် ကြာသပတေးနေ့ ဓာန်ဘုရားရှင်ကို မကိုဋ်လှူတော်မူလည်း။ ။တပေါင်း လပြည့်ကျော် လေးရက် ဗုဒ္ဓဟူးနေ့ညလွှတ်တော်ထက်တွင် သံလေးဦးတို့ကို ဝင်စေ အမိန့်တော်ရှိ၍ ယင်းသို့မှ သံတို့တွင် ပါသည့် လက်ဆောင်ကို သိမ်းယူရသည်။ ဝင်တော်မူမှ သံတို့ကို ထွက်ရသည်။

သက္ကရာဇ်(၉၇၁)ခုနှစ် ဝါခေါင်လပြည့်ကျော် ခြောက်ရက်နေ့ ပျောက်ဆိပ်လတွင် ချဉ်းသည်။ တန်ဆောင်မုန်းလ လေကြီးလာ၍ ဆင်ခေါင်းက အည်မကျွတ်တိုင်အောင် မြစ်ခရဆန်တက်သည်။ သက္ကရာဇ်(၉၇၂)ခုနှစ်ဝါဆိုလဆန်းငါးရက် သောကြာနေ့ အဝတွင် မြေလှုပ်သည်။ခြောက်ရက် စနေနေ့ ပုညစေတီဘုရားရှင်ကို မိုးကြိုးကျသည်။ တန်ဆောင်မုန်း လဆန်း ကိုးရက် တနင်္ဂလာနေ့ ညီတော် မင်းရဲသခ်သူကို သတိုးဓမ္မရာဇာဟူသော အမည်ကို သမုတ်တော်မူ၍ ပြည်ဘုရင် သတိုးဓမ္မရာဇာ အဆောင်အယောင်ကို ပေးတော်မူသည်။ တလုပ်မြို့နှင့် တကွ စလင်းမြို့ ကျောက်ကူမြို့ ပင်းယမြို့ကိုလည်း ပေးတော်

မူသည်။ ညီတော်အငယ် စကုမင်းကြီးကို မင်းရဲကျော်စွာဟူသော အမည်ဖြင့် သမုတ်တော်မူ၍ အဝဘုရင် မင်းရဲကျော်စွာစုံ အဆောင်အယောင်ကိုလည်းပေးတော် မူသည်။ ကျေးမြို့နှင့်တကွ ကန္နီမြို့၊ ပျဉ်းမနားမြို့၊ ပျည်ပြားကိုလည်း ပေးတော် မူသည်။ ခမည်းတော်ဘုရား အမြွတ်အစွန်းတော် မင်းသားရှင်စမ်းသိုက်ကိုလည်း မင်းရဲနော်ရထာ ဟူသော အမည်နှင့် ကွမ်းလက်ဖက်အိုး ပေးတော်မူသည်။ ညီသုကျော်ထင်ကို မင်းရဲ ဥဇနာဟူသော အမည်နှင့် ကွမ်းလက်ဖက်အိုး ပေးတော်မူသည်။ အဝကိုလည်း ခန့်တော်မူသည်။

## ကျိုက်ကိုဘုရား ထီးတော်တင်၍ တောင်ငူမင်းရဲကျော်ထင်နှင့် မင်းရဲကျော်စွာတို့ကို မိုးနဲစော်ဘွားပြေးလေရာ လိုက်တိုက်ရန် အမိန့်တော်ရှိခြင်းအကြောင်း

သက္ကရာဇ် (၉၈၃) ခုနှစ် နယုန်လတွင် ကျိုက်ကိုဘုရားကို ထီးတင်တော် မူသည်။ နယုန်လပြည့်ကျော်တွင် ကြာသပတေး သောကြာ နှစ်ဆူမြှင့်သည်။ တပို့တွဲလပြည့်ကျော် ခြောက်ရက် အင်္ဂါနေ့ မိုးနဲစော်ဘွား ပြေးလေ ရာသို့ လိုက်လေ အမိန့်တော်ရှိ၍ သီပေါစော်ဘွားတစ်တပ်၊ သီရိဇေယျသူရ တစ်တပ်၊ တောင်ငူမင်းရဲကျော်ထင်တစ်တပ်၊ ညီတော် မင်းရဲခကျော်စွာတစ်တပ် အယဂါမဏိကို စစ်ကဲခန့်တော်မူသည်။ သည်လေးတပ်တွင် ပါသည့် တိုက်ဆင် တစ်ရာ့ငါးဆယ်၊ မြင်းတစ်ထောင့်ငါးရာ၊ စစ်သည် သူရဲ လေး သောင်းနှင့် ကျိုင်းတုံသို့ ချီသည်။ မိုးနဲစော်ဘွားလည်း လင်းဇင်းမှာ စစ်ကူတောင်း၍ မယ်မြစ်တစ်ဘက်က တပ်တောင်တာနှင့် အခိုင်အလုံခံ၍နေသည်။ မင်းရဲကျော်စွာတို့ လည်း ညဉ့်သုံးချက်တီးခန့်ကို မြစ်နားသို့ရောက်သည်။ ယင်းသောအခါ မင်းရဲ ကျော်ထင်က မင်းရဲကျော်စွာ တပ်သို့ ကြားသိစေသည်။ မိုးနဲ စော်ဘွားနှင့် လင်းဇင်း စစ်သည်တို့ကို ယခုကူး၍တိုက်မှသာ အသုပ်အကြွံခံမည်၊ မိုးသောက်မှ ကူးတော်မူလျှင် အတိုက်အလံခံ့မည်မထင်။ ယင်းသို့ဖြစ်သောကြောင့် ယခုပင် ကူး၍ တိုက်တော်မူဟု စေသည်ကို မင်းရဲခကျော်စွာက ယောက်ဖတော်နှင့် ကျွန်ုပ်မကျွာစေနှင့် အမိန့်တော်ရှိသည်။ စစ်သည်တော် များလည်း အညီအညွတ် မရောက်ကြသေး၊ သူတို့မှာ စစ်အင် နည်းကြောင်း၊ များကြောင်း ကိုလည်း အတပ်မသိရသေး၊ ယခုညဉ့်ကို တင်း၍ မိုးသောက်မှ ကူး၍တိုက်လျှင်

သင့်မည်ထင်သည်ဟူ၍ မှာသည်။ မင်းရဲကျော်ထင်တို့ သုံးတပ်သားလည်း မင်းရဲကျော်စွာ အရေးသို့ လိုက်ကြ၍ ထိုတွင်ဟပ်ချ၍ နေကြသည်။ မိုးသောက်၍ ကူးသော် တညဥ့်လုံးပင် ဆုတ်လေသောကြောင့် မတွေ့လိုက်ချေ၊ မည်သည့်သို့ သွားလေကြောင်းကိုလည်း အတပ်မသိသောကြောင့် စမ်းချီသော ချီရလေသည်။ မိုးနဲ့စော်ဘွားလည်း လင်းဇင်း စစ်သည်တို့ ချီ၍သွားလျှင် အသက်သေမည်ကိုကြောက်၍ လက်ဆောင် လက်နက် အများနှင့် ဘဝရှင်မင်းတရားကြီး ဘုရားကို ကျွန်ုပ် ပုန်စားမည် ဟူ၍ ထွက်ပြေးသည် မဟုတ်ပါ၊ ကြောက်၍ လှူသောကြောင့် ရှောင်ရှား၍ နေပါသည်ဟူ၍ လျှောက်လာသည်။ မင်းရဲကျော်စွာတို့လည်း မိုးနဲ့စော်ဘွား ဝင်လာကြောင်း၊ လင်းဇင်း စစ်သည်တို့ အတိုက်မခံဝံ့၍ ပြေးလေကြောင်းများကို လျှောက်လာ၍ ကြားတော်မူလျှင် တောင်တွင်းစား သီပေါစော်ဘွား စစ်ကဲ ဘယဂါမဏိတို့ကို မိုးနဲ့စော်ဘွားငယ်နှင့် အတူ ခြေရင်းတော်သို့ အလျင်လာစေ အမိန့်တော် ရှိသောကြောင့် ညီတော် မင်းရဲကျော်စွာက အမိန့်တော်အတိုင်း ဟံသာဝတီသို့ ဆက်လာရသည်။ ရောက်လျှင် ရုံးတော်သို့ ခေါ်၍ ပသို့သောကြောင့် လင်းဇင်းမင်း စစ်သည်ကိုရအောင် မတိုက်ရသနည်းဟူ၍ အမိန့်တော်ရှိသည်ကို ကျွန်တော်တို့ မည်သို့ မလျှောက်နိုင်ပြီ၊ လျှောက်လျှင် ရှမ်းကို ရေးသို့ ပို့လေ၊ ငွေတပ်ပြားစားငယ်ကိုလည်း ထားဝယ်သို့ ပို့လေ အမိန့်တော်ရှိ၍ ပို့ရသည်။ တောင်တွင်းစားကိုမူကား ရုံးတွင် စပ်ခလှောင်၍ ခုနစ်ရက်ထား အမိန့်တော်ရှိ၍ ထားရသည်။ ထားရာတွင်ပင် မင်းရဲကျော်ထင် လွန်၍ ညဥ့်ကိုပင် သတ်ရသည်။ သီပေါစော်ဘွားလည်း ရေးမြို့မှာပင် လွန်လေသည်။ ယင်းသို့ အပြစ်တော်ပေးပြီးလျှင် မင်းရဲသီဟသူနှင့် ပြင်စည်မင်းကို တပ်မှူးခန့်တော်မူသည်။ လက်ယာရန္တသူကိုလည်း ဗိုလ်တပ်မှာ စစ်ကဲခန့်တော်မူ၍ သက္ကရာဇ် (၉၈၄) ခုနှစ် ကဆုန်လပြည့်ကျော် နှစ်ရက် တနင်းလာနေ့ ကျိုင်းရုံးသို့ ချီလေ အမိန့်တော်ရှိ၍ ချီရသည်။ ရောက်လျှင် မင်းရဲကျော်စွာ မင်းရဲသီဟသူ ကျိုင်းတုံစော်ဘွားတို့ တစ်ချက်တည်းစုရုံး၍ ကျိုင်းရုံးသို့ ချီရသည်။ ကျိုင်းတုံစားလည်း သမီးနှင့်ခန်းပေါ်ကို အခြွေအရံနှင့် တကွ ဘဝရှင် မင်းတရားကြီး ဘုရားသို့ ဆက်လာသည်။ ။မင်းရဲကျော်စွာတို့ ငါးတပ်သားလည်း ကျိုင်းရုံးသို့ ရောက်လျှင် ကျိုင်းရုံးစော်ဘွား မြို့ပြကျုံးမြောင်း ကတုတ် ရင်တား ပြင်ဆင်၍ အခိုင်အလုံနေသည်။ မိုင်းစည်မြို့မှာလည်း ဆင် မြင်း အလုံးအရင်း သွင်း၍ ကျိုင်းရုံးစော်ဘွားညီကို အခိုင်အလုံနေစေသည်။ ကျိုင်းရုံးစော်ဘွားကလည်း ငါတို့မှာ

စစ်မရှိ၊ မိုင်းစည်သို့ ချီပါလေ ဟူ၍ ကစ်၍ ဆိုနှင့်သည်။ မင်းရဲကျော်စွာတို့လည်း မိုင်းစည်သို့ချီ၍ ရုံကြသည်။ ဘဝရှင် မင်းတရား ဘုရားလည်း ညီတော် မင်းရဲကျော်စွာတို့ ချီလေသည့် ခရီးမြေတာလည်း ဝေးလှသည်။ တရက်တိုင်နီးလေသည်ကို အကြောင်း ထောက်တော်မူ၍ ညီတော် သတိုးဓမ္မရာဇာတို့ တိုက်ဆင် ငါးဆယ်၊ မြင်း ငါးရာ၊ စစ်သည်သူရဲ တစ်သောင်းနှင့် သက္ကရာဇ် (၉၈၅) ခုနှစ် နတ်တော်လပြည့်ကျော် ခြောက်ရက် တနင်္ဂနွေနေ့ နေဝင်ကျော် အခါတွင် ကျိုင်းရုံးသို့ ချီရသည်။ ရောက်တော်မူ၍ မျှားမကြာလျှင် မင်းရဲသီဟသူ လွန်၍ ထီးပြန်လျှင်းနှင့်ကောင်းမွန်စွာ သတိုးဓမ္မရာဇာ သိုဟ်တော်မူသည်။ မိုင်းစည်ကို ရုံတော်မူရာမှာ မိုင်းစည်သည် တောင်ထိပ်တွင် ဖြစ်သောကြောင့် ဆင်ခင်း မြင်းခင်း မသာ မတိုက်နိုင်ချေ ရုံ၍သာ နေရသည်။ နှစ်လခန့်ရှိလျှင် မိုင်းစည် မြို့တွင်းမှာ မျိုးရိက္ခာကုန်၍ သာယာ ချောင် စွာသော စကားဖြင့် လျှောက်၍ အလိုတော်ပြည့်လျှင် ကျိုင်းရုံးလည်း အရေးတော်ပြီးလေတော့သည်။ ယင်းသို့ ကျိုင်းရုံး မိုင်းစည်ကို အောင်မြင်တော်မူလျှင် ဆင်ကောင်း မြင်းကောင်း သူရဲ သူခက်ကောင်းတို့ကို သိမ်းယူတော်မူ၍ ခြေရင်းတော်သို့ လျှောက်လာရသည်။ ကျိုင်းရုံးစော်ဘွားကိုမူကား သစ္စာတော်ပေး၍ မြို့ကို စားမြဲ စားရသည်။ သား သမီး ညီတို့ကို ခြေရင်းတော်မှာ ဖြရသည်။ ညီတော် သတိုးဓမ္မရာဇာကိုလည်း ရွှေမိုးစလေသာကို လင်းဇင်းသို့ ချီတော်မူမည်။ ကျိုင်းရုံးတွင် မျိုးရိက္ခာ ရုံးစု၍ထား အမိန့်တော် ရှိသောကြောင့် အမိန့်တော်အတိုင်း ညီတော်တို့ စီရင်ရသည်။ ယင်းသို့ စီရင်ခိုက် သက္ကရာဇ် (၉၈၅) ခုတွင် ကျိုင်းခေါင်ပုန်စား၍ ခြေရင်းတော်က ရဲသော်ဘာယတို့ ချီရသည်။ ညီတော် သတိုးဓမ္မရာဇာတို့လည်း ကျိုင်းရုံးက ကျိုင်းခေါင်သို့ ချီရသည်။ အရောက်ညီကြလျှင် အနန်မြို့တွင် သူက အခိုင် နေလေသည်ကို ခွပ်ခွပ်ချုံချုံ လုပ်ကြံတော်မူ၍ ရတော်မူသည်။ ယင်းကမှ ကျိုင်းခေါင်သို့ ချီ၍ ရုံတော်မူသည်။

(၉၈၆) ခုနှစ် တော်သလင်းလဆန်း ခြောက်ရက် အင်္ဂါနေ့ ကြံ့တွိကာလကို ချဉ်းသည်။ သီတင်းကျွတ်လ လေပြင်းလာ၍ ဟံသာဝတီတွင် အထိကရသော သစ်ပင်များလဲသည်။ လှေတက်ပျက်သည်။ တန်ဆောင်းမုန်းလမှ ကျိုင်းခေါင်ကိုရသည်။ ။သက္ကရာဇ် (၉၈၇) ခုနှစ်တွင် ကျိုင်းရုံးစော်ဘွား မိုင်းစည်စော်ဘွားတို့သည် ကျေးဇူးသစ္စာတော်ကို ဖောက်ဖျက်၍ သောင်းကျန်း ပုန်ကန်

ပြန်လေသောကြောင့် ညီတော်နှစ်ပါး ကျိုင်းခေါင်းကသည် ကျိုင်းရုံသို့ ချီတော်မူ၍ မိုင်းစည်ကို ရတော်မူပြန်သည်။ ။သက္ကရာဇ် (၉၈၈) ခုနှစ် နတ်တော်လမှ မိုင်းစည်ပျက်၍ ကျိုင်းရုံနှင့်တကွ ရတော်မူပြန်သည်။ ကျိုင်းရုံစားနှင့် မိုင်းစည်စားကို မကောင်းသော အစီအရင်ဖြင့် ကွပ်ချက်တော်မူသည်။ ဟံသာဝတီမှာလည်း ဗေဒင်တတ်တို့က ယာယီရှိတော်မူသည်၊ ပြောင်းလွှဲတော်မူသင့်သည် လျှောက်သောကြောင့် ချောင်းသစ် အနောက်ဘက် ယာယီ နန်းတော်သို့ ပြောင်းတော်မူသည်။ သက္ကရာဇ် (၉၈၉) ခုနှစ် ဝါဆိုလပြည့် စနေနေ့ ရဟန္တာ ဆို သော ဘုန်းကြီး ကို ကျောင်း တင် တော် မူ သည်။ တော်သလင်းလ အဝတွင် မိုးကြီးရွာ၍ တောင်ဘက် ဆည်မြောင်း ကန် ချောင်းပေါက်၍ ကျောင်း၊ ကန်၊ အိမ် ယာ၊ လူသူ၊ ကျွဲ-နွား မျော၍သေသည်။ တန်ဆောင်မုန်းလ ညောင်ရွှေ-စော်ဘွား သမီး၊ ဖန်းမော်-စော်ဘွား သမီး၊ မိုးကောင်း-စော်ဘွား သမီး၊ မိုးညှင်း-စော်ဘွား သမီး၊ မိုးမိတ်-စော်ဘွားသမီး၊ သီပေါ-စော်ဘွား သမီး၊ နောင်မွန်-စော်ဘွား သမီး၊ ရပ်စောက်-စော်ဘွား သမီး၊ လဲချား-စော်ဘွား သမီး၊ မင်းရဲဒိဗ္ဗ မယ်တော် သည်ကိုယ်လုပ်တော်တို့ကို ရတနာပူရကသည် ဟံသာဝတီသို့ ခေါ်တော်မူသည်။ သက္ကရာဇ် (၉၉၀)-ခုနှစ် ကဆုန်လတွင် ယပ်ကိုင်ကောင်း မကိုင်ကောင်း အဝရွှေစည်းခံရပ်တွင် ဆရာတော်အပေါင်းတို့ ရုံးစု၍ ဆိုကြရသည်။ ထိုပထမ ဝါဆိုလဆန်းရှစ်ရက် ကြာသပတေးနေ့ သားတော် မင်းရဲဒိဗ္ဗ လုပ်ကြံတော် မူ၍ နတ်ပြည်စံတော်မူချေသည်။

## သားတော် မင်းရဲဒိဗ္ဗ လုပ်ကြံ၍ အနောက်ဘက်လွန် မင်းတရားကြီး နတ်ပြည်စံတော်မူခြင်း အကြောင်း

လုပ်ကြံရကြောင်းကား သားတော် မင်းရဲဒိဗ္ဗသည် ခမည်းတော် ဘုရားနှင့် နန်းတွင်းတွင် အတူနေတော် မူသည်။ ခမည်းတော်ဘုရား ကိုယ်လုပ်တော် ကျိုင်းတုံစော်ဘွားသမီး နှင်းခန်းပေါ်နှင့် အယှဉ် အပါးရှိကြ၍ ဝမ်းတွင် ပဋိသန္ဓေရှိသည်။ ထိုအကြောင်းကို မိန်းမစိုးတို့သိ၍ ရှိခိုးသံတော်ဦးတင်သော် ဘယ်သူ့ ပဋိသန္ဓေသည် နှင်းခန်းပေါ်ကို ခေါ်၍ နင့်တွင်ရှိသည့် ပဋိသန္ဓေသည် ဘယ်သူ့ ဂုမ်မင်းသမီး နှင်းခန်းပေါ်ကို ခေါ်၍ မေးတော်မူသည်။ ဂုမ်မင်းသမီးလည်း သေရ ပဋိသန္ဓေနည်းဟု နှုတ်တော်ဖြင့် မေးတော်မူသည်။ ဂုမ်မင်းသမီးလည်း သေရ အမှတ်ရှိ၍ ဟုတ်မှန်သည့်အတိုင်း သားတော် မင်းရဲဒိဗ္ဗ တော့မည်ကိုကား

ပဋိသန္ဓေ ဖြစ်ကြောင်းကို လျှောက်လေ၏။ ဘဝရှင် မင်းတရားကြီး
သားတော် မင်းရဲဒိဗ္ဗကို ခေါ်တော်မူ၍ နင်သည် နှင်းခန်းပေါ်နှင့် အ
ရှိသည် မှန်သည်လောဟု၍ စစ်မေးတော် မူသည်ရှိသော် မှန်ကြောင်းကို
သံတော်ဦးတင်လေ၏။ ဘဝရှင် မင်းတရားကြီး ဘုရားလည်း များများ
တော်မရှိ နင် ရာဇဝတ်ကို လွန်ကျူး၍ ကျင့်သည်။ သံအိုးကင်းနှင့် ကြေ
ဟု၍ ခြိမ်းချောက်တော်မူသည်ကို မင်းရဲဒိဗ္ဗသည် သေရတော့မည် အ
လူဆိုး လူသွမ်းတို့နှင့် ပေါင်းဖက် တိုင်ပင်၍ မကြံရာသော အကြံကို
နတ်ပြည် စံတော်မူချေသည်။ ဒုတိယ ဝါဆိုလဆန်း တစ်ရက်နေ့မှ
အများ နတ်ပြည်စံကြောင်းကို သိရသည်။

### အနောက်ဘက်လွန် မင်းတရားကြီး သက်တော် စည်းစိမ် မိဖုရား သားတော်-သမီးတော် များနှင့် ကောင်းမှုတော်များ အကြောင်း

မဟာဓမ္မရာဇာ အမည်တော်ရှိသော ဘဝရှင် မင်းတရားကြီးကား နံ
အင်္ဂါသားတည်း။ သက်တော်နှစ်ဆယ့်ရှစ်နှစ်တွင် အဝရွှေနန်းကို တက်
မူသည်။ စည်းစိမ်နှစ်ဆယ့်သုံးနှစ်သို့လေးလအဝင် သက်တော်ငါးဆယ်တစ်နှစ်
နတ်ပြည်စံတော်မူသည်။ နတ်ပြည်စံတော်မူလိုသော် ပင်းယ-ရွှေစည်းခုံ
ရှင်မျှော်ဘုရား ပြဒ္ဒိဟာ ပြုတော်မူသည်။ နတ်သမီးစာ၊ သိကြားစာ
ပေါ်သည်။ မြစ်ငယ်တွင်းဝယ် မိကျောင်း အများ ပေါ်သည်။ ကျုံ
ကမ်းသိပ်ပြိုသည်။ အဝ-ရွှေစည်းခုံဘုရား လင်းတနားသည်။ ကျောက်ဖျာ
ပေါ်လျက်မျောသည်။ ရွေးသိချင်းသိသည်ဟူ၍ ကျော်သည်။ မဟာဓမ္မရာ
မင်းတရားကြီး ဘုရားကား ပါပစုတ်သားတည်း။ ဘုန်းတန်ခိုး အာဏာ
ကြီးသောကြောင့် မျက်နှာတော် ရယ်တိုင်း ရန်ခပ်သိမ်းကို အောင်မြင်
များ၏။ မိုးရွာသည်ကို ဘေးပြုလျှင် မိုးစဲ၏။ သမုဒ္ဒရာ ဒီရေလာသည်
ဘေးပြုလျှင် ဒီရေမလာဝံ့ ငုံ့ရသည်။ ရဲမက်တော် အပေါင်းတို့လည်း မဟာ
ဓမ္မရာဇာ မင်းတရားကြီး ကျွန်ဟူ၍ ကြိမ်းပက လူကိုသားဘိ နတ်ဘီလူး
တို့သော်လည်း ပျောက်လွင့်လေ၏။ ပြုတော်မူသော ကောင်းမှုတော်
ရွှေမြို့တော် အနောက်တောင်ထောင့် လယ်ကြီးအရပ်၌ ပြာသာဒ်ရွှေကျောင်း
တော် ခမည်းတော်ဘုရား၊ ကောင်းမှုတော် မဟာမြတ်မုနိ ဘုရားရှင် ကိုလည်း
ရွှေလုံးတော်ပြည့် ထည့်၍ ထီးတင်တော်မူသည်။ ကောင်းမှုတော် တွင်လည်း

သုမ္မာဇေရပ် တည်တော်မူသည်။ လေးထပ် ရွှေကျောင်းတော်ကို မြို့တောင်လုပ်၍ ဆရာတော် ရှင်မဟာ သံဃာနာထ ဘုန်းတော်ကြီးအား လှူတော်မူသည်။ ရွှေမင်းဘာကာတို့ ကောင်းမှုတော် ဟောင်းနွမ်း ပြိုပျက်သည် များကိုလည်း လုပ်တော်မူ၍ ထီးတင်တော်မူသည်။ ပုညရှင် ဘုရားကိုလည်း ရွှေလုံးတော်ပြည့် လှူတော်မူသည်။ ဟံသာဝတီပြည်ကြီး၌ ရွှေမော်ဓော မဟာစေတီပြင် နတ်တို့ ဆံတော်ရှင် ဘုရားများကိုလည်း လုပ်ဆောင်တော်မူ၍ မင်္ဂလာတင်တော်မူသည်။ ဤသို့သံသရာစီးပွါးအလို့ငှါ များစွာသောကောင်းမှုတို့ကို ဆည်းပူးတော်မူသည်။ ဘိုးတော် ဆင်ဖြူများ သခင် ဘဝရှင်မင်းတရားကြီး နိုင်ငံတော်ဖြစ်သော ယိုးဒယား၊ လင်းဇင်း၊ လဝိုက်၊ မျက်နှာမည်း ဤပြည်ကြီးများသည် အကြီးတော် တောင်ငူရောက် မင်းတရားကြီး လက်ထက်တော်တွင် မြို့ပြ ခြားနားလေသည်ကို ချီတော်မူ၍သိမ်းယူတော်မူမည် ဟူ၍ စီရင် ခန့်ရန်တော်မူသည်တွင် နတ်ပြည်စံတော်မူချေသည်။

မဟာ ဓမ္မရာဇာ မင်းတရားကြီး ဘုရားတွင် သားတော် သမီးတော် မှို၊ ကိုယ်လုပ်တော်တွင် မြင်သည့် သားတော် သမီးတော်ကား ခမည်းတော် သမီးတော် မင်းသား ဝရသူရ၊ နှမတွင် မြင်သည့် မင်းရဲဗိုဒ္ဓ ချောင်းတွဲခံတစ်ပါး၊ မင်းရဲဗိုဒ္ဓနှင့် ဂုမ်မင်းသမီး နှင်းခန်းပေါ်နှင့် အယဉ်အပေါ်၊ မှိုရာတွင် မြင်သည့် နေမျိုးဒတ္တ၊ ငါးထပ် ဒါယကာတော် မင်းတရား ဘုရားတွင် ဆင်ယင်မှုကိုစားသည်။ ပြည်မင်းတရားကြီးတွင် မြေထဲမှုကို စားသည်တစ်ပါး၊ မိုးကောင်း ပံထွာစား သမီး ခင်မျိုးမြတ်တွင်မြင်သည့် မင်းရဲအောင်တင်တပါး၊ ရာဇာမထိ ရှင်ဒါယကာတော် မင်းတရားကြီး ဘုရားတွင် သမီးတော် ရွှေဆင်းတုနှင့် စုံဖက်၍ စည်ပုတ္တရာမှုကို ပေးတော်မူသည်။ ငါးထပ်ဒါယကာတော် မင်းတရားတွင် မင်းရဲသီဟ ခံသည်။ ။လက်ဝဲရန္တမိတ်သမီး ခင်စန္ဒာတွင် မြင်သည့် သားတော် သခင်ပုတ် တစ်ပါး၊ မျောက် သားတော်ကား ဝင်ကိုင်းလေးထပ် ဒါယကာတော် မင်းရဲကျော်စွာ သမီးတော် ခင်မလှစ်ပြီးတည်။ ။ငါးထပ် ဒါယကာတော် မင်းတရားကြီး ဘုရားတွင် စဥ့်ကူးမှုကို စားသည်။ ပြည်မင်းတရားကြီး ဘုရားတွင် မင်းရဲသီဟခံသည့် နှမတော် မြတ်မိုးပဘာ သက်တော် တဆဲ့ရှစ်နှစ်က လွန်သည်တစ်ပါး၊ ညီမငယ်က လွန်သည်တစ်ပါး၊ သားတော်သုံး၊ သမီးတော် နှစ်၊ ပေါင်း ငါးပါး။

မဟာ ဓမ္မရာဇာ အမည်တော်ရှိသော ဘဝရှင် မင်းတရားကြီးဘုရား လှံ့မြို့ ငြိမ်း၍ နတ်ပြည်စံတော်မူလျှင် ဟံသာဝတီတွင် ရှိသော မှူးကြီး မတ်ရာ အပေါင်းတို့သည် ဤသို့ တိုင်ပင်ကြကုန်သည်။ ယခုသည် ငါတို့သခင် ညီတော် နှစ်ပါးလည်း ကျိုင်းရုံမှာ ရှိတော်မူသည်။ ခရီးမြေတာလည်း ဝေးလှသည်။ ချိမ်းလျှောက်ထားသော်လည်း အလျင် ရောက်တော်မမူနိုင်အံ့သော အကြောင်းမည် ဖြစ်သည်။ ရုံးစုတိုင်ပင်၍တစ်စိတ်တစ်ဝမ်းတည်းဖြစ်လျှင် မင်းရဲဒိဗ္ဗကို မင်းမြှောက်ကြသည်။ မင်းရဲဒိဗ္ဗ မင်းဖြစ်တော်မူလျှင် မြန်မာပြည် အလုံးစုံရှိသော မင်းညီမင်းသား မင်းမှူး မင်းမတ်တို့ကို သစ္စာတော်ပေးသည်။ အဝမှာ အရှိတော်မိဖုရားခေါင်ကြီးသို့လည်း လက်ဆောင် ပဏ္ဏာ ဆက်၍ မင်းဖြစ်ကြောင်းကို လျှောက်ရသည်။ စစ်ကိုင်း မင်းရဲ ဥဇနာသို့လည်း ပေးဖွယ် ကမ်းဖွယ်ပေး၍ သစ္စာတော် တိုက်ရသည်။ ဘထွေးတော် နှစ်ပါးလည်း ကျိုင်းရုံကသည် ကျိုင်းသေ့ခြိမ်သို့ ချီ၍ တိုက်လှေအများ လုပ်၍ နေစဉ် ဘဝရှင် မင်းတရားကြီးဘုရားက စေတော်မူသည့် အဟန် သတိုးဓမ္မရာဇာသို့ မင်းရဲကျော်စွာသည် မသင့်မတင့်သော အကြံအစည်ကို ကြံသည်ဟူ၍ ကြားတော်မူသည်။အဓမ္မ အလျှောက် လုပ်ကြံလေမှာသည်။ ။မင်းရဲကျော်စွာ သို့လည်း သတိုးဓမ္မရာဇာ မသင့်မတင့်သော အကြံအစည်ကို ကြံသည် ဟူ၍ ကြားတော်မူသည်။ အလျှော အဓမ္မ နေသည့်အခိုက် ဖမ်း၍ လုပ်ကြံလေ မင်းတရားကြီးဘုရား အမှာတော် အဟန်ပို့ရသည်။ သတိုးဓမ္မရာဇာလည်း သတိ ပညာ သဒ္ဓါ ဝီရိယနှင့် ပြည့်စုံတော်မူသော မင်းဖြစ်၍ အထက်ယွန်းပြည်သို့ ချီစကပင် ဟံသာဝတီတွင်တစ်စုံတစ်ခု အခင်းထွက်လျှင် ငါ့ဆီသို့ အလျင်ရောက်စေ ဟူ၍ မြင်းအထောက် ထားတော်မူသည်။ ကျွန်တော်တို့လည်း ဟံသာဝတီ မင်းတရားကြီးဘုရား ပထမ ဝါဆို လဆန်း ရှစ်ရက် ကြာသပတေးနေ့ နတ်ပြည်စံတော်မူသည်။လဆန်း ဆယ်ရက်နေ့ နတ်ပြည် စံကြောင်းကို သိ၍ လဆန်း ဆယ်ရက်နေ့ ဟံသာဝတီက မြင်းအထောက်ထောက် ထားသောမြင်းကို စီး၍လာသည်။ ငါးလပြည့်ကျော် လေးရက် တနင်္လာနေ့ ညဉ့်သုံးချက်တီးကျော် ကျိုင်းသေ့ဥတပ်တော်သို့ ရောက်သည်။ ကျွန်တော်တို့ရောက်၍ ဟံသာဝတီမှာ အကြောင်းများကို ကြားတော်မူလျှင် ထိုနေ့ကပင် မြစ်နားက တပ်ကို နုတ်၍ ကျိုင်းသေ့ဥ မြို့တွင်းသို့ဝင်၍ နေတော်မူသည်။ ပိုးသောက်မှ ညီတော် မင်းရဲကျော်စွာကို သိမ်းယူ၍ ခမည်းတော်ဘုရား နေပြည်တော် ရတနာပူရသို့ ချီ၍ နေတော်မူမည် အမိန့်တော်ရှိသည်ကို ညီတော် မင်းရဲကျော်စွာက သည်အရေးသည် သင့်လှသည်။ တပ်မှူး

စ်ကဲ အပေါင်းတို့ကို သစ္စာတော် ပေးတော်မူတော့ လျှောက်သည်။ သတို့ ရှုရာ မင်းတရားလည်း ညီတော် မင်းရဲကျော်စွာကို လွှတ်၍ တပ်မှူး စစ်ကဲ အပေါင်းက ၍ ခေါင်းအကြီး အဝန်း အမှုထမ်းအပေါင်းတို့ကိုလည်း ပထမ ဝါဆိုလပြည့်ကျော် ခြောက်ရက် ကြာသပတေးနေ့ သစ္စာတော် ပေးသည်။ သစ္စာတော် ပေးတော်မူသည်။ ဟံသာဝတီက စေသော သံတို့ကိုမူကား ပထမဝါဆိုလပြည့်ကျော်ခုနစ်ရက် သောကြာနေ့မှ ကျိုင်းခသင့် တပ်တော်သို့ ရောက်လာသည်။ သံတို့ရောက်၍ စာတင်ပါသည်ကို ကြားတော်မူလျှင် သည် အတိုင်း မှန်၏လော အမိန့်တော်ရှိသည်ကို သံတို့က ကျွန်တော်တို့သည် စေသည့် ကျွန် တွန်သည့်နှုတ်ဖြစ်၍ စေလျှင် လာရပါသည်။ အကြောင်းမှာမူကား နောင်တော်ဘုရားကို လုပ်ကြံ၍ မင်းရဲဒိဗ္ဗ မင်းပြုသည် ဟူ၍ နားတော် လျှောက်လျှင် သည်စာကို ဘယ်သူ အပ်သနည်း ဟူ၍ မေးတော် မူပြန်သည်ကို နားတော် လျှောက်သည်။ မင်းသားညီနှင့် မင်းသား ဝရသူရ အပ်သည်။ အပ်သော အခါတွင် မိုင်းသတ်စားနှင့် မိုးကောင်းစော်ဘွား ရှိသည် ဟူ၍ နားတော်လျှောက်သည်။ ယင်းသို့မှ လာသော သံတို့ကို မင်းရဲကျော်စွာတပ်သို့ လွှတ်တော်မူ၍ သွားရသည်။ မင်းရဲကျော်စွာလည်း နှစ်ရက်ရှိလျှင် အခြား ကြံတော်မူ၍ နောင်တော်တပ်ကို တိုက်မည် ဟူ၍ ဆင် မြင်း အလုံး အရင်းနှင့် ထွက်သည်ကို တပ်မှူး စစ်ကဲ အပေါင်းတို့ သိလျှင် ဝန်းရံ၍ အာန်းတကြီးပင် တိုက်ရသည်။ သေဉ်ပဲနှင့် မင်းရဲကျော်စွာလည်း ဆင်စွယ်ချင်းယှက်၍ မနည်း ကြာပင် တိုက်ကြသည်။ နောက် ဆင်ကူ များသောကြောင့် မင်းရဲကျော်စွာ အညံ့ခံတော်မူသည်။ အရေးတော် ပြီးလျှင် ညီတော်ကို ခေါ်တော်မူ၍ အမိန့် တော်ရှိသည်။ ယခု နောင်တော်ဘုရားကို မင်းရဲဒိဗ္ဗ လုပ်ကြံလေ၍ မင်းပြုရာမှ အမောင်တို့ ငါတို့သည် ခမည်းတော်ဘုရား နေပြည်တော် ရတနာပူရသို့ ချီ၍ နေနိုင်အောင် နေမည်ဖြစ်သည်။ ယင်းသို့မှ သင့်ရာ လုပ်ကြံရမည်ကို လူအို လူသူမ်းတို့စကား နာခံ၍ သောင်းကျန်းသည့် အရာသည် သင့်မည်မဟုတ် ဟူ၍ သာ အမိန့်တော်ရှိသည်။ အထူး အပြစ်တော်မထင်၊ မင်းရဲကျော်စွာနှင့် တိုင်ပင် ဘက် ပြုသသူ အမှူး အမတ် ခေါင်းအကြီးတို့ကို မူကား ပျောက်တော်မူသည်။ ယင်းသို့မှ တစ်ဆယ့်ငါးတပ်စီရင်၍ ကျိုင်းသေဉ်က အဝသို့ ချီတော်မူသည်။ မိုင်းခွင်သို့ ရောက်တော်မူလျှင် ရှေ့ဘယ်ဦး ချီစေသော ဇင်းမယ်မင်းသည် မိုင်းခွင်မြို့တွင်းသို့ ဝင်၍ အခိုင် အလုံ နေလေသည်။ ထိုအကြောင်းကို ကြား တော်မူလျှင် ဇင်းမယ်စားသည် သစ္စာတော်ကို မစောင့် ကျင့်သည်။ ကျင့်နှင့်

စေဦး၊ ခမည်းတော်ဘုရား နေပြည်တော် ရတနာပူရသို့သာ ချီတော်မူ သင့်ရှိတော်မူ၍ ရွှေတပ်သားတို့ ရန်တုံ့မပြု ချီရသည်။ မိုးကာလဖြစ်၍ ချောင်းမြောင်းပြည့်လျှံသောကြောင့် တဖြည်းဖြည်းသာ ချီတော်မူသည်။

## အဝမြို့က မင်းရဲဥဇနာ ပုန်ကန်ခြင်းအကြောင်း။

အဝမှာလည်း မင်းရဲဥဇနာသည် မင်းရဲဒိဗ္ဗ သစ္စာတော်ခံပြီးမှ အတုလ ရွှေဒေဝီ ရှင်မိဖုရားခေါင်ကြီးနှင့် တိုင်ပင်၍ ရမည်းသင်း ဝတီး ယင်းတော် ညောင်ရမ်း စသော မြို့ရွာတွင် ရှိသော ဆင် မြင်း လူသူတို့ကို သိမ်းယူ၍ ခြားနားလေသည်။ ဇေယျဝတီ မြစ်စဉ်တလျှောက်တွင် ရှိသော မြို့ရွာတွင် ဆင် မြင်း လူသူတို့ကို သိမ်းယူသည်။ ယင်းသို့မှ စလင်းမြို့၊ ရမည်းသင်းမြို့ သည့်မြို့များမှာ အလုံး အရင်း သွင်း၍ အခိုင် အလုံ နေရသည်။ သည် အကြောင်းများကို ဟံသာဝတီ မင်းရဲဒိဗ္ဗ ကြားတော်မူလျှင် ထားဝယ်မှာ ရှိသော ဘယဂါမဏိကို ခေါ်၍ ရွှေတပ်၊ သည့်နောက် မိုးကောင်းစော်ဘွားတစ်တပ်၊ အဝဘုရင် မင်းရဲကျော်စွာစုံ သားတော် ကျောက်ရစ်မင်းတစ်တပ် သည်တပ်ကြီး သုံးတပ်ကို တိုက်ဆင်တစ်ရာ၊ မြင်းတစ်ထောင်၊ စစ်သည် သူရဲတစ်သောင်းနှင့် ကြည်းကြောင်း ချီရသည်။ ရေတပ်မှာ ဆင်ဖြူများသခင် သားတော် မိုးသင်မင်းတစ်ပါး၊ ညောင်ရမ်းဘုရား သားတော် မင်းရဲနော်ရထာ တစ်တပ် သည်နှစ်တပ်ကို တိုက်လှေ သုံးရာနှင့် ဟံသာဝတီက အဝသို့ ချီရသည်။ ။သက္ကရာဇ် (၉၉၀) ခုနှစ် တော်သလင်း လဆန်း ခုနစ်ရက် တနင်းလာနေ့ မင်းရဲဥဇနာ နန်းတက်သည်။ နတ်တော် လပြည့်ကျော် ငါးရက် သောကြာနေ့ အဝက လှေတပ် ကျောက်တစ်လုံးတွင်ပျက်သည်။ လပြည့်ကျော် ခြောက်ရက် စနေနေ့ ပင်းယတွင် မင်းရဲဥဇနာ ခံတပ်ပျက်၍ ဟံသာဝတီ စစ်သည်တို့ ထပ်၍ လိုက်သည်။ မင်းရဲဥဇနာလည်း တပ်ပျက်လျှင် နန်းတော်သို့ ပြေးလာ၍ အသက်ကို ကယ်တော်မူပါ ဟူ၍ ရှင်မိဖုရားခေါင်ကြီးကို လျှောက်သည်။ ရှင်မိဖုရားခေါင်ကြီးလည်း မောင်တော်နှစ်ပါးရှိရာ ယွန်းပြည်သို့ ပြေးလေတော့ အမိန့်တော်ရှိသည်။ မသွားရဘဲ အသက်လွတ်မည် အကြောင်းကိုသာ ကယ်မတော်မူပါ ဟူ၍ လျှောက်သည်။ ထို့ ဟူ၍ တံတွေးထွေးတော်မူသည်။ ဟံသာဝတီက တပ်မှူး စစ်ကဲတို့လည်း စစ်ကိုင်းမင်း မလာ ဟူ၍ အမိန့်တော်ရှိသည်။ စစ်ကိုင်းစားကို ပေးတော်မမူပါက ကျွန်တော်တို့ သေရတော့မည် ဟူ၍ အပန်တလဲ

ဖျောက်မှ မင်းရဲဥဇနာကို ခေါ်၍ အပ်တော်မူသည်။ တပ်မှူး စစ်ကဲ အပေါင်းတို့လည်း မင်းရဲဥဇနာကို ရလျှင် ဟံသာဝတီသို့ ပို့လေ၏။ မင်းရဲဥဇနာနှင့် တိုင်ပင်ဘက် ဖြစ်သည့် အမတ် တစ်ကျိပ်တစ်ယောက်ကိုလည်း ပို့လေသည်။ ဟံသာဝတီသို့ ရောက်လျှင် မကောင်းသော အကျင့်ကို ကျင့်သောသူ ဖြစ်၍ မင်းရဲဥဇနာကို စီရင်လေသည်။ အတိုင် အပင် ဖြစ်သည့် အမတ်တစ်ကျိပ်တစ်ယောက်ကိုလည်း ဖျောက်လေသည်။ အတုလ စန္ဒာဒေဝီ ရှင်မိဖုရားလည်း ယခု ဟံသာဝတီသို့ စုန်တော်မူမည်။ ဖောင်ပန်းလုပ် ဟူ၍ အချိတော် တော်တော် ရန္တမိတ်ကို အမိန့်တော်ရှိသည်။ အချိတော်လည်း စုန်တော်မူ၍ မသင့်ကြောင်းကို လျှောက်သည်။ ငါမနေ၊ ယခုပင် စုန်တော်မူမည်။ ဖောင်ပန်းသာ ပြီးအောင်လုပ် အမိန့်တော် ရှိသောကြောင့် လှော်ကား နှစ်စင်းတွင် ထားဝယ်နှစ်ထပ်လုပ်၍ ကျန်တော်မျိုးအပေါင်း လှေတက်ဝန်းရံ၍ စုန်တော်မူသည်။ ဟံသာဝတီသို့ ရောက်လျှင် ကောင်းမှုရှာ အိမ်သောက်၍ နေတော်မူသည်။ အချိတော် ကော်တော် ရန္တမိတ် ကိုလည်း အရိုးတော်ဘုရားဘွင် အစောင့်အရှောက်ခန့်၍ နေရသည်။ ဘယကါမဏီတစ်တပ်၊ မိုးကောင်းစော်ဘွားတစ်တပ်၊ ကျောက်ချစ်မင်း တစ်တပ် သည်သုံးတပ်ကို အလုံးအရင်းအများနှင့် အာတွင် အခိုင်အခံ့ ခန့်၍ နေရသည်၊ မင်းရဲနော်ရထာ မိုင်းသတ်မင်းတို့တမူကား ခေါ်၍ ပြန်ရသည်။ နောင်လည်း ညောင်ရမ်းဘုရားသားတော်မင်းသားညီကို အလုံးအရင်းနှင့်ခန့်၍ အဝကို ဝန်ပြုရသည်။

### မင်းညီနောင်နှစ်ပါးတို့ မိုးနဲကပြန်လာ၍ အဝ မင်းရဲဥဇနာကို အောင်မြင်ခြင်း မင်းရဲဒိဗ္ဗကိုဖမ်း၍ ကြံရာပါလူတို့ကို ကွပ်မျက်တော်မူခြင်း သီဝလိဒေဝီနှင့် မင်းရဲနော်ရထာစုံမက်ခန်း

မင်းညီနောင် နှစ်ပါးတို့ကိုမူကား ခရီးမြတာလည်း ဝေးလှသည်၊ တောင်ကမ်းလည်း ကြီးသည်နှင့် ဖြည်းဖြည်းသာသာ ချီတော်မူသည်။ ညောင်ရွှေသို့ ရောက်တော်မူလျှင် ဗေဒင်တတ်သော ရဟန်းတစ်ပါးကို ပင့်တော်မူခဲ့သည်။ ခရီးတွင် ဆင်မြင်းဗိုလ်ပါ ရသမျှကို သိမ်းယူတော်မူခဲ့၍ သက္ကရာဇ် (၉၉၀) ခုနှစ် တပို့တွဲလဆန်း တစ်ဆယ့်သုံးရက် ကနင်းလာနေ့ ညဦး သုံးချက်တီး ကျော်တွင် ပင်းယ အောင်တပ်သို့ ရောက်တော်မူ၍ တပ်ချတော်မူသည်။ မိုးသောက်လျှင် တပ်နိုင်တပ်လုံ့တည်ရသည်။ အဝက ခံသော မင်းသားညီတို့လည်း မင်းညီနောင်

ကြားတော်မူလျှင် တောင်ပလုကို ပတ်၍ တပ်ချ၍ နှစ်ပါး ရောက်လာပြီ ဟူ၍ ကြားတော်မူလျှင် တောင်ပလုကို ပတ်၍ တပ်ကြီး တပ်လုံးနှင့်ခံသည်။ ယင်းသို့မှ ဆိပ်သိမ်းသော သတ္တဝါအပေါင်းတို့ ချမ်းသာ မည့် အကြောင်းကို ရပ်ခံတော်မူပါဟူ၍ တပ်မှူးလေးဦးက လေးထပ်ဆရာတော် တို့ကို လျှောက်၍ ဘုန်းတော်ကြီးတို့ ပင်းယတပ်တော်သို့ သွားတော်မူသည်၊ တပ်တော်သို့ရောက်၍ အကြောင်းကို မေးတော်မူသော် ပြည်သူတို့ ငြိမ်းချမ်း သာယာမည့် အကြောင်းကို ပညာတော်ဖြင့် ဆင်ခြင်၍ စီရင်တော်မူပါ ဟု၍ ဘုန်းကြီးတို့ လျှောက်သည်။ ငါ့ဆရာတော်တို့ ညီလည်း ခမည်းတော်ဘုရား အမြိတ်တော် အရှန်းတော်ဖြစ်၍ ညီပင်ဖြစ်တော့သည်။ မိုးကောင်းစော်ဘွား လည်း ခမည်းတော်ဘုရား နောင်တော်ဘုရားတွင် အထူးသနားတော်မူသည်ဖြစ်၍ ခြေရင်းတော်တွင်မပြတ် မြဲခဲ့ရသည့်သူ ဖြစ်တော့သည်။ ဘယဂါမဏိလည်း ခမည်းတော်ဘုရား နောင်တော်ဘုရားတွင် အမှုထမ်းကြီးဖြစ်၍ အထူးသနား တော်မူသည့်သူ ဖြစ်တော့သည်။ သည်သူများကို ရန်ပြုမည်ဟူ၍ ကျွန်ုပ်မလာ၊ ခမည်းတော်ဘုရား နေပြည်တော်ကိုသာ နေမည်ဟူ၍ လာသည်။ ကျွန်ုပ်ကိုလည်း သင်းတို့ ဆီးတား ရမည့် အကြောင်းမရှိ အမိန့်တော် ရှိသည်ကို ထပ်လောင်း၍ လျှောက်သည်လည်း အလိုတော်နှင့် မညီဖြစ်၍ ငါ့ဆရာတို့ကို ကြပါစေတော့ အမိန့်တော်ရှိသည်။ လူဖယ်လူခင်းလည်း လှူလိုက်သည်၊ ဘုန်းတော်ကြီး တို့ ပြန်၍ တောင်ပလုတပ်သို့ရောက်လျှင် ခွင့်မရကြောင်းကို သိ၍ တပ်မှူး စစ်ကဲ အပေါင်းတို့လည်း တပ်တောင်တာ ခိုင်ခံ့အောင် စီရင်၍ နေကြသည်။

မင်းညီနောင် နှစ်ပါးကလည်း အဝတပ်ကို၊ အဝတပ်ကလည်း မင်းညီနောင် နှစ်ပါးတပ်ကို ချောက်ချားအောင် မတတ်နိုင် ရှိသည်။ သတိုး မဟာရာဇာ မင်းတရားကြီး ဘုရားလည်း ဤသို့ အကြံတော်ရှိသည်။ ယခု အဝတွင် ခံသော တပ်ကို လုပ်ကြံသော်လည်း ဗိုလ်ပါ အထိ အပါးသာ များတော့သည်။ ရှည်လျှင် ငါ့မှို ချည်းဖြစ်သည် အယူတော်ရှိ၍ ပန်းချီဆယ်တိုက်ရဲ လှေဆယ်စင်း မြို့ရွာတွင် ရှိသောလှကို ပခန်းကြီးသို့သွင်း၍ ဘယကျော်သူနှင့် ဒေဝကမ္မာတို့ အခိုင်အလုံ နေရသည်။ မြောက်ဘက် ဘစ်လွှားတွင်ရှိသော သူကြီး ပြည်စိုး တို့ကလည်း မျိုးရိက္ခာ ပဏ္ဏာ ဆက်ကြသည်။ တောင်မြင့် တောင်သမန် စသော ကျော်စည် တစ်တန်းရှိသောဟံသာဝတီက အမှုထမ်း သားမယား၊ တောင်ဘက်လယ်တွင်း ဝယ်ရှိသော အမှုထမ်း သားမယားတို့ကို သိမ်းယူတော်မူ၍ စပ်ကြီးနှင့် လှောင်၍ ထားတော်မူသည်။ ရခိုင်တို့လည်း နောင်တော်ဘုရားကို မင်းရဲဒိဗ္ဗ လုပ်ကြံ လေသောကြောင့် ပြည်ရွာ နှောင့်ယှက်လေသည်များကို တရင်ဗလနှင့် နှတ်

ယောကျ်ားမှူးကို သက္ကရာဇ် (၉၉၁) ခုနှစ်နယုန်လပြည့်ကျော် လေးရက်စနေနေ့ ပင်းယတပ်တော်ကစေသည်။ ဟံသာဝတီကလည်း ရှည်ကြာက အရေးမျက်ချေတော့မည် အမှတ်ရှိ၍ မိုင်းသတ်မင်းတပ်တပ်၊ မင်းရဲဒိဗ္ဗ ဦးစီးတော် မင်းသား ဝရသူရ တစ်တပ် သည် နှစ်တပ်ကို အလုံးအရင်း အများနှင့် အဝတပ်သပါ၍ နှင့် ဘထွေးတော် တပ်ကို တိုက်လေဟူ၍ ဟံသာဝတီက အဝသို့ ချီလာသည်။ မိုင်းသတ် မင်းတို့ နှစ်တပ်သားလည်း တောင်တွင်းကြီးကသည့် သရက်သို့ ချီ၍ သရက်က သည် တလုပ်သို့ ဆင်းမည်။ တလုပ်ကမှ ဧရာဝတီ မြစ်ကြောင်းကို မှီ၍ အဝသို့ချီမည် အကြံရှိသည့် အကြောင်း များကို သတိုးမေဃာ မင်းတရားကြီးဘုရား ကြားတော်မူလျှင် တလုပ်မြို့ကို အခိုင်အလုံ နေနိုင်အောင် ဟူ၍ ညီတော် မင်းရဲကျော်စွာကို အမှူး အမတ် အလုံးအရင်း ဆင် မြင်းနှင့် သုံးတပ် ခန့်၍ ချီရသည်။ မင်းရဲကျော်စွာတို့ ချီလေကြောင်းကို အဝတပ်က သိလျှင် ကျွန်ုပ်ပျက်အောင် တိုက်မည် ဟူ၍ ဘယဂါမဏိ တစ်တပ်ခွဲ၍ မြစ်နားကြောင်း တလုပ်သို့ ချီလေသည်။ ရောက်လျှင် မင်းရဲကျော်စွာက တိုက်မည် ဟူ၍ ဆင် မြင်း ဗိုလ်ပါ စီရင်၍ ထွက်တော်မူသည်ကို ဘယဂါမဏိက အရှင့်သားကို ကျွန်တော် ဝံ့မည်လော ဆိုရသည်။ မင်းရဲကျော်စွာလည်း ရွှေပြည်တန် ဟူသော ဆင်ကို စီးတော်မူ၍ ဘယဂါမဏိ ခွါသည်ကို မြင်တော်မူလျှင် စည်တော်တီး အမိန့်တော်ရှိ၍ တီးရသည်။ ယင်းကမှ မိုင်းသတ်မင်း၊ မင်းသား ဝရသူရတို့ တပ်ကို တိုက်မည်ဟု စီရင်တော်မူပြန်သည်။ မိုင်းသတ်မင်း၊ မင်းသား ဝရသူရတို့လည်း မတိုက်ဝံ့ပါ ဟူ၍ လျှောက်သည်။ စကုမင်းလည်း စစ်ကိုင်းကို သိမ်း၍ နေသည်။ ယင်းသို့ စဉ်တွင် ငသည်ပဲလည်း ဘယဂါမဏိကို တိုက်မည် ဟူ၍ ထွက်သည်။ ဘယဂါမဏိလည်း ရှမ်းကို တိုက်မည် ဟူ၍ ငသည်ပဲရှိရာ လာသည်။ ငသည်ပဲသည် လာသည်ကို မြင်လျှင် ကြို၍တိုက်သည်။ ဆင်နှစ်စီးသည် တိုက်ကြသော်လည်း တစ်ဦးကိုတစ်ဦးမတိုးဝံ့နိုင်ရှိသည်။ ယင်းသို့လျှင် ဆင်ကိုဆုတ်၍ ချွန်းပွင့်က တိုက်ပြန်ကြသည်။ မိုးချုပ်၍ လေးချက်တီးခန့် ရှိလျှင် ငသည်ပဲ စီးသည့်ဆင် အားမတန်၍ တိမ်းရာတွင် ဘယဂါမဏိက ချွန်းနှင့် ခုတ်လိုက်သည်။ ငသည်ပဲကို ခုတ်မိချေသည်။ ဘယဂါမဏိလည်း ကျွန်သားရှမ်း ငါ့ကို စမ်းသည်လားဟု ဆိုပြီးလျှင် စစ်ကိုရုပ်၍ တပ် သို့ ပြန် လေ သည်။ ငသည်ပဲ လည်း ရှုံး၍ ပြန်လေသည်။ တပ်သို့ ရောက်လျှင် ကုန်းလယ်စီးသည် အများရှေ့တွင် ဘယဂါမဏိ ချွန်းသီးနှင့်ရိုက်၍ မင်းကြီးတိမ်းတော်မူသည်ကို ကျွန်တော် အသော

တလျင်မျှ ဆင်က မကျန်ရှိသည် ဟူ၍ ဆိုသည်ကို နင်ငါကို အရက်ရှိသည် ဟူ၍ တပ်ရင်းတွင်ပင် သတ်လေ၏။ ဘယဂါမဏိလည်း သည့်ကဲ့သို့ ပြုစုသော အရေးတော် ပျက်ချေတော့မည် အယူရှိ၍ မိုးသောက်လျှင် မင်းကျွန်းသို့ ပုခန်းကြီးသို့ ကူး၍ ရှုံနေလေသည်။ မင်းသား ဝရသုရတို့ မှကား တလှဲ အနီးတွင် တပ်နိုင် တပ်လုံ တည်၍ နေလေသည်။ မင်းရဲကျော်စွာတို့ ဆိုတပ် လည်း တလုပ်တွင် တပ်နိုင် တပ်လုံနှင့် ခံ၍ နေသည့် အကြောင်းများကို ဟံသာဝတီက မင်းရဲဒိဗ္ဗကြားလျှင် အဝမှာလည်း အရေးမပြီး၊ တလှိုင်မှာလည်း အရေးမပြီး သည်ကချိလေသော တပ်နှင့် ဘတွေးတော်နှစ်ပါးနှင့် တပ်ချက် တည်း ဖြစ်ချေသော် ငါတို့ခက်ချေတော့မည် အယူရှိ၍ ရခိုင်မင်းသို့ ကျွန်ုပ် လာပါမည်။ အလုံးအရင်းနှင့် ယူလာပါစေသည်။ ဟံသာဝတီရှိသော ကိုယ်ရံ တော် ခေါင်း အကြီးအငှန်းတို့လည်း မင်းရဲနော်ရထာအိမ်သို့ သွား၍ မြစ်တော် မူပါ ဟူ၍ ဆိုကုန်သည်။ မင်းရဲနော်ရထာလည်း ခေါင်းအကြီးတို့ ဆိုကြောင်း လျှောက်သည်။ မင်းရဲဒိဗ္ဗလည်း မလိုက်ခနရမည်လော မလိုက်သသူကို သိမ်း ကျွင်းနှင့် ယူမည် ဟူ၍ အမိန့်တော်ရှိသည်။ ကိုယ်ရံတော်တို့လည်း အဝမှာ ရှိလေသော သား မယားတို့ကို သတိုးမေ့ရာဇာ မင်းတရားကြီးဘုရား သိမ်းယူ တော်မူ၍ စပ်လျောင်၍ ထားတော်မူသည်ကို ကြားသည်နှင့် နှလုံးညစ်နွမ်း၍ တစ်ပိတ်တစ်ဝမ်းတည်းရုံးစုပြီးလျှင် သက္ကရာဇ် (၉၉၁) ခုနှစ် တော်သလင်း လဆန်း တစ်ရက် စနေနေ့ နန်းသို့ တက်၍ မင်းရဲဒိဗ္ဗကို ဖမ်းသည်။ ရလျှင် မင်းရဲနော်ရထာကို အပ်သည်။ အဝမှာလည်း ဘယဂါမဏိ ပုခန်းကြီးကို လုပ်ကြံလေ၍ သက္ကရာဇ် (၉၉၁) ခုနှစ် တော်သလင်း လဆန်း တစ်ရက် စနေနေ့ ပုခန်းကြီး ပျက်ချေသည်။ ထိုအကြောင်းကို ပင်းယ ဘောင်တဲက သတိုးမေ့ရာဇာ မင်းတရားကြီးဘုရား ကြားတော်မူလျှင် ညောင်ရွှေက ပင့်တော် မူခဲ့သော ဗေဒင်တတ် ဘုန်းကြီးကို ပင့်၍ ယခု ပုခန်းကြီးပျက်ခဲ့ပြီ။ ပသို့ ဖြစ် မည်နည်း ဟူ၍ အမိန့်တော်ရှိသည်ကို ညောင်ရွှေ သူမြတ်က စိုးရိမ်တော် မမူနှင့် ပုခန်းပျက်လျှင် ပဲခူးပျက်လေတော့မည် ဟူ၍ လျှောက်သည်။ ညောင်ရွှေ သူမြတ်မှာစပ်ပါးပိဋကတ် ဗေဒင်တတ်သော ပညာရှိတို့ကို ရွှေတော်သို့ ခေါ်၍ စိုင်းပြင်း ခင်းကျင်းတော်မူသည် ရှိသော် "ဂဠုန်အနောင်၊ တက်ခေါင် ရန်တင်မေ၊ ရန်သူသုတ်သင်၊ ရန်ပေးစင်မှ၊ အရှင်ဂဠုန်၊ အသာယူအုံ၊ ဂဠုန် နတ်သည်၊ အတတ်ပညာရှင်" ဟူ၍ လာသော သိုက်နိပါတ်တော်ရှိသည်။ ဒေါမကျိုး လုံမကျိုး၊ ရဲမက်တော် မပင် မပန်း၊ အလိုတော် ပြည့်မည် ဟူ၍

လျှောက်ကြသည်။ ဟံသာဝတီမှာလည်း မင်းရဲဒိဗ္ဗကိုဖမ်း၍ မင်းရဲနေဒ်ရထာကို ဖမ်းပြီးလျှင် မင်းရဲနေဒ်ရထာက ပြည်ရွာ မသိတ် မလင့်အောင် မောင်းကြေ နင်းသတ်စေ၍ ညီတော်ကြံညှပ်မင်းနှင့် ကိုယ်ရံတော် ခေါင်း အကြီးအကဲတို့ကို စေ၍ မင်းရဲဒိဗ္ဗကို ဖမ်း၍ထားကြောင်း၊ ရွှေထီး ရွှေနန်းကို သိမ်းယူတော်မူမည့် အကြောင်းကို သတိုးဓမ္မရာဇာ မင်းတရားကြီးသို့ လျှောက်လာရသည်။ အဝ ဘုရင် မင်းတရားကြီး ဘုရားလည်း ဟံသာဝတီမှာ အကြောင်းကို ရေရှာ သိတော်မူလျှင် အဝတပ်၊ တလပ်တပ်၊ ပုခန်းတပ်သို့ ကိုယ်ရံတော်တို့ အမှုတော်ကို ထမ်း၍ အရေးတော် ပြီးကြောင်းကို စေခတော်မူသည်။ တပ်မင်းတို့လည်း အကြောင်း အမှန် အကန် သိပြီးလျှင် အသက်လွတ်ပါမည့် အကြောင်းကို လက်ဆောင် လက်နက် အများယူ၍ ပင်းယတပ်တော်သို့လာရသည်။ ရောက်လျှင် အမြဲထားပြီးမှ ဤသို့ အမိန့်တော်ရှိသည်။ ညီငယ်နှင့် ဝရဇုရ ငယ်တို့သည် မည်းတော်ဘုရား အမြဲတ်အစွန်းတော်ဖြစ်၍နောင်တော်ဘုရားတွင် ယုံကြည် တော်မူ၍ ဝတ်ထိစပါးစေ ပါးတော်မူသည်။ သို့သနားတော် မူသည်နှင့်အညီ နောင်တော်ဘုရား အမှုတော်ကို ကြိုးစား အားထုတ် ထမ်းရမည်ကို မထမ်း၊ သူငယ်မလိမ္မာကို လှည့်ပတ်ဖြားယောင်း၍ မကောင်းသောအကျင့်ကိုကျင့်သည်။ ကျင့်ရာသည်လော ဟူ၍ မကောင်းသော ကွပ်မျက်ခြင်းဖြင့် ကွပ်မျက်တော် မူသည်။ မိုင်းသတ်စားငယ်လည်း ဘိုးတော်ဘုရား အမြဲတ် အစွန်းတော် ဖြစ်၍ နောင်တော်ဘုရား အထူးသနားတော် မူသည်နှင့် အညီ ကျေးဇူး သစ္စာတော် နှစ်ပါးကိုမစောင့် မလိမ္မာသူကို သွေးသင်၍ မကြံရာသော အကြံကို ကြံသည်။ ကြံရာသည်လော ဟူ၍ မကောင်းသော အစီအရင်ဖြင့် ကွပ်မျက်တော်မူသည်။ စဆိုင်းလုံငယ်လည်း နောင်တော်ဘုရား အထူးသနားတော်မူ၍ စော်ဘွားကြီး တို့၏ အဆောင်အယောင်နှင့်တကွ မိုးကောင်းမြို့ကို ပေးတော်မူ၍ သုကောင်း ပြုတော်မူသည်။ ယုံကြည်တော်မူ၍ မိုးကောင်းမြို့မှာ မနေရ၊ ခြေရင်းတော်တွင် မပြတ်စေပါးတော်မူသည်။ ကျေးဇူးသစ္စာတော်ရှိလျက် သွေးဘိ၍ သူငယ် မလိမ္မာ ကိုဖြားယောင်း သွေးသင်၍ မကြံရာသောအကြံကို ကြံသည်။ ကြံရာသလောဟူ၍ မကောင်းသော ကွပ်မျက်ခြင်းဖြင့် ကွပ်မျက်တော်မူသည်။ ကျောက်ရပ်စား ငယ်နှင့် ငွေတစ်ပြားစားငယ်မှကား နောင်တော်ဘုရား နတ်ပြည်စံသောအခါ ခြေရင်းတော်တွင် မရှိလေ၊ ရေးမှာ တစ်ယောက်၊ ထားဝယ်မှာ တစ်ယောက် ရှိလေသည် မသိလေ၊ သို့မသိသော်လည်း ငါ့အမှုတော်ကိုထမ်းရမည်ကိုတစ်ဘက် ဖြင့် ရဲမက်တော်တို့ ပင်ပန်းရချေသည်။ သင်းတို့နှစ်ယောက်ကို စပ်လျှောင်၍

ထား၊ အမိန့်တော်ရှိသောကြောင့် ဝန်ရှင်တော်တို့ စီရင်ရသည်။ ပင်းယ စော
တယ်တွင်နေတော်မူစဉ် သက္ကရာဇ် (၉၉၁) ခုနှစ်၊ တန်ဆောင်မုန်းလဆန်းသုံး
ရက် သောကြာနေ့လေပွေကြီးလာ၍ ဘဝရှင် မင်းတရားကြီး တယ်တော်
ညီတော် မင်းရဲကျော်စွာ တယ်တော်တွင် ရှိသော အိပ်ရာ နေရာ မှအိုး အ
တို့ကို ကောင်းကင်သို့ လေတင်၍ မြောက် တောင်ပလူ အရပ်မှာ ကျသည်။
၎င်း၊ တန်ဆောင်မုန်းလဆန်း လေးရက် တနင်္လာနေ့ နေတက်ခါတွင် ပင်းယ
တယ်တော်ကသည် တောင်ပလူတယ်တော်သို့ ပြောင်းတော်မူသည်။ ၎င်း တန်
ဆောင်မုန်း လပြည့်ကျော် သုံးရက် သောကြာနေ့ အနောက်မြောက်
ထောင့်က လေကြီးလာ၍ ညီတော် မင်းရဲကျော်စွာ တဲတော် ပြိုသည်။ ထိုလ
တွင်ပင် ညီတော် မင်းရဲကျော်စွာ ကျောင်းတော် မြစ်နားခလယ်ထယ်ကို မှန်ကင်း
လူတော်မူသည်။ မင်းရဲကျော်စွာတူး၍ စိုက်တော်မူသည်။ ခမည်းတော်ဘုရား
နန်းတော်ကိုဖျက်၍ နန်းသစ်ဆောက်တော်မူမည်ဟူ၍ ပြန်စဉ်သူကြီး အစရှိသော
သူကြီးတို့ကို သစ်ဆုပ် သစ်တော် ပေးစေ၍ အညာမှာ လေးတပ်ခန့်တော်
မူ၍ သစ်ခုတ်ရသည်။ ဟံသာဝတီက ချီလာသည့် ရဲမက်တော်တို့ကိုလည်း မဟာ
မြတ်မုနိတွင် သစ္စာတော်ပေးသည်။ ဤသို့ ရတနာပူရဘွင်တစ်လခန့် နေတော်
မူ၍ပြည်အလုံးကို စီရင်တော်မူပြီးမှ သက္ကရာဇ် (၉၉၁) ခုနှစ်၊ နတ်တော်လဆန်း
တစ်ဆယ့်တစ်ရက် တနင်္ဂနွေနေ့နေတက်တုန်းခါတွင် တောင်ပလူတဲတော်က
သည် ဟံသာဝတီသို့ ချီတော်မူသည်။ ဆောက်လျှင် မင်းရဲဒိဗ္ဗကို ရဟန်းပြု
ရအောင် လျှောက်ပါဆို၍ လျှောက်သည်ကို ပိဋကတ်တကာ ထိုက်သောသူ
ရဟန်းပြု၍ သုဂတိဘဝကို ရနိုင်မည်လော အမိန့်တော် ရှိပြီးလျှင် အပြ
အလျှောက် ခံရလေသည်။ နောင်တော်ဘုရားကို လုပ်ကြံသောအခါ အပါး
တော်တွင် ပသုရှိသနည်းဟု မေးတော်မူသည်ကို တောင်ငူ နန္ဒယောဓာ သီ
ဆင်းစံဝတီတစ်ယောက်သာ ခြေတော်ကိုဆုပ်၍ နေသည် ဟူ၍ လျှောက်ကြ
သည်၊ ကိုယ်လုပ်တော်ကို ရှေ့တော်သို့ခေါ်၍ မေးမြန်းတော်မူသည်။ ကျွန်တော်
မခြေကိုဆုပ်၍နေစဉ် တုတ်တစ်ချို ဓားတစ်ချိုနှင့် အပါးတော်သို့ ချဉ်းလာသည်
ကို ကျွန်တော်မ မြင်လျှင် ဘုရားထတော်မူ၊ အပါးတော်သို့ လူအများဆောက်
လာသည်ဟူ၍ ခြေကိုလွှတ်၍လျှောက်သည်နှင့် ကျွန် မ တစ် ယောက် ထည်း
မ နေ ဝံ့ ၍ ပြေး သည် ကို လူ တစ် ယောက် ဓား နှင့် တွက် သည်။ ထိုကို
တွက်မိ၍ ဆံပြတ်လေသည် လျှောက်လျှင် သည်သူငယ်မသာ ကျေးရင်း ကျွန်ချ
ပီသည်။ မိန့်တော်မူပြီးလျှင် ငွေသုံးပိဿာ ကျွန်ဆယ်အိမ်ထောင် ပေးတော်

...သည်၊ ဝင်းပြင်သို့ ထွက်၍ နေလေတော့ဟု လွှတ်တော်မူသည်။ သမီးတော် ...ကြီးကိုလည်း၊ သီလဒေဝီ ဟူသော အမည်ကို သမုတ်တော်မူ၍ မင်းရဲ ...နှင့် စုံဖက်တော်မူသည်။ ခေါင်းအကြီးအငယ်၊ ကိုယ်ရံတော် အပေါင်း ...တို့ကိုလည်း၊ ကြေး၊ ငွေ၊ အဝတ် အစား အထိုက် အလျောက် ဆုပေးတော် မူသည်။ ယင်းသို့မှ ဟံသာဝတီတွင်ရှိသော အရညဝါသီပုဂ္ဂိုလ် ဂါမဝါသီပုဂ္ဂိုလ် တို့အား ပင့်၍ ဆွမ်းလုပ်ကျွေးတော် မူသည်။ သင်္ကန်းလျာပိတ် ရမည် မှုရှိ ...သော လှူတော်မူသည်။

## ရခိုင်ဘုရင်က သံစေလွှတ်ခြင်းအကြောင်း၊

သက္ကရာဇ် (၉၉၁) ခုနှစ်၊ တပို့တွဲလပြည့်ကျော်တစ်ဆယ့်လေးရက် တနင်္ဂနွေနေ့ ရခိုင်ဘုရင်က တုရင်ကျော် စက္ကသူတို့ကို သံစေ၍ ရောက်လာသည်။ ရာဇသံတွင် ပါသည်ကား၊ ပစ္စိမဒေသ အနောက်တရိုး၊ ပြည်ကြီးများကို အစိုးရသော ဓညဝတီ တည်းဟူသော ရခိုင်ရွှေနန်းသခင် ဆင်နီဆင်ဖြူရှင် သီရိသုဓမ္မရာဇာ ကြားလိုက်အပ်သောအချစ်တော် အဝဘုရင် ဘိုးတော် ရွှေနန်းသခင်၊ အဝရွှေနန်း သခင်နှစ်ပါး ချစ်ခင် သင့်တင့်ကြ၏။ ပြည်နှစ်ပြည်သည်တစ်ပြည်တည်းကဲ့သို့ပြည် သူလူရဟန်းငြိမ်းချမ်းစွာဖြစ်၍ သာသနာတော်ပြန့်ပွားသာယာသည့် အကြောင်း၊ ကို ကြိက်တော်မူသည်လည်း၊ တစ်ကြောင်းတုံ၊ အဝမင်းသားကလည်း၊ အဝ ဘုရင် လွန်၍ မင်းဖြစ်သည် အကြောင်းနှင့် ရှေးဘိုးဘေးတော်တို့ ကဲ့သို့ တစ်ချက်တစ်လက်တည်း ချစ်ခင် သင့်တင့် ပါချင်သည် ဟူ၍ စာနှင့် လူရောက် လာကြောင်း။ ဘိုးတော်နှစ်ပါးသည် သားတော် မြေးတော် အစဉ်အဆက် ရှေး ထက်မြဲတင် ထောက်ထားစီရင် ပေးသည်ကို အကြောင်း၊ ထောက်ဆဖြင့် အချစ်တော်က မင်းစေတမန် စေလွှတ်လိုက်မှ တရားတော်အတိုင်း အစဉ် အတိုင်းအားဖြင့် ပြည်ရွာကို စိုးအုပ်ခြင်း၊ မဟုတ်၊ ထို့နှင့် သဘောမတူသော အဖြစ်ဖြင့် စိုးအုပ်သည်ကို အတပ် သိသောကြောင့် ဟံသာဝတီသို့ လုပ်ကြံ စီမံမည် စေလိုက်သည်ကို ကြားလိုက်သည်။ သို့ဖြစ်၍ အချစ်တော် ဉာဏ်သာ ကြောင်း၊ ဖြစ်တော့သည်။ ကိုယ်တိုင်ပင် ချီစေလိုကလည်း၊ အကြောင်းသင့် လျှင် ချီတော်မူမည်။ တုရင်စက္ကသူတို့ကို အလျင် လွှတ်လိုက်မှ အချစ်တော် သာယာ ကျန်းခန့်သတင်း ကြားရလှယ်မည်။ ။တပို့တွဲလပြည့်ကျော် တစ်ဆယ့် လေးရက် တနင်္ဂနွေနေ့ တုရင်စက္ကသူတို့ ရောက်သည်။ ဧယျသခံ ရာဇ တမန်နှင့် ပဌာန်း ဇရပ်တွင် ငရဲမြတ်သူက သည်စာကို မြင်းနှင့် ခံသည်။ ရန်မငင်

ငရဲအင် နတ်ရှင် မြင်းချော်ဘုံကို အစောင့်အနေ ခန့်တော်မူရသည်။ မိုး
သံတို့ကို တစ်လခန့်နေစေ၍ သံပက်မည့်အကြောင်းကို မှူးတော်မတ်တော်တို့
ကိုင်ပင်တော်မူ၍ ဖလင်းစား ကောင်ထွတ်မှူး တို့ကို ဆက်တော်မူသည်။ ရာဇ
သံတွင် မှာတော်မူသည်ကား ရွှေနန်းသခင် ဘဝရှင်မင်းတရား ချစ်ကြည်တော်
မြတ်စွာ ကြားလိုက်သော ပစ္ဆိမအနေအက်တရိုး ပြည်ကြီးများကို အစိုးရသော
ဆင်နီ ဆင်ဖြူများသခင် အချစ်တော် ဘဝရှင် သီရိသုဓမ္မရာဇာ ခမည်းတော်
ဘုရားသည် ရွှေနန်းသခင်နှင့် ဘဝတိုင်း ပါရမီ ဖြည့်ရမည့်အကြောင်း မင်း
နှစ်ပါးသည် အလွန် ချစ်မေတ္တာ မြဲကြ၍ ပြည်နှစ်ပြည်သည် ရေအမြှုပ်ကဲ့သို့
အခြားမဲ့ ပြည်သူ လူရဟန်းတို့ ပွင့်လင်းသာယာကြသည်။ သာသနာတော်သည်
ကောင်းအင်ပြင်ကဲ့သို့တစ်ချက်တည်းဖြစ်၍နေသကဲ့သို့ ထွန်းတောက်ပကျန်သည်။
ရှေးအစဉ်အတိုင်း ခမည်းတော် ဘုရားသည် ရွှေနန်းသခင်နှင့် အချစ်ပြိုင်
ဘုံးတော် ဆင်ဖြူသခင်နှင့် အချစ်မင်းနှစ်ပါး လက်ထက်ကကဲ့သို့ သာသနာတော်
တစ်ပြင်တည်း ထွန်းတောက်ပ၍ ပြည်သူ လူ ရဟန်း ပွင့်လင်း သာယာမြဲနေ
မည့် အကြောင်းကို ကျွန်ုပ်တို့ မင်းနှစ်ပါးတို့ ဝယ်သာ အကြောင်းဖြစ်သည်။ မင်း
နှစ်ပါးသည် ချစ်ကြည်မေတ္တာရှိကြတော့သည်။ သူတော်ကောင်းပညာရှိတို့သည်
သူတော်ကောင်းပညာရှိချင်း။ ကြုံကိုက်ကြတော့သည်ချည်း။ တရုတ်ကျော်စက္က
တို့ကို ချစ်လေးမြတ်သောအကြောင်းဖြင့် အချစ်တော်က သတင်းစပ်လာ၍ အချစ်
တော်အကြီး ဆင်ဖြူသခင် မြေးဟူ၍ အချစ်တော် အကြောင်းအနွယ်ကို သိရလျှင်
လည်း အလွန်ဝမ်းမြောက်သည်။ အကြောင်းမျိုးတို့ကို သိစိမ့်မည်။ တရုတ်ကျော်
စက္ကသူတို့ကို ကြားစေသည်။ တရုတ်ကျော် စက္ကသူတို့လည်း အကြောင်းကိုသိတော်
သည်။ အချစ်တော် သာယာသည့် အကြောင်း သတင်းကို ကြားရအောင်
ကိုလည်း ဖလင်းစား ကောင်ထွတ်မှူးတို့ကို သတင်း စပ်လာစေသည်။ ဖလင်း
စား ကောင်ထွတ်မှူး တို့ကို အလျင်လွှတ်လိုက်မှ အချစ်တော် သာယာသည့်
အကြောင်းနှင့် သတင်းစာကို ကြားရမည်။ ။ရာဇသံတွင် မှာတော်မူသည့်
စာခေါင်းကို ရာဇာဘိသေက ခံတော်မမူသေး သောကြောင့် အကုန် မချီး မ
မထုတ်သည်။ ရွှေပေနှင့် ရေး၍ ဆင်စွယ်ကြုတ် ကတ္တီပါအိတ်တွင် သွင်းသည်။
ရခိုင်မင်းကိုလက်ဆောင်တော်ကတိုးဘယ်ခွါ လက်ဖက်ဆယ်ခြင်းပါးလိုက်သည်။
သက္ကရာဇ် (၉၉၁)ခု တန်ခူးလဆန်း ခြောက်ရက် စနေနေ့ သံတို့ကို လွှတ်တော်
မူ၍ လှေန်းကြင်နှင့်သွားရသည်။ ။သက္ကရာဇ်(၉၉၂)ခုနှစ် ဝါဆိုလ သဘ
တဲတော်တွင် စံနေတော်မူသည် အမိန့်တော်ရှိသည်။ ငါ့ကျွန်တော်မျိုး အပေါင်း

တို့တွင် အယုတ်အလတ်အမြတ်ရှိသည်။ ခြားခြားနားနားမရှိပေ၊ သိသာစေဆောင်
စေ၍ အစုအငန်း ဖွဲ့တော်မူရသည် ဖြစ်မှ နောက်နောင် သားတော် အစဉ်
မြေးတော် အဆက် သိသာမည်ဟူ၍ အမိန့်တော်ရှိပြီးလျှင် ရွေးကောက်တော်မူ၍
သွေးသောက် ဖွဲ့တော်မူသည်။ ။တောင်ငူ နန္ဒဗေယျသင်္ခယာ၊ တရဖျား၊
ပြည်စား၊ ဥဇိန်ကျော်ထင်၊ ပုရမင်းရဲခံ နန္ဒကျော်သူ၊ သတိုးတန်စား၊ အဘယ
ဗေယျတို့ သားမြေးအရည်တူကို တောင်ငူ လေးဆယ်သား ဇေယသီဟ ကြက်
မောက်စားကို သွေးသောက်ကြီး ခန့်၍ ဖွဲ့တော်မူသည်။ နောက် နန္ဒသိင်္ခ
တောင်ငူလေးဆယ်သား၊ သီရိယောဓ၊ နန္ဒဗေယျ၊ ရန်ပုန်း၊ ဒိုင်းမှူး နန္ဒယ
ဗေယျရန်မိတ်၊ နေလုလင်တို့ သား မြေး အရည်တူကို တောင်ငူ ဒိုင်းမှူး
ယောဟန်သား ဝေလုသုန္ဓရကို သွေးသောက်ကြီးခန့်၍ ဖွဲ့တော်မူသည်။ ။
တောင်ငူသား ဥသာရောင့်ယ်ရသင်ရဲ၊ လက်ဝဲရန္တသူတို့ အရည်တူကို တောင်း
မှူးမှူ၊ ချွန်းနောင်ပေါင်းသား ကန်တူစား တုရည်စည်သူကို သွေးသောက်ကြီး
ခန့်၍ ဖွဲ့တော်မူသည်။ နောက်လက်ယာဗေယသကြံခံ၊ နောက် နန္ဒစည်သူ၊
ကာမစားညီသား၊ ထွေးပိန်အင်စားရဲကျော်မှူး၊ ချွန်းတောင်စား၊ မေးတပ်စား၊
မြေရဲခေါင်လေးမှူး၊ ကြက်လျှာစား၊ နန္ဒပကြံ၊ မင်းကျော်ထင်ညီ ဝရတို့
အရည်တူကို သွေးသောက်ကြီးခန့်၍ ဖွဲ့တော်မူသည်။ ။တောင်ငူ အင်းမ စား
သား တေလိုင်း၊ သေကြီး၊ ကျောင်း၊ မြို့သစ် ငယ်စား၊ တုရင်သိမ်းစည်၊
တုရင်သခံသား ဦးရှိနောင်တို့ သားမြေး အရည်တူကို တောင်ငူ အင်းမ စား
သား ကျောင်းကို သွေးသောက်ကြီးခန့်၍ ဖွဲ့တော်မူသည်။ ။တောင်ငူ
လေးဆယ် သားမြေး၊ သပေါက်မှူး သောရ၊ သူရဲမှူး လေတ်၊ ဒိုင်းနိစ်မှူး
မျိုးတော်၊ လက်ဆောင်သမှူး မြေး ထွေကာ၊ သမာတောင်မှူးတို့ သား မြေး
အရည်တူကို စွန့်စားကို သွေးသောက်ကြီးခန့်၍ ဖွဲ့တော်မူသည်။ ။တောင်ငူ
ပံသာဝတီ ကျေးစားသင်းမှူးတို့ သားမြေး၊ ဂါမဏီသား၊ ကမ္ပလာစား၊
ကုက်စောင့်မှူး၊ ကြွက်မှူးတို့ အရည်တူကို ရဲဘော်မှူးကို သွေးသောက်ကြီးခန့်၍
ဖွဲ့တော်မူသည်။ ။သမန္တာဘသူ နတ်သူရဲမှူး ရန္တပ္ပ၊ ကောင်ဖြစ်စင်မှူး၊ ငရဲစား
ခေါ် သန္တိစား၊ စန္ဒားစား၊ မျိုးဘော်ကွမ်းအုံစား၊ သားပေါ့တို့ အရည်တူကို
ကျည်းခံစားကို သွေးသောက်ကြီးခန့်၍ ဖွဲ့တော်မူသည်။ ။ရှမ်းစော်ဘွား
မော်ကန်မြို့စား ပြစားတို့ သားမြေးကို ရွေးချယ် ဝိစစ်တော်မူ၍ လုပ်ကျွေးတော်
ဖွဲ့တော်မူသည်။ နောက်လည်း စော်ဘွားမြို့စား သားမြေးကို ပြည့်တော်
မူသည်။ ပိုက်သင်ရဲ သွေးသောက် ခမည်းတော်ဘုရား နောင်တော်ဘုရား

လက်ထက် ဖွဲ့တော်မူသည်။ ကျေးစား ရွာစား သားမြေးတို့ကို အိမ်ရှေ့စံတော်မူစဉ်ကာလ လက်ဝဲ ခါးလိုက်၊ လက်ယာခါးလိုက်ခန့်တော်မူသည်။ သူကောင်းသားမြေးတို့ကိုလည်း လက်ဝဲ ခါးစေ၊ လက်ယာခါးစေ ဖွဲ့တော်မူသည်။ ကျွန်တော်ဟောင်း နောက်တော်ပါ ကျွန်တော်ဟောင်း ကျေးစား ရွာစားတို့ သားမြေးအရည်တူကို လက်ဝဲတစ်ဆယ်၊ လက်ယာတစ်ဆယ်စီဖွဲ့တော်မူသည်။ ကျွန်တော်ဟောင်းနောက်ပါ ကျွန်တော်ဟောင်းသားမြေးတို့ကို လက်ယာဗယာသု သွေးသောက်၊ လက်ဝဲဖြစ်သွေးသောက်၊ မင်းကွန်းစား သွေးသောက်၊ ညွန့်ရုံးစား သွေးသောက်၊ ပင်းတယစား သွေးသောက်၊ နန္ဒပေယျအရည်ကျ မြင်းခေါင်းစီး ဖွဲ့တော်မူသည်။ ကျွန်တော်ဟောင်း မိုးနဲ့စားနောက်ပါ ကျေးစားအရည်တူကို ပေယျဗလကို သွေးသောက်ကြီး ခန့်၍ ဖွဲ့တော်မူသည်။ နောက်မလွန်သားတို့ကို ဖြည့်တော်မူသည်။ ငန်းစွန်တွင် အစုအကွက်ချ၍ နေရသောကြောင့် ငန်းစွန်မြင်း တွင်သည်။ ရှင်မိဖုရားခေါင်ကြီးကို ပေးတော်မူသည့်လူစုကိုလည်း ဖြည့်တော်မူသည်။ ။ရဲတော်မြင်းတွင် ကျော်စွာမင်းသမီး အထိန်း အချို ကွမ်းကိုင် ရေကိုင် အလယ်သာစား ဒီပ ပေါက်ထွေး၊ ကျော်သင်မင်းသမီး အထိန်း အချို၊ ကွမ်းကိုင် ရေကိုင် ဆွဲခမောင်၊ သောက်ဝေ၊ ထွေပေါက်တို့ကို ဖြည့်တော်မူသည်။ သည်လေးစုံသည် သတ္တမ တဲတော်တွင် မင်းဆွေမျိုး မှူးတော် မတ်တော် ကျေးစား သင်းမှူး သားမြေးတို့ အရည်တူကို ရွေးတော်မူ၍ ဖွဲ့တော်မူသည်။ သည်နည်းချည်း မှူးသား မတ်သား သင်းမှူးသား အရည်တူတို့ကို ရွေးချယ် စီစစ်တော်မူ၍ သွေးသောက်စုမြင်းမှာ ဖြည့်တော်မူသည်။

## ရခိုင်က ထပ်မံ သံစေရောက်လာခြင်း
## ကျွန်တော်ဟောင်းများကို သွေးသောက်စု ဖွဲ့၍
## အမည် အရည် ပေးတော်မူခြင်းအကြောင်း

သက္ကရာဇ် (၉၉၂) ခုနှစ်ဝါခေါင်လပြည့်ကျော်တစ်ဆယ့်သုံးရက် အင်္ဂါနေ့ ရခိုင်က သံရာဇတမန် ကျော်သူ ရဲကျင့်မှူးတို့ ရောက်သည်။ ရာဇသံကို ရွှေပေတွင် ရေး၍ ဆင်စွယ်ကြုတ် ကတ္တီပါအိတ်နှင့် ပါသည်။ တော်သလင်းလဆန်း ခုနစ်ရက် အင်္ဂါနေ့ ပင်သည်ပြည်ဧရပ်တွင် နန္ဒမိတ် မြင်းခေါင်းကြီးများနှင့် ရာဇတမန်

ကျော်ထ၊ တောင်ငူဇေယျ ရဲမြတ်ကူးလည်း စာခေါင်းမှာနည်းတူ စာသားမှာ
ရုံရာသာကွဲသည်။ စာကို ဆင့်ရှေ့က ကြိုးနီမှမ်း၊ ရွှေပန်းတောင်းနှင့် ခံသည်၊
ရွှေသွားကိုင်၍ စီးသည်။ ရာဇတမန် ရဲတွင်မှူးတို့ ဆင်ကုန်းချည်း စီးသည်၊
ရုံတော်သို့ ရောက်လျှင် စာကို ရဲမြတ်ယူ၍ ရွှေမှာ သင်းဖြူးပေါ်နေရာတွင်
ပန်းတောင်းနှင့် တည်သည်။ မနည်းကြာ၍ ကွမ်းတစ်ရာညက်ခန့်ရှိမှ ထွက်တော်
မူသည်။ ယင်းသို့မှ သံနှင့် လက်ဆောင်ကို ဝင်ရသည်။ လက်ဆောင်ခံသို့
ရောက်လျှင် လက်ဆောင်ခံ စင်တွင် ထားရသည်။ မင်းသံတို့ အနေအထိုင်
များလျှင် စာကို ရဲမြတ်ဖတ်သည်။ မေးမြန်းတော် မူပြီးလျှင် ရွှေပလား
အနားမြေ-က်နှင့် ကွမ်းလက်ဖက်တည်သည်။ ကွမ်းတစ်ရာညက်ခန့်ရှိလျှင် သံတို့
ထွက်ရသည်။ သို့မှ ဝင်တော်မူသည်။ ယင်းသို့မှ ရခိုင်သံတို့ကို တစ်လခန့်နေစေ၍
ရခိုင်သို့ သံဆက်တော်မူသည်။ ရာဇသံတွင် စာခေါင်းကား အထက်ကနည်းပင်
ရုံရာသာ ကွဲသည်။ စာကို ရွှေပေတွင်ရေးစေ၍ ဆင်စွယ်ကြုတ် ကတ္တီပါအိတ်
သွတ်၍ မြခံသတ်ဆိပ်ခတ်သည်။ ရခိုင်ဘုရင်သို့ပါးတော်မူလိုက်သည်။ ထရုတ်
ပုဆိုးကြီးနှစ်လိပ်၊ အလတ်တစ်ဆယ့်လေးလိပ်၊ အငယ် ခြောက် လိပ် ပေါင်း
နှစ်ဆယ့်နှစ်လိပ်၊ ယွန်းပုခြောက်လုံး၊ ယွန်းသင်ဖြူးတစ်ဆယ်၊ လက်ပတ်ခြင်းကြီး
ရှစ်ခြင်းကိုမူကား ရခိုင်တွင်ဆရာပြုသသူ အခရပိုင် သက်ကြီးမှူးရင့်တို့ကို
ယူလေ မှာတော်မူသည်။ အငယ်နှစ်ခြင်းကို ဘယနန်းသူ ပုလင်းစား ဆင်ကဲ
နိုင်းမှူးတို့ သုံးစွဲရလိမ့်မည် မှာတော်မူသည်။ ဟံသာဝတီက သွားသောခါ
လှော်ကားတစ်စင်းတွင် အမိန့်တော်နှင့် လက်ဆောင်တော်ကို တင်၍ ဆင်ကဲ
နိုင်းမှူး စီးရသည်။ တစ်စင်းမှာ ဘယနန်းသူနှင့်ပုလင်းစားစီးရသည်။ တစ်စင်းမှာ
ရခိုင်မင်းသံတို့ စီးရသည်။ သံလျှင်သို့ ရောက်လျှင် လှန်းကြင်တစ်ဆယ်နှင့်
သွားရသည်။ ငလုစိန်နှတ်စရိုက်တို့ နှစ်ယောက်ကိုငွေဒင်္ဂါးတစ်ဆယ်စီပေးတော်
မူသည်။ လှန်းကြင်ခတ် နှစ်ကျိပ်နှစ်ယောက်မှာတစ်ယောက်ကိုဒင်္ဂါးလေးကျပ်စီ
ပေးတော်မူသည်။ သက္ကရာဇ် (၉၉၂) ခုနှစ် သီတင်းကျွတ်လပြည့်ကျော်တစ်ဆယ့်
တစ်ရက်တနင်းလာနေ့ ရခိုင်သို့စေတော်မူသည်။ ဘရှင်မင်း တ ရား ကြီး
ဘုရားလည်း နှစ်လတိုင်တိုင် ဆင် မြင်း ဗိုလ်ပါတို့ကို ပြည့်တင်း၍ ကျွန်တော်
ယောင်း ခမည်းတော်ဘုရား နောက်တော်ပါ၊ နောင်တော်ဘုရား နောက်တော်
ပါလူစုတို့ကို ရာဇဂုရု သွေးသောက်၊ ရာဇသင်္ကြံ သွေးသောက်၊ ဓဝကမ္ဘာ
သွေးသောက်၊ ရာဇသိင်္ခ သွေးသောက်၊နေမျိုးနော်ရထာ သွေးသောက် သည်
ငါးသွေးသောက်ကို စစ်ချီတော်မူလျှင် အစေခံ ဖွဲ့တော်မူသည်။ ကျွန်တော်

ဟောင်း စော်ဘွား မြို့စားတို့ ညီသားကို သွေးသောက်စု ဖွဲ့တော်မူသည်။
နောက် ပိုက်သင်ရုံကြီးခံသည်။ ကျိုင်းရုံးပါ ကျွန်တော်မျိုးတို့ကို အဂ္ဂရာဇာကို
ခေါင်းခန့်၍ ဖွဲ့တော်မူသည်။ မိုးနဲ့ပါ နောက်တော်ပါ ကျေးစား ရွာစား
တို့ကို လက်ျာတော် မိုင်းရဲ သွေးသောက်စု ဖွဲ့တော်မူသည်။ မိုးနဲ့ပါ စုံရောက်၊
ကျိုင်းသေဉ်ပါ ရှမ်းသူကောင်း သားမြေးတို့ကို ချောင်းဆုံစား မဏိစေတ်ကို
သွေးသောက်ကြီးခန့်၍ ဖွဲ့တော်မူသည်။ မိုးနဲ့ပါ စုံရောက်၊ ကျိုင်းသေဉ်ပါ
ရှမ်းသူကောင်း သားမြေးတို့ကို ပေါင်လောင်စားကို ခေါင်းခန့်၍ ဖွဲ့တော်
မူသည်။ တောင်ငူ မင်းရဲကျော်စွာကျွန် ကျေးစား ရွာစားတို့ သားမြေးကို
ညောင်ဥ်စားကို သွေးသောက်ကြီးခန့်၍ ဖွဲ့တော်မူသည်။ တောင်ငူ မင်းရဲ
ကျော်စွာကျွန် မင်းရဲသီဟသူကျွန် ကျေးစား ရွာစားတို့ သား မြေးကို
နန္ဒယကို သွေးသောက်ကြီးခန့်၍ ဖွဲ့တော်မူသည်။ ဇင်းမယ်၊ မိုင်းပတ်၊
မိုင်းယုံ၊ မိုင်းပန်၊ ကျိုင်းလောင်ပါ ရှမ်းကျေးစား ရွာစားတို့ သား မြေးကို
အမှူးပြု တေဇခံကို သွေးသောက်ကြီးခန့်၍ ဖွဲ့တော်မူသည်။ ကျိုင်းရုံး မိုင်းစဉ်ပါ
ကျေးစား ရွာစားတို့ သား မြေးကို သေဉ်မကို သွေးသောက်ကြီးခန့်၍
ဖွဲ့တော်မူသည်။ တောင်ငူ မင်းရဲကျော်စွာ မင်းရဲသီဟသူတို့ကျွန် ကျေးစား
ရွာစားတို့ သား မြေးတို့ကို နတ်စက်ရောင်မှူးကို သွေးသောက်ကြီးခန့်၍ ဖွဲ့တော်
မူသည်။ နတ်ရှင်မြင်းရင်းတွင် ကျွန်တော်ဟောင်း ဇေယျဂ မဏိ၊ ဇေယနန်းသူ
ကျော်ခေါင်မှူး၊ ဝန်းသိုဂိုင်းမှူး၊ မြင်းငယ်စား သူငယ်တော်မှူး သေနတ်
သွေးသောက်ကြီးခန့်၍ ဖွဲ့တော်မူသည်။ နတ်ရှင် မြင်းရင်းတွင် ကျွန်တော်
ဟောင်း ဇေယျဂ မဏိ ဇေယနန်းသူ၊ကျော်ခေါင်မှူး၊ ဝန်းသိုဂိုင်းမှူး၊ မြင်းငယ်
စား သူငယ်တော်မှူး၊ သေနတ် သွေးသောက်ကြီး ငဦးကာတို့ အရည်တူ
ဆယ်စီးနတ်ရှင် မယ်တော်ကျွန် ကျေးစား ရွာစားတို့ မြောက်ဘက် နန္ဒယောဓာ
ဆေးသား မျိုးသား တို့ကိုလည်း ဖြည့်တော်မူသည်။ ရွှေထိပ် ရွှေကုံး ပန်း
ငါးဆင့်၊ မောက်တို့နက် ချပ်နက် ရွှေလုံ့ မြင်းစုမှတ် အလံနက် အမြူလည်း
ပေးတော်မူသည်။ နောင်တော်ဘုရား လက်ထက်တော်က သည် ဘဝရှင်
မင်းတရားကြီးဘုရားတိုင် ဘယနန်းသူ ရွှေထိပ် ရွှေကုံးနှင့် ဆောင်သည်။
မင်းတရားကြီးမြင်းတွင် နန်းဦးမြင်းရင်းကနတ်၍ ငါးစီးကျွန်တော်ရင်း မြင်းဝန်
ဘယသကြိုည် သီရိယောဓာ၊ လက်ဝဲသူရ၊ ရန်သစ်စား၊ ကျောက်ဘိုင်ဂိုင်းမှူး၊
ရဲထွဋ်ကျော်ခေါင်မှူးတို့ အရည်တူ ဆယ်စီးကိုလည်း ဖြည့်တော်မူသည်။ ရွှေထိပ်
ရွှေကုံး ပန်းငါးဆင့် မောက်တိုနီ ချပ်နီ ရွှေလုံ့ မြင်းစုမှတ် အလံနီ

ပေးတော်မူသည်။ နောင်တော်ဘုရား လက်ထက်တော်က ...ယ်လည်း ဘဝရှင် မင်းတရားတို့ ဂါမဏိ ရွှေထိပ် ရွှေကုံး ဒေါ်ပတ္တမြားစီနှင့် ...သည် ...ောင်သည်။ နန်းဦး မြင်းရင်း တွင် ပြည်နန်းတည်မင်းကျန် လေးဆယ် ...ဆယ်သား၊ မှူးသား၊ မတ်သား၊ အတွင်းမြို့ မှူးသား၊ မတ်သားတို့ကို ...နောင်တော်ဘုရားတွင် ရှင်မိဖုရားခေါင်ကို ပေးတော်မူသည် လုလင်တို့ကိုလည်း ...ပြုတော်မူသည်။ ။နန်းတွင်း၊မြင်းရင်းတွင် ပြည်နန်းတည်မင်းကျန် လေးဆယ် ...ဆယ်သား၊ မှူးသား၊ မတ်သား သူကောင်း သား မြေး တို့ကို နောင်တော် ...ဘုရားတွင် တင်တော်မူ၍ ယွန်းပြည် ဇင်းမယ်မှာ ကြွင်းလေသော ပြည်ရေး ...သူတို့ကို သုတ်သင်တော် မူလိုသောငှါ ရာဇာဘိသေက မခံဦးဘဲ သက္ကရာဇ် (၉၉၂)-ခု တန်ဆောင်မုန်း လပြည့်ကျော် နှစ်ရက် တနင်္ဂနွေနေ့ ရွှေချက် ...စင်းနှင့် ရွှေဝေါ်စီးတော်မူသည်။ တန်ဆောင်မုန်းလပြည့်ကျော်တစ်ဆယ့် ...သုံးရက် သောကြာနေ့ တဲတော်ဦး ပြောင်းတော်မူသည်။ ပန်းထရော် တပ်ကို ...ဝင်လောင်သည်။ နတ်တော်လဆန်း ငါးရက် သောကြာနေ့ သုံးဆယ့်နှစ်တပ် ...ချင်တော်မူ၍ ဟံသာဝတီက ဇင်းမယ်သို့ ချီတော်မူသည်။ နတ်တော်လဆန်း ...က သည် လပြည့်ကျော်တိုင်အောင် အဝမှာ ထီးလှိုင်ရှင်ဘုရား စောင်တော်ပြု ...သည်။ ပြာသိုလဆန်း လေးရက် တနင်္လာနေ့ ဥက္ကာကြီးပုံ၍ အနောက် ...မြောက်ထောင့်သို့ ကျသည်။သည်းစွာ တော်လည်းသည်။ဘဝရှင်မင်းတရားကြီး ဘုရား ဇင်းမယ်သို့ ရောက်တော်မူလျှင် သုံးဆယ့်နှစ်တပ်လုံး ဝန်းရံ၍ လုပ်ကြံ ...တော်မူသည်။

## ဇင်းမယ်ကို အလိုတော်ပြည့်၍ မိုင်းခွင်က အညံ့မခံသောကြောင့် ချီတက် လုပ်ကြံရကြောင်း

သက္ကရာဇ် (၉၉၄)-ခုနှစ် ဝါဆိုလပြည့်ကျော် တစ်ဆယ့်လေးရက် စနေနေ့ ...ရှိုင်က သံဆက်၍ ဘယရန္တမိတ်၊ ဇေယဘတ္တရာ၊ ဒေဝတမန်တို့ ဟံသာဝတီသို့ ရောက်သည်။ ။သက္ကရာဇ် (၉၉၄)-ခု တန်ခူးလ ဇင်းမယ်ကို အလိုတော် ပြည့်သည်။ အရေးတော်ပြီးလျှင် ဇင်းမယ်မြို့ရှင် ငါးဆယ့်နှစ်မြို့ကို သုတ်သင်တော် မူသည်။ ကျိုင်းရုံ၊ ကျိုင်းတုံ-စော်ဘွားတို့လည်း ဆင်ကြီး၊ မြင်းကြီး၊ သား ...သမီးတို့ကို လက်ဆောင်တော်ဆက်၍ သစ္စာခံတော်ခံသည်။ မိုင်းခွင်တစ်မြို့မှာသာ အညံ့မခံသောကြောင့် ညီတော်မင်းရဲကျော်စွာတစ်တပ်၊ သိုရှိမ္ဗာသောက

ငါးကျပ်။ ။ပိုက်နရဲ့ကို အဆောင်မအပ် ထည့်လိုက်သည်။ ဝါးရင်းတုတ် ချစ်နေင်၊ သောက်ပေါင်း၊ ကောဇ် သုံးယောက်ကို ငွေယွန်းကွင်း နှစ်ကွင်းစီ၊ လက်ဝဲသိန်းစည်းကို လက်ကျေး လေးယောက်၊ ဝေလုသမန်ကို အပ်သည် သုံးယောက်၊ ပိုက်နရဲ့ကို အပ်သည် ကံကျေး သုံးယောက် ပေါင်းတစ်ချိုက်ကို ငွေယွန်းတစ်ကွင်းစီ၊ သံလျင် လှေစိန်နတ်စရိုက်နှင့် လှေတော် သုံးကျိုပ်ကို ပေးသည်။ ဒါးတစ်ယောက်တစ်ပြားစီ သီးသန့် ထားတော်မူ၍ သက္ကရာဇ် (၉၉၄) ခုနှစ် နတ်တော်လပြည့်ကျော် တစ်ရက်၊ သောကြာနေ့ ရှိ မင်းသံ ဇေယျာကျော်ရာ ဒေဝတမန်တို့ကို ဖုံးတော်သို့ ခေါ်တော်မူ၍ အမိန့် တော်ကို နှုတ်ပြန်သည်။ ယင်းသို့မှ သံတို့ကို နတ်တော်လပြည့်ကျော် ငါးရက် အင်္ဂါနေ့ လွှတ်တော်မူ၍ ဟံသာဝတီသို့ သွားရသည်။ ဟံသာဝတီမှ ရှိန်သို့ လှန်းကြင်နှင့် သွားရသည်။ ။ညီတော် မင်းရဲကျော်စွာကို မိုင်းခွင်သို့ ချီစေ ထားမှာ ရှစ် လ ခန့် ရှိ၍ လုပ်ကြံတော်မူသည်။ နောက်လျှင် မြို့တွင်း သားတို့ မျိုးရိက္ခာကုန်၍ ဖျားနာသေပျက်သည်နှင့် လက်မထူနိုင်၊ ရဲမက်တော်တို့ ညှင်းတ တက်မိရာတွင် တစ်မြို့လုံးကို ရတော်မူသည်။ မင်းရဲကျော်စွာတို့လည်း မိုင်းခွင် တစ်မြို့လုံးကို သိမ်းယူ၍ နောင်တော်ဘုရားရှိရာ ဇင်းမယ်သို့ ပြန်တော်မူသည်။ အဝရှင်မင်းတရားကြီးဘုရားလည်း ယွန်းပြည်၊ ဂုမ်ပြည်ကို အလိုတော်ပြည့်လျှင် ဆင်ကောင်း မြင်းကောင်း မှူးကောင်း မတ်ကောင်း သူရဲသူခက်ကောင်းတို့ကို သိမ်းယူတော်မူသည်။ ။ယင်းသို့မှ ဇင်းမယ်တွင် အလုံးအရင်း အစောင့်အနေ ခန့်တော်မူ၍ သက္ကရာဇ် (၉၉၄) ခုနှစ် တပို့တွဲလ ဇင်းမယ်က ပြန်တော်မူသည်။ တန်ခူးလ ဟံသာဝတီသို့ ရောက်တော်မူလျှင် မိုင်းခွင်လက်ရဲတို့ကို ဆင်စာရိတ် အစ ပွဲတော်မူသည်။ ထိုသက္ကရာဇ်တွင် အဝမြို့ကို မိုးကြိုး ကိုးချက် ကျသည်။ အဝရှင် မင်းတရားကြီး ဘုရားကား သက္ကရာဇ် (၉၉၅) ခုနှစ် အထွတ် အမြတ်သို့ ရောက်တော်မူလျှင် သာသနာတော်မြတ် စီးပွားကို ဆောင်အံ့ဟု၍ သီရိဓမ္မာသောကမင်းသည် မင်းအဖြစ်သို့ ရောက်တော်မူလျှင် ရာဇာဘိသေက မခံဦးဘဲ လေးနှစ်ပတ်လုံး ပြည်ရေး ရွာမှုကို စီရင်သုတ်သင်တော်မူပြီးမှ ရာဇာ ဘိသေကခံတော်မူသကဲ့သို့ လေးနှစ်ပတ်လုံး ပြည်ရေးရွာမှု စီရင်တော်မူပြီးလျှင် ခေတ်ပျက် ခေတ်ဆန်း ကျိန်းခန်းကာလကို ထောက်ရှုတော်မူ၍ ဘိုးတော် မင်းတရားကြီး နေပြည်တော် ဟံသာဝတီပြည်၏ အနောက်မြောက် ယွန်း ဆောင်မြေအရပ်၌ အလွန်သာယာ ကြီးကျယ်စွာသော မင်္ဂလာနန်းတော်ကို ဆောက်စေ၍ ဘိသိက်ခံတော်မူသည်။ မင်္ဂလာနန်းတော် အစီအရင် ဘိသိက်ခံ

အစီအရင်တို့ကိုကား ပိဋကတ် ဗေဒင်တတ်သော မြန်မာဆရာ၊ ယွန်းဆရာ၊ မွန်ဆရာ၊ ဗေဟုသုတနှင့် ပြည့်စုံသော မြန်မာအမတ်၊ မွန်အမတ်၊ ယွန်းအမတ် ပုဏ္ဏားသိဒ်အပေါင်းတို့နှင့် စိုင်းပြင်း ခင်းကျင်းတော်မူ၍ မဟာသမ္မတမင်းမှ စ၍ သုဒ္ဓေါဒန မင်းကြီးတိုင် သုံးသိန်း သုံးသောင်း လေးထောင့် ငါးရာ ခြောက်ကျိပ် ရှစ်ပါးသော မင်းတို့၏ အသုံး အဆောင် အစီအရင် တို့ကိုလည်း ကောင်း၊ အဘယတသတ်မင်းမှစ၍ သီရိဓမ္မာသောကတိုင် နှစ်ကျိပ် ကိုးပါးသော မင်းတို့၏ အသုံးအဆောင် အစီအရင်တို့ကို လည်းကောင်း၊ သရေခေတ္တရာ၊ ပေါက္ကရာမ၊ ပင်းယ၊ စစ်ကိုင်း၊ အဝသို့၌ အုပ်ကြီးသော မင်းတို့၏ အသုံး အဆောင် အစီ အရင် တို့ကို လည်းကောင်း နိုင်းရှည့် ခင်းကျင်းတော်မူ၍ သက္ကရာဇ် (၉၉၅) ခုနှစ် တော်သလင်းလဆန်း၊ ငါးရက် အင်္ဂါနေ့သို့ အဝင် ညဥ့်သုံးချက်တီးကျော် သုံးနာရီ သုံးပါဒ် ကိုးထည့်နက္ခတ်သုံးလုံး လေးဆယ့် ခြောက်ယာမ်နှင့် တနင်္လာမြေခံ ကန်စန်း ကရကဋ်လဂ်တွင် ဘိသိက်နန်း ဆောက်တော်မူသည်။

ဘိသိက်နန်း ဆောက်သော အစီအရင်ကား။ ။ကောင်းမြတ်သော အုပ်နက်သန့်ရှိသောမြေအရပ်၌ သက္ကရာဇ် (၉၉၅) ခုနှစ် ဝါခေါင်လဆန်း တစ်ဆယ့် နှစ်ရက် တနင်္လာနေ့ မနက်စန်း မနက်လဂ်၌ ဂြိုဟ်နတ်တို့အား အမြိန် အရသာ ကောင်းမွန်စွာ ပူဇော်၍ မြေပြင်ကို ညီညွတ်စွာ စီရင်ပြီးမှ ဝါခေါင်လပြည့် ကျော် နှစ်ရက် စနေနေ့ ပြိဿစန်း ပြိဿလဂ်တွင် ကြွန်အင်္ဂလက္ခဏာနှင့် ပြည့်စုံသော ရှစ်ရှဉ်းသော နွားတို့ကို ရွှေကြိုး ငွေကြိုးတို့ဖြင့် တန်ဆာဆင်၍ ရွှေထွန် ငွေထွန်တို့ဖြင့် ပုဏ္ဏား ရှစ်ယောက်တို့ကို ရွှေဘည်ခစေ၍ ထွန်ရ၏။ ရွှေပေါက်တူး ငွေပေါက်တူးတို့ဖြင့် လက္ခဏာပြည့်စုံသောသူကြယ်သားမြေးတို့ကို စေလျက် ဂြိုဟ်နက္ခတ်တို့ကို ပူဇော်၍ တူးဆွစေ၏။ စပါးမျိုး ခုနစ်ပါးတို့ကို ဖြန့်ကြဲပြီးသော် ရေမျိုး ခုနစ်ပါး၊ လေးကျွန်းမြေနှင့် မြေမျိုးခုနစ်ပါး၊ မြေစာ နွားချေးတို့ဖြင့်ညီညွတ်စွာချ၍ ဝါခေါင်လပြည့်ကျော် တစ်ဆယ့်နှစ်ရက်အင်္ဂါနေ့ ကရကဋ် စန်းလဂ်တွင် ဂြိုဟ်နတ်တို့အား ပူဇော်၍ ပန့်ရိုက်ခြင်း၊ ငြမ်းဆောင် ခြင်းကို ပြု၏။ တော်သလင်း လဆန်း သုံးရက် တနင်္ဂနွေနေ့ ကရကဋ်စန်းလဂ် တွင် ဂြိုဟ်နတ်တို့အား ပူဇော်၍ ဘိသိက်နန်းသစ်ကို ထူ၏၊ သစ်ထူသော အစီ အရင်ကား နန်းတော်ရာ၌ သီကြားကစ၍ နှစ်ကျိပ်သော နတ်ဘို့အား စုံသော သုံးအိပ်ရာ၊ ဆန်တင်း၊ စပါးတင်း၊ အုန်းသီး ပင်ပေါက်၊ ကြာသွတ်အို၊

လင်ပန်း၊ ဖလား၊ ပြွန်စွာ ထမင်း၊ နွားနို့၊ ထောပတ်၊ ပျား၊ တင်လဲ၊ ထန်း အရသာ ကွမ်း၊ လက်ဖက်တို့ဖြင့် ဆီမီး၊ နံ့သာ၊ ထီး၊ တံခွန်တို့ဖြင့် မန္တန် ပုဏ္ဏားတို့ကို ပူဇော်ရ၏။ အောက်၌လည်း ခေါ်တွင် အကျစ် အကြော် အချို အသင်၊ သေစာ ကွမ်းလက်ဖက်တို့ဖြင့် ဖုတ်စားတည်၏။ ဤကား အကျင့်သာ ဆိုသည်။ ကျယ်လှစွာ၏၊ တော်သလင်း လဆန်း ငါးရက် အင်္ဂါနေ့ နောက်က အခါအတိုင်း စည် မောင်း ခရာ တီးမှုတ်၍ ရွှေတုံးရှင်း ငွေတုံးရှင်းတို့ဖြင့် တစ်ပြိုင်နက်တုံးစေ၏။ သဘင်နန်းတော်ကို ဆောက်တော်မူ၏။

## ဘိသိက်ခံ အခမ်းအနား အကြောင်း

နတ်တော် လပြည့်ကျော် နှစ်ရက် ကြာသပတေးနေ့ မေထုန်စန်း၊ နေလင် တွင် မြေနန်းနှင့်တကွ လေးဆောင်သော ပြာသာဒ်ကို တစ်ပြိုင်နက် ဆောက် တော်မူ၏။ မြေနန်း အစီအရင်ကား မင်္ဂလာ နန်းတော်ခရှုစူးစူး မြေအပြင်ကို ညီညာတ်စွာ စီရင်၍ မြတ်သော ရေ ခုနစ်ပါး၊ မြေခုနစ်ပါး၊ အမွှေးမျိုး ခုနစ်ပါး တို့ဖြင့် ကုပ်ကဲပြီးသော် မြေနန်း မဏ္ဍပ်ကား ထုတ်ခြောက်တောင် လျောက် ခုနစ်တောင်၊ လက်တီး ငါးတောင်၊ မျော ငါးတောင်ထွာ၊ အဝန်းတစ်ရာ့ရှစ် တောင် ဤသို့သော မဏ္ဍပ်ကို ကောင်းမွန်စွာ အခပြာက်တို့ဖြင့် စီရင်ပြီးသော် သမန်းငို့တို့ဖြင့်မိုး၍ မျက်နှာကြက်၏။ ပိတ်ပုဆိုးတို့ဖြင့် ပန်းတောင်း လည်လျော် ဆန်းကြယ်စွာသော ပုဆိုးတို့ဖြင့် ကြာယပ်ထူ၏။ ပုလဲသန္တာတို့ဖြင့် ဆွဲ၏၊ မဏ္ဍပ်တိုင်ကိုကား ဆန်းကြယ်စွာ ပုဆိုးတို့ဖြင့် မွမ်းမံ၍ မဏ္ဍပ်အတွင်း၌ နီသော ရွှေသော ဆုန်း ဟသ်ပြဒါး တို့ဖြင့် ခြယ်လှယ်၏။ မြေနန်း ထုတ်ကိုးတောင် တစ်မိုက်၊ ထုံခါးတွင်ခြောက်တောင်နှစ်မိုက်၊ ဥကင် နန်းမြင့် နှစ်မိုက်၊ တလျင် ငါးတောင် ဤသို့ ရွေးထားပြီးသော် မင်္ဂလာရေခပ်မည့် အစီအရင်ကား ထမ်း နှစ်ဘက်ကို တန်းဆာဆင်၍ လမ်းဆုံတိုင်း သဘင်ကြီးစွာ စီရင်ပြီးသော် ရေကန်ကိုလည်း တန်းဆာဆင်၏။ အရပ်ရှစ်မျက်နှာ၌လည်း ထမင်း အမြိန် အရသာ အစေ့အစုံ ကွမ်း လက်ဖက် နံ့သာ ဆီမီး တံခွန်တို့ဖြင့် ပုဏ္ဏားတို့ကို ပူဇော်စေ၏။ ရေခပ်သွားသောအခါ ရွှေဖျားကား အထူးထူးသော ကချေ သဘင် တို့ဖြင့် သွားရ၏။ သည့်နောက် အိုးစရည်းရှစ်လုံးကို ဆိုင်းဖြင့် ထမ်း သွားရ၏။ သည့်နောက် မြူတာ တရာ့ရှစ်လုံးတွင် သပြေ မှရားစိုက်၍ လုလင် တို့ကို တန်းဆာဆင်စေ၍ ထမ်းလျက် လိုက်ရ၏။ သည့်နောက် ပုရောဟိတ်

ယောက်သယ်စင်နှင့်လိုက်ပါ၏။ ထို့နောက် ရွှေမြူတာ ငွေမြူတာ လေးလုံး ရုံ့ သိမ်းကလျာတို့ကို တန်းဆာဆင်၍ ပိုက်လျက် လိုက်ရ၏။ ထို့နောက် လိုက်ရ၏။ ထီးစည်၊ စလွယ်ဦးဆောင်းသင်း ကျစ်ရသော အမတ်ကြီးတို့ကို နှင့်ချည်း လိုက်ရ၏။ ထို့နောက် ဆင်သည်တို့ ဆင်နှင့်၊ မြင်းသည်တို့ မြင်းနှင့် လိုက်ရ၏။ ကန်သို့ ရောက်သျှင် ရေကန်နတ် အဟန့် ဖန်ဆင်း၍ နေရသော လူသည် အဘယ်အလိုငှါ လာသနည်းဟု မေး၏။ ပုရောဟိတ် ပုဏ္ဏားတို့လည်း ရှေး ဘေးလောင်းတော်တို့ ဘိသိက်မင်္ဂလာ စီရင်တော်မူသည့် အတိုင်း ဘုန်းတော်ကြီးသော မင်းတရားသည် ထီးဆောင်းမင်္ဂလာ စီရင်တော် မူသည်ဟု ရေခပ်လာသည် ဆိုလျှင် ရေကန်စောင့်နတ်လည်း ဘုန်းကြီးသော မင်းတရားသည် သာသနာတော်မြတ် စီးပွား၊ ပြည်သူလူရဟန်းတို့ စီးပွားကို တရားနှင့်လျော်စွာ ကျင့်အံ့လောဟု မေး၏။ ပုရောဟိတ်ပုဏ္ဏားလည်း ခပ်သိမ်း သော တရားနှင့် အညီ ကျင့်အံ့သောငှါ ဤသည့်ရေကို ခပ်လာသည်ကို ဆိုပေ၏။ ရေကန်စောင့်နတ်ကလည်း ဘုန်းတော်ကြီးလျက် သက်တော်ရှည် လျက် သာသနာတော်မြတ် စီးပွား၊ ကိုယ်တော်မြတ် စီးပွား၊ ပြည်သူ လူ ရဟန်းတို့စီးပွား။ သားတော်အစဉ် မြေးတော်အဆက် မြစ်တော်အဆွန့်တိုင် အောင် တည်ပွားပြီးစီး ကြီးမြတ်တော်မူစေသော် ကောင်းစွဟု ခွင့်ပြုပေမှ ရွှေပန်း ငွေပန်း ရွှေပေါက်ပေါက် ငွေပေါက်ပေါက် ရွှေခဲ ငွေခဲ နဝရတ် ကိုးပါး ဆီမီး ကွမ်း လက်ဖက်နှင့် ပူဇော်၍ ဗေဒင်ကျမ်း၌လာသော မန္တန်ကို ရွတ်၍ ပုရောဟိတ်နှင့်တကွ သမီးကလျာတို့ ခပ်ပြီးသော် ယခင် အစဉ် အတိုင်း ပြန်၍ သကြန်ခေါ်မည့် မဏ္ဍပ်၌ ထား၏။ သကြန်ခေါ်အံ့သော အစီအရင် ကား မြသဘ်အထက် လေးဆောင်၌ ကြာသွတ်အိုး လေးလုံးကို ရေပြည့် ထည့်၍ သရက် မုရား ဥသျှစ် သပြေ မြေစာညွန့် ပန်းငါးပါးကိုထည့်၍ သင်ပျူး ပုဆိုးခင်း၍ တည်၏။ ထခင်းပွဲ၌ အမြိန်အရသာ ထည့်၍ အုန်းသီးပင်ပေါက် တံခါးလေးမျက်နှာတွင် ကြာသွတ်အိုးတစ်လုံးစီ ပန်းငါးပါးထည့်၍ သင်ပျူး ပုဆိုး လင်ပန်း ဖလားပွဲနှင့် ထား၏။ မြသဘ်ရှစ်မျက်နှာ၌ ငြိမ်ရှစ်လုံး ရွှေကိုနေရုပ် ငွေကိုလရုပ်လုပ်၍ တန်ဆောင်းနှင့် ထားသည်။ ထုဆည့်တိ ကျမ်း၌ လာသောအတိုင်း အစီအရင်ဖြင့် ပူဇော်သည်ကား အကျဉ်းသော ဖုံ၍ ပြသည်။ သကြန်ခေါ်သော အင်္ဂါအရင်ကား ရေမျိုး ခုနစ်ပါး၊ ထားရာ ခုနစ်ပါး၊ ရွှေ ငွေ နဝရတ် တို့ဖြင့် ထည့်၍ မန္တန် ရွတ်ပြီးလျှင် ခြေတော် လက်တော်တို့ကို လက်စွပ် ဆယ်ခြည်စီ ဝတ်မှ ခံတွင်းတော်၌လည်း ပတ္တမြား

သက္ကရာဇ် (၉၉၅) ခုနှစ် နတ်တော်လပြည့်ကျော် လက်စွပ်ကို ငုံတော်မူ၍ သဘောကြာနေ့ ကန်စန်း၊ ခေုလင် နံနက်လေးချက်တီးကျော်တစ်နာရီ ခွဲရက် သင်္ကြန်တော်ခေါ်တော်မူပြီးလျှင် အဝတ် တပါဝ်တွင် သင်္ကြန်ခေါ်တော်မူ၍ ဖြူသောအဝတ်ကိုလဲတော်မူ၍ တစ်ဆောင်သော တန်ဆာတို့ကိုမြှာသာဝ်၍ထား၍ ဆန်းကြယ်သောအဝတ်တို့ကို တန်ဆာဆင်တော်မူ၍ မြှာသာဝ်သို့ကြွတော်မူ၏။ အစီအရင်ကိုသိကြားစသော ဂြိုဟ်နတ်အား မြေနန်းတော်တက်တော်မူသော ပဇော်၏။ အကျဉ်းသာပြသည်။ ကောရာင်မင်းလက်နှင့် အလျားသုံးတောင်တစ် မိုက်၊ အနံသုံးတောင်၊ အထုလေးသစ်၊ အခြေလေးခုတပ်၍ ပဒုမ္မာကြာပွင့် သဏ္ဌာန် ရွှေဖြင့်ရေးသော ရွှေအင်းပျဉ်ကို မြေနန်း ဦးကင်ထက် တည်၍ ဆန်းကြယ်စွာသော ကမ္ဗလာကိုခင်း၏။ ရေသဖန်းပျဉ်အောက်၌လည်း နံ့သာမျိုးငါးပါးကို အမှုန့်ပြု၍ထား၏။ မဏ္ဍပ်လေးမျက်နှာ၌ ကြာသွတ်အိုး တစ်လုံးစီကို ကွမ်းဖူး ကွမ်းလင် သပြေ မြေဇာ မုရား ထည့်၍ တည်၏။ မဏ္ဍပ် အတွင်း၌ နေတော်မူသည်။ အရှေ့စူးစူး၌ ကြာသွတ်အိုးတစ်လုံး ရေပြည့် ရေပြည့်ကွမ်းဖူး ကွမ်းလင် သပြေ မြေဇာ မုရားထည့်၍ တည်၏။ ထိုမှတစ်ပါး အသီးအရွက် အမြစ်နှင့် ပြည့်စုံသော ငှက်ပျောလေးပင်စိုက်၏။ ထိုအပါး၌ အုန်းခိုင်၊ ကွမ်းသီးခိုင်၊ ငှက်ပျောခိုင် အထူးထူးသော သစ်သီး၊ ပန်းမာလ်၊ ဆီမီး တန်ဆောင်ထွန်း၏။ မြို့တာတစ်ရာ့ရှစ်လုံး၌ ကွမ်းဖူး၊ ကွမ်းလင်၊ သပြေ၊ မြေဇာ၊ မုရားထည့်၍ မဏ္ဍပ်ဝန်းကျင်တည်၏။ မဏ္ဍပ်ဝန်းကျင်၌ နိုရည်ရှိသော ပညောင်သား၊ သဖန်းသားတို့ကို စိုက်၏။ အရှေ့စူးစူး၌ တံခွန်ကြီးဆောက်၏။ ရွှေလင်ပန်း၌ သလေးထမင်း အမြိန်အရသာတည်၏။ အုန်းခိုင်၊ ကွမ်းသီးခိုင်၊ ငှက်ပျောခိုင်၊ ဆီမီးတန်ဆောင်၊ ပန်းမာလ်၊ ကွမ်း လက်ဖက်တို့ဖြင့် ထည့်၍ တန်းဆာဆင်သော ဆင်ပေါက်ထား၏။ အရှေ့တောင်ထောင့်၌ တံခွန်ကြီးနှင့် ငွေလင်ပန်းတွင် ယခင် ဆိုတိုင်းတည်၍ တန်းဆာ ဆင်သော ဆိတ်မြှန်မာကို ထား၏။ တောင်စူးစူး၌ တံခွန်ကြီးနှင့် သံလင်ပန်းတွင် တန်းဆာ ဆင်သော ကျွဲမထား၏။ အနောက်တောင်ထောင့်၌ ခဲမဖြူလင်ပန်းတွင် သား၊ ပြွမ်းထမင်းနှင့် တန်းဆာဆင်သော လူအိမ်တောင်စုံထား၏။ အနောက် စူးစူး၌ တံခွန်ကြီးနှင့် ခဲမဖြူလင်ပန်းတွင် အမြိန်အရသာ တန်းဆာဆင်သော မြည်းကိုထား၏။ အနောက်မြောက်ထောင့်၌ တံခွန်ကြီးနှင့် ကြေးနီလင်ပန်းတွင် ပျားရည်ဖြင့်ပြွမ်းသော ထမင်းနှင့် တန်းဆာဆင်သော သမင်ကို ထား၏။ မြောက်စူးစူး၌ တံခွန်ကြီးနှင့် ရွှေလင်ပန်းတွင် အရသာငါးပါး ပြွမ်းသော ထမင်း၊ တန်းဆာဆင်သော မြင်း၊

…ထား၏။ အရှေ့ မြောက်ထောင့်၌ တံခွန်ကြီးနှင့် ရွှေလင်ပန်းတွင် အမြိန်အရ…
…ပြွမ်းသော ထမင်းနှင့် ဆိုခဲ့သော အစေ့ အစုံ ထည့်၍ တန်းဆာ ဆင်သော
…သာကို ထား၏။ တံခွန်ကြီး အကြား၌ ငှက်ပျောပင် စိုက်၏၊ ထို့ပြင်
…ဆောင်ညို၏။ မင်္ဂလာရှိသော ဆင်မြင်းတို့ကို တန်းဆာဆင်၍ ရံစေ၏၊
…လာရှိသော ဆင်မြင်းတို့ဖြင့် မိန်ညိုဝတ်လျက် ရွှေကားစုံသော သူရဲ ရွှေလေး
…သော သူရဲ၊ မိန်ညိုဝတ်သော သူရဲတို့ကို ရံစေ၏။ ဝတ်လဲဆောင် ပြာသာဒ်
…သည် မင်္ဂလာနန်းတော်ကိုလက်ယာရစ် လည်တော်မူ၍ မြေနန်းတက်တော်
…သော လမ်းကို တံခွန်၊ ကျန်သောလမ်းကို ငှက်ပျော၊ အုန်းခိုင်၊ ထန်းခိုင်၊ ထို့ပြင်
…ဆောင်တို့ဖြင့် တန်းဆာဆင်၍ ရတနာအတိပြီးသော ယာဉ်ကို စီးတော်
…ဆင်စီး၊ မြင်းစီးတို့ဖြင့် ခြံရံလျက် မင်္ဂလာ နန်းတော်ကို လက်ယာရစ်
လည်တော်မူ၍ မြေနန်း တံခါးသို့ ရောက်လျှင် မြန်မာမျိုး၌ ဖြစ်သော
ပုရောဟိတ်တို့သည် မြေနန်းတော်မှ ထွက်မြောက်၍ ဘုန်းတော် အလွန်ကြီး၍
…တော်အလွန်ရှည်၍ သာသနာတော် စီးပွား၊ ကိုယ်တော်မြတ် စီးပွား၊
ပြည်သူလူရဟန်းတို့ စီးပွား၊ သားတော်အစဉ် မြေးတော် အဆက် မြစ်တော်
အဆွန်တိုင် ရှည်မြင့်စွာ ဆောင်တော်မူစိမ့်သောငှါ ဤသည် မြေနန်းတော်ကို
…နိုင်သည်။ တက်တော်မူဟု ကောင်းချီးမင်္ဂလာပေး၍ သင်္ကရာဇ်(၉၉၅)ခုနှစ်
…တ်တော်လပြည့်ကျော် ကိုးရက်၊ သောကြာနေ့ ကန်စန်း၊ မိန်လဂ်ကို မြေနန်း
တက်တော်မူ၍ လက်ယာရစ် လည်တော်မူမှ ရေသဖန်းပျဉ်သို့ တက်တော်မူ၍
အရှေ့ရှုသို့ ရှေ့ရှုတော်မူ၍ ထက်ဝယ်ဖွဲ့လျက် နေတော်မူပြီးသော် ပုရောဟိတ်
…ယောက်တို့သည် ဘိသိက်ဂါထာရွတ်လျက် ဘိသိက်မြောက်၍ မင်းမြောက်
တန်ဆာ ငါးပါးနှင့် ထီးဖြူဆောင်းခြင်း၊ မြောက်စည်၊ သံလင်း၊ လက်ခုပ်၊
စည်ဝန်း၊ စည်သေး၊ တံပိုး၊ ခရာ၊ ပြွေ၊ တံရှည်၊ တံကောက်တို့ဖြင့် တီးမှုတ်၍
သီရိသုဓမ္မရာဇာ မဟာဓိပတိ ဟူသော အမည်ကိုလည်း ပုရောဟိတ်တို့ သမုတ်၍
ပုရောဟိတ် ရှစ်ပါးတို့သည်လည်း ရေနှင့် မြေကို အစိုးရတော်မူသော တရား
…မင်းမြတ် မင်းတကာတို့ ကျင့်တော်မူရာသော တရားတို့ကို ကျင့်တော်မူလော့၊
…သိမ်းသော လူတကာတို့၏ စီးပွားချမ်းသာကိုလည်း ရှာတော်မူသော အလှူ
…ပေးခြင်း သီတင်းသုံးခြင်းကိုလည်း ကျင့်တော်မူလော့ဟု ဆိုလျက် ရွှေကရားနှင့်
…ရေစင်သွန်းတော်မူ၍ ဒါနအထူးထူးသော အလှူကို ပေးတော်မူသောအားဖြင့်
ဤသို့သော ကောရာဇ်မင်း အဖြစ်ကို ရတော်မူပြီ၊ ပြည်သူလူရဟန်းတို့ စီးပွား
ချမ်းသာကို ရှာတော်မူအံ့သော တရားနှင့် လျော်စွာလည်း ငါဆုံးမအံ့သော

ငါ့ကိုယ်တော်လည်း ရောဂါ ခပ်သိမ်း ကင်း၍ သက်တော်အလွန်ရှည်လိုသော ရန်မာန် ခပ်သိမ်းကိုလည်း အောင်လိုသော ဆင်ဖြူရတနာ ရောက်စေသော မိဋ္ဌာန်စကားကိုလည်း မိန့်တော်မူ၏၊ ဤသို့မိန့်တော်မူပြီးမှ မင်းသား၊ မင်းသမီး၊ မင်းဆွေမင်းမျိုး၊ မှူးကြီး မတ်ရာ၊ စော်ဘွား စော်ခံ၊ ပြည်သူ လူအပေါင်းသည် ရွှေပေါက်ပေါက်၊ ငွေပေါက်ပေါက်တို့ဖြင့် ပူဇော်၍ သက်တော် အလွန်ရှည်စေသော ဘုန်းတော် အလွန်ကြီးစေသော ဆင်ဖြူရတနာ ခုနစ်ပါးတို့သည် ရောက်စေသော တိုင်းကား၊ နိုင်ငံတော်လည်း ကျယ်စေသော၊ သာယာစေသော ဟူ၍ ပူဇော်ပြီးမှ သူဌေးကြီး ငါးပါးတို့သည် ရွှေတွေ၊ ငွေတွေ၊ သံတွေ၊ ကြိမ်း အောင်ပွဲတို့ကို ဆက်ကုန်ပြီးသော် မင်းမြောက်တန်ဆာ ငါးပါးတို့နှင့် တကွ ရွှေမြူတာ၊ ငွေမြူတာ၌ ပရိတ်ချည်နှင့် တကွ ကွမ်းပူး၊ ကွမ်းလင်၊ သပြေ မြေဝါ၊ သရက်ညွန့်တို့ကို ထည့်၍ ရွှေတော်က ဆောင်၍ သွားရသည်၊ မြေနန်းတော်ကသည် မင်္ဂလာနန်းတော်ရောက်အောင် မြေ၌ သင်ဖြူးခင်း၍ သင်ဖြူးထက် ဖြူစင်စွာသော ပိတ်ပုဆိုးတို့ကို ခင်း၍ ပုဆိုးထက်လက်ယာ ခြေတော်ချ၍ အစဉ်အတိုင်း လာတော်မူ၏။ လမ်းနှစ်ဘက်၌လည်း မင်္ဂလာရှိသော စကားကို ဆိုရ၏။ နန်းတော် အရှေ့စူးစူး၌ ခံမပြူသံထား၏။ အရှေ့တောင်ထောင့်၌ မဟာပိန္နဲ ကျောက်ပျဉ် ကျောက်သွားထား၏။ အနောက်တောင်ထောင့်၌ ကမ္ဘလာနီထား၏၊ အနောက်စူးစူး၌ သမီးကညာ ရတနာ ရွှေငွေနှင့် ကြောင်ကိုပိုက်၍ နေစေ၏။ အနောက် မြောက်ထောင့်၌ ဖြူစင်စွာသော ထမင်းဟင်း၊ အမြိန်အရသာ အစုံထား၏။ မြောက်စူးစူး၌ ခရုသင်း ရေအပြည့်ထား၏။ အရှေ့ မြောက်ထောင့်၌ ရေအိုးကြီး ငါးလုံးကို ရေပြည့်စေ၍ ထား၏။ အလယ်၌ ဘုရားနှင့် ကျမ်းဦး ပိဋကတ် ထား၏။ အောက်၌ မြင်းသားအမိ နွားသားအမိ ထား၏၊ မင်္ဂလာစောင်းတန်းသို့ ရောက်လျှင် ရတနာသုံးပါး၊ ဂြိုဟ်ကိုးပါး၊ သမာဓိတည်သောနတ်၊ မြို့စောင့်နတ်တို့အား၊ ပူဇော်တော် မူပြီးလျှင် ပုရောဟိတ် ရှစ်ပါးတို့ကို မေတ္တာပန်း ကမ်းစေပြီးမှ လက်ယာ ခြေတော်ကို ချီတော်မူ၍ တက်တော်မူလျှင် လက်ယာ တံခါးကို ဝင်တော်မူ၍ မြတ်သော ရတနာ နေရာထက် နေတော်မူ၍ ရတနာသုံးပါး၊ ဂြိုဟ်ကိုးပါး၊ သိကြား၊ ဗြဟ္မာ၊ စတုလောကပါလာ၊ ဘုမ္မစိုး၊ ရုက္ခစိုး၊ အာကာသစိုး၊ သာသနာတော်ကို စောင့်သောနတ်၊ အရပ်ရှစ်မျက်နှာကို စောင့်သော နတ်၊ ကိုယ်တော်မြတ်၌ စောင့်သော နတ်၊ သမာဓိ နတ်တို့အား၊ လက်တော်ဖြင့် ပူဇော်တော်မူ၍ မုခနာလင်ပန်း၌ အမြိန် အရသာ တို့ကို စားတော်

ပေါ်ပြီးမှ ရွှေပလ္လင်ထက် နေတော်မူ၏။ အထူးထူးသော ကချေသဘင် သီခြင်း ကခြင်းသို့ပြင် ကြီးစွာသော သဘင်တော်ကို ခံတော်မူ၏။ မင်းသားမင်းမြေး မင်းဆွေမင်းမျိုး။ မှူးကြီးမတ်ခိုင် တို့ကိုလည်း ထီး၊ ညီ၊ သင်းကျစ်၊ စလွယ်၊ အဆောင်အယောင် အမည် မြို့ပြ ကျေးရွာတို့ကို ပေးတော်မူ၏။ ပီသုကာ၊ လက်သမား အပေါင်းတို့အားလည်း များစွာသော ဆုလာဘ်တို့ကို ပေးတော်မူသည်။ ပြည်တွင်း ပြည်ပ၌ ရှိသော စေတီပုထိုး၊ ရုပ်တု၊ ဆင်းတု၊ အရိယာ သံဃာ တို့အားလည်း ကြီးစွာသော အလှူကို စီရင်တော်မူ၍ ရက်လည်အောင် လှူတော်မူသည်။ တိုင်းကား နိုင်ငံတော် အပေါင်း၌ ရှိသော ပုထိုး ဘုရား၊ အရိယာ သံဃာ သီလဝန် တို့အားလည်း ပရိက္ခရာ ရှစ်ပါး စီရင်တော်မူ၍ လှူတော်မူသည်။ ဘိသိက်ခံပွဲ ကြည့်ရာတွင် မိန်းမတစ်ယောက် သားဖွားသည်။ ပညာရှိတို့လည်း သားတော် အစဉ် မြေးတော်အဆက်၊ မြစ်တော် အဆွယ် တိုင်အောင် ကေရာဇ်ချည်း နှင်နှင်ဖြစ်တော်မူကြ၍ ပြည်သူ လူရဟန်းတို့အား ဝမ်းထုတ် သားကဲ့သို့ ချစ်ခင်တော် မူကြမည်ဟု၍ လျှောက်ကြ ကုန်သည်။ ဘိသိက်ခံသော နန်းတော်ကိုလည်း မိုးကြိုးကျသည်။ ဟံသာဝတီ တံခါးမှုတ် အောက်တွင်လည်း ပျားကြီးစွဲသည်။ အစဉ် ရှည်စွာ သာသနာတော်မြတ် စီးပွားကိုယ်တော်မြတ်ကြီးစီးပွားကို ဆောင်တော်မူမည်ဟု၍ လျှောက်ကြသည်။

## ယိုးဒယားသို့ သံစေတော်မူခြင်း ဟံသာဝတီ၌ အရေးအရာတို့ကို ခန့်ရန်တော် မူသောအကြောင်း

သက္ကရာဇ်(၉၉၅) ခုနှစ် ပြာသို လပြည့်ကျော် ရှစ်ရက် သောကြာနေ့ ယိုးဒယားသို့ သံစေတော်မူသည်။ စခေါင်းကား မြန်မာတိုင်း၊ ဟံသာဝတီ တိုင်း၊ အုန်းပေါင်တိုင်း၊ ဗန်းမော်တိုင်း၊ ကသည်းတိုင်း၊ ဂုံတိုင်း၊ ကျိုင်းရုံ တိုင်း၊ ဇင်းမယ်တိုင်း၊ တိုင်းကြီးများနှင့် အမင်းမင်းတို့ကို အစိုးရသော ရွှေတွင်း၊ ငွေတွင်း၊ ပယင်းတွင်း၊ ပတ္တမြားတွင်း သခင် ရွှေနန်း ပြာသာဒ်သခင် ဘဝရှင် သီရိသုဓမ္မရာဇာ မဟာဓိပတိ ကြားရောက်လိုက်သည်။ အချစ်တော် ယိုးဒယား ဘုရင်.....ရွှေပေ ဇာဘာနှစ်ဘက်ကို ပတ္တမြား စီသည့် ဆင်စွယ် ကြုတ်တွင် သွတ်၍ ကတ္တီပါ အိတ်ဝှင်သွတ်မှ သစ်ကြုတ် ချိပ်နှိပ်တိုက်နှင့် သွတ် ပြန်၍ ဂုံစရပ်အိတ်တွင်မှ တံဆိပ်ခတ်သည်။ မှုဝကို ပေနှင့်ရေး၍ ရွှေပေနှင့် အတူသွတ်သည်။ တရင် သာရပွဲလုံအောင် တို့ကို စေတော်မူသည်။ အဂ္ဂမဟာ

သေနာပတိ အဘယဂါမဏိက ယိုးဒယား သေနာပတိ တို့ကို မှာသည်။
စာခေါင်း။ ဘုန်းတော်အလွန် ကြီးမြတ်တော် မူလှသော အတိုင်းတိုင်း
အမင်းမင်းတို့ကိုအစိုးရတော်မူသော မြတ်သောရတနာတွင်းများသခင်ဖြစ်တော်
မူသော မင်္ဂလာရှိသော ဆင်ရတနာ၊ မြင်းရတနာ အရှင်ဖြစ်တော်မူသော
မင်း၏တရား ဆယ်ပါး၌ အမြဲတည်တော်မူသော သူတော်ကောင်း၏ မြတ်သော
ဥစ္စာ ခုနစ်ပါးနှင့် ပြည့်စုံတော်မူသော ချွတ်ယွင်း ကောက်ကျစ် ကွေ့လည်
စဉ်းလဲခြင်း မာန်မာနတို့ဖြင့် မိုက်မဲသော သူတို့ကို ဖြူစင်စွာသော သဘောတော်
ဖြင့် အမိုက်မှောင်ကို နေမင်း၏ အရောင်သည် ပျောက်လွှင့်သကဲ့သို့ ရန်
ငါးပါးကို ပယ်ခုမ်းတော်ကြောင့် ဖြစ်သော ဘုန်းတော်ဖြင့် အောင်မြင်တော်
မူသော မင်းထက်မင်း ဖြစ်တော် မူသော မြတ်သော ဘဝရှင် သီရိဓမ္မရာဇာ
မဟာဓိပတိ ရွှေစကားတော်စုံ အောက်၌ ဦးဖြင့်တိုက်၍ ရှိခိုးစွာ မြဲသော
အဂ္ဂမဟာ သေနာပတိ ချစ်ကြည်စွာဖြင့် ကြားရောက် လိုက်သော ယိုးဒယား
ဒွါရဝတီ ပြည်ကြီး၌ ရတနာ ရွှေပြာသာဒ် သခင် ဘုန်းကြီးသောမင်း ပါ
တော်အောက်၌ မဟာ သေနာပတိ ရွှေပေနှင့် ရေးသည်။ သစ်ကျည်
ထောက် ချိပ်နီတိုက်အပုံး အထွတ်နှင့် တရုတ်ပုဆိုး အိတ်နီ သွတ် ရှမ်းစာလည်း
သည်အတိုင်း ပြန်သည်။ ။စာနှစ်စောင်ကို အတူသွတ်သည်။ စာသားကို
များမည်စိုး၍ မဆိုသည်။

### သာလွန်မင်းတရားကြီး ရွှေမော်ဓောဘုရားတွင် ကျောင်းရံများကို ဆောက်လုပ်နေခိုက် ဇာလကန်မေလေတို့ ပုန်ကန်ခြင်းနှင့် ရခိုင်သံတို့ လာရောက်ခြင်း အကြောင်း

ဘဝရှင်မင်းတရားကြီး ဘုရားလည်း ရွှေမော်ဓော ဘုရားဝန်းကျင် လေး
ကျောင်း ဆောက်တော်မူသည်။ ကျောင်းမပြီးခင် ကျောင်းလုပ် အကြီး
ဇာလကန် မေလေတို့သည် မော်လမြိုင် မွန်များနှင့် တိုင်ပင် ညီညွတ်၍
တပေါင်းလဆန်းခြောက်ရက် သောကြာနေ့ ညဉ့်တစ်ချက်တီး ကျော်တွင် သဘင်
နန်းတော်တွင်းသို့ ဝင်၍ လက်နက်တိုက်ရှိရာ တံခါးသို့ ဝင်သည်ကို ရုံးက
ကောင်ဟန်တို့ လူလေးငါးရာ လှံနှင့်လိုက်၍ တုတ်သည်။ အများ သေသလော်၊
အချို့လည်း အရှင် ရတော်မူသည်။ အချို့လည်း ရသည့်လက်နက်ကို ယူ၍

အရှေ့ဘက် မော်လမြိုင်သို့ သွား၍ အခိုင်အလုံနေလေ၏။ ဘဝရှင်မင်းတရားကြီး ဘုရားသည် မင်းရဲနော်ရထာတစ်တပ်၊ ဘယကါမဏိတစ်တပ်၊ ဗညားကျန်းတော တစ်တပ် သည်သုံးတပ်ကို တိုက်ဆင်နွှဲစေရာ၊ မြင်းသုံးထောင်၊ သူရဲသုံးသောင်းနှင့် မော်လမြိုင်သို့ ချီရသည်။ ရောက်လျှင် အရှုံးအစည်း မမျှဘဲ ရှုပ်ရှုပ်ရုံးရုံး လုပ်ကြသည်။ မခံနိုင်၍ သက္ကရာဇ် (၉၉၆) ခုနှစ် ကဆုန်လဆန်း သုံးရက် သောကြာနေ့ ပျက်သည်။ ဘဝရှင် မင်းတရားကြီး ဘုရားလည်း လက်ဆည် ရင်းကို စီစဉ်၍ ဖျောက်တော်မူ၍ ထားကောင်း သသူကို မော်လမြိုင်တွင် ထားသည်။ သူကောင်း သားမြေးကိုလည်း သိမ်းယူတော်မူ၍ အဝမှာ အရ အကျွက်ချ၍နေရသည်။ ယိုးဒယား ရခိုင်သို့ ပြေးလေ သသူလည်း၊ ပြေးလေသည်။ ပံသာဝတီက လူတို့ကိုလည်း အဝသို့ သွင်းတော်မူသည်။ သက္ကရာဇ် (၉၉၆) ခုနှစ် တော်သလင်းလတွင် ရခိုင်က ရာဇသံ ဇေယျတမန်၊ ဂန္ဓရာဇတမန်၊ ဒေဝတမန်တို့နှင့် လူခေါင်းတစ်ကျိပ် မင်းတုံးကြောင်း လာ၍ သရက်သို့ ရောက်လာသည်။ ခြေရင်းတော်က မြကျော်သေးသောက် မြတ်စံဘော ငရဲစံ သွား၍ ခေါ်ရသည်။ ပြည်က လှေနံးကြင်နှင့် ပို့လာရသည်။ အလတ်ဆည်တွင် တင်စေ၍ လောင်းလက်ပြည့်နှင့် ခေါ်ရသည်။ သီတင်းကျွတ်လဆန်းတစ်ဆယ် နှစ်ရက် တနင်္လာနေ့ နဂါးဆိပ်တွင် လှေဆိုက်သည်။ စာကို ဆင်ပေါက် ရွှေကနှင့် တင်သည်။ ကွမ်းခွက်နှင့် ခံသည်။ သံသုံးယောက်ကို ဆင်ကုန်း ချည်နှင့် တင်သည်။ တိုက်စိုးအောင် ထွန်းစား၊ ကွမ်းခွက် ပိုက်ရသည်။ ကန်ပြူစားကို ဆင်အမ အစ လိုက်ရသည်။ ဆင်ကသည် သံတဲသို့ သိရိ ပိုက်ပင်သည် နန်းဦး မြင်းခေါင်း မြင်းတစ်ရာ စစ်ဝတ်စစ်စားနှင့် ကြိုရသည်။ မြို့တောင်သပန်း ဗညားအရပ်တွင် သံတဲနှင့် နေရသည်။ စာတင်တဲ တန်ဆောင်းဖျား မိုးညှင်း သုံးယောက်ကို သုံးတဲ၊ သံကြပ်မြတ်စံဘော၊ ငရဲစံတို့ကို တစ်တဲနေစေရသည်။ ယင်းသို့မှ သီတင်းကျွတ်လပြည့်ကျော် သုံးရက် သောကြာနေ့ သံတို့ကို ဝင်ရုံးမြင်ဆုံ၊ နတ်ရှင်မြင်း၊ ဇေယျတို့ သံတဲမှာ ခေါ်ရသည်။ မသုံ့ပြူဇရပ်တွင် ဗညားရန်တဲ၊ ရန္တမိတ်၊ ဇလင်ရုံ ဇေယျ ကျော်တင်၊ မင်းလှ ရွှေတောင်တို့ ကြပ်မ၍ ရခိုင်သံတို့ကို ဆင်ပေါက်ရဲ ကကြိုးအနီမွမ်း၍ ဒေဝတမန် စာကိုကိုင်၍ စီးရသည်။ ဇေယျတမန်၊ ရာဇတမန်၊ ဆင်တစ်စီး စီးရသည်။ သံကြပ် ငမြတ်စံဘော၊ ငရဲစံတို့မှာ မြင်းစီး၍ ရှေ့က သွားရသည်။ ဇရပ်သို့ ရောက်လျှင် တံခါး အဝတွင် ငမြတ် ကြိုလာသည်။ အနန်းနိုင် ဖတ်သည်။ ငမြတ် ရေးကူးသည်။ စာခံ ရွှေကလပ် ရာဇသံမှ စာကို

ဆင်စွယ်ကြုတ်တွင် အတွာထည့်၍ ကတ္တီပါအိတ်တွင် သွတ်၍ တံဆိပ်ခတ် သစ်ကြုတ်၌တွင် သွတ်ပြန်သည်။ ခြင်္သေ့တံဆိပ် ခတ်ပြန်သည်။ ရာဇသတ်တွင် ပါသည်ကား ပစ္ဆိမဒေသ အနောက်တစ်မျိုး ပြည်ကြီးများကို အစိုးရသော အယုဒ္ဓယ၊ တည်းဟူသော ရှိုင်ရွှေနန်းသခင်၊ ဆင်ဖြူများသခင်၊ ဘဝရှင် သီရိသုဓမ္မရာဇာ ရှုစ်ကြည်သဖြင့် မြတ်နိုးစွာ ကြားရောက်လိုက်သော အရှေ့တစ်မျိုးသုနာပရန္တ အစရှိသော ထိုထိုသော အတိုင်းတိုင်းများကို အစိုးရသော ရတနာ ရွှေတွင်းများ သခင် အဝ ရွှေနန်းသခင် အချစ်တော် ဘဝရှင် မင်းတရားကြီးက လက်ဝဲသိန်းစည်း ဝေလုသမန် ပိုက်နရဲတို့ ရွှေပေစာကို ဦးထိပ်ထက် ရွက်ဆောင်လျက် ရောက်လာ၍ ဇင်းမယ် ပြည်ကြီး၌ အချစ်တော် ကိုယ်ချမ်းသာခြင်း နှလုံးချမ်းသာခြင်းဖြင့် သာသနာတော် ပြန့်ပွားစည်ပင်ကြောင်း သုတ်သင် ချီးပင့်သည် အဖြစ်ကို ကြားရလျှင် အလွန်ဝမ်းမြောက်သည်။ အချစ်တော် အက္ခရာ စာဝယ် ပါလာသည့် စကားအကြောင်း အဓိပ္ပါယ်ကိုလည်း သိကြားရပြီ။ ဆိုဖွယ်မဲ့ မှန်တော့သည်ချည်။ အချစ်တော်သို့ ပို့ရောက်လေသည့် အက္ခရာ၌ ဘိုးတော်ဘုရား ဆင်ဖြူသခင် သနားမေတ္တာ ရှိခြင်းသည်လည်း သင့်လှသည်ပင်။ ထိုသို့ မင်းသုံးပါး သင့်တင့်ရာတွင် တောင်ငူမင်းကြီးနှင့် ဘိုးတော်ဘုရားသည် ကိုယ်တော်ချင်း မြဲမြဲခြင်း၊ သဘောတော်ချင်း မြဲမြဲခြင်း အဖြစ်ဖြင့် သင့်တော် မှုလေသည်ကား ပြည်ထောင်ချင်း မင်းတကာတို့သည်လည်းကောင်း၊ တိုင်းကားနိုင်ငံ ပြည်သူတို့သည်လည်းကောင်း မင်းနှစ်ပါးသည် ရာဇဝတ်ဖြင့်သာ ဆက်ဆံ ချစ်ခင်တော် မူကြမည် မဟုတ် သဘောချင်းပင်ဟူ၍ စိတ်နှလုံး အဝတ်ချရ မှတ်သည် အကြောင်းဖြစ်ပလေသည်။ သဘောရှိုးကို သိမည်သူကား အလွန် သိခဲလှသည်။ ထိုကြောင့် နှစ်ရေးတွင် အချစ်တော် အကြိုက်ကို သိချင်သည်ဟူ၍ ပါလေသည်။ အချစ်တော်ကမူကား ဘိုးတော် ခမည်းတော် တောင်ငူ မြို့တည် သုံးပါး အချစ်ပွဲခြင်းသည်လည်း သင့်သည်ပင်။ ယင်းသို့ရာဝယ် သာသနာတော် အရှည်ပွားပြန့်ကြောင်း၊ ပြည်သူလူရဟန်းတို့ အကျိုးစီးပွားများကြောင်း၊ သားတော်၊ မြေးတော်၊ မြစ်တော်၊ အစဉ်အဆက် ရှည်မြင့်စွာ အချစ်မပြတ်အောင်၊ ဆွေတော် မျိုးတော်အဖြစ် မြဲနေခြင်းသည် လျော့မမလေ၏ ဟူ၍ ပညာရှိ သူတော်ကောင်းတို့ ဆိုပါလေဖွယ်၊ သည်အကြောင်းများကို ထောက်သဖြင့် ချစ်သော သဘောရှိသော်ကား ပစ္စုပ္ပန် အနာဂတ်ကို သိနိုင်သော ပြောင့်ပြောင့် စိုက်စိုက်ဖြစ်သော နှလုံးရှိသော ပညာရှိ အဆွေ

သင်ပုန်းဖြစ်သော အမျိုးဟူ၍ မှတ်စေလိုသည်ဟူ၍ ပါလတ်သည် အကြောင်းမှ ရတနာရွှေပေထက် အချစ်ဟူသော အက္ခရာစာ ရေးလိုက်သည့် နေ့ကပင် အဆော မှတ်တော့သည်။ အမျိုးမှာ တုံလည်း မှတ်သည် မဟုတ်၊ အမျိုးပင် ဖြစ်ကြ တော့သည်။ သို့ကိုလည်း အချစ်တော်စိတ်ဝယ် မိတ်အပြားတို့တွင် မဟာမိတ် ဖြစ်ကြောင်း အမျိုး တက်မြဲကြောင်းကို မှတ်ပိုက်လေဟန် ရှိသည်လည်း သင့်လှသည်။အရေးမူကား လောကမှန်ကင်း တည်းဟူသော အဆက်ဆက်သော မြတ်စွာဘုရားတို့သည် ပစ္စုပ္ပန် သံသရာ၌ အကျိုးစီးပွား၏ အကြောင်းကို မစ ကယ်တင် ချီးမြှောက်တော်မူပေသည်။ အဆွေကိုသာလျှင် အလွန်ချီးမွမ်းခြင်း အားထုတ်တော် မူကြသည်။ မဟာမိတ်တည်းဟူသော မြက်သစ်ပင် စီးပွား ပြန့်နိုင်ဖြိုး လောက သတ္တဝါ အစရှိသော အရှိန်း မျိုးတို့၌ကား မင်းတကာ မင်းသားတို့အကျိုးစီးပွားရှိ၍တမင်းအကျိုးစီးပွား မရှိသော်လည်း လူတကာတို့ နှစ်လိုခြင်း မဖြစ်ရာသည် အကြောင်း၌လည်းကောင်း၊ မင်းမူ၊ မင်းရာ၊ မင်းရေး ဟူ၍ အကြောင်း သုံးပါးတို့၌လည်းကောင်း၊ပညာရှိတကာတို့ အပြစ်တင်ခြင်းမှ လွတ်မည့်အကြောင်းကိုလည်းကောင်း၊ ပညာရှိတကာတို့ ချီးမွမ်း ထောမနာမည့် အကြောင်းကိုလည်းကောင်း၊ သာသနာတော် တိုင်းကား နိုင်ငံတော် ကာလ ရှည်မြင့်စွာ ပွင့်လင်းသာယာမည့် အကြောင်းကို လည်းကောင်း မင်းနှစ်ပါးသည် စိစစ် ဖွေရှာကြံစည်ကြမည် အရေးသာ ထင်သည်။သို့ဖြစ်၍ ထိုမင်းနှစ်ပါးသည် စိုက်စိုက် မတ်မတ် စိတ်တစ်ဝမ်းတည်း ကြည်လင် သန့်ရှင်းစွာ အချစ်မေတ္တာ ရှိရာသည်ကို ထောက်သဖြင့် ရတနာရွှေပေ၌ ရေးကြား လိုက်သည်။ အချစ်တော် ရွှေနန်းရှင်၏ မြတ်သောဉာဏ်ဖြင့် ထင်သည့် အတိုင်းကိုသာ သိကြား ပြန်ချင် တော့သည်။ အချစ်တော် မင်းစေတို့ ကြားပလေသည်။ အကြောင်း မူကား၊ တို့နားဝယ် မကြားဝံ့သည် သတင်းကို ကြားခြင်းကြောင့် စုံစမ်းရာတွင် ကြားပလေသည်။ ဇေယတာမန်၊ ဂုန္ဒရာဇတာမန်၊ ဒေဝတာမန်တို့ အလျင် ရောက် လာလွယ်မှ အချစ်တော် အီကျန်းခုံသည် သတင်းနှင့် အရေး ခပ်သိမ်းကို ကြားသိမည်။

အထူးထူးသော တိုင်းကြီး ပြည်ကြီး ထီးဆောင်း မင်းများ သခင် ရွှေတိုင်၊ ငွေတွင်း၊ ပတ္တမြားတွင်း၊ ပယင်းတွင်းစသော ရတနာ အပေါင်းတို့၏ အရှင် စတုတ္ထ ရတနာပူရ မြို့တည် နန်းတည် ဆဒ္ဒန် ဆင်မင်းသခင် ဆင်များ သခင် အရှင်ဘဝရှင် မင်းတရားကြီးဘုရား လက်ထက်တော် သက္ကရာဇ် (၁၁၉၁) ခုနှစ် နယုန်လဆန်း တစ်ရက်နေ့ကစ၍ ရဟန်းပညာရှိ၊ ပုဏ္ဏားပညာရှိ၊ မှူးမတ် ပညာရှိတို့နှင့် အထူးထူးသော ရတနာတို့ဖြင့် ဆန်းကြယ်သော မှန်နန်းတော် ဆောင်တော်ဦး၊ နန်းမစနေ၌ နိုင်းညှိ၍ အသင့်ယုတ္တိ ကျမ်းဂန် အာဂုံများနှင့် အညီ သုတ်သင်စီရင်တော်မူသော မှန်နန်း မဟာရာဇဝင်တော်ကြီး (၁၈-တွဲ) ညှိတွင်ပြီး၏။

## နမော တဿ ဘဂဝတော အရဟတော
## သမ္မာသမ္ဗုဒ္ဓဿ။

ပေနှင့် ပါသည့်စာမှာ။ ။တစ်ကြောင်းတုံ မော်လမြိုင်စား မှန်တို့က မပေါ် ဟူ၍ လူနှင့် စာရောက်သည်။ သင်တို့ အရပ်သည် ကြောက်လန့်လှသည် အဟန့် ရှိသည်ဖြစ်၍ ကိုယ်တို့ကို မကြောက်လန့်နှင့် အချစ်တော် အမျက်မငြိ အောင် နာလိုဘွယ်ကို ဆိုမည်။ ယင်းသို့ မဟုတ်တုံ အချစ်တော်ကို ကြောက်ရွံ့ လှချေပြီဖြစ်၍ မချဉ်းဝံ့ပြီပြင် ကျွန်ဖြစ်ကြောင်းကိုသာ စီရင်ပါမှလျှင်လည်း သည်အတိုင်း ဖြစ်သင့်သည်။ အကြောင်းကို ဆိုမည်။ သို့ဝယ်ကိုမလိုက် ငါဝယ် သာ ကျွန်ဖြစ်ပါချေ ဟူလျှင်လည်း ထိုမင်းနှစ်ပါးသည် ရှေး တောလောင်းတော် တို့ကဲ့သို့ နှစ်ပြည့်တစ်ပြည် နှစ်ကိုယ့်တစ်ကိုယ် အမှတ်ဖြင့် ကမ္ဘာကျော်ကြားသော် လည်း ကောင်းသော ဥဒါန်း မော်ကွန်းစကားမကျေ၊နှောင်လာဘုရားတို့ မော ဆောင်လာရကြောင်း၊ သားတော်အစဉ် မြေးတော်အဆက် မပျောက်မပြန့် သာမည အကြောင်းဖြင့် အချစ် အဆွေ ခင်ပွန်း ဖွဲ့ကြသည်။ အစီအရင်ကို တညီတညွတ်တည်းပြုကြသည်ဖြစ်၍ တစ်ပါးတစ်ခြားသို့ ရိုင်းပင်းလှုံ့ပြုလေသည် ထက် ငါကျွန်တလဲလဲပင် မှတ်၍ အချစ်တော် အလိုတော် ရှိရာ၏ ဟူ၍ သင်တို့ကို ပြန်ပြုံးလိုက်ပေသည်။ အချစ်တော် အယူကိုမှုကား မသိနိုင်၊တစ်ကြောင်းသည်။ ကလေးသို့ ပို့လိုက်သည့် မှန်တို့ကို ယင်းသို့ ရောက်လေလျှင် စပ်လောင်း၍ မီးတိုက်လေ အမိန့်တော်ရှိသော ဟူ၍ သဘောကို ကြောက်လုသောကြောင့် ပြေးထွက်၍ ရောက်လာသည့် အကြောင်းကိုလည်း ကြားရောက် လိုက်သည်။ တန်ဆောင်မုန်း လဆန်း တစ်ရက် သောကြာနေ့ တက်ရသည် အခေါ်ခန့်သည်။ ဝင်ရုံးမြို့ မြန်၊ နတ်ရှင်မြင်းငဇေယျ ရာဇသံကို ဆင်ပေါ်က ကကျင် ကြိုးနီမှမ်း ဒေဝတမန်ကိုင်၍ စီးသည်။ ဇေယျတမန်၊ ဂုန္နရာဇတမန် ဆင်တစ်စီးစီးစီး၍ အရှေ့ကလာသည်။ ရုံးရှေ့ လေးတာလောက်တွင် ရာဇသံ ဆင်ရပ်၍ နေသည်။ ဇေယျတမန်၊ ဂုန္နရာဇတမန် ရုံးသို့တက်၍ နေသည်။ ထွက်တော်မူ၍ စည်တော်

လက်ဆောင်တော် ကောက်မည်သူ ကမ်းနားမြို့ ဝါးရုံ
သတ်မှ အောင်လှနှင့် လက်ဆောင်တော် ရာဇမှတ်ကြီးတံခါးက အသင့်နေရာကသူ
တုတ်သား လေးကျိပ်နှစ်ယောက် ရာဇမှတ်ကြီးတံခါးက အသင့်နေရာက
ရာဇတမန်သည် ဆင်ကိုနှိမ်စေ၍ စာကို အောင်လှလှမ်းသည်။ လေးတာ
သွားမှ လက်ဆောင်တော်ကောက်သသူတို့ လိုက်သည်။ လက်ဆောင်
အတာ လေးဆယ်လောက် မင်းသံ တို့နှင့် အကြပ်မြတ်စံဘော ရုံတို့
ဝင်းတော်အတွင်း ရောက်လျှင် စာကို သင်းပြုပေါ်တွင် ခင်းနှီးနေရာခင်းသည်
ခင်းနှီးနေရာပေါ်တွင် ရွှေကလပ်နှင့် တည်သည်။ လက်ဆောင်ကိုမူကား ဝင်း
သည့်ပြင် လက်ဝဲသို့သွား၍ အတွင်းတော်သို့ ရောက်လျှင် လက်ဝဲကနေ
မြင်းသည်တို့ နောက်ကနေသည်။ ရခိုင်မင်းသံတို့ တက်၍နေရာတွင်မှ ရာ
နေရာက တက်၍ လက်ဆောင်တော်ကို ဆက်သည်။ လျှောက်ပြီးမှ မြေတံနေရာ
ထ၍ ပုရပိုက်ကူးသည့်စာကို ဖတ်သည်။ သို့မေးမြန်းတော်မူ၍ အတန်ကြာသည်
ဆောင်မှူး အောင်ထွဋ် ရွှေလုလင်ခေါင်ကွမ်းလက်ဖက်တစ်ယောက်တစ်ပွဲစီ
ကလပ်ပေါ်တွင် ရွှေပလား အနားပြောက် ဖက်ဝန်းအုပ် တည်သည်။ သို့
ထွက်ရသည်။ ရခိုင်မင်းလက်ဆောင်ပါသည်။ ကောမကာစွပ် တစ်ဆယ်နှစ်အုပ်
မာမနိုင်ငါးအုပ်၊ ကော်စီကြွေတိုက် အအုပ်နှစ်ဆယ် သည်လက်ဆောင်တော်
များကို ရွှေရုံးတက်မှာ ဇေယျသခ်ကို အမိန့်တော်ရှိ၍ အောင်ထွဋ်နှင့် တ
ထားသည်။တန်ဆောင်မုန်းလဆန်းတစ်ဆယ့်လေးရက် ကြာသပတေးနေ့ နန်း
အိမ်သို့ ရခိုင်သံတို့ကို တက်စေသည်။ ဆင်သုံးစီးနှင့် ခံသည်။ ကွမ်းလက်
မူကား နန္ဒမိတ်အိမ်က တည်သည်။ နန္ဒဇေယျကို ပို့ရသည်။ နန္ဒမိတ်ကို ခေါ
ဆုံးအုပ် မင်းသံတို့က ပေးသည်။ ရခိုင်မှာ အဂ္ဂမဟာသေနာပတိစသော မှူးကြီး
မတ်ကြီးတို့ အသက်အရွယ်ကို မေးသော် သံတို့ကပြောသည်။ မင်းတိုင်ပင်
သော မဟာနန္ဒသူရိယ အသက်ငါးဆယ့်ခြောက်၊ မဟာနန္ဒကျော်ထင် ငါးဆယ့်
ခြောက်၊ နန္ဒသကြံငါးဆယ်၊ သူရကျော်ထင်လေးဆယ့်ငါး၊ သီရိဇေယျကျော်ထင်
ခြောက်ဆယ်၊ ရခိုင်မင်းအထိန်း ရာဇဗလကျော်ထင် ငါးဆယ့်ခုနစ်၊ စစ်သူကြီး
အဘယကျော်ထင် ငါးဆယ့်ရှစ်၊ နန္ဒစည်သူငါးဆယ့်လေး၊ လက်ယာဇေယသူကြီး
ငါးဆယ့်ငါး ဟူ၍ ဆိုသည်။

## ရခိုင်သို့ ရာဇသံစာ ပြန်ခြင်းအကြောင်း

ယင်းသို့မှ ရခိုင်သို့ ပါးစရာစာကို ရာဇာဘိသေကခံပြီးဖြစ်၍ ဤသို့ စာရေး
တပ်သည်။ ။သုနာပရန္တတိုင်း၊ တမ္ဗဒီပတိုင်း၊ ကမ္ဗောဇတိုင်း၊ ရာမညတိုင်း

သယာဂုတ္တတိုင်း၊ ဇောတိနဂရတိုင်း၊ ရတနာပူရ ရွှေပြည်ကြီး၊ သရေခေတ္တရာ ပြည်၊ အရိမဒ္ဒန ပြည်၊ ကေတုပတီ ပြည်၊ ဟံသာဝတီ ပြည်၊ သာယာဝတီ ပြည်၊ မြဝတီ ပြည်၊ မုတ္တမ ပြည်၊ ထားဝယ် ပြည်၊ ဇင်းမယ် ပြည်၊ ကျိုင်း ဆည် ပြည်၊ ကျိုင်းတုံ ပြည်၊ အနန်း ပြည်၊ ကျိုင်းရုံ ပြည်၊ သိန္နီ ပြည်၊ မိုးမိတ် ပြည်၊ သီပေါ ပြည်၊ မိုးနဲ ပြည်၊ ညောင်ရွှေ ပြည်၊ ဗန်းမော် ပြည်၊ မိုးကောင်း ပြည်၊ မိုးညှင်း ပြည်၊ ကလေး ပြည်၊ မိုင်းလျှည်း ပြည်၊ ကိုင်းမား ပြည်၊ မိုင်းမော် ပြည် တိုင်းကြီးများ အပေါင်းနှင့်တကွ ပြည်ကြီးများ အပေါင်းကို အစိုးရသော ငွေတွင်းသခင်၊ ရွှေတွင်းသခင်၊ ပယင်းတွင်းသခင်၊ ပတ္တမြားတွင်း သခင်၊ ရွှေနန်းသခင်၊ ဘဝရှင် သီရိသုဓမ္မရာဇာ မဟာဓိပတိ၊ ချစ်ကြည်စွာ ကြားရောက်လိုက်သော ပစ္ဆိမဒေသ အနောက်တရိုး ပြည်ကြီးများကို အစိုးရ သော ဆင်နီသခင် အချစ်တော် ဘဝရှင် သီရိသုဓမ္မရာဇာ အမိန့်တော် ရွှေပေစာ ခါးနှစ်ဘက် ပတ္တမြားစီ ပေနှင့် ရေးသည်။ မှုစာလည်းတစ်ချပ် ဆင်စွယ်ကြုတ်တွင် အတူသွတ်သည်။ ကတ္တီပါအိတ်တွင် သွတ်၍ သစ်ကြုတ် ချိပ်နှိပ်ကို မျှသည်။ ကြုတ်အဖုံး အထွတ်တွင် နဝရတ်စီ၍ ရေပ်တွင် သွတ်မှ ခြေသုံးဆိပ် ခတ်သည်။ သစ်ကြုတ်ကို ဇေတဝန်ဆောင်တွင် တည်၍ ဇေတဝန် ဆောင်ကို ထမ်းစင်ပေါင်နှင့် ထမ်းသည်။ သံလျင်ကသည် ပြည်တိုင်ဆောင် လှေကြောင်းသွားသည်။ ရာဇသံကို ကျယ်မည်စိုးရွံ့ မဆိုသည်။ ဟံသာဝတီ ပြည်ထဲရေးရာ အဖြာဖြာရှိသည်ကို စီရင်တော်မူခဲ့၍ ဒေဝ နံ့ ပိယတိဿ မင်းကဲ့သို့ ရာဇာဘိသေတနှစ်ကြိမ် ခံအုံသော ငါ ခမည်းတော် မင်းတရားကြီးဘုရား အရိုက် အရာတော်၊ နောင်တော် မင်းတရားကြီးဘုရား အရိုက်အရာတော် ဖြစ်သော ရတနာပူရ အဝ ရွှေပြည်တော်သို့ သက္ကရာဇ် (၉၉၆) ခုနှစ် ပြာသိုလပြည့် ကျော် တရက် အင်္ဂါနေ့ ပြန်တော်မူသည်။ ရောက်တော်မူလျှင် တောင်ပလု ဆုတော်ကနေတော်မူ၍၊ သက္ကရာဇ် (၉၉၆) ခုနှစ် တော်သလင်းလပြည့်ကျော် သုံးရက်၊ နက္ခတ်နှစ်ဆယ့်ငါးလုံး၊ ငါးဆယ့်လေးထွက်၊ ကျိုက်မြေခံ မိုးသောက် သုံး ချက် တီး ကျော် တစ်နာရီ မိန့်စန်း ကရကဋ်လဂ်တွင် ဆောက်၍ရှိနှင့်သော အဝမြို့တွင် သက်ငယ်နန်းတော်သို့ တပို့တွဲလဆန်း ခုနစ်ရက်၊ အင်္ဂါနေ့၊ နက္ခတ် နှစ်ဆယ့်ခြောက်လုံး၊ မိန့်စန်း၊ မကာရလဂ်၊ မိုးသောက် သုံးချက်တီးကျော် ခြောက်နာရီ သုံးပါဒ်တွင် အဝတွင် ဝင်တော်မူ၍ နေတော် ရှစ်နာရီနှစ်ပါဒ် မိန့်စန်း၊ မိဿလဂ်တွင် သက်ငယ်နန်းတော်သို့ တက်တော်မူသည်။ ယင်းသို့မှ ရွှေနန်းတော်ဆောက်အုံ ဟူ၍ များစွာသော အစီအရင်တို့ကို အထက် လေးထယ်

သစ်တို့ကို စစ်ကိုင်း စကုမေ်သို့ ရောက်၍ သစ်ရှည် စီရင်၍ ခုတ်စေသော သစ်တို့ကို ရွေးချယ်၍ ကြငှန်းဖို၊ ကြငှန်းမ၊ တုတ် စင်ကြယ် ညီညွတ်စွာသော သစ်နှင့်တကွ များစွာသော သစ်တို့ကို သက္ကရာဇ်(၉၉၆)ခုနှ ဟ၍ မှတ်ပြီးသည့် သစ်နှင့်တကွ ကိုးရက် နက္ခတ်တစ်ဆယ့်နှစ်လုံး ငါးယဉ်ရှိ နေဝင်ကျော် ဝါခေါင် လပြည့်ကျော် ကိုးရက် နက္ခတ်တစ်ဆယ့်နှစ်လုံး ငါးယဉ်ရှိ နေဝင်ကျော် လေးနာရီတစ်ပါဒ်၊ ကန်စန်း၊ မိဿလဂ်တွင် သစ်ကို ရေသို့ချ၍ သောတာပ ကိုးဆယ့်ကိုးပါး၊ ဂြိုဟ်ရှစ်ပါး၊ ပြည်စောင့်၊ မြို့စောင့် နတ်တို့အား ပတ်စည် စောင်း ငြင်း အမြိန် အရသာတို့ဖြင့် သဘင်ကြီးစွာခံ၍ မင်းသား၊ မင်းမြေး စော်ဘွား၊ စော်ခံ၊ မှူးကြီး၊ မတ်ရာ၊ ဆင်သည်၊ မြင်းသည်၊ သူရဲ၊ သူကြီး တို့နှင့်တကွ လှေကြီး လှေငယ်တို့ကို ပုံမောင်းနှင့်တကွ တီးမှုတ် မြူးတူးလျက် မဟာမေ်တိုင်အောင် ဆန်၍ ကူးသော် ရွှေနန်းတော်သစ်သည် အလိုလို လှေရှေ့ အလျင်လွန်၍ ကူး၏။ ကြက်ယက်အရှေ့ အင်းပြင်သို့ ရောက်လျှင် လှေတက်က မြူးတူးလျက် အဝမ္မိ မာန်အောင်ဆိပ်တွင် ထား၏။ ဤသို့ အုံ့ပွယ်ရှိသော သစ်ကို ကျွမ်းဂန်နှင့်ညီစွာ အချို၊ အဆိမ့်၊ အစေ့ အစုံ၊ ကြုံ၊ ငှက်ပျော၊ အုန်းသီး၊ ပန်းနံ့သာ၊ တံခွန်၊ သိမ်း၊ ကွမ်း၊ လက်ဖက်၊ တန်ဆောင် တို့ဖြင့် ဘီလူးမင်းအား မန္တန်ရွတ်၍ အစားပေးမှ အရင်းလက်လေးသစ်၊ အဖျား လက်လေးသစ်၊ ရွှေလှ၊ ငွေလှတို့ဖြင့် ဖြတ်၍ အမြိန်အရသာ ထီး တံခွန် တို့ဖြင့် ဘီလူးမင်းအားပူဇော်၏။ ပုရောဟိတ်တို့လည်း ရွှေဖလား၊ ငွေဖလား၊ လက်ဆောင် ခရုသင်းတို့ဖြင့် မန္တန်ရွတ်၍ စင်စွာဆေး၏။ တော်သလင်း လဆန်း နှစ်ရက် နက္ခတ်တစ်ဆယ့်ကိုးလုံးအသုံးဆယ်ယဉ်ရှိ၊ နေ့စန်း၊ ကရကဋ်လဂ်၊ မိုးသောက် သုံးချက် တီးကျော် နှစ်နာရီ နှစ်ပါဒ်တွင် မင်းသား၊ မင်းမြေး၊ စော်ဘွား၊ စော်ခံ ဒေါ်ဗညား၊ အမှူး၊ အမတ်၊ သူရဲ၊ သူကြယ်တို့ ခြံရံလျက် လမ်းကို တန်ဆာ ဆင်ပြီးမှ ခရီးစဉ်တို့၌ ကချေသဘင်တို့ဖြင့် ကစေ၍ ပြည်တွင်း ပြည်ပ စောင့် သော နတ်တို့ကို ပတ်စည်၊ စောင်းငြင်း တို့ဖြင့် ပူဇော်၍၊ မှူးသား မတ်သား အပေါင်း တို့ကို ဝတ်စား တန်းဆာ ဆင်ယင် စေလျက် တမုတ် ကြီးတို့ဖြင့် ကိုင်စေ၍ စည်၊ မောင်း၊ တံပိုး၊ ခရာ တီးမှုတ်လျက် ရွှေနန်းတော် ဆောက်မည့် အရပ်သို့ သွင်း၍ အနောက်သို့ အရင်း၊ အရှေ့ အဖျား ထား၏၊ ကောင်းသော တီထိ နက္ခတ် ဂြိုဟ်တို့အား တန်ဆောင်း ဆောက်၍ အုံး အိပ်ရာ၊ ရေအိုး၊ အုန်းသီးပင်ပေါက်၊ လင်ပန်း၊ ဖလား၊ နွားနို့၊ ထောပတ်၊ ပျား တင်လဲ၊ ကြုံ၊ ငှက်ပျော၊ သိမ်းဘန်ဆောင်၊ ကွမ်း၊ လက်ဖက်၊ ပန်းပေါက်ပေါက် ထီး၊ တံခွန်၊ စပါးတောင်း၊ ဆန်တောင်းတို့ဖြင့် ပူဇော်၏။ မှူးသား၊ မတ်သားတို့

မင်းသော ရွှေမြူတော တစ်ရာ ရှစ်လုံးတို့ကို ခရုသင်း၊ လက်ယာရစ်၊ ရွှေခုက်၊ ရွှေခွက်တို့ဖြင့် မန္တန်ရွတ်၍ စင်ကြယ်စွာ ဆေးပြီးသော ရွှေလင်ပန်း။ ရွှေသင်း။ ရွှေသခွေး၊ ရွှေငှန်းတို့ဖြင့် ကျင်းအပ်သော နတ်ယာကာကို စီရင်၍ လက်သင်ကြီး ညွှန့်သွယ်ပေါင်းသော ဝိဿကာ အကြီးတို့သည် ရွှေတံမျဉ်း ငွေတံမျဉ်း တို့ဖြင့် တင်၍ ရွှေတံစည်း၊ ငွေတံစည်းတို့ဖြင့် ရွှေ၏။ ထိုရွှေသော လက်သမားကြီးတို့သည် လက်မကိုင် ခြေမကိုင်နိုင် ရှိခဲ့၍ ပူဇော်ကန်တော့ ပကတိအတိုင်း ရွှေရ၏။ ဤသို့ အံ့ဖွယ်ရှိသော ရွှေနန်းတော်သစ်ကို ပြီးမှ ရွှေဆောက်၊ ငွေဆောက်တို့ဖြင့်လည်း တုရင်စသော အမှန်းအပြောက် တို့ကို ထုလုပ်စေ၍ ရွှေနည်း၊ ဂြိုဟ်နတ်တို့ကို ပူဇော်ကန်တော့၍ တော်သသင်၊ လဆန်းတစ်ဆယ့်သုံးရက်၊ စနေနေ့ နက္ခတ်နှစ်ဆယ့်သုံး၊ နှစ်ဆယ့်ငါးယဋ္ဌိ၊ ခန်း၊ ကရကဋ်လဂ် မိုးသောက်သုံးချက်တီးကျော် ငါးနာရီနှစ်ပါဒ်တွင် ရွှေနန်းတော်ရာ မြေကိုတိုင်း၏။ တန်ဆောင်မုန်းလပြည့်ကျော် တစ်ဆယ့်သုံးရက် ကြာသပတေးနေ့ တိထိတစ်ဆယ့်တစ်၊ တစ်ဆယ့်ကိုးယဋ္ဌိ၊ နက္ခတ်တစ်ဆယ့်နှစ်၊ ငါးဆယ်သုံးယဋ္ဌိ၊ ကန် စန်း၊ ဗြိစ္ဆာ လဂ် နံ နက် လေး ချက် တီး ကျော် တစ် ပါဒ် တွင် နန်းတော်ရာ မြေကို ရွှေတွန်း၊ ငွေတွန်း၊ ရွှေတူးရွင်း၊ ငွေတူးရွင်း၊ တို့ဖြင့် ကြန်လက္ခဏာနှင့် ပြည့်စုံသော ရှစ်ချင်းသော နွားတို့ကို ရွှေကြိုး၊ ငွေကြိုး တို့ဖြင့် တန်းဆာဆင်၍ ပုရောဟိတ် ရှစ်ယောက် တို့ကို ရွှေတည် စေ၏၊ ထွန်စေ၏၊ ပေါက်စေ၏၊ တူးစေ၏။ နတ်တော်လဆန်းတစ်ဆယ်တစ်ရက်၊ ဗုဒ္ဓဟူးနေ့ တိထိကိုး၊ သုံးဆယ်ကိုးယဋ္ဌိ၊ မိန်စန်း၊ ကရကဋ်လဂ် နေဝင်ကျော် ငါးနာရီ သုံးပါဒ်တွင် စပါးမျိုး ခုနစ်ပါးကို ကြဲ၏။ နတ်တော်လပြည့်ကျော် ဆယ်ရက် ဗုဒ္ဓဟူးနေ့ တိထိရှစ်၊ လေးဆယ့်သုံးယဋ္ဌိ၊ နက္ခတ်တစ်ဆယ့်နှစ်၊ သုံးဆယ့်ခုနစ်ယဋ္ဌိ၊ ကန်စန်း၊ ပြိဿလဂ်၊ မိုးသောက် သုံးချက်တီးကျော် လေးနာရီနှင့်တစ်ပါဒ်တွင် ရွှေနန်းတော်ပုံကိုင်၏၊ ဂြိုဟ်နတ်ကိုသည်၊ ပူဇော်၏၊ ပြာသိုလဆန်း သုံးရက်၊ ဗုဒ္ဓဟူးနေ့ တိထိသုည၊ ငါးဆယ့်ရှစ်ယဋ္ဌိ၊ နက္ခတ်တစ်ဆယ့်ကိုး၊ တစ်ဆယ့်လေးယဋ္ဌိ၊ ဓနုစန်း၊ ကရကဋ်လဂ် ညဉ့်လေးချက်တီးကျော် သုံးနာရီ တစ်ပါဒ်တွင် နန်းတော်မြို့ကျုံးတူး၏။ ပြာသိုလဆန်း ကိုးရက်၊ အင်္ဂါနေ့ တိထိ ခြောက်၊ ငါးဆယ့်ခြောက်ယဋ္ဌိ၊ နက္ခတ်နှစ်ဆယ့်ငါး၊ သုံးဆယ့်တစ်ယဋ္ဌိ၊ မိန်စန်း၊ ကန်လဂ်၊ သန်းလွဲ့ နှစ်နာရီ တစ်ပါဒ်တွင် ရေခုနစ်ပါး၊ မြေခုနစ်ပါး၊ အမွှေးမျိုးခုနစ်ပါး၊ နွားနို့၊ ထောပတ်၊ ပျား၊ တင်လဲ၊ မြေစာမြက်၊ နွားချေးတို့ဖြင့် ရော၍ ကျုံးပြီးသော် ကြေးမုံနှင့် ညီညွတ်စွာ ပွတ်၏။ ပြာသိုလဆန်း တစ်ဆယ့်နှစ်ရက်၊

သောကြာနေ့ ပိန်စန်း၊ မိဿလက်၊ ကြာသပတေး မြေခံ၊ မှန်းတည်ကျော် ငါးနာရီလျှင် ဂြိုဟ်နတ်တို့ ပူဇော်၍ သီလဂုဏ်နှင့် ပြည့်စုံသော အရိယာ သံဃာတို့ကို အဆောင်ဆောင်သော နန်းတော်ရာမြေ၌ ဆွမ်းလုပ်ကျွေးခြင်း၊ ပရိတ်တော်ခံခြင်း၊ များစွာသော အလှူဝတ္ထုတို့ကို လှူတော်မူခြင်း၊ ပြည်တွင်း ပြည်ပ စက်ကိုင်း၊ ပင်းယ၌ရှိသော စေတီဆင်းတု ဗောဓိရွှေညောင် တို့အား ဆီမီး တန်ဆောင်တို့ဖြင့် ပူဇော်ခြင်း၊ ပြည်၌ စောင့်သောနတ်၊ တံခါး၌ စောင့်သောနတ်၊ လမ်းဆုံတို့၌ စောင့်သောနတ်တို့အား ဆီမီးတန်ဆောင် ကွမ်းလက်ဖက် အမြိန်အရသာ ပတ်စည်၊ စောင်းငြင်း ပူဇော်ခြင်းတို့ကို ပြု၍ အင်္ကျီတို့ကို ဝတ်လျက် တမုတ်ကြီးဖြင့် ခင်း၍ ရွှေနန်းတော် ကြငှန်းမဟာ ရွှေ လယ်ယာရက်လည်၍ ပန္နက်ကိုစိုက်၏။ ပြာသိုလပြည့်ကျော်တစ်ရက်၊ တနင်္လာနေ့ နေရောင်ခြည်လာတွင် ဂြိုဟ်နတ်ချုပ်တို့ထုရ၏။ ဂြိုဟ်နတ်လည်းပူဇော်၏။ ပြာသိုလ ပြည့်ကျော်နှစ်ရက်၊ ဗုဒ္ဓဟူးနေ့တိထိသုည၊ နှစ်ဆယ့်ခုနစ်ယဋ္ဌိ၊ နက္ခတ်ခြောက် လေးဆယ့်ခုနစ်ယဋ္ဌိ၊ မေထုန်စန်းလက် နေ့ဝင်ကျော် တစ်နာရီသုံးပါဒ်တွင် နန်း၏ အမြိုဖြစ်သော ငြမ်းကိုဆောက်၏။ မှန်းလွှဲကိုးဖဝါးတွင် မင်းကိုယ်လုပ်ကိုလည်း ဆောက်၏။ ပြာသိုလပြည့်ကျော်ရှစ်ရက်၊ အင်္ဂါနေ့ နက္ခတ်တစ်ဆယ့်နှစ်လုံး တစ် ဆယ့်နှစ်ယဋ္ဌိ၊ ကန်စန်း၊ ကန်လဂ်၊ ညဥ့်တစ်ချက်တီးကျော် ငါးနာရီတစ်ပါဒ်တွင် ရာဇပလ္လင်ကို ထု၏။ ထိုသို့မှန်းလွှဲသုံးနာရီတွင် နန်းမငြမ်းဆောက်၏။ ဂြိုဟ်နတ် တို့ကို ဆိုခဲ့ပြီးသော အတိုင်း ပူဇော်၏။ နန်းတော်ရာ ရှစ်မျက်နှာတို့၌လည်း မဏ္ဍပ်ကနားကြီးစွာ ဆောက်၍ သီလဝန်၊ ဂုဏဝန် အရိယာ သံဃာမြတ် တို့ကို ဆွမ်းလုပ်ကျွေး၍ ပရိတ်တော်ခံ၏။ များစွာသော အလှူဝတ္ထုကိုလည်း လှူတော်မူ၏။ တပို့တွဲလဆန်း သုံးရက်၊ သောကြာနေ့၊ ဗုဒ္ဓဟူးမြေခံ၊ နက္ခတ် နှစ်ဆယ့်တစ်၊ ငါးဆယ့်နှစ်ယဋ္ဌိ၊ မကာရစန်းလဂ် နေဝန်းပေါ် တစ်ပါဒ်၌ ဥသျှောင်းဆေးရာ တီးမှုတ်၍ မင်းသား၊ မင်းမြေး၊ အမှုး အမတ် အပေါင်း တို့သည် ဝတ်စားတန်ဆာ ဆင်လျက် ရွှေနန်းတော်သစ်ကို ထု၏။ ထို့ပြင် သစ်ချား၌ တီးမှုတ်ဖြင့် အုပ်၍ ပိတ်ပုဆိုးတို့ကို ဆွဲ၏။ ထန်းခိုင်၊ အုန်းခိုင်၊ ငှက်ပျောခိုင်တို့ကို စိုက်၏။ သမီးကညာတို့ ခပ်သော ရေဖြင့်လည်း ပုရောဟိတ် တို့ကို ဆေးရ၏။ ရွှေနန်းတော် ဆောက်ထုံသော အစီအရင်ကား၊ အရှေ့ဦး တန်ဆောင်းဆောက်၍ ဝိမာန်နှင့် လနတ်သားကို ပုဆိုးတွင် ရေး၍ ပြုသော တန်ဆာကိုဆင်၍ တန်ဆောင်း၌ ထား၏။ အုံး ထိပ်ရာ ကြာသွတ်တိုး၊ အုန်းသီး၊ စပါး၊ ဆန်၊ လင်ပန်း၊ ဖလား၊ အမြိန် အရသာ၊ သစ်သီး၊ ပန်းမာလ်

ဆီမီးတန်ဆောင်၊ ကွမ်းလက်ဖက်၊ နံ့သာရည်ဘိုဖြင့် မန္တန်ရွတ်၍ ပုဏ္ဏားတို့ကို ပူဇော်၏။ ညီမျှသာပြခဲ့ဘုံ၊ နှစ်ကျိပ် ကိုးပါးသော ဂြိုဟ်နတ်တို့ကိုလည်း ထွန်းလာသော အတိုင်း စီရင်၍ ပုဏ္ဏားတို့ ပူဇော်၏။

သက္ကရာဇ် (၉၉၆) ခုနှစ် တပို့တွဲလဆန်း ခုနစ်ရက်၊ အင်္ဂါနေ့ ကျိတ်ခမြင်း နက္ခတ် နှစ်ဆယ့်ခြောက်လုံး၊ ငါးဆယ့်သုံးထင်ရှိ၊ မိန်စန်း ကရကဋ်တက်တွင် ရွှေနှာ ပန်းတောင်း၌ ရွှေပေါက်ပေါက်၊ ငွေပေါက်ပေါက်၊ ရွှေတန်ဆောင်၊ ငွေတန်ဆောင်တို့ဖြင့် သိကြား ဗြဟ္မာ စတုလောကပါလ သာသနာတော် စောင့် ရက္ခစိုး၊ ဘုမ္မစိုး၊ အာကာသစိုး၊ အရပ်ဆယ်မျက်နှာ ဂြိုဟ်နတ် အလုံးတို့ကို လက်ယာရစ် လည်တော်မူ၍ ပူဇော်တော် မူပြီးမှ ခြောက်စည် သံလွင်တို့ခေါ် လက်ချပ်တို့ကို တီးမှုတ်လျက် ကောင်းသော မင်္ဂလာ စကားတို့ကို ဆို၍ တစ်ပြိုင်နက်တူးစေ၍ တူးသော တူးရှင်းစာတို့ကိုလည်း ပါပါ သူရှု ကောလီတို့ အရပ်သားတို့သည် ထိုအရပ်သို့ချည်း ရုထားစေ၏။ တပို့တွဲလဆန်းတစ်ဆယ့်တစ်ရက် စနေနေ့ကြာသပတေးနေ့ မြွေခံ နက္ခတ်သုံး နှစ်ဆယ့်ခုနစ်ထင်ရှိ ပြိဿစန်းကရကဋ်လဂ် မွန်းတည့်ကျော် တစ်နာရီသုံးပါဒ်တွင် ကမ္မန်းမျိုး ကုလားကာ ဆေး ပေါင်း တို့ ကို ပုန်းရည် နှင့် ရော၍ မန္တန် ရွတ်၍ တွင်းဝန်းကျင် သစ်ရင်းတို့ကို သုတ်စေပြီးမှ ရွှေ၊ ငွေ၊ ကြေးပြား၊ ကြေးနီ၊ ခဲမဖြူ၊ ခဲမမည်း၊ နဝရတ်ကိုးပါး၊ စပါးမျိုး ခုနစ်ပါးတို့ကို တွင်းတိုင်း တွင်းတိုင်း အစေ့ ထည့်ပြီးသော် ကြငှန်းဖို့၊ ကြငှန်းမဟာ စ၍ လက်ယာရစ် တိုင်စိုက်၏။ ယင်းသည့် နေ့ ဥသုံးချက် တီးကျော် ခြောက်နာရီ နှစ်ပါဒ် ရွှေနန်းတော်သစ် ထွင်း၏၊ စခွဲးခွဲ၏။ တပို့တွဲလဆန်းတစ်ဆယ့်လေးရက် အင်္ဂါနေ့ နက္ခတ် ခြောက်လုံးနှစ်ဆယ့်ရှစ်ထင်ရှိ မေထုန်စန်း၊ မကာရလဂ်၊ နံနက် လေးချက်တီးကျော် နှစ်ပါဒ် ကိုးဗိဇနာလျှင် ပြဿဒ်တော် အိမ်သာ ထုတ်လျှောက် တင်၏။ ဥကင်သ နတ်ရုပ်ထု၏၊ စည်လည်းဆွဲ၏။ တပို့တွဲလပြည့်ကျော် ငါးရက် တနင်္လာနေ့ နက္ခတ်တစ်ဆယ့်ငါး၊ ငါးထင်ရှိ တုစန်း၊ ကန်လဂ် မိုးသောက် သုံးချက်တီးကျော် ခုနစ် နာရီလျှင် တစ်ဆယ့်ရှစ်လုံးသော ရွှေကို ရွှေမှုတ၊ ငွေမှုတတို့၌ အမွှေးမျိုးတို့ဖြင့် ထုံ၍ ရွှေခွက်၊ ငွေခွက်တို့ဖြင့် ဟပ်၍ ဗြဟ္မာမင်းအား ပူဇော်၍ ထုတ်လျှောက် တင်၏။ ရွှေနန်းတော်မ ဆောင်တဝန်းသုံးဆောင် ပြဿာဒ်နန်းရံ ခြောက်ဆောင်နှင့် တကွ ရွှေနန်းတော် ဆယ်ဆောင်ကို ထုတ်လျှောက်တင်၏။ ညဉ့်တစ်ချက်တီးကျော် နှစ်နာရီတွင်

ဖြတိုက် အိမ်သာတော်သစ် ချ၏။ ရတနာသိမ်းစင် စက်တော် ခေါ်
ပြာသာဒ် အခြေပြောက်တို့ကို သစ်စေးသုတ်၏၊ မိဖုရား အိမ်ကိုလည်း ဆောက်၏၊
တပို့တွဲလပြည့်ကျော် တစ်ဆယ့်သုံးရက်၊ အင်္ဂါနေ့နက္ခတ် တစ်ဆယ့်ကိုး
ငါးသင့် ဓနုလဉ်း မိဿလဂ်တွင် ပြတိုက်တော် အိမ်သာပုံကိုင်၏။
ထုတ်လျှောက်တင်၏။ တပေါင်းလဆန်း ဆယ်ရက် စနေနေ့ ပြတိုက် အိမ်
ထုတ်လျှောက်တင်၏။ သံကွန်ရက်လုပ်၏။ တပေါင်းလဆန်း တစ်ဆယ့်
ရက် စနေနေ့နက္ခတ် တစ်ဆယ့်ခုနစ်လုံး တစ်ဆယ့်ကိုးသင့် ဗြိစ္ဆာစန်းကရကဋ်
မွန်းလွဲ လေးနာရီ မြေနှန်းပုံကိုင်၏။ တပေါင်းလပြည့်ကျော် တစ်ဆယ့်
တနင်္လာနေ့ နက္ခတ်တစ်ဆယ့်ကိုး တစ်ဆယ့်ငါးသင့် တနင်္လာမြေ နံနက်
လေးချက်တီးကျော် သုံးနာရီတွင် နန်းတော်ကိုအုတ်စီ၏။ မိကျောင်းဝပ်
မြေနှန်းပေါက်စိုက်၏။ သည်နေ့ မြေလှုပ်၏။ တန်ခူးလဆန်းရှစ်ရက်စနေနေ့ နက္ခတ်
လေး သင့် ငါးဆယ်၊ ပြိဿစန်း မကာရလဂ်တွင် ဇေသဘန်ဘုရားကို ဌာပနာ
နန်းမြို့တော်လုပ်၏။ တံခါးလုပ်၏။ ရေကန်တူး၏။ တန်ခူးလဆန်း ကိုးရက်
တနင်္ဂနွေနေ့ နက္ခတ်ငါး၊ ငါးဆယ်သင့် မေထုန်စန်း ကန်လဂ် လေးချက်
တီးကျော် တစ်ပါဒ်တွင် ထုပိကာတင်၏။ မင်းဆောင်လုပ်၏။ မောင်းသွန်း၏။
သက္ကရာဇ် (၉၉၇) ခုနှစ် ကဆုန်လဆန်း ငါးရက် ကြာသပတေးနေ့ နံနက်
တစ်ချက်တီးကျော်သုံးနာရီ သုံးပါဒ်တွင် မြောက်ယောင်းတော်သစ် ထူ၏။
ကဆုန်လဆန်း ရှစ်ရက် တနင်္ဂနွေနေ့ နက္ခတ် ခုနစ်လုံး သုံးသင့် မိုးသောက်
သုံးချက်တီးကျော် တစ်နာရီ နှစ်ပါဒ်တွင် ကျက်သရေတိုက် လုပ်၏၊ မဏ္ဍိုင်
ဆလွန်တော်တင်၏၊ အမွှမ်းခြင်ပိတ်တုရင်တင်၏။ ကဆုန်လပြည့် တနင်္ဂနွေ
နက္ခတ်တစ်ဆယ့်သုံးလေးသင့်နေတက် တစ်ချက်တီးကျော်နှစ်နာရီတွင်အုတ်ကြို
မိုး၏၊ အင်္ဂတေလုပ်၏၊ ကဆုန်လပြည့်ကျော် လေးရက် ကြာသပတေးနေ့
အဝင် မွန်းလွဲ ခြောက်နာရီ တစ်ပါဒ်တွင် မြေနှန်းဆောက်၏။ စားတော်အိမ်
ဆောက်၏။ ဆင်တင်းကုတ် ဆောက်၏။ စောင်းတန်း တံခါး လုပ်၏။ ကဆုန်
လပြည့်ကျော် ခုနစ်ရက် တနင်္ဂနွေနေ့ နက္ခတ်တစ်ဆယ့်ကိုး သုံးဆယ့်ရှစ်သင့်
နေတက် တစ်ချက်တီးကျော် နှစ်နာရီ သုံးပါဒ်တွင် ဥကင်သာ ရာဇပလ္လင် တုရင်
ထုပိကာ၊ မှန်ကင်း တင်၏၊ ကဆုန်လပြည့်ကျော် တစ်ဆယ့်သုံးရက် စနေနေ့
နက္ခတ် နှစ်ဆယ့်ငါး ငါးဆယ် နေတက် ခုနစ်နာရီ သုံးပါဒ်တွင် စည်ဝန်း
စည်ပြောကြက်၏၊ နယုန်လဆန်း ငါးရက် စနေနေ့ နက္ခတ်ခြောက် ဆယ်သင့်
မွန်းလွဲသုံးနာရီ သုံးပါဒ်တွင် သင်္ကြန်တော် ခေါ်စရာ ပြာသာဒ်ဆောက်၏၊

နယုန်လဆန်း လေးရက် သောကြာနေ့ ဆန်းလှဲ့ သုံးနာရီ သုံးပါဒ်တွင် ထီးဖြူတော် မိုးအံ့။ ဝန်းစည် မြှောက်စည် ကြက်အံ့။ မြှောက်ဆောင်းတော် စမုဒ်ဖြိုက် အမှမ်း ခြင်ပိတ် တင်အံ့။ နယုန်လဆန်းတစ်ဆယ့်တစ်ရက် သောကြာနေ့ နာရီတစ်ဆယ့်ငါး၊ သုံးသဦ၊ နေဘက် တစ်ချက်တီးကျော်တင့်နာရီ တစ်ပါဒ်ပြုကမ္မည်းတိုင်လုပ်အံ့။ ရွှေနန်းတော်ဆောက်သော အခန်းကား ပြီး၏။

## သာလွန်မင်းတရားကြီး၊ ရွှေနန်းတက်သော အစီအရင်အကြောင်း

ရွှေနန်းတော် တက်သော အစီ အရင်ကား။ ။သင့်သော အရပ်၌ သုံးဆောင်သော ပြာသာဒ်တို့ကို ဆန်းကြယ်စွာသော အမြောက်တို့ဖြင့် စီရင်ပြီးသော် နီသော ရွှေသော ဟင်္သပြဒါးတို့ဖြင့် တန်းဆာဆင်၍ ပိတ်ပုဆိုးတို့ကို မျက်နှာကြက် ကြာယပ် စီရင်၍ ရွှေနန်းတော် မတက်မီ တစ်နေ့က ရွှေနန်းတော်ကို သန္ဓေးအံ့သော အစီအရင်ကား ကြာသွတ်အိုး လေးဆယ်နှစ်လုံးကို တစ်မျှင်စီသော ချည်ဖြင့် မန္တန်ရွတ်၍ ခက်၏။ ထိုးကိုလည်း ချည်ခုနစ်မျှင်စီ ရစ်၏။ ဘဲအောင်ရွက်၊ ညောင်ရွက်၊ သရက်ရွက်တို့ဖြင့် တန်းဆာဆင်၍ ထိုအိုးတို့ကို မန္တန်ရွတ်၍ ရေပြည့်လောင်း၏။ သင်ပြူးခင်း၏။ သည်ထက် ပေါ်တောင်း၊ သည်ထက်ဆန်တောင်း၊ သည်ထက် ယခင်ကြာသွတ်အိုးကို တည်၏။ ထိုအထက် အုန်းသီးပင်ပေါက် တည်၏။ အုန်းသီးကို ပုဆိုးခြုံအုပ်၏၊ လင်ပန်းဖလား၌ ထမင်း၊ နွားနို့၊ ထောပတ်၊ ဆီဦး၊ ပျား၊ တင်လဲ၊ သကာ၊ ကြံ၊ ငှက်ပျော၊ အချိုအချဉ် အဆိမ့်တို့ကို ပြည့်စွာထည့်၍ တည်၏။ ဆီမီး နှစ်တိုင် ထိုက်၏။ အထုံမှာ ခုက်၌ နံ့သာ ကရမက် အကျော် စမွာ စန္ဒကူး ထင်းရှူး သစ်ကြံပိုး၊ ကပျည်း ပွဲလျက်တို့ကို တိုက်၍ ထည့်ပြီးမှ မီးထည့်၏။ ခေါင်းထိုး၍ မန္တန်ရွတ်၏။ သင်ပြူးခင်းသည်မှစ၍ စိမ်သမျှသည် မန္တန် အခြား အခြား ရွတ်၍ စီရင်လေသည်။ မန္တန်မှာ ရာဇာဘိသေက ကျမ်း၌ လာသော မန္တန်ကို ရွတ်ရသည်။ သန္ဓေးသော အစီအရင်ကား နန်းမကျွန်းစင်ကို ဝိရိမေသာနတ်နှင့် ခြောက်ပါး၊ တောင်လေသာကို သရစီနတ်နှင့် ငှစ်ပါး၊ အနောက်နန်းတော်ကို မဟာပရမေနတ်နှင့် တစ်ဆယ်၊ မြောက်နန်းတော်ကို သုဗ္ဗော္ဒနတ်နှင့် ခုနစ်ပါး၊ လှုတ်တော်ကို သိရိနတ်နှင့် ကိုးပါး၊ ဥက္ကင်ဆောင်ကို မဟာသုခနတ်နှင့် သုံးဆယ့်ခြောက်ပါး စောင်းတန်းကို ဘုမ္မ ဒက္ခိုဏ်နတ်နှင့် ငါးပါး ဤနတ်များကို ကြာသွတ်အိုး တစ်လုံးစီ ထည့်၍ လင်ပန်းတွင် ထမင်း၊ နွားနို့ နောက်ကနည်းထည့်၍ ပုဏ္ဏားတစ်ယောက်စီ နတ်ကြီးကို ရွတ်၍ ပူဇော်၏။

အရှေ့တံခါးကို နန္ဒနတ်၊ တောင်တံခါး ရက္ခိုက်နတ်၊ မြောက်တံခါး၊ သရဖို
မြို့လေးမျက်နှာ၌ အရှေ့ တံခါးကို ဓတရဋ္ဌ နတ်ကြီးနှင့် သုံးကျိပ်သော
နတ်စောင့်၏ တောင်တံခါးကို ဝိရူဠှကနတ်မင်းကြီးနှင့် သုံးကျိပ်သော
နတ် စောင့်၏။ အနောက် တံခါးကို ဝိရူပက္ခ နတ်မင်းကြီးနှင့် နတ်သုံးကျိပ်
မြောက်တံခါးကို ကုဝေရနတ်မင်းကြီးနှင့် သုံးကျိပ်သော နတ်စောင့်၏။ ထိုနတ်
တို့ကိုလည်း ကြာသွတ်ဆီး၊ အုန်းသီး၊ လင်ပန်း၊ ဖလား၌ အမြိန်တရသော
ထည့်၍ ပန်းနံ့ သာတို့နှင့်တကွ ပူဇော်ရတော့ မဏ္ဍပ်ရှတ်၍ ပူဇော်စေ၏။ မင်္ဂလာ
ရေခပ်အိုးသော အစီအရင်ကို နောက်နောက်က ပုံရှိလေပြီ။ ရှေး၌သာဆိုအံ့၊
ရွှေဖျား ကာနီစွဲသော သုရိုတို့ သွားရ၏။ သည်နောက်ရွှေကာ၊ သည်နောက်
ရွှေလေး၊ သည်နောက် ရွှေလုံ၊ သည်နောက် ကခုဈသဘင်၊ သည်နောက်
ဘိုးစည်းကြီး ရှစ်လုံးကို ဆိုင်းနှင့် ထမ်း၍သွားရ၏။ တစ်ဆယ့်ရှစ်လုံးသော
မြူတာကို သူကောင်းသားတို့ ဝတ်စား တန်းဆာဆင်၍ ထမ်းလိုက်ရ၏။ ပုရော
ဟိတ်တို့ ထမ်းစင်စီး၍ လိုက်ရ၏။ ရွှေမြူတာလေးလုံး၊ ငွေမြူတာလေးလုံးလည်း
သန့်ရှင်းစင်ကြယ်စွာသော သတို့သမီးတို့ကို ဘယက်တန်းဆာ ရတနာဆင်၍
ထမ်းစင်စီး၍ ရွှေမြူတာ၊ ငွေမြူတာတို့ကို ပိုက်၍ လိုက်ရ၏။ မင်းသား၊
မင်းမြေး၊ မှူးတော်၊ မတ်တော်၊ သူဌေး၊ သူကြွယ်၊ သင်းမှူး၊ ကျေးစား၊
ရွာစားတို့လည်း ဆင်မြင်းထမ်းစင်တို့နှင့် လိုက်ရကုန်၏။ မြစ်ဆိပ်သို့ လိုက်လျှင်
ရွှေလှေ ရွှေလောင်းတို့ကို နှံ့တံ့ရှည်၊ ခရာ၊ ပုံ၊ မောင်း တီးမှုတ်လျက် ခံလင်
ကုန်၏။ ပုရောဟိတ် ရှစ်ပါးနှင့် သတို့ သမီးတို့နှင့် မြစ်ဆုံသို့ ရောက်လျှင်
မြစ်ကြီးငါးသွယ် မြစ်ငယ်ငါးရာကို အစိုးရသော မဏိမေခလာ နတ်မြတ်အား၊
ရွှေပန်း၊ ငွေပန်း၊ ရွှေပေါက်ပေါက်၊ ငွေပေါက်ပေါက်၊ ရွှေတန်ဆောင်၊
ငွေတန်ဆောင်၊ ရွှေခဲ၊ ငွေခဲ၊ နဝရတ်ကိုးပါးတို့ဖြင့် ဆုတောင်းပတ္ထနာပြု၍
ပူဇော်ပြီးမှ ရေကို သန့်ရှင်းစိမ့်သောငှါ ဗေဒင်ကျမ်း၌ လာသော မန္တန်
ရွတ်၍ ခပ်၏။ ခပ်ပြီးသော် အစဉ် အတိုင်းလာ၏။ သကြန် ခေါ်တော်မမူ
ဟုံးပူဇော်၏။ သကြန်ခေါ်သော အစီ အရင်ကား နောက်က နည်းတူ
သက္ကရာဇ် (၉၉၇) ခုနှစ် နယုန်လပြည့်ကျော် လေးရက် စနေနေ့ နက္ခတ်
တစ်ဆယ့်ကိုး၊ တစ်ဆယ့်ရှစ်ယင့်၊ ဓနုစန်း၊ မိဿလဂ်၌ သကြန်ခေါ်တော်မူ၏။
သကြန်ခေါ်တော်မူသော အဝတ်တန်းဆာတို့ကို ယင်းတွင် စုထား၏။ ဖြူစင်စွာ
သောအဝတ်ကိုလဲတော်မူ၍တစ်ဆောင်သောပြာသာဒ်ကို ကူးတော်မူမှ မင်းဝတ်
တန်းဆာတို့ကို ဆင်တော်မူ၏။ ရွှေနန်းတော်၌ မတက်မီ ရွှေနန်းတော်၌အတက်

အရှေ့မျက်နှာ၌ မင်းမယ်ဖျူးနှင့် ဆန်တောင်းထား၏။ အရှေ့တောင်ထောင့်၌ ထီး၊ တံခွန်၊ ဆီမီး၊ ပေါက်ပေါက်ထား၏။ တောင်မျက်နှာ၌ မဟာသိန္ဒြေ ကျောက်ရုပ် ကျောက်သွားထား၏။ အနောက်တောင်ထောင့်၌ ကမ္ဗလာနီထား၏။ အနောက် မျက်နှာ၌ ရတနာ ရွှေ ငွေနှင့် သမီးကညာ ကြောင်ကိုပိုက်၍ နေရ၏။ အနောက် မြောက်ထောင့်၌ ဖြူစင်စွာသော ထမင်းဟင်း၊ အမြိန်အရသာ အစုံထား၏။ မြောက်မျက်နှာ၌ ခရုသင်း ရေပြည့်ထား၏။ အရှေ့မြောက်ထောင့်၌ ရေအိုးကြီး၊ ငါးလုံး ရေပြည့်ထား၏။ အလယ်၌ ဘုရား၊ ကျမ်းဦးပိဋကတ်ထား၏။ အောက်၌ မြင်းဖြူသားအမိ၊ နွားသားအမိ ထား၏။ ရွှေသလွန်ပေါ်၌ ထားသည်ကား အရှေ့မျက်နှာ၌ နန်းဦးသင်္ကန် ထား၏။ အရှေ့တောင်ထောင့်၌ သားမြီးယပ်၊ တောင်၌ ချွန်းတောင်း၊ အနောက် တောင်ထောင့်၌ ငါးကြင်းပုတ် သင်္ကန် ထား၏။ အထက် မျက်နှာကြက်၌ ပါဒနက်သန်၊ အုံးတော် အောက်၌ ကုမုဒ္ဒြာ အထပ်တစ်ရာ သင်္ကန်ထား၏။ ရွှေနန်းတော်ကို လက်ယာရစ်ထည့်၍ တက်တော်မူမည့် လမ်း၌ ကုက္ကား တံခွန် ဆီမီး၊ တန်ဆောင် ရေချမ်းအိုး ကြ ငှက်ပျော၊ အုန်းခိုင်၊ ကွမ်းသီးခိုင် တို့ဖြင့် တန်းဆာဆင်စေ၍ ရွှေနန်းတော် အနောက်တံခါး ပါပအရပ်၌ လက်ဝဲဘက်က ဆင်မကို လက်နက် ကိရိယာနှင့် အင်္ဂါသားစီး၍ နေစေ၏။ ဆင်ပေါက်တို့ကိုလည်း စစ်ဝတ်တန်းဆာ ပြည့်စုံ စွာနှင့် လက်ယာက ရာဟုသားစီး၍ နေစေ၏။ မောက်တို မိန်ညို ဝတ်လျက် လက်နက်စွဲသော သူရဲအမည်ရှိသော ရှစ်ကျိပ်သော သူရဲတို့ကို ဆင့်ရံ၍နေစေ၏။ ရွှေနန်းတော် အရှေ့တံခါး၊ စူးစူး သူရဇ္ဇအရပ်၌ လက်ဝဲဘက်က ဆင်မကိုစစ်၏ လက်နက် ကိရိယာနှင့် တကွ ဘနဂ်နေ့သား စီး၍ နေစေ၏။ လက်ယာဘက်က ဆင်ပေါက်ကို စစ်အင်္ဂါ ကိရိယာနှင့် စနေသားစီး၍ နေစေ၏။ မောက်တို မိန်ညိုဝတ်လျက် နှစ်ကျိပ်သော သူရဲတို့ကို ဆင့်ရံ၍နေစေ၏။ မြောက်တံခါး အမြိတ္တအရပ်၌ လက်ဝဲဘက်က ဆင်မကို စစ်၏ ကိရိယာနှင့် ဗုဒ္ဓဟူးသား စီး၍ နေစေ၏၊ လက်ယာဘက်က စစ်၏ ကိရိယာနှင့် ဆင်ပေါက်ကို သောကြာသား စီး၍ နေစေ၏။ မောက်တို မိန်ညိုဝတ်လျက် လက်သစ် လက်ဆွေး နှစ်ကျိပ် နှစ်ယောက်သော သူရဲ တို့ကို ဆင့်ရံ၍ နေစေ၏။ တောင်တံခါး၊ ကောသီအရပ်၌ လက်ဝဲကဆင်မကိုစစ်၏ ကိရိယာနှင့် တနင်္လာသားစီး၍နေစေ၏။ လက်ယာက ဆင်ပေါက်ကို စစ်ကိရိယာနှင့် ကြာသပတေးသား၊ စီး၍နေစေ၏။ မောက်တို မိန်ညို ဝတ်လျက် ကောင်းမွန်ကျော် ရှစ်ကျိပ် ကိုးယောက်သော သူရဲတို့ကို ဆင့်ရံ၍ နေစေ၏။ ဤသို့ စီရင်တော်မူပြီးမှ ဝတ်လဲတော် ပြာသာဒ်ကသည်

ကြွမြန်းတော်မူသောအခါ ဆင်စီး မြင်းစီး လက်နက် ကိုင်ရိယာတို့ဖြင့် နန်းတော်သို့ တက်တော်မူသောအခါ ပါးနှင့် မြောက်စည် စည်ဝန်း စည်ခြင်း ခြံရံလျက် မင်းမြောက်တန်းဆာဝါ၊ ပါးနှင့် မြောက်စည် စည်ဝန်း စည်မြော တုလောင် သမြေ၊ ခရုသင်း၊ တံရှည်၊ တံပွာ၊ ကံကောက်၊ ခွက်ခွင်း၊ လက်ချပ်၊ လင်းကွင်း စသည်တို့ကို တီးမှုတ်လျက် ရတနာ အတိပြီးသော ယာဉ်ထက် စီးတော်မူ၍ လက်ယာရစ်အစဉ်အတိုင်းလာတော်မူ၏။ ရွှေနန်းတော်စောင်းတန်းသို့ ရောက်လျှင် ဖြူဖွာသို့ မျိုးနွယ်ဖြစ်သော ပုရောဟိတ် ရှစ်ယောက်နှင့် ဖောင်းကြီးညွန့်သွယ် ပေါင်းလျက် ဖြူစင်စွာသော အဝတ်တို့ကို ဝတ်လျက် ဗိသုကာတို့၏ အကြီး ဖြစ်သော ဆရာတို့သည် ရေနှင့်မြေကို အစိုးရတော်မူသော မဟာမှူးရာဇ် ဘုန်းတော်ကြီး၍ သက်တော် တစ်ရာ့နှစ်ဆယ်ပတ်လုံး သာသနာတော်မြတ်စီးပွား ကိုယ်တော်မြတ်စီးပွား သားတော်အစဉ် မြေးတော် အဆက် မြစ်တော် အညွန့်တို့ စီးပွား ပြည်သူ လူဘကာတို့ စီးပွားကို ဆောင်တော်မူစိမ့်သောငှါ ကြံသည့် ရွှေနန်းတော်ကိုလုပ်ဆောင် စီရင်တော်မူသည်၊ တက်တော်မူလော့ ခေါ်လင့်၏။ သက္ကရာဇ် (၉၉၇) ခုနှစ် နယုန်လပြည့်ကျော် လေးရက် စနေနေ့ နက္ခတ် တစ်ဆယ့်ကိုးလုံး မနေ့စန်း ကရကဋ်လဂ်တွင် ရွှေ အပေါ်၌ သင်ဖြူးခင်းပြီးလျှင် ဖြူစင်စွာသော ပိတ်ပုဆိုးကို ခင်းပြီးသော် ရတနာ ဝေါတော်မှ သက်တော်မူ၍ ကနက္ကဒါနို ထီးဖြူကို ဆောင်းတော်မူ၍ လာတော်မူ၏။ ရွှေနန်းတော် စောင်းတန်းသို့ ရောက်လျှင် ရတနာ သုံးပါးအား ပူဇော်တော်မူပြီးမှ သိကြား ဖြဟ္မာ ဂြိုဟ်ကိုးပါး သမာဓိတည်သောနတ်၊ အရပ်ဆယ် မျက်နှာကို စောင့်သောနတ်၊ ကိုယ်တော်၌ စောင့်သောနတ်၊ ရွှေနန်းတော်၌ စောင့်သော နတ်တို့ကို ပူဇော်တော်မူ၏။ ပုရောဟိတ် ရှစ်ယောက် တို့ကိုလည်း ခရုသင်း လက်ယာရစ်နှင့် ဘိသိက်တော် ပေး၍ တက်ပြီးမှ အမျိုးအနွယ်ဖြင့်မြတ်သောအမတ်ကြီးသည် ရွှေနန်းတော်ထက်ကနေ၍ ဘုန်းတော်ကြီးမြတ်တော်မူ၍ သက်တော်တစ်ရာ့နှစ်ဆယ် ပတ်လုံး သာသနာ တော်စီးပွား ကိုယ်တော်မြတ် စီးပွား၊ သားတော်အစဉ် မြေးတော် အဆက် မြစ်တော်အညွန့်တို့စီးပွား ပြည်သူ လူဘကာတို့၏ စီးပွားကို ရှည်မြင့်စွာ ဆောင်နိုင်စေသောဟူ၍ ဘိသိက် မင်္ဂလာစကားကိုဆို၍ လက်ယာခြေတော်ကိုချီ၍တက်တော်မူမှ ဥကင်သတံခါးကို ဝင်တော် မူ၍ ရတနာ အတိ ပြီးသော ကျက်သရေတိုက်၌ နေတော် မူ၏။ ရတနာသုံးပါး ဂြိုဟ်ကိုးပါး သိကြားဖြဟ္မာ စတုလောက ပါလာ ဘုမ္မစိုး ရုက္ခစိုး အာကာသစိုး သာသနာတော် ကို စောင့်သောနတ် အရပ် ဆယ်မျက်နှာ ကို စောင့်သောနတ် ကိုယ်တော်၌ စောင့်သောနတ် သမာဓိတည်သော နတ်တို့

လက်တော်နှင့် ပူဇော်တော်မူ၏။ မုခနာလင်ပန်း၌ အမြိုန် အရသာ
တော် ခေါ်ပြီးမှ ရွှေပလ္လင်ထက် တက်၍ နေတော်မူ၏။ အထူးထူးသော
ထွေသာင်တို့ဖြင့် ကြီးစွာသော သဘင်ကို ခံတော်မူ၍ မင်းသား မင်းမြေး
ရွှေစိုးမျိုး မှူးကြီးမတ်ရာ တို့ကိုလည်း အထိုက်အလျောက် ထီး ဖဉ် စလွယ်
ကျစ် အဆောင် အယောင်၊ အမည်၊ မြို့ပြကျေးရွာတို့ကို များစွာ ပေး
မူ၏။ ဗိသုကာ အကြီးကစ၍ ဗိသုကာ အပေါင်းတို့ကိုလည်း များစွာသော
ပုကာ ပေးတော်မူ၏။ ပြည်တွင်းပြည်ပ၌ရှိသော စေတီ၊ ဆင်းတု၊
ဘိုယာ သံဃာပုဂ္ဂိုလ်သူမြတ်တို့အားလည်း ကြီးစွာသော အလှူကိုလှူတော်
တိုင်းကားနိုင်ငံတော်၌ ရှိသော စေတီ၊ ဆင်းတုရုပ်တု၊ အရိယာသံဃာ
မြတ်တို့အားလည်း များစွာသော အလှူဝတ္ထုတို့ကို မြတ်သောဆုကို
တောင်း၍လှူတော်မူ၏။ ညီတော် မင်းရဲကျော်စွာကိုလည်း စလင်းမြို့ကို ကံကျေး
ပြစေ၍ သိမ်ရွှေအရာ၌ နေတော်မူရ၏။ ဤသို့ သုနာပရန္တတိုင်း၊ တမ္ပဒီပတိုင်း၊
ရာမတိုင်း၊ ဇေယျဝဍ္ဎနတိုင်း၊ ရာမညတိုင်း၊ ဟရိဘုဉ္စတိုင်း၊ ဇောတိ
ခေမာရဋ္ဌတိုင်း၊ ကမ္ဘောဇတိုင်း၊ စိန်တိုင်းတည်း ဟူသော ဤတိုင်းကြီး
တိုင်းတို့၏ အချက်အချာဖြစ်သော ရတနာပူရ အဝ ရွှေနန်းတော်ထက်
အာဏာတော်ဖြင့် ထွန်းပစေလျက် စံပယ်တော်မူသည်။ ယိုးဒယား
လက်ရုံး ရခိုင် အက္ကပတ် စသော ကျည်းပြည် မင်းတို့ကလည်း မိုးသေကျိုးနွံ
ဖြင့် ဆက်စာတမန် လက်ဆောက်လက်နက် မပြတ် ရွှေပင်
စွာသော စကားဖြင့် ဆက်ရောက်လာသည်။ ဤသို့ ဘုန်းလက်ရုံး အာဏာတော်
တော်မြတ်အောက် ဆက်ရောက်လာသည်။ ဤသို့ ဘုန်းလက်ရုံး အာဏာတော်
ပတ္တုပ္ပန် စီးပွားကို ဆောင်တော်မူ၍ သံသရာ စီးပွားအလို့ငှါ ပြည်မြို့မှာ
မင်းသားလက်ထက် နေသည်ကာလ တော်ပါးမင်းကောင်းမှု သရမာစေတီကို
မြင်တော်မူသောအခါ ငါအထွတ်အမြတ်သို့ ရောက်တော်မူလျှင် သည်စေတီကဲ့
သို့ တည်မည်ဝိဋ္ဌာန် တော်မူရင်းရှိသည်နှင့်အညီ သရမာစေတီ သဏ္ဌာန် ရာဇ
မဏိစူဠာစေတီတော် တည်အံ့သောငှါ စီရင်ခန့် ရန်တော်မူသည်။ ထိုအခါ ပညာ
ရှိတို့က "နတ်ဂဠုန်ကြီး ကောင်းမှုပြီးသော် ရပ်သီးတောင်စွန် ဖြုန်းဖြုန်းပုံးအံ့" ဆို
သော စကားရှိချေသည်ဟု လျှောက်ကုန်သော်လည်း ဖြစ်သမျှသည် ပျက်မြဲ
မူတာဖြစ်သည်၊ ဘုရားမတည် ဘဲနေသော်ကမ္ဘာပတ်လုံး အသက်ရှည်ရာသလော
ကုသိုလ်ကောင်းမှုဖြစ်သော်သာ နတ်ရွာနိဗ္ဗာန်သို့ရောက်အံ့သော အကြောင်းဖြစ်
သည်ဟုမိန့်တော်မူသည်။ တွင်းသင်းဝန်စီရင်သည့် ရာဇဝင်သစ်မှာ ဒွတ္တပေါင်မင်း
ကောင်းမှုပေါပေါကြီး အတုဟုဆိုလေသည်။ ဒွတ္တပေါင်မင်း ကောင်းမှုပေါပေါ

ကြီးအတုမဟုတ်၊ တော်ပါးမင်းကောင်းမှု သရမ္မာ စေတီကာတာသာ ဖြစ်ကြောင်း
ရာဇဆိုရှင့်သမိုင်း ခုနစ်ကြောင်း ကူအင်္ဂါတွင် ရာဇမဏိစူဠာ စေတီတော်
တစ်ဆူဌာပနာသည်ဆိုသောစကားကို ထောက်၍သိရသည်။ ရာဇဝင်ကြီးမှာ
သရမ္မာစေတီကို ဗုဒ္ဓပေါင်မင်း ကောင်းမှုဟု ဆိုလေသည်။ သရမ္မာစေတီ
ဗုဒ္ဓပေါင်မင်းကောင်းမှုမဟုတ်၊ တော်ပါးမင်းကောင်းမှုဖြစ်ကြောင်းကို နုဝေ
ဆို ရွှေပြည်နှစ်ခွင်ချိရတုတွင် "ရွှေပြည်နှစ်ခွင်၊ လယ်ချက်တွင်၌၊ ဥကင်ကို
ထောက်ခိုးသည့်နောက်ဝယ်၊ ဘုန်းထောက်လျှံဝင်း၊ တော်ပါးမင်းလျှင်၊ ခြောက်ဝင်း
စိတ်ကြည်၊ ကုသိုလ်ရည်၍၊ ကိုးမည်နှင်နှင်၊ သုံးကျိပ်စဉ်တည်း၊ ဖြိုးလျှင်မြှုပ်လျက်၊
သိကြားတုတ်လည်း၊ ဆက်ကိုးမည်၊ ကြိုး၍တည်သည်" ဆိုသော စကားရတု
ပိုဒ်တွင် "ထိုလုမ်းဆိုးတိမ်ကိုမှီသည်၊ စေတီမည်သော သရမ္မာ" ဟုဆိုသော စကား
များကို ထောက်၍သိရသည်။ သက္ကရာဇ် (၉၉၈) ခုနှစ် ကဆုန်လဆန်း ဆယ်ရက်
စနေနေ့ သင်္ကြန်ကြီး ခေါ်တော်မူသည်။ ကဆုန်လပြည့်ကျော် ရှစ်ရက်
သောကြာနေ့ သိဟ်လဂ်၊ နေ့ခန်းတွင် တင်းတိမ်အရပ်၌ ကောင်းမှုတော် ရာဇမဏိ
စူဠာတည်ရာမြေကို ညှိသည်။ ဒုတိယဝါဆိုလပြည့်ကျော် ခုနစ်ရက် ဗုဒ္ဓဟူးနေ့
သန်းလွဲ ငါးနာရီတစ်ပါဒ်တွင် ဌာပနာတိုက်လုပ်စပြုသည်။ ရွှေကိုယ်လေးတော်
ဘုရားသွန်းသည်။

## ယင်းရဲ့စေတီတော် တံတိုင်းအတွင်းတွင် ပိဋကတ်ဝေဝင်ကိုစ၍ ရေးပြုခြင်း၊ နန္ဒယောဓ အမတ်ကြီးတို့အကြောင်း

ဝါခေါင်လဆန်းခုနစ်ရက် ကြာသပတေးနေ့ နက္ခတ်တစ်ဆယ့်လေး၊ လေး ဆယ့်ခုနစ်ထည့် တုလာဂ်နေ့တွင် ငွေရုပ်တုသွန်းသည်။ ။တော်သလင်းလဆန်း သုံးရက် တနင်္လာနေ့ သိဟ်လဂ်တွင် ကောင်းမှုတော်မှာ သက်ငယ်နန်းတော် ဆောက်သည်။ တော်သလင်းလဆန်း ဆယ်ရက် တနင်္လာနေ့ သိဟ်လဂ် ည၌သုံးချက်တီးကျော် ငါးနာရီနှစ်ပါဒ်တွင် ဌာပနာကျောက်ဖျာ ခင်းသည်။ တော်သလင်း လပြည့်ကျော် ခုနစ်ရက် စနေနေ့ ဝေပြာသာဒ် စီးတော်မူ၍ ထွက်တော်မူသည်။ နတ်တော်လပြည့်ကျော်တစ်ရက် သောကြာနေ့ မိဿလဂ်တွင် ကူးတော်မူ၍ ပထမဌာပနာတော်မူသည်။ ပြာသိုလဆန်းတစ်ရက် သောကြာနေ့ ည၌တစ်ချက်တီးကျော် ခြောက်နာရီသုံးပါဒ်တွင် ဒုတိယဌာပနာတိုက် ကျောက်ဖျာခင်းသည်။ တပို့တွဲလဆန်းဆယ့်တစ်ရက် ဗုဒ္ဓဟူးနေ့ ကရကဋ်လဂ်

သည့်သုံးချက်တီးကျော် သုံးနာရီတွင် ဒုတိယ ဌာပနာတော်မူသည်။ ယင်းသည့်
နှစ်တွင် လှေစီးတော်မူစ ရေသဘင်ခံစ ပြုသည်။ သက္ကရာဇ် (၉၉၉) ခုနှစ်
ဝါဆိုလပြည့်ကျော် ရှစ်ရက် တနင်္လာနေ့ နေထွက် တစ်ချက်တီးကျော်
ငါးနာရီ နှစ်ပါဒ်တွင် တတိယဌာပနာတိုက် ကျောက်ဖျာခင်းသည်။ တော်သလင်း
လဆန်း ဆယ်ရက် သောကြာနေ့ ညဉ့်တစ်ချက်တီးကျော် သုံးနာရီနှစ်ပါဒ်တွင်
တတိယ ဌာပနာတော်မူသည်။ သည်နှစ် ဝါခေါင်လတွင် ရေကြီးသည်။ လှေပြိုင်
လည်း လုပ်သည်။ တပို့တွဲ လပြည့်ကျော် ငါးရက် အင်္ဂါနေ့ ယင်းရဲ့စေတီတော်
တံတိုင်းတွင်းတွင် မဏ္ဍပ်ဆောက်၍ ပိဋကတ်ဗေဒင်ကို စ၍ ရေးရသည်။ ပိဋကတ်
သုံးပုံ၌ အဓိပ္ပါယ်ကို အသိမ်အမွေ့ ယူနိုင်သော အရိယာ သူမြတ်တို့လည်း မပ
ရသည်။ သဘင်ကြီးစွာ ရက်လည်အောင် ခံတော်မူသည်။ ရက်လည်လျှင်
မဟာမြတ်မုနိ ဝန်းကျင်၌ ရေးရသည်။ ။သက္ကရာဇ် (၁၀၀၀) ပြည့်နှစ်တွင်
ကျမ်းဂန်သင်ကြားသော သာမဏေတို့ကို သင်ကျမ်းကို အလွတ်ကမေးရသည်။
အနက် အဓိပ္ပာယ် ကို ဆို နိုင် သော သာမဏေတို့ကို ပဉ္စင်းတစ်ဆယ့်ရှစ်ပါး၊
သာမဏေခုနစ်ပါး ထိုနှစ် ကဆုန်လဆန်း လေးရက် တနင်္ဂနွေနေ့ မွန်းတည့်
ကျော် ခုနစ်နာရီ သုံးပါဒ်တွင် ပဉ္စင်းခံတော်မူသည်။ မဟာမြတ်မုနိဘုရားရှင်
အရှေ့၌ မဏ္ဍပ်ကြီးဆောက်၍ ဖုန်းတောင်း ယာစကာ သိတင်းသုံး သူတော်
တို့ကို အလှူကြီး ပေးတော်မူသည်။ ဝန့်ရှင်တော်စား ဘယဂါမဏီ သား
ကျွန်းတော ခန့်ရင်းတွင် နန္ဒယောဓာကို ဝန်ဖက်တော်မူသည်။ ထိုနန္ဒယောဓာ
ကား မဟာဓမ္မရာဇာ အမည်တော်ရှိသော အနောက်ဘက်လွန် မင်းတရား
ပြည်မြို့ကို လုပ်ကြံတော် မူသောကာလ ပြည်မြို့ပျက်လျှင် ပြည်မင်း၊ ရန်နိုင်စား၊
အနီးတွင် ခါး လက်နက် စွဲ၍ မင်းတရားကြီး ကျွန်တို့ကို ဟန့်တားသည်၊
အသက် တစ်ဆယ့်သုံးနှစ်ရွယ်ရှိသော ငထင်ငယ်ပင်တည်း။ ထိုသူငယ်ကို အနောက်
ဘက်လွန် မင်းတရား ကျေးဇူးသစ္စာတော် စောင့်သည်။ ကျွန် ကောင်းမွန်သည်ဟု
နေပြည်တော်သို့ ရောက်တော်မူလျှင် ပြည်ကို ငါ သိမ်းယူသည်။ ရင်တစ်ခု
လူတစ်ယောက်သာ ရသည် ဟု အမိန့်တော် ရှိ သည်။ ရင်တစ်ထည်ကား
ထိပ်ရှကာ လက်ဘရ· တောင် ဖီလာကျော်ကို ဆိုသည်။ လူတစ်ယောက်ကား
နန္ဒယောဓာကို ဆိုသည်ဟု အာစရိယာဝံသ စာတမ်းတွင် ဆိုသည်။ ညီတော်
ရွှေနန်းရှင် မင်းတရား နန်းတက်တော်မူဦးက ငထင်မှာ မဟာတရဖျားဘွဲ့ကို
ခံစ အမိန့်တော်ရှိသည်ကို ဘုရားကျွန်တော်ထက် အမှုထမ်း၊ ရင့်မာ သာလွန်
သူတို့ ငထင်ငယ်ကို ဘွဲ့ကြီးပေးလေသည်ဟု ဝမ်းနည်းရန် ရှိပေသည်။ ငယ်မည်

နှင့်ပင် အမှုတော်ကို ထမ်းပါမည်။ ကိုယ်ကိုနှိမ့်ချ၍ လျှောက်ခြင်း၊ ရွှေနန်းဆောင်သို့ ဝင်လျှင် အိမ်က တစ်ကြိမ်၊ နန်းမြို့တံခါးတွင် တစ်ကြိမ်၊ နန်းတော်လှေခါးတွင်တစ်ကြိမ်=သုံးကြိမ်အရှင်ကို မပြတ် ရှိခိုးလေ့ပြုခြင်း၊ အရည်အချင်း ရှိသူတို့ကို ပဏ္ဍာကြေးငွေမယူ သူကောင်းပြုတော်မူပါ လျှောက်ထားလေ့ ရှိခြင်း၊ မွေးသတ်ပုပြင် ရာဇဝင်ထုံးတမ်း သိကျွမ်းနားလည်သူတို့ကို ခေါ်၍ နှီးနှော ပြောဆိုပြီးလျှင် ဆုလာဘ်ကြေးငွေ အထည်အလိပ် ပေးလေ့ရှိခြင်းနှင့် ပြည့်စုံသည်ဟု ရှေးသူဟောင်းတို့ မှတ်သားသော စာတမ်းတွင်ဆိုသည်။ နန္ဒယောခေလည်း ပြည်မြို့ကိုရလျှင် ပြည်စားတွင် ပျက်စီးသည်တိုင်အောင် အတူမြဲသည်နှင့် နောင်တော် မင်းတရားအတွင်းတွင် စစေတော်မူသည်ဖြစ်၍ အကြောင်းမျိုးကို တွေ့မြင်သိမီ အဝါးဝသည်။ ကျေးဇူးသစ္စာ တော် စောင့်သည်။ ငါယုံမှတ်တော်မူ၍ ဝန်ကြီးခန့်တော်မူသည်ဟု အမိန့်တော် ဆိုသောကြောင့် နန္ဒယောခေကား ဘယဂ မဏိတူ ထင်ပြန်တမ်းတွင် သိရသည်။ ။သက္ကရာဇ် (၁၀၀၀) ပြည့်နှစ် နယုန်လဆန်းဖြစ်ကြောင်းကို ခြောက်ရက် တနင်းလာနေ့ သိဟ်လဂ် မေထုန်စန်းတွင် ကရဝိက် ရွှေဖောင်တော် တည်တော်မူသည်။ နယုန်လဆန်း တစ်ဆယ့်နှစ်ရက် တနင်္ဂနွေနေ့ သိဟ်လဂ် ကန်စန်းတွင် လွှတ်တော် တက်တော်မူသည်။ ဟံသာဝတီ ပြည် တောင်ငူက ဆောက်လာသော မင်းသား မင်းသမီးတို့ကိုလည်း ခမည်းတော်ဘုရား အမြိတ်အစွန်းတော် မင်းသား မင်းသမီးတို့နှင့် စုံဖက်တော်မူသည်။ သားတော် သခင်ကျော်ကိုလည်း မင်းရဲနန္ဒမိတ် ဟူသော အမည်ကို သမုတ်တော်မူ၍ သမီးတော် ခင်မင်းကူနှင့် စုံဖက်တော်မူသည်။ ပင်းတလဲမြို့ကိုလည်း ပေးတော်မူသည်။ သားတော် သခင်ဖြူကိုလည်း သမီးတော် မင်းဖြူနှင့် စုံဖက်တော်မူ၍ ပြင်စည်မြို့ကိုလည်း ပေးတော်မူသည်။ သားတော် သခင်ညိုကိုလည်း ညီတော် မင်းရဲကျော်စွာ သမီးတော် ခင်မဝင်းဖြူနှင့် စုံဖက်တော်မူ၍ တိုင်းတာမြို့ကို ပေးတော်မူသည်။ နောက် ကန်နီမြို့ကို ပေးတော်မူသည်။ သားတော်သခင်တရုတ်ကိုလည်း သမီးတော်ဆင်းအင်ဖြူးနှင့် စုံဖက်တော်မူ၍ အမြင့်မြို့ကိုပေးတော်မူသည်။ ဘုရိန်းစားမြေးလက်ဝဲယောခေ၊ ရာဇဘယသားနေနန်း၊ လက်ဝဲဘယသား လက်ယာယောခေ၊ လေးဆယ်တော်သား ငါးဆယ်တော်သား အတွင်းမြဲ သူကောင်းသားမြေး တို့ကို မွေးသီရိကို ဆွေးသောက်ကြီးတင်၍ ဖွဲ့တော်မူသည်။ တက်တူရန်နှောင်မှူးသားတော် သား၊ ပေါက်ကျော်ထင်မှူးသား ငနေကျော်၊ လက်ဝဲသိခ်သား ငနေစံ၊ လက်ဝဲ

သား မြေသန်၊ နန္ဒသူရိယသား ချစ်သွေး၊ သားလေးရဲ့ လက်ဝဲ
ရှုံးသား ဦးရိုးနေဝင်သား ကျော်၊ မြေခဲ့သား ချစ်သက်၊ သားမေးသာ၊
ကျော်၊ ရတနာဝေဇီသား ကျော်၊ လက်ယာဝင်းမှူးသား ရှိန်ညို၊ သား
ကော် ဆောင်တို့ အရည်တူကို ဥဒိန်ဇေယျကို သွေးသောက်ကြီးတင်၍ ပွဲတော်
ညည်း ပင်းယ ရွှေစည်းခုံ တောင်တံတိုင်း၌ မင်းသား လက်ထက်တော်က
မွင်တော်မူ၍ လှူဖူးသော ရွှေဥမင်ကျောင်းတော်၊ ဘုံစံတုလုတ် ကျောင်းတော်
ကိုလည်း ဘယကြွသူ၊ တရင်ဗလတို့ကို ဝန်ခန့်တော်မူ၍ ရွှေထက်လှန်စွာ
ကဲ့သို့ လုပ်ရသည်။ ညီတော် မင်းရဲကျော်စွာ ဆရာတော် ရေနှာ၊
သိမာန်ကဲ့သို့ တော်ကြီး၊ တောင်ဖီလာ အရပ်၌ တောဝင်တော်မူသည်ကို ဘဝရှင်
လေးထပ်တန်းတော်ကြီး ဘုရားက မကျောင်းလှူတော်မူမည်ဟု အမိန့်တော်ရှိသည်ကို
မင်းဘုရားကြီး မင်းရဲကျော်စွာက ကျွန်တော် ကျောင်းဆောက်ပါမည် လျှောက်၍
ညီတော် မင်းရဲကျော်စွာက ကျွန်တော် ကျောင်းဆောက် လှူတော်မူသည်။ မဟာ ထိပိဋကာ
သိမာန်နှင့် အတူ ကျောင်းဆောက် လှူတော်မူသည်။ မဟာ ထိပိဋကာ
ဓာတ်၁၇ ဟူသော တံဆိပ်တော်ကိုလည်း နောင်တော်ဘုရားက ပူဇော်တော်မူသည်။
မင်းရဲကျော်စွာကလည်း ကိုယ်လုပ်တော် ရွှေပချုပ် မယ်တော်ကိုယ်စား ဟု၍
ဆင်ယင်ဝတ်စားသော တန်းဆာကိုဖျက်၍ ဆင်မြှင် မြတ်စွာဘုရား တောင်
အရပ်၌ ကျောင်းဆောက်၍ ဥေ ယျမမွှအား မင်းရဲကျော်စွာကူး၍ လှူတော်
မူသည်။ ရှင်မွေ့ကိတ္တိ နေတော်မူဖူးသော တောင်ထိပ်၌လည်း သိမ်တော်
ရွှေပချုပ်ကို ရွှေကျောင်းတော်ဆောက်၍ တပည့်တော် အကြီးအား လှူရသည်။
ကောင်းမှုတော် ဆုဇမဏိစူဠာမှာ အထက် ဌာပနာတိုက်ပြီးလျှင် ထုံးတော်
ကောင်းမှုနှင့် သေသပ်လှအောင် လုပ်ဆောင်တော်မူသည်။ တံတိုင်း ဝန်းကျင်ကို
လည်း လုပ်ဆောင်တော်မူ၍ နံရံ၌ ဇာတ်းတော်ပေါင်းတို့ကို ဆရာတော် ငါးပါး
တို့ ကြပ်မှ၍ ရေးရပြီးလျှင် မြန်မာ၊ မွန်၊ ယွန်းတို့ဘာသာ အက္ခရာ ကမ္ပည်း
နှင့်ချည်း ထားတော်မူသည်။ ဝန်းကျင်တံခါး လေးမျက်နှာကိုလည်း အုတ်
ပြာသာဒ် လုပ်တော်မူ၍ ရင်ပြင်တော်ကို ကျောက်ဖျာခင်းသည်။ ကျောက်
သိမ်တိုင် စိုက်၍ လှူတော်မူသည်။ စောင်းတန်း၊ လေးမျက်နှာ အထက်တွင်
နံ့သာ ကျောက်ပျဉ်ကြီး လေးချပ် ထားရသည်။ မဟာခံ ဝန်းကျင်ကိုလည်း
ကျောင်းကြီး လေးကျောင်း၊ ကျောင်းရံ လေးဆယ်နှင့် တကွ လှူတော်မူသည်။
ထိုနှစ် ပြာသိုလတွင် ကျောက်ကာခနေ ငဆုအောင်ကိုယ်၌ သိကြားပူး၍ တား
ဆိုသည် ကြားတော်မူ၍ ငဆုအောင်ကို မြို့တွင် ရွှေစည်းခုံသို့ ခေါ်တော်မူ
သည်။ ဟုတ် မဟုတ်ကိုလည်း ဆရာတော်တို့ မေးမြန်းရသည်။ စုံစမ်း၍ သဘော

ရှိကြောင်းကို လျှောက်လျှင် ဘဝရှင် မင်းတရားကြီး ကိုယ်တော် ရွှေစည်းခုံသို့ ထွက်တော်မူသည်။ သိကြားပုံးနိုက် မကြုံသောကြောင့် မေးမြန်းတော် မမူပလေ။ ။သက္ကရာဇ် (၁၀၀၁) ခုနှစ် ကဆုန်လဆန်း ငါးရက်နေ့ ပြာသာဒ်တော်တွင် လင်းတနားသည်။ မင်းရဲနော်ရထာ လွန်သည်။

## ပဟိုရ်စည်ကြက်ခြင်း အဏ္ဏပတ်က သံရောက်ခြင်း ညီတော် မင်းရဲကျော်စွာနှင့် သားတော်အမြင့် မင်းရှင်တလုပ်က လုပ်ကြံတော်မူခြင်းအကြောင်း

သက္ကရာဇ် (၁၀၀၂) ခုနှစ် ဝါဆိုလဆန်း ငါးရက် တနင်းလာနေ့ ပြိုသာနှိ နေ့လက်တွင် ညီအမကောင်းမှုကို ဌာပနာတော်မူသည်။ ပဟိုရ်စည်ကြက်သည်၊ ရတနာခန်း ဖောခ်လုပ်သည်။ အုတ်ပြာသာဒ် လုပ်စပြုသည်။ ထီးစလောင်း သွန်းသည်။ ထီးချက်သွန်းသည်။ ကောင်းမှုတော် ရာဇမဏိစူဠာမှာ သုစမ္မာလုပ် ငြိမ်းပန္နက်စိုက်သည်။ မဏ္ဍိုင်တော် လုပ်သည်လည်း များသည်တစ်ခါတည်း၊ ကဆုန်လဆန်း ခုနစ်ရက် ဗုဒ္ဓဟူးနေ့ ပင်းယဘုံစီတုလွှတ်ကျောင်းတော်သို့ ရတနာ ထမ်းစင် စီးတော်မူ၍ အလုံးအရင်း ဆင် မြင်း အများနှင့် ထွက်တော်မူ၍ မဟာ ရတနာကရအား လက်တော်မ၍ လှူတော်မူသည်။ ယိုးဒယား သံတို့ကိုလည်း တံတားဦးကမ်းရိုး အရှေ့က နေစေ၍ သာခုခေါ်ရသည်။ ရင်း တော်သလင်း လပြည့်ကျော် ငါးရက်နေ့ မြို့တွင်း ရွှေစည်းခုံ ထီးစလောင်းတွင် အနန္တမြောက် ထောင့်များစွဲသည်။ လပြည့်ကျော်နှစ်ရက် သောကြာနေ့ ရွှေစည်းခုံ အနောက် ၌လုံးကြားထောင့်တွင် လင်းတနား၍ အနောက်သို့ ပျံသည်။ ထိုနေ့တွင် နေတံခွန်ထွက်သည်။ ထိုနေ့ ညဉ့်ကို ကျားအနောက်ကလာ၍ မြို့ကိုတက်သည်၊ မြို့တွင်းသို့ ဝင်ပြီးမှ အရှေ့မြို့ကို ဆင်း၍ မြို့ပြင်မှာ သတ်ရသည်။ ထိုနေ့ပင် ဘလဲ့ဘမှာ မိကျောင်းအသေ မျှော၍ရသည်။ နတ်တော်လ နောင်တော်ဘုရား သားတော် မင်းရဲအောင်ထင်ကို သမီးတော် ရွှေဆင်းတုနှင့် စုံဖက်တော်မူ၍ စည်ပုတ္တရာမြို့ကို ပေးတော်မူသည်။ ကွမ်း ခွက် လက်ဖက်အိုးလည်း ပေးတော်မူသည်။ ။သက္ကရာဇ် (၁၀၀၃) ခု နယုန်လပြည့်ကျော် သုံးရက် စနေနေ့ သိဟ်လက်၊ ပြဿာဒန်းတွင် စစ်ကိုင်းမှာ သကြန် ခေါ်တော်မူသည်။ ထိုလတွင် ရဟန်း ပရိက္ခရာရှစ်ပါး အစုံငါးရာ လှူတော်မူ၍ အဓိသမာသ်တွင် ရက်ကိုင် တော်မူသည်။ ။သက္ကရာဇ် (၁၀၀၃) ခု တော်သလင်းလဆန်း လေးရက်

စနေနေ့ အဂ္ဂပတ်မင်းသား ရာဇမဟာကာသာက သံမိတ်စား မဟာမတ် ရွှေမြို့တော်သို့ ရောက်သည်။ တော်သလင်း လပြည့်ကျော် ခုနစ်ရက် ဗုဒ္ဓဟူးနေ့ ယောဂမြတ်မုနိ သုဓမ္မာဇရပ်သို့ ခေါ်တော်မူ၍ ရာဇသံစာကို ဘယနန္ဒမိတ် ရာဇဂုရုတို့ ကြပ်မ၍ ကူးရသည်။ တက်သောအခါ သံမိတ်စား မဟာမတ်ကို မြင်းတင်သည်။ စာကို မြင်းစီး၍ ကိုင်သည်။ ရောက်လျှင် ယွန်းကလပ်နှင့် တင်ထားသည်။ ယင်းသို့မှ ဇင်းမယ်ကုလား သတိယာသိန်ကို စန္ဒကမှာ မရှိ ကူးရသည်။ တော်သလင်း လပြည့်ကျော် ကိုးရက် သောကြာနေ့ ခေါ်တော်မူ၍ တက်ရသည်။ စာကို ရွှေကလပ်တွင် ထည့်ပြီးလျှင် သံမိတ်စား မဟာမတ် မြင်းစီး၍ ကိုင်ရသည်။ ရောက်လျှင် ရုံးတွင်နေရသည်။ ထွက်တော်မူ၍ စည်တော် သတ်ပြီးမှ ဝင်ရသည်။ လက်ဆောင်ခံတွင် ပုဆစ်တုပ်ရသည်။ စာကို ရွှေကလပ် နှင့်တကွ စမြောင်မှူး ကောက်ရသည်။ သံမိတ်စား မဟာမတ်ကို ငစိုင်သက်၍ ခေါ်ရသည်။ စာနောက်တွင် သံနှင့် အကြပ် မနာဝါယေယမ ရှေ့ နေရသည်။ ယင်းသို့မှ စမြောင်မှူး သွေးသောက် ကြမ်းဆင့်က စာကိုကိုင်၍ နေရသည်။ စမြောင်မှူး လက်က စာကို ကလပ်နှင့် တကွ စန္ဒကမှာ လှမ်း၍ ယူမှ စန္ဒကမှာရှေ့က ထားသည်။ ကုလားစာကို စန္ဒကမှာယူ၍ ဖတ်သည်။ ပြီးလျှင် မြန်မာစာကို ဖတ်သည်။ ယင်းသို့မှ ကလပ်နှင့်တကွ စမြောင်မှူးယူ၍ ဆက်သည်။ လက်ဆောင်တော်ကိုလည်း လက်ဆောင်ယူတိုက်တို့က ကောက်ရသည်။ ဝင်တော်မူမှ သံတို့ကို ထွက်ရသည်။ ကွမ်းလက်ဖက်မတည်။ ။(၁၀၀၄)ခုတွင် အသီတိ ခေတ်ကူးကိုရည်၍ ရွှေပြည်တော်က စ၍ နိုင်ငံတော်အလုံးတွင်ရှိသော ဘုရားရုပ်တု ဆင်းတုကျိုးပျက်လေသည်များကိုလုပ်တော်မူပြီးလျှင် အနေကဇာ တင်၍ ကိုးကွယ်တော်မူသည်။ ထိုနှစ် မြို့တွင်းတွင် အုတ်ကြွပ်အိမ် ဆောက်စ ပြုသည်။ ဝန်ရှင်တော် ဘယဂါမဏိမရှိလျှင် နန္ဒမိတ်ကို ဝန်ဖက်တော်မူသည်။ ထိုလ လေးဆောင့်အရပ်တွင် လူ မွေးဖြစ်သည် ဟူ၍ ရဟန်း ရှင်လူ ကြည့်ကြသည်။ ထိုလတွင်ပင် လေးဆောင့်က စ၍ လက်သစ် ညောင်စဉ်ကုန်အောင် မီးလောင်လေသည်။ ။(၁၀၀၅) ခု ကဆုန်လဆန်း တစ်ရက် သောကြာနေ့ တောင်ငူမှာ မြဟွာမင်း ဆင်း၍ ချပ်လာသည်။ ဓာတ်တော်ကို ဆက်လာသည်။ အားရတော်မူ၍ ဆုလာဘ်များစွာ ပေးတော်မူသည်။ ထိုဓာတ်တော်ကို ကဆုန် လပြည့် သောကြာနေ့ ကောင်းမှုတော်ရာဇမဏိစူဠာချယားသီးတွင်ဌာပနာတော် မူသည်။ ထိုနှစ် ကျောင်းမိုးလူတို့ကို စီစစ်၍ စာရင်းယူရသည်။ ။(၁၀၀၆)ခု ပြာသိုလဆန်း ကိုးရက် ကြာသပတေးနေ့ နှစ်ချက်တီးကျော်တွင် မြေကြီး

ငလျင် ပြင်းစွာလှုပ်၍ ပုခန်း အမြင့် တလုပ်အလယ်ကျွန်း သည်အရပ်များမှာ မြေကွဲ၍ ရေထွက်သည်။ မြစ်ငယ်တွင်းတွင် ငါးများ မူးမေ့၍ အများ ပေါ်သည်။ ပြာသိုလဆန်း ဆယ်ရက်နေ့ အင်္ဂါကြယ်တွင် ကြယ်ငယ်ချင်းသည်။ ထိုလ ရခိုင်ဘုရင်နိမ့်သည်။ တပို့တွဲလ ဝင်းဝနားတံခါး အနောက်မြို့တွင်းတွင် ထန်းမသည် ထန်းဖူးဖြစ်၍ အန္တိထွက်သည်။ တပေါင်းလ ရတနာသိင်္ခ စီးတော်မူ၍ မဟာမြတ်မုနိ သုဓမ္မာဇရပ်သို့ ထွက်တော်မူသည်။ ဆရာတော် အရိယာလင်္ကာရ တပည့် အဂ္ဂမဟုကို ထောက်ပံ့တော်မူ၍ ပဥ္စင်းတော်တို့ကို ကမ္မဝါစာနှင့် ဆုံးမရသည်။ ထိုလတွင် အထူးထူးသော သရပတ် ငွေရှင် ကတ္တီပါနီ၊ ကတ္တီပါစိမ်း၊ ကတ္တီပါပြောက်၊ ကတ္တီပါမည်း၊ သရီမိုင်းလုံ တောင်ယံ တို့ကို ရွှေထိုက်စိုးပေါ် သန္တိစားကို သုဓမ္မာဇရပ်သို့ ထုတ်စေ၍ မွှမ်း ကြပ်မှု၍ အဂ္ဂမဟု သုမြတ်ကို စသည့်လျှာ သဘော ပုဆိုးကို အထပ် စီရင် ရသည်။ အပြီးသို့ ရောက်လျှင် ပါဠိ အဋ္ဌကထာ ဋီကာကျမ်းတို့ကို ထုပ်၍ ရာဇမဏိစူဠာ ပိဋကတ်တိုက်မှာ ထားတော်မူသည်။ ကောင်းမှုတော် လေးမျက်နှာ ကျောင်းကြီး လေးကျောင်းကိုလည်း ပုဗ္ဗာဝန်၊ ဒက္ခိဏာဝန်၊ ပစ္ဆိမာဝန်၊ ဥတ္တရာဝန် ဟူ၍ သမုတ်တော်မူသည်။ သိမ်လည်း သမုတ်တော်မူမည် ဟူ၍ ကျောက်ရွေးချယ်စီပြီးမှ ဆရာတော် အပေါင်းတို့ကို သုဓမ္မာဇရပ်သို့ ပင့်တော်မူ၍ သိမ် သမုတ်တော်မူမည့် အကြောင်းကို တိုင်ပင် ညီညွတ်တော်မူသော် ကောင်းမှုတော်ကို ရွှေထီးလည်း မတင်သေး၊ ကျောင်းတော်များကိုလည်း လှူတော်မမူသေး ဖြစ်သည်။ ရွှေထီးတင်၍ ကျောင်းတော်များကို လှူတော်မူ သမုတ်သင့်သည် ဟူ၍ ဆရာတော်တို့ လျှောက်ကြသည်။ ယင်းသို့မှ သိမ်သမုတ် တော်မမူ နေတော်မူသည်။ သက္ကရာဇ် (၁၀၀၈) ခုနှစ် တော်သလင်းလပြည့် ကျော် လေးရက် အင်္ဂါနေ့ ကောင်းမှုတော် ရာဇမဏိစူဠာကို အုတ်အပြီး သင် သည်။ ထိုနေ့ကစ၍ ဝင်းတော်လေးမျက်နှာသားတို့ကိုလည်း ကောင်းမှုတော်မှာ ရွှေဆင်လှူရသည်။ သီတင်းကျွတ် လပြည့်နေ့ မွန်းလွဲခြောက်ဖဝါးတွင် ပင်းယ ရွှေဥမင်ဆရာ သက်တော် ခြောက်ဆယ့်ခုနစ်နှစ် ပျံတော်မူသည်။ သီတင်း ကျွတ်လပြည့်ကျော် နှစ်ရက် ဗုဒ္ဓဟူးနေ့ ထွက်တော်မူ၍ အလှူတော် ရထား၊ ခြောက်ဆူ မင်းရဲကျော်စွာက တစ်ဆူ၊ သားတော် ပင်းတလဲမင်းက တစ်ဆူပေါင်း နှစ်ဆူနှင့် သဘင်စုံ၍ သင်္ဂြိုဟ်တော်မူသည်။ သီတင်းကျွတ် လဆန်း နှစ်ရက် ကြာသပတေးနေ့ ညဉ့်တစ်ချက်တီးကျော်တွင် ကြာသပတေး ကြယ် လတွင်း ချဉ်းသည်။ ငလျင်လည်း လှုပ်သည်။ တော်သလင်းလ သဘင်တော်၌ အရှေ့

အထက်က ရဲလေ့မျှားကျင်းဆု ကဘျွတ်တစ်စင်းတွင် အနောက်ကလာ၍လင်းတနားသည်။ ထွက်တော်မူ၍ သဘင်တော်တွင် နေတော်မူရိုက် လေလာ၍ ယမားတော်ကျိုးသည်။ တော်သလင်းလဆန်းရှစ်ရက် တနင်္လာနေ့ တံခွန်ကျ သည်။ ၎င်းလဆန်းတစ်ဆယ့်တစ်ရက် ကြာသပတေးနေ့ နွားဝါးအရွေ့တိုင်များတွင် အရှေ့ကလာ၍ လင်းတနားသည်၊ အရှေ့တိုင်ပျံသည်၊ ထိုနေ့မင်းရွှေတံခါးအောက်ဘယ် ခြင်္သေ့ပျားစွဲသည်၊ ထိုလတွင် မင်းရဲကျော်စွာဆင်ကို ကျွဲခတ်၍ အိမ်တော် ရောက်အောင် လိုက်၍ ပြေးလေသည်။ ထိုနှစ်ကျောက်ဝက်သက် ပေါက်၍ သေသည်၊ သက္ကရာဇ် (၁၀၀၉) ခုနှစ် ဒုတိယဝါဆိုလ ပြည့်ကျော် နှစ်ရက် ကြာသပတေးနေ့ နှစ်ချက်တီးကျော် နှစ်မောင်းတွင် ရွှေမြို့တော် အရှေ့တောင်ထောင့် ကောင်းကင်တွင် ပြည် ပတ္တလားနှဲ ခရာ တီးသကဲ့သို့ အုတ်အုတ်ကျက်ကျက် အသံမြည်၍ လူအပေါင်း ကြည့်ကြသည်။ မည်သူကိုမျှမမြင်။ ဒုတိယဝါဆိုလပြည့်ကျော် တစ်ဆယ်နှစ်ရက်တနင်္ဂနွေနေ့ ညလေးချက်တီးကျော် ငါးမောင်းတွင် ညီတော် မင်းရဲကျော်စွာ လွန်တော်မူသည်။ ညီတော် အလောင်းတော်ကို အိမ်ရှေ့မင်းတို့ သင်္ဂြိုဟ်သည့်နည်း ကိုယ်တော်ကိုလိုက်၍ တစ်ဆယ့်လေးရက်နေ့ သင်္ဂြိုဟ်တော်မူသည်။ မင်းရဲကျော်စွာ ကိုယ်လုပ်တော်တို့တွင် မြင်သည့်သားတော် သမီးတော်ကား နောင်တော်က ပေးတော်မူသည့်ပြင် ကိုယ်လုပ်တော်ရ ခင်မ ဘုန်းပျိုးတွင်မြင်သည့် ရှင်စော်ဘွားတစ်ပါး၊ ရှင်စော်ဘွားသမီးတော် ခင်မခေါ၊ မျောက်သားတော်ကား ညောင်ရမ်းဘုရား သားတော် မင်းသား ဝရသူရ သား ရှင်နေထွန်း၊ စက်လုံမြင်းမှူး နောက်မင်းရဲ ရွှေတောင်ခံသည်။ ရှင်စော်ဘွား နှမတော်ခင်ဖွားမတစ်ပါး၊ မျောက်သားတော်ကား ရာဇမဏိ စူဠဒါယကာတော် မင်းတရားကြီးဘုရား သားတော် တောင်ငူ ကား မင်းရဲ ကျော်ထင်နှင့်သင့်သည်။ ညီမတော် ခင်မစိုးမင်း ရှစ်နှစ်တွင် လွန်သည် တစ်ပါး၊ ညီမတော်ခင်မရွှေပချုပ်တစ်ပါး၊ မျောက်သားတော်ကား တောင်ငူမင်း ညီတော် တိုင်တားမင်းနှင့် သင့်သည်။ သားတော်တစ် သမီးတော် သုံးပေါင်းလေးပါး။ စလေစား သမီးတော်တွင် မြင်သည့် သမီးတော် မြတ်လှဘုန်းစံ တစ်ပါး၊ မျောက်သားတော်ကား ညောင်ရမ်းဘုရား သားတော် ပုဂံမင်းနှင့် သင့်သည်။ ရန္တပစ္စည်း မြေးခင်အင်ပြို၊ တွင် မြင်သည့် ခင်မလှစံပြိုးတစ်ပါး၊ မျောက်သားတော်ကား မြဲသာဝ ဒါယကာတော် မင်းတရားကြီး ဘုရား သားတော် စကုမင်းနှင့် သင့်သည်။ မောင်တော် နေမျိုးစံကျော် ငါးထပ် ဒါယကာတော် ဘုရားတွင် မြဝတီကို စားသည်၊ ပြည်ဘုရင်တွင် မင်းရဲ

ပျောက်သားတော်ကား ခမည်းတော် သမီးတော် သုန္ဒရီ မင်းလုကျော် ခံသည်။ စလေမြို့ကိုင် သမီး ခင်သော်တာတွင် မြင်သည့် မင်းသည်နှင့် သင့်သည်။ ပျောက်သားတော်ကား ခမည်းတော် သားခင်ကြက်ပြုံ သုန္ဒရီလည်း တွင်သည်။ ပျောက်သားတော်ကား ခမည်းတော် သား မင်းရဲကျော်စွာ သားတော်နှစ် သမီးတော် မင်းရဲ မင်းလုကျော်နှင့် သင့်သည်။ မင်းရဲကျော်စွာမရှိလျှင် သားတော် အမြင့် မင်းရှင်ခြောက် ပေါင်းရှစ်ပါး။ မင်းရဲကျော်စွာ နားတော်လျှောက်ကြသည်။ ယခု မင်းရဲတလုပ်ကို လုသူမ် လူများကိုတို့ ဤသို့ နားတော်လျှောက်ကြသည်။ ကြံတော်မူတော့၊ အမှုတော် ကျော်စွာ မရှိပြီ ကြံသော်လည်း လွယ်ပြီ ဖြစ်သည်။ ကြံတော်မူတော့၊ အမှုတော် ကျော်စွာ မရှိပြီကြံသော်လည်း ထမ်းမည်၊ စိုးတော်မမူနှင့် ဟူ၍ ထားဝယ်သားတို့ကို ကျွန်တော်တို့ ကြိုးစား၍ ဘယဇေယဘို့ အတွင်းသား လုသူမ်း လဆင်စာရိတ်ကိုနှင့် ကျိဝန် မနေသာရ ဘယဇေယဘို့ တောင်ကမျက်နှာသားကို နိုးဆော် တိုင်ပင်၍ ပျက်တို့သည် ဝင်းတော်တောင် တောင်ကမျက်နှာသားကို နိုးဆော် တိုင်ပင်၍ ပျက်တို့သည် ဝင်းတော်တောင် ယုံကြည်၍ ဗိုင်းလွှားလက်နက် ရုံးရုံးလျှင် လျှောက်ကြလျှင် ရှင်တလုပ်သည်။ ယုံကြည်၍ ဗိုင်းလွှားလက်နက် ရုံးရုံးလျှင် လျှောက်ကြလျှင် ရှင်တလုပ်သည်း ယုံကြည်၍ ထားဝယ်သားများကို ရွေတင်၍ သက္ကရာဇ် (၁၀၀၉) အလုံးအရင်းနှင့် ဆင်စီး၍ ထားဝယ်သားများကို ရွေတင်၍ သက္ကရာဇ်(၁၀၀၉) ခုနှစ် တော်သလင်းလပြည့်ကျော် ငါးရက် ဗုဒ္ဓဟူးနေ့ နံနက် လေးချက်တီး ကျော်တွင် နန်းတော်လမ်းမကို လာ၍ နန်းသို့ဝင်သည်။ မြေးနန်း အရှေ့သို့ ရောက်မှ ပြောင်းသေနတ်သံပေးသည်။ တိုက်စည်တီးသည်။ အသံကြားတော်မူလျှင် အပါးတော်ခွင်မြဲသော ဖုဇေယျာခေါ်ထွက်၍ ကြည့်ရသည်။ အမြန်စွာ ကြံကြောင်းကိုသိ၍ သားတော်အမြင့်စား အတတ်ပင် ဖြစ်ချေသည်။ အထက်က ကြံကြောင်းကိုသိ၍ ကျွန်တော်တို့ သံတော်ဦးတင်ပါသည်။ မင်းညီ မင်းသားဆိုသည်ကို လက်နက် ကိုင်ရိယာဗိုင်းလွှား မသုပ်ရှိရသလော အမိန့်တော် ရှိသောကြောင့် မလျှောက်ဝံ့ နေရသည်။ ယခုသည်တွင် ခနတော်မူ၍ မသင့်ပြီ၊ အနောက်တံခါးကို ထွက်တော်မူ၍ လေးထပ်ကျောင်းတော်မှာ လူသူရုံးစုမှ သင့်မည် လျှောက်သည်။ အတွင်းဝန် နန္ဒဇေယကလည်း ယခု အလျင် ထွက်တော်မူတော့ လျှော်လျှင် တမုတ်ကြိုး ငါးသွယ်နှင့် သိ၍ထားသော အဖိုးအတိုင်း မသိသော လက်စွပ်ခတော်များကို ယူ၍ ခြေလျင်ဖြင့် နန္ဒဇေယတစ်ဘက်၊ ရာဇဓေယျာခေါ တစ်ဖက်မ၍ အနောက်တံခါးသို့ ထွက်တော်မူသည်။ ဝင်းပြင်သို့ ရောက်တော်မူမှ မြင်းစီး၍ ကလေးတံခါးကို ထွက်တော်မူသည်။ သားတော်များကိုလည်း ပါနိုင်သမျှ ကျွန်များကို ရုံးစု၍ လေးထပ် ကျောင်းတော်သို့ လိုက်လှည့် ဟူ၍ ခွင်သပေါက်မှုကို စေတော်မူသည်။ ။ယင်းသောခါ၊ နောက်တော်တွင် ပါသည်ကား၊ သားတော်သခင်ပုပ္ပ၊ သခင်ကုသတိုးနှင့် အနောက်သပေါက်မှူး တစ်စုသာ ပါသည်။ လေးထပ် ကျောင်းတော်သို့ ရောက်တော်မူလျှင် ဆရာ

တော်နှင့် ပြောဟောတော် မူပြီးမှ လူအိုးလူသွမ်းတို့ မဝင်ရအောင် တုတ်၊ တောင်ဝှေးကို ကိုင်၍ တပည့်တော် တို့ကို ဆီးအား ပါစေ၊ အမိန့်တော် နှံသည်ကို လေးထပ်ဆရာတော် မစီရင်လို၍ စံကျောင်းတော် ဆရာတော်ကို ချလျှင် စံကျောင်း ဆရာတော်လည်း ငါးဦး လယ်ကြီး တောင်ပလု အစ နှံသော ပင်းယ တံတားဦးတွင်ရှိသော ရဟန်းအပေါင်းတို့ကို အလျင်ရောက်စေ ခေါ်ရသည်။ ရောက်နှင့်သော ရဟန်း လေးငါးပါးကိုလည်း ကျောင်းတော် ထံ၌ လေးမျက်နှာကို တုတ်၊ တောင်ဝှေးနှင့် ဆီး၍ နေရသည်။ နောက် ရောက်လာသော ရဟန်းတစ်ထောင်ခန့်ကိုလည်း တုတ်၊ တောင်ဝှေးနှင့် ညောင်စဉ်လမ်းမှာ ဆီးဆို့၍ နေရသည်။ ယင်းသည်သောခါ သားတော် မြင်စည် င်းမှုအား ကိုယ်ခံတော်မကျန်းသောကြောင့် မလိုက်နိုင်၊ သားတော် ပင်းတလဲ မင်းကြီး၊ သားတော် တိုင်တားမင်းကြီး၊ နှောင်တော် သားတော် စည်ပွား မင်းကြီးတို့မှုကား ဆင်နှင့်ချည်း လေးဘပ်ကျောင်းတော်သို့ ရောက်လာ ကြောင်း အကြောင်းကို လျှောက်လျှင် သားတော်တို့ ရုံးစုမိအပ်သော ရုံးက် နှင့် မဟာမြတ်မုနိမြောက်တွင် အခိုင်အလုံ ဆို့၍ နေရသည်။ နောက်မှ ထွက်၍ ပြေးခင်သော မှူးတော် မတ်တော်တို့ ရောက်လာသည်။ ယင်းသို့မှ ထောက်တို့ကို အမိန့်တော်ရှိ၍ အဝပတ်လည် ဝန်းကျင်တွင်ရှိသော သေနသောက်စုမြင်းတော် သည် ကိုယ်ရံတော်အပေါင်းတို့ကို ရုံးစုရသည်။ ရောက်လျှင် တံတားဦး သေနတ်နှင့်တကွ ညောင်စဉ်လမ်းမ နှစ်ဘက်တွင် နေရသည်။ မြောက်ဘက် တစ်တန်း ကျောင်းစဉ်တစ်လျှောက်တောင်ဘက်တစ်ခိုတွင်ရှိသော ကိုယ်ရံတော် အမှု ထမ်းတို့ကို ခေါ်၍ ရောက်လျှင် စံကျောင်းဘော် မြောက်ကို တပ်အပ်ရသည်။ ညားကျန်းတောလည်း တလုပ်က လှည့်ဖြား၍ ခေါ်သည်ကို ငါလိုက်မည် ရလေဟု လာသော ရင်ကို လုံ့နှင့်ရွယ်၍ ဆိုသည်ကို စေတော်မူသသူလည်း ဝတ်တော်မူသည့် လက်စွပ်ကိုပြလျှင် ဦးချ၍ သည်တစ်ခါသော် ငတလုပ် အသည်းကို အရက်နှင့်မမြည်းရဘဲကို ငါမနေဟု ဆိုပြီးလျှင် ဓားအမြင့်တွင် ငုံ့သော ကောင်ဟန်အမှုထမ်းတို့ကို သိမ်းယူ၍ လှေဘပ်အများနှင့် အလျင် ချီလာသည်။ ရွာပုကြီးသို့ ရောက်လျှင် အထက်ကမြင်းသည် ခြွေရံတော်သို့ သွား၍ အမှုတော်ကို မထမ်းဘဲ ရှိနှင့်သည်ကို သိလျှင် ခေါ်၍ သတ်လေသည်။ စစ်ကိုင်းသို့ ရောက်လျှင် အဝဘက်သို့ ကူး၍ ဆင်ကျူးအရှေ့ကို တပ်တည်မည် ငိုရင်သည်။ မတည်ရအောင် မြို့တွင်းက ပျက်သည်။ မပျက်နိုင်၍တည်ရသည်။ ယင်းသောခါ မြို့တွင်းကသော အမြောက်၊ စိန်ပြောင်း နိုလသည်။ ပြင်က

မရှိသောကြောင့် သစ်ရာ၊ အင်ကြင်းသစ်တို့ကို အမြောက်ပွတ် လုပ်၍ တို အမြောက်နှင့်ပစ်ရချေသည်။ နောက်လျှင် မြို့ပြင်သား၊ အားကြီး၍ မြို့တွင်းသားတို့သည် မြွေးတွင်း၌ ငါးကဲ့သို့ ဖြစ်လေတော့သည်။ ယင်းသို့ တစ်လခန့် ရှိလျှင် မြို့တွင်း၌ရှိသော မင်းညီ မင်းသား၊ မှူးတော် မတ်တော်တို့နှင့် ရှင်ထီးလှိုင်ကို ဖမ်းရမည် သင့်မည်။ ညီညွတ်ပြီးလျှင် လူသူခွံးရှု၍ ညဥ့် သုံးချက်တီးကျော်ကို အရှေ့နန်း မြို့တံခါး၊ လေးမျက်နှာက ဆင်စီး၍ နေကြသည်။ အကြောင်းကို အမြင့်မင်းရှင် တလှယ်သိလျှင် တိုက်မည်ဟူ၍ ကျိုင်းထွတ်ပြောင်မွန် ဟူသော ဆင်ကို စီး၍ ထွက်သည်။ အရှေ့တံခါးတွင် ဗိုလ်ပါဆင်မြင်းဆို့၍ နေပြီးဖြစ်သောကြောင့် မတိုက်သာလျှင် အနောက်တံခါးကို ထွက်မည်ဟူ၍ ဆင်ဦးလည်၍ သွားကြိုက် နန်းမြို့ထက်က အသင့်နေသော သေနတ်လုလင် ပစ်၍ ဆင်ထက်တွင်ပင် ၄င်းသီတင်းကျွတ် လပြည့်ကျော် ငါးရက် သောကြာနေ့ ဆုံးလေသည်။ အာမခံဖြစ်သူ အရွှတ်ဝန် ဗညားသော ဦးနှောက်စား၊ ဆင်ကျေးစား၊ ပေါက်တောစား၊ ရွှေဂုစားတို့နှင့် ထောင်မှူး မင်းသား လေးယောက်လည်း နန်းထက်တွင်ပင် ဓား၊ လှံ၊ သေနတ်ထိ၍ ဦးပြတ်လည်နှင့် ခန္ဓာစဲချေသည်။ ထိုအခါမှစ၍ မင်းသားတို့ကို ထောင်မှူးမခန့်ပြီ။ ယင်းသို့လျှင် အမှုခပ်သိမ်းငြိမ်း၍ တိုင်ပင်ဘက်ဖြစ်သော အမှူး အမတ် ခေါင်းကြီးတို့ကို ဖမ်း၍ ဆက်လာသည်။ ထိုသူတို့ကိုလည်း ဗညားကျန်းတောကို အပ်တော်မူ၍ အပြစ်အလျောက်ခံရသည်။ အမြင့်မင်းကို တိုင်ပင်သော အရင်းအချာတို့ သားမယား တို့ကိုလည်း ဗညားကျန်းတောကို အပ်တော်မူ၍ ဆင်ကျုံးမှာ စပ်နှင့် ကပြစ်အလျောက် ခံရသည်။ ။ဘဝရှင် မင်းတရားကြီး ဘုရားလည်း အမြင့်စားကို အလိုတော်ပြည့်ပြီးမှ လေးထပ်ကျောင်းတွင် ခုနစ်ရက် နေတော်မူ၍ သီတင်းကျွတ် လပြည့်ကျော်တစ်ဆယ့်နှစ်ရက် သောကြာနေ့ ညဥ့် လေးချက်တီးကျော်ကို ရွှေနန်းတော်သို့ ဝင်တော်မူသည်။ လပြည့်ကျော်တစ်ဆယ့်လေးရက် တနင်္ဂနွေနေ့ လေးထပ်ဆရာတော် စံကျောင်းဆရာတော် အပေါင်းတို့ကို ရွှေနန်းတော်သို့ ပင့်၍ ဆွမ်းလုပ်ကျွေးတော်မူသည်။ တရားလည်း နာတော်မူသည်။ ယင်းသောအခါ ဤသို့ အမိန့်တော်ရှိသည်။ လေးထပ်ဆရာတော်သည် သံသရာဆရာတော် ဖြစ်သည်။ စံကျောင်း ဆရာတော်သည် ပစ္စုပ္ပန် ဆရာတော်ဖြစ်သည် ဟူ၍ အမိန့်တော်ရှိသည်။ ထိုအခါ နန်းထက်တွင် သူပုန်တို့ သေသောကြောင့် ဖုတ် မြို့ဆွာ တခွ ဖြစ်၍ ဆောင်းတော်ဆောင်တွင် ပူတာကြီးတော်ကို ကိုယ်ထင်ပြ၍ မြောက်လှန့်သည်။ ခံတုတ်နှင့်

တော်သည် ဖြစ်၍ အဇာဂရုဇေတုဗြဟ္မပုဏ္ဏားတော်တို့ ကိုးမှာတွင် အခြောက်
လွန်မှ၍ ပျောက်ကင်းလေသည်။ ဝန်ရှင်တော် နန္ဒယောဓသမိုလျှင် နန္ဒမိတ်နှင့်
ဖိုးယျကျော်ထင်ကို ဝန်ဖက် ခန့်တော်မူသည်။ အမြင့်မင်းနေခ့်ယှက်၍
ဖြစ်ကြောင်းကို ကသည်းစော်ဘွား ကြားလျှင် အလုံး အရင်း စီရင်၍
သောင်သွပ်သို့ ဝန်းရံလေသည်။ အကြောင်းကို လျှောက်၍ ကြားတော်မူလျှင်
ငါးထပ် စီရင်တော်မူ၍ မင်းရဲရန်နောင်ကို တပို့တွဲလဆန်းတစ်ရက် အင်္ဂါနေ့သို့
ဝင် ညဥ့်သန်းခေါင်ကျော် မိနစ်စန်း ဓနုလဂ်တွင် သောင်သွပ်သို့ ချီရသည်။
ရောက်လျှင် အတိုက်မခံဝံ့ ဆုတ်၍ နေလေသည်။ ဝင်၍လည်း မတိုက်သာချေ။
ဆိုးလည်း ကျဉ်းမြောင်းသည်နှင့် တောင်ကမ်းကြီး၍ ပန်းသာတွင်တစ်ချို
မန်ကျည်းအရပ်တွင်တစ်ချို တပ်နှင့်နေရသည်။ ငါးလခန့်ရှိလျှင် ခေါ်တော်
မူ၍ ပြန်ရသည်။ ကသည်းသို့ ချီရသည်။ တပို့တွဲလတွင် ဝင်းတော်ဆင်ကို
ကျွံတော်၍ ပြေးသည်။ ထိုနေ့ပင် အနောက်မြို့ထက်က ဆင်း၍ ဆင်ကျုံးသို့
ရောက်မှ သေလေသည်။

## ကောင်းမှုတော် ရာဇမဏိစူဠာစေတီသို့ ထွက်တော်မူခြင်း၊ သာလွန်မင်းတရား နတ်ပြည် စံလွန်တော်မူခြင်းနှင့် သားတော် သမီးတော်များအကြောင်း

နောင်တော်ဘုရား သားတော် သခင်ပုကို ညီတော် မင်းရဲကျော်စွာ သမီးတော် ခင်မလှစံပြိုးနှင့် စုံဖက်တော်မူသည်။ ထိုနှစ် တပေါင်းလပြည့်ကျော် ဆယ်ရက် ဗုဒ္ဓဟူးနေ နေမွန်းတည့်အချိန်တွင် နေတံခွန်သုံးဖြာ ထွက်သည်။ ၎င်း လပြည့်ကျော် တစ်ဆယ့်လေးရက် တနင်္ဂနွေနေ့ ညဥ့် တစ်ချက်တီးကျော် နှစ်မောင်းတွင် တင်းထိပ်ကောင်းမှုတော် အရှေ့စောင်းတန်း မြောက်ဘက် သံဃိက တန်ဆောင်းကို လောင်မီးကျသည်။ မြောက်မျက်နှာ စောင်းတန်း အရှေ့ဘက် ကျောင်းမတော်နှင့်တကွ ကျောင်းရံတစ်ဆယ်ကို လောင်လေသည်။ သက္ကရာဇ် (၁၀၁၀) ခုနှစ် ကဆုန်လပြည့်ကျော် ခြောက်ရက် အင်္ဂါနေ့ ကောင်းမှုတော် ရာဇမဏိစူဠာ စေတီတော်သို့ အလုံးအရင်းများနှင့် ကူးတော်မူသည်။ နယုန်လဆန်း ငါးရက် အင်္ဂါနေ့ နေတက် ခြောက်နာရီ နှစ်ပါဒ်တွင် ကျောင်းတော် သုံးကျောင်းကို တင်လှူတော်မူသည်။ ဥတ္တရာဝန် ကျောင်းတော် မှကား၊ သက္ကရာဇ် (၁၀၀၉) ခုနှစ် တပေါင်းလကပင် လောင်မီးသင့်၍ တစ်ဆယ့်

နှစ်ကျောင်းလုံး အကုန်အစင် လောင်သောကြောင့် အသစ်သပ်ပ် ဆောက်ပြု သည်။ နယုန်လဆန်း ခုနစ်ရက် ကြာသပတေးနေ့ ပြဿဒါဝန်၊ ဒက္ခိဏာဝန်၊ ပစ္ဆိမာဝန် ကျောင်းတော် သုံးကျောင်းကို အလုပ်အကျွေး လူငါးအိမ်ထောင်စီ လှူတော်မူသည်။ ယင်းသောအခါ ဤသို့လည်း အမိန့်တော်ရှိသည်။ ယင်း ကျောင်းတော် သုံးကျောင်းကို လူငါးအိမ်ထောင်စီ လှူတော်မူသည်မှာ ကျောင်းတော်နေပုဂ္ဂိုလ်တို့ကို ကျေးကျွန်ပြုစိမ့်မည်ဟု ငါလှူတော်မူသည်မဟုတ်၊ အရိယာ သံဃာတော်တို့အား ကျေးကျွန်လှူ၏ ဟူ၍ လှူသော် မခံသာ ပညတ်တော်လည်း ရှိသည်။ ကျောင်းတော်ကိုရည်၍ အာရာမိက အာရာမ်စောင့် ကပ္ပိယဒါယကာ ဆွမ်းချက် ဆွမ်းကပ် ပေါင်းမြက် သုတ်သင်ခြင်း၊ သံဃာတော် တို့၌ အမှုကြီးငယ်ရှိသောအခါ အစေအပါးခံခြင်းငှါ လှူသည်ကိုသာ ခံသာ သည်။ ယင်းသို့ သောကြောင့် ကျောင်းတော် အာရာမ်စောင့် ကပ္ပိယဒါယကာ အဖြစ်ဖြင့် လုပ်ကျွေးစေခြင်းငှါသာ ကျောင်းတော်ကိုရည်၍ အလုပ်အကျွေး လူငါးအိမ်ထောင်စီ လှူတော်မူသည်။ ထို ငါးအိမ်ထောင်စီ လူတို့ကို ဆွမ်းကို ပေးခြင်း၊ မျိုးကို ပေးခြင်း၊ အခမ့်ခြင်း အစရှိသည်ကို မပြုရ၊ ကျောင်းတော် တွင် အမြဲစောင့်နေ၍ ပေါင်းမြက်သုတ်သင်ခြင်း၊ တံမြက်လှည်းခြင်း၊ သံဃာ တို့တွင် ထီးတရပတ်ကိုင်၍ လုပ်ကျွေးခြင်းကိုသာ ပြုစေဟူ၍ အမိန့်တော်ရှိသည်။ တွင်းသင်းဝန် စီရင်သည့် ရာဇဝင်သစ်မှာ သားတော် လက်ထက်မှ ကျောင်း လေးရပ်လုံးကို တင်လှူရသည်ဟု ဆိုလေသည်။ သားတော်သက်ထက် တောင်ဦး လာဝယ် သီတင်းသုံးနေသော တိပိဋကာ လင်္ကာရ ဆရာတော်စီကုံး၍ အရှင် မဟာ နန္ဒဂုတ္တ ကျောက်ထက် တင်တော်မူသည်တွင် ကျောက်၌ မပြီးမဆုံးသော ကြောင့် ကောင်းမှုတော် အမွေမျက်နှာ ဇာတ်ရေးအစ မှန်မြောက်တက်တွင် ရေးထားသော စာတမ်း ဒက္ခိဏာဝန် ပထမ၊ နောက် ဒုတိယ ကျမ်းပြုဆရာ တော် အရိယာ လင်္ကာရ မှတ်စုသော သမိုင်းများတွင် ခမည်းတော်လက်ထက် သက္ကရာဇ် (၁၀၁၀) ခုနှစ် နယုန်လဆန်း ငါးရက် အင်္ဂါနေ့ နေထက် မြောက်နာရီ နှစ်ပါဒ်တွင် ပြဿဒါဝန် ဥတ္တရာဝန် ပစ္ဆိမာဝန် ကျောင်းတော် သုံးကျောင်းကို တင်လှူတော်မူသည်ဟု ဆိုသော စကားများနှင့် မညီလေ၊ ထိုနှစ် နယုန်လပြည့် သောကြာနေ့ သဘင်နန်းတော်တွင် နေတော်မူကြိုက် ညလေးချက်တီးကျော်တွင် အနောက်ရုံးရုံးက မီးကဲ့သို့ ကောင်းကင်တွင် ပေါ် သည်။ သီရိဓမ္မာသောက ကောင်းမှုတော်ဟောင်း၊ တန့်တီးဘုရားသို့ ထီးတင် ထွက်တော်မူသော အခါလည်း၊ လက်ဝဲတော်က လက်ယာတော်သို့သန်း၍ မျော

လေသည်။ နယုန်လပြည့်ကျော် ရှစ်ရက် စနေနေ့ ကောင်းမှုတော်က သည် ရွှေနန်းတော်သို့ ပြန်တော်မူသည်။ ဝါဆိုလဆန်း နှစ်ရက် တနင်္ဂနွေနေ့ မြေလှပ်သည်။ ဝါခေါင်လဆန်း ခြောက်ရက် စနေနေ့ နံက်လေးချက်တီးကျော်တွင် ရွှေနန်းတော် အရှေ့ နန်းရင်ပြင်တွင် ငှက်ကြီးအများ ကျသည်။ ဝါခေါင်လပြည့်ကျော် ငါးရက် စနေနေ့ ဘုမ္မတီးငှက် အနောက်တောင်ထောင့်ကလာ၍ ရွှေလှုတ်တော် ရှေ့တွင် ကျသည်။ နေသုံးချက်တီးကျော်မှ အနောက်တောင်ထောင့်သို့ ပျံလေသည်။ ဘဝရှင် မင်းတရားကြီး ဘုရားလည်း ရာဇမဏိစူဠာ စေတီတော်ကို ထီးတင်လို၍ တောင်ငူက ဆောက်လာသည့် ဖေါင်တတ်သော လောကုတ္တရာ ဘုန်းကြီးကို ထီးတင်အခါ တောင်းသည်ကိုလည်း ရေမြေ့ရှင် လက်ထက် အခါပေးမည်မလာ၊ သားတော် လက်ထက်မှ အခါပေးမည် လာသည်ဟု ဆိုလျှင် ပုဂံသို့ ပို့လေ၏။ ပုဏ္ဏား အဇာဂရကို ခေါ်၍ ထီးတင်အခါ တောင်းသည်ကိုလည်း ကိုယ်တော်မြတ် ထီးတင်အခါကို မမီချေပြီ လျှောက်လျှင် ငါ ဘယ်နံခါ နတ်ပြည်စံရမည်နည်း မေးလျှင် နက်ဖြန် တစ်ချက်တီးကျော်တွင် နတ်ပြည် စံတော်မူရမည် လျှောက်၍ မှန်လျှင် မှန်စေ မမှန်သော် သား မယားနှင့် တကွ မီးပုံ၍ တိုက်မည်ဟု နာရီခွက်နှင့် ထား၏။ နေသုံးချက်တီးအချိန်တွင် ငါမည်သို့မျှ မရှိ အမိန့်တော်ရှိသည်ကို အခါမရောက်ပါသေး လျှောက်သည်ကို ည လေးချက်တီးကျော်လျှင် အဖျားအနည်းငယ်ရောက်၍ တော်သလင်းလဆန်း ဆယ်ရက် ကြာသပတေးနေ့ နေ့တစ်ချက်တီးကျော်တွင် ဘုန်းတော် အလွန်ကြီးမြတ်တော်မူလှသော ရွှေတွင်း၊ ငွေတွင်း၊ ပယင်းတွင်း၊ ပတ္တမြားတွင်းသခင် ဖြစ်တော်မူသော ရေမြေ့သခင်အရှင် ဘဝရှင် မင်းတရားကြီးဘုရား လူ့ပြည်ငြီး၍ နတ်ပြည် စံတော်မူသည်။ ထိုနေ့ပင် သားတော်အကြီး ပင်းတလဲမင်း နန်းတက်တော်မူသည်။ လဆန်းတစ်ဆယ့်နှစ်ရက်စနေနေ့ ရွှေလှုတ်တော် အရှေ့မြောက်ထောင့်တွင် စကြဝတေးမင်းကို သင်္ဂြိုဟ်သကဲ့သို့ ခမည်းတော်ဘုရား အလောင်းတော်ကို သင်္ဂြိုဟ်တော်မူသည်။

ဘဝရှင် မင်းတရားကြီး ဘုရားကား (၉၄၆) ခုနှစ် နယုန်လဆန်း ငါးရက် တနင်္ဂနွေနေ့ နံနက် တစ်ချက်တီး ကရကဋ်လဂ် မေထုန်စန်းတွင် ဖွားတော်မူသည်။ အိမ်နိမ့်လေးဆယ့်ငါး စည်းစိမ်တစ်ဆယ့်ကိုး သက်တော်ခြောက်ဆယ့်ငါး နှစ်သို့ အဝင် သက္ကရာဇ် (၁၀၁၀) ခုနှစ် တော်သလင်း လဆန်း ဆယ်ရက် ကြာသပတေးနေ့တွင် နတ်ပြည် စံတော်မူသည်။ နောင်တော် မင်းတရားကား

ဟံသာဝတီ အနောက်မှာ သားတော် မင်းရဲဒိဗ္ဗ လုပ်ကြံ၍ လွန်သောကြောင့် အနောက်ဘက်လွန် မင်းတရားဟု ခေါ်ဝေါ် ရေးသားကြကုန်သည်။ ဦးတော် မင်းတရားမှာ တိုင်းတပါး ပြည်၌ သာ လွန်သောကြောင့် လည်းကောင်း၊ ရွှေနန်းတော်ထက်တွင် သာယာစွာ လွန်ရသောကြောင့် လည်းကောင်း၊ သာလွန် မင်းတရားဟု ခေါ်ဝေါ် ရေးသားကြကုန်သည်။ ပြုတော်မူသော ကောင်းမှုတော်ကား မင်းသား လက်ထက်တော်က ခမည်းတော် အပ်တော်မူ၍ ညောင်ရမ်း မြို့ရွာတွင် သီတင်းသုံးသော ဆရာတော် မဟာရတနာဂရုကို ပင်းယမြို့တော်တွင် ရွှေမင် တည်၍ လှူတော်မူသည်။ စစ်ကိုင်းမြို့မြောက် ပုညစေတီ အရှေ့၌လည်း နိုနန်းကျောင်း ဆောက်တော်မူ၍ အဝပြန် ဆရာတော်ကို လှူတော်မူသည်။ စစ်ကိုင်းမြို့ မြောက် ဝါးချက်ရွာ တောင်၌လည်း ဝေဇယန္တာ ရွှေကျောင်း ဆောက်တော်မူ၍ ဆရာတော် ဇမ္ဗူဒီပဓဇအား လှူတော်မူသည်။ ထိမ်တော် လေသာကိုလည်း တံတားဦးအနောက် ကြေးနီဘုရားရှင် အရပ်၌ ကျောင်းတော် ဆောက်တော်မူ၍ ရှင်ဉာဏဝိလာသအား လှူတော်မူသည်။ အဝ ရွှေစည်းခုံ မြောက်၌လည်း ကျောင်းဆောက်တော်မူ၍ အနန္တဉာဏ အနွယ်ကို လှူတော်မူသည်။ မင်းဖြစ်တော်မူမှလည်း ဟံသာဝတီမှာ ဘိသိက်နန်းတော်ကို လေးကျောင်းဆောက်၍ လှူတော်မူသည်။ အဝတွင် သက်ငယ် နန်းတော်ကိုလည်း ပင်းယ၌ လေးကျောင်း၊ ပေါင်လည်အရပ်၌တစ်ကျောင်း၊ တောင်ပလု၌ လေးကျောင်းဆောက်၍ လှူတော်မူသည်။ ရွှေနန်းတော်ကိုလည်း တောင်ပလု နန်းကျောင်း ရက်ခန်နန်းကျောင်းဆောက်၍ လှူတော်မူသည်။ အဝ ရွှေစည်းခုံ၊ စစ်ကိုင်း ပုညစေတီ၊ တံတားဦး မင်္ဂလာစေတီ၊ ပင်းယ ရွှေစည်းခုံ၊ တောင်ပြုး ဆုတောင်းပြည့် ဘုရားကိုလည်း ရွှေထည့်တော်မူသည်။ ဇရပ်လည်း ငါးဆောင် ဆောက်တော်မူသည်။ ရွှေအပြည့် လှူတော်မူသည်။ ရာဇမဏိစူဠာ ဘုရားကိုလည်း တည်တော်မူ၍ သုဓမ္မာဇရပ်နှစ်ဆောင်၊ ဝန်းကျင်ကျောင်းကြီး လေးကျောင်း၊ ကျောင်းရံ လေးဆယ် ဆောက်၍ လှူတော်မူသည်။ အဝ ရွှေစည်းခုံ ခမည်းတော် ကောင်းမှုတော် မဟာမြတ်မုနိ ဘုရားကိုလည်း ရွှေလုံးတော်ပြည့် လှူတော်မူသည်။ တံတိုင်းဝန်းကျင်ကိုလည်း အဆန်းအကြွယ် စီရင်တော်မူ၍ လှူတော်မူသည်။ ရှင်ပြုဘုရားကိုလည်း ဆံလျှော်တော် ရွှေသင်္ကန်း လှူတော်မူသည်။ ပင်းယ အောင်ဘပ် တဲတော်ရာ၌လည်း ကျောင်းဆောက်၍ လှူတော်မူသည်။ ကျိုင်းသော့ မြို့လယ်၌လည်း ဘုရားနှင့်ကျောင်း ဆောက်၍ လှူတော်မူသည်။ ဇင်းမယ်မြို့၌လည်း ကျောင်းဆောက်၍ လှူတော်မူသည်။ အဝမြို့

...တည်ရှိသော ဘုရားများကိုလည်း ပေါင်းရစ်ပြည့်အောင် ရွှေသွတော်မူ၍ ...မြင်မည့်သူနှင့်ချည်း ထားတော်မူသည်။ ရှုပ်တု ဆင်းတု ဟောင်းနွမ်း ...သည်များကိုလည်း လုပ်ဆောင်တော်မူ၍ ရွှေအပြည့် သွတော်မူပြီးမှ ...အနောက် တပယ်အရပ်၌ ဇရပ်ကြီးဆောက်၍ ထားတော်မူသည်။ ခမည်း ...တော် ထံတော်ရာ မဟာမြတ်မုနိ ဘုရားမြောက်၌လည်း ဇေတဝန်ကျောင်း ...ဆောက်တော်မူ၍ ဆရာတော် သီရိသံဃဇောတအား လှူတော်မူသည်။ ခမည်း ...တော်ကျောင်း လေးထပ်ကျောင်းကိုလည်း နတ်ဗိမာန် ကဲ့သို့ ကျောင်းရံ ...လေးဆယ်နှင့်တကွ ဆောက်တော်မူ၍ ဆရာတော် မဟာသံဃနာထအား ...လှူတော်မူသည်။ ကထိန်သင်္ကန်းလည်း အနီးအဝေး နိုင်ငံတော် သီတင်းသုံးသော ...ဆရာတော်တို့ကို မပြတ် လှူတော်မူသည်။ ဂူတော်သစ် စစ်ကိုင်းထူပါရုံမင်းမြောက် ...ကောင်းမှု စည်းခုံကြီး ဆင်မျှားရှင် မဟာစေတီ ဇေသဘန်ဘုရား ညီအမဘုရား ...ကောင်းမှု၊ သီရိမွေ့သောကမင်း ကောင်းမှု တန့်ကြီးဘုရားရှင်တို့ကိုလည်း ...ညီမကောင်းမှု၊ ထီးတင်တော်မူသည်။ ညီအမ ကောင်းမှု၌လည်း တန်ဆောင်း ...လုပ်တော်မူ၍ ...ဆောက်၍ လှူတော်မူသည်။ ဟံသာဝတီ၌လည်း ဇဂုံဆံတော်ရှင် ရွှေမော်ဓော ...မဟာစေတီများကိုလည်း လုပ်တော်မူ၍ ထီးတင်တော်မူသည်။ မန်းဇက်တော်ရာ ...နှစ်ဆူကိုလည်း တန် ဆောင်း ဆောက် ၍ လှူတော်မူသည်။ ကျော်လေးဆူ ...အရှိသော အဝေးအနီး၌ ဘုရားရှင်ကိုလည်း ဝါကျွတ်တိုင်း ထီး တန်ဆောင် ...တံခွန် ပူဇော်တော်မူသည်။ သက္ကရာဇ် ၁၁၈၀ ပြည့်တိုင်းလည်း အဋိယာ သံဃာ ရဟန်း ...ပုဏ္ဏားတို့ကို အစွံ့အစပ် လှူတော်မူသည်။ ပိဋကတ်သုံးပုံကို ပါဠိ အဋ္ဌကထာ ...ဋီကာနှင့်တကွ ပြုတော်မူသည်။ သက္ကရာဇ်တစ်ထောင်ပြည့်တွင် ပွဲတစ်ထောင် ...တစ်ဆယ့်ရှစ်ပါး၊ သာမဏေခုနစ်ပါးခံတော်မူသည်။ ထိုနှစ်မှစ၍နှစ်တိုင်း ပွဲ ...သာမဏေခံတော်မူသည်။

ဤသို့ များမြတ်သော ကောင်းမှုနှင့် ပြည့်စုံတော်မူသော တိုင်းကြီး ပြည်ကြီး ထီးဆောင်းမင်း တကာတို့၏ အရှင် ဖြစ်တော်မူသော သီရိသုဓမ္မရာဇာ မဟာ ဓိပတိ အမည်တော်ရှိသော ရေမြေ့သခင် ဘဝရှင် မင်းတရားကြီးဘုရား သားတော် သမီးတော်ကား မြောငယ်ကတော် ခင်မျိုးစစ်တွင် မြင်သည့် ဘုန်းဝေလု သီလဒေဝီခံတစ်ပါး၊ မျောက်သားတော်ကား စဉ့်ကူမင်းကြီး မင်းရဲ နော်ရထာ မောင်တော် သခင်ကျော် ခမည်းတော်ဘုရားတွင် မင်းရဲရှုမိတ် အမည်နှင့် ပင်းတလဲမြို့ကို ကံကျေးခံရသည်တစ်ပါး၊ မင်းဖြစ်မျောက် သားတော်

သမီးတော် မင်းနဲကူမိပုရားဖြစ်။ နှမတော် ကား ခမည်းတော်ဘုရား၊ ကြီးမိပုရားတစ်ပါး၊ မျောက်သားတော်ကား ခမည်းတော်ဘုရား သားတော် အိမ်ရှေ့မင်း ဖြင့်စည်မင်းကြီး နောက် အိမ်ရှေ့နေသည်၊ သားတော်တစ်၊ သမီးတော် သခင်ဖြူ နှစ် ပေါင်း သုံးပါး၊ မိုးနဲစော်ဘွား သမီး မြောက်ကြီးကတော် ခင်သက်နှင်းတွင် မြင်သည့် သားတော် မင်းရဲနရသီဟ ခုနစ်နှစ်တွင် လွန်သည် တစ်ပါး၊ ညီတော် သခင်ဖြူ၊ ခမည်းတော်ဘုရားတွင် ဖြင့်စည်မြို့ကို ကံကျေး ခံရသည်တစ်ပါး၊ နောက် နောင်ဘုရားတွင် အိမ်ရှေ့နေသည်။ မျောက်သားတော်သား၊ ခမည်း တော်ဘုရား သမီးတော် မင်းဖြူ။ နှမတော် ခင်ပန်းဖြူ မိပုရားဖြစ်သည်တစ်ပါး၊ ညီမတော် ခင်မ ရွှေဆင်းတုတစ်ပါး၊ မျောက်သားတော်ကား အနောက်ဘက် လွှန်မင်းတရားကြီးဘုရားသားတော် မင်းရဲအောင်ထင်၊ စည်ပုတ္တရာ မင်းကြီး သားတော် နှစ်၊ သမီးတော် နှစ် ပေါင်း လေးပါး။ ပြည်ရန်နိုင် မိပုရား ညီ ဝါဘိုကတော် ခင်ထွေးလှတွင် မြင်သည့် သားတော် သခင်ညို၊ ခမည်းတော်တွင် တိုင်တားမြို့ကို စားသည် နောက်ကို ကန္နီမြို့ကို စားသည် တစ်ပါး၊ မျောက် သားတော်ကား မင်းရဲကျော်စွာ သမီးတော် ခင်ဖြူ ညီမတော်သခင် နေမျိုး ဒွေ့ နောက် တိုင်တား မြို့စားသည် တစ်ပါး၊ မျောက်သားတော်ကား မင်းရဲ ကျော်စွာ သမီးတော် အငယ် ခင်မရွှေပချုပ် သားတော် နှစ်ပါး အိမ်ရှေ့ ဝေါ ကတော် သမီး ခင်လှစ်တွင် မြင်သည်။ သားတော် သခင်ဘလုပ်၊ ခမည်းတော် ဘုရားတွင် အမြင့်မြို့ကို စားသည် တစ်ပါး၊ မျောက် သားတော်ကား မင်းရဲ ကျော်စွာ နောက်ပုန်စားသည်တစ်ပါး၊ မျောက်သားတော်ကား ခမည်းတော် ဘုရား၊ သမီးတော် ခင်မဆင် အင်မျိုး၊ နှမတော်ဘုံးခိုင်သစ် နှစ်ဆယ့်နှစ်နှစ်တွင် လွန်သည်တစ်ပါး၊ သားတော်တစ်၊ သမီးတော်တစ်၊ ပေါင်းနှစ်ပါး။ ။ပင်းယ မင်းသမီး ခင်မြတ်ဆက်တွင် မြင်သည့် သားတော် ဧယျဝရ၊ ခမည်းတော် ဘုရားတွင် ရှင်တလုပ် မရှိနောက် အမြင့်ကိုစားသည် တစ်ပါး၊ မင်းဖြစ်မျောက် သားတော်ကား မင်းရဲနော်ရထာ သမီးတော် ခင်မလတ် မိပုရားဖြစ်သည်။ ။ညောင်ပင်ဆိပ်ကတော် အစ်မရှင်လှညီတွင် မြင်သည့် သမီးတော် ခင်မဆင် အင်ပြို့တစ်ပါး၊ မင်းဖြစ်မျောက် သားတော်ကား မင်းရဲ နော်ရထာ သမီးတော် ခင်မလတ် မိပုရားဖြစ်သည်။ ။ညောင်ပင်ဆိပ်ကတော် အစ်မ ရှင်လှညီတွင် မြင်သည့် သမီးတော် ခင်မဆင် အင်ပြို့ တစ်ပါး၊ မျောက် သားတော်ကား ခမည်းတော်ဘုရား သားတော် အမြင့်မင်း၊ ရှင်တလုပ်၊ ပုဂံနန်းရှိ၊ နေမျိုးအစဉ် ဖြစ်သော ဒွါရာဝတီ အိမ်ဖြူရှင် ဘသာချန္ဒမိတ်၊ မြေးဝွယ်ဘော်ဆောက် ကတော်

သား ရှင်ရန်ငူ၊ သမီးတော် မင်းလတ်တွင် မြင်သည့် သခင် နေမျိုးရဲကျော်၊ မင်းရဲဆောင်တင် နောက်စည်ပုတ္တရာကို ကံကျွေးခံရသည် တစ်ပါး၊ မျောက်သားတော်ကား ခမည်းတော် ဘုရား သမီးတော် ခင်မမင်းစစ်၊ သားတော် နရာဝေယ၊ အထိန်းနဲ့ရွတ်တွင်မြင်သည့် သားတော် သခင်ဗညား၊ လေးထပ်ကျောင်းတော်မှာ အနိစ္စရောက်သည် တစ်ပါး၊ တောင်ငူရွှေနန်းတည်သမီးတော် ခင်မရွှေနန်း၊ မြို့သစ်မင်းသမီး၊ နောက်မင်္ဂလာ ဒေဝီခံတွင် မြင်သည့် သမီးတော် ခင်မင်းစစ်တစ်ပါး။ ။မျောက်သားတော်ကား ခမည်းတော်ဘုရား သားတော် နေမျိုးရဲကျော် စည်ပုတ္တရာမင်းကြီး ဇင်းမယ် ဘုရင် နော်ရထာ မင်းစော၊ အိမ်နိမ့်သမီး ပုသိန် မင်းသမီးတွင် မြင်သည့် သမီးတော် အဂ္ဂပုတ္တ ဆယ်နှစ်တွင် လွန်သည်တစ်ပါး၊ မောင်တော် မင်းရဲကုလတစ်ပါး၊ သားတော် တစ်၊ သမီးတော်တစ်၊ ပေါင်းနှစ်ပါး။ ဗညားသံလံ သမီး၊ မြို့နှင်းကလျာတွင် မြင်သည့် သားတော် သခင်ပုပ္ပ၊ တစ်ဆယ့်ခြောက်နှစ်တွင်လွန်သည်တစ်ပါး၊ ကျိုင်းဆော့စောသမီး ဗညားရာဇာ တုမနဲမောင်တွင် မြင်သည့် သမီးတော် စိတ္တရန်လောက် နောက်အမည်သူဇာတစ်ပါး။ သားတော်တစ်ဆယ့်တစ်၊ သမီးတော်ကိုး ပေါင်း နှစ်ဆယ်။ ။သက္ကရာဇ်(၁၀၁၀)-ခုနှစ် တော်သလင်း လဆန်း ဆယ်ရက် ကြာသပတေးနေ့ နေ့တစ်ချက်တီးကျော်တွင် သားတော် ပင်းတလဲမင်းကြီး မင်းရဲရန္တမိတ်သည် ခမည်းတော် ဘုရား အရိုက်အရာ ရွှေထီး ရွှေနန်းကို သိမ်းပိုက်ဆောင်တော်မူသည်။ တော်သလင်းလပြည့်ကျော် လေးရက် စနေနေ့ ညဉ့် လေးချက်တီးကျော်တွင် မြတ်သော ထီးဆောင်း မင်္ဂလာ ဦးခင်တော် ဖွင့်တော်မူသည်။ သီရိနန္ဒသုဓမ္မ ရာဇာ ပဝရမိပတိ ဟူသော အမည်ကိုခံတော်မူသည်။ ရှင်မိဖုရားကို အတုလစန္ဒာဒေဝီ ဟူသော အမည်နှင့်ဘိသိက်သွန်းတော်မူသည်။ မယ်တော်မိဖုရားကိုလည်း ရွှေဝေါ ရွှေချက် စည်ဝန်း၊ စည်ခြောခြောက်စည် သံလွင် တံပိုး ခရာ တံမြှာ လက်ချပ် အစုံနှင့် တလုပ်မြို့ကို ကံကျွေးခံရသည်။ ရှင်မိဖုရားမယ်တော်ကိုလည်း၊ ရွှေဝေါ ရွှေချက် စည်ဝန်း ခြောက်စည် သံလွင် တံပိုး ခရာ တံမြှာ အစုံနှင့် အမြင့်မြို့ကို ကံကျွေးခံရသည်။ ။ညီတော် အကြီးကိုလည်း၊ မင်းရဲသီဟသူဟူသော အမည်နှင့် အိမ်ရှေ့ ပေးတော်မူသည်။ တောင်းမြို့ကိုလည်း၊ ကံကျွေးခံရသည်။ နှမတော်အိမ်ရှေ့ မိဖုရားကိုလည်း၊ ဓမ္မာ ဒေဝီဟူသော အမည်ကိုခံရသည်။ ဒိုင်းစု သင်းစု မြင်းစုလည်း အိမ်ရှေ့မင်း တကာနည်း ပေးတော်မူသည်။ တန်ဆောင်မုန်းလဆန်း သုံးရက် တနင်္လာနေ့ ညဉ့် လေးချက်တီးကျော် လေးနာရီတွင် အိမ်ရှေ့ အိမ်တော်သို့ တက်တော်

မူသည်။ မြာသိုလဆန်း၊နှစ်ရက် အင်္ဂါနေ့ အရှေ့အောင်ထွန်း၊တံခါး၊ကို ထွက်တော်မူ၍ မြို့လည်တော်မူသည်။ အောင်ထွန်းတံခါးကိုပင် ဝင်တော်မူသည်။ သည်လတွင်ပင် သင်္ကြန်ခေါ်သည်။

(၁၀၁၀)-ခုနှစ် တပို့တွဲလတွင် မှူးသား မတ်သား သူကောင်း တို့ကို ရွေးချယ်စီစစ်တော်မူ၍ ဘယယောခသား မြို့သားငကျော်၊ ပဲကူကုန်ရာသား ငတုံ၊ သုံ့ရဲကြီးမှူး ငအောင်စံ၊ ဂဇသူသား ငမြတွေး၊ ရာဇသာရသား ငသက်နိုင်၊ ဇေယျတုရင်သား ငပု၊ လက်ဝဲ ယောခသား ငသက်ရတို့ အရည်တူ ဇေယျဘယကို သွေးသောက်ကြီး ခန့်၍ ဖွဲ့တော်မူသည်။ ။သိရိရာဇသား နေမင်းတရား မြင်းခေါင် မြင်သည်။ ရှသား စံနိုင်၊ ယိုးဒယားသား သက်တော်ရှည်၊ ဆွေးသား၊ မျိုးသား၊ ငသုခသား ငချစ်ထိ၊ ရာဇသာရသား ငမြတ်ဦး၊ နန္ဒဇလသား ငပု၊ ရန္တပစ္စည်းသား ငကော်စံတို့ အရည်တူ တုရင်ကျော်ကို သွေးသောက်ကြီးခန့်၍ ဖွဲ့တော် မူသည်။ နောက် လက်ဝဲ ရန္တမိတ်ခံ၊ နောက်ရုက္ခတေးခံ။ ။သက္ကရာဇ်(၁၀၁၁)-ခုနှစ် ကဆုန်လဆန်း နှစ်ရက် တနင်္လာနေ့ နံနက် လေးချက်တီးကျော် နှစ်နာရီတွင် ရွှေနန်းတော်ကသည် ဧရာဝတီ မြစ်ဆိပ်တိုင်အောင် ဝေါ် ပြာသာဒ် စီးတော်မူ၍ ဆင်လုံး မြင်းရင်း အများနှင့်ထွက်တော်မူပြီးလျှင် ပြာသာဒ်သုံးဆောင် ရှိသောကရဝိက် ရွှေဖောင် တော်နှင့် လှော်ကား လက်သင် ရွှေလှေ ရွှေလောင်း များနှင့် ခြံရံလျက် ခမည်းတော်ဘုရား ကောင်းမှုတော် ရာဇမဏိစူဠာကို ထီးတင် ဆုံ့သောငှါ ကူးတော်မူ၍ ခမည်းတော်ဘုရား သဘင်နန်းတော်တွင် စံနေတော်မူသည်။ သဘင်လည်း ကြီးစွာ ခံတော် မူသည်။ ကဆုန်လဆန်း ရှစ်ရက် တနင်္ဂနွေနေ့ နံနက် လေးချက်တီးကျော် နှစ်မောင်းတွင် ညီတော် အိမ်ရှေ့မင်းကိုကြပ်မစေ၍ ညီတော် သားတော် ဆွေတော် မျိုးတော် စော်ဘွား စော်း အပေါင်း ခြံရံလျက် စေတီတော်ကို ထီးတင်တော်မူသည်။ ဘဝရှင် မင်းတရားကြီးဘုရားလည်း ရှင်မိဖုရားခေါင်နှင့် တကွ မြင်းရထားစီးတော်မူ၍ ဘုရားရှင်သို့ တက်တော် မူပြီးလျှင် ကြီးစွာသော သဘင်ကိုလည်း ရက်လည်အောင် ခံတော်မူသည်။ ခမည်းတော်ဘုရား လက်ထက်တော် သက္ကရာဇ်(၁၀၀၉) ခုနှစ် တပေါင်းလတွင် လောင်မီးသင့်၍ အသစ်တည်လုပ်ရသော သံဃိက တန်ဆောင်းနှင့်တကွတစ်ဆယ့်နှစ်ကျောင်းဥတ္တရာဝန်ကျောင်းတော်ကို တင်လှူတော်မူသည်။ ပုဗ္ဗါဝန် ဒက္ခိဏာဝန် ပစ္ဆိမာဝန် ဥတ္တရာဝန် ကုန်းကျောင်း၊ ဆရာတော်

ငါးပါးကို အာရာမ်စောင့်အလုပ် အကျွေးလည်း လှူတော်မူသည်။ ဘုရား၌ ကျွန်သီးတော် အကြီးနှင့် တကွ သုတ်သင် စိမ့်သောငှါ များစွာသော ကျွန်သီးတော်တို့ကို ခမည်းတော် ခန့်ရန်ထားသမျှ မပျက်စေရ၊ စာရင်းစုံမှတ်သည့်အတိုင်း အသီးသီးခွဲ၍ လှူတော်မူသည်။ ဝတ္တုကံ မီးမြေလည်း များစွာ လှူတော်မူသည်။ စည်မြော စည်ဝန်း မြောက်စည် သံလွင် တံပိုး ခရာ တံမြာ လက်ချုပ် အစုံလည်း လှူတော်မူသည်။ သာသနာတော်စောင့် ဝတ္တုကံ ထိန်းစိမ့်သောငှါ သံဃရာဇာလည်း ခန့်တော် မူသည်။ ရွှေလည်း ဖိနပ်တော်တိုင်အောင် ထည့်တော်မူသည်။ အာရာမ် တော် စောင့် လူကို လုပ်မြေ စားမြေ၊ ကျောင်းတော်လေးကျောင်း၊ ဆရာတော်တို့ ကပ္ပိယ ဆွမ်းမြေ၊ ကျောင်းတော် အာရာမိကတို့ လုပ်မြေစားမြေ၊ ပိဋကတ်သားတို့ လုပ်ခမြေစားမြေ အလုပ်ရပ်များကိုလည်း ခြားနား၍ ရေစက်သွန်း လှူတော် မူသည်။ ခမည်းတော်ဘုရား မှတ်သားတော် မူ၍ ထားသော ဣသိပတန မိဂဒါယ ကဲ့သို့ ဘေးမဲ့ပေးရာ အရပ်ကိုလည်း မြေခြား ကျောက်တိုင် ထားတော်မူသည်။ လှူတော်မူသော မိုးမြေ လယ်ယာများကိုလည်း နောက်နောက်သော လူအပေါင်းတို့ မပျက်ဆီးနိုင်အောင် ဦးရေစာရင်းကို သုဓမ္မာဇရပ်တွင် ဆရာတော်တို့ရှေ့ ဖတ်ကြားတော်မူသည်။ ခမည်းတော်ဘုရား ဆရာတော် တောင်ဖီလာဝယ် သီးတင်း သုံးနေတော်မူသော ရှင်တိပိဋကာလင်္ကာရ ဆရာတော်အား ကျောက်ထက်အက္ခရာ တင်ရေးပါမည်ကို စီကုံး ရေးသားတော်မူပါဟု လျှောက်၍လည်း တောင်ဖီလာ ဆရာတော် စီကုံး ရေးသားတော်မူပြီးလျှင် ဆရာတော် အရှင်မဟာကုန္ဒဂုတ္တကို အပ်တော်မူ၍ ကျောက်ထက်အက္ခရာ ရေးသား ထုတ်လုပ်ရ စီရင်တော်မူရပြီးလျှင် စေတီတော်ရင်ပြင်အရှေ့မြောက်ထောင့်တွင် စိုက်ထူတော်မူ၍ ဂူနှင့် ထားတော်မူသည်။ ကောင်းမှုတော်တွင် ခမည်းတော်ဘုရား ပြုတ္တာန်းတော် မူသမျှ ဝတ္တုကံ သိမ်ကျောင်း ကျွန်သီးတော်တို့ လုပ်မြေ စားမြေ ရပ်များကို ကျောက်စာတော်တွင် မပြီး၍ အရှေ့မျက်နှာ ဇာတ်ရေးအစ မုခ်ဝ မြောက်ဘက်တွင် ရေးထားရသည်။ လင်မလို့ရွာ မန်းကျည်းစဉ် လမ်းမတော် အနီး ဥတ္တမဆရာ ကန်ကိုလည်း ထယ်၍ ပြင်တော်မူသည်။ ယင်းသို့ စီရင် ခန့်ရှန်တော်မူ၍ လေးရက် နေတော် မူပြီးမှ ကဆုန်လဆန်းတစ်ဆယ့်သုံးရက် သောကြာနေ့ နံနက် လေးချက်တီးကျော်ခြောက်မောင်းတွင် ရွှေနန်းတော်သို့ ပြန်တော်မူသည်။ ဤအရပ်၌ ရာဇမဏိစူဠာ စေတီတော် ကျောက်အက္ခရာကို တောင်ဖီလာ ဆရာတော် တိပိဋကာ လင်္ကာရ စီကုံးရေးသားရကြောင်း၊ အရှင်

ကျောက်ထက်တင်ရကြောင်းများကို ရာဇဝင်တို့၌ မဟာ ဣန္ဒဂူ ကျော်အာဝန်ကျောင်းနေ ပထမ နောက်ဒုတိယ ကျမ်းပြုဆရာ မဆို၊ ယခု ဆိုခဲ့သည်ကား၊ အရိယာလင်္ကာရ မှတ်စုံသည့် သမိုင်းနှင့် အညီတည်း။ ထိုနှစ် ဝါဆိုလ သခင် ဇေယျဝရကို နမတော် သီလဒေဝီ သမီးတော် မင်း အလတ်နှင့် ထိမ်းမြား စုံဖက်တော်မူသည်။ ညီတော်သခင် နေမျိုး ရဲကျော်ကိုလည်း နမတော် ခင်မမင်းနှင့် စုံဖက်တော်မူသည်။ သည်နှစ်ပါးကို စုံဖက်တော်မူရာတွင် သားတော် ရမည်းသင်မင်းကြီး၊ သခင် မင်းရဲကျော်ထင်ကို မြင်သည်။ မင်းဖြစ် ညီတော် နေမျိုး ဒွေ့ကိုလည်း၊ ဘထွေးတော် မင်းရဲကျော်စွာ သမီးတော် ခင်မရွှေမျိုးနှင့် စုံဖက်တော်မူသည်။ အဆောင် အယောင် အခမ်းအနားလည်း ပေးတော်မူသည်။ သည့်ပြင် မင်းညီ မင်းသား မင်းဆွေ စိုးမျိုးတို့ကို အထိုက်အလျောက် စုံဖက်တော်မူ၍ အဆောင်အယောင် ကျေးရွာမြို့ပြ ပေးတော်မူသည်။ ခမည်းတော်ဘုရား နေတော်မူသော ရာဇမဏိစူဠာ သဘင် နန်းတော် ကိုလည်း၊ ကောင်းမှုနှစ်ခု ကျောင်းဆောက်တော်မူ၍ ဆရာတော်တိလောကာလင်္ကာရအား လှူတော်မူသည်။ ခမည်းတော်ဘုရားတွင် စီရင်၍ မပြီးသေးသော ဇေယျ သဘင် ကျောင်းတော်၊ ရွှေဥမင်ဦး ကျောင်းတော် ကိုလည်း ပြီးအောင် လုပ်စေ၍ လှူတော်မူသည်။ (၁၀၁၁) ခုနှစ် ကဆုန်လပြည့်နေ့က စ၍ ကောင်းမှုတော် ရာဇမဏိစူဠာမှာ သိကြားရေသွန်းသဘင် ခံတော်မူသည်။ အရိယာ သံဃာတော် အပေါင်းကိုလည်း ဆွမ်းလုပ် ကျွေးတော်မူ၍ သင်္ကန်းလှူတော်မူသည်။

## တရုတ် ဥတည်မင်းက အရှေ့တစ်ပြင် မြို့များကို အခွန်တောင်းခံခြင်းအကြောင်း

ထို သက္ကရာဇ်တွင် တရုတ် ဥတည်ဘွားရုံလိုက နိုင်ငံတော်ဖြစ်သော မိုင်းစော၊ စည်ခွင်၊ သိန္နီ၊ ကိုင်းမာ၊ ကျိုင်းတုံ၊ ကျိုင်းရုံး မြို့တို့ကို အခွန်ငွေ တောင်းလာသည် ဟူ၍ လျှောက်လာသည်။ ဥတည်ဘွား ရုံလိုအကြောင်းကား၊ အထက် ဥတည်ဘွား အကြီးတွင် သားနှစ်ယောက်ရှိသည်။ သားအကြီးသည် တရုတ်မင်း သမက်ဖြစ်၍ အဘဥတည်ဘွားမရှိလျှင် အဘအရာတရုတ်ပြည်ကို ဥတည်ဘွား ပြုသည်။ ထို ဥတည်ဘွား လွန်လျှင် ညီဖြစ်သော ရုံလိုသည် အစ်ကိုမရှိလျှင် ငါသာ မင်းပြုကောင်းသည် ဟူ၍ တောင်စစ်သူကြီး အံသီဝင့်၊ အရှေ့စစ်သူကြီး

ကုံဆင်ဝင့်၊ အတိန်လော ရွှေဝင့်တို့ကို ညီဆို၍ နန်းကြိမ်မြို့တွင် မင်းပြု၍ အနိုင်နေလေသည်။ နောင်တော် မိဖုရား၊ တရက်မင်း၊ သမီးမူကာ၊ သား ခုနစ်နှစ်ရှယ်ကို ယူ၍ အနောက် စစ်သူကြီး၊ မြောက် စစ်သူကြီးနှင့် တရုတ်မြို့သို့ဝင်၍ နေလေသည်။ အနောက် တရက်မင်းက အလုံ အရင်၊ အများပေး၍ ပိုကြိမ်မြို့တွင် မြေး ခုနစ်နှစ်ရှယ်ကို ဥတည်ဘွားပြု၍ နေရသည်၊ အင်အား ကြီးလှသောကြောင့် ဥတည်ဘွား၊ ရုံလှီလည်း၊ နန်းကြိမ်မြို့ တွင် မနေနိုင်၍ မိုင်းဆည်မြို့သို့ ဆုတ်၍ နေလာသည်။ သေဉ်ခေသွဝင့်ဆိုသော အမတ်ကြီးလည်း အလုံ၊ အရင်၊ အများနှင့် နှစ်ဦးကာပင် မဝင် ပွေးစုမြို့မှာ အနိုင်အလုံနေသည်။ နောက် ဥတည်ဘွား၊ ရုံလှီသို့ ပေါင်းလာသည်။ မိုင်းဆည်ကခရေ အမြို့ကို အစွန့်တောင်းရသည်။ ဘဝရှင် မင်းတရားကြီး၊ ဘုရားလည်း ရုံလှီ ဥတည်ဘွားသည် ငါတို့ တိုင်းကား နိုင်ငံတော်ကို အစွန့်တောင်းရမည် အတွက်ရှိသလော အလယ်ကြားတွင် နေသော လူဆိုး လူသွမ်းတို့ အတတ်သာ ဖြစ်ရသည်၊ ရွှေရင်တော်က အလုံးအရင်၊ အများခန့်၍ ထိုထိုသို့သော မြို့မှာနေစေ အမိန့်တော်ရှိသောကြောင့် သက္ကရာဇ် (၁၀၁၁) ခုနှစ် ပြာသိုလဆန်း ဆယ်ရက် တနင်္ဂနွေနေ့ မဟာဥပရာဇာ သားတော် မင်းရဲသီဟရာဇ် တစ်တပ်၊ ရာဇသံ တစ်တပ် သည် တပ်ကြီးနှစ်တပ်ကို အလုံးအရင်း အများနှင့် သိန္နီသို့ ချီရသည်။ တပ်တို့ လာပြည့် တနင်္ဂနွေနေ့ မှန်းယိမ်းတစ်နာရီတွင် ညီတော် အမြင့်မင်းကြီး၊ မင်းရဲကျော်ခေါင် တစ်တပ်၊ ဗညားကျန်းတော တစ်တပ် သည် တပ်ကြီး နှစ်တပ်ကို အလုံးအရင်း အများနှင့် မိုင်းမော်သို့ ချီရသည်။ ထိုနေ့ပင် ကြက်ယက်တွင် ချသည်။ သိန်းနှစ်ခုခွပ်ကြ၍ တပ်တော်တွင်ကျ၍ရသည်။ တပ်တို့လာပြည့်ကျော်ကိုးရက် တနင်းလာနေ့ နှစ်ချက်တီးကျော် တစ်နာရီတွင် ငယ်ရသင်ရုံတပ်ကို မိုင်းမော်သို့ ချီပြန်ရသည်။ ရောက်လျှင် တရုတ်တို့ မခံဝံ့၍ ဆုတ်လေသည်။ ထိုအကြောင်းကို လျှောက်လာ၍ ကြားတော်မူလျှင် မိုင်းမော် စည်သွင် အလုံးကို သိမ်းယူ၍ ပြန်ရသည်။ သိမ်းယူ၍ ပြန်ခဲ့တော့ အမိန့်တော်ရှိသောကြောင့် (၁၀၁၂) ခုနှစ် တော်သလင်း လဆန်း သက္ကရာဇ် တက်မှ ရောက်သည်။ ဝေါဇက်တွင် အမှုမ်း ခြင် ဆယ်ရက် စနေနေ့ ညီတော် မင်းရဲကျော်ထင်ကို ဝေါဇက်တွင် အမှုမ်း ခြင် ပိတ် ခေါင် ရန်း ကြက်မောက် ရွှေပိန်းတိုင် ဘုံကြက်ရင် ရွှေခြယ်သည်။ ခါးပန်း ရွှေပိန်းတမြုံလွတ် ဆင်ပေါင်းဝန်း၊ ရွှေခရားဒိုနန်း ကဒတောင် ကခွက် ရွှေပိန်း၊ ကွမ်းခွက် ပတ္တမြားခုနစ်ရုပ်စီ လက်ဖက်အိုး တကောင်းပုံး ကျောက်ခုနစ်ရုပ်စီ ရွှေထွေးအင်၊ ညည်ကိုးလုံး၊ ငွေတံရှည်သုံး၊ ငွေနံ့လေး၊ စည်ပုတ်တစ်၊ ပုံတစ်၊

လင်းခွင်းတစ်၊ ဇင်းမယ် နေ့ဘ်ရသော စောလျှမှတ်၊ ဦးကအောင်သုံးပွင့်၊ ပဲ့ကအောင်နှစ်ပွင့်၊ ခင်တယင်ရွှေပြောက်၊ ငွေကြိုး၊ ငွေကတော့နှင့် တကာ ကောင်ငှုမြို့ကို ပေးတော်မူသည်။ တော်သလင်း လပြည့်ကျော် လေးရက် အင်္ဂါနေ့ ညီတော် မင်းရဲကျော်ခေါင်ကို ဝေါစက်ကွင်း အမှမ်း ဖြစ်ဖိတ် ခေါင်ရန်း၊ ကြက်မောက်၊ ရွှေပိန်းတိုင်၊ ဘုံကြက်ရင်၊ ရွှေခြယ်သည်။ ခါးပန်း ရွှေပိန်း၊ တမြှုလွှတ်၊ အင်ပေါင်းဝန်း၊ ရွှေရေးခိုနန်း၊ ကခတောင်ကချက်၊ ရွှေပိန်းကွမ်းခွက်၊ ပတ္တမြားတစ်ရစ်စီ လက်ဖက်အိုး၊ ကျောက်ငါးရစ်စီ တကောင်းပုံး ကျောက်ငါးရစ်စီ ရွှေထွေးအင်၊ စည်ခုနစ်လုံး၊ ငွေတံရှည်သုံး၊ ငွေနဲ့လေး၊ စည်ပုတ်တစ်၊ ပုံတစ်၊ လင်းခွင်းတစ်၊ ဇင်းမယ်နေ့ဘ်ရသော စောလျှ မှတ်၊ ဦးကအောင်သုံးပွင့်၊ ပဲ့ကအောင်နှစ်ပွင့်၊ ခင်တယင်ရွှေပြောက်၊ ငွေကြိုး၊ ငွေကတော့နှင့်တကွ ပြည်မြို့ကို ပေးတော်မူသည်။ နတ်တော်လပြည့် ဗုဒ္ဓဟူးနေ့ ကောင်းမှုတော် မဟာမြတ်မုနိ သုမဓေ္မာသို့ ထွက်တော်မူ၍ ဆရာတော် တံဆိပ် အပေါင်းတို့ကိုလည်း ပင့်တော်မူသည်။ ဆရာတော်တို့ရှေ့တွင် ကေတုမတီမည် သော တောင်ငူမြို့၊ သရေခေတ္တရာ မည်သော ပြည်မြို့များသည် နန်းတည်မြို့ ဖြစ်သည်။ မောင်တို့ကို ပြုစုကောင်းသူဖြစ်၍ ငါပြုစုတော်မူသည်။ ကျေးဇူး တော် သစ္စာတော် နှစ်ပါးကို အမြဲစောင့်၊ ပြည်သာယာ စည်ပင်၍ သာသနာ တော် အတိုင်းထက် အလွန် ပြန့်ပွားမည် အကြောင်းကို စီရင်ဟူ၍ အမိန့်တော် စာကို များစွာ ကုံးစီပြီးလျှင် ရွှေပေနှင့်ရေး၍ တောင်ငူမင်းကိုတစ်စောင်၊ ပြည်မင်းကို တစ်စောင် ဖတ်၍ အပ်ရသည်။ တောင်တူစစ်ကဲ၊ တရင်တယ မြင်းခေါင်၊ ရေကြည်စားတို့ကိုလည်း ယွန်းပေါင်း ပုရပိုက်နှင့် အမိန့်တော် စာကို ဖတ်၍ အပ်ရသည်။ ပြည်စစ်ကဲ တရင်သိမ်ဆာ ခေတ္တ တို့ကိုလည်း ယွန်းပေါင်း ပုရပိုက်နှင့် အမိန့်တော် စာကို ဖတ်၍ အပ်ရသည်။ ယင်းသို့ ဤသို့ အမိန့်တော်ရှိသည်။ အိမ်ရှေ့မင်းကို တောင်ငူမင်း ပြည်မင်းတို့သည် အရှင်မင်းလည်းမှတ် အစ်ကိုလည်းမှတ်၊ အိမ်ရှေ့မင်းလည်း တောင်ငူမင်း ပြည်မင်း တို့ကို ညီလည်းမှတ် ကျွန်လည်းမှတ်၊ လူဆိုးလူသွမ်းတို့ ကုန်းပြုစကားကိုနားခံ၍ နှောင့်ယှက်ခြင်းရှိသောအခါ ငါ ပေးတော်မူသော လက်စွပ်ကို ကြည့်၍ အနှောင့်အယှက်မရှိကြနှင့် တစ်ပုံတစ်ခုသော အကြောင်းကြောင့် နှလုံးညစ်နွမ်း အနှောင့်အယှက်ကို ပျောက်ကြကုန်၊ ကျေးဇူးသစ္စာတော် နှစ်ပါးသည် ဖြစ်ခဲ့ လှသည်ဟူ၍ အမြဲမှတ် အမိန့်တော်ရှိပြီးမှ အဘိုးအနဂ္ဃဖြစ်သော လက်စွပ်ကို လက်တော်ကချွတ်၍ အိမ်ရှေ့မင်း တစ်ခြည်၊ တောင်ငူမင်း တစ်ခြည်၊ ပြည်မင်း

တစ်ခြည်ဆရာတော်များရှေ့တွင် ပေးတော်မူသည်။ ယင်းသို့သောအခါ ဆရာတော် အရှင် မဟာ ဇုနုဂုရု ဘုန်းတော်ကြီးလည်း ဤသို့ အမိန့်တော် ရှိသည်။ ဘားလောင်းဘော် ဆင်ဖြူသခင် မင်းတရားကြီးလည်း သားတော် အနော်ရထာ မင်းစောကို ဇင်းမယ်ပြည်ကြီးကို ပေးတော်မူသောအခါ သည်ကဲ့သို့ အမိန့်တော် ရှိဖူးသည်ဟူ၍ ဆရာတော် အဆက်ဆက် မိန့်တော်မူသောကြောင့်သာ ကြားဖူး ပါသည်။ ယခုမူကား အဆက်ရှည်၏ အမိန့်တော်ကို ကြားရသည်၊ အလွန် ခက်ခဲလှသည် ဟူ၍ မိန့်တော်မူသည်။ တောင်ဖီလာဆရာတော်လည်း ဤသို့ မိန့်တော်မူသည်။ လောကနှင့် ဖြစ်ခဲသည် လေးပါး၊ လေးပါး ဟူသည်ကား သူ့အား မပေးရာသောဝတ္ထုကို ပေးမည်ဟူ၍ ကြံသည်လျှင် ဖြစ်ခဲ၏။ ထိုထက် ပေးမည်ဟူ၍ ကြံသည်နှင့်အညီ နှုတ်သည်လျှင် ဖြစ်ခဲ၏၊ ထိုထက် နှုတ်ထွက် သည်နှင့် အညီ ပေးသည်လျှင် ဖြစ်ခဲ၏။ ထိုထက် ပေးပြီးသည် နောက်ကို နောင်တ အလိုလိုမရှိမူ၍ ဝမ်းမြောက်ဝမ်းသာ ရှိသည်လျှင် အလွန်ဖြစ်ခဲ၏ဟူ၍ သေနာဇာတ်ကို ဆောင်၍ မိန့်တော်မူသည်။ ယင်းသို့သောအခါ ဆရာတော် တို့ကို ဒါသအုပ် လက်ဖက်ချောင်း အစုအနှံ့လှူတော်မူ၍ ညီတော် သားတော် မှူးတော် မတ်တော် အပေါင်း၊ မြုံရုံလျက် ရွှေနန်းတော်သို့ ဝင်တော် မူသည်။ ညီတော်နှစ်ပါးကိုလည်း သင့်မြတ်သောနေ့ချက် အခါကာလကိုရွေး၍ လွှတ်တော်မူ၍ ထွက်ရသည်။ နတ်တော်လတွင် မှူးသား မတ်သား သူကောင်း သားမြေးတို့ကို ရွေးချယ် စီစစ်တော်မူ၍ လက်ဝဲယောဓသား ထွေး၊ ရာဇဝ သား ငရဲ၊ တုရင်ပတေ့သား သီဟ၊ မြင်းခေါင်းမြေး မြေထွေးသား ငရွှေနိုင်၊ သတိုးဓမ္မရာဇာစော်ဘွား ကွမ်းရေကိုင် ကျော်သား ညို၊ ရှုမှုရာသီသား ငနှောင်း၊ ရာဇတမန်သား မေဏ္ဍာ၊ မင်္ဂလာသိမ်သား မြတ်တိုင်၊ သူရဲစစ်မှူး သား ငမြတ်ကျော်တို့ အရည်တူကို ဇေယျကျော်ကို သွေးသောက်ကြီးခန့်၍ ဖွဲ့တော်မူသည်။ ဇေယျသင်္ကြံမြေး ငနိုင်၊ ကိုယ်ရံကြီးမှူးသား ငစံတော်၊ ရန်ဘက်ရှာမှူးသား ငနု၊ လေးဆယ်တော် မျိုးတော်သား လက်ရုံး၊ ကန်ဘော်စားမြေး သီဟ၊ ဗျူဟာလုစားသား ငပု၊ ရွှေစည်စားသား ငထွေးတို့ အရည်တူကို လက်ဝဲသိမ်ကို သွေးသောက်ကြီးခန့်၍ ဖွဲ့တော်မူသည်။ နောက် ဥသာအရေခံ၊ ထိုသက္ကရာဇ် တပေါင်းလတွင် စစ်ကိုင်း၊ သောတာပန်ကိုးဆယ့် ကိုးပါး မြောင်းမည် ဟူ၍ အိပ်မက် ပေးသောကြောင့် ပြည်သူ ပြည်သားတို့ ကူး၍ ပူဇော်ကြသည်။

သက္ကရာဇ် (၁၀၁၃) ခုနှစ်ကဆုန်လဆန်း တစ်ဆယ်လေးရက် စနေနေ့နံနက် တစ်ချက်တီးကျော်ခုနစ်နာရီတွင် လယ်ကြီးအရပ်၌ သင်္ကြန် ခေါ်တော်မူသည်။ သီတင်းကျွတ်လပြည့်ကျော်နှစ်ရက် စနေနေ့ ညီတော်စည်ပုတ္တရာမင်းကြီး သခင် နေမျိုးရဲကျော်တစ်တပ်၊ ညီတော်သခင်နေမျိုးဒတ္တတစ်တပ်၊ သံလျင်ရောက်မင်း သားတော်မင်းရဲနရာတစ်တပ်သည် တပ်ကြီး သုံး တပ် ကို ဆင် လုံး မြင်း ရုံး အများနှင့် ကျိုင်းရုံးသို့ ချီ၍ တရုတ်တို့ကို ဆီးကြိုရသည်။ တန်ဆောင်မုန်း လပြည့်ကျော် နှစ်ရက် တနင်္ဂနွေနေ့တွင် တိုင်တားမင်းတစ်တပ်၊ မင်းနန္ဒမိတ် တစ်တပ် သည်တပ်ကြီး နှစ်တပ်ကို ကျိုင်းရုံးသို့ ချီမြန်ရမည်။ ရဲမက်တော်တို့ ချီရာမှာ မိုင်းလျှင်တွင် တရုတ်စစ်သည်တို့ကို တွေ့၍ တိုက်သည်။ အရပ် အနေ မသင့်၍ ရဲမက်တော်တို့ ဆုတ်ရချေသည်။ နောက် အရေးတော် မသာယာ၍ ကျိုင်းရုံးသို့ချီသော ညီတော်တို့ကို ခေါ်တော်မူသည်။ အပြန်တွင် ညီတော် စည်ပုတ္တရာမင်းကြီး သခင် နေမျိုးရဲကျော် လွန်တော်မူချေသည်။ ရဲမက်တော် တို့လည်း နာဖျား၍ သုံးစုတစ်စုခန့် ရွေ့လျော့ချေသည်။ ယင်းသောအခါ နေနှစ်ခုမြင်သည်။ မျောက်ဆိပ် လတွင်ချဉ်းသည်။ ဂူတော်သစ် အခိုးထွက်သည်။ အဖြန့်ကွတ်ဆီက ပြာပုံကဲ့သို့ အခိုးထွက်သည်။ ငါးရက်မှ ပျောက်သည်။

သက္ကရာဇ် (၁၀၁၅) ခုနှစ် ပြာသိုလဆန်း ခုနစ်ရက် ကြာသပတေးနေ့ သောကြာကြယ် လတွင်ချဉ်းသည်။ ပြာသိုလဆန်းတစ်ဆယ့်သုံးရက် ဗုဒ္ဓဟူးနေ့ ညဉ့်တစ်ချက်တီးကျော်နှစ်မောင်းတွင် အိမ်ရှေ့မင်း လွန်တော်မူသည်။ အိမ်ရှေ့ မင်းတို့ကို သင်္ဂြိုဟ်သည့်နည်း ကိုယ်တော်လိုက်၍ သင်္ဂြိုဟ်တော်မူသည်။ တပို့တွဲ လဆန်းတစ်ဆယ့်သုံးရက် သောကြာနေ့ အိမ်ရှေ့မင်းသားတော်အကြီး နရ ဧယျကို အိမ်ရှေ့အိပ်တော်နှင့်တကွ ဝေါ်ပလာရွှေချက်နှစ်စင်း ခမည်းတော် အလုံးအရင်းကို ပေးတော်မူသည်။ စလင်းမြို့ကိုလည်း ကံကျေးခံရသည်။ နမ တော် အိမ်ရှေ့မိဖုရားကိုလည်း စစ်ကိုင်းမြို့ကို ပေးတော်မူ၍ ကံကျေးခံရသည်။ သက္ကရာဇ် (၁၀၁၇) ခုနှစ် ကဆုန်လပြည့်ကျော် ခြောက်ရက် တနင်္ဂနွေနေ့ တစ်ချက်တီးကျော် ငါးနာရီ သုံးပါဒ်တွင် စစ်ကိုင်း ကျောင်းတော်ကြီးကို ဆရာတော် ဒါဌာနာဂရာဇဂုရု ဘုန်းတော်ကြီးအား ကိုယ်တော်ကူး၍ လှူတော် မူသည်။ ကျောင်းတော်ကိုလည်း ဘုံသာတုလွတ် ဟူသော အမည်ကို သမုတ် တော်မူသည်။ ။သက္ကရာဇ် (၁၀၁၈) ခုနှစ် တန်ဆောင်မုန်းလဆန်း ရှစ်ရက် အင်္ဂါနေ့တစ်ချက်တီးကျော်သုံးပါဒ်တွင် ရှင်မိဖုရား သားတော် မင်းရဲသိမ်သူကို ဖွားတော်မူသည်။ တပေါင်းလဆန်း ငါးရက် သောကြာနေ့ မိုးသောက်

သုံးချက်တီးကျော် ငါးနာရီကျင် သမီးတော် သီရိဘုန်းထွတ်ကို ဘုတော် စလင်း မင်းကြီးနှင့် နန်းတွင်းတွင် စုံဖက်တော်မူသည်။ သက္ကရာဇ် (၁၀၁၉) ခုနှစ် နတ်တော်လပြည့်ကျော်ခြောက်ရက် တနင်္ဂနွေနေ့ တစ်ပင်တိုင်နန်းဆောက်ရန် နန်းသစ်ကြီးရောက်သည်။ တပို့တွဲလဆန်းနှစ်ရက် သောကြာနေ့ နေတစ်ချက် မတီး ခင် တွင် တစ်ပင်တိုင်သစ်ကို နန်းတော်သို့သွင်းသည်။ တပေါင်းလဆန်း သုံးရက် တနင်္ဂနွေနေ့ အရိုးတော် အတုလစန္ဒာဒေဝီ ရှင်မိဖုရားခေါင် လွန်တော်မူသည်။ လဆန်း ငါးရက် အင်္ဂါနေ့ မိဖုရားကြီးတို့ကို သဂြိုဟ်သည့်နည်း သဂြိုဟ်တော်မူသည်။ တပေါင်းလဆန်းတစ်ဆယ့်လေးရက်ကြာသပတေးနေ့ ရာဟုလာကို ရှင်ပြုတော်မူသည်။ မင်းညီ မင်းသား မင်းမှူး မင်းမတ် အပေါင်းတို့ကိုလည်း ပွဲလမ်းနေရသည်။ လက်ဖွဲ့ရသည်။ ဘာရှင် မင်းတရားကြီး ဘုရားကလည်း အလုပ်အကျွေး ကျွန်ငါးဆယ်၊ ရွှေငွေလည်း လက်ဖွဲ့တော်မူသည်။ ယင်းသို့မှ မင်းသား မင်းမြေး မှူးတော် မတ်တော် အပေါင်းတို့ကို စစ်ကိုင်းကျောင်း တော်သို့ ရာဟုလာကို ပို့ရသည်။ ကျောင်းတော်ကြီး ဆရာတော်ကိုလည်း အလုပ် အကျွေး အာရာမ်အစောင့် ထီးကိုင် ကျပ်ခွဲ သန်လျင်းထမ်း လှူတော်မူသည်။ ညီတော် တိုင်တာမင်းကြီး သခင် နေမျိုးဇေယျကိုလည်း မင်းရဲနရာသီဟဟူသော အမည်ကို သမုတ်တော်မူသည်။ သက္ကရာဇ် (၁၀၂၀) ခုနှစ် ကဆုန်လပြည့် ကျော် သုံးရက် ကြာသပတေးနေ့ ကောင်းမှုတော် ငါးထပ် တိုင်ထူသည်။ နတ်တော်လဆန်း ငါးရက် သောကြာနေ့ ဆံတော်ဆောက်သည်။ နတ်တော် လပြည့်ကျော် ခုနစ်ရက် ကြာသပတေးနေ့ သမီးတော် သီရိဘုန်းထွတ် သားတော် နရာပတိကို ဖွားတော်မူသည်။ မိုးယပ်နှင့် သီရိဘုန်းထွတ် လွန်တော်မူသည်။ အိမ်ရှေ့ မိဖုရားတို့ကို သဂြိုဟ်သည့်နည်း သဂြိုဟ်တော်မူသည်။ ပြာသိုလဆန်း တစ်ဆယ့်လေးရက်တနင်္လာနေ့ ငါးထပ်ကြီး ဝေဠုဝန် ဘုရားရှင် ရုပ်တုတော် ဒါးတွင် သမီးတော် သီရိဘုန်းထွတ် ငယ်က ကစားသော ရွှေရုပ် ငွေရုပ်၊ ကြီးမှ ဆင်ယင်တော်မူခဲ့သော တန်းဆာ စသည်များကို ရွှေပေခက်၌ ပိဋကတ် သုံးပုံ ကျမ်းဦးကို ကညစ်အက္ခရာရေး၍ဌာပနာတော်မူသည်။ အနေကဇာလည်း တင်တော်မူသည်။

## တရုတ်တို့နှင့်စစ်မက်ဖြစ်ပွားချိန်တွင် ညီတော်ပြည်မင်းက လုပ်ကြံ၍ နောင်တော် မရီးတော်တို့ကို ရေမှာချောက်ခြင်းအကြောင်း

မိုင်းဆည်တွင် နေသော ရုံလို့ဥတည်ဘွားကို တရုတ်တို့က တိုက်လေသည်။ အင်အား ကြီးလှသောကြောင့် မခံနိုင်၍ ပျက်လျှင် ရုံလို့ဥတည်ဘွား၊ အံသိင်၊ သော့်သော့ဝင်တို့ကို နောက်ခန့်ထား၍ မိုင်းမျည်းသို့ နေလာရသည်။ မိုင်းမျည်းတွင် နေ၍ ဗန်းမော်မြို့ကို နေပါမည်၊ ရွှေနန်းသခင်ကို ရွှေပိသာတစ်ရာဆက်ပါမည် စေလာသည်။ ဗန်းမော်စော်ဘွားလည်း ငါတို့ ရွှေနန်းသခင် ဘဝရှင်မင်းတရားကြီး ဘုရားကို မလျှောက်ဝံ့ချေ ဟူ၍ တုံလိုက်လျှင် သံတို့လည်း ပြန်လေသည်။ နောက်လျှင် ရွှေနန်းသခင် ကျွန်တော် ခံပါတော့မည် ဟူ၍ ဗန်းမော်သို့ စေလာပြန်သည်။ ဗန်းမော် စော်ဘွားလည်း စေလာသော အကြောင်းတို့ကို လျှောက်လာသည်။ ဘဝရှင် မင်းတရားကြီး ဘုရားလည်း လက်နက်ကိရိယာချ၍ ဝင်လျှင် ဥတည်ဘွားကို ဖောင်ပန်း လှေတက်နှင့် လိုက်အောင် ပို့လာစေ မှာတော်မူသည်။ ဗန်းမော်စော်ဘွားကလည်း ရှိခိုးသံတော် ဦးတင်၍ ဝင်စေတော့ အမိန့်တော်ရှိကြောင်းကို ဥတည်ဘွားသို့ စေသည်။ ရုံလို့ဥတည်ဘွားလည်း ထိုစစ်သူကြီးနှစ်ယောက်မှာ သိန္နီကြောင်းချီ၍ မိုးညှဉ်းရွှေကို ဆင်းလေ၊ ငါမူကား ဗန်းမော်သို့ ဆင်းမည် ခန့်ရန်ပြီးလျှင် အမတ် ခြောက်ဆယ်ကျော်၊ မြင်းခြောက်ရာကျော် လူခုနစ်ရာခန့်နှင့် ထား လက်နက်ချ၍ ဗန်းမော်သို့ ဝင်လာသည်။ ဆောက်လျှင် ဥတည်ဘွားကို သာယာ လှစွာသော ဖောင်ကိုလုပ်စေ၍ ရုံပုံချည်း ဒိုင်းမှူးတို့ ကြပ်မ၍ ဆောင်ယူရသည်။ မြင်းခြောက်ရာကျော်ကိုလည်း အနောက်ဘက်ကြောင်း ဆောင်ယူရသည်။ အလျှင် စော့ကိုင်တွင် နေရသည်။ နောက် စစ်ကိုင်း ဆင်များရှင် အရပ်တွင် နေရသည်။ တပေါင်းလဆန်းတစ်ဆယ့်နှစ်ရက်ဒင်္ဂါနေ့ သမီးတော် သီရိဘုန်းထွတ်တွင် မြင်သော မြေးတော် နတ်ဒေဝီမှုကို ရွှေနန်းတော်သို့ သွင်း၍ မွေးတော်မူသည်။ ရုံလို့ဥတည်ဘွားကျွန် ကုန်ဆင်ဝင်တို့လည်း ရဲမက်ဗိုလ်ပါ အများနှင့် အရှင် ဥတည်ဘွား ကျွန်ခံပြီးမှ နိုင်ငံတော် ကျေးစွန်ရွာနားကို ဖျက်ဆီးသည် ဟူ၍ ကြားတော်မူလျှင် ဥတည်ဘွားကျွန်တို့သည် ငါ့နိုင်ငံတော် ကျေးစွန်ရွာလက်ကို ဖျက်ဆီး လုယူသည် ဟူ၍ ယခု လျှောက်လာသည် ဟူ၍ ကြားသော် ပသို့နည်းဟု မေးသည်။ ဥတည်ဘွား၊ ရုံလို့လည်း ကျွန်တော်တို့

ကျွန်ခံကြောင်းကို အံသီဝင်၊ ကုန်ဆင်ဝင်တို့ မသိသောကြောင့် ကျေးစုန်ရွာ
နားတို့ကို ထိပါးလေသည်။ ကျွန်ခံကြောင်းကို ကံဆိုးစာ မြှာ ရှိလျှင် အံသီဝင်၊
ကုန်ဆင်ဝင်တို့ အားလုံး လက်နက် ဂံ.ရိယာကိုချ၍ ကျွန်တော်ချည်း ခံရလိမ့်
မည် ဟူ၍ လျှောက်သည်ကို သင်းတို့ကို ခညွတ်သကဲ့သို့ မှိတော့မည်။ ခြေရင်း
တော်က အလုံးအရင်း အများခန့်၍ တိုက်ရမှသာ သင့်မည်ဟူ၍ လျှောက်ကြ
သောကြောင့် သက္ကရာဇ် (၁၀၂၁) ခုနှစ် တန်ခူးလဆန်း၊ ရှစ်ရက် တနင်္ဂနွေနေ့
ရာဇကိတ္တိ တစ်တပ်၊ ဇေယျာဘယ တစ်တပ်သည်တပ်ကြီးနှစ်တပ် ဆင်လုံး မြင်းရင်း
အများနှင့် ကြို၍တိုက်စေ၊ ခန့်တော်မူ၍ ချီရသည်။ ဝက်ဝင်သို့ ရောက်လျှင်
တရုတ်တို့ ချီလာသည်နှင့် တွေ့၍ အရေးအရာ မဆိုင် တရုတ်တို့ တိုက်လေ၍
ရဲမက်တော်တို့ ပျက်၏။ ပရမ်းပတာ ပြိုကွဲချေသည်။ တရုတ်သို့လည်း ထပ်၍
လိုက်လာသည်။ ရဲမက်တော်တို့ အများပင် ဖိတ်စင် ယွင်းယိုချေသည်။ တန်ခူး
လဆန်းတစ်ဆယ့်နှစ်ရက် ကြာသပတေးနေ့ မင်းရဲနရာ တစ်တပ်၊ မြေထဲမင်းကြီး
တစ်တပ်၊ မြဝတီမင်းကြီး တစ်တပ် သည်တပ်ကြီး သုံးတပ်ကို ဆင်လုံး မြင်းရင်း
အများနှင့် နောက် ချီပြန်ရသည်။ ရေလောင်ဝက်ဝင်သို့ ရောက်လျှင် တပ်
တည်မည် ဟူ၍ လူသူရုံးစု၍ တပ်ဆုနင်းစဉ် တရုတ်တို့ ရောက်ပြန်၍ တိုက်ပြန်
လေသည်။ ရဲမက်တော်တို့ပျက်၍ အများပင် ထိပါးရှုံးချေသည်။ တရုတ်တို့
ထပ်၍ လိုက်ရာတွင် မြစ်ငယ်ကို ဆင်းကူးသည်။ ချပ်တန်းဆာနှင့်ဖြစ်၍ ရေတွင်
နစ်၍ အများပင် ယွင်းယိုချေသည်။ မြေထဲမင်းလည်း ဆုံးချေသည်။ တရုတ်
တို့လည်း မြစ်ငယ်တောင်ဘက်သို့ ကူး၍ ပလိပ်ရှိန်ကျော်တစ်ဘက်ဆွဲကသည်
စကားအင်းအရှေ့ ပန်းလောင်မြစ်ကို ကူး၍ တံတားဦးတွင် နေသည်။ နေပြည်
တော်မှာလည်း တပ်နိုင်တပ်လုံ မတည်ချေ၊ ရှမ်းဈေးကသည် တောင်ပလု
မြောက် လေးထပ်ကျောင်း မဟာမုနိကို ဝိုက်၍ တောကျောင်းကသည်
ဆင်ကျုံးကို အတွင်းထား၍ မြစ်နားကျအောင် အရံအကာမျှသာ တည်ချေ
သည်။ တရုတ်တို့လည်း တံတားဦးကချီလာ၍ တောင်ပလုတပ်ကို တိုက်လေသည်။
တပ်စီး တာစီး ပြောင်းသေနတ်များသောကြောင့် မတတ်နိုင်လျှင် ပြာသာဒ်
ကျောင်းတောင် မိုးဖြူတပ်ကို တိုက်ပြန်လေသည်။ တပ်စီး တာစီး နည်းသည်နှင့်
တပ်မနိုင်သောကြောင့် ကဆုန်လဆန်း ကိုးရက် အင်္ဂါနေ့ မိုးဖြူတပ် ပေါက်
ချေ၍ တရုတ်တို့ ဝင်မိလျှင် တောင်ပြင်ဆင်ရကို လှည့်၍ လူသူများကို ထိုး
ခုတ်သည်။ မိန်းမတို့ကို ဖမ်းသည်။ ရွှေငွေ အကောင်းအမွန်များကို ရှာဖွေ၍
ယူသည်။ ယင်းသောအခါ ဝန်ရှင်တော် သီရိဇေယျကျော်ထင်လည်း ဆုံးချေ

သည်။ စံကျောင်းဆရာတော်နှင့် ပေဒင်တတ် လောကုတ္တရာ ဘုန်းကြီးတို့လည်း ဆုံးချေသည်။ ထို လောကုတ္တရာ ဘုန်းကြီးကား တစ်ဆယ့်နှစ်နှစ်ကပင်အဝသို့ တရုတ်ကျမည်ကိုဟောနှင့်သောဟူ၏။ ဆင်သည် မြင်းသည် ရဲမက်တော်တို့သည် အများပင် ထိပါးရှုန ဆုံးချေသည်။ လေးထပ်ကျောင်းတော်၊ သီရိဇေယျ ကျော်ထင်ကျောင်း သည်ကျောင်းများကို မီးတိုက်လေသည်။ ယင်းသောအခါ ရဟန်းအပေါင်းတို့သည် လွတ်ရာသို့ချည်း ပြေးရလေသည်။

သက္ကရာဇ် (၁၀၂၁) ခုနှစ် ကဆုန်လဆန်း ကိုးရက်အင်္ဂါနေ့ နေတစ်ချက် မတီးခင်တွင် မိုးနဲ့ဖြို့ တပ် ပေါက်သည်။ ကဆုန်လဆန်း တစ်ဆယ်တစ်ရက် ကြာသပတေးနေ့ အဝမြို့ကိုတရုတ်တို့တက်သည်။ စိန်ပြောင်း မြတပုနှင့် မြို့ထိန်က ပစ်လျှင် တရုတ်တို့ သေပျောက် ရှုန်လှစ္စသောကြောင့် မတတ်နိုင် ဆုတ်၍ ငါးဆူ တွင် နေလေသည်။ ယင်းသောအခါ ရွာသစ်ထောင်မှူးတိုင်လည်းတစ်ယောက် ချင်း ထွက်၍ တိုက်သည်။ တရုတ်တို့ အများပင် ထိပါးသေပျောက် လေသည်။ မည်သရီကာတ ဆိုသော သဘော်သား ကုလား ဗရင်ဂျီသည် မြို့ထိန်က နေ၍ စိန်ပြောင်းနှင့် ပစ်သည်။ တရုတ်အကြီးတစ်ယောက်ကို မှန်၍ သေလျှင် ငါးဆူက ထွက်ပြေး၍ တံတားဦးတွင် နှစ်ရက်ခန့် သုံးရက်ခန့် နေ၍ အလုံးအရင်းနှင့်တကွ မိုးနဲ့သို့ သွားလေသည်။ တရုတ်တို့ သွားလျှင် ရွာသစ် ထောင်မှူး တိုင်ကို အားရတော်မူ၍ အင်းယာဉ်တုရင် ဟူသော အမည်နှင့် ဆုများစွာ ပေးတော်မူသည်။ သီရိဇေယျကျော်ထင် မရှိလျှင် အနောက်ဝန် နန္ဒသူကို ဝန်ဖက်တော်မူသည်။ နောက် သက်တော်ရှည် ခံရသည်။ တရုတ် စစ်သူကြီး ကုန်ဆင်ဝင် မိုးနဲ့သို့ရောက်လျှင် စစ်သူကြီး သော်သွေဝင်၊ အံသီ ဝင်တို့လည်း အလုံးအရင်း အများနှင့် မိုးနဲ့သို့ရောက်လာ၍ အဝမှာအကြောင်း ကို မေးသော် ကုန်ဆင်ဝင်ကသည် အဝမှာ ဗိုလ်ပါ ဆင်မြင်းများကြောင်း၊ လက်နက် ကိရိယာ စိန်ပြောင်း၊ မြတပု များကြောင်းကို ပြောလေသော် သော်သွေဝင်၊ အံသီဝင်တို့လည်း ဆင် မြင်း ဗိုလ်ပါ လက်နက်ကိရိယာများ သော်လည်း ငါတို့တွင် ခံနိုင်မည်လော ဟူ၍ ကြိမ်းပကြောင်းကို ထွက်၍ ပြေး လာသော ရှမ်းတစ်ယောက် လျှောက်၍ ကြားတော်မူလျှင် (၁၀၂၁)-ခုနှစ် သီတင်းကျွတ်လဆန်းသုံးရက် ကြာသပတေးနေ့ညဉ့်တစ်ချက်တီးကျော် တစ်နာရီ တွင် ဝမ်းဘဲအင်းကသည် တောင်ပလူကိုဗိုက်၍၊ အနောက် တောင်ထောင့် တောကျောင်းကသည် ဆင်ကျုံးကို ဗိုက်၍ တပ်ကြီး တပ်နိုင် တည်ရသည်၊

တပ်တွင်းက ဝန်းကျင်ကိုလည်း ပစ္စင်ရင်လျှောက်၊ ကတော် ရင်တား၊ နိုင်ငံ အောင်စီခွင်ရသည်။ ယင်းသို့မှ ညီတော် တောင်ငူမင်း၊ ပြည်မင်းတို့ကို ခေါ်ရ လေသည်။ ညီတော်တို့ ရောက်တော်မူကြလျှင် တရုတ်တို့သည် နိုင်မည်မဟုတ် ယသည်သာဖြစ်သည်။ အကြာနေနိုင်မည် သဘောမရှိ။ ယင်းသို့ ဖြစ်သော ကြောင့် အစုစု နေရာမှာ ရှိမက်တော်တို့ကို အရှုရှုခဲ့၍ တိုက်ခေရမှ သင့်မည် အကြံတော်ရှိ၍ ညီတော်နှစ်ပါး မိုးနဲ့သို့ချီရသည်။ မင်းနှစ်ပါးလည်း ကင်းတား ရေနံကြောင်း ချီတော်မူ၍ ညောင်ရွှေမြောက် ဘောနိုသတ်တွင် တပ်နိုင် တပ်လုံ တည်၍ နေ တော်မူ ကြ သည်။ ဘယရန္တသူကို အလုံး အရင်း အများနှင့် ထပ်၍ ချီပြန်ရသည်။ တရုတ်တို့လည်း မင်းညီနောင် နှစ်ပါး တပ်ကို ရှောင်၍ ရောက်စောက်ကြောင်း အဝသို့ ဆင်းလာသည်။ မြင်တွင် အရပ်တွင် ကြုံကြ၍ မြင်တွင် ဘယရန္တသူတပ်ကို တိုက်လေသည်။ တရုတ်တို့ သေပျောက်လှခဲ့သောကြောင့် ဆုတ်လေ၏။ ဘယရန္တသူတို့လည်း တရုတ်တို့ အားသွန်၍ဆင်းလာပြန်သောကြောင့် အဝသို့ပြန်လာသည်။ အဝသို့ရောက်လျှင် မြို့စီးတင်တော်မူသည်။ ညီတော် တောင်ငူမင်း၊ ပြည်မင်းတို့လည်း တရုတ်တို့ ဆင်းလေပြီဟူ၍ ကြားသော် ပြန်တော်မူခဲ့၍ အဝသို့ ရောက်လာသည်။ တောင်ငူမင်းကို တောင်ပလူ အရှေ့တပ်တွင် အလုံးအရင်း အများနှင့် အခိုင် အလုံနေရသည်။ ပြည်မင်းကို ပြာသာဒ်ကျောင်း အနောက် တပ်တော်တွင် အခိုင်အလုံနေရသည်။ ပြာသိုလဆန်း သုံးရက် တနင်္လာနေ့ မင်းရဲနရာ ချီပြန် ရသည်။ ။ပြာသိုလဆန်း ဆယ်ရက် ကြာသပတေးနေ့ ပြင်စည်မင်းတစ်တပ်၊ ဗညားလော တစ်တပ် သည်တပ်ကြီး နှစ်တပ်ကို အလုံး အရင်း အများနှင့် သီပေါသို့ ချီရသည်။

သက္ကရာဇ်(၁၀၂၂)-ခုနှစ် ကဆုန်လဆန်း၊ နှစ်ရက် တနင်္ဂနွေနေ့တစ်ပင်တိုင် နန်း၊ ငြမ်းထူသည်။ ကဆုန်လပြည့် သောကြာနေ့ တစ်ပင်တိုင်နန်း၊ တွင်းတူး သည်။ ကဆုန်လပြည့်ကျော် ၄ ရက် တစ်ပင်တိုင်နန်း သစ်ခုတ်သည်။ ၊ ဝါခေါင်လဆန်း၊ တစ်ရက် တနင်္လာနေ့ နေတက် လေးနာရီ နှစ်ပါဒ်တွင် ပြင်စည်မင်းတစ်တပ်၊ ရန္တမိတ် တစ်တပ် သည်နှစ်တပ်ကို ဇင်းမယ်သို့ ချီပြန်ရ သည်။ ဒုတိယဝါဆိုလဆန်း တစ်ရက်ဗုဒ္ဓဟူးနေ့ မင်းရဲနရာ ဇင်းမယ်သို့ ချီပြန် ရသည်။ ဝါခေါင်လပြည့်ကျော် နှစ်ရက် တနင်္ဂနွေနေ့ ညဉ့် လေးချက်တီး ကျော် သုံးနာရီ သုံးပါဒ်တွင် ရာဇပီတာ-နတ်သမုတ်တော် မူ၍ မြို့အနောက်

ထွင် နတ်ကွန်းထားတော်မူသည်။ ထိုမြို့နှစ်ပင်း တံခွန် ကုက္ကားလည်း၊ တင်
တော်မူသည်။ မြို့အရှေ့တောင် ထောင့်၌လည်း၊ ဥယျာဉ် တည်စေတော်မူသည်၊
သီးပင်စိုက်ရသည်။ မြို့တောင်၌သည်း၊ ဥယျာဉ်တည်၍ သစ်ဆိမ့်ပင်စိုက်ရသည်၊
မြို့အနောက် တောင်၌လည်း၊ ဥယျာဉ်တည်တော်မူ၍ နေ့ပင် စိုက်ရသည်၊
ဝါခေါင်လပြည့်ကျော် ကိုးရက် တနင်္ဂနွေနေ့ ညဉ့် လေးချက်တီးကျော် သုံး
နာရီ တစ်ဆယ့်နှစ်ပိဿနာတွင် တစ်ပင်တိုင် နန်းတော်ကို သိမ်းတော် မူသည်၊
ဝါခေါင်လကွယ် သောကြာနေ့ ကျွန်ဘားတောင်ကစ၍ တော မြောက်
မိုးကောင်းရွာ အရှေ့တိုင်အောင် ဘောင်ကမ်းတို့သည် အခိုးထွက်ကုန်၏။

တော်သလင်း လပြည့်ကျော်တစ်ရက် တနင်္ဂနွေနေ့ တောတိုင် စိုက်သည်၊ မမြိုင် အထက်သို့သာ ပျံတက်သည်။ လပြည့်ကျော် လေးရက် ဗုဒ္ဓဟူးနေ့ ကြယ်ဖြာ လွှင့်ချဉ်းသည်။ ငါးရက် ကြာသပတေးနေ့ ရေဟက် လွှင့်ချဉ်းသည်။ ရှစ်ရက် တနင်္ဂနွေနေ့ မိုးသောက်သ မြေလှုပ်သည်၊ သီတင်းကျွတ်လပြည့် တနင်္လာနေ့ အရှေ့ကျွန်းကပင် လသဗ္ဗကြွက်၍ ထွက်၏။ ကြွက်သည် အဆင်းလည်း နီသည်။ ညဉ့်တစ်ချက်တီးကျော် တစ်နာရီမှလွတ်သည်၊ လပြည့်ကျော် လေးရက် သောကြာနေ့ မွန်းသိမ်းကျင် နေနှစ်ခ မြင်သည်၊ တန်ဆောင်မုန်းလဆန်းသုံးရက် ကြာသပတေးနေ့ ဥက္ကာကြီးတောင်သို့ ပျံလာ၍ မြောက်မှာကျသည်။ လဆန်းတစ်ဆယ့်သုံးရက် တနင်္ဂနွေနေ့ ကြာသပတေးကြယ် သော ကြာ ကြယ် ကို ချဉ်း သည်။ လ ဆန်း တစ် ဆယ့် လေး ရက် တနင်္လာနေ့တောင်ကဥက္ကာကြီးပျံလာ၍ အဝမြို့တွင်းတွင်ကျသည်။ကင်းတားရေနံတွင်တရုတ်ကို နေလာ ပြန်သောကြောင့် တန်ဆောင်မုန်း လပြည့်ကျော်တစ်ဆယ်လေးရက် ဗုဒ္ဓဟူးနေ့ညနေ လေးချက်တီးကျော် ခုနစ်မောင်းတွင် ပုသိန်မင်းတစ်တပ်၊ ဗညားဒလတစ်တပ် သည်တပ်ကြီးနှစ်တပ်ကို တောင်ဘက်ကင်းတားသို့ ချီရသည်။ လပြည့်ကျော်ဆယ်ရက် သောကြာနေ့ သက်တန့်နီ ကောင်းကင်၌ထောက်သည်။ တစ်ဆယ့်တစ်ရက် စနေနေ့ ဆီးနှင်းဝေ၍ မိုးပေါက်ကဲ့သို့ကျသည်။ ပြာသိုလဆန်းကိုးရက် တနင်္ဂနွေနေ့ တရုတ်တို့တောင်ဘက်ထီးလှိုင်ကင်ပန်းသို့တက်သည်။ တပို့တွဲလပြည့် တနင်္ဂနွေနေ့ဟင်ရင်၊ တုယင်တို့ တရုတ်တပ်ကိုတိုက်သည်။ အရေးမလှချေ။ တရုတ်တို့လည်း တောင်ဘက်ချပ်သမားရွာတွင် တပ်ခိုင်တပ်လုံနှင့်နေ၍ ကျော်စဉ်သို့တစ်ကြောင်း၊ ပုဂံသို့တစ်ကြောင်းမောသောခတ်လာသည်။ ဘဝရှင်မင်းတရားကြီးဘုရားကလည်း တိုက်လှေအများ

နှံတော်မူ၍ စေဥ္စကူး စေဥ္စကိုင်က အခိုင် အလုံ နေရသည်။ ပုဂံမှာလည်း တရုတ်တို့သည် ပုဂံမင်းကို သားတော် သမီးတော် အပေါင်းနှင့်ပူ၍ တောင်ဘက်မှာ ထားလေသည်။ ဆယ်ရက်ခန့် ရှိလျှင် ပုဂံမင်းလည်း နဂရာဇ်ကိုပေါ၊ ကို သုံးဆောင် ပြည့်အောင် သရဏ္ဍာယ်တော်မူ၍ မိုးသောက် ယံ၌ စက်တော်ခေါ်ရာတွင် ပုဏ္ဏားတစ်ယောက်လာ၍ မင်းကြီး ယခုနေ့ သားတော် သမီးတော်နှင့်တကွ လွတ်၍ ပြန်တော်မူရမည်။ စိုးရိမ်တော် မမူနှင့် ဟူ၍ အသင်းနှင့် ရေစင်ကိုဖျန်း၍ ဆိုလာမက်သည်။ နိုးတော်မူလျှင် အပေါ်တော်တွင် စေသော အင်းတိုင်းစားကို ပြောတော်မူသည်။ နေ့တစ်ချက်တီးခန့်ရှိလျှင် တရုတ်စစ်သူကြီး ကုန်ဆင်ဝင်၊ အံသီဝင်၊ သော်သေ့ဝင်တို့က သန်လျက်နှင့် ယူလာ၍ မင်းကြီးသည် စစ်ထိုးခြင်း ကိုလည်း အလိုမရှိ၊ သူတော်ကောင်းဖြစ်လေသည်၊ ပုဂံသို့ ပြန်လေတော့ဟူ၍ ဆိုသည်ကို ငါသားငါမြေးတို့နှင့် ပြန်ရမှ ပြန်မည်။ သို့မပြန်ရလျှင်ငါမပြန်ဟူ၍မိန့်တော်မူသည်။တရုတ်စစ်သူကြီးတို့လည်း သားတော်သမီးတော်မြေးတော်တို့ကို စီစစ်၍ပေးသည်။ မြေးတော်တစ်ယောက် ဆယ်နှစ်ရွယ် ခန့်ကိုမူကားတရုတ်တို့တပ်များသောကြောင့် စီစစ်၍မရနောက်မှ ပို့လာစိမ့်မည်၊ စိုးရိမ်တော် မမူလင့် ဟူ၍ ဆိုပြီးလျှင် သန်လျက်နှင့် ထမ်း၍ သားတော် သမီးတော် မြေးတော် မြစ်တော် အပေါင်းနှင့် တံတားဦးတိုင်အောင် လာ၍ ပို့လာရသည်။ ယင်းသောအခါလည်း တရုတ်လာသည်ဟူ၍ အဝတွင်လန့်သည်။ ပုဂံမင်းရောက်လျှင် ကျော်ဘုံတံခါးမြောက်ဘက် အိမ်ကို ပေးတော်မူ၍ နေရသည်။ တောင်ဘက် လယ်တွင်း၌ နေသော မိန်းမ ယောကျ်ား ရဟန်း သံဃာ တို့ကိုလည်း အရှေ့တောင်ရိုးသို့ချည်း ပြန့်ရှောင်၍ နေကြကုန်သည်။ ငွယ်သင်ရံဘို့ကို ထီးလှိုင်သို့ ချီစေရာ ပုသိန်မင်း ဗညားလောတို့တပ်သို့မပူး၊ ထီးလှိုင်တွင် တပ်ခိုင် တပ်လုံတည်၍ နေရသည်၊ တရုတ်တို့က တိုက်လာမှ တိုက်သည်။ ပုသိန်မင်း ဗညားလောတို့လည်းတရုတ်တို့နှင့်တစ်ကြိမ် နှစ်ကြိမ်တိုက်သည်။ အရေးမလှချေလျှင်အဝသို့ပြန်လေသည်။ တရုတ်တို့လည်း လိုက်၍တိုက်သည်။ ဗိုလ်ပါ ဆင်မြင်း အများပင် ထိပါး ယိုယွင်းချေသည်။ ဤသို့ တောင်ဘက်တွင် အဆီးအတားမရှိခဲ့လျှင် အရှေ့တောင်ရိုး နေကြကုန်သော ယောကျ်ား မိန်းမ ရဟန်းသံဃာ အပေါင်းတို့ကို ရှာဖွေဖမ်းယူ၍ သတ်ဖြတ် ဖျက်ဆီး လေသည်ကို ခြေရင်းတော်တွင် အမှုတော်ကိုထမ်း၍နေသော လင်သား မောင်သားတို့ ကြားလျှင် ပြင်းစွာ ငိုကြွေးကုန်၏။ တောင်ဘက်မှ ရွာများကို လည်း တရုတ်တို့က အနှံ့အစပ်နေလေ၍ မြုပ်ထားခဲ့သော ပေါ်များကို မယူသာ

ရှိချေသည်။ ယင်းသို့လျှင် ကြေးဖိုးဆွံ့ရှား၍ ကြေးတစ်ပိသာကို ဆန်သုံး ပြည်သာ ရချေသည်။ ရဲမက်တော် တို့ကိုလည်း မျိုးစေ့ ရိက္ခာ ပေးတော်မမူ ပါသောကြောင့် ယခု ကျွန်တော်တို့သည် နှစ်ရက်မစားရ၊ သုံးရက်မစားရ ရှိကြ ကုန်သည်ဟူ၍ လျှောက်ပါသော်လည်း အမှုထမ်းလယ် ပေးလေပြီးသည်၊ ယခု လည်း ပေးစရာ မပါးမရှိလေပြီဟူ၍သာ အမိန့်တော်ရှိသည်။ ကိုယ်လုပ်တော် တို့ကို ရွှေနန်းတော် အနောက် ဝင်းတော်တွင်း၌ အခလေးချိန်ခွင်ကို သွင်း၍ ဆန်ရောင်းရသည်။ အမှုထမ်းတို့လည်း ဆန်ဝယ်စရာ ကြေးငွေမရှိသောကြောင့် တော်ကြကုန်သည်။ ယင်းသို့လျှင် ပြည်ထဲအရေး ခက်ချေတော့မည်။ သာသနာ တော်လည်း ကည်နိုင်မည် မဟုတ်ပြီဟူ၍ အမှုထမ်း သူရဲ သူခက် အပေါင်းတို့ ညှိရုံး၍ တစ်စိတ်တစ်ဝမ်းတည်းရှိကြလျှင် ညီတော်ပြည်မင်းတပ်သို့ ခေါင်းအကြီး အငှန်းတို့ သွားကြ၍ ယခု ကျွန်တော်တို့ကို နောင်တော်ဘုရားက ပေးတော် မမူပါသောကြောင့် သူရဲ သူခက် အပေါင်းတို့ ငတ်မွတ်၍ သေရတော့မည်၊ ကျွန်တော်တို့ သားမယားကိုလည်း တရုတ်တို့ သတ်ညှစ်၍ မတွေ့ရပြီ ဘုရား ကယ်မတော် မူပါသည်ဖြစ်မှ ကျွန်တော်တို့ ကိုးကွယ်ရာ ရပါမည်ဟူ၍ လျှောက် ကြကုန်သည်။ ညီတော်ပြည်မင်းလည်း အမှုထမ်းတို့ လျှောက်သည့် စကားကို ကြားတော်မူလျှင် ဒေဝဒတ်စကားကို နားမှားသော အဇာတသတ် မင်းကဲ့သို့ သက္ကရာဇ် (၁၀၂၃) ခုနှစ် နယုန် လဆန်း ခုနစ်ရက် သောကြာနေ့ အလုံး အရင်းအများနှင့် မြဝတီမင်း နေမျိုးစံကျော်ကို ရှေ့ဆောင် ပြုစေ၍ စံရာ တံခါးက နံနက် အိပ်ဖန့်ထွက်ကိုဝင်သည်။ မြေနန်းရှေ့သို့ရောက်မှ ကိုက်စည်သံ ကြားတော်မူ၍ မိန်းမပိုး ဦးသာမန် ဧကော်ဘိုးကို ထွက်၍ ကြည့်ရ လေသော် ညီတော်ပြည်မင်းအကြောင်းကို အတပ်သိလျှင် ဝင်၍ ညီတော် ပြည်မင်း အတပ် ပင်ဖြစ်ချေသည်။ ကျွန်တော်တို့လည်း အထက်က ညီတော် ကြံကြောင်း၊ သို့၍ လျှောက်ပါသည်ကို ယူတော်မမူပါ၊ ဗလကျော်သူလည်း အကြိမ်ကြိမ်ပင် လျှောက်ပေသည်။ ယခုမှကို မတတ်နိုင်ပြီဟူ၍ လျှောက်လျှင် ပုန်း၍ နေတော် မူသည်။ ရှင်မိဖုရားမှကား သလွန်တော်တွင် သားတော် မင်းရဲသိဒ်သူ သက် တော် ရှစ်နှစ်ရွယ်ကို လက်ယာထားသည်။ မြေးတော် နရာဗိဗ္ဗ သက်တော် လေးနှစ်ရွယ်ကို လက်ဝဲကထား၍ နေတော်မူသည်။ ပြည်မင်းတပ် နန်းတွင်းသို့ ဝင်ရောက်၍ ထိုးခုတ် ပစ်ခတ်ကြသည်။ နန်းထက် နန်းအောက် ရေကန် တိုက် တော်များတွင် မှူးမတ် သူရဲကောင်း ယောကျ်ား မိန်းမအပေါင်း နှစ်ဆယ်ကျော် ထုံးချေသည်။ ပြည်ဘုရင် နန်းတော်ထက်သို့ တက်၍ ရဲမက်တော်တို့ ပြည့်မှ

မင်းတရားကြီးပုန်းရာက ထွက်၍ သသွန်တော်တွင် ရှင်မိဖုရားနှင့် အတူနေတော်မူသည်။ ယင်းသောအခါ ပြည်ဘုရင်လည်း ဤသို့လျှောက်သည်။ နောင်တော်ဘုရားကို ကျွန်ုပ်ကြံလို၍ ကြံသည်မဟုတ်ပါ၊ ကိုယ်ရံတော် အမှုထမ်းတို့အကြံမ ကြံမိလျှောက်ထား ချိပင့်သောကြောင့် သူတို့စကားကို မလိုက်နာ လျှင်လည်း အရေးအခက်ပင်ဖြစ်၍ သံဃာတော် အားကို ဘုရား မသန်နိုင် ဆိုသကဲ့သို့ ကျွန်ုပ်လိုက်ရသည် လျှောက်သည်။ ရှင်မိဖုရား ခေါ်လည်း အမောင်ပင် မင်းပြုပါတော့ ငါတို့မှကား အမောင့်ခြေရင်းတွင် သီတင်းသီလ ဆောက်တည်၍ နေပါတော့မည်။ အမောင့်တူတော်နှင့် မြေးတော်ကိုလည်း ရှာ၍ ပြုပါမည်ဟု ပြုတော်မူပါဟု မိန့်တော်မူသည်။ ပြည်ဘုရင်ကလည်း ကျွန်ုပ်တို့မင်းမျိုးကို ရှာ၍ ပြုရစ် ဖူးသည်လော၊ သူတို့လည်းရှေ့သို့ကို လူပြုပါမည် သူချည်း ဖြစ်သည် ဟု၍ လျှောက်သည်။ ရှင်မိဖုရားက သည့်အတိုင်းမှန်လျှင် သင့်ပါတော့သည်။ ငါတို့ချမ်းသာအောင် မောင်ကြံပါဟူ၍ မိန့်တော်မူသည်ကို ပြည်ဘုရင်က ခမည်းတော်ဘုရားသစ္စာတော်၊ နောင်တော်ဘုရား သစ္စာတော် ဝမ်းတွင်ရှိသည်။ ကျွန်ုပ်အထွေမကြံပါဟူ၍ လျှောက်သည်။ ယင်းသို့မှ နောင်တော်ဘုရားမရီးတော်ဘုရား၊ သားတော် မြေးတော်နှင့်တကွမိဖုရားခေါင်ကြီး အိမ်မှာ နေတော်မူရသည်။ စားတော်ဦးလည်း နေ့တိုင်းပို့ရသည်။ မျှားမကြာခင် ကိုယ်ရံတော်တို့က သည်အတိုင်း နေနှစ်စင်း ထွက်ဘိသကဲ့သို့မင်းနှစ်ပါးဖြစ်လျှင် ခက်ကြရတော့မည်ဟူ၍ ပြည်တွန်ဟစ်ကြော်သောစကားကို ကြား၍မကောင်းသောအမူ အမတ်တို့ တိုက်တွန်းလေသောကြောင့် ချင်းတွင်းမှာမင်းလေးပါးလုံးကို ရေတွင် ချောက်လေသည်။ မရီးတော် မိဖုရားခေါင်ကြီးလည်း ငါ့ဝါးဖတ်နှင့်သာ ကြိုးပြင်းသသူ ငါ့ကို ဖြစ်မှားရလေသည်ဟု မြစ်သို့ရောက်အောင် မြည်တမ်း ရွေ့တလျက် လိုက်လေသောဟူ၏။ ထိုမင်းတရားကို ညီတော်ပြည်မင်း ရေမှာချလေသောကြောင့် ရေချမင်းဟုခေါ်ကြကုန်၏။ စစ်ကိုင်း ဝေဠုဝန် ဘုရားကြီးကို ငါးထပ်ကျောင်း ဆောက်လုပ်သောကြောင့်လည်း ငါးထပ်ဒါယကာဟု ခေါ်ကြကုန်၏။

## မင်းရဲရန္တမိတ် စည်းစိမ်တော်
## မိဖုရား သားတော် သမီးတော်တို့ အကြောင်း

သီရိနန္ဒသုဓမ္မာရာဇာဓိပတိ မင်းတရားကြီးဘုရားကား အိမ်နိမ့်လေးဆယ့်တစ်၊ စည်းစိမ်တစ်ဆယ့်သုံး၊ သက်တော်ငါးဆယ့်လေးတွင်၊ ညီတော်ပြည်မင်းနှန်းချ

ပြီးလျှင် ရေမှာချောက်၍ အနိစ္စရောက်တော်မူရချေသည်။ နံတော် တနင်္ဂနွေ သားတည်း။ ရှင်မိဖုရားခေါင်တွင် မြင်သည့် သမီးတော် သိရီဘုန်းထွတ်၊ သားတော် မင်းရဲသိင်္ခသူနှစ်ပါးသာတည်း။ ကိုယ်လုပ်တော်တို့တွင်မြင်သည့်သားတော် သမီးတော်ကား အိမ်နိမ့်ပေါ် ကိုယ်လုပ်တော် ခင်ထွန်းတွင်မြင်သည့် သမီးတော် ခင်ဝံသီး ခမည်းတော် နန်းကျရာတွင် အိမ်ခေါင့်မှူး ကတော်အိမ်မှာ ထားသည် တစ်ပါး၊ ပလကျော်သူတာမခင်နှင်း အန့်တွင်မြင်သည့် သမီးတော်ဆင်းစံဝတီ တစ်ပါး၊ မင်းရဲနန္ဒသူအိမ်နိမ့်သား ရှင်ရဲတိသမီးခင်ထွန်းစံတွင်မြင်သည့် သမီးတော်တင္ကဝတီတစ်ပါး၊ မောင်တော် သိရီဘုန်းတင်ရှင် ဘိလူးလည်းတွင်သည် နောက်ကြာညှပ်ကိုစားသည်၊ နောက်မသင့်မတင့်ကြသည်ဟု ရေမှာချောက် လေသည်တစ်ပါး၊ သက်တော်ရှည်သမီးခင်ချမ်းတွင် မြင်သည့်သားတော်ပြီး မြည့်မြတ်ကျော်မင်းသား စစ်လည်းတွင်သည်။ နောက်ကျောက်ပန်းတောင်းကို စားသည်၊ နောက်ဟံသာဝတီမှာဝန်ခံ့ရာ မသင့်မတင့်ကြသည်ဟု ရေမှာချောက် လေသည်တစ်ပါး၊ လက်ယာတိန်နန်းသူသမီးရွှေသာကတော် ခင်ပြုတွင်မြင်သည့် သမီးတော်ရတနာရွှေကုံးတစ်ပါး၊ မောင်တော် သခင်ဖြူ နောက် မင်းရဲရန္တသူ ခံ၍ မြေဒိုးမှိုကိုစားသည်။ နောက် ဟံသာဝတီမြို့ဝန်ခံ့ရာမှာ မိမိကျွန် လုပ်ကြံ၍ ဆုံးလေသည်တစ်ပါး။ ။ခင်မြတ်မျိုးတွင်မြင်သည့် သမီးတော် ဂန္ဓဝတီ တစ်ပါး။ ။မောင်ပုသမီး ခင်မြတ်မျိုးတွင်မြင်သည့် သမီးတော် သုခဝတီ တစ်ပါး။ ။တောင်ငူလေးမှူး နောက်ရန်ပြတ် ထောင်မှူး ရာဇဒေဝ သမီး ခင်မိတွင် မြင်သည့် သမီးတော် ဇလတာဝတီတစ်ပါး။ ။ညီမတော် ငယ်က လွန်သည်တစ်ပါး သားတော်သုံး၊ သမီးတော်ရှစ် ပေါင်းဆယ့်တစ်ပါး။ ။ထို အခါနန်းအောက် ရေကန် တိုက်တော် များတွင် ယောကျ်ား မိန်းမ ပေါင်း နှစ်ဆယ်ကျော် အနိစ္စရောက်သည်နှင့် ဘုတ်တစ္ဆေဖြစ်၍ ညဉ့်အခါ အဝယ်ကို ပြ၍ ခြောက်သည်။ နန်းမိုးခေါင်မှာ ကိုယ်ထင်ပြ၍ ခြောက်သည်။ ချုန်းချုန်း ချင်းချင်း နန်းကို ခုန်ပေါက်၍ ခြောက်သည်။ အိပ်ပန်တော် အိပ်ရာတွင် ထွန်းသည့် မီးတိုင်ကို မှုတ်ဖျက်ခြောက်သည်။ လိပ်ပြာစင့်၍ အတွင်းသူ မိန်းမ သုံးယောက်၊ မှူးမတ်နှစ်ယောက်ပင် အန္တရာယ်ဖြစ်၍ လွန်ချေသည်။ ထိုကာလ သစ်ဆိမ့်ပင် ဆရာတော်နှင့် ပုဏ္ဏားတော် ဆုံးတားစား၊ ကနီကြီးစား၊ ရွှေသင် စားတို့နှင့် လူပညာရှိ မြသီစား၊ မြို့သစ်စားတို့ ကုမရာတွင် မခြောက် မလှုပ် ငြိမ်းချမ်း ပျောက်လွင့်လေသည်။ ညီတော် ပြည်မင်း အထွတ်အမြတ်သို့ရောက် လျှင် ပြည်မှာ ရှင်မိဖုရားကို အလုံးအရင်း လှေတက်အများနှင့်ခန့်၍ ဆောင်ယူ

ရသည်။ စလင်းမင်းကိုလည်း အလျင် အလုံးအရင်းကို သိမ်းယူတော်မူ၍ အားနည်းမှ ပိုးကောင်းသို့ ပို့တော်မူသည်။ နောက် များမကြာ လိုက်၍ ကွပ်တော်မူသည်။ ။နောင်တော်ဘုရားတွင် မြို့အနောက်၌ နတ်ကွန်းနှင့် သာသော ရာဇပိတာ နတ်ဥယျာဉ်တို့ကိုလည်း မဟုတ်သည့်အရာကို စီရင်သည်ဟူ၍ ဖျက်ဆီး၍ ရေမှာမျှောရသည်။

တရုတ်တို့လည်း အရွှေမြစ်ငယ်ကို တံတားခင်း၍ မြောက်ဘက်သို့ ကူးသည်ကို နိုင်အောင်ဆီး၍ တိုက်လေ အမိန့်တော်ရှိသောကြောင့် သက္ကရာဇ်(၁၀၂၃) ခုနှစ် ဝါဆိုလဆန်း ငါးရက် ကြာသပတေးနေ့ မင်းရဲဇေယျသူရတစ်တပ်၊ အသကြီးတစ်တပ် သည်တပ်ကြီး နှစ်တပ်ကို ချီရသည်။ အောင်ပင်လယ်သို့ ရောက်လျှင် တရုတ်တို့ပျက်၍ အများပင် သေပျောက်လေသည်။ တောင်ဘက်မြောက်မှာလည်း သေဉ်သေ့ဝင် အကြီးပြု၍ တပ်မနေသည်ကိုလည်း ဝါဆိုလပြည့်ကျော် ငါးရက် သောကြာနေ့ မင်းရဲရန္တမိတ်တစ်တပ်၊ မိုးကောင်းစော်ဘွားတစ်တပ်၊ မိုးညှင်းစော်ဘွားတစ်တပ်၊ မိုးမိတ် စော်ဘွားတစ်တပ်၊ သီပေါစော်ဘွားတစ်တပ် သည်တပ်ကြီး ငါးတပ်ကို အလုံးအရင်းနှင့် ချီ၍ လုပ်ကြံရလေသည်။ ရဲမက်တော်တို့ အရပ်အနေ မသင့်သောကြောင့် တစ်ကြိမ် နှစ်ကြိမ် ဆုတ်ရသည်၊ နောက် အရပ် အနေသင့်ရာက နေ၍ ကြံကြံခံ၍တိုက်လျှင် တရုတ်တို့က အများပင် သေပျောက်လေသည်။ ယင်းသို့လျှင် သေဉ်သေ့ဝင် မရောက်တွင် မနေဝံ့၍ ကုန်ဆင်ဝင်၊ အံသိဝင်တို့ရှိရာ အရှေ့ဘက် ချပ်သမားရွာသို့ ဝင်၍နေလေ၏။ ဘဝရှင် မင်းတရားကြီး ဘုရားလည်း ဝါဆိုလပြည့်ကျော်တစ်ဆယ့်တစ်ရက် တနင်္လာနေ့ ဆရာတော် တံဆိပ်ရများကို နန်းတော်သို့ပင့်၍ ဆွမ်းလုပ်ကျွေးတော်မူသည်။ တရားတော်လည်း နာသည်။ ကျွန်ုပ်သည် အလိုမရှိပါဘဲလျက် အမူးအမတ် အမှုထမ်း သူရဲသူခက်တို့က ကျွန်တော်တို့ ကိုးကွယ်ရာမရှိပြီ ဟူ၍ အကြိမ်ကြိမ် လျှောက်သောကြောင့် သံဃာအားကို ဘုရားမဆန်နိုင် ဆိုဘိသကဲ့သို့ ကျွန်ုပ်မင်းပြုရသည်ဟူ၍ လျှောက်သည်။ ဆရာတော်ကြီးများက ကြံသော်လည်း ကံမပါက မဖြစ်ရာ၊ မကြံသော်လည်း ကံကြီးက ဖြစ်ရာသည်ဟု မိန့်တော်မူကုန်၏။ အဂ္ဂမဟာလင်္ကာရ မည်သော မြောက်နန်းကျောင်း ဆရာတော်ကမူကား ငါတို့နှင့် အရာမဟုတ်၊ ညီတော် နောင်တော် နှစ်ပါး ဟုတ်မဟုတ်ကို အောက်သို့ရောက်မှ ငြင်းခုံကြပါလေဟု မိန့်တော်မူ၏။ ဆရာတော်တို့ကိုလည်း ပိတ်ခေါ်သား၊ နံ့သာနီ၊ နံ့သာဖြူ၊ ကရမက်၊ အကျော်၊ ကတိုး၊ ပုံးမသိန်၊

ကွမ်းသီး၊ ငြုတ်၊ ပရဆေး အစေ့ အနှံ့ ရှုတော်မူသည်။ ။ဝါခေါင်
လဆန်း ခြောက်ရက် တနင်္ဂနွေနေ့ သီဟယောဓာ ငါးတပ်ကို တလုံး အရင်း
အများနှင့် တောင်ဘက်သို့ ချီရသည်။ ဈောက်လျှင် ကျွဲတဲတွင် တပ်မ နေ၍
ကြက်တဲတွင် တပ်ဖျားနေသည်။ ပန်းလောင်မြစ်ကို တံတားခင်း၍ အရှေ့ဘက်
ကလည်း တပ်ဖျားနေရသည်။ ရိက္ခာဆန်ရေလည်း အဝက မပြတ်ပို့ရသည်။ ။
တော်သလင်းလဆန်း တစ်ရက်ဗုဒ္ဓဟူးနေ့ ဘယသကြံတို့ကို အလုံးအရင်းအများ
နှင့် ချီပြန်ရသည်။ တော်သလင်း လဆန်း ခြောက်ရက် တနင်္လာနေ့ ဥက္ကင်သ
ဘွဲ့တော် မမူမီ သူဌေးတို့ကို အမည်သနားတော် မူသည်။ ပုည သူဌေးကို
ဇောတိက၊ သူဌေးမကိုယ်ကို ဘောဂဝဓနသူဌေး၊ မစုကို ဓနရာဇာသူဌေး၊
မကြီးတော်ကို ဥဂ္ဂကသူဌေး၊ ဥက္ကာစံကို ကညာရာဇာသူဌေး၊ မြကျောက်ကို
ဓေဝသူဌေး၊ မြတွေးကို ဓမ္မာဂတိသူဌေး၊ သစ္စာကို နန္ဒိယသူဌေး ပေါင်း
ရှစ်အမည် သနားတော်မူသည်။ တော်သလင်း လဆန်း ခုနစ်ရက် အင်္ဂါနေ့
မိဖုရားတော် ခင်မရွှေနန်းကို မင်္ဂလာဒေဝီ ဟူသော အမည်ကို သမုတ်တော်
မူသည်။ တော်သလင်း လပြည့် ဗုဒ္ဓဟူးနေ့ နှစ်ချက်တီးကျော် ခုနစ်နာရီ
နှစ်ပါဒ် ဆယ်ဗီဇနာတွင် ဥက္ကင်သ ဘွဲ့တော်မူ၍ ဘိသိက် ခံတော်မူသည်။
မဟာပဝရ ဓမ္မရာဇာ လောကာဓိပတိ အမည်တော်ကိုလည်း ခံတော်မူသည်။
ရှင်မိဖုရားမှာ အဂ္ဂပုညမဟေသီ ဟူသော အမည်ကို ခံတော်မူသည်။ ဘွဲ့ကို
ရန္တမိတ် လျှောက်ရသည်။ မင်းညီ မင်းသား မှူးတော် မတ်တော်တို့ကိုလည်း
ယင်းသည့်နေ့ပင် အမည် သနားတော်မူသည်။ ပုဂံမင်း သားတော်ဇေယျရန္တသူကို
မင်းရဲသာကသူ၊ မြဝတီမင်းနေမျိုးစံကျော်ကို မင်းရဲမင်းလှကျော်၊ ပြင်စည်မင်း
သီဟတ္တကို မင်းရဲရန်နောင်၊ နန္ဒကျော်သူကို သက်တော်ရှည်၊ ဗညားစက်ကို
ဗညားရန်တံ၊ ရာဇဗြဲသိဒ္ဓိကို မဟာတရဖျား၊ လက်ယာဇေယသကြံကို နန္ဒစည်သူ၊
အရှေ့ဝင်းမှူး ဓေဝယောဓာကို ဇေယျရန္တမိတ်၊ ရာဇသူရကို ဘယသကြံ၊
တုရင်နန္ဒသူကိုလက်ယာဘိနန်းသူ၊ နန္ဒသူရိကို ဘယကျော်ထင်၊ နန္ဒသူကို နန္ဒပကြံ၊
လက်ဝဲဝင်းမှူး တိက္ကစန္ဒကို နန္ဒသီဟ၊ အနောက်ဝင်းမှူး ဥဒိန်သူရကို သက်ယာ
ပျံချီ၊ ဘယရာဇသူကို နန္ဒကော်တော်ဘယ၊ မြို့ဝန်လက်ယာသီဟကိုဘယနန်းသူ၊
ဇေယျသိခ်ကို လက်ဝဲနန်းသူ၊ ရာဇသာရကို လကျာဇေယသူရ၊ လက်ဝဲသိခ်ကို
ဥသာယော၊ ဓေဝသာရကို ဇေယျနန်းသူ ပေါင်း နှစ်ဆယ်အမည် သနားတော်
မူသည်။ တော်သလင်း လပြည့်ကျော် တစ်ရက် ကြာသပတေးနေ့ အမည်
သနားတော်မူသည်။ မင်းလှ ရွှေတောင်ကို မင်းရဲဇေယျသူ၊ ဘယနန္ဒသူကို

ဒေဝဘာယကို ကော်တော်ရန္တမိတ်၊ လက်ဆောင်သွင်း လက်ရဲ
မင်းရဲရန္တသူ၊ ဒေဝဘာယကို ကော်တော်ရန္တမိတ်၊ လက်ဆောင်မှူး လက်ရဲ
ရွှေဆောင်ကိုလက်ယာကျော်သူ၊ တုရင်ဗလကိုလက်ယာရန္တမိတ်၊ ကက်သူကို
ပေယျာဘယ၊ ရာဇသင်္ခကို လက်ဝဲမြှမ်း၊ ဆင်ဝန်ပေယျယောဓာကို ဥဒိန်ရာဇာ၊
သံအမှန်ကို မြဝတ္တိ၊ တုရင်ဝေဘောကိုလက်ယာတုရင်၊ ရာဇသဝန်ကို ရာဇဒေဝ၊
သင်္ကြီးမှူးကို ရာဇသရိ၊ ရွာပိန်စားကို ရာဇသင်၊ မိုင်းပွန်ရိုင်းမှူးကို ရာဇကျော၊
ညောင်ပင်ဆိပ်စားကို ရာဇသိင်္ခ၊ ရွှေဘူးစုံမှူးကို ပေယျယောဓာ၊ ကျွန်းဆုံစားကို
ဒေဝသိင်္ခ၊ ပုညသိရိကို သိရိရန္တရက်၊ ပန်းပွတ်မှူးကို တုရင်သူ၊ ဆေးသမား
သံတိုင်ကို ပုညဝဒိယ ပေါင်းနှစ်ဆယ် အမည် သနားတော်မူသည်။ တော်သလင်း
လပြည့်ကျော် နှစ်ရက် သောကြာနေ့ အမည် သနားတော်မူသည်။ ရန္တသူကို
မင်းရဲစည်သူ၊ ပဲခူးရန္တမိတ်ကို မင်းရဲပေယျသူ၊ ပေယျကျော်သူကို လက်ယာ
ရွှေသူ၊ တုရင်သိရိကို ပေယျကျော်ထင်၊ တုရင်ဗလသူကို ရမ္မယောဓာ၊ ဝေကြီး
မှူးကို တုရင်ကျော်သူ၊ မရံစားကို ရာဇတမာန်၊ တရုတ်မော်စားကို သိရိယောဓာ၊
ဆောင်စာရေးစားလို့ ဥဒိန်ကျော်ထင်၊ အင်းမစားကို ပေယျသူ၊ လက်ယာဝင်းမှူး
ကို ဒေဝသူရ၊ မြေဒူးကြီးမှူးကို ရာဇမနော်၊ ခါးစုံမှူးကို ရာဇကျော၊ ဘိုးဝေါင်လေ
မှူးကို တုရင်ယောဓာ၊ ဝေကြီးမှူးကို ဒေဝသိရိ၊ ပင်းတုံးစစ်ကဲကိုတုရင်သိန်းစည်း
သည်ကဲ့သို့ အထိုက်အလျောက် အမည် အရည် အဆောင် အယောင် စားကျေး
စားလက် ပေးတော်မူသည်။ ပေါင်းတစ်ဆယ့်ခြောက် အမည် သနားတော်
မူသည်။

ဘထွေးတော် ပုဂံမင်းကိုလည်း မင်းရဲနော်ရထာ ဟူသော အမည်နှင့်
ဝေါ်လာခွေချက်နှစ်စင်း ကွမ်းခွက် လက်ဖက်အိုး တကောင်းဖုံး ပတ္တမြားစီ
ထွေးခံ အစုံ ပေးတော်မူ၍ ပုဂံကို မင်းပြုရသည်။ နေ့ဘက်လည်း ဝေကြီး
ပေးတော်မူသည်။ နောင်တော် တောင်ငူမင်းကိုလည်း ကွမ်းခွက် လက်ဖက်အိုး
ရွှစ်မြှောင့် အနားပတ္တမြားငါးရစ်ကို ပတ္တမြားဖုံး ခိုနန်းစီ အလယ်ခွေပြောက်
လက်ဖက်အိုး ပတ္တမြားစီ ကြုတ်ခွက် ပတ္တမြားစီအစုံ ကျိုင်းရွှေချက် လေးစင်း၊
ချွဲဆေး ရွှေအင်၊ ဝေါ်ပေါင်း အမိုး ရွှေပြောက် ခိုနန်း၊ ဇက်တင်အနီ
အောက်သံလေးသစ်ခြား ဝေါ်ခွက်ရွှေပိန်း လှော်ကားခိုနန်း၊ ဇာတာတစ်ကွင်း
နှင့် တစ်ကွင်းလည်း သံလေး သစ်ခြား၊ ဦးအောင်ဖြူသုံးပွင့်၊ ပဲ့နှစ်ပွင့်၊ ရွှေကြိုး
ဇလွယ်၊ သွယ်ပြောင်းငါးသွယ်၊ ဘောင်းကတ္တီပါနီ ပန်းခံ မှန်ကူဇာဆပါက်၊
အနားလက်တစ်သစ်ခန့်လွှတ်သည်။ မှင်ရိုးမြင်နား၊ ဇာဆပါက်ပန်းပွင့်တောင်

ဇာပေါက်အမြင့်ကိုး၊ အနိမ့်တစ်ဆယ့်တစ်၊ ပန်းသရဖီကုံးပတ္တမြားတစ်ဆယ့်တစ် စေ့စီယှာဉ်ထီးဖြူနှစ်စင်း ထီးတစ်စင်းကို အထွတ်ကျောက်ကုံးရစ်စီ၊ ကျိုင်းကြိုး ညောင်ရွက်သုံးဆင့် မြောက်စည်ငါး၊ တံမြှာနှစ်၊ သပြေတံပိုးနှစ်၊ ခရုသင်းတစ်၊ တံရှည်နှစ်၊ စည်ဝန်းခုနှစ်၊ လက်ချပ်ဘစ်၊ တုလောင်တစ်၊ တံပိုးကြီးတစ်၊ စည်ပြောတစ်ဆယ့်ငါး၊ငွေနဲ့ကြီး နှစ်၊ ငွေနဲ့ငယ် သုံး၊ ငွေခရာ နှစ်၊ ပုံတစ်၊ စည်ပုတ် တစ်၊ လင်းကွင်း၊ အိမ်ဖြူ ငါးဆယ့်နှစ်ထပ်၊ ရောင်းဦး သုံးထပ်၊ မြောက်လေသာ ကွမ်း ဆေး အိမ်သာ၊ အုမွမ်းခြင်ပိတ်၊ ခုံတိုင်သုံး၊ ကံပတ် အနီပေးတော်မူ၍ တောင်ငူကို ပေးတော်မူသည်။ ဘထွေးတော် သားတော် မင်းရဲရန္တသူကိုလည်း သမီးတော် အဥ္စနှင့် စုံဖက်တော်မူ၍ စေဥ္စကူးမြို့ကို ပေးတော်မူသည်။ နောက် နှလုံးတော် မကြည်ကြ၍ ရှင်းတော်မူကြလျှင် နောက် ငင်းမယ်ကို ဝန်ခန့်တော်မူသည်။ ဘထွေးတော် မင်းရဲနော်ရထာ သားတော်ကို ပြည်ဝန် ခန့်တော်မူသည်။ နောက် တောင်ငူမင်း မရှိလျှင် ပြည်က ခေါ်တော်မူ၍ မင်းရဲဇေယျသူရ ဟူသော အမည်နှင့် ရွှေချက် ကွမ်းခွက် ပေးတော်မူ၍ တောင်ငူဝန် ခန့်တော်မူသည်။ နောက်လည်း လက်ဝဲရန္တပိတ်ကို ခေါ်တော်မူ၍ ဟံသာဝတီကို ဝန်ခန့်တော်မူသည်။ မုတ္တမကိုလည်း မင်းရဲရန္တသူကိုလည်း ဝန်ခန့်တော်မူသည်။ နေမျိုးကျော်ထင်ကို အဂ္ဂမဟာ သေနာပတိ ခန့်တော်မူသည်။ အလျှင် လယ်ကိုင်းမြို့ကို ပေးတော်မူသည်။ နောက်လည်း စည်သူကျော်ထင်ဟူသော အမည်နှင့် ထီးနီ၊ညောင်ရွက်သုံးဆင့်၊စလွယ်ကိုးသွယ်၊ ပေါင်းသင်းကျစ် လေးမျက်နှာ၊ ကျိုင်းဆင်စွယ်ချက် အဆောင် အယောင် အကုန်ပေးတော်မူသည်။ တောင်တွင်းမြို့ကို ကံကျေးခံရသည်။ မင်းရဲရန္တမိတ် ကိုလည်း မင်းရဲနန္ဒသူ ဟူသော အမည်နှင့် ရွှေချက် ကွမ်းခွက် ပေးတော် မူ၍ ပခံမြို့ကို ကံကျေးခံရသည်။ နောက်လည်း မင်းရဲသီဟရာဇာ ဟူသော အမည်နှင့် ရွှေကြိုး ရွှေကာ ပေးတော်မူသည်။ ကနီမြို့ကိုလည်း ကံကျေးခံရသည်။ ဆရာတော် တံဆိပ်ရ စာတည်း စာမတို့ကိုလည်း ဆား ငါး ငါးပိနှင့်တကွ ဝတ်ဆန် လ တိုင်း လှူတော်မူသည်။ တရုတ်တို့လည်း တောင်ဘက်တွင် တပ်နိုင် တပ်လုံ တည်၍ နေလေသည်။ နောက်လျှင် နှလျှား၍ မျှားစွာသေလေ၏။ ရဲမက်တော်တို့လည်း ညဥ့်ကိုဝင်၍ အကြိမ်ကြိမ် လုပ်ကြသည်။ အရှ အန မှန်း လပြည့်တော် လေးရက် ဗုဒ္ဓဟူးနေ့ တရုတ်တို့ ညဥ့်ကို တွက်ပြေးလေ၏။ အသေအပျောက် မျှားလျှင် မနေဝံ့၍ သက္ကရာဇ် (၁၀၂၃)ခုနှစ် တန်ဆောင် ရဲမက်တော်တို့လည်း တရုတ်တို့ ထွက်ပြေးလျှင် အဝတ်အစား ရွှေငွေ ရသည်

များ၏။ နတ်တော်လပြည့်ကျော် သုံးရက် ကြာသပတေးနေ့ ဖြတိုက်သို့ ထွက်ရာ
မည် သနားတော်မူသည်။ ဆန်ကြန်ကို သိရှိပြတ်၊ ကမ္ဘလိုက် ဖြစ်ခြင်းကို ရန်ဖြ
သိ၍ ပဲခူးတပ်မှူးမယုံကို အိန္ဒိသူ၊ မနောက်ကို မဏိယောဓာ ရွှေဓားယဉ် ပေတံစီ
တွင် ပေါင်းလေး အမည် သနားတော်မူသည်။ နတ်တော်လ စစ်ကိုင်းမှာ
ထားတော်မူသော ရုံလှိုဥတည်ဘွား ကျွန်တို့သည် အစုအရုံးများသည်။ လုပ်ရည်
ကြံရည်လည်း ရှိကြသည်။ အရှည်ထား၍ မသင့်ချေ သစ္စာတော်ပေး၍ အစုရ
ရုံးသားမှ သင့်မည် လျှောက်ကြလျှင် ဘဝရှင် မင်းတရားကြီး၊ ဘုရားလည်း ရုံလှို
ဥတည်ဘွားနှင့် မိုင်းဆည်စားကိုသတ်၍ သည့်ပြင် အမှတ်ခြောက်ဆယ် လှေပေါင်း
ခုနစ်ရာကျော်ကို ထူပါရုံသို့ ခေါ်၍ သစ္စာအဘိသေးလေ၊ အမိန့်တော် ရှိသော
ကြောင့် အလုံးအရင်းခန့်၍ ထူပါရုံဘုရားရှင်ကနေ၍ ခေါ်သော် တရုတ်တို့
သည်လည်း မိုင်းဆည်စားပါမှ လိုက်မည်၊ အတောင့် အတင်း ဆိုသည့်
အကြောင်းကို လျှောက်၍ ကြားတော်မူလျှင် မိုင်းဆည်စားနှင့်တကွ ခေါ်၍
ရောက်လျှင် မိုင်းဆည်စားကို ခွဲ၍ထားသည်၊ မိုင်းဆည်စားလည်း သတ်မည်
ကြံသည် အမှတ်ရှိ၍ ရဲမက်တော် တစ်ယောက် လက်တွင် ဓားကိုလု၍ ခုတ်လေ
သည်။ အများပင် ထိပါး သေပျောက်ချေသည်။ တရုတ်တို့သည်း ဓားကိုလု၍
ခုတ်သည်။ အများပင် ထိပါးချေသည်။ ယင်းသို့မှ တံခါးလေးမျက်နှာ တို့ကို
ဆို့၍ မဟာရာမ်အထက်က သေနတ် အမြောက်နှင့်ချည်း ပစ်၍တရုတ်တို့လည်း
အများပင် သေလေသည်။ ယင်းသို့မှ ရုံလှိုဥတည်ဘွားသို့ စားဖွယ် သောက်ရာ
အများ ပေးတော်မူ၍ ဤသို့ အမိန့်တော် ပြန်ရသည်။ ရုံလှိုကျွန်တို့က သစ္စာ
တော် ပေးမည် ဟူ၍ ဘုရားသို့ ခေါ်တော်မူသည်ကို ငါ့ရဲမက်တော်လက်တွင်
ဓားကိုလု၍ ခုတ်သောကြောင့် အများပင် ထိပါး ရှုနချေသည်။ ရဲမက်တော်
တို့လည်း သည်ကဲ့သို့ ကျင့်ရမည်လော ဟူ၍ တစ်ယောက်မကျန် သတ်လေသည်။
ရုံလှိုဥတည်ဘွား မစိုးရိမ်နှင့် ချမ်းသာစွာနေ ဟူ၍ အမိန့်တော်ရှိသည်။ ရုံလှို
ဥတည်ဘွားလည်း ဤသို့ နားတော်လျှောက်သည်။ သင်းတို့ မသင့်မတင့်ကျင့်၍
သုံးမတော်မူသည်ကို နလုံးက အထူးမရှိပါပြီ။ အကြောင်းမှာမူကား အသက်
ရမည် ကျွန်တော်ခံပါသည်။ အရှင်အသနားတော်သာ ဖြစ်ပါတော့သည်ဟူ၍
လျှောက်သည်။ ပြာသိုလဆန်း တရက်နေ့ ရုံလှိုဥတည်ဘွားကို တောင်းချေဟူ၍

တောင်စစ်သူကြီး အံသီဝင်နှင့် စစ်သည်တသောင်း နှစ်ဆယ်ခန့်ကို ခေါ်၍ ရောက်လာသည်။ အောင်ပင်လယ်တွင် တပ်မ နေသည်။ ယင်းသို့မှ ရုံလုံ ဥတည် ဘွားကိုပေး မပေးလျှင် တိုက်ဟူ၍ သံစေလာသည်။ ဘဝရှင် မင်းတရားကြီး ဘုရားလည်း မှူးတော် မတ်တော်တို့ကို ခေါ်တော်မူ၍ ဤသို့ အမိန့်တော် ရှိသည်။ ယခု တရုတ်တို့က ရုံလုံကို တောင်းရာမှာ ရှေးထုံး ရှိပါသလော ဘုရင့် နရပတိ လက်ထက်လည်း သိုချည်ဘွားကို တောင်း၍ ပေးတော်မူဘူးသော ထုံးလည်း ရှိချေသည်။ ဘိုးတော်ဘုရား လက်ထက်တွင်လည်း ဗန်းမော် စော်ဘွား ပြေးလေသည်ကို ဘကြီးတော်ဘုရားက လိုက်၍ တောင်းတော်မူ သည်ကို မနေဝံ့၍ သူကဗန်းမော်စော်ဘွားကို ပေးသော ထုံးလည်း ရှိချေသည်။ ကြောင်တကောင်နှင့် ကြွက်တမြုံကို ထောက်၍ ပေးရမှ သင့်မည် ထင်တော် မူသည် ဟူ၍ အမိန့်တော်ရှိသည်။ ယင်းသောအခါ လက်ျာဝန်ရန္တသူ လျှောက် သည်ကား၊ ယခု တရုတ်တို့ ချီလာရာမှာ အင်အားလည်း များလှသည်၊ ရဲမက်တော် အပေါင်းတို့လည်း တရုတ်တို့ကို လုပ်ကြံရာတွင် ပင်ပန်းချေသည်၊ တစ်မြို့နှင့်တစ်ရွာ၊ တစ်ရွာနှင့် တစ်အိမ်၊ တစ်အိမ်နှင့် တစ်ယောက်ကို ထောက်တော် မူ၍ ပေးတော်မူမှ သင့်မည် ဟူ၍ လျှောက်လျှင် ဆန်-ဝန်တင် ခြောက်ဆယ်၊ ငါး- ဝန်တင် ခြောက်ဆယ်၊ ဆား-ဝန်တင် ခြောက်ဆယ်နှင့် မင်းတရားမြင်း ကော် တွေတို့ကို ထွက်နပ် ပေးရလေသည်။ ပေးတော်မူမည့် အကြောင်းကိုလည်း အမိန့်တော်ပြန်ရသည်။ ယင်းသို့မှ တပို့တွဲလဆန်း သုံးရက် စနေနေ့ ရုံလုံ ဥတည်ဘွားတို့တစ်သားတစ်မြေးကိုပို့ရလေသည်။ယင်းသောအခါ မိုင်းဆည်စား တောင်းပြန်သောကြောင့် မိုင်းဆည်စားသည် ကျေးဇူး သစ္စာတော်ကို မသိ၍ ကွပ်ညှပ်တော်မူလေပြီ ဆိုရာတွင်မှ စေသူသံတို့ကိုဆုလာဘ်ပေး၍ တပို့တွဲလဆန်း ဆယ်ရက် စနေနေ့ တရုတ်စစ်သူကြီး အံသီဝင်တို့ ပြန်လေသည်။ တရုတ်တို့လည်း ငတ်မွတ်လှသောကြောင့် လက်နက်ကိရိယာကိုမျှ မယူနိုင် ပစ်ခဲ့ကုန်သည်။ ထို အကြောင်းကို ကြားတော်မူ၍ လက်နက်ကိရိယာ စစ်တန်းဆာတို့ကို သိမ်းယူ ရသည်။ ယင်းသို့မှ ကျော်စည်တစ်တန်းတောင်ဘက်တစ်လွှားတွင် ဖျက်ဆီးလေ သော မြို့ရွာတို့ကို ဝင်၍ နေမြဲနေဆောက်ရသည်။

အထူးထူးသော တိုင်းကြီး ပြည်ကြီး ထီးဆောင်းမင်းများသခင် ရွှေတွင်း၊ ငွေတွင်း၊ ပတ္တမြားတွင်း၊ ပယင်းတွင်း စသော ရတနာအပေါင်းတို့၏ အရှင် စတုဗ္ဗ ရတနာပူရမြို့တည် နန်းတည် ဆဒ္ဒန်ဆင်မင်းသခင် ဆင်ဖြူများရှင် ဘဝရှင် မင်းတရားကြီးဘုရား လက်ထက်တော် သက္ကရာဇ် (၁၁၉၁) ခုနှစ် နယုန် လဆန်းတစ်ရက်နေ့က စ၍ ရဟန်းပညာရှိ၊ ပုဏ္ဏားပညာရှိ၊ မှူးမတ်ပညာရှိတို့နှင့် အထူးထူးသော ရတနာတို့ဖြင့် ဆန်းကြယ်သော မှန်နန်းတော် ဆောင်တော်ဦး နန်းမစခဲ့၍ နှိုင်းညှိ၍ အသင့်ယုတ္တိ ကျမ်းဂန်အာဂုံများနှင့်အညီ သုတ်သင်စီရင် တော်မူသော မှန်နန်းမဟာ ရာဇဝင်တော်ကြီး (၁၉) တွဲပြီး၏။

## နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ၊

### အမှုထမ်း အရာထမ်းတို့ကို ဘွဲ့အမည် အရည် ပေးသနားတော်မူခြင်း အကြောင်း

တပို့တွဲ လပြည့်ကျော် ခုနစ်ရက် ကြာသပတေးနေ့ ရွှေလွှတ်တော်သို့ ထွက်တော်မူရာတွင် ဘွဲ့အမည် အရည် သနားတော်မူသည်။ သီဟယောဇကို ဇေယျဂါမဏိ၊ သီလဝကို ဗညားဒေဝါသည့်၊ တုရင်ကိတ္တိကို ရာဇတိမ်မှတ်၊ တောင်သမန်စားကို ရမ္မဒေဝ၊ တပ်ကစားကို တုရင်နန်းသူ၊ ဝေလုသူ့ရကို လက်ယာသီဟ၊ အင်တရော်မှူးကို ဘယသာရ၊ ရဲလွန်းကျော်မှူးကို တုရင်ပစ္စည်း အမည် သနားတော်မူသည်။ တပေါင်းလပြည့်ကျော် နှစ်ရက်နေ့ ပြဲတိုက်တော်သို့ ထွက်တော်မူရာတွင် အမည်သနားတော်မူသည်။ မြောက်တောင်မှူးကို ဇေယျဗလ၊ မြင်ခေါင်းသိတ်စားကို ရန်ကမ္ဘာ၊ နတ်စက်ရောင်မှူးကို တုရင်ဘယ အမည် သနားတော်မူသည်။ တန်ခူးလဆန်း ရှစ်ရက် တနင်္ဂနွေနေ့ သူရဲဒိုင်းမှူးကို လက်ဝဲသူရဟူ၍ လွှတ်တော်တွင် ဘွဲ့တပ်တော်မူသည်။ မုတ္တမသားတို့ကိုလည်း ယိုးဒယားသို့ ကပ်မှီ၍ မသင့်ကျင့်သည် ဟူ၍ လျှောက်လာ၍ ကြားတော်မူလျှင် မင်းရဲဇေယျသူကို အလုံးအရင်း အများနှင့် တပေါင်းလပြည့်ကျော်တစ်ဆယ်သုံးရက် ကြာသပတေးနေ့ ပဲခူးသို့ ချီရသည်။ သက္ကရာဇ် (၁၀၂၄) ခုနှစ် ကဆုန် လပြည့်ကျော် ငါးရက် စနေနေ့ ကင်းစည်ဒိုင်းမှူးကို လက်ယာသရေ ဟူသော အမည်ကို သနားတော်မူသည်။ ကဆုန် လပြည့်ကျော် ခြောက်ရက် တနင်္ဂနွေနေ့ မြို့လည်တော်မူသည်။ ထိုနေ့ ရဲစက်အောင် မြင်းမှူးကို လက်ဝဲမြစ်အမည် သနားတော်မူသည်။ ပြည်နောက်တော်ပါ ရှမ်းမြင်းတော်သည် လက်ဝဲ ဆယ်စီး၊ လက်ယာဆယ်စီး၊ ရွှေထိမ်း ရွှေကုန်းနှင့်တကွ တို့ကိုလည်း သွေးသောက်ကြီး တင်၍ ဖွဲ့တော်မူသည်။ မဏိဒေဝကို ... ဝါဆိုလပြည့်ကျော် ကိုးရက် သောကြာနေ့ ဝေလုသူ့ရကို တုရင်သူ၊ ရွှေပြည်မြင်းခေါင်းကို တုရင်သီဟ၊ ရှမ်းမြင်းစာရေးကို ဝေလုသရေ၊ ရန်ခွန်မှူးကို တုရင်ပညာအမည် သနား

တော်မူသည်။ တန်ဆောင်မုန်းလဆန်း ရှစ်ရက် ဗုဒ္ဓဟူးနေ့ မုတ္တမသို့ ရေကြောင်း လှေတပ်ချီရသည်။ တန်ဆောင်မုန်း လပြည့် ဗုဒ္ဓဟူးနေ့ မုတ္တမသို့ ဘယသကြီးကို ကြည်းကြောင်း ချီပြန်ရသည်။ ဇင်းမယ်လည်း ယိုးဒယားတို့ ချီလာသည် ဟူ၍ လျှောက်လာသောကြောင့် သက်တော်ရှည်ကို အလုံးအရင်းအများနှင့် ဇင်းမယ်သို့ ဘယသကြီးနှင့် တစ်နေ့တည်း ချီရသည်။ သက်တော်ရှည် ဇင်းမယ်သို့ မရောက်ခင် သက္ကရာဇ် (၁၀၂၄) ခုနှစ် တပေါင်းလဆန်း လေးရက် တနင်္လာနေ့ညပင် ဇင်းမယ် ပျက်နှင့်ချေ၍ သက်တော်ရှည်တို့ မြို့တွင်းသို့ မဝင်နိုင်၊ မြို့ပြင်က နှစ်ဘက်ညှပ် ရှိချေ၍ အပန်းတကြီးပင် တိုက်လန်၍ ဆုတ်ခဲ့ရချေသည်။ ဗညားလေ့ကို ဝန်ဖက်တော်မူသည်။ နောက် ဗညားကျန်းတော်ခံ၊ ၎င်းနှစ်က စ၍ ပဉ္စင်းနှစ်တိုင်း ခံတော်မူသည်။ တပေါင်း လပြည့်ကျော် သုံးရက် သောကြာနေ့ နေတစ်ချက်တီးကျော်တွင် ရှင်ပြုရှင်လှကို ကူးတော်မူ၍ ပတ္တမြား ဦးထုပ် ပတ္တမြားသင်္ကန်း လှူတော်မူသည်။

သက္ကရာဇ် (၁၀၂၅) ခုနှစ် ကဆုန် လပြည့်ကျော် ငါးရက် ဗုဒ္ဓဟူးနေ့ ဟိန္ဒသီဟသံမှူးတို့ကို မုတ္တမသို့ ရေကြောင်း အလုံးအရင်းအများနှင့် ချီပြန်ရသည်။ ပထမဝါဆိုလဆန်း ခုနှစ်ရက် အင်္ဂါနေ့ နံနက်လေးချက်တီးကျော်တွင် ရှင်မိဖုရား နတ်ပြည် စံတော်မူသည်။ ထိုနေ့ ညဉ့်တစ်ချက်တီးကျော်လွှတ်တော် အရှေ့မြောက်ထောင့်တွင် သဂြိုဟ်တော်မူသည်။ အလှူလည်း ကြေးကဲ့တော်မူသည်။ ယိုးဒယားမင်းလည်း သားအိမ်ရှေ့ ဗညားဝင်းကို အလုံး အရင်း ဆင် မြင်း အများနှင့် မုတ္တမကို လုပ်ကြံချေ စေ၍ ချီလာရသည်ကို ရဲမက်တော်တို့ တပ်ဖျားသား ပြည်ရိုက် ရဲဘော်ဘယ အင်းရဗာရင်တို့ အလျင်ချီ၍ ယိုးဒယားက ချီလာသော မှန်တပ်ခံ၍ နေသည်ကိုတွေ့၍ တိုက်သည် ပျက်လေ၏။ လှလည်း သုံးစုနှစ်စုခွဲ သေလေ၏။ နောက် ယိုးဒယားအိမ်ရှေ့မင်း၊ ဗညားဝင်း ချီလာသည်ကို တိုက်ပြန်သည်။ ယိုးဒယားသားတို့ပျက်၍ ဗညားဝင်းလည်း ဆင်ဦးတွင် ဆုံးလေသည်။ စီးသည့်ဆင်ကိုလည်း ရှေကနှင့်တကွ ရလိုက်သည်။ ဆင် မြင်း လူသူလည်း အများရလိုက်သည်။ လက်နက် ကိရိယာလည်း အများ ရသည်။ သေလေသည်လည်း များ၏။ ထားဝယ်မြို့မှာလည်း ယိုးဒယား အမတ်နှစ်ယောက် အလုံးအရင်းအများနှင့် ချီလာသည်ကို ထားဝယ်သားတို့ ဆီးကြို၍ တိုက်သည်။ ယိုးဒယားတို့ပျက်၍ အမတ်တစ်ယောက်လည်း ဆုံးချေသည်။ အမတ်တစ်ယောက်ကိုလည်း အရှင်ပင်ရလိုက်၍ ဆက်လာသည်။ သုံ့ပန်း

ဆင် မြင်းလည်း အများရလိုက်သည်။ မော်လမြိုင်မှာလည်း ယိုးဒယား အမတ်နှစ်ယောက် အလုံး အရင်း အများနှင့် ချီလာသည်ကို ရဲမက်တော်တို့သည် ဆီးကြို၍ တိုက်သည်။ အမတ်နှစ်ယောက်လုံးကိုရ၍တစ်ယောက်ကိုဖျောက်သည်။ တစ်ယောက်ကို ရွှေဖဝါးတော်အောက်သို့ ဆက်လာသည်။ ဆင် မြင်း သုံ့ပန်းလည်း အများရလိုက်သည်။ ယိုးဒယားသားတို့ပြေးလျှင် မင်းရဲဝေယျာသူကို အလုံးအရင်းအများနှင့် မုတ္တမတွင် အခိုင်အလုံနေသည်။

သက္ကရာဇ် (၁၀၂၆) ခုနှစ် ကဆုန်လဆန်း၊ ခုနစ်ရက် ကြာသပတေးနေ့ နေ့တစ်ချက်တီးကျော် လေးနာရီ သုံးပါဒ်တွင် ဆင်ရဂန် အောင်မြင် ဘုရားအနောက် ရမ္မဝတီအရပ် ဘုံစံဝတီနန်းတော်သို့ အစံထွက်တော်မူသည်။ ဘုံစံဝတီနန်းတော်၌ စံနေတော်မူစဉ် ငါ့သားတော်လည်း ကြီးမြတ်သော အထီးအမျိုးကို ငါနှင့်ညီ၍ ဆောင်ထိုက်သောသူဖြစ်သည်။ ရွှေသို့လည်း သားတော်အစဉ် မြေးတော်အဆက် မြစ်တော်အညွန့် တို့သည် နန်းတက်နှင့်နှင့် ကောင်းမင်းသာ ဖြစ်၍ သာသနာတော် စီးပွားကို မြင့်ရှည်စွာ ဆောင်လျက် များစွာသော တိုင်းနိုင်ငံ၌ ပြည်သူလူတကာအပေါင်းတို့၏ ကိုးကွယ်ရာဖြစ်စိမ့်သောငှါ ဓမ္မဝတ် ရာဇဝတ်နှင့် ညီစွာ သားတော် နရာဝရကို အိမ်ရှေ့မင်း၏ အဆောင်အယောင် ရုပ်နာ ဆင် မြင်း ကျွန်အရံနှင့်တကွ ကောင်းမြတ်သော မင်္ဂလာအခါ နယုန်လဆန်း ရှစ်ရက် တနင်္ဂနွေနေ့ နှစ်ချက်တီးကျော် တစ်နာရီတွင် အိမ်ရှေ့အရာ ဆောင်နှင်းတော်မူသည်။ တရုတ်ယောဓာနှင့် ဒေဝယောဓာကို အိမ်ရှေ့ဝန် ခန့်တော်မူသည်။ ကျော်စည်သားနှင့် ငဘော်ကို စာရေးကြီးခန့်တော်မူသည်။ လက်ယာဒေဝကို အိမ်ရှေ့အတွင်းဝန် ခန့်တော်မူသည်။ အရေးမခင်မှူးကို အိမ်ရှေ့အနောက်ဝန် ခန့်တော်မူသည်။ သွေးသောက်စု၊ လူပျိုစု၊ မြင်းစု၊ စာရေးစု၊ သေနတ်စု၊ ဗေဒင်စု၊ သမားစု၊ လမိုင်းစုနှင့်တကွ ဒီပယင်းမြို့၊ တောင်တွင်းမြို့၊ တလုပ်မြို့၊ မြင်နားမြို့၊ ပျဉ်ပြားမြို့၊ ကျောက်ကူပင်းတယသည်မြို့များကို ငွေခွန်နှင့်တကွ လက်ပွဲတော်မူ၍ ကံကျေးခံရသည်။ ဝါဆိုလဆန်း ခုနစ်ရက် တနင်္ဂနွေနေ့ ညဉ့် လေးချက်တီးကျော် တစ်ပါဒ်တွင် အိမ်ရှေ့အိမ်တော်သို့ တက်တော်မူသည်။ တော်သလင်းလဆန်း လေးရက် တနင်္ဂနွေနေ့ ညဉ့်သုံးချက်တီးကျော် နှစ်မောင်းတွင် ဘုံစံဝတီက ရွှေနန်းတော်သို့ ဝင်တော်မူသည်။ တော်သလင်းလဆန်းတစ်ဆယ့်နှစ်ရက်နေ့ အမည် သနားတော်မူသည်။ ရေစောက်ပိုင်းမှူးကို ရန်နိုင်ဘယခံစေ၊ ကျောက်မရှားမှူးကို ဝေလုသမန်ခံစေ

…တော်ရှိသည်။ တန်ဆောင်မုန်းလဆန်းတစ်ဆယ့်သုံးရက် သောကြာနေ့ မြို့
…တော်သို့ ထွက်တော်မူရာတွင် လက်ယာမာရဇာင်မှူးရဲတောကို တုရင်ကသူတို့
…တော်မူသည်။ တန်ဆောင်မုန်း လပြည့်ကျော် နှစ်ရက် အင်္ဂါနေ့ ခမည်းတော်
…ကျောင်းမှုတော် ရာဇမဏိ စူဠာ ဘုရားရှင်၌ ရေနေ့သင်္ကြန်ဝါ ကြည်းနေ
…ဝါလိုကို ထပ်၍ ဘေးမဲ့ပေးတော်မူပြန်သည်။ ဇင်းမယ် မှာလည်း ယိုးဒယား
…အလုံးအရင်းများခန့်၍ အခိုင်နေလေသည်ကို ဇင်းမယ်မြို့သားတို့သည် မြို့သို့
…မပင်ကြကုန်ဘဲ တောတွင် ပုန်း၍ နေကြလေသည်။ ထိုသူတို့သည် မြို့ကထွက်၍
…ရှိကြ ရှာသော ယိုးဒယားတို့ကို ဆီးဆို့၍ တိုက်သည်။ ရလျှင် ပျောက်
…လေကုန်၏။ ယင်းသို့အကြိမ် အပန်များစွာ ထွက်လာသမျှကို ဆီး၍
…ကြပါများလျှင် ယိုးဒယားသားတို့ အားလျော့၍ မြို့တွင်း ရှိသမျှကို သိမ်း
…၍ ယိုးဒယားသို့ သွားလေ၏။ ယိုးဒယား သားတို့ ပြေး လေ ကြောင်းကို
ဇင်းမယ်သားတို့က လျှောက်လာ၏။ ကြားတော်မူလျှင် သုဝဏ္ဏဘုမ္မိမည်သော
ဇင်းမယ် ပြည်ကြီးသည် သာသနာတော်မြတ် တည်ရာ ဖြစ်သည်။ စဉ်လှင့်
လေသောမြို့သူ ရွာသားတို့ကို သိမ်းသည်း ပိုက်ထုပ်၍ မြို့ရွာ စည်ပင်အောင်
…ထား စီရင်နိုင်မည့် သူကို ဝန်ခန့်ရမှ သင့်မည် အကြံတော်ရှိ၍ နတ်တော်
လပြည့်ကျော် နှစ်ရက် ကြာသပတေးနေ့ မင်းရဲ မင်းလှကျော်ကို အလုံးအရင်း
နှင့် ဇင်းမယ်သို့ ဝန်ခန့်တော်မူသည်။

ပြာသို လဆန်း ၄ ါးရက် ဗုဒ္ဓဟူး နေ့ ဖြတိုက်သို့ ထွက်တော်မူရာတွင် အမည်
သနားတော်မူသည်။ ရဲကျော်မှူးကို ရာဇသူခံစေ၊ သိန်ဗိုက် ချင်းမှူးကို တုရင်
ဗလခံစေ၊ ကင်းတာ မြင်းဒေါင်း ရွှေစာကို ရန်တပွမ်စေ အမိန့်တော် ရှိသည်။
ပြာသိုလဆန်းကိုးရက်ကြာသပတေးနေ့ကျဘုံစားကိုတုရင်သိန်းစည်းခံစေ၊မင်းလှ
စားကိုစက္ကုဒေဝခံစေ၊ ယင်းမာန်စားကို သီဟယောဓခံစေ အမိန့်တော်ရှိသည်။
ပြာသိုလပြည့်ကျော်တစ်ရက် ကြာသပတေးနေ့ နံနက်တစ်ချက်တီးကျော် နှစ်
မောင်းတွင် ရွှေနန်းတော်အနောက်မြောက်ထောင့် ယာယီနန်းတော်သို့ ပြောင်း
တော်မူသည်။ တပေါင်းလဆန်းဆယ်ရက် တနင်္လာနေ့ အမည်သနားတော်မူ
သည်။ သံတော်ခံအိမ်ရှေ့ထောင်မှူးကို ရာဇဗလဘွဲ့တပ်တော်မူသည်။ လပြည့်ကျော်
၄ ါးရက် ကြာသပတေးနေ့ လက်ယာဆင်မှူးကို ဥဇိန်ဇေယျာဘွဲ့တပ်တော်မူသည်။
သက္ကရာဇ် (၁၀၂၇) ခုနှစ် ကဆုန်လပြည့်ကျော် နှစ်ရက် ကြာသပတေးနေ့
အမည် သနားတော်မူသည်။ ဝေါပလာမှူးကို တုရင်သီရိ၊ ပုည သီဟကို သီရိ

ပိုက်ပသော် အမည်သနားတော်မူသည်။ ဘုံစံဝတီ နန်းဦးကို ဖျက်၍ ရွှေညောင် အနောက် ကျောင်း၏ လေးကျောင်းနှင့် တကွ ဆောက်တော်မူ၍ တခါ ဘုန်းကြီးအား လှူတော်မူသည်။ ပဝရာတိ ရာဇဂုရု ဟူသော တံဆိပ်ကိုလည်း အပ်တော်မူသည်။ ဘုံစံဝတီ နန်းမကိုကား နောင်တော် အိပ်ရွှေမင်းသားရာ သာသနလောက ဘုန်းတော်ကြီးအား သက္ကရာဇ် (၁၀၂၇) ခုနှစ် ကဆုန် လပြည့်ကျော် ၄ ရက် တနင်္ဂနွေနေ့ မွန်းယိမ်းကျော် ရှစ်နာရီ တခါတွင် နှစ်ကျောင်း တစ်ချိန်တစ်ခါတည်းလှူတော်မူသည်။ ရတနာ လင်္ကာရ ဟူသော တံဆိပ်ကိုလည်း အပ်တော်မူသည်။ ဘဝရှင် မင်းတရားကြီး ဘုရားလည်း ထိုအခါတွင် ယာယီနန်းတော်ကသည် ရွှေနန်းတော်သို့ တက်တော်မူသည်။ ထိုအခါတွင် ဘုရားရှင် ရုပ်ပွားတော် ဟောင်းနွမ်း လေသည် များကို လုပ်ရမူသည်။ ထိုအခါတွင် စဥ့်ဝင် တံခါးကြီး ကိုလည်း လုပ်ရသည်။ ခေါင်းကျိုး တိုင်လည်း စိုက်ရသည်။ ကဆုန်လပြည့်ကျော်တစ်ဆယ့်နှစ်ရက် ကြာသပတေးနေ့ အမည် သနားတော်မူသည်။ ဖွားဘက် ကျော်မှူးကို ဇေယျသိင်္ခ၊ ကောင်းကင် စက်မှူးကို ရန်အောင်ဘယ အမည် သနားတော်မူသည်။ နယုန်လဆန်း လေးရက် တနင်္ဂနွေနေ့ လက်ဝဲရွှေမိတ်ကို မင်းရဲဇေယျသူ၊ ဇေယျတုရင်ကို ရာဇသူရ အမည် သနားတော်မူသည်။ နယုန်လပြည့်ကျော် ဆယ်ရက် ကြာသပတေးနေ့ အမည် သနားတော်မူသည်။ မင်းရဲဇေယျကို မင်းရဲသီဟရာဇာ ခံစေ၊ မင်းရဲနန်းသူကို မင်းရဲသီဟ ခံစေ။ ဝါဆိုလဆန်းခုနစ်ရက် ကြာသပတေးနေ့ ဗညားလောက်ကို ဗညားကျန်းတော၊ ရာဇသင်္ကို လက်ဝဲရဲတိုင်အမည် သနားတော် မူသည်။ ဝါဆိုလဆန်းတစ်ဆယ့်လေးရက်ကြာသပတေးနေ့ ဘအိုင်းစားကို မနုကျိုက် ဘွဲ့တပ်တော်မူသည်။ ဝါဆိုလပြည့်ကျော် ၄ ရက် ဗုဒ္ဓဟူးနေ့ သီရိယောဓကို ဘယရန္တမိတ် ဘွဲ့ တပ်တော် မူသည်။ ဝါဆို လပြည့်ကျော် ခြောက်ရက် ကြာသပတေးနေ့ ဖြတိုက်တော်သို့ ထွက်တော်မူရာတွင် အမည် သနားတော်မူသည်။ လက်ဝဲရန္တသူကို နန္ဒသူရိယခံစေ။ ဝါဆိုလပြည့်ကျော် ခုနစ်ရက် သောကြာနေ့ အမည် သနားတော်မူသည်။ လက်ဝဲဇေယျသူကို ဇေယျရန္တမိတ် ခံစေ၊ ရမ္မယောဓကို နန္ဒကျော်သူခံစေ၊ ဝါခေါင်လဆန်း ခြောက်ရက် တနင်္လာနေ့ ယင်းတိုင်စားကို ဓမ္မ ဘယခံစေ အမိန့်တော်ရှိသည်။ နန်းတွင်းတွင် ယာယီ နန်းတော်ကို ဖျက်၍ အောင်တပ်တော် အရပ်၌ ဇေတဝန် သို့ ထပ် ဆောက်တော်မူ၍ ပြည်မှ ပင့်တော်မူသော ဘုန်းတော်ကြီးအား လှူတော်မူသည်။ မဟာတိသေဋ္ဌာလင်္ကာရ ဟူသော တံဆိပ်ကိုလည်း အပ်တော်မူသည်။

ယောမြတ်မုနိ လေးထပ်ကျောင်းတော်ကို တရုတ်တို့ ဖျက်ဆီးလေသည်ကိုလည်း ထပ်၍ ဆောက်လုပ်တော်မူမည် ဟူ၍ သက္ကရာဇ် (၁၀၂၇)ခုနှစ် တော်သလင်း လဆန်း၊ ခြောက်ရက် ကြာသပတေးနေ့ တောင် ရွှေနန်းတော်ကို လှူတော်မူ သည်။ တော်သလင်းလပြည့်ကျော်တစ်ဆယ့်နှစ်ရက် ဗုဒ္ဓဟူးနေ့ လက်ပံကိုင်စား ကို ဣန္ဒညာဏ၊ ပိသုကာပေါင်ကို သမိန်မြှပ်၊ ဗညားကျန်းတောကို သင်းကျစ် လွယ်၊ နန္ဒသီဟကို စလွယ်၊ ဗညားဒေါသည်ကို စလွယ်၊ ဘယကျော်ထင်ကို လွယ်၊ ဇေယျရန္တမိတ်ကို ရွှေကျပ်၊ လက်ဝဲရန္တမိတ်ကို ရွှေကျပ် သနားတော် မူသည်။ ။တန်ဆောင်မုန်းလဆန်း သုံးရက် စနေနေ့ ကျောက်မြတ် မတော် ကလို—ကို ပုညသူဌေး၊ မယင်းကို ဂမ္ဘီရ သူဌေးဘွဲ့ တပ်တော် မူသည်။ ။ တန်ဆောင်မုန်းလပြည့်ကျော် ခုနစ်ရက် ဗုဒ္ဓဟူးနေ့ ပြေ့ကြီးမှူး၊ တောင်မြို့ ငယ်စားကို ထင်ကျော်သူ၊ မကိုကို ရုပ်ပသူဌေး အမည်သနားတော် မူသည်။ ။ နတ်တော် လပြည့်ကျော်တစ်ဆယ့်နှစ်ရက် ကြာသပတေးနေ့ မှန်ထောင်မှူးကို လက်ယာရွှေတောင် အမည် သနားတော်မူသည်။ တန်ပို့လဆန်းဆယ်ရက် တနင်္ဂနွေနေ့ နန်းတော် အနောက်မြောက်ထောင့်တွင် ယာယီ နန်းတော် ဆောက်ပြီး၍ တက်တော်မူပြန်သည်။

သက္ကရာဇ် (၁၀၂၈) ခုနှစ် ကဆုန်လဆန်းတစ်ဆယ့်လေးရက် သောကြာနေ့ နံနက်လေးချက်တီးကျော် နှစ်နာရီတွင် လေးထပ်ကျောင်းတော် တိုင်ရပ်သည်။ ကဆုန်လပြည့်ကျော် သုံးရက် အင်္ဂါနေ့ ရွာတင်စား မကိုကို စန္ဒာကမူဘွဲ့ တပ်တော်မူသည်။ ။ကဆုန် လပြည့်ကျော် ကိုးရက် တနင်္ဂလာနေ့ ပဲခူး သပေါက်မှူးကို အမည် လက်ယာခင်မွန်းသနားတော်မူသည်။ ။ပထမဝါဆို လဆန်း တစ်ဆယ့်လေးရက် တနင်္ဂလာနေ့ အောက်အိမ် လက်ဖက် ပွဲစား ငကော်လှကို ဣန္ဒသူဌေးအမည် သနားတော်မူသည်။ ။ဒုတိယ ဝါဆိုလဆန်း ကိုးရက် သောကြာနေ့ ရွှေဘုံစုံမှူးကို လက်ယာရွှေတောင်၊ ဗညားကျန်းတော သား ရွှေအိုးကို သိဒ္ဓိဇေဝဘွဲ့ တပ်တော်မူသည်။ ။တော်သလင်း လဆန်း နှစ်ရက် တနင်္ဂလာနေ့ နေမျိုးကျော်ထင်ကို စည်သူကျော်ထင်ဘွဲ့ တပ်တော် မူသည်။ ။တော်သလင်းလပြည့်ကျော် ဆယ်ရက် ဗုဒ္ဓဟူးနေ့ ပဲခူးမှာ ငမြ စားကို တရုတ်သာပ၊ မုတ္တမမှာ မောင်စိမ်းဗိုင်းမှူးကို လက်ယာသူရအမည်သနား တော်မူသည်။ ။တန်ဆောင်မုန်းလဆန်း၊ နှစ်ရက် ကြာသပတေးနေ့ အောက် မားဝန်ကို အမန်ယေ၂၁၁ အမည် သနားတော်မူသည်။ နတ်တော် လဆန်း၊

အယ်ရက် တနင်္ဂနွေနေ့ သကင်းစေးကို ရွှတ်သင်ရုံ အမည် သနားတော်မူသည်။ တပို့တွဲလဆန်း သုံးရက် ဗုဒ္ဓဟူးနေ့ ယာယီ နန်းတော်ကသည် ရွှေနန်းတော်သို့ တက်စံတော် မူသည်။ တပို့တွဲလဆန်း ငါးရက် သောကြာနေ့ အင်းသော ဗိုင်းမှူးကို တရုပ်ပညာအမည် သနားတော်မူသည်၊ တပို့တွဲလဆန်းတစ်ဆယ့်နှစ်ရက် သောကြာနေ့ မြောက်ထောင်မှူးကို ဒေဝဘယ အမည် သနားတော် မူသည်။ တပို့တွဲလပြည့်ကျော် နှစ်ရက် ဗုဒ္ဓဟူးနေ့ ပုသိုးပွဲမြတ်အင်မြို့ကို ရတနာ သူရ အမည် သနားတော်မူသည်။ ။တပို့တွဲလပြည့်ကျော် သုံးရက် ကြာသပတေး နေ့ ကျော်ခေါင်းမှူးကို ရာဇဘယ အမည် သနားတော်မူသည်။ ။တပေါင်း လဆန်းတစ်ဆယ့်သုံးရက်တနင်္ဂနွေနေ့ဆီးချောင်စားကို တရုပ်ဗလ အမည်သနား တော်မူသည်။ ။တန်ခူးလဆန်း တစ်ရက် တနင်္ဂနွေနေ့ ရေကင်းမှာ မြည်ပေါက် စားကို အယကိတ္တိ၊ ပြည်မှာ ကပ္ပိလစားကို မနော်သဒ္ဒ အမည် သနားတော် မူသည်။

သက္ကရာဇ် (၁၀၂၉) ခုနှစ် ကဆုန်လပြည့်ကျော်တရက် စနေနေ့ ရွှေပိုက် တော်စံကို ဘောဂသူဌေး အမည် သနားတော်မူသည်။

ထိုလတွင် ငင်းမယ်ဝန် မင်းရဲမင်းလှကျော်သည် မသင့်မတင့်ကြံသည် ဟူ၍ ကြားတော်မူ၍ စစ်ကြောရသည်။ မှန်သောကြောင့် ငင်းမယ်ကသည် မိုးညင်း ကြီးသို့ ပို့တော်မူသည်။ ထိုလတွင် မိုးညင်းစော်ဘွားကို ငင်းမယ်ဝန် ခန့်တော် မူသည်။ ။ဝါဆိုလဆန်းနှစ်ရက် အင်္ဂါနေ့ ရွှေပြည်စိုးကို ဇေတရာဇ် အမည် သနားတော်မူသည်။ ။တော်သလင်းလဆန်း နှစ်ရက် သောကြာနေ့ မဟ္ဘမှာ ဝရာဇာကို ငွယ်ရမ္မ၊ မြင်မြို့စားကို ငွယ်ရမတိ၊ ကောပိန်မြို့စားကို ဝက်ငွယ် လကွန်မြို့စားကို စန္ဒဒေဝ၊ တခရေဇဘရိုင်စားကို ပုညာသာရိ၊ ဇာကမှူးကို ဣန္ဒသာရအမည် သနားတော်မူသည်။ ။တော်သလင်းလဆန်း တစ်ဆယ့်တစ် ရက် တနင်္ဂနွေနေ့နေ့တစ်ချက်တီးကျော်တွင်ပိဋကတ်တော်ခံ၍ ရေးရသည်။ ။ တော်သလင်းလပြည့်ကျော် သုံးရက် တနင်္ဂနွေနေ့ ဟံသာဝတီမှာ မြင်းခေါင်း ငပဲစားကို လက်ဝဲတော် မိုင်းရဲအမည် သနားတော်မူသည်။ နတ်တော်လဆန်း တစ်ဆယ့်တစ်ရက်သောကြာနေ့ မှန်သာစားကို ဥဗိန်ယောဓ၊ ကုလားဝန်ဘော မစားကို ရာဇခေတ္တအမည်သနားတော်မူသည်။ ။ထိုနေ့ နောင်တော် တောင် ဘုရင် လွှန်တော်မူသည်။ အထွေးတော် မင်းရဲကျော်စွာကို သဂြိုဟ်သည့်နည်း

ဘိုးဖြစ်တော်မူသည်။ တောင်ငူဘုရင် သားတော် ကိုးပါး၊ သမီးတော် နှစ်ပါးကို ယူ၍ ရွှေပေါ်တော်အောက်သို့ပို့၍ မွေးတော်မူသည်။ တပို့တွဲလဆန်း ခြောက်ရက်ဗုဒ္ဓဟူးနေ့ မြင်းခေါင်းနှိနီစားကို သွာဒိန္နသာအမည် သနားတော်မူသည်။ တပို့တွဲလပြည့်ကျော်တစ်ရက်စနေနေ့ကုသာထောင်မှူးကို တုရင်သူအမည်သနားတော်မူသည်။ တပေါင်းလဆန်းသုံးရက်အင်္ဂါနေ့ လက်ဝဲဝင်းမှူး ဧယျသောခကိုနန္ဒကျော်ထင်၊ လက်ယာဝင်းမှူးဘလဲစားကို ဥဒိန်သောအမည်သနားတော်မူသည်။ တပေါင်းလဆန်း တစ်ဆယ့်သုံးရက် သောကြာနေ့ ရွှေလေးမှူးကို ဇေယသူ၊ တပေါင်းလပြည့်ကျော်နှစ်ရက် တနင်္လာနေ့ အရှေ့ဝင်းမှူး၊ လက်ဝဲနန်းသူကို လက်ယာဇေယျသကြံအမည်သနားတော်မူသည်။

သက္ကရာဇ် (၁၀၃၀) ခုနှစ် ကဆုန်လပြည့်ကျော် ခုနစ်ရက် တနင်္လာနေ့ လင်းဇင်း ဝေါ်မှူးကို တုရင်ပျံချီအမည် သနားတော်မူသည်။ ကဆုန်လပြည့်ကျော် ဆယ်ရက် သောကြာနေ့ အနောက်ဝင်းမှူး တုရင်ကျော်သူကို ဇေယျရန္တသူ၊ ငွေတွင်းစားကို မဏိဓမ္မအမည် သနားတော်မူသည်။ နယုန်လဆန်း ငါးရက် တနင်္လာနေ့ မွန်းယိမ်း တစ်နာရီတွင် ဟံသာဝတီ ရွှေမော်ဓောဘုရားကို ဆောင်လျှ လှူတော်မူသည်။ ဝါခေါင်လဆန်း ရှစ်ရက် တနင်္ဂနွေနေ့ နံနက် လေးချက်တီးကျော် တစ်ဆယ့်နှစ်ဗိဇနာတွင်မင်းရဲရာဇသူကို တောင်ငူဝန်ခန့်တော်မူသည်။ တပေါင်းလဆန်း ကိုးရက် တနင်္ဂနွေနေ့ အိမ်ရှေ့မင်း ကျွန်တော် စည်ပုတ္တရာစားကို လက်ဝဲ မြို့ဝံ့အမည် သနားတော်မူသည်။ တန်ခူး လပြည့်ကျော် နှစ်ရက် တနင်္ဂနွေနေ့ နေမွန်းလွဲ နှစ်နာရီတွင် ရွှေနန်းတော် မြောက် ယာယီနန်းတော်သို့ ပြောင်းတော်မူပြန်သည်။ သက္ကရာဇ်(၁၀၃၁)ခုနှစ် ကဆုန် လပြည့်ကျော် သုံးရက် အင်္ဂါနေ့ ပြင်စည်မင်းကို မင်းရဲနရာအမည် သနားတော် မူသည်။ နယုန်လပြည့်ကျော်တစ်ဆယ့်တစ်ရက်သောကြာနေ့ ညဉ့်လေးချက် တီးကျော် ခြောက်နာရီ နှစ်ပါဒ်တွင် မြောက် ယာယီနန်းတော်က ရွှေနန်းတော်သို့ တက်တော်မူသည်။ ပထမ ဝါဆိုလဆန်း နှစ်ရက် ဗုဒ္ဓဟူးနေ့ စစ်ကိုင်းမင်းကို မင်းရဲရန္တသူအမည် သနားတော်မူသည်။ ပထမ ဝါဆိုလဆန်း ငါးရက် တနင်္ဂနွေနေ့ ညဉ့်သုံးချက်တီးကျော် ခြောက်နာရီ တပါဒ် ဗြိစ္ဆာလဂ်တွင် ပြသပိုက်တို့ကို ကျိုင်းရုံးသို့ ချီရသည်။ ထိုအခါတွင် လေးထပ် ကျောင်းတော်ကို သီတင်းကျွတ်လဆန်း ရှစ်ရက် ဗုဒ္ဓဟူးနေ့ မွန်းယိမ်း သုံးနာရီ လှူတော်မူသည်။

နှစ်ပါင်း နေလာက်တွင် လက်ယာပုံချိတ်ကို မိုးကောင်းသို့ချီရသည်။ တန်ဆောင်မုန်း လပြည့်ကျော်တစ်ဆယ့်လေးရက်ဗုဒ္ဓဟူးနေ့ ရွှေစည်းခုံတွင် ရွှေဇမှာ သာ ပေါ်တော်မူသည်။ နတ်တော်လပြည့်ကျော် ရှစ်ရက် တနင်္ဂနွေနေ့ ဗုဒ္ဓ ဘုရားကို ရောင်လျှံ လှူတော်မူသည်။ ထိုအခါတွင် ပဲခူးကျောင်းတော်ကို တင်တော်မူသည်။ တပို့တွဲလဆန်း တစ်ဆယ့်တစ်ရက် သောကြာနေ့ နေ့တက် ခြောက်နာရီနှင့် ခြောက်ဗိဇနာ မိန်လက်တွင် သမီးတော် ရှင်ယသောကို နားထွင်းမင်္ဂလာ ဆောင်တော်မူသည်။ အမြင့်မြို့ကို လက်ဖွဲ့တော်မူသည်။ သက္ကရာဇ် (၁၀၃၂) ခုနှစ် ကဆုန်လဆန်း တစ်ဆယ့်လေးရက်သောကြာနေ့ နန်းတော်ကို မိုးကြိုးသင့်သည်။ သီတင်းကျွတ် လပြည့်ကျော် ကိုးရက် အင်္ဂါနေ့ မိုးနဲ့သို့ ရဲမက်တော်တို့ ချီပြန်ရသည်။ တန်ဆောင်မုန်း လဆန်း ခုနစ်ရက် တနင်္ဂနွေနေ့ ညဥ့်လေးချက်တီးကျော် နှစ်နာရီတွင် လေးထပ်ကျောင်းကို ရွှေလှူတော်မူ၍ ထည့်ရသည်။ တန်ဆောင်မုန်းလပြည့်ကျော်တစ်ဆယ့်သုံးရက် တနင်္ဂနွေနေ့ နေတက် တစ်ချက်တီးကျော် နှစ်နာရီတွင် မြင်သီလှတို့ကို ချီပြန်ရသည်။ အိမ်ရှေ့ဝန်တို့ကိုလည်း လဲတော်မူသည်။ ပြာသိုလဆန်း တစ်ရက် တနင်္ဂနွေနေ့ တစ်ချက်တီးကျော်တွင် အိမ်ရှေ့မင်းဆောင်ကို နန်းတွင်းသို့ သွင်းတော်မူ၍ ဇမ္ဗူပတိကုန်း ဟူသော အမည်ကို ဘွဲ့တပ်တော်မူသည်။ ငွေအင်းညို သုံးလုံး၊ ရွှေထီးငါးစင်း ပေးတော်မူ၍ ရွှေနန်းတော် အရှေ့ မြောက်ထောင့် တင်းကုတ်တွင် ထားရသည်။ ပြာသိုလပြည့်ကျော် သုံးရက် တနင်္ဂနွေနေ့ မြင်းနတ်ဘုရား၊ ဤသဒ္ဒါဘုရားကို မကိုဋ်လှူတော်မူသည်။ တပေါင်းလပြည့်ကျော် ခုနစ်ရက် တနင်္ဂနွေနေ့ မိုးကောင်းသို့ ချီရသော ရဲမက်တော်တို့ အရေးတော်ပြီး၍ ပြန်သည်။ တန်ခူးလပြည့်ကျော် သုံးရက် သောကြာနေ့ မိုးနဲ့သို့ နောက် ချီလေသသူ မြင်သီလှတို့ ပြန်သည်။ ။သက္ကရာဇ်(၁၀၃၃)ခုနှစ် ကဆုန်လဆန်း ခြောက်ရက် တနင်္ဂလာနေ့ နေတက် တစ်ချက်တီးကျော် လေးနာရီတွင် မင်းရဲရဲနန္ဒသူကို ဇင်းမယ်သို့ ဝန်ခန့်တော်မူ၍ သွားရသည်။ ပထမ ဝါဆိုလဆန်း ရှစ်ရက် တနင်္ဂနွေနေ့ မွန်းယိမ်း တစ်နာရီနှင့် လေးဗိဇနာ သိဟ်လက်တွင် လေးထပ်ကျောင်းတော်ကို တူရွင်းခြေ ရှင်ဂုဏာရာမဆရာတော် အားလှူတော်မူသည်။ တန်ဆောင်မုန်းလဆန်းတစ်ဆယ့်တစ်ရက်ကြာသပတေးနေ့ ရွှေစည်းခုံသို့ ထွက်တော်မူ၍ ဆရာတော်တို့အား ဆွမ်းလုပ်ကျွေးတော်မူသည်။ လှူဖွယ် လှူခင်းလည်း အများလှူတော်မူသည်။

## ဖြည်မင်း နတ်ရွာစံတော်မူခြင်း၊ စည်းစိမ် သက်တော် ပြုတော်မူသော ကောင်းမှုတော် မိဖုရား သားတော် သမီးတော်တို့အကြောင်းနှင့် အိမ်ရှေ့မင်း နန်းတက်တော်မူခြင်းအကြောင်း

သက္ကရာဇ်(၁၀၃၄) ခုနှစ် တန်ခူးလပြည့်ကျော် နှစ်ရက် ကြာသပတေးနေ့ နံနက် လေးချက်တီးကျော် နှစ်မောင်းတွင် မဟာ ပဝရ ဓမ္မရာဇာ လောကာဓိပတိ အမည်တော်ရှိသော မင်းတရားကြီးဘုရား လှူ့ပြည် ပြီး၍ နတ်ပြည် စံတော်မူသည်။ သုံးမောင်းကြာမှ နံနက် လေးချက်တီးကျော် ငါးမောင်းတွင် သားတော် အိမ်ရှေ့မင်း အိမ်ရှေ့ အိမ်တော်က ဝင်တော်မူသည်။ ယင်းသော အခါ ဝေါတော် ရှေက လေပွေသည် နန်းတွင်းသို့ ရောက်တော် မူသည့် တိုင်အောင် ရှေ့တော်က သွားသည်။ လပြည့်ကျော်သုံးရက် သောကြာနေ့ ခမည်းတော်ဘုရား၊ အလောင်းတော်ကို ရွှေနန်းတော် အရှေ့ တောင်ထောင့်၌ ဇကြာဝတေးမင်းတို့ သင်္ဂြိုဟ်သကဲ့သို့ သင်္ဂြိုဟ်တော်မူသည်၊ မဟာ ပဝရ ဓမ္မရာဇာ လောကာ ဓိပတိ အမည်တော်ရှိသော မင်းတရားကြီး ဘုရားကား အိမ်နိမ့် လေးဆယ့်နှစ်နှစ်၊ စည်းစိမ်တစ်ဆယ့်တစ်နှစ်၊ သက်တော် ငါးဆယ့်သုံးနှစ်တွင် နတ်ပြည်စံတော်မူသည်။ နံတော်တနင်္ဂနွေသားဘည်း။ ပြုတော်မူသော ကောင်း မှုတော်ကား ခမည်းတော်ဘုရား ကောင်းမှုတော် ရာဇမဏိစူဠာဘုရားရှင်ကို ရွှေ လုံးတော်ပြည့် လှူတော်မူသည်။ ရွှေစည်းခုံဘုရားရှင်ကိုလည်း ရွှေလုံးတော်ပြည့် လှူတော်မူသည်။ ရှင်မြို့ ရှင်လု ဘုရားရှင်ကိုလည်း ပတ္တမြားဦးထုပ် ပတ္တမြား သင်္ကန်းလှူတော်မူသည်။ ရမ္မဝတီအရပ်၌ ဘုံစံဝတီနန်းတော်ကိုလည်း ဆရာတော် ရတနာလင်္ကာရအား ကျောင်းလှူတော်မူသည်။ ဘုံစံဝတီ နန်းဦးကိုလည်း ဇေတဝန်ကျောင်းတော် ဆောက်လုပ်၍ လှူတော်မူသည်။ ရွှေနန်းတော် မြောက် ယာယီနန်းတော်ကိုလည်း အောင်တပ်တဲတော်ရာတွင်ကျောင်းဆောက် ၍ လှူတော်မူသည်။ ရွှေမော်ဓောဘုရား၊ ကျိုက်သရဲဘုရား၊ မြင်းနတ် ဘုရားရှင် တို့ကိုလည်း မကိုဋ် ဆောင်လုံ့ လှူတော်မူသည်။ ဟံသာဝတီ၌လည်း ကျောင်း ရံနှင့်တကွ ကျောင်းဆောက်၍ လှူတော်မူသည်။ (၁၀၂၄) ခုနှစ်က စ၍ ပဿင်းတော် နှစ်တိုင်း ခံတော်မူသည်။ ဝါကျွတ် လျှင်လည်း ဆိမ်းတန်ဆောင်၊ ထီး၊ တံခွန်၊ ဆင်၊ မြင်း၊ သင်္ဘော၊ လှေ၊ ရွှေ၊ ငွေ၊ ထန်ရေစပါး၊ ဆေး၊ ငါးပိ၊ အစ ရှိသော လှူဘွယ် ဝတ္ထုတို့ကိုလည်း နိုင်ငံတော် အလုံး၌ တန်ခိုးကြီးသော ဘုရားဂူကျောင်းတို့ကို လှူတော်မူသည်။ ကထိန်ကာလ ရောက်လျှင်လည်း နိုင်ငံ

တော် အဝေးအနီး၌ သိတင်းသုံးသော သာရာတော် အပေါင်းတို့အား ပင့်
ရမည်၊ မှုရှိ၊ ခါသာ စသော သက်နန်းတို့ကို လှူတော် မူသည်။ ကြည်ညိုသော
ကောင်းမှု တော်တို့ကို ဆည်းပူးတော်မူသည်။ မဟာပဝရ မှော်ရာဇာ လောကာ
ဓိပတိ မင်းတရားကြီး ဘုရားသည် နတ်ပြည် စံတော် မူလိုလျှင် ရှေးဦးစွာ
ဘုရား လင်းတနားသည်။ မြစ်ငယ် တွင်းဝယ် မိကျောင်း ပေါ်သည်။
ကြာသပတေးကြယ် လအွင် ချိုးသည်။ ဗျောက်ဆိပ် လအွင် ချိုးသည်။
ဓမ္မနံမြစ်ကို မိကျောင်းဆန်၍ တောင်ဘက် မိုင်းဟုံတိုင်အောင် ရောက်သည်။
ကျောက်စရစ် အိုးခြမ်း တွားသည်။ အရှေ့တောင်ရိုး၌ မိုယ်းကြီးရွာ၍ အရှေ့
တစ်တန်းရေကြီး၍ ဘုရားပုထိုး ကျောင်းကန် အိမ်ရာ မျောသည်။ လူသည်
တစ်ရာကျော်ခန့်သေသည်။ တောင်ကမ်းလည်းပြိုသည်။ သရက်ပင် အရပ်တွင်
ခေါ်ရိုးခန့် အတက်ပေါက်သော အခက်သည် တမြှာမှာ ဆယ်လုံး၊ တမြှာ
မှာလေးလုံး သီးသည်။ကြက်သွယ်လည်း အမြီးမျှ မပေါက်သေးဘဲကို ဥသည်။
ဤသို့သော နိမိတ် ဩဘာတို့သည် ထင်ကုန်သည်။ မဟာ ပဝရ မှော်ရာ
လောကာဓိပတိ အမည်တော် ရှိသော မင်းတရားကြီးဘုရားရှင် မိဖုရားတွင်
မြင်သော သမီးတော် ပဒုမပဘာတွင် ကျောက်ပေါက်၍ တစ်ဆယ့်ငါးနှစ်တွင်
လွန်တော်မူသည်တစ်ပါး၊မောင်တော် နရာဝရ ခမည်းတော် ဘုရားတွင် အိမ်ရှေ့
နေသည်တစ်ပါး၊နှမတော် ရုစိယပဘာတစ်ပါး၊ပေါင်း သုံးပါးတည်း။ ကိုယ်လုပ်
တော် တို့တွင် မြင်သော သားတော် သမီးတော်တို့ကား သီရိမဟုရုပ်သိမ်း၊
ရှင်မိခင်တွင် မြင်သည့် သမီးတော် အဋ္ဌန တစ်ပါး၊ မျောက်သားတော်ကား
စေဋ္ဌကူးမင်း မင်းရဲရဋ္ဌသူ မောင်တော် နေမျိုးရဲကျော် မြင်စည်ကို စားသည်
တစ်ပါး၊ဝရာကတော် ခင်ညီတွင်မြင်သည့် သမီးတော်သီရိစံပြိုး မြင်ကွန်းမင်း
သမီးတစ်ပါး၊မြစ်ကိုင်းကတော် ခင်စိုးမင်းတွင်မြင်သည့် သမီးတော်သီရိဘုန်းပြိုး
တစ်ပါး၊ညီမတော် သီရိမြတ်ကျော်တစ်ပါး၊ လက်ဝဲကုန်ကသည် မြောကြီးကို
စားသည်။ ခင်ဘူဇာတွင် မြင်သည့် သမီးတော်ပဋ္ဌကလျာတစ်ပါး၊မောင်တော်
သခင်ဘုန်းနိုင် နောက် မြင်ကွန်းကိုစားသည်။ နောက် မင်းရဲ နရာ ခံသည်။
စလင်းကသည် သံလျှင်ကို ဝန်ပြုသည်။ နောက် မင်းရဲ ရန်နောင် ခံသည်။
တစ်ပါး၊တုရင်ရာဇာသမီးခင်ထွန်းစံတွင် မြင်သည့်သားတော်ရွှေနန်းတက်၊ သခင်
ပြုလည်း ခေါ်သည်။ နောက်မင်းရဲ ရန်နောင် အမည်နှင့် ပြည်မှာဝန်ပြုသည်
တစ်ပါး၊ခင်စံမျိုးတွင်မြင်သည့် ရှင်ကြောင်ပြူ၊ နောက်မြဝတီကိုစား၍ စလင်းမှာ
ဝန်ပြုသည် တစ်ပါး၊ ခင်လှစံတွင် မြင်သည့် သမီးတော်သီရိပဘာ တစ်ဆယ့်

ခုနှစ်နှစ်တွင် လွန်သည် တစ်ပါး၊ သဘင်တော်သည်တွင် မြင်သည့် သားတော် သီဟရဲကျော် ပြည်မှာ မင်းပြုတော်မူလာအခါ နဝင်းချောင်းကို ကူးရာတွင် လွန်သည် တစ်ပါး၊ သီဟရဲကျော်တွင် မြင်သည့် မြေးတော်မှာ၊ အဝသို့ ရောက်လျှင်လွန်သည်။ ကိုယ်လုပ်တော်တို့တွင် မြင်သည့် သားတော် ငါးပါး၊ သမီးတော်ခြောက်ပါး ပေါင်းတစ်ဆယ့်တစ်ပါး။

သက္ကရာဇ် (၁၀၃၄) ခုနှစ် ကဆုန်လဆန်း ၄ ရက် တနင်္ဂနွေနေ့ ညဉ့် တစ်ချက်တီးကျော် နှစ်ခမောင်းတွင် သားတော် အိမ်ရှေ့မင်း နရဝရ ယာသီ နန်းတော်ကသည် ရွှေနန်းတော်သို့ တက်တော် မူရသည်။ ဝါခေါင်လဆန်း တစ်ဆယ့်နှစ်ရက် သောကြာနေ့ မွန်းယိမ်းငါးနာရီ တစ်ပါဒ် ပြဿဒါးလဂ်တွင် ဥကင်သဖွင့်တော်မူသည်။ မဟာသီဟသူရ သုဓမ္မရာဇာ ဟူသော အမည်တော်ကို ခံတော်မူသည်။ တံဆိပ်တော်ကို မြေ့ကြီးမူ ရာဇကျော်သူ လျှောက်သည်။ မင်းရဲသီဟ ဆက်သည်။ မင်းညီ မင်းသား မင်းမှူး မင်းမတ် အပေါင်းတို့ကို သမည် အရည် အဆောင် အဆောင်မြို့ပြကျေးရွာပေးတော်မူသည်။ တစ်ဆယ့် နှစ်ရက်နေ့ပေး ညီတော်သခင် ရမည်းသင်းမင်းကြီးကို မင်းရဲကျော်ထင်၊ ပန်းတိမ်း မင်းရဲရန်နောင် နန္ဒသကြံကို သက်တော်ရှည်၊ နန္ဒသီဟကို စတုဂ္ဂါမဏိ၊ လက်ယာပျံချီကိုတရဖျား၊ လက်ဝဲရန္တကို ရက္ခတေး၊ လက်ယာဇေယသကြံကို နန္ဒ စည်သူ၊ ဇေယနန္ဒမိတ်ကို လက်ဝဲဇေယသကြံ၊ လက်ယာသင်္ခကို လက်ယာဇေယသူ၊ လက်ယာကျော်သူကို ဘယသကြံ၊ မြဲတေဇကို ဗညားပြတ်ဟူသောအမည် ပေးသနား တော်မူသည်။ လဆန်းတစ်ဆယ့်သုံးရက် စနေနေ့အမည် သနားတော်မူသည်။ မင်းရဲသီဟရာဇာကို သီရိဓမ္မာသောက၊ မင်းရဲသင်္ဂသူကို မင်းရဲသီဟ၊ လက်ဝဲ ရဲတိုင်ကို ဇေယသကြံ၊ ဇေယျစလကို နန္ဒသကြံ၊ ဒေဝသီရိကို စတုမဂ်သူ၊ လက်ယာ သီဟကို ဇေယျရန္တမိတ်၊ ဇေယျနန္ဒသူကို လက်ယာရဲတိုင်၊ တုရင်သီရိကို နန္ဒမိတ်၊ စတုရင်္ဂပစ္စည်းကို ရန္တမိတ်၊ လက်ဝဲရန္တသူကို လက်ဝဲရန္တစည်သူ၊ ဒေဝသူရကို လက်ဝဲနန်းသူ၊ လက်ယာရွှေတောင်ကို မင်းလှရွှေတောင်၊ တုရင်ယောဓကို လက်ဝဲကျော်သူ၊ ရာဇတမန်ကို ဘယသူရအမည် သနားတော် မူသည်။ လဆန်းတစ်ဆယ့်လေးရက် တနင်္ဂနွေနေ့ အမည် သနားတော်မူသည်။ တုရင်သိန်းစည်းကို နန္ဒသီရိ၊ ကက်သူကို လက်ဝဲသီဟ၊ ဒေဝယောဓကို လက်ယာရန္တမိတ်၊ လက်ဝဲသိခ်ကို လက်ဝဲပျံချီ၊ ရာဇသိခ်ကို ရမ္မယောဓ၊ ဇေယျ တမန်ကို ဘယယောဓ၊ မြင်သည်လှကို တုရင်ရာဇာ၊ ရဲဒိုင်းမှူးကို လက်ဝဲ

ကြံသိုင်း၊ လက်ဝဲမြင်းခေါင်းကို ကုရင်ဝေဝေသော်၊ ခေးစွဲမှူးကို လက်ယာကြံသိုင်း သကျင်စားကို ငယ်တုရင်၊ ကုလားကန်စားကို မနက်ပိုက်၊ ပုညာဒေဝ၊ လက်ဝဲမြင်းခေါင်းကို ရာဇဒေဝ၊ အခမြောက်မှူးကို သနားတော်မူသည်။ ဝါခေါင်လပြည့်ကျော် ငါးရက် ခေါ်တော်မူသည်။ မြို့သစ္စေ့းစရာ ရေခပ်ရာမှာ လှော်ကားလေး အင်းမျှော့လှော်ကား တိုက်မိ၍ ကျိုးသည်။ တော်သလင်းလဆန်း နှစ်ရက် သောကြာနေ့ မြဲတိုက်တော်သို့ ထွက်တော်မူရာတွင် အမည် သနားတော်မူသည်။ ဒေဝဘယကို ရာဇသိင်္ခ၊ ဘုန်းတော်နိုင်ငံမှူးကို ဂဇယောဓ၊ စားကို သင်္ဂလက်ယာ ယင်းတိုက်စားကို ဇေယပုည၊ မြဲရေးမှူးကို ပွဲတိုင်းကျော်မှူးကို အင်းယဉ်တုရင်၊ ဆီးပန်းစားကို သိရိပိုက်ပသော၊ စားကို သိရိမြှတ်အမည် သနားတော်မူသည်။ သူကြီး မြည်စိုးတို့ကို သမုတ်တော်မူသည်အား တလုပ်မြို့ သူကြီး ငပြုံးကို သရေဝဓနာ၊ စေတုရာဇာ၊ ဒီပယင်းမြို့သူကြီး ငထွေးကို ရာဇဝဓနာ၊ ငဆုတ်ကို ဒေဝဝဓနာ တွင်းတိုင်သူကြီးကို သမန္တဘဒ္ဒရာ၊ တောင်နောက်သူကြီးကို သမန္တသူ၊ ဝန်ထင်ဦးကို ဝဓနရာဇာ အမည် တွင်စေ၍ မှည့်တော်မူသည်။ တလုပ်မြို့ ဒီပယင်းမြို့၊ တောင်တွင်းကြီးမြို့ သည်အိမ်ရှေ့ပေါ် သုံးမြို့ကို အသည်းတိုင် တစ်ဘက်ကို သုံးနှစ် လွှတ်တော်မူသည်။ တော်သလင်း လပြည့်ကျော် သုံးရက် တနင်းလာနေ့ လွှတ်တော်ကို ရွှေအည့်သည်။ မြင်စည်မင်း—မင်းရဲနရာကို မြည်ဝန် ခန့်တော်မူသည်။ တန်ဆောင်မုန်းလဆန်း တစ်ဆယ့်သုံးရက် ဗုဒ္ဓဟူးနေ့ နှစ်ချက်တီးကျော်ခန်းပြီ တစ်ဆယ့်လေးဇနာ မကာရလဂ်တွင် လွှတ်တက်တော်မူသည်။ တန်ဆောင်မုန်းလပြည့်ကျော်ငါးရက် စနေနေ့နံနက် တစ်ချက်တီးကျော် နှစ်နာရီတွင် အောင်ထွန်းတံခါးကို ထွက်တော်မူ၍ မြို့ကို လည်တော်မူသည်။ အောင်ထွန်းတံခါးကိုပင် ဝင်တော်မူသည်။ နတ်တော်လဆန်း လေးရက် ဗုဒ္ဓဟူးနေ့ ရွှေစည်းခုံဘုရားရှင်သို့ ဆွမ်းလုပ်ကျွေးထွက်တော်မူသည်။ နတ်တော် လပြည့်ကျော် နှစ်ရက် အင်္ဂါနေ့သို့အဝင် ညဉ့် နှစ်ချက်တီးကျော် နှစ်နာ တပေါ်ြ တွင် လေးထပ် ကျောင်းတော်ကို သာသန ဇောတ အား လှူတော်မူသည်။ ခမည်းတော်ဘုရားတွင် မိုးညှင်းသို့ ပို့လေသော မင်းသား နေမျိုး စံကျော်သည် မျှောက်သားတော်သို့ စာပေ အထွေထွေ ရောက်သည် ဟူ၍ နောက်ထပ်လိုက်၍ လုပ်ကြံရသည်။ မြည်ဝန် မင်းရဲနရာလည်း နောင်တော်

ဘုရားမရှိလျှင် ငါပြင်ရှိအလေလာဟူ၍ ဆင်သွင်းရာ ဆင်ကျုံးတွင် ကြုံးဝါး သည်ဟူ၍ နာခံတို့ လျှောက်လေသည်။ နမောတော် အဖွဲ့နတ်မှာ အင်းတိုင်နှံ ထားသည်ကို ရသောကြောင့် ပြည်ကဝေါ်၍ ခရီးလမ်းတွင် ရေမှာလျှောက် ရသည်။

### ဘိမ်ရေ့မင်း စည်းစိမ်တော် သားတော်-သမီးတော်တို့ အကြောင်းပြုတော် မူသော ကောင်းမှုတော်များနှင့် မင်းရဲကျော်ထင် မင်းဖြစ်ခြင်းအကြောင်း

တပေါင်းလဆန်းတစ်ဆယ့်နှစ်ရက်တနင်္ဂနွေနေ့ အဝင် ညဉ့် သုံးချက်တီး ကျော်တွင် မဟာသီဟသူရ ဓမ္မရာဇာ မင်းတရားကြီး ဘုရား လူ့ပြည် ငြီး၍ နတ်ပြည် စံတော်မူသည်။ အိမ်နိမ့်နှစ်ဆယ့်နှစ်နှစ်၊ စည်းစိမ်တစ်နှစ်၊ သက်တော် နှစ်ဆယ့်သုံးနှစ်တွင် နတ်ပြည်စံတော်မူသည်။ နံတော် အင်္ဂါသားတည်း။ ။ မိဖုရား ကိုယ်လုပ် မောင်းမ-မရှိ။ သားတော် သမီးတော်လည်း မရှိ။ သက္ကရာဇ် (၁၀၃၄) ခုနှစ် တပေါင်းလဆန်းတစ်ဆယ့်နှစ်ရက် တနင်္ဂနွေနေ့ နေထွက် တစ်ချက်တီးကျော်တွင် ညီတော် ရမည်းသင်းမင်း၊ မင်းရဲကျော်ထင်သည် နောင် တော်ဘုရား အရိုက်အရာတော် ရွှေနန်း ရွှေထီးကို သိမ်းအုပ် စိုးဆောင်တော် မူသည်။မင်းရဲ ကျော်ထင် မင်းဖြစ်တော်မူသော အကြောင်းကား ဤသို့တည်း။

မဟာသီဟသူရဓမ္မရာဇာ အမည်တော်ရှိသော မင်းတရား နတ်ရွာသားလျှင် အတွင်းဝန် စည်သူ နော်ရထာလည်း၊ အတွင်းမြို့ရင်းချာ သိပြီးသူတို့ပြင် မည်သူ တစ်ယောက်မျှမသိစေရ၊ အတွင်းသူတို့ကိုလည်း မိန်းမရိုး ရာဇဒ္ဓာကို အကြပ် ထား၍ အတွင်းသူလည်း ပြင်သို့ မထွက်ရ၊ ပြင်ကလည်း အတွင်းသို့ မဝင်ရ ဖြစ်တားပြီးလျှင် ယခု နောင်တော်ဘုရား နတ်ရွာစံချေပြီ၊ အဆက်အခံ သား တော် မြေးတော်လည်း မရှိ၊ မင်းညီ မင်းသားတို့လည်း ရိုးတူ ရွယ်မျှချည်း ဖြစ်၍ ပြည်ထဲရေး မငြိမ်ရာ၊ ကျွန်တော်တို့ လျှောက်သည်ကို ယူတော်မူပါဟု နမတော် ရှစ်ယပဘာကို လျှောက်ပြီးလျှင် သေနာပတိ နန္ဒကျော်ထင်၊ ဗညား ကျန်းတော၊ နေမျိုးကျော်ထင်၊ နေမျိုး နော်ရထာတို့နှင့် တိုင်ပင်၍ မင်းလျာ ရွေးကြသော် သိရှိမှာသောကသည် ငြိမ်သိမ်ဆေးလေး၏။ မေ့သတ်ပုံမြင် ရာဇဝင်လုံးဟောင်း မကျွမ်းကျင်၊မင်းသားစစ်သည် ဗဟုသုတ လေ့ကျမ်း၏။ ကြက်တိုက်၊ ဆန်ခတ် သောက်စားမှု၌ ပျော်ရွှင်လေ့ ရှိသည်။ မင်းရဲနရာမှာ

ဟာန်ခက်ထန်သည်။ ရက်ရောကြမ်းကြုတ်သည်။ ပြည်ကြီးဝန်ကို မဆောင်နိုင်ရာ၊ ရမည်းသင်း မင်းရဲကျော်ထင်မှုကား ခမည်းတော်ဘုရား ညီတော်နှမတော် မင်းနှစ်ပါး သားတော်လည်း ဖြစ်သည်။ ခမ္ဘသတ်ပုံဖြင့် ရာဇဝင်ထုံးဟောင်းလည်း ကျွမ်းသည်၊ စိတ်နှလုံးလည်း ဖြူစင်သည်၊ ယဉ်ကျေးသည့် သစ္စာစကား အမှန်အကန်လည်း သုံးဖွဲ့လေ့ရှိသည်။ ဉာဏ်ခြွန်နှင့်လည်း ပြည့်စုံသည်ဟု စိတ်ညီကြ၍ မင်းရဲကျော်ထင်ကို အတွင်းတော်သို့ခေါ်၍ ဝေပုလ္လကျိုင်း၊ ရွှေချက်နှစ်စင်း ပေးတော်မူသည်။ စီးနင်း ဆောင်ရွက်ရမည် အမိန့်တော် ရှိကြောင်းနှင့် အတွင်းဝန်တို့က ပြန်ဆိုရသည်။ အဘန် ကြသောညီတော် မင်းရဲကျော်ထင်ကို အိမ်ရှေ့အရာ ဆောင်နှင်းတော်မူသည်။ အိမ်ရှေ့မင်းတို့ အဆောင်အရွက် အခမ်းအနားကိုလည်း ပေးတော်မူသည်။ အိမ်ရှေ့သွေးသောက်စု၊ မြင်းစု၊ ကောင်းဟန်စုများကိုလည်း ပေးတော်မူသည်။ ထွက်တက်၍ စီရင်စေ အမိန့်တော်ရှိကြောင်းနှင့် အတွင်းဝန်တို့က ပြန်ပြီးလျှင် မင်းရဲကျော်ထင် အိမ်တော်သို့ ထွက်သွားပြီးမှ နောင်တော် ခန္ဓာပြောင်းကြောင်းကို လျှောက်စေရသည်။ မင်းရဲကျော်ထင်လည်း အိမ်ရှေ့ ဝေါစီး၍ ဝင်တော် မူသည်။ ရွှေနန်းတော်သို့ ရောက်လျှင် ရမည်းသင်းစား မင်းရဲကျော်ထင်ကို နန်းတင်ကြ၏။ နန်းတင်ပြီးလျှင် မင်းညီ မင်းသား တို့ကို အတွင်းတော်သို့ခေါ်၍ သစ္စာတော်ပေး၏။ ထိုအခါ သစ္စာမသောက်လိုသည့် မင်းသားနှစ်ယောက်ကို ထုတ်၍ ကုပ်လေသဖြင့် မည်သူတယောက်မျှ မငြင်းမဆန်ဝံ့ သစ္စာတော်ခံ၍ မင်းအဖြစ်သို့ ရောက်သတည်း။ ။အောင်ပင်လယ်၌ လယ်လုပ်ကျွန် နှစ်ယောက်လည်း မင်းရဲကျော်ထင် နန်းတက်ပြီ ကြားလျှင် အောင်ပင်လယ်ကသည် နန်းတွင်းသို့ ရောက်အောင် က၍ လာသောဟူ၏။ ။ မင်းရဲကျော်ထင် မင်းဖြစ်လိုသော် "ဆင်စွယ်ဖြူနှင့် အရဲကိုလာ မင်းအင်္ဂါမှာ ဤသို့" ဟူ၍ နိမိတ် တဘောင်ပေါ်၏။ ထိုဆင်စွယ်ဖြူကား ရမည်းသင်းမင်းကို သျှောင်ထုံးသောအခါ ဘကြီးတော် မြည်မင်းတရားက လက်ဖွဲ့သော ဆင်တည်း။ မင်းရဲကျော်ထင် မယ်တော်လည်း ဆင်ကဲသို့ တံစိုးပေး၍ ငါ့သားတော်အား မင်္ဂလာရှိသည့် ဆင်ကိုပေးပါ ဆိုသောကြောင့် ဆင်ကဲလည်း ရွှေသို့သော ကောင်းစားမည်အရည်ရှိသည့် ဆင်ငယ်ကိုယူ၍ အိမ်သို့ ပို့လာလျှင် ငါ့တံစိုးကို စား၍ ငါ့သားကို အသုံးမဝင်သည့် ဆင်ကို ပေးရမည်လောဟု ဆိုသည်ကို အရှင်သမီး စိုးတော်မမှုနှင့်၊ သည်ဆင် မှန်အာသောက်သည့် ကာလ ထီးနန်းကို ရမည်လျှောက်၍ ကောင်းမွန်စွာ သိမ်းပိုက် ပြုစုသော

ဆင်နွှယ်ခြဲတည်း။ တပေါင်းလဆန်း သုံးရက်နေ့ နောင်တော်ဘုရား အလောင်းတော်ကို စကြဝတေးမင်းတို့ သင်္ဂြိုဟ်သကဲ့သို့ ရွှေလှတ်တော် အရှေ့မြောက်ယွန်းတွင် မင်းညီမင်းသား မှူးတော်မတ်တော် ဝန်းရံလျက် ရွှေဝေါ်စီး၍ သင်္ဂြိုဟ်တော်မူသည်။

တပေါင်းလပြည့်ကျော်တစ်ရက်နေ့ ဘိုးတော်သာလွန်မင်းတရား သားတော် သီရိမဟာဓမ္မရာဇာ တောက်ခကျော်ပြင်စည်မြင်းမှူးကျော်နိုင်ပြည်မင်းတရားသားတော် ရဝေမြင်းမှူး ချစ်စံ၊ ခွေးချိုတောင် အနောက်စားငပုတ်၊ လှော်ကားသုံးဆောင်မှူး အဆုခံ ဘောပ်ကဲ၊ ငါးစီးစင်းဝေလာမှူး လေးသာအိုင်းသားတို့ ထေးရောတိုင်ပင်ပြီးလျှင် အမေ့အလျော့ကို ကြည့်၍ လုပ်ကြံသည်။ အရှေ့နန်းဆောင်တော်ထက်သို့ ရောက်မှ အတွင်းတော်မြို့ အမှုသမီး ကိုယ်ရံတော်တို့ သိလျှင် ဆီးခံပစ်ခတ်ကြ၍ ခေးတပြက် လုံဘပြက် သေးချင်းချင်း သံချင်းချင်း မြဲဘိုက် စနုစမုန်ဆောင် နန်းကြမ်းပြင်များတွင် သွေးရည်စပ်မျှရှိသည်။ နန်းမိုးခေါင် ငှက်ပေါင်းများသို့ တက်ပြေးသဘွ ရှိမှာသည်၊ အဆက် မင်းတုန်းပေါက်ဝတွင် အဒေသကောင်နှင့် အဘင်တင်ရှိလေသည်။ သူပုန်တို့ မခံမရပ်နိုင် သေကျေပျက်စီးကြ၍ ရန်အခပေါင်းကို အောင်မြင်တော်မူလျှင် အသက်မသေ ဖမ်းဆီးရသည့် သူပုန်တို့ကိုလည်း စစ်ကြော၍ အပြစ်အလျောက် စီရင်တော်မူသည်။ သီရိမဟာဓမ္မရာဇာကိုမူကား လူ၏အဖြစ် ရခဲခြင်းကိုထောက်၍ ကွပ်မျက်တော်မမူ။ တပေါင်း လပြည့်ကျော် သုံးရက် တနင်္ဂနွေနေ့ သောင်သွပ်သို့ ပို့ခတော်မူသည်။ ဥက္ကင်သ ဖွင့်တော်မမူခင် တန်ခူးလဆန်း ကိုးရက် တနင်္ဂနွေနေ့ မင်းညီမင်းသား မှူးတော် မတ်တော်တို့ကို အဆောင် သနားတော်မူသည်။ မင်းရဲရန်နောင်ကို ကွမ်းခွက်၊ ကျိုင်းခွေးချက်၊ မင်းရဲရာဇသူကို ကွမ်းခွက်၊ ကျိုင်းခွေးချက်၊ ဗညားရန်တက်ကို သံလျှင်တလဲ၊ ငါးဝန်စည်သူ ကျောင်ထင်ကို ရွှေပေခမောက်၊ နန္ဒသူရိယကို တကောင်းပိတ်၊ ဘယချန္ဒမိတ်ကို ကွမ်းခွက်လုပ်၍စား၊ နေမျိုးကျော်ထင်ကို သင်းကျစ် လေးချက်နှာ၊ သက်တော်ရှည်ကို ခမောက်ပြ၊ သံလျှင်တလဲ၊ ငါးဝန်နန္ဒစည်သူကို ကွမ်းလိပ်၊ တရချားကို ကွမ်းလိပ်၊ မြင်းဝန်တုရင်တလဲ၊ ဒိုင်းဝန်လက်ဝဲ ရွှေတောင်ကို အနောက်ဝင်းမှူး။ သူကို လက်ယာဝင်းမှူး၊ ဒိုင်းဝန်တုရင်ကိုတွင်ကို အနောက်ဝန်၊ ဇေယျရန္တသူကို တရချားသေနတ်၊ လက်ဝဲဇေယျသင်္ကြံကို ကျိုင်းနှစ်သစ်ခံ၊ ဘယယောဓကို ဆင်ကျေးတိုက်ဝန်၊ ဒိုင်းစု လက်ဝဲ ကျော်သူကို အိမ်ခန့်ဇေယျသူကို ဘယယောဓဝန်သည်၊

ကောင်ဟန်ဝန်၊ ရာဇကျော်သူကို ဝန်တောက်၊ ဘယစက္ကသူကို ပုဂံမြင်းခေါင်း၊ ရန်ဗိုလ်ဘယကို တုရင်ပတော့သွေးသောက်မြင်းခေါင်း၊ တုရင်ပတော့ကို မင်း သွေးသောက် မြင်းခေါင်း ခန့်တော်မူသည်။ အမှုးအကြီးအမျှား ပန်တော်မူသည်။ ထိုအခါ သူပုန်တို့ကို အောင်မြင်တော်မူသည်နောက် ရွှေနန်းတော်ထက်တွင် သွေးရည်အညီ စသည်ဖြင့် အမြင်မသာ ရှိသောကြောင့် တတ်မှတ်သသူ ရဟန်း ပုဏ္ဏား လူပညာရှိတို့ကို ဆေးကြောကြပ်မ ကုသစေသည်ကို မပျောက်၊ သူပုန်တစ္ဆေတို့သည် ညဥ့်အခါ နန်းတော်ထက် အိပ်ခနသည့် မှူးမတ်တို့အား ကိုယ်ထင်ပြ၍ ခြောက်သည်။ အိပ်နေရာ လန့်ဖိကျောက်ကို ဆွဲငင်ယူသွားသည်။ မောင်းမငယ်ဆံထုံးကို ဆွဲသည်။ ရယ်မော၍ သစ်သီးသစ်ပင် ပစ်သည်။ ခဲအုတ်နှင့် ပစ်ခတ်သည်။ ချုန်းချုန်းချင်းချင်း နန်းကို ခုန်ပေါက်၍ ခြောက်လှန့် သောကြောင့် ကြောက်ဖျား ကြောက်နာ ဥပဒ်ရောက် သေ ရောက်ကြသည်။ ထိုအခါ ရေနံဘုန်းတော်ကြီးကို လျှောက်၍ ကုမစီရင်ရာတွင် အခြောက်အလှန့် အန္တရာယ်မရှိ ပျောက်လွင့်သည်။ ထိုနောက် ပေါင်တိုက်ရပ်၊ တောင်ချုပ်ရပ်၊ ညောင်စောက်ရပ်၊ ခေးစွဲရပ်၊ ဆင်ရပ်၊ ဗညားချောင်းရပ်၊ ရွှေညောင်ပင်ရပ်၊ ဈေးငယ်ရပ်၊ ရွှေတော်ပြေးရပ်၊ နန်းဦးကွက်ရပ်၊ မြင်းကွင်းရပ်၊ ကင်ပွန်းချုံရပ်၊ တွေ့တိုင်းအောင်ရပ်၊ ဆင်တက်ရပ်၊ ရွှေဘုံးစွဲရပ်၊ သတို့တိုက်ရပ်၊ ရှမ်းဆေးရပ်၊ မင်္ဂလာဈေးရပ် များမှာ ဖလားသနွေးနှင့် ပစ်ခတ်ခြောက်လှန့်သည်။ သူငယ်တို့ကို ချီပိုး ယူသွား ခြောက်လှန့်သည်။ မြေမှုန့်နှင့် ကြဲပက်ခြောက်လှန့်သည်။ အုတ်ခဲနှင့် ပစ်ခတ်ခြောက်လှန့်သည်။ ပြည်ရပ်တွင် အုတ်အောင် ခြောက်ပြန်ရာတွင် ရေနံဘုန်းတော်ကြီး ကုမစီရင်ပြန်သည်တွင် အရပ်အကွက် များမှာ အခြောက်အလှန့်မရှိ ချမ်းမြေ့ သာယာစွာရှိလေသည်။ ရေနံဘုန်းတော်ကြီး ရှင်ဓမ္မနန္ဒကိုလည်း အဘရတော်မူ၍ ဓမ္မနန္ဒ ဓမ္မရာဇဂုရု တံဆိပ်တော်ကိုလည်း ရတနာပူရ ရွှေမြို့တော်တောင် ရွှေစည်းခုံ မြောက်တံတိုင်းနား ကျောင်းငါးရပ်အရပ်၌ ယွန်းဆက် မုခ်နှစ်မျက်နှာ ဆောက်လုပ်လှူဒါန်းတော်မူသည်။ ရေနံဘုန်းတော်ကြီး ဆွေမျိုးသားမျိုး သုံးဆယ်ကိုလည်း အသည်တိုင်းမှ နုတ်တော်မူ၍ နတ်ရှင်မြင်းစုမှာ ဖြည့်သွင်း ဖွဲ့တော်မူသည်။ သွမ်းကပ်ရောက် ကျောင်းကျွန်သီး ခုနစ်ယောက် လှူတော်မူသည်။

သက္ကရာဇ် (၁၀၃၅) ခုနှစ် ကဆုန် လဆန်း နှစ်ရက် တနင်းလာနေ့ ရှင်မိဖုရား သကြန်တဲ ဆောက်တော်မူသည်။ ကဆုန် လဆန်း သုံးရက် အင်္ဂါနေ့

မင်္ဂလာသကြံန် ရေတော်ခပ်သည်။ ကဆုန် လဆန်း ခြောက်ရက် သောကြာနေ့ နံနက်လေးချက်တီးကျော်တွင် ရှင်မိဖုရား သကြံန်ရေတော် ခေါ်သည်။ ကဆုန် လလန်း ရှစ်ရက် တနင်္ဂနွေနေ့ မြို့သခင်သည်။ ကဆုန် လပြည့်ကျော်တစ်ရက် နံနက်တစ်ချက်တီးကျော်ခြောက်နာရီတွင် ရှင်မိဖုရားနှင့် လက်ဆုံ၍ စားတော်မူသည်။နံနက်တစ်ချက်တီးကျော်လေးနာရီ မေထုန်လဂ် တူညန်း အခါတော်တွင် ထီးနန်း ဥကင်သ ဖွင့်တော်မူသည်။ သီရိပဝရ မဟာဓမ္မရာဇာ ဟူသော တံဆိပ်တော်ကို ခံတော်မူသည်။ ရှင်မိဖုရားမှာ အတုလ သီရိ မဟာဒေဝီ ဟူသော တံဆိပ်တော်ကို ခံတော်မူသည်။ တံဆိပ်တော်ကို မင်းရဲရန်နောင် ဆက်သည်။ ထိုနေ့ မင်းညီ မင်းသား မှူးတော် မတ်တော်တို့ကို အမည် သနားတော်မူသည်။ မင်းရဲဇေယျသူကို မင်းရဲရွှေတောင်၊ စည်သူကျော်ထင်ကို သီရိဇေယျနော်ရထာ၊ နန္ဒသူရိယကို သက်ရှည်ကျော်ထင်၊ သိခ်ဒေဝကို ငွေယ်ရသင်ရံ၊ တောင်တွင်းသည်စားကို နန္ဒသူ၊ ကောင်းကျော်ထင်မှူးကို လက်ယာရွှေတောင်၊ တက်တူရန်နောင်မှူးကို လက်ယာကျော်သူ၊ ဒေါင်းရွှေးစားကို ဒေဝယောဓာ၊ ပွဲတိုင်ကျော်မှူးတုရင်သူကို ဇေယျနန်းသူပေါင်း တစ်ဆယ် အမည် သနားတော် မူသည်။ ကဆုန် လပြည့်ကျော် တစ်ရက် တနင်္လာနေ့ အမည် သနားတော်မူသည်။ ကော်တော်ရန္တမိတ်ကို လက်ယာဇေယျသင်္ကြံ၊ လက်ဝဲဇေယျသူကို နန္ဒကော်တော်ဘယ၊ တုရင်ကျော်သူကို ပဏ္ဍိကာဘယ၊ သီရိဒေဝကို ရွှတ်သင်ရံ၊ လက်ဝဲတုရင်ကို ဘယနန်းသူ၊ စက္ကဒေဝကို ပြည့်ကမ္မာ၊ ရာကမ္မကို ဇလသင်ရံ၊ သီရိယောဓာကိုလက်ယာသီဟ၊ အသရံကို ငံပက်ကောင်း၊ အခွနက်ထောင်မှူးကို လက်ယာဘယ၊ပြည်လုံးထမ်းမှူးကို တုရင်သိန်းစည်း၊ တုရင်ကိတ္တိကို လက်ဝဲမြမံ၊ ဒိုင်းမှူးကျော်ကို တုရင်ယောဓာပေါင်းတစ်ဆယ့်သုံးဦးအမည်သနားတော် ကဆုန် လပြည့်ကျော် နှစ်ရက် အင်္ဂါနေ့ အမည် သနားတော်မူသည်။ မူသည်။ ကဆုန် လပြည့်ကျော် နှစ်ရက် ... ဇေယျရန္တသူကို ဘယသင်္ကြံ၊ ဥဗိန်ယောဓာကို နန္ဒကျော်သူကို နန္ဒကျော်ထင်၊ ဥဗိန်ကျော်ထင်၊ ဥဗိန်ဝလကို ဥဗိန်ရာဇာ၊ ဗလယောဓာကို ဖြတော၊ မဟီဒေဝကို ဇယယောဓာ၊ တုရင်ပညာကို လက်ယာသိခ်၊ သိခ်ယောဓာကို လက်ဝဲသူရ၊ ခမ္မသိခ်ကို လက်ဝဲနန်းသူ၊ အုန်းတစ်ပင်စားကိုတိက္ကစန္ဒ၊ မြောင်စားကိုဒေဝသူရ၊ ဆီသည်ရွာစားကို မှူးသော်၊ သူရဲသဘင်မှူးကို ရန္တပွဲ၊ ရဲတိုင်မှူးကို ဘယရာဇာ၊ အင်းတဲယော်မှူးကို လက်ယာဒေဝ၊ ရန်မရှောင်မှူးကို တုရင်ပစ္စည်း၊ ဒိုင်းခေါင်းမှူးကို တုရင်သူ ပေါင်းတစ်ဆယ့်ခုနစ်၊ အမည်သနားတော်မူသည်။ သဘင်စုံ သုံးရက် ခံတော်မူသည်။ ကဆုန် လပြည့်ကျော် ဆယ်ရက် ဗုဒ္ဓဟူးနေ့ ပြဲတိုက်

တော်သို့ ထွက်တော်မူရာတွင် ဆမည် သနားတော်မူသည်။ ဘယလက္ခဏိတ်ကို ဘယကျော်ထင်၊ ခက်သင်စားကို လက်ဝဲရှေ့တောင်၊ မြေကြက်ဆူစားကို ရာဇယောဓာ၊ မင်းရှုစားကို တုရင်နန်းသူ၊ ရွှေတောင်ကျွန်းသီးမှူးကို ဓာဝသိမ်၊ နတ်စက်ရှန်အောင်မှူးကို မမှုသိမ်၊ မျက်ဝန်းစားကို ဇေတာပုရ၊ ရွှေလှေမှူးကို လက်ဝဲယောဓာ၊ ပြည်လုံးကျော်မှူးကို ဇေယာဖလကောင်းမွန်၊ ကျောက်မှူးကို ဇလကျော်သူ၊ တောင်မြင်းစားကိုတုရင်သီရိတာပ်ဆယ့်ဘစ်ဦး အမည်သနားတော်မူသည်။ မင်းသားရန်မျိုးအောင်ကို ပြင်စည်မြင်းမှူး ခန့်တော်မူသည်။ နန္ဒာသူကို ဘောင်းလင်းမြို့ကို ပေးတော်မူသည်။ နန္ဒကော်တော်ဘယကို မြဝန်လေယာကြီး၊ ရာဇဓတ္တုတို့ကို လှတ်ရုံးတက်၍နေစေ၊ လက်ဝဲရန္တသူရာဇသိမ်ကို သံတော်ဦးတင် စပ်ခန့်တော်မူသည်။ နယုန် လဆန်း ခုနစ်ရက် ဗုဒ္ဓဟူးနေ့ ဘယယောဓာကိုသောင်သွပ်သို့ ပို့သည်။ နယုန် လဆန်း လေးရက် သောကြာနေ့ ကြယ်ငယ် လထောက်နားသည်။ ဝါဆို လဆန်း ငါးရက် တနင်္ဂနွေနေ့ ဘုရားမယ်တော်ဘုရားကို မိဖုရားတို့ စီးတော်မူသော ရွှေဝေါကျိုင်း ရွှေပိန်းရှစ်ချက် မိန်းမ စည်၊ ထွက်စည်၊ ဝင်စည် အကုန် ဇေယျကျော်သူနှင့် ရန္တပူ စာရေးကြီး တက်ခေါင်းစား ယစား ရွှေပေါက်လူပျို မှူးသား မတ်သားလေးဆယ်တော်ကို မောင်တော်အကြီးဘုရား ကျွန်တော်ပုံအမည်ရ အမှူးအကြီး ကျေးစားရွာစား မင်းသား မင်းသမီးအထိန်းအချို့ ကုမ်းကိုင် ရေကိုင်စု မြင်းသေနတ်ကောင် ဟန်သူရဲ ဘက္ကာလမျိုးနှင့်တကွ စည်ပုတ္တရာမြို့၊ တောင်တွင်းမြို့၊ ဒီပယင်းမြို့၊ စလင်းမြို့၊ ကန်မြို့၊ စဥ့်ကူးမြို့၊ ကျော့မြို့ သည်ခုနစ်မြို့ကိုလည်း ကံကျေးခံစေဆက်တော်မူသည်။ ဝါခေါင်လပြည့်ကျော်ငါးရက် ဗုဒ္ဓဟူးနေ့ ဘယကျော်ထင်ကို မြည်ထံ့ခန့်တော်မူ၍ သွားရသည်၊ နောက်ကုပ်မျက်တော်မူသည်။ သီတင်းကျွတ် လဆန်းနှစ်ရက် အင်္ဂါနေ့နံနက် တစ်ချက်တီးကျော် ခုနစ်နာရီ တစ်ပါင်တွင် ရွှေလှတ်တော်သို့ထွက်တော်မူသည်။ သီတင်းကျွတ်လဆန်း ကိုးရက် အင်္ဂါနေ့ နံနက်တစ်ချက်တီးကျော်လေးနာရီတွင် ရှင်မိဖုရားနှင့် တကွ ဝေပြာသာဒ် စီးတော်မူ၍ ကျော်ဘုံတံခါးက ထွက်တော်မူ၍ မြို့သိမ်း တော်မူသည်။ တန်ဆောင်မုန်း လပြည့်ကျော် ဆယ်ရက် ဗုဒ္ဓဟူးနေ့ ရွှေစည်းခုံသို့ ထွက်တော်မူ၍ ဆရာတော်တို့အား ပဥ္စင်းသစ် သာမဏေသစ်နှင့်တကွ ဆွမ်းလုပ်ကျွေးတော်မူသည်။ သီရိသုဓမ္မရာဇာ မဟာဓိပတိ အမည်တော် ရှိသော ရွှေနန်းသခင် ဘဝရှင် မင်းတရားကြီးဘုရား မြေးတော်ရင်း ဖြစ်သော မင်းသမီးခင်မ အဇမုကွီနှင့် မင်းသီရိ မဟာ သခံယာနှင့် စုံဖက်တော် မူရာတွင် မြင်သည့် မင်းသမီး ခင်မ

ရွှေစည်းကိုလည်း မိဖုရားတို့၏ အဆောင် အယောင် အစီး အနင်းနှင့် ကကု ရွှေနန်းတော်ထက်တွင် နေတော်မူ၍ လုပ်ကျွေးရသည်။ နောက်သည်း စော ဒေဝီဟူသော အမည်ကို ပေးတော်မူသည်။ တပေါင်းလဆန်း ခြောက်ရက် စနေနေ့ မဂ်လာ သက်ယေ် ကျောင်းတော်သစ် ရပ်သည်။ တပေါင်း လပြည့် ကျော် လေးရက် သောကြာနေ့ နန်းတော်ကို အောင်ကွန်းသာ၊ နန်းမြို့ကို အောင်မြေဘုံသာ သမုတ်တော်မူသည်။

သက္ကရာဇ်(၁၀၇၆)ခုနှစ် ကဆုန်လဆန်းကိုးရက်သောကြာနေ့တစ်ချက်တီး ကျော်တစ်နာရီတစ်ပါဒ်တွင် ရွှေမြို့တော် ဂြိုဟ်ရှစ်လုံး စုံ၍ ထုသည်။ ပထမဝါဆို လပြည့်ကျော် နှစ်ရက် အင်္ဂါနေ့ ဂြိုဟ်ရှစ်လုံးကို လဲသည်။ ကျိုးပျက်သော ဘုရား ရုပ်တုတော် များကိုလည်း ပြင်လုပ်တော်မူ၍ ရွှေထည့်တော်မူသည်။ ပြာသို လပြည့်ကျော် ကိုးရက် စနေနေ့ မြို့တော် မော်ကွန်းတိုင် လဲသည်။ တပေါင်း လပြည့်ကျော်တစ်ဆယ့်ငါးရက်ကြာသပတေးနေ့သို့အဝင်ညဉ့်နှစ်ချက်တီးကျော် ခုနှစ်နာရီ မိနှလက် မေထုန် အခါတွင် မယ်တော်ဘုရား လေးထပ်ကျောင်း တည်တော်မူသည်။ တန်ခူးလဆန်း ရှစ်ရက် အင်္ဂါနေ့ မုတ္တမကျေး သို့ ယိုးဒယား စစ် ရောက်သည်ဟု လျှောက်လာသည်။ သက္ကရာဇ် (၁၀၇၇) ခုနှစ် ကဆုန် လဆန်းလေးရက်အင်္ဂါနေ့ လက်ယာသူရ၊ တရင်ရာဇာ တို့ကို မုတ္တမကြောင်း ယိုးဒယားသို့ ချီရသည်။ ကဆုန်လပြည့်ကျော် ခြောက်ရက်အင်္ဂါနေ့ မင်းရဲရွှေ တောင်၊ ဗညားရန်တ၊ ဘယနန်းသူ၊ ပဏ္ဏကာဘယတို့ကို အလုံးအရင်းအများ တောင်၊ ... ထိုနေ့ကစ၍ လေးလ ငါးလအင်တိုင် မြေမပြတ်လှုပ် နှင့် လေးတပ်ချီရသည်။ တန်ဆောင်မုန်း လပြည့်ကျော် ခြောက်ရက် ကြာသပတေးနေ့ သီပေါ သည်။ တန်ဆောင်မုန်း လပြည့်ကျော် ခြောက်ရက် ကြာသပတေးနေ့ သီပေါ စော်ဘွား မြို့စား အပေါင်းနှင့် တကွ စော်ဘွားကို ဗိုလ်မှူး ခန့်တော်မူ၍ စော်ဘွား မြို့စား အပေါင်းနှင့် တကွ ယိုးဒယားသို့ ဇင်းမယ်ကြောင်း ချီရသည်။ တန်ဆောင်မုန်းလပြည့်ကျော်ရှစ်ရက် စနေနေ့ ရွှေစည်းခုံသို့ ထွက်တော်မူ၍ ပဉ္စင်းတော်တို့ကို ဆွမ်းလုပ်ကျွေးတော် မူသည်။ နတ်တော်လပြည့်ကျော် လေးရက် ကြာသပတေးနေ့ မုတ္တမကြောင်း ချီရသော ရှမက်၊ ဇင်းမယ်ကြောင်း ချီရသောရှမက်တော်တို့ကို တစ်ကြိမ်တစ်ခါ တည်း ယိုးဒယားသို့ မုတ္တမ ဇင်းမယ်က ချီရသည်။ တယော မိုင်းတက်သို့ ရောက်လျှင် ယိုးဒယားက ကြို၍ တိုက်လာသည်။ ဝဲမက်တော်တို့ အရပ်အနေ မသင့်၍ ရှေ့ရှုသည်။ ထိုနေ့ပင် ဝမ်းဘဲအင်း နန်းတော်ရာမြေကို အောင်ချာ ဘုမ္မိ ဟူသော အမည်ကို ဗလကျော်သူ သမုတ်ရသည်။

သက္ကရာဇ်(၁၀၃၇)ခုနှစ် နတ်တော်လ အမူးအကြီး ကျေးစား ရွာစားကို မြေကို ရဲပျားစားကို သွေးသောက်ကြီးခန့်၍ ဖွဲ့တော်မူသည်။ ရှင်မိဖုရားခေါင်ကြီး ကျွန်တော် ကျေးစား ရွာစားဘို့ သားမြေး မင်းသမီး သိမ့်မြတ်တော်လူစုတို့ကို ဘယက်ခေါင်းစားကို သွေးသောက်ကြီး ခန့်၍ ဖွဲ့တော်မူသည်။ အမူးအကြီး မြင်သည့်သား မင်းသမီး မင်းသား အထိန်း အချီ ကွမ်းကိုင် ရေကိုင်တို့ သားမြေးကို ကျွန်တော် ငယ်စားကို သွေးသောက်ကြီးခန့်၍ ဖွဲ့၍ ပေးတော်မူသည်။ သက်တော် ရှည်ကြီး မြင်းနှင့် နောက်တော်ပါ လူစုကို ပြေကြောင်းစားကို ခေါင်းခန့်၍ ဖွဲ့တော်မူသည်။မင်းရဲ သီဟသူလူစု၊ ဘသက် မတီလူစု၊ မဟာတရဖျားလူစု၊ မင်းသားဗညားလူစု၊ ဇင်းမယ်ခေသဥ်လုံလူစု တို့ကို သက်မှတ်၍ကို သွေးသောက်ကြီးခန့်၍ ဖွဲ့တော်မူသည်။ သက္ကရာဇ် (၁၀၃၈) ခုနှစ် ဝါဆိုလဆန်း နှစ်ရက် ကြာသပတေးနေ့ မြို့သင်္ချိုင်းသည်။ ဝမ်းဘဲအင်းနန်းတော် တွင်းတူးသည်။ နန်းတော်သစ် ရပ်သည်။ မယ်ခေတော်မိဖုရား ဝေါ်၊ တော်မူသည်။ တပို့တွဲလပြည့် တနင်္ဂနွေနေ့ နန်းတော်ကို မြတ်နန်း ဘုံသာ သမုတ်တော်မူ၍ ထက်စံတော်မူသည်။ မယ်တော်ဘုရား နောက်မှ ထွက်ခေါ်မူသည်။ သက္ကရာဇ်(၁၀၃၉) ခုနှစ် ကဆုန်လဆန်း ဆယ်ရက် စနေနေ့ အဘာတက်သည်။ ကဆုန်လပြည့်ကျော်တစ်ရက် သောကြာနေ့ မယ်ခေတော် မိဖုရားလေးထပ် ကျောင်းတော်ကို သာခုခေါ်သည်။ ကဆုန်လပြည့်ကျော် ရှစ်ရက် သောကြာနေ့ ဂူတော်သစ် ဘုရားတွင် ပဋ္ဌာန်း တရားတော်က စ၍ ဟောသည်။ နယုန်လဆန်းတစ်ဆယ့်တစ်ရက် အင်္ဂါနေ့ ဘားရှိင်းဆရာတော်တို့ ဆက်၍ ရွတ်ရသည်။ သဘင်ကြီးစွာခံ၍ ပြည်သူအပေါင်း ပူဇော် သက္ကာရ ပြုရသည်။ ထိုနေ့ နတ်စက်ဆောင်ဆရာ ရှင်စက္ကာဘိဓေယသအား မြေကဲ ကျောင်းတော်ကို လှူတော် မူသည်။ မိုးညှင်းစော်ဘွား ဇင်းမယ်သို့ ချီရသည်။ ပထမဝါဆိုလပြည့်ကျော် သုံးရက် ကြာသပတေးနေ့ မယ်တော်ဘုရား မြတ်နန်းဘုံသာကစံရာတံခါးကို အလျှင် ဝင်တော်မူသည်။

ဘဝရှင် မင်းတရားကြီးဘုရား နံနက် တစ်ချက်တီးကျော် မြောက်မောင်းမှ မာန်အောင်တံခါးက ဝင်တော်မူ၍ နန်းတက်တော်မူသည်။ ခြောက်မောင်းမှ ဖွင့်တော်မူသည်။ သဘင်တစ်နေ့နှင့်တစ်ညဥ့်ခံတော်မူသည်။ ညဥ့်မှ ဥကင်သကျော် ခြောက်ရက် တနင်္ဂနွေနေ့ မြေလှုပ်၍ မာလာစေတီ ထီးတော်ကျသည်။ ပထမဝါဆိုလပြည့် သက္ကရာဇ် (၁၀၄၀) ပြည့်နှစ် တန်ခူးလပြည့်ကျော် ရှစ်ရက် ကြာသပတေးနေ့

နှံ့ယိမ်းကျော်တွင် မင်းခေါင်သိမ် အရပ်ကစ၍ ငါးဆူစံကျောင်း မဟာ
မြတ်မုနိ အရှေ့တိုင်အောင် မီးလောင်လေသည်။ ဝါဆိုလဆန်းတစ်ဆယ့်နှစ်ရက်
ကြာသပတေးနေ့ နေတက် တစ်ချက်တီးကျော် တစ်နာရီ တစ်ပါဒ်တွင် မင်းတရား
နန်းတော်တက်သည်။ ဝါခေါင် လပြည့်ကျော် ကိုးရက် သောကြာနေ့ ဂူတော်
သစ်မှာ ရေနံ့ဘုန်းကြီး စီရင်၍ သံဃာတော် လေးကျိပ် ဆွမ်းလုပ်ကျွေးတော်
မူသည်။ ကမ္မဝါစာ ရှစ်ဆိုင်းရွတ်ရသည်။ တန်ဆောင်မုန်း လဆန်း နှစ်ရက်
တနင်္ဂနွေနေ့ ဣသာရိုးဘုရား ရောင်လျှံတော် လှုပ်၍ ငါးရက် ဗုဒ္ဓဟူးနေ့မှ ပြီးရ
သည်။ ပြာသိုလဆန်း သုံးရက် ကြာသပတေးနေ့ မင်းရဲနရာသီဟကို တောင်ငူစံ
ခန့်တော်မူသည်။ ကျိုင်းရုံးကလည်း ထိုနေ့ စော်ဘွားလွှတ်၍ အမှုဆက်သည်။
တပို့တွဲ လဆန်း ဆယ်ရက် စနေနေ့ အချိန်တော် ရာဇကျော်သူကို တိုက်တွန်းတော်
မူ၍ ကျောင်းဆောက်ရသည်။ ထိုနေ့ ပုံကိုင်သည်။ တပေါင်း လဆန်း ငါးရက်
အင်္ဂါနေ့ ပြာသာဒ် ကျောင်းကို လှူတော်မူသည်။ တပေါင်း လပြည့်ကျော်
လေးရက် အင်္ဂါနေ့ ကသည်းက သံရောက်သည်။ တန်ခူး လဆန်း ဆယ်ရက်
အင်္ဂါနေ့မှလက်ဆောင်တော်ဆက်သည်။ သက္ကရာဇ် (၁၀၃၁) ခုနှစ်ကဆုန်လဆန်း
တစ်ဆယ့်သုံးရက် စနေနေ့ မုန်တိုင်းလေပွေကြီး ဖြင့်ရွာလာသည်။ နယုန်
လဆန်း ခုနစ်ရက် အင်္ဂါနေ့ မြို့တွင်း ရွှေစည်းခုံ စေတီတော်ကို မိုးကြိုးကျသည်။
ထိုနေ့ ရေနံ့ဘုန်းတော်ကြီး မြောက်ဘက်မှာ မိုးရွာအောင် စီရင်သည်။ ပထမ
ဝါဆိုလပြည့်ကျော် ရှစ်ရက် သောကြာနေ့ ရွှေမှီတော် ပတ်လည် အင်းနှံ့
သည်။ ဒုတိယ ဝါဆိုလဆန်း ခုနစ်ရက် သောကြာနေ့ မြို့မြောက်ဘက်မှာ
မိုးရွာ၍ လေးထောင့်တိုင်အောင် ရေတိုး၍ ကမ်းပြိုသည်။ ရေသိမ် သမုတ်၍
ကမ္မဝါစာ ဖတ်ရသည်။ အင်းမြှုပ်သည်။ တန်ဆောင်မုန်း လဆန်း ခုနစ်ရက်
ကြာသပတေးနေ့ ဒဂုံ ရောင်လျှံတော် ပြီးသည်။ နတ်တော်လပြည့်ကျော်တစ်ရက်
တနင်္လာနေ့ မြို့တွင်း၊ မြို့ပြင် အရပ် အကုန်တိုင်း၊ ဆွမ်းလုပ် ကျွေးရသည်။
တပို့တွဲ လဆန်း၊ ရှစ်ရက် ဗုဒ္ဓဟူးနေ့ ရေနံ့ဘုန်းကြီး စီရင်၍ ပဉ္စင်းကိုးပါး၊
သာမဏေ ခြောက်ပါး ခံသည်။ ကံဆောင် သပိတ်များကို လေးထောင့်အရပ်မှာ
မြှုပ်ရသည်။ မြစ်ငယ်ဝကသည် ဘိုးတော်လုပ်ခိုင်အောင် ကမ္မဝါစာ ဖတ်ရသည်။
တပို့တွဲ လပြည့်ကျော် ခုနစ်ရက် သောကြာနေ့ ကမ်းပဲ့မှာ မြစ်တူးရသည်။
တပေါင်း လပြည့်ကျော် ခုနစ်ရက် ကြာသပတေးနေ့ စလင်းမှာ ထားသည့်
ယိုးဒယားသားတို့ သောင်းကျန်း၍ တပေါင်းလပြည့်ကျော်တစ်ဆယ့်သုံးရက်
ဗုဒ္ဓဟူးနေ့ ရဲမက်တော်ပို့ စလင်းသို့ ချီရသည်။

သက္ကရာဇ် (၁၀၄၇) ခုနှစ် ကဆုန် လဆန်း နှစ်ရက် တနင်္လာနေ့ ရွှေသည်း တစ်ဆယ်၊ လက်သည်း တစ်ဆယ် ရှိသော ဆင်ကောင်းကို ကျုံးသွင်းသည်။ ကဆုန်လပြည့်ကျော်တစ်ဆယ့်တစ်ရက် ကြာသပတေးနေ့ မယ်တော်ဘုရား ဥမင်တော်ကစ၍ လုပ်သည်။ နယုန် လပြည့်ကျော် လေးရက် စနေနေ့ ယောဝမှာ နဒီသိမ် သမုတ်သည်။ ရေနံဘုန်းကြီး စီရင်၍ ပဥ္စင်းငါးပါးခံရသည်။ တော်သလင်းလဆန်းတစ်ဆယ့်တစ်ရက် အင်္ဂါနေ့ ရွှေဗည်းခုံ ဘုရားတွင် မဏ္ဍပ်ဆောက်၍ ပိဋကတ်တော် စသည်။ သဘင်သုံးရက် ခံတော်မူသည်။ သီတင်းကျွတ် လဆန်း ခုနစ်ရက် တနင်္ဂနွေနေ့ ဂူတော်သစ်ဘုရား ပြီးသည်။ မြားသိလပြည့်ကျော် လေးရက် အင်္ဂါနေ့ အရွှေ လေးထပ်ကျောင်းတော်ကို လှူတော်မူသည်။ ကြံ့ညပ်မင်း၊ ရှင်ဘီလူးသည် ကျေးငှက်သတ္တဝါတော် နှစ်ပါးကို မစောင့်ကျင့်သည် ဟူ၍ ပြစ်ဒဏ်မှု၊ သူ့ရဲဘော်တို့မှု လက်ဝဲ ထောင်မှုးတို့ကို မြားသိလပြည့်ကျော် ငါးရက်နေ့ ခန့်တော်မူသည်။ အထက်အညာ စေဥ်ကိုင်တွင် ကြံ့ညပ်မင်း၊ ရှင်ဘီလူးကို ရေတွင် ဖျောက်ရသည်။ မင်းသားနှင့် တိုင်ပင်ဘက်ပြုသသူ မင်းသား ဦးရိုးငခွေး၊ မင်းသား ဘတွေး ငကျော်ကြီး၊ ငကျော်ငယ်တို့ကိုလည်း ကွပ်မျက်တော်မူသည်။ လွှတ်တော်မှာ စာရေးကြီး သေိမ်စားကိုလည်း မင်းသားအိမ်သို့ ညဥ့်ရောက် နေလာ ပြုသည် ဟူ၍ ကွပ်မျက်တော်မူသည်။ သက္ကရာဇ်(၁၀၄၃)ခုနှစ် ကဆုန်လဆန်းတစ်ရက်ကြာသပတေးနေ့ ဗုဒ္ဓယောသာ လှူတော်မူသည်။ ကိုးရက် သောကြာနေ့ သင်္ဂြိုဟ်တော်မူသည်။ ကဆုန်လဆန်းတစ်ဆယ့်နှစ်ရက်တနင်္လာနေ့ ဒဂုံရောင်လျှံပြီးသည်။

သက္ကရာဇ် (၁၀၄၃) ခုနှစ် ကဆုန် လပြည့်ကျော် လေးရက် ရေနံဘုန်းကြီး ပျံတော်မူသည်။ တစ်ဆယ့်သုံးရက် ဗုဒ္ဓဟူးနေ့ သင်္ဂြိုဟ်တော်မူသည်။ နယုန်လဆန်း ခုနစ်ရက် သောကြာနေ့ စစ်ကိုင်းမှာ သဲသသူတို့ကို လွှတ်တော်မူသည်။ တော်သလင်းလပြည့်ကျော်တစ်ဆယ်တစ်ရက် ကြာသပတေးနေ့လကိုကြယ်ချိုးသည်။ ထိုလက စ၍ ကြေးပိုး ဆန်စပါး ဆုတ်သည်။ ကြေးတစ်ပိဿာကို ဆန်လေးပြည်သာပြုသည်။ မြားသိလပြည့်ကျော် တစ်ဆယ်တစ်ရက် စနေနေ့ဆင်ကျုံးတွင် ဆင်သွင်းသည်။ ဝင်မောင်းကို ဇေ့၍ အစွယ်နှစ်ဘက် ကျွတ်သည်။ ထိုနေ့ဆယ်ရက် တနင်္ဂနွေနေ့ ပွဲလျှံကျော်မှုးကို အမျက်တော်ရှိ၍ ထုတ်သည်ကို ဆရာ်ကော်တို့ လျှ၍ ရသည်။ ။သက္ကရာဇ် (၁၀၄၄) ခုနှစ် ကဆုန် လဆန်း

ငါးရက် သောကြာနေ့ အတာတက်သည်။ ထိုနေ့ မိုးကြီးရွာသည်။ နယုန် လဆန်း ရှစ်ရက် ကြာသပတေးနေ့ အလှူကြီး ပေးတော်မူသည်။ နယုန် လေးရက် အင်္ဂါနေ့ ဘုရားမယ်တော် ဘုရား ဥမင်တော် သာရေခေါ်တော်မူသည်။ နယုန် လဆန်း သဘင်ကြီးပွဲရ ရက်လည်အောင် ခံတော်မူသည်။ ပထမ ဝါဆို လပြည့်ကျော် ငါးရက် တနင်္လာနေ့ တောင်ဖီလာ ကျောင်းတော်ကို တစ်ချိန်တည်း တင်လှူတော်မူသည်။

သက္ကရာဇ် (၁၀၄၅) ခုနှစ် နယုန် လဆန်း သုံးရက် ကြာသပတေးနေ့ နှမ်တော် တံဆိပ်တော်ကို ရွှေနန်းတော်ဦးမှာ သခိုင်စားကို ရေးစေ အမိန့် တော်ရှိ၍ ရေးသည်။ ထိုနေ့ သကြန်ခေါ်တော်မူသည်။ ဝါဆို လဆန်း သုံးရက် သောကြာနေ့မေထုန်လက်တွင် ဝေါစီးတော်မူသည်။ နန်းတော်သို့ လက်ယာရစ် လှည့်ပြီးမှတက်တော်မူသည်။ ထိုနေ့နံနက် တစ်ချက်တီးကျော် တစ်နာရီတစ်ပါဒ် တွင် ဘုန်းတော်အလွန် ကြီးမြတ်တော်မူလှသော ရွှေမြို့သခင် ဘဝရှင် မင်းတရားကြီးဘုရား ထီးနန်း ဦးကင်သ ဖွင့်တော်မူသည်။ တံဆိပ် နှမ်တော် မှာ သီရိပဝရသုဓမ္မရာဇာဓိဆာဇာ၊ ရှင်မိဖုရားမှာ အတုလ သီရိမဟာ ဓမ္မဒေဝီ တံဆိပ်တော်ကို လက်ယာကျော်သူလျောက်သည်။ တရေးမှူးသက်သည်။ ထိုနေ့ အမည် သနားတော်မူသည်။ သက်တော်ရှည် ကျော်သက်ကို သက်တော်ရှည်၊ မင်းလှရွှေတောင်ကို စတုဂ ါမဏိ၊ ငွယ်ရသင်ရဲကို ဇေယျာသော၊ သီဟယောဓာကို ဇေယျရန္တမိတ်၊ ရာဇဘယကို လက်ယာဇေယျသူ၊ လေးဆယ်တော် သပြေမှူးကို ဇေယျသိခ်ါ၊ ငါးဆယ်တော် သူရဲကျော်မှူးကို ဇေယျတုရင်၊ ငါးဆယ်တော် ရဲဘော်မှူးကို ဇေယျပူရ၊ ငါးဆယ်တော် ရဲမှူးကို သီဟယောဓာ၊ မယ်တော် ဘုရား ဝေါမှူးကို တုရင်သိဒ္ဓိ ပေါင်းတစ်ဆယ့်တစ် အမည်သနားတော်မူသည်။ ဝါဆို လဆန်း လေးရက် စနေနေ့ အမည် သနားတော်မူသည်။ တရေးမှူးကို သီရိသင်္ခယာ၊ လက်ယာနန္ဒမိတ်ကို နန္ဒသူရိယာ၊ ဘယနန္ဒသူကို ဇေယျသင်္ကြံ၊ လက်ယာရွှေတောင်ကိုနေမျိုးကျော်ထင်၊ နန္ဒသိခ်ကို နန္ဒကျော်တော်ဘယ၊ ရာဇ သိခ်ကို ဘယသင်္ကြံ၊ လက်ယာပျံချီကို နန္ဒကျော်ထင်၊ ရာဇသီရိကို လက်ယာရန္တ မိတ်၊ လက်ဝဲရွှေတောင်ကို မင်းလှရွှေတောင်၊ ဇေယျသိခ်ကို ကျော်တော်ရန္တ မိတ်၊ ရဲတော်မြင်းခေါင်းကို ဘယရာဇာ၊ လက်ယာမြင်းခေါင်းကို ရန်ဒိပ်ဘယ၊ ဘယရန်မှူးကိုသီရိပြတ်၊ နတ်ကျော်ရောင်မှူးကို သီဟယောဓာပေါင်း တစ်ဆယ့်ငါး အမည် သနားတော်မူသည်။ ဝါဆို လဆန်း ငါးရက် တနင်္ဂနွေနေ့ အမည်

သနားတော်မူသည်။ ရဲဒေဝကို ဇညာစေက်၊ လက်ယာသူရကိုနန္ဒသီဟ၊ လက်ဝဲဗျူဟာကို ဧယျာ ါမဏိ၊ လက်ယာကျော်သူကို ဘယကျော်ထင်၊ တုရင်ကျော်သူကို လက်ယာရဲတိုင်၊ ရာဇာဂုဏ်ကို ရာဇကျော်သူ၊ ဒေဝသီဟကို ဧယျကျော်ထင်၊ မင်းတရားကျွန်သီးမှူးကို ရာဇဘယ၊ မြောက်ထောင်မှူးကို နန္ဒပုညာ၊ ရန်ထောင်မှူးကို တုရင်ယောဓာ၊ သူရဲအိမ်မှူးကို အဲကာမန်ရွှေး၊ သူငယ်မှူးကို တုရင်ဝေသော်၊ ရည်းနိုင်းမှူးကို ရဲသော်ဘယ၊ ဇေယျဝတီစားကို ဇေယျသူ၊ တောင်ချောက်စားကို ဘယစကွာသူ၊ နေန်းသင်စားကို ဥဒိန်ပစ္စည်း၊ ရွှေပြည်စိုးကို ဇေတရာ်ပေါင်းတစ်ဆယ့်ခုနစ် အမည်သနားတော်မူသည်။ နတ်တော် လဆန်း ကိုးရက်သောကြာနေ့ သားတော် လယ်မြင်ကျောင်းကို သာဓု ခေါ်တော်မူသည်။ သတင်ဆယ်ရက် ခံတော်မူသည်။ ထိုနေ့ ဇင်းမယ်သို့ အလည် ထွက်ရသည်။ တပို့တွဲ လဆန်း ရှစ်ရက် တနင်းလာနေ့ မယ်တော်ဘုရားက ဘုံကျော်ကျောင်းတိုက်မှာ ရေကန် တူးတော်မူသည်။ ကဆုန်လပြည့်ကျော် တစ်ဆယ့်နှစ်ရက် အင်္ဂါနေ့ မဟာမြတ်မုနိဘုရားကို သစွေးစ၍ သုတ်သည်။ အချိတော်ဒေဝသီဟကို တိုက်တွန်းတော်မူ၍ မိုင်းပွန်အရပ်၌ တော်သလင်း လပြည့်ကျော် သုံးရက် အင်္ဂါနေ့ ရွှေဆံတော်ကို ဌာပနာတိုက်တူးသည်။ သီတင်းကျွတ် လပြည့်ကျော်တစ်ရက် စနေနေ့ ဒေဝသီဟ ကောင်းမှု အုတ်စီသည်။ တန်ဆောင်မုန်း လပြည့်ကျော် လေးရက် ဗုဒ္ဓဟူးနေ့ ဒေဝသီဟ ကောင်းမှုပထမဌာပနာတိုက်အုတ်စီသည်။ နတ်တော် လပြည့်ကျော် နှစ်ရက် ဗုဒ္ဓဟူးနေ့ ပထမ ဌာပနာသည်။ တပို့တွဲ လဆန်း နှစ်ရက် သောကြာနေ့ နံနက် လေးချက်တီးကျော်တွင် ဒေဝသီဟ ကောင်းမှု ကျောက်ဖြူကြီး ရုပ်တုတော် သွင်းသည်။

၊သက္ကရာဇ် (၁၀၄၇) ခုနှစ် နယုန်လဆန်း တစ်ဆယ့်လေးရက် အင်္ဂါနေ့ အောင်တပ် ကျောင်းတော်၊ စစ်ကိုင်းကျောင်းတော်ကြီးကို တစ်နေ့တစ်ခါတည်း တင်လှူတော်မူသည်။ တော်သလင်း လဆန်းလေးရက် အင်္ဂါနေ့ မယ်တော်ဘုရား နတ်ပြည်စံတော်မူသည်။ လပြည့် ဗုဒ္ဓဟူးနေ့ လှုတ်တော်အရှေ့ဘင် မိဖုရားကြီးတို့ကို သင်္ဂြိုဟ်သည့်နည်း ကိုယ်တော်လိုက်၍ သင်္ဂြိုဟ်တော်မူသည်။ နတ်တော်လဆန်းတစ်ဆယ့်လေးရက်တနင်္ဂနွေနေ့ ရန်ဇိပ်ဘယ၊ တုရင်ဘယတို့ကို ပဲခူးမင်းသားကို အလုပ်အကြံ သွားရသည်။ တပို့တွဲ လပြည့်ကျော် ခုနစ်ရက် ဗုဒ္ဓဟူးနေ့ မဟာမြတ်မုနိကို သာဓု ခေါ်တော်မူသည်။ တပေါင်းလပြည့်ကျော် ခြောက်ရက် ကြာသပတေးနေ့ ဒေဝသီဟ ကောင်းမှု ရွှေဆံတော် ထီးတင်သည်။

သက္ကရာဇ် (၁၀၄၈) ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် တစ်ဆယ့်တစ်ရက် ဗုဒ္ဓဟူးနေ့ မင်္ဂလာစေတီ ဘုရားရှင်ကို ထီးတင်သည်။ ၎င်းရက် တပို့တွဲ လပြည့်ကျော် လေးရက် သောကြာနေ့တွင် အမိန့်တော်ရှိသည်။ အမှူး အမတ် ကျေးစား သင်းမှူး သားမြေးတို့သည် နောက်တော်ပါ ကျွန်တော်မျိုးတွင် အလှူး ထွေး အရောရော ရှိသည်။ စစ်ကြောတော်မူ၍ အထိုက်အလျောက် အထိန်းတော် အချီတော် အယတော် သားမြေးနှင့် အရည်တူ အမှူး အမတ် ကျေးစား ရွာစား သင်းမှူးတို့ကို အချီတော်သား ဘယ ကျော်ထင် သွေးသောက်ကြီး ခန့်၍ ဖွဲ့တော်မူသည်။ သာကယူရာဇမနော် ရာဇတမန် သီဟယောဓလက်ယာ တုရင်တို့နှင့် ဗိုင်းမှူး သင်းမှူး ကျေးစား ရွာစား မှူးသား မတ်သားတို့ အရည် တူကို ရွေးကောက်တော်မူ၍ ဧယျတာန်ကို သွေးသောက်ကြီးခန့်၍ ဖွဲ့တော် မူသည်။ နောက် လက်ဝဲသုခံ၊ နောက် ဥဇိန် ကျော်တင်ခံ အမှူး အမတ်တို့ ကျေးစား ရွာစား သင်းမှူးတို့ သားမြေး အရည်တူကို တုရင်စုကို သွေးသောက် ကြီးခန့်၍၊ အမှူး အမတ် ကျေးစား ရွာစားတို့ သားမြေး အရည်တူကို ကျွန် တော် စုကို သွေးသောက်ကြီးခန့်၍ ဖွဲ့တော်မူသည်။ ကုလား ကုန်တော် ရောင်း တရုတ် ထိုးပြောက် ယွန်း သေနတ် ပထိုးစား သွေးသောက်သည်များကို လည်း ဖွဲ့တော်မူသည်။ ဝါခေါင်လဆန်းတစ်ဆယ့်တစ်ရက် အင်္ဂါနေ့ ဗညားပရန် စတုဂါမဏိတို့ကို ပြည်ကို အစောင့်ခန့်၍ သွားရသည်။ သီတင်းကျွတ်လွှန်းဆုံးရက် ကြာသပတေးနေ့ နံနက်တစ်ချက်တီးကျော်တွင် ဝမ်းဘဲအင်း နန်းတော်ရာမြေ ကြည့်ရသည်။ ၎င်းလဆန်း ၄ ရက် စနေနေ့ သားတော် ဒီပယင်းမင်းကြီး မြင်း ရွှေထီး ရွှေကနှင့် စီးတော်မူ၍ ကျိုင်းဆောင်းတော် မူသည်။ သီတင်းကျွတ် လဆန်းဆယ်ရက် ကြာသပတေးနေ့ နံနက်တစ်ချက်တီးကျော်တွင် ဝမ်းဘဲအင်း နန်းတော်သို့ သစ်ခုတ်သွားရသည်။ ထိုနေ့ နှစ်ချက်တီးကျော် နှစ်မောင်းတွင် နန်းတော်ရာမြေ မုတ်တိုင်စိုက်သည်။ တန်ဆောင်မုန်း လဆန်းနှစ်ရက် အင်္ဂါနေ့ နှစ်ချက်တီး ကျော်တင် နန်းတော်ရာကို မင်္ဂလာ ဘုမိ သမုတ်တော်မူသည်။ တန်ဆောင်မုန်း လပြည့်ကျော် တစ်ရက် ကြာသပတေးနေ့ နှစ်ချက်တီးကျော် နှစ်နာရီတွင် နန်းတော်ရာ မြေစံနစ်သည်။ တန်ဆောင်မုန်း လပြည့်ကျော် ၄ ရက် တနင်္ဂနွေနေ့ ညဦး လေးချက်တီး ကျော်တွင် ဝန်ရှင်တော် နေမျိုး နော်ရထာ လွှန်သည်။ ဝန်ရှင်တော် နေမျိုး နော်ရထာ မရှိလျှင် နန္ဒသူရိယ နေမျိုးကျော်ထင် နန္ဒကျော်ထင် သုံးပါးကို အဂ္ဂမဟာ သေနာပတိ ဝန်ခန့် တော်မူသည်။ နတ်တော်လဆန်း ခုနစ်ရက် ကြာသပတေးနေ့ နံနက်တစ်ချက်တီး

ကျော်တစ်မောင်းတွင် နန်းတော်ရာမြေပြုသည်။ တပို့တွဲလဆန်း တစ်ဆယ့်လေးရက် တနင်္ဂနွေနေ့ တစ်ချက်တီးကျော် နှစ်နာရီတွင် နန်းတော်ရာသို့ သစ်သွင်းသည်။ တပေါင်းလဆန်းလေးရက် သောကြာနေ့ လေးချက်တီးကျော် တစ်နာရီတွင် နန်းတော်သစ် စျေးရွှေသည်။ ထုပ်ပျောက်လွှခဲ့သည်။

သက္ကရာဇ် (၁၀၄၉) ခုနှစ် ကဆုန် လပြည့်ကျော် သုံးရက် တနင်္လာနေ့ နေနှစ်ချက်တီးကျော် နှစ်ဖဝါးတွင် နန်းတော်ပုံ ကိုင်သည်။ အမွှမ်းထုသည်။ ယခုဆုန် လပြည့်ကျော် တစ်ဆယ့်နှစ်ရက် ဗုဒ္ဓဟူးနေ့ အိမ်ရှေ့ဘုရား မယ်တော် ရှင်မိဖုရား လွှန်တော်မူသည်။ စန္ဒာဒေဝီအမည်နှင့် စန္ဒာဒေဝီမိဖုရားကို သဂြိုဟ်တော်မူသည့် နည်း သဂြိုဟ်တော်မူသည်။ အလွှန်လည်း ကြေကွဲတော် မူသည်။ ဝါခေါင်လပြည့်ကျော် ဆယ်ရက် စနေနေ့ ဘုရားသခင် စွယ်တော် ကန့်ကော် အရပ်၌ ထင်ရှားစွာ သီတင်းသုံးသည်ဟူ၍ ကြားတော်မူသောကြောင့် ဝေါ ပလာနှင့် ပင့်မည် သွားရသည်။ တော်သလင်းလဆန်း ခြောက်ရက် အင်္ဂါနေ့ လျော်အား ကိုးစင်း ရွှေသစ်ကြီး တိုင်အောင် ကြိုရသည်။ မင်းညီ မင်းသား မှူးတော် မတ်တော် အပေါင်းတို့ကိုလည်း လှေလောင်း လက်ပြည့်နှင့် ပုံမောင်း နရည်းစရာတင်၍ လက်ပံစဉ်တိုင်အောင် ကြိုရသည်။ စွယ်တော် ရောက်လျှင် တော်သလင်းလ တဲတော်ဆိပ်က ရတနာ ပြောင်မွန် ဆင်တော်တွင် ပြာသာဒ် တင်၍ စရာတံခါးက ဆောင်တော် မူသည်။ ယင်းသို့မှ ရွှေလှတ်တော်ရွှေ စွယ်တော် စင်တွင် သီတင်းသုံးစေ၍ ကိုးကွယ်တော်မူသည်။ သီတင်းကျွတ် လဆန်းတစ်ဆယ့်တစ်ရက် အင်္ဂါနေ့ ဝမ်းဘဲအင်း နန်းတော်ရာမြေ ထွန်သည်။ သီတင်းကျွတ် လပြည့်ကျော် ငါးရက် ကြာသပတေးနေ့ သန်းလွဲ ၁၀-နာရီတွင် မြင်နန်းတော်ကို အောင်နန်းရွှေဘုံ ဟူသော နာမံကမ္ပည်း ရေးသည်။ တန်ဆောင်မုန်းလဆန်း ငါးရက် ကြာသပတေးနေ့ အနောက်က လေးထပ် ကျောင်းတော်ကို ရှင်ဥတ္တမသာရကို တင်လှူတော်မူသည်။ တန်ဆောင်မုန်း လဆန်းတစ်ဆယ်လေးရက်စနေနေ့ညဥ့်တစ်ချက်တီးကျော်တစ်နာရီတစ်ပါဒ်တွင် ဘုရားသားတော်ကို လက်ဖွဲ့တော်မူမည့်ဆင်ကို ပေါက်ကျော်ဇေယျ ဟူသော အမည်ကို သမုတ်တော်မူသည်။ ဆင်တင်းကုတ်၊ မြင်းဇောင်းလည်း ဝန်အိပ် တော်မှာ လုပ်ရသည်။ တန်ဆောင်မုန်းလပြည့်ကျော် ငါးရက် အင်္ဂါနေ့ နံနက် တစ်ချက်တီးကျော်ခုနစ်နာရီ သုံးပါဒ် ခုနစ်ပိဇနာတွင် နန်းတော် ပဟိုရ်စင် မော်ကွန်းတိုင်တစ်ချိန်တစ်ခါတည်း ပန္နက်စိုက်သည်။ တန်ဆောင်မုန်း လပြည့်

ကျော် သုံးရက် ဗုဒ္ဓဟူးနေ့ နံနက်တစ်ချက်တီးကျော်ခြောက်နာရီ သုံးပါဒ် ကိုး
ဗီဇနာတွင် ဘုရားသားတော် ကျောင်းထုံးသည်။ နားတွင်းတော် မူသည်။
ပယ်တော်ဘုရား ကျွန်တော် သွေးသောက်စု ဆင်စုနှင့် တကွ ဒီပယင်းမြို့
စကျင်မြို့နှင့် ငွေတစ်ရာ ရွှေငါးပိဿာ ဝေပုလ္လ ပေးတော်မူသည်။
ဧယျတမန်တို့ကိုလည်း ဝန်ခံနိုင်တော်မူသည်။ တန်ဆောင်မုန်း လပြည့်ကျော်
တစ်ဆယ့်နှစ်ရက် သောကြာနေ့ နံနက်တစ်ချက်တီးကျော် နှစ်နာရီသုံးပါဒ်
ဆယ်ဗီဇနာတွင် ဝမ်းတွဲအင်းနန်းတော် သစ်ရပ်သည်။ ထိုတော်လဆန်းနှစ်ရက်
ဗုဒ္ဓဟူးနေ့ ညဉ့်တစ်ချက်တီးကျော်တွင် လေးစုတစ်စုခန့်ရှိကြတ်သည်။
သောအခါ ဗေဒင်တတ်တို့ ကြတ်မကြတ်ကို အငြင်းအခုံ ရှိကြသည်။ ယင်း
လဆန်း ဆယ်ရက် သောကြာနေ့ နံနက် လေးချက်တီးကျော် နှစ်နာရီတစ်ပါဒ်
ခြောက်ဗီဇနာတွင် ဘုရား သားတော် ဝေပုလ္လ စီးတော်မူ၍ ဆင်ကျုံးသို့
ဆင်သွင်း ထွက်တော်မူသည်။ တပေါင်းလဆန်း ခြောက်ရက် ကြာသပတေးနေ့
ညဉ့်တစ်ချက်တီးကျော် လေးနာရီတစ်ပါဒ် ခြောက်ဗီဇနာတွင် ပဟိုရ်စည်ကြီး
ခေါင်းလောင်း ဆွဲတော်မူသည်။ နန်းတော် ကမ္ဘည်းတင်သည်။ တပေါင်း
လဆန်းတစ်ဆယ့်လေးရက် သောကြာနေ့ နံနက်တစ်ချက်တီးကျော် လေးပါဒ်
တစ်ဆယ့်နှစ်ဗီဇနာတွင် ဝမ်းတွဲအင်း ဆောင်နန်းရွှေဘုံသို့ ထွက်တော်မူသည်။
နေနှစ်ချက်တီးကျော် လေးနာရီ သုံးပါဒ် လေးဗီဇနာတွင် နန်းတော်ကို
တက်တော်မူသည်။ တပေါင်းလပြည့် စနေနေ့ နံနက်တစ်ချက်တီးကျော်တွင်
ပဟိုရ်စည် ခေါင်းလောင်းစဉ်တီးသည်။ ထိုနေ့ တစ်ချက်တီးကျော် ခြောက်
နာရီ နှစ်ပါဒ် ခြောက်ဗီဇနာတွင် သားတော် ဒီပယင်းမင်းကြီး အိမ်တော်သစ်
တက်သည်။ ။ပထမဝါဆိုလဆန်း လေးရက် အင်္ဂါနေ့ မာရ်အောင် တံခါး
အရှေ့ နင်းကြမ်းကိုဖျက်၍ သစ်အပ်လုပ်သည်။တံခါးကြီး သစ်ရပ်သည်။ တွင်း
ချသည်။ သီရိဇေယ်ဘွားကြီး မရီကျင် သားစမော်ခန်း သားမက် ငနေထွန်းတို့
စော်ဘွားအရာကို လျှောက်သည်။ သားမက် ငနေထွန်းသည် ရွှေဖဝါးတော်
အောက်တွင် နေ၍ အမှုတော်ကို အရှည် ထမ်းဆောင်ပေးသည့်သူ ဖြစ်သည်။
စခမော်ခန်းမှုကား အမှုတော်ကို မထမ်းရသေး ဖြစ်သည်။ ရွှေဖဝါးတော်
အောက်တွင် အမှုတော်ကိုထမ်းစေ၊ သားမက် ငနေထွန်းကို သီနီမြို့ဝန် ပြုစေ
အမိန့်တော်ရှိသည်ကို စမော်ခန်းသည် အမိန့်တော်ကိုဆန့်လွန်၍ သီနီမှာရှိလေ
သော မိမိ ကျေးကျွန် အမှုအမတ်တို့ကို ငနေထွန်းကို ဝန်ခံတော် မူလေ
သည်။ ငနေထွန်း သီနီမြို့သို့ အဝင်ကို ဆီး၍ဘိုက်ခစသည်။ စာကို ကင်းကာ

ဆက်လာ၍ကြားလျှင် ဟုတ်မဟုတ်ကို စိစစ်တော်မူ၍ ဟုတ်မှန် ကြောင်းကို သိတော်မူလျှင် ငါ့အမိန့်တော်ကို ဆန်လွန်၍ ကျင့်သသူ ဖြစ်သည်ဟု ဝါ လပြည့်ကျော် ငါးရက် ကြာသပတေးနေ့ သိန္နိစော်ဘွားသား စမော်ခန်းကို တပ်ကြီးအရပ်တွင် ကွပ်မျက်တော်မူသည်။ ဒုတိယ ဝါဆိုလဆန်း ကိုးရက် အင်္ဂါနေ့ ညဉ့် သုံးချက်တီးကျော် နှစ်နာရီတွင် ဝမ်းဘဲအင်း တောင်နန်း ရွှေဘုံက မာရ်အောင်တံခါးသို့ ဝင်တော်မူသည်။ ညဉ့် လေးချက်တီးကျော် သုံးနာရီ နှစ်ပါဒ် ရှစ်ဗိဇနာတွင် ရွှေနန်းတော်သို့ တက်တော် မူသည်။ တော်သလင်းလဆန်း ငါးရက် တနင်္လာနေ့ အိမ်ရှေ့အိမ်တော် ဖြမ်းထူသည်။ တော်သလင်းလဆန်း တစ်ဆယ့်လေးရက် ဗုဒ္ဓဟူးနေ့ ငါ့သားတော် ကြီးမြတ်သော အစီးအပွားကို ငါနှင့်ညီ၍ ဆောင်ထိုက်သသူ ဖြစ်သည်။ ရှေ့သို့လည်း သားတော် အစဉ် မြေးတော် အဆက် မြစ်တော် အညွန့်တို့သည် နန်းတက်နှင်နှင် ကောဇာရ်ချည်းဖြစ်၍ သာသနာတော်မြတ် စီးပွါးကို မြင့်ရှည်စွာ ဆောင်လျက် ပွားစွာသော တိုင်းနိုင်ငံတော်၌ ပြည်သူ လူဘာဝတို့၏ ကိုးကွယ်ရာဖြစ်စိမ့်သောငှါ ဓမ္မဝတ် ရာဇဝတ်နှင့်ညီစွာ သားတော် ဒီပယင်းမင်းကြီးကို အိမ်ရှေ့မင်း၏ အဆောင် အယောင် ရတနာ ဆင် မြင်း အခြံအရံနှင့် တကွ အိမ်ရှေ့ အရာ ဆောင်နှင်းတော် မူသည်။ ဝန်စမှုသိမ်းနှင့် ဇေယျတမန် ဝင်းမှူး ဒေဝသီရိ၊ အတွင်းဝန် တုရင်ပျံ၍၊ အနောက်ဝန် ကြက်ဆူဘော်စားကို ခန့်တော်မူသည်။ ။သွေးသောက်စု၊ လူပျိုစု၊ ဗေဒင်စု၊ ဗိုင်းစု၊ တောင်ဟန်စု၊ လမိုင်းစု လက်ဖွဲ့တော်မူသည်။ လက်ဖွဲ့တော်မူသည့် အစဉ်ကား မှူးတော် မတ်တော် မြင်းခေါင်း မြင်းစီး ကျေးစား သင်းမှူးတို့ သားမြေး တောင်ငူ လူမျိုးစုတို့ကို (၁၀၄၇) ခုနှစ်တွင် ဇေယျကျော်သူကို သွေးသောက်ကြီး ခန့်၍ ဖွဲ့တော်မူသည်။

ရှင်မိဖုရား ခေါင်ကြီးကို ဆက်သည့် မှူးသား မတ်သားတစ်စု၊ ဘုန်းတော်ကြီးလှသော ဘဝရှင် မင်းတရား ဝေါပလာ စီးတော်မူရာတွင် လက်ဖွဲ့တော်မူသည့် မှူးသား မတ်သားတစ်စု၊ မှူးတော် မတ်တော် မြင်းခေါင်း အမှူး အကြီး ကျေးစား ရှာစားတို့ သားမြေး မြစ်သား လူပျိုစုတို့ကို (၁၀၄၇) ခုနှစ် ကော်တော်ရန္တမိတ်ကို သွေးသောက်ကြီးခန့်၍ ဖွဲ့တော်မူသည့် အစု၊ စစ်ကိုင်း လေးထပ် ဒါယကာတော် မင်းရဲကျော်စွာ ကျွန်တော် အမှူး အကြီး ကျေးစား ရှာစားတို့ သားမြေး အရည်တူ လက်ဝဲမြဲ သွေးသောက်အစု၊ စစ်ကိုင်း

လေးထပ် ဒါယကာတော် မင်းရဲကျော်စွာ ကျွန်တော် ကျေးစား ရွာစားတို့ အရည်တူ ရွှေတော်ပြေးမှူး သွေးသောက်အစု၊ စစ်ကိုင်း လေးထပ် ဒါယကာတော် မင်းရဲကျော်စွာ ကျွန်တော် ကျေးစား ရွာစား အမှူး အကြီးတို့ သားမြေး အရည်တူ ဆင်ကဲ သွေးသောက်အစု၊ စစ်ကိုင်း လေးထပ် ဒါယကာတော် မင်းရဲကျော်စွာ ကျွန်တော် အမှူး အကြီး ကျေးစား ရွာစားတို့ သားမြေး အရည်တူ မရှောက်စား သွေးသောက်အစု၊ စစ်ကိုင်း လေးထပ် ဒါယကာတော် မင်းရဲကျော်စွာ ကျွန်တော် အမှူး အကြီး ကျေးစား ရွာစားတို့ သားမြေး အရည်တူ သူငယ်တော်မှူး သွေးသောက်အစု၊ စစ်ကိုင်း လေးထပ် ဒါယကာတော် မင်းရဲကျော်စွာ ကျွန်တော် အမည်ရ၊ အမှူး အကြီး ကျေးစား ရွာစားတို့ သားမြေး အရည်တူ သော်က သွေးသောက်အစုစစ်ကိုင်း လေးထပ် ဒါယကာတော် မင်းရဲကျော်စွာ အမည်ရ အမှူး အကြီးတို့ သားမြေး ကျွန်တော်ခံ သူကောင်း သားမြေးတို့ကို (၁၀၁၁) ခုနှစ် အိမ်ရှေ့မင်းတွင် လျောင်းတော်ဦးမှာ မြဲရသည့် တောင်ရွာစား သွေးသောက်အစု၊ စစ်ကိုင်း လေးထပ် ဒါယကာတော် မင်းရဲကျော်စွာတွင် ကျွန်တော်ခံ အမှူး အကြီး ကျေးစား ရွာစားတို့ သားမြေး အရည်တူကို (၁၀၁၁) ခုနှစ် အိမ်ရှေ့မင်းတွင် လျောင်းတော်ဦးမှာ မြဲရသည့် လက်ဝဲစား သွေးသောက်အစု၊ စစ်ကိုင်း လေးထပ် ဒါယကာတော် မင်းရဲကျော်စွာ ကျွန်တော် အမည်ရ အမှူး အကြီး ကျေးစား ရွာစားတို့ သားမြေး အရည်တူ အတွင်းမှူး သွေးသောက်အစု၊ ပြသာဒ်သုံးဆောင် ဒါယကာတော် ဘုရား ကျွန်တော် အမှူး အကြီး ကျေးစား ရွာစားတို့ သားမြေး အကြီးစု၊ ပြသာဒ် သုံးဆောင် ဒါယကာတော် ဘုရား ကျွန်တော် မြင်းခေါင်းမြင်းစီး ကျေးစား ရွာစားတို့ သားမြေး အရည်တူ လူပျို-ဓေဝသူရ သွေးသောက်အစု၊ မင်းရဲနော်ရထာတွင် မြောက် ရွာစား သွေးသောက်ရင်းနှင့် မင်းရဲဥဇနာ ကျွန်တော် ကျေးစား ရွာစားတို့ သားမြေး အရည်တူကို ပြည်မှာ သူရဲလုလင်မှူးကို သွေးသောက်ကြီး ခန့်၍ ဖွဲ့တော်မူသည့် အစု၊ စစ်ကိုင်း လေးထပ် ဒါယကာတော် ဘုရား ကျွန်တော် အမှူး အကြီး ကျေးစား ရွာစားတို့ကို (၁၀၃၇) ခုနှစ်တွင် ငွေတစ်ပြားစားကို သွေးသောက်ကြီးခန့်၍ ဖွဲ့တော်မူသည့် အစု၊ စစ်ကိုင်း လေးထပ် ဒါယကာတော် မင်းရဲကျော်စွာ ကျွန်တော် မှူးတော် မတ်တော် မြင်းခေါင်းမြင်းစီး ဒိုင်းမှူး သင်းမှူး သားမြေး အကြီးစု၊ ပြည်ဘုရား သမီးတော် ဆံချတော်မူသောခါ လက်ဖွဲ့တော်မူသည့် အမည်ရ သားမြေး

လူပျိုစု၊ တောင်ငူ မင်းရဲကျော်စွာ ကျွန်စုအမည်ရ သားမြေး (၁၀၃၁) ခုနှစ်တွင် မြင်းစုဖွဲ့တော်မူရသည့် အစု၊ တောင်ငူ လူပျိုစု မင်းကျွန် ကျေးစား ရွာစား သားမြေး၊ ပုဂံသီရိဓမ္မာသောက တောင်ငူ ကွမ်းကိုင် ရေကိုင် ကျေးစား ရွာစားတို့ သားမြေးတို့ကို မင်းသမီး သမီးတော် ဆံချသောအခါ လက်ဖွဲ့တော်မူသည့် လူစု၊ ပြည်ဘုရားတွင် နောက်တော်ပါ ကျွန်တော်တို့ကို (၁၀၃၁) ခုနှစ်တွင် ဘိုးခေါင်းကျေး အိမ်ရှေ့ဘုရား သွေးသောက်ကြီးခန့်၍ ဖွဲ့တော်မူသည့် အစု၊ အိမ်ရှေ့ဘုရား အိမ်ရှေ့ မှုရာတွင် အစုစု လက်ဖွဲ့တော်မူသည်။ ဇေယျသကြီသား အိမ်ရှေ့တော် လက်ဝဲလိုက် လက်ယာလိုက် ညီသားစားတော် ကွမ်းရေကိုင် ဆင်တော်သည် အတွင်းတော်မြဲ သွေးသောက် သွေးသောက်ကြီး ဗိုင်းမှူး ယွန်းစုမှူး သံတော် ဝင်စချီတို့ သားမြေးအစု၊ (၁၀၃၅) ခုနှစ်တွင် မယ်တော်ဘုရားကို တာရေ ဆက်တော်မူရာတွင် အမှူး အကြီး ဗိုင်းမှူး လမိုင်းမှူး ကျီစိုး ကျီစာရေး အစု သားမြေးအစု၊(၁၀၂၉) ခုနှစ် အိမ်ရှေ့မင်းတွင် ကျွန်တော်ခံ စော်ဘွားအမည်ရ အမှူး အကြီး သားမြေးအစု၊ ပြည်ဘုရား နောက်တော်ပါ ကျေးစား ရွာစား အင်းစားတို့ အမှူး မင်းရဲဥဇနာ အထိန်း အချီတို့ သားမြေးအစု၊ ရှင်မိဖုရား ခေါင်ကြီး ကျွန်တော် ကျေးစား ရွာစား သားမြေး မင်းသမီး သီရိမြတ်တော် လူစုတို့ကို (၁၀၃၇) ခုနှစ်တွင် သရက်ခေါင်းစားကို သွေးသောက်ကြီးခန့်၍ ဖွဲ့တော်မူသည့်အစု၊ အမူး အကြီး မင်းသား-သား ပျိုမင်းသားတို့ အထိန်းအချီ ကွမ်းကိုင် ရေကိုင် သားမြေး တို့ကို (၁၀၃၇) ခုနှစ်တွင် ကျွန်တော် ယော်စားကို သွေးသောက်ကြီးခန့်၍ ဖွဲ့တော်မူသည့် အစု၊ မင်းရဲနော်ရထာတွင် လုင်သွေးသောက်စု စာရင်းတို့ကို (၁၀၂၁) ခုနှစ်တွင် ယမ်းစန်စားကို သွေး သောက်ကြီးခန့်၍ ဖွဲ့တော်မူသည့် အစု၊ စစ်ကိုင်း လေးထပ်ကျောင်း ဒါယကာ တော် မင်းရဲကျော်စွာတွင် ကျွန်တော်ရင်း မွန်လုလင်နှင့် ကျွန်တော် မွန် လုလင်စုတို့ကို (၉၉၂) ခုနှစ်တွင် ဖြဟနန်းမှူးကို သွေးသောက်ကြီး ခန့်၍ ဖွဲ့တော်မူသည့် အစု၊ စစ်ကိုင်း လေးထပ် ဒါယကာတော် မင်းရဲကျော်စွာ ကျွန်တော် ပရိတ်ရွတ် အမှူး အကြီး ဆွေသားမျိုးတစ်စု၊ အမည်ရ အမှူးကြီးတို့ သားမြေးတို့ကို (၉၉၂) ခုနှစ်တွင် သတ္တမ တဲတော်တွင် ငနီးစွန်စား သွေး သောက် ဖွဲ့တော်မူသည့် လူစုတို့ကို (၁၀၂၆) ခုနှစ်တွင် သားတော် အိမ်ရှေ့ မင်းကို မြင်းစုကြီးက နုတ်၍ လက်ဖွဲ့တော်မူသည့် အစု၊ မှူးတော် မတ်တော် ကျေးစား ရွာစားတို့ သားမြေးတို့ကို (၉၉၂) ခုနှစ် သတ္တမတဲတော်တွင်

ညောင်စဉ်စားကို သွေးသောက်ကြီးခန့်၍
(၁၀၂၆) ခုနှစ်တွင် သားတော် အိမ်ရှေ့မင်းကို ဖွဲ့တော်မူသည့် လုလင်တို့ကိုလည်း
အစု၊ ကျေးစား သင်းမှူးတို့ သားမြေး အရည်တူကို နတ်၍ လက်ဖွဲ့တော်မူသည့်
ဝသည်စားကို သွေးသောက်ကြီးခန့်၍ ဖွဲ့တော်မူသည့် အရည်တူကို (၁၀၄၉) ခုနှစ်တွင်
သားမြေးတို့ အရည်တူကို(၁၀၄၉)ခုနှစ်တွင် မင်းရွာစားကို သွေးသောက်ကြီး ဖွဲ့တော်မူသည့် အစု၊ ကျေးစား ရွာစားတို့
ခန့်၍ ဖွဲ့တော်မူသည့် အစု၊ စစ်ကိုင်း လေးထပ် ဒါယကာတော်ဘုရား ကျွန်တော်
အစု၊ ရှင်မိဖုရား ကျွန်တော် အစုဘို့ကို (၁၀၁၉) ခုနှစ်တွင် လုလင်စားကို
ခေါင်းခန့်၍ ဖွဲ့တော်မူသည့် အစု၊ (၁၀၂၄) ခုနှစ်တွင် မင်းရဲနော်ရထာကျွန်
အမြင့်မင်းကျွန် ကျေးစား ရွာစား သီရိဇေယျကျော်ထင် ကွမ်းရေကိုင် တို့ကို
ဖြည့်တော်မူသည့် ဥဒိန်သူရ သွေးသောက်အစု၊ ပုခန်းသီဟပတေ့ကျွန် ကျေးစား
သင်းမှူးတို့ သားမြေးကို သီဟပတေ့ကြီးကပင် မြင်းစု ဖွဲ့တော်မူသည့် ပုခန်း
မြင်းအစု၊ (၉၇၅) ခုနှစ် ထားဝယ်မြို့ကို အလိုတော် ပြည့်လျှင် အမည်ရ
မြို့စားတို့ သားမြေးတို့ကို ရွေးကောက်တော်မူ၍ ဟံသာဝတီတွင် မြင်းစု
ဖွဲ့တော်မူသည့် ဂဇပညာ သွေးသောက်အစု၊ တောင်ငူ မင်းရဲကျော်စွာ ကျွန်
တို့ကို တောင်ငူတွင် မြင်းနှင့်ထပ်၍ နေရသည်။ (၉၉၂) ခုနှစ်တွင် မြင်းရ
ဖွဲ့တော်မူသည့် လူစု မုဆိုးမစု၊ သေနတ်ထမ်း ဆွေစပ် မျိုးစပ်ကို သွင်း၍
(၁၀၂၂) ခုနှစ်တွင် မြင်းစုဖွဲ့တော်မူသည့် ပိုးစားသွေးသောက်အစု၊ လက်ယာ
ဝင်းမှူး နန္ဒသီဟမြင်း၊ ဘယဂါမဏိမြင်း၊ မဟာတရဖျားမြင်း၊ တိုင်တာ
ပင်မြင်း၊ သီရိဓမ္မာသောက အထိန်း အချိစု၊ တုရင်တိုင်မင်း ကွမ်းကိုင် ရေကိုင်
ဘောင်းလင်း မင်းသမီး ကွမ်းရေကိုင် ပုဂံမင်းသမီး ကွမ်းရေကိုင် ပေါက်မြိုင်
မင်းသမီး ကွမ်းရေကိုင် ပုဂံမင်း သီရိဓမ္မာသောကမြင်း၊ မြဲညားမြဲမြင်း။
သုံးဆယ်စား မြင်းတို့ကို (၁၀၄၃) ခုနှစ်တွင် အုန်းတစ်ပင်စားကို ခေါင်းခန့်
တော်မူ၍ မြင်းစု ဖွဲ့တော်မူသည့် ဝေသော်ဘယ သွေးသောက်မြင်း အစု၊
ဇင်းမယ်၊ မိုင်းလုံး၊ မိုင်းပတ်၊ မိုင်းဟုံ၊ မိုင်းပန်၊ ကျိုင်းလောမြို့ကို အလိုတော်
ပြည့်လျှင် မြို့နေ ကျေးစား ရွာစားတို့ သားမြေးတို့ကို (၉၇၈) ခုနှစ်
ဟံသာဝတီတွင် မြင်းစု ဖွဲ့တော်မူသည့် မဏိယောဓာ သွေးသောက် ရှမ်းမြင်း
အစု၊ ကျိုင်းရုံကို အလိုတော်ပြည့်လျှင် မြို့နေ ကျေးစား ရွာစားတို့ သားမြေးကို
(၉၇၈) ခုနှစ် ဟံသာဝတီတွင် မြင်းစု ဖွဲ့တော်မူသည့် တောင်ချောင်းစား
သွေးသောက် ရှမ်းမြင်း အစု၊ မိုးနဲ သိန္နီ ဗျောက်စောက် နောင်မွန် စကား
ကျေးစား ရွာစားတို့ သားမြေး မြင်းငါးဆယ်ကို စစ်ကိုင်း လေးထပ် ဒါယကာ

တော် မင်းရဲကျော်စွာ ဆံစည်းတော်မူရာတွင် ခမည်းတော် ညောင်ရမ်း[illegible] လက်ဖွဲ့တော်မူသည့် ပန်းတော်ပြင်စား သွေးသောက် ရှမ်းမြင်းအစု၊ ကျေး[illegible] ရွာစားတို့ သားမြေးကို (၁၀၄၉) ခုနှစ်တွင် မြင်းစု ဖွဲ့တော်မူသည့် [illegible] ယောဓ သွေးသောက်မြင်း အစု၊ သိရိဇေယျ နော်ရထာကျွန် ကျေး[illegible] ရွာစားတို့ကို (၉၇၄) ခုနှစ်တွင် မြင်းစု ဖွဲ့တော်မူသည့် ကင်းတားမြင်း [illegible] တောစား သွေးသောက်အစု၊ ယွန်းပြည် မိုင်းစည်ကို အလိုတော် ပြည်[illegible] ဆောင်ခံသူ ထုဇာခံသူတို့ သားမြေးကို (၉၇၈) ခုနှစ်တွင် ဟံသာဝတီတွင် မြင်းစု ဖွဲ့တော်မူသည်။

ပြည်မှာ စောင့်နေရသည့် ဥဘိန် ယောဓ သွေးသောက် ရှမ်းမြင်းစု၊ ထုဇာခံ ဆွေသား မျိုးသား၊ ဇေယျရန္တမိတ် မြင်းစားသား၊ ရင်သား၊ ဆွေသား မျိုးသား များကို ခမည်းတော်ဘုရား ပေးတော်မူသည်။ ပြည်သို့ ရောက်တော်မူလျှင် ညောင်ပြာစားကို သွေးသောက်ကြီး ခန့်၍ မြင်းစု ဖွဲ့တော်မူသည့် ကျွန်တော် ရင်းကြီးစား သွေးသောက် အစု၊ သက်တော် ရှည်ကြီး မြင်းစုကို (၁၀၀၉) ခုနှစ်တွင် သားတော်ကို ခမည်းတော်ဘုရား ပေးတော်မူ၍ ပြည်သို့ ပါသည်။ အထွတ် အမြတ်သို့ ရောက်တော်မူလျှင် အရှည် အလျောက် စေပါး သုံးစွဲတော်မူသည်။ ကျန်သည့် လူတို့နှင့် ကျွန်တော် ရင်းလူ လုလင်စုကို (၁၀၉၇) ခုနှစ်တွင် ပေကျေးစားကို သွေးသောက် ကြီးခန့်တော်မူ၍ မြင်းစုဖွဲ့တော်မူသည့် လက်တီးစား သွေးသောက်မြင်းအစု၊ ကျေးစားရွာစားတို့ သားမြေးတို့ကို (၁၀၄၈) ခုနှစ်တွင် လက်ယာတုရင်ကို သွေးသောက်ကြီးခန့်၍ မြင်းစု ဖွဲ့တော်မူသည့် ကျော်စိုး သွေးသောက်မြင်း အစု၊ ကျေးစား ရွာစား၊ သားမြေးတို့ကို (၁၀၄၉) ခုနှစ်တွင် မြင်းစုဖွဲ့တော် မူသည့် ရွာကိုင်းစား သွေးသောက် မြင်းအစု၊ စစ်ကိုင်း လေးထပ် ဒါယကာ တော် မင်းရဲကျော်စွာ ကျွန်တော် မင်းဆောင်တော်ကိုင်တို့ကို (၉၉၂) ခုနှစ် တွင် နတ်စက်ရောင်မှူးကို သွေးသောက်ကြီးခန့်၍ ဖွဲ့တော်မူသည့် မင်းဆောင် ကိုင် အစု၊ ပြည်ဘုရားတွင် ပြည်မှာ မောက်တိုတော် သေနတ်ချွန် အိတ်နီသုံ အဆောင်တော်ကိုင် တုရင်ဝေဝ သွေးသောက်အစု၊ မခေါက်စား ဆွေမျိုးသားတို့ကို (၁၀၁၄) ခုနှစ် အိမ်ရှေ့ ဘုရားတွင် မင်းရဲ နော်ရထာ ကျွန် မှာ စေစားတော်မူသည့် မင်းရဲနော်ရထာကျွန် အထက် စေစု၊ ပြည်ဘုရား အထက် ပြည်တွင် စံနေတော်မူသောအခါ အစုမရှိ မှုန်လုလင်တို့ကို ကျောက်မျက်

စားကို သွေးသောက်ကြီး ခန့်၍ ဖွဲ့တော်မူသည့်အစု၊ မင်းရဲ သီဟ-လူ၊ မင်းသား
ညွှား-လူ၊ ဘယက ါမဏိ-လူ၊ မဟာတင့်ကျား-လူ၊ ငင်းမယ်သော်လို လူတို့ကို
(၁၀၃၇) ခုနှစ်တွင် သက်မှတ်ကို သွေးသောက်ကြီးခန့်၍
အစုကျေးစား ရွာစား သားမြေးတို့ကို (၁၀၄၈) ခုနှစ်တွင် ဖွဲ့တော်မူသည့်
သွေးသောက်ကြီး ခန့်၍ ဖွဲ့တော်မူသည့်အစု၊ မင်းရဲနေ်ရထာ ကျွန်တော်စားကို
ပိုင်းကိုင်စု သိရိဇေယျကျော်ထင် လူစု၊ စစ်ကိုင်း လေးထပ် ဒါယကာတော်
မင်းရဲ ကျော်စွာတွင် ကျွန်တော်ခံ အမှုး အမတ် ကျေးစား ရွာစားတို့ အစု၊
သားမြေးကျွန်တော်ခံ သေနတ်လုလင် ကုလားစု၊ စစ်ကိုင်းလေးထပ် ဒါယကာ
တော် မင်းရဲကျော်စွာ ကျွန်တော်ခံ တိုက်စစ ကုလား ပေါင်စု၊ ဆေးသမားစု၊
သည် အစု ခြောက်ဆယ်ကို လက်ဖွဲ့တော်မူသည်။ သည့်မြင် ပိုင်းစု၊ သင်းစု၊
လမိုင်းစုလည်း အများ လက်ဖွဲ့တော်မူသည်။ တန်ဆောင်မုန်းလဆန်း ခုနစ်ရက်
စနေနေ့ ဝမ်းဘဲအင်း အောင်နန်းရွှေဘုံသို့ ထွက်တော်မူသည်။ တန်ဆောင်မုန်း
လဆန်းဆယ်ရက် အင်္ဂါနေ့ တစ်ချက်တီးကျော် ခြောက်နာရီတွင် အိမ်ရှေ့ဘုရား
ဝေါ်စီးတော်မူ၍ အောင်နန်း ရွှေဘုံသို့ ထွက်တော်မူသည်။ နတ်တော်လဆန်း
တစ်ဆယ့်လေးရက်တနင်းလာနေ့ နံနက်လေးချက်တီးကျော် နှစ်နာရီ သုံးပါဒ်
ခြောက်ဗီဇနာတွင် အောင်နန်း ရွှေဘုံက ကျော်ဘုံတံခါးကို အိမ်ရှေ့ဘုရား
ဝင်တော်မူ၍ တစ်ချက်တီးကျော်တစ်နာရီတစ်ပါဒ်ကိုးဗီဇနာတွင် အိမ်ရှေ့တော်
သစ် တက်တော်မူသည်ကား ဓလေ့တော်ကို လွှတ်တော်မြောက်တွင် နေရသည်။
အိမ်ရှေ့ဘုရား ဖြတိုက်တော်က သက်တော်မူသည်။ ခြေလျင် သွားတော်မူ၍
ဝေါ်သို့တက်တော်မူသည်။ စားတော် ကွမ်းရောက်င်တို့နှင့် ကြိမ်ရွေ၊ သံရွှေ ကိုင်
မည့်သူတို့ ဖြတိုက်တော်သို့ တက်၍ အဆောင်တော်ကို ယူလာရသည်။ ယင်း
သို့မှ အိမ်ဖြူသို့ တက်တော်မူသည်၊ ပြာသိုလပြည့်ကျော် ၄ ါးရက် တနင်းလာနေ့
မင်းသား ရှင်နန်းတက်ကို ပြည်ဝန် ခန့်တော်မူ၍ စုန်ရသည်။ တန်ခူး လဆန်း
သုံးရက် ဗုဒ္ဓဟူးနေ့ သုဓောဇ ဂေါ ဝိန္ဒ ဓေဝရာဇာ ဖြဟ္မာသုသခံ့ သည်ပညာရှိ
ပုဏ္ဏားလေးဦးကို အလျှောက်မသင့်သောကြောင့်အမျက်တော်ရှိ၍တစ်ယောက်
တစ်ကျဲ့ ပို့တော်မူသည်တွင် ဘလဲပကာ၍ ဝမ်းဘဲအင်း ထိအောင် မီးလောင်လေ
သည်။ ထိုနေ့တွင် ဝန့်ရှင်တော် နန္ဒသူရိယ လွန်သည်။ ဘဝရှင် မင်းတရားကြီး
လည်းနန်းတော်သို့မီးနီးလျှင် ရှင်မိပုရားခေါင်ကို ရွှေဝေါ်နှင့် အလျှင် မနေရမ်
ဥယျာဉ်တော်သို့ ထွက်တော်မူရသည်။ ကိုယ်လုပ်တော် သားတော် သမီးတော်
တို့ကိုလည်း အရှင်မိပုရားနှင့် ထွက်ရသည်။ ယင်းသို့မှ မြင်းစီးတော်မူ၍ မြင်ဝန်

အတွင်းဝန် မှူးတော် ခြံရံလျက် ထွက်တော်မူ၍ ဥယျာဉ်တော်သို့ ရောက်တော် မူလျှင် ရွှေဝေ နှင့် နေတော်မူသည်။ ဝန့်ရှင်တော် နန္ဒကျော်ထင်ကို ခေါ်တော် မူ၍ ယခုပင် ရေကြောင်း ရွှေနန်းတော်သို့ ဝင်တော်မူမည်။ အလျင် ပြေးသွား စီရင် အမိန့်တော်ရှိသည်။ နန္ဒကျော်ထင်လည်း လက်ရွေးတော် လက်သည် တော် လှော်ကား လက်သင် ခေါင်းအကြီး အပေါင်းတို့ အလျင် ခေါ်၍ လှေတန်းဆာ အစုံနှင့် ချည်း ကြေးမြင်တိုင် အရပ်တွင် စီစဉ်ခင်းကျင်း၍ ရသည်။ ကြည်းကြောင်း မှာလည်း ဆင်မြင်း ဗိုလ်လွှားအများခင်း၍ သဘင်ရှင်စံတော်မူသည့် ကာလကဲ့သို့ ရွှေလောင်းတော်သို့ သက်တော်မူသည် သားတော် အိမ်ရှေ့မင်းကိုလည်း တော်သလင်း တဲတော်ဆိပ်က ခေါ်တော်မူ ကြို့ရသည်။ လှေတော် ပုံသံ ကြားလျှင် ဝေါတော်ကသက်၍ နီးခေါ်တော် သင်ပြူးအနား အမှမ်း ခင်း၍ နေတော်မူရသည်။ အိမ်ရှေ့မင်း၊ ကျန်တော်မူ အပေါင်းတို့ကို ညောင်စဉ်လက်တွင်းသို့ နေရသည်။

ဘဝရှင် မင်းတရားကြီးဘုရားလည်း သာစည် တံခါးဆိပ်တွင် လှေတော်ဆို ဆိုက်၍ တက်နေတော်မူသည်။ကျော်ဘုံတံခါးကဝင်တော်မူ၍ သုံးချက်တီးကျော် တစ်နာရီတွင် ရွှေနန်းတော်သို့ ရောက်တော်မူသည်။ နန္ဒကျော်ထင် အစီအ သင့်မြတ်သောကြောင့် သဘင်ထွက်စံတော်မူသကဲ့သို့ ဝင်တော်မူရသည် ဟူ၍ အမိန့်တော်ရှိသည်။ သက္ကရာဇ် (၁၀၅၁) ခုနှစ် ကဆုန် လဆန်း သုံးရက် ကြာသပတေးနေ့ နှစ်သစ်လက်ဆောင်တော် ဆက်သည်။ ထိုနေ့ အိမ်ရှေ့မင်း လွှတ်တက်သည်။ ထိုလတွင် စစ်ကိုင်းသင်းချိုင်း၌ လူသဂြိုဟ်သည့်မီး မသေ ရာကလည်ကျော် တိုင်အောင် ရှိသည်။ တန်ခူး လဆန်း နှစ်ရက် စနေနေ့ မိန်ရာသီတွင် ဂြိုဟ်ခြောက်လုံးစုံသည်။ သည်နေ့ ညဥ့်လေးချက်တီးကျော်တွင် နန်းတော် ငြမ်းပန္နက် စိုက်သည်။လဆန်းခြောက်ရက်ဗုဒ္ဓဟူးနေ့ညဥ့်တစ်ချက်တီး ကျော်တွင် နန်းတော် တွင်းတူးသည်။ လဆန်း ခုနစ်ရက် ကြာသပတေးနေ့ အဝင် နှစ်ချက်တီးကျော် နှစ်နာရီတွင် နန်းတော်သစ် ရပ်သည်။ သက္ကရာဇ် (၁၀၅၂) ခုနှစ် ကဆုန် လဆန်း ခြောက်ရက် အင်္ဂါနေ့ ညဥ့်လေးချက်တီး ကျော်ကို မင်္ဂလာရေတော် ခပ်သည်။ တစ်ချက်တီးကျော် လေးနာရီတစ်ပါဒ် တစ်ဆယ့်တစ်ဗီဇနာတွင် ယာယီနန်းတော်သို့ ပြောင်းတော်မူသည်။ကဆုန်လဆန်း ခြောက်ရက် ကြာသပတေးနေ့ ညဥ့် လေးချက်တီးကျော်တွင် မြေလှူ၍ လဆန်းတစ်ဆယ့်နှစ်ရက် ဗုဒ္ဓဟူးနေ့နန်းတော်သို့ တက်မည့်အခါ ရှောင်တော်

မူသည်။ ကဆုန်လဆန်းတစ်ဆယ့်လေးရက်သောကြာနေ့ ညဥ့်တစ်ချက်တီးကျော်
လေးနာရီတွင် နန်းတော်သို့ တက်တော်မူသည်။ ကဆုန်လပြည့်ကျော်သုံးရက်
စနေနေ့ မှူးတော် မတ်တော်တို့ကို အဆောင် သနားတော်မူသည်။ ဗညား
ပရန်ကို တကောင်းပိတ်ထွေးအင်၊ထီးသင်းကျစ်ကျိုင်းချက်အကုန်၊ သက်တော်
ရှည်ကို စည်ငါးလုံး၊ နှဲနှစ်၊ ခရာတစ်၊ စည်ပုတ်တစ်၊ သံလွင်တစ်၊ စတုဂါမဏိကို
စလွယ်ငါးသွယ်၊ ထမ်းစင်လက်သတ်၊ နေမျိုးကျော်ထင်ကို တကောင်းပိတ်
ထွေးအင် ထီး၊ ဥဒိန်ကျော်ထင်ကို ကျိုင်းနှစ်သစ်ခံ၊ ဓောင်းကြက်ခြေ၊ အခနောက်
ဝင်းမှူး ကောဝ်တော်ဘယကို ကမ်းခွက်၊ အရွေ ဝင်မှူး လက်ဝဲဇေယသူကို
ကျိုင်းလေးသစ်ခံ၊ နန္ဒကျော်သူကို ကျိုင်းနှစ်သစ်ခံ၊ ဓောင်းကြက်ခြေ၊ လက်ယာ
ဝင်းမှူး တုရင်ရွှေတောင်ကိုကျပ်၊ တုရင်သိမ်ကိုကျပ်၊ လက်ဝဲဝင်းမှူး ဇေယ
သိမ်ကို ကျိုင်းလေးသစ်ခံ၊ ဥဒိန်ရာဇာကို ကျိုင်းနှစ်သစ်ခံ၊ ဘယသာရကို
ကျိုင်းလေးသစ်ခံ၊ ဗလကျော်သူကို ကျိုင်းလေးသစ်ခံ သနားတော်မူသည်။
ကဆုန် လပြည့်ကျော်တစ်ရက် တနင်္ဂနွေနေ့သို့ အဝင် ညဥ့် နှစ်ချက်တီးကျော်
နှစ်နာရီတွင် တံဆိပ် တည်တော်မူသည်။ မင်္ဂလာဆင်တော် မြင်းတော်တို့ကိုလည်း
ဘွဲ့တပ်တော်မူသည်။ ငင်းလပြည့်ကျော်တစ်ရက်တနင်္ဂနွေနေ့နံနက်တစ်ချက်တီး
ကျော် ခုနစ်နာရီ တစ်ပါဒ် လေးဗိဇနာတွင် မြတ်သော ထီးဆောင်းမင်္ဂလာ
ဥကင်သ ဘွင့်တော်မူသည်။ တံဆိပ်နာမံတော်ကား၊ သီရိပဝရမဟာသီဟသူရ
ဓမ္မရာဇာ၊ ရှင်မိဖုရားမှာ အတုလ ပဝရသီရိ မဟာသုဓမ္မာ ဒေဝီတံဆိပ်တော်ကို
ဗလကျော်သူ လျှောက်သည်။ စတုဂါမဏိဆက်သည်။ ထိုနေ့ အမည် သနား
တော်မူသည်။ ဥဒိန်သူရကို ရာဇဘယသိင်္ခ၊ ဘယသာရကို လက်ဝဲရန္တမိတ်၊
လက်ဝဲသီဟကို လက်ဝဲရန္တသူ၊ ဇေယျသိမ်ကိုလက်ယာပျံချီ၊ မြေတဲလေးမှူးကို
ဥဒိန်သာရ၊ သမြေလှစားကို နန္ဒဗလ၊ မပေါစားကို ရဲဒေဝီ၊ ပွဲတိုင်းကောင်း
မှူးကို တုရင်စည်သူ၊ သပေါက်ကြီးမှူးကို ရာဇသိင်္ခစည်း၊ လယ်အိုးစားကို
သိင်္ခဒေဝ၊ မင်းတရားကြီး၊ ကျွန်သီးမှူးကို ဇေယျသိင်္ခ ပေါင်းတစ်ဆယ့်တစ်
အမည် သနားတော်မူသည်။ ငင်းလပြည့်ကျော် နှစ်ရက် တနင်္လာနေ့ အမည်
သနားတော်မူသည်။ နန္ဒဗလကို လက်ဝဲဘိနန်းသူ၊ ဓမ္မသီရိကို ဇေယျနန္ဒမိတ်၊
ဇေယျယောဓာကို ကောဝ်တော်ဘယ၊ ဒေဝသာရကို လက်ဝဲပျံချီ၊ ဥဒိန်ဘယကို
ရာဇသူရ၊ တုရင်ဝေရကိုလက်ယာကျော်သူ၊ ဇေယျသူရကိုလက်ယာနန်းသူ၊
ပြေ့ကြီးမှူးကို ဒေဝသာရ၊ အရွှေထောင်မှူးကို ဇေယျသူရ၊ မှန်ညင်းပြင်
စားကို တုရင်နန်းသူ၊ ကန်သစ်ရွှေဗိုင်းမှူးကို နန္ဒဗလ၊ အရင်ခေါင်မှူးကို

အယသာရ၊ နတ်စက်ရန်အောင်မှူးကို ဇေယျယောဓ၊ ဆင်ဝံစားကို လက်ယာ ယောဓ၊ ပုညဝါဒီယကို မဏိသူရ ပေါင်း တစ်ဆယ့်ငါးအမည်သနားတော် မူသည်။ ရှင်း လပြည့်ကျော် သုံးရက် အင်္ဂါနေ့ အမည် သနားတော်မူသည်။ လက်ဝဲဇေယျသူကို လက်ဝဲရဲတိုင်၊ ဗလကျော်ထင်ကို စစ်တုရင်ကသူ၊ တုရင် ရွှေတောင်ကို နန္ဒသိဟ၊ တုရင်သိခ်ကို လက်ယာရန္တသူ၊ ဇေယျတမန်ကို ဇေယျ ကျော်သူ၊ မြွောင်မှူးကို ဇေယျတမန်၊ သပေါက်တင်မှူးကို ဗလကျော်သူ၊ မြင်းခေါင်းညိုကို တုရင်သိခ်၊ ရွှေဂူစားကို ဥဒိန်ဗလ၊ လက်ဝဲမြင်းခေါင်းကို တုရင်ဝေယ၊ ပံတူစားကို ရာဇတမန်၊ လင်းယင်စားကို ပိုက်သရိ၊ ဝင်စဉ်မှူးကို ဂုဏ္ဏနုရစ်၊ သိန္နီရွှေဗိုင်းမှူးကို တုရင်ရွှေတောင်၊ မြကျွန်းမှူးကို ပုညသိင်္ဂ သံခတောစားကို ရာဇသင်၊ ရွှေပြည်စိုးကို ဇေတရာဇ် ပေါင်း တစ်ဆယ့်ရှစ် အမည်သနားတော်မူသည်။

နယုန် လဆန်း ကိုးရက် အင်္ဂါနေ့ သုံးချက်တီးကျော် နှစ်နာရီတွင် ရွှေလှတ်တော်သို့ ထွက်တော်မူသည်။ ထိုနေ့ အမည် သနားတော် မူသည်။ ပုဏ္ဏား ဆုံ့တာ စားကို ဒေဝ ဖြဟ္မာ၊ ပုဏ္ဏား ဇဝ စားကို ဒေဝ ရာဇဖြဟ္မာ၊ ပုဏ္ဏားသုဘောဇ်ကို ပုရောဟိတ်ဖြဟ္မာ၊ မြင်းခေါင်းပန်းရင်းကို တုရင်ကသူ၊ မြင်းခေါင်းဘုန်းရှိကို ဥဒိန်သမန်၊ မြင်းခေါင်းပထလုံးစားကို သိရိ၊မြင်းခေါင်း ဇိုးကို ရဲကမ္မာ၊ မြင်းခေါင်း မြနက်စားကို မဏိကမ္မာ၊ မြင်းခေါင်းရွှေထီးကို ရာဇကမ္မာ၊ မြင်းခေါင်းလေးလုံးကို ရဲယောဓ၊ သွေးသောက်ကြီး သောင်းကို ဂဇယောဓ၊ ကျွန်တော်ငယ်စားကို ဥဒိန်သူရ၊ ကျခတ်စားကို ဥဒိန်ယောဓ၊ ပန်းကုံးစားကို မဏိယောဓ၊ ထားဝယ်မြင်းခေါင်းကို ဂဇပုည၊ ကောင်ဟန်မှူး နော်ခန်းကို သေဉ်စံသင်း၊ ရန်ညွှတ်တော်စားကို သေဉ်မသက်၊ အဲလှိုင်ကို သေဉ်တဖက် ပေါင်း တစ်ဆယ့်ရှစ် အမည် သနားတော် မူသည်။ ထိုညဉ့် တစ်ချက်တီးကျော် နှစ်နာရီ တစ်ပါဒ်တွင်း ရွှေမြို့တော် လေသာတံခါးကသည် ရွှေစေတီဘုရား မြောက်တိုင် မြို့သစ်အုတ် ရှေ့ လုပ်သည်။ ပထမ ဝါဆို လဆန်း ရှစ်ရက် အင်္ဂါနေ့ မြေတံကျောင်းတော်၊ တောင်နန်းကျောင်းတော်၊ အရှေ့ လေးထပ်ကျောင်းတော် သည်သုံးရပ်ကို တစ်ချိန်တစ်ခါတည်းလှူတော် မူသည်။ တန်ဆောင်မုန်းလပြည့်ကျော်တစ်ဆယ့်တစ်ရက် တနင်္ဂနွေနေ့ မြို့စောင့် အလယ် မုတ္တမ၊ ငင်းမယ်၊ ကျိုင်းသေဉ်သို့ ထွက်ရသည်။ နတ်တော် လဆန်း ခြောက်ရက် ဗုဒ္ဓဟူးနေ့ ဝန့်ရှင်တော် နေမျိုးကျော်ထင် ကျောင်းတင်သည်။

တပို့တွဲလပြည့်ကျော်တစ်ဆယ့်နှစ်ရက် စနေနေ့ ထိမ်ရွှေဘုရား လယ်ပြင်ကျောင်းတော်မှာ ပြာသာဒ်တော် သာခုခေါ်တော်မူသည်။ တပေါင်း လဆန်း သုံးရက် ကြာသပတေးနေ့ မင်းညီ မင်းသား မှူးတော် မတ်တော်တို့ကို မြို့ရွာသနားတော်မူသည်။ မင်းသားရှင်ခြင်ကြိုကို မြဝတီမြို့၊ တကာ ါမတ်ကို လသကိုင်းမြို့၊ ဥဒိန်ရာဇာကို ခသယ်မြို့၊ ဗညားပရန်ကို ဓါမြို့၊ တောင်ဆင်းမြို့၊ လက်ဝဲရဲဘိုင်ကို လှိုင်မြို့ ကင်းနှင့် လက်ဝဲနန်းသူကို ဇေယျနန်းသူကို ကိုင်မြို့၊ ရွှတ်သင်ရန်ကို ပုခန်းငယ်မြို့၊ စစ်တုရက်သူကိုနတ်မောက်မြို့၊ တုရွှင်း ပျံချီကို ကုထွဘ်ကင်းနှင့် ဇေယျကျော်ကို မြင်လှ၊ ရာဇာသိင်္ဂကို တောင်ပြုံးကြီး၊ လက်ယာ ဇေယသိင်္ဂကိုလှိုင်းတက်၊ တုရင်ကျော်ကိုတရုတ်မော်ကင်းနှင့် လက်ယာရန္တသူကို သံရွာ၊ ရာဇတမန်ကို ရဲလေ့ဆယ်စင်း၊ တုရင်ဇေယကို ပေယင်း၊ ရာဇသိင်္ဂကို ဝင်မနား၊ ရာဇသိန်စည်းကို သံဘဘ၊ မိုင်းမွန်စားကို ဆင်ရင်၊ ရာဇဝဏ္ဏကို မြင်းမူ။ ကောင်းမွန်ကျော်မှူးကို စလင်းကျေး၊ လည်ကုဘ်ကောင်းကောင်းစဘ် မီးမှူးကို စလင်းကျေး၊ မတ်နိုင်းခေါင်မှူးကို ကနီကျေး၊ ကန်နတ်စဘ်ကျော် ခေါင်မှူးကို သက်ပန်း၊ ရွှေလှေမှူးကို မြင်းခုံတိုင်၊ သိန္နီချင်းမှူးကို စုံချောင်း၊ ဘောင်းကင်ခလောင်မီးမှူးကို မှဘ်ဘိ၊ ရဲသွန်းကျော်မှူးကို ခမူ၊ ကသေးဆိုင်းမှူးကို မြေကြာ်၊ သူခဲထောင်မှူးကို ကန်နီကျေးမုရှိဘုံ၊ မြို့နန်းသေးသေကြီး ဥကောကို သက်ငယ်ကျင်း၊ ငင်းသူးသောက်ကြီး ဆေးယှကို ရေမခ၊ ငင်းသေ့းသောက်ကြီး သောကျော်ကို ညောင်ဝန်း၊ ငင်းသေ့းသောက်ကြီး ထွန်းကျော်ကို စိုင်ခေါင်၊ ငင်းသူးသောက်ကြီး ဆေးပြိုးကို မင်းရွာ၊ တရား၊သူကြီးဟောင်းငကြီးကို ကုလားရွာ၊ အာဘာတော်စိုးကို ကျောင်းကြီး၊ လက်မရှုံးမှူးကို မူးဝ၊ အခဝါစာခရာ့ငနေထွန်းကို ကင်းဘာ၊ အသိန့်တော်ရ သောထွန်းကို မတောင်းတာ၊ သပေါ်တော်မှူးကို ရွှေမည် သနားတော် မူသည်။

ကသည်းက သံရောက်လာခြင်း

သိန္နီစော်ဘွား စပ်ခန်းကို ကွပ်မျက်၍ သားမယားတို့ကို

ထောင်ထားခြင်း မြေသျှင်လွှပ်ခြင်း အကြောင်း

ကသည်းက သံရောက်သည်။ ။

တပေါင်း လဆန်း ကိုးရက် ဗုဒ္ဓဟူးနေ့ ကသည်းက သံရောက်သည်။ ။ တပေါင်း လဆန်း ကိုးရက် ဗုဒ္ဓဟူးနေ့ ကသည်းသံ (၁၀၅၃) ခုနှစ် တန်ခူးလပြည့်ကျော်တစ်ဆယ့်သုံးရက် ဗုဒ္ဓဟူးနေ့ ကသည်းသံ

လက်ဆောင်တော်သည် သိန္နီစော်ဘွားသား စပဲခန်းကို၊ ကွပ်မျက်တော်မူလျှင် စပဲခန်းမယား၊ သား သမီး ကျေးကျွန်အလုံးအရင်း၊ တို့ကို ယူ၍ တရုတ်ပြည် ဝင်မည် သွားလေသည်ကို ကြားတော်မူလျှင် ငနေထွန်း တစ်တပ်၊ ရွှတ်သင် တစ်တပ်၊ လက်ဝဲနန္ဒမိတ်တစ်တပ်၊ မိုင်းကိုင်းစား တစ်တပ်၊ နောင်မွန်စား တစ်တပ်၊ မိုးနဲစော်ဘွားတစ်တပ် သည်တပ်ကြီး ခြောက်တပ်ကို ဆင်လုံး မြင်းရင်း အများ နှင့် (၁၁၅၃) ခုနှစ် တော်သလင်း လဆန်း တစ်ရက် သောကြာနေ့ သိန္နီ ချီရသည်။ စပဲခန်း သား မယား ကျေးကျွန် တို့ကိုလည်း တရုတ်တို့ အဝင်မခံ၍ သံလွင်မြစ် ကိုလုံးကျွန်းတွင် အခိုင်အလုံ နေသည်ကို ရဲမက်တော်တို့ မြစ်ကိုကူး၍ လုပ်ကြံလျှင် လက်မတုံ့ အညံ့ခံသည်။ ယင်းသို့မှ သိန္နီသို့ ခေါ်တော်မူသည်၊ အမြစ်အလျှောက် စပဲခန်း သား မယား ကျေးကျွန်တို့ကို ကွပ်မျက်တော်မူ သည်။ သိန္နီမြို့ကိုလည်း ငနေထွန်းကို ပေးတော်မူ၍ စော်ဘွားပြုရသည်၊ ရဲမက်တော် တို့ကိုလည်း ခေါ်တော်မူ၍ ပြန်ရသည်။ (၁၁၅၄) တန်ခူး လဆန်း ခြောက်ရက် ကြာသပတေးနေ့ မြတိုက်တော်သို့ ထွက်တော်မူရာတွင် အမှူး အကြီး စာရေး စာချီ ရှစ်ဆယ်ကျော် ခန့်တော်မူသည်။ တန်ခူး လပြည့်ကျော် နှစ်ရက် တနင်္လာနေ့ နံနက် တစ်ချက်တီးကျော်တွင် ဝမ်းဘဲအင်း နန်းတော်သို့ ထွက်တော်မူရာတွင် သားတော် အိမ်ရှေ့မင်း သုံးချက်တီးကျော်မှ ထွက်တော် မူသည်။ မြေကို အောင်ချာတူမိ၊ နန်းတော်ကို မြတ်နန်းဘုံသာဟု သမုတ်တော် မူသည်။ ကဆုန်လဆန်းတစ်ဆယ့်နှစ်ရက် စနေနေ့တွင် ထမင်းမိုးရွာသည်၊ သောင်သွပ်မြို့ကို ကသည်းတို့က ထိပါးလာသည် လျှောက်လာသောကြောင့် တုရင်ဧဝရ တစ်တပ်၊ ရဲယောဓာ တစ်တပ် စစ်တုရင်္ဂသူ တစ်တပ် ဥဗိန်သာရ တစ်တပ်၊ သည်လေးတပ်ကို အလုံး အရင်း အများနှင့် နတ်တော် လဆန်း လေးရက် အင်္ဂါ နေ့ ချီရသည်။ နတ်တော် လပြည့်ကျော် ငါးရက် ကြာသပတေးနေ့ ကသည်းသို့ ဓေဝကမ္မာ တစ်တပ်၊ ရွာစားနှင့် လက်ပန်းစား တစ်တပ်၊ မိုင်းညောင်စား မိုးတုံးစား တစ်တပ်၊ မိုးညှင်းစား တစ်တပ်၊ ကလေးစား တစ်တပ်၊ ဝန်းသိုစား တစ်တပ် သည်ခြောက်တပ်ကို သောင်သွပ်သို့ ထပ်ပြန်ရသည်။ တပို့တွဲ လပြည့်ကျော် နှစ်ရက် ကြာသပတေးနေ့ ဝမ်းဘဲအင်း၊ နန်းတော် တွင်းတူးသည်။ တပေါင်း လဆန်း နှစ်ရက် ကြာသပတေးနေ့ ရွှတ်သင်ရန်ဗိုလ်ပြု၍ ဆယ်တပ် သောင်သွပ်သို့ ချီပြန်ရသည်။ အောက်သို့ ရောက်လျှင် မတိုက်သာ၍ မြစ်တစ်ဘက်ကသာ နေရ ချေသည်။ အရေးတော် မလှချေ။ သက္ကရာဇ် (၁၀၁၅) ခုနှစ် နယုန် လဆန်း ဆယ်ရက် ဗုဒ္ဓဟူးနေ့ ယင်းသို့ စစ်ချီလေသော ရဲမက်တော်တို့ကို ခေါ်တော်

ဖြို့ ပြန်ရသည်။ ဝါဆို လဆန်း ရှစ်ရက် သောကြာနေ့ ထုံးချက်တီးကျော် လေးနာရီတွင် ရွှေနန်းတော်သို့ ရတနာထမ်းစင် စီးတော်မူ၍ ကျော်ဘုံတံခါးက ဝင်တော်မူသည်။ သားတော် အိမ်ရှေ့မင်းလည်း နေ့နှစ်ချက်တီးကျော်ကို ဝင်မနားတံခါးက ဝင်တော်မူသည်။ ဝါဆိုလပြည့်ကျော်သုံးရက် တနင်းလာနေ့ မူးတော် မတ်တော်တို့ကို အဆောင် အယောင် သနားတော်မူသည်။ ဗညား ဆက်ကို သန်လျင်းတလဲ၊ စတုဂါမဏိကို စလွယ်ခုနစ်သွယ်၊ ကျိုင်းချက်အကုန်၊ နေမျိုးကျော်ထင်ကို စလွယ်ခုနစ်သွယ်၊ ကျိုင်းချက်အကုန်၊ ဘယရန္တသူကို စလွယ် ငါးသွယ်၊ နန္ဒကျော်သူကို ထီးညောင်ရွက် နှစ်ဆင့်၊ သင်းကျစ်၊ ဘယရန္တမိတ်ကို စလွယ်ငါးသွယ်၊ ဇေယျကျော်ထင်ကို တေးအင်၊ ထမ်းစင်၊ လက်ခတ်၊ လက်ဝဲ ဘိနန်းသူကို ကျိုင်းနှစ်သစ်ခံ၊ လက်ဝဲနန်းသူကို ကျိုင်းနှစ်သစ်ခံ၊ ဇေယျရန္တမိတ်ကို စလွယ်ငါးသွယ်၊ ရာဇသိမ်ကို ကျိုင်းနှစ်သစ်ခံ၊ လက်ယာရန္တမိတ်ကို ကျိုင်းနှစ်သစ်ခံ၊ ရာဇတိန်းမှတ်ကို ကျိုင်း နှစ်သစ်ခံ၊ ကော်တော်ရန္တမိတ်ကို ကွမ်းခွက် ကျိုင်းနှစ်သစ်ခံ၊ ရမ္မယောဓကို ကွမ်းခွက်၊ ကျိုင်းနှစ်သစ်ခံ၊ ဒေဝသိရိကို ကျပ်လက်ဖက်အိုး၊ လက်ယာဇေယျသူကို ကျပ်လက်ဖက်အိုးပေါင်း တစ်ဆယ် ခုနှစ် အဆောင်သနားတော်မူသည်။ ဝါဆိုလပြည့်ကျော်ငါးရက်ဗုဒ္ဓဟူးနေ့ နံနက် တစ်ချက်တီးကျော် ငါးနာရီနှစ်ပါဒ်တွင် မင်္ဂလာဥကင်သ ဖွင့်တော်မူသည်။ တံဆိပ်တော်အမည်မခံ။ ထိုနေ့ မင်းသား မင်းမြေး မှူးတော် မတ်တော်တို့ကို အမည် သနားတော်မူသည်။ ပင်းယ မြို့မှူးကို မင်းရဲဇေယျသူ၊ ဗညားဆက်ကို ဗညားရန်တဲ၊ စတုဂါမဏိကို သက်တော်ရှည်၊ နေမျိုးကျော်ထင်ကို နေမျိုး သခ်ယာ၊ နန္ဒကျော်သူကို နန္ဒသကြီး၊ တရင်စည်သူကို လက်ဝဲရန္တသူ၊ ဘယနန္ဒမိတ် ကို နန္ဒကျော်ထင်၊ ဥဒိန်ဇေယျကို လက်ဝဲဇေယျသူ၊ လက်ယာသူရကိုလက်ဝဲပုံချို၊ လက်ယာသီဟကိုလက်ဝဲဇေယျသူရ၊ တေဇပူရကို ဘယယောဓာ၊ ဇေယျကျော်ကို နန္ဒမိတ်၊ သိခ်ယောဓာကိုနန္ဒကျော်တော်ဘယ၊ ဇေယျဘယကိုလက်ယာဘိနန်းသူ၊ တုရင်သူကို ဘယနန်းသူ၊ ကခ်သူကို လက်ယာရဲတိုင်၊ မနော်သီဟကိုလက်ဝဲသိခ်၊ မနော်သရေကို လက်ယာသိခ်၊ လက်ယာတော်မိုင်းရဲကို ပိုက်သင်ရန်၊ အင်ယင် တုရင်ကို ရာဇသိဒ္ဓိ၊ တုရင်ဘယကို တော့ရင်ဗလ၊ ဝေလုသုနန္ဒရကို လက်ယာ ဇေယျသူ၊ သူရယောဓာကို ဗျူဟဘ၊ သီရိဘတ်ကို သီရိဂုဏ္ဍရပ်၊ စန္ဒရာသီ မြင်းခေါင်းကို-ပိုက်နရဲ၊ ရဲတော်မြင်းခေါင်းကို ဥဒိန်ဗသ၊ သွေးသောက်ကြီး ငမင်းကို စန္ဒကာ၊ လက်ထုတ်စားကို စန္ဒရာဇာ၊ သံတော်ဆင့် မုံညိုရွာစားကို အမြဲရဲ၊ သံတော်ဆင့် မှန်သာစားကို ရမ္မသူရ၊ နဂါးတွင်းစားကို ရာဇသာရ၊

မြင်းခေါင်း ငွေမြတ်ကို တုရင်ဗလ၊ လက်ယာ မြင်းခေါင်းကို [illegible] မတုပ်ကို သိရိနဒ၊ မည်ကို သိရိဂန္ဓ၊ သူငွေသားဇံကို နန္ဒယသူရသူငွေ [illegible] သုံးဆယ့်ခြောက် အမည်သနားတော်မူသည်။

ဝတိယဝါဆိုလပြည့်ကျော်တစ်ဆယ့်လေးရက် သောကြာနေ့ ဖြတ်ကိုက်တော်[illegible] ထွက်တော်မူရာတွင် အမည်သနားတော်မူသည်။ ဒေဝသိရိကို နန္ဒသိရိ၊ [illegible] တော် ပဲခူးနိုင်မှုကို ဇေယျတလ၊ ရတနာထမ်းစင်မှုကို ဇေယျကျော်[illegible] နန်းဦးမြင်းခေါင်းကို ဘယဇာသူ၊ ငါးဆယ်တော် ရန်ကျော်မှုကို ဇေယျ[illegible] ငါးဆယ်တော် လက်သစ်မှုကိုလက်ယာသူရ၊ ဝေကြီးမှုကိုလက်ယာသီဟ[illegible] တောင်ထောင်မှုကို ဥဒိန်ဇေယျ၊ မြောက်ထောင်မှုကို ဘယ[illegible] မြင်းခေါင်း ငြွတ်နေကို တုရင်ဘယ၊ ပုခန်းမြင်းခေါင်းကို အင်းယင်[illegible] နာခံသာရပ်မှန်မှုကို ရာဇတမန်၊ ပြည်လုံး တမွတ်မှုကို [illegible] ယောင်နံ့ဒိုင်းမှုကို တုရင်ဒေဝ၊ အမိန့်တော်ရေး ဆီးချိုင်းစာကို လက်ယာ ဝေသော်၊ ရွှေတိုက်စိုးခေါ် သိန္ဓုစာကို ရာဇပညာ၊ ရွှေကျင်စာကို ရာဇ သရေ၊ အိမ်ရှေ့ စာရေးကြီး ဒိုင်းစာကို လက်ဝဲဝေသော်၊ အိမ်ရှေ့ သံတော် ဆင့် အဆိုင်ခံစာကို တုရင်သမန်၊ ကောင်ဟန်မှုနာခံကို သေဥဟကျိုင်ကော၊ ရွှေပြည်မှုကို ဇေတရာဇာ၊ တောင်ရွှေစာကို ပြန်ပညာ၊ ယင်း ပေါက်တိုင် စာကို သမန္တလက်ာ၊ တေန့်စာကို သုဒ္ဓလက်ာ၊ ပန်းတိမ်း ဗိလုကာ ဆောက် စုကို ဣန္ဒ ရတန မုတ္တမဇေလယောဓကို ဗညာဖြ၊ ကွမ်းခွက် ကျိုင်းလေးသင် သံလျင် သီရိဒေဝကို ဇွယ်ရသင်ရန်၊ တောင်ရစစ်ကဲ သရေခေတ္တရာ မြင်းခေါင်းကို ရန်ဦးယ၊ ငင်းရွှေပြည် မြင်းခေါင်း ကို နန္ဒပတော့၊ ဟံသာဝတီ အခွန်ဝန် ပြည် လုံးကျော်မှုကို သီဟယောဓ၊ ထားဝယ် စစ်ကဲ လုလင်စာကို ပိုက်ကမ္ဗာ၊ မုတ္တမစာရေးကြီး ဇာအပ်စာကို ပညာကမ္ဗာ၊ ရာဇခေတ္တ တုရင်သိန်းစည်း သည် သုံးယောက်ကို အမည်အတိုင်းတွင်စေ ပေါင်းသုံးဆယ်ကို အမည်သနားတော် မူသည်။ တော်သလင်း လပြည့်ကျော်တစ်ရက် သောကြာနေ့ ညဉ့်သုံးချက်တီး ကျော်တွင် လျောင်းတော်ဦးမှာ ဆက်တုံပေါက်သည်။ ပြာသိုလဆန်း ခုနစ်ရက် စနေနေ့ တောဆင် ငါးဆူတိုင်အောင် ဝင်သည်။ လပြည့် တနင်္ဂနွေနေ့ ယင်းစစ် ထသည်ဟူ၍ ချိမြန်ရသည်။ လပြည့်ကျော်တစ်ရက် တနင်းလာနေ့ အခရှက ကြွ ကူးလာ၍ တကောင်းချေးမြင်တွင် ထိုးမိ၍သောသည်။ ထိုကြွကောင်ကို ပညာ နှိုတ္တိ စီရင်၍ ဘုန်းတော်ဖြစ် ကျွန်းမှာ မြုပ်ရသည်။ တပို့တွဲ လဆန်း

ခြောက်ရက် တနင်္ဂနွေနေ့ ယင်းစစ်ကို ချီပြန်ရသည်။ လဆန်းတစ်ဆယ့်တစ်ရက် သောကြာနေ့ ယင်းစစ်သို့ ချီပြန်ရသည်။ သက္ကရာဇ် (၁၀၅၆) ခုနှစ် ကဆုန် လဆန်း သုံးရက် တနင်္လာနေ့ မင်းရဲ ဇေယျကို ဗိုလ်မှူးပြု၍ ယင်းစစ်သို့ ချီပြန်ရသည်။ သက္ကရာဇ် (၁၀၅၇) ခုနှစ် တန်ခူး လပြည့်ကျော် ဆယ်ရက် သောကြာနေ့ ဒိန္နက်သည်၊ သကြန် တစ်ပြိုင်နက် သင့်သည်။ ဝါဆိုလဆန်း လေးရက် အင်္ဂါနေ့ တုရင်ချေ ကျောင်းတော်၊ ရကွန် ကျောင်းတော်၊ စစ်ကိုင်း မြစ်နား လေးထပ်ကျောင်းတော်ကို တစ်ချိန်တည်းလှူတော်မူသည်။ ဝါခေါင် လပြည့်ကျော် တစ်ဆယ့်နှစ်ရက် စနေနေ့ကစ၍ တစ်လတည်းတွင် တိုက်အသံ နှစ်ခါထွန်းသည်။ လပြည့်ကျော်တစ်ဆယ့်သုံးရက် တနင်္ဂနွေနေ့ ယိုးဒယားအမတ် သာလဝတ် ဆင်ငါးစီး၊ လူတစ်ရာကျော်ခန့်နှင့်ကျွန်တော်ခံဝင်လာသည့်သူ ရောက် တော်မူသည်။ သီတင်းကျွတ် လဆန်း လေးရက် တနင်္ဂနွေနေ့ မင်္ဂလာသကြန် ခေါ် ခြောက်ရက် အင်္ဂါနေ့ သားတော် အိမ်ရှေ့ မင်းကို မြို့တွင်းသို့ အလျင် ဝင်စေတော် မူသည်။ လဆန်း ငါးရက် တနင်္လာနေ့ လကို ကြယ်ချဉ်းသည်။ လဆန်း ဘုံသာ ဝမ်းဘဲအင်း နန်းတော်က ရွှေလောင်းတော်စီး၍ တော်သလင်းတဲတော် ဆိပ်က တက်တော်မူ၍ ကျော်ဘုံတံခါးသို့ ဝင်တော်မူသည်။ နေ့နှစ်ချက်တီး ကျော် တစ်နာရီကို ရွှေနန်းတော်သို့ ရောက်တော်မူသည်။ သီတင်းကျွတ် လပြည့် ကြာသပတေးနေ့ နှစ်ချက်တီးကျော် တစ်ပါဒ်တွင် ဥကင်သ ဖွင့်တော်မူသည်။ တံဆိပ်တော်မှာ သီရိပဝရ ပဏ္ဍိတ သီဟသူရ ဓမ္မရာဇာ၊ ရှင်မိဖုရားမှာ အတုလ သီရိမဟာ သုဓမ္မ အဂ္ဂဒေဝီ တံဆိပ်တော်ကို ဇေယျရန္တမိတ် လျှောက်သည်။ မင်းရဲ ဇေယျသူ ဆက်သည်။ ထိုနေ့ အမည် သနား တော်မူသည်။ နေမျိုး သခ်ယာကို နေမျိုးသီဟသူ၊ ဘယ ရန္တသူကို ကျော်ထင်ရန္တမိတ်၊လက်ဝဲ ရန္တသူကို နန္ဒစည်သူ၊ တုရင်ကျော်သူကို စတုရင်္ဂသူ၊ ရာဇသီရိကို ဘယရန္တသူ၊ ဝေလု သာရကို လက်ဝဲရန္တသူ၊ ရဲတေဇကို ဇလသင်းရန်၊ တုရင်ဝေသော်ကို တုရင်ဗလ၊ တုရင် ပျံချီကို ဇေယျကျော်သူ၊ အနောက် ထောင်မှူးကို သာဂသူ၊ ကောင်း ဘက်တော် ကျော်မှူးကို နန္ဒဇေယျ ပေါင်း တစ်ဆယ့်တစ် အမည် သနားတော် မူသည်။

တန်ဆောင်မုန်း လပြည့်ကျော် တစ်ဆယ့်နှစ်ရက် ဗုဒ္ဓဟူး နေ့ကစ၍ ဆန်သုံး စလယ် စားသာပြုသည်။ တန်ဆောင်မုန်း လကွယ် စနေနေ့ အရှေ့က ကြယ်

တန်ခွန် မြင်သည်။ နတ်တော် လဆန်း ကိုးရက် တနင်းလာနေ့ တုရင်သ
သည်လုတ္တိုက် ပုဏ္ဏမည့် ဆင်ဖြူ ယူသွားရသည်။ တပို့တွဲ လဆန်း ရှစ်ရက်
အင်္ဂါနေ့ နံနက် လေးချက်တီးကျော် မြောက်မောင်းတွင် ဝမ်းဘဲအင်း မြတ်
နန်းဘုံသာသို့ ရွှေလောင်းတော် စီး၍ ထွက်တော်မူသည်။ တပို့တွဲ လပြည့်
ကျော် ဆယ်ရက် စနေ နေ့ ယင်းတို့က ထိပါး လာသည်ဟူ၍ လျှောက်လာသော
ကြောင့် ရုံမက်တော် အပေါင်းတို့ကို သေနတ်ချည်း အပ်၍ ချီရသည်။
တပေါင်းလဆန်း သုံးရက် စနေနေ့ ပုဏ္ဏမက ဆင်ဖြူမ ရောက်သည်။ လဆန်း
ငါးရက် တနင်းလာနေ့ ဆင်ဖြူမကို ဝင်းတော်သို့ သွင်းရသည်။ သက္ကရာဇ်
(၁၀၅၈)ခုနှစ် ပထမ ဝါဆိုလပြည့်ကျော် နှစ်ရက် သောကြာနေ့ နံနက်
လေးချက်တီးကျော် ငါးနာရီတွင် ကရဝိက် ရွှေဖောင်တော် စီးတော်မူ၍
မြတ်နန်း ဘုံသာသို့ ထွက်တော်မူသည်။ လပြည့်ကျော် ခုနစ်ရက် ဗုဒ္ဓဟူးနေ့
သားတော် အိမ်ရှေ့မင်း မြတ်နန်း ဘုံသာသို့သာ ထွက်တော်မူသည်။ တော်
သလင်း လဆန်း ခုနစ်ရက် တနင်္ဂနွေနေ့ စစ်ကိုင်း ရာဇမဏိစူဠာသို့ ကရဝိက်
ဖောင်တော်နှင့် မင်းညီ မင်းသား မှူးတော် မတ်တော် အပေါင်း ခြံရံလျက်
အုံးအမြင့် ဘုရားရှိခိုး ထွက်တော်မူသည်။ တော်သလင်း လပြည့် တနင်းလာ
နေ့ နံနက် လေးချက်တီးကျော် မြောက်နာရီတွင် မြတ်နန်းဘုံသာက နန်းတော်
သို့ ဝင်တော်မူသည်။ ထိုနေ့ ရာဇ ဒေဝီ ရှင်မိပုရား မယ်တော် လွန်သည်။ တော်
သလင်းလပြည့်ကျော်တစ်ရက် အင်္ဂါနေ့ လိုက်၍ သင်္ဂြိုဟ်တော်မူသည်။ နတ်တော်
လကွယ်နေ့ လူမျက်နှာ လူလက် ခွေးခြေ မွေးသည်ကို နေမျိုးသီဟသူ ဝင်း
နားတွင် ပစ်၍ရသည်။ တပေါင်း လဆန်း ခြောက်ရက် တနင်းလာနေ့
နှစ်ချက်တီးကျော် ခုနစ်နာရီတွင် မြေကြီးလျှင် ပြင်းစွာလှုပ်၍ ရွှေမှီတော်က
၍ ဘုရားပုထိုး ဂူကျောင်း အများပြိုပျက်သည်။ လူလည်းအများ ထိပါးသေ
ပျောက်သည်။ မြေကြီးအစိတ်စိတ်ကွဲ၍ရေထွက်သည်။ သီဟတော ရွှေစာရံရွှေရင်
ပျော် ရွှေစည်းခုံဘုရား ရှင်များလည်း ထိပါးယွင်းယို ချေသည်။ တန်ခူးလပြည့်
ကျော် ကိုးရက် တနင်္ဂနွေနေ့ နန္ဒဗလကို ဗိုလ်မှူးပြု၍ ယင်းစစ်သို့ ချီပြန်ရသည်။
နယုန်လပြည့်ကျော် လေးရက် သောကြာနေ့ နန်းတွင်းတွင် မိုးကြိုး သင့်၍
မင်းသမီးတစ်ပါးလွန်ချေသည်။ ဝါဆိုလဆန်း ဆယ်ရက် ကြာသပတေးနေ့ နံနက်
တစ်ချက်တီးကျော်တစ်နာရီတွင်မြင်းရထား စီးတော်မူ၍ ဝမ်းဘဲအင်း နန်းတော်
သို့ ထွက်တော်မူသည်။ ထိုနေ့ မိပုရားခေါင်လည်း ထွက်တော်မူသည်။ ဥက္ကင်သ
ဖွင့်တော်မမူခင် တပို့တွဲလဆန်း ငါးရက် ဗုဒ္ဓဟူးနေ့ မှူးတော် မတ်တော်တို့ကို

အဆောင် သနားတော်မူသည်၊ ကျိုင်းတုံ စော်ဘွားညီ စလင်းစားကို မြင်းရှေ့ကြိုး၊ ရွှေကာ၊ ရွှေဦးထုပ်၊ နေမျိုးသီဟကို ရွှေချက်၊ ရွှေထွေးအင်၊ ကျော်ထင်ရန္တမိတ်ကိုထီး၊ သင်းကျစ် လေးမျက်နှာ၊ သီရိဇေယျ ကျော်ထင်ကို ထီး၊ သင်းကျစ် လေးမျက်နှာ၊ လက်ဝဲ ရဲတိုင်ကို ထမ်းစင်လက်ခတ်တကောင်းဖုံး ထွေးအင်၊ တေဇကာဘယကို ထမ်းစင် လက်ခတ် တကောင်းဖုံး ထွေးအင်၊ စလွယ် ငါးသွယ် ထမ်းစင် လက်ခတ် လက်ဖက်အိုး အသွတ် ကျောက်စီ၊ လက်ဝဲသူရကို ကျိုင်းနှစ်သစ်ခံ၊ ဘယသကြံကို ကျိုင်းနှစ်သစ်ခံ၊ ဇေယျဂါမဏိကို ကျိုင်းနှစ်သစ်ခံ၊ နန္ဒသူရိယကို တကောင်းပိတ်၊ လကျ်ာသင်္ခကိုကြုပ် လက်ဖက်အိုး၊ ဇေယျတမန်ကိုကြုပ် လက်ဖက်အိုး၊ သီရိယောဓာကိုကြုပ် လက်ဖက်အိုး ပေါင်းတစ်ဆယ့်လေးအဆောင် သနားတော်မူသည်။

## ဉကင်သ ဖွင့်တော်မူခြင်း၊ ဘွဲ့အမည် အရည်ပေးတော်မူခြင်း၊ ဘဝရှင်မင်းတရားကြီး နတ်ပြည်စံတော်မူ၍ သားတော် မာန်အောင်ရတနာ ဝါယကာခံ အိမ်ရှေ့မင်း ရွှေနန်းတက်ခြင်းအကြောင်း

သက္ကရာဇ် (၁၀၅၉) ခုနှစ် တပို့တွဲ လပြည့် စနေနေ့ ဉကင်သ ဖွင့်တော်မူသည်။ တံဆိပ်နာမံတော်ကား၊ သီရိပဝရ တိဘဝန သီဟသူရ အဂ္ဂပဏ္ဍိတ ဓမ္မရာဇာဓိပတိ မဟာဓမ္မရာဇာ၊ ရှင်မိဖုရားကြီးမှာ သီရိမဟာ အတုလ အဂ္ဂ သုဓမ္မ ရာဇဒေဝီ တံဆိပ်တော်ကို ဇေယျ ရန္တမိတ် လျှောက်သည်။ မင်းရဲဇေယျသူ ဆက်သည်။ သားတော် အိမ်ရှေ့မင်း ဘွဲ့ခံဘော်မှာ သီရိ မဟာ သီဟ သူရ ဘွဲ့တော်ကို လက်ယာ ကျော်သူလျှောက်သည်။ ထိုနေ့ မှူးတော် မတ်တော်တို့ကို အမည် သနားတော်မူသည်။ နေမျိုးသီဟသူကို သတိုးသီဟသူဘွဲ့ကို ကိုယ်မကျန်းမတက်နိုင်၍ အိမ်ရှေ့မှာ သခ်တိုင်းမှူးဘွဲ့ ချီရသည်။ ကျော်ထင်ရန္တမိတ်ကို ညီသူကျော်ထင်၊ လက်ဝဲဘိနန်းသူကို နန္ဒမိတ္တ၊ တုရင်နန်းသူကို လက်ဝဲရဲတိုင်၊ ဇေယျတမန်ကို လက်ယာရန္တမိတ်၊ သီရိယောဓာကို ဘယရန္တမိတ်၊ ရာဇသူကို တေဇရင် ကာလ၊ ကုက္ကိုစားကို ဇေယျဘယ၊ အနောက်ထောင်မှူးကို နန္ဒဇလ၊ သရေခေတ္တရာ မြင်းခေါင်းကိုတုရင်နန်းသူပေါင်းတစ်ဆယ် အမည်သနားတော်မူသည်။ သီရိဇေယျ လပြည့်ကျော် တစ်ရက် တနင်္ဂနွေနေ့ အမည် သနားတော်မူသည်။ သီရိဇေယျ လက်ဝဲ ရဲကိုင်ကို မဟာတရဖျား၊ နန္ဒ ကျော်ထင်ကို ဥတ္တမ သီရိ ဇေယျသူရ၊

ဆေးချက်ကို မင်းနဲ့ ကျော်ထင်၊ လကျ်ာဝဲယျာသူရဲကို စတုရင်္ဂသေနာ လက်ဝဲ ယာခေါ်ကို ဆေးချန်နန်းသူ၊ ရာဇယောခေါ်ကို နန္ဒသူရိယ၊ လက်ဝဲ ရွှေတောင်ကို နေမျိုး ကျော်ထင်၊ ခမူသိင်ကို လက်ယာကျော်သူ၊ လက်ဝဲ သိန်းစည်းကို ဥဒိန် ရာဇာ၊ တုရင်ရွှေတောင်ကို လက်ယာဝေယျသူရ၊ ဂဇဗလ ကိုလက်ဝဲသူရ၊ ရဲဘက် မြင်းခေါင်းကို တုရင်သီဟ၊ ရန်မစစ်မှူးကို ဂဇဗလ၊ မြင်းစာခရေးကြီး၊ ကျောက် မျက်စားကို လက်ယာသရေ၊ မင်းလှစားကို လက်ယာဝေသော်၊ မုရိုးစားကိုတုရင် ပူညာ၊ မတ္တဲစားကို တုရင်ပုံရှိ ပေါင်းတစ်ဆယ့်ခုနစ်အမည် သနားတော်မူသည်။ တပေါင်းလပြည့်ကျော် သုံးရက် ဗုဒ္ဓဟူးနေ့ ပခန်းစည်သူရှင် ဘုရားကို ပင့်ဆောင် ကြလပြည့်ကျော် ရှစ်ရက် တနင်္လာနေ့ နေဝင် ချေးကျွန်းသို့ ဆိုက် တော်မူ၍ လပြည့် ကျော် စီးတော်မူ၍ မင်းညီ မင်းသား၊ မှူးတော် သည်။ ထိုနေ့ ကရဝိက် ဖောင်တော် စီးတော်မူ၍ မင်းညီ မင်းသား၊ မှူးတော် မတ်တော် လေ့နှံ့ အပေါင်းခြံရံလျက် သီကြားမင်း၏ အသရေကဲ့သို့ မြင်သုံး ပဲ တင်တယ်မျှ ကြွတော်မူသည်။ ရောက်တော်မူလျှင် ဝမ်းဘဲအင်း၊ မြတ်နန်း ဘုံသာ နန်းတော်တွင် မဏ္ဍပ်တန်ဆောင်းကြီး ဆောက်၍ သီတင်းသုံးတော်မူ၍ သည်။ ပြည်သူအပေါင်း တို့ကိုလည်း ခုနစ်ရက်ဘိုင်ဘိုင် များမြတ်သော ပူဇော် သက္ကာရတို့ဖြင့် ပူဇော်ရသည်။ ယင်းသို့မှ တပေါင်း လကွယ်နေ့ ဘုရားရှင်ကို ပုခန်းသို့ ပင့်ဆောင်ချမြန်သည်။ ထိုနေ့ ကရဝိက် ရွှေဖောင်တော်စီး၍ စည်သူရှင် ဘုရားကို ပို့တော်မူ၍ သီဟတောဘုရားသခင်ကို ကြွတော်မူသည်။ ရောက်တော် မူလျှင် နန်းတော်ရွှေတွင် သီတင်းသုံးရသည်။ များမြတ်သော ပူဇော်သက္ကာ ရကိုလည်း ပြုတော်မူသည်။ ပြည်သူ လူရဟန်း အပေါင်းတို့ကို ခုနစ်ရက်ဘိုင်တိုင် လွှတ်၍ ပူဇော်ရသည်။ ယင်းသို့မှ တန်ခူး လဆန်း ရှစ်ရက် အင်္ဂါနေ့ ဘုရား ရှင်ကို သီဟတောသို့ ပို့ရသည်။ ။သက္ကရာဇ် (၁၀၆၀) ခုနှစ် ကဆုန်လပြည့် ကျော် ဆယ်ရက် စနေနေ့ ဝမ်းဘဲအင်း မြတ်နန်းဘုံသာမှာ မိုးမိတ်ခစ်ဘွား ရှိနိုးလက်ဆောင်တော် ဆက်သည်ကို အတွေ့ခံတော်မူ၍ ညဉ့်ခလေးချက်မတီးခင် တွင် ဝင်တော်မူသည်။ ထိုနေ့ ညဉ့်ခလေးနာရီတွင် ရောက်တော်မူ၍ ကဆုန် လပြည့်ကျော်တစ်ဆယ်တစ်ရက်တနင်္ဂနွေနေ့သို့အဝင်ညဉ့်သုံးချက်တီးကျော်တွင် လှူပြည်ငြီး၍ နတ်ပြည်စံတော်မူသည်။ ဘဝရှင် မင်းတရားကြီးဘုရား နတ်ပြည် စံတော်မူလျှင် အတွင်းဝန် ပြင်ဝန်တို့လည်း သားတော် သိရိ မဟာ သီဟ သူရ ထိပ်ရွှေဘုရားကို သံတော်ဦးတင်၍ ထိုနေ့ နံနက် လေးချက်တီးကျော်တွင် ခမည်းတော်ဘုရား အရိုက်အရာတော် ရွှေထီး ရွှေနန်းကို သိမ်းအုပ် စိုးဆောင် တော်မူသည်။ ကဆုန်လပြည့်ကျော်တစ်ဆယ့်နှစ်ရက် တနင်္လာနေ့ ခမည်းတော်

ဘုရား အလောင်းတော်ကို စကြဝတေးမင်းကို သဂြိုဟ်သကဲ့သို့ ရွှေဝါစီး၍ သဂြိုဟ်တော်မူသည်။

## မင်းရဲကျော်ထင် စည်းစိမ်နန်းသက်-သားတော်-သမီးတော်အကြီးနှင့် တွဲ့အမည်အရည် ပေးခြင်းအကြောင်း။

သီရိပဝရတိဘဝနသီဟသုဓ အဂ္ဂပဏ္ဍိတမဟာဓမ္မရာဇာ အမည်တော်ရှိသော ဘဝရှင် မင်းတရားကြီးဘုရားကား ထိုမိနိုင်၊ ၂၂-နှစ်၊မင်းစည်းစိမ် နှစ်ဆဲ့ခြောက်၊ သက်တော် လေးဆဲ့ရှစ်တွင် နတ်ပြည် စံတော်မူသည်။ နံတော် အင်္ဂါ သားတည်း။ နတ်ပြည် စံတော်မူလိုသော် မြေကြီးလျှင်ပြင်းစွာလှုပ်၏၊ ဘုရားပုထိုး ဂူကျောင်း ပြိုပျက်သည်များ၏။ မြေကြီး အစိတ်အစိတ် ကွဲ၍ ရေပွက်ထွက်သည်။နန်းတွင်းသို့ ကျွဲဝင်၏၊ နန်းတော်ဝယ် ပျားစွဲ၏၊ ရွှေစည်းခုံဘုရားတွင် လင်းတနား၏၊ ပင်းယ ရွှေစည်းခုံ ရောင်တော်ပြ၏၊ ဆိပ်ပေါက်ဘုရားရှင် ရုပ်တုတော် ချွေးယို၏၊ မိဖုရားသုံးပါးတွင် မိဖုရားခေါင်တွင် သားတော် သမီးတော်မမြင်၊ စန္ဒာဒေဝီ ရှင်မိဖုရား သားတော် သမီးတော်ကား ငယ်က လွန်သည်တစ်ပါး၊ မောင်တော် သခင် သက်ရှည် သီရိမဟာသီဟသုဓ အမည်တော်နှင့် အိမ်ရှေ့နေသည်တစ်ပါး၊ ညီတော် သခင် ချစ်သက်နိုင် ၂-နှစ်တွင် လွန်တော်မူသည်တစ်ပါး၊ နှမတော် ရွှေတုံး သုံးနှစ်တွင် လွန်တော်မူသည် တစ်ပါး၊ ညီမတော်မင်း တောင်နန်း ခြောက်နှစ်တွင် လွန်သည်တစ်ပါး၊ မောင်တော် နှစ်လတွင် လွန်သည်တစ်ပါး၊ ညီတော် သခင်ရှင်နန်းဆက် နောင်တော် ဘုရားတွင် သီရိသုဓမ္မရာဇာခံ၍ ပုဂံကို စားသည် တစ်ပါး သားတော် လေး၊ သမီးတော် သုံး ပေါင်း ခုနစ်ပါး။ ရာဇဒေဝီ ရှင်မိဖုရားသားတော် သမီးတော်ကား ခင်မ ကြောင်မင်း ပတ္တာတစ်ပါး၊ မောင်တော်ရှင်ဆက်ခိုင်ထောင်သင်မင်းတစ်ပါး၊ ညီတော်မြစ်တွင်းမင်းတစ်ပါး၊ နှမတော် မြတ်နန်းဘုံသာတစ်ပါး၊ဝမ်းဘဲအင်း မြတ်နန်းဘုံသာ နန်းတော်၌ မွေးသောကြောင့် မြတ်နန်းဘုံသာ တွင်သည်။ သမီးတော် နှစ်ပါး ပေါင်း လေးပါး၊ ကိုယ်လုပ်တော်တို့တွင် မြင်သော သားတော် သမီးတော်တို့ကား စည်ပုတ္တရာမင်းသမီးတွင် မြင်သည့် သားတော် နေမျိုးသီဟ မင်းတပ်မင်း တစ်ပါး၊ ညီတော် သခင်အောင် မြင်ကွန်းမင်းတစ်ပါး သားတော် နှစ်ပါး၊ ရန်ခွန်မှူးသမီး ခင်စံတွင် မြင်သည့် သမီးတော် စံရွှေပွင့်တစ်ပါး၊မောင်တော် ငယ်ကလွန်သည်တစ်ပါး၊ ပေါင်း နှစ်ပါး၊ မြေထဲမင်းသမီး မင်းပုတွင် မြင်သည့်

ယေက်ကလွန်သည်တစ်ပါး၊ မင်းရဲဥဇနာမြေး ခင်ရွှေရည်တွင် မြင်သည့် သားတော် ရှင်မြစ်စွန်ယေက်ကလွန်သည်တစ်ပါး၊ စဉ့်ကူးကတော် သမီး ခင်သက်ဉ်တွင် မြင်သည့် သမီးတော် ဝင်ကြက်ကြီး ဓာတုကလျာခံ၍ ကြောင်သင်ကို စားသည်တစ်ပါး၊ လက်ဝဲနန်းသူ သမီးတွင် မြင်သည့် သမီးတော်မင်းကြွက်ဘယ်တစ်ပါး၊ သက်တော်ရှည် သမီးခေါ် သန္တိကတော်တွင် မြင်သည့် သားတော် မောင်ပု ဖြိုးပြည့်မြတ်ကျော်လည်း ခေါ်သည်။ မိုးကောင်း ပို့သည်တစ်ပါး၊ ရန္တမိတ်သမီး ချင်းမြကတော် ခင်ညွန့်တွင် မြင်သည့် သားတော် ရှင်ကျော် နေမျိုးဒတ္တလည်း ခေါ်သည်။ တောင်ဝွန်တစ်ပါး၊ လက်ျာဇေယျသူရသမီး နှလွန်ကတော်တွင် မြင်သည့် သားတော် သခင်ဖြိုးပြည့်စံကျော် ခေါ်သည်တစ်ပါး၊ သားတော် နှစ်၊ သမီးတော် လေး ပေါင်း တစ်ဆယ့်တစ်ပါးတည်း။

နယုန် လပြည့်ကျော် ခြောက်ရက် တနင်းလာနေ့ မြို့တွင်းမှာ မင်္ဂလာနန်းတော် ဆောက်သည်။ ပထမ ဝါဆိုလဆန်း ၄-ရက် အင်္ဂါနေ့ နံနက်တစ်ချက်တီးကျော်သုံးနာရီတွင် မင်္ဂလာနန်း အမွှမ်းတင်သည်။ ဒုတိယ ဝါဆိုလဆန်း ၈ ရက် တနင်းလာနေ့ မူးတော် မတ်ဘော်ဘို့ကို အဆောင် သနားတော်မူသည်။ သတိုးသီဟသူကို ပယင်းတပ် ကွမ်းခွက် ရှစ်မြှောင့်၊ စည်သူကျော်ဆင်ကို တကောင်းပိတ် ပယင်းတပ်၊ ဥတ္တမသီရိဇေယျသူကို တကောင်းပိတ် ပယင်းတပ်၊ ဇေယျရန္တသူကို ကွမ်းခွက် ကျိုင်းလေးသစ်ခံ၊ ဘယရာဇသူကို ကွမ်းခွက်၊ ရာဇထိမ်းမှတ်ကို ကြပ်လက်ဖက်အိုး၊ လက်ယာ မြို့ကို လက်ဖက်အိုး သနားတော်မူသည်။ ဒုတိယ ဝါဆို လဆန်း ရှစ်ရက် ကြာသပတေးနေ့သို့ အဝင် ညဥ့် သုံးချက်တီးကျော် နှစ်ပါဒ် ဆယ်ဗီဇနာတွင် မြတ်နန်းဘုံသာ မြင်နန်းတော်တွင် မင်္ဂလာတဲတော် ဆောက်သည်။ လပြည့်ကျော် ကိုးရက် သောကြာနေ့ နံနက်တစ်ချက်တီးကျော်တွင် မင်္ဂလာသကြန်တော် သဘင်စံနှင့် ခေါ်သည်။ ထိုနေ့ ညဥ့် လေးချက်တီးကျော် တစ်နာရီတွင် ရွှေမြို့တော် ဂြိုဟ်ချစ်လုံးလဲသည်။ ဝါဆိုလဆန်းတစ်ဆယ့်လေးရက် တနင်္ဂနွေနေ့ နှစ်ချက်တီးကျော် တစ်နာရီသုံးပါဒ်တွင် မြတ်နန်းဘုံသာက ပဟိုရ်စည် ခေါင်းလောင်းကို မြို့တွင်းကိုသွင်း၍ နာရီစင်တွင် ဆွဲသည်။ လပြည့်ကျော် တစ်ရက် အင်္ဂါနေ့ ညဥ့် လေးချက်တီးကျော်တစ်နာရီတွင် မြတ်နန်းဘုံသာ မြောက်တန်ဆောင်းတွင် မင်္ဂလာသကြန် ခေါ်တော်မူသည်။ လပြည့်ကျော် သုံးရက် ကြာသပတေးနေ့ နံနက်တစ်ချက်တီးကျော်သုံးနာရီ နှစ်ပါဒ် ငါးဗီဇနာတွင် မြတ်နန်းဘုံသာက မြို့တွင်း

ရွှေနန်းတော်သို့ အိမ်ရွှေ ဝေါ်စီးတော်မူ၍ ဝင်တော်မူသည်။ တစ်ချက်တီးကျော်ငါးနာရီ သုံးပါဒ် ငါးဗိဇနာတွင် မဂ်လာနန်း တက်တော်မူသည်။ ဟံသာဝတီဆင်ဖြူ ဆင်နီများသခင် ဘဝရှင် မင်းတရားကြီးဘုရား မြစ်တော် အရင်းဖြစ်သော မင်းနန္ဒဘယကျော်ထင်နှင့် သရက်မင်းသမီး စုံဖက်တော်မူရာကွင် ဖြစ်သည့် သမီးတော်မြတ် သုံးပါးကို မိဖုရားတို့၏ အဆောင် အယောင် အစီးအနင်း ပေးတော်မူ၍ ရွှေနန်းတော်တွင် လုပ်ကျွေးတော်မူရသည်။ ထိုနေ့ မှူးတော် မတ်တော်တို့ကို အဆောင် အယောင် သနားတော်မူသည်။ သတိုးသီဟသူကို ပန်းဆိုးထီး၊ စည်သူကျော်ထင်ကို ထီးညောင်ရွက်တစ်ဆင့်၊ ဥတ္တမသီရိဇေယျသူကို ထီးညောင်ရွက်တစ်ဆင့်၊ လကျာဇေယျသကြံကို ထမ်းစင်လက်ခတ်၊ မဟာတရဖျားကို ထမ်းစင်လက်ခတ်၊ နန္ဒမိတ်ကို ထီး ညောင်ရွက်တစ်ဆင့်၊ သင်းကျစ်လေး မျက်နှာသက်တော်ရှည်ကို ထီး၊ ကွမ်းသိပ်၊ စတုဂ မဏိကို ထီး၊ တကောင်းပိတ်၊ စလွယ်ငါးသွယ်၊ တေရဖျားကို ထွေးအင်လုပ်၍ဆောင်၊ ဘယကျော်ထင်ကို ထွေးအင်လုပ်၍ဆောင်၊ ဓမ္မယောဓကို ထွေးအင်လုပ်၍ဆောင်၊ လက်ဝဲပျံချီကို ကျိုင်းလေးသစ်ခံ၊ နန္ဒမိတ်ကို ကျိုင်းလေးသစ်ခံ၊ လက်ဝဲနန်းသူကိုကျပ်၊ တရင်သူကိုကျပ်၊ ဓမ္မသီရိကို ကျပ်လုပ်၍စား၊ ဓမ္မသိင်္ခကို ကျပ်လုပ်၍စား၊ နန္ဒသီရိကို ကျပ်လုပ်၍စား၊ ဇေယျနန္ဒသူကို ရွှေကြိုး၊ ရွှေကာ၊ ထားမည်းသရီ၊ ပတ္တမြားစီ၊ ဘယရာဇသူကို တကောင်းပိတ် မည်းသရီထား၊ သနားတော်မူသည်။ ထိုနေ့ တံဆိပ်တော် ဘွဲ့ခတ်သည်။ ထိုနေ့ ညောင်ရွှေသို့ ဝှမက်တော်တို့ ယင်းဖမ်း ချီရသည်။ တော်သလင်း လဆန်း ခြောက်ရက် အင်္ဂါနေ့ နံနက်လေးချက်တီးကျော် တစ်နာရီ တစ်ပါဒ် နှစ်ဗိဇနာတွင် ထီးနန်းဥကင်သ ဖွင့်တော်မူသည်။ တံဆိပ်တော် အမည် သီရိမဟာ သီဟသူရ သုဓမ္မရာဇာ တံဆိပ်တော်ကိုလက်ယာ ရန္တမိတ် လျှောက်သည်။ မင်းရဲသင်္ခယာ ဆက်သည်။ ထိုနေ့ မင်းသား မင်းမြေး မှူးတော် မတ်တော်တို့ကို အမည် သနားတော်မူသည်။ မင်းရဲဇယသူရကို မင်းရဲနရာသီဟသူ၊ မဟာသတိုးသီဟသူရကို စည်သူကျော်ထင်၊ မဟာသီဟသူရကို လက်ယာဇေယသကြံ၊ နန္ဒစည်သူကို သက်ရှည် နေ့ဘ်ရထာ၊ စတုဂ မဏိကို သက်တော်ရှည်၊ ဇေယျနန္ဒမိတ်ကို နန္ဒကျော်ထင်၊ ဘယရာဇသူကို လက်ဝဲတိနန်းသူ၊ လက်ယာမြို့ဖြဲကို လက်ယာတိနန်းသူ၊ လက်ဝဲသိင်္ခကို လက်ဝဲမြို့ဖြဲမြင်းခေါင်းငနိုင်ကို တရင်ဒိဝ၊ မြင်းခေါင်းငရွှေထံကို ဂဇကိတ္တိ၊ ကျော်သက်အောင် မြင်းမှူးကို ဥဒိန်သူရ ပေါင်း တစ်ဆယ့်သုံး အမည်သနားတော်မူသည်။ တန်ခူး ဥတ္တမ သီရိဇေယျ လဆန်း ခုနစ်ရက် ဗုဒ္ဓဟူးနေ့ အမည် သနားတော်မူသည်။

သူရကိုမဟာသီရိဓေယျနော်ရထာ၊ ဗညားကျန်းကို ဗညားလော၊ ဓေယျသင်္ကြံကို တရဖျား၊ လက်ဝဲဓေယျသူရကို ကျော်ထင်ရန္တမိတ်၊ ဘယကျော်ထင်ကို နန္ဒမိတ် ကျော်ထင်၊ မင်းလှရွှေထောင်ကို နန္ဒမိတ္တ၊ ဓေယျကျော်ကို ဓေယျရန္တမိတ်၊ နန္ဒသိရိကို လက်ဝဲဓေယျသူရ၊ နန္ဒဘယကို ရန္တသူရ၊ ဂဇကျော်သူကို လက်ဝဲ ရဲတိုင်၊ တုရင်ကသူကို ဥဒိန်ကျော်သူ၊ တုရင်ဘယကို ဘယရာဇသူ၊ လက်ယာ တော်ပိုင်းရဲကို ပိုက်သင်ရန်၊ မြင်းသည်လှကို လက်ဝဲဘယ၊ မြင်းခေါင်းသတ်စား ကို ဝေလုသခန်၊ စောကြီးစားကို လက်ယာကြံ့သိုင်း၊ မြည်လုံးအမှူးကို ဘယ သာရ၊ မြည်လုံးတမှမ်းမှူးကို ဒေဝဘယ ပေါင်း တစ်ဆယ့်ရှစ်အမည်သနားတော် မူသည်၊ လဆန်းရှစ်ရက် ကြာသပတေးနေ့ အမည်သနားတော်မူသည်။ ဓေယျ ရန္တသူကို နေမျိုးစည်သူ၊ လက်ဝဲပျံချီကို နန္ဒမိတ်၊ ရန္တမိတ်ကို ကော်တော်ဘယ၊ ဘယသင်္ကြံကို လက်ယာဓေယျသူ၊ ဓေယျဇလကို ရာဇဘယသိဒ္ဓိ၊ ရာဇထိမ်း မတ်ကို ရာဇသင်္ကြံ၊ လက်ယာသိခ်ကို လက်ဝဲနန္ဒမိတ်၊ ဥဒိန်ဓေယျကို ဘယသူရ၊ ရာဇသာရကို လက်ယာ ဓေယျသူရ၊ ပိုက်သိရိကို သိရိကမ္မာ၊ မနော်ရာဇာကို လက်ယာသီဟ၊ တုရည်သာစည်ကို လက်ယာသိဒ္ဓိ၊ နောက်မြင်းခေါင်းကိုဘယ ရာဇာ၊ ရဲတော်မြင်းခေါင်းကိုဥဒိန်ဓေယျနှ၊ သွေးတိုင်မှူးကိုဥဒိန်ဓေယျ၊ ပန်းသွေး တိုင်မှူးကို တုရင်သာစည်၊ သိန္နီရွှေပိုင်းမှူးကို နန္ဒဘယ၊ ရန်အောင်မှူးကို ရာဇ သီဟ၊ စမြောင်မှူးကို ရာဇသာရ၊ ကိုးသန်းမှူးကို တုရင်သိရိ၊ ကျပ်ရွာစားကို ဇေယဗလ ပေါင်း နှစ်ဆယ်အမည် သနားတော် မူသည်။ လဆန်းကိုးရက် သောကြာနေ့ ရမ္မယောခကို ရာဇဥတ္တမဓေယျသိဒ္ဓိ အမည်သနားတော်မူသည်။ တော်သလင်း လပြည့်ကျော်ငါးရက်အင်္ဂါနေ့ လွှတ်တော်သို့ ထွက်တော်မူရာတွင် အမည် သနားတော်မူသည်။ ဗညားဖြကို ဗညားပရံ၊ လက်ယာ ဘိနန်းသူကို ဘယ စည်သူ၊ ဘယရန္တသူကို ဓေယျ ကျော်ထင်၊ နန္ဒကျော်သူကို ဂါမဏိ ကျော်သူ၊ ဘယနန်းသူကို နန္ဒပကြံ၊ လက်ဝဲဓေယျသူကိုလက်ယာဘိနန်းသူ၊ ဘယ ရန္တမိတ်ကို ဘယသင်္ကြံ၊ လက်ဝဲရန္တသူကို လက်ယာစည်သူ၊ ရာဇဂုဏကို နန္ဒမိတ်၊ လက်ယာသူရကိုဘယရန္တမိတ်၊ ဒေဝသာရကို ဓေယျရန္တသူ၊ ဒေဝသာရကို လက်ဝဲ ပျံချီ၊ လက်ယာပျံချီကို နန္ဒကျော်သူ၊ ဇေယယောခကို ရာဇထိမ်းမတ်၊ လက်ယာ တုရင်ကို နန္ဒသိရိ၊ နဝဒေးကို ရာဇသူရိယ၊ ရာဇဝေသော်ကို မနောသာရ၊ မန်ကျည်းကျပ်စားကို လက်ဝဲတမန်၊ ပယ်အင်းစားကို တုရင်ပုညာ၊ သေစွာကို ပိုက်သီဟ၊ မြင်းခေါင်း ငသောကြာကို နေ့ကံပိုက်၊ ဘိုတန်စားကို တုရင် သူနွရ၊ ရွာကိုင်းစားကို ရာဇတုရင်၊ ယောက်မစားကို အဲဖြပိုက်၊ နဂါးမိုလ်စားကို

တုရင်သိဒ္ဓိ၊ မြင်းခေါင်း ငပုကို တုရင်ပဏ္ဍိတ်၊ မြင်းခေါင်း ငရွှေကို ဂဇသိဒ္ဓိ၊ မင်းတရား ကျွန်သီးမှူးကို ဇေယျပွမ္မ၊ ကြယ်ကံစားကို ဝေလှသမန်၊ ထက်ခေါင်စားကို ရာဇသမန်၊ ဆင်ကဲ ဗိုလ်မှူးကို ဒေဝသူရ၊ မိုင်းဝန် ဗိုလ်မှူးကိုလက်ယာသမန်၊ နတ်ယောကျ်ား ဗိုလ်မှူးကို လက်ဝဲပြည်၊ သူရဲတက်မှူးကို မနော်ရာဇာ၊ စာရေးကြီး ဗိုလ်ကျွန်းကို ပညာသာသီရိ၊ ဒီပယင်းစားကို လက်ဝဲသရေ၊ ရွှေတိုက်စိုး မြရိပ်စားကို ရာဇဝေသော်၊ ရွှေဓားမှူးကို ရာဇဗလ၊ သူရဲကောင်း မှူးကို တုရင်သူမထီ၊ ဘောဂသူဌေးကို သီရိမဂ္ဂရတ်၊ မြည်တော်သာစားကို စန္ဒကမှာ ပေါင်း လေးဆယ့်တစ်အမည်သနားတော်မူသည်။ တော်သလင်း လပြည့်ကျော်ဆယ်ရက် တနင်္ဂနွေနေ့ မြို့တက်တော်သို့ ထွက်တော်မူရာတွင် အမည် သနားတော်မူသည်။ ဆင်တော်သည် စကျည်းစားကို ပြတော၊ ဆင်တော်သည် တောင်မို့စားကို ဇီပ်ကံကောင်း။ ဆင်တော်သည် ဦးနှောက်စားကို ရဲဝေ၊ ဆင်တော်သည် ယင်းတော်စားကို သိင်္ခယောဓ၊ ဆင်တော်သည် ထိုးတိမ်း တောင်စားကို ဇီပ်သင်ရဲ၊ စားတော်ကွမ်းရေကိုင် ကံသစ်စားကို လက်ဝဲ ရွှေတောင်၊ စားတော်ကွမ်းရေကိုင် လိပ်မြောက်စားကို တုရင် ရွှေတောင်၊ စားတော်ကွမ်းရေကိုင် ဆီသည် ရွာစားကိုလက်ယာရွှေတောင်၊ ဝေါကြီးမှူး သမထီးစားကို ဇေယျကျော်၊ ငန်းဇွန်မြင်းခေါင်းကိုလက်ယာသိဒ္ဓိ၊ ကင်းစားကို ရာဇပတေ့၊ ညောင်လှစားကို ဇေယျယောဓ၊ ခုံချောင်းစားကို ယောဓသမန်၊ ဖွားဘက် ရန်အောင်မှူးကို တုရင်ဗလ၊ ဗိုင်းခေါင်းမှူးကိုလက်ယာကုဿ၊ ကောင်းကင်စက်မီးမှူးကို ဒေဝသိင်္ခ၊ ပုဆိုးတိုက်စိုး ယင်းမာတောစားကို ရာဇဝေရ၊ ရေကြည်စားကို သော်ဘယ၊ သပေါက်ရွာ စားကိုလက်ယာသူရ၊ မင်းမစားကို ဒေဝသာရ၊ အတွင်း ရွှေမှူးကို ကမိုင်ရဲ၊ မမိတ်ကို ဘောဂဒေဝ၊ ငမေ့ဆကို သီရိရတနာ သူဌေးကို ဇေတကသူဌေး၊ သီရိကသူဌေးကို ရာဇသူဌေး၊ မနု သူဌေးကို သီရိဝဓနသူဌေး၊ တံကြီးစားကိုဣန္ဒာဝါဒီယ၊ အောက်ကြောင်းစားကိုဇလဝါဒရ၊ ထိန်နဲစားကို ရာဇပညာ၊ ပြွန်ပညာကို ပြွန်စည်သူ၊ ချောင်းနွေစားကို ဗုန်စည်သူ၊ ငလှိုင်စားကို ပြွန်လင်ကရာမြတ်၊ မပွတ်ကို ဥဇကသူဌေး၊ မသိုကို ရမ္မသီမာတက် မြောက်အင်း စားကို သမိန်ပြွန်၊ ကျောက်ဘိုးစားကို ဝိဇ္ဇ ဒေဝ၊ အာလောင်ကြီးအင်းစားကို ဝိဇ္ဇလင်္ကာ၊ အောက်မီးကို ရှိန်အလင်္ကာ၊ ကုလားကို ရုပ်လင်္ကာ ပေါင်း သုံးဆယ်ကို အမည်သနားတော်မူသည်။

ပြာသိုလဆန်းတစ်ဆယ့်နှစ်ရက် ကြာသပတေးနေ့ည စနေကြယ်နှင့် ကြယ်နှုပ်ကြသည်။ လဆန်းတစ်ဆယ့်လေးရက်စနေနေ့ဝန်ရှင်တော် မဟာသီဟသူရတစ်၊ သား နေမျိုး ကျော်ထင် တစ်၊ အတွင်းဝန် မဟာသီရိဇေယနော်ရထာ တစ်၊သားနန္ဒသူတစ် သည် အမတ်လေး ဦးကို ယုံကြည်တော်မူ၍ ကျွန်ုပ်မျက်တော်မူသည်။ မင်းသား ဖြိုးပြည့်မြတ်ကျော် မဟာသီရိဇေယသူ၊ နှမ်ိဳ၊ နဝဒ် လက်ဝဲရန္တာသူ၊ဗေဒင်တတ် ဒေဝသူရစသော သားသမီး နှမ်းကိုလည်း ပို့တော်မူသည်။တပို့တွဲလဆန်း ရှစ်ရက် စနေနေ့ မွန်းယိမ်း နှစ်ပါဒ် တစ်ဗီဇနာတွင် ရွှေစည်းခုံ မဏ္ဍပ် ဆောက်၍ လယ်ပြင်ကျောင်း ဆရာတော်၊ မြကျောင်းဆရာတော်၊တယ်တော်ကျောင်း ဆရာတော်တို့ကို ကြွပ်မစေ၍ ပိဋကတ်တော် ရ၍ ရေးသည်။ စ၍ ရေးသူ သွေးသောက်ကြီး နှစ်ယောက်ကိုလည်း ခ တပ်တော်မူသည်။ သင်္ဘောစုံ သုံးရက် ခံတော်မူသည်။လဆန်းတစ်ဆယ့်လေးရက် ကြာသပတေးနေ့ နံနက်တစ်ချက်တီးကျော် တစ်နာရီတစ်ပါဒ်တွင် ရွှေနန်းတော် အနောက် တောင်ထောင့် ခမည်းတော်ဘုရား အိမ်တော်ရာတွင် ကောင်းမှုတော် ဘုရား တည်တော်မူမည် ဟူ၍ မြေကြည့်ရသည်။ ထိုနေ့ နံနက်တစ်ချက်တီး ကျော် သုံးနာရီတွင် ကောင်းမှုတော်ရာ မြေရှစ်မျက်နှာတွင် မှတ်တိုင်စိုက်သည်။ တပို့တွဲ လပြည့်ကျော် တစ်ရက် စနေနေ့ ညဥ့်တစ်ချက်တီးကျော် ငါးနာရီတွင် ကောင်းမှုတော်ရာ မြေနတ် ဂြိုဟ်နတ် ပူဇော်ရသည်။ သံတဲ ရှိုးတဲ ဆောက်ရသည်။ လပြည့်ကျော် တစ်ဆယ့်သုံးရက် ကြာသပတေးနေ့ သုံးချက်တီးကျော်တွင် ကျောက်ပြူကို စိန်တောင်လုပ်ရသည်။ အုတ်စ၍ ဖုတ်ရသည်။ သရွတ်မြေ စ၍ ယူသည်။ တပေါင်းလဆန်း ရှစ်ရက် စနေနေ့ ညဥ့်လေးချက်တီးကျော် နှစ်နာရီ တစ်ပါဒ်တစ်ဗီဇနာတွင် ရွှေအုတ် ငွေအုတ် စ၍ လုပ်ရသည်။ လဆန်း တစ်ဆယ့်သုံးရက်ကြာသပတေးနေ့ နံနက်တစ်ချက်တီးကျော် ငါးနာရီ သုံးပါဒ် တွင် ခတ်လေးရုပ် မြို့ကြွင့်နှန်းသုံးရုပ် သစ်တူးသည်။ တွင်းချသည်။ ထိုညဥ့် သုံးချက်တီးကျော်တွင် ကောင်းမှုတော် အုတ်စ၍ လုပ်သည်။ ဌာပနာတိုက် ကျောက်ဖျာ စ၍ ရေးသည်။

လဆန်းတစ်ဆယ့်လေးရက် သောကြာနေ့ညဥ့်လေးချက်တီးကျော် ခုနစ်နာရီ နှစ်ပါဒ် လေးဗီဇနာတွင် ကောင်းမှုတော်ရာ မြေပြင်သည်။ ပန်းလည်းတိုင် စေတီရာသို့ သွင်းသည်။ တပေါင်းလပြည့်ကျော်တစ်ဆယ့်သုံးရက် သောကြာနေ့ ညဥ့်နှစ်ချက်တီးကျော် လေးနာရီတွင် ကောင်းမှုတော်ရာမြေမှ စ၍ တူးသည်။

ဥပုသ်ကျောင်းကျောက်ဖျာစေတီရာသို့သွင်းသည်။ တန်ခူးလဆန်းတစ်ဆယ့်နှစ်ရက်နေ့ နံနက် လေးချက်တီးကျော် နှစ်နာရီ တစ်ပါဒ် ဆယ်ဗိဇနာတွင် စေတီတော်ရာ ပန္နက်ရိုက်သည်။ သဘင် နန်းတော် ပုံကိုင်သည်။ ထိုနေ့ည တစ်ချက်တီးကျော် သုံးပါဒ် လေးဗိဇနာတွင် စေတီတော်ရာ မြေစနစ်သည်။ ယိုက်တော်ရှက်သည်။ တန်ခူး လပြည့်ကျော် တစ်ရက် အင်္ဂါနေ့ ညဉ့်တစ်ချက်တီးကျော် ငါးနာရီ တစ်ပါဒ်တွင် စေတီတော် ရွှေအုတ် ငွေအုတ်မှ စ၍ စီသည်။ မဟာရာမ်သစ်ရွှေသည်၊ အင်္ဂတေ စ၍ လုပ်သည်။ မဟာရာမ်မြေ ဘုရား ပြီးပျက်လေသည်ကိုလည်း စ၍လုပ်သည်။ စစ်ကိုင်းစေတဝန် တစ်ရက် သောကြာနေ့ နံနက် လေးချက်တီးကျော် ခုနစ်နာရီ နှစ်ပါဒ်တွင် စေတီတော် ဥပုသ် ကျောက်ဖျာခင်းသည်။ တန်ခူးလပြည့်ကျော်တစ်ဆယ်

သက္ကရာဇ် (၁၀၆၁) ခု၊ ကဆုန်လဆန်းတစ်ဆယ့်တစ်ရက် သောကြာနေ့ နံနက် လေးချက်တီးကျော် ခြောက်နာရီတွင် မယ်တော် ခေတ်တော်တို့ကို ပျော်ဘွယ်ကျွန်းမှာ ရေသပ္ပါယ်ရသည်။ ညဉ့်တစ်ချက်တီးကျော် နှစ်ပါဒ် သုံးဗိဇနာတွင် ရှင်မိဖုရားကြီး၊ သမီးတော် ပတ္တမြား၊ ကြက်တောင်စည်းသည်။ ကဆုန်လလန်းတစ်ဆယ့်သုံးရက်တနင်္ဂနွေနေ့ နံနက်တစ်ချက်တီးကျော် မယ်တော် ခေတ်တော်တို့ကို စေတီတော်ရာသို့ ပို့ဆောင်တော်မူ၍ တန်ဆောင်းတွင် သီတင်း သုံးနေတော်မူရသည်။ ကဆုန်လပြည့် အင်္ဂါနေ့သို့အဝင် ညဉ့် နှစ်ချက်တီးကျော် နှစ်ပါဒ် နှစ်ဗိဇနာတွင် သဘင်နန်းတော်ကို ဇေယျဘုံ ဟူ၍ ကမ္ပည်းတပ်တော် မူသည်။ ထိုနေ့ည သုံးချက်တီးကျော် ငါးနာရီတွင် ဥပုသ်မည့် ရုပ်တုတော် အပေါင်းတို့ကို သယ်ဘတော် တစ်ရာ့ငါးဆယ် အနေကဝ တင်တော်မူသည်။ နံနက် လေးချက်တီးကျော် လေးနာရီ တစ်ပါဒ် ဆယ်ဗိဇနာတွင် ထီးဖြူ လေးစင်းနှင့် ဝေါပြာသာဒ် စီးတော်မူ၍ သဘင်နန်းတော်သို့ ထွက်တော် မူသည်။ ထိုခနေ့ လေးချက်တီးကျော် ခြောက်နာရီတစ်ပါဒ် ဆယ်ဗိဇနာတွင် ဇေယျဘုံ သဘင်နန်းတော်သို့ ထွက်တော်မူသည်။ ထိုနေ့တစ်ချက်တီးကျော် ငါးနာရီ နှစ်ပါဒ်တွင် အဠဝီသ ရုပ်တုတော် နှစ်ကျိပ်ရှစ်ဆူကို အလျှင်ဥပုသ် တော်မူသည်။ ထိုနေ့ ညဉ့် လေးချက်တီးကျော် ခြောက်နာရီ သုံးပါဒ်တွင် မယ်တော် ခေတ်တော် ရုပ်တုတော် အပေါင်းတို့ကို ကိုယ်တော် ကြပ်မတော်မူ၍ ဥပုသ်တော်မူသည်။ ထိုနေ့ အခါတွင် မဟာရာမ်တန်ဆောင်း ပုံကိုင်သည်။ အပြောက်စ၍ ထုသည်။ ထီးတော် စ၍လုပ်သည်။ ကဆုန်လပြည့်ကျော်တစ်ရက်

ဗုဒ္ဓဟူးနေ့သို့ အဝင် ညဉ့် နှစ်ချက်တီးကျော် သုံးပါဒ် ငါးဗိဇနာတွင်ဒွာပရာ ထိုက် ကျော်ဘက်ပိတ်သည်။ လပြည့်ကျော် နှစ်ရက် ကြာသပတေးနေ့ နံနက် တစ်ချက်တီးကျော်ခုနစ်နာရီတစ်ပါဒ်ငါးဗိဇနာတွင် ဖောင်တော်ဦးဇရပ် တွင်း တူးသည်။ နေ့နှစ်ချက်တီးကျော် လေးနာရီ နှစ်ပါဒ် ဆယ်ဗိဇနာတွင် တွင်းသို့ သစ်ရပ်သည်။ လပြည့်ကျော် ကိုးရက် ကြာသပတေးနေ့ နံနက် တစ်ချက်တီး ကျော် ခြောက်နာရီ နှစ်ပါဒ် ငါးဗိဇနာတွင် စေတီတော် ခြေသော့ ၏ အုတ်မြစ် လုပ်သည်။ နယုန် လဆန်း ခြောက်ရက် အင်္ဂါနေ့သို့ အဝင် ညဉ့် သုံးချက် တီးကျော် နှစ်နာရီ ခုနစ်ဗိဇနာတွင် စေတီတော် ပြာသာဒ်တိုင် မဟာရာမ်ဝန်း ကျင် တန်ဆောင်းတိုင် ၏ ရွေသည်။ နယုန် လပြည့်ကျော် ခြောက်ရက် ဗုဒ္ဓဟူးနေ့ ညဉ့်လေးချက်တီးကျော် နှစ်နာရီတစ်ပါဒ်ခုနစ်ဗိဇနာတွင် မဟာရာမ် ပြာသာဒ် အခြောက် သစ်စေးသုတ်သည်။ ထိုအခါတွင် စစ်ကိုင်း ပစ္ဆိမာဝန် ကျောင်းတော်ကို တင်လှူတော်မူသည်။ လပြည့်ကျော်တစ်ဆယ့်သုံးရက်ဗုဒ္ဓဟူးနေ့ ညဉ့် လေးချက်တီးကျော်တစ်နာရီတစ်ပါဒ်ခြောက်ဗိဇနာတွင် ဘိုးတော်ဘုရား ကောင်းမှုတော် ဘုံစံ့ဝတီ ကျောင်းတော်ရာ၌ သုံးထပ် သုံးဆင့်ရှိသော ကျောင်း တော်ကို တည်လုပ်တော်မူ၍ ရတနာလင်္ကာရ ဆရာတော်အား တင်လှူတော် မူသည်။ ဝါဆိုလဆန်းခြောက်ရက် ဗုဒ္ဓဟူးနေ့ညဉ့်လေးချက်တီးကျော် တစ်နာရီ တစ်ပါဒ်တွင် ဝမ်းဘဲအင်းကျောင်းတော်ကို သီရိသဒ္ဓမ္မပါလသုမေဓရာဇဂုရုဆရာ တော်အား တင်လှူတော်မူသည်။ ဝါဆိုလပြည့်ကျော် ငါးရက် ဗုဒ္ဓဟူးနေ့ သုံးချက်တီးကျော် သုံးနာရီတစ်ဆယ့်လေးဗိဇနာတွင် စေတီတော်ပတ်လည်တိုင် စိုက်သည်။ မဟာရာမ်တံတိုင်း ၏ အုတ်စီသည်။ လပြည့်ကျော်ရှစ်ရက် စနေနေ့ ညဉ့် သုံးချက်တီးကျော် နှစ်နာရီ သုံးပါဒ် လေးဗိဇနာတွင် စေတီတော် ပြာသာဒ် တန်ဆောင်း မဟာရာမ် ပန္နက် စိုက်သည်။ ငြမ်းဆောက်သည်။ လပြည့်ကျော်ဆယ်ရက် တနင်္လာနေ့ နှစ်ချက်တီးကျော် သုံးပါဒ် နှစ်ဗိဇနာ တွင် ပြာသာဒ် တန်ဆောင်း မဟာရာမ်သစ်ထူသည်။ လပြည့်ကျော်တစ်ဆယ့် နှစ်ရက်ဗုဒ္ဓဟူးနေ့ နံနက်တစ်ချက်တီးကျော် နှစ်နာရီတစ်ပါဒ် ခြောက်ဗိဇနာတွင် မြို့လည်တော်မူသည်။ ထိုနေ့တစ်ချက်တီးကျော်သုံးနာရီသုံးပါဒ် ကိုးဗိဇနာ တွင် ပြာသာဒ် တန်ဆောင်း မဟာရာမ် တွင်းတူးသည်။ တစ်ချက်တီးကျော် နှစ်နာရီ တစ်ပါဒ် ခြောက်ဗိဇနာတွင် တွင်းသို့ သစ်ရပ်သည်။ ညဉ့် လေးချက် တီးကျော် သုံးနာရီ နှစ်ဗိဇနာတွင် သစ်ထွင်းလေသည်။ စေတီတော် ချယား သီး ၏ လုပ်သည်။ လပြည့်ကျော်တစ်ဆယ့်လေးရက်သောကြာနေ့ ညဉ့် နှစ်

ချက်တီးကျော် တစ်နာရီသုံးပါဒ်တစ်ဆယ့်တစ်ဗိဇနာတွင် မဟာရာဇ် ပြာသာဒ်
တန်ဆောင်း ကုပ်ဒလျှောက်တင်သည်။ ဝါခေါင်လဆန်း လေးရက် တနင်္လာနေ့
နံနက် လေးချက်တီး ကျော်တွင် စွယ်တော်ကို ပြာသာဒ်က ပင့်၍ ပြည်သူတို့
ပူဇော်ရသည်။ ထိုနေ့ နှစ်ချက်တီးကျော် သုံးနာရီ နှစ်ပါဒ်တွင် စေတီတော်
အင်္ဂတေ စ၍ လုပ်သည်။ တန်ဆောင်းပြာသာဒ် ထုပိကာ လုပ်သည်။ နှင့်ကမ္ဗည်း
ကမ္ဗဝါစာ ရေးသည်။ ဝါခေါင် လပြည့်ကျော် တစ်ရက် တနင်္လာနေ့ နံနက်
တစ်ချက်တီးကျော်တစ်နာရီတစ်ဆယ့်တစ်ဗိဇနာတွင်စေတီတော်မှာ ဆွဲရန် ဆည်း
လည်း သွန်းသည်။ ဝါခေါင် လပြည့်ကျော် ဆယ်ရက် ဗုဒ္ဓဟူးနေ့ နံနက်
လေးချက်တီးကျော် နှစ်နာရီ သုံးပါဒ် ခြောက်ဗိဇနာတွင် စေတီတော် ကြေး
စလောင်း သွန်းသည်။ ချယားသီး ဖယောင်းပုံ သွန်းလုပ်သည်။ တော်သလင်း
လပြည့်တနင်္လာနေ့ နံနက်တစ်ချက်တီးကျော်လေးနာရီတွင် မဟာရာဇ် စောင်း
တန်း မုခ် ပေါင်း ကူးသည်။ ခေါင်းလောင်း လေးလုံး ဖယောင်းပုံ လုပ်
သည်။ လပြည့်ကျော်ဆယ်ရက် ကြာသပတေးနေ့ ဆရာတော်လေးပါး၊ ပိဋကတ်
တော်မ လေးပါးတို့ကို ကျမ်းဂန် ကြည့်ရှုစေတော်မူ၍ စေတီတော် မဟာရာဇ်
ဇာတ် စီရင်တော်မူ၍ တောင်းပန်တော်မူသည်။ သီတင်းကျွတ်လဆန်းတစ်ဆယ့်
သုံးရက် တနင်္လာနေ့ ညဉ့် နှစ်ချက်တီးကျော် သုံးနာရီတွင် စေတီတော်
စောင်းတန်း ခြသေ့ စ၍ လုပ်သည်။ ချယားသီး စ၍ သွန်းသည်။ ပြာသာဒ်
တန်ဆောင်း ထုပိကာ လုပ်သည်။ မှန်ကင်းလုပ်သည်။ သီတင်းကျွတ် လပြည့်
ကျော် ဆယ်ရက် စနေနေ့ ညဉ့်နှစ်ချက်တီးကျော် သုံးပါဒ်တွင် စေတီ တော်မှာ
ချယားသီး ကြေးပုံတပ်သည်။ ပြာသာဒ်အမှမ်း ခြင်ပိတ်တင်သည်။ မဟာရာဇ်တွင်
ဇာတ် စ၍ ရေးသည်။ ဖောင်တော်ဦးငုပ် အမှမ်းတင်သည်။ တန်ဆောင်မုန်း
လဆန်း ဆယ်ရက် စနေနေ့ ညဉ့် လေးချက်တီးကျော်တစ်ပါဒ် နှစ်ဆယ်ဗိဇနာ
တွင် နကိုင်း ဘုရားကို ရန်အောင်မြင်ဘုရား သမုတ်တော်မူ၍ ထီးတင်တော်
မူသည်။ ပုညစေတီဘုရား၊ စည်းခုံဘုရား၊ ရွှေ စ၍ တည်သည်။ တန်ဆောင်မုန်း
လပြည့်ကျော်တစ်ဆယ့်တစ်ရက်တနင်္လာနေ့ဆရာတော်တို့ကို အမိန့်တော် ရှိ၍
ဇေယျကျော်ထင် ကတော်က လယ်ပြင် ဆရာတော်ကို အပ်သော ရွှေငွေကိုဝိနည်း
ကျမ်းဂန်အလျှောက် စစ်မေးရသည်။ နတ်တော်လဆန်း ဆယ်ရက် တနင်္လာ
နေ့ ညဉ့်တစ်ချက်တီးကျော် တစ်နာရီတွင် ကောင်းမှုတော် မာန်အောင် ရတနာ
သို့ ထွက်တော်မူသည်။ နေ့ နှစ်ချက်တီးကျော် လေးနာရီတွင် ဝင်တော်မူသည်။
လဆန်း တစ်ဆယ့်လေးရက်သောကြာနေ့ ညဉ့် နှစ်ချက်တီးကျော် ငါးနာရီတွင်

စေတီတော် ပြာသာဒ် ပဟာရာမ်ဝန်းကျင် ရွှေစ၍ ထည့်သည်။ လပြည့်ကျော်
ခြောက်ရက် သောကြာနေ့ ညဉ့်တစ်ချက်တီးကျော် သုံးနာရီ နှစ်ပါဒ်တွင် ပြည
စေတီဘုရား ရွှေစည်းခုံဘုရားရှင်တို့ကို ထီးတင်တော်မူသည်။ ပြာသို လပြည့်
ကျော် ကိုးရက် အင်္ဂါနေ့ ညဉ့်တစ်ချက်တီးကျော်တွင် သဘင် နန်းတော် အရှေ့
ဆောင်ယွန်းတွင် ထီးတော်ထားရာ တန်ဆောင်း ဆောက်သည်။ ထိုနေ့ ညဉ့်
တစ်ချက်တီးကျော် ခုနစ်နာရီတွင် စေတီတော်ကမ္မည်း ကျောက်ပြုလုပ်သည်။
တပို့တွဲ လဆန်းတစ်ရက် အင်္ဂါနေ့ ဝံကျောင်းတော်၊ အောင်ထပ်ကျောင်း
တော်၊ ဇေတဝန ကျောင်းတော်၊ ပုပ္ဖါဝန် ကျောင်းတော် လေးရပ်
ကို တင်တော်မူသည်။ လဆန်းသုံးရက် ကြာသပတေးနေ့ နံနက်တစ်ချက်
တီးကျော် လေးနာရီတွင် ညီတော် စေဥ္စကူး ခင်းဝေ ပါလာ စ၍ စီးတော်မူ
သည်။ ထိုနေ့ နံနက်တစ်ချက်တီးကျော် ငါးနာရီတွင် မာန်အောင် ရတနာ
ထီးတော် ရေဆေး ယပ်ခပ်သည်။ သည်နေ့ နှစ်ချက်တီးကျော်တစ်နာရီ သုံးပါဒ်
တွင် စေတီတော်ကို မာန်အောင်ရတနာ ဟူသော အမည်ထိုးသည်။ တပို့တွဲ
လဆန်းတစ်ရက် စနေနေ့ နံနက် လေးချက်တီးကျော် ကိုးဗီဇနာတွင် ဇေယ
ဘုံ သဘင်တော်သို့ ထွက်တော်မူသည်။ ထိုအခါတွင် စေတီတော် သံပိုင်းစိုက်
သည်။ ထိုနေ့ နံနက်တစ်ချက်တီးကျော် သုံးနာရီ နှစ်ပါဒ် တစ်ဗီဇနာတွင်
ကောင်းမှုတော်ကို ထီးတင်တော်မူသည်။ နေ့ နှစ်ချက်တီးကျော် တစ်နာရီ
သုံးပါဒ်တွင် ဆုတောင်းတော်စာ ဖတ်၍ ရေစက်ချတော်မူသည်။ မာန်အောင်
ရတနာ ဟူသော ကမ္မည်းကိုလည်း တပ်လှူတော်မူသည်။ သဘင်ကြီးစွာ ရက်
လည်အောင် ခံတော်မူသည်။ ဝတ္ထုကံ မိုးမြေနှင့် တကွ ကျွန်သီးတော်လည်း
အများ လှူတော်မူသည်။ တပေါင်းလဆန်း၊ နှစ်ရက်ကြာသပတေးနေ့ တစ်ချက်
တီးကျော် သုံးနာရီ နှစ်ဗီဇနာတွင် မာန်အောင်ရတနာ ကောင်းမှုတော်
အနောက်၌ ဝတ္ထုကံ သိမ်ကျောင်းသစ် တည်သည်။ ထိုနေ့ နှစ်ချက်တီးကျော်
သုံးပါဒ်တွင် စကြိုမုတ္တော မဟိရက္ခာ ဘုရားရှင်မှာ ငြိမ်းဆောက်ရသည်။
တပေါင်း လဆန်း ကိုးရက် ကြာသပတေးနေ့ နှစ်ချက်တီးကျော် သုံးပါဒ်
နှစ်ဗီဇနာတွင် စကြို မုတ္တော မဟိရက္ခာ ဘုရားရှင်တို့ကို အုတ် စ၍ စီသည်။
တပေါင်း လပြည့်ကျော် ခြောက်ရက် အင်္ဂါနေ့ နှစ်ချက်တီးကျော် ခုနစ်နာရီ
တစ်ပါဒ်တွင်ဝတ္ထုကံ သိမ်ကျောင်းတော် ငြိမ်းပန္နက်စိုက်သည်။ ညဉ့် သုံးချက်
တီးကျော် ငါးနာရီ ခုနစ်ဗီဇနာတွင် သစ်ချပ်သည်။ လပြည့်ကျော် ခုနစ်ရက်

ဗုဒ္ဓဟူးနေ့သို့အဝင် ညဥ့် နှစ်ချက်တီးကျော် လေးနာရီတစ်ပုဒ်ခွဲတွင် ဝတ္တုကံ သိမ်ကျောင်းတော် တွင်းတူးသည်။ လယ်ကြီး ကျောင်းတော်ရာမှာ မြေတွန်းသည်။ သက္ကရာဇ် (၁၀၆၁) ခု တန်ခူး လပြည့်ကျော် ကိုးရက် တနင်္ဂနွေနေ့ နံနက် လေးချက်တီးကျော် သုံးနာရီတွင် လယ်ကြီးကျောင်းတော် ပန္နက်စိုက်သည်။ လပြည့်ကျော် ဆယ်ရက် တနင်္လာနေ့ နံနက် လေးချက်တီးကျော် နှစ်နာရီ သုံးပါဒ်တစ်ဆယ့်သုံးဗိဇနာတွင်လယ်ကြီးကျောင်းတော် တွင်းဝန်းသည်။ လပြည့်ကျော်တစ်ဆယ့်နှစ်ရက်ဗုဒ္ဓဟူးနေ့နံနက် လေးချက်တီးကျော် နှစ်နာရီတစ်ပါဒ်တွင် တွင်းသို့ သစ်ချပ်သည်။ ထိုနေ့နှစ်ချက်တီးကျော်ငါးနာရီတစ်ဆယ့်တစ်ဗိဇနာတွင် သစ်ထွင်းလေသည်။ ကဆုန် လဆန်း နှစ်ရက် တနင်္ဂနွေနေ့ ညဥ့် သုံးချက်တီးကျော် ခုနစ်နာရီ တစ်ပါဒ်တွင် လယ်ကြီးမင်္ဂလာ ရွှေကျောင်း ထုပ်လျောက်တင်သည်။ ကဆုန် လဆန်း လေးရက် အင်္ဂါနေ့ မာန်အောင်ရတနာ ကောင်းမှုတော်တွင် ဆရာတော်တို့ကို တောင်းပန်တော်မူ၍ စာပေးရသည်။ ကဆုန် လဆန်း လေးရက် တနင်္ဂနွေနေ့ ကသည်းမင်းသံတို့ လက်ဆောင်တော် ဆက်သည်။ နယုန် လပြည့်ကျော် ခြောက်ရက် တနင်္ဂနွေနေ့ ညဥ့်တစ်ချက်တီး ကျော်တစ်နာရီတွင် ယိုးဒယားသို့ ချီသောခါ ဆောင်စရာ ကသစ်သား အောင်စည် လုပ်သည်။ မဟာပိန္နဲ အလုံးနှစ်ဆူ ခြသေ့ရုပ် တံခွန်နှစ်ဆူ ရေးသည်။ ဝါဆို လဆန်း သုံးရက် စနေနေ့ ညဥ့် လေးချက်တီးကျော် နှစ်နာရီတွင် မာန်အောင်ရတနာ ကောင်းမှုတော်၌ ဝတ္ထုကံ သိမ်ကျောင်းကို တင်လှူတော်မူသည်။ ဉာဏဝိမလ ဓဇ ဟူသော တံဆိပ်ကိုလည်း အပ်တော်မူသည်။ ဝါဆို လပြည့်ကျော် တစ်ရက် ဗုဒ္ဓဟူးနေ့ ကသစ်သား အောင်စည် လေးလုံး၊ တံခွန် လေးဆူ၊ အရိုးအံသုတ်၊ အသူရှေ့ဆည်၊ လက္ခတ်ဆီးသား စသည်များကို ဆင်ကဲ ပိုင်းမှူး တပ်မှူး သနားစုတို့ကို မှတ္တမသို့ ပို့ရသည်။ ဝါဆို လပြည့်ကျော် လေးရက် စနေနေ့ မာန်အောင်ရတနာ ကောင်းမှုတော်သို့ အောင်မြေဘုံကျော် ဆရာတော် နေမျိုးနော်ရထာကျောင်း ဆရာတော် အစရှိသော ဆရာတော် တံဆိပ်ရ အပေါင်းတို့ကို ပင့်တော်မူ၍ ပိဋကတ်သုံးပုံတွင် နိသျည်း မရှိသော ကျမ်းဂန်တို့ကို နိသျည်း စီရင်တော်မူပါ တောင်းပန်တော်မူ၍ စီရင်တော်မူရသည်။ လပြည့်ကျော် ဆယ်ရက် သောကြာနေ့ ညဥ့်သုံးချက်တီးကျော် ခုနစ်နာရီ သုံးပါဒ် ကိုးဗိဇနာတွင် နိသျည်း စီရင်သော အက္ခရာကို ပေသို့ တင်သည်။

## မုတ္တမသို့ ချီရခြင်းနှင့် ကျိုင်းတုံစော်ဘွားသမီးကိုတောင်းရာ မစေချင်သောကြောင့် စစ်ချီရခြင်းနှင့် သားတော်ကို ကိမ်ချွေပေးခန်း

ဝါခေါင်လပြည့်ကျော်တစ်ဆယ့်နှစ်ရက် တနင်္လာနေ့ နံနက်တစ်ချက်တီးကျော်တွင် ယိုးဒယားသို့ မုတ္တမကြောင်း ချီမည်ကို ဗိုလ်မှူး တပ်မှူး စစ်ကဲ နာခံပစ်ကွင်း ခန့်ရန်တော်မူသည်။ ဝါခေါင်လဆန်းတစ်ဆယ့်လေးရက်ဗုဒ္ဓဟူးနေ့ အောင်စည် သလားတစ်ဆယ့်နှစ်လုံးကိုဝေလုသုန္ဒရ သွေးသောက် ရွှေအိုး ရွှေပန်းအိပ်မှန်တို့ နှစ်ယောက် ကံကျေးလေးယောက်နှင့် မုတ္တမသို့ ပို့ရသည်။ ဝါခေါင် လပြည့် ကျော် လေးရက် တနင်္လာနေ့သို့ အဝင် ညဉ့်နှစ်ချက်တီးကျော် လေးနာရီတွင် တောင်ပွဲကြီး ဆုတောင်းပြည့် ဘုရားဦးဇရပ်ကို မှန်ကင်း လှူတော်မူ၍ စိုက်ရသည်။ ဝါခေါင် လပြည့်ကျော် ရှစ်ရက် သောကြာနေ့ နံနက်တစ်ချက်တီးကျော် ငါးနာရီတွင် ဇင်းမယ်သို့ ဆောင်ယူစရာ အောင်စည် လေးလုံး၊ တိုက်စည် သုံးလုံး၊ ယွန်းစည် ကိုးလုံး ကြက်လုပ်၍ အင်္ဂါနှံသည်။ သီတင်းကျွတ် လဆန်း သုံးရက် အင်္ဂါနေ့သို့ အဝင် ညဉ့်သုံးချက်တီးကျော်ငါးနာရီတစ်ဆယ့်သုံးဗီဇနာ တွင် ယိုးဒယားသို့ ဇင်းမယ်ကြောင်း မင်းရဲ နရာသီဟဗိုလ်တစ်တပ်၊ ဇေယျကျော်ထင်တစ်တပ်၊ ဇေယ်ရသင်ရန်တစ်တပ်၊ ရန္တသူတစ်တပ်၊ လက်ယာဇေယျသူ တစ်တပ်၊ ပိုက်သင်ရန်မြင်းတပ်နှင့် တပ်ပေါင်း ခြောက်တပ်ကို ဆင်လုံး မြင်းရင်း အများနှင့် ချီ၍ အောင်တပ်တွင် ချသည်။ မုတ္တမကြောင်းမှာ နန္ဒမိတ်တော် တပ်ဗိုလ်တစ်တပ်၊ နန္ဒမိတ်တစ်တပ်၊ ဘယရန္တမိတ်တစ်တပ်၊ ဘယဇေယျတစ်တပ်၊ ဘယရာဇသူအာမခံတစ်တပ်၊ ရဲယောဓာ မြင်းတပ် တပ်ပေါင်း ခြောက်တပ်ကို ဆင်လုံး မြင်းရင်း အများနှင့် ချီ၍ ပင်းယ အောင်တပ်တွင် ချရသည်။ တန်ဆောင်မုန်းလပြည့်ကျော်တစ်ဆယ့်တစ်ရက် သောကြာနေ့ ဇင်းမယ်တပ်တော်တွင် ပါလာသည့် အောင်စည်ကို မိုးထိ၍ ပျက်သည်ကို အစားတိုက်စည် နဂါးရုပ်ပါခြောက်လုံး၊ ဒေသဂီရိပါရှစ်လုံး၊ ယွန်းစည်သုံး၊ စည်ပလုပ်နှစ်လုံးလုပ်၍ ပြီးလျှင် ဇင်းမယ်သို့ပို့ရသည်။ နတ်တော်လဆန်းနှစ်ရက် ဗုဒ္ဓဟူးနေ့ ညဉ့်နှစ်ချက်တီးကျော် ခုနစ်နာရီတစ်ပါဒ်တစ်ဆယ့်တစ်ဗီဇနာ ရှိမက်တော်တို့ မုတ္တမကသည် ယိုးဒယားသို့ ချီ၍ အောင်သာတပ်တော်တွင် ချရသည်။ အရေးတော် မလှချေ။ ဇင်းမယ်က ယိုးဒယားသို့ ချီရသည်။ အရေးတော် မလှချေ။ တပို့တွဲ လဆန်း ငါးရက် ဗုဒ္ဓဟူးနေ့ နံနက် လေးချက်တီးကျော် တစ်နာရီတွင် ပဏ္ဍုကာ

ဘယ တို့ကို မုတ္တမကြောင်း၊ ယိုးဒယားသို့ ပြန်ရသည်။ တပေါင်း၊ လဆန်း
တစ်ဆယ့်တစ်ရက်ဗုဒ္ဓဟူးနေ့ နံနက်လေးချက်တီးကျော် ငါးနာရီတွင် ဆင်လုံး
မြင်းရှင်း ရဲမက် ဗိုလ်ပါ အများနှင့် ထွက်တော်မူ၍ သိမ်းကျော် သဘင်
နန်းတော်တွင် နေတော်မူ၍ ဗားကရာ မိုးနန်းကျောင်းတော်ကို အသိမှုမှာ
ဂုရုအား လှူတော်မူသည်။ တစ်ညဉ့် စံတော်မူ၍ ဝင်တော်မူသည်။ လပြည့်ကျော်
တစ်ဆယ့်သုံးရက်စနေနေ့ နံနက်တစ်ချက်တီးကျော်နှစ်နာရီတစ်ဆယ့်သုံးမိနစ်တွင်
မဟာမြတ်မုနိကို ထီးတင်တော်မူသည်။ တပေါင်းလကွယ် နေ့က စ၍ ကုန်သည်
ပြုပ်ရှစ်လုံးစုသည်။ ထိုနှစ် ကျောက်ဝက်သက် ပေါက်၍ အများပိတ်စင်သည်။
ဆင်ကျုံး အနောက်တွင်လည်း လက်ပံပင် နှစ်ပင် အပွင့်နှစ်ဆင့် အသီး
နှစ်ဆင့် ရှိသည်။ တန်ခူးလဆန်း ရှစ်ရက် အင်္ဂါနေ့ ကောဘမတ်မြို့၌ ဆံတော်ရှင်
စေတီတော် ပြိုပျက်လေသည်ကို ထပ်လုပ်တော်မူ၍ ရွှေထီး တင်တော်မူသည်။
မုတ္တမမြို့၌ ကုသာရီးစေတီ ပြိုလေသည်ကို လုပ်တော်မူ၍ ရွှေထီး တင်တော်
မူသည်။ သက္ကရာဇ် (၁၀၆၃) ခုနှစ် ကဆုန်လပြည့်ကျော် လေးရက် တနင်္ဂနွေ
နေ့ နံနက်တစ်ချက်တီးကျော် ,ခုနှစ်နာရီတွင် ရွှေနန်းတော်က ထွက်တော်မူ၍
ရတနာ ရွှေဖောင်တော်နှင့် ရွှေကြက်ယက်မှာ သကြိန် စေါ်တော်မူသည်။
နယုန်လပြည့်ကျော် သုံးရက် ကြာသပတေးနေ့ ညဉ့် သုံးချက်တီးကျော်
သုံးနာရီတွင် ဆင်တော်ကို နန်းတွင်းသို့ သွင်း၍ အောင်မြေပေါ်ကျော်
ဘွဲ့ တပ်တော်မူသည်။ သက္ကရာဇ် (၁၀၆၃) ခုနှစ် ပဌမ ဝါဆိုလပြည့်ကျော်
ငါးရက် သောကြာနေ့ ညဉ့် လေးချက်တီးကျော် နာရီတွင် ဝမ်းဘဲအင်း
နန်းတော်မှာ ခမည်းတော်ဘုရား သင်းချိုင်းတော်ရာကို ကောင်းမှုတော် တည်
မည်ဟူ၍ မြေကြည့်ရသည်။ လပြည့်ကျော် တစ်ဆယ့်သုံးရက် စနေနေ့ နံနက်
တစ်ချက်တီးကျော် ငါးနာရီတွင် ရွှေ လေးထပ်ကျောင်းတော်၊ တောင်ဖီလာ
ကျောင်းတော် လှူတော်မူသည်။ ထိုနေ့ ညဉ့် လေးချက်တီးကျော် ငါးနာရီတွင်
ဝမ်းဘဲအင်း ကောင်းမှုတော်မှာ အုတ် စ၍ သွင်းသည်။ ထိုနေ့ ရန်ကုန်မြို့
နန္ဒပစ္စည်းတို့ကို မုတ္တမ ငင်းမယ်ကို အံခဲတွင် ထုတ်ရသည်။ ဝါဆို လပြည့်
ကျော် တစ်ဆယ့်တစ်ရက် စနေနေ့ ညဉ့် လေးချက်တီးကျော် နှစ်နာရီတွင်
ဝမ်းဘဲအင်း ကောင်းမှုတော်ရာ မြေထုနှင့်သည်။ ဒုတိယဝါဆို လပြည့်ကျော်
ခြောက်ရက် ကြာသပတေးနေ့ သုံးချက်တီးကျော်ဘွင် တုံစံ့ဟူလွှတ် ကျောင်း၊
တော်၊ ဥမင်တော်ဦး၊ ကျောင်းတော် ဟောင်းနွမ်း ပျက်စီးလေသည် များလည်း၊
အသစ် တည်တော်မူမည် ဟူ၍ သစ် စ၍ သွင်းသည်။ တန်ဆောင်မုန်း ငါးရက်

သောကြာနေ့ မြစ်ငယ်တွင် ညောင်ရွှေရပ်မှာ ကွန်ကြီးချရာတွင်လိပ်တစ်ရုပ်ရွှေ တင်သော်မီးလျှံထွက်၍ ထီး ါသည်သုံးယောက်ကို မီးလောင်သည်။ တစ်ယောက် သေ၍ နှစ်ယောက်ရှင်သည်။ တန်ဆောင်မုန်းလဆန်းတစ်ဆယ့်သုံးရက် တနင်္ဂ လာနေ့ အမည်သနားတော်မူသည်။ ဟံသာဝတီဝန်ရှိုးသား မြင်းမှူးကို မင်းရဲ ဇေယျသူ၊ မြင်စည်မြင်းမှူးကို မင်းရဲမင်းလှကျော်ခံစေ၊ နေမျိုးစည်သူကို မင်းရဲ သီဟသူခံစေ၊ မခံသွန်သည် လက်ဝဲဒေဝကို ဇေယျကျော်ထင် ခံစေ၊ လက်ဝဲ ဝဲသော်ကို လက်ယာမြဲမြံခံစေ၊ လေးဆယ်တော် ဘုန်းတော်နိုင်မှူးကို ရာဇဂုဏ ခံစေ၊ စားတော် ကွမ်းရေကိုင် မြင်းဝိုင်းစားကို ရာဇယောဓာခံစေ၊ နာခံ တော် တရုတ်ကောစကို ရာဇတမန်ခံစေ၊ မာရဘင် အရင်ကောင်မှူးကို ရာဇဒေဝ ခံစေ၊ ရွှေလေး မှူးကို ဇောတပုရခံစေ၊ သပေါက် သင်းမှူးကို တုရင်ယောဓာ ခံစေ၊ ကန်သစ် ရွှေဝိုင်းမှူးကို တုရင်ရာဇာခံစေ၊ မြင်းခေါင်း ကြေးမုံစားကို တုရင် နန်းသူ ခံစေ ပေါင်း တစ်ဆယ်သုံးအမည်သနားတော်မူ သည်။ သက္ကရာဇ် (၁၀၆၄) ခုနှစ် ကဆုန်လဆန်း ခြောက်ရက် ညဥ့်လေးချက် တီးကျော်တစ်နာရီ နှစ်ပါဒ် ခုနစ် ဗိဇနာတွင် ဝမ်းဘဲအင်း ကောင်းမှုတော် အုတ်မြစ်ချသည်။ နတ်တော်လဆန်း ခြောက်ရက် ညဥ့် လေးချက်တီးကျော် သုံး နာရီ ခုနစ်ဗိဇနာတွင် တူရွင်းခြေ တောင်ထိပ်၌ သီရိမင်္ဂလာကမင်း ကောင်းမှု တော် စေတီတော်၊ စစ်ကိုင်း စက်တော်ရာစေတီတော်၊ ကြက်တပ်စေတီ၊ မြစည်းခုံ စေတီ၊ ထံထားဦး မင်္ဂလာစေတီ၊ စေတနာကြီးစေတီ သည် ဘုရားခြောက်ဆူ ဟောင်းနွမ်း ပြိုပျက် လေသည်များကို ကောင်းမွန်စွာ လုပ်တော်မူ၍ ရွှေထီး တင်တော်မူသည်။ နတ်တော်လပြည့် တနင်္ဂလာနေ့ ညဥ့် တစ်ချက်တီး ကျော်တစ်နာရီ သုံးပါဒ် ခုနစ်ဗိဇနာတွင် ဂေါတမဘုရား စေတီလှကို ထီးတင် တော်မူသည်။ သက္ကရာဇ် (၁၀၆၄) ခုနှစ် တန်ခူး လပြည့်ကျော် ငါးရက် တနင်္ဂနွေနေ့ နံနက် လေးချက်တီးကျော် ခြောက်နာရီ နှစ်ပါဒ်တွင် စစ်ကိုင်း ဗညားဆိပ်သို့ ထွက်တော်မူ၍ နံနက် တစ်ချက်တီးကျော် သုံးနာရီ တစ်ပါဒ် တစ်ဆယ့်နှစ်ဗိဇနာတွင်ရောက်တော်မူ၍ သကြံခေါ်တော်မူသည်။ လပြည့်ကျော် တစ်ဆယ့်တစ်ရက် စနေနေ့ ပြင်းနတ်ဘုရား ရောင်လျှံတော်ပို့သည်။ ထိုနေ့ နန်းကျော်ထင်ကို အဂ္ဂမဟာ သေနာပတိဝန် ခန့်တော်မူသည်။ တန်ခူးလပြည့် ကျော်တစ်ဆယ့်လေးရက် အင်္ဂါနေ့ နံနက်တစ်ချက်တီးကျော် ဝမ်းဘဲအင်း မနော်ရမ္မာဥယျာဉ်သို့ ထွက်တော်မူသည်။ ကဆုန်လပြည့်ကျော် ခြောက်ရက် အင်္ဂါနေ့ နံနက်တစ်ချက်တီးကျော် ခုနစ်နာရီ နှစ်ပါဒ် နှစ်ဗိဇနာတွင် ယာယီ

န်းတော် မြေစနစ်သည်။ ထိုအခါတွင် ဝမ်းဘဲအင်း ကောင်းမှုတော် ထုတ်စီကျ်သည်။ ဝါဆိုလပြည့်ကျော် ရှစ်ရက် တနင်္ဂနွေနေ့ ကသည်းက မင်းသိ ရောက်သည်။ ဝါခေါင်လဆန်း၊ တစ်ဆယ့်လေးရက် တနင်္ဂနွေနေ့ နံနက် တစ်ချက်တီးကျော် ၄ါးနာရီ နှစ်ပါဒ်တွင် ဘုံစိတုလွှတ် ကျောင်းတော် အမှန်းတင်သည်။ ဝါခေါင်လပြည့်ကျော်တစ်ဆယ့်တစ်ရက်သောကြာနေ့ ညဉ့်လေးချက်တီးကျော် ဥတ္တရာသံနက္ခတ်နှင့် အင်္ဂါကြယ် ခုပ်ကြသည်။ တော်သလင်းလဆန်း၊ ရှစ်ရက် တနင်္လာနေ့သို့ အဝင် ညဉ့်သုံးချက်တီးကျော်သုံးနာရီ နှစ်ပါဒ်တစ်စိတ်နာရီတွင် ဘုံစိတုလွှတ် အရုံကျောင်းတော် ဆောက်သည်။ တော်သလင်းလဆန်းတစ်ဆယ့်လေးရက် တနင်္လာနေ့ ညဉ့် သုံးချက်တီးကျော် ခုနစ်ပါဒ်နာရီတွင် ဘုံစိတုလွှတ် ပိဋကတ် ကျောက်စာ ပန်းက် စိုက်သည်။ တော်သလင်း၊ လပြည့်ကျော် တစ်ရက်စနေနေ့ ပြင်းနတ် ထီးတော် ပို့သည်။ သီတင်းကျွတ် လပြည့်ကျော် ခုနစ်ရက် စနေနေ့သို့အဝင် ညဉ့်တစ်ချက်တီးကျော် နှစ်နာရီသုံးပါဒ်တွင် ရှင်ပြု ရှင်လု စောင်းတန်းနှစ်ဘက်ကို ဇရပ်တစ်ဆယ့်လေးဆောင် ဆောက်တော်မူသည်။ လှေကားအုတ်စရံ့ စီသည်။ တန်ဆောင်မုန်းလပြည့်ကျော် ခြောက်ရက် ကြာသပတေးနေ့ ကသည်းတိုက သိမ်းကညာ ဆက်ရသည်။ တန်ဆောင်မုန်းလပြည့်ကျော်တစ်ဆယ့်သုံးရက်ကြာသပတေးနေ့တွင် မင်းရဲနန္ဒာသည် ကျေးဇူးသစ္စာတော်နှစ်ပါးကို မစောင့် လူဆိုးလူသွမ်းတို့နှင့် ပေါင်းဖက်၍ မသင့်မတင့်သောအကြံအစည်ကို ကြံစည်သောကြောင့် ရေမှာ ကွပ်မျက်တော် မူသည်။ သားပြင် စည်မြင်းမှူးကို စစ်မေးတော်မူသော် အဘာသာဖြစ်သော်လည်း၊ အသွားအလာ အရောက် အပေါက် မရှိကြောင်းကို လျှောက်လျှင် လျှောက်တိုင်းမှန်သောကြောင့် ကွပ်မျက်တော်မမူ မိုးညှင်းငယ်သို့ ပို့တော်မူသည်။ မင်းရဲနန္ဒာနှင့် အတိုင်အပင် အဖက်ပြုသော သူဘို့ကိုလည်း ကွပ်မျက်တော် မူသည်။ မင်းသား ယောက်ဖ ယိုးဒယား မှူးကိုလည်း မသန့်ပြစ်လျက် မလျှောက်ဟု၍ ကွပ်မျက်တော်မူသည်။ နတ်တော် လဆန်း တစ်ဆယ့်တစ်ရက် ဗုဒ္ဓဟူးနေ့ နံနက် တစ်ချက်တီးကျော်တစ်နာရီတွင်တောင်ပလ္လင်ပြဿဒ်ဘုရားကို ထီးတင်တော်မူသည်။ နတ်တော် လပြည့်ကျော် ရှစ်ရက် တနင်္လာနေ့ နံနက် လေးချက်တီးကျော် သုံးနာရီတွင် ရွှေနန်းတော်က ထွက်တော် မူ၍ ရတနာ ရွှေပေါင်တော်နှင့် ကူးတော် မူ၍ ရှင်ပြု ရှင်လု ဘုရားရှင်ကို ပဏ္ဏမြား ဦးထုပ် လှူတော် မူသည်။ ပြာသို လဆန်း၊ ၄ါးရက် စနေနေ့ သုံးတန် စားကို အဘ္ဘယတ်သို့ စေတော် မူသည်။ ပြာသိုလပြည့်ကျော်သုံးရက် ကြာသပတေးနေ့ ညဉ့် သုံးချက်တီးကျော်

တစ်နာရီသုံးပါဒ်တွင် သကြံန်လတ် ခေါ်တော် မူသည်။ ပြာသိုလပြည့်ကျော် တစ်ဆယ့်နှစ်ရက်စနေနေ့သို့အဝင် ညဥ့်တစ်ချက်တီးကျော်တစ်နာရီနှစ်ပါဒ်တွင် ပင်းယရွှေစည်းခုံဇေယျသဘင် ဘုရားရှင် တို့ကို ရွှေ စီးဘင်တော်မူ၍ သဘင်ခေါ် တော် မူသည်။ တပို့တွဲလဆန်း ကိုးရက် ကြာသပတေးနေ့ နံနက်တစ်ချက်တီး ကျော် သုံးနာရီနှစ်ပါဒ်တွင် ညီတော် စဥ့်ကူးမင်းကို အိမ်ရှေ့အဆောင်အယောင် နှင့်တကွ ဝန်စာရေး ကိုင်းရုမြင်းစု ပေးတော်မူသည်။ အိမ်ရှေ့ မခေါ်ရ မြင်းဆိုင် ခေါ်ရသည်။ သဘင်နန်းတော်သို့ ထွက်တော်မူလျှင် ရှင်မိဖုရားကြီးကို မဟာသီဟသူအမည်နှင့် မိဖုရားကြီးတို့စီးသော ရွှေဝေါ၊ ကျိုင်း၊ ရွှေပိန်း ရွှေချက်မိန်း စည်စသော အဆောင်အယောင် အကုန်ပေးတော်မူသည်။ ညီမတော်လတ်ကို လည်း သီရိဒေဝီ ဟူသော အမည်နှင့် ရွှေဝေါ ကျိုင်း ရွှေပိန်း ငွေချက် မိန်းမစည် စသော အဆောင် အယောင် ပေးတော်မူသည်။ တပို့တွဲလဆန်း တစ်ဆယ့်လေးရက် အင်္ဂါနေ့သို့အဝင် ညဥ့် သုံးချက် တီးကျော် တစ်နာရီ တစ်ပါဒ်တွင် ဘုံစံတုလွတ် သဘင် နန်းတော်ကို ဇေယျဘုံကျော် ဟူသော အမည်၊ တပ်တော်မူသည်။ ထိုနေ့ နံနက်တစ်ချက်တီးကျော် လေးနာရီ နှစ်ပါဒ် ဆယ်ဗိဇနာတွင် မြင်းရထားတော်ကို အလျင်ထွက်နှင့် ရသည်။ နောက်မှ ဆင်လုံး မြင်းရင်း စစ်အင်္ဂါလေးပါး ခြံရံလျက် ရတနာသိမ်းစင် ဝေါတော်နှင့် ထွက်တော်မူသည်။ နေ့ နှစ်ချက်တီးကျော် သုံးနာရီ တစ်ပါဒ် သေးဗိဇနာတွင် ဇေယျဘုံကျော် သဘင် နန်း တော် သို့ ထွက် တော် မူ သည်။ ဇေယျဘုံကျော် နန်းတော်၌ စံတော်မူသည်။ လပြည့် ဗုဒ္ဓဟူးနေ့ ညဥ့် သုံးချက်တီးကျော်ကို မြင်းရထား စီးတော်မူ၍ ရွှေနန်းတော်သို့ ဝင်တော်မူသည်။ အရိယာသသယ်ာ တို့ အားလည်း ရက်လည်အောင် ဆွမ်းလုပ်ကျွေးတော်မူ၍ လှူဘွယ် လှူခင်း ရတနာ ပရိက္ခရာ များစွာ လှူတော်မူသည်။ တန်ခူးလဆန်းတစ်ဆယ့်တစ်ရက်အင်္ဂါနေ့ တစ်ချက်တီးကျော် သုံးပါဒ်တွင် သကြံန် ခေါ်တော်မူသည်။ ထိုနေ့ နံနက် တစ်ချက်တီးကျော်သုံးနာရီတစ်ပါဒ်တစ်ဆယ့်နှစ်ဗိဇနာတွင် ရွှေနန်းတော်ကသည် ဘုံနန်းသာစံ ယာယီနန်းတော်သို့ နန္ဒာဒေဝီ ရှင်မိဖုရားနှင့် ဝေါအတူ စီးတော် မူ၍ စစ်အင်္ဂါလေးပါး ခြံရံလျက် ထွက်တော်မူသည်။ ထိုနေ့ နှစ်ချက်တီးကျော် တစ်ပါဒ်ငါးဗိဇနာတွင် ဘုံနန်းသာစံ ယာယီနန်းတော်သို့ ထွက်တော်မူသည်။ သက္ကရာဇ် (၁၀၆၅) ခု နယုန်လဆန်း နှစ်ရက် ဗုဒ္ဓဟူးနေ့ ညဥ့် လေးချက် တီးကျော် သုံးနာရီခန့်တွင် အရှေ့ဘက် တပ်ကြီးက စ၍ မြို့ရှေ့ မြို့တောင် ညောင်စဥ့် ရှမ်းဈေး ကုန်းရိုး ဆင်ရပ် ပုခန်းကွက် ငါးရာဘိုင်အောင် လန့်သည်။

အသံပြင်းစွာ အိမ်ရာကို ရိုက်ခတ်၍ ဟစ်အော်ကြသည်။ ကဆုန် လဆန်း ဆယ်ရက် ကြာသပတေးနေ့ ယိုးဒယားက ဝင်လာသသူကို ရွှေဖဝါးတော်အောက် ရောက်လာသည်။ ထိုအခါတွင် ဘုရားရုပ်တုတော်တစ်ဆယ့်ရှစ်ဆူ ဟောင်းနွမ်း ပျက်စီးလေသည်ကို ပြင်ဆင် လုပ်ဆောင်ရသည်။ နယုန် လပြည့်ကျော် နှစ်ရက် ကြာသပတေးနေ့ နှစ်ချက်တီးကျော် သုံးနာရီတွင် ဘုံနန်းသာစံ ယာယီ နန်းတော် အရှေ့ မြောက်ထောင့် ကွမ်းစင်တိုင်ကို မိုးကြိုးသင့်သည်။ ရွှေမှိုတော်ဝန်းကျင်လည်းတစ်ဆယ့်နှစ်ချက်ကျသည်။ နတ်တော် လပြည့်ကျော် သုံးရက် တနင်္ဂနွေနေ့ နံနက်တစ်ချက်တီးကျော် ဆယ်ဗီဇနာတွင် အရှေ့ဝင်းမှူး ဇေယျနန္ဒမိတ်၊ စီးတော်ဆင်မှူး ဇေယျနန္ဒမိတ်တို့ နှစ်တပ်ကို ဇင်းမယ်ကြောင်း အနန်းသို့ ချီပြန်ရသည်။ ပြာသိုလဆန်း သုံးရက် အင်္ဂါနေ့ မဟာမြတ်မုနိ အရှေ့ ဘောင်ယွန်းတွင် စေတီသာကျောင်းတော်ကို လှူတော်မူသည်။ ပြာသို လပြည့်ကျော် လေးရက် အင်္ဂါနေ့ ညဉ့် သုံးချက်တီးကျော် ငါးနာရီ နှစ်ပါဒ်တွင် သားတော် ဘုန်းကြီးသည့် အရှင်ကို ပေါက်ကျော်ဇေယျ၊ စဉ့်ကူးမင်းကို မင်းလုလင်ဆင်ကို စီးတော်မူစ ပြုသည်။ တပို့တွဲ လဆန်းတစ်ဆယ့်နှစ်ရက် ကြာသပတေးနေ့ ရှင်ပြု ရှင်လှသို့ ရွှေဖောင်တော်စီး၍ ဖူးမြင်တော်မူသည်။ တပို့တွဲ လပြည့်ကျော် သုံးရက် ဗုဒ္ဓဟူးနေ့ ညဉ့် နှစ်ချက်တီးကျော် ခုနစ်နာရီ တစ်ပါဒ် ငါးဗီဇနာတွင် ညီတော် စဉ့်ကူးမင်း သျှောင်တော်ထုံး နားထွင်း မင်္ဂလာ ဆောင်တော်မူသည်။ တပို့တွဲ လပြည့်ကျော် လေးရက် ကြာသပတေးနေ့သို့ အဝင် နှစ်ချက်တီးကျော်တွင် ကသည်းစော်ဘွားသမီးကို ကြိုရသည်။ တန်ခူးလပြည့်ကျော် လေးရက်နေ့သို့ အဝင် ညဉ့် နှစ်ချက်တီးကျော် ငါးနာရီတွင် ဘုံစံတုလွတ် ကျောင်းတော်၊ အောင်တယ် ကျောင်းတော်၊ ဘုံစံဝတီ ကျောင်းတော်၊ စစ်ကိုင်းရွှေဥမင်ကျောင်းတော်၊ ဇေတဝန်ကျောင်းတော်သည် ငါးရပ်ကို တစ်ချိန်တစ်ခါတည်း တင်တော်မူသည်။ သက္ကရာဇ် (၁၀၆၆) ခုနှစ် ဒုတိယ ဝါဆိုလပြည့်ကျော် လေးရက် အင်္ဂါနေ့တွင် ကသည်းစော်ဘွားသမီးယူ လှော်ကားနှင့် ရဲမက်တော်တို့ နောက်ထွက်ရသည်။ ဝါခေါင်လဆန်း ငါးရက် တနင်္လာနေ့ ကသည်းစော်ဘွားသမီးကို ယူခဲ့ကြောင်း လျှောက်လာရသည်။ ဝါခေါင်လဆန်း ခုနစ်ရက် ဗုဒ္ဓဟူးနေ့ ယိုးဒယားက ကျွန်တော်ခံ ဝင်လာသည့် လူပေါင်းတို့ကို မုတ္တမက ပို့လာ၍ ရောက်သည်။ တော်သလင်းလဆန်း နှစ်ရက် တနင်္ဂနွေနေ့ လက်ယာတည်ဆင်တော်ကို မုတ္တမက ဆက်၍ သွင်းရသည်။ ဆက်သူကို အားရတော်မူ၍ အမည် ကျေးရွာ ပေးတော်မူသည်။ တန်ဆောင်

ဘုရား‌ကို လုပ်ရသည်။ ပြီး၍ ထီးတင်တော်မူရသည်။ တန်ဆောင်မုန်း လပြည့် မှန်၊ လဆန်း သုံးရက် သောကြာနေ့ ရှုံ့သီဟကို တိုက်တွန်းတော်မူ၍ ကြေးနီ ကျော် ငါးရက် တနင်္ဂနွေနေ့ ဇင်းမယ် မြို့စောင့်လဲ ထွက်ရသည်။တန်ဆောင်မုန်း လပြည့်ကျော် သုံးရက် တနင်္လာနေ့ စစ်ကိုင်း ရှင်ဖြူ ရှင်လုဆိပ်တွင် စေတီသာ ကျောင်းတော်ကို လှူတော်မည်ဟူ၍ ရတနာ ရွှေဖောင်တော်နှင့် ကူးတော်မူ၍ ထိုနေ့ညဉ့် လေးချက်တီးကျော် သုံးနာရီတွင် လှူတော်မူသည်။ တစ်ဆယ့်လေး ရက် အင်္ဂါနေ့ ရွှေနန်းတော်သို့ ပြန်တော်မူသည်။ နတ်တော်လဆန်း တစ်ဆယ့် နှစ်ရက်နေ့ ပုညစေတီ အရှေ့ ခိုနန်းကျောင်းတော်တွင် ပြာသာဒ်စကြဲ တည်တော် မူသည်ကို ရတနာ ရွှေဖောင်တော်နှင့် ကူးတော်မူ၍ သာဓုခေါ်တော်မူသည်။ နတ်တော် လပြည့်ကျော် သုံးရက် စနေနေ့ တံတားဦး မင်္ဂလာစေတီကို ဝန်ရှင် တော် နန္ဒကျော်ထင်ကို တိုက်တွန်း တော်မူ၍ လုပ်ရသည်။ ရွှေထီး တင်တော် မူသည်။ ပြာသို လဆန်း ငါးရက် ကြာသပတေးနေ့ နံနက် တစ်ချက်တီးကျော် တွင် ရတနာ ရွှေဖောင်တော်နှင့် ကူးတော်မူ၍ မဟာ တိလောက ဂုရု ကျောင်း တော်ကို တင်လှူတော်မူသည်။ တပေါင်းလဆန်း နှစ်ရက် အင်္ဂါနေ့ ကသည်း စော်ဘွားသမီး မြေရှင်းတော်သို့ ရောက်သည်။ လဆန်းသုံးရက် ဗုဒ္ဓဟူးနေ့ ညဉ့် သုံးချက်တီးကျော်တွင် မှူးတော် မတ်တော် အပေါင်း ဝန်းရံ၍ နန်းတွင်းသို့ သွင်းသည်။ တပေါင်းလဆန်းဆယ်ရက် ဗုဒ္ဓဟူးနေ့ ကသည်းစော်ဘွား သမီးကို နန်းတော်သို့ ခေါ်တော်မူ၍ တက်ရသည်။ တပေါင်းလပြည့်ကျော် ငါးရက် စနေနေ့သို့ အဝင် ညဉ့် နှစ်ချက်တီးကျော်တွင် ဝန်ရှင်တော် နန္ဒကျော်ထင်ကို တိုက်တွန်းတော်မူ၍ ကျောင်းတော်ကို အရိယာသဒ္ဓမ္မပါလ မဟာဂုရုအား တင်လှူ တော်မူသည်။ သက္ကရာဇ် (၁၀၆၇) ခုနှစ် ကဆုန်လဆန်းခုနစ်ရက် ဗုဒ္ဓဟူးနေ့ တောင်လေးထပ်ကျောင်းဆရာတော် လွန်သည်။ တစ်ဆယ့်လေးရက် ဗုဒ္ဓဟူးနေ့ သင်္ဂြိုဟ်တော်မူသည်။ ဝါဆိုလဆန်း ခုနစ်ရက် စနေနေ့ ညဉ့်လေးချက်တီး ကျော်ငါးနာရီတွင် သေးထပ်ကျောင်း၊ တော်ကို ရှင်ဓမ္မာ လင်္ကာရအား လှူတော် မူသည်။ ဝါခေါင် လပြည့်ကျော် ငါးရက် တနင်္ဂနွေနေ့တွင် စန်းတိုက် ရာသီ အသ်ာ လိတ္တာ ထင့်သွင်းသည်။ဒိန္နက် သဲလည်း သင့်သည်။ ကြာသပတေးလည်း ကရကဋ်သို့ ပြောင်းသည်။ ထိုအခိုက် ဆန်သုံးစလယ် စားသာ ပြု၍ ပြည်သူတို့ သည် ပင်ပန်း ကြကုန်သည်။ တန်ဆောင်မုန်း လပြည့်ကျော် ငါးရက် ကြာသပတေးနေ့တွင် စကားစော်ဘွားကို ဗိုလ်မှူးပြု၍ ဇင်းမယ်သို့ ထွက်ရသည်။ မုတ္တမ သို့လည်း အလဲ ထွက်ရသည်။ တန်ဆောင်မုန်း လတွင်ဆန်တစ်စလယ်

စားသာ ပြုလေသည်။ တန်ဆောင်မုန်း လပြည့်ကျော် သုံးရက် သောကြာနေ့မှာ
ချို မြသီးဘုရားရှင် ရောင်တော် ပြုသည်။ နတ်တော်လဆန်း တစ်ဆယ့်နှစ်ရက်
သောကြာနေ့ သားတော် ဘုန်းကြီးသည့် အရှင် ဥပဒေချင်တော်ထုံး နားတွင်း
မင်္ဂလာဆောင်သည်။ သမီးတော် ဆံတော်ထုံးသည်။ တပေါင်း လပြည့်ကျော်
ခြောက်ရက် ကြာသပတေးနေ့သို့အဝင် ညဉ့် နှစ်ချက်တီးကျော် နှစ်မောင်းတွင်
အနောက် လေးထပ် ကျောင်းတော်ကို ရှင်ဂုဏာသာရအား လှူတော် မူသည်။
တန်ခူး လပြည့်ကျော် ၄ ရက် တနင်္ဂနွေနေ့ လယ် ဘုရား ရောင်လျှံ တော်ကို
ဇင်းမယ်သို့ ပို့ရသည်။ သက္ကရာဇ် (၁၀၆၈)ခု ကဆုန် လဆန်း လေးရက်
ကြာသပတေးနေ့ လေးချက်တီးကျော်တွင် ရွှေမြို့တော် အလုံး ထိတ်လန့်၍ ပုတ်
ခတ် ဟစ်အော်ကြသည်။ ကဆုန် လဆန်းက စ၍ အဝတ်ပြိုလုံး ဝမ်းသွန် အော့
အန်၍ အများ ပိတ်စင်သည်။ ကဆုန်လဆန်း တစ်ဆယ့်လေးရက် တနင်္ဂနွေနေ့
မိုးနဲ ဇော်ဘွား သမီးကို နန်းတွင်းသို့ သွင်းသည်။ ဝါဆိုလဆန်း လေးရက်
တနင်္ဂနွေနေ့ ပင်းယာ ရွှေဥမင်ကျောင်းတော်၊ စစ်ကိုင်း သဘင် နန်းကျောင်းတော်
ကို တင်လှူတော်မူသည်။ ဝါဆို လပြည့်ကျော် ကိုးရက် စနေနေ့ စွယ်တော်ကို
ပင့်၍ ပြည်သူတို့ ပူဇော်ရသည်။ တန်ဆောင်မုန်း လပြည့်ကျော် ကိုးရက်
ကြာသပတေးနေ့ တောင်အရပ်က လိပ်ပြာ အများ မြောက်သို့ ပျံသည်။
တန်ဆောင်မုန်း လပြည့်ကျော် ၄ ရက် ကြာသပတေးနေ့ တစ်မြို့လုံး ထိတ်လန့်၍
ဟစ်ကြော်ပုတ်ခတ်ကြသည်။ နတ်တော်လပြည့်ကျော် တစ်ဆယ့်နှစ်ရက် အင်္ဂါနေ့
ရွှေမြို့တော် ဝန်းကျင် အကွက် အရပ်တိုင်း ဘုရားပွဲလမ်း ခံ၍ အရိယာ သံဃာ
တို့အား ဆွမ်းလုပ် ကျွေးရသည်။ တပို့တွဲ လပြည့်ကျော်တစ်ရက် အင်္ဂါနေ့ နံနက်
လေးချက်တီးကျော် ၄ နာရီတွင် ရွှေမြို့တော်က ထွက်တော်မူ၍ ဘုံနန်းသဘင်
သဘင် နန်းတော်တွင် နေတော်မူ၍ ကောင်းမှုတော် မဟာ စေတီကို ရွှေထီးတင်
တော်မူသည်။ ထိုသဘင် နန်းတော်တွင် အမည် သနားတော်မူသည်။ ထက်ကျက်
မြင်းမှူးကို မင်းရဲသာဂသူ၊ လှိုင်တက်စားကို ရှက်သင်ရန်၊ လေးဆယ်တော် ကျိုင်း
တော်စုမှူးကို တုရင် နန်းသူ၊ အရေး မဆိုမှူးကို ဥဒိန်သာ၊ ရွှေဘုံစုမှူးကို ဒေဝ
သီဟ၊ ရဲကျော်မှူးကို ဘယဇေယျ၊ လေးဆယ်တော် ကုသာ ဆောင်မှူးကို ဇေယျ
တုရင်၊ ဝေပုလ္လာမှူးကို မဂ္ဂသီရိ၊ စားတော် ကွမ်းရေကိုင် ညသင်ဝန်း စားကို
လက်ယာကျော်သူ၊ စားတော်ကွမ်းရေကိုင်စစ်တလင်းစားကို လက်ယာပုံချိုးပုန်း
တော်ပြစ်စားကို မင်းလှရွှေတောင်၊ ဆင်ပေါင်တူစားကို ရမ္မရဲသူ၊ ဆင်တော်သည်
ရွာသာစားကို မင်္ဂလာသူရဲ၊ သူကောင်းငယ်စားကို ဇိတ်သင်ရဲ၊ သင်လယ် ကျောင်းစား

ကိုရဲသင်ရုံ၊ စမြောင်မှူးကို သီရိယောဓာ၊ ဓေဝရင်းစားကို ဇလကျော်သူ၊ လက်ယာဂုဏ်ကို တုရင်သူ၊ ဣန္ဒစည်သူကို စက္ကသေန၊ ကျောက်ဆစ် သွေးသောက်ကြီး၊ ပန်းထိုင်စားကိုသုဝဏ်ငွယ်ရ ပေါင်းနှစ်ဆယ်အမည်သနားတော်မူသည်။ လပြည့်ကျော်ငါးရက် ရုံးတော်တွင် အမည် သနားတော်မူသည်။ မြင်းခေါင်းတိုင်ထောင်စားကို ဇေယျသူ၊ နဂါးတွင်းစားကို သီရိမနုရတ်၊ တံဆိပ်စားကို တုရင်သိဒ်၊ ထယ်မစားကို ဒိန်ဇလ၊ ချင်းယားစားကို ရန္တပြုမ်းညီရွာစားကို တုရင်သိဒ္ဓိ၊ ဟင်းစွပ်စားကို တုရင်ဇလ၊ ဆင်ရွာစားကို လိုက်ကံပိုက်၊ မြေနက်စားကို သီရိကံပိုက်၊ မြောက်ထောင်မှူးကို တုရင်သိဒ္ဓိ၊ အရှေ့ထောင်မှူးကို လက်ယာသမန်၊ အနောက် ထောင်မှူးကို ဂဇဇလ၊ ကုလားဝန် နွားလှစားကို မဏိသူရ၊ ကန်စားကို ဓေဝသယ၊ တောင်းသက်ကျေးမှူးကို ထင်ကာသူ၊ ရန်နိုင်မှူးကို ရန္တပစ္စည်း၊ ပြည်လုံး တာမှူးကို တုရင်ဇလ၊ ဖွားဘက်ရန်အောင်မှူးကို လက်ယာတုရင်၊ နတ်စက်ရောင်မှူးကို နန္ဒပညာ၊ ကန်သစ်ရွှေဒိုင်းမှူးကို မေဃသိခ်၊ အမိန့်တော်ရဲမှူးကို ဇေယျသိင်၊ ရွှေတော်မြေးမှူးကို ဣန္ဒဇေယျ၊ ဝင်းစည်မှူးကို ဣန္ဒယောဓာ၊ ရဲလွန်းကျော်မှူးကို လက်ဝဲဓေဝ၊ နန်းကဲကျေးငန်ကို တုရင်စန္ဒ၊ စာရေးကြီး လိပ်မှတ်တော်ကို ပုညဓေဝ၊ ဒိုင်းခေါင်းမှူးကို တုရင်သိခ်၊ သံတော်ခံ သံလွှင်ပြုမှူးကို လက်ယာသူ၊ သာယတာမှူးကို စန္ဒယောဓာ၊ သာရဖမာန် မှူးကို သီရိမြတ်၊ စာရေးကြီး ညောင်စောက်မှူးကို လက်ဝဲဓေဝသော်၊ စာရေးကြီး လက်ပံကန်စားကို လက်ဝဲအရေ၊ အင်ကြင်းဒိုင်းစားကို မနော်သီဟ၊ အဝေးရောက် စာရေး ကျောက်သင်စားကို ရာဇပုညာ၊ ရွှေတိုက်စိုးကို ဂဇယောဓာ၊ ပုဆိုးတိုက်စိုး ပန်းသာစားကို ရာဇဓေဝသော်၊ ငွေတင်းစားကို ပုညယောဓာ၊ မလွန်စားကို ရာဇထဲ၊ ဝိသာဟ သူငွေ့ကို ပြုပသူယ၊ နန္ဒိယ သူငွေ့ကို ရာဇတမန်၊ ဣန္ဒရတ သူငွေ့ကို ဓေဝစန္ဒ၊ ဣန္ဒရကို ပြုတေဇ၊ လှည့်လည်အုပ်စားကို ဝိသာဟသူငွေ့၊ ရွှေပြည်သားကို ရတနာသူငွေ့၊ မသိုကို မနုသူငွေ့။ သူငွေးခွေးရုစားကို ဂမ္ဘီရသူငွေ့၊ မတော်ကို ဣန္ဒယသူငွေ့၊ တိုင်ရွှက်ကို သောဓ္ဓတ္တသူငွေ့၊ ပုံးတကာစားကို ဣန္ဒမဏိ၊ ယတနာတာကို ဣန္ဒသူ၊ ငမြေသာစားကို သိဒ်မဏိ၊ ကျွန်ရှင်းစားကို အိမ်ကမန်၊ ကုတ်မြောက်အင်းစားကို ပုညမေဃ၊ ကုက္ကုအင်ကို ရွှေ့မဏိ၊ ဆူးဝန်အင်းစားကို ပုညလက်ာ၊ ပန်းပုတောင်မအင်းစားကို သုဒ္ဓလက်ာ ပေါင်းခြောက်ဆယ့်နှစ် အမည်သနားတော်မူသည်။ တပို့တွဲ လပြည့်ကျော် ခုနစ်ရက် တနင်္လာနေ့ ရုံးတော်တွင် အမည် သနားတော်မူသည်။ ရာဇဂုဏကို ကျော်ဆင်ရန္တမိတ်၊ ရာဇယောဓာကို နန္ဒသူရိယ၊ ငန်းဇွန်မြင်းခေါင်းကို လက်ယာဂုဏ

ကန့်ကြီးစေးကို ဇိတ်ဖြတ်၊ မဟာသယ်တေးကို လက်ဝဲမြစ်၊ တုလာစေးကို လက်ယာမြစ်၊ ပန်းတိမ်ရေ ငါးတည် ပုလင်းတေးကို ထူရှုရ၊ သွေးသောက်ကြီး ကန့်ရှုစေးကို ထူရှုရတနာ ပေါင်းရှစ် သယ်အမည်၊ သနားတော်မူသည်၊ ထို့တွဲ လပြည့်ကျော် ရှစ်ရက် အင်္ဂါနေ့ မဟာဗောဓိ အရှေ့တောင် ကျောင်းတော်ကို ညီ သဒ္ဓမ္မ သုဓမ္မာဓိ ရာဇဂုရု ဆရာတော်အား လက်တော်မှ လှူတော်မူသည်။ မဟာဗောဓိ မြောက်ကျောင်းတော်ကို ထိ သာသနသရကာ ဆရာတော်အား လှူတော်မူသည်။ အရိယာသံဃာတို့အားလည်း မျှားမြတ်သော ရဟန်းပရိက္ခရာ တို့ကို ရက်လည်အောင် ဆွမ်းလုပ်ကျွေးတော်မူ၍ လှူတော်မူသည်။ သဘင် လည်း ရက်လည်အောင် ခံတော်မူသည်။

သက္ကရာဇ် (၁၀၆၉) ခု ကဆုန်လပြည့်ကျော် တစ်ဆယ့်တစ်ရက် အင်္ဂါနေ့ ရွှေမြို့တော် ဝန်းကျင် ပြည်သူတို့ ထိတ်လန့်ကြောက်ကန်သည်။ နယုန် လဆန်း ခုနစ်ရက် စနေနေ့ ကသည်းစော်ဘွား သမီး မျက်နှာမြင်သည်။ ပထမ ဝါဆို လပြည့် တနင်္ဂနွေနေ့ အိမ်တော် ပြမ်း တည်သည်။ လပြည့်ကျော်တစ်ရက် တနင်္လာနေ့ သစ်ရုပ်သည်။ ဝါခေါင် လပြည့်ကျော် လေးရက် အင်္ဂါနေ့ အိမ်ရှေ့ အိမ်တော်မြေ စ၍ တူးသည်။ ထိုနေ့ မင်းသား နေမျိုးသဟ္ဟကို တောင်ငူဝန် ခန့်တော်မူ၍ သွားရသည်။ လပြည့်ကျော် ငါးရက် ဗုဒ္ဓဟူးနေ့ ပုဂံပျံ့ချိတောင်ရှ ကာစည်သူတို့ကို အမျက်တော်ရှိ၍ ဥစ္စာ ပရိက္ခရာ အကိုရို သက်မဲ့ကို သိမ်းတော်မူ၍ ပို့ရသည်။ သီတင်းကျွတ် လပြည့်ကျော် ရှစ်ရက် အင်္ဂါနေ့ လေးချက်တီးကျော်တစ်နာရီတွင် ရခိုင်သံတဲ့သို့ ရောက်ရသည်။ နတ်တော် လဆန်း တစ်ရက်ကြာသပတေးနေ့ ညီတော် စဉ့်ကူးမင်းနှင့် သမီးတော်မြတ်ကို ထိမ်းမြားတော်မူမည် ဟူ၍ မင်္ဂလာရေစုံ သဘင်ရုံနှင့် ခံရသည်၊ နတ်တော် လဆန်း လေးရက် တနင်္ဂနွေနေ့သို့ အဝင် ကုန်လက်တွင် ညီတော် စဉ့်ကူးမင်းနှင့် သမီးတော် မြတ်ကို နန်းတွင်းတွင် ပြာသာဒ် သုံးဆောင်နှင့် ထိမ်းမြားတော် မူသည်။ ထိမ်းမြားသော အစီအရင်ကို ကျယ်မည်စိုး၍ မဆိုပြီ နတ်တော် လပြည့်ကျော် တစ်ရက် သောကြာနေ့ နှစ်ချက်တီးကျော် နှစ်နာရီ မိနစ်တွင် စဉ့်ကူးမင်း ပြင်အိမ်တော်သို့ ပြောင်းသည်။ ပြာသို လဆန်း လေးရက် တနင်္လာနေ့ ယူတော်မူ မြင်းမူးကို ဗိုလ်မှူး ခန့်တော်မူ၍ ရခိုင် သံတဲ့သို့ ချီရသည်။ လပြည့်ကျော် တစ်ဆယ့်နှစ်ရက် ကြာသပတေးနေ့ ဘုံစုံထုလွှတ် ကျောင်းတော်ကို တင်လှူတော်မူမည် ဟူ၍ ဆင်လုံး မြင်းရင်း စစ်သည်

ဗိုလ်ပါ အများနှင့် ထွက်တော်မူ၍ ညဉ့်လေးချက်တီးကျော် တစ်မောင်းတွင်
ဆရာတော် ရတနာဂရုအား လှူတော်မူသည်။ တပေါင်း လပြည့်ကျော်
တစ်ဆယ့်နှစ်ရက် စနေနေ့သို့အဝင် နေ့လဲတွင် ပြာသာဒ် ကျောင်းတော်၊
ဘုံကျော်တလွှတ် ကျောင်းတော်၊ ယွန်းကျောင်းတော်၊ တောင်ဖီလာ ကျောင်း
တော်၊ မြစ်နားလေးထပ် ကျောင်းတော် သည်ငါးရပ်ကို တစ်ချိန်တည်း တင်လှူ
တော်မူသည်။ ကဆုန် လပြည့်ကျော် ခြောက်ရက် ဗုဒ္ဓဟူးနေ့ မြေထဲကျောင်း
မှာ ကျီးပြူတစ်ခုရသည်။တန်ဆောင်မုန်း လဆန်း ငါးရက် ဗုဒ္ဓဟူးနေ့ ကျိုင်းတုံ
စော်ဘွားသမီးကို ယူရမည် ဟူ၍ ဘယသာရ လကျ်ာဂုဏတို့ကို ရဲမက်တော်
ငါးရာတပ်နှင့် ချီရသည်။ တန်ဆောင်မုန်း လပြည့်ကျော် လေးရက် ဗုဒ္ဓဟူး
နေ့တွင် ရဲသင်ရန်တပ်မှူးပြု၍ ကျိုင်းသော့ ဇင်းမယ်ကို လုလဲထွက်ရသည်။ ထိုနေ့
မှမှ လုလဲထွက်ရသည်။နတ်တော်လပြည့်ကျော် တစ်ဆယ့်သုံးရက် တနင်္ဂနွေနေ့
ကျိုင်းတုံစားသည် ကျေးဇူးသစ္စာတော် နှစ်ပါးကို မစောင့်သည်နှင့် စော်ဘွား
သမီးယူ ခန့်တော်မူသော ဘယသာရ လကျ်ာဂုဏတို့ ငါးရာတပ်ကို ဆီးကြို၍
တိုက်လေသောကြောင့် ရဲမက်ဘို့ကို အထိ အရှ အနာ အများပင် ရှိချေသည်။
ထိုအကြောင်းကို ဘဝရှင် မင်းတရားကြီးဘုရား ကြားတော်မူလျှင် အမျက်
တော် ရှိ၍ သားတော် ပဥ္စနဂိုရ် မင်းသား ဗိုလ်တပ်တွင် ရာဇသိရိ စစ်ကဲ
ခန့်တော်မူသည်။တပ်မတစ်တပ် ကြောင်သင် မြင်းမှူးတပ်တွင် ယောဓသမိန်နှင့်
မြင်းခေါင်းမှန်ညင်းပြင်းစား စစ်ကဲတစ်တပ်၊ကံတူမြင်းမှူးတပ်တွင် မြမစားနှင့်
ရန္တပစ္စည်းစစ်ကဲတစ်တပ်၊ သရက်အင်းမြင်မှူးတပ်တွင် မိုင်းကိုင်းစားသားငှက်ပိုက်
နှင့် လက်ယာတုရင်စစ်ကဲတစ်တပ်၊ မှူးသပေါက်မြင်းမှူးတပ်တွင် သုံးဆယ်စား
သား မြတ်တင်နှင့် လက်တောင်းကြီးစား စစ်ကဲတစ်တပ်၊ အမာခံတပ်တွင် မြင်
သည်ကျော်နှင့် ပုထိုးသာစားတပ်မှူး လှိုင်းတက်လှေမှူးနှင့် သူရဲသထုံမှူးစစ်ကဲ
တစ်တပ်၊ မြင်းတပ်မှာ စဉ့်ကူးစားသား ငကျော် မြင်းခေါင်းကျော်မြတ်ခံ
မြင်းခေါင်း မှန်တစ်တပ်သည် ခုနစ်တပ်ကို ဆင်လုံးမြင်းရင်း စစ်သည်ဗိုလ်ပါ
အများနှင့် မိုးနဲကြောင်းချီ၍ ကျိုင်းသော့တွင် အတပ် တပ်သားတို့ကို ရုံးရုံ၍
ကျိုင်းတုံစားကို ရအောင် ဖမ်းလေ အမိန့်တော်ရှိသောကြောင့် ပြာသို လပြည့်
ကျော် သုံးရက် တနင်္ဂနွေနေ့သို့ ချီရသည်။ ကျော်ဘုံတံခါးကထွက်၍ တံတားကြီး
သို့ ရောက်လျှင် ကြက်ကို စွန်ချီ၍ ပဥ္စနဂိုရ်မင်းသား ဆက်သွင်း ချလာသည်။
သီပေါစော်ဘွား နောင်လှေစားနှင့် စိုင်ပြင်စားတပ်မှူး ဟင်းတရော်မြင်းမှူးနှင့်
ယောကျ်ားတစ်သောင်းမှူး စစ်ကဲတစ်တပ်၊မိုးညှင်းစော်ဘွားတပ်တွင် မြင်းခေါင်း

ထွန်းနှင့် ဝန်းသိုဗိုင်းမှူး စစ်ကဲဘယ်တွင် ခေါင်းရေပြည့်နှင့် ဇောင်းကလေသမှူး
ကဲတစ်တပ်၊ မိုင်းလုံစားတပ်တွင် မြင်းခေါင်၊ ဂျဲလှနှင့် ရန်သက်ရှားမှူး
ကဲတစ်တပ်၊ မိုင်းစားတပ်တွင် စပ်ကဲ မိုင်းစိတ်စား ခန့်တိတ်တွင် သည်ငါး
ယ်ကို ဆင် မြင်း ဗိုလ်ပါ အများနှင့် ထားသည်။ ရွက်ကြောင်းချီရသည်။
ကျိုင်းတုံစားငယ်ကို ရအောင်ဖမ်းလေ အမိန့်တော် ရှိသောကြောင့် တပ်ဖွဲ့
ဆန်း တစ်ရက် ကြာသပတေးနေ့ ချီရသည်။ ရဟိုင်းမြင်းမှူး တပ်တွင်
င်းခေါင်းလဲဒူးစားနှင့် သေနတ်ကြီး ငလှ တစ်တပ်၊ ဗန်းမော်စော်ဘွား
သား ဂုန်မှိုင်းနှင့် မဂုကန်စားတပ်မှူး သေနတ်ကြီး လုံးသန်နှင့် သေနတ်
ကြီး ချောင်း စစ်ကဲတစ်တပ်၊ မိုးမိတ်စော်ဘွားတပ်တွင် မြင်းခေါင်းခဲသည် ရွာစား
နှင့် ဂုံမမြောက်မှူး စစ်ကဲတစ်တပ်၊ မိုင်းပတ်စားတပ်တွင် သေနတ်ကြီး
လိုင်းနှင့် မင်းခင်းဗိုင်းမှူး စစ်ကဲတစ်တပ်၊ သိခတ်စားတပ်တွင် စစ်ကဲသိခတ်
ခံ တစ်တပ် သည်ငါးတပ်ကို စစ်သည်ဗိုလ်ပါ အများနှင့် ထားကာ ကြောင်း
ရှိ၍ ကျိုင်းတုံစားငယ်ကို ရအောင် ဖမ်းလေ အမိန့်တော်ရှိ၍ တပ်ဖွဲ့လဆန်း
ခြောက်ရက် အင်္ဂါနေ့ ချီရသည်။ မုဉ္စမက လက်နက်ကိုင် ခုနစ်တပ်၊ အာမခံ
တပ်၊ ဆင်တာရာနှင့် တစ်တပ်၊ ဟံသာဝတီက လက်နက်ကိုင် လေးတပ်၊
တောင်ငူက သုံးတပ်၊ ဇင်းမယ်ကတစ်တပ်၊ ကျိုင်းသေဉ်က သုံးတပ်၊ ကျိုင်းခေါင်
စော်ဘွားကိုယ်နှင့် တစ်တပ် ချီရသည်။ ကျိုင်းတုံသို့ ချီရသော ပဉ္စနဂိုရ်မင်းတို့
လည်း အမြို့မြို့က ချီရသည့် ရဲမက်တော် သုံးဆယ့်ကိုးတပ်သားတို့ ကျိုင်းသေဉ်သို့
အရောက် ညီကြလျှင် သုံးစုခွဲ၍ ကျိုင်းတုံသို့ ဝင်ရသည်။ ကျိုင်းတုံသားလည်း
အမှူး အမတ်တို့ကို အလုံးအရင်းအများနှင့် ဆီးကြို၍ ခံလာရသည်။ ရဲမက်
တော်တို့ ရောက်၍ မကြောက် မရွံ့ လုပ်ကြလျှင် မခံနိုင် ပျက်၍ ကျိုင်းတုံသို့
ဆုတ်ခဲ့လေ၏။ ကျိုင်းတုံစားလည်း ဆုတ်လာကြောင်းကို မေးသော် တောတွင်
ရှိသော မြက်သစ်ရွက်ကဲ့သို့ သူ့အရဲမက်ဗိုလ်ပါ များလှသောကြောင့် မခံနိုင်
ဆုတ်ရကြောင်းကိုဆိုလျှင် ကျိုင်းတုံစားလည်း မြို့တွင်နေ၍ ခံသော်လည်း မခံ
နိုင်ရာ အမှတ်ရှိ၍ ရုံးမိသမျှသော ဆင် မြင်း ဗိုလ်ပါနှင့် မယားသားတို့ကိုယူ၍
တရုတ်ကျေးပါဝသာယသို့ ပြေးလေ၏။ ပဉ္စနဂိုရ်မင်းသား စသော ဗိုလ်မှူးတို့သည်
လည်း ခေမာဝရတိုင်းဖြစ်သော ကျိုင်းတုံတစ်ဆယ့်နှစ်ပြည်ကိုရလျှင် အခိုင်နေ၍
ရဲမက်တော်အတပ်တပ်သားတို့ကို တရုတ်ကျေးတိုင်အောင် လိုက်လံ၍ ငါတို့ကျွန်
ကို ပေးမပေးလျှင် တိုက်မည်ဟူ၍ ဆိုရသည်ကို ရုံးကျွမ်းစား၊ ရုံဆင်စား၊ မိုင်း
လည်စား၊ လယ်လီစား၊ မိုင်းသည်စားတို့က တရုတ်ဥတည်ဘွားသို့ ရွှေနန်းသခင်

ရဲမက်တော်တို့သည် ကျွန်ုပ်တို့ မြို့ပြတိုင်အောင် ဝင်၍ ကျိုင်းတုံစားကို တိုက်
လံ ရှာကြံ တောင်းလာသောကြောင့် ကျေးလက် အပေါင်းတို့သည် ကျေးရွာ
တွင်မျှ မနေရ၊ မျက်စိ ပြေးပုန်း ရှိလေသည် ဟူ၍ လျှောက်လေ၏။ တရုတ်
ဥတည်သွားလည်း၊ တိုကျွန်ုပ်သူတို့သို့ဝင်၍ တောင်းလျှင် ပေးစေသည်။ သူ့ကျွန်
တို့သို့ ဝင်လျှင်လည်း၊ တောင်းလျှင်တို့က ပေးရသည်။ အထက်ကပင် ထိုနည်း
ချေသည်။ သူ့ကျွန်ကို လက်ခံ၍ မထားပေနှင့် ဝင်လာလျှင် ဖမ်း၍ပေး မှာ
သည်။ ဘဝရှင် မင်းတရားကြီး ဘုရားသို့လည်း၊ လက်ဆောင် လက်နက် အများ
နှင့် ဆသပါသည်။ ဗိုလ်တပ်မှူး ပဋ္ဌနဂိုရ် မင်းသို့လည်း လက်ဆောင် ဟွာ
အများနှင့် ဆသပါသည်။ ယင်းသို့မှ တရုတ်မြို့စား အပေါင်းတို့က ကျိုင်းတုံ
စားကို ပေါ်သည့်မြို့မှာ ဖမ်း၍ လက်ဆောင် စာနှင့်တကွ ပို့လာရသည်။
ကျိုင်းတုံစားကို ရတော်မူလျှင် ကျေးဇူး သစ္စာတော် နှစ်ပါးကို ဆွေသည် မြ
၍ ပုန်ကန်၍ သောင်းကျန်း သသူ ဖြစ်သည်ဟူ၍ သားမယား ကျေးကျွန်နှင့်
တကွ မကောင်းသော ကွပ်မျက်ခြင်းဖြင့် ကွပ်မျက်တော်မူသည်။ ယင်းသို့သင်
တော်အတိုင်း စီရင်ပြီးလျှင် တပ်မှူး စစ်ကဲ ရဲမက်တော် အတပ် တပ်သားတို့
ပြန်လာသည်ဟူ၍ တပ်မှူးစစ်ကဲတို့ကို အပြစ်တော် အနာအကျင် တင်တော်
မူသည်။ ဗိုလ်စစ်ကဲ ရာဇသိခ်နှင့် ဂဇသိရိတို့ကိုလည်း၊ သိန္နီသို့ရောက်မှကျိုင်းတုံသို့
ပြန်၍စောင့်နေစေ အမိန့်တော်ရှိ၍ သုံးနှစ်စောင့်ရသည်။ နယုန်လပြည့်ကျော်
ဗုဒ္ဓဟူးနေ့ ညဉ့်တစ်ချက်တီးကျော် သုံးနာရီသုံးပါဒ်တွင် လေးထပ်ကျောင်းတော်
ကို ဆရာတော်ရှင်ဝရဉာဏအား လှူတော်မူသည်။ နယုန်လပြည့်ကျော် တစ်ဆယ်
တစ်ရက် တနင်္ဂနွေနေ့ ဝန်ရှင်တော်နန္ဒကျော်ထင် ကွယ်လွန်သည်။ ဝန်ရှင်တော်
နန္ဒကျော်ထင် မရှိလျှင် ဇေယျရဂ္ဂမိတ်၊ ဥဒိန်ကျော်ထင်၊ လက်ယာ
ရဂ္ဂမိတ် သုံးပါးကို အဂ္ဂမဟာ သေနာပတိဝန် ခန့်ရန်တော်မူသည်။ ပုံရေ
စည်းခုံသို့ အပူးအမြင်ကြတော်မူမည်ကို စီရင်ခန့်ရန်တော်မူသည်။ စီးတော်မူ
မည့် ဖောင်တော်မှာ ဘုံတစ်ဆယ့်တစ်ဆင့်ရှိသော ပြာသာဒ်သုံးဆောင်နှင့်တကွ
ကရဝိက် ဖောင်တော် နှစ်ဆောင်ကို ရွှေလှော်ကားလေးစီးငင်ရသည်။ ရွှေ
လှော်ကား အပေါင်းတို့ကိုလည်း၊ သားရုပ်၊ ငှက်ရုပ် ဖောင်တော် အဆောင်
ဆောင်တော်တွင် သားတော် သမီးတော် ကိုယ်လုပ် မောင်းမ အပျိုတော်တို့ကို
အထိုက်အလျောက် အသီး အသီး စီး၍ လှော်ကားနှင့် လက်သင် ငင်ရသည်။
ရွှေလှော်ကား အပေါင်း တို့ကိုလည်း၊ နရည်းစရာ တံပိုးခရာ တီးမှုတ် ၍
မင်းဆောင်တော်တင် ဖောင်တော်ရှေ့က လိုက်ရသည်။ ကဆွ။ လွန်ကြင်

ကျွတ် သမ္မန် သဏ္ဍာန်ဘက်ရပ် စသော ရဲလေ အပေါင်းတို့တွင် ရွှေရိုင်း ရွှေလွှား ရွှေကာ ရွှေလုံ့ စီစဉ် ကျင်းပ၍ တံပိုး ခရာ ပတ်သာ နှဲ ပြေ တို့ဖြင့် တီးမှုတ် စေလျက် ရဲမက်တော် အပေါင်းတို့ကို မောက်ရှ မောက်တို မိန်ညီ သံချပ် တန်းဆာနှင့် လက်နက်ကိရိယာ ကိုင်စေ၍ ရွှေဖောင်တော်ရှေ့နောက် အထပ်ထပ် စီရင် ခင်းရန်တော်မူ၍ မှူးတော်မတ်တော် ကတော်စိုးမင်းအပေါင်း တို့ကိုလည်း အကုန်လေ့နှင့်ချည်း လိုက်ရသည်။ ကြည်းတပ် မှာလည်း ဆင်လုံး မြင်းရင်း စစ်သည် ဗိုလ်ပါ အများနှင့် စီရင် ခင်း ရန်တော်မူ၍ လိုက်ရသည်။ ဤသို့ဆိုခဲ့ပြီးသော အစီ အစဉ်တို့ဖြင့် သိကြားမင်း၏ အသခရက်ကဲ့သို့ အလွန်တင့်တယ်စွာ စံယံတော်မူလျက် စည်ကြိုး ခွက်ခွင်း ခရာသင်းသံတို့ဖြင့် မြည်သံ ပဲ့တင် ထပ်မျှ တန်ဆောင်မုန်း လပြည့်ကျော် ခြောက်ရက် ကြာသပတေးနေ့နံနက်တစ်ချက်တီးကျော်၌ ငါးနာရီ သုံးပါဒ် တစ်ဗိဇနာတွင် ပုဂံ ရွှေစည်းခုံသို့ အဖူးအမြင် ထွက်တော်မူသည်။ ထိုနေ့ ကျောက်တစ်လုံးတွင်ချတော်မူသည်။ စဉ်းချ ကျိုင်း သဘင်စုံ ခံတော်မူသည်။ ကျောက်တစ်လုံးကချီတော်မူသည့်နေ့ သံလျင်ဆိပ်ကမ်းတွင် ချတော်မူသည်။ သံလျင် ဆိပ်ကမ်းကသည် ဆီမီးခုံတွင် ချတော်မူသည်။ ဆီမီးခုံကသည် တရုတ်မြို့ဆိပ်တွင် ချတော် မူသည်။ တရုတ်မြို့ဆိပ်ကသည် ထနောင်း တိုင်တွင် ချတော်မူသည်။ ထနောင်းတိုင်ကသည် လက်ထုတ်တွင် ချတော် မူသည်။ လက်ထုတ်ကသည် တန်ဆောင်မုန်းလပြည့်ကျော်တစ်ဆယ့်လေးရက် ဗုဒ္ဓဟူးနေ့ ရောက်တော် မူသည်။ ညောင်ဦး သဘင်နန်းတော်တွင် နှစ်ရက် စံတော် မူ၍ တန်ဆောင်မုန်း လပြည့်ကျော် တစ်ဆယ့်ခြောက်ရက် သောကြာနေ့ နံနက်တစ်ချက်တီးကျော်တွင် ရှင်မိဖုရား စသော သားတော် သမီးတော် ကိုယ်လုပ် မောင်းမ အပျိုတော် အပေါင်းနှင့် မှူးတော် မတ်တော် ရဲမက်တော် အပေါင်းခြံရံလျက် ဘုရားရှင်သို့ တက်တော် မူသည်။ ထိုနေ့ မျှားမြတ်သော ရွှေတန်ဆောင်၊ ငွေတန်ဆောင်၊ ရွှေတံခွန်၊ ငွေတံခွန်၊ ရွှေထီး၊ ငွေထီး၊ ပန်းဆိုင်း၊ ထီးဖြူ လှူတော်မူ၍ ပတ္တမြားပေါက်ပေါက် ရွှေပေါက်ပေါက်တို့ဖြင့် ပူဇော်တော် မူသည်။ တန်ဆောင်မုန်း လကွယ် စနေနေ့ နံနက်လေးချက်တီးကျော် တွင် သီတင်းသုံး သူတော်တို့အား အဝတ် ပုဆိုး၊ ဖျင်အင်္ကျီ၊ ကြေး၊ဆန်၊ဆား၊ငါးပိများစွာလှူတော်မူသည်။ နတ်တော်လဆန်း နှစ်ရက်ဘုရားသို့ တက်တော်မူ၍ မျှားမြတ်သော ပူဇော်သက္ကာရကို ပြုတော်မူသည်။ စေတီတော်ကို ကိုယ်လုံးပြည့် ရွှေထည့်တော်မူသည်။ စစ်သားလော်ကား၊ ညောင်ရမ်း၊ တို့နှင့် အပါအဝင်လှူစုတို့ကိုထပ်၍ အလှူတော် စာဖတ်ပြီးလျှင် ရွှေကရားနှင့် ရေစက်

ချတော်မူသည်။ ပေါက်ပင်ရာစေတီ၊ သွတ်ဂူ၊ သာဂူ၊ ပျိုင်ဂူ၊ ယန်းလည်ဂူ၊ ရွှေ
ရတနာမဥ္စူ ဘုရားရှင်တို့ကို ကိုယ်တော်လုံးပြည့်ရွှေဆည့်တော်မူသည်။ အရာတော်
တို့ကျောင်းများကိုလည်း ဆောက်ရသည်။ ငှက်ပစ်ခတောင်မှုတိုက်၊ ရွှေကျောင်း
တိုက်၊ မေဟာ်တိုက်၊ သုမေ္မာစာရီတိုက် ဤလေးတိုက်တွင် သိတင်းသုံးနေသော
ပုဂ္ဂိုလ်တို့ကို သံတံဆိပ်လေးဆူ လှူတော်မူသည်။ ဆွမ်းတော်ကျွေး၍ တရားတော်
လည်း နာတော်မူသည်။ တစ်လစ်၍ အဝသို့ ပြန်တော်မူလျှင် သဘင်နန်းတော်က
ချီတော်မူ၍ ထိုနေ့ တိမ်စုကွင် ချတော်မူသည်။ ထိုတိမ်စုကသည် လက်ထုတ်တွင်
ချတော်မူသည်။ လက်ထုတ်ကသည် ရွာမည်တွင် ချတော်မူသည်။ ရွာမည်
ကသည် ဆိပ်တော်တွင် ချတော်မူသည်။ ဆိပ်တော်ကသည် ရန္တပိုတွင်၊ ရန္တပိုက
သည် ဆီမီးခုံတွင်၊ ဆီမီးခုံကသည် သကျင် ရွေးထဲတွင်၊ သကျင်ရွေးထဲကသည်
ရွာသစ်ကြီးတွင် ချတော်မူသည်။ ရွာသစ်ကြီးကသည် ရွှေမြို့တော်သို့ နတ်တော်
လဆန်းတစ်ဆယ်တစ်ရက်ဗုဒ္ဓဟူးနေ့ ညဥ့်လေးချက်တီးကျော်တွင် ရောက်တော်
မူသည်။ ထိုနေ့ မြစ်ငယ်တွင် စံတော်မူ၍ မိုးသောက်မှ ရွှေနန်းတော်သို့ ဝင်တော်
မူသည်။ ပုဂံ သဘင် နန်းတော်၌ စံတော်မူကြိုက် အက္ကပတ်က ရာဇသံ လက်
ဆောင်တော် ရွှေလုပ် ငွေလုပ်မျိုး အများနှင့် သံအကြီး ပုတာစစ်တစ်၊ စာရေး
တစ်၊ ဝန်ဓိုးတစ် အခြွေအရံနှင့် သံလျှင်ဆိပ်သို့ ရောက်ကြောင်းကို သံလျှင်မြို့
စစ်ကဲတို့က ရှိခိုးသံတော်ဦးတင်သောကြောင့် လှေ့ကားနီ နှစ်စင်း မြင်းခေါင်း
အမူးအကြီး ခန့်တော်မူ၍ ကြိုရသည်။ ပြာသို လပြည့် တနင်္လာနေ့ အက္က
ပတ်က ရာဇသံ ရွှေမြို့တော်သို့ ရောက်သည်။ ဆင်ရဆိပ်က သံအမတ်ကြီး
ပုတာစစ်ကို ဆင်တင်သည်။ ဝန်ဓိုး စာရေးတို့မှာ မြင်းနှင့် လိုက်ရသည်။ ရွှေမြို့
တော်အနောက် ပေါက်ငူတိုက် အရပ်တွင် သာယာစွာ ဆောက်ထားသော
တဲတွင် နေရသည်။ ပြာသို လပြည့်ကျော် တစ်ရက် အင်္ဂါနေ့ လင်းဇင်း အမတ်
တစ်ယောက်နှင့်ဆင်နှစ်ဆယ် လူတစ်ထောင်ခန့်နှင့် ကျွန်တော်ခံ ဝင်လာသသို့
ရောက်သည်။ တပို့တွဲ လပြည့်ကျော် ခုနစ်ရက် ဗုဒ္ဓဟူးနေ့ မနော်ရမ္မာသဘင်
နန်းတော်သို့ ကရဝိက် ဖောင်တော်စီး၍ ထွက်တော်မူသည်။ သကျင်ရွေးထဲ
အရွေ ကျွန်းငူတွင် အက္ကပတ်မင်း သံတို့ကို လှေနှင့် ဆီးကြို၍ ပါသည့် စာနှင့်
လက်ဆောင်တော်ကို ဆက်ရသည်။ စာကို နန္ဒကျော်သူကောက်၍ ဆက်သည်။
မနော်ရမ္မာ သဘင် နန်းတော်သို့ ရောက်တော်မူလျှင် သံတို့ကို ခေါ်တော်မူ၍
တက်ရသည်။ အထူးထူးသော ရွှေလောင်း ရွှေလှေ အပေါင်း တို့ကိုလည်း
မြစ်ငယ်တွင်းတွင် လှော်ပြိုင်စေ၍ သံတို့ကို ကြည့်ရသည်။ တပေါင်း လဆန်း

သုံးရက် စနေနေ့ နန်းသစ်ကိုးဆောင်ကို အိမ်းတော်မူသည်။ တန်ဆောင်မုန်းလဆုတ် ကျော်တစ်ဆယ့်နှစ်ရက် ကြာသပတေးနေ့ ကျိုင်းတုံဒို့ ပဋ္ဌာနိုင်ငံ၊ စသော တယ်မူး စစ်ကဲ အသပါင်းတို့ ရောက်လာ၍ ရုံးတော်တွင် အပြစ်တော်ဘင်သည်။ နောက်နောင် သည်ကဲ့သို့ ကျင့်ကျင် စေနှင့် ကုပ်မျက်တော်မူမည် ဟူ၍လည်း ခေးမြရသည်။ သက္ကရာဇ် (၁၀၇၂) ခုနှစ် ဝါဆို လဆန်း လေးရက် စနေနေ့ မာန်အောင်ရတနာ အနောက် တောင်ယွန်းတွင် ရွှေကျောင်းတော်ကို အသ ဘာလောက မဟာရာဇဂုရုအား လှူတော်မူသည်။ တော်သလင်း လဆန်း သုံးရက် တနင်းလာနေ့ အဂ္ဂပတ်မင်း သံတွင် ပါသည့် ကုလားဆင်ရာနှင်းကြီးကို ခေးနှင့် ခုတ်၍ သေချေသည်။ သီဘင်းကျွတ် လဆန်း နှစ်ရက် အင်္ဂါနေ့ အဂ္ဂပတ်မင်း သံကို ဆင်နှင့် ဝင်ရသည်။ ယင်းသောခါ ကုန်းရိုးတစ်လျှောက် ကျော်ဘုံလမ်း တစ်လျှောက်ဈေးတန်းတွင် တရုတ်ကမြစ်သည့် မိုင်းလုံဇာပယင်း ရွှေချင်ကတိုး စသော အထူးထူးသော ထည်မျိုး၊ ထုပ်မျိုး၊ ကုလားပြည်က ဖြစ်သော ခါသာ မှုရီ ပတ္တူနီ ဇော်ကရပ် ရမထီး တုံးသရီ စသော အထည်မျိုး၊ အထုပ်မျိုးတို့ကို စီစဉ်၍ထားရသည်။ အမြောက်ကြီးမြွကာပူစသော လက်နက်ကိရိယာတို့ကိုလည်း လမ်းတစ်ဘက်တစ်မြောင်း စီစဉ်၍ ထားရသည်။ ဆင်မြင်းသူရဲ သူခက်လည်း အများခင်းကျင်းရသည်။ တန်ဆောင်မုန်း လပြည့်ကျော် လေးရက် စနေနေ့ ပြင်အိမ်တော်မင်း၊ မိဖုရားနှစ်ပါးကို နန်းတွင်းသို့ ခေါ်တော်မူ၍ ညီတော်ကို သီရိသုဓမ္မရာဇာ မိဖုရားမှာ သီရိသုနန္ဒာဒေဝီ အမည် ပေးတော်မူ၍ သစ္စာတော်လည်း ခံရသည်။ ပုဂံမြို့ကို ရေနန်းနှင့်တကွ ရွှေချိုင်းခြောက်စင်း၊ ထီးဖြူနှစ်စင်း၊ ထွက်စည်လည်း ပေးတော်မူသည်။ နတ်တော် လပြည့်ကျော် ငါးရက် အင်္ဂါနေ့ ဇင်းမယ် ကျိုင်းသေဉ် အလဲသုံးတပ် ထွက်ရသည်။ ပြာသို လပြည့်ကျော် လေးရက် အင်္ဂါနေ့ နံနက်တစ်ချက်တီးကျော်တွင် ကရဝိက် ရွှေဖောင်တော် နှင့် ရွှေကြက်ယက်သို့ ထွက်တော်မူ၍ သကြန် ခေါ်တော်မူသည်။ အဂ္ဂပတ် မင်းသံတို့လည်း ကျွန်းဦးက လှေနှင့် နေ၍ ခယမ်းရသည်။ လပြည့်ကျော် ရှစ်ရက် ကြာသပတေးနေ့ အဂ္ဂပတ်မင်းသံတို့ကို လွှတ်တော်မူ၍ ထွက်ရသည်။ ပြာသို လပြည့်ကျော် တစ်ဆယ့်နှစ်ရက် ဗုဒ္ဓဟူးနေ့ ဝေလုသာရ ဓန္တာရာဇာ ဂ္ဂကင်းမှူး၊ ကျုံးတော်မှူး၊ သံရာဂိုင်းမှူး၊ ကုလား အာကာတ ဘယာတို့ကို ရာဇသံဖက်၍ လက်ဆောင်တော် အများနှင့် အဂ္ဂပတ်သို့ စေတော်မူ၍ ထွက်ရသည်။ တပို့တွဲလဆန်း လေးရက် ဗုဒ္ဓဟူးနေ့ ပြင်အိမ်တော်မိဖုရား နှစ်ပါးနန်းတော်သို့ဝင်၍ ရွှေဖဝါးတော် စုံကို ဦးတိုက်ရသည်။ တပို့တွဲလဆန်း

ငါးရက် ကြာသပတေးနေ့ သားတော် ဘုန်းကြီးသည့် အရှင် မြင်ထိမ်တော်သို့ အပုံးအမြင့် ထွက်တော်မူသည်။ လဆန်းတစ်ဆယ့်နှစ်ရက် ကြာသပတေးနေ့ ည ကို ကြွတ်ကာလ တောင်သွားသည်။ စနေဂြိုဟ် ရှစ်လုံးလည်း ကရကဋ်ကသည် မေထုန်သို့ အသံ ဗျူဟ္ဗစရိယာပြုသည်။ တပို့တွဲလဆန်း ခုနစ်ရက် စနေနေ့ အင်္ဂါဂြိုဟ် သိဟ်ကသည် ကရကဋ်သို့ ပြန်သည်။ တပို့တွဲ လဆန်းတစ်ဆယ့်သုံးရက် သောကြာနေ့ နံနက် နေဝန်းပေါ်တွင် မြင်ထိမ်တော် မိဖုရား နှစ်ပါး မောင် တော်သို့သက်၍ ပုဂံသို့ စုန်တော်မူသည်။ ဖောင်တော် စကြောအနီနှစ်ဂု ရွှေ တစ်ရုမ္ဗမ်းသည်။ လှော်ကားနီ နှစ်စင်း ငင်ရသည်။ စီးတော်မူသည့် ရွှေလှေ တက်ကွင်းမှာ အဆောင်တော်တင်၍ လိုက်ရသည်။ အတွင်းဝန် မြင်ဝန်စသော ကျွန်တော်မျိုး အပေါင်း တို့လည်း အကုန် လှေ လှောင်းစပ်နှင့်ချည်း လိုက်ရ သည်။ မင်းညီ မင်းသား မှူးတော် မတ်တော်တို့ကိုလည်း ရေဆိပ်တိုင်အောင်ပို့ စေသည်။ ဝန်ရှင်တော်လက်ယာရန္တမိတ်၊ အတွင်းဝန် နန္ဒကျော်သူ တို့ကိုလည်း ကျောက်တစ်လုံးတိုင်အောင် လှေလှောင်း တက်ပြည့်နှင့် လိုက်၍ ပို့စေသည်။ ကျွန်ဝန်နန္ဒသူရိယ ရွှေတိုက်ဝန် လက်ယာဇေယျသူတို့ကိုမူကား ပုဂံတိုင်အောင် ပို့စေသည်။ ပုဂံသို့ရောက်မှဝင်းမှူး ရွှေလှုတ်၊ ရွှေရုံ၊ နောက်ရုံးတံခါးနီမှာရတင် လက်ဝဲလက်ယာတံခါးစီရင်သည်။ နန်းဆောင်တော်ဇေတဝန်သုံးတပ်ယှဉ်းဆက် ထားဝယ်ဆောင်ဆောက်၍ ဒရင်တပ်မှန်ကင်းစိုက်သည်။ ပဟိုရ်စည် ခေါင်း လောင်းတီးရန် မြေမှတ်မဏ္ဍိုင်လေးချက် ရွှေကနက်စိုက်သည်။ နာရီမောင်း တန်ဆောင်းနှင့် နရည်းစရာမတီးခင်၊ ပဟိုရ်စည်မတီးမထားခင်၊ စည်တော် မကြက်ခင် သက္ကရာဇ် (၁၀၇၄) ခုနှစ်တွင် ရာဇပလ္လင်ဥကင်ထွက်၍ ကန်တော့ ခံသည်။ နောက်ပွဲ တက် ဆောင် သို့ မင်း မိ ဖု ရား ထွက် ၍ ကန် တော့ ခံသည်။ ဖြတိုက်ထွက်သည်။ လွှတ်ထွက်သည်။ မြို့တော် လှည့်သည့် အရာများကို နောင်တော် မင်းတရားက စာသနားတော် မမူ၊ နတ်တော်သာ မှာထား တော်မူသည့် အတိုင်း ညီတော် ပုဂံမင်း စီရင်၍ စံတော်မူသည်။ ကျိုင်းရွှေချက် နှစ်စင်းတို့၍ ရှစ်ချက် ဆောင်းသည်။ သက္ကရာဇ်(၁၀၇၃)ခု ကဆုန်လဆန်း ရှစ်ရက် ကြာသပတေးနေ့ ဆင်ကျုံး အရှေ့တွင် သီတင်းသုံးသော လက်ဝဲ ကျော်သူ ဆရာ တိစိဝရိက်၊ တုံ့ရွာဆရာ ဂုဏာဝတီ လက်ာဝရ မထေရ်နှင့် တကူ သံဃာ တို့ကို နှင်ထုတ်မည်။ ညောင်စည်ဆရာတော် ဥတ္တမ သိက္ခာက ရဟန်း များနှင့် သွား၍ နှင်ထုတ်သည်။ တိစိဝရိက် တို့လည်း မန်ကျည်း ဆင်တဲသို့

ပြောင်းရွှေ့နေလေသည်။ တိဗိဝရိက်တို့ ကျောင်းကို ရဟန်း ပရိက္ခရာနှင့် တကွ ပေကို ဖျက်ဆီးသည်။ ဆင်တဲမှာ တိဗိဝရိက် တိုက်လိုက်၍ ရိုက်မည် ပြုမြန် ရာတွင် ဘဝရှင် မင်းတရားကြီးဘုရားက သူ့ကို ရိုက်၍ မသင့်ချေ ဖြစ်တော်မူ မှ ရဟန်းအပေါင်းတို့ မလိုက်ဘဲ ပြန်ကုန်သည်။ ကဆုန် ပြည့်ကျော် နှစ်ရက် အင်္ဂါနေ့ နံနက် လေးချက်တီးကျော် လေးနာရီတွင် ဘလဲပ ကျောင်းမှုတော်ရာ မြေကြည့်ရသည်။ နယုန် လဆန်းကိုးရက် တနင်္ဂနွေနေ့ ကသည်း စော်ဘွားက သံရောက်သည်။ လဆန်းနှစ်ရက် ဗုဒ္ဓဟူးနေ့ ကသည်းသံတို့ ဝင်ရသည်။ နယုန် လပြည့်စနေနေ့အဝင်ညဉ့်သုံးချက်တီးကျော်နှစ်နာရီနှစ်ပါဒ်တစ်ဆယ့်သုံး ဗီဇနာ တွင် ဘလဲပ ကျောင်းမှုတော် ဘုရားမှာ သဘင် နန်းတော်ရာ မြေမှတ်တိုင် စိုက် သည်။ ဘုရားတည်ရာ ရွှေမှာလည်း မှတ်တိုင် စိုက်သည်။ ထိုနေ့နံနက်တစ်ချက် တီးကျော် လေးနာရီ တစ်ပါဒ်တစ်ဗီဇနာတွင် နန်းတော်ရာမြေကို အောင်ခြာ စံမြေ ဟူ၍ သမုတ်တော်မူသည်။ ထိုနေ့ပင် မြေကထ၍ ပြင်သည်။ ဝါဆို လဆန်း နှစ်ရက် တနင်္ဂနွေနေ့ ရွှေစည်းခုံ ဝါတော် ကျောင်းကို ဗောင်တတ် ဇမ္ဗူဒီပ ရာဇ ဂုရုအား တင်တော်မူသည်။ သက္ကရာဇ် (၁၀၇၃) ခု တန်ဆောင်မုန်း လပြည့် ကျော် ရှစ်ရက် တနင်္ဂနွေနေ့ နှစ်ချက်တီးကျော် ငါးနာရီတစ်ပါဒ် ဆယ်ဗီဇနာ ပြည့်တွင် သားတော် ဘုန်းကြီးသည့် အရှင်ကို အိမ်ရှေ့ အရာ အပ်နှင်းတော် မူသည်။ မင်္ဂလာနန်းသို့ဝင်စေအမိန့်တော်ရှိသည်။ မင်းသား မင်းမြေး မှူးတော် မတ်တော် နားခံဘုန်းကြီးသည့်အရှင်ဝန်တရင်နန်းသူ မျှသိရိရာဇပနော်ဇောတ ကို ဝတ်ကောင်း နားတောင်းနှင့် နံနက်တစ်ချက်တီးကျော်တွင် လွှတ်တော်မှာ နေ ရ သည်။ နေ့ နှစ် ချက် တီး ကျော် တစ် နာရီပြည့်တွင်၊ စ မြောင်း မှူး တုရင် သိရိတို့ဝင်စေ အမိန့်တော်ရှိသည်သမျှကို မင်္ဂလာ နန်းတော်ဦးသို့ဝင်နေကြ သည်။ အိမ်ရှေ့နှင်းတော်မူသည်ကို လျှောက်မည့်စာ၊ လက်ပွဲတော် မူသည်ကို လျှောက်မည့်စာ ယွန်းပေါင်ပုရပိုက် နှစ်ဆူကို ပရိတ်နာသကဲ့ဆောင် အဝင် တံခါးက ကြံတောစား ကမ်းလျှင် ဗြတိုက်တော် သံတော်ဆင့် တုရင်သီဟ ဝတ်ကောင်း စားကောင်းနှင့် လုမ်းယူ၍ နန်းတော်ဦး မြောက် စံကော်ရင် ကြမ်းပြင်ကို လာမှ နန်းတော်ဆီတည့် လက်တင် တံခါးက ဝင်၍ လက်တင် အတွင်း နာခံတို့နေသည့် ရွှေတွင်နေ၍ ဘုန်းတော် အလွန် ကြီးမြတ်လှသော ဘဝရှင် မင်းတရားကြီး အမိန့်တော်ရှိသည်။ မောင့်ကို အိမ်ရှေ့ နှင်းစာကိုလက်ယာ ရန္တမိတ်ဖတ်၍ လျှောက်ပြီးလျှင် မောင့်ကို ဆက် အမိန့်တော် ရှိသည်။ ပြန်၍

ပုရပိုက်ကို ဝန်ကြီးလက်ယာရန္တမိတ်ကိုအပ်သည်။ ဆင်ဆည် ထားလိုက် ကွမ်း၊ ရေကိုင် စသော အိမ်ရှေ့မင်းကို လက်ဖွဲ့တော်မူသည့် စာကို ဇေယျဗလ ဖတ်၍ လျှောက်ပြီးလျှင် မောင်အိမ်ရှေ့မင်းဝန် တုရင် နန်းသူကို အပ် အပိန့်တော် ရှိသည်။ မြန်၍ ပုရပိုက်ကို ဝန်ထောက် ဇေယျဗလကို အပ်သည်။ အပ်ပြီးလျှင် တုရင်သီဟ လာသည့် အတိုင်း ထွက်၍ မင်္ဂလာနန်းတော် စနုလှေကားက တက်၍ ကောင်းကျော် တံခါးမှာ နေ၍ ထားခဲ့သည်။ ဝန့်ရှင်တော်လက်ယာရန္တမိတ်၊ အိမ်ရှေ့မင်း နေရာ အရှေ့ တောင်ထောင့် ကွမ်းစင် လက်တွင်းတွင် ပုရပိုက်နှင့် နေရသည်။ ဇေယျဗလကို နန္ဒမိတ်ကျော်ထင်တို့ နေသည့် မြောက်တွင် ပုရပိုက် နှင့် နေရသည်။ နေ့နှစ်ချက်တီးကျော်တစ်နာရီသာလျှင် ဘုန်းကြီးသည့် အရှင် ပရိတ်တော်နာဆက် ဆောင်တွင်းက ထွက်တော်မူ၍ နန်းတော်ဦး မြောက် ကြမ်းပြင်ကို လာတော် မူ၍ မင်္ဂလာ နန်းဦး ဥယျာဉ်ပြင်တော်ဆီတည့် အရှေ့ လက်တင် တံခါးကို ဝင်တော်မူလျှင် မြောက်လက် စခန်းကို သွားတော် မူ၍ နေရာတော်သင်ဖြူးတွင် အနောက်သို့ မျက်နှာပြု၍ နေတော်မူသည်။ နံတော် သင့်မှ စ၍ လိုက်ရသည်။ ဘယကျော်ထင် နံတနင်္ဂနွေ ကော်တော် ရန္တမိတ် ကြာသပတေး နောက်တွင်လိုက်၍ လက်ခံ ခန်းတွင် ပုဆစ်တုပ်၍ ပြီးလျှင် ထွက်၍ မြောက် လက်တင်နား အတွင်းတွင် နေသည်။ ကွမ်းခွက်တော်၊ သောက်ရေတော်၊ လက်ဖက်အိုးတော်၊ နောက်တော်တွင် လိုက်၍ နေရာတော် သင်ဖြူးတွင် နေတော်မူလျှင် နန်းတော်ဦး မြောက်လက်တွင်း အရှေ့တံခါး ပြင် အရင်းတွင် ကြံတော စားနှင့် သောက်ရေတော် လက်ဖက် အိုးတော် ပုဆစ် တုပ်သည်။ ကွမ်းခွက် တော်ကို ဇေယျ နန်းသူသား ငတင် ကိုင်၍ နန်းတော်ဦး ရွှေတော် တူရှု လက်တင် တံခါးက ဝင်၍ ဝန့်ရှင်တော် ဇေယျ ရန္တမိတ် ဥဇိန်ကျော်ထင်နေသည့် အရှေ့ လက်ခံ ခန်းသို့ သွား၍ နေတော်မူသည်။ မြောက်ကိုဝင်မှ အနောက်ကို လှည့်၍ ခရှတော်တွင် တည် သည်။ ပြီးလျှင် ဦးချ၍ ဝင်သောအခါ လာသောအတိုင်း ထွက်ခဲ့၍ စားတော် ကွမ်းရေကိုင် ကြံတောစားနှင့် အတူ နေရသည်။ နေ့ နှစ်ချက်တီးကျော် နှစ်နာရီ နှစ်ပါဒ်တွင် ဘုန်းတော်အလွန် ကြီးမြတ်တော် မူလှသော ဘဝရှင် မင်းတရားကြီး ထွက်တော်မူသည်။ နှစ်နာရီ တစ်ပါဒ်တစ်ဗီဇနာတွင် အခါပြည့်လျှင် ကောင်း မြတ်သော မင်္ဂလာတော်အခါ ပြည့်စုံသည်ဟူ၍ ဘဏ္ဍာရိုင်တော်မြောက် ပရိတ် နာတော်တက် မြောက်တံခါးက ပုဆစ် တုပ်၍ ဇေယျတမန် လျှောက်ပြီးလျှင် လက်ယာရန္တမိတ် မောင့်ကို အိမ်ရှေ့ နှင်းသည် စာကိုလျှောက် အပိန့် တော်ရှိ

လျှင် သံတော်ဦး တင်၍ ဘုန်းကြီးသည့် အရှင် နေတော် မူသည်။ တည့် သင်ဖြူးရင်းတွင် ပုဆစ်တုပ်၍ လျှောက်သည်။ ဘုန်းကြီးသည့် ပုဆစ်တုပ်၍ အမိန့်တော်ခံသည်။ ဝန်ရှင်တော်လက်ယာရန္တမိတ်လျှောက်သည့် စကား ကြီးမြတ်သော ဘုန်းပညာ ပါရမီ တန်ခိုးအာဏာ လက်ရုံးနှင့်ပြည့်စုံ တော်မူကုန်သော ဘေးလောင်းတော် မြတ်တို့သည် သာသနာတော် ပွင့်လင်း ကြောင်း ကိုယ်တော် အကျိုးစီးပွား ပြည်သူလူတကာတို့ အကျိုးစီးပွားကိုညီ၍ ဆောင်စိမ့် သောငှါ သားကြီး ရတနာမြတ်ကို အိမ်ရှေ့ဆောင် နှင်းတော်မူ ကုန်မြဲ ဖြစ်သည်။ ငါလည်း ဘေးလောင်းတော် ဆင်ဖြူများသခင် ဘဝရှင် မင်းတရားကြီး ဘုရားမှစ၍ သားတော်အစဉ် မြေးတော်အဆက် မင်းရိုး မင်းသား ဖြစ်တော်မူ၍ ရွှေထီး ရွှေနန်း တိုင်းကား နိုင်ငံ အပေါင်းနှင့် တကွ အရိုက် အရာတော်ကို မင်းကျင့် တရားနှင့် ညီစွာ စိုးအုပ်တော်မူလျှင် သာ သနာ တော် ထွန်းတောက်ပကြောင်း၊ ရှည်မြင့်စွာ ကိုယ်တော် အစီးအပွား များ၍ နိုင်ခံ မြဲမြဲကြောင်း ပြည်သူလူတကာတို့ စီးပွားများ၍ ငြိမ်းချမ်း သာယာ စည်ပင် ဝပြော ကြောင်းကို အမြဲ ဝိဋ္ဌာန် တော် မူ၍ ဆောင်တော် မူသည်။ ငါသား တော်သည်လည်း ကြီးမြတ်သောအကျိုးစီးပွားကိုငါနှင့်ညီ၍ ဆောင်ထိုက်သသူ ဖြစ်သည်။ ရွှေသို့လည်း သားတော်အစဉ် မြေးတော် အဆက် နန်းတက် နှင်းနှင် ကောရင်မင်းသားဖြစ်၍ သာသနာတော် စီးပွားကို မြင့်ရှည်စွာဆောင်၍အများ သော တိုင်းကား နိုင်ငံ တော်၌ ပြည်သူလူတကာတို့၏ကိုးကွယ်ရာ ဖြစ်စိမ့်သောငှါ ဓမ္မဝတ် ရာဇဝတ် လောကဝတ်နှင့် ညီညွတ်စွာ ငါသားတော်မြတ်ကို အိမ်ရှေ့မင်း တို့၏ အဆောင် အယောင် ရတနာ ဆင်မြင်း၊ အခြံ အရံနှင့် တကွ ကောင်းမြတ်သော မင်္ဂလာအခါ၌ အိမ်ရှေ့ အရာ ဆောင်နှင်း တော်မူသည်။ စာကို လျှောက်ပြီးလျှင် ဘဝရှင် မင်းတရားကြီးကို ဦးချ၍ အိမ်ရှေ့မင်း ကို ဆက်သည်။ အိမ်ရှေ့ မင်းလည်း ခမည်းတော်ဘုရား ဦးချတော်မူပြီးမှ ယူတော်မူ၍ ကွမ်းခွက်တော်တွင် ထားသည်။ ဝန်ရှင်တော် လက်ယာရန္တမိတ် လည်းထွက်၍နေရာမှာ နေအမိန့်တော်ရှိသည်။

တရုတ်ပြည်က လက်ဆောင် ရောက်လာခြင်းနှင့်
မာန်အောင်ရတနာ ဒါယကာ နတ်ပြည်စံလွန်တော်မူ၍
လောကာသရုပ္ ဒါယကာခံ အိမ်ရှေ့မင်း နန်းတက်တော်မူခြင်းအကြောင်း

ထိုနှစ် ပြာသို လဆန်း၊ ဆယ်ရက် ဘလဲ့ပ ကောင်းမှုတော် စေတီကို ကိုယ်တော်တိုင် ရွှေထုတ် ငွေထုတ် ခင်း၍ တည်တော်မူသည်။ သက္ကရာဇ်

(၁၀၇၄) ခုနှစ် တန်ခူး လဆန်း လေးရက်နေ့ ကုန်ပြီ တရုတ်နှစ်ကျိပ်ကျော် ရောက်လာ၍ ရွှေလင်ပန်းနှစ်ချပ် လင်ပန်းအလယ်တွင် ထမင်းထည့်စရာ ကြာခွက် ပုဇွန်ခွံ ကပ်၍ အနားဝန်းကျင်ကိုလည်း ကြာခွက် ရွှေပုဇွန်ခွံ ကပ်သည်၊ ကျောက်စီဘနှစ်စင်း၊ အောင်းတင်ရမ်း ပြုသို့နီဆက်သည်။ အိမ်ရှေ့မင်းကိုလည်း ရွှေလင်ပန်းတစ်ချပ် အောင်းတင်ရမ်းဆက်သည်။ မင်းတရားလည်း ဆေးဝါးနှင့် လင်ပန်းကို ပွတ်သပ်၍ ကြည့်စေသော် ရွှေမဟုတ်၍ တုံ့ခတော်မူသည်ကို တရုတ်တို့က ကျွန်တော်တို့ ရွှေလင်ပန်း လျှောက်၍ မဆက်၊ ရွှေ၊ ငွေ၊ ကြေးနီကို ရောနှီး၍ လုပ်သည့် လင်ပန်းဟု လျှောက်ရာတွင်မှ သိမ်းယူတော်မူပြန်၍ တရုတ်တို့ကိုဆုလာဘ်ပေးတော်မူသည်။ သက္ကရာဇ် (၁၀၇၅) ခုနှစ် တပေါင်းလတွင် သားတော်အငယ် ပဒုံမင်းသားကို ဝေပုလ ရွှေချက်နှစ်စင်း၊ မြင်းစု သင်းစု ကောင်းဟန်စု ပေးတော်မူ၍ မင်းညီ မင်းသား မှူးတော် မတ်တော် ခြံရံစေလျက် ပြင်အိမ်တော်သို့ ပို့ကြရသည်။ တန်ခူးလဆန်းတစ်ဆယ့်တစ်ရက် ဗုဒ္ဓဟူးနေ့ အိမ်ရှေ့မင်း ဆင်တော်လက်ယာအစွယ် ကျိုးပေါင်း တက်သည်။ လပြည့်ကျော် တစ်ရက် တနင်္လာနေ့ ကျိုးပေါင်း လက်လေးသစ်တိုးသည်။ ထိုအကြောင်းများကို ပညာရှိတို့ ကြားလျှင် များမကြာ ရွှေထီး ရွှေနန်းကို စိုးအုပ်ရမည် ဆိုကြကုန်၏။ သက္ကရာဇ် (၁၀၇၆) ခုနှစ် ဝါဆို လဆန်း ငါးရက် သောကြာနေ့ ပုဂံမြို့မှာ ဆင်ဖြူငယ် နှစ်တောင်ခန့် ရသည် ဟု၍ လျှောက်လာသောကြောင့် ဆင်လက္ခဏာဖတ်တို့ သွား၍ ကြည့်ရသည်။ တော်သလင်းလဆန်းတစ်ဆယ့်တစ်ရက်တနင်္ဂနွေနေ့တစ်ဆယ့်သုံးကြိမ်တိုင်အောင် မြေကြီးလျှင်ပြင်းစွာ လှုပ်၍ ဘုရားပုထိုး၊ ဂူကျောင်း ပြိုပျက်၏။ လဆန်း ဆယ်ရက်နေ့က စ၍ မြေကြီး အကြိမ် အဖန် များစွာလှုပ်သည်။ ရေကြီး၍လည်း အောင်ထွန်းတံခါး၊ လေသာတံခါးများက မြို့တွင်းသို့ ရေဝင်၏။ ဘဝရှင် မင်းတရားကြီးလည်း ငါးလကျော်ခန့် ကိုယ်တော် မကျန်းမမာရှိသည်နှင့် တော်သလင်း လဆန်း တဆဲ့သုံးရက် အင်္ဂါနေ့ ညီတော် ပုဂံမင်းက မပြတ်စေပါမြဲ ကျွန်တော်ရင်း ငအောင်ကျော် နန်းတော့်အနောက်တံခါးက ဝင်၍ အနောက် လှေကားက တက်လာသည်ကို သိတော်မူလျှင် ကိုယ်တော်ကို ထူမစေ၍ "ငအောင်ကျော်ငယ် ငါ ကျန်းသာတော်မူပြီ ငါ့ညီတော်နှင့် ငါ့သမီးတော်ကိုနှင်ပြောလေတော့"ဟု ဆိုတော်မူပြီးလျှင် သတိခတော်မရ မိန်းမောတော်မူ၏။ ငအောင်ကျော်လည်း အကြောင်းမျိုးကို သိမြင်လေသော် အသက်တော်မရှင်ပြီဟု လှေသို့ ဆင်း၍ အပြင်းဝုန်လေသည်။ မိုးသောက်တွင် ပုဂံသို့ ရောက်၍

"နောင်တော်ဘုရား ယခုနေ့ပင် နတ်ပြည် စံတော်မူတော့မည် အရေးကို ကြိုက်ရာကြံတော်မူတော့" ဟု လျှောက်၏။ သီရိသုဓမ္မရာဇာ အမည်တော်ရှိသော ညီတော် ပုဂံမင်းသည် ကျွန်တော်ရင်းတစ်ရာနှင့်အိမ်းအစပ်ရှိ ကျေးရွာသူကြီး တို့ကို သစ္စာပေးတော်မူလေ၏။

သီရိမဟာသီဟ သုရဓမ္မရာဇာ အမည်တော်ရှိသော ဘဝရှင် မင်းတရားကြီး ဘုရားလည်း သက္ကရာဇ် (၁၀၇၆) ခုနှစ် တော်သလင်းလဆန်းတစ်ဆယ် လေးရက် ဗုဒ္ဓဟူးနေ့ လူ့ပြည်ပြီး၍ နတ်ပြည် စံတော်မူ၏။ ဘဝရှင်မင်းတရားကြီး နတ်ပြည် စံတော်မူလျှင် အတွင်းဝန်တို့က ခမည်းတော်ဘုရား နတ်ပြည်ပြောင်း စံတော်မူကြောင်းကို သားတော် အိမ်ရှေ့မင်းထံ လျှောက်လာလျှင် လဆန်း တစ်ဆယ့်လေးရက် ဗုဒ္ဓဟူးနေ့ ခမည်းတော် အရိုက်အရာ ရွှေထီး ရွှေနန်းကို စိုးအုပ်တော်မူသည်။ ခမည်းတော်ဘုရား အလောင်းတော်ကိုလည်း လဆန်း တစ်ဆယ့်ငါးရက်ကြာသပတေးမင်းတို့ကို သဂြိုဟ်သကဲ့သို့ သားတော် ညီတော် ဆွေတော် မျိုးတော် မှူးတော် မတ်တော်အပေါင်း ခြံရံလျက် ရွှေဝေါနှင့် ထွက်တော်မူ၍ လွှတ်တော် အရှေ့မြောက် နန်းမြို့တွင်းဝယ် သဂြိုဟ်တော်မူသည်။ ပြုတော်မူသော ကောင်းမှုတော်ကား၊ ရွှေနန်းတော် အနောက်တောင် ခမည်း တော် အိမ်ဘော်ရာတွင် မာန်အောင်ရတနာ စေတီတော်၊ ဝမ်းဘဲအင်းအရပ် ခမည်းတော်ဘုရား သဂြိုဟ်တော်မူရာတွင် မဟာဗောဓိ စေတီတော်၊ အလ ပ လောကမာန်အောင်စေတီတော် ဤသို့သော ကောင်းမှုတော်တို့ကိုပြု၍ အိမ်နိမ့် နှစ်ဆယ့်ခြောက်နှစ်၊ စည်းစိမ်တစ်ဆယ့်ခြောက်နှစ်၊ သက်တော် လေးဆယ့်နှစ်နှစ် သော် အနိစ္စရောက်တော်မူ၏။ နံတော်စနေသားတည်း။ ထိုမင်းကား၊ ရက်ရော ကြမ်းကြုတ် ဒဏ်ခတ်တန်သူတို့ကို ရွှေတော်တွင်သာ ရိုက်ခတ် စေသဖြင့် သေသည်များ၏။

သားတော် သမီးတော်ကား၊ မိဖုရား မဟာဒေဝီတွင် သမီးတော် မင်းရွှေ သီရိသုနန္ဒာ အမည်နှင့် ပုဂံမိဖုရားဖြစ်သည်တစ်ပါး။ ။မောင်တော်အိမ်ရှေ့မင်း တစ်ပါး။ ။နှမတော် အမြင့်မြို့စား စောမင်းပြုတစ်ပါး။ ။မောင်တော်သခင်စံ ဗဒုံမြို့စားတစ်ပါး။ ။နှမတော် စကုမြို့စား တစ်ပါး။ ။ညီမတော် ထယ်ကိုင်း မြို့စား မင်းရွှေကြာတစ်ပါး။ ။ပေါင်းခြောက်ပါး။ ။ဘထွေးတော် သမီး သီရိဒေဝီတွင် သမီးတော် ပြင်စည်မြို့စား မင်းကြက်တစ်ပါး။ ။ညီမတော်မင်း

ထွေး ငယ်ကလွန်သည်တစ်ပါး။ ။ပေါင်းနှစ်ပါး။ ။ခမည်းတော် သီရိ ဓမ္မ ဓော်တွင် သမီးတော် မြေလဲစား မင်းလှမြတ်စံတစ်ပါး။ ။ညီမတော် ခဲပေါင်မြို့စား မြတ်မျိုးဘုန်းကြွယ်တစ်ပါး။ ။မောင်တော် မြဝတီစား မောင်မင်းပြို တစ်ပါး။ နှမတော် မင်းကောင်းငယ်ကလွန်သည်တစ်ပါး။ ။မောင်တော် မောင် ရွှေခိုင်တစ်ပါး။ ။ညီတော် မောင်မင်းကျော်တစ်ပါး။ ။ပေါင်းခြောက်ပါး။ ။ ကိုယ်လုပ်တော်တို့တွင် မြင်သည့် သားတော် သမီးတော်ကား။ ။ဆီးတော ကတော် ခင်ထွတ်တွင် သားတော်ပဋ္ဌနဂိုရ်စား မောင်လှ-နောက်ကို ရင်းရဲရွှေသု အမည်နှင့် တောင်းလင်းမြို့ကို စားသည်တစ်ပါး။ ။လက်ျာရန္တမိတ် သီရိ မိမြား ငယ် ကတော် ခင်ရွှေရီတွင် သားတော် မြတောင်မြို့စား မောင်ပုတစ်ပါး။ ။ ဇေယရန္တမိတ် သီရိ ဌာသစ်ကတော် ခင်ပြုတွင် သမီးတော်မင်းပေါက်တစ်ပါး။ မတောင့်တစား သီရိ ကသာကတော်တွင် သားတော် မောင်အောင် တစ်ပါး။ မင်းတရား ကျန်သီးမျိုး သီရိ ခင်ဦးစံတွင် သမီးတော် ခင်ဝင့်တစ်ပါး။ ။ တကာလ်ဆွဲထောင်မှူး ကျောက်ဆောက်ကြီးကတော် ခင်အိပ်ဘွင် သမီးတော် မင်းပုတစ်ပါး။ ။ညီမတော် မင်းအထွေး ငယ်ကလွန်သည်တစ်ပါး။ ။မောင် တော် မောင်ဘငယ်က လွန်သည်တစ်ပါး။ ။ပေါင်းသုံးပါး။ ။ခမည်းတော် သမီးတော် ရွှေတောင်မြို့စား ခင်စိမ့်တွင် သမီးတော် မင်းပေတစ်ပါး။ ။ မောင်တော်မောင် မင်းရဲလှ၊ မင်းရဲသီဟကျော်စံတစ်ပါး။ ။နှမတော် ရှင်မင်း တစ်ပါး။ ။မောင်တော် မင်းထင် ငယ်ကလွန်သည်တစ်ပါး။ ။နှမတော်ငယ်က လွန်သည်တစ်ပါး။ ။မောင်တော်မောင်ပြုတစ်ပါး။ ။ညီတော် မင်းကျော် တစ်ပါး။ ။ပေါင်းနှစ်ပါး။ ။လက်ျာ ဇေယျကျော်သူ သီရိ ကြက်ရုံးသာ ကတော် ခင်လှမှတ်တွင် သားတော်မောင်ပေါက် ငယ်ကလွန်သည်တစ်ပါး။ ။ နှမတော် ရှင်မင်းလှတစ်ပါး။ ။မောင်တော် မောင်ဝ တစ်ပါး။ ။ ညီတော် မောင်ဝင်း ငယ်ကလွန်သည် တစ်ပါး။ ။ ညီတော် မောင် ကုလား တစ်ပါး။ ။ညီတော်မောင်ချစ် ငယ်ကလွန်သည် တစ်ပါး။ ။ ညီတော် မောင်ကျော်တစ်ပါး။ ။ညီတော် မောင်ထွေးတစ်ပါး။ ။ပေါင်း ရှစ်ပါး။ ။မင်းတရားရွှေလှမှူး သီရိ ပြည့်-တောင်ငူကတော် ခင်စံတွင် သမီးတော်ခင်ဝင့်တစ်ပါး။ ။မောင်ခတော် မောင်ကျော်အောင် တစ်ပါး။ ။ နှမခတော်ရှင်နှင်း ငယ်ကလွန်သည်တစ်ပါး။ ။ညီတော်မောင်မင်းပြုတစ်ပါး။ ။ နှစ်မတော် နန်းသူတစ်ပါး။ ။ပေါင်းရှစ်ပါး။ ။ညောင်ရွှေ စော်ဘွားသီရိ ကန်သစ်ကတော်ဘွင် သားတော် မောင်ဦးတစ်ပါး။ ။နှမတော် မင်းရွှေခဲ

တစ်ပါး။ ။မောင်တော် မောင်ဦးကာ တစ်ပါး။ ။နှမတော် ငယ်ကလွန်သည် တစ်ပါး။ ။ပေါင်းလေးပါး။ ။ဆုဒေသီဟသမီး ရှင်ဆောင်တွင် သားတော် မောင်ညွန့်တစ်ပါး။ ။နှမတော် မင်းရွှေခဲတစ်ပါး။ ။ညီမတော်မင်းရွှေရုံတစ်ပါး။ ညီမတော် မင်းနန်းသီ တစ်ပါး။ ။ပေါင်းလေးပါးတည်း။ ။မြို့ဝန် ဧယ နန်းသူ သမီး သာဝတ္ထိကတော် ခင်မြတ်လေးတွင် သမီးတော် မင်းရွှေဦး တစ်ပါး။ ။မောင်တော်မောင်မင်းလှတစ်ပါး။ ။ပေါင်းနှစ်ပါး။ ။နတ် ထောင့်ကတော်တွင် သမီးတော် မင်းပုတစ်ပါး။ ။မောင်တော် မောင်မြတ် သန္ဓေတစ်ပါး။ ။ပေါင်းနှစ်ပါး။ ။စားတော်ကဲ စေလုသမန်သမီး ရွှာသာ ကတော် ခင်မည်ကြီးတွင် သမီးတော် မင်းခုံတစ်ပါး။ ။ဧယျဝတီစား သမီး သာစည်ကတော် ခင်လတ်ဖြူတွင် သားတော် မောင်ထွန်းလှ ငယ်ကလွန်သည် တစ်ပါး။ ။ညီတော်မင်းအထွေး ငယ်ကလွန်သည် တစ်ပါး။ ။ပေါင်း နှစ်ပါး။ ။သီရိယောဓာ သမီး ရှင်ရွှေတွင် သားတော် မောင်ကြွက် ငယ်က လွန်သည်တစ်ပါး။ ။နှမတော်မင်းရွှေဦး ငယ်ကလွန်သည် တစ်ပါး။ ။ပေါင်း နှစ်ပါး။ ။ကသည်းစော်ဘွားဟုံသမီး ပုပ္ပါးကတော်နှင့် လုံခန်းတွင် သားတော် မောင်ဖြူတစ်ပါး။ ။ညီတော် မောင်မင်းတစ်ပါး။ ။ပေါင်းနှစ်ပါး။ ။သီရိ ကမန်ပိုက်သမီး အင်ကြင်းစည် ကတော်တွင် သမီးတော်မင်းရွှေအိမ်တစ်ပါး။ ။ မောင်တော် မောင်ဖြူ တစ်ပါး။ ။ညီတော်အလတ် ငယ်ကလွန်သည်တစ်ပါး။ ပေါင်းသုံးပါး။ ။သမြေလှစား သမီးရှင်အင်တွင် သားတော် မောင်မင်းနို ငယ်ကလွန်သည်တစ်ပါး။ ညီတော် မောင်ထွန်းတစ်ပါး။ ။ပေါင်းနှစ်ပါး။ ။ မြို့ဝန်သမီးတွင် သားတော် ဇေတုဘုံတစ်ပါး။ ။မြကန်ကတော် ရှင်မင်းတွင် သားတော် မောင်အောင်တစ်ပါး။ ။အင်ပင်လှစား သမီး ရှင်ယွန်းစံတွင် သမီးတော် ခင်နု ငယ်ကလွန်သည်တစ်ပါး။ ဗိုင်းစားရေး သမီး ရှင်မြတ်တွင် သမီးတော် ရှင်မာလီ ငယ်ကလွန်သည်တစ်ပါး၊ ရှင်ဝန်းတွင် သားတော် မောင်အောင် ငယ်ကလွန်သည်တစ်ပါး၊ ရှင်မင်းတင်တွင် သားတော် မောင်မင်း မောင်တစ်ပါး၊ နဲကလို သမီးတွင် သားတော် ငယ်ကလွန်သည်တစ်ပါး၊ မင်းမိဖုရား မင်း ကိုယ်လုပ်တော်တွင် သားတော်လေးဆယ့်နှစ်ပါး၊ သမီးတော် သုံးဆယ့်နှစ်ပါး၊ သားတော် သမီးတော် ပေါင်း ခုနစ်ဆယ့်ခြောက်ပါးတည်း။

အထူးထူးသော တိုင်းကြီး ပြည်ကြီး ထီးဆောင်းမင်းများ သခင် ရွှေတွင်း ငွေတွင်း ပတ္တမြားတွင်း ပယင်းတွင်း စသော ရတနာအပေါင်းတို့၏ အရှင်

စတုတ္ထ ရတနာပူရမြို့တည် နန်းတည် ဆဒ္ဒန်ဆင်မင်းသခင် ဆင်ဖြူများသခင် အရှင်ဘဝရှင် မင်းတရားကြီးဘုရား လက်ထက်တော် (၁၁၉၁) ခုနှစ် နယုန် လဆန်း တစ်ရက်နေ့က စ၍ ရဟန်းပညာရှိ၊ ပုဏ္ဏားပညာရှိ၊ မှူးမတ်ပညာရှိ တို့နှင့် အထူးထူးသော ရတနာတို့ဖြင့် ဆန်းကြယ်သော မှန်နန်းတော် ဆောင်တော်ဦး နန်းမ စနင်္ဒ၌ နှိုင်းညှိ၍ အသင့်ယုတ္တိ ကျမ်းဂန် အာဂုံများနှင့် အညီ သုတ်သင် စီရင်တော်မူသော တတိယ မှန်နန်းမဟာရာဇဝင်တော်ကြီး (၂၀)တွဲ ပြီး၏။

နမောတဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

## မာန်အောင်ရတနာ ဒါယကာ မင်းတရားကြီး
## မိဖုရား သားတော် သမီးတော်တို့ အကြောင်းနှင့် ကသည်းစော်ဘွားက
## ဥပါယ်တံမျဉ်ဖြင့် စေလွှတ်ခြင်း အကြောင်း

သက္ကရာဇ် (၁၀၇၆) ခုနှစ် တော်သလင်း လဆန်းတစ်ဆယ့်လေးရက် ဗုဒ္ဓဟူးနေ့ မာန်အောင်ရတနာ ဒါယကာ မင်းတရား နတ်ရွာစံတော်မူလျှင် သားတော် အိမ်ရှေ့မင်းသည် သီရိပဝရမဟာဓမ္မရာဇာဓိပတိ တံဆိပ်နာမံခံ၍ ရွှေနန်းတက်တော်မူသည်။ မိဖုရား ညီအမ သုံးပါးတွင် အကြီးကို မဟာမင်္ဂလာဒေဝီ၊ အလတ်ကို သီရိဒေဝီ၊ အငယ်ကို စန္ဒာဒေဝီ၊ နှမတော် အငယ်ကို အဂ္ဂမဟေသီ၊ ညီတော် မင်းရဲကျော်စွာကို သတိုးမင်းစော အမည် ပေးတော်မူသည်။ ယောက္ခမတော် တွင်းမှူးကြီး သီရိဇေယျနော်ရထာကို မဟာသေနာပတိ ခန့်တော်မူသည်။ ဘထွေးတော် ပုဂံမင်းသို့ မြင်းသည်အကြီး နှစ်ယောက်ခန့်၍ လူသုံးဆယ်နှင့် သစ္စာအတိုက်သွားရသည်။ ပုဂံမင်းလည်း မဆူကပင် အတွင်းတော်မြို့ ဇေယျသူရက နောင်တော်ဘုရားသည် အနာမှ မထမြောက်ပြီဟု ဆက်စာနှင့် စေလိုက်၍ လက်နက်ကိရိယာ ဗိုလ်ပါစည်းရုံး၍နေစဉ် ရောက်လာသည့် မြင်းသည်တို့ကို ငါ့သစ္စာကိုသာ သောက်ရမည်ဟု သစ္စာတိုက်လေ၏။ မြင်းသည်တော်တို့လည်း ကျွန်တော်တို့မှာ သားတော် ရွှေနန်းရှင် သစ္စာတော် ဝမ်းတွင် အပြည့်နှင့် ဖြစ်ပါသည်ဆိုလျှင် မြင်းသည်အကြီးနှင့် လူသုံးဆယ်ကို အကျဉ်းထား၏။ ဘထွေးတော် ပုဂံမင်းလည်း ယော၊ ဆော၊ လောင်းရှည် စသော အနောက်တစ်လွှား၊ မြည် တောင်ငူ စသော အောက်တစ်လွှားတို့ကို စေပါး၍ ခြားနားလေ၏။ အညာသို့လည်း တရုတ်မြို့ တောင်လက် ကုတ်ကဲ ရွာသာတိုင်အောင် ထိပါးလာသည်။ ပုဂံက ကူညီမည် ဟူ၍လည်း တောင်ငူက ချီလာသည်။ ထိုအကြောင်းများကို ဘဝရှင် မင်းတရားကြီးဘုရား ကြားတော်

နေမျိုးသခ်ယာကို ဆင်လုံး မလျှင် တောင်ငူက ချီလာသည်ကို တိုက်ရမည်ဟု ပုဂံသို့လည်း ပဋ္ဌနဂိုရ်စား မင်းရဲသီဟကျော်ကို မြင်းရင်းနှင့် ခန့်တော်မူသည်။ ကြည်းအား ချီစေသည်။ မြစ်ဆုံသို့ ရောက်လျှင် ကြည်း ဝုလ်မှူးခန့်၍ ရေအား ကြည်းအား ချီစေသည်။ မြစ်ဆုံသို့ ရောက်လျှင် ကြည်း တပ်သားတို့ မပါသောကြောင့် ငါးရက် ဆိုင်းလင့်၍ အရောက်ညီလျှင် ပုဂံက ကြည်း ရေ တက်လာသမျှ တပ်ကို မင်းရဲသီဟကျော်က ကြည်းရေ ဖိ၍ တိုက်သည်။ ပုဂံစစ်သည်တို့ လက်ထုတ်ကျော်စည်တိုင်အောင် ဆုတ်လေ၏။ မင်းရဲ သီဟကျော်လည်း ကူမ်းရွာသို့ ရောက်လျှင် ရေတပ်က ကြည်းတပ်သို့ တက်၍ ထမ်းစင်စီးလျက် တိုက်သည်။ ပုဂံတပ် အလုံးပျက်လေ၏။ ယင်းသို့ အသီးအတား မရှိ ပျက်လေသော် မင်းရဲသီဟကျော် အပြင်းမလိုက် တဖြည်းတဖြည်းသာ လိုက် သည်။ အဝက မင်းရဲသီဟကျော် ကြည်းတပ်ချီလာ၍ ပုဂံကြည်းတပ်၊ ရေတပ် အလုံး မရုပ်မခံနိုင် ပျက်ကြောင်း တောင်ငူကချီလာသည့် နေမျိုးဒတ္တတို့ကိုလည်း အဝက ချီသည့် နေမျိုးသခ်ယာတို့ ဆီးဆို့ကြောင်း မပေါက်မရောက်နိုင် ကြောင်း မြစ်စဉ်တစ်လျှောက် အနောက်ဘက်တစ်လွှား မြို့များကလည်း အညီ အညွှတ် မပေါက် မရောက်ကြောင်း၊ အဝ စစ်သည်တို့လည်း ကြည်းတပ် ရေတပ် အင်အားကြီးလှသော အကြောင်းကို ပုဂံမင်း အတပ်သိလေလျှင် ပုဂံမြို့တွင် ရပ်ခံ နိုင်သော်လည်း မခံနိုင်ရာ ပုဂံမြို့က ထင်ထင် မြင်မြင် ထွက်သွားလျှင် လည်း အဝ စစ်သည်တို့ လိုက်ချိမ့်မည်။ ယင်းသို့ ဖြစ်သောကြောင့် ပွဲသဘင် ကြီးစွာခံစေ၍ အမှတ်မဲ့ ထွက်မှသာ ကိုယ်လွတ် ထွက်သွားနိုင်မည် အကြံရှိ၍ ပွဲသဘင် အုတ်အုတ် ကျက်ကျက် ပြုစေပြီးလျှင် အမှတ်မဲ့ သားမယား ကျေး ကျွန်စုံရာ ခေါ်၍ ညဉ့်ကို မြို့က ထွက်ပြီးလျှင် ပုဂံမင်းနှင့် မိဖုရား လှေဖောင် စီး၍ စုန်ပြေးလေ၏။ ပြည်မြို့သို့ မရောက်မီတွင် သမီးနှစ်ယောက်ကို ဖောင်မှာ ထားခဲ့၍ အနေ့ ဘက်သို့ အမှတ်မဲ့ ထွက်သွားလေသည်။ ပုဂံမင်း မြို့တွင် မရှိ ကြောင်းကို အတပ်သိသည်ကာလ အသွယ်သွယ် အဝဝ လိုက်လံ ရှာဖွေစေ သော်လည်း မည်သို့ သွားလေသည်ကို မသိ၍ မတွေ့ မသိ မရရှိသည်။ တောင်ငူက ချီလာသည့် နေမျိုးဒတ္တလည်း ပုဂံမင်း ထွက်ပြေးလေပြီ ကြားလျှင် မနေဝံ့၍ နေမျိုး သခ်ယာတပ်သို့ ဝင်စားလာလျှင် နေမျိုးသခ်ယာက နေမျိုးဒတ္တကို စစ်ကဲနာခံတို့နှင့်တကွ ဘဝရှင် မင်းတရားကြီးသို့ ဆက်လာ၍ မင်းရဲသီဟကျော် လည်း ပုဂံမြို့ကို အနေကျအောင် ခန့်ထားစီရင်၍ ပြန်ခဲ့ရမည် ခေါ်တော်မူလျှင် ပုဂံမင်းသမီးနှစ်ယောက်တို့ကို ဆောင်ယူ၍ ပြန်ရ၏။ အဝသို့ ရောက်လျှင် ပုဂံ စားကို အဘဲ့ကြောင့် ရအောင် မဖမ်းသနည်း မေးတော်မူသည်ကို ကျွန်တော်

မရောက်မီ ထွက်ပြေးနှင့်သောကြောင့် လွတ်ရပါသည်ဟု လျှောက်၏။ ဘဝရှင်မင်းတရားကြီး ဘုရားလည်း ပုဂံစားသည် မင်းရဲသီဟကျော်နှင့် ဘထွေးတော်ဖြစ်လေ၍ မင်းရဲသီဟကျော်သည် ပုဂံစားကားတစ်ပါးမဟုတ် ငါ့ ဘထွေးပင်နှင့် မဖမ်းနေသည် ဖြစ်သည်။ ဖမ်းမိလေသော် အပြစ်အလျောက် စီရင်တော်မူချိမ့်မည်ဟု အမှတ်သာနှင့် တကွ ကျေးရွာကိုသိမ်း၊ အတွင်းတော်မြေ ဘေယျကျော်သူ၏ ပေယယ်ကို စည်းစိမ် ချမ်းလည်း ခမည်းတော်ဘုရား မကျန်းမမာရှိစဉ် ပုဂံစားကို အကြောင်းအရာ စာနှင့် စေလွှတ်သူဖြစ်သည်။ သွားချေ အရပ်သို့ပို့၊ တောင်ငူမြို့ ဝန်ယေလည်း ခမည်းတော်ဘုရား သနားတော်မူ၍ တိုင်းကြီး ခရိုင်ကြီး ဖြစ်သော တောင်ငူမြို့ကို ခန့်အပ်တော်မူ၍ အုပ်ချုပ်ရသည်။ အမှုတော် ပေါ်ထွက်လျှင် ကျေးဇူးသစ္စာတော်နှင့် အညီကား မသမ်း၊ ပုန်စားသောင်းကျန်းသူပုဂံစားကကူ၍ တစ်ဘက်ပြုလေသည်။ ထိုးစံနှင့် အညီ စီရင်၊ ဗိုလ်မှူး တပ်မှူး မင်းညီ မင်းသားတို့လည်း ကြည့်စေ အမိန့်တော်ရှိ၍ အပြစ် အလျောက် စီရင်သည်။ ပုဂံမင်းက ကုသိမ်သည်ချီလာသည့် ပြည်တပ် ဟံသာဝတီတပ်တို့မှာကား အရေးအကြောင်းကို မြော်တင်း၍ တဖြည်းဖြည်း ချီလာသည်နှင့် ပုဂံမင်း မရှိပြီ ကြားသော်လည်း အဝရောက်ပုဂံမြို့ကို တိုက်မည် အဟန် ချီလာသောကြောင့် အပြစ်လွှတ်လေသည်။ အထက်သစ္စာပေးခန့်သူ မင်းသည်ကြီး နှစ်ယောက်တို့ ပုဂံပျက်၍ ခြေရင်းတော်သို့ရောက်လာလျှင် ကျေးဇူးသစ္စာတော်ကို စောင့်သသူ ဖြစ်သည်ဟုတစ်ယောက်ကို တုရင်ကဝိတစ်ယောက်ကို တုရင်ယောဓာ အမည်နှင့်ဆုလာဘ်များစွာပေးတော်မူသည်။ မင်းရဲသီဟကျော်မှာလည်း နောက်မှ စည်းစိမ်ခမ်းနားများစွာ မြို့ကျေးရွာများကို ပေးမြဲ ပေးတော်မူပြန်၏။ သက္ကရာဇ် (၁၀၇၇) ခုနှစ် ရွှေနန်းတော်အနောက်တောင်ယွန်း တောင်ရောက်မှာ ပိုအင်းအရပ်၌ယာယီနန်းတော် ဆောက်၍ မြတ်နန်းဘုံစံ သမုတ်တော်မူသည်။ ခမည်းတော်ဘုရား ကောင်းမှုတော်ဘာလဲပ စေတီကိုလည်း ရွှေထည့်တော်မူပြီးလျှင် လောကမာန်အောင် သမုတ်တော်မူ၍ ရွှေထီးတင်တော်မူသည်။ သက္ကရာဇ် (၁၀၈၁) ခုနှစ် တပေါင်းလဆန်း ၆ ရက် တနင်္ဂနွေနေ့တွင် အနောက်သဘင် ခံစဉ် ကိုယ်လုပ်တော်မန်ကျည်းကန်ကတော် အဆောင်က ဖွဲ မီးလောင်ရာ ရွှေနန်းတော်ကို မီးသင့်လေလျှင် ဓေါ်တော်နှင့် လွှတ်တော် အရှေ့တွင် ရပ်တော်မူ၍ အိမ်ရှေ့တော်သို့ထွက်တော်မူမည် အမိန့်တော်ရှိသည်ကို တွင်းသင်းမှူးကြီး နေမျိုးသီရိဇေယျနော်ရထာက မြတ်နန်းဘုံစံ နန်းတော်သစ်သို့ ထွက်တော်မူသင့်သည်။ အိမ်ရှေ့

ကျွဲညီတော်ကို ခေါ်စေ အမိန့်တော်တော်သို့ ထွက်တော်မမူသင့် လျှောက်လျှင် ခေါ်ရ၏။ ရွှေနန်းတော်ကို မီးစွဲစကပင် အရေးရှိ၍ သတိုးမင်းစောကို ခေါ်ရ၏။ ရွှေနန်းတော်ကို မီးစွဲစကပင် အရေးရှိ၍ သတိုးမင်းစောကို မမြင်နိုင်ရာ၍ ညီတော် သတိုးစောအိမ်မှာ ကိုယ်ရံအမှုထမ်းတို့ကို အကြောင်းကို မမြင်နိုင်ရာ၍ ညီတော် သတိုးစောအိမ်မှာ ကိုယ်ရံအမှုထမ်းတို့ကို ခြောက်တပ်ရံနေစေသည်။ ထိုအကြောင်းကို ညီတော်တွင်းသင်းမှူးကြီး မိရင်၍ ခြောက်တပ်ရံနေစေသည်။ ထိုအကြောင်းကို ညီတော် လည်း မသိ၊ ခေါ်တော်မူ၍ ထွက်လာစေသည် တွင်မှ အမှုထမ်းတို့ အိမ်တော်လည်း မသိ၊ ခေါ်တော်မူ၍ ထွက်လာစေသည် တွင်မှ အမှုထမ်းတို့ သည် အစီအရင်သည် ပတ်လည် ဝန်းရံ ခစောင့်ရှောက်ကြောင်းကို သိလေလျှင် သည် အစီအရင်သည် ပတ်လည် ဝန်းရံ ခစောင့်ရှောက်ကြောင်းကို သိလေလျှင် ရှမ်းဆိုတော်မူသည်ကား၊ တွင်းသင်း မှူးရှမ်းအတတ်သာ ဖြစ်တော့သည်ပဆို၏။ ရှမ်းဆိုတော်မူသည်ကား၊ တွင်းသင်း မှူး ရှမ်းအတတ်သာ ဖြစ်တော့သည်ပဆို၏။ ဝမ်းတဲအင်းဇာတိ ဖြစ်လေသောကြောင့်တည်း။ ဘဝရှင်ကြီးသည် ရှမ်းတို့နေရာ ဝမ်းတဲအင်းဇာတိ ဖြစ်လေသောကြောင့်တည်း။ ဘဝရှင်ကြီးသည် ရှမ်းတို့နေရာ ဝမ်းတဲအင်းဇာတိ ဖြစ်လေသောကြောင့်တည်း။ ဘဝရှင် ကြီးသည် ရှမ်းတို့နေရာ ညီတော်ရောက်လျှင် စံရာတံခါးကထွက်မည်ဟုတံခါး မင်းတရားကြီး ဘုရားလည်း ညီတော်ရောက်လျှင် စံရာတံခါးကထွက်မည်ဟုတံခါး မင်းတရားကြီး ဘုရားလည်း အခါမဲ့ ဖြစ်၍ တံခါးကို မဖွင့်ရှိသည်နှင့် ထို သို့တပ်ဦး ဆိုက်လျှင် တံခါးမှူးလည်း အခါမဲ့ ဖြစ်၍ တံခါးကို မဖွင့်ရှိသည်နှင့် ထို သို့တပ်ဦး ဆိုက်လျှင် တံခါးမှူးလည်း ဝေါတော်ရှေက ရပ်နေရာ တပ်ဦးသားတို့ အကြောင်းကို တွင်းသင်းမှူးကြီး ဝေါတော်ရှေက ရပ်နေရာ တပ်ဦးသားတို့ အကြောင်းကို တွင်းသင်းမှူးကြီး ဝေါတော်ရှေက ရပ်နေရာ တပ်ဦးသားတို့ အကြောင်းကို တွင်းသင်းမှူးကြီး မြို့ဝန်တပ်ဦးကပါမြဲထွက်တော်မူသည်။ ပြန်ပြောလာသည်တွင် ထွက်တော်မူလျှင် မြို့ဝန်တပ်ဦးကပါမြဲထွက်တော်မူသည်။ ပြန်ပြောလာသည်တွင် ထွက်တော်မူလျှင် မြို့ဝန်စောင့်နေရမြဲဖြစ်သည်။ ယခုမှာ ရှောင်တခင် အရေးအတွင်း တံခါးက မြို့ဝန်စောင့်နေရမြဲဖြစ်သည်။ ယခုမှာ ရှောင်တခင် အရေးအတွင်း တံခါးက မြို့ဝန်မပါသောကြောင့် တံခါးကိုမဖွင့် ရှိလေသည်ဟု မြို့ဝန် ဖြစ်၍တပ်တော်ဦးက မြို့ဝန်မပါသောကြောင့် တံခါးကိုမဖွင့် ရှိလေသည်ဟု မြို့ဝန် ဖြစ်၍တပ်တော်ဦးက မြို့ဝန်မပါသောကြောင့် တံခါးကိုမဖွင့် ရှိလေသည်ဟု မြို့ဝန် ဖြစ်၍တပ်တော်ဦးက တံခါးမှူးလည်း တံခါးကို ကိုအလျှင် ခေါ်စေ၍ တပ်ဦးသို့ တင်လိုက်သည်တွင်မှ တံခါးမှူးလည်း တံခါးကို ကိုအလျှင် ခေါ်စေ၍ တပ်ဦးသို့ တင်လိုက်သည်တွင်မှ တံခါးမှူးလည်း တံခါးကို ဖွင့်လေလျှင် မြတ်နန်းဘုံစံ နန်းတော် သစ်သို့ ထွက်တော်မူ၏။ မိုးသောက်လျှင် တံခါးမှူးကို ခေါ်တော်မူ၍ တံခါးမှူးကို အင်္ဂါနှင့်အညီ စောင့်ထိန်း၍ အမှုတော်ကို ထမ်းပေသည်ဟု ဒွါရမှူ ကျော်ထင် ဟူသော ဘွဲ့အမည်ကို ပေးတော်မူသည်။ အဝမြို့ အနောက် သမန်းရွာကိုလည်း အသည်တိုင်ထမ်း လူတို့နှင့် တကွစံရာ တံခါးမှူးကို အပိုင်စားပေးတော်မူ၏။ မီးစွဲ၍ပြီးသော အဆောင်နေ မန်ကျည်း ကန် ကတော်ကိုလည်း ကသာသို့ ပို့လေ၏။ အဆောင်တော်မြဲ နန္ဒ သူရိယလည်း မြတ်နန်း ဘုံစံသို့ ထွက်တော် မူသောအခါ ဝေါပေါင်း နှစ်ဘက် ကြားတွင် ခေါ်သွားချည်း အလွတ်နှင့် လိုက်ချေသောကြောင့် သုံးရက် တုံးဖိခံရ၏။ ။

သက္ကရာဇ် (၁၀၇၅)ခု တွင် ကသည်းစော်ဘွားက ရတနာပူရ ပြည်နှင့် မျည်း တဲပြည် သံတမန် မပြတ်စေပါး ရောက်ပေါက်ကြသည်။ ယခုလည်း အရီးတော် အဝရွှေနန်းတွင် ရှိသည်။ ရှေးအထက်ကနည်း သမီးကိုဆက်၍ အရီးတော်နှင့် အတူ မြဲ့ပါစိမ့်မည် ကြိုယူလာပါစေဟု ဥပါယ်တံမျဉ်နှင့် စေလာသည်ကို သဘောမှတ်၍ ခမည်းတော် လက်ထက် တစ်ကျွန်း မင်းသမီးကို ယူသည်နည်း ဖောင်ပန်း လှေတက် အထုံး အမြိတ် တတ်သသူနှင့် တကွ လူသုံးရာခန့်၍ ရှုးဝ ရောက်ကြို ယူစေရာ ကသည်း စော်ဘွားလည်း တပ်အများနှင့် ရှုးဝ ရောက်ချို

လာ၍ အဝက အကြိုအယူလာသည့် မိန်းမ ယောက်ျားတို့ကို ဖမ်းဆီး သိမ်းယူ မှု၍ ငွေယံယယောဓာတစ်တပ်၊ ကုန်းသီရိတစ်တပ်၊ တရုတ်ပညာတစ်တပ်၊ သီရိဗျူဟာတစ် တပ်၊ စက္ကယောဓာတစ်တပ်၊ ငွေယံယသမန်တစ်တပ်၊ ဂဇပဇ္ဇည်းတစ်တပ်၊ သီရိဗျူဟာတစ် တစ်တပ်၊ ပြည်တစ်တပ်၊ တောင်ငူတစ်တပ်၊ မုတ္တမတစ်တပ်၊ ဟံသာဝတီတစ်တပ်၊ စက္ကဝေဠ ညောင်ရွှေတစ်တပ်၊ မိုးနဲ့တစ်တပ်၊ ရပ်စောက်တစ်တပ်၊ သီပေါတစ်တပ်၊ ဟံသာဝတီတစ်တပ်၊ အက်မြင်းတစ်တပ်၊ မြေဒူးတစ်တပ်၊ ဒီပယင်းတစ်တပ်၊ ဗဟိုတစ်တပ်၊ သည်တပ်ပေါင်း၊ မြောက် နှစ်ဆယ်တွင် ပါသည့် မြင်းသုံးထောင်၊ စစ်သည် သုံးသောင်းကို မင်းရဲသီဟ ကျော်ကို အချုပ်ခန့်တော်မူ၍ သက္ကရာဇ် (၁၀၈၆) ခုနှစ် နတ်တော်လဆန်း ငါးရက် တနင်္ဂနွေနေ့ ကသည်းမြို့သို့ ချီရသည်။ မင်းရဲ သီဟကျော် တပ်ရှ ချင်းတွင်းသို့ ကူးပြီဟု ကသည်းစော်ဘွား ကြားလေလျှင် မှူးမတ်တို့ကို ခေါ်၍ ယခု အဝက မင်းရဲသီဟကျော် ချီလာသည်။ စစ်အင်အား ကြီးလှသည်။ မင်းရဲသီဟကျော် လည်း အသက်တစ်ဆယ့်သုံးနှစ် အရွယ်ကပင် တိုက်လေ တိုင်း တပ်ဆိုသမျှ မခံမရပ်နိုင် ရဲစွမ်းသတ္တိ ရှိလှသည် ဆိုသည်။ ငါတို့ ဗိုလ်ပါ သား မယားနှင့်တကွ မြို့ကနှင့်၍ ပင်လယ်တိမ်သို့ ကူးသန်း ရှောင်နေရမည်။ မင်းရဲသီဟ ကျော်တို့ တပ်ကို သိမ်း၍ ပြန်သည့်ကာလမှ တို့မြို့ကိုဝင်၍ နေမြဲ နေပြန်ရမည်ဟု စည်းရုံးတိုင်ပင်၍ နေကြသည့် အတွင်း၊ ငွေယံယ ယောဓာ၊ စက္ကယောဓာ၊ ငွေယံယ သမန်တို့သုံးတပ် ကုလားပြန်တောင်ကလှန့်၍ ချီလာသည်ဘုင်တပ်မှူး သုံးဦးသား တို့သည်၊ အကြောက်အရွံ့မရှိ တပ်လုံး ထွက်၍ကသည်းတို့မြင်းဆက်တစ်ဟုန်တည်း တိုက်လျှင် ကသည်းတို့ မခံ မရပ်နိုင် ဆုတ်ခွာ ပြေးလေ၏။ ယင်းနောက် ကသည်းတို့က ထွက်၍ ဆီးဆို ရပ်ခံ သမျှလည်း အသေအပျောက် အထိအခိုက်သာ များသော ကြောင့် ကသည်းတို့ အလွန်ကြောက်ရွံ့လေကုန်၏။ မင်းရဲသီဟကျော်လည်း ရှေ့ရှိ သုံးတပ်သားတို့ကို ကြောင့်ကြ၍ ငါရောက်မှတိုက်ရမည်။ တောတောင် ခရီးလမ်း ပန်း အစဉ်းအဝါးကို တို့ကမသိ ကသည်းတို့ ဥပါယ်တမျဉ်များသည်။ အရေး မလစ် ကြစေနှင့်ဟု ဆင့်ဆိုလာသည်ကို ငွေယံယယောဓာ တို့က တပ်မတော် ရောက်အောင် ဆိုင်းလင့်ချေလျှင် ကသည်းစော်ဘွားနှင့် တပ်မြို့လုံး ထွက်ရှောင် ချေ၍ အရေးတော် လစ်ချေတော့မည်။ ကသည်း မြို့ရောက် အလျင် ချီသွား နှင့်ပါမည်လျှောက်၏။ ကသည်းတို့လည်း နဂါး ကျွစ် ဖွဲ့ညှိနှိတ်ကို တောဆီး လောင်ဟန် မြက်မိုက်စုပုံ၍တိုက်ပြီးလျှင် လောင်ဝင်ထက်ယာမြင်းလှ အများမြို ထား၍ ငွေယံယယောဓာတို့ ရှိရာစစ်ရေး ငင်လာ ပြုလာသည်။ ငွေယံယယောဓာတို့

သုံးတပ်သားလည်း ကသည်းတို့ ချီလာသည်ကိုမြင်လျှင် တပ်က အလုံးထွက်ကြ၏။ ကသည်းတို့လည်း မြန်မာတို့တပ်က တိုက်သည်ကိုမြင်လျှင် အပြင်း ဆုတ်ခွါ၍ ရွံ့သည်နဂါးကျစ်တစ်ဘက်က မြင်းကစား မြူးသည်ကို မြန်မာတို့ တွေ့လေတိုင်း နိုင်မြဲဖြစ်၍ အစူးအစမ်းမရှိ ပိကာစီးကာ အပြင်းလိုက်လေလျှင် ပြာပုံအုပ်၍ ထားသည့် နဂါးကျစ်ရွံ့ညွန်သို့ ကျလေ၏။ ကသည်းစနွယောမေင်နီ အလံစိမ်း တို့လည်း မြန်မာတို့တပ်အလိုက်လှန်၍ နဂါးကျစ်ရွံ့ညွန်တွင်းသို့ ရောက်လေသည် ကိုမြင်လျှင် ဖုံးကွယ်မြှုပ်ထားသည့် မြင်းလူတို့နှင့် နောက်ကပိ၍ လက်ဝဲလက်ယာ ထိုးခုတ်ပမ်းဆီးသော် တပ်မှူးတို့နှင့် တကွ မြန်မာသုံးတပ်လုံး ကသည်းတို့ ကရလေ၏။ ထိုအကြောင်းကို မင်းရဲသီဟကျော်ကြားလျှင်ရွှေချီ သုံးတပ်သားတို့ တပ်မှူးနှင့်တကွ သူ့လက်သို့ရောက်ချေသည်။ ယခုတပ်တော်တွင်လည်းကျောက် ပေါက်-ဝက်သက်-လူနာ-လူဖျား အဖိတ် အစင် များပြားလှသည်။ အမျက် တော်ရှိခဲ့လျှင်လည်း ငါတာဖြစ်ပစေ၊ ရဲမက်ဗိုလ်ပါတို့မှာ ချမ်းသာရပါစေဟု ဆိုပြီးလျှင် စစ်ကိုရုပ်သိမ်း၍ မင်းရဲသီဟကျော် ပြန်ခဲ့၏။ ။ဘဝရှင် မင်းတရား ကြီး ဘုရားလည်း မင်းရဲသီဟကျော်ရောက်လျှင် အမှုတော်ကို ကုန်တွင်အောင် မထမ်း သည်ကဲ့သို့ ရှိရာသခလာဟု မင်းရဲသီဟကျော်ကို မိုးညှင်းသို့ ပို့သည်။ မိုးညှင်းသို့ရောက်မှ ကံအားလျော်စွာ သေလွန်လေ၏။

ထိုနှစ် စစ်ကိုင်းမြစ်ဆိပ်တွင် ကျောက်ပြုရုပ်တု သွန်းပြီးလျှင် စေတီတည်၍ လေးကျွန်းမာန်အောင် သမုတ်တော်မူ၏။ ထိုစေတီ ဘုရားသခင် ရောက်သော ကာလ တရားဟော၍ ဘီလူးကိုးကျိပ် ကိုးယောက်တို့ သောတာပန် တည်ရာ အရပ်ဖြစ်၍ သောတာပန် ဘုရားဟုခေါ်ဝေါ်ကြ၏။ သက္ကရာဇ် (၁၀၈၉)ခု နှစ် ညီတော်သတိုး မင်းစောလွန်၍ ညီတော် သားတော်တို့ကို သဂြိုဟ်သည့် နည်း ရွှေဝေါ်းလျက် စံရာတံခါးက ထွက်၍ သဂြိုဟ်တော် မူသည်။ သက္ကရာဇ်(၁၀၈၉)ခုနှစ် ကဆုန်လပြည့်ကျော် တစ်ရက် ကြာသပတေး နေ့တွင် သားတော်စဥ့်ကူးမင်းကို အိမ်ရှေ့နန်းတော်မူသည်။ ဒေဝယောခ၊ ဒေဝသီဟ တို့ကိုဝန်၊ ဒေဝကျော်သူကို ဝင်းမှူး၊ တုရင်သိခ်ကို အတွင်းဝန်၊ လက်ယာဓမ္မကို အနောက်ဝန် ခန့်တော်မူသည်။ အမည်ရ ကျေးစား ရွာစားတို့ကို ရွေးချယ် စီစစ်၍ ရာဇကုဏ္ဍသွေးသောက်၊ ရာဇဘာယသွေးသောက်လည်း ဖွဲ့တော်မူသည်။ ထိုနှစ်တွင် နိုင်ငံတော်ဖြစ်သော ဇင်းမယ်မြို့မှာ မြို့ဝန်စစ်ကဲတို့ကို အခွန်အတုတ် အကောက် အခံကြီးသည်ဟူ၍ ဇင်းမယ်သားတို့ ပျောက်ဖျက်ပြီးလျှင် ခန်းဗိုလ်

ဆိုသူကို မင်းပြုစေ၍ ထိုအကြောင်းကို ကြားတော်မူလျှင် မြို့သစ်စား မင်းရဲ ရန္တသူကို ဗိုလ်မှူးခန့်၍ ဆင်ငါးဆယ်၊ မြင်းနှစ်ထောင်၊ စစ်သည် သုံးနှစ် သောင်းနှင့် တန်ဆောင်မုန်း လဆန်း နှစ်ရက် တနင်္လာနေ့ မိုးနံကြောင်းသို့ သည်။ ဇင်းမယ်သို့ရောက်၍ မရမဆိုင်း ရွှံ့ရွှံ့ချုံချုံ လုပ်ကြံလျှင် ဇင်းမယ်မြို့ ပျက်သည်နှင့် ရဲမက်တော်တို့ မြို့တွင်းမှာ လုယက်ဖျက်ဆီးကြသည်ကို ဇင်းမယ် သားတို့ ဘုရား အရုတော် အများ ပျက်စီးချေတော့မည်။ တပ်ကိုသိမ်းပါ ဟု ရွှေ-ငွေပဏ္ဏာနှင့် ဗိုလ်မှူး စစ်ကဲတို့မှာ လျှောက်၍ စစ်ရပ်ရာတွင် ဇင်းမယ် သားတို့ ပြန်လှန်၍ တိုက်လေသောကြောင့် မင်းရဲရန္တသူတို့ အလုံး ပျက်ပြန် ချေ၏။ ထိုအကြောင်းကို ကြားတော်မူလျှင် ဇင်းမယ်သို့ ချီစေသည့် ဗိုလ်မှူး စစ်ကဲတို့ကို ငွေရည်ကျို၍ သွန်းရမည်ဟု စေခန့်တော်မူသည်။ တပ်မှူး စစ်ကဲတို့ လည်း အမျက်တော်ရှိကြောင်းကို ကြားသိလေလျှင် စေသူတို့ မရောက်ခင် ဆေးစား၍ သေကြလေကုန်၏။ သက္ကရာဇ် (၁၀၉၃) ခုနှစ်တွင် ဆင်လုံး မြင်း ရင်း အများနှင့် ဇင်းမယ်မြို့သို့ တစ်ကြိမ်ထပ်၍ ချီပြန်စေသည်ကိုလည်း ဇင်းမယ် သားတို့က အကျည်းကဆို၍ တိုက်ပြန်လေသောကြောင့် ရဲမက်တော်တို့ တပ် ပျက်ပြန်လေလျှင် စစ်ကဲနားခံဘို့ကို ကုန်စင်အောင်သတ်ခလ အမိန့်တော်ရှိပြီး မှ ဆရာတော်တို့ မေတ္တာရပ်၍ ဖွားချေအရပ်သို့ ပို့တော်မူသည်။ ။ထိုနှစ် တွင် စကျင်တောင်မှ ကျောက်ပြကြီး ယူဆောင်၍ ထုလုပ်စေသည်။ ဘုရား ဆင်းတုတော်ကို နန်းတော်သစ်မြောက်ဘက် ဓေတီ ရွှေဘုံပြာသာဒ်နှင့် ထား တော်မူသည်။ မြို့အရှေ့မြောက်ဆောင့် ပေါက်ပေါက်သည် အရပ်တွင် ရေတိုး ခိုက်၍ ကမ်းပြိုသည်ကို ယိုးဒယားဆရာ အင်း မန္တရားစီရင်၍ သောင်တွန်း၏။ သက္ကရာဇ် (၁၀၉၄)ခုနှစ် ချွန်ဟောင်မြို့က ဆင်ဖြူပေါက်တစ်စီးရ၍ဆင်ဖြူရှင် ခံတော်မူ၏။

မှန်နန်းရှင် မင်းတရားကြီး နတ်ပြည် စံလွန်တော်မူ၍

သားတော် လောက သရဏ ဒါယကာ

ရွှေနန်းတက် သိမ်းတော်မူခြင်း အကြောင်း

သီရိပဝရ မဟာဓမ္မရာဇာဓိပတိ အမည်တော်ရှိသော မင်းတရားကြီး ဘုရား သည် သက္ကရာဇ် (၁၀၉၅) ခုနှစ် နတ်တော်လဆန်း ကိုးရက် စနေနေ့ လူ့ပြည် ပြီး၍ နတ်ပြည်စံတော်မူ၏။ ဘဝရှင် မင်းတရားကြီးဘုရား နတ်ပြည်စံတော်မူလျှင်

အတွင်းဝန်တို့က ခမည်းတော်ဘုရား နတ်ပြည်စံတော်မူကြောင်းကို သားတော် အိမ်ရှေ့မင်းမှာ လျှောက်ထားလျှင် နတ်တော်လဆန်း ကိုးရက်နေ့ ခမည်းတော် ဘုရား အရိုက်အရာ ရွှေထီး ရွှေနန်းကို သိမ်းမြန်း စိုးအုပ်တော်မူသည်။ ခမည်း တော်ဘုရား အလောင်းတော်ကိုလည်း ၎င်းလဆန်း ဆယ်ရက်နေ့ စကြဝတေး မင်းတို့ကို သဂြိုဟ်သကဲ့သို့ သားတော်၊ ညီတော်၊ ဆွေတော်၊ မျိုးတော်၊ မှူးတော်၊ မတ်တော်အပေါင်း ခြံရံလျက် ရွှေဝေါနှင့် ယှက်တော်မူ၍ နန်း တော်သစ်အရပ်၌ လွှတ်တော်အရှေ့မြောက် နန်းမြို့တွင်းဝယ် သင်္ဂြိုဟ်တော်မူ သည်။ ပြုတော်မူသော ကောင်းမှုတော်ကား မြတ်နန်းဘုံစံ နန်းတော်သစ် တောင်တွင် ဝဏ်ပါစေတီတော်၊ တောင်လေးလုံးစေတီတော်၊ နန်းတော်သစ် မြောက်တွင် ကျောက်ပြုရုပ်တု စေတီတော်၊ နေ့ဘက် လောကသာရပ္ပတွင်သည်။ လေးကျွန်းမာန်အောင်စေတီတော်၊ ဆင်ကျုံး စစ်ကိုင်းသောတာပန်အရပ်တွင် ရင်းမင်္ဂလာရန်အောင် စေတီတော်၊ ကျောင်း ဖေယျမာန်အောင် စေတီတော်၊ ငွေစင်နား၌ မဟာမင်္ဂလာမာန်အောင် စေတီ ၎င်းမြတ်မာန်အောင်စေတီတော်၊ ဂန္ဓမာဒနတောင် ကြေညာလွှန် တော်မြင်းမိုရ်တောင်နှင့် ဗုဒ္ဓဂယာမဏ်စေတီတော်၊ လွှတ်ကျောင်းတော်၊ မုန်စီကျောင်းတော်၊ မြို့သာထွန်းဦးမြို့ထိ အောင်မြေခံ ကောင်းမှု အလဲ့ပ စေတီတော်ကိုလည်း ရွှေထည့်တော်မူ၍ ခမည်းတော်ဘုရား လောကမာန်အောင် သမုတ်တော်မူသည်။ ရွှေထီးအထွတ်တင်လှူတော်မူပြီးလျှင် ဆည်းပူးတော်မူ၍ မြတ်နန်းဘုံစံနန်းသစ် ကြီးသို့ စသော ကောင်းမှုတော်တို့ကို စည်းစိမ်တော် တစ်ဆယ့် တော်၌ စံတော်မူ ကြိုက်အိမ်နိမ့် နှစ်ဆယ့်ခြောက်နှစ် ရောက်လိုသော် ကိုးနှစ် သက်တော်လေးဆယ့်ငါးနှစ်တွင် အနိစ္စရောက်တော်မူ၏။ လထက် ပျောက်သိပ်နား၏။ ကြယ်တံခွန်မြင်၏။ ကောင်းကင် အမိုးထွက်၏။ နိမိတ်တဘောင် အထူးထူးပေါ်၏။ နံတော် ဘုရား ပုထိုး ပြဒ္ဒိဟာမြင်၏။ တနင်္ဂနွေသားတည်း။

သားတော် သမီးတော် တို့ကား မိဖုရားကြီး သီရိ မဟာ မင်္ဂလာ ဒေဝီတွင် သားတော် ရမည်းသင်းစားကို အိမ်ရှေ့နှင်းမည့် ဆဲဆဲတွင် ကျောက်ပေါက်၍ လွန်သည်တစ်ပါး၊ ညီတော် ဘောင်းလင်းစား ငယ်ကလွန်သည်တစ်ပါး၊ ညီတော် လယ်ကိုင်းစားငယ်ကလွန်သည်တစ်ပါး၊ ညီတော်ပင်လယ်ငယ်စားငယ်ကလွန်သည် တစ်ပါး၊ နှမတော်မြင်စိုင်းမြို့စားသီရိသုနန္ဒာတစ်ပါး၊ မောင်တော်စစ်ကူးစား အိမ်ရှေ့နှင်း၍မင်းဖြစ်တော်မူသည်တစ်ပါး၊ နှမတော်မြေဒူးမြို့စား အဂ္ဂမဟေသီ

တစ်ပါး၊ ညီမတော် နန္ဒာမဟေသီတစ်ပါး၊ မောင်တော် သတိုးမှူးရာဇာတစ်ပါး၊ ညီတော် ငယ်ကလွန်သည်တစ်ပါး၊ ပေါင်း ဆယ်ပါးတည်း။ ခမည်းတော် သမီး သီရိစန္ဒာဒေဝီတွင် သားတော် သရက်မြို့စားတစ်ပါး၊ ညီတော် မြင်းခုံတိုင်စား တစ်ပါး၊ ညီတော် ဟင်းသာစားတစ်ပါး၊ ညီတော် မိတ္ထီလာစားတစ်ပါး၊ ညီတော် ဆင်ယင်စားတစ်ပါး၊ နှမတော် တောင်ပွမင်း မိဖုရားတစ်ပါး၊ ပေါင်းခြောက်ပါး၊ ခမည်းတော် သမီး သီရိဓမ္မာဒေဝီတွင် သားတော် သာယာဝတီမင်း မိဖုရားတစ်ပါး၊ ပေါင်း နှစ်ပါး၊ သားတော် မောင်မင်းတစ်ပါး၊ နှမတော် ကား လှိုင်းတက်ကတော်တွင် သားတော် မောင်မြတ်ပုတစ်ပါး၊ ကိုယ်လုပ်တော်တွင် မြင်သည် မြတ်စံတစ်ပါး၊ နှမတော် မင်းရွှေခဲတစ်ပါး၊ ပေါင်း သုံးပါး၊ ညီမောင် ကတော်တွင် သားတော် မောင်ရွှေပြည်တစ်ပါး၊ ပေါင်း သုံးပါး၊ တောင်ကလား ခင်ရွှေရည်တစ်ပါး၊ ဝါးရုံကတော်တွင် သမီးတော် ဥယျာဉ်ထိုင်တစ်ပါး၊ မင်းရွာကတော် သမီးတော် ကတော်တွင် သားတော် မင်းရဲလှကျော်တစ်ပါး၊ ညီတော် မင်းရဲလှစံတစ်ပါး၊ မင်းမ ပေါင်း နှစ်ပါး၊ ပဲတွဲကတော်တွင် သမီးတော် ခင်ရွှေပြည်တစ်ပါး၊ မောင်တော် ကသာစားတစ်ပါး ပေါင်း နှစ်ပါး၊ မြင်ကွန်း ကတော်တွင် သားတော် မောင်မြတ်တစ်ပါး၊ ကျုံပင်း ကတော်တွင် သားတော် မောင်ညိုတစ်ပါး၊ ရွာသာ ကတော်တွင် သားတော် ပေါက်မြို့စားတစ်ပါး၊ ပေါင်း နှစ်ပါး၊ ချောင်းဦး ကတော်တွင် သားတော် ငယ်ကလွန်သည်တစ်ပါး၊ ထန်းတပင် ကတော်တွင် သမီးတော် ခင်ပလောင်းတစ်ပါး၊ တိုင်းခြောက် ကတော်တွင် သားတော် မောင်ဘုရားတစ်ပါး၊ ချောင်းနက် ကတော်တွင် သားတော်မောင်သုတစ်ပါး၊ ဆီသည်ရွာ ကတော်တွင် သားတော် မောင်မြတ်တင်တစ်ပါး၊ လှဝင်းဆီ ကတော်တွင် သားတော် မောင်မြတ်ညိုတစ်ပါး၊ ချယားကုန်း ကတော်တွင် သမီးတော် မင်းပုတ္တလုံတစ်ပါး၊ မင်းမိဖုရား ကိုယ်လုပ်တော်တွင် သားတော် နှစ်ဆယ့်ခုနစ်ပါး၊ သမီးတော်တစ်ဆယ့်တစ်ပါး၊ ပေါင်းသုံးကျိပ်ရှစ်ပါး၊ သီရိပဝရ မဟာရာဇာဓိပတိ မင်းတရားကြီး ဘုရားကား နှလုံးသိမ်မွေ့၏၊ ပညာရှိတို့နှင့် တိုင်ပင်လေ့ရှိ၏။ အတွေး အခေါ် ရှိ၏။ အမျက်စောင်မာန်နည်း၏။ အေးလေး ငြိမ်သက်၏။ အချုပ် အတည်း အဆင် အခြင် ရှိ၏။ ရတနာသုံးပါး၌ ရှိခိုး လေးမြတ်၏။ စွန့်ကြဲပေးကမ်းခြင်းရှိ၏။ တရားဆယ်ပါးကို စောင့်၏။ ပြည်ထဲ သာယာ၏။ မိုးရေမှန်၍ ဝပြော၏။ သက္ကရာဇ် (၁၀၉၅) ခုနှစ် နတ်တော် လဆန်း ကိုးရက် စနေနေ့ ခမည်းတော် လေးကျွန်းမာန်အောင် ဘုရား၏ ယာကာ နတ်ရွာစံတော်မူလျှင် သားတော် ထိပ်ရွှေမင်းသည် မဟာဓမ္မရာဇာဓိပတိ တံဆိပ်

မိဖုရားကြီးကို မဟာဓနီနွာ နာပံတော်ကို ခံ၍ ရွှေနန်းတက်တော်မူပြီးသော် မိဖုရားကြီးကို မဟာဓနီနွာ နာပံတော်ကို ခံ၍ မဟာရာဇာဓိပတိဒေဝီ၊ အလယ်နန်းတော်ကို မိပတိဒေဝီ၊ တောင်ဆောင်တော်ကို မဟာရာဇာဓိပတိဒေဝီ၊ နှမတော် အကြီးကို အဂ္ဂမဟေသီ၊ အငယ်ကို သီရိပဘာ မဟာဓိပတိဒေဝီ၊ ညီတော် မင်းရဲ ကျော်စွာကို သတိုး ဓမ္မရာဇာ အမည် ခံစေ၍ တွင်းသင်းမှူးကြီး သားမက် မြို့ဝန်ဟောင်း မောင်ပုကို သီရိဇေယျကျော်ထင် အမည်နှင့် ဝန်ဖက် ခန့်တော်မူ၏။ အထိန်းတော် စာသင်ဆရာ ရာဇ နန္ဒကို နန္ဒမိတ် ကျော်ထင် အမည်နှင့် အတွင်းဝန်ဖက် ခန့်တော်မူ၏။ နောက်ကို အိမ်ရှေ့ အိမ်တော်မှာ နေစေ၍ ဘုရင့်နောင် ခံပြီးလျှင် မြောက်နန်း တွင်စေ၏။ မြတ်နန်းဘုံရံ နန်းတော်သစ်ကို အောင်နန်းကျော်ဘုံ သမုတ်တော်မူသည်။ ခမည်းတော် ကောင်းမှု နန်းတော်သစ်မြောက် စေတီကို ရွှေထည့်၍ လောကသာရဖူ ကမ္ပည်းတင်ပြီးလျှင် ရွှေထီးတင်တော်မူသည်။ ပညာရှိတို့က စစ်တောင်းသို့ ကိုယ်တော် ရောက်တော်မူရမည် ကိန်းခန်းရချေသည် လျှောက်၍ စစ်တောင်းက မြေကို ယူစေပြီးလျှင် စစ်တောင်းနှင့် နံတူသည့် မြို့အနောက် ဆင်တဲအရပ်၌ သာယာညီညွတ်သည့် မြေအပြင်တွင် ထိုမြေကို ဖြန့်ကြဲစေ၍ နန်းတော်ဆောက်ပြီးလျှင် နန်းတော်ကို ကျော်အောင်စံနန်း သမုတ်စံတော်မူသည်။ နောက်မှ ထို နန်းတော်ကို သိမ်း၍ အဝ မြို့တော်မှာ ကျောင်းဆောက်ပြီးလျှင် ပုခန်းကြီးမြို့ ကျေးပိုက်သင် ပထမကျော် ရှင်ဉာဏဝရကို တင်လှူ၍ ကျော်အောင်စံထားဟု တွင်၏။ သက္ကရာဇ် (၁၀၉၇) ခုနှစ် ဆင်တဲနန်းတော်၌ စံတော်မူကြိုက် ဘုရင့်နောင် နန္ဒမိတ်ကျော်ထင် ကုန်းချောရာ နားမှား၍ အပြစ်မရှိသည်ကို ဝန်ကြီး သီရိဇေယျ နော်ရထာ၊ အတွင်းဝန် ကျော်ထင် နန္ဒမိတ်၊ သက်တော်ရှည် ရွှေတိုက်ဝန် နန္ဒသူရိယ၊ အသည်းဝန် နေမျိုးစည်သူတို့ကို မြစ်ညာခိုတောင် ပေါက်တောသို့ ဆန်၍ ကွပ်ရာ မှားလေ၏။ ထိုအကြောင်းကို ပညာရှိတို့ ကြားလျှင် မြစ်ညာသို့ တင်၍ မစီရင်သင့်သည်ကို စီရင်သည်မှာ ပြည်ရွာ မငြိမ်မသက် ရှိလတ္တံ့ဟု ဆိုစကြ၏။ ထိုအခါမှစ၍ ပြည်ရွာ မငြိမ်မသက် ရှိသည်နှင့် အဝမြို့ ပျက်ခါနီးတွင် ကိုပုရှိသော်သည်ကဲ့သို့ မဖြစ်ရလေဟု ဝန်ကြီး သီရိဇေယျ နော်ရထာတို့ ကောင့်တ၏။ ထိုသက္ကရာဇ်တွင် မြေဒူးမြို့သို့ ကသည်းတို့ ဆင်းလာ၍ ကုလားမြန်မာတစ်ထောင်၊ ကျော်ခန့် ဖမ်းယူသွားလေ၏။

## ကသည်းတို့ ချီတက်လာ၍ စစ်ကိုင်းသို့ ရောက်ခြင်းအကြောင်း

သက္ကရာဇ် (၁၀၉၈) ခုနှစ် တပေါင်းလဆုတ် ယောင်က လေမုန်တိုင်း ပြင်းစွာသဖြင့် လောကသရုပ်ပြဘောင် မြောက်ပြင်သို့ ကျ၏။ ရွှေစည်းခုံ စသော စေတီတော်များလည်း ထီးတော် မဟာရုပ်ညွှတ်ကုန်၏။ သစ်ပင်ကြီး အများ လဲကုန်၏။ ။ မြေကြီးအစိဘ်စိတ် ကွဲ၏။ ယင်းသောအခါ စစ်ကိုင်းချောင်မှာ ရှင်လုဘုရား ပျောက်သောကြောင့် ပုဏ္ဏားစေပြုနှင့် သံသရာဇာ အကြီးကို ကွပ်တော်မူ၏။ ရှင်တာဗေဒါပလည်း ဇော်ဂျီ တို့ကို လက်ခံလေသောကြောင့် တောင်တွင်းကြီးသို့ ပို့တော်မူ၏။ သက္ကရာဇ် (၁၀၉၉) ခုနှစ် ကသည်းတို့ ချီလာသည်ကို ကြားတော်မူ၍ စစ်သည် ငါးရာ မြင်းငါးဆယ်တို့ကို လက်ယာရံတိုင်စစ်ကဲ ပုန်းတကားစားကို တပ်မှူး၊ စစ်သည်ငါးရာ၊ မြင်းငါးဆယ်ကို လက်ဝဲရံတိုင်စစ်ကဲ၊ ရဟိုင်းမြင်းမှူးကို တပ်မှူး ခန့်၍ စစ်သည်တစ်ထောင် မြင်းတစ်ရာနှင့် တော်သလင်း လဆန်း ကိုးရက် တနင်းလာနေ့ ကသည်းတို့ကို အစုံအစမ်းချီရသည်။ ဒီပဲယင်းမြို့သို့ ရောက်လျှင် ရဟိုင်းမြင်းမှူးကား ဗဒုံမြို့ကို လှည့်လည်၍ အနောက်ချောင်းတွင်း မြစ်နားသို့ ချီမည်ဆိုသည်ကို ပုန်းတကားစားက ဗဒုံကားတောင် ကသည်းကားမြောက် ဖြစ်သည်ဆိုသည်။ ဗဒုံသို့ မလိုက် မြောက်သို့ ချီသွားလေ၏။ ရဟိုင်းမြင်းမှူးကား ဗဒုံသို့ သွား၍ အနောက် ချောင်းတွင်းမြစ်နားသို့ လျှောက်၍ ချီသွားလေ၏။ ပုန်းတကားစားလည်း တပ်မကိုဆိုင်း၍ ချီသွားလေ၏။ မိုင်းညောင်းအရပ်တွင် ကသည်းတို့နှင့် တွေ့၍ တိုက်ကြလျှင် စစ်အားမတန်၍ ပုန်းတကားစား တပ်ပျက်လေ၏။ ကသည်းတို့လည်း လိုက်ထပ်လာ၍ နန်းသီးအရပ်တွင် ရဟိုင်းမြင်းမှူး တွက်၍ တပ်က လိုက်ချေသောကြောင့် စစ်အား မတန်သည်နှင့် တပ်လုံး ပျက်သည်။ ရဟိုင်းမြင်းမှူးလည်း ယင်းတွင်ပင် ဆုံးချေ၏။ ထိုအကြောင်းကို ကြားတော်မူလျှင် ဂူနှတုရင် တစ်တပ်၊ မဏိစကြာ တစ်တပ်၊ ဆင်နှစ်ဆယ်၊ မြင်းခုနစ်ရာ၊ စစ်သည် ငါးထောင်နှင့် သုဓွေးမြင်းမှူးကို ဗိုလ်ချုပ်ခန့်၍ ပြသိုလ ချီရသည်။ ဒီပဲယင်းမြို့ မြောက် မိုးတောင်ကွမ်းတုံအရပ်တွင် တပ်ခိုင် တပ်လုံတည်၍ နေ၏။ ကသည်းတို့လည်း နန်းသီးကသည် မိုးတောင်ကွမ်းတုံသို့ ဆင်းလာ၍ မြန်မာတို့ စစ်သည် အင်အား နည်းသည်ကို သိလေလျှင် ဖိဖိ စီးစီး တိုက်လေ၏။ သုဓွေးမြင်းမှူးလည်း အယစ်အဝသောက်စား၍ နေလေသောကြောင့် မဏိစကြာ ဂူနှတုရင် သုဓွေးမြင်းမှူးတို့သည် ယင်းတွင်ပင်

ဆုံးချေ၏။ ရဲမက်တော်တို့သည်၊ သုံးရာတစ်ရာခန့်မျှသာ ကြွင်းချေ၏။ ကသည်း၊ တို့သည်၊ မီးဘောင်ကျမ်းတုံကသည့် ဒီပဲယင်းတိုင်အောင် အိမ်ရာ ကျောင်းကန် ပုထိုးများကိုဖျက်ဆီး၍ပြန်လေ၏။ သက္ကရာဇ်(၁၁၀၀) ပြည့်နှစ်တွင် လက်ယာဒိန် မတ်တစ်တပ်၊ မျှတော်စားတစ်တပ်၊ သီလရွာစားတစ်တပ်၊ ပုန်းတကာစား တစ် တပ်၊ လက်ဝဲဘယတစ်တပ်၊ မင်းရဲမင်းလှကျော်တစ်တပ်၊ မင်းရဲဇေယျသူတစ်တပ်၊ ဟ်သာဝတီတစ်တပ်၊ မုတ္တမတစ်တပ် သည်တပ်ပေါင်း တစ်ဆယ့်တစ်တပ်တွင်ပါ သည့် တိုက်ဆင်သုံးဆယ်၊ မြင်းသုံးထောင်၊ စစ်သည်သူရဲတစ်သောင်းငါးထောင်နှင့် မင်းရဲကျော်ခေါင်တပ်မှတွင် ရာဇဗ္ဗန္ဓကိုစစ်ကဲခန့်၍ တပ်ပေါင်း ဘစ်ဆယ့်နှစ် တပ်၊ မင်းရဲကျော်ခေါင်ကို ဗိုလ်မှူးခန့်၍ တန်ဆောင်မုန်းလပြည့်ကျော် ငါးရက် တနင်းလာနေ့ ကသည်းတို့ ချီရသည်။ အောင်သံသက်သို့ ရောက်လျှင် ကသည်းတို့ လာသည့် ရှေ့တပ်နှင့် တွေ့၍ တိုက်ကြရာ ကသည်းတို့ ဆုတ်သည့်အခွင့် လိုက်၍ တိုက်သည်။ သန်ခံချောင်းဝသို့ ရောက်သျှင် ကသည်းဗိုလ် အသံစိမ်း မြင်းနှင့် အပြင်းလှတ်လာသည်ကို ခရွှအပ်ဦး မွန်စဏ္ဍရှုဆီးကြို၍တိုက်သည်။ အသံစိမ်း ကျလေ၏။ မွန်စဏ္ဍရှုကို ကသည်း စန္ဒယော်ကူ၍ တိုက်ပြန်သည်။ စဏ္ဍရှု ကျလေ၏။ စန္ဒယော်ကို တလျှင်းပိုက်ပမာ တိုက်ပြန်သည်။ စန္ဒယော် ကျလေ၏။ ယင်းသို့ ကသည်းတို့က စွန့်စွန့်ထွက်လာသည်ကို ရှေ့တပ်မှူး၍ မွန်တို့ ဆီးခံ တိုက်လေ၏။ တပ်ဦး မလှုပ်မရှားနိုင် ရှိလေသျှင် ကသည်းတို့က အနောက် တောင်ယံနားသို့ လှည့်ပြီးလျှင် နောက်ကပတ်၍ တပ်မကို စစ်အား ဖိ၍ တိုက်လေသည်။ တပ်အလုံးပျက်၍ ကိုယ်သွတ်သာ ခိုကြလေ၏။ မင်းရဲကျော် ခေါင်လည်း မစည်းမကြပ် နိုင်လေသျှင် ရုံးမိသမျှနှင့် ဆုတ်ခဲ့၏။ ဒီပဲယင်းမြို့သို့ ရောက်မှ ဗိုလ်စုတပ် ရုံးစုမိ၏။ ထိုနှစ် ညီတော် သတိုးဓမ္မရာဇာကို ယုံကြည်တော် မမူ၍ အကြီး အကဲတို့ကို ကုပ်ပြီးလျှင် မြို့ရွာ ခြေရံ ကျေးကျွန်တို့ကို နုတ်သိမ်း တော်မူ၏။ မင်းရဲကျော်ခေါင်၊ မင်းရဲ မင်းလှကျော်၊ မင်းရဲရာဇသူနှင့် ဗိုလ်မှူး တပ်မှူးတို့လည်း ခေါ်တော်မမူသောကြောင့် သက္ကရာဇ် (၁၁၀၁) ခုနှစ် ဒီပဲယင်းမြို့တွင် မိုးခိုကြရ၏။ ဘဝရှင် မင်းတရားကြီး၊ ဘုရားလည်း မင်းရဲ ကျော်ခေါင်တို့ တပ်ဆုတ်၍ ဒီပဲယင်းမြို့မှာ စုရုံးရပ်နေရကြောင်း၊ မိုးရေစဲသည့် ကာလ ကသည်းတို့ ချီလာမည့် အကြောင်းများကို ကြားတော်မူ၍ မင်းရဲ ဇေယျသူကို အလုံးအရင်းနှင့် မင်းခင်းမြို့က ရပ်နေရမည် ခန့်ထားတော်မူသည်။ ဒီပဲယင်းမြို့ကလည်း အလုံးအရင်း ခွဲဝေပေးအပ်၍ မင်းရဲရာဇသူကို မြေဒူးမြို့က ရပ်နေစေ၊ မင်းရဲကျော်ခေါင်၊ မင်းရဲ မင်းလှကျော်တို့ နေမြဲ ဒီပဲယင်းမြို့က ရပ်နေ

ဝေ အမိန့်တော်ရှိ၍ ရပ်ခံစောင့်နေကြရ၏။ ကသည်းတို့သည်၊ နတ်တော်လ
ဝယ်သည် သူရဲ နှစ်သောင်းသေသက်နှင့် အပြင်း ချီလာသည်၊ မင်းရဲကျော်ခေါင်
တို့လည်း စစ်အားမျှ ရပ်နေ၍ မြို့ကသာ ခံနေကြသည်။ ထိုအကြောင်းကို
ကြားတော်မူလျှင် ရာဇမဏိစူဠာ ဘုရားရှင်မြောက် မင်းဆံ တောင်မြောက
အနောက်ကို ကောင်းမှုတော်ဘုရား အနောက်တွင် တင်းတိပ်အင်းသို့ ပတ်သိ
အောင် တပ်တန်းထိုးပြီးလျှင် စစ်ကိုင်းမြို့၊ စ၍ အနီးအစပ်မြို့ ကျေးရွာသား
တို့နှင့် တကွ မူးမတ်ဗိုလ်ပါ ပြည့်စေသောင်း၍ ခံနေကြသည်။ ကသည်းတို့လည်း
မြေဒူး ဒီပဲယင်းမြို့များကို မတိုက် မြေဒူးကကို ညီသာ မုဆိုးဘို ဟန့်လင်း
ကြောင်း ချီသည်။ မင်းရဲကျော်ခေါင်တို့သည်၊ ထိုမြေမှ ရောက်အောင် ချီခဲ့
ပြီးလျှင် ရာဇမဏိစူဠာ တပ်တွင်းသို့ ဝင်ခံနှင့်သည်။ ကသည်းတို့လည်း ရာဇမဏိ
စူဠာက ခံသည့် တပ်ကြီးကို မရပ်မဆိုင်း တစ်ဟုန်တည်း ချဉ်းနင်း၍ တိုက်သည်
ပျက်လေ၏။ ခံတပ်ကြီးပျက်၍ အကွဲကွဲအပြားပြား မစည်းမကြပ်နိုင် ရှိချေသည်၊
လူသူအများ ထိပါးသေပျောက်သည်၊ အနောက်ဝန် ရာဇနန္ဒသည်၊ ယင်းတွင်
ပင် ဆုံးချေ၏။ ထိုအခါ ဘဝရှင် မင်းတရားကြီးဘုရားသည်၊ နန်းတော်သစ်တွင်
စံကြိုက်ဖြစ်၍ ဆင်တော်မြတ်ထွတ်ခေါင်နှင့် နန်းတော်သို့ ဝင်တော်မူ၍ မြို့
ပြစီး တင်တော်မူ၏။ ကသည်းတို့သည်၊ ဝေဠုဝန် ဘုရားကြီး တန်ဆောင်းငါး
ထပ်နှင့် ကိုးဆောင်ကိုးလည် ရှိသော လေးထပ်ကြီး၊ ကျောင်းတော်တို့နှင့် တကွ
အိမ်ရာ ကျောင်းကန် ဘုရား ပုထိုးများကို မီးတင်တိုက်ရှို့ ဖျက်ဆီးပြီးလျှင်
စစ်ကိုင်း အနောက်သလွန်မြို့အရပ်ဘက် တပ်ချ၍ လေးငါးရက်ရှိလျှင် ပြန်ကြလေ
၏။ ဘဝရှင် မင်းတရားကြီးလည်း ကသည်းတို့ကို ဆီးခံစီရင်မည့် မင်းရဲကျော်
ခေါင်၊ မင်းရဲ မင်းလှကျော်၊ မင်းရဲဇေယျသူ၊ မင်းရဲရာဇသူတို့ကို ဒီပဲယင်း
မင်းခင်း မြေဒူး မြို့များက ရပ်ခနေစေသည်ကို မဆီးမဆို့ မရပ်မခံသော
ကြောင့် စစ်ကိုင်းမြို့တိုင်အောင် ကသည်းတို့ ပေါက်ရောက်၍ မီးတင်ရှို့ တိုက်ရ
သည်။ မင်းရဲကျော်ခေါင်နှင့် မင်းရဲ မင်းလှကျော်၊ မင်းရဲဇေယျသူ၊ မင်းရဲ
ရာဇသူတို့ကို တွေ့ရာသတ်လေ စေသည့် အတွင်း မင်းရဲကျော်ခေါင်ကို မြင်ငယ်
အရှေ့ဘက် ကျွန်းဦးမှာတွေ့၍ စစ်ကြောသော ကသည်းတို့ အင်အားကြီး၊ ချီလာ
သည်။ စစ်အား မတန်ကြောင်း ကသည်းတို့လည်း မြေဒူး ဒီပဲယင်းမြို့များကို မသိ
မပါး ခရီးအရောက်သာ ချီလာသော အကြောင်းများကို လျှောက်ထားလေ
သည်။ ခြေရင်းတော်သို့ မပေါက် မရောက်သောကြောင့် နှိပ်သည် မင်းရဲကျော်
ခေါင်နှင့် ဗိုလ်မှူး တပ်မှူးတို့သည်၊ စစ်ကိုင်းတပ်ကြီးနှင့် ပေါင်းမိ၍ ရှုံ့စားထမ်း

ရှက်ပါသည်။ စစ်အားကြီးလှသောကြောင့် မခံနိုင် ရှိရကြောင်းများကို စစ်မေး ထွက်ဆို ကြောင်းများနှင့် လျှောက်လျှင် အမျက်တော်ပြေ၍ နောင် သည်ကဲ့သို့ အမှု အရေးတော် လစ်လပ်သည် ငါ ရွှေနားတော် ကြားသိရလျှင် သည် ခေါင်းနှင့် ဆုံးရှုံးရမည်ဟု အမိန့်တော် မြွက်၍ ဖူးတော်နှစ်ဘက် ကြားတွင် ခေါင်းနှင့် ကျော်ခေါင် လည်ကို ဓားနှင့် တင်ရသည်။ ကသည်းတို့ စစ်ကိုင်း မင်း၏ ကျော်ခေါင် လည်ကို ဓားနှင့် တင်ရသည်။ ကသည်းတို့ စစ်ကိုင်း သို့ ရောက်လာ ကြောင်းကား ရောဝတီ စစ်ကိုင်းမြစ်ရေကို ချိုးသောက် ရလျှင် ဥပစ် ဘေးဘက် ရန်မာန်အပေါင်း ပျောက်သည် ပုဏ္ဏားကြီး မဟာသရပူ ယောပြော လေသောကြောင့် လာသောဟူ၏။

သက္ကရာဇ်(၁၁၀၁) ခုနှစ် ကဆုန်လ အဝမြို့ အရှေ့ တောင်ထောင့်ကသည် တောင်လေးထောင့် ဝဲကို လျှောက်ပြီးလျှင် ဘလဲ့ပ လောကမာန်အောင်ကို ပတ်၍ အနောက် ဆင်ရဆိပ် မြို့အနောက် မြောက်ထောင့်သို့ အဆိုက် သစ်တပ် ကြီးတည်တော်မူသည်။ ထိုနှစ် ဟံသာဝတီ မြို့မှာလည်း ရွေးရွှေကြက်ယက် နေ ရင်း ဗိုလ်ယင်း ခွဲမြင်းမှူး ဟံသာဝတီမြို့ဝန် သောအောင်သည် ကသည်းတို့ စစ်ကြီး စစ်ကိုင်းသို့ ရောက်သည် ကြားလေလျှင် မြို့ရွာမှန် အကြီးတို့နှင့် ညီညွတ်တိုင်ပင်၍ သမီးကို နားတွင်းမည် အဟန် ပွဲသဘင် ခံပြီးလျှင် ကျိုစိုး မောင် ပေါ်၏ သာကစား နဲ့ရွှဲသူကြီး တို့နှင့် တိုင်ပင်၍ အမှုထမ်း မြို့ရွာနေ လူအများတို့ကို သစ္စာတိုက်၍ ပုန်ကန်သည်။ သစ္စာမသောက်သူဘို့ကို သတ်လေ သည်။ နောက် ဟံသာဝတီက အမှုထမ်းအများ သံလျင်ကို တိုက်ရမည် ချီစေ သည်။ တောင်ချောင်းသို့ ရောက်လျှင် သံလျင်သားတို့နှင့် ပြေမည်အကြောင်းကို စကားပြောကြသည်တွင် သောအောင်က မလိုက်လျှင် သံလျင်မြို့သို့ ချီသူအမှု ထမ်းတို့ သားမယားတို့ကို သတ်၍ပစ်သည်။ သောအောင် ဝင်းအတွင်းသို့ သွင်း ထားကြောင်းများကို သံလျင်သို့ ချီသူ ဗိုလ်မှူး တပ်မှူးတို့ ကြားလျှင် ငါတို့ သားမယားကို အသတ်မခံပြီ သောအောင်ကိုပြန်၍ လုပ်ကြံတော့မည် တိုင်ပင် ပြီးလျှင် ဟံသာဝတီသို့ပြန်၍ သောအောင်ကို သတ်လေသည်။ သောအောင် ပုန်ကန်သောကြောင့် မွန်တို့ မငြိမ်မဝပ် ရှိကြောင်း များကို ဘဝရှင် မင်းတရားကြီး ကြားတော်မူလျှင် သက္ကရာဇ်(၁၁၀၂) ခုနှစ် ဝါခေါင်လတွင် မင်းရဲကျော်ခေါင်ကို ရဲမက် ငါးထောင်ကျော်နှင့် ကြည်းကြောင်း ကျော်ဘုံ တံခါးကထွက်၍ ဟံသာဝတီသို့ ချီစေသည်။ အောင်စည်းခုံတွင် အောင်တပ် ရှသည်။ ညဥ့်နေ့မဆို ချီသွား၍ မရောက်မီ ဟံသာဝတီ သားတို့ကလည်း

သောအောင် မယား သားသမီးတို့နှင့်တကွ ပဏ္ဏာ ကာရနှင့်မင်းရဲကျော်ခေါင်
ကို ဆီးကြို၍ဆက်သည်။ သောအောင် မယား သားသမီးတို့ကိုလည်း သူပုန်တို့ကို
စီရင်ထုံးအတိုင်း မင်းရဲ ကျော်ခေါင် စီရင် လေ၏။ ပြီးသက်လျှင် သံလျင်ဝန်
မင်းရဲအောင်နိုင်ကို ဟံသာဝတီ မြို့ဝန်အရာနှင့် ခန့်အပ်ခဲ့ပြီးလျှင် မင်းရဲ
ကျော်ခေါင်တို့ ပြန်ခဲ့၏။ ထိုအခါ ကသည်းတို့မှာ မေနွှာဟု ဆိုသည် မသင့်
မဏိပူရ မှည့်ရမည်ဟု အနောက်ပြည်ကလာသည့် မဟာသရုဂ ဟူသော ပုဏ္ဏား
ကြီးရောက်၍ ပုဏ္ဏားကဆို၍ မှည့်ရသည်။ ထိုကသည်းတို့ ချီလာမည် ကြားတော်
မူ၍ မင်းရဲ ကျော်ခေါင်မှာ ဆင်သုံးဆယ် မြင်း သုံးထောင် စစ်သည်သူရဲ
တစ်သောင်းနှင့်၊ မင်းရဲ နရာမှာ ဆင်သုံးဆယ် မြင်းသုံးထောင် စစ်သည်သူရဲ
တစ်သောင်း၊ မင်းရဲ နန္ဒသူမှာ ဆင်သုံးဆယ် မြင်းသုံးထောင် စစ်သည် သူရဲ
တစ်သောင်းသည်သုံးတပ်တွင် ဆင်ကိုးဆယ် မြင်းကိုးထောင် စစ်သည် သူရဲ
သုံးသောင်းနှင့် တန်ဆောင်မုန်း လပြည့် ကျော် တစ်ဆယ့်နှစ်ရက် သောကြာနေ့
ချီစေသည်။ မြေဒူးမြို့တွင် တပ်ကြီး တပ်နိုင် တည်၍ နေကြ၏။ ကသည်း
စော်ဘွားလည်း အက္ခပတ်မှာ စစ်ကူ တောင်း၍ ဗိုလ် ရှစ်သောင်းကျော်နှင့်
ချီလာသည်။ မြေဒူးသို့ ရောက်၍ ငါးရက်လောက်ရှိလျှင် ကသည်းတို့က မင်းရဲ
ခေါင်တပ်ကို အလျင်တိုက်မည်၊ မင်းရဲကျော်ခေါင် တပ်ပျက်လျှင် တပ်ဆိုသမျှ
ပျက်လိမ့်မည်ဟူ၍ အကြံဖြစ်၍ ကသည်းတို့ စစ်အားကြီး မင်းရဲကျော် ခေါင်တပ်
ကို ဝန်း၍တိုက်၏။ တပ်တွင်းက မင်းရဲကျော်ခေါင်ကွပ်၍ ပစ်ခတ်သည်။ အထိ
အပါး အသေ အပျောက် များလှလေလျှင် ကသည်းတို့ ဆုတ်လေ၏။
ထိုနေ့မှစ၍ မချဉ်းမတိုက် ငုံ့ရှိလေ၏။ မင်းရဲကျော်ခေါင်လည်း ကသည်းတို့
တပ်တွင်းကထွက်၍ မတိုက်ဝံ့ ကြောင်းကို သိလေ၍ ဆယ်ရက်ခန့်ရှိလျှင် ဆင်
မြင်းစစ်သည် သူရဲတို့ကို တောကွယ်ရာက မြှုပ်ထား၍ မြင်းငါးရာကျော် လောက်
ကို ကသည်းတို့ တပ်ရင်းသို့ ချဉ်း၍ စစ်ရေးမြူစေသည်။ ကသည်းတို့လည်း
မြန်မာတို့ ခြေသည် သူရဲ မပါ ချဉ်းလာသည်ဟု အက္ခပတ် မြင်းနှစ်ထောင်
စစ်သည် ငါးထောင် အကြောက် အရှုံ့ မရှိ တပ်က ထွက်၍ လိုက်သည်။
မြူစေသည့် မြင်း ငါးရာကျော် တို့လည်း လှည့်ကာ ပတ်ခါ ဆုတ်ခဲ့
သည်ကို ကသည်းတို့ အရ ဖမ်းမည်ဟု တစ်ဟုန်တည်း အပြင်း လိုက်လေ
သည်။ ပုန်းကွယ် ထားသည့် တပ်အလှန်သို့ ရောက်လျှင် ဆင်မြင်း စစ်သည်သူရဲ
အလုံးထွက်၍ တိုက်သည်။ ကသည်းတို့ကမြင်းတစ်ရာကျော်လူတစ်ထောင်ကျော်
သေလေသည်။ အရှင်ရလိုက်သည်လည်း များ၏။ အက္ခပတ် သားတို့လည်း ရှည်

ကြာသော် သူ့အမှုနှင့် ငါတို့မြန်မာလက်တွင် ဆုံးချေတော့မည်ဟု ဆို၍ပြန်ကြလေ၏။ ကသည်းစော်ဘွားလည်း အကျွပတ်သားတို့ ပြန်သော်သည်တစ်ခါ ကြာပြီးလျှင် မြင်းငါးစီး လင်းကို အရေးတောင်း၍ ပြန်ရမှ ကောင်းမည်ဟု ကြံပြီးလျှင် မြင်းငါးစီး လင်းကို အရေးတောင်း၍ ပြန်ရမှ ကောင်းမည်ဟု ကြံပြီးလျှင် စေရောက်သည့် စကား မဏိပူရလေး တစ်ရာကျော် လက်ဆောင်နှင့် ဟုံးစော်ဘွား ကြားရောက်သည်။ ဗိုလ်မှူး မင်းရဲပြည်ကို အစိုးရသော ဟုံးစော်ဘွား ကြားရောက်သည်။ ဗိုလ်မှူး မင်းရဲကျော်ခေါင်တို့—ရတနာပူရနှင့် မဏိပူရသည် နှစ်ပြည့်တစ်ပြည် ဖြစ်ကြသည်ကို အစွန်အနား နေသူတို့ကြောင့် တိုက်ခိုက် သေကြေ ပျက်စီးကြသည်။ ငါတို့ လည်း ဆရာမဟာသရူ အဆုံးအမကို တည်၍ သားစိမ်း ငါးစိမ်းကိုမျှ မစား တရားသဖြင့် ကျင့်ဆောက်တည်ပါသည်။ ယခု ချီလာသည်လည်း ရန်ငြိမ်းမည့် အကြောင်းကို ပြောဆိုလို၍သာ ချီလာသည်ဟု စေရောက်၏။ ကသည်း စော်ဘွားစကားကို ကြားလျှင် မင်းရဲကျော်ခေါင်က စာပြန်လိုက်သည်ကား ဗိုလ်မှူး မင်းရဲကျော်ခေါင်၊ မင်းရဲနရာ၊ မင်းရဲနန္ဒသူတို့ ကြားရောက်သည်။ ဟုံးစော်ဘွား ဘေးတော် ဟံသာဝတီ ဆင်ဖြူရှင်ဘုရားလက်ထက် စစ်သူကြီး ဗညားဒလတို့ကို စေလိုက်ရာတွင် သမီးကညာ ဆက်သ၍ ရန်စစ်မရှိ၊ ငါတို့ ခမည်းတော် လက်ထက်လည်း ပုပ္ပါးမင်းသမီးကို ဆက်၍ ငြိမ်ဝပ်ကြလေသည်။ ငါတို့ နောင်တော်ဘုရား လက်ထက်တွင်သာ သဘောမဖြောင့်လေသောကြောင့် မိတ်ခင်ပွန်းပျက်၍ ရန်စစ် ကြီးစွာ ဖြစ်ကြလေသည်။ ယခုလည်း တိုင်းစွန်ပြည်နားကို ဖျက်ဆီးသောကြောင့် အသန်းမကသော ရဲမက် ဗိုလ်ပါ ဆင်လုံး မြင်းရင်းနှင့် ကသည်းပြည်အလုံး ညက်ညက်ကြေအောင် ဘထွေးတော် မင်းရဲကျော်ခေါင်၊ မင်းရဲနရာ၊ မင်းရဲနန္ဒသူတို့ကို ဖျက်ဆီးချေ စေတော်မူ၍ ငါတို့ ညီနောင်သုံးပါး ချီလာရသည်။ ရန်စစ်ငြိမ်းလိုသော် ထုံးစံရှိသည့် အတိုင်း ကြံမှ သင့်မည်ဟု လက်ဝဲဘယကို သံဖက်ထည့်လိုက်၏။ ကသည်းစော်ဘွား လည်း စာကိုကြားလျှင် စကားတုံ့မချေ၊ လက်ဆောင် လက်နက် အများ ပေးကမ်း၍ ဆက်သပြီးလျှင် ပြန်လေ၏။ မင်းရဲကျော်ခေါင်တို့ သုံးတပ်လည်း မြေဒူးမြို့က ပြန်ခဲ့ကြရ၏။

## ဟံသာဝတီမှာ မင်းလောင်းပေါ်ခြင်း အကြောင်း

ဟံသာဝတီ မြို့မှာလည်း မြို့ဝန် မင်းရဲအောင်နိုင်သည် သောအောင်နှင့် အဘောတူ ကြံသူ မကြံသူတို့ကို မရွေးချယ်၊ မြို့နေ အမှုထမ်းတို့ကို ကွပ်ညှပ်

စစ်ကြော သတ်ညှစ်သည်။ မြင်းထိန်း၌ ဟံသာဝတီသားတို့လည်း မင်းရဲဇောင်နိုင်ကို လုပ်ကြံပြီးလျှင် အဝိုင်းကရင်ရွာက ကျော့ကရင်တို့က မင်းလောင်းပေါ်သည်ဆို၍ ဟံသာဝတီမြောက် တောနယ်ကြီး သရက်တစ်ပင်တွင် တပ်ကြီးတည်၍ မင်းမြှောက်ကြမည် ရုံးရှိနေကြောင်းကို ဟံသာဝတီသား အမှုထမ်းတို့ ကြားသိသောကြောင့် တိုက်မည် အကြံနှင့် ရုံးချီသွားလေ၍ သရက်တစ်ပင်တပ်သို့ ရောက်လျှင် သူကြီးတို့က အလောင်းမှန် မမှန်ကို စုံစမ်းမည်။ ရဲမက်လူစုတို့ကို တပ်ပြင်ကထားရ၍ လူကြီးတို့ တပ်တွင်းမှာ စုံစမ်းသည်တွင် ကျော့မင်းသည် အခြားမဟုတ် မာန်အောင်ရတနာ ဒါယကာ မင်းတရားကြီး ညီတော်ရင်း ပုဂံမင်း ပုဂံမြို့ပျက်ရာတွင် ကျေးတောရွာသို့ ရောက်၍ ကိုယ်လုပ်တော် သုပပ္ပါက မွေးမြင်သည့် သားတော်ကို ကျော့တို့ မွေးကျွေး သိမ်းထားသည်နှင့် အရွယ်ရောက်လျှင် ရတနာပူရ အဝမြို့တောင် ဂဠုန်နှမ်းခင်း အရပ်တွင် နေသည်။ ထိုနောင် ရှမ်းပြည်သို့ လေလွင့်ပါးရှား၍ ပဲခူးမြို့မြောက် သရက်တစ်ပင်ရွာမှာနေလာကြောင်းများကို စေ့စုံစွာ ကျော့ကရင် ရဟန်းကြီး လူကြီးတို့ ပြောဆိုလျှင် ဟံသာဝတီသားတို့ သဘောကြိုက်ညီကြ၍ ပုဂံမင်းသား သာလှဆိုသူကို ကျော့မင်းဟု ခေါ်ဝေါ် သမုတ်ပြီးလျှင် ဟံသာဝတီမြောက် တောင်နတ်ကြီး သရက်တစ်ပင်တပ်တွင်ပင် မင်းမြှောက်ကြသည်။ ထိုနောက် သရက်တစ်ပင်ကအဝိုင်းသို့ ပြောင်းနေရာတွင် ဟံသာဝတီမြောက် ချောင်းပျားကရင်တို့ လိုက်လာသည်ကို ကျော့မင်းတို့က မှန်တိုနှင့် ဆီးခံ၍ တိုက်လျှင် ကရင်တို့ ပျက်လေသည်။ နောက် ဟံသာဝတီမြို့တွင်းတွင် သမိန်ထော အမည်နှင့် ကျော့မင်းသာလှ နန်းဆောက်၍ မင်းပြုသည်။ ကျော့မင်းနှင့် သဘောတူသူတို့ကိုလည်း ကျော့မင်းသမိန်ထောက အမည် ပေးသည်။ အမတ်ကြီး စောဖြူ တစ်၊ စောဗြာသာ တစ်၊ စောဖြူဟတ္ထိရာဇာ တစ်၊ စောဖြူပုံရွတ် တစ်၊ စောဖြူကောင်အိန် တစ်၊ အဝက ခန့်ထားသည့် ဆင်ဝန်အောင်လှကို ဗညားဗလ အမည် ပေးသည်။ ဗညားအညှ တစ်၊ ဗညားတဗ္ဗ တစ်၊ ဗညားသမန္တ တစ်၊ ဗညားဇွယ်ယဗလရာဇာ တစ်၊ စိတ္တရာဇာ တစ်၊ ဒေါ်ထော် တစ်၊ ဗညားကျော် တစ်၊ ဒေါ်တုတ် တစ်၊ ဗညားဖြူသိဒ္ဓ တစ်၊ ဒေါ်ဗူရက် တစ်၊ သီရိကမန်ပိုက် တစ် ထိုသူတို့နှင့် လူအများကို ဘွဲ့အမည် ပေးသည်။ ထိုအခါ ဇင်းမယ်စားကလည်း သမီးနှင့် သီရိစိတ္တာကို ကျော့မင်း သမိန်ထောသို့ ဆက်သည်။ ကျော့မင်းလည်း ဟံသာဝတီမြောက် ကျုံးဆိုချောင်း အခရဲ တော တစ်ခွင်တွင် မပြတ် ဆင်ကြော့ ဖမ်းသည်။ အရှေ့ဘက် စစ်တောင်းသို့ ကူး၍

လည်း ဆင်ကြော ဖမ်းသည်။ နောက်တစ်နေ့ထက် တစ်နေ့အရှိန် အစော် အားကြီး၍ အနိုင်အပြိုင် ဖြစ်လေ၏။

ထိုသို့ ဟံသာဝတီမှာ မွန်တို့ အားကြီး၍ မြန်မာမင်းတို့ အာဏာ နည်း၍ မငြိမ် မသက် ရှိလေလျှင် မုတ္တမမြို့ကို ဝန်ပြုသော မင်းရဲဒေယျ သူသည် အဝသို့ ပေါက်ရောက်အောင်မျှ မကူးမလာနိုင် သား မယား ကျေးကျွန်စုံရာနှင့် ယိုးဒယားသို့ ပြေးဝင်လေ၏။ ထိုအခါ ယိုးဒယား ကျေးစပ် လဝတို့မှာ ဆင်ကျား ရှိသည်ကြား၍ တောင်းဝယ်စေသည်။ မရလျှင် မွန် ဆင်မှူးတို့ကို စေ၍ ခိုးစေသည်။ မွန် ဆင်မှူးတို့လည်း ဆင်ကို အထိန်း လဝတို့ ထူးခလောက်နှင့် တောတွင် လွှတ်ထား၍ မန်းမဝေးက ဆင်ခလောက် သံကို နားထောင်၍ ကျောင်းစား နေသည်ကို သိလျှင် ဆင်ခလောက်ကို ဝါးပင်ပျားတွင် ဆွဲထားသည်။ ဝါးရုံပင်လေလှုပ်၍ ခလောက် မြည်သံ မပြတ် ကြားလျှင် အထိန်းလဝ ယိုးဒယားတို့က ဆင်ရှိသည်မှတ်၍ ယုန်သမင် လိုက် ဖမ်းကာ မကောက် မသိမ်း နေသည်နှင့် ဆင်ကို မွန်တို့ ခိုးယူ၍ နေ့ ညဉ့် မဆိုင်း ဆောင်ယူ ထွက်ပြေးပြီးလျှင် ကျေ့မင်းကို ဆက်သည်။ ထိုဆင်ကို ရရာတွင်မှ ဆင်ကျားရှင် ခံလေသည်။ ထိုဆင်ကား ဆင်ကောင်းလက္ခဏာ မဟုတ် ပါပလက္ခဏာ ဖြစ်သောဟူ၏။ တွင်းသင်းဝန် မဟာစည်သူ စီရင်သည့် ရာဇဝင် သစ်တွင်မူကား မင်းမြှောက်၍ များမကြာ ဆင်နှင့် ကျား တစ်ပြိုင်နက် ဆက် ရောက်လာသောကြောင့် ဆင် ကျား ရှင်တွင်သည် ဟူ၍ ဆိုလေသည်။ ဆင်ဝန် ဗညားဒလကလည်း သမီးငယ်ကို ဆက်၍ အမတ်ကြီးအရာနှင့် စီရင်ရလေသည်။ သက္ကရာဇ် (၁၁၀၃) ခုနှစ် ဟံသာဝတီမှာ မွန်တို့ နှောင့်ယှက် သောင်း ကျန်းကြောင်းကို ကြားတော်မူလေလျှင် ဓနုဖြူမြို့ရောက် မင်းလုရွှေတောင်ကို အလုံးအရင်း ပေးအပ်၍ ချီနှင့်စေသည်။ မင်းရဲကျော်ခေါင်ကိုလည်း သတိုး မင်းခေါင် ဟူသော အမည်နှင့် ဗိုလ်ခြေ အလုံး အရင်း အများ ပေးအပ်၍ နောက်ထပ် ရေကြောင်း ချီစေသည်။ ပြည်မြို့သို့ ရောက်လျှင် ကြက်တင်း တောင်ကိုပတ်၍ တပ်တည်ရ၏။ ဓနုဖြူရောက် ရွှေချီနှင့်သည့် သတိုးမင်းလု ရွှေတောင်တပ်ကို မွန်တို့ တိုက်လေလျှင် မရပ်မခံနိုင် ပြည်သို့ သတိုးမင်း ခေါင်ရှိရာ ပေါင်းရ၏။ ထိုနှစ် ရေကြီး၍ တံခါးတော်ဝများမှာ ရေမဝင်အောင် ဆည်ဖို့ ရသည်။ ဆည်ဖို့သော်လည်း ရေအားကြီး၍ မြို့တွင်းသို့ စိမ့်ရေဝင်သည်။ မြို့တွင်း နန်းတော်မြောက် လမ်းများမှာ ရဟန်း သံဃာတို့ ဆွမ်းခံလမ်းကို

တံတားခင်းရသည်။ လှေများနှင့် သွားလာကြရသည်။ မြို့မြင် အောင်နန်းကျော်ဘုံ နန်းတော်မှာလည်း ကြမ်းသို့ ရေထိသည်။ ထိုနှစ် ဒေါင်ထိပ် မိုးဘုရားရှင်ကို ရွှေထီးအတွက် တင်လှူတော်မူသည်။ ထိုနှစ် ကသည်းစော်ဘွားက အပတ်ကြီး စန္ဒယော်မော်နီကို လက်ဆောင် လက်နက် အများနှင့် သံစေ ရောက်လာ၍ ဘဲဝဲသို့ ရာဇမဏိစူဠာ တောင်အင်းနားတွင် ဆောက်ထား နေစေသည်။ အောင်နန်းကျော်ဘုံ နန်းတော်တွင် စံတော်မူကြိုက် ဖြစ်၍ ရွှေရုံတော်တွင် ကသည်းတို့ လက်ဆောင်တော်ကို ဆက်ရသည်။ တစ်လခန့်နေစေပြီးလျှင် သံတို့ကို ဝင်စေ အမိန့်တော်ရှိ၍ မြေနန်းတော်တွင် အတွေ့ ခံတော်မူသည်။ စန္ဒယော်မော်နီက ဘွားတော် ပုပ္ပါးမင်းသမီးကို တွေ့လိုပါသည် လျှောက်သောကြောင့် ပုပ္ပါးမင်းသမီးနှင့် သားတော်တို့ကို ပြလျှင် ကသည်းစော်ဘွားက ပါးလိုက်သည့် တဘက်အင်္ကျီတို့ကို ဆက်ပေး၏။ အတန်ကြာလျှင် တရုတ်ပုဆိုး ညောင်ပင်ရမ်း တစ်ကျွန်းကြည့်ဖြစ်အုပ်မျိုး ထည်မျိုး အပိုးများစွာ ထိုက်သော လက်ဆောင်တော်နှင့် ရွှေတဘက် ရွှေအင်္ကျီများကို ပေးတော်မူ၍ ကသည်းသံတို့ ပြန်ကြရသည်။ ထိုနှစ် တရုတ်နန္ဒမိတ်ကျော်ထင်ကို စစ်ကိုင်းမြို့ကို ပေး၍ ရွှေရုံ နောက်ရုံ သင်လုံး မြင်းရင်း သင်းပင်း အစုံနှင့် ဘုရင် ခံရသည်။ သက္ကရာဇ်(၁၁၀၄) ခုနှစ် ပြည်မြို့မှာ သတိုးမင်းခေါင် ခံသည်ကို မလုပ်မရှားနိုင် ရှိလေလျှင် မွန်တို့ တောင်ငူက တောင်တွင်းကြီးမြို့သို့ ဆင်း၍ ပဋ္ဌနာဂိရိ မလှန်စသောအညာတစ်ပြင် မြစ်အရှေ့ဘက် အနောက်ဘက် မြို့ရွာများကို သိမ်းရုံးတိုက်ဖျက်၍ ချင်းတွင်းမြစ်ညာ ကနီ မင်းခင်းသို့ တိုင်အောင် ဆန့်တက် သိမ်းရုံးပြီးလျှင် တံတားဦး ပင်းယ၊ သင်ပန်း တစ်လျှောက် တပ်နှင့်ချည်း နေကြရလေ၏။ ယင်းသို့ အဝမြို့တိုင်အောင် မွန်တို့ ပေါက်ရောက်ကြောင်းကို ပြည်မြို့က သတိုးမင်းခေါင် ကြား၍ လှေတက်အများနှင့် ချီလာသည်။ သတိုးမင်းခေါင် ပုဂံမြို့သို့ ရောက်လျှင် မွန်တို့ စစ်နှစ်ဘက်ညှပ်ချိမ့်မည်ဟု ဆုတ်ခွါကြလေသည်။ တပ်ခွါကြတွင် အဝမြို့တွင်းက ထွက်၍ တိုက်သည်။ မွန်တို့ မရပ်မဆိုင်း တပ်ကိုနုတ်၍ အပြင်း ခွါကြလေ၏။ ထိုနှစ် နိုင်ငံတော် အလုံး မိုးရေနည်း၍ အစားအစာ ဆွတ်ရှားသောကြောင့် ခိုးသား ဓားပြ ထူထပ်၏။ သက္ကရာဇ် (၁၁၀၅) ခုနှစ် သတိုးမင်းခေါင် အလုံးအရင်းနှင့် ပြည်က သံလျင်သို့ ချီ၍ တိုက်သည်။ မွန်တို့ မခံဝံ့ ထွက်ပြေး၍ သံလျင်မြို့ကို လွယ်ကာရလေလျှင် ဓမ္မတော်တို့ အစည်းအကြပ်မရှိ ပေါ့ပေါ့ လျော့လျော့ မြို့တွင်းမှာ ရှိသည်။ အရက် သေစာများကို အယစ်အဝ သောက်စားကြ၍ လူမှန်းမသိ အမူးအထိုင်းရှိသည်ကို မွန်တို့သိ

လည်းကောင်း၊ ဆားလေ့မှောက်သည်တစ်ယောက်မကျန်သကဲ့သို့လည်းကောင်း၊ သားမယားနှင့်တကွ ပျက်စီးခြင်းသို့ ရောက်လေပြီး သည်။ တိုင်းနိုင်ငံ ခန ကျွန်တော်မျိုးဆင်းရဲသား အပေါင်းတို့ ဆင်းရဲခြင်းသို့ ရောက်ကြသည်ဆိုသောစကား သာ စကားဖြစ်သည်ဟု စာပြန်လိုက်၏။ သတိုးမင်းခေါင် စကားကို မှန်ဝိုလ်မှူး တပ်မှူးတို့ကြားလျှင် လက်ဆောင်ထည်မျိုး အုပ်မျိုးများစွာ ဆက်သ၍ တပ်ကိုနုတ်သိမ်း ပြန်လည်ကြပြီးလျှင် မြည်မြို့မှစ၍ မြစ်အရှေ့ဘက် အနောက်ဘက် အောက်မြို့ ကျေးရွာများကို အစောင့်အနေ ခန့်ထားခဲ့၍ ဟံသာဝတီသို့ စုန်လေ၏။ မွန်တို့ စုန်လေလျှင် သတိုးမင်းခေါင်လည်း မလွန် ပဋ္ဌနဂိုရ်မြို့များကို အပြီးအခိုင် မြို့တပ် ပြင်ဆင် လုပ်ဆောင်၍ အခိုင် ရပ်ခနေလေ၏။ ထိုအခါမြောက်ဘက် စည်သာမြို့အုပ်ကို မင်းကြီး ကျော်စွာထင်၊ ခင်ဦး မြင်းစီးကို မင်းကြီးကျော်စွာ ကျော်၊ ကျောက်တာ မြင်းစီးကို မင်းကြီး ကျော်သူ၊ သာစည် အစိုးရင်ကိုမင်းကြီး ကျော်ခေါင်၊ ကန်ပေါက်မြင်းစီးကို မင်းကြီး ကျော်ထင်၊ တောင်ဘက်မြင်း စလက်သူမြင်းစီးကို မင်းကြီးကျော်စွာ ဤသို့အမည် အရည်အဆောင် အချက် ပေးတော်မူပြီးလျှင် လက်နက်လူသူ ဖြည့်သွင်း၍ ကိုယ့်မြို့ကိုယ့်ရွာနှင့် အသီးအသီးနေကြရ၏၊ ခင်ဦးမင်းကြီးကျော်စွာခကျော်သားချစ်ညီကိုလည်း အမှုထမ်း ယောကျ်ားကောင်း ဖြစ်သည်ဟု လကျ်ာပံ့ချီဘွဲ့အမည် ပေးတော်မူ၏။

## ဟံသာဝတီမှာ မင်းပြုသော သမိန်ထောအကြောင်း

သက္ကရာဇ် (၁၁၀၈) ခုနှစ်တွင် ယိုးဒယား မင်းက အထူး ထူးသော လက်ဆောင်ပဏ္ဏာနှင့် ရာဇသံ စေရောက်လာ၏။ သံတို့ကို ရွှေကြက်ယက်က နေစေ ပြီးလျှင် ဝါခေါင်လ ရေပြည့် လျှမ်းမှ လက်ဆောင်တော် များကို ရွှေလှော် ကားနှင့် တင်စေသည်။ သံတို့ကိုမူ ကား လက်သင်နှင့် ဆောင်ယူ၍ ဆင်ရဆိပ်က တက်စေ ပြီးလျှင် သံအကြီးတို့ကို မြင်းနှင့် တင်သည်။ ရာဇသံ စာကို မှုကား ပတ္တမြား သုံးရစ်စီ မှန်တပ် ကွမ်းခွက်တွင် ထည့်သည်။ ရွှေကြိုး ရွှေက တင်သော ဆင်ထက် ဆောင်ယူ၏။ အဝမြို့ တောင်ကုန်း ရှိသည် ကျော်ဘုံ တံခါးသို့ သွင်းပြီးလျှင် ရွှေရုံးတော်တွင် နေစေ၍ အတန်ကြာမှ မြေနန်းတော်သို့ ဝင်စေ ရ၏။ မင်းညီ မင်းသား မှူးခတော် မတ်တော်တို့ကို သနားတော် ခံရသည်။ အဆောင် အရွက် ကျင်းပလျက် နေရာ အစဉ်အတိုင်း နေစေပြီးမှ ဥကင် ဖွင့်

တော်မူ၍ ယိုးဒယားမင်းက ဆက်လိုက်သည့်
ခံတော်မူ၏။ ယိုးဒယား သံ ဘို့ကိုသည်၊ အသူတူးသော လက်ဆောင်ကို အဆက် အသ
သံဖက်ခန့်၍ လွှတ်တော် မူလိုက်၏၊ သက္ကရာဇ် (၁၁၇၉) ခုနှစ် ဟံသာဝတီက
ချီလာ၍ မလွန်ကို ကြည်းရေ နှစ်ဘက် ညှပ်၍ အမြင်း တိုက်ရာတွင် မြို့ဆိပ်က
ပစ်လွှတ်သည့် မြောင်းသင်၍ မွန် ဗိုလ်မှူး ဗညားကျော် ဆုံးလေ၏။
မွန်တို့လည်း ဆုတ်ခွာ၍နေသည်၊ မွန်တို့ဆုတ်သွားသောအခါ မလွန်သို့ချီစ
သည့် တပ်တော်များကို သိမ်း၍ ပြန်လည် ကြ၏။ ထိုအခါ ဟံသာဝတီမှာ
မင်းပြုသော ဆင်ကျားရှင် သမိန်ထောသည်၊ အချို့သောမှူးမတ်ဘို့နှင့် ခင်းမိဖုရား
တို့ကို ဟံသာဝတီမှာ ထားခဲ့ပြီးလျှင် ဗညားဒလ၊ ဗညားအည်၊ ဗညားအဲ့
ဗညား သမန္တ၊ ဗညား ဥယျာဉ် ဖလရာဇာ၊ ဗညား ဗိုလ်မှူး စသော မှူးမတ်
တို့ကိုခေါ်၍ ဆင်လုံးမြင်းရင်း လူနှစ်ထောင်ခန့်နှင့် စစ်တောင်းသို့ သွားပြီးလျှင်
ဆင်ကျော့ဖမ်းလျက် တောကစား၍ နေလေ၏။ နေလ ရှည်လျားသဖြင့် ဟံသာ
ဝတီသို့ ပြန်မည့် အကြောင်းကို မျှော်ကား ကြသော်လည်း မပြန်၊ မိန်းမ
မောင်းမ တို့ကိုသာ စစ်တောင်းသို့ ခေါ်ယူ၍ ကာလ ရှည်လတ်သော်
ဟံသာဝတီမြို့စောင့် မှူးမတ်တို့က နေပြည်တော်နှင့် အကွာအဝေး အရှည်အကြာ
မနေသင့်၊ တိုင်းရေး ပြည်မှုသည်း အငြိမ် အဝပ် မရှိသေးသေး ဖြစ်သည်။ ပြန်
လည်မည့် အကြောင်းကို လျှောက်ထားမှ သင့်မည်ဟု စစ်တောင်းမြို့သို့ ပါသည့်
မှူးမတ်တို့ထံ စေလွှတ်သည်။ စစ်တောင်းမြို့သို့ ဆင်ကျားရှင် နှင့် အတူ ပါလာ
သည့် ဗညား ဒလ ညီအကိုနှင့်လက်ယာဗိုလ်မှူးတို့လည်း ဟံသာဝတီ မြို့စောင့်
မှူးမတ်တို့က မှာထားလိုက်သည့် အကြောင်း အရာများကို ဆင်ကျားရှင်မှာ
လျှောက်ထားသည်ကို အယူမရှိ မပြန်လည် နေလေသည်။ ဟံသာဝတီမြို့စောင့်
မှူးမတ်တို့လည်း ရှည်ကြာသဖြင့် မင်းမဲ့ ပြည်ကဲ့သို့ မငြိမ် မသက် ဖြစ်ရာချေ
သည်။မလိုက်လျှင် လိုက်အောင် ပင့်ခေါ် ရတော့မည် ဟု လူ သုံးထောင်ကျော်
လက်နက် ကိရိယာ အစုံအလင် စည်းကြပ်၍ စစ်တောင်းသို့ ချီလာသည်။
ဟံသာဝတီ မြို့စောင့်တို့က အလုံးအရင်း အများ ချီလာကြောင်းကို ဆင်ကျား
ရှင် ကြားလျှင် ပုန်ကန် သောင်းကျန်း၍ အရ ဖမ်းမည် လာချေသည် အမှတ်
ရှိသောကြောင့် ပါသည့် မှူးမတ်တို့ကို ဆင်မြင်းလူသူ အပ်၍ ဟံသာဝတီက
လာသည့် လူတို့ကို ဟန့်တားစေသည်။ လာသူဘို့ကလည်း ငါတို့ သောင်းကျန်း
ပုန်ကန်သည့်သူပုန် လူဆိုးတို့မဟုတ်၊ မင်း ကို အပင့် ခေါ် လာသသူသာဖြစ်သည်ကို
အဖြောင့် အမှတ် မလာရ၊ ဆီးဆို၊ ဟန့်တားသည်မှာ စစ်တောင်းသို့ ရောက်

မဟောက်မချင့် ဗီဆန်သည်ဖြစ်တော့သည်။ မလိုက်မနာ အဖော်အပေါင်းကို မတော်ချင့် ဗိဆန်သည်ဖြစ်တော့သည်။ အရှင်မထားသာပြီဟု ဆိုကြသည့်အခွင့်မှ ဗညားဒလ ဝန်ခံရလေလျှင် ဗညား ဒလကို နန်းတင်မည် ဟူ၍ စစ်တောင်းက ဟံသာဝတီသို့ ပြန်မည်ကို စီရင်ခန့် ရန် ကြသည်ကား ရှိသမျှ ဆင် မြင်း ဗိုလ်ပါကို သုံးစုသုံးပုံ အညီ အမျှ ခွဲခဝေ၍ ရွှေဖျား ဗညားဒလနှင့်တစ်စု၊ ၎င်းနောက် ဗညားဒလညီနှင့် ဗိုလ်မှူး တပ်မှူး အပေါင်းတို့မှာ တစ်စု၊ ၎င်းနောက်လက်ယာဗိုလ်မှာ တစ်စု ခွဲခဝေစည်းကြပ်၍ လက်ယာဗိုလ်နောက်အုပ်လျက် ပြန်ခဲ့ကြ၏။ ဟံသာဝတီသို့ ရောက်လျှင် မင်းပြု နှင့်သူ ရဟန်းလူထွက် နဲ့ကိုလည်း ဗညားဒလကို လက်ဆွဲခြင်း ကဲ့ဆိုနှင့်၍ ကြည်ကြည်သာသာ ပြောဟောပြီးမှ ရက်လည် ရက်ထပ် ရှိပြီးသော် အမှူး အမတ် တပ်မှူး ဗိုလ်မှူးတို့ အဆောက်ညီလျှင် စုရုံးတိုင်ပင်၍ ရှိနှင့်ရင်း ရဟန်း လူထွက်နဲ့ကို နန်းချပြီးမှ ဗညားဒလကို နန်းတင်ကြလေ၏။

### ဟံသာဝတီ ဗညားဒလကို မင်းမြှောက်သော အကြောင်းနှင့် အဝမှ စစ်မက်ရေး အကြောင်း

ဗညားဒလ အကြောင်းကား ဇင်းမယ်ပါ ဆင်တော်သည်အစု သားတည်း။ ဝမ်းဘဲအင်းတွင် ချထား နေထိုင်သည်။ ဆင်မှုကို ကျွမ်းကျင်သည့် ဟံသာဝတီ မြို့ရှိ ဆင်အစုသားတို့ကို ဟံသာဝတီရောက် မင်းတရားက ဆင်မှူးအရာ ခန့်ထား သည်တွင် ဟံသာဝတီသို့ ရောက်လေသည်။ ဆင်ကျားရှင် မင်းဖြစ်လျှင် ဝင်ထွက် ခယမ်း၍ ဆင်ကျားရှင် သမိန်ထောသည်း အရည် အခြင်းကို ရွေးချယ်၍ အမတ်ကြီး အရာနှင့် ခန့်ထား စီရင်ရသည်။ နောက် ဆင်ကျားရှင် ထွက်သွား သည်မှ ဟံသာဝတီသား ဗိုလ်မှူး တပ်မှူးတို့ မင်းမြှောက်ကြသည်။ မင်းဖြစ်လျှင် ညီတစ်ယောက်ကိုဥပရာဇာ၊ ညီငယ်တစ်ယောက်ကိုဗညားဒလ၊ သားမက်ခေါ်ဖြူဘု တစ်ယောက်ကိုဗညားသိရိ၊ ဘုတစ်ယောက်ကိုဒေါ်တော်စု ဘွဲ့အမည် ပေးသည်။ ဆင်ကျားရှင် သမိန်ထော ယောက်ဖကို သမီးနှင့် ထိမ်းမြား၍ သိမ်းပိုက် ပြုစု ပြီးလျှင် အသီး အသီး အဆောင် အရွက် စားကျေး စားရွာ အသုံး အရင်းနှင့် ချည်း သူကောင်းပြု၍ မင်းမူလေ၏။ ထိုအခါ အင်းဝမှာလည်း စဥ့်ကိုင် အရှေ့ဘက် အုတ်ဘိုတောင်ခြေ၌ ကွေ့တို့ကို အချုပ် အအုပ် ခန့်ထားသည့် သူရိန်စောနှင့် ကွေ့ဂဏ္ဏအိန် နေက် ကောက်တို့သည် အင်းဝက အခွန် အတုတ်ရေး စစ်သိမ်းခံသည်။ သံတမန် ထုတ်ပ် ရောက်ပေါက်သည်။ မယားကျွန်ဖြစ် သား

ကျွန်မြစ် ပုမြင်းလှသည် ဆို၍ သူရိန်စောနှင့် ကျေ့အများ၊ မုံရွာ ချွေကျောင်း၊ မွန် မြန်မာတို့ နေသည့် ကျေးရွာများကို တိုက်ဖျက်လေ၏။ အုတ်ဘိုသို့ ပြန်လည် ရောက်လျှင် ငါတို့ ကျေ့အဝင် အပါ လွတ်စနှင့်သာ ထောင်ထား သော်လည်း၊ မခံနိုင်ရာ တိုင်ပင် ကြံစည်၍ မတ္တရာမြို့ အကြပ် ထောကန် သူ့ရဲ သွေးသောက်ကြီးဘို့ကို ညီညွတ်လျှင် စိတ်ညီကြ၍ ယိုးဒယားက လာရောက် သည့် လဝအိန် ဆိုသူ မင်းလောင်းပေါ်သည်။ အရို အခေသ ချီးမြှောက် မြို့ရ သတင်းလှတ် ပြောပြီးလျှင် အုပ်တို့ကို တောင်ခြေရင်းတွင် ကျေ့တပ်၊ မတ္တရာ တွင် မွန်တစ်တပ် တည်၍ သောင်းကျန်း ပုန်ကန်ကြလေသည်။ ဟံသာဝတီ သို့လည်း၊ မတ္တရာ အုတ်ဘို စသော အညာမြစ်စဉ်တစ်လျှောက် မွန်ဆိုသမျှ တိုင်ပင်ညီညွတ်၍ ဟံသာဝတီကတပ် အရောက် အဆိုက်ကိုသာ မျှော်လင့်၍ နေကြပါသည်။ အလျှင် ချီတက်လာမည့် အကြောင်းကို စာနှင့် လူ စေလွှတ် သည်။ ဧရာဝတီ အရှေ့ဘက် ကျော်စည်တစ်တန်းတွင် ရှိသည့် မြန်မာဘို့လည်း၊ ကျေ့ မွန်တို့ ထောင်ထားလေလျှင် အနောက်ဘက်သို့ချည်း၊ ကူးကြလေ၏။ အင်းဝက စကျင်ဝတွင် တစ်တပ်၊ စဉ့်ကိုင်တွင်တစ်တပ် ရပ်နေစေ၍ ကျေ့တို့ကို အကြိမ်ကြိမ် တိုက်စေသော်လည်း၊ ရဲမက်တော်တို့ ထိခိုက်ရှုနှပ် များလေလျှင် ကျေ့ မွန်တို့ စကျင်ဝတပ်ကို တိုက်ဖျက်၍ ရွှေကြက်ယက်တိုင်အောင် ပေါက် ရောက်၏။ စဉ့်ကိုင်တွင် တပ်ကိုလည်း၊ တိုက်ပြန်သည်၊ ပျက်၍ ဟလင်းမုက်ထိ တိုင်အောင် ထိပါ၊ ပေါက်ရောက်လျှင် ဘဝရှင် မင်းတရားကြီးလည်း၊ မလွန် တပ်မှာ သတိုးမင်းခေါင်ကို ခေါ်တော်မူ၍ ကိုးသိန်းအခင် ဘုရင်မင်းခေါင် ဟူသော အမည်နှင့် စဉ့်ကိုင်တွင် ရေတပ် ကြည်းတပ် အခိုင် ရပ်နေရ၏။ စဉ့်ကိုင်သို့ သတိုးမင်းခေါင် ရောက်ကြောင်း ကြားလေလျှင် ကျေ့တို့လည်း၊ တောတောင်ကြီးရာ အညာသို့ တက်နေမည်။ မတ္တရာ မွန်တို့လည်း ဟံသာဝတီ သို့ သွားကြမည်ဟု မည်မည်ဘ် ရှိသည်တွင် ကျေ့အကြီး သူရိန်စောနှင့် မတ္တရာ အကြပ် ထောကန်တို့ တိုင်ပင်စုရုံး၍ စဉ့်ကိုင်တပ်ကို တစ်ကြိမ်တစ်ခါ စမ်းရစေဦး ဟု ငယ်သားဘို့ကို နားချပြီးလျှင် စဉ့်ကိုင်ကို အရှေ့ဘက်က နေ၍ အရှင် သားကို မဝံ့ပါ၊ မှူးမတ်တို့ ညှဉ်းပန်း နှိပ်စက်သောကြောင့် မရပ် မခံနိုင်၍ အသက်ကို စွန့်စား ထောင်ထား ပါရသည်ဟု စဉ့်ကိုင် တပ်က ကြားအောင် ကျေ့ မွန်တို့ ဟစ်၍ ဆိုသာ၏။ နောက် လေးရက် ငါးရက်ခန့် ရှိလျှင် ကျေ့ မွန်တို့ အညာခက်သင် ငါးပတ်ချောင်းဆိပ်က တိတ်တဆိတ် ကူး၍ စဉ့်ကိုင် တပ်ကို ညဉ့်အခါ ချက်တဖြုတ် တိုက်လျှင်တပ်တွင်းကခံ၍တစ်ညဉ့်လုံး

မှန်တို့ မချဉ်း မကပ်နိုင် အထိ အပါး အဝေး ပစ်ခတ်သည်တွင် ကျေး မှန်တို့ ထွက်ခွါ ဆုတ်ပြေးလေလျှင် အာကာ အလျောက် များလေ၏။ မိုးသောက်မှ ထွက်ခွါ ဆုတ်ပြေးလေလျှင် အာကာ အလျောက် များလေ၏။ မိုးသောက်မှ ထွက်ခွါကြောင်း၊ ဥဗိန်ရွှေတောင် အာကာမကို ဗိုလ်မှူး မြစ်အနောက်ဘက် ကုန်းကြောင်း၊ လိုက်လံ ဖမ်းဆီးစေ၍ ရခဲ့သည့် ကျေး မှန် ကျော်သူတို့ ရေကြောင်း လိုက်လံ စီရင်သင့်ကြောင်းနှင့် လျှောက်ကြသည်ကို သတိုး တို့ကို ထင်ရှားအောင် စီရင်သင့်ကြောင်းနှင့် လျှောက်ကြသည်ကို သတိုး တို့ကို ထင်ရှားအောင် ကျွဲ နွား ထွက်ပြေးရာ လိုက်လံ ဖမ်းမိ မင်းခေါင်က တိုက်တွန်းစေပါးသည့် ကျွဲ နွား ထွက်ပြေးရာ လိုက်လံ ဖမ်းမိ သည်ကို ကျွဲ နွားရှင်တို့ သတ်စားခြင်းသို့ ရှိမည်ဆို၍ ဖမ်းမိသမျှကို ကျွေးမွေး သည်ကို ကျွဲ နွားရှင်တို့ သတ်စားခြင်းသို့ ရှိမည်ဆို၍ ရာဇမင်းခေါင် ရာဇာဓိဆုဒ် ပေးကမ်း၍ လွှတ်လိုက်၏။ သတိုးမင်းခေါင်လည်း ရာဇမင်းခေါင် ရာဇာဓိဆုဒ် ပေးကမ်း၍ လွှတ်လိုက်၏။ သတိုးမင်းခေါင်လည်း တောအုံတောင်တန်းများမှာ ကျေး မှန်တို့ တို့ကို အရှေ့ဘက် မတ္တရာပတ်လည် တောအုံတောင်တန်းများမှာ ကျေး မှန်တို့ တို့ကို အရှေ့ဘက် မတ္တရာပတ်လည် စစ်ကိုင်းတပ်သို့ ပို့လာရ၏။ ထိုအခါ ရှိနေသည်ကို ဖမ်းဆီးစေ၍ ရသည်ကို စစ်ကိုင်းတပ်သို့ ပို့လာရ၏။ ထိုအခါ ရှိနေသည်ကို ဖမ်းဆီးစေ၍ ထွက်ပြေးမည်အဟန် ရှိကြောင်းများကို ရာဇမင်းခေါင်တို့က ယခု မှန်တို့ ထွက်ပြေးမည်အဟန် ရှိကြောင်းများကို ရာဇမင်းခေါင်တို့က ယခု မှန်တို့ ဆင် မြင်း ဗိုလ်ပါ သူရဲတို့ကို အလျှောက်ရောက်သောကြောင့် အရှေ့ဘက်သို့ ဆင် မြင်း ဗိုလ်ပါ သူရဲတို့ကို အလျှောက်ရောက်သောကြောင့် အရှေ့ဘက်သို့ စီရင်ပြီးလျှင် ပို့ဝမြစ်ကို ကူးစေသည်။ သတိုးမင်းခေါင်လည်း လှေဘက်အများ စီရင်ပြီးလျှင် ပို့ဝမြစ်ကို ကူးစေသည်။ သတိုးမင်းခေါင်လည်း လှေတက်ကို ဆိုက်ထားစေပြီးလျှင် ကြည်း ဆန်တက်ချီသွား၍ မြစ်ဆိပ်တွင် လှေတက်ကို ဆိုက်ထားစေပြီးလျှင် ကြည်း ဆန်တက်ချီသွား၍ မြစ်ဆိပ်တွင် မှန်တို့ ထွက်၍မတိုက်၊ ရေ ပေါင်း၍ မတ္တရာတပ်ကို ဝန်းရံပစ်ခတ်သည်။ မှန်တို့ ထွက်၍မတိုက်၊ ရေ ပေါင်း၍ မတ္တရာတပ်ကို ဝန်းရံပစ်ခတ်သည်။ သတိုးမင်းခေါင်လည်း တပ်တွင်းကသာ အခိုင် နေနိုင်အောင် နေလေလျှင် သတိုးမင်းခေါင်လည်း တပ်တွင်းကသာ အခိုင် နေနိုင်အောင် နေလေလျှင် ပြန်လည်ခဲ့၏။ ယင်းသောအခါ တပ်ကိုသိမ်း၍ အနောက်ဘက် စစ်ကိုင်းတပ်သို့ ပြန်လည်ခဲ့၏။ ယင်းသောအခါ တပ်ကိုသိမ်း၍ အနောက်ဘက် စစ်ကိုင်းတပ်သို့ ဟံသာဝတီသို့ မတ္တရာ မှန်တို့က အလျှင်အမြန် ချီလာပါမည့်အကြောင်းကို ဟံသာဝတီသို့ မတ္တရာ မှန်တို့က အလျှင်အမြန် ချီလာပါမည့်အကြောင်းကို စေပြန်သည်ကို ရဲယောင် သန်မာသည့် လူငါးယောက်ကို စာနှင့်ထပ်၍ စေပြန်သည်ကို ရဲယောင် သန်မာသည့် လူငါးယောက်ကို စာနှင့်ထပ်၍ နှစ်ယောက်ကိုသာမိ၍ ဆက်သ ကင်းစောင့်တို့ တွေ့လေလျှင် လိုက်ဖမ်းရာ နှစ်ယောက်ကိုသာမိ၍ ဆက်သ ကင်းစောင့်တို့ တွေ့လေလျှင် လိုက်ဖမ်းရာ ဟံသာဝတီသို့ အလျှောက် သည်။ ထိုသူတို့ကို စစ်သည်တွင် အလျှင်လည်း ဟံသာဝတီသို့ အလျှောက် သည်။ ထိုသူတို့ကို စစ်သည်တွင် အလျှင်လည်း ဟံသာဝတီသို့ အထား စေသည်။ ယခုလည်း ကျွန်တော်တို့နှင့် လူငါးယောက်ကို ဟံသာဝတီသို့ အထား စေသည်။ ယခုလည်း ကျွန်တော်တို့နှင့် လူငါးယောက်ကို ဖမ်းမိသည်။ အဖော် စာနှင့် စေပြန်သည်။ ကျွန်တော်တို့ နှစ်ယောက်ကိုသာ ဖမ်းမိသည်။ အဖော် စာနှင့် စေပြန်သည်။ ကျွန်တော်တို့ နှစ်ယောက်ကိုသာ မတ္တရာသို့ ပြန်မည် မသိနိုင်ပါ၊ သုံးယောက်မှာ ဟံသာဝတီသို့ သွားမည်၊ မတ္တရာသို့ ပြန်မည် မသိနိုင်ပါ၊ သုံးယောက်မှာ ဟံသာဝတီသို့ သွားမည်၊ အကြောင်းများကိုသည်း စာကို အလျှင်စေသည့် အကြောင်း၊ နောက်စေသည့် အကြောင်းများကိုသည်း စာကို အလျှင်စေသည့် အကြောင်း၊ နောက်စေသည့် အတပ် အကြပ် မသိပါ၊ မတ္တရာသားတို့ ကျွန်တော်တို့ မသိ မမြင်ရ၍ မည်သို့ အတပ် အကြပ် မသိပါ၊ မတ္တရာသားတို့ ကျွန်တော်တို့ မသိ မမြင်ရ၍ မည်သို့ အညွှန့်ခံသော်လည်း သား ပြောဆိုကြသည်မှာ သူတို့တောင်ထားလေပြီးသည်ကို အညွှန့်ခံသော်လည်း သား ပြောဆိုကြသည်မှာ သူတို့တောင်ထားလေပြီးသည်ကို မယားနှင့် ချမ်းသာစွာ နေရမည် မဟုတ် ဟံသာဝတီက စစ်ကြီးမရောက်မီ ခံနိုင်အောင် ခံမည်ဟု အကြီးပြုသူတို့ကဆို၍ အုတ်ဘိုသို့ စေလျှင် လက်နက် လှသူအများ အုတ်ဘိုက မတ္တရာသို့ အကူအထပ် ရောက်လာကြောင်းကို ထွက်ဆို

လျှင် သတိုးမင်းခေါင်လည်း ဟံသာဝတီ မွန်တို့ စစ်မရောက်မီ မတ္တရာ အုတ်ဘို ကို သိမ်းယူမည်ဟု အိုးပြီးလျှင် မြစ်ထိပ်တွင် သတိုးမင်းလှကျော်ထင်၊ ဗောဓိအရပ် တွင် မဟာနန္ဒသင်္ကြံတို့ကို တပ်ခိုင်တည်၍ မတ္တရာမြို့ကို ဝန်းရံစေသည်။ နောက် လေ့တက် ဆင် မြင်း ရဲမက်ဗိုလ်ပါ အလုံးအရင်းနှင့် သတိုးမင်းလှကျော်ထင်၊ မဟာနန္ဒသင်္ကြံတို့သို့ ထပ်ခလောင်း၍ မတ္တရာမြို့ကို အထပ်ထပ် ဝန်းရံလေ၏။ မတ္တရာမြို့ ကွေ့ မွန်တို့လည်း မပစ် မခတ် တပ်ကိုသာ နေနိုင်နေစေပြီးလျှင် တပ်ထိပ်က ဟစ်၍ ဆိုသည်ကား၊ ဧဉ္စကိုင် တပ်တော်ကို ကျွန်ုပ်တို့ တိုက်သည်မျှ အမျက်တော်မရှိ၊ ဖမ်းမိသူတို့ကို ကျွေးမွေး ပေးကမ်း၍ လွှတ်တော်မူလိုက် သည်။ ယခုလည်း အသက်ကို ချမ်းသာရပါလျှင် ခြေရင်းတော်သို့ ဝင်ရောက် ပါမည်ဟု ဆို၏။ ထိုစကားကို သတိုးမင်းခေါင် ကြားလျှင် ဝင်ရောက်လာ သမျှလူကိုတစ်စုံတစ်ယောက်မျှမသတ်မဖြတ် ချမ်းသာစေမည်ဟု ရံတပ်ကဟစ်၍ ဆိုစေ၏။ မွန်တို့ကလည်း ရံဘပ်များကို သိမ်းရုပ်ပါလျှင် ယခုနေ့က သုံးရက်နှင့် ခြေရင်းတော်ရောက်ပါမည်ဟု ထပ်၍ ဆိုပြန်လေသည့် စကားကို သတိုးမင်းခေါင် ယုံကြည်သောကြောင့် အရံကိုဖြုတ်၍ မြစ်တိမ်ဘွင် ပွဲသဘင် ခံ၍ ဗိုလ်မှူး တပ်မှူးတို့ စိတ်ချ နှလုံးချ ပေါ့ပေါ့ လျော့လျော့ နေကြသည်။ ညဉ့်အခါ ပေါင်းမြှောင် ရောထွေ လိုက်လာသည့် ကွေ့ မွန်တို့ မြန်မာ တပ်တွင်းမှာ မီးတိုက်၍ တပ်အသုံး လန့်သည်။ ကွေ့ မွန်အများ နောက်ထပ် ချီတိုက်လာ၍ တပ်ဘွင်းသို့ ချဉ်းရောက်လျှင် မီးထင်းဘိုက်ရှို့ ထိုးခုတ် ပစ်ခတ် လေသည်။ ဗိုလ်မှူး တပ်မှူးဘို့လည်း ညဉ့်အခါ ဖြစ်သောကြောင့် မအုပ် မချုပ် မစည်း မကြပ်နိုင်လေ၍ သတိုးမင်းခေါင်ကို ဖောင်သို့တက်၍ ခွါတော် မူပါဟု လျှောက်ကြသောကြောင့် သတိုးမင်းခေါင် ဖောင်သို့တက်၍ အနောက် ဘက်သို့ ကူးရ၏။ ကွေ့ မွန်တို့လည်း မြစ်နားတလျှောက် လိုက်လံ ထိုးခုတ် ပစ်ခတ်သည်။ လူတစ်ထောင်ကျော် သေလေ၏။

ယင်းသော အခါ အောက်မလွန် တပ်မှာလည်း သတိုးမင်းခေါင် မရှိကြောင်းကို ဟံသာဝတီက ကြား၍ ဓောပြ တစ်တပ်၊ ဒေါ်တော်တစ်တပ်၊ ဗညားသီရိ တစ်တပ်၊ ဗညားဒလ တစ်တပ် သည် လေးတပ်ကို ဥပဆာ ချုပ်၍ ချီလာသည်။ မလွန်သို့ ရောက်လျှင် ကြည်းကြောင်း ရေကြောင်း အပိတ် ရံလေသောကြောင့် တပ်တွင်းသားတို့ ငတ်မွတ်ကြသည်။ ဆင်းဝ ကလည်း စစ်ကူရောက်ခဲသည်နှင့် မလွန်မြို့ ပျက်၍ သတိုး မင်းလှ ကျော်ထင် သတိုးတရများတို့ကို မွန်တို့ ရလေ၏။ သတိုးသင်္ဃာနှင့် ရဲမက်တော်တို့ အနည်းမျှသာ အလွတ်ထွက်ခွါနိုင် ချေသည်။ မွန်တို့လည်း မြစ်ဆုံဘိုင်

အောင် ဆန်တက်လာ၍ မြစ်အရှေ့ဘက် အနောက်ဘက် မြို့ရွာမှာ သုံ့ပန်း လူသူ ဖျက်ဆီး ဖမ်းယူလေ၏။ သတိုးမင်းခေါင်လည်း စေဥ့်ကိုင် တပ်တွင် အစောင့်အနေ ခန့်ထားခဲ့ပြီးလျှင် အလုံးအရင်း လှေဘက်အများနှင့် မြစ်ဆုံ ရောက် ဆီးကြိုသည်။ အမြင့်၊ ဗဒုံ၊ ကန်နီ၊ မင်းခင်း၊ ချင်းတွင်းတစ်လျှောက်များက ရောက် ဆီးကြိုသည်။ ဆီးကြို၍ အနောက်ဘက် ဗန့်ကျိ သည် လှေဘက်နှင့်ချည်း နန္ဒင်းကိုင်းက ဆီးကြို၍ အနောက်ဘက် ဗန့်ကျိ တိုက်၊ ယော၊ ဆော၊ လောင်းရှည်၊ ထီးလင်း စသော မြို့ရွာ များကလည်း ပုခန်းကြီးမြို့နှင့် ပေါင်း၍ ဆီးဆို့ ခံနေကြ၏။ တောင်ဘက်ဝတီး၊ တောင်တွင်း၊ ရမည်းသင်း၊ ယင်းတော်၊ မိတ္ထီလာ စသော မြို့ရွာ များကလည်း တလုပ်မြို့က ဆီးဆို့ ရပ်ခံရ၏။ ယင်းသို့ ကြည်း ရေ စစ် လေးမျက်နှာ မဆုတ်မခွါသာအောင် ခံရပ်ကြလေလျှင် မွန်တို့ကလည်း မဆုတ်သာ မတက်သာ အရေး ခဲခဲ သောကြောင့် သာယာစွာ အရေးတောင်းလာ၏။ ဗိုလ်မှူး တပ်မှူးတို့ကလည်း သတိုးမင်းခေါင်သို့ အရေးပေးတော်မမူနှင့်။ သည်အခါ မွန်တို့တပ်ကို ရတော်မူမည်ဟု လျှောက်ကြသည်ကို သတိုးမင်းခေါင်က ယခု အစ်ကိုတို့ လျှောက်သည့်အရေးလည်း သင့်သည့် အရေးပင်ဖြစ်သည်။ သို့ရာတွင် ငါတို့မှာ မတ္တရာ အုတ်ဘိုတစ်ပြင်တစ်ခွင်အရေးလည်း အစသော်ခလော် ရှိချေသေးသည်။ တစ်ကြိမ်တစ်ခါကိုရှိနှင့်စေဦး၍ နောင်သည်ကဲ့သို့ မွန်ဘို့ ချီတက်ရောက် ပေါက် လာပြန်လျှင် မလွတ်ရအောင် ယူမည်ဟု ဆိုပြီးလျှင် အရေးပေး၍ မွန် ဗိုလ်မှူး တပ်မှူးတို့နှင့် ဥပရာဇာတို့ ဆုတ်ခွါလေ၏။ သတိုးမင်းခေါင် လည်း မွန်တို့ ပြန်သွားလေလျှင် အရှေ့ဘက် မတ္တရာ အုဘ်ဘို အရေးကို ထောက်ထား၍ အလျင် စေဥ့်ကိုင်တပ်သို့ ပြန်သွားလေ၏။ ဘဝရှင် မင်းတရား ကြီးလည်း သတိုးမင်းခေါင်ကို အားရတော် မူသောကြောင့် စေဥ့်ကိုင်ကို ကေတုမတီ တောင်ငူသမုတ်တော်မူ၍ နန်းတော် လွှတ်တော် ရှေ့ရုံး နောက်ရုံး ဝင်းလေးမျက်နှာ ရုံးဆောက်စေပြီးလျှင် ဝန်ကြီး၊ ဝန်ထောက်၊ ဝင်းမှူး၊ အတွင်းဝန်၊ သံခံ၊ သံဆင့်၊ နာခံ၊ စာရေးကြီး၊ မြို့ဝန်၊ ထောင်မှူး၊ အနောက် ဝန်၊ မှူးမတ်၊ ဗိုင်းဝင်း၊ ကိုယ်ရံခန့်အပ်တော်မူ၍ မင်းခမ်း မင်းနား အစုံနှင့် သီရိဓမ္မ ရာဇာဓိပတိ တံဆိပ်နာမံကို ခံစေပြီးလျှင် ဘုရင်ခံ မင်းပြိုင် အဖြစ်နှင့် ပကာင်းကြီးဖွင့်ရ၏။ ယင်းသို့သောအခါ အရှေ့ဘက် မတ္တရာမြစ်တိမ်တွင် သတိုး သိင်္ခသူကိုအနိုင်နေစေသည်။ဗောဓိဘူပ်တွင်ဗညားဓမ္မရာဇာကိုအနိုင်နေစေသည်။

လောကသရုပ္ပ ဒါယကာ မင်းတရားအိမ်မက် မြင်တော်မူခြင်းနှင့်

အဝကို ကသည်းစော်ဘွားက အကြံအစည်နှင့် လာခြင်းအကြောင်း

သက္ကရာဇ် (၁၁၁၁) ခုနှစ်တွင် အင်းဝ မင်းတရားကြီး ဘုရား ဤသို့

အိပ်မက်မြင်တော်မူ၏။ မြင်တော်မူကြောင်းကား၊—မြောက်အရပ်သို့ ကြည့်တော်မူသည်တွင် အခ္ခုလောကဓာတ်မှသည် အနောက် လောကဓာတ် ဆိုက်အောင် နက္ခတ် တာရာ ကြယ်အပေါင်း ခြံရံလျက် နေဗိမာန်သည် အစဉ် အတိုင်း အဆက်မပြတ် ပေါ်ထွန်းသည်ကို မြင်တော်မူ၏။ ယင်းသို့ မြင်တော်မူသော အိပ်မက်ကို မိုးသောက်လျှင် ဆရာတော် သံဃာတော်တို့နှင့် ပုဏ္ဏား ပညာရှိ လူပညာရှိတို့အား မြန်ကြားတော်မူ၍ အမေးတော် ရှိသည်တွင် ဆရာတော် သံဃာတော် ပုဏ္ဏားပညာရှိ လူပညာရှိတို့က စာဆက်သွင်းကြသည်မှာ အရှေ့ လောကဓာတ်မှသည် အနောက် လောကဓာတ်သို့ ဆိုက်အောင် ရောင်ခြည် တစ်ထောင်ဆောင်သော နေဗိမာန်သည် အစဉ်အတိုင်းပြိုင်၍ ထွန်းတောက်ပသည်ကို မြင်မက်တော်မူသည်မှာ သားတော်အစဉ် မြေးတော်အဆက် မြစ်တော် အညွန့်တို့သည် အစဉ်အတိုင်း မင်းချည်းနှင့်နှင့် ဖြစ်တော်မူကြ၏။ ဘုန်းတော် တန်ခိုးတော် အာဏာ အဝါတို့သည် နေကဲ့သို့ ထွန်းတောက်ပတော် မူကြလျက် သာသနာတော်ကို ဆောင်ရွက်နိုင်မည်။ နက္ခတ် တာရာ ကြယ်တာရာ အပေါင်း မိုးပြင်ပြည့်လျက် ပေါ်ထွန်းသည်ကို မြင်မက်တော်မူသည်မှာ တိုင်း နိုင်ငံတော်ဖြစ်သော ထီးဆောင်းနန်းနေ မြို့စား ပြစား အပေါင်းတို့သည် သား တော် မြေးတော် မြစ်တော်အဆက်ဆက် မပျောက်မပျက် အခြံအရံချည်းဖြစ်ကြ ရမည်။ အကြောင်းနိမိတ် ဖြစ်ကြောင်းကို ဆက်သွင်းကြသည်။ ထိုနှစ်တွင် ကသည်းဟုန်းစော်ဘွားက အင်းဝမြို့ကို သာလျှင်လည်း တိုက်မည်။မသာလျှင် လည်း သိမ်းပေးမည်ဟု ကြံပြီးလျှင် သားတော် အငယ် ဆနာဟန်ကို မြို့စောင့် ထားခဲ့၍ သားအကြီး ခုရာလပွ၊စစ်သူကြီး စနွယော်မော်နီတို့နှင့် မြင်းသုံးထောင် ကျော် စစ်သည်သူရဲ နှစ်သောင်းနှင့် ချင်းတွင်းမြစ်ကိုလျှောက်၍ နန္ဒင်းကိုင်းက သည် အင်းဝသို့ချီလာသည်။မြောက်ဘက်နွားချေးကျွန်းက တပ်ချ၍ နေလေ၏။ ဘဝရှင်မင်းတရားကြီးလည်း စေဠကိုင်တပ်မှ တောင်ငူရာဇာကို ခေါ်တော်မူ၍ ရွှေကြက်ယက်ကသည့်မြို့အနောက်လုံးတော်ပေါက်အဆိုက် မြစ်လုံးပြည့် လှေတပ် ဦးချင်းစီကာနေရသည်။အင်းဝဘက် ကြည်းကလည်း မြေပြင်ပြည့်မျှဆင် မြင်း လက်နက် ကိရိယာ ဗိုလ်ပါသူရဲ ခင်းကျင်းနေရသည်။ စစ်ကိုင်း မြို့ကိုလည်း ဗိုလ်ပါဆင်မြင်း အပြည့်သွင်း၍ နေစေသည်။ ထိုသို့ ကြည်း ရေ အပြည့်အနှက် အခင်းအကျင်း အလုံးစုံမျိုးကို ကသည်းစော်ဘွားဟုန်း မြင်လေလျှင် အဝမြို့ ကို ငါတို့ ကြံသော်လည်း ကြံနိုင် ရာသော အကြောင်းမရှိချေ၊ အသင့်အတင့် မိတ်ပြုမှသာ ကောင်းမည်ဟု သားခုရာလပွ၊ အမတ် စနွယော်မော်နီ တို့နှင့် တိုင်ပင်ခင်းကျင်းကြသည်။ ထိုနေ့ညဥ့် တပ်ဦး၌ စိုက်ထားသော အလံကို လေ

တိုက်၍ ကျိုးရာတွင် ထိတ်လန့်ခြင်းဖြင်းစွာဖြစ်၍ အသက်တစ်ဆယ့်နှစ်နှစ်အရွယ်ရှိသော သမီးကို ဆက်လေ၏။ ဘဝရှင် မင်းတရားကြီးလည်း ဘုရားတော်ပွဲ၌ မင်းသမီးကို အယောင် အဆောင် ကျင်းပစေလျက် အခြံအရံ အဆင်အယင်တို့နှင့် ကြိုဆို ဆောင်ယူစေသည်။ မြို့အနောက်မျက်နှာ စံရာ တံခါးက သွင်း၍ ရွှေနန်း တင်တော်မူပြီးလျှင် မဟာဒေဝီ ဟူသော အမည်ကို ပေး၍ အထိန်းအယနှင့် ထားတော်မူသည်။ မောင် ဒူရာလပ္ပ ကိုလည်း မင်းစည်သူ ဟူ အမည် ပေးတော်မူသည်။ ကသည်းစော်ဘွားဟုန်း လည်း သမီးကိုဆက်ပြီးလျှင် မြေဒူးကြောင်း ပြန်သွားလေ၏။ ကွေ့မွန်တို့လည်း မြေဒူးမြို့ကို တိုက်မည်ဟု အညာတကောင်း မန်လည်က ကူး၍ ချီလာသည်။ ကသည်းတို့ အပြန်နှင့် တွေ့သောကြောင့် တိုက်ကြလျှင် ကွေ့မွန်တို့ တပ်ပျက်လေ၏။ ကသည်းစော်ဘွားလည်း သင်းတို့ သခင်ကိုသာ သောင်းကျန်း တောင့်ထားသည်မဟုတ်၊ ငါတို့ ခရီးသွားကို ရန်ပြုလာရမည်လောဟု အရှေ့ဘက် တိုင်အောင်ကူး၍ လိုက်ထပ်၍ တိုက်လေသည်။ ကွေ့မွန်တို့ တပ်အများ သေလေ၏။ စော်ဘွားဟုန်းလည်း တပ်ကိုသိမ်း၍ ပြန်လာသည်၊ စဥ့်ကိုင် တပ်တော်သို့ ရောက်လျှင် ကွေ့မွန်တို့ကို တိုက်ပါပြီးမည် အင်းဝရွှေနန်း သခင်မှာ လျှောက်ပါဆို၍ စဥ့်ကိုင်မင်းက လျှောက်ထားလျှင် တိုက်စေ အမိန့်တော်ရှိသောကြောင့် ကသည်းတို့ကို မြင်းအများ ပေးရသည်။ ကသည်း စော်ဘွားနှင့် ဆရာပုဏ္ဏားတို့ စဥ့်ကိုင်ကကူး၍ ကွေ့မွန်တို့ကို ကို တိုက်သည်တွင် ကွေ့မွန်တို့လူတစ်ရာ ကျော်သေ၍ခေါင်းကို စဥ့်ကိုင်တပ်သို့ ပို့လာသည်။ နောက်တစ်ရက် စော်ဘွားကို ကြီးကြပ်၍တိုက်ရာတွင် ထမ်းစင်စီး၍ တိုက်သော် စော်ဘွား ဆရာပုဏ္ဏား နှင့်ယောက် ကွေ့မွန်တို့ သတ်၍ခေါင်းကိုယူလေသည်။ ကသည်းအများလည်း သေချေ၏။ စော်ဘွားဟုန်းလည်း ပြန်ခဲ့၍ စဥ့်ကိုင်တပ်သို့ ရောက်လျှင် နောက်တစ်ခေါက်တစ်ကြိမ်မှ ကုန်စင်အောင် လိုက်လံဆက်သ ပါမည်ဆို၍ ကသည်းပြည်သို့ ပြန်လေသည်။ ရွှေဝသို့ ရောက်လျှင် မြို့စောင့် ထားခဲ့သော သားငယ် ဆနဘဟန်သည် ကသည်းမြို့မှုကို မင်းပြုပြီးလျှင် အဘရှိရာ စေလာသည်ကား၊ မြန်မာပြည်ကို အရ ယူမည်ဟု အလုံးအရင်း၊ ဆင် မြင်း၊ ဗိုလ်ပါ နှစ်သောင်းကျော် သုံးသောင်းနှင့် ချီသွားပြီးလျှင် ငါနှမကိုလည်း မြန်မာမင်းကို ပေးလေသည်၊ သူ့ကျွန် သောင်းကျန်းသည်ကိုလည်း တို့ကျွန် ပင်ပန်းအောင်တိုက်လံလေသည်။ သူ့ကို ရှိခိုးလေပြီးသော အဘကို ငါတို့မြို့သို့ မဝင်ရပြီ၊ မြန်မာ့ကျွန်သာ ခံလေတော့၊ ငါ၏ ကျွန်တော်မျိုး တစ်စုမှာ သားမယား ရှိရာ ငါထံသို့ ဝင်လာ ကြရမည်ဟု ဆနဘဟန်က အဘရှိရာ စေလာသည်

စကားကို ကသည်းဆိုးမျှ ကြားလေလျှင် အမတ် မှူးရင်း မန္တလီတို့နှင့် လူသူ ဆင်မြင်း အများ ဆီးတား မနိုင် ကသည်းမြို့သို့ချည်း ပြေးဝင်ကြလေသည်။ သားခူးရာလပွ၊ အမတ် စန္ဒယော်မော်နီတို့နှင့် မိန်းမယောကျ်ားငါးရာ ကျော်ခန့်သော စော်ဘွားဟုန်းနှင့် ကျန်ရစ် လေသောကြောင့် အတောင် ကျွတ်သော ငှက်ကဲ့သို့ဖြစ်၍ စော်ဘွားဟုန်းလည်း မြန်မာ မင်းကို ချီပင့်၍ ဆနာဟန်ကို ဖမ်းမည်ဟု သားခူရာလပွ၊ အမတ် စန္ဒယော်မော်နီစသော မိန်းမ ယောကျ်ား ငါးရာကျော်လောက်နှင့် ပြန်ခဲ့၍ စဥ့်ကိုင်သို့ ရောက်လျှင် သမီး ဓမ္မ မာလာ ဒေဝီကို တောင်ငူရာဇာသို့ ပေး၍ အကြောင်းမျိုးကို စေ့စုံစွာ ပြန် လေ၏။ တောင်ငူ ရာဇာ ကြားလျှင် နောင်ပြည်ရွာ ငြိမ်ဝပ်မှ ဆနာဟန်ကို ဖမ်း၍ စော်ဘွားဟုန်းကို မင်းမြှောက် စိမ့်မည် ဆိုပြီးလျှင် အဝတ် အစား စားနပ် ရိက္ခာ လုံလောက်အောင် ပေး၍ စစ်ကိုင်း ဘက်တွင် တဲကနွား အရပ် အနေ ဆောက်လုပ်ထား၍ နေထိုင်စေ၏။ နောက်လျှင် အင်းဝ ပျက်မည်ဆဲ ဆဲတွင် ရပ်နေစရာ မရှိသောကြောင့် ကသည်းပြည်သို့ ပြန်သွားရာ ရှူးဝ အရပ်သို့ ရောက်လျှင် ဆနာဟန်က ဆီးကြို ဖမ်းယူ လုပ်ကြံလေ၍ အမတ် စန္ဒယော်မော်နီ သား မင်းရဲ စည်သူတို့နှင့်တကွ စော်ဘွားဟုန်း ဆုံးလေ၏။

## တရုတ် ဥတည်မင်းက သံစေလွှတ်ခြင်း အကြောင်း

ထိုနှစ်တွင် တရုတ် ဥတည်ဘုရားက အာဘာသာရ မြဟွာ ကိုးယောက် အရှုပ်နှင့် မိတ်သဟာယဖြစ်မည် အကြောင်းကို သေူရဲ ဒွန်တာရဲတို့နှင့် လူပေါင်း ငါးထောင်ကျော် ရောက်လာသည်တွင် မနော်ရမ္မ ဥယျာဉ်ကနေစေ၍ အတွေ့ ခံတော်မူသည်။ တရုတ်တို့လည်း ကေ့ မွန်တို့ ရှိုင်းပြည်ကို ဖမ်းဆီးလို ကြောင်းနှင့် လျှောက်လျှင် ကိုယ်တို့သခင်က စစ်ကူမစေ မိတ်ဖြစ်ကြောင်းကိုသာ စေချေသည်။ စစ်တိုက် မခိုင်းသင့် အမိန့်တော် ရှိသည်ကို သေူရဲ ဒွန်တာရဲ တို့ကလည်း ကျွန်တော်တို့ကို စစ်တိုက်မစေသော်လည်း အရှင့်ရန်သူတော်သည် ကျွန်တော်တို့အရှင် ရန်သူတော်ပင် ဖြစ်သည်ဆို၍ လူငါးထောင်ကျော်နှင့် ကေ့ မွန်တို့ကို တိုက်သည်။ အရေးမရလျှင် သံဖက်ခန့်၍ သေူရဲ ဒွန်တာရဲ တို့ကို တရုတ်ပြည်သို့ပြန်သွားစေ၏။ ထိုအခါ အင်းဝမြို့တွင်းက ရဲခေါင်စံကျော် လူသိမ်းသွားမည်အဟန် ဥပါယ်ပြု၍ သားမယားနှင့်တကွ ရုန်သွား၍ မွန် တို့သို့ ဝင်သွားလေ၏။ ထို သက္ကရာဇ်တွင် အင်းဝမြို့တွင် သစ်တပ်ကြီးကသိမ်း၍ တံခါးသုံးဆယ့်သုံးထားပြီးလျှင်မြို့ကြီး တည်ပြန်လေ၏။ သက္ကရာဇ်(၁၁၁၃)ခုနှစ် မိုးရေစဲလျှင် ဟံသာဝတီက ကြည်းကြောင်းမှာ ဗညားဒလ စစ်သည် နှစ်သောင်း။

ရေကြောင်းမှာ ဥပရာဇာ စစ်သည် နှစ်သောင်းနှင့် ချီလာသည်။ အင်းဝက မြစ်စဉ်တစ်လျှောက် တောင်ဘက်တစ်လွှား အထောက်သောက် ခံရပ် ဆီးဆို့စေသော်လည်း မခံမရပ်နိုင်၊ ဥပရာဇာတို့ ရေတပ် ဆင်ဖြူကျွန်းကသည် မြစ်ဆုံတိုင်အောင် ပေါက်ရောက်သည်။ ဗညားဒလတို့ ကြည်း ကြောင်းကလည်း ရေအားတောင်ဘက် လယ်တွင်းတိုင်အောင် ပေါက်ရောက်၍ ကြည်းအား ဘောင်ငူအနွံအစပ် သုံ့ပန်း ဖမ်းယူသည်။ ဘဝရှင် မင်းတရားကြီးလည်း စဉ့်ကိုင်တပ်တွင် ဝန်ကြီးမဟာရာဇာ ခေါ်တော်မူသည်။ တောင်ငူရာဇာလည်း စဉ့်ကိုင်တပ်တွင် ဝန်ကြီးမဟာရာဇာ ခေါ်တော်မူသည်။ အင်းဝသို့ ဗိုလ်ပါ အလုံးတရဖျားတို့နှင့် သူ့ရဲဘို့ကို လုံခြုံအောင် ခန့်ထားခဲ့၍ ကြည်းရေ အင်ကြီးအရင်းနှင့် လာသည်။ ရောက်လျှင် ယခု မွန်တို့က ကြည်းရေ အင်ကြီးအားကြီးချီလာသည်။ အင်းဝမြို့ အနီးအပါး ပေါက်ရောက်သည်ကို နိုင်အောင် စီရင်ဟု အမိန့်တော် ရှိသည်။ ပြည်အလုံးကို တောင်ငူရာဇာကို ငါအပ်နှင်းတော်မူသည်။ အကြောင်းလည်း ငြိမ်ဝပ်အောင် စီရင်အုပ်ချုပ်နိုင်သည်။ ရွှေသို့လည်း အမှုတော်ကို ကြီးစွာအားထုတ် ထမ်းရွက်မည့်သူ ဖြစ်သည်ဟု နှမတော်အငယ် သိရှိမလ္လာဒေဝီနှင့် တောင်ငူရာဇာကို စုံဖက်တော်မူ၏။ တောင်ငူရာဇာလည်း ဥပရာဇာ ဗညားဒလတို့ ရေတပ် ကြည်းတပ် မဆန့်မတက် မပေါက် မရောက် လာအောင် မြစ်ဆုံက ဆီးကြိုသည်။ ကြည်းကြောင်းကလည်း အင်ကြီးအားကြီး ရပ်ခံစေသည်။ မွန်တို့ ရေတပ်ကို တောင်ငူရာဇာ မရပ်မခံနိုင်လေလျှင် အင်းဝမြို့ တိုင်အောင် ဆုတ်ခဲ့၍ ကုလဝဲတွင် လှေတပ်နှင့် တောင်ငူရာဇာ ရပ်နေရသည်။ ဥပရာဇာတို့ ရေတပ်ကလည်း လိုက်ထပ် ဆန်တက်၍ မြို့အနောက် လုံတော်ပေါက် ငါးရာပြားတိုင်အောင် ပေါက်ရောက်သည်။ ဗညားဒလတို့ ကြည်းတပ်ကလည်း မြို့တောင် ပင်းယ တံတားဦးနွားကျော်က သင်ဘန်းတစ်လျှောက် ပေါက်ရောက်၍ တပ်နှင့်ချည်း နေလာ၏။ မတ္တရာ အုတ်ဘို ကျေး မွန်တို့လည်း အင်းဝကို ဥပရာဇာ ဗညားဒလသို့ ကြည်း ရေ ပေါက်ရောက်ကြောင်း စဉ့်ကိုင်တပ်က တောင်ငူရာဇာ အဝသို့ သွားကြောင်းကို အဘပ်သိလေလျှင် ဂုဏ္ဏအိန် အလယ်ဝန် ကျေး မွန်တို့ အနောက်ဘက်သို့ ကူး၍ စဉ့်ကိုင်တပ်ကို တိုက်သည်။

## မွန်တို့ စစ်ရောက်၍ မြို့တွင်းသားတို့ ငတ်မွတ်ခြင်းနှင့် အဝပျက်ခြင်း၊ အကြောင်း

သက္ကရာဇ် (၁၁၁၃) ခုနှစ်၊ ပြာသိုလပြည့်ကျော် တစ်ဆယ့်တစ်ရက်နေ့ စဉ့်ကိုင်တပ် ပျက်ချေ၏။ အဝမြို့မှာလည်း ဥပရာဇာ ဗညားဒလတို့ ကြည်းတပ် ရေတပ်

ပေါက်ရောက် ဝန်းရံလေလျှင် ဆယ်နှစ် ကိုးနှစ်အတွင်း တိုင်းနိုင်ငံတော် မငြိမ် မသက် စနေသင့် စနင်း ရှိ၍ ဆင်းရဲသား ကျွန်တော်မျိုးတို့ ဖြောင့်မှန်အောင် မလုပ် မဆောင် ကြရသောကြောင့် ကြည်း ရေ အကြေ အညာ အစားအစာနှင့် နှစ်စာ လစာ မလှောင် မထားကြရ၊ ကျီတော် ကျတော်များသို့ သွင်းမြဲကိုလည်း မဆောင်မသွင်းကြရ၊ နောက်ကိုလည်းတစ်နှစ်ထက်တစ်နှစ်အချီအထွက် စစ်မက် ပွားများသည်နှင့် မြို့ကို ရန်သူ ဝန်းရံသည်တွင် မြို့တွင်းနေ မှူးမတ် သူဌေး သူကြွယ်တို့ ကျီကျတွင် ရှိသည့် ဆန်စပါး၊ ကျီတော် ကျတော်များတွင် ရှိသည့် ဆန်စပါးများကိုသာ မြို့တွင်းမှာ ရှိနေသည့် နေရင်း လူစုတို့နှင့် တောတွင်း ကျေးရွာက အမှုထမ်း လာရောက်သူတို့ ဝေငှ စားသောက်ကြသည်၊ ကျီကျ ဆိုသည်မှာလည်း ဆန်စပါး ကုန်လေလျှင် မြို့တွင်းသား တို့သည် သစ်ဥ သစ်ရွက်ကိုသာ ချက်ပြုတ် ဝေငှ စားသောက် ကြရသည်။ အမှုထမ်း သူရဲ သူခက်တို့ အမှုတော်ကို ကြိုးပမ်း ထမ်းရွက် ကြသောကြောင့် အဝမြို့ မလှုပ် မရှား နိုင်လေလျှင် ဥပရာဇာ ဗညားဒလတို့လည်း ဗိုလ်မှူး တပ်မှူး တို့ကို ခေါ်၍ ဤသို့ ဆို၏။ ယခု မိုးလေကျခါနီးပြီ ရွှေသို့ မိုးရောက်၍ ရေ ပြည့်လျှမ်းသည် ကာလ အင်းဝမြို့ ပတ်လည် ဆင် မြင်း လူသူ ရ၍ နေနိုင်မည် မဟုတ်၊ သည်တစ်ကြိမ် မိုးရေမကျမီ ပြန်လည်၍ ရွှေမိုးရေ စဲလျှင်စဲခြင်းတစ်ကြိမ် ချီလာ၍ အင်းဝမြို့ကို ဝန်းရံ လုပ်ကြကြလျှင် အင်းဝမြို့ ငါတို့သက်မှ လွတ်နိုင် မည် မဟုတ်ဟု ဆိုသည်ကို မွန် ဗိုလ်မှူး တပ်မှူးတို့ ကြိုက်ညီကြ၍ တပ်ကို နုတ်သိမ်း ပြန်လည်မည် ရှိသည်အတွင်း မြို့တွင်းက ငတ်မွတ် လှသောကြောင့် မြင်တပ်သို့ ထွက်ပြေးလာသည့် လူတို့က ယခု အင်းဝမြို့တွင်းမှာ ထမင်းကို မဆိုနှင့်ဦး သစ်ဥ သစ်ရွက်ကိုမျှ မစားကြရ ငတ်မွတ်လှသောကြောင့် ထွက်ပြေး လာရကြောင်းကို ပြောဆိုလျှင် ဥပရာဇာ ဗညားဒလတို့နှင့် မွန် ဗိုလ်မှူး တပ်မှူး မဆုတ်မခွါ အရေးကို မြော်လင့်၍ နေမြဲ နေလေ၏။ ယင်းသောအခါ ဘဝရှင် မင်းတရားကြီးလည်း ဤသို့ ဆို၏။ ယခု မြို့တွင်း သူရဲ ဗိုလ်ပါတို့ အလွန် ငတ်မွတ် နွမ်းနယ်လှ ချေသည်။ ကိုယ်စီ အသက်ကို စွန့်၍ မွန်တို့ တပ်ကို ဖျက်ဆီးနိုင်သော်သာ လူအပေါင်းတို့ ချမ်းသာရနိုင်မည့် အကြောင်း ပျက်ပျက် ရှိချေသည်။ အသက်လုရေး ရောက်၍ ရှိကြသည်ကို မဆုတ် မနစ် အသက်ကို စွန့်ကြရမည်ဟု အမိန့်တော် ရှိပြီးလျှင် တိုက်ဘော်များတွင် ရှိသမျှ ရွှေ ငွေ အဝတ်အစား အကုန် အစင် ထုတ်၍ စည်သာမြို့စား မင်းကြီး ကျော်စွာ ထင်၊ ရာဇာမင်းခေါင်၊ ထီးလင်းစော်ဘွား၊ ကန်နီမြို့သူကြီး စသော ဗိုလ်မှူး တပ်မှူး သူရဲ သူခက် ရဲမက်ခတော် အပေါင်းတို့ကို အစေ့ အငှ ပေးစေတော်မူ၍

အသျှီးအသီး အာမခံ၍ မွန် ဗိုလ်မှူး တပ်မှူး စစ်ကဲ သူရဲ အပေါင်းတို့လည်း မြို့တွင်းက လူတော် လူမှတ် ထပ်ကာ တို့တပ်ကို ထွက်၍ နင်းမည်ရှိသည် အတွင်း မြို့တွင်းသားတို့ အလွန် ငတ်မွတ်ကြောင်းကို ဥပရာဇာ ထပ်ကာ ထွက်ပြေး၍ မြို့တွင်းသားတို့ အလွန် ငတ်မွတ်ကြောင်းကို ဥပရာဇာ ဗညားဒလတို့ အတပ်သိလေလျှင် တန်ခူး လဆန်း ခြောက်ရက်နေ့ည ကြော်ငြာ ကြုံးဝါး၍ စစ်အားကြီး မြို့ကို တောင်မျက်နှာ အနောက်မျက်နှာက တက်သည်။ ပေါက်၍ မြို့ကြီးတွင်းသို့ ဝင်မိလေ၏။ မွန်တို့ ကြော်ငြာ ပစ်ခတ်သံကို ကြားတော်မူ၍ ပြင်မြို့ကြီး ပေါက်ကြောင်းကို ဘဝရှင် မင်းတရားကြီး သိတော် မူသောကြောင့် မြစ်ငယ် အရှေ့ဘက်သို့ ကူး၍ ယွန်းပြည်သို့ ထွက်သွားတော့ မည်ဟု အောင်ထွန်းတံခါးသို့ ရောက်တော်မူလျှင် တောင်ငူရာဇာလည်း ကုလား ဝဲက လှေဘပ်ပျက်၍ မြစ်ငယ်ဝကသည် အောင်ထွန်းတံခါးသို့ ဝင်လာသည်နှင့် တွေ့ကြ၍ အင်းဝကပင် ယွန်းပြည်သို့ ထွက်သွားမည် အမိန့်တော် ရှိသည်ကို ယခု မွန်တို့ ပြင်မြို့တော်ကြီးတွင်သာ ဝင်မိပါသေးသည်။တရုတ်ရှစ်သောင်း ကျော် ရှိသည်ကိုမျှ စံနေတော်မူသည့် အတွင်း ရွှေမြို့တော်ကို ပေါက်ရောက် လုပ်ရှားနိုင်သည် မဟုတ်ပါ၊ ယာယီပြုတော်မူသည် အမှတ် အိမ်ရှေ့ အိမ်တော် မှာသာ စံတော်မူတော့ဟု တောင်ငူရာဇာ လျှောက်လျှင် အောင်ထွန်းတံခါး ကသည် အိမ်ရှေ့ အိမ်တော်သို့ ပြန်၍ ထိုညဥ့် ဝင်တော်မူ၏။ နောက် ရှစ်ရက် ရှိလျှင် မွန်တို့ ကြော်ငြာ၍ အတွင်းမြို့ကို တိုက်ပြန်သည်။ မြို့တွင်းသား မြို့စီး ပြစီးတို့လည်း အလွန် ငတ်မွတ်လှသောကြောင့် လက်နက် ဓား လှံ ကိုမျှ မစွဲ မကိုင်နိုင် ရှိလေလျှင် အတွင်းမြို့ ပေါက်ပြန်လေ၏။ မြို့စီး ပြစီး ဆိုသမျှ မြို့ထိပ်က ဆင်းပြေးကြလေလျှင် မွန်တို့ မြို့တံခါးကို ဖွင့်၍ မြို့တွင်းသို့ ဆင် လုံး မြင်းရင်းနှင့် ဝင်ပြီးလျှင် တစ်မြို့လုံးတွင်ရှိသမျှ ဥစ္စာ ရွှေ ငွေ သုံးပန်း လူသူကို လိုက်လံ ဖမ်းဆီး၍ ယူလေသည်။ ဘဝရှင် မင်းတရားကြီးကို ရှာမည်ဟူ၍လည်း ဥပရာဇာက ရဲခေါင်စံကျော်ကို စေသောကြောင့် လိုက်လံ ရှာဖွေရာ အိမ်ရှေ့ အိမ်တော်မှာ တွေ့၍ ရဲခေါင်စံကျော် ခေါ်သွားပြီးလျှင် ဥပရာဇာရှိရာ နန်းတော် သစ်သို့ ပို့လေ၏။ တောင်ငူရာဇာလည်း ညဥ့်ချင်းတွင် ရွှေဇာတိကျောင်းမှာ ရဟန်းပြု၍နေရာ တွေ့မိ၍ ဘဝရှင် မင်းတရားကြီးနှင့် အတူ ထားသည်။ ယင်းသို့ သက္ကရာဇ် (၁၁၁၃) ခုနှစ် တန်ခူး လဆန်း ခြောက်ရက် တနင်္ဂလာ နေ့ ပြင်မြို့ကြီး ပေါက်သည်။ လဆန်း ရှစ်ရက် ဗုဒ္ဓဟူးနေ့ အတာတက်သည့် နေ့အတွင်း မြို့ပေါက် ပြန်လေ၏။ အင်းဝ မင်းတရားကြီး ကိုယ်တော်နှင့် တကွ တစ်မြို့လုံးကို မွန်တို့ ရလေလျှင် အရှေ့ဘက် အနောက်ဘက် တောင်ဘက် မြောက်ဘက် မြို့ကြီး ပြကြီးများကို မွန်တို့ သစ္စာပေးလေ၏။ယင်းသောအခါ

ဥပရာဇာ ဗညားဒလတို့ ကြံသို့ ဆိုကြ၏။ ယခု မြို့ကြီး ပြကြီးဆိုသမျှ သစ္စာခံ
သောက်ပြီသည်။ မြောက်ဘက်မုဆိုးဘိုတစ်ရွာသာသစ္စာမပေးရ ရှိလေသေးသည်။
ခင်ဦးစား မင်းကြီးရွာသား လက်ယာပုံချိတို့မှစ၍ မြောက်ဘက် တစ်ပြင်တစ်ခွင်
ရှိသည့် မြို့ကြီး ပြကြီး အလုံးပင် ငါတို့ လက်နက်နိုင်ငံ ဖြစ်လေပြီးသည်ကို ရန်မဟာ
လောက်သည့် မုဆိုးဘိုရွာငယ်တစ်ခုကို သစ္စာမခံသာ၍ မပေးရသေးသည့် အမှုနှင့်
ငါတို့ ယခု အင်းဝမြို့တွင် မရှည် မကြာစေသင့် ဟံသာဝတီမှာလည်း မုတ္တမ
အရှေ့ဘက်တစ်လွှားမြို့ရွာများနှင့် ထားဝယ်၊ မြိတ်၊ တနင်္သာရီ မြို့များသည်
ကျိုးကျိုး နွဲ့နွဲ့ သေသေ သပ်သပ် မရှိချေသေး သည့် မြို့ရွာ များ သည်
ယိုးဒယား မြို့ကြီး ပြည်ကြီး နှင့် လည်း မြေရေ မခြားတစ်ပျက်တစ်ယှက်
တည်း ဖြစ်ကြလေသည်။ ယခုက မသိမ်းမချုံမိ ရှိလတ်သော် ယိုးဒယား
မင်းတို့ အသင့်အဘင့် စေပါး ချိပင့်၍ အမှီအခို ရလေလျှင် အပန်း တကြီး
လုပ်ရေးကြံရေး များချိမ့်မည်။ ယင်းသို့ဖြစ်လေသောကြောင့် မုဆိုးဘိုမှစ၍ အရှေ့
ဘက်၊ အနောက်ဘက်၊ တောင်ဘက်၊ မြောက်ဘက် မြို့ကျေးရွာများကို သစ္စာ
ပေးရမည်။ တောတောင် ကိုး၍ မချုပ်ခဝပ် ရှိသည်များကိုလည်း အကုန်အစင်
သုတ်သင် ရှင်းလင်း သိမ်းယူခဲ့မည်ဟု သမိန် ဇိပ်ပြတစ်တပ်၊ ပိုက်သီဟတစ်တပ်၊
အဲနရဲတစ်တပ်၊ တလပန်းနှင့်လည်း တစ်ဆယ့်နှစ်တပ်သည် တပ်ပေါင်းတစ်ဆယ့်
ငါးတပ်တွင် သူရဲလေးသောင်းငါးထောင် ဆင်လုံးမြင်းရင်းနှင့်တကွ တလပန်းကို
ဗိုလ်ချုပ်ခန့်ပြီး လျှင် အင်းဝမြို့တွင် ထားခဲ့၍ မွန်မင်းသမက် စောဗြ၊
ညီဗညားဒလ၊ ဥပရာဇာတို့ တပ်ပေါင်း သုံးဆယ် အင်းဝ မင်းတရားကြီး ကိုယ်
တော်နှင့် ရှင်မိဖုရားခေါင်ကြီး မိဖုရား၊ သားတော်၊ သမီးတော်၊ ဆွေတော်၊
မျိုးတော်၊ မှူးတော်၊ သူဌေး၊ သူကြွယ်၊ သူဆင်၊ သူရွာ၊ မင်းခမ်း၊ မင်းနား၊
မင်းဆောင်၊ မင်းယောင်၊ ဆင်ကြီး၊ မြင်းကြီး၊ လက်နက် ကိရိယာ ပိဋကတ်
စာပေမှစ၍ ပြည်အလုံးကို ဆောင်ယူပြီးလျှင် ဆင်လုံး မြင်းရင်းနှင့် ရေကြောင်း
ဟံသာဝတီသို့ စုန်သွား ကြလေ၏။ ဘောင်ငူရာဇာ မှကား ဆားမလောက်
အရပ်သို့ ရောက်လျှင် မိမိကျွန်တို့ သေနှင့် တံငါယောင်ဆောင်၍ ခိုးယူပြီးလျှင်
ပင်း မဲဘီးသို့ လာခဲ့သည်။ အရပ် အနေ မသင့် သည်နှင့် မြစ် အနောက်ဘက်
မိုးကောင်းတောင်ရိုး ပိုနိမ့် ပိုမြင့် အရပ်မှာ နေလေသည်။ ကျေးကျွန် အမှု
ထမ်းဟောင်း ဗိုလ်မှူး တပ်မှူး ရုံမိသမျှ ပေါင်းမိလျှင် မွန်တို့ လက်သို့
ဘဝရှင် မင်းတရား ရောက်လေသည်ကို ရအောင် ယူကြမည်ဟု အမှုထမ်းဟောင်း
ဗညားစု ဗိုလ်မှူး တပ်မှူး သူရဲကောင်း တို့ကို ကိုယ်စီ ရှာဖွေ ရုံးစု ကြသည့်
အဘွင်း တောင်ငူရာဇာ ချက်တစ်ပြုတ် နာ၍ ပိုနိမ့် ပိုမြင့် အရပ်တွင် သေလွန်

လေ၏။ ဗညားစုစသော အမှုထမ်းတို့လည်း ဟံသာဝတီဘက်၌၊ မုဆိုးဘိုဘက်၌ ဝင်စားကြလေ၏။

**လောကသရုပ္ပဒါယကာဖြစ်သောအဝမင်းတရားကို ရေမှာဖျော်ခြင်းအကြောင်း**

ထိုအခါ ဟံသာဝတီမှာလည်း မြန်မာ ကျေးကျွန် အမှုထမ်း ဟောင်းတို့နှင့် မသင့် မတင့်ကြသည် ဟူ၍ ဘဝရှင် မင်းတရားကြီး ကိုယ်တော်နှင့် တကွ သားတော် သမီးတော်တို့ကို သက္ကရာဇ် (၁၁၁၆) ခုနှစ် ရေမှာ ဖျောက်လေသည်။ ထိုမင်းတရားကြီးကို ဟံသာဝတီသို့ရောက်ရလေသည့် အကြောင်းပြု၍ ဟံသာဝတီရောက် မင်းတရားဟု ခေါ်၏။ မဟာဓမ္မရာဇာ ဓိပတိ အမည်ရှိသော ဟံသာဝတီရောက် မင်းတရားကြီးကား ရာဇဝင်၊ ပုံပြင်၊ ဗေဒင်၊ ဂဏန်း၊ ဗဟုသုတ၊ စောင်းငြင်း စသော အတီးအမှုတ် အမှု၌ လေ့ကျက် ကျွမ်းကျင် တော်မူ၏။ အမှုထမ်း အရာထမ်းတို့ကိုလည်း မတိမ် မမြုပ်စေရ စစ်ကြော၍ အထိုက် အလျောက် ချီးမြှင့် မြှောက်စား တော်မူ၏။ လွေ့ လွေ့ ရမ်းရမ်း ပေးကမ်းတော် မူလေ့ရှိ၏။ လူပညာရှိ၊ ရဟန်းပညာရှိ တို့ကို ပေါင်းဖော် မှီဝဲ တော်မူ၏။ ပြည်ထဲရေးကိုလည်း မမေ့ မကျန် ကြည့်ရှုလေ့ရှိ၏။ ယာယီ ယတြာ တတ် လိမ်မာ၏။ လိမ်မာတော် မူသည်နှင့် လျော်စွာ ယာယီ ယတြာ များစွာ ပြုတော်မူ၏။ တိုင်းပြည် တိမ်းယိမ်းမည့် အရာကိုလည်း ရှေ့ဆယ်နှစ် ကျော်ကပင် မြော်တောက်တော်မူ၏။ ထီးနန်းဆောက်၍ ဘုရင်မင်းရဲသတိုး စသောဘွဲ့အမည် ပေး၍ ထားတော်မူသည်။ "ရဲတစ်ထောင် နောင်တစ်ရာခံလတ္တံ့" နိမိတ်တဘောင် ရှိသည်ဟူ၍ ငယ်မည် ဦးကို မင်းရဲဦး၊ ကျော်ကို မင်းရဲကျော်၊ ညွန့်ကို မင်းရဲညွန့်၊ တင်ကို မင်းရဲတင်၊ ထွတ်ကို မင်းရဲထွတ်၊ မှတ်ကို မင်းရဲမှတ် ဝေကို မင်းရဲဝေ၊ သူကို မင်းရဲသူ၊ အောင်ကို မင်းရဲအောင်၊ အောင် တင်ကို မင်းရဲအောင်တင် စသည်ဖြင့် ရဲတစ်ထောင်ပြည့် မင်းတရား နောင်ကို မင်းများစွာ နောင်၊ နတ်ရှင်နောင်၊ မင်းစောနောင်၊ မင်းမြတ်နောင်၊ မင်းထွတ် နောင် စသည်ဖြင့် နောင် တစ်ရာပြည့် အမည်ပေးသည် ပြု၏။ ရွှေစေတီကျောင်း နေ ရဟန်းကို ရဟန်းမင်းပြုစေသည်ဟု ရွှေဦးထုပ် ရွှေသင်္ကန်း ဝတ်ဆင်စေ၏။ ရဟန်းမင်း သမုတ်တော်မူ၏။ ရွှေကြာပင် ဆရာ ပညာမဥ္စူကို ဘေးမဲ့ပေး၍ သေမည့်သူတို့ကို နုတ်ယူစေ၏။ ထိုမှတပါး အများပင် ကျိန်းခန်း ချေသည် ဟူ၍လည်း ပြုတော်မူ၏။ ပြည်ထဲရေး၌ မြော်တင်း ပြုပါသော်လည်း သတ္တဝါ တို့၏ကံ အလျောက် တွေ့ကြုံရမည်ဖြစ်၍ ပေါ့လျော့ရာရောက်ချေသည်။ တစ်မြို့ နှင့်တစ်မြို့တစ်ရွာနှင့်တစ်ရွာတိုက်ခိုက်ဖျက်ဆီးကြသည်ကိုလည်း ကွပ်ညှပ်ပါလျက်

မနှိပ်နင်း နိုင်အောင် ဖြစ်၍ မငြိမ်မသက် ယိုယွင်းဖန် များသဖြင့် ကျွဲတော်ကျောတော်တို့၌ စပါး ဆန်ရေ ဘုန်ရှား၍ အမှုထမ်း အရာထမ်းတို့ကို ပေးကမ်း ရန် စရိတ်ရိက္ခာ မရနိုင်သည်နှင့် မွန်တို့ဝန်းရံလျှင် မြို့သို့ရှိသားတို့ ခေါင်းပေါ် တော်မှတ်သောကြောင့် မြို့မြင်သို့ချည်း ထွက်ပြေးကြလေသည်နှင့် အဝမြို့တိုးပျက် ချေသည်။ ပျက်လိုသော် ကြေးဆင်းတုကြီး လည်ပြိုမ့် သည်။ မြို့တွင်းနားတွင် ထန်း မင်ငုတ်လှုပ်သည်။ အရပ်ဆယ်တောင်ရှိ မိန်းမကြီး ပေါ်သည်ဟူ၍ ကျော်၏။ မုဆိုးဘိုက ရွှေတန်းဆာ ဘုရားရုပ်တုကိုပင့်၍ မဟာမြတ်မုနိ သုမျှာစရပ်မှာ ထား၍ ကိုးကွယ်ရာက အကြိမ်ကြိမ် မုဆိုးဘိုသို့ ကြွလေသည်။ လုံမပြုဖြစ်သည် ဟူ၍လည်းကောင်း၊ ချင်းတွင်းမြစ်တွင် ကိန္နရာ မျောလာသည်ဟူ၍ လည်း ကောင်း ကျော်၏။ ဘုရားပုထိုး ပြာဋိဟာပြ၏။ တာရာအခိုးထွက်၏။ ဗုဒ္ဓဟူး ကြွှီဟိ သိဟဇာပြု၏။ အင်္ဂါကြယ် သောကြာကြယ် နီယတုံပြု၏။ ကြာသပတေး ခါတန်ခံ၏။ အိမ်နိမ့်နှစ်ဆယ့်ရှစ်နှစ် သက်တော်သုံးဆယ့်ရှစ်နှစ်တွင် နန်းကျသည်။ ထိုနောက် ဟံသာဝတီမှာ သုံးနှစ်သုံးခု သက်တော်လေးဆယ့်တစ်နှစ်သော် အနိစ္စရောက်တော်မူ၏။ နံတော် ကြာသပတေးသားတည်း။

ပြုတော်မူသော ကောင်းမှုတော်ကား အင်းဝမြို့တွင် အိမ်ရွှေကျောင်းတော်၊ ကျော်အောင်စံထား ကျောင်းတော်၊ ခေါင်ထိပ်မိုး ခေါင်ထိပ်ပန်း လောက သရဖူစေတီတော်တို့ကို တည်ထားဆောက်လုပ် လှူတော်မူသည်။ သားတော် သမီးတော်ကား မိဖုရားကြီး မဟာနန္ဒာဓိပတိ ဒေဝီတွင် သား မောင်မင်းရှင် ငယ်ကလွန်သည်တစ်ပါး၊ ညီတော် စလင်းစား ဟံသာဝတီမှာ ခမည်းတော်နှင့် အတူ ဆုံးလေသည်တစ်ပါး ပေါင်းနှစ်ပါး။ မိဖုရား မဟာရာဇာ ဓိပတိ ဒေဝီတွင် သားတော် စဉ့်ကူးစား ဟံသာဝတီမှာ ခမည်းတော်နှင့် အတူ ဆုံးလေသည် တစ်ပါး၊ နှမတော် ငယ်ကလွန်သည်တစ်ပါး ပေါင်းနှစ်ပါး။ မိဖုရား မဟာ ဓိပတိ ဒေဝီတွင် သမီးတော် ထိပ်ဦးတင်တစ်ပါး၊ ညီမတော် ဧချင်းဘွဲ့ခံတစ်ပါး၊ မောင် တော် ထောင်သင်းမှူးတစ်ပါး ပေါင်းသုံးပါးတည်း။ ကိုယ်လုပ်တော် တို့တွင် မြင်သည့် သားတော် သမီးတော်ကား မြတ်ထားသီရိတွင် သမီးတော် မင်းရွှေ ကြာ အလောင်းမင်းတရားကြီး စန္ဒာဒေဝီ အမည်နှင့် နန်းတင်တော် မူသည် တစ်ပါး၊ သီရိဒေဝီတွင် သမီးတော် မင်္ဂလာ မင်္ဂလာဒေဝီနှင့် အလောင်းမင်း တရားကြီး နန်းတင်တော်မူသည်တပါး၊ မြတ်ခေါင်ဒေဝီတွင် သမီးတော်မင်္ဂလာ ဒေဝီမှာ ခမည်းတော်နှင့် အတူ ဆုံးလေသည်တစ်ပါး၊ ထွတ်ထားဒေဝီတွင် သမီးတော် ခဲပေါင်မြို့စား အလောင်းမင်းတရားကြီးသားတော် အိမ်ရှေ့မင်းနှင့် စုံဖက်တော်မူသည်တစ်ပါး၊ မင်းနန္ဒာတွင် သမီးတော်မင်းရွှေပွင့် အလောင်းမင်း

တရားကြီးသားမြေဖူးမင်းသားနှင့်စုံဖက်တော်မူသည်တစ်ပါး၊မင်းမလ္လာတွင်သားတော် ပိုစိန်နေခင်တစ်ပါး၊စန္ဒာဒေဝီတွင် သားတော် ရွှေတောင်စား နော်ရထာမင်းစော အင်းဝပျက်တွင် ဇင်းမယ်သို့ရောက်သည်တစ်ပါး၊ ဇင်းမယ်ကမှ မုဆိုးဘိုသို့ ရောက်၍ ဆင်ဖြူရှင် ပင်းဘုရား ကသည်းပြည်က အပြန်တွင် တောပန်းလိုက်ရာ သုံးလေသည်တစ်ပါး၊နှမတော် မင်းမြတ်စွာ အဒလောင်းမင်းတရားကြီး ယူတော်မူခဲ့၍ ဟံသာဝတီက အပြန် အင်းဝသို့ရောက်မှ လွန်လေသည်တစ်ပါး၊ သီရိမလ္လာဒေဝီတွင် သမီးတော် မင်းထိပ်ပန်း မင်းရဘာနာ အခည်နှင့် ခမည်းတော် ငှိစဉ် မောင်တော် ရွှေတောင်စားနှင့် စုံဖက်တော်မူသည် ချောင်းဘွဲ့ခံတစ်ပါး၊ စံလွှတ်မဒေဟတွင် သားတော် မင်းရဲမြတ်ဘုန်း အင်းဝပျက်တွင် ညောင်ရွှေသို့ ရောက်၍ ညောင်ရွှေမှာ ရွှေတောင်စားလုပ်ကြ၍ သုံးလေသည်တစ်ပါး။ လွှတ်စံမဟေသီတွင် သားတော်မင်းရဲမွေးဆုံတစ်ပါး၊ ထွတ်ချာဒေဝီတွင် သားတော် ငယ် ကလွန်သည်တစ်ပါး၊ သမီးတော်ငယ်က လွန်သည်တစ်ပါး၊ မြတ်ထားဒေဝီတွင် သားတော်ကန်တောင်စား သတိုးမင်းစောတစ်ပါး၊ ခင်မလှတွင် သားတော် မြဝတီစားတစ်ပါး၊ ခင်မင်းဂုံတွင် သမီးတော်ငယ်ကလွန်သည် တစ်ပါး၊ မင်းမြတ်လှတွင် သမီးတော်လယ်ကိုင်းစား တစ်ပါး၊ မြတ်နိုးသီရိတွင် သမီးတော် ရှင်မင်းညီတစ်ပါး၊ ထွတ်ဦးဒေဝီတွင် သမီးတော်ခေါမင်း အင်းဝပျက်တွင် လွန်လေသည် တစ်ပါး၊ သားတော်တစ်ကျိပ်၊ သမီးတော်တစ်ကျိပ်ငါး၊ သားတော် သမီးတော်ပေါင်း နှစ်ဆယ့်ငါးပါးတည်း။

ရတနာပူရ အဝမြို့တည် ညောင်ရမ်း မင်းတရားကြီးနှင့် တကွ ဆယ်ဆက်သော မင်းတို့ကို ဆိုရာဖြစ်သော မဟာရာဇဝင်တော်ကြီး။

အထူးထူးသော တိုင်းကြီး ပြည်ကြီး ထီးဆောင်းများသခင် ရွှေတွင်း ငွေတွင်း ပတ္တမြားတွင်း ပယင်းတွင်းစသော ရတနာအပေါင်းတို့၏ အရှင် စာတုဒ္ဒရတနာပူရ မြို့တည်-နန်းတည် ဆဒ္ဒန်ဆင်မင်းသခင် အရှင် ဆင်ဖြူများ သခင်အရှင် ဘဝရှင် မင်းတရားကြီးဘုရား လက်ထက်တော် (၁၁၉၁) ခုနှစ် နယုန်လဆန်းတစ်ရက်နေ့ကစ၍ရဟန်း ပညာရှိ၊ လူ ပညာရှိ၊ မှူးမတ် ပညာရှိ၊ ပုဏ္ဏားပညာရှိတို့နှင့် အထူးထူးသော ရတနာတို့ဖြင့် ဆန်းကြယ်သော မှန်နန်းဆောင်တော်ဦး နန်းမစနှင့်နိုင်းညှိ၍ အသင့်ယုတ္တိ ကျမ်းဂန်အာဂုံများနှင့်ဘညီ သုတ်သင်စီရင်တော်မူသော တတိယ မှန်နန်း မဟာ ရာဇဝင် တော်ကြီး (၂၁-တွဲ) ဤတွင်၍ပြီး၏။

